# JOURNAL OF THE MYANMAR ACADEMY OF ARTS AND SCIENCE

## Myanmar

*Journal of the Myanmar Academy of Arts and Science, 2026,* **Vol. XXIII, No.6**

**Published in August, 2026, Myanmar**

# Myanmar Academy of Arts and Science

**Edition**

2026, August, 280 Copies

**Copyright**

Ministry of Education

**Published by**

Dr Maung Kyaw (00322) Vice-President,

Myanmar Academy of Arts and Science

ISSN 2520-0186

LCCN 2003-323143

**Printed by**

U Tin Soe (00171), Manager

Universities Press, Yangon, Myanmar

# FOREWORD

On 26 February 2026, the Myanmar Academy of Arts and Science (MAAS) was reconstituted to accelerate the implementation of four different strategies:

(a) encouraging universities and colleges to engage in more research activities
(b) organizing domestic and international research conferences
(c) publishing research journals and proceedings, and
(d) fostering research collaboration among local and international universities

Since the year 2001, the MAAS has been making every effort to fulfil these important functions in collaboration with universities and colleges across the country. As a result, the MAAS has published research papers in 23 volumes on diverse academic disciplines in the Journal of the Myanmar Academy of Arts and Science. It is a great honor to say that the 24$^{th}$ research conference was successfully held at the University of Yangon on 9–11 March 2024. The theme of this conference is *'Research and Innovation for Peace, Prosperity and Sustainability'*. A total of 369 research papers presented by both faculty and postgraduates at the conference have been published in Volume XXIII as follows:

| | |
|---|---|
| Vol. XXIII, No. 1A | Chemistry |
| Vol. XXIII, No. 1B | Chemistry, Industrial Chemistry |
| Vol. XXIII, No. 2 | Physics, Mathematics and Computer Studies |
| Vol. XXIII, No. 3 | Zoology, Marine Science, Environment and Water Studies |
| Vol. XXIII, No. 4 | Botany, Geology |
| Vol. XXIII, No. 5 | English, History, Philosophy, Geography, Psychology, International Relations, Oriental Studies |
| Vol. XXIII, No. 6 | Myanmar |
| Vol. XXIII, No. 7 | Law, Library and Information Studies, Archaeology, Anthropology, Language and Linguistics |
| Vol. XXIII, No. 8 | Applied Statistics, Management Studies, Statistics, Commerce, Economics, Journalism and Tourism |
| Vol. XXIII, No. 9A | Educational Theory and Management, Curriculum and Methodology |
| Vol. XXIII, No. 9B | Educational Psychology |

I firmly believe that the empirical research findings from these papers will provide practical assistance for research candidates and those who are interested in research work. I am also hopeful that these findings will significantly contribute to the well-being of the community at large as well as the State's socio-economic development.

On behalf of the members of the MAAS, I would like to offer my special gratitude and thanks to those who have contributed their research papers to this journal. I also do appreciate the editing work done by senior professors and scholars of high standing as well as the members of the MAAS Editorial Board. Finally, my heartfelt thanks go to the members of the Publication Committee and the Department of Higher Education for their great dedication to the success of this journal.

Dr. Soe Win
President
Myanmar Academy of Arts and Science

## Editorial Board

Chief Editor - Professor Dr. Maung Kyaw

Editors - Professor Dr Khin Than Oo

## Editors

**(Myanmar)**

**Myanmar**

Dr Khin Swe Myint, Full Time Member, Department of Myanmar Nationality Language
Dr Maung Maung, Full Time Member, Department of Myanmar Nationality Language
Dr Mar Mar Myint, Full Time Member, Department of Myanmar Nationality Language
Dr Yin Yin Than, Full Time Member, Department of Myanmar Nationality Language
Dr Nwe Nwe Aye, Professor and Head, Department of Myanmar, Dagon University
Dr Lwin Mar Oo, Professor and Head, Department of Myanmar, University of Yangon
Dr Aung Kyaw Moe, Professor and Head, Department of Myanmar, University of Mandalay

Myanmar Academy of Arts and Science and its Editors assume no responsibility
for the statement and opinions advanced by the contributors

# Journal of the Myanmar Academy of Arts and Science

## Vol. XXIII. No.6

## Contents

## Section (i) Myanmar


| Sr.No | Title | Page |
|---|---|---|
| 1 | **ရဲမင်းထက်**၊ *စန္ဒကုမာရဇာတကနှင့် ရခိုင်မူစန္ဒကုမ္မာလင်္ကာ နှိုင်းယှဉ်လေ့လာချက် | 1 |
| 2 | **ဦးအေးဝင်း၊ ***ရှင်မဟာရဋ္ဌသာရ၏ ရတု ၅ ပုဒ်မှ စာဆို၏ အပြိုင်အဖွဲ့ဖန်တီးမှု | 17 |
| 3 | **အိဖြိုးဖြိုးနိုင်**၊ *အောင်သင်း၏ရသစာတမ်းများလာ သွင်ပြင်လက္ခဏာများလေ့လာချက် | 33 |
| 4 | **တင်မျိုးဟန်**၊ *မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ မြန်မာ့ဆိုရိုးစကားများ | 51 |
| 5 | **ခင်ဝင့်နွယ်**၊ ကဗျာများရှိ စကားသံသွေဖည်မှု၏ အာနိသင် | 65 |
| 6 | **မေကြည်ကြည်သန့်**၊ စစ်နိုင်မော်ကွန်းများမှ ရှေးမြန်မာတို့၏ စစ်ရေးအမြင် | 83 |
| 7 | **နီလာစိုး**၊ ဝန်ကြီးပဒေသရာဇာ၏သူဇာပျို့လာ အပြောက်အမွမ်းအဖွဲ့များလေ့လာချက် | 97 |
| 8 | **တင်မိမိနိုင်**၊ မြန်မာကဗျာအချို့မှ ဟာသ (ခနိုးခနဲ့) အဖွဲ့များလေ့လာချက် | 113 |
| 9 | **မင်းမော်သန့်**၊ ရခိုင်ရိုးရာဇမ်းခြင်းကဗျာများလေ့လာချက် | 121 |
| 10 | **တင်မိုး**၊ သိပ္ပံမောင်ဝ၏ဝတ္ထုဆောင်းပါးများမှ ဝါကျဖွဲ့ဟန်လေ့လာချက် | 135 |
| 11 | **ခင်စန်းဝင့်**၊ တောင်ငူခေတ် ရတုစာဆိုများနှင့် ရတုကဗျာအခန်းကဏ္ဍ | 151 |
| 12 | **အေးသန္တာဝင်း**၊ ကိုချစ်၏ ဝတ္ထုတို(၅)ပုဒ် နိဂုံးပိုင်းလေ့လာချက် | 165 |
| 13 | **သက်မွန်အောင်**၊ သူဇာပျို့မှ ထူးခြားချက်များ | 185 |
| 14 | **အေးစုငြိမ်း**၊ သင်ကြားသင်ယူမှုနည်းနာများနှင့် ပုံပြင်၏အခန်းကဏ္ဍ | 201 |
| 15 | **ယဉ်နွေနှင်း**၊ ဝန်ကြီးပဒေသရာဇာ၏ မဏိကက်ပျို့မှ အပြောက်အမွမ်းများလေ့လာချက် | 215 |

| Sr.No | Title | Page |
|---|---|---|
| 16 | **လွင်ထူးအောင်**၊ အောင်ချိမ့်၏ "ခင်ခင်ပျိုရေ စောင့်ခဲ့တယ်" ကဗျာများမှ အတွင်းအဆက်အစပ် (Cohesion) | 231 |
| 17 | **ဆုမြတ်နိုးဦး**၊ "နှင်းဆီမလေးချစ်ပုံပြင်"တေးသီချင်း၏ လူပုဂ္ဂိုလ်အဖြစ် တင်စားရေးဖွဲ့မှု (Personification) ကို လေ့လာခြင်း | 249 |
| 18 | **ဖြူဖြူငြိမ်းသွယ်**၊ မြစ်ကျိုးအင်း၏ "မျှော်လင့်ခြင်းကိုမျှားတဲ့ညနေ" ဝတ္ထုမှ ရိုးဂုဏ်ဖြင့် ရသမြောက်အောင်ဖန်တီးမှု လေ့လာချက် | 263 |
| 19 | **ရီရီလွင်**၊ မောင်ထင်၏ပြဇာတ်များမှ ဇာတ်ညွှန်းစကားများ လေ့လာ ချက် | 275 |
| 20 | **စိုးစိုးနိုင်**၊ မြန်မာစာဘာသာရပ် သုတေသနအထောက်အကူပြု စစ်တမ်း | 291 |
| 21 | **လွင်လွင်မာဦး**၊ မကွေးဒေသိယစကားများနှင့် စကားတူစု ဆန်းစစ်ချက် | 307 |
| 22 | **ခင်သန္တာကျော်**၊ မြန်မာစကားပုံ ဆိုရိုးစကားများနှင့် တိုင်းရင်းသားစကားပုံ ဆိုရိုးစကားတို့ကို နှိုင်းယှဉ်လေ့လာခြင်း | 321 |
| 23 | **နန်းနန္ဒာသက်**၊ အင်းလေးတိုက်တေးကဗျာများကို ရေးဟန်ပညာရှုထောင့်မှ လေ့လာချက် | 339 |
| 24 | **ခင်နှင်းရီ**၊ နိုင်ငံတော်ပိုင်သတင်းစာတို့မှ လူမှုရေးကြော်ငြာသတင်းရေးဟန် | 351 |
| 25 | **ဇင်မာထွေး**၊ မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်းသီချင်းမှ ဘာသာစကား၏ အလုပ်တာဝန်များလေ့လာချက် | 369 |
| 26 | **ဝင်းမင်းအောင်**၊ နေ့စဉ်သုံးအပြောစကားများကို ဘာသာစကားတာဝန် (၇)ရပ်ဖြင့် လေ့လာခြင်း | 383 |
| 27 | **ငြိမ်းချမ်းနွယ်**၊ မြန်မာဘာသာစကားနှင့် တရုတ်ဘာသာစကားရှိ စကားလုံး ဖွဲ့ပုံလေ့လာချက် (ဘာသာဗေဒ) | 401 |
| 28 | **သီရိတင်**၊ မြန်မာစကားထာနှင့်ရခိုင်ပန်းဝှက် (စကားထာ)တို့၏အနက် အဓိပ္ပာယ်နှိုင်းယှဉ်ခြင်း | 411 |
| 29 | **ခင်မြတ်မြတ်သွယ်**၊ တိဗက်စာအရေးအသားစနစ် | 427 |
| 30 | **လှဲ့လှဲ့မာ**၊ စစ်ကဲကြီးဦးထော်လေး ကျောက်စာဝါကျဖွဲ့ပုံ လေ့လာချက် | 453 |

*J. Myanmar Acad. Arts Sci. 2026* **Vol. XXIII. No.6**

# စန္ဒကုမာရဇာတကနှင့် ရခိုင်မူ စန္ဒကုမ္မာလင်္ကာ နှိုင်းယှဉ်လေ့လာချက်*

ရဲမင်းထက်[၁]

**စာတမ်းအကျဉ်း**

ဤစာတမ်းသည် စန္ဒကုမာရဇာတကနှင့် အဂ္ဂမေဓာဆရာတော် ရေးဖွဲ့သော ရခိုင်မူ စန္ဒကုမ္မာ လင်္ကာတို့ကို နှိုင်းယှဉ်လေ့လာထားသည့် စာတမ်းဖြစ်ပါသည်။ ရက္ခဘေရီ တည်းဖြတ်သော 'စန္ဒကုမ္မာလင်္ကာတော် (ပေမူ)'စာအုပ်ကို အလေ့လာခံအဖြစ် သတ်မှတ်တင်ပြထားပါသည်။ စာဆိုအဂ္ဂမေဓာဆရာတော်၏ ကဗျာ ဉာဏ်ရည်ကို အကဲဖြတ်နိုင်စေရန် ဒန့်တိုင်ဆရာတော် ရှင်ဂုဏရံသာလင်္ကာရ စီရင်သော စန္ဒကုမာရ ဇာတကအဋ္ဌကထာနိဿယဖြင့် နှိုင်းယှဉ်လေ့လာထားပါသည်။ ဤသုတေသနသည် မြန်မာစာပေ လေ့လာမှု၏ တစ်ခန်းတစ်ကဏ္ဍဖြစ်သော တိုင်းရင်းသားစာပေ လေ့လာမှုနယ်ပယ်အတွက် အထောက် အကူ ပြုနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။

**သော့ချက်ဝေါဟာရများ** ဇာတက၊ အဋ္ဌကထာနိဿယ၊ လင်္ကာ၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံ၊ ဖန်တီးမှု။

## နိဒါန်း

'တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စန်၊ နာ၊ ဝိ၊ ဝေ'ဟု အတိုကောက်မှတ်သားကြသော ဇာတ်ကြီးဆယ်ဘွဲ့ သည် ငါးရာ့ငါးဆယ်ဇာတ်တော်များအနက် လူသိများထင်ရှားလှသည့် ဇာတ်တော် ကြီးများဖြစ်ကြသည်။ ဇာတ်ကြီးဆယ်ဘွဲ့မှာ လူသိများထင်ရှားသည်ဟုဆိုသော်လည်း ဇာတ်တစ်ဇာတ်နှင့် တစ်ဇာတ်တို့မှာ ပျံ့နှံ့မှုအတိုင်းအတာချင်း ကွာခြားပါသည်။ ထို့ကြောင့် မောင်ခင်မင်(ဓနုဖြူ)က ဇာတ်ကြီးဆယ်ဘွဲ့အနက် ဇနက၊ သုဝဏ္ဏသာမ၊ မဟောသဓာ၊ ဝေဿန္တရာဇာတ်တို့သည် လူသိအများဆုံးဖြစ်၍ စန္ဒကုမာရနှင့် နာရဒဇာတ်တို့မှာ လူသိအနည်းဆုံးဖြစ်ကြောင်း၊ ကျန်ဇာတ်ဝတ္ထုများမှာ လူသိမှုအတိုင်းအတာ အလယ် အလတ်ဖြစ်ကြောင်း သုံးသပ်ခဲ့ပါသည်။ မြန်မာစာပေရှိ ဇာတကပျို့စာရင်းကိုကြည့်လျှင် ဇာတ်ကြီး ဆယ်ဘွဲ့ကိုရေးဖွဲ့သော ပျို့အများအပြားတွေ့ရသည်။ ယင်းတို့တွင် စန္ဒကုမာရဇာတ်မှလွဲ၍ အခြားဇာတ် များကိုပျို့အဖြစ် နှစ်စောင်မှ လေးစောင်အထိ ရေးဖွဲ့ထားကြသည်။ စန္ဒကုမာရဇာတ်မှာမူ ရွှေကျောင်း ဦးပုဏ်၏ စန္ဒကုမာရပျို့တစ်စောင်တည်းသာ ရှားရှားပါးပါး တွေ့ရပါသည်။။

စန္ဒကုမာရဇာတ်နှင့်ပတ်သက်၍ မြန်မာစာပေတွင် စန္ဒကုမာရပျို့အပြင် စန္ဒကုမ္မာလင်္ကာ ဟူသော ရခိုင်မူပျို့တစ်စောင်ရှိသေးကြောင်း တွေ့ရသည်။ ရွှေကျောင်းဦးပုဏ်၏ စန္ဒကုမာရပျို့ကိုလူသိပြီး ဖြစ်သော် လည်း အဂ္ဂမေဓာဆရာတော်၏ စန္ဒကုမ္မာလင်္ကာမှာ လူသိနည်းပါးကာ တိမ်မြုပ်လျက်ရှိသည်။ ထို့ကြောင့် ဤစာတမ်းတွင် စန္ဒကုမ္မာလင်္ကာကို လေ့လာသုတေသနပြု၍ ရှေးဂန္ထဝင်စာပေဖော်ထုတ်မှု တစ်ရပ် အဖြစ် တင်ပြရခြင်းဖြစ်ပါသည်။

---

* First Prize (2024)

[၁] မြန်မာစာဌာန၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်

**သုတေသနနောက်ခံ**

**လင်္ကာနှင့် ပျို့သဘော**

မြန်မာအဘိဓာန်တွင်(၂၀၂၄) လင်္ကာဟူသော ဝေါဟာရကို -

"လေးလုံးတစ်ပါဒ ကာရန်ယူစပ်ထားသော ကဗျာတစ်မျိုး [ပါ၊ အလင်္ကာရ]" (စာ ၃၂၉)

ဟု လည်းကောင်း၊ ပျို့ဟူသော ဝေါဟာရကို -

"ပိုဒ်ရေပေါင်းများစွာ ဖွဲ့ဆိုသော လေးလုံးစပ်လင်္ကာရှည်တစ်မျိုး" (စာ ၂၂၃)

ဟု လည်းကောင်း အနက်ဖွင့်ဆိုထားပါသည်။

အဆိုပါ လင်္ကာနှင့် ပျို့တို့၏သဘောကို မောင်ခင်မင်(ဓနုဖြူ)(၂၀၁၄)က -

"ယခုခေတ်တွင် ပျို့ဟုတစ်သမတ်တည်း ခေါ်နေပြီဖြစ်သော ကဗျာအမျိုးအစားကို မူလက ပျို့ဟုမခေါ်သေးဘဲ လင်္ကာဟုပင်ခေါ်ခဲ့သည်။ ပါရမီတော်ခန်းပျို့ကို ပါရမီတော်ခန်းလင်္ကာ၊ ဘုံခန်းပျို့ကို ဘုံခန်းလင်္ကာ စသည်ဖြင့်ခေါ်သည်။ ပျို့လင်္ကာဟု တွဲခေါ်သည်လည်းရှိသည်။ လင်္ကာဟူသော သီးခြားကဗျာအမျိုးအစားမှာမူ လေးလုံးတစ်ပါဒ ကာရန်ယူရေးဖွဲ့သော ကဗျာမျိုးဖြစ်သည်။ ပျို့တိုင်းကို လင်္ကာဟုခေါ်နိုင်သော်လည်း လင်္ကာတိုင်းကိုပျို့ဟုမခေါ်နိုင်ပါ။ ပျို့မဟုတ်သော လင်္ကာအများအပြားရှိပါသည်" (စာ ၁၁၁-၁၁၂)

ဟု ဆိုထားပါသည်။

ထို့ကြောင့် ပိုဒ်ရေများစွာဖြင့် လေးလုံးတစ်ပါဒရေးဖွဲ့သော လင်္ကာနှင့် ပျို့တို့သည် အတူတူပင်ဖြစ်ကြောင်း၊ မူလက ပျို့ကိုလင်္ကာဟုပင်ခေါ်ဆိုကြောင်း၊ သို့သော်ပျို့တိုင်းသည် လင်္ကာဖြစ်သော်လည်း လင်္ကာတိုင်းမှာမူ ပျို့မဟုတ်ကြောင်း သိရှိရသည်။ ဤစာတမ်း၏ အလေ့လာခံ စန္ဒကုမ္မာလင်္ကာတွင် "မင်းလျာစန္ဒ၊ ဇာတကကို၊ မြမ္မဘာသာ၊ အက္ခရာဖြင့်၊ ဗျူဟာဆန်းထူး၊ လင်္ကာကျူး၍" (စာ ၁၄၅)ဟု ရေးဖွဲ့ထားသည့်အတွက် စန္ဒကုမ္မာလင်္ကာမှာ လင်္ကာဟုအမည်တပ်ထားသော ပျို့ကဗျာပင်ဖြစ်ကြောင်း သိရှိရပါသည်။

**စန္ဒကုမာရဇာတ်တော်အကျဉ်း**

မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းအနီး ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးစဉ် ဒေဝဒတ်ကိုအကြောင်းပြု၍ စန္ဒကုမာရဇာတ်တော်ကို ဟောကြားတော်မူခဲ့သည်။

ပုပ္ဖဝတီပြည်တွင် ဧကရာဇ်မင်း မင်းပြု၍ သားတော်ဘုရားလောင်း စန္ဒကုမာရမင်းသားသည် အိမ်ရှေ့မင်းဖြစ်ခဲ့သည်။ ဧကရာဇ်မင်းတွင် အမှုအခင်းများကို တရားဆုံးဖြတ်သော ခဏ္ဍဟာလပုဏ္ဏားရှိသည်။ ထိုပုဏ္ဏားသည် တရားဆုံးဖြတ်ရာတွင် လာဘ်ပေးလာဘ်ယူပြုသည်။ တစ်နေ့တွင်တံစိုးလက်ဆောင်မပေးနိုင်သဖြင့် တရားရှုံးရသော ယောကျ်ားက စန္ဒကုမာရမင်းသားထံ အသနားခံတိုင်ကြားသည်။ စန္ဒကုမာရမင်းသားက ထိုအမှုကို တရားသဖြင့် ဆုံးဖြတ်ပေးသည့်အတွက် ပြည်သူအပေါင်းက

ကောင်းချီးပေးကြသည်။ ထိုအဖြစ်ကို ကေရာဇ်မင်းသိ၍ခဏ္ဍဟာလပုဏ္ဏားအား ရာထူးမှချကာ စန္ဒကုမာရမင်းသားအား တရားစီရင်စေသည်။ ခဏ္ဍဟာလပုဏ္ဏားက စန္ဒကုမာရမင်းသားအပေါ် ရန်ငြိုးကြီးစွာထားခဲ့သည်။ မကြာမီကေရာဇ်မင်း မြင်မက်သော နတ်ပြည်အိပ်မက်ကို အကြောင်းပြု၍ စန္ဒကုမာရမင်းသားကို ကလဲ့စားချေရန် ကြံစည်သည်။ ခဏ္ဍဟာလပုဏ္ဏားက ကေရာဇ်မင်းသည် နတ်ပြည်သို့ရောက်ရန် သဗ္ဗစတုက္ကယဇ်ခေါ် သားတော်လေးပါး၊ သမီးတော်လေးပါး၊ မိဖုရားလေးပါး၊ သူကြွယ်လေးဦး၊ မြင်းတော်လေးကောင်၊ နွားတော်လေးကောင်၊ ဆင်တော်လေးစီးတို့ကို ယဇ်ပူဇော်ရမည်ဟု ချောက်တွန်းသည်။ ပညာနည်းသော ကေရာဇ်မင်းသည် ခဏ္ဍဟာလပုဏ္ဏား၏ အကြံအစည်အတိုင်း ဆောင်ရွက်သည်။ စန္ဒကုမာရမင်းသားက မိမိနှင့်သတ္တဝါ အားလုံးအတွက် တောင်းပန်စကားများ ဆိုခဲ့သည်။ သားတော်နှင့် မြေးတော်က တောင်းပန်သည့်အတွက် ကေရာဇ်မင်းက ယဇ်ပူဇော်ခြင်းကို ဖျက်သိမ်းသည်။ ခဏ္ဍဟာလပုဏ္ဏားက အကြိမ်ကြိမ်ကန့်ကွက်ပြီးနောက် စတုတ္ထအကြိမ်၌ အကြံအစည် အောင်မြင်ခဲ့သည်။ စန္ဒကုမာရမင်းသားတို့ကို ယဇ်ပူဇော်အံ့ဆဲဆဲတွင် စန္ဒာဒေဝီမိဖုရား၏သစ္စာ စကားကြောင့် သိကြားမင်းကိုယ်တိုင် လာရောက်ကယ်တင်သည်။ စန္ဒကုမာရမင်းသားနှင့်တကွ သတ္တဝါအားလုံး အသက်ဘေးမှ ကင်းလွတ်ခဲ့ရသည်။ ခဏ္ဍဟာလပုဏ္ဏားမှာ တိုင်းသူပြည်သားတို့၏ လက်ချက်ဖြင့် အသက်ဆုံးခဲ့သည်။ ကေရာဇ်မင်းကိုမူ စန္ဒကုမာရမင်းသား၏ တောင်းပန်ချက်အရ မြို့ပြင်၌နေစေသည်။ စန္ဒကုမာရမင်းသားသည် မင်းအဖြစ်တင်မြှောက်ခံရပြီး ပုပ္ဖဝတီပြည်ကို အသက်ထက်ဆုံး အုပ်ချုပ်ပုံဖြင့် ဇာတ်တော်ကို အဆုံးသတ်ထားပါသည်။

ဇာတ်တော်အဆုံးတွင် ခဏ္ဍဟာလပုဏ္ဏားသည် ဒေဝဒတ်၊ စန္ဒာဒေဝီမိဖုရားသည် ယသော်ဓရာ၊ သားတော်ဝသုလသည် ရာဟုလာ၊ စန္ဒကုမာရမင်းသည် မြတ်စွာဘုရားဖြစ်သည်ဟု ဇာတ်ကိုပေါင်းတော်မူပါသည်။

## သုတေသန၏ရည်ရွယ်ချက်

မြန်မာစာပေတွင် ရွှေကျောင်းဦးပု၏ စန္ဒကုမာရပျို့အပြင် အဂ္ဂမေဓာဆရာတော်၏ ရခိုင်မှု စန္ဒကုမ္မာလင်္ကာ တစ်စောင်ရှိကြောင်း သိစေလိုခြင်း၊ ရခိုင်မှု စန္ဒကုမ္မာလင်္ကာ၏ စာပေတန်ဖိုးကို ဖော်ထုတ်လိုခြင်းနှင့် စာဆိုအဂ္ဂမေဓာဆရာတော်၏ ပျို့ဖန်တီးမှုစွမ်းရည်ကို အကဲဖြတ်လိုခြင်းတို့သည် ဤစာတမ်းပြုစုရခြင်း၏ ရည်ရွယ်ချက်ဖြစ်ပါသည်။

## သုတေသနမေးခွန်း

ဤစာတမ်းကို သုတေသနပြုရာတွင်

(၁) အဂ္ဂမေဓာဆရာတော်သည် စန္ဒကုမာရဇာတကကို အခြေခံ၍ စန္ဒကုမ္မာလင်္ကာကို မည်သို့ ဖန်တီး ရေးဖွဲ့ထားသနည်း။

(၂) စန္ဒကုမ္မာလင်္ကာတွင် အဂ္ဂမေဓာဆရာတော်၏ ကဗျာဉာဏ်ရည်သည် စန္ဒကုမာရဇာတ်တော်၏ ရည်ရွယ်ချက်ကို လေးနက်ထင်ရှားလာအောင် အထောက်အပံ့ပြုနိုင်မှု ရှိ၊ မရှိ။

ဟူသော သုတေသနမေးခွန်းများကို အခြေခံ၍ လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။

**စာပေလေ့လာဆန်းစစ်ချက်**

မြန်မာစာပေရှိ စန္ဒကုမာရပျို့ကို လေ့လာထားကြသော မောင်ရာဇာစိုးညွန့်(၁၉၉၆)၏ ‘ရွှေကျောင်းဦးပု၏ စန္ဒကုမာရပျို့လေ့လာချက်’(မဟာဝိဇ္ဇာဘွဲ့ကျမ်း၊ ရန်ကုန်တက္ကသိုလ်)၊ မဝင်းဝင်းလှိုင်(၁၉၉၈)၏ ‘ရွှေကျောင်းဦးပု၏ စန္ဒကုမာရပျို့လေ့လာချက်’(မဟာဝိဇ္ဇာဘွဲ့ကျမ်း၊ မန္တလေးတက္ကသိုလ်)၊ မတင်တင်ထွေး(၂၀၁၈)၏ ‘စန္ဒကုမာရပျို့မှ အပြောက်အမွမ်းများ လေ့လာချက်’(ပါရဂူဘွဲ့ကျမ်း၊ မန္တလေးတက္ကသိုလ်)တို့ကို တွေ့ရပါသည်။

ရခိုင်မူ စန္ဒကုမ္မာလင်္ကာနှင့်ပတ်သက်၍ မဆန်းမေ(၂၀၂၀)၏ ‘ဝင်းမှူးဆရာအဂ္ဂမေဓာ၏ စန္ဒကုမ္မာရလင်္ကာလေ့လာချက်’(မဟာဝိဇ္ဇာဘွဲ့ကျမ်း၊ စစ်တွေတက္ကသိုလ်)ကို တွေ့ရသည်။ သို့သော် အဆိုပါကျမ်းတွင် စန္ဒကုမ္မာလင်္ကာကို စန္ဒကုမာရဇာတကအဋ္ဌကထာဖြင့် နှိုင်းယှဉ်လေ့လာထားမှု မရှိသေးသည့်အတွက် ဤစာတမ်းကို ပြုစုရခြင်းဖြစ်ပါသည်။

**နည်းနာ**

**ပညာရပ်နည်းနာ**

ဇာတ်ဝတ္ထုဖြစ်သော ဇာတကတို့တွင် ဝတ္ထု၏အင်္ဂါရပ်များဖြစ်သည့် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံတို့ ပါဝင်မြဲဖြစ်သည်။ ဇာတကကိုရေးဖွဲ့သော ပျို့လင်္ကာများကို ကဗျာဝတ္ထုရှည်အဖြစ် သတ်မှတ်နိုင်သည်။ ထို့ကြောင့် စန္ဒကုမာရဇာတကကို အခြေခံရေးဖွဲ့ထားသော စန္ဒကုမ္မာလင်္ကာကို လေ့လာရာတွင် ဝတ္ထုရှည်သဘောတရား၊ ဝတ္ထုရှည်အတတ်ပညာနည်းနာများဖြင့် ချဉ်းကပ်တင်ပြမည်ဖြစ်ပါသည်။

**သုတေသနနည်းနာ**

အဂ္ဂမေဓာဆရာတော်၏ စန္ဒကုမ္မာလင်္ကာကို ဒန့်တိုင်ဆရာတော် ရှင်ဂုဏရံသာလင်္ကာရစီရင်သော စန္ဒကုမာရဇာတကအဋ္ဌကထာနိဿယဖြင့် နှိုင်းယှဉ်တင်ပြထားသည့်အတွက် နှိုင်းယှဉ်လေ့လာနည်း (Comparative analysis method)ကို အသုံးပြုထားသည်။ ထို့ပြင်ဤစာတမ်းနှင့် သက်ဆိုင်သော သုတေသနအချက်အလက်များကို စာအုပ်စာတမ်းများမှတစ်ဆင့် ကိုးကားရယူသည့်အတွက်ရှိပြီး အချက်အလက်များအပေါ် အခြေပြုလေ့လာခြင်းနည်း (Use of available data method) ကိုလည်း အသုံးပြုထားပါသည်။

**စိစစ်လေ့လာချက်**

စန္ဒကုမာရဇာတ်တော်သည် သုတ္တန်ပိဋကေ၊ ခုဒ္ဒကနိကာယ ဒသမမြောက်ကျမ်းဖြစ်သော ပါဠိဇာတ်တော်လာ မဟာနိပါတ်တွင်ပါဝင်သည်။ မူလပါဠိဂါထာတွင် ဂါထာပေါင်း(၁၇၀)ရှိပြီး ယင်းဂါထာတော်များကို မြန်မာနိုင်ငံ ဆဋ္ဌသင်္ဂါယနာမူအဖြစ် ထုတ်ဝေသော ဇာတကပါဠိ (ဒုတိယောဘာဂေါ)တွင် တွေ့ရသည်။ ထိုဇာတကပါဠိတော်များကို ရှင်မဟာဗုဒ္ဓဃောသ မထေရ်ကဇာတကအဋ္ဌကထာအဖြစ် ပါဠိဘာသာဖြင့်ပင် အကျယ်ဖွင့်ဆိုခဲ့သည်။ ထိုစန္ဒကုမာရ ဇာတကအဋ္ဌကထာကို မြန်မာနိုင်ငံ ဆဋ္ဌသင်္ဂါယနာမူအဖြစ် ထုတ်ဝေသော ဇာတကအဋ္ဌကထာ (သတ္တမောဘာဂေါ)တွင် တွေ့ရပါသည်။

ရခိုင်စာဆို အဂ္ဂမေဓာဆရာတော်သည် စန္ဒကုမာရဇာတကအဋ္ဌကထာကိုမှီး၍ စန္ဒကုမ္မာ လင်္ကာကို ရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ အဂ္ဂမေဓာဆရာတော်၏ ကဗျာဉာဏ်ရည်ကို ချင့်တွက်နိုင်စေရန် စန္ဒကုမာရဇာတကအဋ္ဌကထာနှင့် စန္ဒကုမ္မာလင်္ကာတို့ကို နှိုင်းယှဉ်တင်ပြမည်ဖြစ်ပါသည်။ ဇာတကအဋ္ဌကထာကို နားလည်သဘောပေါက်စေရန်အတွက် ဒန့်တိုင်ဆရာတော် ရှင်ဂုဏရံသာလင်္ကာရစီရင်သည့် စန္ဒကုမာရဇာတကအဋ္ဌကထာနိဿယကို အမှီပြုလေ့လာပါမည်။ ဤတွင်ပိုမိုထင်ရှားစေရန် ဘုရားဟောဇာတကပါဠိတော်နှင့် ဇာတကအဋ္ဌကထာတို့ကို ဦးစွာနှိုင်းယှဉ်တင်ပြလိုပါသည်။

**စန္ဒကုမာရဇာတကပါဠိတော်နှင့် စန္ဒကုမာရဇာတကအဋ္ဌကထာ နှိုင်းယှဉ်ချက်**

စန္ဒကုမာရဇာတက မူလပါဠိဂါထာတော်တွင် -

“ရာဇာသိ လုဒ္ဒကမ္မော၊ ဧကရာဇာ ပုပ္ဖဝတီယာ။

သော ပုစ္ဆိ ဗြဟ္မဗန္ဓုံ၊ ခဏ္ဍဟာလံ ပုရောဟိတံ မူဠှံ”

(ခုဒ္ဒကနိကာယ ဇာတကပါဠိ၊ ၂၀၁၆၊ စာ ၂၄၂)

ဟူ၍အစချီသည်။ အနက်အားဖြင့်  -

“ပုပ္ဖဝတီယာ၊ ပုပ္ဖဝတီပြည်၌။ လုဒ္ဒကမ္မော၊ ခက်ထန်ကြမ်းကြုတ်သော အမှု ရှိသော။ ဧကရာဇာ၊ ဧကရာဇ်အမည်ရှိသော။ ရာဇာ၊ မင်းသည်။ အသိ၊ ဖြစ်၏။ သော၊ ထိုမင်းသည်။ ဗြဟ္မဗန္ဓုံ၊ ဗြဟ္မာတို့၏အဆွေဖြစ်သော။ မူဠှံ၊ မိုက်သော။ ခဏ္ဍဟာလံ၊ ခဏ္ဍဟာလအမည်ရှိသော။ ပုရောဟိတံ၊ ပုရောဟိတ်ကို။ ပုစ္ဆိ၊ မေးလေ၏”

(ဇာဂရမထေရ်၊ အသျှင်၊ မ ၁၂၈၈၊ စာ ၁)

ဟူ၍ဖြစ်ပါသည်။

စန္ဒကုမာရဇာတကအဋ္ဌကထာတွင်မူ -

“ရာဇာသိ လုဒ္ဒကမ္မောတိ ဣဒံ သတ္ထာ ဂိဇ္ဈကူဋေ ဝိဟရန္တော ဒေဝဒတ္တံ အာရဗ္ဘ ကထေသိ” (ဗုဒ္ဓဃောသ၊ ရှင်မဟာ၊ ၁၉၅၉၊ စာ ၇၁)

ဟူ၍အစချီသည်။ အနက်မှာ -

“သတ္ထာ၊ မြတ်စွာဘုရားသည်။ ဂိဇ္ဈကူဋေ၊ ဂိဇ္ဈကုဋ်တောင်၌။ ဝိဟရန္တော၊ နေတော်မူလျက်။ ဒေဝဒတ္တံ၊ ဒေဝဒတ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ရာဇာသိ လုဒ္ဒကမ္မောတိ၊ ရာဇာသိ လုဒ္ဒကမ္မောအစရှိသော ဂါထာပုဒ်ဖြင့်။ ပဋိမဏ္ဍိတံ၊ တန်ဆာဆင်အပ်သော။ ဣဒံခဏ္ဍဟာလဇာတကံ၊ ဤခဏ္ဍဟာလဇာတ်ကို။ ကထေသိ၊ ဟောတော်မူပေ၏”

(ဒန့်တိုင်ဆရာတော်၊ မ ၁၂၆၈၊ စာ ၆၅)

ဟူ၍ဖြစ်ပါသည်။

မြတ်စွာဘုရားရှင်သည် စန္ဒကုမာရဇာတကပါဠိတော်ကို ကေရာဇ်မင်းက သူမြင်မက်သော အိပ်မက်အကြောင်း ခဏ္ဍဟာလပုဏ္ဏားထံ မေးမြန်းခန်းမှ စတင်ဟောကြားခဲ့သည်။ ထို့ကြောင့် အဋ္ဌကထာဆရာက မူလဘုရားဟောပါဠိတော်တွင် မပါဝင်သော မြတ်စွာဘုရားရှင်က ဒေဝဒတ်ကို အကြောင်းပြု၍ စန္ဒကုမာရဇာတ်တော်ကို ဟောတော်မူပုံ၊ သံဃာတော်များ တောင်းပန်မှုကြောင့် အကျယ်ဟောကြားရပုံတို့ကို ဇာတ်လမ်းအဆက်အစပ်အဖြစ် ချိတ်ဆက်ပေးလိုက်ခြင်းဖြစ်ပါသည်။ ထို့ပြင်အဋ္ဌကထာတွင် ပုပ္ဖဝတီပြည်ကြီး၌ ဝသဝတီမင်း မင်းပြုပုံ၊ သားတော်ကေရာဇ်မင်းသားအား ထီးနန်းလွှဲအပ်ပုံ၊ ကေရာဇ်မင်းသည် မိမိ၏အမတ်ဖြစ်သော ခဏ္ဍဟာလအား တရားသူကြီးအရာထား၍ တရားဆုံးဖြတ်စေပုံ၊ စန္ဒကုမာရမင်းသားက ဆင်းရဲသားလယ်သမားအမှုကို မှန်ကန်အောင် တရားဆုံးဖြတ်ပေးပုံ၊ ပြည်သူတို့ကောင်းချီးပေးကြပုံ၊ ခဏ္ဍဟာလပုဏ္ဏား တရားသူကြီးအရာမှကျ၍ တံစိုးလာဘ်ကင်းမဲ့ရပုံ၊ စန္ဒကုမာရမင်းသားအပေါ် ရန်ငြိုးထားပုံတို့သည် မူလဘုရားဟောပါဠိတော်တွင် မပါဝင်သည့် ဇာတ်လမ်းဇာတ်ကွက်များအဖြစ် အဋ္ဌကထာဆရာက ထည့်သွင်းထားခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

## စန္ဒကုမာရဇာတကအဋ္ဌကထာနှင့် စန္ဒကုမ္မာလင်္ကာ နှိုင်းယှဉ်ချက်

အဂ္ဂမေဓာဆရာတော်သည် စန္ဒကုမ္မာလင်္ကာကို အခန်းပေါင်းပိုဒ်၊ နိဂုံးပိုဒ်(၁၆၁)ခန်း၊ ပိုဒ်ရေ(၁၅) ပိုဒ်တို့ဖြင့် ရေးဖွဲ့ထားသည်။ ထိုသို့ရေးဖွဲ့ရာတွင် ဆရာတော်သည် (၁၇၄)ပိုဒ်၊ စုစုပေါင်း(၁၃) မူလ ဘုရားဟောပါဠိဂါထာများအနက်မှ ဂါထာပေါင်းဂါထာကို မူရင်းအတိုင်း ထည့်သွင်းထား(၃၃)သည်။ စန္ဒကုမာရဇာတကအဋ္ဌကထာနှင့် စန္ဒကုမ္မာလင်္ကာတို့ကို ဇာတ်လမ်းအဖွဲ့၊ ဇာတ်ဆောင်အဖွဲ့၊ ကာလ ဒေသနောက်ခံအဖွဲ့ ဟူ၍ ခွဲခြားကာ နှိုင်းယှဉ်လေ့လာ တင်ပြမည်ဖြစ်ပါသည်။

## ဇာတ်လမ်းအဖွဲ့ နှိုင်းယှဉ်ချက်

ဇာတ်လမ်းနှင့်ပတ်သက်၍ မြန်မာအဘိဓာန်- တွင်(၂၀၂၄)

> “ရုပ်ရှင်၊ ပြဇာတ်၊ ဝတ္ထု စသည်တို့တွင်ပါဝင်သော အဖြစ်အပျက်၊ အကြောင်းအရာ အစအဆုံး။ ဇာတ်ကြောင်း”(စာ ၁၂၈)

ဟု လည်းကောင်း၊ အောင်သင်း- က(၂၀၁၇)

> “ဇာတ်လမ်းဆိုသည်မှာ ဇာတ်ဆောင်တို့၏ ဘဝလမ်းကြောင်း အသိအမြင်ကို (မမျှော်လင့်ဘဲ) ပြောင်းလဲသွားစေသည့် အဖြစ်အပျက်များကို ကျိုးကြောင်း ဆက်စပ် ပြထားသော ဖြစ်စဉ်တစ်ခုဟု ဆိုချင်မိပါသည်”(စာ ၁၆)

ဟု လည်းကောင်း ဆိုထားကြပါသည်။

ပထမဦးစွာ ကေရာဇ်မင်းမြင်မက်သော နတ်ပြည်အိပ်မက်အကြောင်းကို ဇာတက အဋ္ဌကထာ နိဿယတွင် -

"သုပိနန္တေ၊ အိပ်မက်၌။ အလက်တဒွါရကောဋ္ဌကံ၊ တန်ဆာဆင်သော တံခါးမုခ်လည်း ရှိထသော။ သတ္တရတနပါကာရံ၊ ခုနစ်ပါးသောရတနာတို့ဖြင့် ပြီးသော တံတိုင်းလည်းရှိထသော။ ဆဋ္ဌိယောဇနိကသုဝဏ္ဏမယဝါလုက မဟာဝီထိ၊ ယူဇနာခြောက်ဆယ်ရှိသော ရွှေဖြင့်ပြီးသော သဲတို့ဖြင့်ကြဲအပ်သော ခရီးလည်းရှိထသော။ ယောဇနသဟဿု ဗ္ဗေဓဝေဇယန္တပါသာ ဒပဋ္ဌိမဏ္ဍိတံ၊ အစောက်ယူဇနာတစ်သောင်းရှိသော ဝေဇယန္တာ ပြာသာဒ်ဖြင့်လည်း တန်ဆာဆင်ထသော။ နန္ဒဝနာဒိဝနရာမဏေယျက နန္ဒာပေါက္ခရဏီ အာဒိပေါက္ခဏိရာ မဏေယျကသမန္နာဂတံ၊ မွေ့လျော်ဖွယ်သော နန္ဒဝန် အစရှိသော ဥယျာဉ်၊ မွေ့လျော်ဖွယ်သော နန္ဒာရေကန် အစရှိသော ရေကန်တို့နှင့် ပြည့်စုံထသော။ အာကိဏ္ဏဒေဝဂဏံ၊ ပြည့်သောနတ်အပေါင်းလည်း ရှိထသော။ တာဝတိံသဘဝနံ၊ တာဝတိံသာနတ်ပြည်ကို။ ဒိသွာ၊ မြင်ပြီး၍။ ပဗုဇ္ဈိတွာ၊ နိုး၍။ တတ္ထ၊ ထိုတာဝတိံသာ နတ်ပြည်သို့။ ဂန္တုကာမော၊ သွားလိုသည်ဖြစ်၍"(ဒန့်တိုင် ဆရာတော်၊ မ ၁၂၆၈၊ စာ ၇၅)

ဟု ဖော်ပြထားပါသည်။

စန္ဒကုမ္မာလင်္ကာတွင်မူ -

"မိုးသောက်နီး၌၊ ညီးညီးရောင်ထင်၊ တန်ဆာဆင်သား၊ ပစ္စင်ရင်တား၊ မုခ်တံခါးနှင့်၊ ခုနစ်ပါးရတနာ၊ ဆန်းကြယ်စွာသည်၊ ယူဇနာခြောက်ဆယ်၊ ကြီးပြားကျယ်သား၊ တင့်တယ်လွန်ကဲ၊ ရွှေသလဲတိ၊ ဖြန့်ကြဲခင်းတ၊ ခရီးမနှင့်၊ သွယ်ရဖြူးမောက်၊ အစောက် ယူဇနာ၊ တစ်ထောင်တာလျက်၊ ထွန်းဝါရောင်ဝှန်၊ ဝေဇယန်ဟု၊ ဗိမာန်တုလွတ်၊ နန်းပြာသာဒ်ဖြင့်၊ ဆင်မှတ်တန်ဆာ၊ သာယာ ပျော်လွန်၊ နန္ဒဝန်ဟု၊ မြိုင်တန်စုံပြော၊ ဥယျာဉ်တောနှင့်၊ မနောရမ္မာ၊ နန္ဒာပေါက္ခရမ်၊ နဒီရေကန်၊ ပန်းမွှန်သစ်သီး၊ မငြီးစားဖွယ်၊ ဆန်းတကြယ်တိ၊ နုနယ်ပြင်လျာ၊ လက္ခဏာနှင့်၊ ဆင်းဝါစံသီး၊ နတ်သမီးလည်း၊ ညီးညီးဝင်းဝါ၊ စံပယ်ကာဖြင့်၊ များစွာအပေါင်း၊ သောင်းသောင်းအပုံ၊ ပြည့်စုံခြင်းရာ၊ ဝတိံသာဟု၊ ရမ္မာနိယ၊ ပျော်ဖွယ်လှသား၊ ဒေဝနေတည်၊ ထက်နတ်ပြည်ကို၊ ထူးလေ ထင်ထင်၊ အိပ်မက်မြင်သည်၊ ရောက်ချင်အပန်းကြီးစွာတည်း" (အဂ္ဂမေဓာ ဆရာတော်၊ ၂၀၂၂၊ စာ ၁၆)

ဟု ရေးဖွဲ့ထားပါသည်။

ကေရာဇ်မင်းသည် မိုးသောက်ယံအချိန်၌ အလွန်ကြီးကျယ်ခမ်းနားသော နတ်ပြည်အကြောင်း ကိုအိပ်မက်မြင်ကြောင်း၊ ထိုနတ်ပြည်တွင် ပစ္စင်၊ ရင်တား၊ မုခ်တံခါးစသည့် မြို့အင်္ဂါတို့ကို ရတနာ ခုနစ်ပါးဖြင့် အဆန်းတကြယ်တန်ဆာ ဆင်ထားကြောင်း၊ ယူဇနာခြောက်ဆယ်ရှိသောလမ်းမကြီး ကိုလည်း ရွှေသလဲတို့ဖြင့် အတိဖြန့်ခင်းထားကြောင်း၊ အစောက်ယူဇနာတစ်ထောင်ရှိသော ဝေဇယန္တာ ဗိမာန် နန်းပြာသာဒ်ကြီးမှာလည်း ဗိသုကာအနုလက်ရာတို့ဖြင့် မွမ်းမံထားကြောင်း၊ သာယာပျော်ရွှင်ဖွယ် ကောင်းလှသော နန္ဒဝန်ဥယျာဉ်ကြီးနှင့်အတူ ပေါက္ခရဏီရေကန်ကြီးလည်းရှိကြောင်း၊ နန္ဒဝန်ဥယျာဉ်ကြီး တွင် သစ်ပင်ပန်းမန်၊ သစ်သီးဝလံများမှာ စားသောက်၍မငြီးနိုင်လောက်အောင် များစွာသီးပွင့်ကြ

ကြောင်း၊ နုနယ်လှပသော အသွင်အပြင်အဆင်း လက္ခဏာတို့ဖြင့်ပြည့်စုံသော နတ်သမီးတို့မှာလည်း အဆန်းတကြယ် မွေ့လျော်စံမြန်းနေကြကြောင်း၊ ကောင်းခြင်းအဖြာဖြာတို့နှင့် ပြည့်စုံလှသော တာဝတိံသာနတ်ပြည်ကြီးမှာ ပျော်ဖွယ်အတိဖြစ်ကြောင်း၊ ထိုထိုသောနတ်ပြည်ကြီးသို့ ဧကရာဇ်မင်းမှာ ရောက်ချင်စိတ်ပြင်းပြလာကြောင်း အနုစိတ်သရုပ်ဖော်ကာ ချဲ့ထွင်ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။

ဤဇာတ်လမ်းချဲ့ထွင်မှုကိုကြည့်လျှင် ဆရာတော်သည် ဇာတကအဋ္ဌကထာတွင် သာမန်မျှသာ ဖော်ပြထားသော ဧကရာဇ်မင်းမြင်မက်သည့် နတ်ပြည်မြင်ကွင်းကို စန္ဒကုမ္မာလင်္ကာတွင် ပို၍ထင်ရှား ပီပြင်လာအောင်၊ သရုပ်ပေါ်လွင်လာအောင် အနုစိတ်အသေးစိတ်ရေးဖွဲ့ထားကြောင်း တွေ့ရပါသည်။ နတ်ပြည်၏မြင်ကွင်း ပီပြင်ပေါ်လွင်လာသည်နှင့်အမျှ ဧကရာဇ်မင်း၏နတ်ပြည်သို့ ရောက်လိုသော စိတ်ဆန္ဒ ပိုမိုပြင်းပြလာအောင် ချိတ်ဆက်ဖန်တီးထားသည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် ခဏ္ဍဟာလ ပုဏ္ဏား၏ ချောက်တွန်းစေခိုင်းချက်တို့ကို အမှားအမှန်၊ အဆိုးအကောင်း ဝေခွဲမနေတော့ဘဲ စိတ်ထင်ရာ ပြုမူဆောင်ရွက်တော့သည့် ဧကရာဇ်မင်း၏ ပညာမဲ့သော ဇာတ်ဆောင်စရိုက်ကိုလည်း ရုပ်လုံးကြွလာစေ သည့် ဇာတ်လမ်း ပံ့ပိုးမှုဟု ယူဆနိုင်ပါသည်။ ဆရာတော်သည် စန္ဒကုမ္မာလင်္ကာကို ဇာတကအဋ္ဌကထာ အတိုင်း ရေးဖွဲ့သော်လည်း ဇာတ်လမ်းကို အလှည့်အပြောင်း၊ အချိုးအကွေ့ပြုရာတွင် အဓိကကျသည့် ဇာတ်ကွက်နေရာ၌ ဂရုပြုကာချဲ့ထွင်ရေးဖွဲ့ခြင်းဖြင့် ဇာတ်လမ်းမှာလည်း စာဖတ်သူစိတ်ဝင်စားမှု အားကောင်းလာစေကြောင်း တွေ့ရပါသည်။

ထို့ပြင် ဇာတကအဋ္ဌကထာနိဿယတွင် စန္ဒကုမာရမင်းသားက စန္ဒာဒေဝီမိဖုရားအား လက်ဝတ် ရတနာများ နောက်ဆုံးပေးအပ်ခဲ့ကြောင်းကို -

> "မုတ္တာမဏိဝေဠုရိယာ၊ ပုလဲပတ္တမြားကျောက်မျက်ရွဲဖြစ်ကုန်သော။ ဗဟုကာ၊ များကုန် သော။ အာဘရဏာ၊ တန်ဆာတို့ကို။ တဝ၊ သင်အား။ ဒိန္နာ၊ ပေးအပ်၏။ အဇ္ဇ၊ ယခု။ ဣဒံ၊ ဤပေးခြင်းသည်ကား။ တေ၊ သင်အား။ ပစ္ဆိမကဒါနံ၊ အဆုံးစွန်ဖြစ်သောပေးခြင်း တည်း"(ဒန့်တိုင်ဆရာတော်၊ မ ၁၂၆၈၊ စာ ၁၅၀)

ဟု ဖော်ပြထားပါသည်။

စန္ဒကုမ္မာလင်္ကာတွင်မူ -

> "မြင်းမိုရ်ထိပ်ချာ၊ ထွန်းဝါရောင်ဝှန်၊ ဝေဇယန်၌၊ နတ်မွန်မာဃ၊ ဝါသဝလျှင်၊ သက်မျှ ကြင်ရာ၊ သူဇတာနှင့်၊ သဟာတူကွ၊ စံပျော်ကြသို့၊ နန်းမထဲချောင်၊ ပြာသာဒ်ဆောင်ထက်၊ ထွန်းပြောင်ဝင်းဝါ၊ ပွားမေတ္တာဖြင့်၊ ကိုယ်သာမခြား၊ စိတ်မပြားဘဲ၊ သွားလည်းတူပင်၊ ဝင်လည်းတူကွ၊ ထလည်းတူပြိုင်၊ ထိုင်လည်းတူဖက်၊ စက်လည်းတူပေါင်း၊ လျောင်းလည်း တူစုံ၊ ရင်ငွေ့လှုံ၍၊ ရွှေဘုံနန်းထဲ၊ ပျော်မရဲသည်၊ အပဲမျောက်သား၊ မိဖုရား၊ ထင်ရှားလူ့ရွှာ၊ သက်ရှင်ခါ၌၊ ငါလျှင်သင့်အား၊ ဆိုခဲ့ကြားသား၊ တောက်ပွား လျှံညီး၊ ရေပေါ်မီးသို့၊ ကြီးကြီးငယ်ငယ်၊ သုံးဆောင်ဖွယ်တိ၊ ပေါယယ်ရတနာ၊ ဥစ္စာရွှေငွေ၊ မြုတေတိုးပွား၊ ပတ္တမြားပုလဲ၊ ကြောင်မျက်ရွဲနှင့်၊ ဖန်ရဲသန္တာ၊ နီလာစိန်မြ၊ တောက်ပ

> ရောင်လွှတ်၊ ဇောတရပ်ပဟု၊ ကောင်းမြတ်တန်ဆာ၊ ရတနာကို၊ ရှေ့ခါတညီ၊ ပေးအပ်ပြီ တည်း၊ စုံစီလက်ငင်း၊ ဤပေးခြင်းကား၊ မယွင်းဧကန်၊ အဆုံးစွန်တည်း” (အဂ္ဂမေဓာ ဆရာတော်၊ ၂၀၂၂၊ စာ ၁၀၃-၁၀၄)

ဟု ရေးဖွဲ့ထားပါသည်။

မြင်းမိုရ်တောင်ထိပ်ရှိ အရောင်အဝါထွန်းလင်းတောက်ပသော ဝေဇယန္တာနတ်ပြည်တွင် မာဃ သိကြားမင်းနှင့် သူ၏သက်မျှကြင်ရာသူဇာတို့ အတူတကွစံပျော်ကြသကဲ့သို့ စန္ဒကုမာရမင်းသားနှင့် စန္ဒာဒေဝီမိဖုရားတို့မှာလည်း နန်းတော်ထဲရှိ ပြာသာဒ်ဆောင်တွင် အတူတကွ စံမြန်းကြကြောင်း၊ စန္ဒကုမာရမင်းသားနှင့် စန္ဒာဒေဝီမိဖုရားတို့သည် နှစ်ဦးသားချစ်မေတ္တာများဖြင့် ကိုယ်လည်းမခြားနား စိတ်လည်းမကွဲပြားဘဲ တစ်သားတည်းရှိကြကြောင်း၊ နန်းတော်ထဲတွင် သွားအတူလာအတူ စက်အတူ လျောင်းအတူဖြင့် နှစ်ဦးအတူ ပေါင်းဖက်ကြကြောင်း၊ စန္ဒာဒေဝီ မိဖုရားသည် စန္ဒကုမာရမင်းသားနှင့် မျောက်သားတော်စပ်သူလည်းဖြစ်ကြောင်း ချဲ့ထွင်ရေးဖွဲ့ ထားခြင်းဖြစ်ပါသည်။

အဆိုပါဇာတ်လမ်းချဲ့ထွင်မှုအရ ဇာတကအဋ္ဌကထာတွင် စန္ဒကုမာရမင်းသားက သူ၏ အဆင် တန်ဆာကို စန္ဒာဒေဝီမိဖုရားအား နောက်ဆုံးပေးအပ်ခဲ့ကြောင်းသာ ဖော်ပြထားသော်လည်း စန္ဒကုမ္မာ လင်္ကာတွင် အဆင်တန်ဆာကို နောက်ဆုံးပေးအပ်ကြောင်းမပြောမီ စန္ဒာဒေဝီမိဖုရားနှင့်အတူ ပေါင်းဖက် ခဲ့ကြပုံများကို တမ်းတဖော်ကျူးနေသေးကြောင်း တွေ့ရပါသည်။ ဆရာတော်က စန္ဒကုမာရမင်းသားနှင့် စန္ဒာဒေဝီမိဖုရားတို့၏ ချစ်မေတ္တာဇာတ်ကွက်ဖြင့် မွမ်းမံကာ ဇာတ်လမ်းကို သက်ဝင်လှုပ်ရှားလာအောင် ဖန်တီးပုံဖော်ထားသည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် ဇာတကအဋ္ဌကထာလာ ဇာတ်လမ်းထက် စန္ဒကုမ္မာ လင်္ကာလာ ဇာတ်လမ်းသည် စန္ဒကုမာရမင်းသားနှင့် စန္ဒာဒေဝီမိဖုရားတို့၏ ချစ်မေတ္တာသရုပ်ကြောင့် မြိုင်မြိုင်ဆိုင်ဆိုင်ရှိလာကာ စာဖတ်သူ၏အာရုံကို ဆွဲဆောင်နိုင်ခဲ့ပါသည်။ သိင်္ဂါရရသ၊ ကရုဏာရသတို့ကို စာဖတ်သူ၏ရင်ထဲသို့ ပို့ဆောင်နိုင်ခဲ့ပါသည်။ ဇာတကအဋ္ဌကထာကိုမှီး၍ လင်္ကာဖွဲ့ဆိုရာ၌ မူလ ဇာတ်လမ်းအပေါ် စာဖတ်သူရိုးအီမသွားစေရန် လောကရေးရာတို့ကို လိုအပ်သလိုထည့်သွင်း ဖန်တီး တတ်သည့် ဆရာတော်၏ဇာတ်လမ်းပရိယာယ်ကြွယ်ဝမှုဟု ဆိုနိုင်ပါသည်။

## ဇာတ်ဆောင်အဖွဲ့ နှိုင်းယှဉ်ချက်

ဇာတ်ဆောင်နှင့်ပတ်သက်၍ မြန်မာအဘိဓာန်(၂၀၂၄)တွင် -

> “ဇာတ်၊ ရုပ်ရှင်တို့တွင် ပါဝင်သရုပ်ဆောင်သူ” (စာ ၁၂၈)

ဟု လည်းကောင်း၊ တက္ကသိုလ်ဘုန်းနိုင်(၂၀၁၅)က -

> “ဇာတ်ကြောင်းဖြစ်လာရန် လုပ်ပြ၊ တွေးပြ၊ ခံစားပြသော ဝတ္ထုရှည်တွင်းမှလူများကို ဇာတ်ဆောင်ဟုခေါ်သည်။ ဇာတ်ဆောင်များသည် ဒိဋ္ဌဓမ္မလောကမှ လူများနှင့်တူလေ ဇာတ်ဆောင်ဖန်တီးမှုကောင်းလေဟု ဆိုကြသည်” (စာ ၂၈)

ဟု လည်းကောင်း ဆိုထားကြပါသည်။

ဇာတကအဋ္ဌကထာနိဿယတွင် ကေရာဇ်မင်းသည် မြေးတော်ဝသုလမင်းသားကလေး၏ ငိုကြွေးတောင်းပန်မှုကြောင့် သားတော်စန္ဒကုမာရ မင်းသားအား ပြန်လွှတ်ပေးကြောင်းကို -

"ရာဇာ၊ ဘိုးတော်ကေရာဇ်မင်းကြီးသည်။ တဿ၊ ထိုဝသုလသတို့သား၏။ ပရိဒေဝိတံ၊ ငိုကြွေးသောအခြင်းအရာကို။ သုတွာ၊ ကြား၍။ ဘိဇ္ဇမာနဟဒယော ဝိယ၊ ကွဲအံ့သကဲ့သို့ သောနှလုံးရှိသည်။ ဟုတွာ၊ ဖြစ်၍။ အဿုပုဏ္ဏေဟိ၊ မျက်ရည်ပြည့်ကုန်သော။ နေတ္တေဟိ၊ မျက်စိတို့ဖြင့်။ ကုမာရံ၊ မြေးတော်ဝသုလ မင်းသားကို။ အာလိင်္ဂေတွာ၊ လည်ဖက်၍။ တာတ၊ ချစ်မြေး။ အဿာသံ၊ သက်သာရာကို။ ပဋိလဘာဟိ၊ ရလော့။ တေ၊ သင်၏။ ပိတရံ၊ အဘကို။ ဝိဿဇ္ဇေမိ၊ လွှတ်၏။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ ဂါထံ၊ ဂါထာကို။ အာဟ၊ ဆို၏"(ဒန့်တိုင်ဆရာတော်၊ မ ၁၂၆၈၊ စာ ၁၁၇-၁၁၈)

ဟု ဖော်ပြထားပါသည်။

စန္ဒကုမ္မာလင်္ကာတွင်မူ -

"ဆယ်ချောင်းလက်ယှက်၊ ဦးထိပ်ရွက်၍၊ ပန်နက်လျှောက်ကြား၊ ထိုမင်းသား၏၊ သနား ဖွယ်သာ၊ နူတ်ဗျူဟာနှင့်၊ ပြင်းစွာကျုံကျုံ၊ ငိုကြွေးသံကို၊ တစ်ရံနားဝ၊ ကြားခဏဉ္စ၊ နရထွတ်ချာ၊ ထိုရာဇာကား၊ ကြီးစွာဆင်းရဲ၊ နှလုံးကွဲသို့၊ မစဲမျက်ရည်၊ တားဆည်မတတ်၊ အသက်ပြတ်မျှ၊ လွမ်းဆွတ်ပူဆာ၊ ကြီးဗျာပါနှင့်၊ ကြင်နာသနား၊ မြေးမင်းသားကို၊ ပိုက်ဖြားချီရွက်၊ လည်ကိုဖက်၍၊ ထိပ်ထက်ယုယ၊ နမ်းပြီးမှတည်း၊ ကြင်ဆချစ်ပွား၊ ဘိုးမင်းဖျား၏၊ ပတ္တမြားပုလဲ၊ ရွှေစင်ခဲသို့၊ မရဲမျက်ရှု၊ နေ့တိုင်းပြုသည်၊ ရောင်နုရင်သွေး၊ ငါ့ချစ်မြေး၊ ပူဆွေးပျောက်ကင်း၊ သက်သာခြင်းသို့၊ မြေးမင်းမောင်ပု၊ ယခုပီတိ၊ ရစေဘိလော၊ ဇာတိသမ၊ သင်တို့ဘကား၊ ကာလမငံ့၊ လွှတ်စေအံ့ဟု၊ ပုံ့ပုံ့သံချို၊ ဂါထာ ဆိုသည်" (အဂ္ဂမေဓာဆရာတော်၊ ၂၀၂၂၊ စာ ၆၅-၆၆)

ဟု ရေးဖွဲ့ထားပါသည်။

ကေရာဇ်မင်းသည် မြေးတော်ဝသုလမင်းသားကလေး၏ လက်ဆယ်ဖြာဖြင့် ဦးထိပ်ရွက်ကာ သနားစဖွယ်ငိုကြွေး တောင်းပန်သည့်အသံကို ကြားရသောအခါ နှလုံးကွဲအက်သကဲ့သို့ ဆင်းရဲကြီးစွာ ခံစားရကြောင်း၊ မြေးကလေးကို သနားလွန်းသည့်အတွက် မျက်ရည်တို့မှာ တားဆီးမရဘဲ ယိုစီးကျလာ ကြောင်း၊ မြေးကလေးအတွက် အသက်ပြတ်မျှ ပူဆွေးဗျာပါဒရောက်ရကြောင်း၊ သနားစရာမြေးကလေး ကို ပွေ့ချီကာ လည်ကိုသိုင်းဖက်ထားလိုက်ကြောင်း၊ မြေးကလေး၏ထိပ်နဖူးကို ယုယုယယနမ်းလိုက် ကြောင်း၊ ပတ္တမြား၊ ပုလဲ၊ ရွှေစင်ခဲကဲ့သို့ အဖိုးထိုက်တန်လှသော သူ၏ချစ်မြေးကလေး ပူဆွေးသောက မရောက်စေရန် သားတော် စန္ဒကုမာရအား ချက်ချင်းလွှတ်ပေးမည်ဟုဆိုကြောင်း ချဲ့ထွင်ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။

ဇာတကအဋ္ဌကထာတွင် ကေရာဇ်မင်းသည် မြေးတော်ဝသုလမင်းသားကလေးကို ချစ်သော ဘိုးတော်မင်းကြီးအဖြစ် သာမန်မျှသာတွေ့ရသော်လည်း စန္ဒကုမ္မာလင်္ကာတွင်မူ ကေရာဇ်မင်းသည်

မြေးတော်ဝသုလမင်းသားကလေးကို အလွန်တရာချစ်သော၊ မြတ်နိုးသော ဘိုးတော်မင်းကြီးအဖြစ် တွေ့ရပါသည်။ စန္ဒကုမာရဇာတ်လမ်းကိုကြည့်လျှင် ဧကရာဇ်မင်းသည် မယ်တော်၊ ခမည်းတော်၊ ကြင်ရာတော်၊ သမီးတော်၊ ချွေးမတော်နှင့် တိုင်းသူပြည်သားတို့ မည်သို့ပင်တောင်းပန်ကြသော်လည်း ယဇ်ပူဇော်ခြင်းအမှုကို မစွန့်လွှတ်ခဲ့ပေ။ သို့သော် သားတော် စန္ဒကုမာရမင်းသားကို သနားသည့်အတွက် နှစ်ကြိမ်၊ မြေးတော်ဝသုလမင်းသားကလေးကို သနားသည့်အတွက် တစ်ကြိမ် စုစုပေါင်းသုံးကြိမ်အထိ ယဇ်ပူဇော်ခြင်းကို စွန့်လွှတ်ခဲ့ကြောင်းတွေ့ရပါသည်။ စန္ဒကုမ္မာလင်္ကာတွင် ဆရာတော်က သားအချစ် ‘ ဆိုသည့်အတိုင်း သားနှင့်မြေးအပေါ် ချစ်လွန်းအားကြီးသော ဧကရာဇ်မင်း၏ ဇာတ်ဆောင်’မြေးအနှစ်စရိုက်ကို ပို၍ထင်ရှား ပီပြင်လာအောင် ဖန်တီးထားသည်ဟု ဆိုနိုင်ပါသည်။ အထူးသဖြင့် ဝသုလမင်းသားကလေးကို ဧကရာဇ်မင်းက ဟု ချစ်စနိုးဖြင့်ခေါ်ကြောင်း ရေးဖွဲ့ထားပုံ”မြေးမင်းမောင်ပု“ ၊”ငါ့ချစ်မြေး“ တို့သည် မြေးကလေးအပေါ်ထားရှိသော အဘိုးတစ်ဦး၏ ချစ်မေတ္တာထုထည်ကြီးမားမှုကို ထင်ရှားမြင်သာလာစေပါသည်။ ဧကရာဇ်မင်း၏ နတ်ပြည်သို့ရောက်လိုသောဆန္ဒနှင့် မြေးအပေါ်ထားသော မေတ္တာတို့ကို အားပြိုင်လွန်ဆွဲစေကာ ဇာတ်လမ်းဖွံ့ဖြိုးလာအောင် ဖန်တီးထားသည့် ဇာတ်ဆောင်ချဲ့ထွင်မှုဟု ယူဆနိုင်ပါသည်။

စန္ဒကုမာရမင်းသား၏ မယ်တော်ဖြစ်သော ဂေါတမီမိဖုရားအကြောင်းကို ဇာတက အဋ္ဌကထာနိဿယတွင် -

> “အဿ၊ ထိုစန္ဒမင်းသား၏။ မာတာ၊ အမိဖြစ်သော။ ဂေါတမီနာမ၊ ဂေါတမီအမည်ရှိသော။ ဒေဝီ၊ မိဖုရားသည်”(ဒန့်တိုင်ဆရာတော်၊ မ ၁၂၆၈၊ စာ ၁၃၂)

ဟု ဖော်ပြထားပါသည်။

စန္ဒကုမ္မာလင်္ကာတွင်မူ -

> “မဟာသတ္တာ၊ ကုမ္မာရ၏၊ ဂုဏ္ဏာကြီးဘိ၊ တိုင်းမသိသည်၊ မွေးမိရင်းစစ်၊ မယ်တော် ဖြစ်သား၊ ဦးသစ်ရွှေလှော်၊ ဇမ္ဗူကျော်သို့၊ ထွန်းပေါ်ဆင်းဝါ၊ လက္ခဏာနှင့်၊ သီလာစာရ၊ ပြည့်စုံလှသည်၊ မောင်းမကုံအောင်၊ သောင်းခြောက်ထောင်တွင်၊ အခေါင်ညာဏာ၊ တောင်နန်းရသည်၊ အဂ္ဂဒေဝီ၊ ဂေါတမီဟု၊ ကြုံစည်လှထွား၊ မိဖုရားလျှင်” (အဂ္ဂမေဓာ ဆရာတော်၊ ၂၀၂၂၊ စာ ၈၅)

ဟု ရေးဖွဲ့ထားပါသည်။

ဂေါတမီမိဖုရားကြီးသည် စန္ဒကုမာရမင်းသား၏ ကျေးဇူးဂုဏ်အင်ကြီးမားလှသော မွေးမိခင်အရင်းဖြစ်ကြောင်း၊ ဦးသစ်ရွှေကိုလှော်ထားသည့်အတိုင်း အဆင်းအဝါတောက်ပသော မိဖုရားကြီး၏ ရုပ်လက္ခဏာမှာ ဇမ္ဗူဒီပါတစ်ကျွန်းလုံးသို့ပင် ကျော်ကြားကြောင်း၊ အကျင့်သီလတို့နှင့်လည်း ပြည့်စုံသူဖြစ်ကြောင်း၊ မောင်းမပေါင်း သောင်းခြောက်ထောင်တို့၏ အခေါင်အချုပ်ဖြစ်သည့် တောင်နန်းစံ ဒေဝီမိဖုရားကြီးဖြစ်ကြောင်း ချဲ့ထွင်ရေးဖွဲ့ထားခြင်းဖြစ်ပါသည်။

ဇာတကအဋ္ဌကထာတွင် အမည်မျှသာဖော်ပြထားသော ဂေါတမီမိဖုရားကြီးသည် ဆရာတော်၏ မွမ်းမံရေးဖွဲ့မှုကြောင့် စန္ဒကုမ္မာလင်္ကာတွင် အဆင်းရောအချင်းပါ အဘက်ဘက်မှ ပြည့်စုံသည့် မိဖုရားကြီးအဖြစ် နှစ်သက်ဖွယ်၊ လေးစားဖွယ် လှုပ်ရှားအသက်ဝင်လာကြောင်း တွေ့ရသည်။ ထို့ပြင် ဘုရားလောင်းစန္ဒကုမာရမင်းသား၏ ဂုဏ်ကျေးဇူးကြီးမားသော မယ်တော်အဖြစ် ပုံဖော်ထားခြင်းက ဂေါတမီမိဖုရားကြီး၏ ဇာတ်ဆောင်ပါဝင်မှုအပေါ် စာဖတ်သူကို အာရုံဝင်စားလာစေပြီး ဇာတ်ဆောင်နှင့် အတူ ဇာတ်လမ်းကိုလည်း တစ်ပါတည်းစိတ်ဝင်စား လာအောင် ဖန်တီးထားသည်ဟု သုံးသပ်နိုင်ပါသည်။

**ကာလဒေသနောက်ခံအဖွဲ့ နိူင်းယှဉ်ချက်**

ကာလဒေသနောက်ခံနှင့် ပတ်သက်၍ မြန်မာအဘိဓာန်- တွင်(၂၀၂၄)

"အချိန်အခါ။ အခိုက်အတန့်။ ရောက်ဆဲခေတ် [ပါ၊ ကာလ]"(စာ ၈)

"နေရာ။ အရပ်[ပါ၊ ဒေသ]"(စာ ၁၇၂)

ဟု လည်းကောင်း၊ မမိုးမြေ- က(၂၀၁၅)

"နောက်ခံအဖွဲ့သည် ဇာတ်လမ်းတည်ဆောက်ရန်အတွက် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်သည်။ အချိန်ကာလနောက်ခံကို မူတည်၍ ဇာတ်အိမ်ဖွဲ့နိုင်သကဲ့သို့ နေရာဒေသ နောက်ခံကို မူတည်၍လည်း ဇာတ်အိမ်ဖွဲ့နိုင်သည်" (စာ ၂၁၇)

ဟု လည်းကောင်း ဆိုထားကြပါသည်။

ဇာတကအဋ္ဌကထာနိဿယတွင် ပုပ္ဖဝတီတစ်ပြည်လုံးရှိ တိုင်းသူပြည်သားတို့ ဥယျာဉ်အနီး ငိုကြွေးကြကြောင်းကို -

"မဟာဇနော၊ လူများသည်။ နိက္ခမိတုံ၊ ထွက်အံ့သောငှာ။ အလဘန္တော၊ မရသည်ဖြစ်၍။ အန္တောနဂရေ၊ မြို့တွင်း၌။ ဒွါရသာ၊ တံခါး၏။ အာသန္နဋ္ဌာနေ၊ နီးသောအရပ်၌။ ဥယျာနံ၊ ဥယျာဉ်သည်။ အတ္ထိ၊ ရှိ၏။ တဿ၊ ထိုဥယျာဉ်၏။ သန္တိကေ၊ အနီး၌။ မဟာရဝံ၊ ပြင်းစွာသောငိုကြွေးခြင်းကို။ ရဝိ၊ ငိုကြွေး၏" (ဒန့်တိုင်ဆရာတော်၊ မ ၁၂၆၈၊ စာ ၁၂၄)

ဟု ဖော်ပြထားပါသည်။

စန္ဒကုမ္မာလင်္ကာတွင်မူ -

"မဟာဇန၊ များလှပြောထူ၊ ပြည်လုံးသူလည်း၊ အူအူကျက်ကျက်၊ တစ်ပြိုင်နက်လျှင်၊ ထွက်အံ့သောငှာ၊ ဒွါရာအဝ၊ ခွင့်မရသော်၊ ပြည်မတံခါး၊ အနီးပါး၌၊ တောဖျားရဂုံ၊ ပန်းမျိုးစုံသား၊ သင်းထုံကြိုင်စွာ၊ ဝဏ္ဏဝါသို့၊ သာယာ ရိပ်ကျယ်၊ မွေ့လျော်ဖွယ်တိ၊ ပေါယယ်ဖျင်ညီး၊ သစ်သီးချဉ်ချို၊ စားလိုရာရာ၊ ရသာထွေပြား၊ ပြည့်စုံများသည်၊ မင်းဖျား ရာဇာ၊ ပျော်ရာပျော်မှု၊ ကစားပြုသား၊ ရွှက်နုဖားဖား၊ ဥယျာဉ်ပါး၌၊ ဆည်တားမရ၊ လူးလည်ကလျက်၊ ပြင်းလှသံဟုန်၊ ငိုကြွေးကုန်၏" (အဂ္ဂမေဓာဆရာတော်၊ ၂၀၂၂၊ စာ ၇၄)

ဟု ရေးဖွဲ့ထားပါသည်။

ပုပ္ဖဝတီပြည်ရှိ တိုင်းသူပြည်သားတို့သည် ယဇ်တွင်းသို့ ယူဆောင်ခံရသော စန္ဒကုမာရ မင်းသား တို့နှင့်အတူ လိုက်ပါခွင့်မရဘဲ မြို့တွင်းတံခါးအနီးရှိ ဥယျာဉ်၌ငိုကြွေးနေကြကြောင်း၊ ထိုဥယျာဉ်တွင် ပန်းမျိုးစုံတို့၏သင်းရနံ့ဖြင့် ထုံကြိုင်မွှေးပျံ့နေကြောင်း၊ ဥယျာဉ်ထဲတွင် စားလိုရာရာ အရသာစုံလင်သော သစ်သီးအချိုအချဉ်တို့လည်းရှိကြောင်း၊ မင်းဖျားရာဇာ ပျော်ရာပျော်မှုအတွက် တောကစားထွက်လေ့ရှိ သော ဥယျာဉ်လည်းဖြစ်ကြောင်း ဥယျာဉ်၏နေရာ ဒေသနောက်ခံအခင်းအကျင်းကို မွမ်းမံရေးဖွဲ့ထား ခြင်းဖြစ်ပါသည်။

ဤနေရာဒေသနောက်ခံ မွမ်းမံမှုကိုကြည့်လျှင် ဇာတကအဋ္ဌကထာတွင် “ထိုဥယျာဉ်၏” ဟု သဘောမျှသာဖော်ပြထားသော်လည်း ဆရာတော်က စန္ဒကုမ္မာလင်္ကာတွင် ဥယျာဉ်၏သာယာပုံ အဖုံဖုံတို့ ကို ခြယ်မှုန်းပြလိုက်သည့်အတွက် စာဖတ်သူတို့၏ စိတ်မျက်စိ၊ စိတ်မြင်ကွင်းတွင် ထင်ယောင်မြင်ယောင် ဖြစ်လာကြောင်း တွေ့ရပါသည်။ ဇာတကအဋ္ဌကထာတွင် ပါဝင်သော သာမန်နေရာဒေသနောက်ခံ အသေးအဖွဲ့ကလေးကိုပင် အမှုမဲ့အမှတ်မဲ့သဘောမထားဘဲ အရေးတယူဖွဲ့ဆိုတတ်သည့် ဆရာတော်၏ အကွက်စေ့ဖန်တီးမှု စွမ်းရည်ကိုတွေ့ရပါသည်။ နောက်ခံအဖွဲ့များကို ဇာတ်ဆောင်တို့၏ခံစားမှု၊ ဇာတ်လမ်းဖြစ်ရပ်တို့နှင့်ဆက်စပ်ကာ ချဲ့ထွင်ရေးဖွဲ့ခြင်းဖြင့် ဇာတ်လမ်းသည် ပို၍လှုပ်ရှားသက်ဝင်လာ ပြီးလျှင် စာဖတ်သူတို့အား စိတ်ခံစားမှု အမျိုးမျိုးဖြစ်ပေါ်လာအောင် ဖန်တီးထားသည်ဟု ဆိုနိုင်ပါသည်။

**သုံးသပ်ချက်**

စန္ဒကုမာရဇာတ်တော်သည် ဇာတ်ကြီးဆယ်ဘွဲ့အနက် လူသိနည်းသည့်အတွက် စာဆိုအများစု ပျို့ဖွဲ့ရန် လက်မတွေ့ကြသော ဇာတ်တစ်ဇာတ်ဖြစ်ကြောင်း ဇာတကပျို့စာရင်းအရ ထင်ရှား ပါသည်။ ဤသို့ စာဆိုအများစုပျို့ဖွဲ့ရန် လက်တွန့်ကြသည့်ကြားမှပင် စန္ဒကုမာရပျို့အဖြစ် ရှားရှားပါးပါးဖန်တီး ခဲ့သော ရွှေကျောင်းဦးပုံ၏စေတနာမှာ လေးစားဖွယ်ကောင်းလှပါသည်။ ထိုနည်းတူ စန္ဒကုမ္မာလင်္ကာ အဖြစ် ထူးထူးခြားခြားဖန်တီးခဲ့သော အဂ္ဂမေဓာဆရာတော်၏ စေတနာမှာလည်း ချီးကျူးဖွယ်ဖြစ်သည့် အတွက် မှတ်တမ်းတင်ထိုက်လှပါသည်။

စာဆိုအဂ္ဂမေဓာဆရာတော်သည် စန္ဒကုမ္မာလင်္ကာကို စန္ဒကုမာရဇာတကအဋ္ဌကထာ အတိုင်း အပိုအလိုမရှိ ဖန်တီးရေးဖွဲ့ခဲ့ပါသည်။ သို့သော် ဆရာတော်သည် လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်တတ် သည့် ဉာဏ်ကြီးရှင်စာဆိုပီပီ အရိုးခံဇာတ်လမ်း၊ ဇာတ်ဆောင်နှင့် ကာလဒေသ အဖွဲ့တို့ကိုပင်ပို၍ ထင်ရှားလာအောင်၊ ပီပြင်လာအောင်၊ ရုပ်လုံးကြွလာအောင် ချဲ့ချဲ့ထွင်ထွင် ဝေဝေဆာဆာဖြင့် ဖန်တီးခဲ့ ပါသည်။ အထူးသဖြင့် ဆရာတော်သည် လောကရေးရာအဖွဲ့များ၊ ခံစားမှုရသအဖွဲ့များကို သင့်လျော်ရာ ထည့်သွင်း၍ သိုင်းဝိုင်းရေးဖွဲ့ထားကြောင်း တွေ့ရပါသည်။ ထို့ကြောင့် စန္ဒကုမ္မာလင်္ကာလာ ဇာတ်လမ်း၊ ဇာတ်ဆောင်နှင့် ကာလဒေသအဖွဲ့တို့သည် ဇာတကအဋ္ဌကထာလာ ဇာတ်လမ်း၊ ဇာတ်ဆောင်နှင့် ကာလဒေသအဖွဲ့တို့ထက် ပို၍စိတ်ဝင်စားဖွယ်၊ နှစ်သက်ဖွယ် ထင်ရှားပေါ်လွင်လာသည်ဟု ထင်မြင်မိ ပါသည်။

စန္ဒကုမ္မာလင်္ကာတွင် စန္ဒကုမာရမင်းသားနှင့် ခဏ္ဍဟာလပုဏ္ဏားတို့၏ ဇာတ်ဆောင်ချင်း အားပြိုင်မှု၊ ကေရာဇ်မင်းနှင့် တိုင်းသူပြည်သားတို့၏ ဇာတ်ဆောင်နှင့် လူ့အဖွဲ့အစည်းအားပြိုင်မှု၊ ကေရာဇ်မင်း၏ နတ်ပြည်သို့ရောက်လိုသည့်စိတ်နှင့်သားနှင့် မြေးအပေါ်ချစ်သည့်စိတ်တို့၏ စိတ်တွင်း အားပြိုင်မှုတို့ဖြင့် ဇာတ်လမ်းနှင့် ဇာတ်ဆောင်တို့ကို ပို၍သက်ဝင်လှုပ်ရှားလာအောင် ဖန်တီးထား ကြောင်းတွေ့ရပါသည်။ အားပြိုင်မှုအရှိန်မြင့်လာလေလေ စာဖတ်သူစိတ်ဝင်စားမှု ထက်သန်လာ လေလေဖြစ်အောင် ဆွဲဆောင်ဖန်တီးထားသည်ဟု ယူဆမိပါသည်။

ထို့ပြင် ကာလဒေသအဖွဲ့ကိုလည်း ဇာတကအဋ္ဌကထာတွင်ပါသည့်အတွက် ထည့်ရိုးထည့်စဉ် အနေဖြင့် ထည့်သွင်းထားခြင်းမျိုးမဟုတ်ဘဲ ဇာတ်လမ်းနှင့် ဇာတ်ဆောင်တို့အပေါ် အမှန်တကယ် အထောက်အပံ့ဖြစ်အောင် မွမ်းမံဖန်တီးထားကြောင်း တွေ့ရပါသည်။ ဇာတ်လမ်း တည်ဆောက်ရာတွင် အရေးပါသော နောက်ခံအဖွဲ့ကို ဇာတ်ဆောင်တို့၏ခံစားမှုနှင့် အချိုးညီညီ ချိတ်ဆက်၍ စာဖတ်သူတို့ မြင်သာလာအောင် ခြယ်မှုန်းဖန်တီးထားသည်ဟု သုံးသပ်မိပါသည်။

ဆရာဇော်ဂျီက အပြောတတ်ခြင်း၊ အဆင်အပြင်တတ်ခြင်း၊ အရေးတတ်ခြင်းဟူသော အတတ် ပညာတို့ကိုပရိယာယ်ဟု အမည်ပေးနိုင်ကြောင်း ဆိုထားပါသည်။ စန္ဒကုမ္မာလင်္ကာတွင် စာဆို အဂ္ဂမေဓာ ဆရာတော်၏ အပြောတတ်၊ အဆင်အပြင်တတ်၊ အရေးတတ်သော ကဗျာပရိယာယ် တစ်နည်းအားဖြင့် ကဗျာဉာဏ်ရည်သည် ရန်ငြိုးဖွဲ့ခြင်း၏ အကျိုးပျက်စီးတတ်ပုံ၊ ပညာမဲ့ခြင်း၏ အန္တရာယ်ကြီးမားပုံ၊ သစ္စာတရား၏ အစွမ်းထက်မြက်ပုံတို့ကို လမ်းညွှန်ထားသည့် စန္ဒကုမာရ ဇာတ်တော်၏ ရည်ရွယ်ချက်ကို လေးနက်ထင်ရှားလာအောင် အထောက်အပံ့ပြုနိုင်ကြောင်း တွေ့ရပါသည်။ ထို့ကြောင့် စန္ဒကုမ္မာလင်္ကာ သည် 'တရားလည်းပါ စကားလည်းသာ'သည့် ပျို့စာပေသဘောနှင့် ညီညွတ်ပြည့်စုံပြီး ဂန္ထဝင်စာပေ စင်မြင့်ထက်တွင် မှတ်ကျောက်တင်ထိုက်သော ဇာတကပျို့တစ်စောင်အဖြစ် သတ်မှတ်နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**နိဂုံး**

စန္ဒကုမာရဇာတကနှင့် စန္ဒကုမ္မာလင်္ကာတို့ကို နှိုင်းယှဉ်၍ လူသိနည်းပါးသော ရခိုင်မူဇာတကပျို့ တစ်စောင်၏ စာပေတန်ဖိုး၊ ပျို့စာဆို၏ ဖန်တီးမှုစွမ်းရည်တို့ကို တတ်စွမ်းသမျှ လေ့လာဖော်ထုတ် ထားခြင်းဖြစ်ပါသည်။ မြန်မာစာပေနှင့် တိုင်းရင်းသားစာပေတို့၏ နှီးနွှယ်ပတ်သက်မှုကိုလေ့လာလိုသူ များအတွက် အထောက်အကူဖြစ်ခဲ့မည်ဆိုပါက ဤစာတမ်းပြုစုရကျိုးနပ်ပြီဟု ခံယူမိပါသည်။

## ကျမ်းကိုးစာရင်း


ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၁၄)။ ***မြန်မာစာပေခရီး။*** ရန်ကုန်၊ ရာပြည့်စာပေ။

ဇာဂရမထေရ်၊ အသျှင်။ (မ ၁၂၈၈)။ ***ပါဠိဇာတ်ပါဠိတော်နိဿယ(မဟာနိပါတ်ဒုတိယတွဲ)***။ မန္တလေး၊ မန္တလေးတောင်ပိဋကတ်တော်စာပုံနှိပ်တိုက်။

***ဇာတကပါဠိတော်***(***ဒုတိယတွဲ***)။ (၂၀၁၆)။ ရန်ကုန်၊ ကမ္ဘာ့အေးစာပုံနှိပ်တိုက်။

ဇော်ဂျီ။ (၂၀၀၄)**။ *ရသစာပေအဖွင့်နှင့် နိဒါန်း***(ဒုကြိမ်)။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ဒန့်တိုင်ဆရာတော်။ (မ ၁၂၆၈)။ ***စန္ဒကုမာရဇာတကအဋ္ဌကထာပါဠိနိဿယ။*** ရန်ကုန်၊ ကဝိမျက်မှန်စာပုံနှိပ်တိုက်။

ဗုဒ္ဓဃောသ၊ ရှင်မဟာ။ (၁၉၅၉)။ ***ဇာတကအဋ္ဌကထာ(သတ္တမောဘာဂေါ)***။ ရန်ကုန်၊ မြန်မာနိုင်ငံဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်။

ဘုန်းနိုင်(တက္ကသိုလ်-)။ (၂၀၁၅)။ ***ဝတ္ထုရှည်ဟူသည်မှာ၊ ဝတ္ထုရှည်စာတမ်းများ***(ဒုကြိမ်)။ ရန်ကုန်၊ စာပေဗိမာန်။

မိုးမြေ၊ မ။ (၂၀၁၅)။ ***ဝတ္ထုရှည်သဘောတရားနှင့် ဝတ္ထုရှည်အတတ်ပညာ***(ဒုကြိမ်)။ ရန်ကုန်၊ ကံ့ကော်ဝတ်ရည်စာပေ။

မြန်မာစာအဖွဲ့။ (၂၀၂၄)။ ***မြန်မာအဘိဓာန်***(သကြိမ်)။ နေပြည်တော်၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီး ဌာန။

အဂ္ဂမဓောဆရာတော်။ (၂၀၂၂)။ ***စန္ဒကုမ္မာလင်္ကာတော်***(ပေမူ)။ စစ်တွေ၊ အေးမိသားစုပုံနှိပ်တိုက်။

အောင်သင်း။ (၂၀၁၇)။ ***ဝတ္ထုရေးရာဆောင်းပါးများ***(တကြိမ်)။ ရန်ကုန်၊ ဖွန်ပွင့်စာပေ။

*J. Myanmar Acad. Arts Sci. 2026* **Vol. XXIII. No.6**

# ရှင်မဟာရဋ္ဌသာရ၏ ရတု ၅ ပုဒ်မှ စာဆို၏ အပြိုင်အဖွဲ့ဖန်တီးမှု*

ဦးအေးဝင်း[၁]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ရှင်မဟာရဋ္ဌသာရ၏ ရတု ၅ ပုဒ်မှ စာဆို၏ အပြိုင်အဖွဲ့ ဖန်တီးမှုများကို လေ့လာထားသော စာတမ်းဖြစ်ပါသည်။ လေ့လာသည့် အထူးပြုနယ်ပယ်မှာ စာပေ၊ ဘာသာရပ်နယ်ပယ်မှာ ကဗျာ၊ ဘာသာစိတ်နယ်ပယ်မှာ ရေးဟန်ဖြစ်ပါသည်။ လေ့လာတင်ပြရာတွင် ၂၀၁၆ ခုနှစ်၌ ထုတ်ဝေခဲ့သော ကိုရွှေသိမ်းမင်းစုစည်းသည့် မြန်မာမင်းများလက်ထက်ရတုများ တတိယအုပ်ကို အလေ့လာခံအဖြစ် သတ်မှတ်ထားပါသည်။ ဤစာတမ်း၏ ရည်ရွယ်ချက်မှာ ရှင်မဟာရဋ္ဌသာရ၏ အပြိုင်အဖွဲ့ဖန်တီးမှု စွမ်းရည်ကို ဖော်ထုတ်တင်ပြလိုခြင်း ဖြစ်ပါသည်။ တင်ပြရာတွင် သုတေသနနည်းနာမှ ဆန်းစစ်လေ့လာနည်း၏ နည်းခွဲတစ်မျိုးဖြစ်သည့် ခွဲခြမ်းစိတ်ဖြာဆန်းစစ်နည်းကို အသုံးပြုထားပါသည်။ သုတေသနပြဿနာများကို ဖြေရှင်းရန်အတွက် ဝေဖန်အကဲဖြတ်ခြင်းနှင့် သုတေသန၏အဆိုကို မှန်ကန်ကြောင်း ဖော်ပြရန်အတွက် ရှင်းလင်းဖော်ပြခြင်းပုံစံတို့ ဖြစ်သည်။ ဤစာတမ်း၌ အပြိုင်အဖွဲ့၏သဘောနှင့် စာဆို၏ စကားသံ အပြိုင်အဖွဲ့၊ စကားလုံးအပြိုင်အဖွဲ့၊ ဝါကျအပြိုင်အဖွဲ့တို့ကို ပိုင်းကန့်ကာတင်ပြထားပါသည်။ တင်ပြခဲ့ရာ၌ စာဆို၏ ရတု ၅ ပုဒ်မှ အပြိုင်အဖွဲ့များသည် အနက်အဓိပ္ပာယ် အားကောင်း၍ စာဆို၏ စိတ်ကူးဉာဏ်ဆန်းသစ်မှုတို့ ပေါ်လွင်သည်ကို တွေ့ရပါသည်။ ထို့ကြောင့်ဤစာတမ်းသည် ရှင်မဟာရဋ္ဌသာရ၏ ပုံစံတူအပြိုင်အဖွဲ့ ဖန်တီးမှုတို့ကို သိမြင်နိုင်သည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

**သော့ချက်ဝေါဟာရများ** - စကားသံ၊ စကားလုံး၊ ဝါကျ၊ အပြိုင်အဖွဲ့၊ စံသွေမှု။

## နိဒါန်း

ဤစာတမ်းသည် ရှင်မဟာရဋ္ဌသာရ၏ ရတု ၅ ပုဒ်မှ စာဆို၏ အပြိုင်အဖွဲ့ဖန်တီးမှုကို လေ့လာထားခြင်း ဖြစ်ပါသည်။ အလေ့လာခံစာအုပ်မှာ ၂၀၁၆ ခုနှစ်၌ ထုတ်ဝေသော ကိုရွှေသိမ်းမင်း စုစည်းသည့် မြန်မာမင်းများလက်ထက်ရတုများ တတိယအုပ်ဖြစ်ပါသည်။ ရှင်မဟာရဋ္ဌသာရ၏ ရတုများမှ စာဆို၏ အပြိုင်အဖွဲ့ဖန်တီးမှုကို လေ့လာရာ၌

(၁) ရှင်မဟာရဋ္ဌသာရ၏ ရတု ၅ ပုဒ်မှ အပြိုင်အဖွဲ့များသည် အနက်အဓိပ္ပာယ်အားကောင်းရန် မည်သို့ အားဖြည့်ပေးသနည်း။

(၂) ထိုအပြိုင်အဖွဲ့များသည် မည်သည့်ထူးခြားမှုများကို ဖော်ဆောင်ပေးသနည်း

ဟူသော သုတေသနမေးခွန်းတို့ ပေါ်လာပါသည်။

ဤမေးခွန်းတို့မှတစ်ဆင့် ရှင်မဟာရဋ္ဌသာရ၏ ရတု ၅ ပုဒ်မှ အပြိုင်အဖွဲ့များသည် အနက်အဓိပ္ပာယ်အားကောင်းရန် အထောက်အကူ ပြု၊ မပြုနှင့် တခြားသောထူးခြားမှုများ ပါ၊ မပါ ဟူသော သုတေသနပြဿနာ ပေါ်ထွက်လာပါသည်။ ထိုပြဿနာတို့ကို ဖြေရှင်းစဉ် 'ရှင်မဟာ ရဋ္ဌသာရသည် ရတုများကိုရေးဖွဲ့ရာ၌ အနက်အဓိပ္ပာယ်အားကောင်းသော ထူးခြားဆန်းသစ်သည့် အပြိုင်အဖွဲ့များဖြင့်

* Second Prize (2024)

[၁] မြန်မာစာဌာန၊ မုံရွာတက္ကသိုလ်

စာဆိုစွမ်းရည်ပေါ်လွင်အောင် ဖန်တီးရေးဖွဲ့လေ့ရှိပါသည်' ဟုအဆိုပြုပါသည်။ အထက်ပါ သုတေသန ပြဿနာကို ဖြေရှင်းရန်၊ အဆိုကိုအတည်ပြုရန် ဤစာတမ်းကို လေ့လာရာ၌ မောင်ခင်မင်(ဓနုဖြူ)၏ ရေးဟန်ပညာနိဒါန်းစာအုပ်မှ အပြိုင်အဖွဲ့သဘောတရားများကို အခြေခံ၍ လေ့လာတင်ပြထားပါသည်။

**ရှင်မဟာရဋ္ဌသာရ၏ ထေရုပ္ပတ္တိအကျဉ်း**

ရှင်မဟာရဋ္ဌသာရသည် သက္ကရာဇ် ၈၃၀ ပြည့်နှစ်၊ ဝါဆိုလတွင် အင်းဝနေပြည်တော်၌ ဖွားမြင်ခဲ့ပါသည်။ ငယ်မည်မှာ မောင်မောက်ဖြစ်ပါသည်။ အရှင်၏ **"ခမည်းတော်မှာ ဟံသာဝတီ ဘုရင်မ ရှင်စောပု၏တူ ပုသိမ်မြို့စား ဗညားအိန်၏ မြေး ဓမ္မပါလအမတ် ဖြစ်သည်။ မယ်တော်မှာ အင်းဝမြို့တည် သတိုးမင်းဖျား၏ သမီးတော်ဖြစ်သည်**" (ဖေမောင်တင်၊ ဦး၊ ၂၀၁၃၊ စာ ၇၀) ဟု မြန်မာစာပေသမိုင်း၌ ဖော်ပြထားပါသည်။

ရှင်မဟာရဋ္ဌသာရသည် ငယ်စဉ်ကပင် ကဗျာစီကုံးရာ၌ ကျွမ်းကျင်ပါသည်။ ပျို့လင်္ကာ စပ်ဆိုမှု တွင် ဝါသနာထုံသည့်အတွက် **"သာချင်းသည်များဟု တံဆိပ်မည်းခတ်ကာ သံဃာတော်တို့၏ ကြည်ရှောင် ခြင်းကိုပင် ခံရသည်ဟု အမှတ်အသားရှိသည်"** (ဇော်ဂျီနှင့် မင်းသုဝဏ်၊ ၂၀၁၅၊ စာ ၂၀) ဟု စာပေ လောကစာအုပ်၌ မှတ်တမ်းတင်ထားပါသည်။

အင်းဝပြည်အပျက်၌ ပြည်ဘုရင်သတိုးမင်းစောက ဆရာတော့်ကို ပြည်မြို့သို့ ပင့်ဆောင် ခဲ့သည်။ **"ပြည်မြို့သို့ ရောက်သည့်နေ့မှစ၍ ဆင်ဖြူရှင်သတိုးမင်းစောသည် ရှင်မဟာရဋ္ဌသာရအား ပုထိုး ကျောင်း၊ တောင်ခွင်ကျောင်း၊ မင်းတုန်းကျောင်း ဤသုံးကျောင်းကို ဆောက်လုပ်လှူဒါန်းတော်မူပေ၏"** (ဘသောင်း၊ မိုလ်မှူး၊ ၂၀၀၂၊ စာ ၇၄)ဟူ၍ စာဆိုတော်များအတ္ထုပ္ပတ္တိစာအုပ်၌ ဆိုထားပါသည်။

ရှင်မဟာရဋ္ဌသာရသည် သက္ကရာဇ် ၈၄၆ ခုနှစ်၊ အသက် ၁၆ နှစ် အရွယ်၌ ဘူရိဒတ် လင်္ကာကြီးကို စပ်ဆိုတော်မူခဲ့သည်။ သက္ကရာဇ် ၈၅၆ ခုနှစ်၌ ဘူရိဒတ်ဇာတ်ပေါင်းခန်းပျို့ကို စပ်ဆိုတော်မူသည်။ စာဆိုသည် သက္ကရာဇ် ၈၅၈ ခုနှစ်တွင် တံတားဦးတည်မော်ကွန်းကို ပြုစုခဲ့ပါသည်။ **"ရှင်မဟာရဋ္ဌသာရ သည် ဤမော်ကွန်းကို ပထမပိုင်း ဓာတ်တော်ရှာခန်း၊ ဒုတိယပိုင်း ဓာတ်တော်ပို့ဆောင်ခန်း၊ တတိယပိုင်း ဓာတ်တော်စီရင်ခန်း၊ စတုတ္ထပိုင်း အလှူတော်ကမ္ပည်းတင်ခန်း၊ ပဉ္စမပိုင်း ဌာပနာသွင်းစာရင်းတင်ခန်းဟု ငါးပိုင်းငါးကဏ္ဍ ပိုင်းခြားဖွဲ့ထားသည်"** (သီလဝံသ၊ ရှင်မဟာနှင့် ရဋ္ဌသာရ၊ ရှင်မဟာ၊ ၁၉၆၅၊ စာ က) ဟု တံတားဦးတည် မင်္ဂလာစေတီတော်မော်ကွန်း နှစ်စောင်တွဲ၌ ဖော်ပြထားပါသည်။

ဒုတိယမင်းခေါင်က လျှောက်ထားတောင်းပန်၍ ရေးဖွဲ့ခဲ့သော ကိုးခန်းပျို့သည် ရွှေနန်းကြော့ရှင် လက်ထက် သက္ကရာဇ် ၈၈၅ ခုနှစ် တပို့တွဲလဆန်း ၁၂ ရက် စနေနေ့၌ ပြီးစီးခဲ့သည်။ ထိုပျို့သည် စာဆို၏ စာများတွင် အထင်ရှားဆုံးဖြစ်သည်။ သက္ကရာဇ် ၈၉၁ ခုနှစ်၌ရေးဖွဲ့ခဲ့သော သံဝရပျို့သည် ပုံသဏ္ဌာန် အလှရော၊ အဓိပ္ပာယ်အလှပါ အလေးအနက် ဖွဲ့ယှက်နေပါသည်။

ဆရာတော်သည် ဖွဲ့ရိုးဖွဲ့စဉ် ရတုများကို ဖွဲ့စပ်ခဲ့သကဲ့သို့ အဆန်းထွင်ထားသော 'ပုလဲတစ်တန့် သန္တာတစ်တန့်'ရတု၊ 'မုတ္တာရွဲ့သီ' ရတု၊ 'ပဒုမ္မာ ကြာဆိုနည်း'ရတု၊ 'တောင့်တဲတွန့်' ရတုနှင့် အခြား ဆန်းသစ်သော ရတုများကို ဖွဲ့စပ်ခဲ့ပါသည်။

ရှင်မဟာရဋ္ဌသာရသည် သက္ကရာဇ် ၈၉၂ ခုနှစ်၊ သက်တော် ၆၂ နှစ်တွင် ပြည်မြို့၌ ပျံလွန်တော်မူခဲ့သည်။ အရှင်စီကုံးဖွဲ့ဆိုခဲ့သော ရတု၊ လင်္ကာ၊ ပျို့ကဗျာအရပ်ရပ်တို့မှ အဆန်းထွင်၍ ဖွဲ့ဆိုထားသော ရတု ၅ ပုဒ်၌ တွေ့ရသည့် အပြိုင်အဖွဲ့ဖန်တီးမှုကို ဤစာတမ်းတွင် လေ့လာ ဖော်ထုတ်ထားပါသည်။

**အပြိုင်အဖွဲ့၏ သဘောသဘာဝ**

အပြိုင်အဖွဲ့သည် ရေးဟန်ပညာသဘောတရားများမှ ရှေ့မျက်နှာစာသို့ ထုတ်ပြခြင်းသဘောတရား၌ အကျုံးဝင်သည်။ ရှေ့မျက်နှာစာသို့ ထုတ်ပြနည်းနှစ်မျိုးရှိသည်။ ၎င်းတို့မှာစံသွေခြင်း၊ ထပ်ကျော့ခြင်းတို့ဖြစ်ပါသည်။ ထပ်ကျော့ခြင်းတွင် ရိုးရိုးနှစ်ကြိမ်ထပ်အဖွဲ့နှင့် အပြိုင်အဖွဲ့ဟူ၍ နှစ်မျိုးရှိပါသည်။ အပြိုင်အဖွဲ့၏ အဓိပ္ပာယ်ကို Cambridge dictionary ၌

> **အပြိုင်အဖွဲ့ဆိုသည်မှာ လိုက်ဖက်ညီသော ဝါကျတည်ဆောက်ပုံများ၊ စာပိုဒ်များသို့မဟုတ် စာပိုဒ်အတွင်းရှိ အရေးပါမှုအတိုင်းအဆချင်းတူသော အယူအဆ အတွေးအခေါ်များနှင့် အကြောင်းအရာများကို ဟန်ချက်ညီစွာ ရေးသားထားခြင်းဖြစ်သည်။**
>
> (https://www.dictionary.cambridge.org)

ဟု ဖွင့်ဆိုထားပါသည်။ Oxford dictionary ၌မူ "**တူညီသော အခြေအနေ၊ တူညီသော အင်္ဂါရပ်**" (https://www.oxfordslearnerdictionary.com) ဟု ဆိုထားသည်။ မော်နာနှင့် ရှိုက်ချ်တို့ကမူ

> **ပုံစံတူအပြိုင်အဖွဲ့ဟူသည် စာရေးသူ၏အတတ်ပညာပြယုဂ်တစ်ခုဖြစ်ပြီး ပုံစံတူစကားလုံးများ၊ ပုဒ်များ၊ ဝါကျအဖွဲ့များ၊ ဝါကျများကို အကြောင်းအရာအရ နှိုင်းယှဉ်ဖော်ပြရာတွင် ဖွဲ့စည်းပုံအားဖြင့် တစ်ဖက်တစ်ချက်စီ၌ နေရာချထား၍ တူညီသည့်ပုံသဏ္ဌာန် များ ဖြစ်ပေါ်စေခြင်း** (Morner & Rausch, 1998,161)

ဖြစ်သည်ဟု ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် အပြိုင်အဖွဲ့ဆိုသည်မှာ ပုံစံတူစကားသံများ၊ စကားလုံးများ၊ ပုဒ်များ၊ ဝါကျအဖွဲ့များ၊ ဝါကျများကို အကြောင်းအရာအရ နှိုင်းယှဉ်ဖော်ပြရာတွင် ဖွဲ့စည်းပုံကို တစ်ဖက်တစ်ချက်စီ၌ နေရာချထား၍ တူညီသည့်ပုံသဏ္ဌာန်များ ဖြစ်ပေါ်စေရန် စာရေးသူ၏ အတတ်ပညာများ သုံးထားခြင်း ဖြစ်ပါသည်။

အပြိုင်အဖွဲ့ သဘောသဘာဝနှင့်စပ်လျဉ်း၍ မောင်ခင်မင်(ဓနုဖြူ)၏ စာပေသမုဒ္ဒရာ၌ လက်ပစ်ကူးခြင်း စာအုပ်တွင်

> **ပုံမှန်အရေးအဖွဲ့များထဲတွင် အဆိုပါ ပုံစံတူအပြိုင်အဖွဲ့ကလေးများကို ဖြိုးခနဲ၊ ဖြတ်ခနဲ တွေ့လိုက်ရသောအခါ ပုံစံတူအပြိုင်ဖွဲ့ထားခြင်းဟူသော ထူးခြားမှုကြောင့် စာဖတ်သူ အနေနှင့် ထိုအဖွဲ့ကို အာရုံထဲမှာ စွဲငြိသွားသည်နှင့်အမျှ ထိုအဖွဲ့ဖြင့် ဖော်ပြအပ်သော အချက်အလက်ကိုလည်း အလေးအနက် မှတ်မိတတ်မြဲ ဖြစ်ပါသည်။**
>
> (ခင်မင်၊ မောင်၊ ၂၀၁၈၊ စာ ၁၀၉-၁၁၀)

ဟုဆိုထားသည်။ အပြိုင်အဖွဲ့၏ သဘောသဘာဝကို ဆရာမျိုးသန့်၏ ခေတ်ပေါ်ကဗျာများနှင့် စိမ်းစိုသော လမ်းကလေး စာအုပ်၌

> **ပုံစံတူအပြိုင်အဖွဲ့သည် သဒ္ဒါတည်ဆောက်ပုံချင်း၊ ဝါကျတည်ဆောက်ပုံချင်း တူညီသော ပုံစံချင်းတူညီသော အဖွဲ့အနွဲ့များဟု ဆိုနိုင်ပါသည်။ ကဗျာတွင် ပုံစံတူအပြိုင်အဖွဲ့သည် နာမ်လည်း ဖြစ်နိုင်သည်။ ပြည့်စုံသော ဝါကျလည်း ဖြစ်နိုင်သည်။ ဝါကျတစ်ပိုင်း တစ်စလည်း ဖြစ်နိုင်ပါသည်။ အမျိုးမျိုးဖြစ်နိုင်သည်။** (မျိုးသန့်၊ ၂၀၁၉၊ စာ ၂၀၉)

ဟူ၍ဖော်ပြထားပါသည်။ ပုံမှန်အဖွဲ့များထဲတွင် တစ်မူထူးခြားသော ပုံစံတူအပြိုင်အဖွဲ့များသည် စာဖတ်သူများကို ပို၍အာရုံပြုမိစေသည်။ ဤအပြိုင်အဖွဲ့သဘောများနှင့် ရှင်မဟာရဋ္ဌသာရ၏ ရတု ၅ ပုဒ်ကို ချဉ်းကပ်လေ့လာထားပါသည်။

**စာပေလေ့လာဆန်းစစ်ချက်**

ရှင်မဟာရဋ္ဌသာရ၏ ရတု ၅ ပုဒ်မှ စာဆို၏ အပြိုင်အဖွဲ့ဖန်တီးမှုကို စာတမ်းပြုစုရန်နိုင်အတွက် အပြိုင်အဖွဲ့တို့နှင့် စပ်လျဉ်းသော ဖွင့်ဆိုချက်စာအုပ်များကို ရှာဖွေဖတ်ရှုခဲ့သည်။ ထိုစာအုပ်များမှ ယခုပြုစုမည့် စာတမ်းအတွက် အထောက်အကူဖြစ်သော စာအုပ်တချို့ကို ဖော်ပြထားပါသည်။

၂၀၂၀ ခုနှစ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် သုတေသနဂျာနယ်အတွက် တင်သွင်းသော ဒေါက်တာစိုးနိုင်၏ 'မြန်မာစကားပုံနှင့် ဆိုရိုးစကားများအတွင်းရှိ ပုံစံတူအပြိုင်အဖွဲ့များ' စာတမ်းသည် မြန်မာစကားပုံနှင့် ဆိုရိုးများအတွင်းတွင် ဖွဲ့စည်းတည်ဆောက်ပုံအရ ပုံစံတူအပြိုင် အဖွဲ့များပါရှိမှုကို ခွဲခြားစိစစ်သောနည်းဖြင့် လေ့လာထားပါသည်။

၂၀၂၂ ခုနှစ်တွင် မန္တလေးတက္ကသိုလ် ပါရဂူဘွဲ့အတွက်တင်သွင်းသော မစိုးစိုးခိုင်၏ 'ဇော်ဂျီ၏ စာပေများမှ အပြိုင်အဖွဲ့များ လေ့လာချက်'ကျမ်းသည် မောင်ခင်မင်(ဓနုဖြူ)၏ ရေးဟန်ပညာနိဒါန်း စာအုပ်လာ စကားသံအပြိုင်အဖွဲ့၊ စကားလုံးအပြိုင်အဖွဲ့၊ ပုဒ်အပြိုင်အဖွဲ့၊ ဝါကျအပြိုင်အဖွဲ့ဟူသော နည်း(၄)မျိုးဖြင့် ချိန်ထိုးသုံးသပ်ထားပါသည်။

၂၀၂၄ ခုနှစ်တွင် မုံရွာတက္ကသိုလ် မဟာဝိဇ္ဇာဘွဲ့အတွက်တင်သွင်းသော မအိသန္တာစိုး၏ 'ရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့မှ စာဆို၏ အပြိုင်အဖွဲ့ ဖန်တီးမှု' ကျမ်းသည် စကားသံ အပြိုင်အဖွဲ့၊ စကားလုံး အပြိုင်အဖွဲ့၊ ပုဒ်အပြိုင်အဖွဲ့၊ ဝါကျအပြိုင်အဖွဲ့ဟူသော နည်း(၄)မျိုးဖြင့်ချိန်ထိုး၍ စာဆို၏ ဖန်တီးမှု စွမ်းရည်ကို သုံးသပ်ထားပါသည်။ ဖော်ပြပါကျမ်းနှင့်စာတမ်းတို့မှ တွေ့ရှိချက်တချို့ကို နည်းမှီး၍ ဤစာတမ်းကို ပြုစုထားပါသည်။

အပြိုင်အဖွဲ့နှင့် စပ်လျဉ်း၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် မောင်ခင်မင်(ဓနုဖြူ)၏ ရေးဟန် ပညာနိဒါန်းစာအုပ်ကို လေ့လာခဲ့ပါသည်။ ထိုစာအုပ်၏ အခန်း ၈ ၌ ထပ်ကျော့ခြင်းကို နှစ်ကြိမ်ထပ် အဖွဲ့နှင့်အပြိုင်အဖွဲ့ဟူ၍ နှစ်ပိုင်းခွဲပြထားပါသည်။ အပြိုင်အဖွဲ့တွင် စကားသံအပြိုင်အဖွဲ့၊ စကားလုံး အပြိုင်အဖွဲ့၊ ပုဒ်အပြိုင်အဖွဲ့၊ ဝါကျအပြိုင်အဖွဲ့ဟူ၍ အမျိုးအစားများ ခွဲခြားပြထားသည်။ ထိုအပြိုင်အဖွဲ့

တစ်ခုချင်းစီကို သာဓကများဖြင့် ရှင်းလင်းတင်ပြထား သောကြောင့် အပြိုင်အဖွဲ့သဘော တရားများကို ခြေခြေမြစ်မြစ်သိရှိရပြီး ဤစာတမ်းအတွက် ပညာရပ်ဆိုင်ရာနည်းနာများကို ထုတ်ယူနိုင်ခဲ့ပါသည်။

## နည်းနာ

ဤအခန်းတွင် စာတမ်း၌ အသုံးပြုမည့် စကားသံအပြိုင်အဖွဲ့၊ စကားလုံးအပြိုင်အဖွဲ့၊ ဝါကျ အပြိုင်အဖွဲ့နှင့် စပ်လျဉ်းသော ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသနနည်းနာတို့ကို လေ့လာတင်ပြ ထားပါသည်။

## ပညာရပ်ဆိုင်ရာနည်းနာ

ရှင်မဟာရဋ္ဌသာရ၏ ရတု ၅ ပုဒ်မှ စာဆို၏ အပြိုင်အဖွဲ့ဖန်တီးမှုကို လေ့လာရာ၌ ပညာရပ် ဆိုင်ရာနည်းနာအဖြစ် စကားသံအပြိုင်အဖွဲ့၊ စကားလုံးအပြိုင်အဖွဲ့၊ ဝါကျအပြိုင်အဖွဲ့တို့နှင့် သက်ဆိုင် သော ဖွင့်ဆိုချက်များကိုအခြေခံ၍ သဘောတရားများ ထုတ်ထားပါသည်။

### စကားသံအပြိုင်အဖွဲ့သဘောတရား

စကားသံတွင် ဗျည်းသံနှင့် သရသံဟူ၍ရှိသည်။ ထိုစကားသံနှင့် စာဖွဲ့ရာ၌ သာမန်ထက် ထူးကဲရန် စကားသံတူများကို ပုံစံတူ အပြိုင်ဖွဲ့ဆိုလေ့ရှိသည်။ စကားသံအပြိုင်အဖွဲ့၏ သဘောသဘာဝနှင့် စပ်လျဉ်း၍ ရေးဟန်ပညာနိဒါန်းစာအုပ်၌

> **စကားသံအပြိုင်အဖွဲ့များတွင် တူသောအစိတ်အပိုင်းများပါသကဲ့သို့ ကွဲပြားသော အစိတ် အပိုင်းများလည်းပါသည်။ ဗျည်းသံချင်းတူသော အဖွဲ့များတွင် သရသံချင်းကွဲပြားသည်။ သရသံချင်းတူသော အဖွဲ့များတွင် ဗျည်းသံချင်း ကွဲပြားသည်**
>
> (ခင်မင်၊ မောင်၊ ၂၀၁၁၊ စာ ၂၁၁)

ဟု ဆိုထားပါသည်။ ထို့ကြောင့် စကားသံအပြိုင်အဖွဲ့သည် ဗျည်းသံတူလျှင် သရသံကွဲ၍ သရသံတူလျှင် ဗျည်းသံကွဲသော အဖွဲ့များဖြင့် စာဖတ်သူ၏ စိတ်အာရုံကို ဆွဲဆောင်ထားသည်။

ဗျည်းသံအပြိုင်အဖွဲ့သည် အသံအရည်အသွေးတူသော ဗျည်းသံများကို ပုံစံတူ အပြိုင် ရေးဖွဲ့ခြင်း ဖြစ်သည်။ သရသံအပြိုင်အဖွဲ့သည် သရတူများကို အလျားလိုက် အနေအထားနှင့်နဘေထပ်၍ နီးနီး ကပ်ကပ် အပြိုင်ဖွဲ့နိုင်သကဲ့သို့ ဒေါင်လိုက်အနေအထားနှင့် နဘေထပ်၍ ခပ်ခွာခွာမှ အပြိုင်ဖွဲ့နိုင်သည်။

### စကားလုံးအပြိုင်အဖွဲ့သဘောတရား

စကားလုံး၏ အဓိပ္ပာယ်ကို မြန်မာသဒ္ဒါတွင် **“အနက်အဓိပ္ပာယ်ကို ဖော်ပြနိုင်သော စကားအစိတ် အပိုင်းအသီးသီးကို စကားလုံးဟုခေါ်သည်”** (မြန်မာစာအဖွဲ့၊ ၂၀၁၆၊ စာ ၈၈) ဟု အဓိပ္ပာယ်ဖွင့်ဆိုထား သည်။

စာပေရေးဖွဲ့ရာတွင် အကြောင်းအရာနှင့်လိုက်ဖက်သော စကားလုံးများကို အလေးပေး ရေးဖွဲ့ရာ၌ စကားလုံးတူများကို အထပ်ထပ်ဖွဲ့ခြင်းနှင့် ပုံစံတူအောင် အကွက်ချ၍ ဖွဲ့ဆိုခြင်းတို့ရှိသည်။ စကားလုံးတူ

များကို ပုံစံတူဖြစ်အောင်ဖွဲ့ဆိုခြင်းသည် စကားလုံးအပြိုင်အဖွဲ့ ဖြစ်သည်။ စကားလုံးအပြိုင်အဖွဲ့များတွင် အစစကားလုံး အပြိုင်အဖွဲ့၊ ပါဒ၏သုံးလုံးမြောက်စကားလုံး အပြိုင်အဖွဲ့၊ တစ်ပါဒကျော် အစစကားလုံး အပြိုင်အဖွဲ့ဟူ၍ ဖွဲ့ဆိုလေ့ ရှိသည်။

**ဝါကျအပြိုင်အဖွဲ့သဘော**

ဝါကျအပြိုင်အဖွဲ့သည် အရေးပါမှုအတိုင်းအဆချင်းတူသော အချက်အလက်များကို ပုံစံတူ ဝါကျများဖြင့် အပြိုင်ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။

ဝါကျ၏အဓိပ္ပာယ်ကို မြန်မာဝါကျဖွဲ့ထုံးကျမ်း၌ "**ဝါကျဆိုသည်မှာ အဓိပ္ပာယ်ပြည့်စုံသော စကားစု ကိုဆိုလိုသည်**" (ဖေမောင်တင်၊ ဦး၊ ၁၉၅၁၊ စာ ၁) ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ဝါကျကို တစ်ကြောင်းချင်း၏ အနက်အဓိပ္ပာယ်သာမက စုပေါင်းအနက်အဓိပ္ပာယ်တို့ ပေါ်လာရန်၊ ထူးခြား လာရန် ပုံစံတူဝါကျများဖန်တီး၍ အပြိုင်ဖွဲ့ဆိုတတ်ကြသည်။ ဝါကျအပြိုင်အဖွဲ့သဘောတရားကို ရေးဟန်ပညာ နိဒါန်း၌ **"ပုဒ်အပြိုင်အဖွဲ့ကဲ့သို့ပင် သဘောချင်း၊ အရေးပါမှုအတိုင်းအဆချင်းတူသော အချက်များကို ပုံစံတူဝါကျများဖြင့်လည်း ဖော်ပြလေ့ရှိပါသည်။ ဝါကျချင်း အပြိုင်ဖွဲ့သောအဖွဲ့ ဖြစ်ပါသည်**" (ခင်မင်၊ မောင်၊ ၂၀၁၁၊ စာ ၂၁၃) ဟု ဖော်ပြထားပါသည်။ ဝါကျအပြိုင်အဖွဲ့သည် ပုဒ်အပြိုင်အဖွဲ့နှင့် သဘောချင်း တူသည်ဟု ဆိုထားသည့်အတွက် ဝါကျအပြိုင်အဖွဲ့တွင် ဝါကျများပုံစံတူပြီး ပါဝင်သောပုဒ်များကွဲပြား သည်။ ထို့ကြောင့် ဝါကျအပြိုင်အဖွဲ့သည် ဝါကျတွင်း၌ အရေးပါမှုချင်း၊ အဓိပ္ပာယ်သက်ရောက်မှုချင်း တူညီသောအချက်အလက်တို့ကို ဟန်ချက်ညီညီပေါင်းစပ်၍ ပုံစံတူဝါကျများ အပြိုင်ဖွဲ့ထားခြင်း ဖြစ်ပါ သည်။

ဖော်ပြပါ အပြိုင်အဖွဲ့သဘောတရားများနှင့် ချိန်ထိုး၍ ရှင်မဟာရဋ္ဌသာရ၏ ရတု ၅ ပုဒ်မှ စာဆို၏ အပြိုင်အဖွဲ့ဖန်တီးမှုများကို ဖော်ထုတ်တင်ပြထားပါသည်။

**သုတေသနနည်းနာ**

သုတေသနအမျိုးအစားတွင် အခြေခံသုတေသနနှင့် အသုံးချသုတေသနဟု နှစ်မျိုးရှိသည့်အနက် ဤစာတမ်းသည် အခြေခံသုတေသန အမျိုးအစားဖြစ်သည်။ လေ့လာတင်ပြရာတွင် သုတေသန ဟူသည် စာအုပ်ပါ သုတေသနနည်းနာ(၃)မျိုးအနက် ဆန်းစစ်လေ့လာနည်းကို အဓိကအသုံးပြုထားပါသည်။ ဆန်းစစ်လေ့လာနည်း၏ နည်းခွဲတစ်မျိုးဖြစ်သည့် ခွဲခြားစိတ်ဖြာဆန်းစစ်နည်းကို အသုံးပြုထားသည်။

ဤစာတမ်းအတွက် ကုန်ကြမ်းကောက်ယူသည့် လုပ်ထုံးလုပ်နည်းများမှာ စာအုပ်စာတမ်း အသီးသီးမှ အပြိုင်အဖွဲ့သဘောသဘာဝများကို မှတ်စုထုတ်၍ သီအိုရီသဘောတရား သတ်မှတ်သည်။ ထို့နောက် ရှင်မဟာရဋ္ဌသာရ၏ အလေ့လာခံရတုများကို အကြိမ်ကြိမ်ဖတ်ရှု၍ သီအိုရီနှင့် ကိုက်ညီသော စကားသံ၊ စကားလုံး၊ ပုဒ်နှင့် ဝါကျဆိုင်ရာအဖွဲ့များကို မှတ်စုထုတ် ကတ်တင်ပါသည်။ ကတ်တင်ထား သော အချက်အလက်များကို အုပ်စုတူများစုပြီး ဤစာတမ်းကို ပြုစုထားပါသည်။ ဤစာတမ်း၌ လေ့လာမှုနက်ရှိုင်းရန် ရှင်မဟာရဋ္ဌသာရ၏ ရတု ၅ ပုဒ်မှ 'စာဆို၏ အပြိုင်အဖွဲ့ဖန်တီးမှု'ကို လေ့လာရန် နယ်ပယ်ကန့်သတ်ထားပါသည်

## လေ့လာတွေ့ရှိချက်

ကိုရွှေသိမ်းမင်း စုစည်းထားသော မြန်မာမင်းများလက်ထက်ရတုများ တတိယအုပ်၌ ရှင်မဟာရဋ္ဌသာရ၏ ရတု ၂၉ ပုဒ် ပါရှိသည်။ ထိုရတုများအနက် ၅ ပုဒ်ကို ရွေးထုတ်၍ စာဆို၏ အပြိုင်အဖွဲ့ ဖန်တီးမှုကို လေ့လာထားပါသည်။ အပြိုင်အဖွဲ့များတွင် စကားသံအပြိုင်အဖွဲ့၊ စကားလုံးအပြိုင်အဖွဲ့နှင့် ဝါကျအပြိုင်အဖွဲ့တို့ကို တွေ့ရပါသည်။

## စကားသံအပြိုင်အဖွဲ့ ဖန်တီးမှု

ရှင်မဟာရဋ္ဌသာရ၏ ရတုတို့တွင် ဗျည်းသံအပြိုင်အဖွဲ့၊ သရသံအပြိုင်အဖွဲ့တို့ကို တွေ့ရပါသည်။ စာဆို၏ ဗျည်းသံအပြိုင်အဖွဲ့ကို ရွှယ်ရန်ငွေ့၍ချီ မုတ္တာရွဲသီ ကေပိုဒ်ရတု၌

**ရွှယ်ရန်ငွေ့၍၊**
**ရန်းလေ့ရာတိ၊ ရဲရဲညိမျှ၊**
**ရဝိကန္တ၊ ရတနသို့၊**
**ရှုပနတ်ဆွယ်၊ ရွှန်းရွှန်းကယ်မျှ၊**
**ရွှေသွယ်ပြောက်ထိုး၊ ရွှေခါးကြိုးနှင့်၊**
**ရွှေမျိုးရွှေခတ်၊ ရွှေကိုယ်ဝတ်ကို၊**
**ရစ်ပတ်ရချည်း၊ ရွှန်းရွှန်းစည်း၍၊**
**ရထည်းအကြိုက်၊ ရာထောင်ထိုက်၏၊**
**ရာပိုက်ဖွင့်ရွေး၊ ရွှန့်ရွှန့်ကွေးကို၊**
**ရေးရေးရုံခြုံ၊ ပြီးပြီးရုံ၍၊**
**ရဂုံပျော်မှတ်၊ ရှုကွန်နတ်တို့၊**
**ရက်ချွတ်မခြာ၊ ရောက်သက်လာသည်၊**
**ရှိန်ဝါလန်းလန်း၊ ရွှေဇင်ပန်းကို၊**
**ရွှန်းရွှန်းထိပ်ပြင်၊ ရုံးသီဆင်မှ၊**
**ရှုအင်တင့်နိုး၊ ရတုမျိုးဝယ်၊**
**ရှည်ဟိုးဖက်ကင်း၊ ရွှေရောင်ဝင်းနှင့်၊**
**ရင်ချင်းနွဲ့ကြ၊ ဘုံဘဝဝယ်၊**
**ရက်လမသြောင်း၊ ရှင်ပြီးနှောင်းမှ၊**
**ရှည်ကြောင်းတင့်ရည်း၊ ရှိမတည်းဝယ်၊**
**ရှုတ်ခြည်းဖူးချင်၊ ရှိဦးတင်၍၊**
**ရပ်ခွင်နိဗ္ဗာန်၊ ရောက်အံ့မှန်သည်၊**
**ရွှယ်ရန်ရှည်ရှု ရွေးရှာသောဝ်။** (ရွှေသိမ်းမင်း၊ ၂၀၁၆၊ စာ ၉၄၃)

ဟု ရေးဖွဲ့ထားပါသည်။ ဤရတု၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ နန်းတွင်းရတနာ မင်းသမီးကဲ့သို့ တင့်တယ်သော နတ်သမီးကဲ့သို့လှပသည့် မယ်လေးသည် ရွှေချည်ထည်၊ ရွှေခါးစည်းကြိုးတို့ကို တန်ဆာဆင်၍

ရက္ခစိုးနတ်တို့ဆက်သသော ရွှေသဇင်ပန်းတို့ကို ဆင်မြန်းထားသည်။ ရှုတိုင်းတင့်တယ်သည့် ထို မိန်းမပျိုလေးနှင့် ဘုံဘဝအဖုံဖုံ၌ ပေါင်းဖက်ရှင်မြူး၍ အရိမေတ္တယျဘုရား ပွင့်လျှင်ပွင့်ချင်း ဖူးတွေ့ရပြီး နိဗ္ဗာန်ရွှေပြည်သို့ရောက်ရန် ရည်ရွယ်ပါသည်ဟူ၍ ဖြစ်ပါသည်။ ဤကေပိုဒ်ရတု၌ လေးလုံးပါဒပေါင်း ၄၁ ပါဒနှင့် အချပါဒ ၁ ပါဒ စုစုပေါင်း ၄၂ ပါဒ ပါရှိသည်။ ရတု၏အစပိုင်း ၁၈ ပါဒဆက်တိုက် အစအသံတို့တွင် ‘ရွယ်၊ ရန်း၊ ရဲ၊ ရ၊ ရ၊ ရူ၊ ရွန်း၊ ရွှေ၊ ရွှေ၊ ရွှေ၊ ရွှေ၊ ရစ်၊ ရွန်း၊ ရ၊ ရာ၊ ရာ၊ ရွန့်၊ ရေး’ ဟုလည်းကောင်း၊ ထို့နောက် ၁ ပါဒ ကျော်၍ ၁၃ ပါဒဆက်တိုက် အစအသံတို့တွင် ‘ရ၊ ရက်၊ ရက်၊ ရောက်၊ ရှိန်၊ ရွှေ၊ ရွန်း၊ ရုံး၊ ရှု၊ ရ၊ ရှည်၊ ရွှေ၊ ရင်’ ဟုလည်းကောင်း၊ ထိုနောက် ၁ ပါဒကျော်၍ ၉ ပါဒဆက်တိုက် အစအသံတို့တွင် ‘ရက်၊ ရွှင်၊ ရည်၊ ရီ၊ ရုတ်၊ ရှိ၊ ရပ်၊ ရောက်၊ ရွယ်’ ဟုလည်းကောင်း ရဗျည်းသံတူ သရကွဲများကို ပုံစံတူအပြိုင်ဖွဲ့ဆိုထားပါသည်။ ထို့ပြင် ရတု၏အချ၌လည်း ‘ရွယ်ရန်ရည်ရှု ရွေးရှာ’ ဟု ရဗျည်းသံတူ ၆ သံ အပြိုင်ဖွဲ့ဆိုထားသည်။ စာဆိုက တင့်တယ်လွန်းလှသော မိန်းမပျိုလေးနှင့် ဘဝဆက်တိုင်း ပေါင်းဖက်ရွှင်မြူး၍ အရိမေတ္တယျဘုရား ပွင့်လျှင်ပွင့်ချင်း ဖူးတွေ့ရပြီး ဘဝမခြား နိဗ္ဗာန်ရွှေပြည်သို့ရောက်ရန် ရည်စူးပုံနှင့်လိုက်ဖက်စွာ အရွယ်ညီသောပုလဲလုံး လှလှလေးများကို ကုံးသီထားသကဲ့သို့ ရယူပိုင်ဆိုင်ချင်သော ပြင်းပြသည့်ဆန္ဒကို ဖော်ညွှန်းနိုင်သည့် သံပြင်း‘ရ’ဗျည်းများကို ပုံမှန်ဖွဲ့ရိုးဖွဲ့စဉ်ထက် ထင်သာမြင်သာဖြစ်ရန် ပါဒအားလုံး နီးပါး၏ရှေ့၌ ရှေ့မျက်နှာစာထုတ်၍ ဖန်တီးပြထားသည်။ ဤရဗျည်းသံ အပြိုင်ဖန်တီးမှုသည် မုတ္တာရွဲသီဟု အမည်ပေးထားသော ရတုအမျိုးအမည်နှင့် လိုက်ဖက်စွာ ပုလဲလုံးများ အစီအရီတွဲသီထားသည့် အသွင်သဏ္ဌာန် ပေါ်လွင်သည့်အပြင် စာဆို၏ရင်တွင်းခံစားချက်နှင့် စကားသုံးနိုင်နင်းမှု၊ စကားအဆန်းထွင်မှု စွမ်းရည်တို့ ပေါ်လွင်ပါသည်။

ရှင်မဟာရဋ္ဌသာရ၏ ရွယ်ရန်ငွေ့၍ချီ မုတ္တာရွဲသီ ကေပိုဒ်ရတုကဲ့သို့ပင် ဆရာတော်နှင့် ခေတ်ပြိုင်စာဆိုဖြစ်သော ရှင်မဟာသီလဝံသက စုံစမ်းစေ၍"ချီ ကေပိုဒ်ရတု" ဖွဲ့စပ်ထားပုံကို

**စုံစမ်းစေ၍၊**
**စာခွေ၌တွင်၊ စမမြင်သည်၊**
**စီရင်တင့်ဆုံး၊ စာတစ်ကုံးကို၊**
**စုရုံးထိပ်ပြင်၊ စိုက်ဆောင်ဆင်၍၊**
**စွယ်ရှင်မြူတော၊ စူဠာဇေ့ဝယ်၊**
**စိတ်နေသီလ၊ စိတ်မခွတည့်၊**
**စိန္တမာလာ၊ စိန်ခက်ဖြာနှင့်၊**
**စိန္တာနုမော်၊ စွယ်ဆံတော်ကို၊**
**စိတ်တော်ရွှင်ဝမ်း၊ စိတ်တပ်မွမ်းသည်**
**စုံစမ်းစုံစေ့ စေစွာစွ**။(ရွှေသိမ်းမင်း၊ ၂၀၁၆၊ စာ ၉၆၉)

ဟူ၍တွေ့ရပါသည်။ ရှင်မဟာသီလဝံသက ပါဒတိုင်း၌ ‘စ’ ဗျည်းသံတူများကို အပြိုင်ဖွဲ့၍ အစွမ်းပြထားပါသည်။

ရှင်မဟာရဋ္ဌသာရ၏ မြတ်မျိုးမြင့်မှန် အစချီပုလဲတစ်တန့် သန္တာတစ်တန့်ဟု အမည်ပေးထားသော ကေပိုဒ်ရတုကို စာဆိုက

**မြတ်မျိုးမြင့်မှန်၊ ကြင်ပေတန်၍၊**
**ရွယ်ရန်ရည်ရင့်၊ ဆင်တိုင်းတင့်သား၊**
**နတ်နှင့်နှုန်းနှန်း၊ ဝင်းငြိမ့်ရွန်း၍၊**
**လှလွန်းလွန်လှည့်၊ ငါးကြန်ပြည့်ကို၊**
**ဖျော်ဖြည့်ဖြေဖျောက်၊ ကြိမ်ကြိမ်လျှောက်လည်း၊**
**ပြစ်ပျောက်ပျို့ပျို့၊ ဖြူမြိတ်စို့နှင့်၊**
**သူသို့သွေးသည်၊ ဟုတ်မည်မှန်ဖွယ်၊**
**ဝမ်းဝယ်ဝိုးဝါး၊ စိတ်လွင့်ပါး၍၊**
**ကြိုးကြားကြံကာ၊ ဂိမှာသန်ဆောင်း၊**
**ချောင်းချောင်းခခ၊ ကာလရှည်ဖင့်၊**
**မျိုးမြတ်မြင့်သည်၊**
**လွမ်းလင့်လွန်းလှည့် လေလိမ့်လော**။-ယင်း-) ၊ စာ ၉၄၂(

ဟု ဖွဲ့သီထားပါသည်။ ဤရတု၏ အဓိပ္ပာယ်ဆိုလိုရင်းမှာ အမျိုးအနွယ်မြင့်မြတ်သော ဆင်တိုင်းတင့်တယ်သော နတ်သမီးလေးကဲ့သို့လှပသော ကောင်းခြင်းငါးဖြာနှင့်ပြည့်စုံသော မိန်းမပျိုလေးနှင့် နီးစပ်နိုင်ရန် နွေမိုးဆောင်းကာလပတ်လုံး ကြိုးစားကြံဆောင်သော်လည်း မနီးစပ်နိုင်ဘဲ လွမ်းတနေရသည်ဟူ၍ ဖြစ်ပါသည်။ ဤရတု၌ မိန်းမပျိုလေးသည် အပြစ်ဆိုဖွယ်မရှိအောင် ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံမှုသည် သန့်စင်ဖြူဖွေးသော ပုလဲလုံးများနှင့် တူသည်။ ထိုမိန်းမပျို ကို မြတ်နိုးတန်ဖိုးထားသဖြင့် နီးစပ်ရန် ကြိုးစားနေသည့် ရဲရင့်သောလုလင်ပျိုသည် ရဲရဲနီသောသန္တာကျောက်နှင့်တူသည်။ အထူးသဖြင့် မောင်မယ်တို့၏ အခြေအနေကို ပုံဖော်ပြသည့် စာပေ ပုံသဏ္ဌာန်ပိုင်း၌ 'မြတ်မျိုးမြင့်မှန်'၊ 'ရွယ်ရန်ရည်ရင့်'၊ 'နတ်နှင့်နှုန်းနှန်း'၊ 'လှလွန်းလွန်လှည့်'၊ 'ဖျော်ဖြည့်ဖြေဖျောက်'၊ 'ပြစ်ပျောက်ပျို့ပျို့'၊ 'သူသို့သွေးသည်'၊ 'ဝမ်းဝယ် ဝိုးဝါး'၊ 'ကြိုးကြား ကြံကာ'၊ 'ချောင်းချောင်းခခ'၊ 'မျိုးမြတ်မြင့်' ဟူသော ဗျည်းတူများနှင့် ဗျည်းကွဲများကို တစ်ပါဒခြားစီပုံစံတူသုံး၍ တန်ဆာဆင်ထားသည်မှာ ပုလဲတစ်တန့် သန္တာတစ်တန့် သီကုံးထားသည့်အသွင် ပေါ်လွင်နေပါသည်။ ထို့ပြင် ရတု၏အချုပ်၌ 'လွမ်းလင့်လွန်းလှည့် လေလိမ့်လော'ဟု ဗျည်းတူသရကွဲ လဗျည်းသံအားလုံး အတူသုံး၍ တန်ဆာဆင်ထားသည်ကို တွေ့ရပါသည်။ စာဆိုသည်ဗျည်းတူတို့ကို တစ်ပါဒခြားတစ်ခါ ပုံစံချ၍ တမင်ရည်ရွယ်ပြီး ဖွဲ့ဆိုထားခြင်းသည် ပုံစံတူဗျည်း များရရန် ဟန်လုပ်၍ ဖွဲ့ဆိုထားခြင်းမျိုး မဟုတ်ဘဲ အနက်ပြည့်သည့်စကားများ ဖြစ်ပါသည်။ ထို့ကြောင့် စာဆို၏တစ်ပါဒခြား ဗျည်းတူအပြိုင်အဖွဲ့များသည် အနက်အဓိပ္ပာယ် အားကောင်းကြောင်း ဖော်ဆောင်နိုင်သကဲ့သို့ စာဆို၏ဖန်တီးမှု စွမ်းရည်ကောင်းကြောင်းကိုပါ ဖော်ဆောင်နိုင်ပါသည်။

ရှင်မဟာရဋ္ဌသာရ၏ မြသွယ်ရောင်လျှံ အစချီ ပိုဒ်စုံရတုသည် အပိုဒ် ၃ ပိုဒ်လုံးတွင် ပါဝင်သော ပါဒအရေအတွက်နှင့် ကာရန်ယူပုံစနစ် တူညီအောင် ဖွဲ့ဆိုထားသော ကိုယ်တွင်းပြည့် သက်စေ့နှက်

သုံးချက်ညီရတု ဖြစ်ပါသည်။ ရတု၌ ဖက်ဆွတ်ပန်းလေးကို ပန်ဆင်ထားသော လှပျိုဖြူလေးသည် ပျိုမြစ်နုနယ်ပုံ၊ အငယ်အလတ်အကြီး အရွယ်သုံးပါးသော ရံရွေတော်တို့၏ အလယ်၌ စံမြန်းနေသူလေးကို နေဝင်ဆည်းဆာအချိန်၌ တွေ့မြင်ခဲ့ပုံ၊ အရွယ်ရောက်လာလျှင် တောင်ညာစံ ဖြစ်လာမည့်သူဟု သိသော်လည်း အသက်တမျှနှစ်သက်မိပုံ၊ ရွှေစင်ရုပ်ထက် ဆယ်ဆမက လှပလွန်းသော မိန်းမပျိုလေးကို စွဲလမ်းတမ်းတနေရသည်မှာ ကာလကြာမြင့်ပုံတို့ကို ဖွဲ့ဆိုထားပါသည်။ ဤရတု၏ ပထမပိုဒ်၊ ဒုတိယပိုဒ်နှင့် တတိယပိုဒ်တို့၏ ဖွဲ့စပ်ပုံ တူညီမှု များကို မြင်သာရန် ဘေးတိုက်ယှဉ်ပြရသော်

| ပထမပိုဒ် - | ဒုတိယပိုဒ် - | တတိယပိုဒ် - |
|---|---|---|
| မြသွယ်ရောင်လျှံ၊ ကုံး၍ပန်လျက်၊ | လှသွယ်ခေါင်စံ၊ သုံးရွေရံလျက်၊ | မျှရွယ်တောင်ရံ၊ ရုံးတွေ့စံလျက်၊ |
| ဝင်းစံကြွေရက်၊ ဖူးသစ်ထွက်သော်၊ | မင်းစံရွှေညက်၊ ဦးသစ်ခက်သော်၊ | တင်းသံစေခက်၊ ကြူးနှစ်သက်သော်၊ |
| အခက်မြူတော၊ မြရွက်ထွေ၏၊ | အညက်စုဝေ၊ လှညက်ခြေ၏၊ | ပလျက်မြူတော၊ မျှသက်ဝေ၏၊ |
| ထုတ်ပေဖော်ပြ၊ သွယ်တံလျှနှင့်၊ | နှုတ်ထွေတော်စ၊ ငယ်သံမြနှင့်၊ | ဟုတ်နေတော်စ၊ ကြယ်ဟန်လှနှင့်၊ |
| မွှေးမြထုံလွှတ်၊ ပန်းဖက်ဆွတ်ကို၊ | မေးရရုံမြတ်၊ ထွန်းသက်မှတ်ကို၊ | သွေးချပုံခတ်၊ ရွှန်းညက်ထွတ်ကို၊ |
| ချိုးညွှတ်ခုပင်၊ ကွမ်းလက်သင်၍၊ | ကြိုးလတ်ခုပင်၊ ကျွမ်းရက်ငင်၍၊ | ညှိုးဆွတ်ရှုချင်၊ တမ်းလျက်ကြင်၍၊ |
| ကေရှင်သွယ်မြ၊ ဆင်တိစသည်၊ | နေဝင်ဝယ်စ၊ မြင်မိရသည်၊ | ရွှေစင်ဆယ်ဆ၊ ထင်ဘိကြသည်၊ |
| ညာမြရွှေရည် အေးဘိသည်။ | ခါရဖွေနှည် ရေးဘိသည်။ | ကာလထွေနှည် သေးဘိသည်။ ။ |
| | | (ရွှေသိမ်းမင်း၊ ၂၀၁၆၊ စာ ၉၄၉) |

ဟု တွေ့မြင်ရပါသည်။ ဤပိုဒ်စုံရတု၏ အပိုဒ် ၃ ပိုဒ်တွင် ဝါကျ နှစ်ကြောင်းစီ၊ ပါဒ ၁၅ ပါဒစီ၊ စာလုံး ၆၃ လုံး သရသံ ၆၃ သံစီ အညီအမျှ ဖွဲ့ဆိုထားပါသည်။ ၎င်းထက် ထူးခြားသည်မှာ အပိုဒ် ၃ ပိုဒ်မှ သရသံ ၆၃ သံကို တစ်သံမျှမကျန်အောင် 'အအယ်အောင်အံ၊ အုံးအွေအံအက်၊ အင်းအံ အေအက်၊ အူးအစ်အက်အော်၊ အအက်အုအေ၊ အအက်အေအိ၊ အုတ်အေအော်အ၊ အယ်အံအအင့်၊ အေးအအုံအွတ်၊ အန်းအက်အွတ်အို၊ အိုးအွတ်အုအင်၊ အမ်းအက်အင်အေ့၊ အေအင်အယ်အ၊ အင်အိအအီ၊ အာအအေအီ အေးအိအီ' ဟု ရတု ၃ ပိုဒ်လုံး ခေါင်လိုက် နဘေထပ်ထားခြင်းဖြစ်သည်။ ဤအသံဖြစ်ရာ စကားလုံးတို့သည် အသံကာရန်ညီရန်မျှအတွက် အဓိပ္ပာယ်အထူးမရှိဘဲ ရွေးချယ်သုံးထားသည့် စကားလုံးများမဟုတ်ဘဲ အနက်အဓိပ္ပာယ်ပြည့်ဝသော စကားလှပသော စကားလုံးများကို စနစ်တကျ ရွေးချယ်ဖန်တီးထားသည်မှာ ပို၍ပင် ထူးခြားနေပါသည်။

အထက်ပါ ပိုဒ်စုံရတုသည် တစ်ပိုဒ်နှင့်တစ်ပိုဒ် သရသံများကို ပုံစံတူ အပြိုင်ဖွဲ့ထားသည် သာမက ဝါကျများပါ အပြိုင်ဖွဲ့ထားပါသည်။ ဤပိုဒ်စုံရတု သုံးပိုဒ်စလုံး၏ ပထမဝါကျတို့ကို အလျားလိုက် ဖြန့်ကြည့်ရသော်

> **မြသွယ်ရောင်လျှံ၊ ကုံး၍ပန်<u>လျက်</u>၊ ဝင်းစံကြွေရက်၊ ဖူးသစ်ထွက်<u>သော်</u>၊ အခက်မြူတော၊ မြရွက်ထွေ<u>၏</u>၊**
> **လှသွယ်ခေါင်စံ၊ သုံးရွေရံ<u>လျက်</u>၊ မင်းစံရွှေညက်၊ ဦးသစ်ခက်<u>သော်</u>၊ အညက်စုဝေ၊ လှညက်ခြေ<u>၏</u>၊**
> **မျှရွယ်တောင်ရံ၊ ရုံးတွေ့စံ<u>လျက်</u>၊ တင်းသံစေခက်၊ ကြူးနှစ်သက်<u>သော်</u>၊ ပလျက်မြူတော၊ မျှသက်ဝေ<u>၏</u>၊**

(ရွှေသိမ်းမင်း၊ ၂၀၁၆၊ စာ ၉၄၉)

ဟု တွေ့ရပါသည်။ ဤဝါကျတို့သည် '. . . . . . . လျက်၊ . . . . . . . သော်၊ . . . . . . . ၏။' ဟု ပုံစံတူ ဝါကျသုံးကြောင်း အပြိုင်ဖွဲ့ထားသည်။ ဤအပြိုင်ဝါကျတို့တွင် ဖက်ဆွတ်ပင်၊ ရွှေနန်းသူနှင့် လုလင်ပျို တို့၏ သာယာတိုးတက်နေသော သဘောချင်းတူညီမှုကိုလည်းကောင်း၊ ဖက်ဆွတ်ပင်နှင့် မိန်းမပျို၊ မိန်းမပျိုနှင့် လုလင်ပျိုတို့ ဆက်စပ်မှုတို့ကိုလည်းကောင်း ပုံစံတူဝါကျသုံးကြိမ် ဆင့်ကာဆင့်ကာ ဖွဲ့စပ်ထားသောကြောင့် လေးနက်ထင်ရှားလာပါသည်။

**အထက်ပါ** ရတုသုံးပိုဒ်စလုံး၏ ဒုတိယဝါကျတို့ကို အလျားလိုက် ဖြန့်ကြည့်ရသော်

**'ထုတ်ပေဖော်ပြ၊ သွယ်တံလျှနှင့်၊ မွေးမြတံလွတ်၊ ပန်းဖက်ဆွတ်ကို၊ ချိုးညွတ်ခုပင်၊ ကွမ်းလက်သင်၍၊ ကေရှင်သွယ်မြ၊ ဆင်တိစသည်၊ ညှာမြရွှေရည် အေးဘိသည်။'**

**'နှုတ်ထွေတော်စ၊ ငယ်သံမြနှင့်၊ မေးရရုံမြတ်၊ ထွန်းသက်မှတ်ကို၊ ကြိုးလတ်ခုပင်၊ ကျွမ်းရက်ငင်၍၊ နေဝင်ဝယ်စ၊ မြင်မိရသည်၊ ခါရဖွေနည် ရေးဘိသည်။'**

**'ဟုတ်နေတော်စ၊ ကြယ်ဟန်လှနှင့်၊ သွေးချပုံခတ်၊ ရွှန်းညက်ထွတ်ကို၊ ညိုးဆွတ်ရှုချင်၊ တမ်းလျက်ကြင်၍၊ ရွှေစင်ဆယ်ဆ၊ ထင်ဘိကြသည်၊ ကာလထွေနည် သေးဘိသည်။**(-ယင်း-) **'**

ဟု . . . . . . .'နှင့်၊ . . . . . . . ကို၊ . . . . . . . ၍၊ . . . . . . . သည်၊ . . . . . .သည်။ ပုံစံတူ ဝါကျများကို ' တွေ့ရသည်။ ဤဝါကျသုံးကြောင်းသည် ပထမဝါကျသုံးကြောင်း၏ နောက်ကထပ်မံ၍အဓိပ္ပာယ် ဆက်စပ်သော ဝါကျများဖြစ်ပါသည်။ ပထမဝါကျ သုံးကြောင်းကဲ့သို့ပင် ဖက်ဆွတ်ပင်နှင့် မိန်းမပျို၊ မိန်းမပျိုနှင့် လုလင်ပျိုတို့ ဆက်စပ်မှုတို့ကို ပုံစံတူဝါကျသုံးကြိမ် ဆင့်ကာဆင့်ကာ ဖွဲ့စပ်ထားသည်။ ထို့ကြောင့် အနက်ဆက်စပ်ပြမှုတို့မှာ လေးနက်လာပြီး ရှေ့မျက်နှာစာထုတ်ပြထားသည့် စာဆို၏ ဝါကျအပြိုင်အဖွဲ့တို့မှာလည်း ပေါ်လွင်ပါသည်။

ရှင်မဟာရဋ္ဌသာရ၏ ငါးဆူရွှေကြာအစချီ ပဒုမ္မာဆိုနည်း ကေပိုဒ်ရတု၌ လေးလုံးပါဒ ၂၂ ပါဒနှင့် ခုနစ်လုံးအချပါဒ ၁ ပါဒ စုစုပေါင်း ၂၃ ပါဒဖြင့် ဘဒ္ဒကမ္ဘာတွင် ဘုရားငါးဆူပွင့်မည့်အကြောင်းကို ဖွဲ့သီထားပါသည်။ ဤရတု၌ 'ငါး' ဟူသော အရေအတွက်ပြစကားလုံးကို ပထမပါဒ၏ အစစကားလုံး အဖြစ် စတင်ပြီးနောက် တစ်ပါဒခြားတစ်ခါ ပါဒ၏အစ စကားလုံးများအဖြစ် ဖွဲ့ဆိုထားပုံကို

**<u>ငါး</u>ဆူရွှေကြာ၊ နိမိတ်လာ၍၊**
**<u>ငါး</u>ဖြာမွှာလျက်၊ တစ်ပင်နက်ဝယ်၊**
**<u>ငါး</u>ဆက်ဖူးငုံ၊ ပေါ်လတ်တုံက၊**
**<u>ငါး</u>စုံသက်န်း၊ ကြိုင်ပျံ့မွှန်းကို၊**
**<u>ငါး</u>ခန်းဘုံနေ၊ ယူတုံလေ၍၊**
**<u>ငါး</u>ထွေအောင်မြင်၊ ရွှေပလ္လင်ထက်၊**
**<u>ငါး</u>အင်ခက်ကျိုင်း၊ နောင်မှီခိုင်းလျက်၊**
**<u>ငါး</u>ဆိုင်းမာရ်မြောက်၊ ဗောဓိအောက်ဝယ်၊**
**<u>ငါး</u>ယောက်ထင်ရှား၊ စောဘုရားတို့၊**
**<u>ငါး</u>ပါးအညီ၊ ဖြစ်တန်သည်ဟု၊**

**ငါးမည်မိုးနတ်၊ နိမိတ်ဖတ်သည်၊**

**မချွတ်ကမ္ဘာ ပွင့်ရာသော်။**(ရွှေသိမ်းမင်း၊ ၂၀၁၆၊ စာ ၉၄၄)

ဟူ၍တွေ့မြင်ရသည်။ ဤရတုသည် ဘဒ္ဒကမ္ဘာ၌ ဘုရားငါးဆူ ပွင့်လာမည့်နိမိတ်ဖြင့် ပဒုမ္မာကြာမှ ကြာငါးဖူး ထွက်လာကာ သင်္ကန်းငါးစုံပေါ်လာပြီး ဗြဟ္မာပြည်ငါးဘုံသို့ ရောက်ရှိပုံ၊ ဘုရားလောင်း တို့သည် ဉာဏ်ငါးပါးကိုရရှိ၍ ငါးဖြာသောဗောဓိပင်၌ မာန်ငါးပါးကို အောင်မြင်ကာ ဘုရားငါးဆူ ဖြစ်မည်ပုံကို ငါးပါးသော နတ်ဗြဟ္မာတို့က နိမိတ်ဖတ်ကြောင်းကို ‘ငါး’ ဟူသော စကားလုံးတို့နှင့် တစ်ပါဒခြားတစ်ခါ ပါဒ၏အစ စကားလုံးများအဖြစ် နေရာတူ၊ ပုံစံတူအပြိုင် ဖွဲ့ဆိုထားပါသည်။ အရေအတွက်ပြသော ‘ငါး’ စကားလုံးကို ပုံစံတူအပြိုင်ဖွဲ့ဆိုထားသောကြောင့် ဘဒ္ဒကမ္ဘာနှင့် ဘုရားရှင်တို့ ၏ ပွင့်တော်မူပုံအချုပ်မှာ အမှတ်ထင်ထင် သတိပြုမိလာသည်။

စာဆိုရှင်မဟာရဋ္ဌသာရ၏ ချစ်စုံမက်၍အစချီ ပိုဒ်စုံရတုပထမပိုဒ်၌ ချစ်သူမောင်ကို အသက်မက ချစ်မဝနိုင်ပုံကို စာဆိုက

**ချစ်စုံမက်၍၊**

**သက်ထက်ဆယ်ပြန်၊ ချစ်ခြင်းလွန်သား၊**

**ရဲအားမြောက်ခေါင်၊ ချစ်ဆွေမောင်လျှင်၊**

**တွင်းချောင်ခန်းကျယ်၊ ချစ်စံပယ်လျက်၊**

**မပြယ်မေတ္တာ၊ ချစ်တံထွာတည့်၊**

**မကွာတူကွ၊ ချစ်ကြောင်းစမူ၊**

**ဘဝလူ့ရွာ၊ ချစ်ခြင်းရာကား၊**

**သည်သာအထူး၊**

**ချစ်ဦးအစ၊ မဟုတ်ကြတည့်၊**

**ချစ်စထပ်မှန်၊ အဖန်ဖန်လျှင်၊**

**ချစ်ပြန်ရကာ၊ မတ်ကြီးလျာကို၊**

**နရာဘုန်းထူ၊ -- ----**။(ေသိမ်းမင်း၊ ၂၀၁၆၊ စာ ၉၄၅ွ◌ရ)

ဟု ရေးဖွဲ့ထားပါသည်။ ချစ်ကျွမ်းဝင်ခဲ့သည်မှာ ကြာခဲ့ပြီဖြစ်သော်လည်း ချစ်၍မဝနိုင်အောင် ရှိပုံကို ထင်ရှားရန် ပထမပါဒမှစ၍ တစ်ပါဒကျော်တိုင်းတစ်ခါ ‘ချစ်’ဟူသော စကားလုံးကိုပါဒ၏ ရှေ့ဆုံး စကားလုံးများအဖြစ် ၁၀ ကြိမ် ၁၀ ခါ ပုံစံတူဖန်တီးထားပါသည်။ ချစ်ဟူသော စကားကို ပုံစံတူ ၁၀ ကြိမ် အပြိုင်ဖွဲ့ပြထားခြင်းသည် မိမိအသက်ထက် ဆယ်ပြန်ပို၍ ချစ်မြတ်နိုးသည်ဟူသောအဓိပ္ပာယ်၊ ချစ်၍ မငြီးငွေ့နိုင်ဟူသော အဓိပ္ပာယ်တို့မှာ အားကောင်းလေးနက်လာသည်။

မိမိက မခွဲနိုင်အောင်ချစ်ရသူသည် တိုင်းဖျားမြို့စွန်သို့ အမှုထမ်းရန် ထွက်ခွာသွားရသဖြင့် ဖြေမဆည်နိုင်အောင် လွမ်းရပုံကို ရတု၏ဒုတိယအပိုဒ်၌

**လွမ်းရက်ရေ၍၊**
**မပြေဖျာပါ၊ လွမ်းခြင်းရာကို၊**
**မှာလိုက်လျှောက်အံ့၊**
**လွမ်းလှောက်ကဲလွန်၊ မိုးထိဝှန်မျှ၊**
**အဖန်ဖန်လျှင်၊ လွမ်းပြန်လေလေ၊**
**စေရေတရှူ၊ လွမ်းသစ်ကူက၊**
**ဆာပူညွတ်ပျောင်း၊ လွမ်းဟောင်းကြီးမြင့်၊**
**အဆင့်ဆင့်လျှင်၊ လွမ်းခွင့်မနား၊**
**ဆွေမင်းသားကြောင့်၊**
**လွမ်းအားထပ်ညေ့်၊ မလောက်လှည့်ဟု၊(၈၈)**
**လွမ်းပြည့်ထွေသာ၊ သဝန်စာနှင့်၊(၀၈၀)**
**လွမ်းတာမြင့်အောင်၊**
**သူ့ရပ်ဘောင်ဝေး၊** ------။ (-ယင်း-)

ဟု စီကုံးထားပါသည်။ စာဆိုက ‘လွမ်း’ ဟူသော စကားလုံးကို တစ်ပါဒခြားတစ်ခါ ပုံစံတူထည့်၍ လွမ်းသံများကို နား၌ကြားပြီး လွမ်းသရုပ်များကို မျက်စိ၌မြင်လာအောင် ၁၀ ကြိမ် ၁၀ ခါ ပုံစံတူ ထပ်၍ အပြိုင်ဖွဲ့ဆိုထားပါသည်။ ထို့ကြောင့် ထပ်ဆင့်ထပ်ဆင့်တိုး၍ လွမ်းရသည့် ချစ်သူမယ်၏အလွမ်း ခံစားချက်ကို ခံစားလာရပါသည်။

လွမ်းစိတ်ကြောင့် နေမထိထိုင်မသာဖြင့် ကိုယ်ရောစိတ်ပါ ညှိုးလျရပုံကို ပေါ်လွင်ရန် ရတု၏ တတိယပိုဒ်၌

**ညှိုးရော်တ၍၊**
**ဆွတ်မျှမိန်းမူး၊ ညှိုးပုံ့ပျူးလျက်၊**
**မယ်ထူးချည်းသာ၊ ညှိုးဖျာပါတည့်၊**
**ထပ်ခါဆိုတမ်း၊ ညှိုးသမ်းပျောင်းပျ၊**
**အဆဆလျှင်၊**
**ညှိုးလျသဏ္ဍာန်၊ ပန်းကြာမွန်လျှင်၊**
**ညှိုးတန်ပေထိုက်၊ ရေနှိုက်ကွာမူ၊(၌)**
**ညှိုးကာလည်းရှိ၊ နှမ်းခြောက်ဘိသို့၊**
**ညှိုးရိပန်းတောင်း၊ ဖြစ်ပေရှောင်း၍၊**
**ညှိုးပျောင်းခေါ်စိုက်၊ မျှော်လိုက်တရှူ၊**
**ညှိုးပူသည်းထောင်း၊ ဆင့်လောင်းချစ်အား၊**
**လွမ်းလှောက်ပွား၍၊** - - - - - - - ။ ရွှေသိမ်းမင်း၊ ၂၀၁၆၊) စာ ၉၄၇(

ဟု 'ညှိုး'ဟူသော စကားလုံးကို ရတု၏ ပထမပိုဒ် ဒုတိယပိုဒ်တို့ကဲ့သို့ ပုံစံတူ ၁၀ ကြိမ်ထပ်၍ ရေးဖွဲ့ထားပါသည်။ ဤပုံစံတူအဖွဲ့သည်ချစ်မိသည့် အတိုင်းအဆအလျောက် အလွမ်းတို့ထပ်တူ ခံစားရသည်။ ထို့အတူ လွမ်းရသည့် အတိုင်းအဆအလျောက် ကိုယ်စိတ်တို့ ညှိုးလျဗျာပါ ထပ်တူဖြစ်ရသည့် အသွင်ကို ခံစားမိလာပါသည်။ ချစ်၍ လွမ်းရပုံ၊ လွမ်း၍ ညှိုးရပုံ၊ ညှိုး၍ ချစ်အားတိုးရပုံ၊ ချစ်အားတိုး၍ လွမ်းစိတ်ပွားရပုံကို ပေါ်လွင်ရန် 'ညှိုးပူသည်းထောင်း၊ ဆင့်လောင်းချစ်အား၊ လွမ်းလောက်ပွား၍' ဟု ထပ်ဆင့်ဖွဲ့ထားသည့်အတွက် ချစ်၊ လွမ်း၊ ညှိုး ဟူသော စကားလုံး သုံးလုံး၏ အနက်အဓိပ္ပာယ်နှင့် ဆက်စပ်မှုတို့သည် ပိုမိုလေးနက်လာပါသည်။

ရှင်မဟာရဋ္ဌသာရ၏ 'ချစ်စုံမက်၍' ချီရတု၌ 'ချစ်၊ လွမ်း၊ ညှိုး' ဟူသော စကားလုံး သုံးလုံးကို ရတုတွင် လေးလုံးတစ်ပဒကျော် အစစာလုံးများအဖြစ် အပြိုင်ဖွဲ့ထားပါသည်။ တစ်ပါဒကျော်စီတွင် ချစ်ရခြင်း၊ လွမ်းရခြင်း၊ ညှိုးရခြင်းတို့ကို လေးနက်ထင်ရှားအောင် 'ချစ်၊ လွမ်း၊ ညှိုး' ဟူသောအဓိက စကားလုံးသုံးလုံးကို ထပ်ကာကျော့ကာ ရေးဖွဲ့ထားသည့်ရေးဟန်မှာ ထင်ရှားပေါ်လွင်နေပါသည်။

## သုံးသပ်ချက်

ဤစာတမ်းသည် ရှင်မဟာရဋ္ဌသာရ၏ ရတု ၅ ပုဒ်မှ စာဆို၏ အပြိုင်အဖွဲ့ဖန်တီးမှုတို့ကို လေ့လာတင်ပြခဲ့ပါသည်။ လေ့လာတင်ပြခဲ့ရာတွင် အပြိုင်အဖွဲ့သဘောတရားများနှင့် ချိန်ထိုး၍ လေ့လာထားသော ကျမ်းနှင့် စာတမ်းတို့ကို စာပေလေ့လာဆန်းစစ်ချက် ပြုလုပ်ခဲ့သကဲ့သို့ အပြိုင်အဖွဲ့သဘောတရားများကိုလည်း ပညာရှင်များ၏ ဖွင့်ဆိုချက်များမှ ထုတ်နုတ်ခဲ့ပါသည်။ ထိုသဘောတရားများနှင့် ရှင်မဟာရဋ္ဌသာရ၏ ရတု ၅ ပုဒ်ကို ချိန်ထိုးတိုင်းတာ၍ စာဆို၏ ဖန်တီးမှုစွမ်းရည်ကို ဖော်ထုတ်ခဲ့ပါသည်။

ရှင်မဟာရဋ္ဌသာရ၏ ရတု ၅ ပုဒ်မှ စာဆို၏ အပြိုင်အဖွဲ့ဖန်တီးမှုတို့ကို လေ့လာချက်အရ ဆရာတော်သည် ထိုရတု ၅ ပုဒ်ကို ပုံမှန်ဖွဲ့ရိုးဖွဲ့စဉ် ရတုများနှင့်မတူဘဲ တမင်လက်စွမ်းပြထားသည့်အတွက် စာဆို၏ အပြိုင်အဖွဲ့ ဖန်တီးမှုတို့မှာ အထူးပေါ်လွင်ပါသည်။

၂၀၂၀ ခုနှစ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် သုတေသနဂျာနယ်အတွက် တင်သွင်းသော ဒေါက်တာစိုးနိုင် ၏ 'မြန်မာစကားပုံနှင့် ဆိုရိုးစကားများအတွင်းရှိ ပုံစံတူအပြိုင်အဖွဲ့များ' စာတမ်းသည် အကြောင်းအရာ ပိုင်း အပြိုင်အဖွဲ့တို့ကို အဓိကထားဖော်ထုတ်ထားပြီး ယခုလေ့လာခဲ့သော စာတမ်းကမူ ပုံသဏ္ဌာန်ပိုင်း ဖန်တီးမှုတို့ကို အဓိကထား လေ့လာထားသည့် ကွာခြားချက် ရှိပါသည်။

၂၀၂၂ ခုနှစ်တွင် မန္တလေးတက္ကသိုလ် ပါရဂူဘွဲ့အတွက်တင်သွင်းသော မစိုးစိုးခိုင်၏ 'ဇော်ဂျီ၏ စာပေများမှ အပြိုင်အဖွဲ့များ လေ့လာချက်'ကျမ်း၌ ဆရာဇော်ဂျီ၏ စကားပြေ၊ ကဗျာများစွာ ရှာဖွေဖော်ထုတ်ထားသော်လည်း တမင်လက်စွမ်းပြဖွဲ့ထားသော ရှင်မဟာရဋ္ဌသာရ၏ အပြိုင်အဖွဲ့များ ကဲ့သို့ အနုစိတ်ဖန်တီးထားခြင်းမရှိပါ။ ထိုကျမ်းသည် ဆရာဇော်ဂျီ၏ စကားပြေကဗျာများမှ ရှာဖွေ ဖော်ထုတ်ထားသည့်အတွက် ပုံသဏ္ဌာန်ပိုင်း အပြိုင်အဖွဲ့အစုံကို တင်ပြနိုင်ခဲ့သော်လည်း ဤစာတမ်း၌မူ လေ့လာမှုနယ်ပယ် ကျဉ်းသည့်အတွက် ပုဒ်အပြိုင်အဖွဲ့များမတွေ့ရသဖြင့် တင်ပြနိုင်ခဲ့ခြင်းမရှိပါ။

၂၀၂၄ ခုနှစ်တွင် မုံရွာတက္ကသိုလ် မဟာဝိဇ္ဇာဘွဲ့အတွက်တင်သွင်းသော မအိသန္တာစိုး၏ 'ရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့မှ စာဆို၏ အပြိုင်အဖွဲ့ဖန်တီးမှု' ကျမ်းနှင့် ယခုလေ့လာခဲ့သော စာတမ်းတို့မှ စာဆိုသည် တစ်ပါးတည်းဖြစ်ပါသည်။ ဆရာတော်၏ ကိုးခန်းပျို့မှ အပြိုင်အဖွဲ့နှင့် ရတုငယ် ၅ ပုဒ်မှ အပြိုင်အဖွဲ့တို့တွင် ယခုစာတမ်း၌ အလေ့လာခံပြုခဲ့သော ရတု ၅ ပုဒ်မှ အပြိုင်အဖွဲ့တို့သည် ပါဒ အရေအတွက်ပိုမို၍ အပြိုင်အဖွဲ့များပါဝင်သည်ကို တွေ့ရသည်။ သို့သော်ကိုးခန်းပျို့သည် အပိုဒ်ရေပေါင်း များစွာ ဖွဲ့ဆိုထားသည့်အတွက် ကျမ်း၌ အပြိုင်အဖွဲ့အစုံကို ဖော်ပြထားသော်လည်း ယခုစာတမ်း၌မူ စကားသံအပြိုင်အဖွဲ့၊ စကားလုံးအပြိုင်အဖွဲ့၊ ဝါကျအပြိုင်အဖွဲ့တို့ကိုသာ အသေးစိတ်ဖော်ပြသုံးသပ်ထားပါသည်။

ဤစာတမ်းသည် ရှင်မဟာရဋ္ဌသာရ၏ ရတု ၅ ပုဒ်မှစာဆို၏ အပြိုင်အဖွဲ့ဖန်တီးမှုကိုသာ လေ့လာခဲ့သော်လည်း ဆရာတော်သည် ရသစာပေတစ်ရပ်ကို ဖန်တီးရာ၌ စကားလုံးတစ်လုံးကအစ အနက်အဓိပ္ပာယ်အားကောင်းရန်၊ စကားလှရန်၊ အသံသာရန်၊ မျက်စိပသာဒရှိရန်၊ ရွက်ဆိုလျှင် ခွန်အား ရှိရန် စိတ်ကူးဉာဏ်ကောင်းကောင်းနှင့် အသေးစိတ်စဉ်းစားပြီး ရွေးချယ်တတ်သည်ကိုတွေ့ရသည်။ ထိုအစွမ်းကြောင့် စာဆို၏အပြိုင်အဖွဲ့များသည် အနက်အဓိပ္ပာယ်အားကောင်းပြီး စာဆို၏ စိတ်ကြိုက် ဖန်တီးချက်များ အထူးပေါ်လွင်လျက်ရှိပါသည်။ ထို့ကြောင့် 'ရှင်မဟာရဋ္ဌသာရသည် ရတုများကိုရေးဖွဲ့ရာ၌ အနက်အဓိပ္ပာယ်အားကောင်းသော ထူးခြားဆန်းသစ်သည့် အပြိုင်အဖွဲ့များဖြင့် စာဆို့စွမ်းရည် ပေါ်လွင်အောင် ဖန်တီးရေးဖွဲ့လေ့ ရှိပါသည်' ဟု အဆိုပြုထားသည်ကို မှန်ကန်သည်ဟု အတည်ပြုနိုင်ပြီ ဖြစ်ပါသည်။

**နိဂုံး**

ဤစာတမ်းသည် ရှင်မဟာရဋ္ဌသာရ၏ ရတု ၅ ပုဒ်မှ စာဆို၏ အပြိုင်အဖွဲ့ဖန်တီးမှုကို လေ့လာတင်ပြထားပါသည်။ လေ့လာချက်အရ စာဆို၏ရတုများမှ အပြိုင်အဖွဲ့များသည် အနက်အဓိပ္ပာယ်အားကောင်းမှု၊ စိတ်ကူးဉာဏ်ပေါ်မှု ရှိပါသည်။ ဤစာတမ်း၌ ရှင်မဟာရဋ္ဌသာရ၏ ရတု ၅ ပုဒ်မှ စာဆို၏ အပြိုင်အဖွဲ့ဖန်တီးမှုကိုသာ လေ့လာခဲ့သည့်အတွက် ဆရာတော်၏အခြားသော ကဗျာများ၊ အခြားစာဆိုတို့၏ ကဗျာများကို သီးသန့်ဖြစ်စေ၊ နှိုင်းယှဉ်၍ဖြစ်စေ ဤနည်းလမ်းနှင့် ဆက်လက်လေ့လာနိုင်ပါသည်။

## ကျမ်းကိုးစာရင်း


ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၁၁)။ ***ရေးဟန်ပညာနိဒါန်း***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာအုပ်တိုက်။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၁၈)။ ***စာပေသမုဒ္ဒရာ၌ လက်ပစ်ကူးခြင်း*** (တ ကြိမ်)။ ရန်ကုန်၊ ဖူးပွင့်ဝေစာအုပ်တိုက်။

ဇော်ဂျီနှင့် မင်းသုဝဏ်။ (၂၀၁၅)။ ***စာပေလောက။*** ရန်ကုန်၊ ဟံသာဝတီစာအုပ်တိုက်။

ဖေမောင်တင်၊ ဦး။ (၁၉၅၁)။ ***မြန်မာဝါကျဖွဲ့ထုံးကျမ်း။*** ရန်ကုန်၊ ဘာသာပြန်စာပေအသင်း။

ဖေမောင်တင်၊ ဦး။ (၂၀၁၃)။ ***မြန်မာစာပေသမိုင်း*** (သေ ကြိမ်)။ ရန်ကုန်၊ ရာပြည့် စာအုပ်တိုက်။

ဘသောင်း၊ ဗိုလ်မှူး။ (၂၀၀၂)။ ***စာဆိုတော်များအတ္ထုပ္ပတ္တိ*** (ပဉ် ကြိမ်)။ ရန်ကုန်၊ ရာပြည့်စာပေ။

မျိုးသန့်။ (၂၀၁၉)။ ***ခေတ်ပေါ်ကဗျာများနှင့် စိမ်းစိုသောလမ်းကလေး*** (ဒု ကြိမ်)။ ရန်ကုန်၊ နှစ်ကာလများစာပေ။

မြန်မာစာအဖွဲ့။ (၂၀၁၆)။ ***မြန်မာသဒ္ဒါ*** (တ ကြိမ်)။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

ရွှေသိမ်းမင်း၊ ကို(စုစည်းသူ)။ (၂၀၁၆)။ ***မြန်မာမင်းများလက်ထက်ရတုများ*** (တတိယအုပ်)။ ရန်ကုန်၊ ပန်းရွှေပြည်စာအုပ်တိုက်။

သီလဝံသ၊ ရှင်မဟာနှင့်ရဋ္ဌသာရ၊ ရှင်မဟာ။ (၁၉၆၅)။ ***တန်တားဦးတည် မင်္ဂလာစေတီမော်ကွန်း နှစ်စောင်တွဲ။*** ရန်ကုန်၊ ဟံသာဝတီစာအုပ်တိုက်။


## အင်္ဂလိပ်ဘာသာ


https://www.dictionary.cambridge.org

https://www.oxfordslearnerdictionary.com

Morner, Kathleen and Rausch, Relph. (1998). ***NTC's Dictionary of literary Terms***. New Delhi: Publisged Vinod Vasishthr for viva Books Private Limited.


## နောက်ဆက်တွဲ ကိုးကားသည့် ကောက်နုတ်ချက် မူရင်း

| စဉ် | ကိုးကားသည့် ကောက်နုတ်ချက်များ | ကိုးကားသည့် စာမျက်နှာ |
|---|---|---|
| ၁ | The use of matching sentence structure phrases or longerparts so as to balance ideas of equal importance. (https://www.dictionary. cambridge.org) | ၃ |
| ၂ | The state of being similar; a similar feature. (https://www.oxfordslearnerdictionary.com) | ၃ |
| ၃ | The technique of showing that words, phrases, clauses or large structures are comparable in content and importance by placing then side by side and making then similar in form. (Moner & Rausch, 1998, 161) | ၃ |

# အောင်သင်း၏ရသစာတမ်းများလာ သွင်ပြင်လက္ခဏာများလေ့လာချက်*

အိဖြိုးဖြိုးနိုင်[၁]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် အောင်သင်း၏ရသစာတမ်းများလာ သွင်ပြင်လက္ခဏာများကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ရသစာတမ်း၏ သဘောသဘာဝတို့ဖြင့် သွင်ပြင်လက္ခဏာများ မည်သို့ရှိပုံကို ချဉ်းကပ်လေ့လာပါသည်။ ရည်ရွယ်ချက်မှာ အောင်သင်း၏ရသစာတမ်းများမှ တစ်ဆင့် လေ့လာတွေ့ရှိရသော ရသစာတမ်းတို့၏ သွင်ပြင် လက္ခဏာများမည်သို့ရှိပုံကို စာပေရှုထောင့်မှ ဖော်ထုတ်လိုခြင်းဖြစ်သည်။ မြန်မာရသစာပေ အလားအလာတွင် တဖြည်းဖြည်းနယ်ပယ်ချဲ့ထွင်လာသော ရသစာတမ်းများ နည်းမှန် လမ်းမှန် ဖွံ့ဖြိုးရေးဟူသောလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ယုံကြည်မျှော်လင့်မိပါသည်။

**သော့ချက်ဝေါဟာရများ-** မြန်မာရသစာပေ၊ ရသစာတမ်း၊ သွင်ပြင်လက္ခဏာ၊ စာပေရှုထောင့်၊ ရသစာပေ သဘောသဘာဝ။

## နိဒါန်း

ဤစာတမ်းတွင် အောင်သင်း၏ပုံနှိပ်ထုတ်ဝေပြီးသော ရသစာတမ်းများမှ လေ့လာတွေ့ရှိရသော ရသစာတမ်း၏ သွင်ပြင်လက္ခဏာများကို စာပေရှုထောင့်ဖြင့် တင်ပြပြုစုထားပါသည်။ သုတေသန ရည်ရွယ်ချက်၊ သုတေသနမေးခွန်း၊ သုတေသနအဆိုကြမ်း၊ သုတေသန နယ်ပယ်တို့ကို ဖော်ပြထား ပါသည်။

## သုတေသန ရည်ရွယ်ချက်

မြန်မာရသစာပေလောကတွင် တစ်ဟုန်ထိုး တိုးတက်ဖွံ့ဖြိုးလာသော ရသစာတမ်း ဖန်တီးမှုတွင် ရသစာတမ်းများ၏သွင်ပြင်လက္ခဏာသည် အရေးပါအရာရောက်ကြောင်း ဖော်ထုတ် တင်ပြလိုခြင်းဖြစ်ပါ သည်။

## သုတေသန မေးခွန်း

ဤစာတမ်းကိုပြုစုရာတွင် သုတေသနမေးခွန်းအဖြစ်-

(၁) ရသစာတမ်း၏ သွင်ပြင်လက္ခဏာများ မည်သို့ရှိသနည်း။

(၂) ရသစာတမ်း၏ သွင်ပြင်လက္ခဏာများသည် ရသစာတမ်းဖန်တီးရေးဖွဲ့ရာတွင် အထောက် အကူပြုနိုင်မှု ရှိမရှိ။

(၃) မြန်မာရသစာပေလောကတွင် ရသစာတမ်းများ၏ သွင်ပြင်လက္ခဏာကို ဖော်ထုတ်ရာတွင် အောင်သင်း၏ရသစာတမ်းများသည် မည်မျှအကျိုးပြုနိုင်သနည်း။

---

* Third Prize (2024)

[၁] မြန်မာစာဌာန၊ Naypyitaw State Academy

ဟူသော သုတေသနမေးခွန်းများကို တွေ့ရှိရပါသည်။ ယင်းတို့ကို ဖော်ထုတ်ဖြေရှင်းနိုင်ရန် ရသစာပေဆိုင်ရာ ရသစာတမ်းပြုစုပုံပြုစုနည်းတို့နှင့်ပတ်သက်၍ ရသစာပေသဘောတရားတို့ကို သိကျွမ်းနားလည်သော ပညာရှင်များ၏ အဆိုအမိန့်များ လမ်းညွှန်မှုများကို ခံယူလျက် ပြုစုပါသည်။

## သုတေသနအဆိုကြမ်း

အောင်သင်း၏ ရသစာတမ်းများကို လေ့လာခြင်းဖြင့် ရသစာတမ်းများ၏ နောက်ကွယ်၌ စာရေးသူ၏ ဘဝအတွေ့အကြုံ၊ စာပေလေ့လာဖတ်ရှုခဲ့မှု၊ အနုပညာဝါသနာပါ မှု၊ တွေးခေါ်မြော်မြင်တတ်မှုတို့ကို မြင်တွေ့ရပါသည်။ အောင်သင်း၏ ရသစာတမ်းများတွင် သူ၏ကိုယ်ကျင့်တရား ဆိုင်ရာခံယူချက်၊ စာပေအနုပညာ ဆိုင်ရာခံယူချက်၊ ကိုယ်ပိုင်ခံယူချက် အတွေးအမြင်တို့ ထင်ဟပ်နေသည်ကိုလည်း တွေ့မြင်ရပေသည်။ ရသစာတမ်းသည် ရသစာပေဖွံ့ဖြိုးမှုအတွက် အထောက်အပံ့ ပေးနိုင်ပါသည်။ ရသစာတမ်းများသည် စိတ်ဝင်တစား ဂရုပြုလေ့လာသင့်သည့် နယ်ပယ်တစ်ရပ် ဖြစ်ပါသည်။

## သုတေသန နယ်ပယ်

ဤစာတမ်းသည် အောင်သင်း၏ပုံနှိပ်ထုတ်ဝေပြီးသော ရသစာတမ်းများကို စာတွေ့ သုတေသနနယ်ပယ်အဖြစ် သတ်မှတ်ပြုစုပါသည်။ ထိုရသစာတမ်းများမှတစ်ဆင့် လေ့လာတွေ့ရှိရသော ရသစာတမ်း၏သွင်ပြင်လက္ခဏာများ မည်သို့ရှိပုံကို သာဓကများဖြင့် ရှင်းလင်းဖော်ထုတ် ထားပါသည်။

## စာပေလေ့လာဆန်းစစ်ချက်

ပြည်ပပညာရှင် (နိုင်ငံခြားပညာရှင်) တို့၏အက်ဆေး (essay) ခေါ်ရသစာတမ်း သဘောသဘာဝနှင့်ပတ်သက်၍ အင်တာနက်အကိုးအကားတို့တွင် ဖွင့်ဆိုထားသောအက်ဆေး (essay) အဓိပ္ပာယ်ဖွင့်ဆိုချက်များမှတစ်ဆင့် ဤစာတမ်းအတွက် သီအိုရီပိုင်းဆိုင်ရာ အချက်အလက်များကို သိမြင်ကာ အတွေးအမြင်ပိုင်းကို လေ့လာရာတွင် အထောက်အကူ ဖြစ်စေပါသည်။

"ကံ့ကော်မြိုင်စာတမ်း" စာအုပ်တွင် မြန်မာစာရေးဆရာတို့၏ ရသစာတမ်းကောင်း (၂၆) ပုဒ်ကို စုစည်းတင်ပြထားပါသည်။ ထိုစာအုပ်တွင် ဇော်ဂျီက ရသစာတမ်းတို့၏ သဘောသဘာဝတို့ကို အမှာစာတွင် ရေးသားဖော်ပြထားပါသည်။ ထိုစာအုပ်သည် ရသစာတမ်းဖွံ့ဖြိုးမှုအတွက် များစွာအထောက်အကူပြုသည်ဟုဆိုနိုင်ပါသည်။

ဇော်ဂျီ၏ "ရသစာပေ၏သဘော" စာအုပ်သည်လည်း ရသစာပေသဘောတရား လေ့လာမှုအတွက် အကိုးအထောက်ပြုနိုင်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။ ဤစာတမ်းတွင် အခန်း(၄) တွင်ဖော်ပြထားသော စာပေဖန်တီးသူတို့၏ အသိအမြင်ကို စာပေဖန်တီးရာတွင် ထည့်သွင်းအသုံးပြုမှုကို ကိုးကား၍တင်ပြထားပါသည်။ ထို့ပြင် အခန်း (၁၁)တွင် ဖွင့်ဆိုထားသော စာရေးသူ၏စိတ်ခံစားမှုကို လိုက်၍ ရွှယ်ရည်ချက်သို့ရောက်အောင် အဆင့်ဆင့် စည်းရုံးရေးသားနိုင်သည့်သဘောကို ဤစာတမ်းတွင် ချိန်ထိုးလေ့လာပြခဲ့ပါသည်။

တစ်ဖန် "စာတမ်းငယ်စာပေစာတမ်းများ" သည်လည်း ရသစာတမ်းလေ့လာသူတို့ အတွက် အလွန်အရေးပါသော စာအုပ်ပင် ဖြစ်ပါသည်။ မောင်ခင်မင် (ဓနုဖြူ) ၏ "စာတမ်းငယ်ဟူသည်စာတမ်း"

တွင် ရသစာတမ်း၏သွင်ပြင်လက္ခဏာသဘောကို မှီငြမ်း၍ ဤစာတမ်းတွင် လေ့လာတင်ပြခဲ့ပါသည်။ မြဇင်၏ "နိုင်ငံခြားစာတမ်းငယ်စာတမ်း" မှ ရသစာတမ်းတင်ပြရာတွင် အာဘော်သို့ရောက်အောင် အဆင့်ဆင့်တင်ပြခြင်းကိုကိုးကား၍ အောင်သင်း၏ရသစာတမ်းကို ချိန်ထိုးသုံးသပ်ပြထားပါသည်။ ရသစာတမ်း လေ့လာသူတို့အနေဖြင့် စာတမ်းငယ်စာပေစာတမ်းများစာအုပ်သည် အစဉ်အဆက် အထူးကိုးကားလေ့လာ သင့်သောစာအုပ်ပင် ဖြစ်ပေသည်။

မောင်မောင်မြင့်သိန်း၏ "ဝေဖန်ရေးအလှရှာပုံတော်"စာအုပ်သည် စာရေးဆရာ (၅) ဦးကို တွေ့ဆုံမေးမြန်းထားသောစာအုပ်ဖြစ်သည်။ မောင်မောင်မြင့်သိန်းက ရသစာတမ်းဆရာ အောင်သင်းကို အက်ဆေးနှင့် ပတ်သက်သောအမြင်ကိုမေးမြန်းရာ အက်ဆေးတွင် "အတွေးပါရမည်၊ အရေးလှရမည်၊ အတွေးသည် ထောင့်ရှားအတွေးဖြစ်ရမည်" ဟု ဖြေခဲ့ပါသည်။ ထိုသို့ စာရေးသူကိုယ်တိုင်ဖွင့်ဆိုခဲ့သော ရသစာတမ်းသဘောတရားကို ဤစာတမ်းတွင် စိစစ်သုံးသပ်ပြခဲ့ပါသည်။

စာရေးသူအောင်သင်းကိုယ်တိုင် ရေးသားခဲ့သော စာပေသဘောတရား စာအုပ်ဖြစ်သည့် "ဝတ္ထုရေးရာဆောင်းပါး" စာအုပ်တွင် ရသနှစ်သက်မှုကို (၃) မျိုးခွဲခြားတင်ပြခဲ့ပါသည်။ ထိုသဘောကို စာဖတ်သူကို နှစ်သက်မှုပီတိပေးခြင်းဟူသော ရသစာတမ်းသွင်ပြင်လက္ခဏာတွင် ကိုးကားတင်ပြ ထားပါသည်။ ထို့ပြင် "သူ့အတွေးကိုယ့်အမြင်" ဆောင်းပါးစာအုပ်၏ စကားဦးတွင် စာရေးရာတွင် ကိုယ်ပိုင်အတွေးပါမှ ရေးသားသင့်ကြောင်း မိမိ၏ခံယူချက်ကို ဖွင့်ဆိုထားပါသည်။ ထိုအဆိုများဖြင့် အောင်သင်း၏ ရသစာတမ်းများကို ချိန်ထိုးသုံးသပ်ပြ ထားပါသည်။

ပြည်တွင်းပြည်ပ ပညာရှင်များပြုစုထားသော အထောက်အထား စာအုပ်စာတမ်းများကို ကိုးကား၍ စာပေသဘောတရားနည်းနာများဖြင့် ဆန်းစစ်လေ့လာကာ ရသစာပေဆိုင်ရာ ရသစာတမ်း၏ သွင်ပြင်လက္ခဏာများကို ဖော်ထုတ်ပြုစုနိုင်ခဲ့ပါသည်။

မြန်မာစာ ပါရဂူကျမ်းများတွင် မစိုးစိုးစန်း၏ "ရသစာတမ်းများလေ့လာချက်ကျမ်း" (၁၉၂၀-၁၉၈၇) (၂၀၀၇ခုနှစ်၊ ရန်ကုန်တက္ကသိုလ်)၊ မောင်မြင့်အောင်၏ "မြန်မာရသစာတမ်းများ လေ့လာချက်" (၁၉၄၈-၁၉၆၂) (၂၀၀၈ခုနှစ်၊ ရန်ကုန်တက္ကသိုလ်)၊ မသွယ်သွယ်၏ "မြန်မာအက်ဆေး ၁၀၀ စာအုပ်မှ အတွေးနှင့်အရေး" (၂၀၁၂ ခုနှစ်၊ ရန်ကုန်တက္ကသိုလ်)၊ မသီတာဝင်း၏ "ရသစာတမ်းများ၏ အတွေးနှင့်အရေး" (၂၀၁၂ ခုနှစ်၊ ရန်ကုန်တက္ကသိုလ်)၊ မနန်းနွယ်အေး၏ "ဇော်ဂျီ၏ရသ စာတမ်းများ လေ့လာချက်" (၂၀၁၃ခုနှစ်၊ မန္တလေး တက္ကသိုလ်)၊ မရီရီလွင်၏ "တိုက်စိုး၏ ရသစာတမ်းများလေ့လာချက်" (၂၀၁၆ ခုနှစ်၊ မန္တလေးတက္ကသိုလ်) စသည်တို့ကိုတွေ့ရပါသည်။ ယခုတင်သွင်းသော ဤစာတမ်းတွင် ဖော်ပြပါကျမ်းတို့၌ လေ့လာထားခြင်းမရှိသေးသော ရသစာတမ်းဖန်တီးသူတစ်ဦး၏ ရသစာတမ်းသွင်ပြင်လက္ခဏာသဘောကို အောင်သင်း၏ရသစာတမ်းတို့မှ ဖော်ထုတ်တင်ပြပြုစုထားခြင်းဖြစ်ပါသည်။

## နည်းနာ

ဤစာတမ်းတွင် ရသစာပေသဘောတရားဆိုင်ရာ စာပေနည်းနာများကို အသုံးပြုထားပါသည်။ ဤသို့ အသုံးပြုရာတွင် သရုပ်ဖော်ဆန်းစစ်နည်း (descriptive survey method)နှင့် ခွဲခြမ်းစိတ်ဖြာ

ဆန်းစစ်နည်း (analytical survey method)တို့ဖြင့်ပြုစုပါသည်။ ထို့ပြင်ရရှိထားသော အချက်အလက်များပေါ်မူတည်၍ ထိုအချက်များအပေါ်အခြေပြု လေ့လာခြင်း (use of available data) တို့ဖြင့်လည်း အောင်သင်း၏ရသစာတမ်း သွင်ပြင် လက္ခဏာတို့ကို ဖော်ထုတ်ပြုစုပါသည်။

## စိစစ်လေ့လာချက်

အောင်သင်း၏ ရသစာတမ်းများကို သရုပ်ခွဲကြည့်သောအခါ စာသိသုတကို ကိုယ်ပိုင်အတွေးဖြင့် ပေါင်းစပ်ကာခံစားတင်ပြထားသည်။ မိမိ၏ကိုယ်ပိုင်အတွေးကိုဖော်ပြရာတွင် သူတစ်ပါးမမြင်သော ရှုထောင့်များမှ ထောင့်ရှားအတွေးမြင်များဖြင့် ရေးဖွဲ့တင်ပြနိုင်သည်။ အကြောင်းအရာခိုင်မာအောင် သာဓကတစ်ခုမှတစ်ခုသို့ ပါးနပ်စွာကူးပြောင်းကာ အာဘော်သို့ရောက်အောင် တစ်ဆင့်ထက် တစ်ဆင့် မြှင့်ကာရေးဖွဲ့ထားပါသည်။ သာဓကများ၊ ကိုယ်တွေ့ဖြစ်ရပ်များ၊ ဇာတ်လမ်းများဖြင့် ရသနှစ်သက်မှု ပါအောင်ထည့်သွင်းရေးဖွဲ့သည်။ တချို့သော ရသစာတမ်းများတွင် ဆောင်းပါးဟန်များဖြင့် ရှင်းပြလေ့ရှိသည်။ သို့သော် ရသစာတမ်း၏ အဆုံးတွင် စာဖတ်သူ၌ နှစ်သက်မှုဖြစ်ရသည်။

## ကိုယ်ပိုင်အတွေးအမြင်ပါအောင်ရေးဖွဲ့ခြင်း

ရသစာတမ်းသည် အကြောင်းအရာကို အသိပေးလိုခြင်းထက် အတွေးအမြင်ကို ချပြလိုခြင်းက ရှေ့ဆောင်ပါသည်။ စာရေးသူတွေးပြသော အတွေးအမြင်ခံစားမှုကသာ ပို၍အရေးကြီးလှပေသည်။ ဇော်ဂျီ၏ ရသစာပေ၏သဘော (၂၀၀၉) တွင်

> "စာစုံလာ၍မှတကိုပါ ထည့်စဉ်းစားလာနိုင်သောအခါ ကိုယ်၏စာသိသုတသည် ကိုယ့်ခေတ်နှင့် ကိုယ့်ပတ်ဝန်းကျင်နှင့် ဆီလျော်ခြင်းရှိမရှိကို တစ်ချိန်ချိန်တွင် ညှိတတ် စဉ်းစားတတ်၍ အဖြစ်မှန် အရှိမှန် သဘောမှန်ကို မြင်လာ နိုင်ပါသည်။" (စာ ၆၁)

ဟူ၍ ဖော်ပြထားသည်။ စာတွေ့သုတကို ကိုယ်တွေ့ဖြစ်ရပ်နှင့်ချင့်ချိန်ကာ အတွေးအမြင်ပါအောင် ရေးဖွဲ့ထားခြင်းဖြစ်သည်။

အောင်သင်း၏သူ့အတွေးကိုယ့်အမြင် (၂၀၀၈) တွင်

> "အမှန်ပြောရလျှင် ကျွန်တော်သည်ကိုယ်ပိုင် အတွေးအမြင်ကလေးတစ်ခု လောက်မျှ မထည့်လိုက်ရလျှင် စာမရေးချင်ပါ။"
>
> "ကျွန်တော့်အတွေ့အကြုံအရ စာလေးတစ်ကြောင်း၊ စကားလေးတစ်လုံးသည် မိမိ အတွေးကိုလင်းခနဲလက်ပြီး ပွင့်သွားစေသည်ကို မကြာခဏကြုံခဲ့ ဖူးပါသည်။" (စာ ၁၃)

ဟု မိမိ၏အမြင်ကို တင်ပြထားသည်။ စာရေးသားရာတွင် ကိုယ်ပိုင်အတွေးအမြင်မထည့်ဘဲ စာမရေးချင်ကြောင်းနှင့် စာတစ်ကြောင်း၊ စကားလုံးတစ်လုံးကြောင့် အတွေးများရလာတတ် ကြောင်းဆိုထားခြင်း ဖြစ်ပါသည်။ ထိုသို့သော စိတ်နေသဘောထားကြောင့် အောင်သင်း၏ ရသစာများသည် ရသစာတမ်း ကောင်းများဖြစ်နေရခြင်းဖြစ်သည်ဟု ယူဆမိပါသည်။

## လှလိုက်တာနော်

"အလှပစ္စည်းတစ်ခုသည် ထာဝရပီတိပင် ဖြစ်သတည်း။" (၂၀၀၅၊ စာ ၇၁)

အင်္ဂလိပ်ကဗျာဆရာ ဂျွန်ကိ(တ်စ်)၏ ကဗျာကိုအခြေပြု၍ သိန္နီမြို့ရှိ တိမ်အလှ၊ ဝီလျံဝါးစ်ဝ့်သ်၏ ဒက်ဖိုဒေးလ်ကဗျာအလှ၊ ရစ်ချတ်ဘုရင်နှင့် ယုတ္တိဗေဒဆရာတို့၏ ယုတ္တိတန်သောစကား၊ မြတ်စွာဘုရား နှင့် ကာလာမမင်းတို့၏ ယုတ္တိအစဉ်စကားများ၊ ဂျွန်ကိ(တ်စ်)၏ကဗျာထဲမှ 'အလှသည်သစ္စာ၊ သစ္စာသည် အလှ'တို့ကိုတွေ့မြင်ခံစားပြီးနောက် 'လှလိုက်တာနော်'ဟု မြည်တမ်းကာ အဆုံးသတ် ထားသည်။ ထိုအဆိုကိုလက်ခံလာစဉ် ကိုယ်တွေ့အဖြစ်အပျက် ဖြစ်သည့် သိန္နီမြို့၏ရှုခင်းဖြင့်-

"ပင်လယ်ရေပြင်က ပြာပြာမှိုင်းမှိုင်း၊ ကျွန်းတောင်ကြီးက စိမ်းစိမ်းညို့ညို့။ ကျွန်တော်၏ ဝိညာဉ်လိပ်ပြာမှာ စိမ်းစိမ်းညို့ညို့ကျွန်းတောင်ကြီးကို ပတ်သန်းရစ်ဝဲပြီး အတောမသတ် ပင်လယ်ပြင်ပေါ်လွင့်မျောပြီး မိုးကုပ်စက်ဝိုင်းဆီသို့ လွင့်ပါးသွားသကဲ့သို့ ခံစားလိုက်ရပါ သည်။ ကျွန်တော်တကယ်လန့်သွားတာပါ။ အံ့သြခြင်း။ မယုံကြည်နိုင်ခြင်း၊ ရင်သပ် ရှုမောဖြစ်ရခြင်းတို့နှင့် တကယ်လန့်သွားမိပါသည်။ ဘယ့်နှယ်ပင်လယ်ပြင် ဖြစ်နိုင်ပါ မည်လဲဟူသော သတိစိတ်ဖြင့် သေချာထပ်ပြီး ကြည့်လိုက်တော့မှ ဟိုအောက်ဘက်မှာ ငြိမ်နေသောတိမ်ပင်လယ်ကြီးပါလား။ မျှော်လို့ကြည့်လို့ မဆုံးနိုင်သော တိမ်ပင်လယ်ပြင် ကြီး။ ဟိုဘက်နားက တောင်မြင့်ကြီး တစ်လုံးကတော့ တိမ်ပင်လယ်ကြီးကို ဖောက်ထွက် နေသည်။ တိမ်ပေါ်က ကျွန်းတောင်ကြီး။" (၂၀၀၅၊ စာ ၇၁)

"အမယ်လေး'လှလိုက်တာနော်' ဟု ကျွန်တော့်ရင်ထဲမြည်နေသည်။" (စာ၇၂)

ဟုဖော်ပြထားသည်။ ဝီလျံဝါးစ်ဝ့်သ်၏ ကဗျာအလှကို နဂါးငွေ့ကြယ်မှုန်တန်းကြီးကို မြင်လိုက် သကဲ့သို့၊ ပန်းပင်လယ်ကြီးကို မြင်လိုက်ရသကဲ့သို့ဟူ၍ ကဗျာအလှနှင့်အတူ လှလိုက်တာနော်ဟု အောက်မေ့ခဲ့မိပါ သည်။ ထို့နောက် ရစ်ချတ်ဘုရင်နှင့် ယုတ္တိဗေဒပညာရှင်တို့၏ ယုတ္တိရှိသော ကောက်ချက်များ ကိုဖော်ပြ သည်။ "ဘုရင်က အားလုံးသော လူတို့သည် လူလိမ်များဖြစ်သည်။ ဘုရင်သည်လည်း လူတစ်ယောက် ဖြစ်သောကြောင့် လူလိမ်ပြောသော စကားတို့သည်မမှန်ဟု ယုတ္တိဗေဒပညာရှင်က ကောက်ချက်ချပြ သည်။"

"ကျွန်တော်အလွန်ကို ပျော်ပျော်မြူးမြူးသဘောကျသွားပြီ 'လှလိုက်တာနော်' ဟု အောက်မေ့ လိုက်မိပါ သည်။" (စာ ၇၃-၇၄) ကေသမုတ္တိသုတ်လာ မြတ်စွာဘုရားရှင်နှင့် ကာလာမမင်းတို့၏ အပြန်အလှန် ပြောဆိုပုံကို ဖော်ပြထားသည်။ မြတ်စွာဘုရားရှင်က လောဘ၊ ဒေါသ၊ မောဟတို့၏အပြစ်များ ကိုထောက်ပြ၍ ကာလာမမင်းတို့က အလောဘ၊ အဒေါသ၊ အမောဟ တို့၏ကောင်းပုံများကို သိရှိပြီး ဝန်ခံကြပုံကို စာရေးသူကစဉ်းစားဆင်ခြင်မိပုံဖြင့်-

"ကျွန်တော်တစ်ချက်ဝင်ပြီး စဉ်းစားမိပြန်သည်။ အလောဘ၏ လက္ခဏာသည် ပေးကမ်း စွန့်ကြဲခြင်း၊ ရက်ရောလှူဒါန်းခြင်းတို့ဖြစ်သည်။ အဒေါသ၏ လက္ခဏာသည်မေတ္တာ၊

ကရုဏာထားနိုင်ခြင်းတို့ကို ဖြစ်စေသည်။ အမောဟ၏ လက္ခဏာသည် အမြင်ကြည်လင် သန့်ရှင်းခြင်းကို ဖြစ်စေသည်။" (၂၀၀၅၊ စာ ၇၆)

ဟုတွေးပြခဲ့သည်။ "ကျွန်တော်သည် ကေသမုတ္တိ၏ယုတ္တိအခန်းကို သေချာအပြန်အလှန် စဉ်းစားပြီး နောက် 'လှလိုက်တာနော်' ဟု ရေရွတ်မြည်တမ်းမိပါသည်။"(စာ ၇၇) ထို့အပြင် ရသစာတမ်း၏ အဆုံး သတ်စာကြောင်းဖြစ်သည့်-

"အလှသည် သစ္စာ၊ သစ္စာသည် အလှ'တဲ့ လှလိုက်တာနော်" (၂၀၀၅၊ စာ ၇၇)

ဟူသောစကားက အတွေးအမြင်ခံစားမှုတို့ကို မီးမောင်းထိုးပြနေပါသည်။ အကြောင်းအရာကို အခြေခံ သော်လည်း ပြောလိုသောလှပခြင်း၊ ကြောင်းကျိုးသင့်ခြင်းစသည့် အလှသဘောသို့ ရောက်အောင် အားထုတ်ထားသည်ကို တွေ့နိုင်ပါသည်။ သူပြောလိုသော အလှခံစားမှုသဘောကို ပေါ်လွင်အောင် တင်ပြနိုင်သည်ဟုဆိုရပါမည်။ စာရေးသူသည် သူပြောလိုသော ရည်ရွယ်ချက်သို့ရောက်စေရန် အချက်အလက်သာဓက (၅) ခုကို အသုံးပြု၍ ရေးသားခဲ့ပါသည်။ စာရေးသူတင်ပြသော အကြောင်း အချက်များသည် နည်းလည်းမနည်းလွန်း၊ များလည်းမများလွန်းဘဲ အသင့်အတင့် အနေအထားဖြင့် စာဖတ်သူကို စိတ်ဝင်စားစေခဲ့ရသည်။ ဂွန်ကိ(တ်စ်)၏ ကဗျာနှင့်စ၍ ဂွန်ကိ(တ်စ်)၏ ကဗျာနှင့် အဆုံးသတ်ထားရာ စာဖတ်သူစိတ်၌ သဘောကျလက်ခံကာ ရသနှစ်သက်ခြင်းဖြစ်ခဲ့ရသည်။

**ထောင့်ရှားအတွေးဖြင့်ရေးဖွဲ့ခြင်း**

စာရေးသူတင်ပြသောအတွေးသည် စာဖတ်သူတို့မတွေးမိသော အတွေးမျိုးလည်း ဖြစ်နေတတ်ပါ သည်။ ရှားရှားပါးပါး အတွေးမျိုးဟုဆိုနိုင်ပါသည်။ စူးရှပြီးသူတကာ မမြင်နိုင်သောထောင့်က တွေးပြ ရေးပြသောကြောင့် စာဖတ်သူများအဖို့ အံ့သြနှစ်သက်ခြင်း ဖြစ်စေရသည်။ ဤအတွေးမျိုးကို ထောင့်ရှား အတွေးဟု ခေါ်ဆိုနိုင်ပေလိမ့်မည်။

မောင်ခင်မင်(ဓနုဖြူ)၏ စာတမ်းငယ်စာပေစာတမ်းများ (၁၉၈၇) တွင်-

"စာဖတ်သူအနေဖြင့် တစ်ခါမှဆက်စပ်မတွေးဘူးသော အတွေးမျိုးကိုလည်း လင်းခနဲ လက်ခနဲ ပြနိုင်စွမ်းရှိပါသည်။" (စာ ၇၅)

ဟုဆိုပါသည်။ ရသစာတမ်းသည် စာဖတ်သူမသိ၊ မမြင်၊ မတွေးဘူးသောရှုထောင့်မှ တွေးပြ ရေးပြခြင်း ဖြစ်သည်ဟုဆိုထားခြင်းဖြစ်ပါသည်။

စာတမ်းငယ်စာပေစာတမ်းများ (၁၉၈၇) တွင် မြဇင်က-

"စာတမ်းငယ်ရေးသူသည် သူထိုးထွင်းမြင်ထားသော အကွက်တစ်ကွက်ကို လှလှပပ ရွှင်ရွှင်ပျပျ တင်ပြထားကြောင်း တွေ့ရသည်။" (စာ ၁၀၅)

ဟူ၍ဖော်ပြသည်။ ရသစာတမ်းတွင် စာရေးသူက သူတစ်ပါးမမြင်နိုင်သော ရှုထောင့်မှ တွေးကာ တင်ပြ သောသဘောကို ဆိုလိုခြင်းဖြစ်ပါသည်။

မောင်မောင်မြင့်သိန်း၏ ဝေဖန်ရေးအလှရှာပုံတော် (၂၀၀၃) တွင် အောင်သင်းက-

"Essay ကောင်းပြီဆိုရင် အတွေးပါတယ်။ အရေးလှတယ်။ အဲဒီမှာ ထပ်ပြီး ပြောရရင် အတွေးကထောင့်ရှားအတွေး၊ လူတိုင်းမမြင်နိုင်တဲ့ ထောင့်က တွေးတဲ့အတွေး၊ အင်္ဂလိပ် လိုဆိုရင်တော့ unnoticed corner လို့ခေါ်တယ်။" (စာ ၄၅)

ဟုဆိုပါသည်။ ထောင့်ရှားအတွေးအမြင်ခံစားမှုဖြစ်ပါက ပိုမိုအဆင့်အတန်းမြင့်သော ရသစာတမ်း ဖြစ်လာမည့်ပုံကို ဆိုထားခြင်းဖြစ်ပါသည်။ အောင်သင်းဖန်တီးသော ရသစာတမ်းများမှ ထောင့်ရှား အမြင်ဖြင့်ဖန်တီးသည့် ရသစာတမ်းများကို ဆက်လက် လေ့လာတင်ပြပါမည်။

**အအေးနှင့် အနွေး**

ဤရသစာတမ်းတွင် စာရေးသူ စစ်ကိုင်းဆောင်တွင်နေစဉ် သန်းခေါင်ကျော်အချိန် အဆောင်သို့ ပြန်ရောက်၍ စွပ်ကျယ်လက်ပြတ်နှင့် အိပ်ရာဝင်ခဲ့သည်။ ရန်ကုန်ဆောင်းသည် မချမ်းလှ သော်လည်း အေးစက်သောလက်နှစ်ဖက်ကို ချိုင်းကြားတစ်ဖက်စီ နေရာယူထားပြီး အိပ်ပျော်ရန် ကြိုးစားခဲ့သည်။ သို့သော် လက်နှစ်ဖက်မှာ နွေးသွားသော်လည်း ချိုင်းမှာ အေးစက်နေသော ဝေဒနာကိုခံစားမိခဲ့သည်။ အကောင်းနှင့်အဆိုးကြုံလာလျှင် အဆိုးဘက် ကတွေးတောခံစားတတ်သော လူ့သဘာဝကို ပေါ်လွင် အောင် တွေးပြခဲ့သည်။

ထို့နောက် ဝဝလင်လင် စားသောက်ပြီးသောအခါ စည်းစိမ်ယူခြင်းထက် ဆာလောင် မွတ်သိပ်ခြင်းကို ပို၍ခံစားတတ်ကြသည်။ ကျန်းမာနေသည်ကို နှစ်လိုခြင်းထက် နာဖျားသော အခါကြုံရသောဒုက္ခကို ပို၍ခံစားမိပြန်သည်။ ဒုက္ခကင်းနေခြင်းသည်ပင်လျှင် သုခဖြစ်ပေသည်။

ထို့ကြောင့်စာရေးသူက မိမိကိုယ်တိုင် ဒုက္ခကိုထက်မြက်စွာခံစားရင်း သုခကို မေ့လျော့ ကြကြောင်း တွေးပြသည်။ သင့်တင့်စွာ နှလုံးသွင်းတတ်မှသာ စိတ်ချမ်းသာ မှုရနိုင်မည့်ပုံကို-

"လောကဓံတရားကြောင့် ကိုယ်စိတ်ဆင်းရဲခြင်းကိုလည်း ကြုံရတတ်ပါသည်။ သို့သော် ထိုသို့သော ဆင်းရဲပင်ပန်းခြင်းမျိုးမှ လွတ်မြောက်သည့်အခါများလည်းရှိပါသည်။ ထိုအခါ မျိုးတွင် မိန်းမောမနေလိုက်ဘဲ ဆင်းရဲခြင်းကို ခံစားလိုက်ရမိ သကဲ့သို့ပင် ချမ်းသာခြင်း ကိုလည်း တရားဝင်အသိအမှတ်ပြု ခံစားတတ်ပါသည်။ 'ငါ့ဘဝ၊ငါ့အဖြစ် ကလေးက မဆိုးလှပါဘူး'ဟု တွေးလိုက်သောအခါ စိတ်ချမ်းသာမှုကလေးလည်း ပိုပြီးမြင့်လာလိုက် သလိုလို၊ ရောင့်ရဲမှုကလေးလည်း တိုးတက်လာ လိုက်သလိုလို ရှိတတ်ပါသည်။" (၂၀၀၅၊ စာ ၄၂)

ဟု တင်ပြသည်။ စိတ်ချမ်းသာမှုကို ဖြည့်စွက်တွေးတတ်မှသာ လောကသဘာဝအလှတရား များကို ခံစားနိုင်မည်ဖြစ်ပါသည်။ လောကအလှသည် လူတိုင်းအတွက်ပေးခဲ့သော်လည်း လူ့သဘာဝကြောင့် ပျော်ရွှင်ခြင်း၊ အေးချမ်းခြင်းကို မပျောက်ဆုံးစေရန် နှိုင်းချင့်တွေးဆပြ သည်ဟုဆိုနိုင်သည်။

**အာဘော်သို့ရောက်အောင် တစ်ဆင့်ပြီးတစ်ဆင့်ရေးဖွဲ့ခြင်း**

ဇော်ဂျီ၏ 'ရသစာပေ၏သဘော' တွင် "စေတနာတစ်ခုခုကို အကြောင်းပြုလျက် စာရေးဆရာ တစ်ဦး၏ စိတ်၌ခံစားမှုမှတစ်ဆင့် ခံစားမှုအသိဖြစ်ပေါ်လာရာမှ ရည်ရွယ်ချက် တစ်ခုခုရလာပုံ အထိ (ဝါ) စာ၏အာဘော် ရလာပုံအထိဖြစ်သည်။"(စာ ၁၂၇)ဟုဆိုထားပါသည်။ "ပုတီးတစ်ကုံး၌ ပုတီးလုံး အသီးသီးသည် သီးခြားရပ်တည်လျက် တစ်လုံးနောက်သို့ တစ်လုံးက လိုက်နေသော်လည်း သီကြိုးပေါ် တွင် ပုတီးတစ်ကုံးအဖြစ်ဖြင့် စည်းလုံးမှုရှိနေ သကဲ့သို့ဖြစ်သည်။" (၂၀၀၉၊ စာ ၁၈၁)ဟူ၍ဖော်ပြသည်။

ရသစာတမ်းကောင်းတို့၏ သဘောလက္ခဏာနှင့်ပတ်သက်၍ Hunter college က အင်တာနက် အကိုးအကားတွင်-

> "အက်ဆေးကောင်းတို့တွင် အောက်ဖော်ပြပါ သဘောလက္ခဏာများ ပါရမည်။ စည်းလုံးမှု (Unity) ၊ အစီအစဉ်ကျမှု (Order)၊ ကျစ်လျစ်မှု (Brevity)၊ ဟန်ရှိမှု (Style)၊ ကိုယ်ပိုင် လက်ရာရှိမှု (Personal Touch) တို့ဖြစ်သည်။ အက်ဆေး တစ်ပုဒ်သည် စည်းလုံး ညီညွတ်မှုရှိရမည်။ အကြောင်းအရာ တစ်ရပ်အပေါ် အစီအစဉ်တကျ ဆွေးနွေး တင်ပြမှု ရှိရမည်။ တိကျမှန်ကန် သော အရေးအသားဖြစ်ပြီး မရှည်လွန်းသင့်ပေ။ ရေးဟန်သည် ရိုးရှင်းရမည်။ တိုက်ရိုက် တင်ပြရမည်။ ရှင်းလင်းရမည်။"

ဟု ဖွင့်ဆိုထားသည်။ အက်ဆေးကောင်းတို့တွင် စည်းလုံးညီညွတ်မှုရှိအောင် ရေးသားရမည့်အပြင် မရှည်လွန်းမတိုလွန်းဘဲ တိုက်ရိုက်တင်ပြဟန်ဖြင့် ရိုးရှင်းစွာရေးသားထားသော စာပေမျိုးဖြစ်ပေသည်ဟု ဆိုထားပါသည်။

စာတမ်းငယ်စာပေစာတမ်းများ (၁၉၈၇) တွင် မြဇင်က-

> "မိမိယူလိုသော ကောက်ချက်သို့ ဆိုက်ရောက်သည့်တိုင်အောင် တစ်ဆင့်ပြီး တစ်ဆင့် ပုံဖော်သည်။ အမှားမပါအောင် ဂရုစိုက်၍ အထောက်အထားတို့ဖြင့်အဆိုကို ခိုင်မာအောင် တည်ဆောက်လျက်၊ ခြင်ဆင်မှုအစဉ်ကိုပြုလျက် မလွဲမရှောင်သာ သောနိဂုံးသို့ ဆိုက်ရောက်သည့်တိုင်အောင် ပို့ပေးသည်။" (စာ ၉၆)

ဟု ရေးသားထားသည်။ ရသစာတမ်းများတွင် အာဘော်သို့ရောက်အောင်ရေးသားရာတွင် တစ်ဆင့်ပြီး တစ်ဆင့်ပုံဖော်ရေးသားခြင်းဖြစ်ပေသည်။

**အနီးအဝေး**

'အနီးအဝေး' ရသစာတမ်းတွင် စာရေးသူသည် အိန္ဒိယရုပ်ရှင်မင်းသမီး 'မဒူဘာလာ' အလှကို ပိတ်ကားနှင့် နီးကပ်လွန်း၍မြင်နေရသောအခါ-

> "မဒူဘာလာ၏အလှကို အာရုံခံစားလိုသဖြင့် ရုပ်ရှင်ကြည့်မိပါ သော်လည်း 'မျက်စိထဲသို့ အလှကမဝင်၊ အလှထဲသို့မျက်စိဝင်' နေသဖြင့် အလှကိုမမြင် ရဘဲရှိခဲ့ပါတော့သည်။" (၂၀၀၅၊ စာ ၃၅-၃၆)

ဟူ၍ ရေးသားထားသည်။ နီးလွန်းသောကြောင့် မမြင်ခြင်းဖြစ်ပေသည်။

ထို့မှ နီးကပ်လွန်း၍ မမြင်နိုင်သော ကျေးဇူးတရားများကို အဆင့်ဆင့်တွေးပြခဲ့သည်။ လျှပ်စစ်မီး တီထွင်သော အယ်ဒီဆင်၏ကျေးဇူးမှ နေမင်း၏ကျေးဇူးကို ဆင်ခြင်ပြခဲ့သည်။ ထို့နောက် ကမ္ဘာမြေကြီး၏ကျေးဇူးကိုပါတွေးပြသည်။

"လျှပ်စစ်ဓာတ်မီးကို စတင်တီထွင်ခဲ့သော 'အယ်ဒီဆင်'ဆိုသူ အမေရိကန် သိပ္ပံပညာရှင်ကြီး ကွယ်လွန်သည့်နေ့တွင် နယူးယောက်မြို့တစ်မြို့လုံး ခေတ္တအမှောင်ချ၍ ပညာရှင်ကြီးကို အလေးပြုခဲ့ကြသည်။" (၂၀၀၅၊ စာ ၃၆)

"နေမင်း၏ကျေးဇူးကားပြော၍မပြီး ရေး၍မကုန်အောင် ကြီးလှစွာ၏။"

(၂၀၀၅၊ စာ ၃၆-၃၇)

"ဂြိုဟ်ကြီးကိုးလုံးတွင် အပါအဝင်ဖြစ်သည့် ကျွန်တော်တို့ မှီတင်းနေထိုင်ရာ ဤကမ္ဘာမြေကြီး၏အလှကို ဘယ်နှစ်ခါမြင်ဖူးကြသနည်း။ နီးလွန်းသောကြောင့် မမြင်နိုင်ကြလေပြီ။" ( ၂၀၀၅၊ စာ ၃၇)

ဟူ၍ ကျေးဇူးတရားများကို တစ်ဆင့်ထက်တစ်ဆင့်မြှင့်ကာ အာဘော်သို့ရောက်အောင် အဆင့်ဆင့်တွေးပြခဲ့သည်။ တစ်ဖန် "တစ်ခါတစ်ရံ ကူညီဖူးသူတို့၏ကျေးဇူးကို အောက်မေ့သော်လည်း တစ်သက်လုံး စောင့်ရှောက်ခဲ့သော မိဘတို့၏ကျေးဇူးကိုလေးနက်စွာ မဆင်ခြင်မိ တတ်ကြခဲ့ပေ။ မိမိအားအသက်ဘေးမှကယ်ခဲ့သော သူတို့အားထပ်တလဲလဲ ချီးမွမ်းသော်လည်း မိခင်၏ကျေးဇူးကို သတိမရတတ်ပေ။ ခဏကြုံဆုံ၍ ကဗျာရေးနည်းလမ်းညွှန်ခဲ့သော စာရေးဆရာကြီးတစ်ဦး၏ကျေးဇူးကို မကြာခဏဖော်ထုတ်သော်လည်း နေ့စဉ်သင်ကြားနေသော ဆရာ၏ကျေးဇူးကို အမှတ်မဲ့နေခဲ့သည်။" (စာ-၃၇)

နောက်ဆုံးပန်းတိုင်ဖြစ်သည့် မြတ်စွာဘုရားရှင်၏ ကျေးဇူးတော်များကို-

"ဗုဒ္ဓမြတ်ရှင်၊ ခရစ်တော်စသော ပုဂ္ဂိုလ်မြတ်တို့၏ ကျေးဇူးတော်များကိုလည်း ကြီးလွန်း၍မကွယ်လေအောင် နီးလွန်း၍မကွယ်လေ အောင် အားထုတ်ရပါဦးမည်။"

(၂၀၀၅၊ စာ ၃၈)

ဟူ၍ 'အနီးအဝေး' ၏ပုံရိပ်ကိုမြင်သာအောင် ပုံဖော်တွေးပြခဲ့ပေသည်။ နီးလွန်းသောကြောင့် ဝေးကွာတတ်သောသဘောကို သာဓက (၇) ခုဖြင့်မြင်သာအောင် တင်ပြခဲ့ခြင်းဖြစ်ပေသည်။ ဗဟုသုတ အမျိုးမျိုးသည် တစ်ခုနှင့်တစ်ခုမတူကြပါ။ မတူညီသည့်အတွက် စာဖတ်သူတို့အဖို့ ငြီးငွေ့ဖွယ်မဖြစ်ပါ။ အံ့သြရခြင်း၊ နှစ်သက်ရခြင်းခံစားမှုများ တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ဖြစ်ပေါ်လာစေပါသည်။ မတူညီ သောသာဓကများအပေါ် အာရုံဝင်စားရင်းစာဖတ်သူသည် အတွေးအမြင်နောက်သို့ မျက်ခြေ မပြတ် လိုက်ပါလာအောင် သာဓကအမျိုးမျိုးဖြင့် ဖမ်းစားထားပါသည်။ မတူညီသော သာဓကများသည် စာရေးသူ၏ အတွေးအမြင်ကို တညီတညွတ်တည်း ထောက်ကူပံ့ပိုးထားသည့်အတွက် အဆုံးတွင် စာဖတ်သူသည် နှစ်နှစ်သက်သက်နားလည်လက်ခံလာအောင် အဆင့်ဆင့်စည်းရုံးဆွဲဆောင် ရေးသား ထားပါသည်။

**ဆင်ခြင်မှုဖြင့် နှစ်သက်ဖွယ်ဖြစ်အောင်ရေးဖွဲ့ခြင်း**

ဇော်ဂျီ၏ 'ရသစာပေ၏သဘော'တွင် "ရသစာပေမှရနိုင်သော အသိသည်ဖတ်နေသူ၌ သူကိုယ်တိုင်ခံစားခဲ့ရခြင်း၊ သူ့စိတ်လှုပ်ရှားခဲ့ရခြင်းတို့နှင့်ကြုံရပြီးမှ စေတနာစိတ်ဓာတ် ဖြစ်ပေါ်လာ၍ အသိဝင်လာခြင်းဖြစ်သည်ဟု ဆိုချင်ပါသည်။ တစ်နည်းဆိုရသော် ခံစားရခြင်းမှ စိတ်လှုပ်ရှားရခြင်းသို့၊ စိတ်လှုပ်ရှားရခြင်းမှ စေတနာစိတ်ဓာတ်သို့ အဆင့်ဆင့်ရွေ့လျား ကြီးထွားလာ၍ နောက်ဆုံး၌ အသိအခြေသို့အလိုအလျောက် ရောက်လာခြင်းဖြစ်သည်ဟု ဆိုချင်ပါသည်။" (၂၀၀၉၊စာ ၃၆-၃၇) ဟု ဖော်ပြထားသည်။

နှစ်သက်မှုသဘောကို အောင်သင်း (၂၀၀၉) က-

" (၁) အသိပညာရ၍ နှစ်သက်ခြင်း။

(၂) အနုပညာ၌ နှစ်သက်ခြင်း။

(၃) လက်တွေ့ဆင်ခြင်ခွင့်ရ၍ နှစ်သက်ခြင်း။" (စာ ၁၁၀)

ဟူ၍ ဖော်ပြထားသည်။ ရသစာပေတွင် အသိပညာရ၍ နှစ်သက်ခြင်းဖြစ်သလို လက်တွေ့ ဆင်ခြင်ခွင့်ရသောကြောင့် နှစ်သက်ဖွယ်ဖြစ်ရသည်။

**ပရိက္ခရာအတွေး**

စာရေးသူက တန်ဖိုးကြီးမုတ်ဆိတ်ရိတ်ဓားနှင့် တန်ဖိုးနည်းမုတ်ဆိတ်ရိတ်ဓားတို့သည် တန်ဖိုးချင်းကွာခြားသော်လည်း အရည်အသွေးတူညီကြောင်း တွေးပြထားသည်။ ထိုအတွေးမှတစ်ဆင့် အဓိကနှင့်သာမညကို ခွဲခြားတတ်ရန် မြတ်စွာဘုရားရှင်၏ ပရိက္ခရာ ရှစ်ပါးနှင့် ဆက်စပ်တွေးပြခဲ့သည်။ ထိုမှ လူ့သဘာဝကို ဆင်ခြင်ပြခဲ့သည်။

စာရေးသူ၏ အတွေးအခေါ်ကို သွန်သင်ပေးခဲ့သော မြတ်စွာဘုရား၏ ပရိက္ခရာရှစ်ပါးအကြောင်းကို -

"မဂ်ဖိုလ်ရရာရကြောင်းကိုသာ ပဓာနထားရန်။ မင်းတို့တသသလုပ်နေတဲ့ ဆံပင်တွေ ရိတ်ဖို့ သင်တုန်းဓားလေး တစ်ချောင်းဆောင်ထားရန်။ အဝတ်အစားအတွက်ကလည်း ခါးဝတ်တစ်ထည်၊ ကိုယ်ရုံတစ်ထည်၊ အေးချမ်းတဲ့အခါခြုံဖို့၊ ခင်းထိုင်ဖို့ အဝတ်ထူကြီး တစ်ထည်လောက်ပါရင် လုံလောက်ကြောင်း။ ထိုအဝတ်များအတွက် သင်္ချိုင်းကုန်းမှာ စွန့်ပစ်ထားသော အဝတ်အပိုင်းအစများကိုကောက်ပြီး လိုအပ်ပါကစပ်ချုပ်ရမည်ဖြစ်သောကြောင့် အပ်တစ်ချောင်း ဆောင်ထားရန်။ အဝတ်များကို တစ်ရောင်တည်းဖြစ်ရန်အတွက် သစ်ခေါက်ရည်ဆိုးရန်။ စားသောက်ရေးအတွက် ဆွမ်းခံစားဖို့သပိတ် တစ်လုံး ဆောင်ထားရန်။ ရေကောင်းရေသန့်ကို အလွယ်တကူရယူနိုင်ရန် ရေစစ်ကလေး ဆောင်ထားရန်။ သစ်ရိပ်ဝါးရိပ်တွင် မဂ်ကိစ္စဆောင်ရွက်ရာတွင် မြေပြင်မညီသည့်အခါ ခင်းထိုင်ရန် သားရေနယ်ကလေးတစ်ချပ်လောက် ဆောင်ထားရန်။ ဤသို့အားဖြင့် သင်းပိုင်၊ ဧကသီ၊ ဒုကုဋ်၊ အပ်၊ သပိတ်၊ သင်တုန်းဓား၊ ရေစစ်၊ သားရေနယ်တည်းဟူသော

> ပရိက္ခရာရှစ်ပါးကို သတ်မှတ်ပေးထားခဲ့သည်ဟု ကျွန်တော်စိတ်ကူး မြင်ယောင်ကြည့်မိပါသည်။” (၂၀၁၇၊ စာ ၇၄-၇၅)

ဟုရေးသားထားသည်။ ရဟန်းတော်များအား ပြင်ပ(ဗာဟီရ)ကိစ္စကိုနည်းအောင် နည်းပေးလမ်းညွှန်ထားပုံကို ဘုရားရှင်ကတိုက်ရိုက်မြွက်ကြားဟန် ပြောစကားသုံး၍တင်ပြပြီးမှ စာရေးသူ၏ ဆင်ခြင်မှုနှင့် ဆက်စပ်ပြထားသည်။

စာရေးသူက ပရိက္ခရာရှစ်ပါးနှင့် ကျွန်တော်တို့သည် မည်သို့ဆက်စပ်နေကြောင်းကို ကျောင်းသားကျောင်းသူများသည် မလိုအပ်ဘဲ စာရေးကိရိယာအသစ်အဆန်းများ ဝယ်ကြပုံ ကို တွေးပြသည်။ ထိုသို့ အသစ်အဆန်းကိုသဘောကျပုံမှာ ကလေးများသာမက လူကြီးများ လည်းပါကြောင်းကို-

> “ကလေးတွေတင်ပဲလားဟု စဉ်းစားကြည့်လိုက်တော့ လူကြီးတွေလည်းတယ်ပြီး မထူးလှဟု အောက်မေ့မိသည်။ မော်တော်ကား ‘မိုဒယ်’ ဆန်းဆန်း ကိုအငမ်းမရလိုချင်ကြသူတွေ၊ နာရီပုံဆန်းပုံသစ်ကိုပတ်ပြီး ဟန်ရေးတပြပြ လုပ်ချင်သူတွေမှာလည်း ပဓာနအချက်ကိုမျက်ခြည်ပြတ် ကုန်ကြသည်ဟုထင်နေမိသည်။ ကျွန်တော်တို့နိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးလိုက်တော့ လူသုံးကုန်ဆန်းဆန်းပြားပြားတွေကလည်း ဒလဟောဝင်လာလိုက်သည်မှာ မြင်မကောင်းရှုမကောင်း ဟုပြောရလောက် အောင်ပင် ဖြစ်နေ လေတော့သည်။” (၂၀၁၇၊ စာ ၇၆)

ဟုရေးသားထားသည်။ လူတို့၏အသစ်အဆန်းကို ခုံမင်တတ်သောစိတ်ကို မြတ်စွာဘုရားရှင်၏ ပရိက္ခရာရှစ်ပါးအတွေးဖြင့် ဆက်စပ်တွေးပြခဲ့သည်။

လူ့ဘောင်လောက၏ ပြင်ပကိစ္စများကိုနည်းနိုင်သမျှ နည်းအောင်ကြံဆောင်သင့်ကြောင်းကို-

> “ကျွန်တော်တို့ ဘဝပန်းတိုင်သို့ သွားကြရာတွင်ကော သည်လိုလုပ် လို့မဖြစ် နိုင်ဘူးလား။ ဖြစ်နိုင်သည်ဟု ကျွန်တော်ယုံကြည်သည်။ အရေးကြီးသည်က ပစ္စည်းတစ်ခုကို ဝယ်မည်ကြံလိုက်တိုင်း ‘ငါ့မှာ တကယ်လိုတာလား’ ဆိုတာလေးကို သတိတရပြန်ပြီး မေးကြည့်မိဖို့ပဲဖြစ်သည်။” (၂၀၁၇၊ စာ ၇၇)

ဟူ၍ဖြစ်သည်။ ဘဝခရီးတွင် မိမိဘဝအတွက် အမှန်တကယ်လိုအပ်သည့်အရာများ အတွက်သာ အချိန်ကုန် အပင်ပန်းခံသင့်ကြောင်း တွေးပြခဲ့သည်။

ဤသို့ဖြင့် စာရေးသူက မိမိတို့ဘဝတွင်ပဓာနကျသော အကြောင်းရွေးချယ်၍ နေထိုင်တတ်စေရန်၊ အရေးကြီးသည်ဟုဆိုသောအရာများသည် တကယ်လိုအပ်သည့်အရာများသာဖြစ်သင့်ကြောင်းကို မြတ်စွာဘုရားရှင်၏ရဟန်းတို့အားလမ်းညွှန်ထားသော ပရိက္ခရာအတွေးဖြင့် ချိတ်ဆက်တွေးပြခဲ့ခြင်းဖြစ်ပေသည်။

**ဆောင်းပါးဟန်ဖြင့် ရေးဖွဲ့ခြင်း**

"ဆောင်းပါးဟုခေါ်ကြရာ၌ သတင်းရေးပို့ဟန်၊ ဗဟုသုတဖြန့်ဝေဟန်၊ သဘောအယူအဆ တင်ပြဟန်သဘော သက်ရောက်သလိုလိုဖြစ်နေသည်ဟု တွေးမိသည်။ ဤစာစောင်၌ပါသောစာများ တွင်ဆိုခဲ့သော "ဟန်" တို့အပြင်၊ ရသသဘောလည်း နည်းများ မဆိုပါနေသေးသည်ဟု ယူဆပါသည်။ စင်စစ်မှာဆောင်းပါးနှင့်စာတမ်းတို့သည် အတော် အတန်နီးစပ်သည်ဟုထင်ပါ၏။"(ဇော်ဂျီ ၊၁၉၇၈၊ စာ ၁၀) ဟု ဆရာဇော်ဂျီကဆိုဖူးပါသည်။

ဆောင်းပါးနှင့်ရသစာတမ်းတို့၏ ကွာခြားချက်ကို အင်တာနက်အကိုးအကားတွင်-

> "ယေဘုယျအားဖြင့်ဆိုရလျှင် ဆောင်းပါးဆိုသည်မှာ စာဖတ်သူအား တစ်စုံတစ်ခုသော အကြောင်းအရာကို အသိပေးနေခြင်းဖြစ်သည်။ အသိပေးရာ၌ သတင်းအနေဖြင့် သော်လည်းကောင်း၊ အသားပေးအစီအစဉ်ပါဝင်သော ဇာတ်လမ်းအနေဖြင့်သော် လည်းကောင်း၊ ထုတ်ကုန် ပစ္စည်းတစ်ခု၏ သရုပ်ဖော်ချက်အနေဖြင့် သော်လည်းကောင်း အစီရင်ခံချက်အနေဖြင့် သော်လည်းကောင်း စသည်ဖြင့် ပုံစံအမျိုးမျိုးဖြင့် အသိပေးနိုင် သည်။ အခြားတစ်ဖက်တွင် ရသစာတမ်းဆိုသည်မှာ သတ်မှတ်ထားသော အကြောင်း အရာ တစ်ခုခုနှင့်ပတ်သက်သည့် တန်ဖိုးဖြတ်ချက်တစ်ခုခုကို ပေးနေခြင်းသာဖြစ်သည်။ ထိုသို့ တန်ဖိုးဖြတ်ပြသည်ဆိုရာ၌ တစ်ချိန်တည်းမှာပင် လူတစ်ဦးတစ်ယောက်၏ ယင်း အကြောင်းအရာနှင့်ပတ်သက်သည့် အသေးစိတ်ရှုထောင့်အမြင်ကို ရောင်ပြန်ဟပ်ပြရင်း တန်ဖိုးဖြတ်ပြနေခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသတည်း။"
>
> (www.differencebetween.com)

ဟူ၍ ဖွင့်ဆိုထားပါသည်။ ဆောင်းပါးသည်အသိပေးရုံမျှသက်သက်ဖြစ်ပြီး ရသစာတမ်းတွင် အတွေး အမြင်ဆိုင်ရာ တန်ဖိုးများပါဝင်နေပါသည်။

အောင်သင်း၏ လှလိုက်တာနော် (၂၀၀၅) တွင်-

> "တချို့စာတွေကို ကျွန်တော်က စာတမ်းဟုမထင်၊ ရေးစဉ်ကလည်း စာတမ်းဟု အာရုံမပြုခဲ့။ ဆောင်းပါးအဖြစ်သာရေးခဲ့သည်။ သူတို့ကတော့ စာတမ်းပါပဲဟု ပြောကြ သည်။ အမယ်ကျွန်တော့်ဆရာ ဆရာဇော်ဂျီကပင်လျှင် စာတမ်းနှင့်ဆောင်းပါး သဘော သွားချင်းတူ ကြောင်းရေးခဲ့သေးသည် ဘာညာနှင့်ပြောလိုက်ကြသေးသည်။" (အမှာစာ)

ဟုရေးသားထားသည်။ အောင်သင်းက သူ၏ရသစာတမ်းအချို့သည် ဆောင်းပါးဟန်ပါနေ ကြောင်း ဝန်ခံ ပြောကြားခဲ့သည်။

**ကဗျာလမ်း**

'ကဗျာလမ်း' ရသစာတမ်းတွင် ကဗျာ၏တာဝန်ကို ဆွေးနွေးသည့်ပုံစံဖြင့် တင်ပြထားပါသည်။ ဆရာဇော်ဂျီနှင့် ဆရာမင်းသုဝဏ်တို့ ရွေးချယ်စိစစ်သော "ခေတ်သစ်ကဗျာစာအုပ်"ကို အချို့ပုဂ္ဂိုလ်

များက မှတ်သားစရာမပါဟု စကားတင်းဆိုခဲ့ကြပါသည်။ ထိုအခါ အောင်သင်းက ကဗျာသည် မှတ်သား စရာကိုပေးရန် တာဝန်ရှိသလော၊ ဗဟုသုတပေးရန် တာဝန်ရှိသလော အမေးနှစ်ရပ်နှင့် အသိနှစ်မျိုး အကြောင်းကို ဆွေးနွေး ဖော်ပြပါသည်။

> "ကျွန်တော်တို့တွင် အသိနှစ်မျိုးရှိပါသည်။ တစ်မျိုးမှာ 'ကြံဆသိ' ဖြစ်၍ တစ်မျိုးမှာ 'ခံစားသိ' ဖြစ်ပါသည်။" (၂၀၀၅၊ စာ ၈၁)

ဟုဆိုကာ ထိုအသိနှစ်မျိုး၏သဘောကို ဆက်ရှင်းပြထားပါသည်။ ရှင်းပြရာ၌ အဇာတသတ် မင်းသား ဥပမာ၊ သိဒ္ဓတ္ထမင်းသားဥပမာတို့ဖြင့် ဤသို့ရှင်းပြထားပါသည်။

> "အဇာတသတ်မင်းသားသည် ဧကရာဇ်မင်းသွေး ဖြစ်သည်။ တစ်ဦးတည်းသော သားလည်းဖြစ်သည်။ ထို့ကြောင့် မိဘများက မရောင့်ရဲနိုင်အောင် ချစ်သောသားလည်း ဖြစ်သည်။ ထို့ကြောင့် ထိပ်ထိပ်ကြဲ ဆရာကြီးများနှင့် ပညာသင်ကြားခဲ့ရပါလိမ့်မည်။ ထို့ကြောင့် 'သားတို့ရုပ်ရည် သီတာမည်သား' ဟူသောလင်္ကာမျိုး လောက်ကိုတော့ ရွတ်ဆိုဖူးပါလိမ့်မည်။ ထို့ကြောင့် မိဘတို့သည် သားသမီးကို လွန်စွာချစ်သည် ဟူသောအသိကို သိပါလိမ့်မည်။ သို့သော်သူကိုယ်တိုင် သားယောကျ်ား တစ်ယောက် ရခါမှမိဘမေတ္တာသိသောကြောင့် နောင်တကြီးစွာရခဲ့ပါသည်။ ပထမအသိမျိုးကား ကျိုးကြောင်းဆင်ခြင်လျက် 'ကြံဆသိ' ဟု ကျွန်တော်ဆိုချင်ပါသည်။ ဒုတိယအသိကား ခံစားမှုကြောင့် ပေါ်ပေါက်လာသောကြောင့် 'ခံစားသိ' ဟုဆိုချင်ပါသည်။"
>
> (၂၀၀၅၊ စာ ၈၁-၈၂)

ဟူ၍ ဖြစ်နိုင်ရာအချက်များကို ဆင့်ကဲကောက်ချက်ချကာ ပထမအသိနှင့်ဒုတိယအသိ ခြားနားချက်ကို သုံးသပ်ပြသည်။

> "ကျွန်တော်တို့ တစ်နေ့တွင် သေကြရမည်ကို လူတိုင်းသိပါသည်။ စာဖတ်သူလည်း သိပါသည်။ သို့သော်သည်းဆုပ်မျှ သေခြင်းတရားကို ကြောက်လန့်ဖူးပါသလား။ သိဒ္ဓတ္ထ မင်းသား သူသေနိမိတ်ကို မြင်စဉ်ကသိပုံမျိုးနှင့်တူမည် ထင်ပါသလား။ အရာဝတ္ထုဟူသမျှ ပုပုရွရွဟူသမျှသည် ရပ်တည်မနေ၊ အမြဲတစေ ပြောင်းလဲဖောက်ပြန် နေကြောင်း ကျွန်တော်တို့ မသိမဟုတ်၊ သိကြပါသည်။ ဆင်ခြင်ဉာဏ်ဖြင့်ပင်သိကြပါသည်။ သိပ္ပံပညာ ကြောင့် ပို၍သိကြပါသေးသည်။ သို့သော် သင်္ခါရသဘောတရားကို ဘယ်နှစ်ခါများ ဆင်ခြင် ဖူးပါသနည်း။" (၂၀၀၅၊ စာ ၈၂)

ဟူ၍တင်ပြခဲ့သည်။ အထက်ပါအတိုင်း ကြံဆသိနှင့်ခံစားသိသဘောကိုတင်ပြထားရာ ကြံဆသိ၏ တွေးတော ကြံဆရုံသဘာဝနှင့် ခံစားသိ၏ ကိုယ်တိုင်ဒိဋ္ဌကြုံဆုံရပုံသဘာဝတို့ကို ပေါ်လွင်လာစေခဲ့ပါ သည်။

ထိုသို့သော ကြံ့ဆသိနှင့် ခံစားသိသဘောကိုဖော်ပြပြီး ခံစားသိ၏အကျိုးပြုပုံကို-

> "ကြံ့ဆသိကြောင့် စကားပြောကောင်းသော လူဖြစ်နိုင်ပါလိမ့်မည်။ စာရေးကောင်းလူ ဖြစ်နိုင်ပါလိမ့်မည်။ သို့သော်ကောင်းသောလူ မဖြစ်နိုင်ပါ။ ကြံ့ဆသိ သည်စိတ်ကို မပြောင်းနိုင်ပါ။ ခံစားသိသာလျှင် စိတ်ကိုပြောင်းနိုင်ပါ သည်။" (၂၀၀၅၊ စာ ၈၂)

ဟု ဆိုထားပါသည်။ ခံစားသိသာလျှင်လက်တွေ့နှင့်နီးစပ်ပြီး အကျိုးသက်ရောက်မှုရှိသည် ဟူသော ရှုထောင့်မှရှုမြင်ခြင်းဖြစ်ပါသည်။

ထိုမှ အရေးပါသောခံစားသိကိုရောက်အောင် ကဗျာဆရာများက အားထုတ်ရပုံကို-

> "ကဗျာသည် ဗဟုသုတပေးရန် မဟုတ်ပါ။ ခံစားမှုကို ပေးရန်ဖြစ်ပါသည်။ မသိသေး သည်ကိုသိအောင် ကဗျာဆရာများက အားထုတ်ခြင်းမဟုတ်ပါ။ မခံစားရသေးသည်ကို ခံစားရအောင် အားထုတ်ခြင်း ဖြစ်သည်ဟုထင်ပါ သည်။" (၂၀၀၅၊ စာ ၈၂-၈၃)

ဟုဖော်ပြခဲ့သည်။ ကဗျာသည်ဗဟုသုတပေးရန်မဟုတ်ဘဲ ခံစားမှုပေးရန်ဖြစ်သကဲ့သို့ ကဗျာဆရာ ကလည်း ဗဟုသုတပေးရန်ကဗျာရေးခြင်းမဟုတ်ဘဲ ခံစားမှုပေးရန်သာကဗျာ ရေးခြင်းဖြစ်ကြောင်း ကောက်ချက်ကိုခိုင်မာအောင်ဆိုခဲ့ပါသည်။

တစ်ဖန် ဘာသာစကားနှင့်စာပေသည် လူတစ်ဦးနှင့်တစ်ဦး ကြံ့စည်မှု၊ တွေးသိမှုစသော စိတ်ချင်း ဆက်သွယ်ပေါင်းကူးရေးကြောင့်သာ ပေါ်ပေါက်လာခြင်းဖြစ်သည်။ သို့သော်ဘာသာစကားမှာမူ ဓာတ်အားအပြည့်အဝပို့လွှတ်ပေး၍မရသော ကြေးနီကြိုးနှင့်တူကြောင်း သာဓကပြဆိုသည်။ တစ်နေရာ နှင့်တစ်နေရာ ဓာတ်အားအပြည့်အဝ ရောက်စေရန် Transformer များကို သုံးစွဲသင့်သည်ဟု ဆိုပြန်သည်။

ကဗျာဆရာတို့သည် ကြံ့ဆသိသာမက ခံစားသိကိုပါ အားထုတ်လေ့ရှိကြသည်။ ကဗျာတွင် Transformer များ အသုံးပြုနိုင်ပါက ခံစားသိများအထိရောက်နိုင်ပုံကို-

> "ကဗျာတစ်ပုဒ်တွင်ပါဝင်သော ကာရန်၊ ဥပမာ၊ ဥပစာစသည့် အတ္ထလင်္ကာရ၊ သဒ္ဒါ လင်္ကာရဆိုသည်တို့မှာ Transformer များဖြစ်သည်။ တစ်နည်းအားဖြင့် ခံစားသိများ လေလွင့်ကျန်ရစ်မှုမရှိအောင် အားထုတ်ခြင်းဖြစ်ပါသည်။ ယခုလူတို့တွေ့ရှိသမျှ ကဗျာ ထက်လွန်ကဲသော သို့မဟုတ် ဆုံးခန်းတိုင်ပြည့်စုံသော ကဗျာတို့ကို လူတို့ ရေးသား နိုင်ကြလျှင် ကမ္ဘာ့ငြိမ်းချမ်းရေးကိုမျှမက သစ္စာလေးပါးကိုလည်း ဓာတ်စီးကြောင်း ကောင်းကောင်းဖြင့် ဓာတ်ကူးပေး နိုင်လိမ့်မည်ဟု ဆိုချင်ပါသည်။" (၂၀၀၅၊ စာ ၈၄)

ဟုအနီးမှအဝေးသို့ မြင်နိုင်အောင်ချဲ့ပြသည်။ ကဗျာဆရာများ ထားရှိအပ်သည့်စိတ်ထားနှင့် ကဗျာ အတတ်ပညာသဘောကို ပေါ်လွင်စေသည်ဟုဆိုရပါမည်။

"ကဗျာလမ်း" ဟူသည့်အတိုင်း ကဗျာနှင့်ကဗျာဆရာတို့ လျှောက်လှမ်းစေချင်သည့် နည်း နိဿယများကို သိလွယ်မြင်လွယ်လက်ခံလာအောင် တဖြည်းဖြည်းဖွင့်ဆိုပြသည်။ စာတမ်း အမည်နှင့် လိုက်ဖက်စွာ 'ကဗျာလမ်း' ကိုရှင်သန်စေပါသည်။ မသိသေးသည်ကိုသိအောင် သိသည်ကို ပို၍လက်ခံလာ

အောင် သာဓကများ၊ ကောက်ချက်များက မလူးသာမလွန့်သာအောင် ချည်နှောင်ထားနိုင်သည်။ အသိအမြင် တစ်ရပ်ကိုလက်ခံလာ အောင် သုံးသပ်တင်ပြပုံထိမိ လှပေသည်။

## တွေ့ရှိချက်၊ ရလဒ်

အောင်သင်း၏ ရသစာတမ်းများလာ သွင်ပြင်လက္ခဏာများဖြစ်သော ကိုယ်ပိုင်အတွေးအမြင် ပါအောင်ရေးဖွဲ့ခြင်း၊ ထောင့်ရှားအတွေးဖြင့်ရေးဖွဲ့ခြင်း၊ အာဘော်သို့ရောက်အောင် တစ်ဆင့်ပြီး တစ်ဆင့် ရေးဖွဲ့ခြင်း၊ ဆင်ခြင်မှုဖြင့် နှစ်သက်ဖွယ်ဖြစ်အောင်ရေးဖွဲ့ခြင်း၊ ဆောင်းပါးဟန်ဖြင့်ရေးဖွဲ့ခြင်း တို့ကို ဆွေးနွေးတင်ပြခဲ့ခြင်းဖြစ်ပါသည်။ ထိုတင်ပြချက်များသည် အောင်သင်း၏ရသစာတမ်းများကို စိစစ် လေ့လာချက်အရတွေ့ရှိရသော တွေ့ရှိချက်များဟု ဆိုနိုင်ပါသည်။ စာရေးသူ၏ ဘဝအတွေ့အကြုံ၊ စာပေ လေ့လာဖတ်ရှုခဲ့မှု၊ အနုပညာဝါသနာပါမှု၊ တွေးခေါ်မြော်မြင်တတ်မှုတို့ကို မြင်တွေ့ရပါသည်။ အောင်သင်း၏ ရသစာတမ်းများတွင် သူ၏ကိုယ်ကျင့်တရားဆိုင်ရာ ခံယူချက်၊ စာပေအနုပညာဆိုင်ရာ ခံယူချက်၊ ကိုယ်ပိုင်ခံယူချက်အတွေးအမြင်တို့ ထင်ဟပ်နေသည်ကိုလည်း တွေ့မြင်ရပေသည်။ ရသ စာတမ်းသည် ရသစာပေဖွံ့ဖြိုးမှုအတွက် အထောက်အပံ့ပေးနိုင်ပါသည်။ ရသစာတမ်းများသည် စိတ်ဝင်တစား ဂရုပြုလေ့လာသင့်သည့် နယ်ပယ်တစ်ရပ်ဖြစ်ပါသည်။ အထက်ပါတွေ့ရှိချက်များအရ တင်သွင်းခဲ့သော အဆိုကြမ်းသည် ကိုက်ညီမှုရှိသည်ဟု ယူဆမိပါသည်။

## ခြုံငုံသုံးသပ်ချက်

ဤစာတမ်းတွင် သုတေသနတွေ့ရှိချက်အနေဖြင့် ရသစာတမ်းသွင်ပြင်လက္ခဏာ (၅) ရပ်ကို လေ့လာတွေ့ရှိရပါသည်။ အောင်သင်း၏ ရသစာတမ်းများမှ ရသစာတမ်း သွင်ပြင်လက္ခဏာကို တိကျစွာ ဖော်ထုတ်နိုင်သည့် အလေ့လာခံစာတမ်းတို့အရ အောင်သင်းသည် “ကိုယ်ပိုင်အတွေး အမြင်ပါအောင် ရေးဖွဲ့ခြင်း” ဟူသောသွင်ပြင်လက္ခဏာ တစ်ရပ်ကို တွေ့ရှိရပါသည်။ အောင်သင်းသည် မိမိကိုယ်တိုင် ကြားသိမြင်တွေ့ရသော လက်တွေ့အဖြစ်အပျက်များနှင့် စိတ်ကူးဉာဏ်ကိုပေါင်းစပ်ပြီး ကိုယ်ပိုင် အတွေးအမြင်များဖြင့် ရသစာတမ်း ဖန်တီးလေ့ရှိပါသည်။ သာဓကအဖြစ် “လှလိုက်တာနော်” ရသ စာတမ်းဖြင့် ဖော်ပြပြီး “အလှသည်သစ္စာ၊ သစ္စာသည်အလှ” ဟူသည့် အတွေးအမြင်ကို ဖော်ပြသည်။ အောင်သင်းသည် သဘာဝအလှကိုတွေ့ရတိုင်း လှလိုက်တာနော်ဟု ရင်တွင်းခံစားမှုကို ဖွင့်ဟခဲ့သည်။ လှလိုက်တာနော်ဟူသည့် တိုက်ရိုက်ပြောစကားကို ကြားနေရသည့် စာဖတ်သူ၌စာရေးသူနှင့် ရင်းနှီး နွေးထွေးမှုရလာစေပါသည်။ ထိုမှတစ်ဆင့် အလှသစ္စာကို မြတ်နိုးသည့်စိတ်များ ကူးစက်ခံစားလာ စေအောင် ဖန်တီးရေးသားနိုင်သည်ကို သုံးသပ်တွေ့ရှိရပါသည်။

တစ်ဖန် ရသစာတမ်း၏ သွင်ပြင်လက္ခဏာတစ်ရပ်အဖြစ် “ထောင့်ရှားအတွေးဖြင့် ရေးဖွဲ့ ခြင်း”ကို တွေ့ရှိရပါသည်။ ဤတွင် သာဓကအဖြစ် “အအေးနှင့်အနွေး” ရသစာတမ်းဖြင့် ရှင်းလင်းတင်ပြခဲ့ပါသည်။ ဤရသစာတမ်းတွင် လူ့ဘဝ၌ဒုက္ခမှကင်းလွတ်နေသည့် ကာလကိုသုခဟုမှတ်ယူကာ စိတ်ထားတတ်စေ ရန်တင်ပြထားပါသည်။ အောင်သင်း၏ အတွေးနှင့်အရေးသည် အများစုကမတွေးဖြစ်သော ရှားရှားပါးပါး စူးရှ ထိရောက်သည့်အတွေးဖြင့် ရသစာတမ်းကို ဖန်တီးရေးဖွဲ့ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့်

ရသစာတမ်းနှင့်ပတ်သက်၍ သုတအသိသာမက ရသခံစားမှုတို့ကိုပါ တစ်ပါးတည်းပူးတွဲ ရရှိစေကြောင်း သုံးသပ်မိပါသည်။

ထို့ပြင် စာရေးသူ၏ "အာဘော်သို့ရောက်အောင် တစ်ဆင့်ပြီး တစ်ဆင့်ရေးဖွဲ့ ခြင်း" ဟူသည့် ရသစာတမ်း၏ သွင်ပြင်လက္ခဏာတစ်ရပ်ကိုလည်း ဖော်ထုတ်တွေ့ရှိရပါသည်။ အောင်သင်းသည် မိမိ တင်ပြပြောဆိုလိုသော ရည်ရွယ်ချက်တို့ပုံပေါ် ပီပြင်စေရန် တင်ပြရာတွင် ကြောင်းကျိုးခိုင်လုံမှုတို့ဖြင့် တစ်ဆင့်ပြီးတစ်ဆင့်ပုံဖော် ရေးဖွဲ့ထားပါသည်။ ထိုသို့တင်ပြချက်များကို "အနီးအဝေး" ရသစာတမ်းဖြင့် သာဓကဆောင်၍ ရှင်းလင်းတင်ပြ ထားပါသည်။ ဝေးလွန်း၍ မမြင်နိုင်သကဲ့သို့ နီးလွန်း၍လည်း မမြင်နိုင် ပုံကို တွေးမိရာမှ စာဖတ်သူတို့အား အတွေးလက်ဆင့်ကမ်းလိုသောအတွေးဖြင့် တင်ပြခဲ့ခြင်းဟုဆိုနိုင်ပါ သည်။ မိမိရည်ရွယ်ဆိုလိုချက်များကို စာဖတ်သူတို့ယုံကြည်လက်ခံခြင်း၊ နှစ်သက်ကျေနပ်ခြင်းတို့ဖြင့် သဘောကျလက်ခံလာအောင် တစ်ဆင့်ပြီးတစ်ဆင့်မြှင့်၍ စည်းရုံးဖော်ဆောင်ခြင်းဖြင့် ဖန်တီးရေးဖွဲ့သူ ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

တစ်ဖန် အောင်သင်း၏ ရသစာတမ်းများလာ သွင်ပြင်လက္ခဏာတစ်ရပ်အဖြစ် "ဆင်ခြင်မှုဖြင့် နှစ်သက်ဖွယ်ဖြစ်အောင် ရေးဖွဲ့ခြင်း" ကိုတွေ့ရှိပါသည်။ ဆင်ခြင်မှုဖြင့် နှစ်သက်ဖွယ်ဟူသည် ရသစာတမ်း မှတစ်ဆင့် အသိပညာရရှိ၍ နှစ်သက်ခြင်းဖြစ်ရသကဲ့သို့ လက်တွေ့လူမှုဘဝတွင် ကြောင်းကျိုးဆင်ခြင်တုံ တရားဖြင့် အသိနှင့်ယှဉ်သော သတိတရားရှိခြင်း အကျိုးကျေးဇူးများကို ပြဆိုခဲ့ပါသည်။ ထိုအချက်ကို ပေါ်လွင်စေအောင် "ပရိက္ခရာအတွေး" ဟူသော ရသစာတမ်းဖြင့် သုံးသပ်ပြထားပါသည်။ ဤရသ စာတမ်းတွင် မြတ်စွာဘုရားရှင်အဆုံးအမကို ဒိဋ္ဌလောကဖြစ်ရပ်တို့ဖြင့် နှိုင်းယှဉ်ဆွေးနွေးတင်ပြခဲ့ခြင်း ဖြစ်သည်။ နေ့စဉ်ဘဝတွင် လိုအပ်သည့်အသုံးအဆောင်များကိုသာ သုံးသင့်ကြောင်းကို သာဓကပြရာ၌ မြတ်စွာဘုရားရှင်က ရဟန်းတို့အတွက် သတ်မှတ်ခဲ့သော ပရိက္ခရာရှစ်ပါးနှင့် တင်ပြသောကြောင့် အတွေးသည်ပို၍ လေးနက်လာစေပါသည်။ ထို့ကြောင့် ရသစာတမ်း ဖန်တီးသူ၏ အတွေးအမြင်နှင့်အတူ စာဖတ်သူတို့ ဆင်ခြင်တရားဖြင့် အသိမမှား၊ သတိတရားရှိစေလိုသောသဘောတို့ ထင်ဟပ်ပါရှိနေ ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ထို့ပြင် "ဆောင်းပါးဟန်ဖြင့်ရေးဖွဲ့ခြင်း" သည်လည်း အောင်သင်း၏ရသစာတမ်းများလာ သွင်ပြင် လက္ခဏာတစ်ရပ်အဖြစ် တွေ့ရှိရပါသည်။ သာဓကအဖြစ် "ကဗျာလမ်း" ရသစာတမ်းဖြင့် ဖန်တီးရေးဖွဲ့ ကြောင်း တင်ပြပြုစုထားပါသည်။ အောင်သင်း၏ ရသစာတမ်းများကို လေ့လာသောအခါ အချို့ရသ စာတမ်းများသည် ဆောင်းပါးဟန်ဖြင့် ရေးဖွဲ့ကြောင်းတွေ့ရှိရပါသည်။ သို့သော် ဆောင်းပါးသက်သက် သဘောမျှသာမက ရသစွက်သော နှစ်သက်ခံစားမှုတို့လည်း ပါဝင်နေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

အထက်ဖော်ပြပါ လေ့လာရှိချက်များအရ အောင်သင်း၏ရသစာတမ်းများသည် ကိုယ်ပိုင် အတွေးအမြင်ပါအောင်ရေးဖွဲ့ခြင်း၊ ထောင့်ရှားအတွေးဖြင့် ရေးဖွဲ့ခြင်း၊ အာဘော်သို့ရောက်အောင် တစ်ဆင့်ပြီး တစ်ဆင့်ရေးဖွဲ့ခြင်း၊ ဆင်ခြင်မှုဖြင့် နှစ်သက်ဖွယ်ဖြစ်အောင် ရေးဖွဲ့ခြင်း၊ ဆောင်းပါးဟန်ဖြင့် ရေးသော်လည်း ရသသဘောနှော၍ ရေးဖွဲ့ခြင်းတို့ဖြင့် သုတအဖုံဖုံ၊ ရသအစုံစုံပေးစွမ်းသော သွင်ပြင် လက္ခဏာများရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။ အောင်သင်း၏ ရသစာတမ်းများလာသွင်ပြင် လက္ခဏာ

တို့သည် မြန်မာရသစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူ ပြုပံ့နေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

## နိဂုံး

မြန်မာစာပေလောကတွင် တစ်ဟုန်ထိုး တိုးတက်ဖွံ့ဖြိုးလာသော “ရသစာတမ်း” ဟူသည် မျက်မှောက်ခေတ်တွင် ခိုင်မာစွာရပ်တည်လျက်ရှိပါသည်။ ရသစာတမ်းဖန်တီးရှင် စာရေးသူတို့၏ ရသစာတမ်းများအရ သွင်ပြင်လက္ခဏာများမှာ တူညီသည်ရှိသကဲ့သို့ ကွဲပြားသည်လည်း ရှိပါသည်။ ဤစာတမ်းတွင် မိမိကိုယ်တိုင် “အတွေ့အမြင်”များကို “အတွေးအမြင်”ဖြင့် ပုံဖော်ဖန်တီးသူ အောင်သင်း၏ ရသစာတမ်းများလာ သွင်ပြင်လက္ခဏာများကို သာဓကများဖြင့် ရှင်းလင်းပြစုထားပါသည်။ ထို့ကြောင့်ဤစာတမ်းသည် ရသစာတမ်းဖန်တီးရေးဖွဲ့လိုသူတို့အတွက် ရသစာတမ်း၏သွင်ပြင် လက္ခဏာဆိုင်ရာများကို နည်းယူသိမှတ်ဖွယ် အကျိုးကျေးများ ရရှိနိုင်ပါသည်။

## ကျမ်းကိုးစာရင်း

ခင်မင်၊ မောင်(ဓနုဖြူ)နှင့်အခြား။(၁၉၈၇)။ ***စာတမ်းငယ်စာပေစာတမ်းများ၊ ပတွဲ***။ ရန်ကုန်၊ စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်။

ဇော်ဂျီနှင့်အခြား။ ( ၁၉၇၈)။ ***ကုံကော်မြိုင်စာတန်း*** ။ ရန်ကုန်၊ စပယ်ဦးစာပေ။

ဇော်ဂျီ။ ( ၂၀၀၉)။ ***ရသစာပေ၏သဘော*** ။ ရန်ကုန်၊ မူဝံစာအုပ်တိုက်။

မောင်မြင့်သိန်း၊မောင်။ (၂၀၀၃)။ ***ဝေဖန်ရေးအလှ ရှာပုံတော်*** ။ ရန်ကုန်၊ စန်းရောင်ရှိန်စာပေ။

မြဇင်နှင့်အခြား။ (၁၉၈၇)။ ***စာတမ်းငယ်စာပေစာတမ်းများ*** ၊ ပတွဲ။ ရန်ကုန်၊ ပေဗိမာန်ထုတ်ပြည်သူ့လက်စွဲစာစဉ်။

အောင်သင်း။ (၂၀၀၅)။ ***လှလိုက်တာနော်နှင့် ရသစာတမ်းငယ်များ*** ။ ရန်ကုန်၊ ဇွန်ပွင့်စာအုပ်တိုက်။

အောင်သင်း။ (၂၀၀၈)။ ***သူ့အတွေး ကိုယ့်အမြင်*** ။ ရန်ကုန်၊ ဇွန်ပွင့်စာအုပ်တိုက်။

အောင်သင်း။ (၂၀၀၉)။ ***ဝတ္ထုရေးရာဆောင်းပါးများ*** ။ ရန်ကုန်၊ ဇွန်ပွင့်စာအုပ်တိုက်။

အောင်သင်း။ (၂၀၁၇)။ ***ကမ္ဘာ့ပြဿနာရှင်းတဲ့နေ့နှင့် ရသစာတမ်းငယ်များ*** ။ ရန်ကုန်ဇွန်ပွင့်စာအုပ်တိုက်။

## အင်တာနက်အကိုးအကား

http://www.differences.com/ Difference-between-article-and-essay.html

http://www.hunter.cuny.edu>rwc

## အင်တာနက်မှကိုးကားသည့် မူရင်းစာသားများ

| | စာမျက်နှာ |
|---|---|
| A good essay must contain the following characteristics: unity, order, brevity, style, | ၈ |
| Personal touch. An essay must be a unity, treating in an orderly manner of one subject, | |
| It should be concisely written and not too long, and the style should by simple, direct and clear. | |
| By and large, an article is meant to inform the reader about something, through | ၁၁ |
| news, featured stories, product descriptions, reports, etc. On the flip side, an essay offers | |
| an analysis of a particular topic, while reflecting a detailed account of a person’s view on it. | |

# မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာမြန်မာ့ဆိုရိုးစကားများ*

တင်မျိုးဟန်[၁]

**စာတမ်းအကျဉ်း**

ဤစာတမ်းသည် "မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ မြန်မာ့ဆိုရိုးစကားများ" လေ့လာချက်ဖြစ်သည်။ ရည်ရွယ်ချက်မှာ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာများတွင် မြန်မာတို့သိမှတ်လိုက်နာခဲ့ကြသော ဆိုရိုးစကားများကို ဖော်ထုတ်တင်ပြလိုခြင်းဖြစ်သည်။ သုတေသနနယ်နိမိတ်အဖြစ် မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ မြန်မာဆိုရိုးစကားများ၊ မှတ်တမ်းတင်ထားသည့် စာအုပ်စာတမ်းများကို အလေ့လာခံအဖြစ် သတ်မှတ်ပြီး အတ္ထဗေဒအမြင်ဖြင့် ပြုစုပါသည်။ မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ မြန်မာဆိုရိုးစကားများကို ဘာသာစကားနယ်ပယ်ရှိ ဘာသာဗေဒပညာရပ်ခွဲဖြစ်သော အတ္ထဗေဒအမြင်ဖြင့် လေ့လာလိုသူတို့အတွက် အကျိုးပြုပါသည်။

**သော့ချက်ဝေါဟာရ။** မိုးလေဝသ၊ ဇလဗေဒ၊ မြန်မာဆိုရိုးစကား၊ ဘာသာစကားနယ်ပယ်၊ ဘာသာဗေဒ၊ အတ္ထဗေဒအမြင်။

## နိဒါန်း

ဤစာတမ်းသည် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၏ (၂၄)ကြိမ်မြောက် သုတေသနညီလာခံတွင် တင်သွင်းသည့် စာတမ်းဖြစ်ပါသည်။ "မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ မြန်မာ့ဆိုရိုးစကားများကို အနက်အဓိပ္ပာယ် ဖော်ထုတ်ရှင်းလင်းခြင်းဆိုင်ရာ အတ္ထဗေဒအမြင်ဖြင့် သုံးသပ်ပြုစုထားပါသည်။

## စာတမ်းခေါင်းစဉ် ဖွင့်ဆိုချက်နှင့် ရည်ရွယ်ချက်

မျက်မှောက်ခေတ်ကမ္ဘာကြီးတွင် ရာသီဥတုနှင့်သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာတို့သည် လူသားတို့အတွက် အရေးကြီးသော အခန်းကဏ္ဍတွင် ဖြစ်တည်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကအားပြုသော တောင်သူလယ်သမားနိုင်ငံဖြစ်သည်နှင့်အညီ မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာတို့ကို သိမှတ်ဖွယ်ရာ "ဆိုရိုးစကား" များဖြင့် မှတ်သားလိုက်နာဆောင်ရွက်လေ့ရှိကြပါသည်။ သို့ပါ၍ မြန်မာ့စဉ်လာဆိုရိုးစကားများတွင် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာတို့ ပါရှိနေပုံကိုသိရှိစေလို၍ အနက်အဓိပ္ပာယ် ဖော်ထုတ်ရှင်းလင်းခြင်းဆိုင်ရာ အတ္ထဗေဒအမြင်ဖြင့် တင်ပြပြုစုထားပါသည်။

## မိုးလေဝသနှင့် ဇလဗေဒဟူသည်

"မိုးလေဝသ" (METEONOLOGICAL conditions, state of weather) နှင့် "ဇလဗေဒ" (hydrology) ဟူသော ဝေါဟာရတို့နှင့် ပတ်သက်၍ မြန်မာစာအဖွဲ့၏ မြန်မာအဘိဓာန် (၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ) တွင်-

"မိုးလေဝသ/ န- အပူ၊ အအေး၊ လေ၊ မိုး စသော သဘာဝအခြေအနေအရပ်ရပ် [မြန်၊ မိုး + လေ + ပါ၊ ဝဿ] (စာ-၂၆၄)

* Special Award (2024)

[၁] မြန်မာစာဌာန၊ တောင်ငူတက္ကသိုလ်

"ဇလဗေဒ/ ဇလာ့ဗေဒါ/ န- မြေထုလေထုတွင် ရေပျံ့နှံ့မှုနှင့် အကျိုးသက်ရောက်မှုကို လေ့လာသော ပညာရပ် [ပါ၊ ဇလ + ဗေဒ] (စာ-၁၂၅)

ဟုဖော်ပြဖွင့်ဆိုပါသည်။

## ဆိုရိုးစကားဟူသည်

"ဆိုရိုးစကား" ဟူသော ဝေါဟာရနှင့်ပတ်သက်၍ မြန်မာစာအဖွဲ့၏ မြန်မာစကားပုံ (၂၀၁၉) တွင်-

"ဆိုရိုးစကား ဟူသည် အစဉ်အလာပြောဆိုခဲ့ကြသော မှတ်သားဖွယ်ရာစကားဖြစ်သည်" (စာ-၁)

ဟုလည်းကောင်း၊ မြန်မာစာအဖွဲ့၏ မြန်မာအဘိဓာန် (၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ) တွင်-

"အစဉ်အလာပြောဆိုခဲ့ကြသော မှတ်သားဖွယ်ရာ စကား" (စာ-၁၁၆)

ဟုလည်းကောင်း ဖွင့်ဆိုပြသည်ကို မှတ်သားသိရှိရပါသည်။

## အတ္ထဗေဒဟူသည်

"အတ္ထဗေဒ" နှင့်ပတ်သက်၍ ဆရာကြီး ဒေါက်တာခင်အေး၏ "အတ္ထဗေဒနိဒါန်း" (၂၀၀၈ ခုနှစ်) တွင် "အနက်အဓိပ္ပာယ်ကို စနစ်တကျလေ့လာသော ပညာရပ်ဖြစ်သည့် အတ္ထဗေဒသည် ဘာသာဗေဒ ပညာရပ်တွင် အကျုံးဝင်သည်နှင့်အညီ အထွေထွေဘာသာဗေဒကျမ်းများတွင် အတ္ထဗေဒကို ကဏ္ဍ တစ်ခုအဖြစ် ထည့်သွင်းလေ့ရှိသည်။" (စာရေးသူ၏ အမှာ)

ဟု မိန့်ဆိုထားသည်ကို မှတ်သားသိရှိရပါသည်။

## သုတေသနမေးခွန်းနှင့်ပြဿနာ

ဤစာတမ်းပြုစုရာတွင် အောက်ဖော်ပြပါ သုတေသနမေးခွန်းနှင့် ပြဿနာမှာ -

- မြန်မာဆိုရိုးစကားများတွင် မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာတို့၏ အခန်းကဏ္ဍကား မည်သို့ရှိ သနည်း။
- မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာတို့ ထင်ဟပ်ပါရှိသော မြန်မာဆိုရိုးစကားများကို အတ္ထဗေဒ အမြင်ဖြင့် ချဉ်းကပ်လေ့လာ၍ ရနိုင်ပါသလား။ ရနိုင်၊ မရနိုင်တို့ဖြစ်ပါသည်။

အထက်ဖော်ပြပါတို့ကို အဖြေရှာဖြေရှင်းနိုင်ရန် ဤစာတမ်းနှင့် ဆီလျော်သက်ဆိုင်သည့် စာအုပ် စာတမ်းများကို ဖတ်ရှုလေ့လာခြင်း၊ မြန်မာဆိုရိုးစကားများကို သိရှိနားလည်ကြသော မိဘဘိုးဘွား လူကြီးသူမများ၊ ပညာရပ်ဆိုင်ရာ ဆရာ၊ ဆရာမကြီးများ၏ အကြံပေးလမ်းညွှန်ခြင်းတို့ဖြင့် ဤစာတမ်း ကို ပြုစုနိုင်ခဲ့ပါသည်။

**လေ့လာမှုနယ်ပယ်**

ဤစာတမ်းသည် "မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ မြန်မာ့ဆိုရိုးစကားများ" ကို ဘာသာစကားနယ်ပယ်ရှိ ဘာသာဗေဒပညာရပ်ခွဲဖြစ်သော အတ္ထဗေဒအမြင်ဖြင့် ချဉ်းကပ်လေ့လာပြုစုပါသည်။ မြန်မာမှုနယ်ပယ်တွင် မြန်မာမှု၊ မြန်မာဟန်၊ မြန်မာ့စိတ်ကူးဉာဏ်အတွေးအခေါ်တို့ဖြင့်တွေ့ကြုံ ခံစားသိရှိရသော မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ အခြေအနေ၊ အချိန်အခါနှင့် အကြောင်းအရာအဖြစ်အပျက်တို့ ရှိပါသည်။ ယင်းတို့နှင့် ပတ်သက်၍ ဆောင်ရန်ရှောင်ရန်တို့ပါရှိနေသော ဆိုရိုးစကားများကို နှုတ်ဆင့်ကမ်းခြင်း၊ လက်ဆင့်ကမ်းခြင်းဖြင့် သယ်ဆောင်ကျင့်သုံး မှတ်သားလိုက်နာကြသော မြန်မာဘိုးဘွားလူကြီးသူမများနှင့် တောင်သူလယ်သမားဦးကြီးများ၏ ပြောဆိုချက်များ၊ သက်ဆိုင်ရာ စာအုပ်စာတမ်းများသည် ဤစာတမ်း၏သုတေသနပြုလေ့လာမှုနယ်ပယ်ဖြစ်ပါသည်။

**စာပေလေ့လာဆန်းစစ်ချက်**

ဤစာတမ်းတွင် ချဉ်းကပ်လေ့လာမည့် နည်းစနစ်ဆိုင်ရာ စာပေလေ့လာဆန်းစစ်ချက် နှင့် စာအုပ်စာတမ်းကျမ်းစာပေဆိုင်ရာ စာပေလေ့လာဆန်းစစ်ချက် တို့ဖြင့် ပြုစုထားပါသည်။

**ချဉ်းကပ်လေ့လာမည့် နည်းစနစ်ဆိုင်ရာ စာပေလေ့လာဆန်းစစ်ချက်**

ဤစာတမ်းကိုပြုစုရာတွင် ဘာသာစကားနယ်ပယ်ရှိ ဘာသာဗေဒပညာရပ်ခွဲဖြစ်သော အတ္ထဗေဒအမြင်ဖြင့် လေ့လာပြုစုပါသည်။ ထို့ကြောင့် အတ္ထဗေဒနှင့်ပတ်သက်၍ ဆရာကြီး ဒေါက်တာခင်အေး၏ "အတ္ထဗေဒနိဒါန်း (၂၀၀၈ ခုနှစ်) စာအုပ်မှ အတ္ထဗေဒဆိုင်ရာ သဘောတရားများ၊ နည်းနာများ၊ အခြေခံအယူအဆများ၊ အနက်အဓိပ္ပာယ်အမျိုးမျိုးရှိပုံတို့ကို မှတ်သားလေ့လာ၍ ဤစာတမ်းကို ပြုစုပါသည်။ ထို့ပြင် ဒေါက်တာကိုလေး၏ "ဘာသာစကားလေ့လာမှု" (၂၀၁၈) မှအတ္ထဗေဒဆိုင်ရာ ဝေါဟာရများဆက်စပ်မှု (lexical relation) သဘောတရားနည်းနာများကို ဖတ်ရှုမှတ်သား၍ ဤ စာတမ်းကို ပြုစုပါသည်။

**စာအုပ်စာတမ်းကျမ်းစာပေဆိုင်ရာ စာပေလေ့လာဆန်းစစ်ချက်**

ဤစာတမ်းကို ပြုစုနိုင်ရန် စာအုပ်စာတမ်းဆိုင်ရာနှင့်ပတ်သက်၍-

- စာရေးဆရာပညာကျော်၏ "မြန်မာစကားပုံနှင့် ဆိုရိုးစကားများ" (၂၀၀၉ ခုနှစ်၊ ဇွန်လ)

ကိုလေ့လာရပါသည်။ ဤစာအုပ်တွင် မြန်မာဆိုရိုးစကား အမျိုးမျိုးရှိပုံတို့ကို ဖော်ပြရှင်းလင်း ရေးသားထားပါသည်။ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာတို့နှင့်ပတ်သက်၍ သီးခြားမတွေ့ရပါ။ ဗဟုသုတရရှိရန် ဖတ်ရှုမှတ်သားပါသည်။ တစ်ဖန် ကျမ်းစာပေ ဆိုင်ရာနှင့်ပတ်သက်၍လည်း-

- ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနသို့ တင်သွင်းခဲ့သော ပါရဂူဘွဲ့ယူကျမ်းများဖြစ်သည့်
- မဝေမာကြည် (မ-၉၊ ၂၀၀၈၊ ဇန်နဝါရီလ) ၏ "မြန်မာဘာသာစကားရှိ ဆိုရိုးစကားများကို လူမှုဘာသာဗေဒအမြင်ဖြင့် လေ့လာခြင်း" ကျမ်းကို လေ့လာပါသည်။

ထိုကျမ်းသည် မြန်မာဆိုရိုးစကားများ၏ သဘောသဘာဝကို လူမှုဘာသာဗေဒရှုထောင့်မှ လေ့လာထား၍ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ဆိုရိုးစကားများနှင့် ပတ်သက်သော သုံးသပ်ချက်မပါရှိပါ။ ထိုကျမ်းမှ ဆိုရိုးစကားသဘောသဘာဝနှင့်လူမှုဘာသာဗေဒဆက်သွယ်ပုံကို သိရှိမှတ်သားရပါသည်။

- မဒေဇီ (၄ ပါရဂူ မ-၁၃) (၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ) ၏ "ဂျိန်ဖော့စကားပုံနှင့် ဆိုရိုးစကားများ လေ့လာချက်" ပါရဂူကျမ်းကို တွေ့ရှိရပါသည်။ ထိုကျမ်းသည် ဂျိန်ဖော့လူမျိုးတို့၏ စကားပုံနှင့် ဆိုရိုးစကားတို့ကို စာပေရှုထောင့်မှ တင်ပြလေ့လာသည့် ကျမ်းဖြစ်ပါသည်။ ဤစာတမ်းနှင့် တိုက်ရိုက်သက်ဆိုင်မှုမရှိသော်လည်း ဆိုရိုးစကားဆိုင်ရာ ပြုစုပုံ၊ ပြုစုသည့် နည်းနာများရရှိပါသည်။

ထို့ကြောင့် ဤစာတမ်းသည် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ မြန်မာဆိုရိုးစကားများ၏ အနက်အဓိပ္ပာယ် မည်သို့ရှိပုံနှင့် ဆိုရိုးစကားအမှတ်အသား သင်္ကေတတို့ဖြင့် မှတ်သားလိုက်နာခဲ့ကြပုံတို့ကို ဘာသာစကား ရှုထောင့်မှ သာဓကများဖြင့် ရှင်းလင်းတင်ပြပြုစုထားပါသည်။

## နည်းနာ

ဤစာတမ်းတွင် နည်းနာများအနေဖြင့် ပညာရပ်ဆိုင်ရာနည်းနာ နှင့် သုတေသနနည်းနာ တို့ကို အသုံးပြုထားပါသည်။

## ပညာရပ်ဆိုင်ရာနည်းနာ

ဤစာတမ်းတွင် ပညာရပ်ဆိုင်ရာနည်းနာအဖြစ် ဘာသာစကားနယ်ပယ်ရှိ ဘာသာဗေဒ ပညာရပ်ခွဲဖြစ်သော အတ္ထဗေဒအမြင်ဖြင့် ချဉ်းကပ်လေ့လာပြုစုပါသည်။ ဤတွင်မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ မြန်မာ့ဆိုရိုးစကားများ၏ သက်ရောက်အဓိပ္ပာယ်ကောက်ယူနည်း (Interpretation) ကိုသုံး၍ပြုစုပါသည်။ ထိုဆိုရိုးစကားများကို မြန်မာတို့သည် မည်သည့်အခြေအနေနှင့် မည်သည့် အချိန်အခါတို့တွင် မည်သည့်အနက်အဓိပ္ပာယ်ဖြင့် ဆီလျော်အောင် မည်သို့အသုံးပြုပြောဆို လိုက်နာဆောင်ရွက်ကြပုံတို့ကို သာဓကများဖြင့် ရှင်းလင်းပြသည့်နည်း (descriptive method) ကို အသုံးပြု၍ တင်ပြ ပြုစုပါသည်။ ထိုသို့ပြုစုရာတွင်လည်း ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)၏ "စကားပြေသဘောတရား စကားပြေအတတ်ပညာ" (၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ) တွင် ပါရှိသော အပြောစကားပြေနှင့် အရေး စကားပြေဆိုင်ရာနည်းနာများဖြင့်လည်း မှတ်သားပြုစုပါသည်။

## သုတေသနနည်းနာ

ဤစာတမ်းသည် "မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ မြန်မာဆိုရိုးစကားများကို ဘာသာစကား နယ်ပယ်ရှိ ဘာသာဗေဒပညာရပ်ခွဲဖြစ်သော အတ္ထဗေဒနည်းနာတို့ဖြင့် ချဉ်းကပ်သုတေသနပြုပါ သည်။ ထိုသို့ ပြုစုရာတွင် မြန်မာစာအဖွဲ့၏ မူပိုင်ဖြစ်သော "မြန်မာဆိုရိုးစကား" (၂၀၁၁ ခုနှစ်၊ မတ်လ) စာအုပ်ကို အလေ့လာခံသုတေသနနယ်ပယ်အဖြစ် သတ်မှတ်ပြုစုပါသည်။ ဤစာတမ်းတွင် အလေ့လာခံ ဆိုရိုးစကားတို့၏ အတ္ထဗေဒအမြင်အရ သက်ရောက်အနက် မည်သို့ရှိပုံကို စာတွေ့သုတေသနအဖြစ် ပြုစုထားပါသည်။

## လေ့လာတွေ့ရှိချက်

ဤစာတမ်းနှင့်ပတ်သက်၍ မိုးရွာသွန်းမှု၊ လေတိုက်ခတ်မှု၊ ဇလဗေဒဆိုင်ရာ သိမှတ်ဖွယ်ရာဆိုရိုးစကားများဟူ၍ လေ့လာတွေ့ရှိရပါသည်။

## မိုးရွာသွန်းမှုဆိုင်ရာ ဆိုရိုးစကားများ

မိုးရွာသွန်းမှုနှင့်ပတ်သက်၍ မြန်မာ့ ၁၂ လရာသီတွင် မိုးရွာခြင်း၊ မိုးသည်းခြင်း၊ မိုးခေါင်ခြင်းနှင့် မိုးနည်းခြင်း ဆိုင်ရာအသိပေးခြင်း ဟူသည့် ဆိုရိုးစကားများကို တွေ့ရှိရပါသည်။ ထိုတွေ့ရှိချက် များကို မြန်မာစာ အဖွဲ့၏ "မြန်မာဆိုရိုးစကား" (၂၀၁၁ ခုနှစ်၊ မတ်လ) မှဖော်ပြချက်တို့ကို မူတည်၍ အတ္ထဗေဒ အမြင်ဖြင့် ချဉ်းကပ်လေ့လာပြုစုပါသည်။

## မိုးရွာသွန်းခြင်းဆိုင်ရာ ဆိုရိုးစကားများ

(၁) တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုးသကြံန်မိုး (စာ-၉၄)

- တန်ခူးလတွင် ဖက်ဆွတ်မိုး၊ သင်္ကြန်မိုး ရွာသွန်းမြဲဖြစ်သည်။

(၂) ကဆုန်အတွင်း မြေသင်းပျံ့ပျံ့မိုးနံ့နံ (စာ-၁)

- မိုးသည် ကဆုန်လတွင် မြေသင်းနံ့ထွက်ရုံလောက် ဖွဲဖွဲရွာသည်။

(၃) နယုန်မိုးသေး မြက်သားမွေး (စာ-၁၀၅)

- နယုန်လတွင် မိုးသေးမိုးဖွဲရွာကာ မြက်နုကလေးများ ထွက်လာသည်။

(၄) ဝါဆိုလပြောင်း မိချောင်းဖွေးဖွေး မိုးအေးအေး (စာ-၂၉၉)

- ဝါဆိုတစ်ကြောင်း မိကျောင်းဖွေးဖွေး မိုးအေးအေး
- ဝါဆိုလသို့ ရောက်သောအခါ မိကျောင်းပန်းဖြူဖြူဖွေးဖွေးတို့လည်း ပွင့်ကြသည်။ မိုးတစိမ့်စိမ့် ရွာသဖြင့် ရာသီဥတုမှာလည်း အေးသည်။

(၅) ဝါဆိုဝါခေါင် ရေဖောင်ဖောင် (စာ-၂၂၉)

- ဝါဆိုလနှင့် ဝါခေါင်လတွင် မိုးကောင်းစွာ ရွာလေ့ရှိ၍၊ မြစ်ချောင်းအင်းအိုင်တို့တွင် ရေပြည့်နေတတ်သည်။

(၆) တော်သလင်းနေပုစွန်သေ (စာ-၈၃)

- တော်သလင်းလသည် မိုးကာလပင်ဖြစ်သော်လည်း နေပူရှိန်မှာ ပုစွန်သေလောက်အောင် ပူပြင်းလှသည်။

(၇) သီတင်းကျွတ်တွင် ပလ္လင်ဆေးမိုး ရွာသွန်းဖြိုး (စာ-၂၄၀)

- သီတင်းကျွတ်လတွင် မိုးသည် သင်ပုတ်ပလ္လင်သန့်စင်သွားလောက်အောင် ရွာသည်။

(၈) တန်ဆောင်မုန်းတွင် ဆီးနှင်းတစ်ပြိုက် မိုးတစ်လိုက် (စာ-၉၅)

- တန်ဆောင်မုန်းလတွင် ဆီးနှင်းကျလိုက် မိုးရွာလိုက်ဖြစ်တတ်သည်။

(၉) နတ်တော်ရောက်ငြား၊ မိုးသားမငြိမ်၊ ဆင်ရာတိမ် (စာ-၁၁၀)

- နတ်တော်လသို့ ရောက်လျှင် ဆင်ခြေရာပျောက်ရုံရွာသော ဆင်ရာတိမ်မိုးဟူသော ရာသီမိုးရွာသည်။

(၁၀) ပြာသိုချမ်းပြင်း၊ ဆီးနှင်းရောယှက်၊ နှမ်းပုံဖျက်

ပြာသိုအတွင်း၊ မိုးညင်းညင်း၊ ဆီးနှင်းရောယှက်၊ နှင်းထောင်ပျက် (စာ-၁၃၂)

- အလွန်ချမ်းအေးလှသည့် ပြာသိုလတွင် ဆီးနှင်းနှင့်ရောထွေးရွာသွန်းတတ်သည့် မိုးသည် စုပုံထားသော နှမ်းများကို ပျက်စီးစေတတ်သည်။
- မိုးငယ်မိုးသေးနှင့် နှင်းရော၍ ရွာသောကြောင့် ပြာသိုလအတွင်း ရိတ်သိမ်းစုပုံထားသော နှမ်းထောင်များပျက်လေ့ရှိသည်ကို ဆိုလိုသည်။

(၁၁) တပို့တွဲနွဲ၍ ရွာခြင်း၊ သန်မိုးကြွင်း (စာ-၇၇)

- တပို့တွဲလတွင် မိုးကြွင်းမိုးကျန်ကလေးများ ရွာတတ်သည်။

(၁၂) တပေါင်းလည်းကူး မိုးသားကျူး (စာ-၇၈)

- တပေါင်းလတွင် ကောင်းကင်တစ်ခိုဝယ် မိုးသားတိမ်တိုက်များ ဖြစ်ထွန်းပေါ်ပေါက်လာသည်။ တပေါင်းလမှာ မိုးမရွာ၊ မိုးသံသာ နားမှာကြားရတော့သည်ဟု ဆိုလိုသည်။

အထက်ဖော်ပြပါ မိုးရွာသွန်းခြင်းဆိုင်ရာ ဆိုရိုးစကားများတွင် မြန်မာ ၁၂ လရာသီအလိုက် မိုး၏သဘောသဘာဝ၊ မိုးအလေ့အထ၊ မိုးရွာသွန်းမှုအခြေအနေ၊ မိုးအမည်သတ်မှတ်ခေါ်ဝေါ်ပုံ စသည်တို့ကို တွေ့ရှိရပါသည်။ ထိုဆိုရိုးစကားများတွင် အရင်းခံအနက် (အနက်ရိုး) simple meaning တို့အပြင် မိုး၏ထင်ရှားသောအကြောင်းလက္ခဏာရပ်တို့သည် ထိုဆိုရိုးစကားများတွင် ရိုက်ခတ်စွဲထင်လာသဖြင့် ဂယက်အနက် (connotation) ထွက်ရှိကြောင်း တွေ့ရှိရပါသည်။ တစ်ဖန် ဘာသာစကား၏ အလုပ်တာဝန် (function of language) အရ ထိုဆိုရိုးစကားတို့၏ အနက်အဓိပ္ပာယ်နှင့် အသုံးတို့ကို သိရှိစေရန် ဖော်ပြသဖြင့် ဖော်ပြမှုတာဝန် (expressive function) ရှိကြောင်းလည်း တွေ့ရှိရပါသည်။ ထို့ပြင် မြန်မာ (၁၂) လရာသီတွင် ‘မိုးရွာခြင်းအမည်ပေးပုံ’နှင့်ပတ်သက်၍-

"တန်ခူးလ "ဖက်ဆွတ်မိုး"၊ "သကြံန်မိုး"

သီတင်းကျွတ်လ "ပလ္လင်ဆေးမိုး"

နတ်တော်လ "ဆင်ရာတိမ်မိုး"

ဟူသော ဝေါဟာရများကို တွေ့ရပါသည်။

> "ထိုဝေါဟာရတို့သည် အနက်စပ်စကားလုံးတွဲ (collocation) များဖြစ်ကြောင်း အချို့စကားလုံးများကို လိုအပ်သော အနက်အဓိပ္ပာယ်ရအောင် တွဲသုံးနေကျဖြစ်လျှင် အနက်စပ်စကားလုံးတွဲဟု ခေါ်သည်" (ခင်အေး၊ ဒေါက်တာ၊ ၂၀၀၈၊ စာ-၁၀၄)

ဆိုသောမိန့်ဆိုချက်အရ သတ်မှတ်နိုင်ပါသည်။ "မိုး" ဟူသော စကားတွင် ဖက်ဆွတ်၊ သကြံန်၊ ပလ္လင်ဆေး၊ ဆင်ရာတိမ်" စသည့် သက်ဆိုင်ရာလရာသီ၏ မိုးရွာသွန်းခြင်းနှင့်ပတ်သက်၍ လိုအပ်သောအနက်အဓိပ္ပာယ်ရောက်အောင် တွဲစပ်သုံးသော စကားလုံးများဖြစ်ကြောင်း တွေ့ရပါသည်။ တစ်ဖန်-

"စကားလုံးတို့သည် အဓိပ္ပာယ်ကို သယ်ဆောင်သောကိရိယာအဖြစ်အပျက်၊ အပြု အမူတို့ကို ဖြည့်ဆည်းပေးသော အတ္တဗေဒဆိုင်ရာကဏ္ဍများအဖြစ်သာမက ယင်း စကားလုံးတို့အတွက် အချင်းချင်းဆက်နွယ်မှုများရှိကြသည်။"

(ကိုလေး၊ဒေါက်တာ၊၂၀၁၈၊စာ-၂၀၆)

ဟူသောအဆိုအရ "မိုး" ဟူသောစကားလုံးအတွက် အသုံးပြုသည့် အနက်အဓိပ္ပာယ်နှင့် မိုးရွာသွန်း ခြင်းဆိုင်ရာ အမည်ပေးပုံတို့အရ စကားလုံးအချင်းချင်း ဆက်နွယ်မှုများရှိသဖြင့် ဝေါဟာရဆက်နွယ်မှု (lexical relation)ရှိသောစကားလုံးများဖြစ်ကြောင်းကိုလည်း အတ္တဗေဒအမြင်အရ သုံးသပ်တွေ့ရှိရ ပါသည်။

**မိုးသည်းထန်ခြင်း (မိုးကြီးခြင်း) ဆိုင်ရာ ဆိုရိုးစကားများ**

(၁) တော်သလင်းမိုး ကန်သင်းကျိုး (စာ-၈၃)

- တော်သလင်းလတွင် ရွာသောမိုးသည် လယ်ကန်သင်းများကျိုးအောင် သဲသဲမဲမဲရွာတတ်သည်။

(၂) တန်ဆောင်မုန်းမိုး၊ ကန်ကျိုးအောင်ရွာ (စာ-၉၅)

- (အညာအရပ်၌) တန်ဆောင်မုန်းလတွင် မိုးသည် ကန်များကျိုးပေါက်လောက်အောင် သဲသဲမဲမဲ ရွာတတ်သည်။

(၃) မာဃနဂါး၊ ပြုမ်သုံးပါး၊ ကျေးနားသောအခါ၊ မိုးကြီးရွာ (စာ-၁၆၂)

- ဝါဆိုလတွင် မာဃနက္ခတ်၊ နဂါးကြယ်၊ ပြုမ်သုံးပါး (ပြုဗ္ဗဖလဂုနီနက္ခတ်၊ ပြုဗ္ဗဘဒြပိုဒ်နက္ခတ်၊ ပြုဗ္ဗာသာဠ်နက္ခတ်) တို့ စန်းနှင့်ယှဉ်သည့်အတွက် မိုးကြီးသည်းထန်စွာရွာသည်။ ကျေးနား ဆိုသည်မှာ စန်းယှဉ်သည်ကိုဆိုလိုပါသည်။

အထက်ဖော်ပြပါ မိုးသည်းထန်ခြင်း၊ မိုးကြီးခြင်းဆိုင်ရာ တော်သလင်းမိုး 'ကန်သင်းကျိုး'၊ တန်ဆောင်မိုး 'ကန်ကျိုးအောင်ရွာ' ဟူသော ဆိုရိုးစကားများသည် တော်သလင်းမိုးနှင့် တန်ဆောင် မုန်းမိုးတို့သည် မိုးကြီးခြင်း၊ မိုးသည်းထန်စွာ ရွာခြင်းအကြောင်းကြောင့် ကန်သင်းကျိုးခြင်း၊ ကန်ကျိုး ခြင်းစသည့် အကျိုးဆက်ဖြစ်ရပ်များကို ဖော်ပြနေပါသည်။ ထို့ကြောင့် ဘာသာစကား၏ အလုပ်တာဝန် (functions of language) အရ အနက်အဓိပ္ပာယ်နှင့်အသုံးတို့ကို သိရှိစေ၍ အသိပေးမှုတာဝန် (informational function)နှင့် ဖော်ပြမှုတာဝန် (expressive function) ရှိကြောင်း တွေ့ရပါသည်။ တစ်ဖန် "မိုး" ဟူသည့် အညွှန်းခံနှင့် တော်သလင်း၊ တန်ဆောင်မုန်းစသည့် အညွှန်းတို့သည် ရည်ညွှန်း သည့် အနက်အဓိပ္ပာယ်နှင့် အခြေအနေအလိုက် "တော်သလင်းမိုး ကန်သင်းကျိုး"၊ "တန်ဆောင်မုန်း မိုး ကန်ကျိုးအောင်ရွာ" ဟူသော မိုးသည်းထန်ခြင်း၏ အနက်သဘောချင်း ဖွဲ့ယှက် ဆက်နွယ်နေသော 'ဆက်သွယ်နက်'(sense) များဖြစ်သည့်အပြင် ဝေါဟာရဆက်သွယ်မှုများ (lexical relation) ဖြစ်ကြောင်း တွေ့ရပါသည်။

**မိုးခေါင်ခြင်းဆိုင်ရာ ဆိုရိုးစကားများ**

(၁) ငှက်သိုက်မြေနား၊ ပြုလေငြား၊ မိုးများရွာဘူးပ။ (စာ-၄၉)

- ငှက်တို့သည် နိမ့်ရာအရပ်၌ အသိုက်လုပ်ပါက မိုးခေါင်တတ်သည်။

(၂) ပုစွန် ရေနား၊ တွင်းကိုထား၊ မိုးများခေါင်ကြောင်းပြ။ (စာ-၁၂၃)

- ပုစွန်လုံးသည် ရေစပ်နား၌ တွင်းတူးထားပါက မိုးခေါင်တတ်သည်။

(၃) မိုးခါဖြစ်လျက်၊ ပုစွန်အမျိုး၊ ရေအိုးအောက်ဝင်၊ ဖြစ်ခဲ့လျှင်၊ မိုးလျှင်ခေါင်တတ်စွ (စာ-၁၆၆)

- မိုးအခါဖြစ်ပါလျက် ရေအိုးရေအောက်၌ ပုရွက်ဆိတ်များ ခိုအောင်းနေလျှင် မိုးခေါင်တတ်သည်။

(၄) ရေသတ္တဝါ ကုန်း၊ ကုန်းသတ္တဝါ ရေ၊ကျက်စားလေ၊မိုးသွေကင်းမည်ပ။ (စာ-၁၉၅)

- ရေသတ္တဝါများ၊ ကုန်းပေါ်တက်၍ ကျက်စားလျှင်ဖြစ်စေ၊ ကုန်းသတ္တဝါများ ရေသို့ဆင်း၍ ကျက်စားလျှင်ဖြစ်စေ မိုးခေါင်တတ်သည်။

အထက်ဖော်ပြပါ မိုးခေါင်ခြင်းဆိုင်ရာ ဆိုရိုးစကားများတွင် “မိုးများရွာဘူးပ၊ မိုးများခေါင်ကြောင်းပြ၊ မိုးခေါင်တတ်စွ၊ မိုးသွေကင်းမည်ပ” စသည့် ပုံစံတူပုဒ်တို့သည် မိုးခေါင်ရခြင်းအကြောင်းကို ရည်ညွှန်းသောစကားများဖြစ်သည်။ မိုးခေါင်ရခြင်းကို ဖြစ်စေသော အကြောင်းရင်းကို ဦးစွာဖော်ပြပြီး မိုးခေါင်ခြင်း အကျိုးဆက်ကို ပုံစံတူပုဒ်များဖြင့် ဖော်ပြသဖြင့် အကြောင်းအရာအရ အနက် အဓိပ္ပာယ်ချင်း ဆက်စပ်ပေါင်းစည်းမိပြီး ထင်ရှားပေါ်လွင်လာပါသည်။ ထို့ပြင် မိုးခေါင်ခြင်းဟူသော အရေးပါမှု အတိုင်းအဆချင်းတူသော အချက်များဖြင့် ရေးဖွဲ့ထား၍ ထိုဆိုရိုးစကားများသည် ဟန်ချက်ညီဝါကျများ ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**မိုးဆိုင်ရာ အသိပေးခြင်း ဆိုရိုးစကားများ**

(၁) ကျူးလာမိုးသက်ပျိုးကြဲရက် (စာ-၁၆)

- တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့၊ ကြာသပတေးနေ့၊ သောကြာနေ့တို့သည် ပျိုးကြဲရက်များဖြစ်သည်။

(ကျူး-တနင်္လာ၊ လာ- ဗုဒ္ဓဟူး၊ မိုး-ကြာသပတေး၊ သက် - သောကြာ)

(၂) တော်သလင်း တိမ်ညို၊ စားဖိုသည်ဆင်းရဲ၊ မိုးမစဲ (စာ-၈၃)

- တော်သလင်းလတွင် ရွာသွန်းသောမိုးသည် မရပ်မစဲရှိတတ်ရာ စာဖိုသည်များ ဒုက္ခကြုံရသည်။

(၃) တော်သလင်းနေ၊ ပုစွန်သေ (စာ-၈၃)

- တော်သလင်းလသည် မိုးကာလပင်ဖြစ်သော်လည်း နေပူရှိန်မှာမူ ပုစွန်သေလောက်အောင် ပူပြင်းလှသည်။

(၄) တန်ဆောင်မုန်း မိုးစွေ၊ ကျွဲအိုနွားအိုသေ (စာ-၉၅)

- (အညာအရပ်၌) တန်ဆောင်မုန်းလတွင် မိုးရက်ဆက်ရွာသွန်းပါက ကျွဲအိုနွားအိုများ သေကြ သည်။

(၅) မိုးတစ်စက် ရေတစ်ရွက် (စာ-၁၆၆)

- အပင်များရှင်သန်ရေးအတွက် မိုးရေတစ်စက်သည် ရေတစ်အိုးတမျှ တာသွားသည်။ စပါး ကောက်ပင်တို့နှင့်တကွ သစ်ပင်ဟူသမျှတို့၏ ရှင်သန်ရာရှင်သန်ကြောင်းမှာ မိုးရေပင်ဖြစ် သည်။

(၆) မိုးနဲ့နွားသိုး အစိုးမရ (စာ-၁၆၇)

- မိုးနှင့်နွားသိုးကို ဟန့်တားထိန်းချုပ်ခြင်းငှာ မတတ်နိုင်။

(၇) မိုးဖြူမစဲ မိုးမည်းမရွာ (စာ-၁၆၇)

- မိုးကောင်းကင် တစ်ပြင်လုံး၌ တိမ်ဖြူများပိတ်ဖုံး၍ ရွာသောမိုးသည် မစဲအောင် ရွာတတ်သည်။ တိမ်မည်း တိမ်ပုပ်များဖြင့် အုံ့မှိုင်းမည်းမှောင်ပိတ်ဖုံးနေလင့်ကစား မရွာဘဲလည်းနေတတ် သည်။

(၈) မိုးရိပ်လာ ဒူလာထ (စာ-၁၆၇)

- မိုးရွာမည့် အရိပ်လက္ခဏာ ပေါ်လာသည်နှင့်ဒူလာရောဂါထတတ်သည်။

(၉) မိုးရွာမှ ပျိုးသာမည်။ (စာ-၁၆၇)

- စပါးစိုက်သည့်အချိန်တွင် မိုးသင့်တင့်အောင်ရွာမှ ပျိုးပင်ကိုရှင်သန်မည်။

(၁၀) ဝါခေါင်မိုးစိပ်၊ ထွန်တုံးပိတ် (စာ-၂၂၈-၂၂၉)

- မိုးစိပ်စိပ်ရွာသည့် ဝါခေါင်လသည် လယ်သမားများအတွက် ထွန်ယက်စိုက်ပျိုးသော လုပ်ငန်း ပြီးဆုံး၍ ထွန်တုံးပိတ်ချိန်ဖြစ်သည်။

အထက်ဖော်ပြပါ မိုးဆိုင်ရာ အသိပေးခြင်း ဆိုရိုးစကားများသည် မိုး၏သဘာဝ အလေ့အထ၊ အခြေ အနေ၊ ဖြစ်ရပ်တို့ကိုရည်ညွှန်း၍ ဆောင်ရန်ရှောင်ရန်အသိပေးချက်တို့ကို သဘောလက္ခဏာပြအနက် (အနက်ရိုး-Simple meaning) ဖြင့်ဖော်ပြပြုစုပါသည်။ တစ်ဖန်ထိုဆိုရိုးစကားများမှတစ်ဆင့် သိမှတ် ဖွယ်ရာတို့ကို ရှေးကာလအဆက်ဆက်မှ မျက်မှောက်ခေတ်တိုင် တောင်သူလယ်သမားများ၊ မှတ်သား လိုက်နာဆောင်ရွက်ကြဆဲဖြစ်၍လည်း ဘာသာစကား၏အလုပ်တာဝန် (functions of language) အရ အသိပေးတာဝန် (informational function) ရှိကြောင်း တွေ့ရှိရပါသည်။

**လေတိုက်ခတ်ခြင်းဆိုင်ရာ ဆိုရိုးစကားများ**

လေတိုက်ခတ်ခြင်းနှင့် ပတ်သက်၍ လေတိုက်ခတ်ခြင်းသဘောသဘာဝနှင့် အသိပေးခြင်း ဟူသည့် ဆိုရိုးစကားများကို လေ့လာတွေ့ရှိရပါသည်။

**လေတိုက်ခတ်ခြင်း သဘောသဘာဝဆိုင်ရာဆိုရိုးစကားများ**

(၁) တပေါင်းတန်ခူး လေရူးဆော်လာ (စာ-၇၈)

- တပေါင်းတန်ခူးလများတွင် လေရူးများဖြစ်ပေါ်တိုက်ခတ်သည်။

(၂) တော်သလင်းမြစ်တွင်း သင်ဖြူးခင်း (စာ-၈၃)

- တော်သလင်းလတွင် လှိုင်းလေငြိမ်သက်သဖြင့် ရေပြင်သည် သင်ဖြူးခင်းဘိသကဲ့သို့ ပြန့်ပြန့်ပြူးပြူးရှိသည်။ ရေစီးအဟုန်မည့်မပြင်း မြစ်တွင်သာယာသောကြောင့် သစ်ဖောင်ဝါးဖောင်အများစုန်ဆင်းသည်။ တော်သလင်းကို မြစ်တွင်းသင်ဖြူးခင်းဟု ရှေးသူဟောင်းတို့ ဆိုရိုးရှိသည်။

(၃) လေနှင့်မိုး အစိုးမရ (စာ-၂၁၆)

- မိုးလေဝသအခြေအနေကို ခန့်မှန်းရခက်လှသည်။

လေနှင့် မိုး အစိုးမရ ဆိုရိုးစကားအတိုင်း လေနှင့်မိုးသည် တိုက်ချင်သလိုတိုက်၍ ရွာချင်သလိုရွာသည်ဟု ထင်ရသော်လည်း၊ မျက်မှောက်ခေတ်တွင် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက ပြည်သူ တို့သိရှိစေရန် အချိန်နှင့်တပြေးညီ ထုတ်ပြန်သောသတင်းများနှင့် ထုတ်ပြန်ဖော်ပြသော မိုးလေဝသမြေပုံကိုကြည့်ခြင်းဖြင့် စနစ်တကျလေ့လာနိုင်ပါသည်။

## လေတိုက်ခတ်မှု အသိပေးခြင်းဆိုင်ရာ ဆိုရိုးစကားများ

(၁) တောင်လေဖြူးဖြူး လှေသားမြူး (စာ-၈၆)

- လှေထိုးသားတို့သည် တောင်လေတဖြူးဖြူး တိုက်ခတ်သည့်အခါ ရွက်လွှင့်၍ဆန်တက်နိုင်ကြသောကြောင့် သက်သာသဖြင့် ပျော်ရွှင်ကြသည်။
- တောင်လေဖြူးဖြူးလာ၍ လှေရွက်တိုက်ရသောအခါတွင် လှေသမားများသည် နားခွင့်ရကြ၏။ ဤသို့သော လူနေမှုအခြေအနေကို ဖော်ပြလို၍ လှေသမားများသည် "တောင်လှေဖြူးဖြူး လှေသားမြူး" ဟူ၍လည်းကောင်း "လှေအစုန် လှေရွက်တိုက်၊ လှေသမားများ အကြည်ဆိုက်" ဟူ၍ လည်းကောင်း စပ်ဆိုသုံးစွဲခဲ့ကြပေသည်။

(၂) တန်ဆောင်မုန်း သောင်ကတုံးချောင်ခွာ၊ မအိပ်ရာ (စာ-၉၅)

- တန်ဆောင်မုန်းလတွင် တစ်ခါတစ်ရံမိုးသက်မုန်တိုင်းကျတတ်သဖြင့် သောင်ကတုံး၌ လှေရပ်နားဆိုက်ကပ်မည်ဆိုပါက အတွင်းကျသော၊ အကာအကွယ်ကောင်းသောနေရာ၌ ဆိုက်ကပ်ရပ်နားအိပ် စက်ရာသည်။
- တန်ဆောင်မုန်းလတွင် အကာအကွယ်မရှိသော သောင်ကတုံးများ၌ လှေဆိုက်ကပ်အိပ်မိ၍ မုန်တိုင်းဒဏ်ကြောင့် ဒုက္ခမရောက်ရန် 'တန်ဆောင်မုန်း သောင်ကတုံး ချောင်ခွာမအိပ်ရာ' ဟူသော ကဗျာ အလင်္ကာဖြင့် လှေသမားအချင်းချင်း သတိပေးခဲ့လေသည်။

(၃) မီးစောင်းထက် ရေစောင်းထက်၊ ရေစောင်းထက် လေစောင်းထက် (စာ-၁၆၃)

- ရေသည် မီးထက်ပျက်စီးစေနိုင်၏။ လေသည် ရေထက်ပျက်စီးစေနိုင်၏။

(၄) မိုးစနေ လေရာဟု (စာ-၁၆၆)

- အနောက်တောင်ထောင့် (စနေထောင့်)မှ မိုးတိမ်တက်လာသဖြင့် မိုးရွာမည်။ မိုးသည်းထန်တတ်သည်။ အနောက်မြောက်ထောင့် (ရာဟုထောင့်)မှ လေဆင်လာလျှင် လေကျမည်။ လေပြင်းထန် တတ်သည်။

- သူဟောင်းတို့မှာ မိုးကိုစနေ၊ လေကိုရာဟု ဟုဆိုရိုးပြုသည့် စကားအစဉ်ရှိသည်။

(၅) လေမလာ ကြာတိုင်းကောင်း၊ လှေသူကြီး လှေသားထောင်း (စာ-၂၁၇)

- လှေသားတို့အဖို့ တောင်လေအလာကို ကြာကြာစောင့်ရလေ သက်သာလေဖြစ်သော်လည်း လှေသူကြီးအဖို့ ရက်ကြာကြာစောင့်ရလေ လှေသားတို့အား ကျွေးမွေးရသည့်စရိတ်ပိုမို ဖိစီးလေဖြစ်ရသည်။

အထက်ဖော်ပြပါ လေတိုက်ခတ်ခြင်းသဘောသဘာဝနှင့် လေတိုက်ခတ်မှု အသိပေးခြင်းဆိုင်ရာ ဆိုရိုးစကားများကို လေ့လာကြည့်ပါက ဘာသာစကား၏ အလုပ်တာဝန်များ (functions of language) အရ

- အသိပေးမှုတာဝန် (informational function) - လေတိုက်ခတ်မှု အသိပေးခြင်း။
- ဖော်ပြမှုတာဝန် (expressive function) - လေတိုက်ခတ်မှု သဘောသဘာဝ။
- လမ်းညွှန်မှုတာဝန် (directive function) - လေတိုက်ခတ်ခြင်းဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်

တို့ရှိကြောင်း ဘာသာဗေဒဆိုင်ရာ အတ္ထဗေဒ (linguistics Semantics) အရ လေ့လာတွေ့ရှိရပါ သည်။ ထို့ပြင်အထက်ဖော်ပြပါ သာဓကဆိုရိုးစကားများတွင် လေတိုက်ခတ်မှု သဘောသဘာဝနှင့် ဆောင်ရန် ရှောင်ရန် အသိပေးခြင်းများအပြင်၊ ဆိုရိုးစကားများက လူမှုအခြေအနေ (လှေသမားတို့ ၏လူမှုနယ်ပယ်) ကိုလေ့လာတွေ့ရှိရ၍ လူမှုအခြေအနေပြအနက် (stylistic meaning) ထွက်ရှိကြောင်းလည်း လေ့လာတွေ့ရှိရပါသည်။

## ဇလဗေဒဆိုင်ရာ ဆိုရိုးစကားများ

"ဇလဗေဒ/ ဇလဗ္ဗေဒါ/ န-မြေထုလေထုတွင် ရေပျံ့နှံ့မှုနှင့် အကျိုးသက်ရောက်မှုကို လေ့လာသော ပညာရပ်။ [ပါ၊ ဇလ +ဗေဒ]

ဟု မြန်မာစာအဖွဲ့၏ မြန်မာအဘိဓာန် (၂၀၂၂ ခုနှစ်၊ နိဝင်ဘာလ၊ စာ-၁၂၅)တွင် ဖွင့်ဆိုထားသည်ကို သိမှတ်ရပါသည်။ ဤစာတမ်းတွင် ဇလဗေဒဆိုင်ရာ ဆိုရိုးစကားများနှင့်ပတ်သက်၍ ရေသဘာဝ အခြေအနေနှင့်ဆောင်ရန်၊ ရှောင်ရန်အသိပေးအချက်များကို အောက်ပါအတိုင်း လေ့လာဆန်းစစ် တင်ပြထားပါသည်။

(၁) တန်ခူးရေကုန်၊ ကဆုန်ရေခန်း (စာ-၉၄)

- အချို့ကန်များ၊ အိုင်များသည် တန်ခူးလတွင် ရေနည်းစပြုလာပြီး ကဆုန်လတွင် ခန်းခြောက် လေ့ရှိသည်။

(၂) ပွက်စိပ်တစ်တောင် ရေသုံးတောင်

ပွက်စိပ်သုံးတောင် ရေကိုးတောင် (စာ-၁၃၆)

ပွက် = ရေအောက်တွင်ရှိသော သောင်၊ ကျောက်ဆောင်၊ လှေပျက် စသည် တစ်ခုခုနှင့် ရေစီး အဟုန်တို့ တိုးမိ၊ တိုက်မိရာမှ ရေမျက်နှာပြင်ထက်၌ မကြာခဏဖြစ်ပေါ်လာသည်။ အဝန်း အဝိုင်း။ ရေပွက်။

ရေပွက်/ ရေဗွက်/ န- ရေမျက်နှာပြင်တွင် ဖြစ်ပေါ်သော ပူလောင်မှု (မြန်မာအဘိဓာန်၊ ၂၀၁၁၊ နိုဝင်ဘာလ၊ စာ-၂၉၇)

ရေမျက်နှာပြင်တွင် ရေပွက်သည် အချင်းတစ်တောင်ရှိလျှင် ရေအနက်သုံးတောင်ရှိသည်။ ရေပွက်သည် အချင်းသုံးတောင်ရှိလျှင် ရေအနက်ကိုးတောင်ရှိသည်။

(၃) မိုးတစ်စက်၊ ရေတစ်ရွက် (စာ-၁၆၆)

- အပင်များရှင်သန်ရေးအတွက် မိုးရေတစ်စက်သည် ရေတစ်အိုးစာမျှ တာသွားသည်။
- မိုးတစ်စက် ရေတစ်ရွက်ဟူသော စကားကို မြန်မာလူမျိုးတိုင်းလိုပင် သိရှိကြသည်ဖြစ်၏။ ဆိုလိုရင်း အနက်အဓိပ္ပာယ်မှာ စပါးကောက်ပင်တို့နှင့်တကွ သစ်ပင်ဟူသမျှတို့၏ ရှင်သန်ရာ ရှင်သန်ကြောင်းမှာမိုးရေပင်ဖြစ်သည်။

(၄) ရေတစ်အိုး၊ မိုးတစ်ပေါက် (စာ-၁၉၃)

- အပင်များ ရှင်သန်ရေးအတွက် မိုးရေတစ်ပေါက်သည် ရေတစ်အိုးအမျှ တာသွားသည်။

(၅) ရေနိမ့်ရာစီး၊ မီးမြင့်ရာလောင် (စာ-၁၉၃)

- ရေသည် နိမ့်ရာသို့ စီးမြဲသဘောရှိသည်။ မီးသည်ထင်း၏ အထက်နားတွင်ရှိသောအရာကို စွဲတတ်လောင်တတ်သောသဘောရှိသည်။

(၆) ဝါဆိုဝါခေါင် ရေဖောင်ဖောင် (စာ-၂၂၉)

- ဝါဆိုလနှင့် ဝါခေါင်လတွင် မိုးကောင်းစွာ ရွာလေ့ရှိ၍ မြစ်ချောင်းအင်းအိုင်တို့တွင် ရေပြည့် နေတတ်သည်။

(၇) သောကြာရေကြောင်း မသွားကောင်း (စာ-၂၄၆)

- သောကြာနေ့တွင် ရေကြောင်းခရီးထွက်ခြင်း မပြုအပ်။

အထက်ဖော်ပြပါ ဇလဗေဒဆိုင်ရာ ဆိုရိုးစကားများကို ရေမြေသဘောသဘာဝ၊ အလေ့ အထ၊ အခြေအနေဆိုင်ရာတို့အပေါ်မူတည်၍ တွေ့ကြုံခံစားရသော မြန်မာတို့၏ဆောင်ရန်၊ ရှောင်ရန် သိမှတ်ဖွယ်ရာဆိုရိုးစကားများအဖြစ် လေ့လာတွေ့ရှိရပါသည်။ ဤစာတမ်းတွင် ဇလဗေဒဆိုင်ရာ ဆိုရိုးစကားများ၏ သဘောလက္ခဏာပြအနက် (conceptual meaning) ဖြင့် မြန်မာဆိုရိုးစကားစာအုပ် (မြန်မာစာအဖွဲ့၊ ၂၀၁၁ ခုနှစ်၊ မတ်လ) အရ ဖော်ထုတ်တင်ပြထားပါသည်။ ဘာသာစကား ၏အလုပ်တာဝန် (function of language) အရဖော်ပြမှုတာဝန် (expressive function)နှင့် အသိပေးမှုတာဝန် (informational function) ရှိသော ဆိုရိုးစကားများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထိုဆိုရိုးစကားများသည် ရေနှင့်ပတ်သက်၍ တွေ့ကြုံခံစားသိရှိရသော ဆောင်ရန်ရှောင်ရန်တို့ကို လေးလေး

နက်နက်ဖော်ပြနေသကဲ့သို့ တွေ့ရှိရသဖြင့် အတ္ထဗေဒအမြင်အရ အလေးပေးအနက် ထွက်ရှိကြောင်းလည်း သုံးသပ်တွေ့ရှိရပါသည်။

## သုံးသပ်ချက်

ဤစာတမ်းသည် "မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ မြန်မာဆိုရိုးစကားများလေ့လာချက်" ဖြစ်သည်။ ဤသို့လေ့လာရာတွင် မြန်မာစာအဖွဲ့၏ "မြန်မာဆိုရိုးစကား" (၂၀၁၁ ခုနှစ်၊ မတ်လ)မှ မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ မြန်မာဆိုရိုးစကားများနှင့်ပတ်သက်သော ဝေါဟာရများ၏ အနက်ဖွင့်ဆိုပုံဖြင့် လေ့လာပြုစုပါသည်။ ဤသို့အနက်ဖွင့်ဆိုပြုစုထားသော ဝေါဟာရစကားလုံးတို့ကို ဘာသာစကားနယ်ပယ်ရှိ ဘာသာဗေဒ၏ပညာရပ်ခွဲဖြစ်သော အတ္ထဗေဒအမြင်ဖြင့် ဖော်ထုတ်ရှင်းလင်း ပြုစုပါသည်။

"မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ မြန်မာဆိုရိုးစကားများ" ကို လေ့လာကြည့်ပါက မြန်မာတို့သည် မြန်မာ့နည်းမြန်မာ့ဟန် မြန်မာစိတ်ကူးဉာဏ်ဖြင့် မိမိတို့တွေ့ကြုံခံစားရသော ၁၂ လရာသီရှိ မိုးလေဝသနှင့်ဇလဗေဒအခြေအနေများကို ဆိုရိုးစကားများဖြင့် နှုတ်ဆင့်ကမ်းခြင်း၊ လက်ဆင့်ကမ်းခြင်းဖြင့် သယ်ဆောင်၍ လိုက်နာဆောင်ရွက်ခဲ့ကြပါသည်။ မြန်မာစာအဖွဲ့၏ မြန်မာဆိုရိုးစကား (၂၀၁၁ ခုနှစ်၊ မတ်လ) စာအုပ်သည် အခြားဆိုရိုးစကားများအပါအဝင် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ သိမှတ်ဖွယ်ရာတို့ပါရှိသဖြင့် ကျေးဇူးကြီးလှပါသည်။

ဘက်စုံဖွံ့ဖြိုးတိုးတက်ပြောင်းလဲနေသော မျက်မှောက်ခေတ်တွင် ရေဒီယိုနှင့် ရုပ်သံလိုင်း ဆိုင်ရာ (Channel)များ၊ မီဒီယာများ၊ နေ့စဉ်ထုတ်သတင်းစာများမှတစ်ဆင့် အချိန်နှင့်တပြေးညီ ထုတ်ပြန်ကြေငြာပေးနေသော မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ အသိပေးထုတ်ပြန်ချက်ချက်တို့ကို ပြည်သူလူထုများ သိရှိနိုင်ကြပြီဖြစ်သည်။ ထို့ကြောင့် ဆောင်ရန်ရှောင်ရန် အသိပေးချက်တို့ကို နေ့စဉ်နှင့်အမျှသိရှိကြရ၍သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အန္တရာယ်ကာကွယ်စောင့်ရှောက်ရေး တို့ကိုလည်း အချိန်မီကြိုတင်ပြုပြင်စီမံဆောင်ရွက်နိုင်ကြပြီဖြစ်သည်။ သို့သော် မြန်မာ့လူမှုဝန်းကျင်တွင် ၁၂ လရာသီတို့၌ဖြစ်လေ့ဖြစ်ထရှိသောသဘောနှင့် ထင်ဟပ်၍ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာတို့ကို ဆိုရိုးစကားများဖြင့်ပြောဆိုသုံးနှုန်းမှတ်သား လိုက်နာလျက်ရှိကြသည်ကိုလည်း တွေ့ရှိရပါသည်။ ထိုဆိုရိုးစကားတို့ကို ဘာသာစကားရှုထောင့်မှ အတ္ထဗေဒအမြင်ဖြင့် လေ့လာတင်ပြရာတွင် ဆိုရိုးစကားတို့၌ တွေ့ရှိရသော အနက်ရိုး (သဘောလက္ခဏာပြအနက်တို့ဖြင့် လည်းကောင်း၊ ဘာသာစကား၏ အလုပ်တာဝန်အရ ဖော်ပြမှုတာဝန်၊ အသိပေးမှုတာဝန်၊ လမ်းညွှန်မှုတာဝန်တို့ရှိကြောင်း တွေ့ရှိချက်များကို သာဓကများနှင့် တကွဖော်ထုတ်ရှင်းလင်း ပြုစုထားပါသည်။ ထို့ပြင်အတ္ထဗေဒအမြင်အရ မိုးရွာသွန်းမှုဆိုင်ရာ၊ လေတိုက်ခတ်မှုဆိုင်ရာ၊ ဇလဗေဒ (ရေ) ဆိုင်ရာဆိုရိုးစကားတို့တွင် ခံစားမှုပြအနက်၊ လူမှုအခြေအနေပြအနက်တို့အပြင် ဂယက်အနက်နှင့် အလေးပေးအနက်တို့ထွက်ရှိကြောင်း တွေ့ရှိချက်များကို သာဓကတို့ဖြင့် သုံးသပ်တင်ပြထားပါသည်။

တစ်ဖန် မြန်မာတို့ နှုတ်ဆင့်ကမ်းသယ်ဆောင်လာသော မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာဆိုရိုးစကားများကို လေ့လာကြည့်ပါက အသံကာရန်ပါသော ကဗျာလင်္ကာများဖြင့် မှတ်သားပြောဆိုသုံးနှုန်းကြ၍ မြန်မာတို့၏ နှုတ်ရေးစကားတတ် ဝေါဟာရကြွယ်ဝကြပုံ၊ သုတိသာယာနာပျော်ဖွယ် ဖြစ်ပုံ၊ ဖတ်ရွတ်ပြောဆိုရာတွင် ပြေပြစ်လွယ်ကူစွာရှိပုံတို့ကိုလည်း တွေ့ရှိရပါသည်။ မိုးလေဝသနှင့် ဇလဗေဒ

ဆိုင်ရာ မြန်မာဆိုရိုးစကားတို့ကို သက်ဆိုင်ရာ အခြေအနေအချိန်အခါအလိုက် ဆီလျော်ရာ အနက်အဓိပ္ပာယ်တို့ဖြင့် ပြောဆိုသုံးနှုန်းကြသောကြောင့် မြန်မာဘာသာစကား၏ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်တွင် အထောက်အကူအဖြစ် ကျေးဇူးပြုလျက်ရှိကြောင်း အတ္ထဗေဒအမြင်ဖြင့် သုံးသပ်တွေ့ရှိ ရပါသည်။

## နိဂုံး

ဤစာတမ်းသည် "မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ မြန်မာဆိုရိုးစကားများ"ကို အတ္ထဗေဒအမြင်ဖြင့်လေ့လာချက်" ဖြစ်သည်။ မြန်မာမှုနယ်ပယ်တွင် မြန်မာတို့၏ ရာသီဥတုနှင့်ပတ်သက်သော မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ ဆိုရိုးစကားများ၏ အနက်အဓိပ္ပာယ်နှင့် အသုံးအနှုန်းတို့ကို အတ္ထဗေဒပညာရပ်ဖြင့် ချဉ်းကပ်လေ့လာပြုစုပါသည်။ ဤသို့လေ့လာပြုစုခြင်းနှင့်ပတ်သက်၍ မြန်မာဆိုရိုးစကားများကိုသာမက မြန်မာစကားပုံများမှတစ်ဆင့် လေ့လာသိရှိရသော ဆိုရိုးစကားများနှင့် မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ သိမှတ်ဖွယ်ရာများကို မြန်မာစာပေရှုထောင့်မှလည်းကောင်း ဘာသာစကား ရှုထောင့်မှလည်းကောင်း လေ့လာသုတေသနပြုနိုင်သည်ဖြစ်ရာ မြန်မာစာပေဖွံ့ဖြိုး တိုးတက်မှုအတွက် အထောက်အကူပြုမည်ဟု ယုံကြည်ပါသည်။

## ကျမ်းကိုးစာရင်း


ကိုလေး၊ ဒေါက်တာ။ (၂၀၁၈)။ ***ဘာသာစကားလေ့လာမှု***။ ရန်ကုန်၊ ဧရာဝတီစာပေတိုက်။

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၂၁)။ ***စကားပြေသဘောတရား၊ စကားပြေအတတ်ပညာ***။ ရန်ကုန်၊ မြနန္ဒာပုံနှိပ်တိုက်။

ခင်အေး၊ ဒေါက်တာ။ (၂၀၀၈)။ ***အတ္ထဗေဒနိဒါန်း***။ ရန်ကုန်၊ ပညာတန်ဆောင်ပုံနှိပ်တိုက်။

ဒေစီ၊ မ။ (၂၀၂၄)။ ***ဂျိန်ဖော့စကားပုံနှင့် ဆိုရိုးစကားများလေ့လာချက်***။ ရန်ကုန်တက္ကသိုလ် ပါရဂူဘွဲ့အတွက် တင်သွင်းသောကျမ်း။

ပညာကျော်။ (၂၀၀၉)။ ***မြန်မာစကားပုံနှင့် မြန်မာဆိုရိုးစကား*** (ပထမအကြိမ်)။ ရန်ကုန်မြို့၊ UNITY စာပေ။

မြန်မာစာအဖွဲ့။ (၂၀၁၁)။ ***မြန်မာဆိုရိုးစကား*** (တတိယအကြိမ်)။ နေပြည်တော်၊ မြန်မာစာအဖွဲ့ဦးစီးဌာန၊ ညွန့်ကြားရေးမှူးချုပ်။

မြန်မာစာအဖွဲ့။ (၂၀၂၂)။ ***မြန်မာအဘိဓာန်***၊ (စတုတ္ထအကြိမ်)။ နေပြည်တော်၊ မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန။

ဝေမာကြည်၊ မ။ (၂၀၀၈)။ ***မြန်မာဘာသာစကားရှိ ဆိုရိုးစကားများကို လူမှုဘာသာဗေဒအမြင်ဖြင့်လေ့လာခြင်း***။ ရန်ကုန်တက္ကသိုလ် ပါရဂူဘွဲ့အတွက် တင်သွင်းသောကျမ်း။

# ကဗျာများရှိစကားသံသွေဖည်မှု၏အာနိသင်

ခင်ဝင့်နွယ်[၁]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ကဗျာများ၌တွေ့ရသော စကားသံသွေဖည်မှု၏အာနိသင်ကို ဖော်ထုတ်တင်ပြထားပါသည်။ စာပေသည်ဘာသာစကားကိုအသုံးပြု၍ ရေးသားရသည်။ကဗျာစာပေအဖွဲ့ကို ရေးစပ်ရာ၌ ကာရန်နည်းစံနစ် မှန်ကန်စေရန်လည်းကောင်း၊ အနက်အဓိပ္ပာယ်ထင်ရှားစေရန်လည်းကောင်း၊ ကဗျာစာဆိုတို့သည် စာဆိုအခွင့်ထူးတစ်ရပ်ကိုယူ၍ ရေးဖွဲ့ခဲ့ကြသည်။ ထို့သို့ရေးဖွဲ့ရာမှစကားသံ သွေဖည်မှုများ ဖြစ်ပေါ်လာပြီး ထိုသွေဖည်မှုများကြောင့်ပင်လျှင် ကဗျာ၏အာနိသင်သည် ထက်မြက်စူးရှလာရသည်။

**သော့ချက်ဝေါဟာရများ** – ဘာသာစကား၊ ကာရန်၊ အနက်၊ သွေဖည်မှု၊ အာနိသင်။

## နိဒါန်း

ဤစာတမ်းသည် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့(၂၄)ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲတွင် ဖတ်ကြားတင်သွင်းသော စာတမ်းဖြစ်ပါသည်။ မြန်မာစာပေတွင် စကားပြေနှင့်ကဗျာဟူ၍ ရှိသည့်အနက် ကဗျာတွင်တွေ့ရှိရသော စကားသံသွေဖည်မှုကို လေ့လာတင်ပြထားပါသည်။ ကဗျာတွင် အစသံ၊ အလယ်သံ၊ အဆုံးသံဖျောက်၍ဖွဲ့စပ်ခြင်း၊ အစသံ၊ အလယ်သံ၊ အဆုံးသံတိုး၍ဖွဲ့စပ်ခြင်း၊ ကာရန်နှင့်ကိုက်ညီအောင် သရသံပြောင်းသုံးခြင်း စကားလုံး၏ဗျည်းသရသံများကို ရှေ့နောက်နေရာလဲလှယ်၍သုံးခြင်း၊ အမြင်ကာရန်ယူခြင်းများဖြင့် စကားသံသွေဖည်မှုကို လေ့လာတင်ပြထားပါသည်။ ထို့သို့ စကားသံသွေဖည်၍ ရေးဖွဲ့ခြင်းကြောင့်ပင်လျှင် ကဗျာသည် ဆန်းသစ်သော အနက်အဓိပ္ပာယ်ကို ထူးခြားစေသော အာနိသင်ကိုရရှိသည်ကို လေ့လာဆန်းစစ် တင်ပြထားပါသည်။

## သုတေသနရည်ရွယ်ချက်

ကဗျာစာဆိုများသည် အတွေ့အကြုံ၊ ခံစားချက်၊ အမြင်များဖြင့် ကဗျာကိုဖွဲ့စပ်ရာ၌စကားသံသွေဖည်မှုကြောင့် ကဗျာ့အရည်အသွေးထက်မြက်လာရသည်ကိုသိရှိစေရန် ရည်ရွယ်ပါသည်။

## သုတေသနမေးခွန်း

ဤစာတမ်းနှင့်ပတ်သက်ပြီး အောက်ပါသုတေသနမေးခွန်းများ ပေါ်ထွက်လာပါသည်။

(၁) စကားသံ စံသွေမှုဟူသည် အဘယ်နည်း။

(၂) စကားသံစံသွေမှုဖြင့် ဖွဲ့စပ်ထားသော ကဗျာသည် ကာရန်စည်းကမ်း ညီညွတ်မှု ရှိ၊ မရှိ။

(၃) ထိုကဗျာများသည် ကဗျာစာဆိုဖော်ပြချင်သော ရည်ရွယ်ချက်ပြီးမြောက်မှု ရှိ၊ မရှိ။

---

[၁] မြန်မာစာဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်

## မြန်မာကဗျာနှင့်စံသွေမှုသဘော

စာပေဆိုသည်မှာစိတ်ကူးဉာဏ်ဖြင့် ဖန်တီးရေးဖွဲ့သောစာပေ၊ ရသစာပေကိုဆိုလိုပါသည်။ တစ်ဖန်ထိုစာပေအဖွဲ့ကို ဘာသာစကားဖြင့် ပုံဖော်ထားပါသည်။ စာပေအဖွဲ့ဟုဆိုရာတွင်လည်း စကားပြေနှင့် ကဗျာဟူ၍ အပိုင်းနှစ်ပိုင်းပါဝင်ပါသည်။ ကဗျာနှင့်စကားပြေကို နှိုင်းယှဉ်ကြည့်လျှင် ဘာသာစကားသုံးနှုန်းရာ၌ကဗျာကစကားပြေထက် လွတ်လပ်မှုရှိကြောင်းတွေ့ရသော်လည်း ဖွဲ့စပ်ပုံအရကြည့်လျှင်မူ ကဗျာကစကားပြေလောက် လွတ်လပ်မှုမရှိပေ။ ကဗျာတွင်အသံဆိုင်ရာ စည်းကမ်းများ၊ ကာရန် ယူပုံဆိုင်ရာ စည်းကမ်းများ၊အသံအရေအတွက်ဆိုင်ရာစည်းကမ်းများ၊ စကားလုံးအနက်အဓိပ္ပာယ် ကျစ်လျစ်ခြင်း၊ ရည်ရွယ်ချက်ကိုတိုတိုရှင်းရှင်းနှင့် တင်ပြရခြင်းစသည့် စည်းကမ်းဘောင်အတွင်း ဖွဲ့စပ်ရသည်။ ကဗျာရေးဖွဲ့ရာတွင် ထိုစည်းကမ်းချက်များ၏ ဘောင်အတွင်းကရေးဖွဲ့ရသဖြင့် လွတ်လပ်မှုနယ်ပယ်ကျဉ်းမြောင်းသည်။ ထိုကဲ့သို့လွတ်လပ်မှုနယ်ပယ် ကျဉ်းမြောင်းသဖြင့် ဘာသာစကား၏ စည်းမျဉ်းစည်းကမ်းများကိုလျစ်လျူရှု၍လွတ်လပ်မှုအခွင့် အရေးကိုရယူ၍ အများဆုံးအသုံးပြုခဲ့ရာ စာဆိုအခွင့်အထူးများရရှိခဲ့သည်။ စာဆိုအခွင့်အထူးနှင့်ပတ်သက်၍ အင်တီစီစာပေ ဝေါဟာရအဘိဓာန်တွင် -

> "ကဗျာတစ်ပုဒ်ပီပြင်စွာ ဖြစ်ပေါ်လာရန်အတွက် ပုံမှန်စကားလုံးအစ အစဉ်များကို ပြင်ခြင်း၊ အသံထွက်တစ်မျိုးတစ်မည် ဖြစ်စေခြင်းအမြင် ကာရန်များဖန်တီးခြင်း၊ ပေါရာဏစကားလုံးများ အသုံးပြုခြင်း၊ စကားလုံးအသစ်များ တီထွင်ခြင်းတို့သည် လွတ်လပ်စွာဖန်တီးလေ့ရှိသော ကဗျာဆရာတို့တွင်ရှိသည့် လိုင်စင်ပင်ဖြစ်သည်။"
>
> (Mornor, 1998, 169)

ဟူ၍ဆိုထားပါသည်။ ထိုဖွင့်ဆိုချက်အရ ကဗျာရေးသူတို့၏ လွတ်လပ်စွာစကားလုံးများကို ဖန်တီးအသုံးပြုခွင့်ကို တွေ့မြင်နိုင်ပါသည်။

စာဆိုအခွင့်ထူးကို အပြည့်အဝယူ၍ရေးဖွဲ့ခြင်းဖြင့် သုံးရိုးသုံးစဉ်နှင့်သွေဖည်နေသော အလွန်ကွဲပြား ခြားနားသော ထူးခြားဆန်းစစ်သော အသုံးအနှုန်းများ ပေါ်ပေါက်လာသည်။

"သွေဖည်" ဟူသော စကားလုံး၏အနက်ကို ဝက်(ဘ်)စတားအဘိဓာန်တွင် -

> "စံနှုန်းမူတစ်ခုခုမှ ဘေးချော်ထွက်သည်။ လမ်းလွှဲသည်။ ပင်မလမ်းကြောင်းမှ ထွက်သွားသည်။" (Webster's New World Dictionary, 1991, 777)

ဟူ၍လည်းကောင်း၊

ဂျက်ဖရီလိချ်က -

> "လက်ာနှင့်စပ်သော ဘာသာစကားသည် သဘောတူညီချက်ကို ဆန့်ကျင်စေနိုင်သည်။ တိမ်းယိမ်းလမ်းလွှဲစေနိုင်သည်။ အထူးအားဖြင့် သုံးရိုးသုံးစဉ် ဘာသာစကားနှင့် ကွဲပြားခြားနားသည်။ အချို့သည်ထင်ရှား သိမြင်လွယ်စေသော အနက်ကိုရ၍အချို့သည် လျှို့ဝှက်သိပ်သည်းသော အနက်ကိုဆောင်သည်။ ထိုအရာတို့သည် သွေဖည်မှု၏ တန်ဖိုးအကြောင်းရင်းဖြစ်သည်။" (Leech, GN, 1969, 5)

ဟူ၍ ဖွင့်ဆိုထားပါသည်။

ထို့ကြောင့်စိတ်ကူးစိတ်သန်းဖြင့် ဖန်တီးရေးဖွဲ့သော ရသစာပေအဖွဲ့တွင်စာဆိုအခွင့်ထူးဖြင့် ဘာသာစကားကို သုံးရိုးသုံးစဉ်မှသွေဖည်၍ ရေးဖွဲ့သည့်အတွက် ကဗျာစွမ်းအင်သည် ထူးခြားလေးနက်လာစေသည်။ ထင်ရှားတောက်ပြောင်လာစေသည်ကို တွေ့ရပါသည်။

**စကားသံသွေဖည်မှုဟူသည်**

ဘာသာစကားဟူသည် စကားသံများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ စကားသံသည်လည်း လူတို့၏နှုတ်မှထွက်ပေါ်၍လူအချင်းချင်း အပြန်အလှန်ဆက်သွယ်နိုင်ပြီး အနက်အဓိပ္ပာယ်ရှိသော အသံဖြစ်ပါသည်။

မြန်မာအဘိဓာန်တွင် အသံ၏အဓိပ္ပာယ်ကို -

"အသံ၊ န–နားဖြင့်ကြားရသော အာရုံ"(မြန်မာစာအဖွဲ့၊ ၁၉၉၉၊ ၃၇၁။)

ဟူ၍ ဖွင့်ဆိုထားပါသည်။

"နားဖြင့်ကြားရသောအာရုံ"ဟု ဆိုရာတွင်ကဗျာရေးသူတို့သည် စိတ်ကူးဉာဏ်အာရုံ ကျက်စားမှု အတိမ်အနက်ပေါ် မူတည်၍လည်းကောင်း၊ ဘဝအသိ၊ ဘဝသတိကိုပေးချင်သည့် အာရုံကြောင့်လည်းကောင်း ကဗျာကိုရေးဖွဲ့လေ့ရှိကြပါသည်။

ထိုကဗျာတွင် အသံအနိမ့်အမြင့်အတက်အကျများ တစ်သားတည်းကပ်ပါလာသည်ကို မောင်ခင်မင် (ဓနုဖြူ)က -

"စကားသံပါလာသည်နှင့် အသံအနိမ့်အမြင့် အတက်အကျ သဘောသည်လည်း တစ်ပါးတည်း ကပ်ပါလာစမြဲပင်။ ထို့ကြောင့် စကားသံအနိမ့် အမြင့်အတက်အကျရှိရခြင်းသည် ဘာသာစကား၏ အခြေခံသဘော တစ်ရပ် ဖြစ်ပါသည်။"

(ခင်မင်၊ မောင်(ဓနုဖြူ)၊ ၁၉၈၅၊ ၃၈၁။)

ဟူ၍ ဖွင့်ဆိုထားပါသည်။

တစ်ဖန် ရေးဟန်ပညာရှင် ကေတီဝေးလ်စ်က -

"အသံမှန်များ သို့မဟုတ် အသံအစုဝေးတို့သည် နည်းဥပဒေများဖြင့် လွှမ်းမိုးထားသည်။ သို့မဟုတ်အဓိပ္ပာယ်ဆိုလိုချက်ကို ထူးခြားထင်ရှားသော နည်းအချို့တို့ဖြင့် ဖော်ပြထားသည်။" (Wales, Katice, 1968. 363)

ဟူ၍ ဖွင့်ဆိုထားပါသည်။

ကဗျာသည် ရသစာပေအဖွဲ့ ဖြစ်သည်နှင့်အညီ စာဖတ်သူတို့ကို ရသခံစားမှု၊ နှစ်သက်မှုပေးစွမ်းနိုင်ရပါသည်။ ထိုသို့နှစ်သက်မှုဖြစ်ပေါ်စေရန် ကဗျာတွင်အသံအဆင်တန်ဆာဖြင့် ဖန်တီးလေ့ရှိပါသည်။ ထိုသို့ရေးဖွဲ့ရာတွင်ကဗျာတွင် အသံဆိုင်ရာစည်းကမ်းများ ကာရန်ယူပုံဆိုင်ရာ စည်းကမ်းများ၊ အသံ

အရေအတွက်ဆိုင်ရာ စည်းကမ်းများ၏ သတ်မှတ်ဘောင်အတွင်းမှ ရေးဖွဲ့ရသဖြင့်ကဗျာစာပေအဖွဲ့တွင် လွတ်လပ်မှုနယ်ပယ် ကျဉ်းမြောင်းသည်။ ထိုသို့လွတ်လပ်မှုနယ်ပယ် ကျဉ်းသဖြင့်ကဗျာစာဆိုသည် စာဆို့အခွင့်ထူးတစ်ရပ်ကိုယူ၍ ကဗျာကိုလွတ်လပ်စွာ စပ်ဆိုခဲ့ကြသည်။ ထိုသို့စပ်ဆိုခြင်းအားဖြင့် သုံးရိုး သုံးစဉ် ဘာသာစကား၏ အသံနှင့်ကွဲပြားခြား နားခဲ့ရသည်။

စကားသံသွေဖည်မှုများအနက် စကားလုံးတို့၏ အစသံ၊ အလယ်သံ၊ အဆုံးသံမြုပ်ထားခြင်း ကြောင့်ဖြစ်ပေါ်လာသော သွေဖည်မှုများသည်ကဗျာတွင် ထင်ရှားသော လက္ခဏာတစ်ရပ်ဖြစ်သည်။

**စာပေလေ့လာဆန်းစစ်ချက်**

ကဗျာများ၌တွေ့ရသော စကားသံသွေဖည်မှု၏အာနိသင်ကို သုတေသနပြုရာတွင် ပညာရပ် ဆိုင်ရာစာအုပ်စာတမ်းများ၊ စကားသံသွေဖည်မှုဆိုင်ရာ စာအုပ်စာတမ်းများနှင့် သုတေသနစာတမ်း များကို ဖတ်ရှုလေ့လာ၍ ဆန်းစစ်တင်ပြထားပါသည်။

**နည်းနာ**

ဤစာတမ်းကို သုတေသနပြုရာ၌ နည်းနာတွင် ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသနနည်းနာ တို့ကို အသုံးပြုထားပါသည်။

**ပညာရပ်ဆိုင်ရာနည်းနာ**

ပညာရပ်ဆိုင်ရာ နည်းနာများအဖြစ် စာပေနယ်ပယ်မှ စကားသံသွေဖည်မှုနည်းနာဖြင့် ချဉ်းကပ် လေ့လာပါသည်။ စကားသံသွေဖည်မှုနှင့်ပတ်သက်၍ ဤစာတမ်းတွင် အသုံးပြုထားသော စကားသံ သွေဖည်မှုများကို တင်ပြထားပါသည်။

**စကားသံသွေဖည်မှု**

ကဗျာရေးသူသည် ကဗျာတစ်ပုဒ်ကို ရေးဖွဲ့ရာတွင် မိမိဆိုလိုချင်သော၊ဖော်ပြလိုသောအနက် အဓိပ္ပာယ်သို့ သက်ရောက်စေရန် အလင်္ကာဆင်တန်ဆာများသာမက ဥပမေယျအခိုင်းအနှိုင်း တင်စားခြင်း အနက်သဘောများအပြင် စကားလုံး၏အသံဖြင့်လည်း ပုံဖော်လေ့ရှိပါသည်။ ဤတွင်ကဗျာ၏ အသံ ဆိုင်ရာ စည်းမျည်းစည်းကမ်းများဖြင့် ကိုက်ညီစေရန် ဝေါဟာရတို့၏အသံကို စာဆိုအခွင့်ထူးဖြင့် သုံးရိုးသုံးစဉ်မှသွေဖည်၍ ရေးဖွဲ့လေ့ရှိပါသည်။ ထို့ကြောင့် ဇော်ဂျီ၊ ဗန်းမော်ညိုနွဲ့၊ ပျဉ်းမနားမောင်နီသင်း၊ ဒေါင်းနွယ်ဆွေ၊ သခင်ကိုယ်တော်မှိုင်း၊ ငွေတာရီ၊ ကြည်အောင်၊ ကြည်အေးတို့၏ ကဗျာများမှ အသံ သွေဖည်မှုကို လေ့လာရာတွင် –

(က) အစသံဖျောက်ခြင်း

(ခ) အလယ်သံဖျောက်ခြင်း

(ဂ) အဆုံးသံဖျောက်ခြင်း

(ဃ) အစသံတိုးခြင်း

(င) အလယ်သံတိုးခြင်း

(စ) အဆုံးသံတိုးခြင်း

(ဆ) ကာရန်ကိုက်အောင် သရသံပြောင်းသုံးခြင်း

(ဇ) စကားလုံး၏ ဗျည်းသရသံများကို ရှေ့နောက်နေရာလဲလှယ်သုံးခြင်း

(ဈ) အမြင်ကာရန်ယူခြင်း

ဟူ၍ သွေဖည်မှု (၉)မျိုးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**သုတေသနနည်းနာ**

ဤစာတမ်းတွင် ကဗျာများရှိ စကားသံသွေဖည်မှုများ ထွက်ပေါ်လာရေးအတွက် သုတေသန နည်းနာများထဲမှ ဆန်းစစ်လေ့လာနည်း (Survey Method) ဖြင့်လည်းကောင်း၊ ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်နည်း (Analytical Survey Method)ဖြင့်လည်းကောင်း အသုံးပြု လေ့လာထားပါသည်။

**လေ့လာတွေ့ရှိချက်**

ဤအခန်းတွင် အသံသွေဖည်မှုများထဲမှ ကဗျာတွင်အစသံ၊ အလယ်သံ၊ အဆုံးသံဖျောက်၍ ဖွဲ့စပ်ခြင်း၊ အစသံ၊ အလယ်သံ၊ အဆုံးသံ တိုး၍ဖွဲ့စပ်ခြင်း၊ ကာရန်နှင့်ကိုက်ညီအောင် သရသံပြောင်းသုံး ခြင်း၊ စကားလုံး၏ဗျည်းသရသံများကို ရှေ့နောက်နေရာ လဲလှယ်၍သုံးခြင်း၊ အမြင် ကာရန်ယူခြင်းများ ဖြင့် စကားသံသွေဖည်မှုများကို အခြေတည်ကာ ဇော်ဂျီ၊ ဗန်းမော်ညိုနွဲ့၊ ပျဉ်းမနားမောင်နီသင်း၊ ဒေါင်းနွယ်ဆွေ၊ သခင်ကိုယ်တော်မှိုင်း၊ ငွေတာရီ၊ ကြည်အောင်၊ ကြည်အေး တို့၏ကဗျာများကို ဆန်းစစ် လေ့လာထားပါသည်။

**အစသံဖျောက်ခြင်း**

ကဗျာစာဆိုတို့သည် လင်္ကာ၊ ကဗျာများကိုရေးဖွဲ့ရာတွင် လိုအပ်သော အသံအရေအတွက်နှင့် ကိုက်ညီစေရန် အစသံဖျောက်၍ ရေးဖွဲ့လေ့ရှိကြသည်။ လင်္ကာများသည် တစ်ပဒတွင် အသံလေး သံထည့်သွင်း ဖွဲ့စပ်ရသော ဥပဒေရှိထားသည်။

ဇော်ဂျီ၏ **"ပြောလိုက်ပါဘိ ဟောပါဘိ"** ကဗျာတွင် အစ်ကိုဖြစ်သူက ညီဖြစ်သူ၏ သားငယ်ကို ကိုလိုနီနယ်ချဲ့တို့၏ ကျွန်သဘောက်ဘဝမှ လွတ်မြောက်အောင် ဆောင်ရွက်ပေးခဲ့သည့် ဗိုလ်ချုပ် အောင်ဆန်းကဲ့သို့ တိုင်းပြည်ကိုချစ်စေချင်သည်။ ခင်တွယ်စေချင်သည်။ မြတ်နိုးစေချင်သည့် သဘောကို -

"ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏သားငယ်၊ နှစ်ဆယ်သက်စစ်
သူတို့ခေတ်၌
တိုင်းချစ်ပြည်ခင်၊ မြတ်စေချင်၏
မင်းမြင်ငါကြား၊ စကားဥဒါန်း
ဆန်း၏သတ္တိ၊ ဆန်း၏သမာဓိ
ဆန်း၏ပညာ၊ ဆန်းမှာဆုံပေါင်း
ယောကျ်ားကောင်းတို့၊ ခေါင်းဆောင်သဘော

မင့်သားချောကို
ပြောလိုက်ပါဘိ ဟောပါဘိ"(ဇော်ဂျီ၊ ၁၉၉၈၊ ၂၀၈)

ဟူ၍ ရေးဖွဲ့ထားသည်။

တိုင်းပြည်ခေါင်းဆောင်တစ်ဦး၏ တိုင်းပြည်ချစ်စိတ်ကို ညီအစ်ကိုနှစ်ဦး၏အမြင်အကြားမှ တစ်ဆင့်ပြည်သူထုတစ်ရပ်လုံးဆီသို့ အရောက်ပို့ဆောင်လိုသည့် သဘောကိုဖွဲ့ဆိုထားသည်။ "ဆန်း၏ သတ္တိ၊ ဆန်း၏သမာဓိ၊ ဆန်း၏ ပညာ၊ ဆန်းမှာဆုံပေါင်း" ဟူ၍ သခင်အောင်ဆန်း ဆိုသည့် စကား၏ ရှေ့စာလုံး "အောင်"ကို ချန်လှပ်၍ "ဆန်း" တစ်လုံးတည်း ယူ၍ရေးဖွဲ့ထားသည်။ ဤသို့ရေးဖွဲ့ လိုက်ခြင်းဖြင့် တိုင်းပြည်၏ ခေါင်းဆောင်တစ်ဦးတွင် ရှိသောသတ္တိ၊ သမာဓိ၊ ပညာတို့ ပေါ်လွင်လာစေ သည့်အပြင် ကဗျာဖတ်သူတို့အနေဖြင့် စာဆို၏တိုင်းပြည်ခေါင်းဆောင်အပေါ် နှစ်သက်မြတ်နိုးခြင်း၊ လေးစားခြင်း၊ အားကိုးခြင်းခံစားမှုတို့ကို သိမြင်လာစေသည်။

ဇန်းမော်ညိုနွဲ့၏ **"အရီးတို့ဆိုင်"** ကဗျာတွင် တပေါင်းလတွင်ပြိုမလိုနှင့် ယိုင်နဲ့နေသော အိမ်ဆိုင်လေးကို လှမ်းမြင်လိုက်မိပုံကို စတင်ဖွဲ့စပ်ထားပြီး စာဆို၏အတွေးတွင် တပေါင်းလဘုရားပွဲ ကျင်းပပုံနှင့် ဆက်စပ်ဖော်ပြထားသည်။ ရွာဘုရားပွဲတွင် ရွာသူရွာသားများ ဝင်ရောက်ကပြကြရာတွင် လိုအပ်သော ဘီး၊ ဆန်ထိုး၊ ဆန်ညှပ်၊ ရင်ထိုး အမျိုးစုံကို အရီးချိုအိမ်ဆိုင်တွင် ဝင်ယူကြပုံကို -

"မခိုင်တဲ့လေဘူး
ယိုင်နဲ့ကာ ပြိုမလိုနှင့်
အရီးချိုအိမ်ဆိုင်လေးကိုလ
ပြေးမြင်မိတပေါင်းနွေ။
ရွာဘုရားမှာပေါ့
ရွာသားတွေ သဘင်ဟန်သို့
ဗျာပါဆံ တစ်ဆုပ်တစ်ခဲငယ်နှင့်
ရွာပွဲမှာ ကိုယ်တိုင်ကူကြတော့
ပန်းစက္ကူ ဆံညှပ်၊ ဆံထိုးငဲ့ပြင်
ဖီးသင်စရာ ဘီးရင်ထိုးတွေတို့
မျိုးစုံအောင် ဆိုင်မှာဝယ်ကြ
ပေါ့လိပ်ကယ်ထွာတညိုနှင့်
အရီးချို ဖူးပြင်ထက်မှာ
ချွေးကွက်လို့နေ။"(ညိုနွဲ့၊ ဇန်းမော်၊ ၁၉၆၃၊ ၈၁။)

ဟု ရေးဖွဲ့ထားရာ ဆေးပေါ့လိပ်ကို "ပေါ့လိပ်" ဟူ၍လည်းကောင်း၊ နဖူးကို "ဖူး" ဟူ၍လည်းကောင်း အစသံဖျောက်၍ ရေးဖွဲ့ထားသည်။ ဤသို့အစသံဖျောက်၍ ရေးဖွဲ့လိုက်ခြင်းဖြင့် ရင်းနှီးကျွမ်းဝင်သော လေသံပါလာပြီး နှစ်သက်စဖွယ်ဖြစ်လာရသည်။ တောဓလေ့ အငွေ့ကျေးလက်၏ရနံ့ သွင်ပြင်ကို ခံစားရစေပါသည်။

**အလယ်သံဖျောက်ခြင်း**

ကဗျာစာဆိုတို့သည် ကဗျာတစ်ပုဒ်ကိုရေးဖွဲ့ရာတွင် အသံအရေအတွက် လိုအပ်ချက်နှင့် ကိုက်ညီစေရန် အလယ်သံဖျောက်၍ ရေးဖွဲ့လေ့ရှိကြသည်။

ပျဉ်းမနားမောင်နီသင်း၏ **"စာလက်ဆောင်"** ကဗျာတွင် ဆရာသမားကို ရိုသေစွာဆက်ဆံ၍ ပညာကိုသင်ကြားရန် -

"ချစ်ချစ်ကယ်ကြင်ကြင်
လုံ့လမွေးမြူနှင့် ရေးရှုနာစကား
ထားလော့စိတ်တွင်။
စက်ရွှေမှာ ခိုဝတ်လို့
ရိုညွတ်ကယ် တတ်ကုန်စင်
သင်ပေရစမြဲ။
ကျင့်ဝတ်ကယ်ငါးဖြာနှင့်
ဆရာကို သက်သာခွင့်
ပေးလင့်ဖန်လဲ။ ။(နီသင်း၊ မောင်၊ ပျဉ်းမနား၊ ၁၉၆၈၊ ၃၆။)

ဟူ၍ရေးဖွဲ့ထားသည်။ ပညာကိုသင်ကြားရာတွင် လုံ့လဝီရိယစိုက်ထုတ်၍ သင်ကြားရပုံ၊ ဆရာ၏စကားကိုနာခံရပုံတို့နှင့်တကွ ဆရာ့ထံပါးတွင် တပည့်ဝတ်ငါးဖြာနှင့်အတူဆည်းကပ်လုပ် ကျွေးသင့်ပုံ၊ အတတ်ပညာကို ကုန်စင်အောင်သင်ကြားသင့်ပုံနှင့် ဆရာသမားကို "ရိုသေကိုင်းညွတ်"စွာ ဆက်ဆံရမည်ကိုမှာကြားရေးဖွဲ့ရာ၌ "ရိုညွတ်" ဟူ၍ အလယ်သံဖျောက်၍ ရေးဖွဲ့ထားသည်။ ဤသို့အလယ်သံ ဖျောက်၍ ရေးဖွဲ့ထားသော်လည်း ကဗျာ၏အဓိပ္ပာယ်ကို ယုတ်လျော့မှုမရှိပေ။ စကားသုံးကျစ်လျစ်ပြီး ကဗျာဆန်သွားသည်။

ဇော်ဂျီ၏ **"ဝိဓူရဒုက္ခ"** ကဗျာတွင် ဝိဓူရ အမတ်၏တရားကို နားချင်သဖြင့် ဝိမလဒေဝီက ဝိဓူရအမတ်၏ နှလုံးသည်းပွတ်ကို လိုချင်သည်ဟု ခင်ပွန်းသည် နဂါးမင်းအား လျှောက်သည်။ ဤတွင် သမီးတော်ဣရန္ဓတီက ဝိဓူရအမတ်၏နှလုံးသားကို ဆောင်ယူပေးနိုင်သူအား ခင်ပွန်းပြုမည်ဟု တေးသီဖွဲ့ရာတွင် ပုဏ္ဏကဘီလူးသည် ကောရဗျမင်းနှင့် ကြွေအန်ကစားပြီးနောက် အနိုင်ရကာ ဝိဓူရအမတ်ကို နဂါးပြည်သို့ ခေါ်ဆောင်လာသည်။ ဤသို့ခေါ်ဆောင်လာရာတွင် ဝိဓူရအမတ်၏ နှလုံးသားကိုယူရန် လမ်းခရီး၌ အမျိုးမျိုးညှင်း ပန်းနှိပ်စက်ခဲ့ပုံကို ရေးဖွဲ့ထားသည်။ ဝိမလာဒေဝီ၏ ပရိယာယ်ဉာဏ်ဆင်မှုကြောင့် ဝိဓူရအမတ် ဒုက္ခရောက်ရပုံကို -

"ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်းလည်းဝမ်းပါး၊ ငါလည်းပါး၏
နဂါးမိဖုရား၊ ဆိုဝိုးဝါးကြောင့်
နဂါးမင်းအို၊ မယားငိုလျှင်

လိုလိုက်ချင်အား၊ သိဝိုးဝါးကြောင့် ….
ချစ်ကြွားကြွကြွ၊ ပုဏ္ဏကသည်
ပြလိုပြစား၊ သိဝိုးဝါးကြောင့် ….
ဘုရား ဘုရား
ဘုရားတမိ၊ တို့မချိခဲ့
သိပြီစင်စစ်၊ ဖြစ်ရလေခြင်း
မတ်မင်းဒုက္ခ၊ ကြီးလိုက်ရသည်
နာဂပြည်သို့မရောက်ခင်တည်း။" (ဇော်ဂျီ၊ ၁၉၉၈၊ ၂၂၁။)

ဟူ၍ ရေးဖွဲ့ထားသည်။

ဤတွင် နဂါးမင်းမိဖုရားဝိမလာဒေဝီ၏ ပရိယာယ်ဖြင့်ပြောသော စကားကို "ဆိုဝိုးဝါး" ဟူ၍ လည်းကောင်း၊ နဂါးမင်း၏ အမှန် ကိုမသိသောအဖြစ်ကို "သိဝိုးဝါး" ဟူ၍ လည်းကောင်း၊ ဝိဓူရအမတ်၏ နှလုံးကို ပုဏ္ဏက၏ ရယူလိုမှုကိုလည်း "သိဝိုးဝါး" ဟူ၍လည်းကောင်း ရေးဖွဲ့ထားသည်။ အမှန်အတိုင်း ပြည့် ပြည့်ဝဝ၊ အကုန်အစင် မသိသောအသိကို "ဝိုးတဝါး" ဟု ရေးရမည့်အစား "ဆိုဝိုးဝါး"၊ "သိဝိုးဝါး" ဟု အလယ်သံ (တ) ကိုဖျောက်၍ ရေးဖွဲ့ထားသည်။ ဤကဗျာသည် လေးလုံးစပ် ကဗျာကာရန် စနစ်ကို အသုံးပြု၍ ရေးဖွဲ့ထားသော ကဗျာဖြစ်သည်။ ထို့ကြောင့် အသံအရေ အတွက်ညီစေရန် အသံသွေဖည်၍ ရေးဖွဲ့ထားသော်လည်း ကဗျာသည် အနက်အဓိပ္ပာယ် ပေါ်လွင်ထင်ရှားသည်ကို တွေ့ရသည်။ ကဗျာ ရွတ်ဆိုရာ၍လည်း အသံအားဖြင့် ပို၍ နှစ်သက်ဖွယ်ကောင်းလာသည်ဟုဆို နိုင်ပါသည်။

**အဆုံးသံဖျောက်ခြင်း**

ကဗျာစာဆိုတို့သည် ကဗျာရေးဖွဲ့ရာတွင် အသံ အရေအတွက်ကိုက်ညီရန်၊ ကာရန်လိုက်ဖက်ရန် သုံးရိုးသုံးစဉ် အသုံးအနှုန်းများမှ သွေဖည်ကာ ဝေါဟာရတို့၏အဆုံးသံကို ဖျောက်၍လည်း ရေးဖွဲ့တတ်ပါသည်။

ဇော်ဂျီ၏ **"မယ့်သဘော"** ကဗျာတွင် ချောင်းတစ်လျောက် လတာများ၊ နှံများပြည့်လာ၍ ချောင်းတိမ်ကောလာသဖြင့် ကျူရိုးရှင် လက်မှိုင်ချ၍ ငေးမောနေရသည်။ ချောင်းပေါက်တွင် ငါးပုံ့မြူး နေပုံ၊ ဆောင်းဦးတွင် ကောက်ရိတ်သိမ်းကြပုံ၊ ချောင်းတစ်လျှောက်တွင် အစုန်အဆန် သွားလာနေသော ပန်းဗေဒါ ၏ သဘောထားကို မေးမြန်းလိုက်ပုံကို –

"အို အချင်း ကျူရိုးရှင်။
ချောင်းပေါက်မှာ ငါးပုံ့မြူးပေမယ့်
ကိုယ်မမြူးနေလိုက်လျှင်။
ဆောင်းဦးပေါက်ပြီးမို့
ကောက်ပင်နွဲ့မှည့်ပြီရှင်၊ တံစဉ်ကိုပြင်ပြတော့။
အချိန်တန်စုန်ဆန်မြန်းတဲ့
ပန်းဗေဒါမယ့်သဘောကို၊ စောလိုက်ပါနော့" (ဇော်ဂျီ၊ ၁၉၉၈၊ ၁၉၆။)

ဟူ ရေးဖွဲ့ထားသည်။

ဤတွင် ကာရန်ကိုက်ညီစေရန် "ပန်းဗေ ဒါမယ့်သဘောကို စောလိုက်ပါနော့" ဟူ၍ "စောကြော" ဟု ရေးရမည့်အစား "စော" ဟူ ၍ အဆုံးသံဖျောက်၍ ရေးဖွဲ့ထားသည်။ ဤသို့ အဆုံးသံဖျောက်၍ ရေးဖွဲ့ထားသော်လည်း ကဗျာရေးသူ၏ ဆိုလိုချင်သော အနက် အဓိပ္ပာယ် သည် ယုတ်လျော့၍ မသွားပေ။

ဒေါင်းနွယ်ဆွေ၏ **"ပုလဲနိဒါန်းကဗျာများ"** သည်ဝတ္ထုကဲ့သို့ ဇာတ်အိမ်၊ ဇာတ်ဆောင်၊ ဇာတ်လမ်းများဖြင့် ရေးဖွဲ့ထားသော ကဗျာဝတ္ထုဖြစ်သည်။ "မာန်" ကဗျာဝတ္ထုတွင်လည်း ကျောက်ရဲတိုက်တွင် ကေရာဇ်သည်သူ၏ သမီးကိုကျိန်စာဆို၍ ပိတ်လှောင်ထားသည်။ ပင်တိုင်စံမင်းသမီး၏ ငိုကြွေးသံကိုကြား၍ သူဖုန်းစားစောင်းသမားလေးမှ မေးမြန်းဟန်ဖြင့် ဇာတ်လမ်းကို အစပျိုးထားသည်။ စောင်းသမားသည် ကျိန်စာကိုမေးမြန်း၍ ပင်တိုင်စံမင်းသမီးကို ကယ်တင်မည်ဟု ကတိပေးသည်။ ဤတွင်ပင်တိုင်စံမင်းသမီးက ကျောက်ရဲတိုက်တံခါးသည် လူသား၏နှလုံးသွေးဖြင့် ဖြန်းပက်မှ တံခါးပွင့်မည်ဟု ပြောကြားလိုက်သည်။ သခင်၏ပြည်နှင်ဒဏ်သင့်နေသော သူ၏ချစ်သူလာမည့်လမ်းကို စောင့်ဆိုင်းနေရသည်မှာ တစ်နွေနှောင်း၊ တစ်ဆောင်းလွန်၍ တစ်မိုးလည်းကုန်ခဲ့ပေပြီ။ နေထွက်နေဝင် ကြိမ်ဖန်များစွာ ကာလကြာခဲ့ပါပြီ။ အသင်သူဖုန်းစားသည် ငါ့အားသနားပါလျှင် ဤနေရာမှ အမြန်ခွာလော့ဟူ၍ သူ၏ဇာတ်လမ်းကို ပြန်ပြောင်းပြောဟန်ဖြင့် စပ်ဟပ်သီကုံးထားသည်။ စောင်းသမားသည် ပင်တိုင်စံမင်းသမီးအား နောက်ဆုံးအကြိမ်စောင်းသံဖြင့်ဖျော်ဖြေ၍ နံနက်လင်းတွင် အဝေးသို့ထွက်ခွာသွားလေသည်။ ဤသည်ကို "မာန်" ကဗျာပိုဒ်ရေ (၁၈) တွင် –

> "ခါတညတွင်၊ စောင်းမြသံညှင်း
> လွမ်းသီချင်းဖြင့်၊ ဆက်သွင်းတေးချို
> လွမ်းရေးဆိုသူ၊ လူညိုဖုန်းစား
> စောင်းသမားလည်း၊ ခုများဘယ်ဆီ၊
> မသိပြီတည့်၊ တေးဂီသံညု၊
> ဖွဲ့ပြုဆိုလှာ၊ မမြင်ကြာရှင့်၊
> ကြင်ရာငယ်ကျွမ်း၊ ရောက်လမ်းမျှော်ကြည့်၊
> လာလှည့်လှည့်လျှင်၊ နေ့ရှိသမျှ၊
> မျက်ရည်စလည်း၊ ဖြူလွပါးထက်၊
> စီးကြောင်းဆက်သည်၊
> ကော့မျက်တောင်ပင်၊ ညွတ်ညွတ်ကွေးလုတကား။" (ဒေါင်းနွယ်ဆွေ၊ ၁၉၆၁၊ ၁၂၃။)

ဟူ၍ ရေးဖွဲ့ထားသည်။

ဤတွင် တေးဂီတသံကို "တေးဂီသံ" ဟူ၍ အဆုံးသံချန်၍ ရေးဖွဲ့ထားသည်။ လေးလုံးစပ်ကဗျာဖြစ်၍ အဆုံးသံဖျောက်ရေးဖွဲ့ထားခြင်းသည် အသံသွေဖည်မှုကို ဖြစ်စေသော်လည်း ကာရန်ကိုက်စေရန် အထောက်အပံ့ပြုကြောင်း တွေ့ရသည်။

**အစသံတိုးခြင်း**

ကဗျာရေးသူတို့သည် ကဗျာတစ်ပုဒ်ကို ရေးဖွဲ့ရာတွင် အသံအရေအတွက်ကိုက်ညီရန်၊ ကာရန်လိုက်ဖက်ရန် သုံးရိုးသုံးစဉ်အသုံးအနှုန်းများမှသွေဖည်ကာ ဝေါဟာရတို့၏ အစသံကို တိုး၍လည်း ရေးဖွဲ့လေ့ရှိပါသည်။

သခင်ကိုယ်တော်မှိုင်း၏ **"သံဝေဂလေးချိုးကြီး"** ကဗျာသည် သီလရှင်ဆရာလေးများကို ဘာဝနာတရားများ သင်ကြားပြသပေးရင်း မြန်မာစာပေတွင် တံခွန်စိုက်ပုဂ္ဂိုလ်ကျော်များ ဖြစ်သော ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌ သာရ၊ စာဆိုနဝဒေး၊ စလေဦးပုညအစရှိသော ပုဂ္ဂိုလ်ကျော်ကြီးကို ကိုလိုနီခေတ်စာဆို ကျော်များကို ချီးမြှောက်မည့်သူမရှိပုံ၊ အမျိုးဘာသာ၊ သာသနာကို အရောင်အဝါ ထွန်းလင်းအောင် ကြံဆောင်ကြရာ၌ သည်းခံစိတ်ထားရှိကြရန် ရေးဖွဲ့ထားသော ကဗျာတစ်ပုဒ်ဖြစ်သည်။

"အမျိုးမြန်မာတွေရဲ့၊
ဘာသာအခြေဘောင်မှာ
သာသနာနေရောင်မညှိုးရအောင်လို့၊
အားကြိုးမည်အကြံအစည်ကြောင့်၊
မာန်တဖီဖီသိပ်ကာနှိပ်ကာ ပြောကြပေမဲ့၊
တခန္တီစိတ်မှာစောရပါတော့။
(အမယ်မင်း) သဘောကနဂိုရ်အတိုင်းပေမို့၊
အဟောအပြဆိုလဲမရိုင်းပါဘု။
(မယ်စန္ဒာရယ်) တောကကိုမှိုင်း" (မှိုင်း၊ ကိုယ်တော်၊ သခင်၊ ၁၉၆၈၊ ၃၀-၃၁။)

ဟူ၍ ရေးဖွဲ့ထားသည်။

ဤကဗျာတွင် သည်းခံခြင်းကို "ခန္တီ"ဟု သုံးစွဲရိုးရှိသော်လည်း "မာန်တဖီဖီ" နှင့် နဘေထပ်စေ၍ရန် "တခန္တီ" ဟူ၍ (တ) ရှေ့ဆက် တိုး၍ ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။ နဘေထပ်ကာရန်တို့နှင့် ရေးဖွဲ့ထားသော ကြောင့် အသံသာ၍ အနက်လှသည်ကို တွေ့ရ သည်။

ငွေတာရီ၏ **"သားသက်ဝေ"** ကဗျာသည် အမေသည် သားကလေးကို တေးသီချင်းသီဆို ၍ သိပ်ခဲ့ပုံကို ရေးဖွဲ့ထားသည်။ ဤတွင်လမင်းတွင် ရွှေယုန်ဝပ်နေပုံ၊ အဖိုးအိုဆံဖွပ်နေပုံ၊ ခိုဖြူခိုပြာ အဖမ်းခက်ပုံနှင့် နောက်ဆုံးတွင် ကြောင်ကြီးမြီးတိုက သားမောင်ကိုလာ၍ ဝါးစားလိမ့်မည်ဟူ၍ သားငယ်ကို အငိုတိတ်အောင်ချော့မော့ပုံကို ရေးဖွဲ့ထားသည်။ ဤကဗျာတွင် ပုခက်ထဲသို့ရောက်နေ သော သားလေး၏မျက်လုံးသည် ဖားကလေးကဲ့သို့ ပြူးကြောင်ကြောင်ရှိနေပုံ၊ ထိုသို့သားလေးကို အိပ်အောင် သိပ်ရပုံမှာလည်း ခိုဖြူခိုပြာအဖမ်းရခက်သကဲ့သို့ ခက်ခဲနေပုံ၊ သားလေးသည်မအိပ်ချင်၍ မျက်နှာလေး မဲ့လာပုံ၊ ထိုအခါ သားကလေးအငိုတိတ်ပြီး အိပ်ပျော်စေရန် ကြောင်ဖားကြီးမြီးတံတို အဆီကိုစား၍ အသားကိုဝါးလိမ့်မည်ဟု ခြိမ်းခြောက်ကာ အိပ်ပျော်စေရန် အမေကသိပ်ရပုံကို ရေးဖွဲ့ထားသော ကဗျာတစ်ပုဒ် ဖြစ်သည်။

"တူတူရေဝါးရယ်နဲ့
မေ့သားတဲ့ချော့စရာ
မိတ္တီလာကန်တော်အောက်ရယ်က
မေကောက်မယ် ကိုရွှေဖားရယ်နဲ့
သားသက်ဝေ လူကလေးကိုလ
တေးသီ၍သိပ်ခဲ့တာ။
ဩော် – ငွေစင်လမှာဖြင့်
မြင်ရတာ ပျော်စရာကွယ့်
ရွှေယုန်မှာ အသာဝပ်ပါလို့
ဆံဖွပ်အဖေအိုတို့
ရောင်စိုစိုအဟိုနန်းမှာလ
လျှမ်းတင့်သာယာ။"(ငွေတာရီ၊ ၁၉၆၀၊ ၃၄၈။)

ဟူ၍ ရေးဖွဲ့ထားသည်။

ဤကဗျာတွင် ကာရန်ညီစေရန်နှင့် နရီလည်းကိုက်စေရန်နှင့် လမင်းကိုနန်းနှင့်တင်စား၍ "အဟိုနန်း" ဟူ၍ အစသံတိုး၍ရေးဖွဲ့ထားသည်။ ထိုသို့အစသံတိုး၍ ရေးဖွဲ့ထားသောကြောင့် အသံအရေအတွက်ရော၊ ကာရန်ညီညွတ်မှုပါရှိသဖြင့် သားချော့ကဗျာအဖြစ် ရွတ်ဆိုရသည်မှာ အသံချိုသာပြေပြစ်မှုရှိသည်ကို တွေ့ရပါသည်။

## အလယ်သံတိုးခြင်း

ဒေါင်းနွယ်ဆွေ၏ **"မာန်"** ကဗျာပိုဒ်ရေ (၃၀)တွင် ကဗျာဝတ္ထုဖြစ်သည့်အလျောက် ရှေ့အပိုဒ်များနှင့် ဆက်စပ်ယူသော် သူဖုန်းစားစောင်းသမားသည် ပင်တိုင်စံမင်းသမီး၏ ကျိန်စာဆိုးကို သူ၏နှလုံးသွေးဖြင့် ဆေးကြောပက်ဖျန်းပေးပြီး ကျောက်ဖြူရုပ်တိုက် တံခါးကိုပွင့်စေ၏။ သို့သော် ပင်တိုင်စံမင်းသမီးသည် အမျိုးယုတ်ညံ့သည့် ဒွန်းစဏ္ဍားဇ၏သွေးဖြင့် လွတ်မြောက်ခွင့်သည် ရာဇဝင်ရိုင်းလှပေသည်ဟု ဟစ်အော်ပြောဆိုရာ သူဖုန်းစားစောင်းသမားလည်း သူ့နားကိုမယုံကြည်နိုင်စရာရှိခဲ့ရသည်။ ဤသည်ပင် ကဗျာဆရာဆိုလိုချင်သော "မာန်"၏အဓိပ္ပာယ်ဖော်ပြချက်ပင် ဖြစ်သည်။

"ရေတိမ်မနစ်၊ ရေလယ်နစ်သည့်
ပျို့မြစ်နုနယ်၊ သနားဖွယ်ကို
ငြိတွယ်မေတ္တာ၊ စေတနာပင်၊
စိုက်ပျိုးချင်လည်း၊ မြေပြင်ခင်းသန့်၊
မရှိရန်သူ၊ ဖုန်းသူတောင်းစား၊
စောင်းသမား၏၊ ကြီးမားကြီးထင့်၊
မြော်ကောင်းလင့်သော၊ သွေးဖြင့်စတေး၊
စွန်းစွန်းထေးသည့်၊ အတွေးကြေးမုံ၊

အလုံးစုံလည်း၊ အမှုံစိပ်စိပ်၊

အလိပ်လိပ်အက် ကွဲကြေပျက်တည့်။"(ဒေါင်းနွယ်ဆွေ၊ ၁၉၆၁၊ ၁၄၆–၁၄၇။)

ဤကဗျာတွင် စောင်းသမား၏ ရေတိမ်မှာမနစ်၊ ရေလယ်တွင်နစ်သည့်အဖြစ် သင်ခန်းစာပေးထားသည်။ မိမိ၏သွေးဖြင့်စတေးကာ မျှော်လင့်ထားရသည့် စေတနာ၊ မေတ္တာတို့ကို "မြော်ကောင်းလင့်သော" ဟူ၍ "ကောင်း"ဟု အလယ်စာလုံးတိုးကာ ရေးဖွဲ့ထားသည်။ လေးလုံးစပ်လင်္ကာသွားဖြင့် အသံပမာဏ ကိုက်ညီစေရန် အလယ်သံတိုး၍ ရေးဖွဲ့ထားသည်။ ထို့အတူပင် ဒေါင်းနွယ်ဆွေ၏ "ပျောက်ဆုံးနေသော ရဲတိုက်ကြီး" ရကန်သီလွမ်းချင်း ကဗျာပိုဒ်ရေ (၅)သည် အမှောင်တွင်းရှိ ကျောက်အိုရဲတိုက်၏ အသွင်ကို သရုပ်ဖော်ထားသည်။

"နှင်းဖြိုက်ဖြိုက် တဖုံဖုံ၊
မြူမှုံမှုံသမ်းသမ်းဝေ့၊
ကျွမ်းတမြေ့ချမ်းသလေ့၊
နွမ်းတသွေ့၊ လမ်းမတွေ့၊
လွမ်းခလေ့ရင်နာနာ၊
ကြင်ကြင်လှာလှဲ့၊ အဖော်မဲ့သူပမာ၊
ဆောင်သာဗွေအခန်းခန်း၊
မှောင်ပြာဝေအကန်းကန်း၊
တောင်သာလေ တဖျန်းဖျန်းရယ်နှင့်၊
ခြူးပန်းနွယ်လိမ်၊ ကျောက်အိမ်ရဲတိုက်၊
အထဲသို့ ဝင်လေလိုက်လျှင်
ခြကိုက်ပန်းပု၊ ရှေးဟောင်းပြုသည့်
အနုပညာ၊ လက်ရာရှေးဟောင်း၊
ကောက်ကြောင်း ယိုးဒယား၊ ပန်းခက်များနှင့်
ဆေးသားမှိန်မှိန်ပြယ်"(ဒေါင်းနွယ်ဆွေ၊ ၁၉၆၁၊ ၁၄၆–၁၄၇။)

ဤကဗျာတွင် "ဆောင်သာဗွေအခန်းခန်း၊ မှောင်ပြာဝေအကန်းကန်း"တို့နှင့် နဘေထပ် လျက်အသံချိုစေရန် "တောင်သာလေတဖျန်းဖျန်း" ဟုဆိုလိုက်သဖြင့် "တောင်လေ" ဟုသုံးစွဲလေ့ရှိသော ဝေါဟာရကို အလယ်စာလုံး (လာ)ကို တိုးကာ "တောင်သာလေ" ဟု သုံးရိုးသုံးစဉ်မှသွေဖည်၍ရေးဖွဲ့ ထားသည်။ ရကန်နှင့်လွမ်းချင်း ရောစပ်ရေးဖွဲ့ထားသည့် စာပေအဖွဲ့ပုံစံ ဖြစ်သည့်နှင့်အညီ ကာရန် ညီညွတ်မှုရှိစေရန် စကားလုံးကြားထိုး ဖွဲ့စပ်ခြင်းဖြင့် ကဗျာရေးသူ၏ ဆိုလိုချက်ကို ထိမိပေါ်လွင်စေပါ သည်။

**အဆုံးသံတိုးခြင်း**

ကဗျာစာဆိုသည် ကဗျာရေးဖွဲ့ရာတွင် အသံအရေအတွက် ကိုက်ညီရန် အတွက်လည်းကောင်း၊ ကာရန်ကိုငဲ့သော အားဖြင့်လည်းကောင်း၊ သုံးရိုးသုံးစဉ် အသုံးအနှုန်းများမှ သွေဖည်ကာ အဆုံးစာလုံး တိုး၍ ရေးဖွဲ့လေ့ရှိပါသည်။

ကြည်အောင်၏ **"သားဖျက်ပေးသော ဆရာဝန်တစ်ဦးနှင့် ခေတ်အပျို"** ကဗျာတွင်

"ပွြန်အပ်ချောင်းမှ
သွေးလောင်းကျဆင်း၊ အားသစ်သွင်းသော်
ယမင်းလှုပ်ယှက်၊ မျက်တောင်လက်ကာ
အသက်ပြန်ဝင်လာလေပြီ၊
ခေတ်အပျိုသည်
ပွြန်ညို့ကျဆင်း၊ သွေးပုလင်းကို
မျက်တွင်းဟောက်ပက်၊ မခပ်ယှက်ဘဲ
စိုက်လျက်ရှုငေး၊ ရင်မောတွေးသည်
"မည်သူ့သွေးများဖြစ်ပါလိမ့် ..." (ကြည်အောင်၊ ၁၉၆၅၊ ၆၂။)

ဟူ၍ရေးဖွဲ့ထားရာ "မျက်တောင်ခတ်သည်၊ မျက်တောင်မခတ်" ဟူ၍ ပုံမှန်ပြောဆိုရေး သားလေ့ရှိသည့် စံစကားတွင် မျက်တောင်မခတ်ဟူသောသဘောကို "မခတ်ယှက်" ဟူ၍ အဆုံးစကားလုံးတိုးကာ ရေးဖွဲ့ထားသည်။ ဤသို့ရေးဖွဲ့လိုက်ခြင်းဖြင့် မျက်တောင်များယှက်၍နေသော မျက်ဝန်းအစုံသည် မလှုပ်ရှားနိုင်ပုံကို ပေါ်လွင်စေသည်။ လေးလုံးစပ်လင်္ကာ၏ ပဒပုံစံပြည့်မီစေရန်လည်းကောင်း၊ ကာရန် ညီညွတ်စေရန်လည်းကောင်း၊ အဆုံးသံတိုး၍ ရေးဖွဲ့ထား သည်။

ဤသို့ဖြင့် ကဗျာစာဆိုတို့သည် အသံအရေအတွက် ကိုက်ညီရန်၊ ကာရန်ညီညွတ်မှုရှိစေရန် ကဗျာတွင်အသံချန်ခြင်း၊ အသံတိုး၍ဖွဲ့စပ်ခြင်းများကို စာဆိုအခွင့်ထူးယူ၍ လိုအပ်သလို ရေးဖွဲ့ခဲ့ကြသည်။

**ကာရန်ကိုက်စေရန် သရသံပြောင်းသုံးခြင်း**

ကဗျာစာပေအဖွဲ့သည် အသံဆိုင်ရာ၊ အသံအရေအတွက်ဆိုင်ရာ၊ ကာရန်ယူပုံ၊ ဖွဲ့ထုံးစဉ်း မျဉ်း များစွာရှိသဖြင့် လွတ်လပ်မှုနယ်ပယ် ကျဉ်းမြောင်းသည်။ ထို့ကြောင့် ကာရန်ယူလိုသော အသံနှင့် ကိုက်ညီအောင် စကားလုံး၏ သရသံကိုလိုအပ်သလိုပြောင်း၍ ရေးဖွဲ့ခြင်းဖြင့် သွေဖည်မှုများဖြစ်ပေါ် လာသည်။

ဇော်ဂျီ၏ **"မယဉ့်လမ်းပါလား"** ကဗျာသည် ချောင်းရိုးတစ်လျှောက် အပြာရောင်ဗေဒါပန်းများ ကစုန် ချည်၊ ဆန်ချည်နှင့်ရှိသလို ကမ်းဘေးက စံပယ်ပန်းများကလည်း ဗေဒါ၏ယော်ကျွမ်းဖြစ်ပုံ၊ ချောင်းရိုး အကွေ့တွင် ပျိုလေးနှင့်ချစ်တဲ့သူ၊ ကွင်းပြင်တွင်ရှိသော ဘုရား၏ထီးတော်မှ ဆည်းလည်း သံများက

တချွင်ချွင်နှင့် နိဗ္ဗာန်သို့ရောက်စေသော အသံများဖြစ်၍ နားဝင်ချိုလှပါသည်။ ဗေဒါကို လူအသွင်တင်စား ကာရည်ရွယ်ရာ ပန်းတိုင်သို့ရောက်အောင် သွားစေလိုသော စာဆို၏စေတနာပြယုဂ်ကို တွေ့ရသည်။

"ထီးတော်က တချွင်ချွင်၊ ကွင်းပြင်ကဘုရား။
နေမင်းညိုချိန်တန်ပေါ့
နိဗ္ဗာန်ကို စိတ်ကြွကူး၊ ဖူးချင်လျက်သား တဲ့။
ဖူးချင်တဲ့စေတနာရယ်၊
နိဗ္ဗိန္နာဂီတာတေးပေမို့၊ အေးချိုလှတယ်။
ကျွတ်ဆုကိုရွယ်၊ လွယ်ပါတော့အရ။
ပွင့်ဖူးတဝေဝေနဲ့
ဒီချောင်းရေဗေဒါလမ်း၊ မယ့်လမ်းသာပါ့။
ချောင်းရေကဖောင်၊ တောင်လေကသွေး၊
ရွက်လင်းယဉ် မြိုင်မြိုင်နဲ့
ပန်းတိုင်ကို ပန်းခိုင်ဆိုက်အောင်၊ အားစိုက်ပါလေး။ ။" (ဇော်ဂျီ၊ ၁၉၉၈၊ ၁၆၀။)

ဤကဗျာတွင် နိဗ္ဗိန္ဒဟုသုံးစွဲလေ့ရှိသည်ကို "ဖူးချင်တဲ့စေတနာရယ်" ဟူသော ကဗျာစာသားမှ ပိုဒ်တွင်းကာရန် "နာ" နှင့် ကာရန် ကိုက်ညီစေရန် "နိဗ္ဗိန္နာ" ဟုရေးဖွဲ့ထားသည်။ "နိဗ္ဗိန္နာ" ဟုရေးဖွဲ့လိုက်သဖြင့် အသံအင်အား လျော့သွားသော်လည်း သံလွင်သို့ပြောင်းသွားသောကြောင့် အသံပို၍သာယာ ပြေပြစ်သွားသည်။

ကြည်အောင်၏ **"ပုပ္ပါးတောင်"** ကဗျာသည် ပုပ္ပါးတောင်ကို ရှေးလူအိုနှင့်တင်စားကာ မြန်မာတို့၏ သမိုင်းကြောင်း၊ ပုပ္ပါးတောင်၏ကျောက်တောင်၊ မြေပြင်မြေသားအကြောင်းနှင့် ဘာသာစကားတို့၏ အကြောင်းကို သိရှိလိုသည့်သဘောနှင့် ပညာရှင်များမေးမြန်းကြပုံကို ရေးဖွဲ့ထားသည်။

"ဘာသာဗေဒ၊ ပါမောက္ခလည်း
ခယဝပ်တွား၊ တပည့်သားနှယ်
ပုပ္ပါးတောင်ညို၊ ရှေးလူအိုကို
သိလိုစိတ်နှင့်မေးလေ၏။
သို့တစေငြား၊ တောင်ပုပ္ပါးသည်
စကားမပြော၊ တုံဏှိဘောနှင့်
ပျက်သောဖြစ်မှု၊ တရားရှုလျက်
ရာစုရှစ်ရာ၊ သမိုင်းစာကို
လှန်ကာစစ်ဆေး၊ နှုတ်အာစေးနှင့်
မြှော်တွေးဆင်ခြင်၊ ဈာန်ကောင်းဝင်သည်
မြေလျှင်မြေသို့ ငြိမ်းသတည်း။" (ကြည်အောင်၊ ၁၉၆၅၊ ၁၃။)

ဤကဗျာသည် လေးလုံးစပ်ကဗျာ တစ်ပုဒ် ဖြစ်သည်။ အသံအရေအတွက်အရ လည်းကောင်း၊ ကာရန်စနစ် ကိုက်ညီရေးအရလည်းကောင်း "အော" ကာရန် "တုံဏှိုဘော" ဟုသွေဖည်၍ ရေးဖွဲ့ထား သည်။ ထိုသို့ရေးဖွဲ့ထားသော်လည်း စာဆိုဖော်ပြချင်သော အဓိပ္ပာယ်သည် ယုတ်လျော့မှုမရှိဘဲ ပေါ်လွင်မှုရှိသည်။

**စကားလုံးများ၏ ဗျည်းသရသံများကို ရွှေ့နောက်လဲလှယ်သုံးခြင်း**

ကဗျာစာဆိုတို့သည် ကဗျာရေးဖွဲ့ရာတွင် စကားလုံးများ၏ ဗျည်းသရသံများကို ရွှေ့နောက်နေရာ လဲလှယ်သုံးခြင်းဖြင့် အသံသွေဖည်မှုကို ဖြစ်ပေါ်စေပါသည်။ ဆန်းသစ်မှုကိုလည်း ဖြစ်စေပါသည်။

ပျဉ်းမနား မောင်နီသင်း၏ **"မဝါဖြူနှင့် ဤလေးဦး"** ကဗျာတွင် -

"အပြောချိုတဲ့ အပျိုချော
ပြောပါ့နှမသဘော
မောင်ကြီးတို့ကို မသနား
ရက်စက်တော့မှာလား။
ဝေးကလာ ဝါကလေး
မချစ်နိုင်ပါသေး။
တဖက်ရွာ ညောင်အိုင်သား
ပြန်သွားပါတော့လား။" (နီသင်း၊ မောင်၊ ပျဉ်မနား၊ ၁၉၆၈၊ ၅၉။)

ဟူ၍ ရေးဖွဲ့ထားသည်။

ဤကဗျာတွင် "ဝေးကလာ၊ ဝါကလေး" ဟူ၍သရသံများကို ရွှေ့နောက်နေရာလဲလှယ်၍ ရေးဖွဲ့ထားပါသည်။ ဤသို့ရေးဖွဲ့ထားခြင်းဖြင့် အသံသာယာမှုကို ဖြစ်စေပါသည်။ ဤသို့ ပြောင်းလဲ သုံးစွဲမှုမျိုးကို စကားလိမ်ဟုလည်း ခေါ်ကြပါသည်။

ငွေတာရီ၏ "မီးထွန်းပါရစေမော်" ကဗျာ သည် ဝါကျွတ်မီးထွန်းပွဲ ဆင်နွဲပုံကို ဖော်ပြထားသည်။ မီးအိမ်လေးသည် ရွှေမီးအိမ်၊ ငွေမီးအိမ် မဟုတ်သော်လည်း ချစ်သူ၏မီးအိမ် ငယ်လေးသည် အမှောင် ကြားတွင် ဝင်းလက်နိုင်ပါလိမ့်မည်ဟု ချစ်စရာအသွင်ဖြင့် ဖော်ပြထားပါသည်။

"မရင်းလှပေမယ့်
သင်းမြတဲ့မေတ္တာခိုင်ကို
လှမ်းကိုင်ကာ တမေမွေးနိုင်ဖို့
မှိန်မှေးတစ်အိမ်မီးငယ်နှင့်
မောင်ဆီးလို့ ကြိုခဲ့သော်။" (ငွေတာရီ၊ ၁၉၆၀၊ ၃၉၈။)

ဤကဗျာတွင် "မီးတအိမ်" ကို "တအိမ်မီး" ဟူ၍ သရသံ နေရာပြောင်းသုံးထားသည်မှာ လှလည်း လှ၍ ပေါ်လည်းပေါ်လွင်ပါသည်။

ကဗျာတွင် ဤသို့စကားလိမ်များဖြင့် ထည့်သွင်းရေးဖွဲ့ထားခြင်းသည်လည်း စာဟန်ကိုထူးခြား စေသည့်အပြင် တစ်မျိုးတစ်ဖုံနှစ် သက်စွဲမက်စရာ ဖြစ်ပါသည်။

**အမြင်ကာရန်ယူခြင်း**

ကဗျာစာဆိုတို့သည် ကဗျာရေးဖွဲ့ရာ၌ အနက်အဓိပ္ပာယ်အား ကောင်းစေရန်အတွက် လိုအပ်သလို အမြင်ကာရန်ယူ၍ ရေးဖွဲ့ခဲ့ကြပါသည်။

ငွေတာရီ၏ **"အဟောင်းအသစ်"** ကဗျာတွင် ပန်းတစ်ပွင့်၏ ဒိုင်ယာရီကို ရေးထားသည်။ မျိုးစေ့မှအပင်၊ အပင်မှအပွင့်၊ အပွင့်မှအသီး၊ အသီးမှတစ်ဖန်မျိုးစေ့၊ အဟောင်းနှင့်အသစ် သံသရာ လည်ပုံနှင့် ပန်းပင်မှအခိုင်ကို ချိုး၍ မေပျို၏ခေါင်းတွင် ပန်ဆင်သော် ပန်းပင်၏ လွမ်းဆွတ်ဆွေးမြည့် မိသော ခံစားချက်ကို ဖော်ပြထားသည်။

"ကာလလျားသော်
ကြွေသွားပွင့်မြတ်၊ လှခေါင်ထွတ်မှ
ပန်းဝတ်စုစီး၊ အသီးသီးခဲ့။
ရှေးနည်းတဖန်၊ ကြွေကျပြန်က
ပန်းမွန်မျိုးစေ့၊ မြေအောက်မွေ့၍
ချစ်ငွေ့မျိုးညှောက်၊ ပင်သစ်ပေါက်၏" (ငွေတာရီ၊ ၂၈၅။)

ဤကဗျာတွင် "ကြွေသွားပွင့်မြတ်၊ လှခေါင်ထွတ်မှ၊ ပန်းဝတ်စုစည်း"ဟူ၍ "-တ်" အသတ် ကာရန်ညီစေရန် အမြင်ကာရန်ယူ၍ ရေးဖွဲ့ထားသဖြင့် အသံသွေဖည်မှုသဘောကို တွေ့ရသည်။ တစ်ဖန် "ရှေးနည်းတဖန်၊ ကြွေကျ ပြန်က၊ ပန်းမွန်မျိုးစေ့" ဟူ၍ "-န်" ကာရန်ညီစေရန် အမြင်ကာရန်ယူ၍ ရေးဖွဲ့ထားသည်။ သို့သော် "-ွန်" ကာရန်ဖြစ်နေသဖြင့် အသံသွေဖည်မှု သဘောကိုတွေ့ရသည်။ သို့ရာတွင် "အဟောင်းအသစ်" ဟူသော ကဗျာခေါင်းစဉ် နှင့်အညီ ပန်းတစ်ပွင့်၏ ဖြစ်စဉ်ကို ဖော်ပြနိုင် စွမ်းရှိသည်ကို တွေ့ရသည်။ အချို့သော မြန်မာပညာရှင်တို့က မွန်ကို မွမ် /mw/ဟု အသံထွက်ခဲ့ကြောင်း ဆိုမိန့်ခဲ့ကြပါသည်။

ကြည်အေး၏ **"အိုလွမ်းသူရယ်"** ကဗျာတွင် မိန်းမပျို၏ချစ်သူကိုလွမ်းသည့် အလွမ်းခံစားချက် ကိုတွေ့ရသည်။ မိန်းမပျိုလေး၏ မျှော်လင့်ချက်၊ မိန်းမပျိုလေး၏ချစ်ခြင်းမေတ္တာ၊ ခွင့်လွှတ်နားလည် စိတ်ကို အတွေးလှလှဖြင့်ရေးဖွဲ့ထားပါသည်။

"တစ်နေ့နေ့မှာ
တွေ့မည်ရှင်ချို၊ သခင်ကိုတည့်
မေ့ကိုမုန်းထား၊ အဝေးသွားလည်း

လွင့်ပါးမရှည်၊ ပြန်ခဲ့သည်က
စောင့်သည်တွေ့မူ၊ ချစ်စိတ်ဆူနှင့်
လွမ်းသူရှေ့မှောက်၊ သူဒူးထောက်လိမ့်။
သည်အခါမှာ
ကြာနူတ်အပြုံး၊ ဖြူနှလုံးနှင့်
မရုန်းမပယ်၊ ငိုတရယ်လျှင်
စင်ကြယ်ခွင့်လွှတ်၊ ချစ်သတ်မှတ်ကို
ကြည်ညွှတ်ချဝန်၊ သခင်ပန်က
ပြန်လည်လိုလိုက်၊ ချစ်သူမိုက်ကို
ထွေးပိုက်ပါယူ၊ အိုလွမ်းသူရယ်။" (ကြည်အေး၊ ၂၀၀၈၊ ၂၅။)

ဟူ၍ ရေးဖွဲ့ထားသည်။

ဤတွင် "စင်ကြယ်ခွင့်လွှတ်၊ ချစ်သတ်မှတ်ကို" ဟူ၍ "-တ်" ကာရန်ညီစေရန် အမြင်ကာရန် ယူ၍ ရေးဖွဲ့ထားသည်။ တစ်ဖန် "ကြည်ညွှတ်ချဝန်၊ သခင်ပန်က" ဟူသော ပါဒ တွင် "-န်" ကာရန်ညီ စေရန် အမြင်ကာရန်ယူ၍ ရေးဖွဲ့ထားသည်။ ဤတွင်အသံသွေဖည်နေသည်ကို တွေ့ရသည်။ သို့ရာတွင် ချစ်သူတို့၏ချစ်ခြင်းမေတ္တာကို ပေါ်လွင်ထင်ရှားစေသည်ကို တွေ့ရှိရပါသည်။

ဤသို့ဖြင့် ကဗျာစာဆိုတို့သည် စာဆို့အခွင့်ထူးယူ၍ မူလစကားလုံးတို့၏အသံကို ပြောင်းလဲ သုံးသည့်အတွက် အသံသွေဖည်မှု ဖြစ်ပေါ်လာသည်။ ထူးခြားလာသည်။ ထိုထူးခြားသော ကဗျာသုံး စကားများ၏ စွမ်းအင်ကြောင့် ကဗျာသည်ရွတ်ဖတ်ရာတွင်၊ အနက်အဓိပ္ပာယ်ဖော်ရာတွင် ပြေပြစ် ချောမွေ့၍ နှစ်သက်မှုကို ဖြစ်ပေါ်စေပါသည်။

## သုံးသပ်ချက်

ကဗျာတွင် အစစကားလုံးချန်ခြင်း၊ အလယ်စကားလုံးချန်ခြင်း၊ အဆုံးစကားလုံးချန်ခြင်းတို့ဖြင့် ဖွဲ့စပ်မှုအများအပြားကို တွေ့ရှိရပါသည်။ စကားသံတိုး၍ ဖွဲ့စည်းခြင်းတွင် အစစကားလုံးတိုးခြင်း၊ အလယ်စကားလုံးတိုး၍ ဖွဲ့စပ်ခြင်းကို အသင့်အတင့် တွေ့ရှိရသော်လည်း အဆုံးစကားလုံးတိုး၍ ဖွဲ့စပ်ခြင်းကို အနည်းငယ်သာတွေ့ရှိရပါသည်။ ကာရန်ကိုက်ညီမှုရှိစေရန် သရသံပြောင်း၍ ရေးဖွဲ့ခြင်းကို အသင့်အတင့်တွေ့ရှိပါသည်။ အမြင်ကာရန်ယူခြင်းစနစ်ကို ကဗျာပုဒ်ရေ အများအပြားတွင် ဖွဲ့စပ်လေ့ ရှိပါသည်။ စကားလိမ် (ဗျည်း၊ သရသံ) ပြောင်း၍ ဖွဲ့စပ်ခြင်းကိုမူ အနည်း ငယ်သာတွေ့ရှိရပါသည်။ "တ" ကြားဆက် အသုံး"အ" ကြားဆက်အသုံး၊ ရှေ့ဆက်အသုံးများကိုမူ အများအပြားဖွဲ့စပ်သည်ကို တွေ့ရှိရ ပါသည်။

## နိဂုံး

ကဗျာစာပေအဖွဲ့သည် ကဗျာစာဆို၏ အခွင့်ထူးတစ်ရပ်ဖြင့် ဖွဲ့စပ်ခြင်းကြောင့် သွေဖည်မှုများ ဖြစ်ပေါ်လာရပါသည်။ ထိုသွေဖည်မှုများကြောင့်ပင်လျှင် အသံအရည်အသွေး၊ အနက်အဓိပ္ပာယ်ကို ထက်မြက်လာစေပါသည်။ ဤသို့ထက်မြက်ဆန်းသစ်လာပုံကိုလည်း ကဗျာများဖြင့် ဖော်ထုတ်တင်ပြထားရာ သွေဖည်မှု၏အာနိသင်စွမ်းရည်ကို တွေ့ရှိနိုင်ပါသည်။

## ကျမ်းကိုးစာရင်း

### မြန်မာဘာသာ


ကြည်အေး။ (၂၀၀၈)။ ***ကဗျာပေါင်းချုပ်***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊

ကြည်အောင်။ ***ဒုဋ္ဌဝတီမှ ရေဝတီသို့ကဗျာများ***။ ရန်ကုန်၊ သီဟရတနာပုံနှိပ်တိုက်။ (၁၉၆၅)

ခင်မင်၊ မောင်(ဓနုဖြူ)။ ***စကားပြေသဘောတရား စကားပြေအတတ်ပညာ*** (ဒု–ကြိမ်)။ ရန်ကုန်တက္ကသိုလ်မြန်မာစာ အသင်း၊ (၁၉၈၅)။

ဇော်ဂျီ။ (၁၉၈၈)။ ***ကဗျာပေါင်းချုပ်***။ ရန်ကုန်၊ စာပေလောက။

ညိုန္တဲ့ (ဗန်းမော်-)။ (၁၉၆၃)။ ***လက်ရွေးစင်ကဗျာများ***။ ရန်ကုန်၊ မြကန်သာစာပေ။

ဒေါင်းနွယ်ဆွေ။ (၁၉၆၁)။ ***ပုလဲနီဒါန်းကဗျာများ***။ ရန်ကုန်၊ ရှုမဝစာပေတိုက်။

နီသင်း၊ မောင်(ပျဉ်းမနား)။ (၁၉၆၈)။ ***ကဗျာပေါင်းချုပ်***။ ရန်ကုန်၊ စာပေဗိမာန်။

မြန်မာစာအဖွဲ့။ (၁၉၉၉)။ ***မြန်မာအဘိဓာန်***။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။


### အင်္ဂလိပ်ဘာသာ


Leech, Geoffery, (1969), ***A Linguistics Guide to English Poerty***. London Longman Group Ltd.

Wales, Katie, (2001). ***A Dictionary of stylistics***, London, Pearson Education Limited.

# စစ်နိုင်မော်ကွန်းများမှ ရှေးမြန်မာမင်းတို့၏ စစ်ရေးအမြင်

မကြေည်ကြည်သန့်[၁]

**စာတမ်းအကျဉ်း**

ဤစာတမ်းသည် မြန်မာစာပေနယ်ပယ် ကဗျာကဏ္ဍလာ မော်ကွန်းကဗျာများကို လေ့လာထားခြင်း ဖြစ်ပါသည်။ အလေ့လာခံအဖြစ် စစ်နိုင်မော်ကွန်း(၄)ပုဒ်ကို သတ်မှတ်ထားပါသည်။ စစ်နိုင်မော်ကွန်းတို့၏ သဘောသဘာဝကိုသိရှိစေပြီး ထိုမော်ကွန်းကဗျာများမှတစ်ဆင့် ရှေးမြန်မာမင်းတို့၏ စစ်ရေးအမြင်ကို သိရှိစေလိုခြင်း ဖြစ်ပါသည်။ လေ့လာရာတွင် နိဒါန်း၊ စာပေလေ့လာ ဆန်းစစ်ချက်၊ နည်းနာ၊ တွေ့ရှိချက်၊ သုံးသပ်ချက်များဟူ၍ အခန်းများခွဲကာ လေ့လာတင်ပြမည် ဖြစ်ပါသည်။ ရှေးမြန်မာ့ဂန္ထဝင်ကဗျာများကို စိတ်ဝင်စားသူများ၊ မော်ကွန်းကဗျာ လေ့လာလိုသူများအတွက်လည်း အကျိုးတစ်စုံတစ်ရာ ရရှိမည်ဟု မျှော်လင့်မိပါသည်။

**သော့ချက်ဝေါဟာရ** - ကဗျာ၊ မော်ကွန်း။

## နိဒါန်း

မြန်မာစာပေသည် မင်းတို့ထီးနန်းစိုက်ထူရာ မင်းနေပြည်တော် အဝန်းအဝိုင်းတွင် ထွန်းကား လာခဲ့ခြင်းဖြစ်သည်။ ထီးနန်းဝန်းကျင်တွင် ကျင်လည်ရသော စာဆိုတော်တို့သည် ဗုဒ္ဓဘာသာကို သက်ဝင် ယုံကြည်သကဲ့သို့ မိမိတို့အရှင်သခင်ကိုလည်း ယုံကြည်ကိုးစားကြပေသည်။ ထို့ကြောင့် စာဆိုများက မင်းတို့၏ထီးနန်းဝန်းကျင်ဆိုင်ရာ အငွေ့အသက်များကို စာပေဖြင့် ဂုဏ်ပြုချီးကျူးကြသည်။ မင်းတို့၏ တိုင်းကျိုးပြည်ပြု လုပ်ခင်းဆောင်တာ ကိစ္စအဝဝကို ကဗျာစာပေဖြင့် မော်ကွန်းတင်ခဲ့ကြသည်။ ဤသို့ဖြင့် မြန်မာမင်းတို့သည် မော်ကွန်း၊ ချေင်းကဗျာ အဖွဲ့များဖြင့် ဂုဏ်ပြုခံခဲ့ကြရသည်။

မော်ကွန်းကဗျာပုံသဏ္ဌာန်ကို အင်းဝခေတ်တွင် စတင်တွေ့ရသည်။ မော်ကွန်းရေးဖွဲ့သော အကြောင်းအရာသည် မော်ကွန်းစတင်ထွန်းကားခဲ့သော အင်းဝခေတ်မှာပင် အမျိုးအစား စုံလင်စွာ ပေါ်ထွက်ခဲ့ပေသည်။ အင်းဝခေတ်မော်ကွန်းများတွင် မင်းတို့ကို အခြေတည်၍ ဘုရား၊ ကျောင်း၊ ဗိမာန် စသည့် သာသနိက အဆောက်အဦဆိုင်ရာ မော်ကွန်းများ၊ မင်းခမ်းမင်းနားဆိုင်ရာ မော်ကွန်းများ၊ စစ်ရေး ဆိုင်ရာမော်ကွန်းများ၊ ကန်တော်ဘွဲ့ မော်ကွန်းများ၊ ဆင်တော်ဘွဲ့မော်ကွန်းများ စသည်ဖြင့် မော်ကွန်း အမျိုးအစား စုံစုံလင်လင်ပေါ်ထွန်းခဲ့သည်။ ဤစာတမ်းတွင် များပြားလှစွာသော မော်ကွန်း အမျိုးအစား များထဲမှ "ပြည်စုန်မော်ကွန်း"၊ "ပုံတောင်နိုင်မော်ကွန်း"၊ "ရခိုင်နိုင်မော်ကွန်း"၊ "အာသံနိုင် မော်ကွန်း" ဟူသော စစ်နိုင်မော်ကွန်းများကိုသာ ဤစာတမ်းတွင် သီးသန့်လေ့လာ၍ ရှေးမြန်မာမင်း တို့၏ စစ်ရေး အမြင်ကို သုံးသပ်တင်ပြသွားပါမည်။

နိုင်ငံတစ်နိုင်ငံသည် စစ်နှင့်မကင်းကြပေ။ မင်းတို့သည်လည်း စစ်နှင့် ကင်း၍မရပေ။ ထို့ကြောင့် တိုင်းအုပ်ချုပ်မင်းလုပ်သူတို့သည် စစ်ရေးအမြင်ကြွယ်ဝဖို့လိုပေသည်။ စစ်နိုင်မော်ကွန်းများမှ ရှေးမြန်မာ မင်းတို့၏ စစ်ရေးအမြင်ကို လေ့လာဆန်းစစ်ရာတွင် -

၁။ မော်ကွန်းကဗျာများသည် ရှေးမြန်မာမင်းတို့၏ စစ်ရေးအမြင်ကို ဖော်ထုတ်သိမြင်နိုင်ပါ သလား။

[၁] မြန်မာစာဌာန၊ ပင်လုံတက္ကသိုလ်

၂။ ခေတ်အဆက်ဆက်မင်းတို့၏ တူညီသော စစ်ရေးအမြင်များ ရှိသလား။

၃။ မင်းတို့၏ စစ်ရေးအမြင်သည် ခေတ်စနစ်ပြောင်းလဲခြင်းနှင့်အတူ အမြင်ပြောင်းလဲမှု ရှိ၊ မရှိ။

ဟူသော သုတေသနမေးခွန်းများ ထွက်ပေါ်လာရပါသည်။ ထိုမေးခွန်းများကို အဖြေရှာရန်အတွက် ပြည်စုန်မော်ကွန်း၊ ပုံတောင်နိုင်မော်ကွန်း၊ ရခိုင်နိုင်မော်ကွန်း၊ အာသံနိုင်မော်ကွန်းတို့ကို လေ့လာသွားပါမည်။

**မော်ကွန်းသဘောသဘာဝ**

မော်ကွန်းမှာရေးဖွဲ့သည့်ကာလတွင် နန်းစံလျက်ရှိသော မင်း၏ကြိုးပမ်း ဆောင်ရွက်ချက်များကို ရေးဖွဲ့သော ခေတ်ပြိုင်မှတ်တမ်းကဗျာ ဖြစ်သည်။ မော်ကွန်းဝေါဟာရနှင့်ပတ်သက်၍ ခေတ်အဆက်ဆက် ပညာရှင်တို့က အဓိပ္ပာယ်အမျိုးမျိုး ကြံဆခဲ့ကြပါသည်။ ပုဂံဝန်ထောက်မင်း ဦးတင် (၁၉၆၉) က ကဗျာဗန္ဓသာရကျမ်းတွင် -

> **မော်ကွန်းဆိုသည်မှာ မြန်မာဘာသာဖြစ်သည်။ အမူကွန်းဟူသော ရေးစကားမှ ရွေ့ပြီးသော် မော်ကွန်းဖြစ်သည်။ မော်ကွန်း၏အဓိပ္ပာယ်မှာ ထင်ရှားစွာမြဲမြံ တည်ထွန်းအောင် ပြုလုပ်သည်။** (စာ ၂၇)

ဟူ၍ မော်ကွန်းဝေါဟာရနှင့် အဓိပ္ပာယ်ကို ဖွင့်ဆိုပြထားပါသည်။ မော်ကွန်းအဓိပ္ပာယ်နှင့် ပတ်သက်၍ ဦးလွန်း(၁၉၅၅) ကမူ ကဗျာသာရတ္ထသင်္ဂြိုဟ်ကျမ်းတွင် -

> **မော်ကွန်းဆိုသည်မှာ ‘မော်’ သဒ္ဒါ ‘အတ္ထုပ္ပတ္တိ’ဟော၊ ‘ကွန်း’ သဒ္ဒါ ‘မင်းတို့စံတော်မူရာနန်းတော်’ ဟောဖြစ်သဖြင့် မင်းတို့စံတော်မူရာ နန်းတော်၏အတ္ထုပ္ပတ္တိကို ချီးကျူးဖွဲ့ဆိုသည့် အစီအကုံးမျိုးကို ဆိုလိုသည်။** (စာ ၃၅၅)

ဟူ၍ ဖော်ပြထားပါသည်။ ဆရာကြီးဦးဖေမောင်တင် (၂၀၀၃) ကလည်း မြန်မာစာပေသမိုင်းတွင် -

> **နောင်အစဉ်အလာ တည်တံ့ခိုင်မြဲစွာမှတ်သား နာယူနိုင်ကြစေရန် ရေးမှတ်ထားသော စာရင်းအင်းမျိုးကို စကားပြေဖြင့်သာ မဟုတ်ဘဲ ကဗျာလင်္ကာဖြင့်လည်း ဆင်တော်အကြောင်း၊ နန်းတော်အကြောင်း၊ လှေတော်အကြောင်း၊ စစ်ပွဲအကြောင်း၊ ကန်တော်အကြောင်း၊ ဘုရားစေတီအကြောင်း စသည်ကို ဥဒါန်းတွင်ရစ်အောင် ရေးသားစီကုံးဖွဲ့နွဲ့ထားသည့် ကဗျာလင်္ကာများကိုလည်း မော်ကွန်းကဗျာဟူ၍ပင် ခေါ်ကြလေသည်။**
>
> (စာ ၈၁)

ဟူ၍ ဖော်ပြထားပါသည်။ မော်ကွန်းအဓိပ္ပာယ်နှင့် ပတ်သက်၍ဆရာမကြီးဒေါ်စီစီဝင်း(၁၉၈၄)က မြန်မာကဗျာစာတမ်းများ(ပထမတွဲ) တွင် -

> **နောင်လာနောက်သားတို့ မှတ်သားစေလိုသော အကြောင်းခြင်းရာများကို မှတ်တမ်းတင်ထားသည့်အဖွဲ့မျိုးဖြစ်သည်။** (စာ ၂၃)

ဟူ၍ ဖော်ပြထားပါသည်။

ဤသို့ဖြင့် မော်ကွန်းဝေါဟာရနှင့် ပတ်သက်၍ ပညာရှင်တို့၏ အယူအဆများမှာ ကွဲပြားခြားနား မှုမရှိကြောင်းတွေ့ရသည်။ မော်ကွန်းဟူသည့် ဝေါဟာရအဓိပ္ပာယ်ကို ခြုံကြည့်လျှင် အမှုကွန်းဟူသော စကားလုံးမှဆင်းသက်လာပြီး နောင်လာနောက်သားတို့ အစဉ်မှတ်သားစေလိုသော သဘောဖြင့်ဖွဲ့နွဲ့ သီကုံးထားသော ကဗျာလင်္ကာအဖွဲ့ ပင်ဖြစ်ပါသည်။

**မော်ကွန်းအမျိုးအစားနှင့် စစ်နိုင်မော်ကွန်းများ**

စစ်ရေးဆိုင်ရာမော်ကွန်းများသည် အခြားမော်ကွန်းများကဲ့သို့ပင် ရာဇဝင်သမိုင်းကို အထောက် အကူပြုသည့် သမိုင်းအချက်အလက်၊ အထောက်အထားများ ပါဝင်ပါသည်။ စစ်ရေးဆိုင်ရာ မော်ကွန်းများ တွင် ရှေးမြန်မာမင်းလက်ထက် မြန်မာတို့၏ စစ်အခမ်းအနား၊ အခင်းအကျင်းအပြင်အဆင်များ၊ စစ်ချီ စစ်တက် စစ်ဆင်ပုံစစ်နည်းဗျူဟာများ၊ စစ်ရေးလှုပ်ရှားမှုများစသည်ဖြင့် စစ်ရေးဆိုင်ရာကိစ္စရပ်များကို လည်း တွေ့မြင်ရပါသည်။ စစ်ရေးဆိုင်ရာကိစ္စရပ်များတွင် စစ်ဖြစ်ရသည့် အကြောင်းရင်းများနှင့် စစ်အတွက်ပြင်ဆင်ချီတက်ပုံတို့သည်လည်း အရေးပါသော အချက်တစ်ချက် ဖြစ်ပါသည်။

မော်ကွန်းများကို ရေးဖွဲ့သောအကြောင်းအရာအလိုက် အမျိုးအစားခွဲကြည့်လျှင် (၁) ဆင်တော် မော်ကွန်း၊ (၂) ကန်တော်ဘွဲ့မော်ကွန်း၊ (၃) စစ်နိုင်မော်ကွန်း၊ (၄) ရွှေနန်းဘွဲ့မော်ကွန်း၊ (၅) သာသနိက မော်ကွန်း(ဘုရား၊ ကျောင်း၊ ဗိမာန်)၊ (၆) မြစ်ဘွဲ့မော်ကွန်း၊ (၇) သံတမန်ဆိုင်ရာ မော်ကွန်း၊ (၈) နက္ခတ် ဗေဒင်ဆိုင်ရာ မော်ကွန်း၊ (၉) လောကီရေးရာမော်ကွန်းဟူ၍ အကြောင်းအရာစုံသည်ကို တွေ့ရပါသည်။

မော်ကွန်းလင်္ကာစတင်တွေ့ရှိရသော အင်းဝခေတ်မှ ကုန်းဘောင်ခေတ်တိုင်အောင် တွေ့ရှိရ သော စစ်ရေးဆိုင်ရာ မော်ကွန်းများမှာ - (၁) ပြည်စုန်မော်ကွန်း (ရှင်ထွေးညို)၊ (၂) ပုံတောင်နိုင် မော်ကွန်း (ရှင်မဟာရဋ္ဌသာရ)၊ (၃)အရေးတော်မော်ကွန်း (တွင်းသင်းဝန်)၊ (၄) မင်္ဂလာအောင်ပွဲတော်ရဲရည် တက်မော်ကွန်း (ဦးထွန်းညို)၊ (၅) အာသံနိုင်မော်ကွန်း (ဝက်မစွတ် နဝဒေး)၊ (၆) ရခိုင်နိုင်မော်ကွန်း (ဝက်မစွတ် နဝဒေး)၊ (၇) ရဲတင်းမော်ကွန်း (ဝက်မစွတ် နဝဒေး)၊ (၈) ထားဝယ်နိုင် မော်ကွန်း ဝက်မစွတ် ) (နဝဒေး၊ (၉) ယိုးဒယားနိုင်မော်ကွန်း (လက်ဝဲနော်ရထာ)၊ (၁၀) အရေးတော် မော်ကွန်း (ပျံချီရွှေတောင်)၊ (၁၁) ခေညဝတီနိုင်မော်ကွန်း (လက်ဝဲနော်ရထာ)၊ (၁၂) ဇင်းမယ်နိုင် မော်ကွန်း (ဦးပုည) တို့ကိုတွေ့ရ သည်။

**စာပေလေ့လာဆန်းစစ်ချက်**

စစ်နိုင်မော်ကွန်းကဗျာများမှ ရှေးမြန်မာမင်းတို့၏စစ်ရေးအမြင်ကို စာတမ်းတစ်စောင်အဖြစ် လေ့လာရာတွင် ပထမဦးစွာလိုအပ်သော စာအုပ်စာတမ်းများကို ရှာဖွေဖတ်ရှုခဲ့ပါသည်။ မော်ကွန်း ကဗျာ၏သဘောသဘာဝများကို သိရှိနိုင်ရန်အတွက် ဒေါ်စီစီဝင်းနှင့်အများ ရေးသားသော "မြန်မာကဗျာ စာတမ်းများ" စာအုပ်၊ ပုဂံဝန်ထောက်မင်းဦးတင်၏ "ကဗျာဗန္ဓသာရကျမ်း"၊ ဦးလွန်း၏ "ကဗျာ သာရတ္ထ သင်္ဂြိုဟ်ကျမ်း"၊ ဦးဖေမောင်တင်၏ "မြန်မာစာပေသမိုင်း" စာအုပ်များကို လေ့လာ ဖတ်ရှုခဲ့ပါသည်။ စစ်ရေးဆိုင်ရာအချက်များ သိနိုင်ရန်အတွက် "မြန်မာ့စွယ်စုံကျမ်း အတွဲ(၁၀)"၊ လက်ဝဲသုန္ဒရ၏ "သေနင်္ ဗျူဟာစစ်သမိုင်းနှင့် ဗျူဟာစက္ကိပျို့"၊ စစ်နိုင်မော်ကွန်းများ၏ အနက်အဖွင့်ကိုသိနိုင်ရန်အတွက် မရီရီခင်၏

(၂၀၀၇) ခုနှစ် ပါရဂူဘွဲ့အတွက်တင်သွင်းသော "စစ်နိုင်မော်ကွန်း (၃)စောင် စစ်တမ်းနှင့် အဖွင့်ကျမ်း"များကို လေ့လာဖတ်ရှု၍ ကိုးကားခြင်း၊ နည်းယူခြင်းများ ပြုခဲ့ပါသည်။

## နည်းနာ

စစ်နိုင်မော်ကွန်းများမှ ရှေးမြန်မာမင်းတို့၏ စစ်ရေးအမြင်ကို လေ့လာရာတွင် အချက်အလက်များကောက်ယူသည့် နည်းနှင့် ထုတ်ယူဆင်ခြင် ကောက်ချက်ချသည့်နည်းကို အသုံးပြုထားပါသည်။

## လေ့လာတွေ့ရှိချက်

ပုဂံခေတ်မှ ကုန်းဘောင်ခေတ်ထိကာလသည် မင်းအဆက်ဆက် စိုးမိုးအုပ်ချုပ်ခဲ့သော ကာလဖြစ်သည်။ ထိုခေတ်တွင် ရှင်ဘုရင်သည် နိုင်ငံတွင်အရေးပါဆုံး ပုဂ္ဂိုလ်ဖြစ်သည်။ ထီးနန်းပတ်ဝန်းကျင်သည် လည်းစာဆိုတို့ အာရုံကိုင်းညွတ်ရာ နောက်ခံဝန်းကျင်ဖြစ်ခဲ့သည်။ ထို့ကြောင့်ရှေးမြန်မာစာပေများကို လေ့လာကြည့်လျှင် ဗုဒ္ဓအကြောင်းအရာကို အခြေခံသော ဗုဒ္ဓစာပေများအပြင် ထီးနန်းဝန်းကျင်ကို အခြေခံသော ရာဇရေးရာ အကြောင်းအရာများကိုပင်တဖွဲ့တနွဲ့ဖြင့် ရေးသားခဲ့ကြသည်ကို တွေ့ရသည်။ မင်းတို့၏ ကိုယ်၊ နှုတ်၊ နှလုံးအမူအရာကို စာတင်ဂုဏ်ပြုခဲ့ကြသည်။ ထိုစာပေများတွင် မော်ကွန်းကဗျာသည် ဂန္ထဝင်မြောက်မြန်မာ ကဗျာများအဖြစ် အခိုင်အမာ ရပ်တည်လျက် ရှိပေသည်။

တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေး၊ သာယာဝပြောမှုစသည်တို့သည် မင်းတို့၏ ကိုယ်ကျင့်တရား၊ စီမံဆောင်ရွက်ချက်များအပေါ် မှီတင်းနေပေသည်။ မိမိတိုင်းပြည်သာယာ အေးချမ်းမှုပျက်ပြားအောင် ထိပါးစော်ကားလာသူများ၊ ပုန်ကန်ခြားနားကြသူများကို ဆုံးမကွပ်ကဲရန်မှာလည်း မင်းတစ်ပါး၏ အရေးကြီးသော အခန်းကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ ပြည်ပရန်ကိုသော်လည်းကောင်း၊ ပြည်တွင်းဆူပူမှုကိုသော်လည်းကောင်း နှိမ်နင်းဆုံးမခဲ့ကြရပေသည်။ စစ်မှတ်တမ်းဟု ခေါ်ဆိုအပ်သော စစ်နိုင်မော်ကွန်းတို့သည် ခိုင်မာသော အထောက်အထားများပင်ဖြစ်ပါသည်။ သုတ၊ ရသနှစ်ဖြာကို ပေးစွမ်းသော မော်ကွန်းကဗျာများအရ မင်းတို့၏စစ်ရေးအမြင်၊ စစ်နှင့် ပတ်သက်သည့် သဘောထားတို့ကို လေ့လာအကဲခတ်နိုင်ပါသည်။

စစ်ရေးဆိုင်ရာမော်ကွန်းများရေးဖွဲ့သော စာဆိုအများစုသည် တိုက်ပွဲတွင် ကိုယ်တိုင်ပါဝင်ဆင်နွှဲခဲ့သူများ၊ ကိုယ်တိုင်မပါဝင်သော်လည်း မိမိတိုင်းပြည်၏ နိုင်ငံ့အရေးအပေါ် စိတ်ဝင်တစားရှိကာ အကြား၊ အမြင်၊ အသိတို့ကို မှန်ကန်တိကျသော အချက်အလက်တို့ဖြင့် မော်ကွန်းတင် စာစီခဲ့သူများဖြစ်ပါသည်။ ထို့ကြောင့် မော်ကွန်းကဗျာအများစုသည် တိကျသေချာသော သမိုင်းအထောက်အထားများကိုလည်း ရရှိပါသည်။

## ပြည်စုန်မော်ကွန်း

စစ်ရေးဆိုင်ရာမော်ကွန်းတို့တွင် အစောဆုံးတွေ့ရှိရသော မော်ကွန်းမှာ စစ်လျှင်ထောင်မှူး ရှင်ထွေးညို၏"ပြည်စုန်မော်ကွန်း"ဖြစ်ပါသည်။ သက္ကရာဇ် (၈၃၄) ခုနှစ်တွင် ရေးသားခဲ့သည်။ ရှင်ထွေးညိုသည် 'စစ်လျှင်ထောင်မှူး" ဆိုသည့်အတိုင်း ဘုရင့်တပ်မတော်ကြီး၏ ရှေ့တော်မှ အလျှင်အဦး ထွက်ခွာ ကင်းစမ်းရသော စစ်သူရဲတစ်ထောင်ရှိသည့် ကင်းစမ်းတပ်ကို ကွပ်ကဲအုပ်ချုပ်ရသည့် ဗိုလ်မှူးကလေးဖြစ်သည်။ ထို 'စစ်လျှင်ထောင်မှူး' အရာနှင့်ရှင်ထွေးညိုသည် မင်းသုံးဆက်တိုင်တိုင် အမှုထမ်းရွက်

သည်။ "ပြည်စုန်မော်ကွန်း" ရေးရခြင်းအကြောင်းမှာ (၈၃၀) ပြည့်နှစ်တွင် နန်းတက်တော်မူသော သီဟသူရမင်းသည် ညီတော်များဖြစ်ကြသော ပြည်မင်း၊ သာယာဝတီမင်း၊ ဦးရီးတော်များ ဖြစ်ကြသော မင်းရဲကျော်စွာ၊ သင်္ခယာနှင့် ယောက်ဖတော်ကလေးမင်းတို့ ပုန်ကန်သောင်းကျန်းသောကြောင့် ပြည်မြို့သို့ စုန်ဆင်းနှိပ်ကွပ်ရလေသည်။ ထိုနှစ်အတွင်းမှာပင် နှိပ်ကွပ်အောင်မြင်လေသည်။ အင်းဝဘုရင် သီဟသူရမှာလည်း ပြည်မြို့ကိုစုန်ဆင်းအောင်မြင်တော်မူသောကြောင့် "ပြည်စုန်မင်း" ဟုကျော်ကြား လေသည်။ ထိုအကြောင်းကို မော်ကွန်းရေးဖွဲ့ရာ၌ "ပြည်စုန်မော်ကွန်း" ဟု အမည်နာမတွင် လေသည်။

ပြည်မြို့သို့ စုန်ဆင်းနှိမ်နှင်းရသည့်အကြောင်းနှင့် ပတ်သက်၍ ပြည်စုန်မော်ကွန်း ပိုဒ်ရေ(၆)တွင်-

**သပြေကျွန်းထက်၊ ပြည်ထောင်ဘက်တို့၊ လက်နက်ရှင်းရှင်း၊ အကုန်သွင်းလျက်၊ ပြည်မင်း ညီတော်၊ တဘော်လိုသီး၊ ဦးရီးကျော်စွာ၊ ကြေဥသာနှင့်၊ ဗီလာကန့်လန့်၊ ရန်ညွန့်သွယ်သွယ်၊ မာလောနယ်လျှင်၊ မြေဝယ်အကိုက်၊ တည်စလိုက်သို့၊ ပယ်ထိုက် ရန်ညောင်း၊ မစည်ကောင်းသည်၊ ကျီးပေါင်း သစ်ပင်ပမာတည်း။**

(ရှင်ထွေးညို၊ ၁၉၆၅၊ စာ ၄)

ဟူ၍ဖွဲ့ဆိုထားပါသည်။ သက္ကရာဇ် (၈၃၄) ခုနှစ်တွင် ညီတော်ပြည်စားမင်းကြီးစွာနှင့်၊ ညီတော် သာယာဝတီစားမင်းဘစော၊ ဦးရီးတော်မင်းရဲကျော်စွာနှင့် ဦးရီးတော်ငယ် စကုစားသင်္ခယာ၊ ယောက်ဖတော်ကလေးမင်း ထို(၅)ဦးတို့ ပုန်ကန်ကြသောကြောင့် စုန်ဆင်းနှိမ်နှင်းခဲ့ရသည်။ လက်အောက်ခံဒေသများ မငြိမ်မသက်ဖြစ်နေသောကြောင့် အင်းဝဘုရင်ကိုယ်တော်တိုင် ပြည်မြို့သို့ မင်းခမ်းမင်းနား အပြည့်အစုံနှင့် စုန်ဆင်းသွားရောက်ရခြင်းဖြစ်သည်။

ပုန်ကန်ခြားနားကြသူများမှာ ဆွေရင်းမျိုးချာများဖြစ်သည်။ ဆွေမျိုးများနှင့် အဆင်မပြေသော် ပြည်သူအပေါင်းကလည်း ပြောစရာဖြစ်မည်။ လက်အောက်ခံပဒေသရာဇ်မင်းအပေါင်းတို့ကလည်း လေးစားမည်မဟုတ်၊ တိုင်းတစ်ပါးကလည်း ခံ့ညားမည်မဟုတ်ကြောင်း ဆင်ခြင်ကာ တိုင်းနိုင်ငံ အေးချမ်းရေးအတွက်ကြောင့် ပြည်သို့ စစ်အင်အားအစုံအလင်နှင့် ဝင်ရောက်ခဲ့ရခြင်းသာ ဖြစ်ကြောင်းကို

**တကာမျိုးဆွေ၊ မရှိသေသော်၊ ပဒေသရာဇ်၊ ဖြစ်သည့်ခပင်း၊ ပြည်ထောင်ချင်းနှင့်၊ နှောင်းကြွင်း မြေးသား၊ ဆိုဘွယ်များအံ့၊ တစ်ပါးဝေးလံ၊ သူ့နိုင်ငံကို၊ နှံ့အံ့ထားထား၊ မိမိအားလည်း၊ တိုင်းကားမလုံ၊ မပိုင်ကုံက၊ ဝန်းခြံတင်းနှာ၊ ကြေညာဟိုးဟိုး၊ တန်ခိုးသတင်း၊ ကျော်စော ခြင်းမှ၊ ကင်းအံ့တဖန်၊ အောက်မေ့တွန်သည်။ မကျန်စီးပွား နှောင်လာတည်း။**

(ရှင်ထွေးညို၊ ၁၉၆၅၊ စာ ၅)

ဟူ၍ဖွဲ့ဆိုထားပါသည်။ မိမိတိုင်းနိုင်ငံကို လုံခြုံအောင်မစောင့်ရှောက်နိုင်လျှင် မင်းတစ်ပါး၏ ဂုဏ်မှာ လည်း ညှိုးနွမ်းခြင်းသို့ရောက်မည်။ တိုင်းခြားနိုင်ငံများအလယ်တွင် ဘုန်းတန်ခိုး ကျော်စောခြင်းနည်းပြီး အကျိုးစီးပွားလည်း ကင်းမဲ့လိမ့်မည်ဖြစ်သည်။ ထိုသို့တိုင်းပြည်၏ရှေ့ရေးကို တွေးကာသွေးရင်းသားရင်း များပင်ဖြစ်သော်လည်း စည်းလုံးညီညွတ်ကြစေရန် ရည်မျှော်၍ ပြည်သို့စုန်ဆင်းတော်မူခဲ့ရခြင်းဖြစ် သည်။ တိုင်းပြည်ငြိမ်းချမ်းရေး၊ စည်ပင်သာယာဝပြောရေး၊ ဘာသာတရား ထွန်းကားရေးစသည့် တိုင်းကျိုးပြည်ကျိုးကိစ္စရပ်များသည် ရှင်ဘုရင်မင်းများထံတွင် မှီခိုနေပေသည်။ မိမိတိုင်းနိုင်ငံ အစွန့်ရှည်

တည်တံ့ရန်အတွက် စီမံကွပ်ကဲရေးသည် များစွာအရေးကြီးပါသည်။ တိုင်းပြည်၏ အနာဂတ်ကာလ ကောင်းမွန်ဖို့အတွက် ဆူးပြောင့်ခလုတ်ဖြစ်လာနိုင်သော အရာများကို ကြိုတင်ရှင်းလင်း သုတ်သင်ရမည် ဖြစ်သည်။ ကျောသားရင်သားမခွဲခြားဘဲ ဆုံးမတန်သူကိုဆုံးမ၊ နှိမ်နင်းတန်သူကိုနှိမ်နင်း၊ ကွပ်မျက် တန်သူကို ကွပ်မျက်ရမည်ဖြစ်သည်။ တိုင်းပြည်အနာဂတ် လုဖို့ရာအတွက် ထောက်ညှာငဲ့ကွက်သင့်သူ ဖြစ်သော်လည်း တိုင်းပြည်အတွက် နောင်အရှည်ကို ကြည့်မြင်တတ်ရမည်ဟူသော ရှေးမြန်မာမင်းတို့၏ စစ်ရေးအမြင်နှင့် စိတ်ဓာတ်ပြတ်သားမှုကို တွေ့မြင်ရပါသည်။ တစ်နည်းအားဖြင့် ပြည်စုန်မင်းကြီး၏ အမြော်အမြင်ကြီးမားသည့် စစ်ဆင်ရေး တစ်ခုဖြစ်ကြောင်း တွေ့မြင်နိုင်ပါသည်။

မဟာသီဟသူရမင်းကြီး ပြည်မြို့သို့ သက္ကရာဇ် ရက်၊ (၁၁) ခုနှစ် တန်ဆောင်မုန်းလဆုတ် (၈၃၄) ဆောင်းကာလတွင် စစ်ချီလေသည်။ ဗေဒင်ကိန်းခန်းများအရ အချိန်ကောင်းအခါကောင်းကို ရွေးချယ် သည်။ စန်းနက္ခတ်တို့လည်း သင့်တော်ကောင်းမြတ်သော အချိန်အခါမှသာလျှင် စစ်ထွက်တော်မူသည်။ ထိုသို့ ရက်ကောင်း နေ့ကောင်းအချိန်ကိုရွေးကာ စစ်ထွက်တော်မူခဲ့သည်ကို -

> **ဆောင်းသို့လှ၍၊ ရတုသာတုန်း၊ တန်ဆောင်မုန်းဟု၊ အဆုန်းဆုတ်ထွက်၊ ဆဲ့(ဆယ့်) တစ်ရက်၌၊ သင့်ကြိုက်ယတြာ၊ မှန်စွာကိန်းခန်း၊ စန်းလက်ထွန်းသည်၊ ကြငှန်း သက်လတ် အခါတည်း။** (စာ ၇)

ဟူ၍မှတ်တမ်းပြုခဲ့သည်။ အရေးကြီးကိစ္စတစ်ခုခုဆောင်ရွက်လျှင် နေ့ကောင်းရက်သာရွေးတတ်သည်မှာ မြန်မာတို့၏ ရှေးအစဉ်အလာယုံကြည်မှုတစ်ရပ်ဖြစ်သည်။ နိုင်ငံအတွက် အသက်နှင့်ရင်းရသော စစ်ဆင်ရေးသည် ပို၍ပင်အရေးကြီးပါသည်။ ထိုသို့တိုင်းပြည်အတွက် အရေးကြီး သောကိစ္စတွင် မြန်မာတို့၏ ယုံကြည်မှုအစဉ်အလာကို မေ့လျော့၍မဖြစ်ပေ။ မင်းတို့၏ ပွဲလမ်းသဘင် အခမ်းအနား မှန်သမျှကို နေ့ကောင်းရက်ကောင်း ရွေးချယ်ကာ ကျင်းပပြုလုပ်လေ့ရှိသည်။ တိုင်းပြည် အုပ်ချုပ်သော မင်းတို့သည်လည်း ထိုယုံကြည်ချက်ရှိသူဖြစ်ကြောင်း တွေ့ရပါသည်။ ဗေဒင်ကိန်းခန်း ကြည့်၍ နေ့ကောင်းရက်မြတ်ရွေးကာ စစ်ထွက်ခြင်းမှာလည်း စစ်ဆင်ရေးတစ်ခုအတွက် အရေးပါသော လုပ်ဆောင်ချက် တစ်ခုဖြစ်သည်ဟု ရှေးမြန်မာမင်းတို့ ယုံကြည်လက်ခံပေသည်။ စစ်ခရီးလမ်း တလျှောက်ကြောင့်ကြမရှိ၊ စိုးရိမ်ကင်းစွာ ခွန်အားအပြည့်ဖြင့် ဆင်နွှဲနိုင်မှသာလျှင် အောင်နိုင်ခြင်း သီးပွင့်ကို ဆွတ်ခူးနိုင်မည်ဟူသော စစ်ရေးအမြင်တစ်ခုကို တွေ့ရပါသည်။

ပြည်စုန်မင်းသည် အထူးထူးသောမင်းခမ်းမင်းနားနှင့် ကြီးကျယ်ခမ်းနားစွာ စုန်ဆင်းတော်မူ သည်။ မဟာသီဟသူရသည် ရှေ့ဖျားမှဦးဆောင်ကာ ချီတက်သည်။ ရွှေလောင်း ရွှေလှေအစုံစုံတို့ ခြံရံကာ ခမ်းနားစွာထွက်သည်။ လှော်ကားလှေ၊ လောင်းလှေများမှာလည်း ဧရာဝတီမြစ်ကြော တစ်လျှောက် ဟန်ရေးပြကာ တက်ကြွစွာစစ်ချီကြသည်။ လှေတပ်သားတို့ ရေကြောင်းခရီးဖြင့် စစ်ချီပုံမြင်ကွင်းသရုပ် ကို -

> **ရေယာဉ်လှေတော်၊ လှော်ခဲ့ထွက်သွား၊ လှော်ကားအန်ထောင်၊ ပွဲစောင်လှေဦး၊ မြူးလှည့် ဝမ်းလှိုင်၊ ပြိုင်ကြသောင်းသောင်း၊ ဟန်ရေးကောင်းနှင့်၊ မြစ်ကြောင်းရှုရှု၊ ပင်လယ်ဆူသို့၊ အူအူဖွေးဖွေး၊ တံပိုးပြေးမျှ။** (စာ ၁၁)

ဟူ၍သရုပ်ဖော်ဖွဲ့ဆိုထားသည်။ ရှေးမြန်မာမင်းများသည် စစ်ဆင်ရေးအတွက် ကုန်းကြောင်း၊ ရေကြောင်း ရှိရာမှ ရေကြောင်းကို အဓိကထား အသုံးပြုကြသည်။ မြန်မာ့စစ်သမိုင်း တစ်လျှောက်တွင် 'လှေသင်္ဘော တပ် (ရေတပ်)' ပါရှိမြဲဖြစ်သည်။ ခြေ (၁၀) ပွဲရမှ မြင်းသို့တင်သည်။ မြင်း (၁၀) ပွဲရမှ ဆင်သို့တင်သည်။ ဆင် (၁၀) ပွဲရမှလှေသို့ တင်သည်။ လှေ(၁၀)ပွဲရမှ မြို့ကံကျွေးပေး၍ သူကောင်းပြုသည်ဟု မြန်မာ့ စွယ်စုံကျမ်း အတွဲ (၁၀) တွင်ဖော်ပြ ထားသည်။ ဤစနစ်ကို ထောက်လျှင် 'လှေတပ်' ကိုအရေးပါ အရာ ရောက်ဆုံး နေရာအဖြစ်ထားကြောင်းသိရ သည်။ စစ်မျက်နှာတွင် ရေကြောင်းလှုပ်ရှားမှု အရေးပါသည် မှာ သွားလာရလွယ်ကူခြင်းကြောင့်ဖြစ်သည်။ စစ်ဆင်ရေးတွင်လမ်းကြောင်း ရွေးချယ်မှုသည်လည်း အရေးပါသည်ကိုတွေ့ရသည်။ "ပြည်စုန်မော်ကွန်း"တွင် ပြည်မြို့ကို တိုက်ခိုက်နှိမ်နင်းရာ၌ ကြည်း ကြောင်း၊ ရေကြောင်းနှစ်ဖက်ဖြင့် ဝိုင်းဝန်းပိတ်ဆို့ကြောင်းသိရသည်။ မော်ကွန်းပိုဒ်ရေ (၄၂) တွင် -

**အိမ်ရှေ့မင်းနှင့်၊ ရန်တင်းရှာရှာ၊ နော်ရထာလျှင်၊ တောင်တာခံခံ၊ ရေကြောင်းရံ၍၊ ရဲစံကိုကိုး၊ မင်းမျိုးမင်းဆွေ၊ တည်လေကြည်းဘက်၊ နိုင်ချင်ကြက်သို့။** (စာ ၂၃)

ဟူ၍ဖွဲ့ဆိုထားသည်။ ပြည်မြို့ကို ဝိုင်းဝန်းပိတ်ဆို့ထားသည့်အတွက်ကြောင့် ပြည်မြို့သူမြို့သားတို့ အစာရေစာငတ်မွတ်၍ အင်အားလျော့ပါးအောင် ပြုလုပ်သည့် စစ်နည်းဗျူဟာတစ်ရပ်ဖြစ်သည်။ ရန်သူ များ မသေမပျောက်ဘဲ၊ သွေးစွန်းခြင်းမရှိဘဲ မြို့တစ်ခုလုံးသိမ်းယူရရှိစေသည်။ စစ်ရေးတစ်ခုတွင် နည်းပရိယာယ်သည်လည်း အရေးကြီးကြောင်းတွေ့ရသည်။ နှစ်ဦးနှစ်ဖက် အင်အားပြုန်းတီးနိုင်သော စစ်ဆင်ရေးကို အသုံးမပြုဘဲ သွေးစွန်းခြင်းမရှိ အနိုင်ယူနိုင်သည့် စစ်ရေးအမြင်တစ်ရပ်ကို တွေ့ရသည်။

"ပြည်စုန်မော်ကွန်း" သည် စာဆိုစစ်လျင်ထောင်မှူး ရှင်ထွေးညိုကိုယ်တိုင် လိုက်ပါတွေ့မြင် ရသမျှတို့ကို နေ့၊ ရက်၊ နာရီပါမကျန် မှတ်တမ်းတင်ထားပေသည်။ ထို့ပြင် မော်ကွန်းကဗျာသမိုင်းတွင် လည်း ရှေးအကျဆုံးမော်ကွန်း တစ်စောင်ဖြစ်သည်။ ဆွေတော်မျိုးတော်(၅)ဦးက ပုန်ကန်ခြားနား ကြသဖြင့် ဘုရင်ကိုယ်တိုင်ဦးစီး၍ သာယာချောင်စွာပြောဆိုစည်းရုံးခဲ့သော ငြိမ်းချမ်းရေးစစ်ပွဲအဖြစ် သိနိုင် ပါသည်။ နူးညံ့သိမ်မွေ့သော စစ်ရေးခံယူချက်အမြင်ကို တွေ့ရပါသည်။

**ပုံတောင်နိုင်မော်ကွန်း**

"ပွင့်သောပြည်လုံး၊ ထက်ဝန်းကျုံးလျှင်" အစချီ ပုံတောင်နိုင်မော်ကွန်းသည် သက္ကရာဇ် (၈၆၇) ခုနှစ် ဘုရင်ရွှေနန်းကြော့ရှင်လက်ထက်တွင် ရေးဖွဲ့ခဲ့သော စစ်မော်ကွန်းတစ်စောင် ဖြစ်ပါသည်။ ရေးဖွဲ့သူ မှာ အင်းဝခေတ် ရဟန်းစာဆိုကျော် ရှင်မဟာရဋ္ဌသာရဖြစ်သည်။ ဘုရင်ရွှေနန်းကြော့ရှင် ကိုယ်တိုင် နှိမ်နင်း တိုက်ခိုက်အောင်နိုင်ခဲ့သော မော်ကွန်းတစ်စောင်ဖြစ်ပါသည်။ စစ်ချီရခြင်းအကြောင်းမှာ ညောင်ရမ်းစား၏သား ငပြည့်ဝနှင့် တိုးတာတို့သည် တောင်ငူစားနှင့် ပူးပေါင်းကာ ပုန်ကန်ကြသဖြင့် မြန်မာသက္ကရာဇ် (၈၆၇) ခုနှစ်တွင် ဘုရင်ရွှေနန်းကြော့ရှင်ကိုယ်တိုင် ဦးဆောင်၍ အုန်းဘောင် စော်ဘွား အကူအညီနှင့် စလေပုံတောင်အရပ်သို့ ချီတက်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ပြည်မင်း၊ တောင်ငူမင်းနှင့် တိုးတာတို့တပ်များပျက်၍ ဘုရင်ရွှေနန်းကြော့ရှင် အောင်မြင်တော်မူသည့် အကြောင်းအရာများကို မှတ်တမ်းတင်ထားသော မော်ကွန်းတစ်စောင်ဖြစ်ပါသည်။ စစ်ချီရခြင်းအကြောင်းကို မော်ကွန်းပိုဒ်ရေ (၅) တွင် -

**မျိုးထွေသူလောင်၊ လိုယောင်စီးပွား၊ ဖျက်စကားကို၊ ယုံမှားလိုက်နာ၊ တော်းတာလျှင်၊**
**ကြမ္မာအင်ချို့၊ ပျက်မည်ထို့ကြောင့်၊ ငါတို့နတ်ရှင်၊ တင်သားကျေးဇူး၊ ထိမ်မြူးတတ်လှ၊**
**တောင်ငူရနှင့်၊ ညှိကြပုန်ကန်၊ ကမ္ဘာပြန်သို့။** (ရဌသာရ၊ မ ၁၃၃၀၊ စာ ၂ - ၃)

ဟူ၍ ဖွဲ့ဆိုထားသည်။ ညောင်ရမ်းစား ဘယကျော်ထင်၏သား မင်းတိုးတာနှင့် အဘယနန်သူဘွဲ့ခံ ညီတော်မင်းပြည့်ဝတို့သည် ငယ်ရွယ်သူများပီပီ စည်းစိမ်တွင်ယစ်မူးကြသည်။ အင်းဝမင်း၏ ကျေးဇူး သစ္စာကို မစောင့်ထိန်းဘဲ တောင်ငူမင်းနှင့်ပြည်မင်းကို ချီပင့်ကာ ဘုရင်ရွှေနန်းကြော့ရှင်ကို ပုန်ကန် ခြားနားကြသည်။ တောင်ငူမင်းသည် အင်အားတောင့်တင်းနေချိန်ဖြစ်၍ အင်းဝဘုရင်၏ လက်အောက်ခံ နိုင်ငံများကို ထိပါးနှောက်ယှက် တိုက်ခိုက်သည်။ ဘုရင်ရွှေနန်းကြော့ရှင်လည်း လက်အောက်ခံမင်းတို့ မလေးစားမခံ့ညားပါက နောင်လာအစဉ်အဆက်မင်းတို့ ကဲ့ရဲ့ပြစ်တင်မည်စိုး၍ ရဲမက်အပေါင်းကို ကိုယ်တိုင်ကြီးကြပ်ကာ ပုံတောင်အရပ်ဆီသို့စစ်ချီခဲ့သည်။ ဘုရင်ရွှေနန်းကြော့ရှင်၏ တွေးတောကြံဆ တတ်သည့် နိုင်ငံရေးအမြင်၊ စစ်ရေးအမြင် ကြွယ်ဝမှုတို့ကို ထင်ထင်ရှားရှား တွေ့မြင်ရပါသည်။

ပုံတောင်နိုင်မော်ကွန်းတွင် ဘုရင်ကိုယ်တိုင် မင်းခမ်းမင်းနားနှင့်တကွ ချီတက်ခဲ့သော မြန်မာ့ရေ တပ်မတော်၏ အပြင်အဆင်ကို ပိုဒ်ရေ (၁၄) တွင် -

**သုံးလူ့ပူဇော်၊ လှေကျော်လွှံထင်၊ အောင်မြင်တန်ခိုး၊ မြတ်စိုးမင်းစဉ်၊ လှေယာဉ်ရတနာ၊**
**ရှေ့မကွာ တည့်၊ ရွှေတာရွှေလောင်း၊ မိကျောင်းမြင်းဆင်၊ ရုပ်သွင်ပီလှ၊ ရဲလှေစသည်၊**
**တောက်ပဝင်းဝင်း၊ လှေခပင်းတွင်၊ လျှင်ပြင်းကြွကြွ၊ သွားဘိထသို့။**(စာ ၇)

ဟူ၍ ရှေးမြန်မာမင်းလှေတို့၏ အပြင်အဆင်၊ ခမ်းနားသော ရွှေလောင်းလှေ၊ ရဲလှေတို့၏သွင်ပြင် ရေတပ်မတော်၏သွင်ပြင်ကို တောက်ပဝင့်ထည့် ပေါ်လွင်စေရန် သရုပ်ဖော်ထားကြောင်းတွေ့ရပါ သည်။ စစ်ဗျူဟာအရ ကြည်းတပ်နှင့် ရေတပ်တို့ ပူးပေါင်းတိုက်ခိုက်သည့် စစ်ဆင်ရေးကိုလည်း ဖော်ပြထား သည်။ ရွှေနန်းကြော့ရှင်ကိုယ်တိုင်ဦးစီးသော မြန်မာတပ်များသည် ရေကြောင်း၊ အုန်းဘောင် စော်ဘွား၏ ရှမ်းတပ်များက ကြည်းကြောင်းမှနေရာယူကာ စစ်မျက်နှာနှစ်ဖက်ညှပ်၍ တိုက်ခိုက်ကြကြောင်းကို ပုံတောင်နိုင်မော်ကွန်း ပိုဒ်ရေ (၂၁) တွင် -

**မိုးဝမိုးသောက်၊ ချလေမြောက်သော်၊ အုံ့လောက်ကောင်းဟိတ်၊ တိတ်နိမိတ်နှင့်၊**
**ထိတ်ထိတ် မွမ်းမွမ်း၊ ရှမ်းကားတောင်ခြေ၊ လှေကားမြန်မာ၊ နှစ်မျက်နှာကို၊**
**တွယ်တာငံ့သား၊ နရဖျားလျှင်၊ ကြည်းအား ငဲ့ကွက်၊ စံပယ်လျက်တည့်။** (၁၀ - စာ ၉)

ဟူ၍ စစ်မျက်နှာ နှစ်ဖက်ဖွင့်ကာ တိုက်စစ်ဆင်ခဲ့ကြောင်းတွေ့ရပါသည်။ စာဆိုရှင်ထွေးညို ရေးဖွဲ့ခဲ့သော ပြည်စုန်မော်ကွန်းတွင်လည်း ရေကြောင်းနှင့် ကြည်းကြောင်း စစ်ကြောင်းနှစ်ခုခွဲကာ ပိတ်ဆို့ခဲ့ကြောင်း တွေ့ရသည်။ ဤသို့ရန်သူကို ညှပ်ကာပိတ်ကာ ဝန်းရံတိုက်ခိုက်သည့် စစ်နည်းဗျူဟာသည် ရှေးမြန်မာ မင်းတို့ အောင်ပွဲဗျူဟာ၊ အသုံးများသော စစ်နည်းပရိယာယ်တစ်ခု ဖြစ်ဟန်တူသည်။ ရန်သူကိုမနာ မကျင်စေဘဲ အညံ့ခံလာစေသော နည်းပရိယာယ်တစ်ခုကိုအသုံးပြု၍ နူးညံ့သိမ်မွေ့သော စစ်ဆင် ရေးဖြင့် အနိုင်ယူနိုင်ရမည်ဟူသောအမြင်မှာ မင်းတို့၏တူညီသော အမြင်များဖြစ်ကြောင်း တွေ့ရသည်။

အင်းဝခေတ်စစ်ပွဲများသည် ဘုရင်ကိုယ်တိုင်ဦးဆောင်၍ ကြည်းတပ်၊ ရေတပ်အစုံနှင့် တခမ်းတနားချီတက်ကြသည်။ ဘုရင်ကိုယ်တိုင်ဦးဆောင်၍ ရွပ်ရွပ်ချွံချွံ တိုက်ပွဲဝင်နေသည်မှာ လက်အောက်စစ်သည်တို့အတွက်လည်း ဂုဏ်ယူအားတက်ဖွယ်ဖြစ်သည်။ ခေါင်းဆောင်ကောင်းပီသသော၊ ရှေးမြန်မာမင်းတို့၏ စစ်ရေးအတွက် အစဉ်တကက်ကြွလျက်ရှိသော စစ်ရေးခံယူချက် စိတ်သဘောထားကို တွေ့ရပါသည်။ ဘုရင်ကိုယ်တိုင် ခမ်းနားစွာ ချီတက်လာခြင်းမှာလည်း အင်အားတစ်ရပ်အဖြစ်မြင်သည်။ တစ်ဖက်ရန်သူကို အရှိန်အဝါဖြင့် ကြောက်ရွံ့စေရန်၊ မိမိ၏စစ်သည်ရဲမက်များကို ခွန်အားပေးခြင်း တစ်ရပ်အဖြစ်မြင်ပေသည်။

ဘုရင်ရွှေနန်းကြော့ရှင်သည်မိမိ တပ်များပုဂံသို့ ရောက်သောအခါ စစ်သည်ရဲမက်အပေါင်းကို သစ္စာရေတိုက်သည်။ ထိုအကြောင်းကို မော်ကွန်းပိုဒ်ရေ (၂၂) တွင် -

**မတ်ကြီးတကွ၊ ထော်မိုင်းစသည်၊ ထိုမျှများစွာ၊ ရဲဗိုလ်ပါကို၊ သစ္စာဖွဲ့ချည်၊ ထား (ခား)**
**လုံ့ရည်ဖြင့်၊ ခံတည်တိုင်တန်ႏး၊ မိန့်ပြဋ္ဌာန်းက။** (စာ ၉)

ဟူ၍ ဖော်ပြထားသည်။ ခံတည်တိုင်တန်းထားသော သစ္စာတော်စာတမ်းကို ပြာချပြီး လက်နက်ငါးပါးစိမ်ထားသော ရေကိုသောက်ကာ သစ္စာစောင့်သိပါမည့်အကြောင်း ရွတ်ဆိုရသည်။ စစ်သည်ရဲမက်အပေါင်းတို့သည် တိုင်းပြည်နှင့် အရှင့်သခင်၏အကျိုးအတွက် သက်စွန့်ကြိုးပမ်း ထမ်းရွက်ကြပါမည်ဟု ကတိသစ္စာဆိုကြရသည်။ တိုင်းပြည်နှင့် အရှင်သခင်အပေါ် သစ္စာစောင့်သိစေခြင်းဖြင့် ရှင်ဘုရင်သည် စစ်သည်ရဲမက်တို့အပေါ် ယုံကြည်မှုကို ရယူသည်။ သို့မှသာလျှင် တိုင်းပြည်အပေါ် သစ္စာစောင့် သိသော၊ ယုံကြည်စိတ်ချ၍ တာဝန်လွှဲအပ်နိုင်သော တိုင်းပြည်သူရဲကောင်းများဖြစ်စေမည်။ ဤသို့ဖြင့် စစ်မော်ကွန်းမှတစ်ဆင့် သစ္စာတရားအလေးထားသော မြန်မာလူမျိုးများ၏ ယုံကြည်သက်ဝင်မှု တစ်ရပ်ကို တွေ့ရသည်။ သစ္စာတရား၏အရေးပါမှုသည် စစ်ရေးအတွက် အရေးပါဆုံး ယုံကြည်ချက် တစ်ခုဖြစ်ကြောင်း တွေ့နိုင်ပါသည်။

ပုံတောင်တိုက်ပွဲအဆုံးတွင် ပုန်ကန်ခြားနားကြသော ငတုံးတာနှင့်တကွ ဆင်မြင်းလူသူလက်နက် အမြောက်အမြားရရှိခဲ့သည်။ ထိုအချိန်မှစ၍ ပြည်မင်းနှင့် တောင်ငူမင်းတို့သည်လည်း ဘုရင်နရပတိထံ ကြောက်ရွံ့ခ့ညားလာကြသည်။ သူပုန်အပေါင်းတို့လည်း ဘုန်းတော်အောက်သို့ ဝင်ရောက်ခိုလှုံလာကြသည်။ ထိုသူအပေါင်းကိုမေတ္တာဖြင့် ရှင်ဘုရင်ကလည်း အေးငြိမ်းချမ်းသာစေရန် ဆောင်ရွက်သည်။ ချစ်မေတ္တာဖြင့် အေးချမ်းစွာ တိုက်ပွဲအဆုံးသတ် အနိုင်ယူလိုက်ပုံကို -

**ချစ်မေတ္တာဖြင့်၊ ဝင်လာသူပုန်၊ တိမ်းညွတ်ကုန်လျက်၊ လျှင်ဟုန်မြစ်ဝ၊ မီးပွားကျသို့** (စာ ၁၉)

ဟူ၍ ဥပမာအလင်္ကာအသုံးဖြင့် ဖော်ပြထားသည်။ မေတ္တာဖြင့် အောင်နိုင်ခြင်းသည်သာ တည်တံ့ မြဲမြံသော အောင်မြင်ခြင်းအစစ်ဖြစ်သည်ဟု စာဆိုအမြင်ကို ဖော်ပြထားကြောင်း တွေ့ရသည်။ ရိုင်းပြစွာ ပုန်ကန်လာသူကို ပြတ်ပြတ်သားသား ကြမ်းတမ်းစွာ အနိုင်ယူသကဲ့သို့ အောက်ကျို့ကာ ခစားလာသူကိုလည်း အငြိုးအာဃာတမထား မေတ္တာဖြင့်တုံ့ပြန်ခြင်းသည် ရှေးမင်းတို့၏ လေးစားထိုက်သော မင်းကျင့်တရားပင်ဖြစ်သည်။ ငြိမ်းချမ်းသော တိုင်းပြည်ဖြစ်ရန်၊ ဆူပူမှုကို ငြိမ်းသတ်ရန်အတွက်

ရှေးမြန်မာမင်းတို့ စစ်ကိုတိုက်ခဲ့ကြကြောင်း တွေ့မြင်ရပါသည်။ ရှင်ဘုရင်သည် လက်ရုံးရည်သာမက နှလုံးရည်ပါ ထက်မြက်ရမည်ဟူသော ယုံကြည်ချက်အမြင် ရှိနေကြပေသည်။

**ရခိုင်နိုင်မော်ကွန်း**

'ပွင့်လှော့ဦးပြည်' အစချီ ရခိုင်နိုင်မော်ကွန်းကို မဟာသခ်ယာစည်သူ၊ မဟာသီရိစည်သူဘွဲ့ရ ဝက်မစွတ်နဝဒေးသည် (၁၁၈၃) ခုနှစ်တွင် ရေးသားစီရင်တော်မူခဲ့သည်။ ပြည်ပတွင်း စစ်ချီခဲ့သည် စစ်နိုင်မော်ကွန်းတို့တွင် တစ်စောင်အပါအဝင်ဖြစ်သည်။ ဘကြီးတော်ဘုရားကစေခိုင်း၍ ရေးရသည်။ ဘိုးတော်ဘုရားလက်ထက် (၁၁၄၆) ခုနှစ်တွင် သားတော်အိမ်ရှေ့စံ မဟာဥပရာဇာ ကိုယ်တိုင်ဦးစီး၍ ဓညဝတီသို့ ချီတက်တိုက်ခိုက်သိမ်းပိုက်ခဲ့ပုံ အဆင့်ဆင့်ကို မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ စစ်ချီရသည့် အကြောင်းကို မော်ကွန်းပိုဒ်ရေ (၆)တွင် -

> **ရွှေရုပ်တုပွား၊ ကိုယ်တော်စားကို၊ ကျည်းအားရေလုံး၊ တင်ရွက်ကျုံး၍၊ မင်းဆုံးတို့သာ၊ ကိုးကွယ်ရာလိမ့်၊ မင်္ဂလာမြိုက်၊ ရာတော်ရိုက်ကို၊ သိမ်းပိုက်စံမွေ့၊ ခံထန်လှေ့သည်၊ အိမ်ရှေ့ပတ်ဝှန်၊ နန်းညွှန်နတ်တု၊ စကုကာမ၊ ခွန်ပိုင်သသား၊ သုံးပါးအဘိုး၊ ရခိုင်မျိုးကို၊ မောင်တို့ သိမ်းချေ။** (နဝဒေး၊ ဝက်စွတ်၊ ၁၉၄၀၊ စာ ၃)

ဟူ၍ မဟာမုနိရုပ်ရှင်တော်ကို ပင့်ဆောင်ရန်ဟု သာသနာရေးဆိုင်ရာကို အကြောင်းပြု၍ ရခိုင်ပြည်သို့ ချီတက်တိုက်ခိုက်စေခြင်းဖြစ်ကြောင်း ပြဆိုထားသည်။ မဟာမြတ်မုနိ ရုပ်ရှင်တော်၏ အရောင်အဝါ ပိုမိုထွန်းလင်းစေရန် ရည်သန်၍ စစ်ချီရခြင်းဖြစ်ကြောင်း သာသနာရေးကို အလေးပေး ဆောင်ရွက်သော မင်းအဖြစ်မြင်လာစေပါသည်။ ရခိုင်မင်းနှင့် တိုင်းပြည်ကို ပျက်စီးစေလို၍ စစ်ချီရခြင်း မဟုတ်ကြောင်း ရခိုင်ပြည်သို့ စစ်ဆင်ရသည့် မြန်မာမင်း၏ စစ်သဘောထားနှင့် ရခိုင်စစ်ပွဲအပေါ် ခံယူချက်ကို သိမြင်စေပါသည်။

ရခိုင်ပြည်တွင်း မငြိမ်မသက်မှုကြောင့် ရခိုင်ပြည်သူတို့က မြန်မာဘုရင်ထံ အကူအညီ တောင်းခံခဲ့သည်။ ရခိုင်ပြည်ကို မြန်မာတို့လက်အောက်ခံအဖြစ် ထားလိုမှုကြောင့် ရခိုင်ကိုသိမ်းပိုက်ခဲ့ခြင်းဖြစ်သည်။ သို့သော် ဘိုးတော်ဘုရားသည် ရခိုင်ကိုသိမ်းပိုက်ပြီးနောက် ရခိုင်မင်းရိုးကို ဆက်လက် နန်းမတင်ခဲ့သဖြင့် ရခိုင်အမျိုးသားတို့ ထကြွခဲ့ပြန်သည်။ ထိုအခြေအနေကို ကြိုတင်တွက်ဆမိသော ဘိုးတော်ဘုရားသည် ရခိုင်ပြည်အတွင်း မြန်မာတပ်များကို အစောင့်အနေအထားဖြင့် ထားရှိခဲ့သည်။ ဘိုးတော်ဘုရား၏ စေ့စပ်သေချာသော စစ်ရေးအမြင်ကို တွေ့နိုင်ပါသည်။ ဘကြီးတော်ဘုရား နန်းတက်ချိန်တွင် ရခိုင်ပြည်တွင်း ငြိမ်သက်မှုဖြစ်စေရန် မော်ကွန်းကဗျာဖြင့် စည်းရုံးသည်။ ရခိုင်သို့စစ်ချီရသည့် သဘောထားအမှန်တစ်ရပ်မှာ ရခိုင်ပြည်ကို သစ္စာတော်ခံအဖြစ် ထားရှိလို၍ ဖြစ်ကြောင်းကိုလည်း စာဆိုက မချန်မလှပ်ဖော်ပြထားသည်။ မော်ကွန်းကဗျာတွင် -

> **ရွှေမြေအမရ၊ ခွန်တော်သ၍၊ သားကသားနောင်၊ မြေးအောင်မြစ်စဉ်၊ ဆက်လျဉ်မပြောင်း၊ ကျွန်ဖြစ် ကောင်းသား၊ အကြောင်းဖြင့်အား၊ နှုတ်တော်ထား၍။**(စာ ၃)

ဟူ၍ဖော်ပြထားသည်။ အိမ်ရှေ့မင်းသည် ရခိုင်ပြည်သို့ စစ်ချီရာတွင် ရခိုင်ပြည်သူတို့ စိတ်အနှောက်အယှက်ဖြစ်စေမည့် ကိစ္စရပ်များကို မြန်မာတပ်သားများ မကျူးလွန်မိအောင် စည်းကမ်းထုတ်ပုံ၊ ကွပ်ကဲပုံကို -

**ဥယျာဉ်ပုကြောင်း၊ သောင်းသောင်းမွှန်နည်၊ ချီအံ့ရည်သော်၊ ရေသည်ကြည်းလား၊**
**သူရဲများတို့၊ ထိပါးပစ်စွန့်၊ သစ်တစ်ညွန့်မျှ၊ ယူသွန့်မရှုပ်၊ ကွပ်ကဲအုပ်၍။** (စာ ၉)

ဟူ၍ဖော်ပြထားသည်။ ရခိုင်ပြည်ကို သိမ်းယူသည် မှန်သော်လည်း ရခိုင်ပြည်သူပြည်သားတို့ ထိခိုက်နစ်နာမှု မရှိစေလိုကြောင်းကို ပြဆိုထားသောအဖွဲ့ဖြစ်သည်။ ရခိုင်ပြည်သားတို့ ဒုက္ခမရောက် စေလိုသောစေတနာဖြစ်ကြောင်းကို မော်ကွန်းလင်္ကာဖြင့် သွယ်ဝိုက်သောနည်းအားဖြင့် သိစေသည်။ အာဏာဖြန့်ကျက်ရေးနှင့် တိုင်းနိုင်ငံအေးချမ်းရေးအတွက်သာ စစ်ပွဲဆင်နွှဲရခြင်းဖြစ်ကြောင်း နှိမ်နင်းခံ ပြည်သူပြည်သားတို့အပေါ်၌ ထိခိုက်နစ်နာစေလိုသော ဆန္ဒမရှိကြောင်း ရှေးမင်းတို့၏ စစ်ရေးခံယူချက်တစ်ရပ်ကို မော်ကွန်းများမှတစ်ဆင့် ခံစားမိစေပါသည်။

အိမ်ရှေ့မင်းတပ်များ ရခိုင်တစ်ပြည်လုံးကို သိမ်းမိချိန်တွင် ရခိုင်မင်းမဟာသမ္မတရာဇာသည် ကုလားပြည်သို့ထွက်ပြေးရင်း ကျွန်းသာယာ၌ ခေတ္တခိုအောင်းနေသည်။ ရခိုင်မင်းနောက်သို့ မြန်မာတပ်များလိုက်လံရှာဖွေရာ စကုမင်း၏တပ်မှ စစ်ကဲ၊ စစ်ကွပ်တို့က ရခိုင်မင်းကို ဖမ်းမိသည်။ ရခိုင်မင်းကို ဖမ်းမိသော်လည်း အသက်ချမ်းသာပေးခဲ့သည်။ ရခိုင်မင်းနှင့်မိဖုရား၊ သားသမီး၊ ဆွေမျိုးများကို ကောင်းမွန်စွာ ပြုစုစောင့်ရှောက်၍ မြန်မာမင်း၏ သစ္စာကိုခံစေသည်။

**အသက်ရှင်ရှင်၊ ဝလင်ကျွေးမွေး၊ စည်းစိမ်ပေး၍၊ မြတ်လေးကြည့်ရှု၊ ပြုလိမ့်ပြောပ၊**
**သမ္မတနှင့်၊ နန်းမပြောက်လယ်၊ မျိုးနွယ်ဆွေစုံ၊ ရုံရွှေရုံကို။** (စာ ၉)

ဟူ၍ လည်းကောင်း၊ စစ်မထွက်မီကပင် ကြိုတင်အမှာစကားထားရှိခဲ့ပုံကိုလည်း -

**ရခိုင်စားကို၊ မင်းဖျားပိုင်မြန်း၊ နန်းနှင့်တကွ၊ မောင်တို့ရသော်၊ သမ္မတရာဇာ၊**
**သက်လွတ်ညှာ၍၊ သစ္စာစေအံ့၊ ခံစေဆုံးသည်။** (စာ ၅)

ဟူ၍ လည်းကောင်းဖော်ပြထားသည်။ မင်းနှင့်တိုင်းပြည်ကို ပျက်စီးစေလို၍ စစ်ချီရခြင်း မဟုတ် ကြောင်း ထင်ရှားပေါ်လွင်စေသည့် အဖွဲ့ဖြစ်သည်။ စစ်ချီတက်ရခြင်းကို အကြောင်းပြချက်ခိုင်လုံစွာ ဖော်ပြ၍ လုပ်ဆောင်ချက်များကိုလည်း ရှေ့နောက်ညီညွတ်စွာဖြင့် သက်သေထူထားပေးသည်။ တရားသောစစ်ပွဲကိုသာ ဆင်နွှဲလိုကြသည့် ရှေးမင်းတို့၏ မွန်မြတ်သော စိတ်သဘောထား စစ်ရေးအမြင်ကိုတွေ့ရပါသည်။

**အာသံနိုင်မော်ကွန်း**

"ပွင့်လေဘ့လွှံ့နိုင်း" ချီ အာသံနိုင်မော်ကွန်းသည် ပိုဒ်ရေ (၃၅) ပိုဒ်ပါရှိသည်။ မော်ကွန်းပေါင်း (၁၆) စောင် ရေးသားခဲ့သော မော်ကွန်းနဝဒေးခေါ်သည့် ဝက်မစွတ်နဝဒေးရေးသားစီကုံးခဲ့ခြင်းဖြစ်သည်။ မော်ကွန်း၏နိဂုံးသံပိုင်းတွင် ရေးသားပြီးစီးသည့် ခုနှစ်သက္ကရာဇ် မပါရှိသည့်အတွက် ပြီးစီးသည့်နှစ်ကို အတိအကျမသိရှိရပေ။ အာသံ - မြန်မာ စစ်ပွဲသုံးကြိမ် ချီတက်တိုက်ခိုက်ခဲ့သည့် အကြောင်းကို မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ ဘိုးတော်ဘုရားလက်ထက် (မ - ၁၁၇၈) ခု၌ ဝေသာလီအမတ် မင်းညီမင်းသား

တို့ မညီညွတ်ကြသဖြင့် ပြည်သူတို့ဒုက္ခရောက်ရမည့် အရေးကြောင့် အကူအညီတောင်းလာသဖြင့် အာသံသို့ ပထမအကြိမ် စစ်ချီရခြင်းဖြစ်သည်။ အာသံပြည်သူတို့၏ အသက်အိုးအိမ်အန္တရာယ်ကို ထောက်ရှု၍ အကူအညီပေးနှိမ်နင်းခဲ့ရသည့် သဘောကို -

**မင်းမတ်မင်းညီ၊ မလိုအီ၍၊ ဝေသာလီကျင့်၊ ခုနစ်ဆင့်ကို၊ မေးလင့်သိထွေ၊ မီးနှယ် မွေ့လျက်၊ ပျက်ချေသော့အား၊ ဘုရားရှေးရှု၊ ရှုတော်မူဟု။**

(နဝဒေး၊ ဝက်မစွတ်၊ ၂၀၁၉၊ စာ ၂၅)

ဟူ၍ဖော်ပြထားပါသည်။ အာသံအမတ်များက အာသံမင်းစန္ဒရဂန္ဓရှိန်ကို နန်းချသည့်အတွက် အာသံမင်း နှင့် ပြည်သူတို့ဘဝ လုံခြုံအေးချမ်းစေရန် ကယ်တင်ပေးလိုသော စေတနာကရုဏာဖြင့် ချီတက်ခဲ့ခြင်း ဖြစ်ကြောင်းတွေ့ရပါသည်။ ရှေးမင်းတို့သည် စစ်ကိုလိုလား၍ တိုက်သည်မဟုတ် မိမိတိုင်းနိုင်ငံ၊ မိမိ လက်အောက်ခံနိုင်ငံများ၊ မိမိမိတ်ဖက်နိုင်ငံများ အေးချမ်းသာယာဖို့အတွက် စစ်ချီရသည်ဟူသောအချက် ကို ထင်ရှားစေပါသည်။

မြန်မာသက္ကရာဇ် (၁၁၈၀) ခုနှစ် ဘိုးတော်ဘုရားလက်ထက်တွင် အာသံသို့ ဒုတိယအကြိမ် စစ်ချီရပြန်သည်။ အာသံ - မြန်မာ ပထမစစ်ပွဲအောင်မြင်ပြီးနောက် မြန်မာမှူးမတ်များက ဝေသာလီ မင်း စန္ဒရဂန္ဓရှိန်ကို နန်းတင်ပေးခဲ့ကြသည်။ ဝေသာလီအမတ်တို့လည်း လက်နက်လူသူစုရုံးပြီး စစ်ဗာဟီတို့ကို ငှား၍ ဝေသာလီကို ချီတက်တိုက်ခိုက်ကြပြန်သည်။ စန္ဒရဂန္ဓရှိန်ကို ထပ်မံနန်းချကာ ဗောရော်ဇနရှိန်၏ သား ပူရွံတော်ရှိန်ကို နန်းတင်သည်။ ထိုအကြောင်းကို ဘိုးတော်ဘုရားသိ၍ ဒုတိယအကြိမ် အာသံသို့ စစ်ချီခဲ့ရပြန်သည်။ စစ်ချီရခြင်းအကြောင်းကို မော်ကွန်းပိုဒ်ရေ (၁၄) တွင် -

**မြတ်စွာဘုရား၊ သနားတော်ရေး၊ ရှုပြန်သေးလေ့၊ သားမြေးဆက်ကာ၊ စဉ်စုလာသည်၊ ပူရာကောင်းဟယ်၊ မာလောနွယ်ကို၊ လေနှယ်လွင့်မှုတ်၊ မြစ်ရင်းခုတ်က၊ ပင်ငုတ်မကျန်၊ ငြိမ်းမြဲမှန်ဟု** (စာ ၂၇)

ဟူ၍ ဖော်ပြထားသည်။ ဘုရင့်အာဏာကို အလွဲသုံးစားလုပ်သူ ပူရာကောင်းဟယ်သည် စန္ဒရဂန္ဓရှိန်ကို နန်းချနိုင်ရန်ဘင်္ဂလားမှ ကြေးစားစစ်သား(၃၇၀၀)ကို ငှားရမ်းခဲ့သည်။ ထို့ကြောင့် ဘိုးတော်ဘုရားက စန္ဒရဂန္ဓရှိန်ကိုနန်းတင်ပေးရန်၊ ဝေသာလီအမတ်တို့ နောက်နောင်တွင် မပုန်ကန်ဝံ့အောင် ပူရာ ကောင်းဟယ်ကို နှိမ်နင်းသုတ်သင်ရန် အာသံသို့ မြန်မာတပ်များ စေလွှတ်ခဲ့သည်။ သစ္စာတော်ခံအာဏာ မဆုံးရှုံးစေရေးအတွက်ဖြစ်သည်။ တစ်နည်းဆိုရသော် မြန်မာမင်း၏ ဩဇာအာဏာ သက်ရောက်မှု ဆက်လက်တည်ရှိနေစေရေးဟူသော အမြင်ကိုတွေ့ရသည်။

ဘိုးတော်ဘုရား နတ်ရွာစံပြီးနောက် ဘကြီးတော်ဘုရား ထီးနန်းဆက်ခံခဲ့သည်။ ဘိုးတော် ဘုရားလက်ထက်က နှစ်ကြိမ်တိုင်တိုင် နန်းတင်ပေးခဲ့ရသော စန္ဒရဂန္ဓရှိန်သည် ဘကြီးတော်ဘုရား လက်ထက် (၁၁၈၃) ခုနှစ်တွင် သစ္စာဖောက်ဖျက်ကာ အာသံအမတ်ပူရာကောင်းဟယ်၊ ဗောရော်ဇနရှိန်တို့ နှင့်ပေါင်းကာ အင်္ဂလိပ်စစ်ဗာရီတပ်များ၏ အထောက်အပံ့နှင့် ပုန်ကန်လေသည်။ ထို့ကြောင့် အာသံ - မြန်မာ တတိယအကြိမ်စစ်ဖြစ်ပွားခဲ့သည်။ မော်ကွန်းပိုဒ်ရေ (၂၃) တွင် -

**စန္ဒရမင်း၊ မြစ်ရင်းမှန်ကန်၊ ပြောင်စွယ်ချွန်ကို၊ ပုစွန်ကြံနေ၊ ဖျိုင်းထက်ပွေ၍၊ ပြည့်မွေမှူးမတ်၊ လှည့်ပတ်လှဲဘောက်၊ ပင်လယ်ချောက်မျှ၊ အနောက်တလွှား၊ မြောက်ကုလားတို့၊ လက်နားစစ်ခံ၊ အရံအကာ၊ ဒန္တာဇလ၊ တောင်မတလျော၊ မြစ်ရေကြောကို၊ . . .၊ မြန်မာ့သနင်း၊ မင်းတို့ပိုင်လျှဉ်၊ ဆိုစဉ်စကား၊ မည်မကြားတည့်၊ . . . ၊ စန္ဒရအား၊ လက်တွင်ထားပြီး၊ ခိုက်ပွားရန်စေး၊ မီးနှယ် မွေးသော်။** (စာ ၃၃)

ဟူ၍ အာသံအခြေအနေကို ကြားသိရသည့်နေမှစ၍ အာသံသို့ တပ်များစေလွှတ်ရန် ဘကြီးတော် မိန့်တော်မူခဲ့သည်။ အာသံသို့ တတိယအကြိမ်စစ်ချီရခြင်းမှာ မိမိ၏သစ္စာခံမင်းက မိမိကိုပြန်လည် ပုန်ကန်သည့်အပြင် မြန်မာတို့၏ သြဇာသက်ရောက်မှု ပျောက်ကွယ်သွားတော့မည့် အခြေအနေကို ထိန်းသိမ်းလို၍ဖြစ်ကြောင်း တွေ့ရသည်။

စစ်ဆင်ရာတွင် စိတ်ဓာတ်စစ်ဆင်မှုသည်လည်း အရေးပါသည်။ ရန်သူ၏စိတ်ဓာတ် ပျက်ပြားအောင် ထိုးနှက်ရသကဲ့သို့ မိမိ၏စစ်သည်များ စိတ်ဓာတ်တက်ကြွလာအောင် အားပေးလှုံ့ဆော်ခြင်း ပြုရန်လိုသည်။ မြန်မာတပ်များကို စစ်ဗဟိုကုလားများက ဖိတိုက်ရာ မြန်မာရဲမက်တို့ ထိခိုက် ဒဏ်ရာရကြသည်။ ထွက်ပြေးရမည့်အခြေအနေနှင့် ကြုံလာသည်။ ဤအချိန်တွင် ကျီးဝန်ရောက်လာပြီး ရဲမက်တို့ကို စိတ်ဓာတ်တက်ကြွအောင်နှိုးဆော်သည်။ ချီးသာစွာနှစ်သိမ့်အားပေးသည်။ ကျီးဝန်ကိုယ်တိုင် တပ်များကို ကွပ်ကဲ၍လည်းကောင်း၊ မြန်မာရဲမက်များအနီး၌ ခြံရံ၍လည်းကောင်း တိုက်ခိုက်သည်။ မြန်မာရဲမက်တို့ကို သူ့တပ်ကိုယ့်တပ်မခွဲခြားဘဲ နေရာမရွေးဘဲ တိုက်ခိုက်ခဲ့ခြင်းကြောင့် မြန်မာတို့ နေ့ချင်းပင် အလွယ်တကူ အောင်ပွဲဆင်နိုင်ခဲ့သည်။ ဤသည်ကို မော်ကွန်းပိုဒ်ရေ (၁၉) တွင် စာဆိုက -

**ရဲမက်ပေါင်းကို၊ နှုတ်ကောင်းငြိမ့်ချေ၊ နှစ်သိမ့်စေမှ၊ ရံနေကိုယ်ကြပ်၊ မှူးကဲကွပ်လျက်၊ သူ့တပ်တို့တပ်၊ အောင်ရပ်မရွေး၊ လုံးထွေးထွေး၍၊ လက်နွေးလွယ်ကူ၊ နေ့ချင်းယူရှင့်**

(စာ ၃၀ - ၃၁)

ဟူ၍ဖော်ပြထားသည်။ စစ်ဆင်ရေးတွင် စိတ်ဓာတ်စစ်ဆင်ရေးသည်လည်း အရေးပါကြောင်း တွေ့ရသည်။ မြန်မာမင်းတို့၏ စစ်ရေးကိုင်တွယ်တတ်မှု နည်းပညာကို လေးစားအတုယူဖွယ် တွေ့ရပါသည်။

**သုံးသပ်ချက်**

ပဒေသရာဇ်ခေတ်တွင် အုပ်ချုပ်သူဘုရင်တို့သည် မိမိတို့၏အချုပ်အခြာအာဏာ တည်မြဲရေး၊ နိုင်ငံတော်အေးချမ်းသာယာရေး၊ အချင်းချင်းစည်းလုံးညီညွတ်ရေးတို့အတွက် စစ်ပွဲများ ဆင်နွှဲခဲ့ကြသည်။ မိမိလက်အောက်ခံ ပဒေသရာဇ်မြို့များကို နှိမ်နင်းဆုံးမလိုသောအခါ ဘုရင်ကိုယ်တိုင် စုန်ဆင်းကာ ဆုံးမသည်ကို တွေ့ရပါသည်။ နိုင်ငံအင်အားချဲ့လို၍ ချီတက်ရာတွင် မင်းကိုယ်တော်တိုင်သော်လည်းကောင်း၊ သားတော်အိမ်ရှေ့ဥပရာဇာတို့ကို ဦးဆောင်စေ၍ သော်လည်းကောင်း၊ လက်ရုံးစွမ်းရည်အားဖြင့် အားကိုးရသော စစ်သေနာပတိတို့ကို တာဝန်ပေးဦးဆောင်စေ၍လည်းကောင်း တိုက်ပွဲဆင်သည်ကို တွေ့ရသည်။ စစ်ချီရာတွင်လည်း အခွင့်သာတိုင်း ရေတပ်၊ ကြည်းတပ် နှစ်တပ်ဖြင့် လုပ်ကြံလေ့ရှိကြောင်း တွေ့ရသည်။ တိုက်ပွဲအများစုသည် လက်အောက်ခံ နယ်ပယ်များက သြဇာမခံလို၍ ဆူပူကြရာတွင် သွားရောက်နှိမ်နင်းတိုက်ခိုက်ခဲ့သော တိုက်ပွဲများ၊ ညီနောင်အချင်းချင်း ဖြစ်ပွားသည့်

တိုက်ပွဲများ၊ ပြည်ပကျူးကျော်စစ်ကို တွန်းလှန်ရသည် တိုက်ပွဲများဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ ခိုင်လုံသော အကြောင်းအရင်းတစ်ခုကြောင့် စစ်ချီကြသည်ကိုတွေ့ရသည်။ တရားမျှတသော စစ်ပွဲကိုသာ ဆင်နွှဲကြသော ရှေးမြန်မာမင်းတို့၏ ဂုဏ်ရည်ကိုတွေ့ရသည်။ ဘုန်းတန်ခိုးတည်မြဲလို၍၊ ဘုန်းတန်ခိုး ဖြန့်ကြက်လို၍ စစ်ကိုဆင်နွှဲကြသည်။ ကိုယ့်မြေကိုယ့်ရေကို အထိအပါးမခံလိုသောစိတ်၊ လက်မလွတ် အောင် ကာကွယ်ရမည်ဟူသောစိတ်၊ အချုပ်အခြာအာဏာ တည်မြဲစေလိုသော စိတ်တို့ဖြင့် စစ်ကို ဆင်နွှဲခဲ့ကြသည်။ အချုပ်အခြာအာဏာကို ထိပါးနှောက်ယှက် လာပါကလည်း အသက်စွန့် ကာကွယ် ရမည်။ ဦးဆောင်ဆင်နွှဲရမည်ဟူသော ရှေးမင်းတို့၏အမြင်မှာ တူညီကြ သည်။ စိတ်ဓာတ်၊ စည်းကမ်းနှင့် ပတ်သက်၍လည်း ရန်သူပင်ဖြစ်စေကာမူ သွေးမစွန်းရေးကို အဓိကထားသည့်အချက်မှာ လည်း မင်းတို့၏ တူညီသောစစ်ရေးအမြင်ဖြစ်သည်။ လက်ရုံးရည်သာမက နှလုံးရည်ပါထက်မြက်ရမည် ဟူသောအမြင် တို့မှာလည်း ယနေ့ထက်တိုင် ခေတ်မီနေသော စစ်ရေးအမြင်၊ စစ်ရေးခံယူချက် သဘောထားများအဖြစ် သုံးသပ်တွေ့ရှိရပါသည်။ ထိုအမြင်တို့ကို စစ်နိုင်မော်ကွန်းများမှ တစ်ဆင့် ဖော်ထုတ်သိမြင်ရပေသည်။

**နိဂုံး**

မင်းနှင့်တကွ စစ်သည်တော်များ၏ စွမ်းရည်ကို ဖော်ထုတ်တင်ပြထားသည့် စစ်သမိုင်း မော်ကွန်း များကို လေ့လာရသည့်အတွက်ကြောင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြင့်တက်စေပါသည်။ ရှေးမင်းတို့၏ ကိုယ်၊ နှုတ်၊ နှလုံးအမူအရာတို့ကိုလည်း လေးစားဖွယ် ဂုဏ်ရည်တစ်ရပ်အနေဖြင့် မှတ်သားရပါသည်။ စစ်ပွဲတစ်ခုဆင်နွှဲရခြင်း၏ အခြေခံအကြောင်းတရားကိုလည်း အသိအမြင်ပွားရပါသည်။ နိုင်ငံ တစ်နိုင်ငံ၊ တိုင်းပြည်တစ်ပြည် တည်မြဲရေးအတွက် စစ်ပွဲသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍ တစ်ရပ်ဖြစ် ကြောင်း စစ်မော်ကွန်းများက သက်သေခံနေပါသည်။

## ကျမ်းကိုးစာရင်း


စီစီဝင်း၊ ဒေါ်။ ။(၁၉၈၄)***မြန်မာကဗျာစာတမ်းများ***၊ ရန်ကုန်။ စာပေဗိမာန်ပုံနှိပ်တိုက်။

တင်၊ ဦး၊ ပုဂံဝန်ထောက်မင်း။ ။(၁၉၆၉)***ကဗျာဗန္ဓသာရကျမ်း***၊ ရန်ကုန်။ လယ်တီမဏ္ဍိုင်။

ထွေးညို၊ ရှင်။ ။(၂၀၁၈)***ပြည်စုန်မော်ကွန်း***၊ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

နဝဒေး၊ ဒုတိယ။ ။(၁၉၄၀)***ရခိုင်နိုင်မော်ကွန်း***၊ ရန်ကုန်၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်။

နဝဒေး၊ ဒုတိယ။ ။(၂၀၁၉)***အာသံနိုင်မော်ကွန်း***၊ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

ဖေမောင်တင်၊ ဦး။ ။(၂၀၀၃)***မြန်မာစာပေသမိုင်း***၊ ရန်ကုန်၊ စံပယ်ဦး။

ရှဉ္ဇသာရ၊ ရှင်မဟာ။ ။(၁၃၃၀- မ)***ပုံတောင်နိုင်မော်ကွန်း***၊ ရန်ကုန်၊ ဓူဝံသတင်းစာပုံနှိပ်တိုက်။

လွန်း၊ ဦး။ ။(၁၉၅၅)***ကဗျာသာရတ္ထသင်္ဂြိုဟ်ကျမ်း***၊ ရန်ကုန်၊ မှူပိုင် မောင်ဘရှင်။ -

*J. Myanmar Acad. Arts Sci. 2026* **Vol. XXIII. No.6**

# ဝန်ကြီးပဒေသရာဇာ၏သူဇာပျို့လာ အပြောက်အမွမ်းအဖွဲ့များလေ့လာချက်

နီလာစိုး[၁]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစာပေနယ်ပယ်လာ ရေးကဗျာကဏ္ဍရှိ ဝန်ကြီးပဒေသရာဇာ၏ သူဇာပျို့လာ အပြောက်အမွမ်းအဖွဲ့များကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ဤစာတမ်းကို တင်ပြရသည့် ရည်ရွယ်ချက်မှာ သူဇာပျို့လာအပြောက်အမွမ်းအဖွဲ့များသည် မူလဇင်းမယ် ပဏ္ဏာသဇာတ်ဝတ္ထုထက်ပို၍ စိတ်ဝင်စားဖွယ်ကောင်းလာပြီး နှစ်သက်မှုရသကို ပေးစွမ်းနိုင်ကြောင်း သိရှိစေလိုခြင်းဖြစ်ပါသည်။ မူလဇာတ်ဝတ္ထုကို ပျို့ကဗျာအဖြစ် ပြန်လည်ဖန်တီးရာတွင် အရိုးခံဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်များကို မွမ်းမံခြယ်သသည့် အဖွဲ့များကို စာပေဆိုင်ရာ အပြောက်အမွမ်းနည်းနာများဖြင့် လေ့လာဆန်းစစ်နိုင်ကြောင်း တွေ့ရပါသည်။ မူရင်းဇင်းမယ် ပဏ္ဏာသလာဇာတ်ဝတ္ထုကို အခြေခံ၍ ပျို့အဖြစ် ဖွဲ့ဆိုရာတွင် ပိုမိုရုပ်လုံးကြွလာအောင် စိတ်ကူးဉာဏ်ကွန့်မြူး၍ အပြောက်အမွမ်းခြယ် ရေးဖွဲ့ထားပါသည်။ ပျို့ကဗျာလာ အပြောက်အမွမ်းအဖွဲ့များကို လေ့လာလိုသူတို့အတွက် အထောက်အကူပြုသော စာတမ်းတစ်စောင် ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ** ဇင်းမယ်၊ အပြောက်အမွမ်း၊ ပျို့၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်။ -

## နိဒါန်း

ဤစာတမ်းသည် သူဇာပျို့လာ အပြောက်အမွမ်းအဖွဲ့များကို လေ့လာတင်ပြထားသောစာတမ်း ဖြစ်ပါသည်။ သူဇာပျို့သည် ညောင်ရမ်းခေတ်စာဆို ဝန်ကြီးပဒေသရာဇာ၏ ထင်ရှားသော ပျို့တစ်စောင် ဖြစ်ပါသည်။ စာဆိုသည် ဟံသာဝတီရောက် မင်းတရားကြီးတိုက်တွန်း၍ သူဇာပျို့ကို ရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။ မင်းခမ်းမင်းနားစုံလင်သည့်အပြင် **"သူဇာကိုလည်း မပစ်နှင့်၊ စာနုကိုလည်းမချစ်နှင့်"** ဟူ၍ ဝေါဟာရလီနတ္ထဒီပနီကျမ်းတွင် ပညာရှိတို့ ဆိုစမှတ်ပြုထားသော ပျို့တစ်စောင်ဖြစ်သည်။ မူရင်းဇင်းမယ်ပဏ္ဏာသဇာတ်လာ သုဓနုကုမာရဇာတ်ကို အခြေခံ၍ ရေးဖွဲ့သီကုံး ခဲ့ခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ ရေးဖွဲ့ရာတွင် မူလဇာတ်ရှိ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်တို့ကို ချဲ့ထွင်၍လည်းကောင်း၊ အသစ်ဖြည့်စွက်၍လည်းကောင်း ဝေဝေဆာဆာဖြစ်အောင် ရေးဖွဲ့ထားပါသည်။ ဤစာတမ်းတွင် စာဆိုသည်ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင် အပြောက်အမွမ်းအဖွဲ့များကို မည်ကဲ့သို့ မွမ်းမံခြယ်သထားကြောင်း လေ့လာတင်ပြမည်ဖြစ်ပါသည်။ ထိုကဲ့သို့ လေ့လာတင်ပြရာတွင် **သူဇာပျို့လာ အပြောက်အမွမ်း အဖွဲ့များသည် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်တို့ကို ပီပြင်ပေါ်လွင်ထင်ရှားအောင် အထောက် အကူပြုနိုင်ပါသလား** ဟူသော သုတေသနမေးခွန်းနှင့် **သူဇာပျို့လာ အပြောက်အမွမ်းအဖွဲ့များသည် ပျို့ကို စိတ်ဝင်စားမှု၊ နှစ်သက်မှုကို ပေးစွမ်းနိုင် ခြင်းရှိ / မရှိ** ဟူသော သုတေသနပြဿနာတို့ကိုတွေ့ရပါသည်။ ထိုမေးခွန်းနှင့်ပြဿနာကို ဖြေဆိုရာတွင် အပြောက်အမွမ်းနည်းနာများ၊ သုတေသနနည်းနာများ၊ မူလဇင်းမယ်ပဏ္ဏာသသုဓနုကုမာရ ဇာတ်တော်နှင့် နှိုင်းယှဉ်ခြင်းများဖြင့် ချဉ်းကပ်အဖြေရှာခဲ့ပါသည်။

[၁] မြန်မာစာဌာန၊ မန္တလေးတက္ကသိုလ်

## ပျို့ဝေါဟာရ

မြန်မာစာပေသမိုင်းစာအုပ်တွင် ဦးဖေမောင်တင်သည် **"ပျို့ဟူသည်မှာ ပို့-ဟူသော စကားမှ ဆင်းသက်ပျက်ပြားလာ၍ ပြည့်လျှမ်းခြင်း၊ နှစ်သက်ခြင်း၊ အရောင်တောက်ပခြင်း အနက်များ ရမည်ထင်၏။ တရားအဆီအနှစ်များနှင့် ပြည့်လျှမ်းနေသော ကဗျာသည်ပျို့မည်၏။"** (၁၉၈၅၊ စာ-၉၂) ဟူ၍ ဖွင့်ပြထားပါသည်။

မြန်မာအဘိဓာန်စာအုပ်တွင် "**ပျို့ ၊ ကြိ-၁၊ မို့တက်သည်။ ၂၊ ထွက်ပြူသည်။ ၃၊ နှစ်သက်သည် ။ ၄၊ ဝမ်းမှ လေဆန်တက်သည်။ န - ပိုဒ်ရေပေါင်းများစွာ ဖွဲ့ဆိုသော လေးလုံးစပ် လင်္ကာရှည်တစ်မျိုး"** (၂၀၂၂၊ စာ-၂၂၃) ဟူ၍ ဖွင့်ဆိုထားပါသည်။

ထိုဖွင့်ဆိုချက်များအရ ပျို့သည် စာဖတ်သူအား နှစ်သက်မှုကို ပေးစွမ်းနိုင်သော လေးလုံးစပ် ကဗျာအဖွဲ့အနွဲ့၊ စာဖတ်သူတို့၏ စိတ်နှလုံးကို နှစ်သက်ကြည်လင်အောင် ဆွဲဆောင်နိုင်သော ကဗျာရှည်ဖြစ်ကြောင်း တွေ့ရပါသည်။

ထိုပြင်ပျို့သဘောကို ဒေါက်တာခင်မမ၏ မင်းပွဲဝင်ပျို့ကဗျာများ စာအုပ်အမှာစာတွင် မောင်ခင်မင် (ဓနုဖြူ) က

> **ပျို့ကိုဇာတ်လမ်း ဖြစ်ရပ်အခြေခံသောပျို့နှင့် ဩဝါဒသုတ အခြေခံသောပျို့ဟူ၍ခွဲနိုင်ကြောင်းဆိုသည်။ ဇာတ်လမ်း အခြေခံသော ပျို့များမှာ ဇာတက၊ ဗုဒ္ဓဝင် ၊ဓမ္မပဒ၊ ဇင်းမယ်ပဏ္ဏာသစသည့် ဇာတ်ဝတ္ထု စသည်တို့မှ အဆင်တန်ဆာအပြောက်အမွမ်းများဖြင့် ရေးဖွဲ့ပါသည်။ ကဗျာဝတ္ထုရှည်ဟု ဆိုနိုင်သည်။ ဩဝါဒသုတ အခြေခံသောပျို့များမှာ မင်္ဂလသုတ်၊ လောကနီတိ၊ ရာဇနီတိ၊ ဓမ္မသတ်၊ ဆေးပညာ စသည်တို့ကိုအခြေခံ၍ ပျို့အဖြစ်ရေးဖွဲ့ပါသည်။** (၂၀၁၀၊ အမှာစာ)

ဟူ၍ ရှင်းပြထားပါသည်။

ထိုအချက်များအရ ပျို့သည်စကားတန်ဆာ၊ အနက်တန်ဆာများဖြင့် ဝေဝေဆာဆာရေးဖွဲ့ထားသော ကဗျာမျိုးဖြစ်ပါသည်။ ဇာတ်လမ်းဖြစ်ရပ်အပေါ်ကို အပြောက်အမွမ်းများဖြင့် ရေးဖွဲ့တန်ဆာဆင်သောပျို့နှင့် ဗဟုသုတကိုပေးသောပျို့ဟူ၍ နှစ်မျိုးခွဲခြားနိုင်ကြောင်း မှတ်သားရပါသည်။

## ပျို့စာဆို

ဝန်ကြီးပဒေသရာဇာသည် သက္ကရာဇ် (၁၀၃၄) ခုနှစ်တွင် နန်းတက်သော အင်းဝဘုရင် အင်္ဂါမင်း လက်ထက် အင်းဝမြို့တွင် ဖွားမြင်သည်။ အင်္ဂါမင်းသားတော် စနေမင်းနန်းတက်သည့် (၁၀၆၀) ခုနှစ်တွင် စာဆိုသည်အသက် (၁၃) နှစ်ရှိပြီဖြစ်ကြောင်း မဏိကက်ပျို့နိဂုံးတွင် ဆိုထားရာ မွေးသက္ကရာဇ်သည် (၁၀၄၇) ခုနှစ်ဟုသိရသည်။ စာဆို၏ မွေးသက္ကရာဇ်ကို (၁၀၄၅) ခုနှစ်ဟုလည်း စာဆိုတော်များ အတ္ထုပ္ပတ္တိတွင် ခန့်မှန်းထားပါသည်။(၂၀၀၂၊စာ-၁၂၉) အမိအဖတို့၏ အမည်နာမများကိုမသိရပါ။ သူဇာပျို့နိဂုံးတွင် အဘိုးသည် ဝန်ထောက်ဖြစ်ကြောင်း၊ အဖသည်လည်း ထို့အတူဖြစ်ကြောင်း ဖွဲ့ဆိုထားသည်။ (၁၀၆၀) ပြည့်နှစ် စနေမင်းလက်ထက် စုရေးစုကိုင်အဖြစ် အမှုတော်ကိုထမ်းရွက်စဉ် ကဗျာလင်္ကာ

များ စပ်ဆိုသီကုံး၍ (၁၀၇၆) ခုနှစ်တနင်္ဂနွေမင်းလက်ထက် လက်ျာရွှေတောင်ဘွဲ့၊ မန်ကျည်းတုံရွာကို စားရသည်။ ထိုတနင်္ဂနွေမင်း၏သားတော် စဥ့်ကူးမြို့စား အိမ်ရှေ့မင်းသားထံ ဆရာအဖြစ်ဖြင့် ထမ်းရွက်စဉ် စဥ့်ကူးမင်းသား ရွှေနားတော်သွင်း ချေင်းကို ရေးစပ်ခဲ့ပါသည်။

သက္ကရာဇ် (၁၀၉၅) ခုနှစ်တွင် ဟံသာဝတီရောက်မင်းတရားကြီးလက်ထက် ဘယကျော်သူ ဘွဲ့၊ မင်းရဲကျော်ထင်ဘွဲ့၊ မင်းရဲမင်းလှမင်းကျော်ထင် ဟူသောဘွဲ့တို့ဖြင့် အသည်ဝန်၊ အတွင်းဝန်၊ လွှတ်တော်ဝန်အဖြစ် ရာထူးများကို ခံယူထမ်းရွက်ခဲ့ပါသည်။ ဇရွှံမြို့ကို မြို့စားအဖြစ်ပေးခြင်းခံရသည်။ ပဒေသရာဇာဘွဲ့ကို ရရှိပြီး နတ်ရှင်နောင်ဘွဲ့၊ ဘုန်းတော်မြတ်ဘွဲ့ တို့ကို ဆင့်ကာ ချီးမြှင့်ခြင်းခံရသည်။

ဝန်ကြီးသည် မနော်ပျို့သစ်၊ ကုမ္မာဘယပျို့၊ ဒန္တာသီရိပျို့၊ နူအူပျို့၊ ကြာနတ်ကေသာပျို့၊ မဟာပတိပျို့ကို အစဉ်အတိုင်းစပ်ဆိုပြီး ဟံသာဝတီမင်းတိုက်တွန်း၍ သူဇာပျို့ကို ရေးဖွဲ့သီကုံးခဲ့ ပါသည်။ ထို့ပြင်မဏိကက်ပျို့၊ ကျေးဖူးတော်ပျို့၊ တောထွက်ခန်းပျို့၊ ယိုးဒယားသံရောက်ပျို့၊ နမောလင်္ကာပျို့၊ ဟိတကာရီပျို့၊ သမုဒ္ဒဃောသပျို့တို့လည်းကောင်း၊ ရတုများနှင့်ဟံသာဝတီရောက် မင်းတရားကြီး၏ သမီးတော်မင်းထိပ်ဦးနေချေင်း၊ အင်းဝနန်းတော်ဘွဲ့မော်ကွန်း၊ မဏိကက်နန်းတွင်းဇာတ်၊ (၃၇)မင်း နတ်သံအဲ၊ ယသော်တမ်းချင်းပျို့၊ ဆေန်ပြန်ပျို့များကို စပ်ဆိုခဲ့သည်။

ဝန်ကြီးသည် နန်းတွင်းစာဆိုဖြစ်သည်သာမက ထီးနန်းပတ်ဝန်းကျင်ကို အာရုံပြု၍ရေးဖွဲ့သကဲ့သို့ ထန်းတက်သမား၊ လယ်သမား၊ လှေသမား၊ နွားဝန်တင်သမားစသည်ဖြင့် လက်လုပ်လက်စား သာမန်လူတန်းစားတို့ဘဝကို တျာချင်းကဗျာများ ဖွဲ့ဆို၍ စာပေသစ်ကို ဦးဆောင်ခဲ့သူ ဖြစ်ပါသည်။

သက္ကရာဇ် (၁၁၁၃) ခုနှစ် နှစ်ဦးတွင် ဟံသာဝတီရောက်မင်းတရားကြီးနှင့် မိဖုရား၊ သားတော်၊ သမီးတော်များ၊ ဆွေတော်မျိုးတော်များနှင့်အတူ ဟံသာဝတီသို့ လိုက်ပါသွားသည်။ ဟံသာဝတီသို့ ရောက်ပြီး သန်လျင်သို့အပို့ခံရသည်။ သန်လျင်သို့ရောက်သောအခါ အသက်အရွယ်ကြီးရင့်ပြီဖြစ်၍ မောပန်းသောလူကြီးရောဂါဖြင့် သက္ကရာဇ် (၁၁၁၆) ခုနှစ်တွင် အနိစ္စ ရောက်ကြောင်း မှတ်သားရပါသည်။

**စာပေလေ့လာဆန်းစစ်ချက်**

ဤစာတမ်းတွင် ဝန်ကြီးပဒေသရာဇာ၏ သူဇာပျို့လာ အပြောက်အမွမ်းအဖွဲ့များကို လေ့လာတင်ပြရာတွင် စာတမ်းနှင့်သက်ဆိုင်သော ပညာရှင်တို့၏ ဖွင့်ဆိုချက်များ၊ သီအိုရီသဘော တရားများ၊ ကျမ်းများကို လေ့လာဖတ်ရှု၍ အကိုးအကားပြုခဲ့ပါသည်။

ဆရာဇော်ဂျီသည် ဥမ္မာဒန္တီပျို့အမှာစာ (၁၉၇၈)တွင် ပျို့စာဆိုသည် မူလရှိပြီးသား ဇာတ်လမ်း၊ ဇာတ်လိုက်၊ ကာလဒေသတို့ကို တန်ဆာဆင်ကြသည်ဟုဆိုထားသည်။ အဖြူထည်နှင့် အပြောက်အမွမ်း ဟူသောစကားသည် ပန်းပုဆရာတို့၏ လက်သုံးစကားဖြစ်သည်။ အရုပ်ကနုတ်မပါသော တုရင်သည် အဖြူထည်တုရင်ဖြစ်၍ အရုပ်ကနုတ်ပါသော တုရင်သည် အပြောက်အမွမ်းတုရင်ဖြစ်သည်။ မူလဇာတ်ဝတ္ထုသည် အဖြူထည်ဖြစ်သည်။ ပျို့စာဆိုကောင်းသည် ထိုအဖြူထည်ကို အပြောက်အမွမ်း ဖွဲ့ဆိုကြောင်း ရှင်းပြထားပါသည်။ ဆရာဇော်ဂျီ၏ အပြောက်အမွမ်း လေ့လာနည်းများသည် ပျို့ကဗျာကို အပြောက်အမွမ်း လေ့လာ ရာတွင် အထောက်အကူ ပေးကြောင်းတွေ့ရပါသည်။

မောင်ခင်မင်စာအုပ်ကို လေ့လာခဲ့ပါသည်။ မူလ (၂၀၀၉)၏ ဘာသာအမြင်စာပေအမြင်(ခနဲဖြူ) ဇာတ်ဝတ္ထုပြ ဇာတ်လမ်းကို ပိုမိုစိုပြည်စေရန်လည်းကောင်း၊ ဇာတ်ဆောင်ကို အသက်ဝင်လှုပ်ရှား စေရန်လည်းကောင်း၊ နောက်ခံဝန်းကျင်ကို ထင်ယောင်မြင်ယောင်ဖြစ်စေရန် အပြောက်အမွမ်းပြုနိုင် ကြောင်း အပြောက်အမွမ်းလေ့လာသည့် နည်းနာကိုဆွေးနွေးထားပါသည်။ ပန်းပုပညာရပ် အသုံးစကား ဖြစ်သော အပြောက်အမွမ်းကို ပျို့ကဗျာစာပေတွင် စာပေနည်းနာတစ်ရပ်အနေဖြင့် လေ့လာနိုင်ကြောင်း ဖော်ထုတ်ထားရာ အပြောက်အမွမ်းအဖွဲ့ကို လေ့လာဆန်းစစ်ရာတွင် အထောက်အကူ ပေးပါသည်။

ဒေါက်တာခင်မမ၏ မင်းပွဲဝင်ပျို့ကဗျာ(၂၀၁၀) စာအုပ်တွင် သူဇာပျို့နှင့်ပတ်သက်၍ မူလ ဇင်းမယ်ပဏ္ဏာသဇာတ်တွင် မပါဝင်သောအဖွဲ့များကို သုံးသပ်တင်ပြထားသဖြင့် အပြောက် အမွမ်းအဖွဲ့ များကို ချဉ်းကပ်လေ့လာရာတွင် အထောက်အကူပြုပါသည်။ ရဲမင်းထက် (မြန်မာစာ)၏ ဇာတက နောက်ခံရခိုင်သာခြင်းများ၏ အပြောက်အမွမ်းများ (၂၀၂၁) စာအုပ်ကိုလည်း ဖတ်ရှုလေ့လာခဲ့ပါသည်။

မန္တလေးတက္ကသိုလ် မြန်မာစာဌာနသို့ ပါရဂူဘွဲ့အတွက် တင်သွင်းသော မခင်မျိုးထွန်း၏ ဝန်ကြီးပဒေသရာဇာ ၏ သူဇာပျို့နှင့် ကုမ္မာဘယပျို့လာ အလင်္ကာ တန်ဆာဆင်မှု လေ့လာချက် (၂၀၀၁) နှင့်မသိင်္ဂီ၏ ကင်းဝန်မင်းကြီး၏ တိန္ဒုကပျို့ အပြောက်အမွမ်းလေ့လာချက် (၂၀၁၈)၊ မန္တလေး တက္ကသိုလ် သို့ မဟာဝိဇ္ဇာဘွဲ့အတွက် တင်သွင်းသော မသက်မွန်အောင်၏ သူဇာပျို့မှ ရသအဖွဲ့များ လေ့လာချက် (၂၀၂၁) စသည့် ကျမ်းများကိုလည်း ဖတ်ရှုလေ့လာခဲ့ပါသည်။

## နည်းနာ

### ပညာရပ်ဆိုင်ရာနည်းနာ

ပျို့သည် များသောအားဖြင့် ဗုဒ္ဓဝင်၊ ဘုရားဟော ဇာတကဝတ္ထုများ၊ နိပါတ်များကို တန်ဆာဆင် ဖွဲ့ဆိုလေ့ရှိပါသည်။ ထိုအခါ စာဆိုသည် စာဖတ်သူတို့ကို စကားလည်းသာ တရားလည်းပါအောင် အပြောက်အမွမ်းခြယ်လေ့ရှိပါသည်။ ပျို့ကဗျာများ၏ အပြောက်အမွမ်းအဖွဲ့များကို ဇာတ်လမ်း အပြောက်အမွမ်း၊ ဇာတ်ဆောင်အပြောက်အမွမ်း၊ နောက်ခံဝန်းကျင်အပြောက်အမွမ်းဟူ၍ လေ့လာ တွေ့ရှိရပါသည်။

### အပြောက်အမွမ်းဟူသည်

အပြောက်အမွမ်း၏ သဘောကို ဆရာဇော်ဂျီက ဥမ္မာဒန္တီပျို့အမှာစာတွင်

> **အချို့သောဘုရား တန်ဆောင်းတို့၌ သစ်သားမုတ်တုရင်များသည် အရုပ်ကနုတ် မပါသော တုရင်များဖြစ်၍ အဖြူထည် တုရင်ဟုခေါ်တတ်ကြသည်။ အချို့တုရင်များ သည် အရုပ်ကနုတ်ပါသော တုရင်များဖြစ်၍ ထိုတုရင်မျိုးကို အပြောက်အမွမ်း တုရင်ဟု ခေါ်တတ်ကြသည်။ ပျို့စာဆိုအဖို့မှာ မူလဇာတ်ဝတ္ထုသည် အဖြူထည်ဖြစ်သည်။ ပျို့စာဆိုကောင်းသည် ထိုအဖြူထည်ကို အပြောက်အမွမ်းဖြစ်အောင် ဖွဲ့ဆိုတတ်သည်။**
>
> (၁၉၇၈၊ စာ-၃)

ဟူ၍ ရေးသား ခဲ့ပါသည်။

ဆက်လက်၍ အပြောက်အမွမ်းဟူသော ဝေါဟာရကို ဘာသာအမြင်စာပေအမြင် စာအုပ်တွင် မောင်ခင်မင် (ဓနုဖြူ)က

**အပြောက်အမွမ်းဟူသည် အဆင်တန်ဆာကို ဆိုလိုခြင်းဖြစ်သည်။ ပန်းပုပညာ သဘော အရ အဖြူထည်ဖြစ်သော အရိုးခံသစ်သားထည်တစ်ခုခုကို အဆင်အကွက် ပေါ်လာ အောင် ဆန်းဆာဆင်ထွင်းထုထားသော ခြူးပန်း၊ ကနုတ်ပန်းစသည့် အဆင်တန်ဆာ အမွမ်းအမံများသည် အပြောက်အမွမ်းများ ဖြစ်သည်။** (၂၁၇-၂၀၁၄၊ စာ)

ဟူ၍ ဖွင့်ဆိုထားပါသည်။

မြန်မာအဘိဓာန်တွင် "**ခြူးပန်းခြူးနွယ် လက်ရာပုံစံ။**" (၂၀၂၂၊ စာ-၃၉၉)

ဟူ၍ဖွင့်ဆိုထားပါသည်။

ထိုဖွင့်ဆိုချက်များအရ အပြောက်အမွမ်းဟူသည် မူလဇာတ်ဝတ္ထု၏ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသ နောက်ခံဝန်းကျင်များ ပေါ်လွင်ထင်ရှားအောင် အမွမ်းအမံပြု ရေးဖွဲ့ ခြင်းဖြစ်ပါသည်။

ဇင်းမယ်ပဏ္ဏာသဇာတ်ဝတ္ထုတွင် ဝတ္ထုအင်္ဂါရပ်များဖြစ်သော ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံတို့ ပါဝင်ပါသည်။ ဇာတ်လမ်းဟူသောဝေါဟာရကို မြန်မာအဘိဓာန်တွင် "**ရုပ်ရှင် ၊ပြဇာတ်၊ ဝတ္ထု စသည်တို့တွင် ပါဝင်သော အဖြစ်အပျက်၊ အကြောင်းအရာ အစအဆုံး။ ဇာတ်ကြောင်း**" (၂၀၂၂၊ စာ-၁၂၈) ဟုလည်းကောင်း၊ ဝတ္ထုရေးရာဆောင်းပါးများတွင် ဆရာအောင်သင်းက "**ဇာတ်လမ်း ဆိုသည်မှာ ဇာတ်ဆောင်တို့၏ ဘဝလမ်းကြောင်း အသိအမြင်ကို (မမျှော်လင့်ဘဲ) ပြောင်းလဲသွားစေသည့် အဖြစ်အပျက်များကိုကျိုးကြောင်း ဆက်စပ်ပြထားသော ဖြစ်စဉ်တစ်ခုဟု ဆိုချင်မိပါသည်**" (၂၀၂၂၊ စာ - ၁၂၈) ဟုလည်းကောင်း ဖွင့်ဆိုထားပါသည်။

ဇာတ်ဆောင်ကိုမြန်မာအဘိဓာန်တွင် "**ဇာတ်၊ ရုပ်ရှင်တို့တွင် ပါဝင်သရုပ်ဆောင်သူ**" (၂၀၂၂၊ စာ-၁၂၈) ဟုလည်းကောင်း၊ ဝတ္ထုရှည်စာတမ်းများစာအုပ်တွင် တက္ကသိုလ်ဘုန်းနိုင်က "**ဇာတ်ကြောင်း ဖြစ်လာရန် လုပ်ပြ၊ တွေးပြ၊ ခံစားပြသော ဝတ္ထုရှည်တွင်းမှလူများကို ဇာတ်ဆောင်ဟုခေါ်သည်။ ဇာတ်ဆောင်များသည် ဒိဋ္ဌဓမ္မလောကမှ လူများနှင့်တူလေ ဇာတ်ဆောင်ဖန်တီးမှုကောင်းလေ**" (၂၀၂၁၊ စာ-၂၆) ဟူ၍ ဖွင့်ဆိုထားပါသည်။

ကာလနောက်ခံ၏သဘောကို ဝတ္ထုရေးလိုသော်စာအုပ်တွင် သူရိယကန္တိက

**ကာလဆိုသည်မှာ ဝတ္ထု၊ဇာတ်လမ်းခင်းရာ ခေတ်အချိန်ကိုဆိုလိုသည်။ ထိုထိုသော ခေတ် တွင် ဖြစ်ပေါ်လျက်ရှိသည့် ဝတ်စားနေထိုင်ရေး၊ ပေါင်းသင်းဆက်ဆံရေး၊ လူမျိုးတို့၏ စိတ်သဘောထားတို့ကို သူ့အချိန်၊ သူ့အခါလျော်စွာ ကိုက်ညီအောင် ရေးသားတတ်ရ သည် ဒေသဆိုသည်မှာ ဝတ္ထုပါ ဇာတ်လမ်း၊ ဇာတ်ကွက်၊ ဇာတ်လိုက်တို့ ထိုထိုအရပ်တွင်၊**

**ထိုထိုဌာနတို့တွင် ပေါက်ဖွားဖြစ် ပျက်နေဟန်ကို ရေးသားလျှင် ထိုအရပ်၊ ထိုဒေသတို့၏ ပတ်ဝန်းကျင်လောကအကြောင်းကို သဘာဝကျအောင် ရေးသားတတ်ရမည်။**

(၂၀၁၆၊ စာ-၂၂၄-၂၂၅)

ဟူ၍ ဖွင့်ဆိုထားပါသည်။

ထို့ပြင်စာဆိုတို့သည် မူလဇာတ်ဝတ္ထုကိုအခြားစာပေပုံသဏ္ဌာန်တစ်မျိုးဖြင့် ပြန်လည် ရေးဖွဲ့ကြရာတွင် ရှိပြီးသားဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်တို့ကို အပြောက်အမွမ်းဖြင့် တန်ဆာဆင် ရေးဖွဲ့ကြသည်။ ထိုသဘောကို ဘာသာအမြင်စာပေအမြင်စာအုပ်တွင် ဦးခင်အေးက

**ဇာတ်လမ်းကို မူလဇာတ်ဝတ္ထုမှာထက် ပိုမိုစိုပြည်ပေါ်လွင်လာအောင် အပြောက်အမွမ်း ခြယ်တတ်ကြသည်။ ဇာတ်ဆောင်များကို ပိုမိုအသက်ဝင် လှုပ်ရှားလာအောင် အပြောက် အမွမ်း ခြယ်တတ်ကြသည်။ နောက်ခံကို ထင်ယောင်မြင်ယောင်ဖြစ်လာအောင် အပြောက်အမွမ်း ခြယ်တတ်ကြသည်။** (၂၀၁၄၊ စာ-၂၁၈)

ဟူ၍ တင်ပြထားပါသည်။

## သုတေသနနည်းနာ

ဝန်ကြီးပဒေသရာဇာ၏ သူဇာပျို့လာအပြောက်အမွမ်းအဖွဲ့များကို လေ့လာတင်ပြရာတွင် အထောက်အကူပြုသော စာအုပ်များ၊ ကျမ်းများ၊ စာတမ်းများကိုစုဆောင်းခြင်း၊ ဖတ်ရှုလေ့လာခြင်းများ ပြုလုပ်ခဲ့ပါသည်။ ဤစာတမ်းနှင့်ကိုက်ညီသော အချက်အလက်များကို စုဆောင်းထုတ်ယူနည်း၊ ခြုံယူ ဆင်ခြင်နည်း၊ ခွဲခြမ်းစိတ်ဖြာနည်းတို့ဖြင့် လေ့လာတင်ပြထားပါသည်။ အပြောက် အမွမ်းအဖွဲ့များ၏ အသက်ဝင်လှုပ်ရှားမှု ရှိ၊ မရှိကို အကဲဖြတ်စိစစ်ရသဖြင့် အကဲဖြတ်သုတေသန အမျိုးအစားဖြစ်ပါသည်။ အပြောက်အမွမ်းအဖွဲ့များကို လေ့လာဖော်ထုတ်ရန် မူလဇင်းမယ် ပဏ္ဏာသဝတ္ထုနှင့် နှိုင်းယှဉ်လေ့လာခြင်း များ ပြုခဲ့ရပါသည်။

## လေ့လာတွေ့ရှိချက်

နန်းတွင်းစာဆိုကျော် ဝန်ကြီးပဒေသရာဇာ၏ သူဇာပျို့လာ အပြောက်အမွမ်းအဖွဲ့များကို ဇာတ်လမ်းအပြောက်အမွမ်း၊ ဇာတ်ဆောင်အပြောက်အမွမ်း၊ နောက်ခံဝန်းကျင် အပြောက်အမွမ်းဟူ၍ ကဏ္ဍသုံးမျိုးခွဲကာ လေ့လာတင်ပြမည်ဖြစ်သည်။

## ဇာတ်လမ်းအပြောက်အမွမ်း

ဝန်ကြီးသည် မူလဇာတ်လမ်းကို ပိုမိုစိုပြည်ပေါ်လွင်လာစေရန် အပြောက်အမွမ်းခြယ်ထား ပါသည်။ မူလသုခနုကုမာရ ဇာတ်လမ်းတွင် ဥတ္တရပဉ္စလတိုင်းပြည်သာယာပုံအခန်းမှ သုခနုမင်းသား ပြည်တော်ပြန်ခန်းအထိ ခေါင်းစဉ်ငယ်များခွဲကာ အခန်း (၂၀) ပါဝင်ပါသည်။ သူဇာပျို့ဇာတ်လမ်းတွင် ဇေယျပူရပြည် သာယာပုံမှ ဥပရာဇာအိမ်ရှေ့မင်း တိုင်းပြည်ပြန်လာပြီး သားတော်ရတနာမဉ္စကို အိမ်ရှေ့နှင်းအပ်သည်။ သမီးတော်ရတနာထိပ်ပန်းနှင့် ထိမ်းမြားလက်ထပ်ပေးသည့်အထိ စိတ်ကူးဉာဏ်

ဖြင့် ဖြည့်စွက်ထားပါသည်။ ပိုဒ်ရေ(၃၀၃)နှင့် နိဂုံးပိုဒ် (၁၁)ပိုဒ် စုစုပေါင်း သူဇာပျို့တွင် ပိုဒ်ရေ ပေါင်း (၃၁၄) ပိုဒ်ရှိပါသည်။

မူရင်းသုဝဏ္ဏကုမာရဇာတ်တော်တွင် သုဝဏ္ဏမင်းသားသည် မနောဟရီမင်းသမီးကို မိဖုရားကြီး အရာထား၍ ပျော်ရွှင်ချမ်းမြေ့စွာ အတူတကွ နေထိုင်သွားကြောင်း "**သုဝဏ္ဏမင်းသားသည် မနောဟရီကို မိဖုရားကြီးအရာ၌ထားလျက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံနေလေသည်။**" (၂၀၁၄၊ စာ-၉၄) ဟူ၍ ရေးသားထားပါသည်။ ပျို့တွင်မူ ဥပရာဇာမင်းနှင့် သူဇာမင်းသမီးတို့တွင် သားတော်ရတနာ မဉ္ဇကို ဖွားမြင်ကြောင်း "**အင်္ဂါညီညွတ်၊ ယောကျ်ားမြက်ကို၊ ညှာလွတ်ချပ်ပြေ၊ နတ်ပန်းကြွေသို့၊ ကြက်သရေ တိုက်ဝှမ်း၊ မယ်တော်ဝမ်းမှာ၊ သာချမ်းသန့်စင်၊ မျက်နှာမြင်၏။**" (၁၉၆၁၊ စာ-၃၃) ဟူ၍ လည်းကောင်း၊ သမီးတော်ဖွားမြင်ကြောင်း "**ရတနာမုတ္တာ၊ မှူးမကသို့၊ အလှဆန်းကြယ်၊ လွန်တင့်တယ်သည်၊ နုနယ် ထွတ်ရွှတ်၊ သမီးမြတ်ကို၊ ရုံပတ်ဝန်းလျား၊ ချမ်းသာဖွား၏**" (၁၉၆၁၊ စာ-၁၂၉) ဟူ၍ ဖွဲ့ဆိုခဲ့ပါသည်။ မူရင်းဇာတ်တော်တွင် သားတော်သမီးတော်တို့ ဖွားမြင်ကြောင်း မပါဝင်သော်လည်း ပျို့တွင်သားတော် နှင့်သမီးတော်နှစ်ပါးဖွားမြင်ကြောင်း ဖြည့်စွက်၍ ဇာတ်လမ်းကို အကျယ်ချဲ့ထားပါသည်။ သားတော်ကို ဖွားမြင်ရာတွင် နတ်ပန်းပွင့်သည် အညှာမှလွတ်ကာ ကြွေကျလာသကဲ့သို့ဖြစ်ကြောင်းကို "**ညှာလွတ် ချပ်ပြေ၊ နတ်ပန်းကြွေသို့**" ဟူ၍လည်းကောင်း၊ သမီးတော်သည် ပုလဲလုံးများကဲ့သို့ ဖြူဖွေးနုနယ်၍ လှပတင့်တယ်ကြောင်းကို "**ရတနာမုတ္တာ၊ မှူးမကသို့**" ဟူ၍လည်းကောင်း ဇာတ်လမ်းပါ အကြောင်း အရာကို နှစ်သက်ဖွယ်ဖြစ်အောင် လိုက်ဖက်သည့် ဥပမာအလင်္ကာများကို သုံးနှုန်းရေးဖွဲ့ထားပါသည်။ ထို့ပြင် "**အင်္ဂါ ညီညွတ်၊ ယောကျ်ားမြတ်**"၊ "**နုနယ်ထွတ်ရွှတ်၊ သမီးမြတ်**"၊ "**မျက်နှာမြင်**"၊ **ချမ်းသာဖွား**"၊ "**ကြက်သရေ တိုက်ဝှမ်း၊ မယ်တော်ဝမ်း**"၊ "**အလှဆန်းကြယ်၊ လွန်တင့်တယ်**" စသည့် စကားအသုံးအနှုန်း အဖွဲ့အနွဲ့များသည် ဇာတ်လမ်းပါ အကြောင်းအရာကို ပိုမိုပေါ်လွင်နှစ်သက်စေကြောင်း တွေ့နိုင်ပါသည်။ ထို့ကြောင့် ဥပရာဇာနှင့် သူဇာမင်းသမီးတို့တွင် ချစ်ခင်နှစ်သက်ဖွယ် သားသမီးများ မွေးဖွား၍ သာယာ ချမ်းမြေ့ဖွယ် မိသားစုဘဝကို ဖန်တီးထားသဖြင့် မူလချစ်မေတ္တာ ဇာတ်လမ်းကိုပို၍ စိုပြည်ပေါ်လွင် စေသော ဇာတ်လမ်း အပြောက်အမွမ်းအဖွဲ့ ဖြစ်ပါသည်။

> **ပုဏ္ဏားသည်လျှင်၊ ပိတ်ထည်ခါသာ၊ မာတရာဘက်၊ ငွေရှက်စားများ ၊တံစိုးစား၍၊ နိုင်သားရှိလျက်၊ နိုပ်စက်ရှုံးစေ၊ ဆင်ခြေမလှ၊ ရှုံးရမည်သူ၊ နိုင်စေဟူ၍၊ ကောက်ယူ ကတ်သတ်၊ ဓမ္မသတ်ကျမ်း၊ မိန့်တော်တမ်းလျက်၊ စဉ်လှမ်းစွဲသုံး၊ စီရင်ထုံးကို၊ နှလုံးမထား၊ လောဘအားဖြင့်၊ မှောက်မှားစီရင်၊ အလွဲဆင်သော်၊ တိုင်းခွင်ဝန်းလျား၊ ပြည်သူများတို့၊ မင်းနားရောက်တိုင်း၊ မပေါက်နိုင်ရှာ၊ ကြံရာခဲအင်၊ ကြွေးတင်ကျွန်ဖြစ်၊ သားနှစ်မြေးမွန်း၊ ကြွေးပန်းငွေကုန်၊ ဆုမှုန်ဝမ်းမှာ၊ မသက်သာလျက်** (၁၉၆၁၊ စာ-၃၈)

ဟူ၍ရေးဖွဲ့ခဲ့ပါသည်။ ထိုအကြောင်းကို ဥပရာဇာအိမ်ရှေ့မင်းကသိသောအခါ မှန်မှန်ကန်ကန် ဆုံးဖြတ် ပေးကြောင်း ပျို့တွင် "**မှုသည်များကို၊ လျင်လျားခေါ်မြောက်၊ အညီရောက်မှ၊ နှည်နှောက် စင်မော၊ စစ်ဆေးကြော၍၊ သဘောဖြောင့်မတ်၊ မျဉ်းခတ်သော့သွင်၊ ရွှေချိန်ခွင်သို့၊ စီရင်ကောက်ယူ၊ ဖြတ်တော် မူသော်**" (၁၉၆၁၊ စာ-၃၉) ဟူ၍ရေးဖွဲ့ထားပါသည်။ ထိုအဖွဲ့တွင် ခမည်းတော်၏ ပုဏ္ဏားသည် ဓမ္မသတ်

ကျမ်းများကို လိုက်နာမှုမရှိဘဲ လောဘနောက်သို့သာ လိုက်နေကြောင်း "**စီရင်ထုံးကို၊ နှလုံးမထား၊ လောဘအားဖြင့်**"၊ ဥပရာဇာသည် အမှုအကြောင်းကို စေ့စပ်အောင် မေးမြန်းစစ်ဆေးပုံကို "**နှယ်နှောက် စင်မော၊ စစ်ဆေးကြော၍**"၊ အမှုများကိုချိန်ခွင်ကဲ့သို့ မှန်မှန်ကန်ကန် ဆုံးဖြတ်ကြောင်း "**မျဉ်းခတ် သော့သွင်၊ ရွှေချိန်ခွင်သို့**" ဟူ၍ အကြောင်းအရာကို ပေါ်လွင်စေသော အပြောက်အမွမ်း အဖွဲ့အနွဲ့များကို တွေ့ရပါသည်။ ထို့ပြင်မူလဇာတ်တွင် မပါဝင်သော ဇာတ်လမ်းဇာတ်ကွက်များကို ပြောင်းလဲ၍ အပြောက် အမွမ်း ဖွဲ့ဆိုထားပါသည်။ မမှန်မကန်ဆုံးဖြတ်ပေးသော ပုဏ္ဏားနှင့် မှန်မှန်ကန်ကန် ဆုံးဖြတ်ပေးသော ဥပရာဇာအိမ်ရှေ့မင်းတို့၏ အားပြိုင်မှုသဘောကို တွေ့ရသည်။ ဇာတ်လမ်းကို အကျိုးသင့် အကြောင်း သင့် ဖြစ်စေသော၊ သိလိုစိတ်ကို နှိုးဆွပေးသောဇာတ်လမ်း အပြောက်အမွမ်း အဖွဲ့ဖြစ်ပါသည်။

မူလသုဓနုကုမာရဇာတ်တော်တွင် မနောဟရီမင်းသမီးသည် မိမိကိုယဖ်ပူဇော်မည်ဟု သိသော အခါ ကေလာသတောင်သို့ ပြန်သွားလေသည်။ သုဓနုမင်းသားစစ်နိုင်၍ တိုင်းပြည်သို့ ပြန်လာသောအခါ မိဖုရားမနောဟရီနောက်သို့ လိုက်ရန်ဆုံးဖြတ်ခဲ့သည်။ လမ်းခရီးတွင် သုဓနုမင်းသားသည် ရသေ့နှင့် တွေ့သောအခါ မနောဟရီက ရှေ့ဆက်မလိုက်ရန် မှာကြားထားခဲ့ ကြောင်း ရသေ့က မိန့်ဆိုပုံကို

> **မင်းသားသင်၏ဇနီး မနောဟရီကို တွေ့ပါသည်။ သို့သော်သင်လာလျှင် ဤနေရာမှ နောက်သို့သာ ပြန်သွားပါ၊ ရှေ့သို့ဆက်၍ မလိုက်ပါနှင့်ဟု မှာသွားပါသည်။ တကာမင်း သည် လိုက်မည်ဆိုလျှင်လမ်းတွင် ထွေပြားဘေးများခဲ့သည် ဖြေဆည်သာယာ တားမြစ် ပါဟု ငိုရှာလျက်ပင် ဦးတင်ပန်ထွာမှာခဲ့ရှာ၏**
>
> (ဇင်းမယ်ပဏ္ဍာသ၊၂၀၁၄၊ စာ-၁၀၂)

ဟူ၍ ရေးသားထားပါသည်။

ပျို့တွင်မူရသေ့သည် သူဇာမင်းသမီးမှာကြားထားသည့် စကားတို့အပြင် ဥပရာဇာကို မိန်းမ အတွက် မိမိကိုယ်ကို အပျက်မစီးမခံသင့်ကြောင်း၊ မိန်းမတို့၏အလှသည် အပေါ်ယံအလှသာ ဖြစ်ကြောင်း၊ မစင်အိုးနှင့်တူကြောင်း ဆုံးမသည့်စကားများကို "**တကာ့မြောက်သား၊ မိဖုရားသည်၊ ရွှေသားလိမ်းကျံ၊ အပေါ်မံသည်၊ ညှီနံ့ပုပ်သိုး၊ မစင်အိုးနှင့်၊ တူရိုးပမာ၊ မှူသည်သာတည့်၊ ရွှေတာ ကျောက်စီ၊ ထဘီ-တဘက်၊ ပြိုးပြိုးပြက်ကြောင့်၊ စုံမက်ဘွယ်ပေ၊ သရေပေါ်ယောင်၊ အလှဆောင်သည်**" (၁၉၆၁၊ စာ-၁၀၃) ဟူ၍လည်းကောင်း မမြဲသောအနိစ္စသဘောကို ဆင်ခြင်ရန် "**ထိုကြောင့်ပက်ပ၊ အနိစ္စသာ၊ မြဲစွာမကျ၊ ဒုက္ခမှန်စွာ၊ ချမ်းသာမရ၊ အနတ္တသာ၊ ငါဟုမှတ်ဆို၊ ကိုယ်မဟုတ်ပါ၊ လက္ခဏာ တရား၊ သည်သုံးပါးကို၊ ဖန်များစိတ်ကျ ၊ နှေ့ညမချာ၊ ဒါယကာမင်း၊ နှလုံးသွင်းလေ့**" (၁၉၆၁၊ စာ-၁၀၄) ဟူ၍ရသေ့၏ ဆုံးမစကားတို့ကို အပြောက်အမွမ်းခြယ် ရေးဖွဲ့ထားပါသည်။ မိန်းမတို့၏ အလှ၏ အပြစ်ကို ဥပမာပေးရာတွင် ဝိဘစ္ဆရသ မြောက်လာသည်။ ပုပ်သိုးနေသော မစင်အိုးနှင့်တူကြောင်း "**ညှီနံ့ပုပ်သိုး၊ မစင်အိုးနှင့်**" ဟူသည့်ထိမိသည့် ဥပမာအလင်္ကာအဖွဲ့များကို တွေ့ရသည်။ သူဇာသည် ရွှေနှင့်ကျောက်တို့ ဖြင့် တန်ဆာဆင်ထားသည့် အဝတ်အစားများကြောင့် စုံမက်ဖွယ် ဖြစ်နေကြောင်း "**ရွှေတာ ကျောက်စီ၊ ထဘီ-တဘက်၊ ပြိုးပြိုးပြက်ကြောင့်၊ စုံမက်ဘွယ်ပေ**" ဟူသော သရုပ်ဖော်အဖွဲ့များကိုလည်း ရေးဖွဲ့ထားပါ သည်။ ရသေ့သည်အမျိုးမျိုး ဖျောင်းဖျဆုံးမလိုက် ဥပရာဇာက ငြင်းပယ်လိုက်ဖြင့် ဇာတ်ရှိန်မြင့်လာသည်။

အားပြိုင်မှုဖြစ်လာသည်။ သူဇာမင်းသမီးအတွက် မည်သည့်အခက်အခဲကိုမဆို ဖြတ်ကျော်ရင်ဆိုင်မည့် ဥပရာဇာ၏ စိတ်နှလုံး အမူအရာတို့ ထင်ရှား ပေါ်လွင်လာစေသော ဇာတ်လမ်း အပြောက်အမွမ်းအဖွဲ့များ ဖြစ်ပါသည်။

**ဇာတ်ဆောင်အပြောက်အမွမ်း**

သူဇာပျို့တွင် ရာဇိန္ဒရာဇ်မင်းကြီး၊ နရိန္ဒဒေဝီမိဖုရားကြီး၊ ဥပရာဇာအိမ်ရှေ့မင်း၊ ဒေဝိန္ဒရာဇ်နတ်မင်းကြီး၊ အတုလဒေဝတာ မိဖုရားကြီး၊ သမီးတော်များ ဟာရီ၊ စိတ္တာ၊ ရာမာ၊ ကညာ၊ ရမ္မာ၊ ပိယာ၊ သူဇာ စသည့်ကိန္နရီခုနစ်ဦး၊ ကက္ခလိစ္ဆမုဆိုး၊ သုဒ္ဓါစာရ ရသေ့ ၊ ပုရောဟိတ်ပုဏ္ဏား စသည်ဖြင့် ဇာတ်ဆောင် အများအပြား ပါဝင်ပါသည်။ ထိုဇာတ်ဆောင်များတွင် ဥပရာဇာအိမ်ရှေ့မင်းနှင့် သူဇာမင်းသမီး တို့သည် အဓိကဇာတ်ဆောင်များဖြစ်ပါသည်။ အဓိကဇာတ်ဆောင် ဥပရာဇာ အိမ်ရှေ့မင်းနှင့် သူဇာမင်းသမီးတို့၏ ဇာတ်ဆောင် အပြောက်အမွမ်းအဖွဲ့များကို လေ့လာ တင်ပြပါမည်။

**ဥပရာဇာအိမ်ရှေ့မင်းသား**

စာဆိုသည် မူလဇာတ်တော်တွင် သုဓနုမင်းသားကို ပျို့တွင် ဥပရာဇာအိမ်ရှေ့မင်းအဖြစ် ပြောင်းလဲ အမည်ပေးခဲ့သည်။ ရုပ်ရည်ချောမောလှပ၍ လေးအတတ်တွင် တစ်ဖက်ကမ်းရောက်အောင် ကျွမ်းကျင် ပုံမှာ မူလဇာတ်နှင့် တူညီမှုရှိပါသည်။

သုဓနုမင်းသားသည် မနောဟရီကို အဝေးမှ လှမ်းမြင်သောအခါ ရှေးရေစက်ကြောင့် ချစ်ခင် နှစ်သက်ပုံကို မူလသုဓနုကုမာရဇာတ်တော်တွင် "**သုဓနုမင်းသားသည် အဝေးမှလာသော မုဆိုးနှင့် မနောဟရီကို တွေ့မြင်ရသောအခါ ရှေးကရေစက်ကြောင့် ချစ်ခင်စုံမက်သော စိတ်ရှိလေသည်။**" (၂၀၁၄၊ စာ-၉၃) ဟူ၍ သုဓနုမင်းသာ မနောဟရီမင်းသမီးအပေါ် ထားသော သဘောထားကို သာမန်မျှ ရေးဖွဲ့ထား ပါသည်။

ထိုအကြောင်းကို သူဇာပျို့တွင်

> **ကိုယ်လုံးထိန့်မျှ၊ တုန်ရိုက်ကလျှင်၊ လက်လှသန္တာ၊ နုဖြူဝါကို၊ ဆိတ်စာသာကြည်၊ ကိုင်တော့မည်ဟု၊ ဆောက်တည်မှတ်နေ၊ ကိုင်တည့်ချေသော်၊ ထူးထွေကျူး၍၊ နတ်အတွေ့ကြောင့်၊ ချမ်းမြွေကိုယ်လုံး၊ ပတ်ကုံးစိမ့်စိမ့်၊ ကြောခြင်ငြိမ့်မျှ၊ နှစ်သိမ့်မိန်းမော၊ စောလျက်မှိုင်ကာ၊ မနည်းကြာမှ၊ လွန်စွာပြင်းလှ၊ တပ်ရာဂဖြင့်၊ ယုယစုံမက်၊ ပြေးတည့်ဘက်လျှင်၊ အဆက်များစွာ၊ သံသရာက၊ လျူဒါပုညာ၊ ကံဆုံကြ၍၊ ချစ်ရတော့မည်**
> (၂၆-၁၉၆၁၊ စာ)

ဟူ၍ဖွဲ့ဆိုထားပါသည်။ ဥပရာဇာသည် သူဇာမင်းသမီး ဖြူဖွေးနုနယ်သောလက်ကို ကိုင်သောအခါ နတ်အထိအတွေ့ကြောင့် နှစ်သက်မိန်းမောသွားရသည်။ ရှေးဘဝကကုသိုလ် အတူပြုခဲ့သောကြောင့် ယခုဘဝတွင် ချစ်ခင်စုံမက်ရသူဖြစ်လာကြောင်း ရေးဖွဲ့ထားပါသည်။ ဥပရာဇာနှင့် သူဇာမင်းသမီးတို့ တွေ့ဆုံခန်း ကို ပိုဒ်ရေ (၄၄)၊ (၄၅)၊ (၄၆)၊ (၄၇)၊ (၄၈) ထိ ပိုဒ်ရေ (၅)ပိုဒ်ခန့် ချဲ့ထွင်ထားပါသည်။ ထိုအဖွဲ့တွင် "**ကိုယ်လုံးထိန့်မျှ**"၊ "**ပတ်ကုံးစိမ့်စိမ့်၊ ကြောခြင်ငြိမ့်မျှ**"၊ "**နှစ်သိမ့်မိန်းမော၊ စောလျက်မှိုင်ကာ**"

စသည့် စကားအသုံးအနှုန်းများသည် သူဇာမင်းသမီး၏ အလှကို မြင်၍ ဖြစ်ပေါ်လာသော ဥပရာဇာ၏ ခံစားချက်ကို ပေါ်လွင်စေသည့် စကားအသုံးအနှုန်း အပြောက်အမွမ်းများဖြစ်သည်။ မိမိချစ်မိသူကို မြင်လျှင် ဖြစ်တတ်သည့် လူ့သဘာဝကို ပေါ်လွင်စေသည်။ ဇာတ်ဆောင် ဥပရာဇာ၏ လူငယ်ပီပီ ချစ်သူကို ပိုက်ထွေး ယုယချင်သော အမူအရာသရုပ်ကိုလည်း ပေါ်လွင်စေသော ဇာတ်ဆောင်အပြောက် အမွမ်းအဖွဲ့ဖြစ်ပါသည်။

မူလသုခနေကုမာရဇာတ်တွင် သုခနေမင်းသားသည် စစ်နိုင်၍ပြန်လာသောအခါ မယ်တော်ကို မနောဟရီမင်းသမီးအကြောင်း မေးမြန်းလျှောက်ထားကြောင်း "**မယ်တော် သားတော်၏ မနောဟရီသည် ဘယ်သို့သွားပါသနည်း၊ သားတော်၏ စိတ်နှလုံးသည် ဆိပ်လူးမြားဒဏ် အပစ်ခံရသကဲ့သို့ ကြေမွ ပျက်ပြုန်းယူကြုံးမရ ခံစားနေရပါသည်။**" (၂၀၁၄၊ စာ-၁၀၁) ဟူ၍ မနောဟရီကို မတွေ့ရ၍ ဖြစ်ပေါ်လာသော စိတ်ခံစားမှုကို သာမန်မျှသာ ရေးသားထားပါသည်။ ထိုအကြောင်းကို ပျို့တွင် ဥပရာဇာ၏ ခံစားချက်များကို "**ကြိုးစားဆောက်တည်၊ ကျွန်တော်သည်လျှင်၊ မြွေးလည်တဏှာ၊ အနာသဝါ၊ မဟုတ်ပါဘူး၊ ရာဂါဒေါသ၊ မောဟစိတ်၊ သိသည့်ချက်ကို၊ ငြိမ်သက်စိမ့်မည်၊ ဖြေဆည်ပြီးတိုင်၊ မတတ်နိုင်ပါ**" (၁၉၆၁၊ စာ-၉၃) ဟူ၍လည်းကောင်း "**ဘယ်ရွာ ဘယ်မြို့၊ ဘယ်သို့ရှေ့ရည်၊ ရောက်လိမ့် မည်မျှ၊ မသိရ၍၊ စိတ်ချကျွန်တော်၊ ဖြေဖျော်တားဆည်၊ မနေတည်ခဲ့**" (၁၉၆၁၊ စာ-၉၃) ဟူ၍လည်းကောင်း အပြောက်အမွမ်း ခြယ်ခဲ့ပါသည်။ ဥပရာဇာသည် မိမိမှာတဏှာရာဂကင်းစင်သော အနာဂါမ်၊ ရဟန္တာ ပုဂ္ဂိုလ်ကဲ့သို့ မဟုတ်သေးပါ။ ဒေါသ၊ မောဟ၊ ရာဂတရားတို့ကို သိမြင်၍တရားနှင့် ဖြေသော်လည်း မပျောက်နိုင်ကြောင်းဖွဲ့ဆိုသည်။ ဇနီးအပေါ်စိုးရိမ်ကြီး၍ စိတ်မချနိုင်သော ဥပရာဇာ၏စိတ်သဘောကို ပေါ်လွင်ထင်ရှားလာစေသော ဇာတ်ဆောင် အပြောက်အမွမ်းဖြစ်ပါသည်။ ကရုဏာရသကို ပေးစွမ်းနိုင်သော ဇာတ်ဆောင် အပြောက်အမွမ်းအဖွဲ့ ဖြစ်ပါသည်။

**သူဇာမင်းသမီး**

မူလသုခနေကုမာရဇာတ်တော်တွင် စာဆိုသည် မနောဟရီမင်းသမီးကို သူဇာမင်းသမီးဟူ၍ အစားထိုးရေးဖွဲ့ခဲ့ပါသည်။ မူလဇာတ်တွင် မနောဟရီသည် သမီးကြီးဖြစ်သော်လည်း သူဇာပျို့တွင် သမီးတော်အထွေးဆုံးအဖြစ် ပြောင်းလဲရေးဖွဲ့ခဲ့ပါသည်။ သူဇာမင်းသမီးသည် သားတော်သမီးတော်တို့ကို ဖွားမြင်ကြောင်း ဖြည့်စွက်ထားပါသည်။

မူလသုခနေကုမာရဇာတ်ဝတ္ထုတွင် ကက္ခလိစ္ဆမုဆိုးသည် မနောဟရီကို သုခနေမင်းသား၏ ကြင်ယာတော်အဖြစ် ဆက်သရန် ခေါ်ဆောင်လာခဲ့ပုံကို **"သုခနေမင်းသား၏ အလုပ်အကျွေး ဇနီးမယားအဖြစ် ပေးအပ်ရန်သာ စိတ်ဆန္ဒစောပြီး ခေါ်ဆောင်လာခဲ့သည်"** ၂၀၁၄၊ စာ-၉၃) ရေးသားထား ပါသည်။ ပျို့တွင်ကက္ခလိစ္ဆမုဆိုးသည် မိမိဆန္ဒကြောင့် ခေါ်ဆောင်ရန်မဟုတ်ကြောင်း ဥပရာဇာထံဆက်သရန် ဖမ်းလာကြောင်းပြောပြခဲ့သည်။ မုဆိုး၏စကားကို ကြားရသောအခါ သူဇာမင်းသမီး၏ စိတ်ခံစားမှု အခြေအနေကို ပျို့တွင်

**မုဆိုးဆိုသည်၊ ရွှန်းပျို့ပွင့်လျာ၊ မဟာဥပရာဇာ၊ သာသည်မည်ခေါ်၊ နာမတော်ကို၊**
**ရွှေလှော် ဆင်းပြင်၊ မင်းရှင်ဖြူအိ၊ ကြားသည်ရှိသော်၊ ဇာတိရှည်စွာ၊ သံသရာ မြတ်ပါရမီ၊**

> **ဆယ် သုံး လီ ကို၊ တူပြိုင်စုံမက်၊ ဖြည့်ကြဘက်လျှင်၊ ဆက်ဆက်မှန်စွာ၊ ဝါသနာထုံငွေ့၊ လှိုင်ပျံ့၍တည့်၊ အိမ်ရှေ့မဟာဥပရာတို့၊ မေတ္တာလွန်ပြင်း၊ ကြင်နာခြင်းသည်၊ ရိုးတွင်းဝယ်သာ၊ ခြင်ဆီမှာ၌၊ သေချာစွဲနေ၊ တည်လျှင်းလေ၏** (၁၂-၁၉၆၁၊ စာ)

ဟူ၍ အပြောက်အမွမ်းဖွဲ့ထားပါသည်။ အတူတူပါရမီ ဖြည့်ခဲ့ဖူးသော အထုံဝါသနာကြောင့် အမည်ကြားရုံမျှဖြင့် မေတ္တာသက်ဝင်မိကြောင်း၊ ရိုးတွင်းခြင်ဆီအထိ စွဲမြဲအောင်ချစ်မိကြောင်း သူဇာမင်းသမီးလေး၏ခံစားချက်ကို အပြောက်အမွမ်းခြယ်ထားပါသည်။ သူဇာမင်းသမီး၏ခံစားမှု အမူအရာများကို "**ဝါသနာထုံငွေ့၊ လှိုင်ပျံ့၍တည့်**" ဟူသော သမာဓိဂုဏ်မြောက်သော အဖွဲ့၊ "**မေတ္တာ လွန်ပြင်း၊ ကြင်နာခြင်းသည်၊ ရိုးတွင်းဝယ်သာ၊ ခြင်ဆီမှာ၌**" ဟူသော အတိသယဝုတ္တိ အလင်္ကာမြောက်အဖွဲ့များက ပေါ်လွင်စေပါသည်။ သိင်္ဂါရရသ မြောက်သော အဖွဲ့ဖြစ်ပါသည်။

မူရင်းသုဝဏ္ဏကုမာရဇာတ်တွင် သုဝဏ္ဏမင်းသားနှင့် မနောဟရီမင်းသမီးတို့သည် ထိမ်းမြားမင်္ဂလာကျင်းပပြီး မနောဟရီမင်းသမီးဖြင့်သာ နတ်စည်းစိမ်ကဲ့သို့ ခံစားကြပုံကို "**အခြားမိဖုရားများထံ သွားရောက်ကြည့်ရှုမြတ်နိုးခြင်းမရှိတော့ဘဲ မနောဟရီမင်းသမီးနှင့်သာ နတ်ချမ်းသာ ခံစားလျက်နေလေသည်**" (၂၀၁၄၊ စာ-၉၄)ဟူ၍ ရေးသားထားပါသည်။ ပျို့တွင်မူ ဥပရာဇာနှင့် သူဇာမင်းသမီးတို့ လက်ထပ်ပြီး နှစ်ဦးသားစကား လက်ဆုံပြောကြပုံကို "**ပူပင်ငြင်ငြို၊ ကျွန်မကိုလေ၊ ဟိုမှဆိုးပ၊ ဘမ်းမိစက၊ ကျွန်မစိတ်မှာ၊ မကြာလျှင်တောင်း၊ ဘယ်အကြောင်းကြောင့်၊ ငံ့စောင်းမဆည်၊ သေရမည်ဟု၊ ကြံစည်စိတ်ထဲ၊ အမြဲသေချာ၊ အောက်မေ့ရာတွင်**" ဟူ၍ ရေးဖွဲ့ထားရာ သူဇာမင်းသမီးလေး၏ ဥပရာဇာကို ချစ်တတ်ပြီး ချစ်စဖွယ်ပြောဆိုတတ်သောစရိုက် ပေါ်လွင်လာသည်။ သိင်္ဂါရသမြောက်လာသည်။ မိန်းကလေးပီပီ ချစ်သူနားတွင် ချွဲနွဲ့ပြောဆိုနေသော ဟန်အမူအရာကို သက်ဝင်လှုပ်ရှား လာစေသော ဇာတ်ဆောင်အပြောက်အမွမ်းဖြစ်ပါသည်။

**နောက်ခံဝန်းကျင်အပြောက်အမွမ်း**

မူရင်းသုဝဏ္ဏကုမာရဇာတ်တော်တွင် နောက်ခံဝန်းကျင်အဖွဲ့များကို သာမန်မျှ ရေးသားထားသော်လည်း စာဆိုသည် သူဇာပျို့တွင် နောက်ခံဝန်းကျင်အဖွဲ့များကို စိတ်မျက်စိတွင်မြင်ယောင်လာ အောင်၊ နှစ်သက်ဖွယ်ဖြစ်အောင် အပြောက်အမွမ်း ခြယ်ထားပါသည်။

မူလသုဝဏ္ဏကုမာရဇာတ်တော်တွင် ဥတ္တရပဉ္စာလတိုင်းကို "**ဥတ္တရပဉ္စာလတိုင်းတွင် အာဒိစ္စဝံသမင်းကြီးသည် မင်းကျင့်တရားနှင့် အညီမင်းပြု၍**" (၂၀၁၄၊ စာ-၈၆) ဟူ၍ သာမန်မျှ ရေးသားထားပါသည်။

ပျို့တွင်မူ ဥတ္တရပဉ္စာလတိုင်းသည်ဇေယျပူရပြည် ဖြစ်လာသည်။ ဇေယျပူရပြည်၏သာယာစည်ကားပုံကို

> **ထွန်းပေါ်စည်လှ၊ ဇေယျပူရ၊ နာမတွင်မည်၊ ပြည်ကြီးသည်ကား၊ တမည်မချို့၊ မြို့၏အင်္ဂါ၊ စုံစွာထူးပြား၊ တံခါးတရာ၊ သာသည် ခြောက်ထပ်၊ နတ်ရပ်ဌာန်လည်း၊ မလွန်စင်စစ်၊ ရည်တူဖြစ်၍၊ သစ်သစ် ထပ်ပွား၊ လူမျိုးပြားတို့၊ များသည်ဖြင်ပည်း၊ စုပေါင်းစည်း၏။** (၂-၁၉၆၁၊ စာ)

ဟူ၍ ရေးဖွဲ့ထားပါသည်။ ဇေယျပူရပြည်သည် ကျုံးမြောင်း၊ တံတိုင်း၊ ပစ္စင်၊ ရင်တား၊ တံခါး၊ သူရဲခိုး အစရှိသည့် မြို့၏ အင်္ဂါရပ်များဖြင့် ပြည့်စုံသော မြို့ဖြစ်ကြောင်း၊ စတုမဟာရာဇ်၊ တာတဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီဟူသော နတ်ပြည်ခြောက်ထပ်ကဲ့သို့ သာယာသောမြို့ဖြစ်ကြောင်း၊ လူမျိုးပေါင်းစုံ လာရောက်မှီတင်းနေထိုင်ရကြောင်း မြင်ယောင်လာအောင် ဒေသနောက်ခံဝန်းကျင်ကို အပြောက်အမွမ်း ရေးဖွဲ့ထားပါသည်။

မူလသုမနေကုမာရဇာတ်တော်တွင် ကိန္နရီခုနစ်ဖော်တို့သည် အခြွေအရံတစ်ထောင်ခြံရံ၍ ရေကစားသွားကြောင်းကို

**ထိုနေ့သည်ကား လပြည့်နေ့ည ဖြစ်လေသည်။ ကေလာသတောင်ထွတ်၌နေသော ဒုမရာဇ် မင်းကြီး၏သမီးများဖြစ်ကြသော ကိန္နရီခုနစ်ဖော်တို့သည် အခြွေအရံ တစ်ထောင်တို့နှင့်အတူ ကောင်းကင်မှ ပျံလာပြီးလျှင် ထိုရေကန်၌ သက်ဆင်းကြသည်။**

(၂၀၁၄၊ စာ-၉၀)

ဟူ၍ ရေးသားထားပါသည်။ သူဇာပျို့တွင် ကိန္နရီခုနစ်ဖော်တို့ ရေကစားသွားကြသည့် အချိန်ကို

**"မှိုင်းပျမင်းလွင်၊ အုံ့ဆင်တိမ်သား၊ သွားလာချင်ဖွယ်၊ တစ်နေ့ဝယ်နှိုက်၊ တင့်တယ်ထွေဆန်း၊ ဆွတ်ပန်းရေကြည်၊ ကစားမည်ကို"** (၁၉၆၁၊ စာ-၇) ဟူ၍ အပြောက်အမွမ်း ဖွဲ့ဆိုထားပါသည်။ ကိန္နရီခုနစ်ဖော်တို့သည် မြူခိုးများ မှိုင်းပျနေသော အချိန်၊ ကောင်းကင်တွင် တိမ်များ ယှက်သန်းနေပြီး သွားလာလည်ပတ်ရန် ရာသီဥတုသာယာသောတစ်နေ့တွင် ရေကစားရန် ဖခမည်းတော်ကို ခွင့်ပန်ကြောင်း အချိန်ကာလနောက်ခံဝန်းကျင်ကို ဖွဲ့ဆိုထားသည်။ ထိုအဖွဲ့တွင် "**မှိုင်းပျမင်းလွင်၊ အုံ့ဆင်တိမ်သား**"၊ "**ဆွတ်ပန်းရေကြည်၊ ကစားမည်ကို**" ဟူသည့် လိုက်ဖက်သည့် စကားအသုံးအနှုန်း များသည် နောက်ခံဝန်းကျင်ကို ပေါ်လွင်စေသည်။ မူလဇာတ်တော်တွင် လပြည့်ညဟူ၍ သာမန်မျှသာ ဆိုထားသော်လည်း ပျို့တွင်စာဆိုသည် ရေကစားရန်လိုက်ဖက်သောအချိန်ကို အပြောက်အမွမ်း ခြယ်သထားသဖြင့် နှစ်သက်ဖွယ် ဖြစ်လာပါသည်။

မူလဇာတ်တော်တွင် ရသေ့သည် သုမနေမင်းသားကို မနော်ဟရီမှာကြားခဲ့သည့်အတိုင်း ပြန်လည်မိန့်ကြားပုံကို "**ရှေ့သို့ ဆက်မလိုက်ပါနှင့်ဟု မှာသွားပါသည် အကယ်၍ ရှေ့ကိုဆက်၍ လိုက်မည် ဆိုပါလျှင်သွားရမည့်လမ်းတွင် ဘီလူးယက္ခ ဂန္ဓဗ္ဗတို့ပေါ်များ၍ သွားရန်ခက်ပါသည်**"(၂၀၁၄၊ စာ-၁၀၂) ဟူ၍ ရေးသားထားပါသည်။

ပျို့တွင် ရသေ့သည် ဥပရာဇာမင်းသားကို သူဇာမင်းသမီးနောက်သို့ လိုက်ပါက လမ်းခရီးတွင် ရင်ဆိုင်ရမည့် ဘီးလူးတို့အပြင် ဟိမဝန္တာတော၏ ခက်ခဲကြမ်းတမ်းပုံ အခြေအနေကို မိန့်ဆိုရာတွင်

**ဟေဝန္တာကား၊ ငါးရာအစောက်၊ မောက်မောက်ဆောင်းဆောင်း၊ ရှစ်သောင်းလေးထောင်၊ အထွတ်ဆောင်လျက်၊ ကုန်အောင်ခဲခက်၊ ချောင်ရှိုက်သက်နှင့်၊ သစ်ခက်ပေါင်းလည်း၊ အပည်းပည်းတိ၊ မြက်မည်းတောကြီး၊ ပိတ်ဖြီးဝါးရုံ၊ စေးချုံအင်တိုင်း၊ ပြိုင်းရရိုင်းတည့်၊**

**သစ်ကျိုင်း မြိုင်နက်၊ အရှက်ရှက်နှင့်၊ တက်သက်ခဲအင်၊ ကျားဆင်ခြသေ့်၊ တို့ခွေ့မအား၊**
**နဂါး ယက္ခ ကန္တရကို** -သူဇာပျို့၊ ၁၉၆၁၊ စာ)၉၂(

ဟူသော နောက်ခံဝန်းကျင် အပြောက်အမွမ်းကို တွေ့ရသည်။ ဟိမဝန္တာတောသည် ငါးရာသော တောင်စွယ်များ အထပ်ထပ်ကာဆီးထားပါသည်။ လျှိုမြောင်များပေါများသည်။ သစ်တောထူထပ်သည်။ တောကြီးမှာမမြင်ရ အောင် မှောင်မည်းနေသည်။ ဝါးရုံများပိတ်ထားသည်။ ချုံနွယ်များပေါများသဖြင့် ဆင်းရတက်ရ ခက်ခဲလှသည်။ ထို့ပြင် သားရဲတို့အပြင် နဂါး၊ ဘီလူးအစရှိသည့် လူ့အသက်ကို အန္တရာယ် ပေးနိုင်သော သားရဲတို့ရှိသည့် တောကြီး မျက်မည်းဖြစ်ကြောင်း စိတ်မျက်စိတွင် ထင်ယောင် မြင်ယောင် ဖြစ်လာအောင် ရေးဖွဲ့ထားပါသည်။ ထိုအဖွဲ့တွင် "ချောင်ရှိုက်သက်"၊ "မြက်မည်းတောကြီး"၊ "စေးချို အင်တိုင်း"၊ "သစ်ကျိုင်းမြိုင်နက်" စသည်ဖြင့် ကြောက်မက် ဖွယ်တောကြီးကို မြင်ယောင်စေသည့် စကားအသုံးအနှုန်းများဖြင့် အပြောက်အမွမ်း ခြယ်ထားပါသည်။ ဘယာနကရသကိုပေးသော နောက်ခံ ဝန်းကျင် အပြောက်အမွမ်းအဖွဲ့ဖြစ်သည်။

## သုံးသပ်ချက်

ဝန်ကြီးပဒေသရာဇာသည် မူရင်းသုဓနုကုမာရဇာတ်ရှိ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံ ဝန်းကျင်တို့ကို စိတ်ကူးဉာဏ်ဖြင့် တန်ဆာဆင် မွမ်းမံထားပါသည်။

စာဆိုသည် မူလဇာတ်တွင်မပါဝင်သော သူဇာမင်းသမီးသည် သားတော်နှင့် သမီးတော်လေး ဖွားမြင်ကြောင်း ဇာတ်ကွက်များကို ဖြည့်စွက်၍အကျယ်ချဲ့ထားသည်။ ရသေ့နှင့်ဥပရာ ဇာအိမ်ရှေ့ မင်းသားတို့၏ အပြန်အလှန်ပြောစကားများ ဖြည့်စွက်ကာ ဇာတ်လမ်းကို အသက်ဝင်လာစေသည်။ မူလဇာတ်လမ်းပါ ဥပရာဇာကို ဖခမည်းတော်၏ ပုဏ္ဏားသည် ရန်ငြိုးထားသော ဇာတ်ကွက်ကို ပြောင်းလဲ ထားသော အပြောက်အမွမ်းကြောင့် ဇာတ်လမ်းအားကောင်းလာပါသည်။ ဇာတ်လမ်းကိုပေါ်လွင်စေ သော စကားအသုံးအနှုန်းအဖွဲ့များဖြင့် အပြောက် အမွမ်းဖွဲ့ထားသည်။ ဇာတ်လမ်းကိုအကျိုးသင့် အကြောင်းသင့် ဖြစ်အောင်ပံ့ပိုးပေးသည်။ ဇာတ်လမ်းကို ပိုမိုပေါ်လွင်စေကြောင်း တွေ့ရပါသည်။

ဥပရာဇာမင်းနှင့် သူဇာမင်းသမီးတို့၏ မေတ္တာဘွဲ့ အပြောက်အမွမ်းအဖွဲ့မှတစ်ဆင့် သိင်္ဂါရရသ မြောက်စေသည်။ ဥပရာဇာ၏ စိတ်ခံစားချက်များသည် ကရုဏာရသမြောက်စေသည်။ ဇာတ်လမ်းကို နှစ်သက်ဖွယ် ဖြစ်လာစေပြီး စိုပြည်ပေါ်လွင်လာစေသည်။ ပုဏ္ဏားနှင့်ဥပရာဇာ၊ ရသေ့နှင့်ဥပရာဇာတို့၏ အားပြိုင်မှုကို ဖြစ်စေပြီး ဇာတ်လမ်းကို စိတ်ဝင်စားလာစေကြောင်း တွေ့ရပါသည်။

ဇာတ်ဆောင်များကို အပြောက်အမွမ်းပြုရာတွင် ဥပရာဇာနှင့် သူဇာမင်းသမီးတို့ကို ပိုမိုရုပ်လုံး ကြွလာအောင် တန်ဆာဆင်ရေးဖွဲ့ထားပါသည်။ ဥပရာဇာနှင့်သူဇာမင်းသမီးတို့၏ အပြန်အလှန် ချစ်မြတ်နိုးကြသော စိတ်နေစိတ်ထား ခံစားချက်အမူအရာများကို မူလထက် အသက်ဝင် လာအောင် ရေးဖွဲ့ထားသည်။ သိင်္ဂါရရသကိုပေးစွမ်းနိုင်သည်။ ဇာတ်ဆောင်တို့၏ ခံစားချက်အမူအရာကို ပေါ်လွင် စေသည့် စကားလုံးအဖွဲ့အနွဲ့များလည်း အပြောက်အမွမ်းအဖြစ် တွေ့နိုင်သည်။ ဥပရာဇာ မင်းသား၏

ယောက်ျားကောင်းယောက်ျားမြက်တို့၏စရိုက်၊ သူဇာမင်းသမီး၏ ချစ်ခင်နှစ်သက်ဖွယ် ပြောတတ်ဆိုတတ်သောစရိုက်တို့ကို ထင်ရှားအောင် ပံ့ပိုးပေးကြောင်း တွေ့ရပါသည်။

နောက်ခံဝန်းကျင်ကို အပြောက်အမွမ်းရေးဖွဲ့ရာတွင်မူလဇာတ်တော်ပါ ဥတ္တရပဉ္စာလတိုင်း သည် သာမန်မျှပါဝင်သော်လည်း ဇေယျပူရပြည်သည် မြို့၏အင်္ဂါရပ်များဖြင့် ပြည့်စုံသောမြို့ဖြစ်ကြောင်း၊ နတ်ပြည်ခြောက်ထပ်နှင့် တူညီကြောင်း၊ လူအများလာရောက်နေထိုင်ရကြောင်း မြင်ယောင်လာအောင် အပြောက်အမွမ်းဖွဲ့ထားပါသည်။ ကိန္နရီခုနစ်ဖော်တို့ ရေကစားသွားသည့် အချိန်ကိုမူလဇာတ်တော်တွင် မပါဝင်သော်လည်း လိုက်ဖက်ဆီလျော်သော နောက်ခံဝန်းကျင်ကို အပြောက်အမွမ်း ထည့်သွင်းခဲ့ပါသည်။ နောက်ခံဝန်းကျင်ကို ပေါ်လွင်စေသည့် အဖွဲ့အနွဲ့များကိုလည်းတွေ့နိုင်သည်။ ဟိမဝန္တာတောသည် ခက်ခဲကြမ်းတမ်းပြီး အသက်အန္တရာယ် စိုးရိမ်ရသော တောကြီးဖြစ်ကြောင်း မြင်ယောင်လာအောင်ဖွဲ့ဆိုထားကြောင်းတွေ့ရပါသည်။

စာဆိုသည် မူလဇာတ်ဝတ္ထုပါ ဇာတ်လမ်းကို ပိုစိုစိုပြည်လာအောင် စိတ်ကူးဉာဏ်ဖြင့် အပြောက်အမွမ်းရေးဖွဲ့ထားပါသည်။ မူလဇာတ်လမ်းပါ ဇာတ်ဆောင်တို့ကို အသက်ဝင်ပြီး ရုပ်လုံးကြွလာအောင် ဖွဲ့ဆိုထားပါသည်။ နောက်ခံဝန်းကျင် အပြောက်အမွမ်းအဖွဲ့များသည် ထင်ယောင်မြင်ယောင် ဖြစ်လာစေကြောင်းတွေ့ရပါသည်။ ထို့ကြောင့် သူဇာပျို့လာ အပြောက်အမွမ်းအဖွဲ့များသည် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်ကို ပံ့ပိုးပေးကြောင်း အထင်အရှားတွေ့နိုင်သည်။ ထိုအပြောက်အမွမ်းအဖွဲ့များသည် ပျို့ကိုပို၍ နှစ်သက်စေပြီး ရသကိုပေးစွမ်းခံစားစေကြောင်း လေ့လာတွေ့ရှိရပါသည်။

## နိဂုံး

ဝန်ကြီးပဒေသရာဇာသည် သူဇာပျို့တွင်  မူလရှိပြီးသား ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသ နောက်ခံဝန်းကျင်တို့ထက် ပို၍ပေါ်လွင်ထင်ရှားလာအောင် အပြောက်အမွမ်း ဖွဲ့ဆိုထားခြင်းဖြစ်သည်။ ထိုကဲ့သို့ အပြောက်အမွမ်း ဖွဲ့ဆိုရာတွင် မူလရှိပြီးသား အဖြစ်အပျက်အကြောင်းအရာများ၊ ဇာတ်ဆောင်များ၊ ပျို့၏ နောက်ခံဝန်းကျင်တို့ကို စိတ်ကူး အပြောက်အမွမ်း၊ အရေးအဖွဲ့ အပြောက်အမွမ်း တို့ဖြင့် အသက်ဝင် ပီပြင်အောင်ရေးဖွဲ့ထားပါသည်။ စာဆို၏အပြောက်အမွမ်း အဖွဲ့စွမ်းရည်ကြောင့် မူလဇာတ်ဝတ္ထုထက် ပို၍နှစ်သက်မှုရသများ ပေးစွမ်းနိုင်ကြောင်း တွေ့ရ ပါသည်။

## ကျမ်းကိုးစာရင်း

ခင်မင်၊မောင်၊(ဓနုဖြူ) ။ (၂၀၀၉) ။ ***ဘာသာအမြင်စာပေအမြင်*** ။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်။

ခင်မမ၊ ဒေါက်တာ။ (၂၀၁၀) ။ ***မင်းပွဲဝင်ပျို့ကဗျာ*** ။ ရန်ကုန်၊ ရွှေကံ့ကော်စာပေ။

ဇော်ဂျီ။ (၁၉၇၈)။ အမှာစာ။ ***ဥမ္မာဒန္တီပျို့*** ။ ရန်ကုန်၊ မြန်မာနိုင်ငံသုတေသနအသင်း။

ပဒေသရာဇာ၊ဝန်ကြီး။(၁၉၆၁)။ ***သူဇာပျို့။*** ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

ဖေမောင်တင်၊ဦး။ (၁၉၈၅)။ ***မြန်မာစာပေသမိုင်း။***(ပဥ္စမအကြိမ်) ။ ရန်ကုန်၊ စံပယ်ဦးစာပေ။

ဘသောင်း၊ဗိုလ်မှူး။(၂၀၀၂)။ ***စာဆိုတော်များ အတ္ထုပ္ပတ္တိ***(ပဥ္စမအကြိမ်)။ ရန်ကုန်၊ရာပြည့်စာအုပ်တိုက်။

ဘုန်းနိုင်၊တက္ကသိုလ် ။(၂၀၂၁)။ ***ဝတ္ထုရှည်စာတမ်းများ***(တတိယအကြိမ်) ။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၂၂)။ ***မြန်မာအဘိဓာန်။*** (တတိယအကြိမ်) ။ ရန်ကုန်၊မြန်မာစာအဖွဲ့ဦးစီးဌာန။

သျှင်သီရိ၊တက္ကသိုလ်၊(ဓမ္မာစရိယ၊ဘီအေ)။(၂၀၁၄) ။ ***ဇင်းမယ်ပဏ္ဏာသ*** ။ ရန်ကုန်၊ ဖြိုးဝေလျှံပုံနှိပ်တိုက်။

သူရိယကန္တီ။(၂၀၁၆)။ ***ဝတ္ထုရေးလိုသော်*** ။(တတိယအကြိမ်)။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

အောင်သင်း။(၂၀၁၇)။ ***ဝတ္ထုရေးရာဆောင်းပါးများ*** (တတိယအကြိမ်) ။ ရန်ကုန်၊ ဇွန်ပွင့်စာအုပ်တိုက်။

## ဖတ်ရှုလေ့လာသည့်စာအုပ်စာရင်း

ခင်မျိုးထွန်း၊ မ ။ (၂၀၀၁) ။ ***ဝန်ကြီးပဒေသရာဇာ၏ သူဇာပျို့နှင့် ကုမ္မာဘယပျို့လာ အလင်္ကာ တန်ဆာဆင်မှုလေ့လာချက်။*** မန္တလေးတက္ကသိုလ် မြန်မာစာပါရဂူဘွဲ့ အတွက် တင်သွင်းသောကျမ်း ။

ရဲမင်းထက်၊ (မြန်မာစာ)။ (၂၀၂၁) ။ ***ဇာတကနောက်ခံ ရခိုင်သာခြင်းများ၏ အပြောက်အမွမ်း။*** ရန်ကုန်။ စာပေဗိမာန် ပုံနှိပ်တိုက်။

သက်မွန်အောင်၊ မ။ (၂၀၂၁) ။ သူဇာပျို့မှ ***ရသအဖွဲ့များလေ့လာချက်။*** မန္တလေးတက္ကသိုလ် ။ မြန်မာစာမဟာဝိဇ္ဇာဘွဲ့အတွက် တင်သွင်းသောကျမ်း ။

သိဂီ၊မ။ (၂၀၁၈)။ ***ကင်းဝန်မင်းကြီး၏ တိန္ဒုကပျို့ အပြောက်အမွမ်း လေ့လာချက်။*** မန္တလေးတက္ကသိုလ်။ မြန်မာစာပါရဂူဘွဲ့ အတွက် တင်သွင်းသောကျမ်း ။

# မြန်မာကဗျာအချို့မှ ဟာသ (ခနိုးခနဲ့) အဖွဲ့များလေ့လာချက်

တင်မိမိနိုင်[၁]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစာပေကဏ္ဍလာ ကဗျာအချို့မှ ဟာသ (ခနိုးခနဲ့) အဖွဲ့များကို လေ့လာထားသော စာတမ်းဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ ဟာသစာပေ၏ သဘောသဘာဝနှင့် ဟာသစာပေ၏ တန်ဖိုးကို သိရှိရန်ရည်ရွယ်ပါသည်။ ထို့ကြောင့် မြန်မာကဗျာအချို့ကို အလေ့လာခံအဖြစ်သတ်မှတ်ပြီး ဟာသစာပေဆိုင်ရာနည်းနာများဖြင့် ချိန်ထိုး၍ ဝေဖန်အကဲဖြတ်ခြင်းပုံစံနှင့် ရှင်းလင်းဖော်ပြခြင်းပုံစံ သုတေသနနည်းနာများဖြင့် တင်ပြသွားပါမည်။ ဤစာတမ်း၌ အလေ့လာခံ ကဗျာများတွင် တွေ့ရှိရသော ဟာသ (ခနိုးခနဲ့) အဖွဲ့များသည် ဟာသရသမြောက်မှု ရှိ၊ မရှိ၊ စာဆိုတင်ပြသော လောကသဘာဝ၊ လူ့သဘာဝ အဖွဲ့များသည် ပီပြင်မှု ရှိ၊ မရှိဟူသော ပြဿနာများကို အဖြေရှာထားပါသည်။ လေ့လာချက်အရ အလေ့လာခံကဗျာများတွင် တွေ့ရှိရသော ဟာသ(ခနိုးခနဲ့) အဖွဲ့များသည် လောကသဘာဝ၊ လူ့သဘာဝကို နှစ်သက်ဖွယ် ရေးဖွဲ့ထားနိုင်ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် မြန်မာကဗျာများကို ဟာသစာပေရှုထောင့်မှ လေ့လာလိုသူများအတွက် အထောက်အကူရရှိစေပြီး စာဆို၏စွမ်းရည်ကိုလည်း သိလာနိုင်စေပါသည်။

**သော့ချက်ဝေါဟာရ။** ။ ကဗျာ၊ ဟာသစာပေ၊ (ခနိုးခနဲ့)အဖွဲ့။

## နိဒါန်း

ကဗျာသည် စာဆို၏စိတ်ကူးအတွေ့အကြုံတို့ကို ပေါင်းစပ်၍ သီကုံးဖွဲ့ဆိုထားသော စာပေအနုပညာ ပုံသဏ္ဍာန်တစ်ရပ်ဖြစ်ပါသည်။ ကဗျာတွင် နေ့စဉ်ကြုံတွေ့ခံစားရသမျှကို စာဆို၏စိတ်ကူးဉာဏ်ဖြင့် ဖန်တီးထားခြင်းဖြစ်ပါသည်။ ထိုသို့ဖန်တီးရာတွင် လောကသဘာဝ၊ လူ့သဘာဝကို သရုပ်ဖော်ရာ၌ အားမာန်ဖြင့် သရုပ်ဖော်သောအဖွဲ့၊ အလွမ်းအဆွေးဖြင့် သရုပ်ဖော်သောအဖွဲ့၊ ဟာသဖြင့် သရုပ်ဖော်သောအဖွဲ့တို့ကို တွေ့မြင်နိုင်ပါသည်။ အချို့စာဆိုတို့သည် ဒိဋ္ဌဓမ္မလောကရှိ အမြင်မတော်သည့် လူ့သဘာဝ၊ လောကသဘာဝတို့ကို နားလည်လက်ခံပြီးဟာသဖြင့် ရေးဖွဲ့သရုပ်ဖော်တတ်ကြပါသည်။ တစ်နည်းအားဖြင့် လူ့သဘာဝ၊ လောကသဘာဝ ရယ်ရွှင်စရာအဖြစ် ဖန်တီးခြင်းကိုဆိုလိုပါသည်။ ထိုသို့ဖန်တီးရေးဖွဲ့ရာ တွင် စာဆို၏ အာဝဇ္ဇန်းကောင်းမွန်မှု၊ စီကာပတ်ကုံး ပြောတတ်မှုတို့အပေါ် မူတည်၍ ဘဝအာနိသင်ထက်မြက်သော ဟာသစာပေများ ဖြစ်ပေါ်လာပါသည်။ ဤစာတမ်းကို လေ့လာဖော်ထုတ်ရာ၌ အောက်ပါသုတေသန မေးခွန်း အချို့ကိုတွေ့ရပါသည်။

၁။ ဟာသ (ခနိုးခနဲ့) အဖွဲ့များသည် ဘာသာစကားသုံးစွဲမှုအပေါ် ထိရောက်မှုရှိ၊ မရှိ။

၂။ ဟာသ (ခနိုးခနဲ့) အဖွဲ့များသည် ဟာသရသမြောက်မှုရှိ၊မရှိ။

၃။ ဟာသ(ခနိုးခနဲ့) အဖွဲ့များသည် လောကသဘာဝ၊လူ့သဘာဝကို ပေါ်လွင်အောင် ဖော်ကျူးနိုင်မှု ရှိ၊မရှိ။

ထိုပြဿနာများကို အဖြေရှာရာတွင် အောက်ပါသုတေသန အဆိုကြမ်းများကို ချမှတ်ခဲ့ပါ သည်။ ဟာသ(ခနိုးခနဲ့) အဖွဲ့များသည် ဘာသာစကားသုံးစွဲမှုအပေါ် ထိရောက်မှုရှိပါသည်။ ဟာသ (ခနိုးခနဲ့) အဖွဲ့များသည် ဟာသရသမြောက်မှုရှိပါသည်။ ဟာသ(ခနိုးခနဲ့) အဖွဲ့များသည် လောကသဘာဝ၊

[၁] မြန်မာစာဌာန၊ မုံရွာတက္ကသိုလ်

လူ့သဘာဝကိုပေါ်လွင်အောင် ဖော်ကျူးနိုင်မှုရှိပါသည်။ အထက်ပါပြဿနာများကို အဖြေရှာရာတွင် စာအုပ်စာတမ်းများ၊ ကျမ်းများကို လေ့လာကိုးကားခြင်း၊ ဟာသစာပေသဘောသဘာဝများကို လေ့လာခြင်း၊ (ခနီးခနဲ့) အဖွဲ့ကိုလေ့လာကာ မြန်မာကဗျာအချို့မှ ဟာသ (ခနီးခနဲ့)အဖွဲ့များကို ဟာသစာပေရှုထောင့်မှ လေ့လာတင်ပြသွားပါမည်။

## စာပေလေ့လာဆန်းစစ်ချက်

စာပေတစ်ခုကို သုတေသနပြုလုပ်ရာတွင် ၎င်းစာပေနှင့် ပတ်သက်၍ အဆိုအမိန့်၊ အကိုးအကားများကို အသုံးပြုခြင်းသည် မိမိသုတေသနကို ပိုမိုခိုင်မာစေပါသည်။ ဤစာတမ်းသည် မြန်မာကဗျာအချို့မှ ဟာသ(ခနီးခနဲ့) အဖွဲ့များကို လေ့လာထားသော စာတမ်းဖြစ်ပါသည်။ ဟာသ (ခနီးခနဲ့) အဖွဲ့များကို လေ့လာရာတွင် စာပေပညာရှင်တို့၏ ဖွင့်ဆိုချက်များ၊ ရှင်းလင်းချက်များ၊ စာအုပ်စာတမ်းများ၊ ကျမ်းများကို လေ့လာဖတ်ရှုကာ နည်းနာယူတင်ပြထားပါသည်။

## သီအိုရီပိုင်းဆိုင်ရာလေ့လာဆန်းစစ်ချက်

အရှင်ကုမာရ၏ 'အလင်္ကာပန်းကုံး' (ကုမာရ၊ အရှင်၊ ၁၉၈၀၊၄၁၄-၄၁၅)၊ ဆရာလွန်း၏ 'ကဗျာသာရတ္ထသင်္ဂြိုဟ်' (ကိုယ်တော်မှိုင်း၊ သခင်၊ ၁၂၇၂၊၁၅၁) စာအုပ်များကိုလေ့လာ၍ ဟာသရသ၏ သဘောသဘာဝနှင့် ဘဝအာနိသင်ပါသော ဟာသအဖွဲ့များ၊ ဖွင့်ဆိုချက်များ၊ သဘောသဘာဝများကို နည်းနာယူအသုံးပြုခဲ့ပါသည်။

ဇော်ဂျီ၏ ရသစာပေအဖွင့်နှင့်နိဒါန်းစာအုပ်မှ လောကသဘာဝတွင်တွေ့မြင်ရသော လူတို့၏ အမြီးအမောက်မတည့်မှုများကို အဖြစ်အပျက်နှင့် မသက်ဆိုင်သော အသုံးအနှုန်းများ သုံးနှုန်းသကဲ့သို့ အကျိုးအကြောင်း မသင့်သည့်စကားများကို အကျိုးအကြောင်းသင့်ဟန် ရေးသားခြင်းသည် ဟာသ (ခနီးခနဲ့)အဖွဲ့ ဖြစ်ကြောင်းသိရှိရပါသည်။ ဟာသစာပေစာတမ်းများမှ ညိုမြ၏ ဆောင်းပါးကို လေ့လာဖတ်ရှုခဲ့ရပြီး ဟာသစာပေအမျိုးအစားခွဲဝေပုံများကို သိရှိခဲ့ရပါသည်။ ထို့အပြင် ဟာသစာပေ (ခနီးခနဲ့) အဖွဲ့၏ သဘောသဘာဝများကိုလည်းသိရှိပြီး နည်းနာယူ အသုံးပြုထားပါသည်။ ခင်မျိုးချစ်၏ 'ကိုင်းပြောလိုက်စမ်းမယ် သောင်းပြောင်းထွေလာ' စာအုပ်မှ ဟာသစာပေ အမျိုးအစားများသိရှိရပြီး ရသမြောက် ဟာသစာပေ၊ အာနိသင် ထက်မြက်သော ဟာသစာပေတို့၏ သဘောသဘာဝများကို သိရှိနားလည်လာပါသည်။

## ဟာသစာပေ၏ သဘောသဘာဝ

မြန်မာစာပေသမိုင်းတွင် ဟာသစာပေရေးသားဖွဲ့နွဲ့ကြသည့် စာဆိုဦးရေ အရေအတွက်နည်းပါးပါသည်။ ဟာသစာပေကို ရေးဖွဲ့သူနည်းပါးသည်ဆိုသော်လည်း မှတ်တမ်းတင်ကျန်ခဲ့သော စာပေများသည် နှစ်သက်ဖွယ် အဖွဲ့ကောင်းများအဖြစ် တွေ့မြင်နိုင်ပါသည်။

ဟာသစာပေနှင့် ပတ်သက်၍ အရှင်ကုမာရ၏ အလင်္ကာပန်းကုံးတွင် သုမေဓ လင်္ကာရကျမ်းအဆိုအရ ဌာယီဘာဝအပြား(၉) ပါးရှိကြောင်းကို "စကားစသည်တို့ ဖောက်ပြန်ခြင်းကြောင့် စိတ်၏

ပွင့်လင်းခြင်း၊ ရယ်ရွှင်ခြင်း" (ကုမာရ၊ အရှင်၊ ၁၉၈၀၊ ၄၁၄-၄၁၅)ဟု ဖွင့်ဆို ထားပြီး သခင်ကိုယ်တော်မှိုင်းက 'ဟာသ'ဆိုသည်မှာ "ပြုံးမှု၊ ရယ်မှု၊ ပြယ်မှုမျိုးကိုဆိုလိုသည်။ (ဝါ) ကြည်နူးစရာ၊ ပီတိဖြစ်စရာတည်းဟူသော ပျော်မွေ့နှစ်သက်သည့် စိတ်စေတတသိက် အဖြစ်သို့ တမဟုန်အသွင် ရောက်စေသည်။" (ကိုယ်တော်မှိုင်း၊ သခင် ၊ ၁၂၇၂၊ ၁၅၁)ဟု လည်းကောင်း၊ ညိုမြက 'ဟာသ' သည် "ရယ်မောခြင်း၊ ပြုံးရွှင်ခြင်းပင်ဖြစ်၏။" (ညိုမြ၊ ဦး၊ အိုးဝေ၊ ၁၉၇၃)ဟု ဖွင့်ဆိုထားပြီး 'ဟာသရသတွင် အခြေခံအားဖြင့်အာဝဇ္ဇန်းနှင့် သရော်စာရယ်လို့ ခက်မနစ်ခု ထားကြည့်ပါတယ်။' (ခင်မျိုးချစ်၊ ၂၀၀၁၊ ၇၃-၇၄) ဟု ဖွင့်ဆိုထားကြပါသည်။ ထို့ကြောင့် ဟာသစာပေဆိုသည်မှာ 'ပျော်မှုပြုံးမှု'အတွက် စာဆိုတို့က အာဝဇ္ဇန်းသွက်သွက်နှင့် စကားသုံးပိုင်နိုင် ကျွမ်းကျင်ဖွဲ့နွဲ့သော နှစ်သက်ဖွယ်အဖွဲ့တစ်မျိုးဟု ဆိုနိုင်ပါသည်။

**နည်းနာ**

ဤစာတမ်းတွင် မြန်မာကဗျာအချို့မှ ဟာသ(ခနိုးခနဲ့) အဖွဲ့များကို ဟာသစာပေဆိုင်ရာနယ်ပယ်မှ ချဉ်းကပ်လေ့လာ တင်ပြသွားပါမည်။ ထိုသို့လေ့လာတင်ပြရာတွင် အချက်အလက်များတိကျခိုင်မာမှု ရှိစေရန် ပညာရပ်ဆိုင်ရာနည်းနာ၊ သုတေသနနည်းနာများကို အသုံးပြုတင်ပြသွားပါမည်။

**ပညာရပ်ဆိုင်ရာနည်းနာ**

မြန်မာစာပေသမိုင်းအရ ကဗျာသည်ပုဂံခေတ်မှ စတင်သန္ဓေတည်ခဲ့ပြီး ခေတ်အဆက်ဆက်ဖွံ့ဖြိုးတိုးတက်လာခဲ့ပါသည်။ အလေ့လာခံကဗျာများမှ ခနိုးခနဲ့အဖွဲ့များသည် စာဆိုမျက်မှောက်ပြုရာကာလ၏ လူမှုဘဝအခြေအနေတို့ကို သိမြင်အောင်၊ နှစ်သက်ခံစားမှုများရရှိအောင် ရေးဖွဲ့ထားကြပါသည်။

ဟာသ (ခနိုးခနဲ့) အဖွဲ့နှင့် ပတ်သက်၍ ညိုမြက-
"လူအချင်းချင်း (ခနိုးခနဲ့) ပြောင်လှောင်ပြောဆိုခြင်း"ကို အင်္ဂလိပ်ဘာသာဖြင့် (Irony) ဟု ခေါ်သည်။ ထိုအဖွဲ့အနွဲ့မျိုးမှာလည်း "မြန်မာစာပေတွင် မရှားပါးကြောင်း"(ညိုမြ၊ ၁၉၇၃ ၊ ၁၅) ဖွင့်ဆိုထားပါသည်။ Irony ကို Literary terms တွင် 'ဖုံးကွယ်ခြင်း (သို့မဟုတ်) သရုပ်ဖော်ခြင်းမှ ဖြစ်ပေါ်လာသည်' ဟု ဖွင့်ဆိုထားပြီး Grammar Monster တွင် 'ရွှဲ့စောင်းသော အကျိုးသက်ရောက်မှုအတွက် ပုံမှန်သုံးရိုးသုံးစဉ်နှင့် ဆန့်ကျင်ဘက်အသုံးပြုပြီး ပကတိအဓိပ္ပာယ်နှင့် ရည်ရွယ်ထားသော အဓိပ္ပာယ်ခြားနားနေသောအဖွဲ့' ဟုဖွင့်ဆိုထားပါသည်။ ထို့ကြောင့်ခနိုးခနဲ့ (Irony) ဆိုသည်မှာ ဟာသမြောက်စေရန်အတွက် ပုံမှန်သုံးရိုးသုံးစဉ် အသုံးနှင့် ဆန့်ကျင်ဘက်အသုံးများကို အသုံးပြုရေးဖွဲ့ထားသော အဖွဲ့ဟုဆိုနိုင်ပါသည်။

ခနိုးခနဲ့အဖွဲ့ကို စကားခွန်းဆိုင်ရာခနိုးခနဲ့အဖွဲ့ Verbal Irony ၊ အခြေအနေအဆက်အစပ် ဆိုင်ရာခနိုးခနဲ့အဖွဲ့ Situation Irony၊ ဇာတ်သဘင်ဆိုင်ရာ ခနိုးခနဲ့အဖွဲ့ Dramatic Irony ဟုသုံးမျိုးခွဲခြားထားပါသည်။ အလေ့လာခံကဗျာများတွင် အခြေအနေအဆက်အစပ်ဆိုင်ရာ ခနိုးခနဲ့အဖွဲ့များကိုအများဆုံး တွေ့ရှိရပါသည်။

စကားခွန်းဆိုင်ရာ ခနိုးခနဲ့အဖွဲ့သည် တစ်စုံတစ်ယောက်ကို စကားသုံးတစ်ခု၏ ပကတိ အဓိပ္ပာယ်နှင့်မဟုတ်ဘဲ ထေ့ငေါ့စောင်းမြောင်းသည့်သဘောဖြင့် ပြောဆိုရေးဖွဲ့ထားသော အဖွဲ့မျိုးဖြစ်ပါ

သည်။ အခြေအနေအဆက်အစပ်ဆိုင်ရာ ခနိုးခနဲ့အဖွဲ့ဆိုသည်မှာ အမှန်တကယ် ဖြစ်ပျက်နေသောအရာနှင့် အခြေအနေတစ်ခုတွင်ဖြစ်ပေါ်လာမည့် အခြေအနေကြား ကွာခြားမှုကို ဆိုလိုပါသည်။

ဇာတ်သဘင်ဆိုင်ရာ ခနိုးခနဲ့အဖွဲ့သည် ပြဇာတ်၊ စင်တင်ပြဇာတ်များတွင် ပါဝင်သော ဇာတ်ဆောင်တို့၏ အခြေအနေများနှင့် ပတ်သက်သည့် အဖြစ်အပျက်မျိုးတို့တွင် တွေ့ရှိရတတ်ပါသည်။

ထို့ကြောင့် (ခနိုးခနဲ့)အဖွဲ့သည် သရော်လိုသည့်သဘောဖြင့် မျှော်လင့်ထားသော အခြေအနေနှင့် အမှန်တကယ်ဖြစ်ပျက်မှုကြား ခြားနားမှုရှိသောအဖွဲ့မျိုးပင် ဖြစ်သည်ဟုဆိုနိုင်ပါသည်။

## သုတေသနနည်းနာ

သုတေသနတစ်ခုပြုရာတွင် မိမိပြုလုပ်သော သုတေသနသည် မှန်ကန်မှုရှိရန်အတွက် သုတေသနနည်းနာများ လိုအပ်ပါသည်။ ဤစာတမ်းသည် မြန်မာကဗျာအချို့မှ ဟာသ(ခနိုးခနဲ့) အဖွဲ့များကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ထို့ကြောင့် အလေ့လာခံကဗျာတို့မှ ဟာသ (ခနိုးခနဲ့) အဖွဲ့များကို လေ့လာဖော်ထုတ်ရာတွင် ဝေဖန်အကဲဖြတ်နည်း၊ ရှင်းလင်းဖော်ပြနည်းနှင့် ခြုံယူဆင်ခြင်နည်းစသည့် နည်းနာများကို အသုံးပြုကာ စိစစ်လေ့လာထားပါသည်။

## လေ့လာချက်

စာပေအရေးအဖွဲ့များတွင် တွေ့မြင်ရသော ခနိုးခနဲ့အဖွဲ့များသည် မထိတထိသရော်သည့် သဘောမျိုးနှင့် ဖွဲ့ဆိုထားပြီး ဘဝအသိအမြင်များကိုပါ ပေးစွမ်းနိုင်ပါသည်။ ဟာသ (ခနိုးခနဲ့) အဖွဲ့များသည် ဒိဋ္ဌဓမ္မလောကတွင် တွေ့မြင်နေရသော အခြေအနေ၊အဖြစ်အပျက်တို့မှ ရှေ့နောက်မညီညွတ်မှု၊ အဆင်မပြေမှုတို့ကို စာဆိုတို့က နှစ်သက်ဖွယ်ဖွဲ့နွဲ့ထားသော အဖွဲ့အနွဲ့မျိုး ဖြစ်ပါသည်။

ကုန်းဘောင်ခေတ် ထင်ရှားကျော်ကြားခဲ့သော ဦးတိုး၏ရာမရကန်တွင် ရကန်စာပေ၏ သဘောအတိုင်း ကန်ကျောက်ထားပုံမှာ -

> **“အစောင်းအချိတ်၊ အနိုပ်အနယ်၊ ကျယ်တယ်တယ်နှင့်၊ ကြောက်ဖွယ်အာဂ မလိမ္မ မလိမ္မာ ၊ မတတ်လိုက် မတတ်ပါ ဝါချင်သည့် ဝသီပါ၊ မိန်းမမို့ ဝါသကို၊ ဝါ ပလေ့စေ၊ ဗွေမယူပြီ”** (တိုး၊ ဦး၊ ၂၀၁၅၊၆)

ဟု ဖွဲ့ဆိုထားပါသည်။ ထိုအဖွဲ့တွင် စာဆိုသည် အမျိုးသမီးရကန်စာဆိုများကိုသာ သီးသန့် ခွဲထုတ်၍ ကန်ကျောက်ထားခြင်း ဖြစ်ပါသည်။ ဦးတိုးသည် အားနွဲ့သော အမျိုးသမီးများကို ဉာဏ်တာလေဟန်၊ ငဲ့ညှာလေဟန်ဖြင့် ခနိုးခနဲ့ ဖွဲ့ဆိုထားသည်မှာ ထိမိပေါ်လွင်လှပါသည်။ အမျိုးသမီး ရကန်စာဆိုတို့အား ‘မိန်းမမို့ ဝါသကို၊ ဝါ ပလေ့စေ၊ ဗွေမယူပြီ’ ဟုအခြေအနေဆိုင်ရာ ခနိုးခနဲ့အဖွဲ့အဖြစ် မထိတထိ ဖွဲ့ဆိုထားပြီး မိန်းမသားတို့၏ သဘာဝကို သိနားလည် လာစေပါသည်။

ထို့အပြင် မြန်မာစာပေသမိုင်းတွင် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော စာဆိုတော်တစ်ဦး ဖြစ်သည်။ ဦးပုညရေးသားခဲ့သော “ပြန်ပေးမေတ္တာစာ”သည် စာဆို၏လက်ရာအမြောက်ဆုံး ကဗျာတစ်ပုဒ်ဖြစ်ပါသည်။ ထိုကဗျာတွင် ဦးပုညအား မမှန်မကန်စွပ်စွဲပြောဆိုထားသော ဦးဆန်းကို

"လူတေဒဂ်၊ ရွှေခွက်ဆွဲစာရင်းဝင်၊ ချည်ခင်စွပ်ဗိုလ်တစ်ဦးဖြစ်ပေမည်" ဟု ထိထိမိမိ တုန့်ပြန်ပြောဆိုထားပါသည်။ ဘုရင်မင်းမြတ်တို့သည် လက်ရုံးရည် နှလုံးရည်ထူးချွန် ထက်မြက်သူများကို "ရွှေစလွယ်များ" ပေးသနားတော်မူတတ်ပါသည်။ ဦးပုညအား မမှန်မကန်စွပ်စွဲသော ဦးဆန်းကိုလူရေးလူရာ ထူးချွန်လွန်းသဖြင့် ဘုရင်မင်းမြတ်က "ချည်ခင်စွပ်" ပေးတော်မူပါလိမ့်မည်ဟု ထေ့ငေါ့ချေပထားပါသည်။ အပြောခံသူအနေဖြင့်လည်း ခံရခက်ခဲသွားစေသကဲ့သို့ ဖတ်သူအတွက်လည်း နှစ်သက်စေသော စကားခွန်းဆိုင်ရာ ခနိုးခနဲ့အဖွဲ့အဖြစ် တွေ့ရှိရပါသည်။ ဘုရင်မင်းမြတ်က 'ရွှေစလွယ်' အစား 'ချည်ခင်' ကို ဆုအဖြစ် ပေးလိုက်မည်ဟု ထေ့ငေါ့ ချေပလိုက်ပါသည်။ ထိုသို့မပြောမီ ဦးဆန်းအား "လူတေဒဂ်" ဟု မြှောက်ပင့်ပြီးမှ နှိမ့်ချချေပလိုက်ပါသည်။ စာဆို၏တုံ့ပြန်ချေပမှုကိုခံရသော ဦးဆန်း၏အခြေအနေကို စာဖတ်သူ မြင်ယောင်လာစေသော စကားခွန်းဆိုင်ရာ ခနိုးခနဲ့အဖွဲ့အဖြစ် တွေ့ရပါသည်။ အဖြစ်အပျက်အခြေအနေနှင့် လိုက်ဖက်သော စကားသုံးဖြင့် ရွေးချယ်သုံးနှုန်းလိုက်သော စာရေးသူ၏ စွမ်းရည်ကို တွေ့ရပါသည်။

ထို့အတူ 'လူပျိုမလှည့်ကြောင်း မေတ္တာစာ'တွင် ဦးပုညအား ဦးဆန်းက လူပျိုလှည့်လည်နေသည်ဟု ပြောသောအခါ လူပျိုမလှည့်ကြောင်း ပြန်လည်တုံ့ပြန်ပုံကို-

**"ဗျာဆံဝိုက်၊ ဗျာဆံခါ အပျိုတွေလာလွန်းလို့ ဆရာတော်ကျောင်းပေါ်က ကြိမ်ဆော်၍ ချရသေးသည်။"** (ပုည၊ဦး၊ ၁၉၉၁၊၄၉)

ဟု ရေးဖွဲ့ထားပါသည်။ ရဟန်းဘဝတွင် လူပျိုလှည့်စရာ မလိုအပ်ကြောင်း၊ ဆရာတော် သီတင်းသုံးနေထိုင်ရာ ကျောင်းပေါ်ကို အရွယ်စုံအမျိုးသမီးများ လာကြလွန်း၍ မလာဝံ့အောင် ကြိမ်ဆော်၍ ချရသေးဟုဖွဲ့ဆိုထားသော အခြေအနေဆိုင်ရာ ခနိုးခနဲ့အဖွဲ့အဖြစ် တွေ့ရှိရပါသည်။ သူတစ်ပါး၏ စွပ်စွဲချက်အပေါ် အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် တုံ့ပြန်ပြောဆိုထားသော ခနိုးခနဲ့အဖွဲ့ကောင်းတစ်ခုဟု ဆိုနိုင်ပါသည်။ စွပ်စွဲပြောဆိုလာသူ၏ စွဲချက်သည် ရာနှုန်းပြည့် မှားယွင်းနေကြောင်းကို ပြန်လည်တုံ့ပြန်နိုင်စွမ်းသော စာဆို၏ ဘာသာစကား နိုင်နင်းကျွမ်းကျင်မှုအဖြစ် တွေ့ရှိရပါ သည်။

တင်မိုး၏ "မိုးဦးကျ" ကဗျာတွင် လယ်သမားတစ်ဦး၏ ဘဝအခြေအနေကို တင်ပြထားသော ကဗျာတစ်ပုဒ်ဖြစ်ပါသည်။ လယ်သမားတစ်ဦးတွင် စိုက်ပျိုးရန် မျိုးစပါးမရှိ၊ နွားမရှိ၊ ငွေကြေးလည်းမရှိ၊ နေ့စဉ်စားသောက်စရာအတွက်လည်းမရှိ၊ ချေးငှားထားသော ကြွေးဟောင်းများ လည်းမဆပ်နိုင်။ ကြွေးသစ်လည်း ထပ်မံချေး၍မရ။ စိုက်ပျိုးစရိတ်ချေးငွေကို မျှော်လင့်နေရသော လယ်သမားသည် မိမိဘဝက မွန်းကြပ်လွန်းလှပုံကို ကဗျာတွင်-

**"လယ်သမားလျှင် ဖားနှယ်ကြွေးကင်း၊ တေးသီချင်းနှင့် ၊ မိုးတွင်းလုံးရွှင် ဟစ်အော်ချင်၏၊ ကြွေးလက်ငုတ်တို ကြိုးတုပ်အဖြစ်၊ လည်မျိုရစ်၍၊ လျှာတစ်လစ်နီ၊ အမြုပ်စီလျက်၊ သေပြီဆိုကနောက်ဘဝတွင် အစ်မတော်ကြေး၊ ထုတ်မချေးလည်း ကြွေးမြီမတင်၊ ကြွေးရှင်မလာ၊ မျက်နှာမှိုရ၊ စိတ်ရွှင်ပြလျက်၊ ခုန်ဆွခုန်ဆွ၊ ပုကွကွနှင့် ဂီတအုံအင်၊ မိုးလုံးရွှင်သည်၊ ဖားလျှင်ဖြစ်ရပါလိုသော"** (တင်မိုး၊ ၂၀၁၅၊ ၂၆၉-၂၇၀)

ဟုရေးဖွဲ့ထားပါသည်။ လယ်သမားရင်ဆိုင်နေရသော အခက်အခဲများလွန်းသောကြောင့် ဖားဘဝကို တမ်းတနေမိပုံကို ဖွဲ့ဆိုထားသည်မှာ ဘဝအာနိသင် ထက်မြက်သော ကဗျာတစ်ပုဒ်အဖြစ် တွေ့ရှိရပါ

သည်။ လယ်သမားတစ်ဦးတွင် စိတ်ကျဉ်းကြပ်မှုများပြားလွန်း၍ မဖြေရှင်းနိုင်သည့်အတွက် ရှင်လန်းပျော်ရွှင်နေသော ဖားတစ်ကောင်ကို အားကျမိပုံနှင့် ခနီးခနဲ့ဖွဲ့ဆိုထားပါသည်။ အကြပ်အတည်းများစွာကြုံတွေ့နေရသော်လည်း ဖြေရှင်းနိုင်စွမ်း မရှိတော့သည့် လယ်သမားဘဝထက် ဖားတစ်ကောင်၏ ဘဝကိုသာ လိုချင်တမ်းတနေကြောင်းကို အခြေအနေ အဆက်အစပ်ဆိုင်ရာ ခနီးခနဲ့အဖွဲ့အဖြစ် ဖွဲ့ဆိုထားပါသည်။ လူ့ဘဝတွင် တွေ့ကြုံနေရသည့် မဖြေရှင်းနိုင်သော ပြဿနာများကြောင့် လူထက်နိမ့်ကျသော တိရစ္ဆာန် ဖားဘဝကို တောင့်တနေသော လယ်သမား၏ ငိုအားထက်ရယ်အား သန်နေရသော အခြေအနေကို ဖန်တီးထားသော စာဆို၏ဖန်တီးမှုကောင်း တစ်ခုဟုဆိုနိုင်ပါသည်။

တက္ကသိုလ်မင်းမော်၏ "ငွေရောင်သက္ကရာဇ်" ကဗျာတွင် သက္ကရာဇ်ဖြိုသူအချို့၏ အဖြစ်အပျက်ကို ဖော်ကျူးထားပါသည်။ ကဗျာတွင် အချို့သူတို့သည် တက္ကသိုလ်ကျောင်းတက်သည့် အချိန်တွင် တစ်ကြိမ်၊ လုပ်ငန်းခွင် ဝင်သည့်အခါတွင် တစ်ကြိမ်၊ အမှန်တကယ် အသက်ထက် လျှော့၍မှတ်ပုံတင်ခဲ့ကြပါသည်။ မည်သို့ပင်သက္ကရာဇ်ကို ဖြိုခွင်းခဲ့သော်လည်း နောက်ဆုံးဇရာ၏ ဖြိုချခြင်းခံရပုံတို့ကို ဖွဲ့ဆိုထားပါသည်။ ကဗျာတွင်-

**"သူငယ်ချင်း ၊ မင်း သူကိုကြည့် ၊ သူ့နှုတ်ခမ်းမွေး၊ ပါးသိုင်းမွေးနှင့် ခြေမွေး၊ လက်မွေး၊**
**မုတ်ဆိတ်မွေးတို့၊ ရေးရေးမက ၊ ဖွေးဖွေးထလို့ ---------**
**နဖူးရေ၊ ဒူးရေ၊ ပါးအရေနှင့် ကိုယ်ရေကြောရေ၊ ခြေလက်ရေလည်း၊ တွန့်ခွေသယောင်၊**
**ပူဖောင်းလေလျော့။ လျှော့လိုက်သလို---------**
**ယခင်ကဆို၊ သက္ကရာဇ်ကို၊ သူချည်းဖြိုခဲ့၊ ခုဆို သူငယ်ချင်း၊ မင်းမယုံလျှင်ကြည့်၊**
**အသက်နှင့်ကိုယ်၊မဖြို ဖြိုအောင်၊ သူ့ကိုအလစ်၊ သက္ကရာဇ်က၊ ဖြိုပစ်တော့မှာ**
**သူငယ်ချင်း"**

(မင်းမော်၊ တက္ကသိုလ်၊ ၁၉၈၇ ၊ ၁၈၃-၁၈၄)

ဟုဖွဲ့ဆိုထားပါသည်။ ဒိဋ္ဌဓမ္မလောကရှိ လူအချို့၏ သဘောသဘာဝကို ဖွဲ့ဆိုထားခြင်း ဖြစ်ပါသည်။ မိမိအခွင့်အရေးရရန် လိမ်လည်လှည့်ဖျားတတ်သော လူတန်းစားတစ်ရပ်အား မမှန်မကန်ရလိုမှုနှင့် ထိုက်တန်သော ဆိုးကျိုးရလာဒ်များ ရရှိတတ်ပုံကို ခနီးခနဲ့ဖွဲ့ဆိုထားခြင်း ဖြစ်ပါသည်။ အမှန်တရား၊ အရှိတရားကို ဖုံးကွယ်လှည့်စား၍ မရတတ်ပုံကို ဖွဲ့ဆိုထားသော အခြေအနေ အဆက်အစပ်ဆိုင်ရာ ခနီးခနဲ့အဖွဲ့တစ်ခုဟု ဆိုနိုင်ပါသည်။ မိမိအတ္တအတွက် လိမ်လည်လှည့်ဖျား ဖန်တီးခြင်းသည် အရာခပ်သိမ်းလုပ်ဆောင်၍ မရနိုင်ပုံကို နှစ်သက်ဖွယ်ကောင်းအောင် ရေးဖွဲ့ထားနိုင်သောဘဝ အာနိသင်ထက်မြက်သော အဖွဲ့ဟု ဆိုနိုင်ပါသည်။

ထို့အတူ "အတိမ်အနက်" ကဗျာတွင် ချောင်းရေ၊ မြစ်ရေ၊ ပင်လယ်ရေတို့၏ အတိမ်အနက်ကို တိုင်းတာနေသူ တစ်ဦး၏ အဖြစ်အပျက်ကို ဖော်ကျူးထားပါသည်။ ထိုသူသည် ချောင်းရေ၊ မြစ်ရေ၊ ပင်လယ်ရေကို တိုင်းတာရာတွင် ကမ်းစပ်မှထိုင်၍ လက်ညှိုးဖြင့်သာ တိုင်းတာနေသည်။ ရရှိသော ရလဒ်ကို ကဗျာတွင်-

> **"သူငယ်ချင်း၊ မင်းစဉ်းစားကြည့်၊ ချောင်းရေတိုင်းတိုင်း၊ မြစ်ရေတိုင်းတိုင်း၊ ပင်လယ်ရေ တိုင်းတိုင်း၊ ရေစပ်ကမ်းစ၊ လက်ညှိုးချ၍၊ တိုင်းဆရေချိန်၊ အတိမ်အနက်၊ သူလိုတွက်တော့၊ လက်တစ်ဆစ် ချည်းပဲပေါ့ သူငယ်ချင်း"**

(မင်းမော်၊ တက္ကသိုလ်၊ ၁၉၈၇၊ ၁၆၇)

ဟုဖွဲ့ဆိုထားပါသည်။ ဒိဋ္ဌဓမ္မလောကရှိ လူအချို့သည် အခြားသော တစ်စုံတစ်ယောက်ကို ဖြစ်စေ၊ အခြေအနေ အကြောင်းအရာတစ်ခုကိုဖြစ်စေ၊ ဝေဖန်သုံးသပ်ရာတွင် မိမိ၏အမြင်ကို ဆုပ်ကိုင်ပြီး အခြား တစ်ဖက်၏ အခြေအနေကို ထည့်သွင်းစဉ်းစား တွက်ချက်ခြင်း မရှိသည့်အတွက် တကယ့် အမှန်တရား၊ အရှိတရားနှင့် ကင်းကွာသွားတတ်ပုံကို ဖွဲ့ဆိုထားခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့်လူတစ်ဦး တစ်ယောက်သည် အခြေအနေတစ်ခုကို ဝေဖန်သုံးသပ် တိုင်းတာရာတွင် မိမိရှိသော ဝမ်းစာအခံ စွမ်းရည် ရှိသမျှနှင့်သာ တိုင်းတာနေသည့်အတွက် အမှန်တရား၊ အရှိတရားများကို မသုံးသပ်နိုင်သည့်သဘောကို "**လက်ညှိုးချ၍ တိုင်းဆရေချိန်**" ဟုဆိုပြီး ခနိုးခနဲ့ဖွဲ့ဆိုထားပါသည်။

လူတစ်ဦးတစ်ယောက်အနေဖြင့် မိမိတွင်ရှိသော စွမ်းရည်၊ အခံဝမ်းစာနှင့်သာ အရာရာကို တန်ဖိုးဖြတ်တတ်ကြပုံကို ဖွဲ့ဆိုထားသော အခြေအနေအဆက်အစပ်ဆိုင်ရာ ခနိုးခနဲ့အဖွဲ့ဟု ဆိုနိုင်ပါ သည်။ လက်ညှိုးဖြင့် ချောင်းရေ၊ မြစ်ရေ၊ပင်လယ်ရေ အတိမ်အနက်ကို တိုင်းတာသူသည် အတိမ်အနက် တူညီကြောင်း အဖြေထွက်ရှိနေပုံကို သင်္ကေတပြုပြီး အမြင်တိမ်၊ အမြင်ကျဉ်းသူများ၏ သဘောကို ဟာသ (ခနိုးခနဲ့) အဖွဲ့အဖြစ် ဖွင့်ဆိုထားသော လူ့သဘာဝအဖွဲ့ကို တွေ့မြင်ရပါသည်။

ဒေါင်းနွယ်ဆွေ၏ "ကြောင်ကလေး" ကဗျာတွင် ကြွက်ကိုပြန်ပြီး ကြောက်ရွံ့နေသော ကြောင် တစ်ကောင်၏ သတ္တိကို ကဗျာတွင်-

> **"မကိုက်တတ်ပဲ၊စွယ်မရဲနဲ့၊ နို့ခွဲကာစ၊ ကြောင်ကလေး၊ကြွက်ကိုမြင်လျှင်၊ ခြသေ့်ထင်၍၊ အသင်ထွက်ပြေး၊ အဝေးရောက်မှ၊ မာန်ဖီပြသည်၊ အာဂသတ္တိ၊ နှိုင်းမရှိ"**

(ဒေါင်းနွယ်ဆွေ၊ ရှုမဝမဂ္ဂဇင်း၊ ၅)

ဟုဖွဲ့ဆိုထားပါသည်။ ဒိဋ္ဌဓမ္မလောကတွင် လူအချို့တို့သည် မိမိ၏ အစွမ်းအစများကိုမပြရဲ၊ မပြဝံ့ကြ တော့ပုံ၊ မမြင်ကွယ်ရာရောက်မှ မကြောက်လေဟန်ပြုမူတတ်ကြပုံကို ခနိုးခနဲ့ပြောဆို ထားခြင်းဖြစ်ပါ သည်။ လောကသဘာဝအရ ကြောင်သည် ကြွက်ကိုနိုင်ပြီး ကြွက်ကသာ ကြောင်ကို ကြောက်ရွံ့ကြခြင်း ဖြစ်ပါသည်။ လူ့ဘောင်လောကတွင်လည်း မိမိအစွမ်းအစကိုမပြဝံ့၊ မထုတ်ဝံ့အောင် ကြောက်ရွံ့နေခြင်း သည် မိမိ၏မမှန်မကန်ခြင်းကြောင့်ပင်ဖြစ်သည်။ မှန်ကန်ခြင်းများ နည်းပါးလာသည့်အတွက် မိမိတွင် သတ္တိနည်းပါးခြင်းကို ခနိုးခနဲ့ဖွဲ့ဆိုထားခြင်းဖြစ်ပါသည်။ မိမိဘက်တွင်မှန်ကန်မှုကို ဆုပ်ကိုင်ထားနိုင်ခြင်း မရှိတော့သည့်အတွက် အစွမ်းအစ မပြဝံ့တော့ဘဲ ကြောက်ရွံ့နေရ တတ်ပုံကိုဖွဲ့ဆိုထားသော အခြေအနေ အဆက်အစပ် ဆိုင်ရာ ခနိုးခနဲ့အဖွဲ့အဖြစ် တွေ့ရှိရပါသည်။ အမှန်တရားကင်းမဲ့သူတို့၏ကြောက်ရွံ့ ထိတ်လန့်နေမှုကို ကြောင်နှင့်ကြွက်ကို နိမိတ်ပုံပြုဖွဲ့ဆိုထားသည်မှာ ထိမိပေါ်လွင်လှပါသည်။ စာဆိုပြော လိုသည့် ရည်ရွယ်ချက်ပေါ်လွင်စေသော (ခနိုးခနဲ့) အဖွဲ့အဖြစ် တွေ့ရပါသည်။

## သုံးသပ်ချက်

ဤစာတမ်းတွင် မြန်မာကဗျာအချို့မှ ဟာသ (ခနိုးခနဲ့) အဖွဲ့များကို ဟာသစာပေ သဘောတရားဆိုင်ရာနည်းနာများဖြင့် ချိန်ထိုးလေ့လာထားပါသည်။ အလေ့လာခံ ကဗျာတို့မှ စာဆိုတို့သည် လောကသဘာဝတွေ့မြင်ခံစားရသော အဖြစ်အပျက်အကြောင်းအရာတို့ကို ဘဝအာနိသင် ထက်မြက်သော ဟာသရသမြောက်အောင် ရေးဖွဲ့ဖန်တီးထားကြပါသည်။

အလေ့လာခံ ကဗျာများတွင် ခနိုးခနဲ့အမျိုးအစား (၃) မျိုးအနက် အခြေအနေ အဆက်အစပ်ဆိုင်ရာ ခနိုးခနဲ့အဖွဲ့ကို အများဆုံးတွေ့ရှိရပါသည်။ စာဆိုတို့သည် မိမိတို့ ပြောလို သည့်အကြောင်းအရာ အဖြစ်အပျက်တို့ကို တည့်တည့်မဆို တိုက်ရိုက်မပြောဘဲ မထိတထိ ခနိုးခနဲ့ ရေးဖွဲ့လိုက်သည့်အတွက် နှစ်သက်မှုကို ဖြစ်ပေါ်စေပါသည်။

အလေ့လာခံ ဟာသကဗျာများမှ (ခနိုးခနဲ့) အဖွဲ့များသည် ဘဝအာနိသင်ထက်မြက်ပြီး ဟာသရသမြောက်အောင် ပံ့ပိုးပေးနိုင်ကြောင်းတွေ့ရပါသည်။ ထို့အပြင် အလေ့လာခံကဗျာများမှ ဟာသ (ခနိုးခနဲ့) အဖွဲ့များသည် မြန်မာဘာသာစကားသုံးစွဲမှု အဆင့်အတန်းမြင့်မားမှုကို ပံ့ပိုးပေးနိုင်ပြီး လောကသဘာဝကို ပေါ်လွင်ပီပြင်အောင် ဖော်ကျူးနိုင်သည်ဟူသော ကနဦးအဆိုပြုကိုအတည်ပြုနိုင်ပြီ ဖြစ်ပါသည်။

## နိဂုံး

ဤစာတမ်းတွင် မြန်မာကဗျာအချို့မှ ဟာသ (ခနိုးခနဲ့) အဖွဲ့တို့ကို လေ့လာတင်ပြထားပါသည်။ လေ့လာချက်အရ စာဆိုတို့၏ ဟာသ(ခနိုးခနဲ့) အဖွဲ့များတွင် ဘာသာစကားသုံးစွဲမှု အဖွဲ့များသည် ရသမြောက်ပြီးစာဆိုတို့၏ ဖန်တီးမှုစွမ်းရည်ပေါ်လွင်ကြောင်း အဖြေထုတ်ပေးနိုင်ခဲ့ပါသည်။ ဆက်လက်ပြီး ကျန်ရှိနေသော စာဆိုတို့၏ ကဗျာများမှလည်း ဟာသ (ခနိုးခနဲ့) အဖွဲ့များကို သုတေသန ဆက်လက်ပြုစုနိုင်ပါသည်။

## ကျမ်းကိုးစာရင်း


ကုမာရ၊ အရှင်။ (၁၉၈၀)။ ***အလင်္ကာပန်းကုံး*** ။

ကိုယ်တော်မှိုင်း၊ သခင် ။ (၁၂၇၂) ။ ***ကဗျာသာရတ္ထသင်္ဂြိုဟ်*** ။ ကျော်လင်း၊ စာနယ်ဇင်း၊ ရန်ကုန်။

ခင်မျိုးချစ်။ (၂၀၀၁) ။ ကိုင်း ***ပြောလိုက်စမ်းမယ် သောင်းပြောင်းထွေလာ*** ၊ (ဒုတိယအကြိမ်) ။မခေသာ စာပေ၊ ရန်ကုန်။

ဇော်ဂျီ။ (၂၀၀၄)။ ***ရသစာပေ အဖွင့်နှင့်နိဒါန်း*** ။ (ဒုတိယအကြိမ်)။ စိတ်ကူးချိုချိုစာပေ၊ ရန်ကုန်။

တိုး၊ဦး။ (၂၀၁၅)။ ***ရာမရကန်*** ။ စိတ်ကူးချိုချိုစာပေ၊ ရန်ကုန်။

တင်မိုး။ (၂၀၁၃)။ ***တင်မိုးကဗျာပေါင်းချုပ်*** ။ စိတ်ကူးချိုချိုစာပေ၊ ရန်ကုန်။

ညိုမြနှင့်အများ။ (၁၉၇၃)။ ***ခေတ်အမျိုးမျိုးမှ မြန်မာဟာသစာပေ*** ။ စာပေဗိမာန်၊ ရန်ကုန်။

ဒေါင်းနွယ်ဆွေ၊ ကြောင် ။ ***ရှုမဝမဂ္ဂဇင်း*** ။ ၃၉၊ ၄၆၆၊မတ်၊ ရန်ကုန်။

ပုည၊ဦး။ (၁၉၉၂)။ ***ဦးပုညစာပန်းကုံး အတွဲ(၂)*** ။ ပြန်ကြားရေးဝန်ကြီးဌာန။ ရန်ကုန်။

မင်းမော်၊ တက္ကသိုလ်။(၁၉၉၀)။ ***သူငယ်ချင်းကဗျာပေါင်းချုပ်*** ။ စိတ်ကူးချိုချိုစာပေ၊ရန်ကုန်။


**အင်တာနက်အကိုးအကား-**


http://www.gramar-monster.com

အင်္ဂလိပ်ဘာသာအကိုးအကား-

SCOTT, A.F. (1965). Current Literary terms: a concise dictionary. London Macmillan.

*J. Myanmar Acad. Arts Sci. 2026* **Vol. XXIII. No.6**

# ရခိုင်ရိုးရာဇမ်းခြင်းကဗျာများလေ့လာချက်

မင်းမော်သန့်[၁]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ရခိုင့်ရိုးရာဇမ်းခြင်းကဗျာများကို လေ့လာထားသော စာတမ်းဖြစ်သည်။ ဇမ်းခြင်းကဗျာများသည် ရခိုင်လူမျိုးတို့၏ ကျေးလက်တွင် ပေါ်ပေါက်ခဲ့သော ကဗျာများလည်းဖြစ်သည်။ ရခိုင်ကျေးလက်ဒေသတွင် ရှေးယခင်က တစ်ရွာနှင့်တစ်ရွာ လူပျိုလှည့်သောအခါ ဇမ်းခြင်းကဗျာများဖြင့် ပြောဆိုကြသည့် ချစ်စရာဓလေ့ကို ဖော်ထုတ်လိုသော ရည်ရွယ်ချက်ဖြင့် ဤ စာတမ်းကို ပြုစုထားပါသည်။

**သော့ချက်ဝေါဟာရ** - ဇမ်းခြင်း၊ ရွာလည်ခြင်း၊ ဓလေ့၊ လူပျို၊ အပျို။

## နိဒါန်း

ရခိုင်လူမျိုးတို့သည် စာပေအမျိုးမျိုးကို ခေတ်အဆက်ဆက် ရေးသားဖွဲ့ဆိုခဲ့ကြပါသည်။ ကဗျာလင်္ကာများ၊ စကားပြေကျမ်းကြီးများကိုလည်း ယနေ့တိုင်ရေးသားဖွဲ့ဆိုလေ့ရှိကြပါသည်။ ဇမ်းခြင်းကဗျာများသည်ရှေးယခင်ခေတ်များတွင် ပေါ်ပေါက်လာသော ကဗျာတစ်မျိုးဖြစ်သည်။ မြောက်ဦး၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ မာန်အောင် ကျေးလက်ဒေသများတွင် ဇမ်းခြင်းကဗျာများ ထွန်းကားခဲ့ပါသည်။ ဇမ်းခြင်းကဗျာများသည် လူပျို၊ အပျိုတို့ အပြန်အလှန် ပြောဆိုကြရင်း ရင်းနှီးချစ်ခင်မှုကို ပိုမိုရရှိစေရန် လက်တန်းစပ်ဆိုထားသော ကဗျာများလည်းဖြစ်သည်။ ဇမ်းခြင်းများတွင် ရခိုင်လူပျိုနှင့်လုံမပျိုတို့၏ ချစ်ရေးချစ်ရာကိစ္စများကိုလည်းကောင်း၊ အိမ်ထောင်ရေးနှင့် ပတ်သက်သည့် သဘောထားများကို လည်းကောင်း သိရှိနိုင်ပါသည်။ ရခိုင်ကျေးလက်ဒေသမှ လူပျိုနှင့်လုံမပျိုတို့၏ ချစ်ခြင်းမေတ္တာတရား ကြီးမားပုံကို ဇမ်းခြင်းများကို လေ့လာခြင်းဖြင့် သိရှိနိုင်ပါသည်။

## ဇမ်းဟူသော ဝေါဟာရ

ရခိုင်လူမျိုးတို့သည် အပျို၊ လူပျိုဘဝတွင် ချစ်ကြိုက်စကား ပြောဆိုကြရာ၌ ကာရန်နှော၍ ပြောဆို တတ်ကြသည်။ တစ်ဦးနှင့်တစ်ဦး ဉာဏ်စမ်းလို၍ ဇမ်းကဗျာဖြင့်လည်း ပြောဆိုတတ်ကြသည်။ တစ်ဦးနှင့်တစ်ဦး ကဗျာဉာဏ်ကို ဉာဏ်စမ်းသပ်ပြောဆိုကြသည့် ‘စမ်း’ ဟူသောစကားလုံးကို အသံပြင်းပြင်းဖြင့် ‘ဇမ်း’ ဟုအသံပြောင်းကာ ပြောဆိုကြသည်။ ထို့ကြောင့်ရခိုင်ကဗျာများတွင် ဇမ်းချင်းကဗျာများ ပေါ်ပေါက်လာခဲ့ပါသည်။ ရခိုင်လူမျိုးများ၏ ဇမ်းကဗျာများသည် ယဉ်ကျေးမှုစတင်ပေါ်ထွန်းစဉ်ကပင် ပေါ်ပေါက်ခဲ့ဟန်ရှိပါသည်။

## ဇမ်းခြင်းဟူသော ဝေါဟာရ

ဇမ်းခြင်းတွင်ပါသော ‘ခြင်း’ ဟူသော ဝေါဟာရနှင့် ပတ်သက်၍ ဦးမောင်မောင်အေး (စစ်တွေ)၏ မြန်မာစာပေနှင့် ယဉ်ကျေးမှုအဖွင့် (၁၉၉၇) စာအုပ်တွင်

[၁] မြန်မာစာဌာန၊ မြိတ်တက္ကသိုလ်။

"အကြောင်းခြင်းရာများကို ရေးသားဖွဲ့နွဲ့ထားသောကြောင့် အရစ်သံထွက်ခေါ်ကြခြင်း ဖြစ်သည်။" (စာ -၇၉)

ဟု ဖွင့်ဆိုထားပါသည်။

ထို့ကြောင့် အကြောင်းခြင်းရာတစ်ခုခုကို ဖော်ပြနားဆင်စေလို၍ ရရစ်အသံဖြင့် ဇမ်းခြင်းဟူ၍ 'ခြင်း' ဟု အသံထွက် ခေါ်ဝေါ်ခြင်းဖြစ်သည်ဟု ယူဆရသည်။

ဇမ်းခြင်းဟူသောဝေါဟာရနှင့် ပတ်သက်၍ ဦးမင်းနိုင်နှင့် ဦးစက္ကိန္ဒတို့၏ 'ရခိုင်တေးသံ' (၁၉၆၅) စာအုပ်တွင်

"ဇမ်းဆိုသည်မှာ အပျိုနှင့်လူပျိုတို့သည် ချစ်ရေး၊ ကြိုက်ရေးစကားများကိုကာရန်၊ နဘေ တို့ဖြင့် အချီ၊ အချ၊ အမေး၊ အဖြေလုပ်၍ ပြောဆိုရသော စကားတစ်မျိုးဖြစ်သည်။"

(စာ-၂၇)

ဟုလည်းကောင်း၊ အောင်လှသိန်း၏ 'ရခိုင်သုတအဘိဓာန်' (၁၉၉၇) စာအုပ်တွင်

"ရခိုင်ကျေးလက်သဘာဝအရ ရွာလည်ရာတွင် လင်္ကာဆန်ဆန်ဖြင့် မေးမြန်း ဖြေကြားရသည့် ရိုးရာဓလေ့တစ်ခုဖြစ်သည်။" (စာ-၃၃)

ဟုလည်းကောင်း၊ အောင်လှသိန်း၏ 'ရခိုင်သုတအဘိဓာန်' (၂၀၁၅) စာအုပ်တွင်

"ရခိုင်ဓလေ့ရွာလည်ရာ၌ အသုံးပြုသော ပညာစမ်းဆိုသည့် စကားထာတစ်မျိုးဖြစ်သည်။ များသောအားဖြင့် ရမ်းဗြဲကျွန်းနှင့် တောင်စဉ်ကမ်းဒေသ၊ တန်းလွဲဒေသတို့တွင် ပြောဆိုလေ့ရှိသည်။" (စာ-၈၆၊ ၈၇)

ဟုလည်းကောင်း၊ ရခိုင်ဝေါဟာရအဘိဓာန်တွင်

"ဇမ်းစကား-(၃)/ဇန်းစကား/ ကဗျာလင်္ကာစသည်တို့ဖြင့် ဖွဲ့နွဲ့ကာ မိန်းမနှင့် ယောကျ်ား (အပျိုနှင့်လူပျို) ချစ်တင်းနှောခ၍ တစ်လှည့်စီ အချီအချ ပြောဆိုသောစကား" (စာ-၄၆၁)

ဟုလည်းကောင်း၊ တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံများ (ရခိုင်)တွင်

"အပျို၊ လူပျိုတို့ ချစ်ခွန်းဆိုရာ၌ ပညာဆန်ဆန်၊ ပဟေဠိဆန်ဆန်၊ ကဗျာဆန်ဆန် ပြောဆိုကြသော ဇမ်းစကားဖြစ်သည်။ ဇမ်းစကားသည် 'ဆန်း' အလင်္ကာမှအသံ ပြောင်းလဲလာခြင်းဖြစ်၍ ပညာစမ်းသော သဘောဖြစ်သည်။" (စာ-၁၁၃)

ဟုလည်းကောင်း၊ မောင်ဇင်ယော်က ရခိုင်တန်ဆောင်မဂ္ဂဇင်း အမှတ်(၁၄)၊ (၁၉၇၆)ခုနှစ်ပါ ရမ္မာမြေ ကျေးလက်မှ သဘာဝတေးသံဆောင်းပါးတွင်

"ဇမ်းဆိုသည်မှာ အပျို၊ လူပျိုတို့ ချစ်ရေးဆိုရာ၌ အမေးအဖြေပြု၍ လင်္ကာဆန်ဆန် ပြောဆိုရသော တေးကဗျာတစ်မျိုးဖြစ်သည်။" (စာ-၇၁)

ဟုလည်းကောင်း အသီးသီးဖွင့်ဆိုထားပါသည်။

အထက်ဖော်ပြပါ အချက်များအရ ဇမ်းခြင်းသည် တစ်ဦးနှင့်တစ်ဦး ပညာစမ်းလိုသော သဘောဖြင့် တွင်ကျယ်လာဟန်ရှိသည်။ 'ဇမ်း' ဝေါဟာရသည် 'စ' ဟူသော သံညင်းဗျည်းမှ တစ်ဆင့် 'ဇ' ဟူသော သံပြင်းဗျည်းသို့ အပြောစကားအသွင်ဖြင့် ကူးပြောင်းကာ 'ဇမ်း' ဟူသော ဝေါဟာရဖြစ်လာသည်။ ရခိုင်

ပြည်နယ်၌ဇမ်းစကားများကို ရမ်းဗြဲကျွန်းနှင့် တောင်စဉ်ကမ်း တန်လွှဲဒေသတို့တွင် အများဆုံးပြောဆို ခဲ့ကြသည်ကို သိရှိရပါသည်။

## ရခိုင်လူမျိုးတို့ ရွာလည်ခြင်းဓလေ့

ရခိုင်ကျေးလက်ရပ်ရွာများ၌ ရွာလည်သော ဓလေ့ထုံးစံများ ရှိကြပါသည်။ ရွာလည်သည်ဆိုခြင်း မှာအပျိုရှိသောအိမ်သို့ လူပျိုကရည်းစားစကားပြောရန်သွားခြင်းကို ဆိုလိုပါသည်။ ရှေးဦးစွာ စကားပြော လိုကြောင်းကို ရပ်ရွာက ခန့်ထားသော အပျိုကြီး၊ လူပျိုကြီးများအား ရွာလည်မည်ဟု ကြိုတင်သတိပေး ခွင့်ပြုချက်ယူထားရသည်။ ရွာလည်စကားပြောမည့်သူသည် အပျို၊ လူပျို ပညတ်စည်းကမ်းကို လိုက်နာ ရသည်။ ထိုနောက် ရိုးရိုးစကားပြေဖြင့်ပြောမည် သို့မဟုတ် ဇမ်းစကားဖြင့် ပြောမည်ကို ဆုံးဖြတ်ရသည်။ ရိုးရိုးစကားဖြင့်သာ ပြော၍ ဇမ်းစကားဖြင့် မပြောတတ်သူကို မိန်းမပျိုလေးများက အထင်သေးကြသည်။

လူပျိုက စကားပြောလိုသော မိန်းမပျိုသည် ဧည့်သည်လူပျိုကို နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက် သည်ဖြစ်စေ လက်ခံစကားပြောဆိုရပါသည်။ တစ်ရွာသားလူပျိုကို လက်ခံစကားမပြောသော လုံမပျိုကို ရွာခံလူပျိုများကလူမှုရေး၊ ဘာသာရေးကိစ္စများတွင် ဝိုင်းပယ်ထားကြသည်။ သို့သော်လုံမပျို၌ ကျန်းမာရေးချို့ယွင်းမှုရှိပါက ငြင်းပယ်ခွင့်ရှိပါသည်။ အကြောင်းပြချက် ခိုင်လုံလျှင် ရွာခံလူပျိုများက နားလည်ခွင့်လွှတ်ပေးကြသည်။ လုံမပျိုထံသို့ လူပျိုလှည့်ရန်လာသောသူမှာ လူပျိုအစစ်အမှန် ဖြစ်ရမည်။ အိမ်ထောင်ရှိသူများမှာ လူပျို အပျိုစကား ပြောခွင့်မရှိကြပေ။ လူပျိုနှင့်အပျို ဇမ်းစကားကို ပြောဆိုသော ဓလေ့အမျိုးမျိုး ရှိကြပါသည်။

မိန်းမပျိုထံသို့ အခြားသောကျေးရွာမှ လူပျိုလှည့်၍ စကားပြောမည်ဆိုလျှင် ကျေးရွာမှ လူပျိုများက ပတ်ဝန်းကျင်တွင် စောင့်ရှောက်ခြံရံပေးကြသည်။ ရမ်းဗြဲ၊ မာန်အောင်ဒေသတွင် အပျိုနှင့် လူပျိုတို့ 'မီးခွက်ထွန်း၍ ပြောဆိုသောဓလေ့'ဖြင့် စကားပြောကြသည်။ စကားပြောဆိုရာတွင် အပျိုက သဘောမတူဘဲ လူပျိုက မီးမငြိမ်းရပေ။ ထိုသို့သဘောတူခွင့်ပြုချက်မရဘဲ မီးငြိမ်းလျှင် လူပျိုခေါင်း အဖွဲ့၏ အပြစ်ပေးခြင်းကို ခံရသည်။ အချို့သော ကျေးရွာများတွင် လူပျိုက အပေါက်ဖောက်ထားသော ကြမ်းပေါက်ကို လက်ဖြင့်နှိုက်ပြီး အပေါ်နှင့်အောက် ပြောဆိုကြသော 'အပေါက်နှိုက်ဓလေ့' ရှိသည်။ ရမ်းဗြဲဘက်တွင် လူပျိုက မိန်းမပျို၏ အခန်းအောက်တွင် တွဲခို၍စကားပြောရသော အောက်တွဲဓလေ့ရှိ သည်။ တစ်ခါတစ်ရံတွင် ထရံတွင်ရပ်၍ စကားပြောရသော အနေအထားလည်း ရှိသည်။

စကားပြောပြီး၍ ညဉ့်နက်သန်းခေါင်ကျော် အချိန်ရောက်လျှင် မိမိနေအိမ်သို့ ပြန်ကြရသည်။ အပျိုနှင့်လူပျိုတို့သည် ချစ်ရေးကြိုက်ရေးစကားများကို အိမ်တွင်ပြောသည်ဖြစ်စေ၊ အခြား ပွဲလမ်းသဘင် စသော တစ်နေရာရာတွင် ပြောသည်ဖြစ်စေ၊ တစ်ယောက်နှင့်တစ်ယောက် ကဗျာသံ၊ စာသံပါသော ဇမ်းစကားဖြင့်သာလျှင် ပြောဆိုကြသည်။ ဇမ်းစကားဖြင့် ပြောဆိုနိုင်ရန်အတွက် တက်သစ်စလူပျို၊ အပျိုအရွယ်တို့သည် ယောက်ျားကြီး၊ မိန်းမကြီးတို့ထံမှတစ်ဆင့် ဇမ်းစကားများကို သင်ယူလေ့လာကြရ သည်။ ယခုအချိန်တွင် ဤကဲ့သို့ လူပျိုအပေါင်းအဖော်များနှင့် လှည့်လည်၍ ရွာလည်သောဓလေ့မှာ ပျောက်ကွယ်လုနီးပါးဖြစ်သည်။

## ဇမ်းခြင်းအမျိုးအစားများ

ဇမ်းခြင်းများကို လူပျိုတို့ရွာလည်ရာ၌သုံးသော ကဗျာများအဖြစ် အများအားဖြင့် သိရှိမှတ်သား တတ်ကြသည်။ ထိုမျှမက ဇမ်းစကားများကို ချစ်ရေးကြိုက်ရေး အိမ်ထောင်ဘက်ရွေးချယ်ခြင်း၊ ဘုရားသွား၊ ကျောင်းသွားရာတွင် သာမန်အကြောင်းအရာများကို ဇမ်းစကားဖြင့် ဆိုလေ့ရှိကြသည်။ ဇမ်းခြင်းများတွင် ပါဝင်သော အကြောင်းအရာများကို အခြေပြု၍ ဇမ်းစကားများကို အမျိုးအစားခွဲရာတွင်

(၁) မိတ်ဆက်စကားဆိုသောဇမ်း

(၂) ပညာစမ်းဆိုသောဇမ်း

(၃) ချစ်ရေးဆိုသောဇမ်း

(၄) နှုတ်ဆက်အမှာစကားဆိုသောဇမ်း

(၅) သမီးမျှောက်သားဇမ်း

ဟူ၍ လေ့လာတွေ့ရှိရပါသည်။ ၎င်းတို့အနက် ပညာစမ်းဆိုသော ဇမ်းမှာအပျိုနှင့်လူပျိုအဖွဲ့တို့သည် စကားဝှက်၊ စကားထာများနှင့် အကြံအဉာဏ်ထုတ်ကာ အဓိပ္ပာယ်ပြောင်းပြန်လုပ်၍ အပြိုင်အဆိုင် အမေးအဖြေပြုရသော ဇမ်းတစ်မျိုးဖြစ်သည်။ ယခုစာတမ်းတွင်

(၁) မိတ်ဆက်စကားဆိုသောဇမ်း

(၂) ချစ်ရေးဆိုသောဇမ်း

(၃) နှုတ်ဆက်အမှာစကားဆိုသောဇမ်း

(၄) သမီးမျှောက်သားဇမ်း

ဇမ်း (၄)မျိုးကို လေ့လာတင်ပြမည်ဖြစ်သည်။

## မိတ်ဆက်စကားဆိုသောဇမ်း

မိတ်ဆက်ဇမ်းဆိုသည်မှာ တခြားရပ်ရွာမှ ရွာလည်လာသော လူပျိုနှင့်အပျိုတို့ တွေ့ဆုံရာ၌ မိမိတို့နေထိုင်ရာ နေရာဒေသနှင့် သတင်းမေးသတင်းလာ (ပဋိသန္ထာရ) စကားများကို ပထမဆုံးမိတ်ဆက်သည့်အနေဖြင့် ခေါ်ဝေါ်ပြောဆိုသော ဇမ်းအမျိုးအစားပင်ဖြစ်သည်။ တခြားသော ရပ်ရွာမှ ရွာလည်လာသော လူပျိုသည် မိန်းမပျို၏ နေအိမ်သို့ရောက်သည့်အခါ မိန်းမပျိုလေးအား နှုတ်ဆက်ခေါ်ဆိုရာတွင်

**ကျားဆို** - “ကုန်းစူး[၁]ကိုဖျင်[၂]၊ နံစူး[၃]ကိုပစ်၊ တစ်ချောင်းချီ၊ ဗွီလီချက်[၄]ကော၊<br>ရက်သပေါ့မှာ၊ တစ်ရီး[၅]ရာအိပ်ပျော်၊ စက်တော်ခေါ်၊ မောင်လာနှိုး၊<br>ကညာပျို၊ ဖြူမေချောမှာ၊ မနိုးလို့လား”

---

[၁] ကုန်းစူး = သပေါ့စာပင်အရွက်၏ ကုန်းဖက်ကစူး၊ အနားနှစ်ဖက်အစူးများနှင့် အလယ်အစူးကို ဖယ်ပစ်သည်။

[၂] ဖျင် = ဖယ်ပစ်ခြင်း။

[၃] နံစူး = ဘယ်နှစ်ဖက်ရှိအစူးကိုလည်း ဖယ်ပစ်သည်။

[၄] ဗွီလီချက် = အတိုင်အဖောက် အချီအချဖြင့် ရက်လုပ်ခြင်း။

[၅] ရီး = ရေး။

**ကျားဆို** - “တစ်ခွန်းခေါ်လည်၊ အော်လည့်ရှို[၁]နား၊ မကြားလို့လား၊
နှစ်ခွန်းခေါ်ကေ[၂]၊ အော်လည့်ရှိုနား၊ မကြားလို့လား၊ သုံးခွန်း
အတက်မှာ မောင်ခေါ်သံ ညံညံကြားကေ၊ ဘုရား ထူးရေ”

**မဆို** - “တရီးအိပ်ပျော်၊ စက်တော်ခေါ်၊ မောင်တော်လာနိုး၊
သုံးပင်တိုင်၊ ယိုင်ပြာသာဒ်က၊ လန့်လို့နိုးရေ”

မိန်းမပျိုလေးမှ ပြန်ပြောလိုက်သည်။ တရေးတမော အိပ်ပျော်နေသော မိန်းမပျိုအား ခေါ်နိုးရသည်မှာ တစ်ခွန်းနှင့်လည်းမကြား၊ နှစ်ခွန်းနှင့်လည်းမကြား၊ သုံးခွန်းခေါ်သောအခါမှ အိပ်ရာကလန့်နိုးသည်။ ရှေးအခါက ရခိုင်လူမျိုးတို့သည် သပေါ့စာပင်နှင့် မိမိတို့ကိုယ်တိုင် တစ်ချောင်းချီ ရက်ထားသော ရိုးရာသပေါ့ကိုအိပ်ရာ၊ ထိုင်ခင်းများအဖြစ်အသုံးပြုသော အလေ့ရှိခဲ့ကြသည်ကို ဤသို့မိတ်ဆက် ခေါ်ဝေါ်သော ဇမ်းစကားမှတဆင့် လေ့လာသိရှိရပါသည်။

နှုတ်ဆက်ခေါ်ဝေါ်သော လူပျိုလုလင်အား မိန်းမပျိုလေးက

**မဆို** - “ခွန်းချိုချို၊ တွန်သံပိုက်ပါ[၃]၊ ကဗျာသံ၊ ဇမ်းသံပြောပါ၊
ဇာ[၄]ရပ်ရွာကေ၊ ဇာရွာကရောင်[၅]၊ အို…မောင်းမောင်”

ဟု ကဗျာသံ ဇမ်းသံနှင့် စကားကို ချိုသာပျူငှာစွာ ဆက်ဆံပြောဆိုသော လူပျိုမောင်အား ‘ဘယ်ရွာကလဲ’ ဟု မေးလိုက်သည်။

တစ်ရပ်ရွာမှလာသော လူပျိုသည် မိန်းမပျိုရှိသောအိမ်သို့ လာရောက်ဇမ်းဆိုရ သောကြောင့် သူသည် တောင်ကြီးတောင်ငယ် အသွယ်သွယ် အထပ်ထပ်ကို ဖြတ်ကျော်ကာ ရပ်ဝေးမွေးရပ်ဌာနေမှ လာရောက်ခြင်းဖြစ်သည်ဟု ဇမ်းစကားဖြင့်

**ကျားဆို** - “တောင်ကြီးသွယ်သွယ်၊ တောင်ငယ်ယေ[၆] အထပ်ထပ်၊
စံဌာနီ၊ နီမြို[၇]ဝီး[၈]လို့၊ ရပ်ဝီးကရာ[၉]”

ပြန်လည်ပြောဆိုလိုက်သည်။ ဤသို့ တောတောင်များကို ဖြတ်ကျော်၍ လာရောက်ဇမ်းဆို ရသည်မှာ နှမလေးကို မြတ်နိုးတွယ်တာသော စိတ်ဖြင့် တွေ့ချင်ဇောကြောင့် ဖြစ်သည်ဟု ထင်မြင်ယူဆရသည်။

ထို့နောက် လာရောက် ဇမ်းဆိုလာသော လူပျိုနှင့်ရွာခံမိန်းမပျိုလေးသည် သတင်းမေးသတင်းလာ (ပဋိသန္ထာရ) စကားများကို ပြောကာ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးမှုကို ရယူကြသည်။

---

[၁] ရှို = ရှေ့။

[၂] ကေ = တယ်၊ သည်၊ လို့၊ တော့။

[၃] ပိုက်ပါ = ကျောက်ခဲဖြင့် ပစ်လိုက်သကဲ့သို့ စကားသံပြုပါ။

[၄] ဇာ = ဘယ်။

[၅] ရောင် = လဲ၊ အမေးစကားလုံး။

[၆] ယေ = လေး။

[၇] နီမြို = နယ်မြေ။

[၈] ဝီး = ဝေး။

[၉] ရာ = ပါ။

**မဆို** - “ရပ်ဝီးသားမောင်၊ မဖျားမနာ၊ ကျန်းမာယင့်လား”

**ကျားဆို** - “မေရို့[၁]ပါးက၊ ပို့ရေမိတ္တာ[၂] အနောဒိဿ၊ ဩဒိဿနှင့်(ကြောင့်) မဖျားမနာ၊ ကျန်းမာပါရေ[၃]၊ ရပ်ကြီးသူ၊ ဖြူမေရို့ကား၊ ကျန်းမာ ယင့်လား”

**မဆို** - “ပျိုယေမောင်က၊ ပို့ရေမိတ္တာ၊ အဝေရာ၊ ရန်မခဘဲ၊ ကျန်းမာပါရေ”

ရွာခံသူမိန်းမပျိုလေးက ရွာလည်လာသော လူပျိုမောင်အား “မဖျားမနာ ကျန်းမာပါရဲ့လား” ဟု မေးလိုက်သည်။ လူပျိုမောင်ကလည်း “ နှမပို့သသော မေတ္တာကြောင့် ကျန်းမာပါ၏” “နှမကော ကျန်းကျန်းမာမာ ရှိပါရဲ့လား” ဟု ပြန်လည် မေးဆိုလိုက်သည်။ “ နှမကလည်း ပျိုမောင်တို့ ပို့သသော မေတ္တာကြောင့် ကျန်းမာပါ၏ ” ဟု ဖြေဆိုလိုက်ခြင်း ဖြစ်၏။

## ချစ်ရေးဆိုသောဇမ်း

မောင်နှင့်မယ်တို့သည် တစ်ဦးနှင့်တစ်ဦး ရင်းနှီးကျွမ်းဝင်လာပြီးနောက် တီတီတာတာ ဖွဲ့ဖွဲ့နွဲ့နွဲ့ဖြင့် ချစ်ရေးဆိုရာ၌ ပြောဆိုသော ဇမ်းအမျိုးအစား ဖြစ်သည်။ မောင်တော်နှင့် နှမတော်တို့ ချစ်ခင်ကြည်ဖြူမှုဖြင့် စကားပြောဆိုရာတွင်-

**ကျားဆို** - “ရပ်ကြီးသူ၊ ဖြူမေနှမ၊ ဝတီ[၄]ပြည်က၊ နတ်မယ်လှပိုင်၊ ရူပရုပ်သွင်၊ မြင်ရသူ၊ သဲအူလိုက်လို့၊ ချစ်ဖို့မြင်ရေ”

**မဆို** - “ချစ်ဖို့လည်၊ ဟုတ်ပါလို့လား၊ ကိုယ်လူဝါ[၅]၊ တစ်ရွာသားပိုင်[၆]မချောလှပါ”

မောင်တော်က “ရပ်ကြီးရွာကြီးတွင် နေထိုင်သော နှမချောလေးသည် တာဝတိံသာနတ်ပြည်မှ နတ်သမီးတစ်ပါးအလား ရုပ်ရည်ရူပကာ အဆင်းသွင်ပြင်မှာ မြင်ရသူ၏ စိတ်ဘဝင်ကို လှုပ်ဖို မောစေကာ ချစ်စရာကောင်းလှပါသည်” ဟုပြောဆိုလိုက်သည်။ နှမလေးမှာလည်း “ချစ်စရာကောင်းလှသည်မှာ ဟုတ်နိုင်ပါ့မလား အမောင်တို့ ရပ်ရွာမှ ရွာသူ၊ ရွာသားများကဲ့သို့ ရုပ်ရည် မချောလှ” ဟု ပြန်လှန်ပြောဆိုသည်။

**ကျားဆို** - “နှစ်သက်ဖွယ်၊ သက်ငယ်နှမ၊ ချောကိုပိုင်၊ နတ်မယ်လှကို၊ ကရုဏာ၊ မိတ္တာဖက်လို့၊ စုံမက်မိရေ”

**မဆို** - “စုံမက်ဖွယ်၊ ချစ်ဖွယ်စကား၊ အတန်တန်လှည့်ဉာဏ်များနှင့် ပြောစကားလား၊ကယောင်း[၇]မှန်၊ ရွှေဉာဏ်နှောလို့၊ ပြောစကားလား” ။

အခိပ္ပာယ်မှာ မောင်တော်က “ချစ်ခင်နှစ်သစ်ဖွယ်ကောင်းသော နတ်မိမယ်တစ်ပါးကဲ့သို့ အချောအလှကို ပိုင်ဆိုင်ထားသောကြောင့် ၊ မိမိအောက် အသက်ငယ်သော နှမကလေးကို မေတ္တာ၊ ကရုဏာနှောလို့

---

[၁] ရို့ = တို့။

[၂] မိတ္တာ = မေတ္တာ။

[၃] ရေ = တယ်။

[၄] ဝတီ = တာဝတိံသာနတ်ပြည်

[၅] ဝါ = ညာ

[၆] ပိုင် = ကဲ့သို့

[၇] ကယောင်း= တကယ့်အမှန်၊ အမှန်အကန်။

ချစ်ခင်စုံမက်မိပါ၏” ဟု ချစ်ခင်နှစ်သက်ဖွယ်စကားနှင် ချစ်ရေးဆိုလိုက်သည်။ ထိုအခါ နှမကလေးက “ဤသို့ချစ်ဖွယ်စကားကို အတန်တန်ပြောဆိုနေသည်မှာ ဉာဏ်ကစား၍ လိမ်လည်လှည့်ဖျားကာ ပြောနေခြင်းလေ့” မောင်တော်ပြောသော စကားကြောင့် နှမလေးမှာ တွေးတောစရာ ဖြစ်လာရသည်။

**ကျားဆို** - “ဘုရားစူးစီ ကျမ်းစူးစီ[၁]၊ လိမ်လည် လှည့်ပြော၊
အကောက်ကြံ၊ လုပ်ဉာဏ်နှောလို့၊ လုပ်ပမာပိုင်၊ မပြောတတ်ပါ”

**မဆို** - “မုသားမပါ၊ မာယာစကား၊ ပျို့ယေမောင်၊ လိမ်ဉာဏ်နှော
လို့၊ ပြောရေလားလို့၊ တစ်ယောက်ဆို၊ ပျို့ယေမမှာ၊ ပြောမိဒရာ[၂]”

အမိပွာယ်မှာ လူပျိုက “ဘုရားစာကျမ်းစာတွေ အစူးခံနိုင်ပါ၏ စူးချင်ရင် စူးပါစေ၊ ကောက်ကျစ်ယုတ်မာသောဉာဏ်ဖြင့်၊ လိမ်လည်လှည့်ဖျားသော စကားကိုလုပ်ဇာတ်ဆောင်၍ မပြောတတ်ပါ”ဟု ဝန်ခံသည်။ ထိုအခါ မိန်းမပျို “မောင်တော် ချစ်ရေးဆိုသော စကားတွင် မုသားမပါသော်လည်း လိမ်ညာ၍ ပြောမိခြင်းများလား” ဟု နှမတော်အထင်ဖြင့် ပြောမိခြင်းဖြစ်သည်” ဟူ၏ ပြောပါသည်။

တစ်ဖန် တစ်ရွာသား မောင်နှင့် တစ်ရွာသူမယ်တို့သည် ဆက်လက်၍ နှစ်ကိုယ်တူ တိုင်ပင်နှီးနှော ပြောဆိုကြသည်။ “တစ်ယောက်ပြောသောစကားကို တစ်ယောက်က ဖီလာဆန်၍ ပြောနေမည်ဆိုလျှင် နှီးနှော တိုင်ပင်ပြု၍ ရမည်မဟုတ်ပါ” ဟု မောင်တော်က နှမတော်နှင့် အချိန်ကြာမြင့်စွာ စကားပြောလို၍ နှီးနှောမှု ပြုလိုက်သည်။

**ကျားဆို** - “မောင်တစ်ရွာသား၊ မယ်တစ်ရွာသူ၊ ပျို့လူပျို၊ နှစ်ကိုယ် ပြောလို့၊
နှီးနှော ကတ်မေ[၃] ၊ တစ်ယောက်ဆင်ခြီ[၄]၊ တစ်ယောက်ဖြီ[၅]၊
ထော်လီတိုက်[၆]လို့၊ ဖြစ်နိုင်ဖို့လား”

**မဆို** - “ဇောနှင့်မာန်၊ ရန်စကားကို ပယ်ကာယေထားလို့၊ တစ်ယောက်
ဆင်ခြီ ၊ တစ်ယောက်ဖြီ၊ ထော်လီတိုက်ကေ၊
ဖြစ်ယောင်ပြောမေ၊ ပျို့ယေမောင်၊ လိုစွာရီးကို အီးအီး[၇]
ကေပြောပါ”

ဤသို့ မာန်ပါရန်ပါသော စကားများကို ပစ်ပယ်ကာ ထားပြီးလျှင် မောင်တော်လိုအပ်သော ကိစ္စအကြောင်းအရာကို ပြောဖြစ်အောင် ပြောပါ”။ ဟု နှမပျိုလေးက စကားလမ်းကြောင်း ဖွင့်ပေးလိုက်သည်။ ထိုအခါ မောင်တော်ကလည်း -

**ကျားဆို** - “ပြောမေဆို၊ ပျို့ယေနှမ၊ အပင်ရုံ၊ ခက်စွန်ဖျားက၊ ပန်းအလှပိုင်၊
လှပန်းခိုင်ကို ကိုင်ကာ ယေလှမ်းလို့၊ မောင်လှမ်းဆွတ်မေ”

---

[၁] စီ = စေ

[၂] ဒရာ = ပါတယ်

[၃] ကတ်မေ = ကြမယ်

[၄] ဆင်ခြီ = အမေးပြောစကား

[၅] ဖြီ = ဖြေ

[၆] ထော်လီတိုက် = တစ်ဦးနှင့်တစ်ဦး အမေးအဖြေ ပြောကြခြင်း

[၇] အီးအီး = အေးအေး

မောင်တော်အနေဖြင့် စကားပြောရမည်ဆိုပါလျှင် အပင်တစ်ပင်၏ အကိုင်းအခက် အစွန်အဖျားတွင် ပွင့်လန်းဝေဆာနေသော ပန်းတစ်ခက်၏အလှကို ညင်သာစွာလှမ်းခူးဆွတ်သကဲ့သို့ နှမတော်လေးအပေါ် ထားရှိသော မေတ္တာတရာကို တန်ဖိုးထား၍ ရအောင်ယူပါမည်။ နှမပျိုလေးအပေါ် ထားရှိသော ကြင်နာမှု၊ မေတ္တာတရားများကို ရင်ဖွင့်လိုက်သည်။

**မဆို** - "ဆွတ်မေသူ၊ လူပျိုမောင်လိုင်[၁]၊ တစ်ရပ်သူ၊ တစ်ပြည် သားကို၊ မအားဝံ့ပါ"

**ကျားဆို** - "မောင်သက်ဝေ၊ ချစ်တေနှမ၊ လှပန်းခို[၂]၊ ပျိုနှမ၊ ညွတ်လို့ယေပီးပါ၊ ချစ်တေ[၃] မောင်၊ မီအောင်လှမ်းလို့၊ ဆွတ်ခူးပါမယ်"

အဓိပ္ပာယ်မှာ "နှမလေ၏ ချစ်ခြင်းမေတ္တာကို ရယူလိုသော မောင်တော်ကို နှမလေးက တစ်ရွာနှင့် တစ်ရွာ ဝေးကွာလှ၍ တစ်ယောက်အကြောင်းကို တစ်ယောက် သိရန်ခက်ခဲလှသောကြောင့် အလွယ်တကူနှင့် အားမကိုးဝံ့ပါ" ဟု စကားကို ပြန်လည်ပြောဆိုလိုက်သည်။ မောင်တော်က "မောင်တော်၏ အသက်တမျှ ချစ်ခင်လှသောချစ်နှမ၊ အလှမျိုးစုံ ပန်းမျိုးစုံ ပတ်ခြွေခြံရံထားသကဲ့သို့ လှပနေသောနှမက လက်ခံကိုင်းညွတ်ပေးပါ။ ထိုသို့ကိုင်းညွတ်လက်ခံပေးလျှင် မီအောင်ဆွတ်ခူးရသည်မှာ မောင်တော်၏ တာဝန်ဖြစ်သည်။ နှမလေး၏ ချစ်ခွင့်ကိုရလျှင် အခြားသောကိစ္စရပ်များကို တာဝန်ကျေပွန်အောင် ထမ်းဆောင်မည်မှာ အမောင်၏ တာဝန်ဖြစ်ကြောင်း" ယောကျ်ားပီပီ ရဲဝံ့စွာ ပြောဆိုလိုက်သည်။

ဤသို့ ရွာလည်၍ ဇမ်းစကားပြောရာ၌ အပျိုနှင့် လူပျိုတို့၏ အပြန်အလှန် ပြောစကား များတွင် မိန်းမပျိုလေး၏ ဣန္ဒြေရရနှင့် ညင်ညင်သာသာ ပြောစကားတို့မှာ ရခိုင်အမျိုးသမီးတို့၏ ယဉ်ကျေးသိမ်မွေ့သော အမူအရာတို့ကို လှစ်ဟ ဖော်ပြနေသည်။

**မဆို** - "လှပလူပြောင်၊ မောင်တော်လက်သို့၊ ညွတ်ချင်ပါယက်၊ ဝီးရပ်မြီ၊ တစ်နယ်သားကို၊ အပြောယေခက်တေ"

**ကျားဆို** - "ပြောဆက်ဖွယ်၊ ဇာအရီးလို့၊ မောင်လူပျိုကို၊ သံချိုနှောကေ ပြောလိုကေပြပါ"

အဓိပ္ပာယ်မှာ - "ချောမောခန့်ညား လှပသော အမောင်၏ ရင်ခွင်အောက်သို့ နှမလေး ခိုဝင်ချင်ပါသည်။ သို့သော်လည်း တစ်နယ်တစ်ရပ်သား ဖြစ်သောကြောင့် အမောင်ကို ဖွင့်ဟပြောရန် ခက်ခဲလှပါသည်။ ဤသို့ နှမတော်ဖွင့်ဟပြောဆိုရန် ခဲယဉ်းနေသော်လည်း ချိုချိုသာသာ ပြောလျှင်ရပါသည်"ဟု မောင်တော်က ဇမ်းစကားဖြင့် ပြောဆိုလိုက်သည်။

**မဆို** - "မောင့်မှာကားဗျိုင်း၊ တစ်ပင်နီ၊ မသစ်ကိုင်းမှာ၊ တစ်ချက် ချေ[၄]နားလို့၊ တစ်လင်ကွာ၊ နောင်ခါမရ၊ လူရို့ဘုံမှာ၊ လင်ကုန်ချုံး[၅]က၊ လုံးလုံးမှောက်တေ"

---

[၁] လိုင် = လေ

[၂] ခို = ခွေ

[၃] တေ = တယ်

[၄] တစ်ချက်ချေ = ခဏလေး

[၅] ချုံး = ရှုံး

**ကျားဆို** - “မိန်းမဟူသည်၊ ဒုက္ခသည်၊ ဆိုရေတမျှ၊ အဖိုးတန်၊
ဝန်ကောင်းက လည်ရောင်းတတ်မှစွန်၊ စွန်တတ်မှမြတ်၊ ဝယ်လို
သူ၊ သျှင်လူဟိ[၁] မှ၊ ရောင်းရပါရေ”

**မဆို** - “ရောင်းမယ်သူနှင့်၊ ဝယ်သူသဘော၊ စျီး[၂] မဆို၊ လိုတူကျက၊
ရောင်းရပါမယ်”

ထိုဇမ်းစကား၏ အဓိပ္ပာယ်မှာ မောင်တော်သည် သစ်ကိုင်းတွင် ခဏတဖြုတ် လာနားတတ်သော ဗျိုင်းကဲ့သို့ မယ်ကလေး၏ အိမ်ထောင်ဖက် အဖြစ်လာရောက်ဝင်ခိုလျှင် အကြောင်းမသင့်၍ အိမ်ထောင်ရေးကွဲကွာပါက မယ်တို့၏ ဘဝတွင်တဘဝလုံး ယူကျုံးမရ စိတ်သောကဗျာပါဒကို ခံစားရမည်ဖြစ်သည်။

မောင်တော်က “မိန်းမတို့မည်သည် အဖိုးအနဂ္ဃထိုက်တန်သော ဝန်ပစ္စည်း တစ်ခုနှင့်တူပါသည်။ အဖိုးရှိသောဝန်ကို အချိန်အခါကြည့်၍ ရောင်းတတ်မှ သင့်တင့်သောဈေးနှုန်းကို ရတတ်သကဲ့သို့ မိန်းကလေးတို့သည် အိမ်ထောင်ပြုရာတွင်လည်း အရွယ်ကောင်းသောအချိန်တွင် အိမ်ထောင်ပြုရမည် ဖြစ်သည်။ ထိုသို့အိမ်ထောင်ပြုလိုက်ပါက ရောင်းမထွက်သောကုန်ပစ္စည်းနှင့် အလားသဏ္ဌာန်တူပါသည်”ဟု အခြားတစ်ရွာမှ လူပျိုလှည့် လာသော မောင်တော်က မိမိအချစ်ကို လက်ခံလာအောင် ဥပမာ၊ ဥပမေယျတို့နှင့် ခိုင်းနှိုင်းစည်းရုံး ၍ အာဝဇ္ဇန်း ရွှင်ရွှင် ပြောဆိုပါသည်။

မိန်းမပျိုလေးက “အရွယ်ရှိတုန်း အိမ်ထောင်ပြုရမည်ဟုဆိုသော မောင်တော်၏စကားကို နားလည်သဘောပေါက်ပါသည်။ သို့သော်လည်း မိမိနှစ်သက်သောသူ၊ အလိုကျသောသူဖြစ်ပါမှ အိမ်ထောင်ပြုပါမယ်” ဟုပြောဆိုသည်။ အချစ်ရေးတွင် ရောင်းကုန်ဝယ်ကုန်၊ ရောင်းသူ၊ ဝယ်သူ ဟူသော စီးပွားရေးအသိုင်းအဝိုင်းထဲမှ စကားများဖြင့် ဇမ်းဆင်၍ ပြောဆိုကြသော ရမ္မာဝတီ (ခေါ်) ရမ်းဗြဲဒေသမှ လူပျို၊ အပျိုတို့၏ ချစ်ရေးချစ်ရာစကားများကို စိတ်ဝင်စားဖွယ် တွေ့ရှိနိုင်သည်။

**ကျားဆို** - “ဖြစ်ရမယ်၊ အလွယ်သာပ၊ မယ်ပန်းခိုင်ကို၊ ကိုင်ကာ
ညွတ်လို့၊ လှမ်းဆွတ်ပါမည်”

**မဆို** - “ဆွတ်ပါမည်ကော၊ တကယ်ဟုတ်က၊ လက်လှမ်းဆွတ်
ပါ၊ သဘောတူ၊ လိုတူကျက၊ ညွတ်ပီးဖို့ရာ”

**ကျားဆို** - “ညွတ်ပီး[၃]ပါ၊ သက်လျာနှမ၊ ချစ်တေသူ၊ မောင်လူလှမှာ၊
ရပ်ကြီးသူလည်၊ ပျိုဖြူမေကို၊ ကရုဏာ၊ မိတ္တာရစ်ကော၊ ချစ်လို့
နီ[၄]ရေ”

မောင်တော်က “အမောင်၏ ချစ်ခွင့်ကို နှမတော်လေးက လက်ခံလိုက်လျှင် အိမ်ထောင်တစ်ခု တည်ဆောက်ဖို့ လွယ်ကူပါမည်” နှမပျိုက “အိမ်ထောင်ဖက်အမှန်ရွေးမည်ဆိုပါက ရွေးချယ်ပါ။ နှမတော်သဘောကျလျှင် လက်ခံပါမယ်” အမောင်ကလည်း “ နှမတော်၏ အချစ်ကိုလိုလား၍ လက်ခံပေးပါ နှမတော်၊ ချစ်တတ်သော အမောင်မှာ ရပ်ကြီး၊ ရွာကြီးသူ နှမပျိုလေးအား မေတ္တာ၊ ကရုဏာနှောင်ဖွဲ့၍

---

[၁] ဟိ = ရှိ

[၂] စျီး = ဈေး

[၃] ပီး = ပေး

[၄] နီ = နေ

ချစ်နေပါသည်” ဟုအပြန်အလှန်ပြောဆိုကြသည်။ ထိုပြောစကားများတွင် အိမ်ထောင်တစ်ခု တည်ဆောက်ရန်အတွက် သိမ်မွေ့သော မေတ္တာတရားနှင့် အနူးအညွတ် ချစ်ခွင့်ပန်ကြသည်ကို ရိုးရာ ဓလေ့တစ်ခု အနေဖြင့် တွေ့ရှိရသည်။

**မဆို** - “ချစ်တေဆို ပျိုယေမောင်ကို၊ ရွှေမိတ္တာ၊ ပြန်ကာမျှလို့၊
ချစ်မိပါယင့်၊ ချစ်ခွင့်တိုင်၊ ပိုင်နိုင်ရီးကို၊ မပီးဝံ့ပါ”

**ကျားဆို** - “အသက်ကေ တစ်ရာ၊ တစ်သက်မှာ၊ တစ်ခါအချစ်၊
သက်ဝေလည်း၊ ငယ်ကချစ်လို့၊ မပစ်ဝံ့ပါ”

**မဆို** - “အမိမချစ်၊ ချီပစ်[၁] ပတ်စီ၊ အဖမချစ်၊ ချီပစ်ပတ်စီ၊
အထုပ်ချေ၊ နံမှာကျစ်လို့၊ ဂု[၂] လိုက်ဝံ့ရေ”

အခိပ္ပာယ်မှာ နှမချေက “အမောင်ချစ်သကဲ့သို့ မယ်လည်းပြချစ်ပါသည်။ သို့သော် ဘဝတစ်ခုလုံး အတွက် ပိုင်ဆိုင်ခွင့်ကို ပေးရမည်မှာ နှမချေမဝံ့မရဲဖြစ်နေသည်” အမောင်က “အသက်တစ်ရာသာ ရှည်ခွင့် နေထိုင်ခွင့်ရသောဘဝတွင် ငယ်ငယ်ရွယ်ရွယ်နှင့် တစ်ခါသာ ချစ်ဖူးသော နှမချေအပေါ် ချစ်သောချစ်ခြင်း မေတ္တာကို မပစ်ပယ်ဝံ့ပါ” ဟုတုန်လှုပ်ရှောက်လျားစွာ ပြောဆိုသည်။ ထိုအခါမဝံ့မရဲဖြစ်နေသော နှမချေ မှာ အမောင်အပေါ်ထားရှိသော မေတ္တာတရားသည် နိုးသထက် နိုးကြားလာသည်။ နှမလေးက “မိဘ တွေနှင့် ဘယ်လောက်ထိ ဝေးကွာပါစေ၊ မိဘများကနှမချေ၏ အိမ်ထောင်ဖက်အား မလိုမုန်းတီး၍ ဘယ်အချိန်ထိ ပစ်ပယ်၍ ထားပါစေ၊ အမောင်၏ နောက်သို့ အထုပ်အပိုးတွေကို ခါးနံဘေးမှာ ကျစ်ကာ ခုချက်ချင်းလိုက်ဝံ့ပါတယ်အမောင်” ဟု ပြောဆိုသော အခါ အမောင်က

**ကျားဆို** - “မချစ်ဆို၊ မလိုမဟုတ်၊ ပျိုယေမမှာ၊ ရွှေကိုလို၊ ဂုဏ်ကို
မက်လို့၊ ချစ်ပါရေလား၊ ရွှေကိုမလို၊ လူကိုမက်လို့ ကြိုက်ပါရေ
လား”

မောင်တော်၏ အချစ်ကိုလိုလား၍ ချစ်သည်မှာ “ရွှေငွေ ဂုဏ်ပကာသနတွေကို မက်မောလို့ ချစ်တာလား သို့မဟုတ် စိတ်သဘောထားဖြောင့်မတ်သောကြောင့် မောင်တော်ကို ချစ်တာလား” ဟုအမောင်မှာ မေးစရာဖြစ်လာသည်။ နှမချေကလည်း

**မဆို** - “ရွှေကိုမလို၊ ဂုဏ်ကိုမမက်၊ မယ်အပျိုမှာ၊ လူကိုမက်လို့၊
မောင်လူပျိုကို၊ ယုံလိုကြောင်းနှင့် စောင့်နီဖို့ရာ”

အခိပ္ပာယ်မှာ “အမောင်ပိုင်ဆိုင်သော ရွှေငွေဂုဏ်ပကာသနကို မက်မောလိုချင်သော စိတ်ဖြင့်ချစ်သည် မဟုတ်ပါ။ နှမချေအပေါ်ထားရှိသော အမောင်၏ချစ်ခြင်းမေတ္တာကို ယုံကြည်အားကိုး၍ ချစ်သည်သာ ဖြစ်၍ အမောင်တောင်းဆိုလာမည့် အချိန်ကိုစောင့်မျှော်နေပါမည်။” ဟုသူ၏သဘောထားကို ပြောပြလေ သည်။ အချစ်ရေးတွင် ရွှေ၊ ငွေ ဂုဏ်ပကာသနကို ဘေးဖယ်ကာ မိမိ၏ယုံကြည်မှုကိုသာ တန်ဖိုးထား တတ်သော ရခိုင်မိန်းမပျိုတို့၏ စိတ်ဓာတ်အရည်အချင်းများကို တွေ့မြင်ရသည်။

---

[၁] ချီပစ် = စွန့်ပစ်

[၂] ဂု = ယခု

## နှုတ်ဆက်အမှာစကားဆိုသော ဖမ်း

အပျိုနှင့် လူပျိုတို့သည် မိတ်ဆက်စကားများ၊ ချစ်ရေးကြိုက်ရေးစကားများကို အချိန်ကြာကြာ ပြောဆိုပြီးနောက်တွင် အိမ်ပြန်လို၍ နှုတ်ဆက်အမှာစကားပြောသော ဖမ်းအမျိုးအစားဖြစ်သည်။

မောင်နှင့်မယ်တို့သည် ညဦးအချိန်မှစ၍ ဖမ်းဆိုရင်း ညသန်းခေါင်ကျော်အချိန်အထိရောက်ရှိ လာသည်။ ထိုအခါ မယ်ကလေးက မိမိနေအိမ်သို့ပြန်ရန် သတိပေးပြောဆိုပါသည်။

**မဆို** - “ရောင်နီလာ၊ အရုဏ်တက်ကော၊ မိုးလင်းဖို့ယာ၊ မယ်
သက်လျာ[၁]လာရေလမ်းကို၊ ပြန်ကာလှမ်းလို့၊ လက်ဝဲမပါ၊
လက်ယာကိုမလိုက်၊ အလယ်ဆို၊ လမ်းအိုပိုက်ကို၊ တိုက်ရိုက်
ကေလားလီ”

အဓိပ္ပာယ်မှာ “နှမလေး၏ အသက်တမျှချစ်ရသော အမောင်မှာ လက်ဝဲ၊ လက်ယာလဘက်တွင် ရှိသော လမ်းကမသွားဘဲ အလယ်လမ်းဟောင်းမှ တိုက်ရိုက်သွားလေပေါ” ဟု နှမတော်က လမ်းညွှန်လိုက်သည်။

မောင်တော်ကလည်း နှမတော်နှင့် တွေ့ရသည်မှာ အချိန်တိုတောင်းလှသည်။ တစ်ဦးနှင့် တစ်ဦး အချစ်သံယောဇဉ် အစပြုချိန်ဖြစ်သောကြောင့် သူမပြန်မီ စကားတချို့ကို မှာသွားလေ သည်။

**ကျားဆို** - “ခြိုးချေ[၂]ကြုုကေ[၃]၊ မပူလီကေ့[၄]၊ ငှက်တော်ထိုး[၅]၊ မညှိုး
လီကေ့၊ ကျီးကန်းအား၊ မရှာလီကေ့၊ ချစ်တေးဆို၊ ပျိုယေမကို၊
မှာခရေနှောင်း[၆]၊ အိမ်နောက်ဆို၊ မောင်းကာ[၇]ယေ အောက်က၊
မေအိပ်ရာကို၊ မျှော်ကာယေ ကြည့်လို့၊ ပြန်လှည့်လားယာ”

အဓိပ္ပာယ်မှာ “မောင်တော်ရောက်လာနိုးနိုးနှင့် မျှော်ကိုးလို့ ငှက်ချေကူသံကို ကြားရသောအခါ ပူပင်သောကအရောက်ပါနှင့်၊ ငှက်တော်ထိုးလျှင်၊ ကျေးငှက်များသံစုံကျူးရင် သံကိုကြားရလျှင်လည်း မောင်တော်ရောက်နေသည် အထင်နှင့်မရှာပါနှင့်” ဟုချစ်လှစွာသော နှမလေး၏ အိပ်ရာကို မျှော်ကာ ကြည့်ရင်း အမောင်ပြန်သွားပါသည်။ အမောင်သည် ချစ်သူမယ်ကလေးနှင့် ဝေးကွာလှသော မိမိရပ်ရွာသို့ ထွက်ခွာသွားမည်ဖြစ်သောကြောင့် နှမကလေးလွမ်းဆွေးပူပင် စိုးရိမ်များမဖြစ်စေရန် ချစ်ခင်ကြည်ဖြူမှု သံယောဇဉ်ဖြင့် ဆုမွန်ကောင်း တောင်းထားခြင်းပင်ဖြစ်သည်။

## သမီးမျောက်သား ဖမ်းကဗျာ

ရခိုင်လူမျိုးတို့တွင် မောင်၏ သမီးနှင့် အစ်မညီမ၏သား၊ အစ်မ၊ ညီမ၏ သမီးနှင့်မောင်၏သား များသည် သမီးမျောက်သားများ တော်စပ်ကြသည်။ မျောက်သားတော်စပ်ရာတွင် ယောက်ျား၊ မိန်းမ၊

---

[၁]လား = သွား

[၂]ခြိုးချေ = ချိုးငှက်ကလေး

[၃]ကြုုကေ = တူသည်။

[၄]မပူလီကေ့ = မပူမဆွေးပါနှင့်

[၅]ထိုး = မြည်သံပေးသည်

[၆]မှာခရေနှောင်း = မှာခဲ့တယ်နော်

[၇]မောင်းကာ = (အဖီ)

မောင်နှမ သားသမီးမှ သားတော်စပ်ကြပါသည်။ ညီအစ်ကိုချင်း၊ ညီအစ်မချင်းမှ မွေးဖွားသောသားသမီးများသည် မြောက်သားမတော်စပ်ကြပါ။ ညီအစ်ကို၊ ညီအစ်မ၊ မောင်နှမများသာ တော်စပ်ကြပါသည်။

ရခိုင်တို့၏ မျိုးစောင့်တရား၊ မျိုးနွယ်အရှည်တည်တံ့မှုများသည် ရှေးသာကီဝင်မျိုးနွယ်စဉ်အတိုင်း ကျင့်သုံးခဲ့ကြခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း ရခိုင်လူမျိုးတည်တံ့မှုကို ဖြစ်စေပါသည်။ ယခုတင်ပြမည့် ဇမ်းကဗျာသည် သမီးမြောက်သား တော်စပ်သူ၏ ရွှာလည် ဇမ်းချမ်းများ ဖြစ်ပါသည်။

**မဆို** - ညရီဆိုင်းဆာ[၁] ၊ အားမနာဘဲ
မာတာပီတ ၊ မိဖမအိပ်
အောက်ကလာ ၊ ဖောက်ပျာ[၂]နှိပ်ကေ[၃]
ဇာဖြစ်တောင်[၄]လေး[၅]။
ဇာကလာကေ ၊ ဇာရာသားရောင်
လားလားမသိ ၊ ဆဲဆိုမိမေ[၆]
ရှက်ကြီးရှက်မ ၊ ချက်မကျဘဲ
ဓောင်[၇]မလုပ်ကေ့ ၊ လူကိုကြွေ[၈]ကေ့။ ။
တွဲလိုလုပ်လီ[၉]။ ။

ဟုမိန်းမပျိုလေးက ပြောဆိုလိုက်ပါသည်။ ညနေဆည်းဆာချိန်သာရှိသေးသည်။ အမိအဘတောင် မအိပ်သေးပေ။ အိမ်အောက်ကလာ၍ နှိပ်တာအချက်ပြတာ ဘာဖြစ်လို့ပါလဲ။ ဘယ်ကလာပြီး ဘယ်ရွာသားမှန်း မသိပါသဖြင့် ဆဲမှားဆိုမှား ပြောမိလိမ့်မည်။ ပြောချင်တဲ့စကား အချက်မကျခဲ့ပါက အရှက်ကြီးရ၍ ပြန်သွားရလိမ့်မည်။ ဤကဲ့သို့ မလုပ်ပါနှင့် လူရိပ်လူခြေကို ကြည့်သင့်ပါသည်။ အခန်းအောက်စကားပြော အပေါက်က စကားပြောပါလေဟု ပြောဆိုလိုက် ခြင်း ဖြစ်သည်။

**ကျားဆို** - အရီးယေ[၁၀]ရင်သွီး[၁၁] ၊ နောက်ဆုံးစွန်လေ
မှန်မှန်မွီး[၁၂]ကေ ၊ မရီးပုံပြင်
ရုပ်အင်လှပ ၊ နှင်နှင့် ငါလေ
အငယ်ကပင် ၊ တလင်းပြင်မှာ

---

[၁]ဆိုင်းဆာ = ဆည်းဆာ
[၂]ဖောက်ပျာ = အဆင်သင့်ပြုလုပ်ထားကြသော စကားပြောရန်အပေါက်။
[၃]နှိပ် = လပ်ဖြင့်လှမ်း၍ အပေါက်ကနှိပ်ပြီး စကားပြောလိုကြောင်း အချက်ပြခြင်း
[၄]တောင် = တာ
[၅]လေး = လဲ
[၆] မေ = မယ်
[၇]ဓောင် = ဤကဲ့သို့
[၈]ကြွေ = ကြည့်
[၉]လီ = လေ
[၁၀]ယေ = အငယ်
[၁၁]သွီး = သွေး
[၁၂]မွီး = မွေး

လက်ယင်ကိုင်ဆွဲ ၊ ဂု[၁]ခါသော်လေ
အဖော်ကွဲကေ ၊ မလေးမစောင်း
ခအို[၂]ကြီးကို ၊ မုန်းလပ်တောင်း[၃]လိုင်။

ဟု ယောက်ျားပျိုက ပြန်ပြောလိုက်ပါသည်။ အရီးလေး၏ နောက်ဆုံးမှ မွေးဖွားခဲ့သောမရီး (အချစ် ကလေး) ဖြစ်ပါသည်။ နင်နှင့် ငါသည် အငယ်ကလေးဘဝမှာပင် တစ်ယောက်နှင့် တစ်ယောက်လောက် နယ်တလင်းလွင်ပြင်မှာ လက်တွဲလို့အတူကြီးလာခဲ့ကြပါသည်။ မတွေ့တာကြာပြီး ကွဲကွာနေခဲ့ကြ၍ ခဲအိုကြီးကို မလေးမစား မုန်းနေပါလား အလှကလေးရယ်ဟု ပြောဆိုလိုက်ပါသည်။

**မဆို** - ယကောင်[၄]ဆိုကေ ၊ အိုအိုဘုရား
ငယ်ကပင်လေ ၊ ရီးသျှင်သားကို
လားလားမသိ ၊ သူမျှားဝင်ယောင်
ထင်ခီ[၅]မိလို့ ၊ ဆိုမိဒရာ[၆]။

မိန်းမပျိုလေးက ပြန်လည်ပြောဆိုလိုက်ပါသည်။ ယင်းကဲ့သို့ဖြစ်လျှင် အိုဟို-ဘုရားဘုရား။ အငယ် ကလေးဘဝကပင် အတူနေလာခဲ့သော အရီးကလေး၏ သားကို စကားပြောဖို့ ဝင်လာ ခြင်းမှာ မသိခဲ့ပါ။ မျိုးမတော်စပ်တဲ့သူများ အခြားသူများ လာရောက်၍ စကားပြောခြင်းဟု ထင်မှားခဲ့ပါသည်။ ထို့ကြောင့် ပြောမှား ဆိုမှား ပြောမိခဲ့ပါသည်။

**မဆို** - ပုလဲဖြူ ၊ လူလိုင်ရွှဲ[၇]ကို
မနှောင်းဖြူ[၈]လေ ၊ မိတ္တာတုန်းကေ
မမုန်းပါလိုင်။

ဟုဆက်လက် ပြောဆိုလိုက်ပါသည်။ လည်ပင်းမှာ အမြဲဆွဲထားချင်သော ပုလဲအရောင်ကဲ့သို့ အသား ဖြူဖွေးလှပသော လူလိုင်ရွှဲကို မနှောင်းဖြူ၏ မေတ္တာကုန်ဆုံးလို မမုန်းပါလေ။ အမြဲချစ်နေပါ့မယ်ဟု မိန်းမပျိုလေးက ပြန်လည်တုန့်ပြန်လိုက်ပါသည်။

## ခြုံငုံသုံးသပ်ချက်

ရခိုင်ရိုးရာဇမ်းခြင်းကဗျာများ လေ့လာချက်စာတမ်းသည် ရခိုင်လူမျိုးတို့၏ ရိုးရာဓလေ့တစ်ခုကို ဖော်ထုတ်ထားသည့် စာတမ်းဖြစ်ပါသည်။ ဇမ်းခြင်းကဗျာများသည် ယဉ်ကျေးမှုပေါ်ထွန်းစကပင် အပျို လူပျိုတို့သည် ဇမ်းကဗျာများကို ပြောဆိုကြလိမ့်မည်ဟု ထင်မြင်မိပါသည်။ ရခိုင်တစ်မျိုးသားလုံး ဇမ်းကဗျာများကို ပြောဆိုခဲ့ကြပေလိမ့်မည်။ အချိန်ကာလများစွာကြာညောင်း လာသောအခါ ခေတ်

[၁]ဂု = ယခု
[၂]ခအို = ခဲအို
[၃]လပ်တောင် = နေသလား
[၄]ယဓောင် = ယင်းကဲ့သို့
[၅]ခီ = ခဲ့
[၆]ဒရာ = ပါတယ်
[၇]လိုင်ရွှဲ = လည်ပင်းမှာ ဆွဲထားချင်သောသူ။
[၈]မနှောင်းဖြူ = အမိမှာ အဆုံး အတွေးမွေးဖွားသူထက်နောက်ဆုံးစွန်မှ မွေးဖွားလာသော အနောင်းမွေးသော၊ အသားဖြူသော မနှောင်းဖြူ။

စနစ်များ ပြောင်းလဲလာသောကြောင့် အချို့အရပ်ဒေသများတွင် ပျောက်ကွယ်သွားပြီး၊ အချို့အရပ်ဒေသများတွင် ပျောက်ကွယ်ဆဲ၊ အချို့အရပ်ဒေသများတွင် ပျောက်ကွယ်လုဆဲဆဲ ဖြစ်နေပါသည်။ ယနေ့အချိန်အခါတွင် ဇမ်းကဗျာများကို ကျောက်ဖြူ မြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ မာန်အောင်မြို့နယ်တို့တွင် အနည်းငယ်သာ စပ်ဆိုလျက်ရှိသည်ကို တွေ့ရှိ ရပါသည်။

ဇမ်းခြင်းကဗျာများကို (၁) မိတ်ဆက်စကားဆိုသောဇမ်း (၂) ချစ်ရေးဆိုသောဇမ်း (၃) နှုတ်ဆက်အမှာစကားဆိုသောဇမ်းနှင့် (၄) သမီးမျောက်သားဇမ်းဟူ၍ လေ့လာတင်ပြထားပါသည်။ အဆိုပါ ဇမ်းကဗျာများမှ ရခိုင်ကျေးလက်ဒေသ၏ လူမှုဓလေ့ထုံးစံများကို သိရှိရပါသည်။ ရခိုင်လူမျိုးတို့၏ လူပျို အပျို ချစ်ကြိုက်မှုကို စိတ်ဝင်စားဖွယ် မြင်တွေ့ရပါသည်။

## နိဂုံး

ရခိုင်ရိုးရာ ဇမ်းခြင်းကဗျာများ လေ့လာချက်စာတမ်းသည် ရခိုင်လူမျိုးတို့၏ ရှာလည်ခြင်း ဓလေ့ကို ဖော်ထုတ်ထားသည့် စာတမ်းဖြစ်ပါသည်။ ယနေ့အချိန်အခါတွင် ဇမ်းခြင်းကဗျာများသည် ပျောက်ကွယ်လုမတတ် ဖြစ်နေပါသည်။ ထိုကြောင့် ဇမ်းခြင်းကဗျာများအကြောင်းကို မှတ်တမ်းတင်ရင်း မြန်မာစာပေအတွက် ကွက်လပ်တစ်ခုကို ဖြည့်ဆည်းလိုသော ဆန္ဒဖြင့် စာတမ်းပြုစုလိုက်ရပါသည်။

## ကျမ်းကိုးစာရင်း


ခင်မြတ်ဉာဏ်။ (၁၉၉၁)။ ***ရခိုင်ရိုးရာတေးကဗျာများ***၊ မန္တလေးတက္ကသိုလ် မြန်မာစာမဟာဝိဇ္ဇာဘွဲ့အတွက်တင်သွင်းသော ကျမ်း။

ချိုချိုဝင်း၊ မ။ (၂၀၁၅)။ ***ရခိုင်ရိုးရာကျေးလက်တေးကဗျာ ယိုင်းချင်းနှင့်ဇမ်းချင်းလေ့လာချက်***၊ စစ်တွေတက္ကသိုလ် မြန်မာစာ မဟာသုတေသနဘွဲ့အတွက် တင်သွင်းသောကျမ်း။

***တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံများ(ရခိုင်)***၊ (၂၀၁၈)(ဒု-ကြိမ်)။ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

မောင်မောင်အေး၊ ဦး (စစ်တွေ)။ (၁၉၇၇)။ ***မြန်မာစာပေနှင့်ယဉ်ကျေးမှုအဖွင့်***(ပ-ကြိမ်)။ ရန်ကုန်၊ မြတ်ပုံနှိပ်တိုက်။

လှလှတင်။ (၁၉၉၅)။ ***ရခိုင်သဘာဝတေးကဗျာများလေ့လာချက်***။ ရန်ကုန်တက္ကသိုလ် မြန်မာစာမဟာဝိဇ္ဇာဘွဲ့အတွက် တင်သွင်းသောကျမ်း။

ဝါသဝ၊ အသျှင်။ (၂၀၀၀)။ ***ရခိုင်ဝေါဟာရအဘိဓာန်ကျမ်း(တွဲ-၂)***၊ ရန်ကုန်၊ ဟိန်းထက်စာပေတိုက်။

အောင်လှသိန်း။ (၁၉၉၇)။ ***ရခိုင်သုတအဘိဓာန်***၊ ရန်ကုန်၊ သိဒ္ဓိမြိုင်ပုံနှိပ်တိုက်။

*J. Myanmar Acad. Arts Sci. 2026* **Vol. XXIII. No.6**

# သိပ္ပံမောင်ဝ၏ဝတ္ထုဆောင်းပါးများမှဝါကျဖွဲ့ဟန်လေ့လာချက်

တင်မိုး[၁]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် သိပ္ပံမောင်ဝ၏ဝတ္ထုဆောင်းပါးများမှ ဝါကျဖွဲ့ဟန်တို့ကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ထိုသို့တင်ပြရာတွင် သိပ္ပံမောင်ဝ၏ ဝတ္ထုဆောင်းပါးများစာအုပ်မှ ပုဒ်ရေ(၁၃၁)ပုဒ်ရှိသည့်အနက် "တို့တောရွာ"၊ "စည်းစိမ်"၊ "ခါးပြမှု"၊"ဗေဒါ"၊ "မင်းလတ်"၊ "တစ်ရာ့တစ်ဆယ်"၊ "ကင်းစောင့်"၊ "မြင်းတွေ"၊ "အင်းဝ"၊ "နယ်ပိုင်မင်း"(၁၀)ပုဒ်ကို အလေ့လာခံအဖြစ်သတ်မှတ်၍ မောင်ခင်မင်(ဓနုဖြူ)၏ "စကားပြေသဘောတရား စကားပြေအတတ်ပညာ" စာအုပ်ကိုနည်းနာယူကာ ဝါကျဖွဲ့ဟန်များကို စာပေရှုထောင့်ဖြင့်လေ့လာ တင်ပြထားပါသည်။ စာရေးသူ၏ထူးခြားသော ဝါကျဖွဲ့ဟန်များ၊ ဝါကျတိုများ၊ အမေးဝါကျများ၊ ကာရန်အချိတ်ဆက်အသုံးများ၊ ဟန်ချက်ညီအသုံးများစသည့် ပင်ကိုယ်ဟန်အသုံးများ ထူးခြားကောင်းမွန်ပုံတို့ကို သိစေလိုသောရည်ရွယ်ချက်ဖြင့် လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ ဤစာတမ်းပါ အချက်အလက်များသည် ဝါကျဖွဲ့ဟန်လေ့လာလိုသူများအတွက် အထောက်အကူ ပြုနိုင်မည်ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ** - စကားပြေ၊ ရေးဟန်၊ ရေးဟန်ပညာ၊ ဝါကျ၊ ဝါကျဖွဲ့ဟန်။

## နိဒါန်း

ဤစာတမ်းသည် ကိုလိုနီခေတ်စာပေလှုပ်ရှားမှုတွင်း ပေါ်ထွက်လာသော သိပ္ပံမောင်ဝ၏ ဝတ္ထုဆောင်းပါးများစာအုပ်မှ(၁၀)ပုဒ်ကို လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ ထိုအထဲမှစကားပြေရေးဟန်၏ တစ်စိတ်တစ်ဒေသဖြစ်သော ဝါကျဖွဲ့ဟန်ကို စာပေရှုထောင့်မှ လေ့လာတင်ပြထား သောစာတမ်းဖြစ်ပါသည်။ ထိုသို့လေ့လာရာတွင် ယေဘုယျအားဖြင့် သတ်မှတ်ထားသော စကားပြေဖွဲ့စည်းပုံ အဆင့်တို့မှာ စကားအသုံးအနှုန်းအဆင့်၊ ဝါကျအဆင့်၊ စာပိုဒ်အဆင့်၊ စာတစ်ပုဒ်လုံးအဆင့်ဟူ၍ လေးမျိုးရှိသည့်အနက် စကားပြေဖွဲ့စည်းပုံကိုအခြေခံ၍ ဝါကျဖွဲ့ဟန်များကို လေ့လာတင်ပြထားပါသည်။

သိပ္ပံမောင်ဝ၏ဝတ္ထုဆောင်းပါးများမှ ဝါကျဖွဲ့ဟန်များကိုလေ့လာရာတွင် အောက်ဖော်ပြပါ မေးခွန်းကို အဖြေရှာရန်ရည်ရွယ်၍ ပြုစုခဲ့ခြင်းဖြစ်ပါသည်။

(၁)သိပ္ပံမောင်ဝ၏ စကားပြေရေးဟန် ထူးခြားကောင်းမွန်မှုများသည် ဝါကျရေးဟန်အပေါ် မူတည်နေပါသလား။

(၂)သိပ္ပံမောင်ဝ၏ ဝါကျရေးဟန်သည် အခြားစာရေးသူများနှင့်မတူဘဲ စာရေးသူ၏ သွင်ပြင်မှုရာကို ဖော်ပြနေပါသလား။

(၃)သိပ္ပံမောင်ဝ၏ ဝါကျရေးသားဟန် အမျိုးအစားများ မည်မျှရှိပါသနည်း။

ဟူသောမေးခွန်းများကို အဖြေရှာ၍ လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။

---

[၁] မြန်မာစာဌာန၊ မိတ္ထီလာတက္ကသိုလ်

## စာပေလေ့လာဆန်းစစ်ချက်

ဤစာတမ်းတွင် စာတမ်းဆိုင်ရာကျမ်းများအဖြစ် ယခင်ကလေ့လာတင်သွင်းခဲ့သော ပါရဂူကျမ်းများကိုဖတ်ရှုလေ့လာခဲ့ပါသည်။ ဤစာတမ်းနှင့်ပတ်သက်၍ မောင်ခင်မင်(ဓနုဖြူ)၏ 'စကားပြေသဘောတရားစကားပြေ အတတ်ပညာ'၊ ဦးခင်အေးနှင့်မောင်ထင်တို့၏ 'မြန်မာစကားပြေစာတမ်းများ'၊ ဒဂုန်တာရာ၏ 'စာပေသဘောတရား ၊စာပေဝေဖန်ရေး၊စာပေလှုပ်ရှားမှု'၊ ဦးဖေမောင်တင်၏ 'မြန်မာ ဝါကျဖွဲ့ထုံးကျမ်း'၊ မောင်ခင်မင်(ဓနုဖြူ)၏ 'ရေးဟန်ပညာနိဒါန်း'၊ ဒေါက်တာစိုးနိုင်၏ 'ဆရာဇော်ဂျီ၏စကားပြေရေးဟန်'၊ မမိုးမြေ၏ 'ဆရာဇော်ဂျီနှင့်ရသစာတမ်းရှင်တို့၏ တွေးဟန်ရေးဟန်များ' စသောစာပေသဘောတရားများကို ဖတ်ရှု၍ လေ့လာတင်ပြထားပါသည်။ ထိုစာအုပ် များမှ စကားပြေကောင်း၏သွင်ပြင်လက္ခဏာများနှင့်နှုန်းစံများ၊ ရေးဟန်ပညာ၏သဘောများနှင့်အတူ စာပေကိုဝေဖန် ဆန်းစစ်ရာတွင် အသုံးပြုသောနည်းနာများ၊ ဝါကျဖွဲ့ဟန်နှင့်ရေးဟန်၊ ဝေဖန်ရေးသဘောတရားများကို သိရှိမှတ်သားရပါသည်။

ထို့အပြင် ဒေါက်တာခင်အေးနှင့် ဒေါက်တာအောင်မြင့်ဦးတို့၏ "သုတေသနအခြေခံ၊ သုတေသနပုံစံ"၊ ဒေါက်တာအောင်မြင့်ဦး၏"သုတေသနဟူသည်"စာအုပ်များကို လေ့လာခဲ့ပါသည်။ ထိုစာအုပ်များကို လေ့လာခြင်းဖြင့် သုတေသန၏သဘောနှင့် သုတေသန၏တန်ဖိုးများကို ကောင်းစွာနားလည်သဘောပေါက်လာပြီးလျှင် "သိပ္ပံမောင်ဝ၏ ဝါကျဖွဲ့ဟန်"ကို သုတေသနပြုရာတွင် အထောက်အကူပြုနိုင်ခဲ့ပါသည်။

## နည်းနာ

ဤစာတမ်းကိုသုတေသနပြုရာတွင် လေ့လာတင်ပြမည့်အချက်အလက်များ တိကျခိုင်မာမှုရှိစေရန်ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသနဆိုင်ရာနည်းနာများကို အသုံးပြု၍တင်ပြသွားမည်ဖြစ်ပါသည်။

## ပညာရပ်ဆိုင်ရာနည်းနာ

ပညာရပ်ဆိုင်ရာနည်းနာကိုလေ့လာရာတွင် သဘောသဘာဝနှင့်ပတ်သက်၍ ပညာရှင်များ၏ဖွင့်ဆိုချက်များနှင့် ပညာရှင်များ၏ ရသစာတမ်းများ၊ ဖန်တီးပုံနည်းနာများ၊ ရသစာတမ်းကို သုတေသနပြုခဲ့ကြသော ပါရဂူကျမ်းများကို လေ့လာ၍နည်းယူပါသည်။

### စကားပြေဟန်၏သဘောသဘာဝ

စကားပြေဟန်နှင့်ပတ်သက်၍ ပညာရှင်အသီးသီးက မိမိတို့သန်ရာသန်ရာ ရှုထောင့်အသီး သီးမှ အနီးစပ်ဆုံးအဓိပ္ပါယ်ဖွင့်ဆိုခဲ့ကြပါသည်။ စကားပြေဟန်၊ ရေးဟန်ပညာဟူသော ဝေါဟာရသည်ပင် အင်္ဂလိပ်ဘာသာစကား ဟူသောစကားလုံးမှ ဘာသာပြန်ထားခြင်းပင်ဖြစ်ပါ 'စတိုင်၊ စတိုင်လစ်စတစ်' သည်။ ဤသို့ဘာသာပြန်ရာတွင် ရေးဟန်ဟုလည်းကောင်း၊ စကားပြေဟန်ဟုလည်းကောင်း၊ ရေးဟန်ပညာဟုလည်းကောင်း၊ ဟန်ဗေဒဟုလည်းကောင်း ဆီလျော်အောင် အမျိုးမျိုးပြန်ဆိုမှုများ ရှိနေပါသည်။

ရေးဟန်ပညာဆိုသည်မှာ လူတစ်ဦးချင်း၏ ရေးဟန်ကိုလည်းကောင်း၊ လူတစ်စုတစ်ဖွဲ့ချင်း၏ ရေးဟန်ကိုလည်းကောင်း၊ လူမျိုးတစ်မျိုး၏ရေးဟန်ကိုလည်းကောင်း လေ့လာသောပညာရပ်ဖြစ်သည် ဟုနားလည်နိုင်ပါသည်။ ရေးဟန်နှင့်ပတ်သက်၍ ရှုထောင့်မျိုးစုံမှ အဓိပ္ပာယ်ဖွင့်ဆိုကာ ချဉ်းကပ်လေ့လာခဲ့ကြသည်။

စီအက်ဖ် ဟော့ကက်ဆိုသူက ရေးဟန်နှင့်ပတ်သက်၍

> **တူညီသော ဘာသာစကားတစ်ခုမှ မြွက်ဆိုချက်နှစ်ခုသည် တူညီသောအသိအမြင်ကို အနီးစပ်ဆုံးပေးနိုင်ခဲ့ပြီး၊ ၎င်းတို့သည် ကွဲပြားသောဘာသာဗေဒ အစိတ်အပိုင်းများလည်း ဖြစ်နေလျှင် ယင်းတို့နှစ်ခုသည် မတူညီသော ရေးဟန်များဖြစ်သည်။**

ဟုလည်းကောင်း၊ တန်နာက-

> **ရေးဟန်ဟူသည် ဘာသာစကားအသုံးပြုမှုကွဲပြားခြားနားခြင်းအပေါ် အထူးဂရုစိုက်လေ့လာမှုပင်ဖြစ်သည်။**

ဟုလည်းကောင်း၊ အလန်ဝါနာကလည်း ရေးဟန်၏သဘောကိုဖွင့်ဆို၍ သဘာဝကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြပုံမှာ

> **ရေးဟန်ဟူသည် တစ်စုံတစ်ဦး၏ အတွေးအခေါ်နှင့် ခံစားမှုများကို စကားလုံးများအားဖြင့်ဖော်ပြပြုမူသော စာရေးခြင်းနည်းလမ်းတစ်ခုပင်ဖြစ်သည်။**

ဟုလည်းကောင်း၊ စိတ်အခြေအနေနှင့်ပတ်သက်၍ အီမာဆင်က

> **တစ်စုံတစ်ဦး၏ရေးဟန်သည် သူ၏စိတ်မှဖြစ်ပေါ်လာသော အသံပင်ဖြစ်သည်။ သူ့စိတ်သည်သစ်သားကဲ့သို့ မာကျောနေပါက သူ့အသံသည်လည်း သစ်သားကဲ့သို့မာကျော်နေပေမည်။**

ဟုလည်းကောင်း၊ စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှုစာအုပ်တွင် ဒဂုန်တာရာက

> **ဟန်ဟူသော ဆိုသည်မှာ(စာပေဟန်)စာပေအရေးအသားတွင် စာရေးဆရာတစ်ယောက်၏ရေးသားပုံအမူအရာကို ဟုခေါ်ကြပေသည်။ စာပေဟန်သည် စာရေးသူ၏ 'စာပေဟန်' ပုဂ္ဂလိကအမူအရာဖြစ်ပေသည်။**

ဟုလည်းကောင်း ဆိုခဲ့ကြပါသည်။ ဤဖော်ပြချက်များအရ ရေးဟန်သည် မည်မျှအရေးပါကြောင်း သိသာနိုင်ပါသည်။ တူညီသောအကြောင်းအရာ တစ်ခုတည်းဖြစ်သော်လည်း စာဖတ်သူအပေါ်၌ ဝါကျတိုင်း၏ အဓိပ္ပါယ်ရောက်မှု မတူညီကြောင်း တွေ့ရပါသည်။

## သုတေသနဆိုင်ရာနည်းနာ

ဤစာတမ်းကိုလေ့လာရာတွင် စကားပြေသဘောတရားဆိုင်ရာ စာအုပ်စာတမ်းများ၊ သုတေသနကျမ်းများတွင်ပါဝင်သော စာပေနည်းနာများဖြင့်ချဉ်းကပ်၍ လေ့လာဖော်ထုတ်ထားပါသည်။ သရုပ်ဖော်

ဆန်းစစ်လေ့လာရာတွင် သုတေသနနည်းနာတစ်ခုဖြစ်သည့် ဖော်ထုတ်စိစစ်ခြင်း (Analysis)၊ အဓိပ္ပာယ်ဖွင့်ဆိုခြင်း (Interpretation)၊ တန်ဖိုးဖြတ်ခြင်း(Evaluation)ဟူသည့် AIE သီအိုရီကိုအသုံးပြု၍ လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။ ဤသို့လေ့လာရာတွင် ယုတ္တိဗေဒနည်းဖြစ်သော ခြုံငုံဆင်ခြင်နည်းကို အသုံးပြု၍ လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။

## သိပ္ပံမောင်ဝ၏ဝတ္ထုဆောင်းပါးများမှဝါကျဖွဲ့ဟန်လေ့လာချက်

ဤစာတမ်းသည် သိပ္ပံမောင်ဝ၏ဝတ္ထုဆောင်းပါးများမှ (၁၀)ပုဒ်၏ဝါကျဖွဲ့ဟန်ကို ရွေးချယ်၍ လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ အဆိုပါအပုဒ်များတွင်

"စည်းစိမ်"သည် ကိုလိုနီခေတ်တွင်ဝန်ထောက်၊ မြို့အုပ်စသော ပညာတတ်များဆိုလျှင် အထင်ကြီးလေးစားတတ်ကြသော ခေတ်ကာလအကြောင်းနှင့် ထိုခေတ်ဝန်ထောက် တစ်ယောက်၏ အတွေးအမြင်တို့ကို ပုံပေါ်အောင်ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။

"ခားပြမှု"သည် မကောင်းမှုဟူသည် ဆိတ်ကွယ်ရာ၌မရှိပုံ၊ မိမိပြုလုပ်မိသည့် အမှားသည် ကွယ်ပျောက်သွားခြင်းမရှိပုံ၊ မိမိပြုခဲ့သည့်အမှားအတွက် တစ်မိသားစုလုံး ဒုက္ခရောက်ရပုံတို့ကို အကွက်ကျကျ ရေးဖွဲ့ပြထားသည်ကို တွေ့ရပါသည်။ အချိန်လွန်မှ နောင်တရခြင်းသည် အချည်း နှီးပင်ဖြစ်ပုံကို ခားပြမှုနှင့် တရားစွဲခံနေရသောသူများထဲမှ တရားခံယောကျ်ားတစ်ဦး၊ တိုက်ရာပါပစ္စည်းများကို လက်ခံထားသူဇနီးမယားနှင့် ဘာမျှမသိရှာသေးသော လူမမယ်သားလေးတို့၏ သနားဖွယ်ဖြစ်ရပ်တစ်ခုဖြင့် တင်ပြထားသည်ကို တွေ့ရပါသည်။

"မင်းလတ်"တွင် မင်းလတ်သည် ဧရာဝတီမြစ်ကြောအတိုင်း စုန်ချည်ဆန်ချည်သွားလာရင်း တစ်မြို့ဝင်တစ်မြို့ထွက်ဖြင့် တစ်ရက်တာကိုကုန်ဆုံးနေသော သင်္ဘောဖြစ်သည်။ မင်းလတ်ကိုကြည့်၍ တစ်ရက်တစ်ရက် ကုန်လွန်၍သွားသော်လည်း ထိုရက်တို့ကား ပြန်မလာနိုင်ပုံ၊ လူတို့၏အသက်တို့သာလျှင် သေရက်သို့နီးလာပုံ၊ မည်သည့်အရာမျှမမြဲ၊ အနိစ္စပင်ဖြစ်ပုံ ကိုသိမြင်စေပါသည်။ အရာတိုင်းသည် အမြဲတည်နေမည်မဟုတ်။ တစ်နေ့နေ့၌ ပျက်စီးရပေဦးမည်။ မိမိသာမဟုတ်၊ လောကတွင် မြင်မြင်သမျှလူသူသတ္တဝါ အရာဝတ္ထုအားလုံးတို့သည် ပျက်စီးကြရမည်ဖြစ်ပုံကို သတိသံဝေဂရဖွယ် ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။

"ဗေဒါ"သည် အခွန်တော်အတွက်၊ တိုင်းရေးပြည်ရေးအတွက် တစ်နေ့လုံးကြိုးစားနေရသောကြောင့် ပင်ပန်းနေသော ဝန်ထောက်မင်းသည် လူဆိုး၊ လူမိုက်များကိုဖမ်းရန် မိမိစာရေးကို ခေါ်ကာ အစုကလေးရွာသို့ သူကြီးနှင့်အတူ လိုက်သွားပုံ၊ ညသန်းခေါင်ကျော်သည်အထိ သင်္ဘောပေါ်တွင် မအိပ်နိုင်သေးဘဲ လူဆိုး(၁၀)ယောက်ခန့်နေသော တဲကလေးများကို စောင့်ကြည့်နေပုံ၊ ခွေးဟောင်သံကို ကြားရသောအခါမှ သေနတ်မေ့နေသည့် အဖြစ်ကိုသိရပုံ၊ ဤအချိန်တွင် လူဆိုးများမိမိထံအစုအဝေးနှင့်ရောက်လာလျှင် ခုခံစရာမရှိ၍ စိတ်အိုက်နေပုံ၊ ဂုဏ်တော်၊ အန္တရာယ်ကင်း ဂါထာတို့ကိုရွတ်၍ အခန်းထဲတွင် တစ်ကိုယ်လုံးချွေးရွှဲနေပုံ၊ စိတ်ကိုတည်ငြိမ်အောင်ထားကာ ကမ်းခြေတစ်လျှောက် ပေါက်

နေသော အပင်တို့ကိုကြည့်ရာ ဖြူဖွေးနေသောလရောင်အောက်တွင် တဖျပ်ဖျပ်နှင့် ဂယက်လေးများ ထနေသော ရေပြင်ပေါ်ဝယ် ဗေဒါပင်လေးများသည်အပွင့်လေးများ ကွက်ကြားပွင့်၍ကြည့်ကောင်းနေပုံ၊ ထိုဗေဒါသည် ရေတက်လျှင်ရေတက်နှင့်လိုက်ပါ၍ ရေကျလျှင်ရေကျနှင့်အတူ ဆင်းလာကာ၊ ကုန်းပေါ်တင်ပြန်လျှင်လည်း ကုန်းပေါ်မှာပင် ကြီးပွားနေကြပုံ၊ ဤသို့အတည်မကျရောက်လေရာတွင် ပျော်နေကြသောဗေဒါတို့ကိုမြင်၍ အားကျမိပုံကိုဖော်ပြထားသည်။ ဗေဒါကဲ့သို့သွားချင်ရာသွား၊ လာချင်ရာလာကာ ရောက်လေရာတွင် ပျော်ရွှင်စွာဘဝခရီးကို ဖြတ်သန်းနိုင်ကြစေရန် စိတ်ခွန်အားသစ်များဖြင့် ရှေ့ဆက်လျှောက်လှမ်းနိုင်ကြစေ ရန် အားမာန်ဖြည့်တင်းပေးထားသည်ကို တွေ့ရပါသည်။

"တို့တောရွာ"ဝတ္ထုဆောင်းပါးသည် နေပူကြဲကြဲ ဖုံတထောင်းထောင်းထနေသော ကမ်းပါးပေါ်တွင် သင်္ဘောအလာကိုစောင့်နေကြသော လူထုကြီးကိုမြင်ရသော် ယင်းသင်္ဘောပေါ်တွင် အမတ်ချုပ်ကြီးသော်လည်းကောင်း၊ ခရိုင်မင်းကြီးသော်လည်းကောင်း တစ်ယောက်ယောက်အား ကြိုဆိုရန် စောင့်စားနေကြသည်ဟု ထင်မိသော်လည်း မြို့သားတစ်ယောက် တက္ကသိုလ်ကျောင်းမှ ပြန်လာသည်ကို အထူးအဆန်းလုပ်ကာ အကြီးအကျယ်ကြိုဆိုကြခြင်းဖြစ်ပုံ၊ ထူးထူးချွန်ချွန် တက္ကသိုလ်ပြည်သို့စာသင်သွားပေသည်ဟု အားရနှစ်သက်ကာ ကြိုဆိုကြခြင်းဖြစ်ပုံ၊ တောရွာဓလေ့နှင့် မြို့ကြီးသားတို့ ဓလေ့ကွာခြားပုံ၊ တောအရပ်ဒေသ၏ ပျော်ရွှင်ဖွယ်၊ ကြည်နူးဖွယ်ကောင်းပုံ၊ လောကတွင်နေတတ်လျှင် ကျေနပ်စရာဟူသည့်အတိုင်း ကိုယ့်ရပ်ရွာ၊ ကိုယ့်ဓလေ့နှင့်ရောင့်ရဲ နေထိုင်တတ်ကြပုံကိုရေးဖွဲ့ တင်ပြထားပါသည်။

"တစ်ရာ့တစ်ဆယ်" သည် ဘိန်းစား၊ လူဆိုး၊ သူခိုး ဖိုးချစ်အား ပုဒ်မ(၁၁၀)အရ စွဲချက်တင်၍ ဖမ်းသောအမှုဖြစ်သည်။ ထောင်သို့သွားရမည့်သူနှင့် စားရသောက်ရမဲ့ကျန်ရစ်မည့် ဇနီးနှင့်သမီးလေး အား သနားမိသော်လည်း မိမိဝတ္တရားကို ဆောင်ရွက်ရသည်ဖြစ်၍ ရှေ့လည်းမတိုးသာ၊ နောက်လည်း မဆုတ်နိုင်ဖြစ်နေသော ဝန်ထောက်မင်း၏ တွေဝေစဉ်းစားရခက်နေပုံတို့ကို ရေးဖွဲ့တင်ပြထားပါသည်။ ဘယ်သူမပြုမိမိမှုသာဖြစ်၍ မကောင်းမှုကို ရှောင်ကြဉ်တတ်ကြစေရန်၊ မိမိနှင့်မိသားစုအပေါ် တန်ဖိုးထားတတ်ကြစေရန်ဖော်ပြထားပြီး ကိုယ်ပြုသည့်ဒဏ် ကိုယ်သာခံရမည်ဖြစ်ပုံကို စာရေးသူ၏ အတွေ့အကြုံတို့ဖြင့် သတိပေးရေးဖွဲ့ပြထားပါသည်။

"ကင်းစောင့်"သည် နယ်ပိုင်ဝန်ထောက်မင်းစီး၍လာသော အစိုးရသင်္ဘောဖြစ်သည်။ ဘေးတွင် အိမ်ကဲ့သို့ပင် စားပွဲ၊ ကုလားထိုင်၊ ဘီရို၊ ခုတင်မှစ၍ အသုံးအဆောင်အပြည့်အစုံပါဝင်သော အိမ်သင်္ဘောဖြစ်သည်။ ဝန်ထောက်မင်း၏ရှေ့တော်ပြေးဖြစ်သော ကင်းစောင့်ဉ ဩသံကိုကြား သည်နှင့်ထိတ်လန့်ကြပုံ၊ လူခွန်တော်မပေးနိုင်၍ အဖမ်းခံရမည်စိုးသောကြောင့် ပြေးသူပြေး၊ ပုန်းသူပုန်းကြပုံတို့ကိုရေးဖွဲ့ပြထားပါသည်။ ကျပ်တည်းလှသည့်ကျေးရွာများတွင် လူခွန်မပေးဆောင် နိုင်၍အတိဒုက္ခရောက်ကြရပုံနှင့် အစိုးရဘဏ္ဍာငွေဖြစ်၍ ဝတ္တရားအရ ကောက်ခံရမည်ဖြစ်သောကြောင့် သနားခြင်းစိတ်ဖြင့် စဉ်းစားရကြပ်နေသော ဝန်ထောက်မင်းတို့၏အဖြစ်ကို ရေးဖွဲ့ပြထားပါသည်။

"မြင်းတွေ"ဝတ္ထုဆောင်းပါးသည် ဝန်ထောက်၊ သူကြီးမင်းနှင့်နောက်လိုက်တို့ မြင်းလေးစီးဖြင့်မောင်းနှင်လာကြရာ ရွာမှကလေးများအထူးအဆန်းဖြင့် ကြည့်ကြပုံ၊ ပျော်ရွှင်နေကြ၊ ထိတ်လန့်

နေကြပုံကိုဖော်ပြထားပါသည်။ ရွာမဝင်မီမိုးကြီးလေကြီးကျ၍ ဝတ်ထားသော အဝတ်များရွှဲကာ လူလေးယောက်တို့မှာလည်း ရွှံ့ဗွက်များပေနေ၍ လူရုပ်မပေါ်ကြပုံ၊ အများအမြင်တွင် ဝန်ထောက်မင်းတရားခွင်ထိုင်လျှင် ပုဆိုး၊ အင်္ကျီ၊ ခေါင်းပေါင်းအသစ်တို့ဖြင့် ကြော့မော့ကာထိုင်၍ ဘုရားထူးခံကြသည်ကို သာမြင်ဖူးကြသော်လည်း ယခုကဲ့သို့အဖြစ်ကို မြင်ဖူးကြမည်မဟုတ်ပုံကို ဖော်ပြထားပါသည်။

"နယ်ပိုင်မင်း"ဝတ္ထုဆောင်းပါးသည် ဆယ်ပေပတ်လည်အခန်းကျဉ်းလေးထဲတွင် တစ်နေကုန်အလုပ်ရှုပ်စိတ်ဖျာများနေသော နယ်ပိုင်မင်း၏အကြောင်းကို ရေးဖွဲ့ပြထားပါသည်။ ရှေ့တွင်ပုံနေသော အမှုတွဲများကြောင့် နယ်ပိုင်မင်းသည် စိတ်ပင်ပန်းစွာဖြင့် အလုပ်များကိုလုပ်နေစဉ် အမှုသည်များတစ်ယောက်ပြီးတစ်ယောက် ဝင်လာကြ၍ဖြေရှင်းရပုံ၊ လုပ်စရာများနေ၍ ဘယ်အရာကိုစကိုင်ရမည်မသိတော့ဘဲ ဝမ်းထဲဟာလာပုံ၊ ကိစ္စများတစ်မျိုးပြီးတစ်မျိုးဝင်လာ၍ စိတ်ရှုပ်ထွေးကာ ငိုချင်စိတ်ပင်ပေါက်လာပုံစသည်ဖြင့် နယ်ပိုင်မင်းတစ်ယောက်၏ဘဝကို တစ်နေ့တာအဖြစ်အပျက်လေးများဖြင့် တင်ပြထားပါသည်။

"အင်းဝ"ဝတ္ထုဆောင်းပါးတွင် စာရေးသူတို့နှင့်ညော့သည်များသည် တာဝန်ဖြင့် တံတားဦးသို့နယ်လှည့်သွားရာ ထိုမှအင်းဝသို့ရောက်ရှိခဲ့ကြပုံကို ရေးဖွဲ့ထားပါသည်။ ယခင်ကကြီးကျယ် ခမ်းနားခဲ့သော အင်းဝသည် ယခုအခါခမ်းနားခြင်းမရှိသော ရွာကလေးဖြစ်နေပုံ၊ လမ်းကြိုလမ်းကြားများ ဖြင့်လှည်းလမ်းများ ကြမ်းတမ်းပုံ၊ ယခင်ကအခိုင်အခံ့ရှိသော မြို့ရိုးနှင့်ကျုံးတို့မှာ ယခုအခါမြို့ရိုးပျက်နှင့် ရေမရှိသောချိုင့်ကြီးများဖြစ် ကာယာခင်းဘဝသို့ရောက်နေပုံ၊ ရွာကလေးအနီးတွင် ဘုရားပျက်၊ ကျောင်းပျက်၊ တန်ဆောင်းပျက်နှင့် ခပ်ယိုင်ယိုင်ဖြစ်နေသော မျှော်စင်ကြီးရှိနေပုံ၊ သို့သော် ပျက်စီးယိုယွင်းခြင်းမရှိသော ကျောင်းထိုင်ဘုန်းကြီးမရှိသော အုတ်ကျောင်းဖြူဖြူကြီးမှာ ကြီးမားခိုင်ခံ့၍ ပကတိတည်ငြိမ်လှပုံတို့ကို တင်ပြထားပါသည်။ အတိတ်ခေတ်အင်းဝ၏ထည်ဝါပုံနှင့် ယခုခေတ်အင်းဝ၏ သိမ်ငယ်နေပုံတို့ကိုဖော်ပြရင်း အင်းဝနန်းမြေကို နှမြောတမ်းတဖြစ်ကာ ပြုပြင်စေလို သောစာရေးသူ ၏အမြင်တို့ကိုရေးဖွဲ့ ပြထားပါသည်။

အထက်ပါဝတ္ထုဆောင်းပါးများမှ ဝါကျဖွဲ့ဟန်များကို လေ့လာသောအခါ အောက်ပါဖွဲ့ဟန်ထူးခြားမှုအချက်များကို လေ့လာတွေ့ရှိရပါသည်။

## ဝါကျတိုများသုံးစွဲမှု

သိပ္ပံမောင်ဝ၏ စကားပြေဟန်တွင် ဝါကျတိုများသုံးစွဲမှုသည် ထူးခြားချက်တစ်ခုပင်ဖြစ်သည်။ ခေတ်စမ်းပုံပြင်များ ပေါ်ပေါက်ချိန်ကာလနှင့် ယင်းမတိုင်မီ ကာလပေါ်ပေါက်ခဲ့သော စကားပြေများတွင် စာရေးသူအများစုသည် ဝါကျရှည်များကို အဓိကထားသုံးစွဲခဲ့ကြသည်ကို တွေ့ရပါသည်။ သိပ္ပံမောင်ဝအပါအဝင် ခေတ်စမ်းကိုတည်ထောင်သူများကမူ လိုရင်းတိုရှင်းစကားပြေဖြစ်စေရန် ဝါကျတိုများကိုအဓိကထားသုံးစွဲကြသည်။ အထူးသဖြင့် အကြောင်းအရာနှင့် အဖြစ်အပျက်ပေါ်မူတည်၍ ဝါကျများကိုအတိုအရှည် သုံးစွဲကြကြောင်းတွေ့ရပါသည်။ ထို့ကြောင့် သိပ္ပံမောင်ဝ၏ ဝါကျတိုများသုံးစွဲမှုသည် ထိုခေတ်ထိုကာလအနေဖြင့် ထူးခြားသောရေးဟန်တစ်ခု ဖြစ်နေကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။

'ဇေဒါ' ဝတ္ထုဆောင်းပါးတွင် လူဆိုး၊ လူမိုက်ဖမ်းရန် အစုကလေးရွာသို့ ရောက်ရှိနေသော ဝန်ထောက်မင်းသည် တိတ်ဆိတ်နေသော သန်းခေါင်ချိန်၌လူဆိုး(၁၀)ယောက်ခန့်နေသော တဲအိမ်များကို စောင့်ကြည့်နေရင်း ရုတ်တရက်လူဆိုးများ အစုလိုက်ဝင်လာခဲ့သည်ရှိသော်ဟု အတွေးဝင်လာပုံကို ရေးဖွဲ့ထားသောစာပိုဒ်မှ ဝါကျတိုများကို လေ့လာရာတွင်-

> **မိမိသေနတ်ကိုရှာ၏။ မတွေ့။ အိမ်တွင်မေ့နေခဲ့လေသည်။ မိမိအစေခံလည်း အိပ်နေပေပြီ။ အခြားဘက်မှလည်း မိမိစာရေးနှင့်သဘော်သားတို့ အသံကိုမကြားရ။ စိတ်အိုက်လျက်နေ၏။ ထိုတဲကလေးများကိုသာလျှင် စိုက်၍ကြည့်နေပေ၏။ ထိုလူဆိုးများမိမိရောက်ကြောင်းကို သိမည်ကားမလွဲ။ မိမိကိုကြောက်၍ ပြေးကြကုန်မည် ဖြစ်လေသည်။ ပြေးကြကုန်လျှင်တော်ပေ၏။ မပြေးဘဲမိမိထံသို့ လူစုလူဝေးနှင့်လာက မခက်ပေလော။ ခုခံစရာသေနတ်လည်း အိမ်၌ကျန်နေခဲ့လေပြီ။ ဟာ ကိစ္စမရှိ။ သေတစ်နေ့မွေးတစ်နေ့။ မင်းဖြစ်နေမှ လူဆိုးကြောက်စရာမရှိ။ မိမိစိတ်ကိုရဲဆေးတင်၏။ ဂုဏ်တော်ကိုရွတ်၏။ အန္တရာယ်ကင်း ဂါထာကိုရွတ်၏။** (ဇေဒါ၊ စာ-၁၄၁)

ဟူ၍ရေးဖွဲ့ထားပါသည်။ အရေးပိုင်၊နယ်ပိုင်တစ်ဦး၏ လူဆိုးများနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသော စိတ်အတွင်းအခြေအနေကို ဝါကျတိုများသုံးကာ တင်ပြထားသည်ကို တွေ့ရပါသည်။

ဆက်လက်၍ 'တစ်ရာ့တစ်ဆယ်' ဝတ္ထုဆောင်းပါးတွင် ဘိန်းစားများကိုဖမ်းရန် နယ်ပိုင်ဝန်ထောက်မင်း၏သဘော် ကျွဲခြံရွာသို့ဆိုက်ကပ်သည်နှင့် ရွာထဲရှိဘိန်းစားများ ပုန်းရှောင်နေကြ သော်လည်း သဘော်ဆိုက်သည်ကိုမသိရှာသော ဘိန်းစားဘိုးမှန်အိမ်သို့ သူကြီးနှင့် ဆယ်အိမ်ခေါင်း ဝင်လာသည့် အပိုဒ်ကို ဝါကျတိုများဖြင့် တင်ပြရာတွင်-

> **ဘာကိစ္စလာသလဲဟု သူကြီးအားမေး၏။ နယ်ပိုင်ကတွေ့လို၍ခေါ်ကြောင်းနှင့်ပြန်ပြော၏။ ခက်ပြီ။ ဘယ်တုန်းကများ ရောက်နေပါလိမ့်။ သူကြီးလိမ်သလားမသိ။ အတည်ပြောနေပုံရသည်။ ဘိုးချစ်လည်းဘယ်လိုလုပ်ရမည်မသိ။ တွေဝေလျက်နေ၏။ ဝန်ထောက်မင်းခေါ်သည်မှာ အကြောင်းတစ်ကြောင်းသာရှိ၏။ ဘယ်သူများသွားတို့လိုက်ပါလိမ့်မလဲ။ သူကြီးအပြင်ဘယ်သူမျှမရှိ။ သူကြီးသာလျှင် မိမိ၏ပျက်စီးရာဖြစ်ပေသည်။** (တစ်ရာ့တစ်ဆယ်၊ စာ ၁၄၅)

ဟူ၍ ကျော်ဇေယသတင်းထွက်သူတစ်ဦး၏ နယ်ပိုင်အဖမ်းခံရမည်ကို ကြောက်ရွံ့ထိတ်လန့်နေသည့် အခြေအနေကို ဝါကျတိုများအသုံးပြု၍ စိတ်အစဉ်အတိုင်း ဖျပ်ကနဲဖျပ်ကနဲ တင်ပြထားသည်ကိုတွေ့ရပါသည်။ ဤနေရာ၌ ဝါကျရှည်များအသုံးပြုပါက ထိတ်လန့်မှု စိတ်အခြေအနေသည် ဤသို့ပေါ်လွင်ချင်မှပေါ်လွင်ပေမည်။ ထို့ကြောင့် သိပ္ပံမောင်ဝ၏ ဝါကျတိုများသည် ထူးခြားပြီး တာသွားသည်ဟု ဆိုနိုင်ပါသည်။

**မေးခွန်းဝါကျသုံးစွဲမှု**

သိပ္ပံမောင်ဝသုံးစွဲသည့် ဝါကျများထဲတွင် မေးခွန်းဝါကျများသည်လည်း ထူးခြားမှုရှိသည်ဟုဆို နိုင်ပါသည်။ ဤဝတ္ထုဆောင်းပါးများထဲတွင် စာဖတ်သူအပေါ်၌ မေးခွန်းထုတ်သည့် သဘောမျိုးဖြင့် သော်လည်းကောင်း၊ တစ်ကိုယ်တည်းပြောစကားအဖြစ် လည်းကောင်း မေးခွန်းဝါကျများ သုံးစွဲ ထားသည်ကို တွေ့ရပါသည်။

**ဤသို့ တစ်ယောက်တည်း၊ အိမ်အသုံးအဆောင်အနည်းငယ်မျှ အစေခံတစ်ယောက် နှစ်ယောက် မျှနှင့် နေထိုင်ရသည်ကို မည်သူနှစ်သက်ပါအံ့နည်း။** (စည်းစိမ်၊ စာ-၅၄)

**ဤစည်းစိမ်ထက် အဘယ်စည်းစိမ် သာနိုင်ပါအံ့နည်း။** (စည်းစိမ်၊ စာ-၅၇)

**ဘာကြောင့်လာပါလိမ့်။** (တစ်ရာ့တစ်ဆယ်၊ စာ-၁၄၅)

**အဘယ်ကြောင့်နယ်ပိုင်ဝန်ထောက်မင်းပေါက်လာသနည်း။**(တစ်ရာ့တစ်ဆယ်၊ စာ-၁၄၆)

**ဤစားရမဲ့သောက်ရမဲ့နှင်းမြိုင်နှင့် သူ၏သမီးကလေးမှာ မည်မျှပူဆွေး၍ နေကြမည် နည်း။** (တစ်ရာ့တစ်ဆယ်၊ စာ-၁၄၇)

**ထောင်အတွင်း၌ မိမိမည်သို့ နေရပါမည်နည်း။** (ခေါးပြမှု၊ စာ-၆၁)

**ဦးကျော်ဇံကဲ့သို့မိမိကိုယ်တိုင်ဖြစ်နေပါက မည်သို့နေအံ့နည်း။**(ကင်းစောင့်၊ စာ-၁၆၁)

**ထိုလူလေးယောက်၏ တိုင်းရေးပြည်ရေးအကြောင်းကိုပင် နားစွင့်ကာထောင်နေ ပါသလော။** (မင်းလတ်၊ စာ-၁၁၇)

**ဆွေးနွေးတိုင်ပင်နေကြသလား မည်သူသိနိုင်အံ့နည်း။** (ဘေဒါ၊ စာ-၁၄၁)

**အဘယ်သို့လုပ်ရအံ့နည်း။** (နယ်ပိုင်မင်း၊ စာ-၁၈၅)

**လိုက်နာရသောသူအချို့အား မည်မျှခက်နေရပါသနည်း။** (နယ်ပိုင်မင်း၊ စာ-၁၈၆)

ဟူ၍ရေးဖွဲ့ထားပါသည်။ ဤသို့ မေးခွန်းဝါကျများသုံးစွဲမှုသည် အခိုင်အမာပြောလိုမှု၊ သံသယဝင်မှု၊ သိလိုမှုတို့ကို ဖော်ပြနိုင်သည်ကိုတွေ့ရပါသည်။ မေးခွန်းဝါကျများသည် စာဖတ်သူအား စာရေးသူနှင့် အနီးစပ်ဆုံးဆွဲခေါ်နိုင်သည့် စွမ်းရည်ရှိသော ဝါကျဖွဲ့ဟန်များပင်ဖြစ်ပါသည်။

**မေးဖြေရေးဟန်ဝါကျသုံးစွဲမှု**

သိပ္ပံမောင်ဝ၏ ဝတ္ထုဆောင်းပါးများတွင် မေးခွန်းဝါကျများကို အသုံးပြုရာ၌ အမေးဝါကျ တစ်ခု၊ အဖြေဝါကျတစ်ခု ထပ်၍ရေးသည့် မေးဖြေရေးဟန်ဝါကျများ သုံးစွဲမှုသည်လည်း ထူးခြားသည်ဟု ဆိုနိုင်ပါသည်။

"နယ်ပိုင်မင်း"ဝတ္ထုဆောင်းပါးတွင် တစ်ခန်းလုံးနေရာမလပ်ပြည့်နေသော အမှုတွဲများကို ကြည့်၍ စိတ်ပင်ပန်းနေချိန်တွင် အင်္ကျီညစ်ညစ် လုံချည်ညစ်ညစ် ဆံပင်စုတ်ဖွားနှင့် အခန်းတွင်း သို့မိန်းမ တစ်ယောက်ဝင်လာပုံကို မေးဖြေဝါကျဟန်ဖြင့် ရေးဖွဲ့ထားပုံမှာ-

> **အသူနည်း။ မဘုမဖြစ်ပါသည်။ အဘယ်ကြောင့်လာပါသနည်း။ မနေ့က မရွှေသောင်း၏ ခွေးနက်ကြီးက မိမိအားကိုက်သောကြောင့် တရားစွဲရန်ဖြစ်ပါသည်။ ကိုက်တတ်သော ခွေးကိုမွေးထားပြီး အဘယ့်ကြောင့် ကောင်းစွာမထိန်းထားပါသနည်း။ ဤအမှုကား လူကြီးရုံးနှင့်သင့်တော်၏။** (နယ်ပိုင်မင်း၊ စာ-၅၉)

ဟူ၍ဖော်ပြထားပါသည်။ မေးဖြေရေးဟန် ဝါကျသုံးစွဲမှုသည်သိလိုခြင်း၊ အမှုတွဲ၌တွေ့ခြင်းတို့ အပေါ်တွင် တည်ရှိကြောင်းတွေ့ရပါသည်။ မိမိသိထားပြီးဖြစ်သောအကြောင်းကို ပြန်၍တွေးနေဟန် ရေးထားခြင်း ဖြစ်သည်။ အမေးနှင့်အဖြေဝါကျနှစ်မျိုးကို တွဲ၍ရေးခြင်းဖြင့် စာဟန်ဆန်းသစ်ပြီး စိတ်ဝင်စားဖွယ် ဖြစ်စေသည်။

"ကင်းစောင့်"ဝတ္ထုဆောင်းပါးတွင် ကင်းစောင့်၏ဥသြသံကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် လူခွန်မဆောင်ရသေးသောသူတို့မှာ မျက်လုံးပြူးလျက် ငွေအမျိုးမျိုးရှာနေကြပုံ၊ ချေးသူချေး၊ ကြက်ပေါင် သူတို့ပေါင်၊ ဝက်ပေါင်သူတို့ပေါင်၊ မိမိတို့ဝမ်းစာအတွက်ထားသော စပါး၊ ငါးပိတို့ကို ပေါ်ပေါနှင့် ရောင်းစားသူတို့က ရောင်းစားကြပုံမြင်ကွင်းကို

> **ဟော-ကြည့်ပါဦး။ လူတွေ ဝက်ကြီးတစ်ကောင်ကို တန်းလန်းတန်းလန်းနဲ့ဆွဲလာတာ ဘာလုပ်မလို့ပါလိမ့်။ ဝက်ကြီးကို လူခွန်တော်အဖြစ် ဆောင်မလို့ထင်ပါရဲ့။ ဝန်ထောက် မင်းမြင်ရင် အကန်ခံရတော့မှာပဲ။ ဟ-မဟုတ်ဘူး။ တရုတ်ခေါက်ဆွဲဆိုင် ထဲဝင်သွားပြီ။ ဆိုင်မှာသွားရောင်းတယ်ထင်ပါရဲ့။ ဟုတ်ပါပြီ။ ဟုတ်ပါပြီ။ ဟော-ငွေ ငါးကျပ်ကိုင်ပြီး ထွက်လာ။ ပြေးလို့ပါလား။** (ကင်းစောင့်၊ စာ-၁၆၁)

ဟူ၍ဖော်ပြထားပါသည်။ လူခွန်ဆောင်ရန်အတွက် ဝက်သွားရောင်းသူတစ်ဦး၏ လှုပ်ရှားမှုဟန်ပန် အလုံးစုံကို မြင်သာထင်ရှားစေပါသည်။ ဤသာဓကပါ ဝါကျများသည် ဇာတ်ဆောင် တစ်ဦးနှင့်တစ်ဦး၊ တစ်ယောက်တစ်လှည့်စီ မေးဖြေနေခြင်းမဟုတ်ဘဲ ဇာတ်ကြောင်းပြောသူ တစ်ဦးတည်းက စဉ်းစားရင်း မေးဖြေနေခြင်းဖြစ်ပါသည်။ မေးဖြေဝါကျ၏ ထူးခြားသော ဝါကျဖွဲ့ဟန်ဖြစ်ပါသည်။ ထိုဝါကျ ဖွဲ့ဟန်က အကြောင်းအရာကို ပို၍သက်ဝင်လှုပ်ရှားစေပါသည်။ သရုပ်ဖော်အဖွဲ့ကောင်း အသွင်ဆောင်စေပါသည်။

## ဟန်ချက်ညီဝါကျများသုံးစွဲမှု

ဝါကျအတွင်းရှိ အစိတ်အပိုင်းများကို အလေးအပေါ့ညီအောင် မဲတင်းကာရေးဖွဲ့လျှင် ထိုဝါကျ မျိုးကို ဟု'ဟန်ချက်ညီဝါကျ' ခေါ်ပါသည်။ သိပ္ပံမောင်ဝသည် ဟန်ချက်ညီဝါကျများတွင် နာမ်ချင်း၊ နာမဝိသေသနချင်း၊ ကြိယာချင်း၊ ကြိယာဝိသေသနချင်း၊ နောက်ဆက်ချင်း၊ ပုဒ်စုချင်းစသည်ဖြင့် ပုံစံတူစကားစုများဖြင့် ဟန်ချက်ညီအောင် ရေးဖွဲ့ထားကြောင်း တွေ့ရပါသည်။ သိပ္ပံမောင်ဝသည် ဟန်ချက်ညီဝါကျများကို ဝတ္ထုဆောင်းပါးများ၌ ထည့်သွင်းသုံးစွဲမှုကြောင့် ဝါကျများသည် ပို၍ထိရောက် ထက်မြက်မှုရှိလာသည်ဟု ဆိုရပေမည်။

သာဓကအားဖြင့် "တို့တောရွာ"ဝတ္ထုဆောင်းပါးတွင် ကျေးလက်နေသူတို့သည် ကားစီးချင်သော စိတ်မရှိ၊ ပညာတတ်လိုစိတ်မရှိ၊ စိန်၊ ရွှေဝတ်ချင်သောစိတ်မရှိ၊ ရှိသမျှနှင့်ရောင့်ရဲ တင်းတိမ်စွာနေကြပုံ၊

ဖုံတထောင်းထောင်းနှင့် လမ်းပေါ်မှာလှည်းကြမ်းကြီးကို စီးရလျှင်ပင် နတ်ပြည်က ဝေဇယန္တာရထားကို စီးရသည်ဟုထင်ကာ၊ လှည်းဘီးမှတအီအီ မြည်နေသောအသံကိုလည်း ပဥ္စသိခ်နတ်သား၏ စောင်းသံ ဟုမှတ်ထင်ကြပုံကို-

> **စားရသမျှ၊ ကြားရသမျှ၊ သွားရသမျှတို့နှင့်ပင် ကျေနပ်ရှာကြကုန်၏။ လောကတွင် ကျေနပ်လျှင် စိတ်ချမ်းသာ၊ စိတ်ချမ်းသာလျှင် သုခကြီးပင်တည်း။** (တို့တောရွာ၊ စာ-၃၀)

ဟူ၍လည်းကောင်း၊ "အင်းဝ"ဝတ္ထုဆောင်းပါးတွင် နယ်ပိုင်ဝန်ထောက်မင်းအား အင်းဝမြို့တွင်းသို့ လိုက်ပို့ပေးသော သူကြီး၏မော်တော်ကားမှာ စပေါ်စကဖြစ်ဟန်တူပုံ၊ နံပါတ် ၁၀၀၀ ကျော်မျှဖြစ်၍ အရွယ်ကျနေပြီဖြစ်သောကြောင့် ငယ်ရုပ်မပေါ်ပုံကို ဖော်ပြရာတွင်-

> **ကိုယ်တော်တစ်ခုလုံး ပိန်သည့်နေရာကပိန်၊ ယိုင်သည့်နေရာယိုင်၊ ကျိုးသည့်နေရာက ကျိုး၊ ပွဲသည့်နေရာကပွဲ တကဲ့ကားဟောင်းကြီးဖြစ်လေသည်။** (အင်းဝ၊ စာ-၃၃)

ဟူ၍လည်းကောင်း ဝါကျရှည်အတွင်း၌ ပုံစံတူဟန်ချက်ညီအဖွဲ့များထည့်သွင်း၍ ကားကြီး၏ ပုံပန်း သဏ္ဌာန်ကို ပေါ်လွင်အောင် ရေးဖွဲ့ပြထားပါသည်။ ထို့ပြင်မယ်နု အုတ်ကျောင်းသို့ ရောက်သောအခါ ကျောင်းကြီးမှာ ပျက်စီးယိုယွင်းခြင်းမရှိ ပကတိတည်ငြိမ်ကာ လက်ရာမပျက် အခိုင်အခံ့တည်ရှိနေပုံကို ဖော်ပြရာတွင် နရီသဘောပါသော ပုံစံတူအဖွဲ့များကိုသုံး၍

> **ကြီးကလည်းကြီး၊ ခိုင်ကလည်းခိုင်၊ ခံ့ကလည်းခံ့၊ အင်မတန့်ကျောင်းကြီးဖြစ်လေသည်။** (အင်းဝ၊ စာ-၃၄)

ဟူ၍လည်းကောင်း၊ အနီးအနားတွင်ရှိသော ဇရပ်၊ ကျောင်း၊ ဘုရားတန်ဆောင်းများတို့သည်လည်း ချုံနွယ်ပိတ်ပေါင်းများဖြင့် ပြည့်နှက်နေပုံကို-

> **ချုံကွယ်နေသော ဘုရားလည်းရှိ၊ နွယ်ပတ်နေသော ဘုရားတို့လည်းမရှား၊ ပျက်ပြား နေသည်တို့ကလည်း အထွေထွေ။ (အင်းဝ၊ စာ-၃၄)**

ဟူ၍လည်းကောင်း ပြုပြင်မှုမရှိ ဟောင်းနွမ်းနေသော ဘုရားစေတီတို့ကို မြင်သာအောင် ရေးဖွဲ့ထားပါ သည်။

"မင်းလတ်" ဝတ္ထုဆောင်းပါးတွင် သင်္ဘောပေါ်မှနေ၍ ဖူးတွေ့ရသော စေတီတော်၊ ပုထိုးတော်တို့ ကား မရေတွက်နိုင်အောင်ပင် များပြားလှပုံကိုဖော်ပြရာတွင်-

> **သည်မှာကားအာနန္ဒာ၊ ထိုမှာကား ရွှေဂူကြီး၊ ထိုအနီးကား သဗ္ဗညု၊ ထိုရှေ့ကား စူဠာမဏိ၊ ထိုကွေ့တွင်ကား လောကနန္ဒာ၊ ထိုထိုသောဘုရားတို့ကား၊ ဓမ္မရံကြီး၊ ဓမ္မ ရာဇိက၊ မင်္ဂလာစေတီအစရှိသဖြင့် များလှထွေထွေရေတွက်၍ပင်မကုန်နိုင်။**
>
> (မင်းလတ်၊ စာ-၁၁၆)

ဟူ၍ ပုဂံကမ်းပေါ်တွင် မားမားစွင့်စွင့် မြင့်မြင့်စောက်စောက် ကျောက်အုတ်တို့ဖြင့်ပြီးသော စေတီပုထိုးတို့ကားကူးတို့သဘော်ကလေး ဖြတ်၍သွားသည်ကို အမှုမထားဣန္ဒြေသိက္ခာ ကြီးမားစွာနှင့်တည်နေတော်မူပုံကို ရေးဖွဲ့ပြထားပါသည်။

"မြင်းတွေ" ဝတ္ထုဆောင်းပါးတွင် ကျောင်းကုန်းရွာရှိကလေးများသည် မြင်းများကိုမြင်သောအခါ ဆူညံစွာ အော်ဟစ်နေကြပုံကို ဝါကျရှည်အတွင်း၌ ပုံစံတူ ဟန်ချက်ညီအဖွဲ့များကိုသုံး၍

**မိဘများအား ခေါ်ပြလိုပြ၊ အချင်းချင်း လက်ညှိုးထိုးကာပြလိုပြ၊ လမ်းဘေးမှအိမ်ဝင်းအတွင်းဝင်ပြေးသူပြေး၊ လမ်းထဲတွင် ပြေးလွှားကစားနေကြသော ကလေးများကို မနိုင့်တနိုင်နှင့်ချီပွေ့သွားသူသွား၊ ပျော်လည်းပျော်ကြ၊ အံ့လည်းအံ့ဩကြ၊ ကြောက်လည်းကြောက်ကြလေသည်။** (မြင်းတွေ၊ စာ-၁၇၃)

ဟူ၍ ကလေးများ၏စိတ်ထဲတွင် ပျော်မြူးကြောက်ရွံ့နေကြပုံ အမူအရာအမျိုးမျိုးကို ဖော်ပြထားပါသည်။

ထို့ပြင် "နယ်ပိုင်မင်း"ဝတ္ထုဆောင်းပါးတွင် နယ်ပိုင်မင်း၏စားပွဲပေါ်၌ စာရွက်များ၊ အမှုတွဲများဖြင့် ရှုပ်နေသည်မှာ အပ်ချစရာပင် နေရာလပ်မရှိပုံကို ဖော်ပြရာတွင်-

**အနီးရှိကုလားထိုင်တွေမှာလည်း အလွတ်မရှိ၊ အနားရှိဗီရိုပေါ်တွင်လည်း အလွတ်မရှိ၊ ကြမ်းပြင်ပေါ်တွင်လည်း အလွတ်မရှိ။ များလိုက်ဘိဖြစ်ခြင်း။** (နယ်ပိုင်၊ စာ-၁၈၃)

ဟူ၍လည်းကောင်း၊ ဝတ္ထုဆောင်းပါးတွင် ကင်းစောင့်ဟုအမည်ပေးထားသော နယ်ပိုင်မင်း"ကင်းစောင့်" ၏ ရှေ့တော်ပြေးသဘော်ဖြစ်ပုံ၊ ထိုသဘော်လာသည်နှင့် ရွာတွင်းရှိကလေးအပေါင်း သောင်းသောင်းဖြဖြ၊ ကမ်းနဖူးသို့ပြေးဆင်း၍လာကြပုံကို ရေးဖွဲ့ရာတွင်-

**တစ်ယောက်ကိုတစ်ယောက် တွဲသူတွဲ၊ ပိုးသူပိုး၊ ချီသူချီ၊ ရယ်သူရယ်၊ လက်ပြသူပြ၊ ပျော်လိုက်တဲ့ဖြစ်ခြင်း။** (၁၅၉-ကင်းစောင့်၊ စာ)

ဟူ၍လည်းကောင်း၊ ကလေးများကပျော်နေကြသော်လည်း လူကြီးများမှာမူ ထိတ်လန့်နေကြပုံကို

**ဘယ်သို့လုပ်ရမှန်းမသိ။ ပြေးရကောင်းနိုးနိုး၊ ဟုတ်၍ပင်ပြေးသလိုလို၊ မပျက်နေရကောင်းနိုးနိုး၊ အကယ်၍ဖမ်းက မခက်ပေလော။** (၁၅၉-ကင်းစောင့်၊ စာ)

ဟူ၍လည်းကောင်း ရေးဖွဲ့ထားပါသည်။ ကင်းစောင့်၏ဩဩသံကိုကြားသည်နှင့် လူခွန်မဆောင်ရသေးသောသူတို့မှာ မျက်လုံးပြူး မျက်ဆန်ပြူးလျက် ဖြစ်နေကြပုံကို ဖော်ပြထားပါသည်။

"အင်းဝ"ဝတ္ထုဆောင်းပါးတွင် မယ်နုအုတ်ကျောင်းကြီးသည် ကျောင်းထိုင်မရှိ၍ ပျက်စီးယိုယွင်းခြင်းမရှိသော်လည်း လင်းနို့တို့၏အနံ့တို့ကြောင့် နံစော်နေပြီး လင်းနို့များကျက်စားရာနေရာ ဖြစ်နေပုံကို-

**ဝင်လိုဝင်၊ ထွက်လိုထွက်၊ တက်လိုတက်၊ ဆင်းလိုဆင်း။ ခပ်ပြင်းပြင်းပင် လှမ်းခဲ့ကြလေသည်။** (အင်းဝ၊ စာ-၃၄)

ဟူ၍လည်းကောင်း၊ "ဗေဒါ"ဝတ္ထုဆောင်းပါးတွင် မောင်လူအေးအလုပ်ဝင်၍များမကြာမီ စပါးဈေး များကျ၊ သူပုန်တွေထ၊ အနယ်နယ်တွင် လူဆိုးတွေကကြွနှင့် ကြုံကြိုက်နေချိန် မိမိပိုင်နယ်များအား အခွန် ကောက်ရန် သတင်းထောက်လှမ်းပုံကို

**တင်းတင်းပျော့ပျော့၊ ချော့တန်ချော့၊ ခြောက်တန်ခြောက်၊ ဆူတန်ဆူ၊ ပူတန်ပူ လုပ်၍ လာခဲ့သည်။** (ဗေဒါ၊ စာ-၁၃၉)

ဟူ၍လည်းကောင်း ရေးဖွဲ့ထားသည်။ အခွန်ကိုအတင်းအကျပ်ကောက်၍ မရသောအချိန်တွင် အခြေ အနေကြည့်၍ ကောက်ခံရကြောင်း ဖော်ပြထားပါသည်။

ဤသို့ ဝါကျများကို ဟန်ချက်ညီအောင်ရေးခြင်းသည် စာဟန်ကိုပြေပြစ်မှု ရှိစေကြောင်းတွေ့ရပါ သည်။ သာဓကအားဖြင့် မှ"အင်းဝ"

**"ကိုယ်တော်တစ်ခုလ ပိန်သည့်နေရာပိန် (ပိန်)၊ ယိုင်သည့်နေရာကယိုင် (ယိုင်) ကျိုးသည့် နေရာကကျိုး(ကျိုး)၊ ပွဲသည့်နေရာကပွဲ(ပွဲ) တကဲ့ကားဟောင်းကြီး ဖြစ်လေသည်"**

ဟူသောဝါကျဖွဲ့ဟန်၌ ပိန်၊ ယိုင်၊ ကျိုး၊ ပွဲ ဟူသောစကားလုံး(၄)လုံးကို "သည့်နေရာက"ဟူသော စကားစပ်ဖြင့် နိမ့်မြင့်သံပါအောင် ဟန်ချက်ညီညီဖွဲ့နိုင်ခြင်းသည် စာဟန်ကိုပြေပြစ်စေရုံသာမက အသံ သာခြင်း၊ စာကိုဆက်ကာဆက်ကာ ဖတ်ချင်အောင် ဆွဲဆောင်မှုရှိခြင်းတို့ကို ဖြစ်စေသည်ဟု ဆိုချင်ပါ သည်။

## ဝါကျနောက်ဆက်သုံးစွဲမှု

သိပ္ပံမောင်ဝ၏ဝတ္ထုဆောင်းပါးများတွင် ဝါကျနောက်ဆက်များသည် တစ်မူထူးခြားသည်ဟု ဆိုရပေမည်။ သိပ္ပံမောင်ဝ၏ ဝါကျနောက်ဆက်များမှာ အသွင်အမျိုးမျိုး၊ ပုံစံအမျိုးမျိုးဖြစ်သည်။ ဤသို့ ဖြစ်ရခြင်းမှာ စာရေးသူသည် ရေးဟန်ထက်ပြောဟန်ကို ပို၍အားသာသောကြောင့် ဖြစ်ပေသည်။ ထို့ကြောင့် ရေးဟန်သုံးဖြစ်သည့် ဝါကျနောက်ဆက်၊'သည်' '၏' တို့ကို သာမန်အရေအတွက်မျှသာ သုံးစွဲ ကြောင်းတွေ့ရပါသည်။ ထို့ပြင်ပြောဟန်သုံး နောက်ဆက်အမျိုးမျိုးကို လည်းမထပ်အောင်သုံးစွဲထား ကြောင်းတွေ့နိုင်ပါသည်။ တစ်ခါတစ်ရံ သီးခြားနောက်ဆက်မထည့်ဘဲ ကြိယာအဆုံးသတ်ဖြင့်ပင် ချထားကြောင်း ထူးခြားမှုများအဖြစ် တွေ့မြင်ရပေသည်။ သာဓက-

- **သို့ရာတွင်သူ့နေရာနှင့် သူနေတာ ထင်ရာလုပ်ကြတမ်းပေ ပလေ။** (တို့တောရွာ၊ စာ-၂၉)
- **ထိုအမှုကား ခါးပြမှုတည်း။** (ခါးပြမှု၊ စာ-၆၁)
- **ကြောက်ဖွယ်ကောင်းလှပေတကား။** (ခါးပြမှု၊ စာ-၆၀)
- **အကြောင်းထူးမရှိဘဲ မလာတန်ရာ။** (ကင်းစောင့်၊ စာ-၁၆၀)
- **ထွက်သွားလေပြီ။** (ခါးပြမှုနယ်ပိုင်မင်း၊စာ-၁၈၅) ဟူ၍ တွေ့ရပါသည်။

## ဝါကျဝိဘတ်မပါဘဲသုံးစွဲမှု

ပြောဟန်ကိုအားပြုသော ဝါကျများဖြစ်သဖြင့် သိပ္ပံမောင်ဝသည် တစ်ခါတစ်ရံဝါကျဝိဘတ် မပါသောဝါကျပြတ်များကိုလည်း ရေးတတ်သည်။ သာဓက

- **ရှာသူကြီး သင်္ဘောဆိုက်ရာသို့ ပြေး၍ဆင်သွား။** (ကင်းစောင့်၊ စာ-၁၆၀)
- **လူခွန်ငါးကျပ်အတွက် အဖမ်းခံရမည်မှာ ရှက်။** (ကင်းစောင့်၊ စာ-၁၆၁)
- **ဟော- ငွေငါးကျပ်ကိုင်ပြီး ထွက်လာ။** (ကင်းစောင့်၊ စာ-၁၆၁)
- **အတွင်းသို့ ဝင်ကြည့်ကြ။** (အင်း၀၊ စာ-၃၄)

ဤသို့ ဝါကျဝိဘတ်မပါဘဲ သုံးစွဲမှုသည် သိပ္ပံမောင်ဝတို့ခေတ်က အလွန်သုံးခဲ့သည်ကို တွေ့ရပါသည်။ ဤအဆုံးသတ်မျိုးသည် သဒ္ဒါမမှန်ဟုယူဆကြသော အဆုံးသတ်မျိုးဖြစ်ပါသည်။ သို့ရာတွင် သိပ္ပံမောင်ဝသည် သဒ္ဒါထက် အကြောင်းအရာကို အဓိကထားပုံရပေသည်။

သာဓကပါ 'ကင်းစောင့်'မှ 'ဟော- ငွေငါးကျပ်ကိုင်ပြီးထွက်လာ။'ဟု ဝိဘတ်မပါဘဲသုံးခြင်းသည် အကြောင်းအရာဖြစ်သည့် (၁) လူတွေဝက်ကြီးတစ်ကောင်ဆွဲလာ၊ (၂)တရုတ်ခေါက်ဆွဲဆိုင်ထဲဝင်၊ (၃) ဆိုင်မှာသွားရောင်း၊ (၄)ငွေငါးကျပ်ကိုင်ပြီးထွက်လာ၊ (၅)ပြုံးပြီးသင်္ဘောထဲဆင်းသွားဟူသော လူခွန်တော်ဆောင်ပုံ အခြေအနေအဖြစ်အပျက်တစ်ခုကို ဖြတ်ကနဲ ဖြတ်ကနဲ တင်ပြလိုသည့်အတွက် အချို့ဝါကျများသည် နောက်ဝါကျကိုအကူး လျင်မြန်လွန်းသဖြင့် ဝါကျဝိဘတ်ဖြုတ် ကာဆက်သည့် သဘောကို တွေ့ရပါသည်။ စကားတတွတ်တွတ်ပြောသူ၏ ပြောဟန်အတိုင်း ရေးထားသည့် သွက်လက်သော ရေးဟန်တစ်ခု ဖြစ်ပါသည်။

## ဝါကျတွင်း ကာရန်သုံးစွဲမှု

ဝါကျတွင်း အသံသာယာစေမှုသဘောအဖြစ် သိပ္ပံမောင်ဝသုံးစွဲသည့် ဝါကျများတွင် ကာရန်များသုံးစွဲမှုကြောင့် မူလအနက်ပျက်ယွင်းခြင်းမရှိသည့်ပြင် ပိုမို၍ထိရောက်မှု၊ လိုက်ဖက်မှုများရှိလာသည်ကို တွေ့ရပါသည်။ သာဓက-

- **တစ်ယောက်တည်းပင် အပူမရှာသေးဘဲ ဘူတာကလေးလုပ်လျက်နေပေ၏။**(စည်းစိမ်၊စာ-၅၃)
- **သည်လင်နှင့် သည်မယား၊ တစ်နေ့ရှာမှတစ်နေ့စား။** (ကင်းစောင့်၊ စာ-၁၆၁)
- **လင်ကငါးဆယ်ကျော်၊ မယားကငါးဆယ်နီးပါး၊ ချေးငှားလို့ကလည်းမရ၊ ပိုက်ဆံကြေးငွေကလည်း ရှားပါး၊ အားကြီးခက်နေပြီ၊ သူတကာသနားမှ စားကြရ။** (ကင်းစောင့်၊ စာ-၁၆၁)
- **မကြာမီပင်စပါးဈေးတွေကျ၊ သာယာဝတီတွင်သူပုန်တွေကထ၊ အမြို့မြို့အနယ်နယ်တွင် လူဆိုးတွေကကြွနှင့် အလွန်ထူးသောခေတ်ကြီးနှင့် ကြုံကြိုက်လျက်ရှိပေသည်။**

(ဇေဒါ၊စာ-၁၃၉)

- **မြင်းနှင့် ဖျန်စိန်၊ ဖျန်စိန်နှင့်မြင်း စစ်ခင်းနေကြလေပြီ။** (မြင်းတွေ၊ စာ-၁၇၅)

- **အချိန်မှာ ငါးနာရီခွဲ၊ မိုးကလည်း ဖွဲဖွဲ၊ မှောင်ကလည်း ခပ်မှောင်မှောင်၊ နေရောင်ကလည်းမရှိ၊ စစ်ကိုင်းတောင်ပေါ်တွင် ဖြူဖြူဖွေးဖွေးနေသော စေတီအဆူဆူတို့ကို မျှော်၍ကြည့်ကာ ကြည်ညိုစွာဖူးရ၏။** (အင်း၀၊ စာ-၃၁)

ဟူသော ဝါကျများကိုတွေ့ရပါသည်။ ဝါကျတွင်းကာရန်များချိတ်၍ ရေးတတ်သဖြင့်စာဟန်မှာ ပို၍ အသံသာမှုဖြစ်ပေါ်စေပါသည်။ သာဓကပါ 'မြင်းတွေ'မှ 'မြင်းနှင့်ဖျန်စိန်၊ ဖျန်စိန်နှင့်မြင်း စစ်ခင်းနေကြ လေပြီ။'ဟု ကာရန်ချိတ်ရေးသဖြင့်အဓိပ္ပါယ်လည်းရှိ အသံလည်းပို၍သာလာ ကြောင်းသတိထားမိစေပါ သည်။

**အငြင်းဝါကျသုံးစွဲမှု**

သိပ္ပံမောင်ဝ၏ ဝတ္ထုဆောင်းပါးများမှ ဝါကျများတွင် အငြင်းဝါကျများသုံးစွဲမှုသည်လည်း ထူးခြား ချက်တစ်ရပ်ပင်ဖြစ်ပါသည်။ အငြင်းဝါကျများကို အပုဒ်တိုင်းနီးပါး သုံးစွဲထားသည်ကိုတွေ့ရပါသည်။ သာဓက-

- **နွားကျောင်းသွားသူတွေကမရှား။ (**တို့တောရွာ၊ စာ-၂၄)

  **မောင်လူအေးမှာမူကားသူတကာကဲ့သို့ခမ်းခမ်းနားနားနေထိုင်ခြင်းကိုမနှစ်သက်။**

  (စည်းစိမ်၊ စာ၅၄)
- **တစ်ရုံးလုံးတွင် မည်သည့်အသံကိုမျှ မကြားရချေ။** (ဓါးပြမှု၊ စာ-၆၀)
- **အကြောင်းထူးမရှိဘဲ မလာတန်ရာ။** (ကင်းစောင့်၊ စာ-၁၆၀)

စသည့်အငြင်းဝါကျသုံးစွဲမှုသည် သိပ္ပံမောင်ဝ၏ ထူးခြားသောဝါကျရေးဟန် တစ်ခုအဖြစ် ကောက်ချက် ချနိုင်ပါသည်။

**သုံးသပ်ချက်**

ဤစာတမ်းသည် သိပ္ပံမောင်ဝ၏ ဝတ္ထုဆောင်းပါးများတွင် တွေ့ရှိရသည့် ထူးခြားချက်များကို လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ ဤထူးခြားချက်များသည် သိပ္ပံမောင်ဝ၏ စကားပြေရေးဟန် များပင်ဖြစ်ပါသည်။

သိပ္ပံမောင်ဝ၏ ဝါကျဖွဲ့ဟန်များကို လေ့လာကြည့်လျှင် ထူးခြားပီပြင်မှုရှိကြောင်း တွေ့ရပါသည်။ သိပ္ပံမောင်ဝသည် ဝါကျတိုများသုံး၍ စာဟန်ကိုသွက်လက်စေကြောင်း သုံးသပ်မိနိုင်ပါသည်။ မေးခွန်း ဝါကျများ၊ မေးဖြေရေးဟန်ဝါကျများသည် စာဖတ်သူတို့အား သူတင်ပြသော အကြောင်းအရာအပေါ်တွင် စိတ်ဝင်စားမှု အာရုံမပြတ်အောင် ထိန်းပေးနေသည့် ဝါကျရေးဟန်များဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ဟန်ချက်ညီဝါကျများဖြင့် အလေးအပေါ့မဲ့တင်းသည့် ရေးဟန်သည်လည်း သိပ္ပံမောင်ဝအသုံးပြု လေ့ ရှိသည့် ရေးဟန်တစ်ခုဖြစ်ပေသည်။ ဟန်ချက်ညီဝါကျများကြောင့် သိပ္ပံမောင်ဝ၏ ရေးဟန်သည် ပို၍ပြေပြစ်မှုရှိလာသည်ဟု ဆိုနိုင်ပါသည်။

ဝါကျနောက်ဆက်များကို မူသေမထားဘဲ အစဉ်သင့်သလို သုံးစွဲတတ်ခြင်းသည်လည်း သိပ္ပံမောင်ဝ၏ရေးဟန်တစ်ခုပင် ဖြစ်ပါသည်။ ဝါကျနောက်ဆက်များ မပါဘဲသုံးစွဲခြင်းသည် တတွတ်တွတ် ပြောဟန်နှင့် တစ်ခုပြီးတစ်ခု တွေ့မြင်ရသော မြင်ကွင်းများကို အဆက်မပြတ် ပြောပြတွေးပြနေသည့် ရေးဟန်ဖြစ်သည်။

ကာရန်ချိတ်ရေးခြင်းသည်လည်း သိပ္ပံမောင်ဝ၏ရေးဟန်တစ်ခုဖြစ်၍ အငြင်းဝါကျများ သုံးစွဲခြင်းသည် ထူးခြားသော ရေးဟန်ပင်ဖြစ်ပေသည်။

သိပ္ပံမောင်ဝ၏ ထူးခြားဆုံးသော ဝါကျဖွဲ့ဟန်မှာ ဝါကျတိုများဖြင့် ရေးဖွဲ့ခြင်းပင်ဖြစ်သည်။ ဤသို့ ဝါကျတိုများသုံးစွဲခြင်းသည် အကြောင်းအရာနှင့်စိတ်အစဉ်ပေါ်မူတည်၍ သုံးစွဲထားခြင်းဖြစ်ကြောင်း တွေ့နိုင်ပါသည်။ ဝါကျများကိုရေးဖွဲ့ရာတွင် သိပ္ပံမောင်ဝသည် 'မေးခွန်းဝါကျ'နှင့် 'အငြင်းဝါကျများကို အခြားသောစာရေးသူများထက် ထူးကဲစေရန်လည်းကောင်း၊ မိမိ၏ပင်ကိုယ်ဟန်အနေဖြင့် လည်းကောင်း ထူးခြားစွာရေးဖွဲထားသည်ကို တွေ့ရပါသည်။ ထို့ပြင်သိပ္ပံမောင်ဝ၏ ဝါကျဖွဲ့ဟန်များ၌ အသံများပါနေသည်ကိုလည်း တွေ့ရပါသည်။ ဤသို့ဖြစ်ရသည်မှာ ဝါကျများကို ပုံစံတူပုဒ်စုများဖြင့် ဟန်ချက်ညီအောင် အလေးအပေါ့မဲတင်းပြီး ရေးဖွဲ့ထားခြင်းကြောင့်ဖြစ်လေသည်။ ထို့ပြင်ဝါကျများ အတွင်း၌ ကာရန်နှင့် နရီစည်းဝါးများ ပါဝင်နေခြင်းသည်လည်း အသံသာသောဝါကျများအဖြစ် ထောက်ကူ ပံ့ပိုးမှုတစ်ရပ်ပင် ဖြစ်လေသည်။

ဝါကျများ၏ အဆုံးသတ်ပစ္စည်း နောက်ဆက်များပါဝင်မှု မပါဝင်မှုသည်လည်းထူးခြားချက် တစ်ရပ်ဖြစ်ပေသည်။ ဝါကျနောက်ဆက်များသည် ယေဘုယျနောက်ဆက် 'သည်'၊ '၏' ကိုချည်းမသုံးဘဲ ပြောဟန်နှင့်နီးစပ်သည့် နောက်ဆက်အမျိုးမျိုးကို ဖလှယ်၍သုံးထားကြောင်း လေ့လာတွေ့ရှိရပါသည်။

ထို့ကြောင့် သိပ္ပံမောင်ဝ၏ ဝါကျဖွဲ့ဟန်တို့တွင် အသုံးပြုမှုကွဲပြားခြားပြီး၊ အတွေးအခေါ် စကားလုံးဖော်ပြမှုများထူးခြားကြောင်း လေ့လာတွေ့ရှိရပါသည်။ ဝါကျဖွဲ့ရာတွင် အသံဟန်များကိုပါ တွေ့ရသောကြောင့် သိပ္ပံမောင်ဝ၏ ဝါကျရေးဟန်သည် အခြားစာရေးသူများနှင့်မတူဘဲ စာရေး သူ၏ သွင်ပြင်မှုရာများပါဝင်သည့် ပင်ကိုယ်ဖွဲ့ဟန်များကို အလေးပေးရေးဖွဲ့ထားကြောင်း လေ့လာတွေ့ရှိရပါ သည်။

## နိဂုံး

ဤစာတမ်းသည် သိပ္ပံမောင်ဝ၏ စကားပြေရေးဟန်များထဲမှ ဝါကျဖွဲ့ဟန်ကို လေ့လာတင်ပြထား ခြင်းဖြစ်ပါသည်။ သိပ္ပံမောင်ဝ၏ ဝါကျဖွဲ့ဟန်များတွင် အကြောင်းအရာနှင့်စာသည် လိုက်ဖက်ညီ သည်ဟုဆိုရပေမည်။ 'ခားပြမှု'တွင် အမှုအခင်းစစ်ဆေးသည့် အကြောင်းအရာပေါ်လွင်အောင် တရားခွင် သုံးစကားလုံးများကို သုံးစွဲခြင်း၊ 'နယ်ပိုင်မင်း'တွင် ရုံးခန်းဝင်းတစ်ခု၏ သွင်ပြင်မှုရာ စကားလုံးများကို သုံးစွဲခြင်း၊ 'တို့တောရွာ'တွင် တောရွာအခြေအနေများကို ရေးဖွဲ့ရာ၌တောသုံး၊ ရွာသုံးစကား၏ အသုံးအနှုန်းကို ရွေးချယ်သုံးနှုန်းခြင်းတို့ကြောင့် လိုက်ဖက်မှုရှိလာရသည်ဟု ဆိုချင်ပါသည်။ ထို့ပြင် စကားလုံး၊ ဝါကျတို့သည်လည်း သူ့နေရာနှင့်သူရှိသည့်အတွက် လိုက်ဖက်မှုရှိသည်ဟု ဆိုနိုင်ပါသည်။

ဤစာတမ်းသည် သိပ္ပံမောင်ဝ၏ စကားပြေ(၁၀)ပုဒ်မှ ဝါကျဖွဲ့ဟန်များကို ဖော်ထုတ်လေ့လာခြင်းဖြစ်သော်လည်း ဤဖော်ထုတ်လေ့လာချက်သည် သိပ္ပံမောင်ဝ၏ စကားပြေအားလုံးလေ့လာခြင်းနှင့်အကျုံးဝင်ပါသည်။ ယခုဖော်ပြချက်သည် သိပ္ပံမောင်ဝ၏ ဝါကျဖွဲ့ဟန်ကို လုံးဝပြီးပြည့်စုံအောင် ဖော်ထုတ်ထားခြင်းဟုမဆိုလိုပါ။ ထို့ကြောင့်သိပ္ပံမောင်ဝ၏ ဝါကျဖွဲ့ဟန်နှင့်ပတ်သက်၍ ဆက်လက်လေ့လာဖော်ထုတ်သင့်ကြောင်း တင်ပြအပ်ပါသည်။

## ကျမ်းကိုးစာရင်း

### မြန်မာဘာသာ


ခင်မင်၊မောင် ။(၂၀၀၉)။(ဓနုဖြူ)***စကားပြေသဘောတရားစကားပြေအတတ်ပညာ***။ ရန်ကုန်၊ပန်းရွှေပြည်ပုံနှိပ်တိုက်။

ခင်မင်၊ မောင် ။(၂၀၁၁) ။(ဓနုဖြူ)***ရေးဟန်ပညာနိဒါန်း***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ခင်အေး၊ ဦးနှင့်မောင်ထင်။ ***မြန်မာစကားပြေစာတမ်းများ***။ပထမတွဲ၊ စာပေဗိမာန်ထုတ်ပြည်သူ့လက်စွဲစာစဉ်။

စိုးနိုင်၊ဒေါက်တာ။။(၂၀၁၉)***ဆရာဇော်ဂျီ၏စကားပြေရေးဟန်***။ရန်ကုန်၊ထွန်းဖောင်ဒေးရှင်း။

ဇော်ဂျီ။။(၂၀၀၄)***ရသစာပေအဖွင့်နှင့်နိဒါန်း***။ ရန်ကုန်၊ စိတ်ကူးချိုချို၊ ဒုတိယအကြိမ်။

တာရာ၊ဒဂုန်။ ၁၉၆၇။ ***စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှု***။ရန်ကုန်၊နံ့သာ။

ဖေမောင်တင်၊ ဦး။ ၁၉၆၇။ ***မြန်မာဝါကျဖွဲ့ထုံးကျမ်း***။ ရန်ကုန်။

မိုးမြေ၊မ။။(၂၀၀၈)***ဆရာဇော်ဂျီနှင့်ရသစာတမ်းရှင်တို့၏ တွေးဟန်နှင့်ရေးဟန်များ***။ ရန်ကုန်၊ရွှေကံ့ကော်ပုံနှိပ်တိုက်။

မောင်ဝ၊ သိပ္ပံ။ ၁၉၇၇။ ***ခေတ်စမ်းစာပေအထွေထွေ***။ ရန်ကုန်၊ စပယ်ဦး။

မောင်ဝ၊ သိပ္ပံ။ ၂၀၀၄။ ***ဝတ္ထုဆောင်းပါးများ***။ ရန်ကုန်၊ ယုံကြည်ချက်စာပေ။(ကျောက်တံတား)

မြဇင်နှင့်အခြား။။(၁၉၈၇)***စာတမ်းငယ်စာပေစာတမ်းများ(တွဲ-ပ)***။ ရန်ကုန်၊ စာပေဗိမာန်။

မြသန်းတင့်။။(၂၀၁၇)***နိုင်ငံတကာရသစာတမ်းငယ်များ(ပထမအုပ်)***။ရန်ကုန်၊ နှစ်ကာလများစာပေ။

မြန်မာအဘိဓာန်။ ရန်ကုန်၊(၂၀၁၈)။(တတိယအကြိမ်) မြန်မာစာအဖွဲ့ဦးစီးဌာန။

အောင်သင်း။ ။(၂၀၁၇)***စာပေရေးရာဆောင်းပါးများ***။ ရန်ကုန်၊စိတ်ကူးချိုချိုစာပေ။


### အင်တာနက်အကိုးအကား


Caulfied, J (2023, July, 23) https://www.Scribbr.com/ academic-essay/ essay-types/

# တောင်ငူခေတ် ရတုစာဆိုများနှင့် ရတုကဗျာအခန်းကဏ္ဍ

ခင်စန်းဝင့် [၁]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် တောင်ငူခေတ်ရတုစာဆိုများနှင့် ရတုစာပေအခန်းကဏ္ဍကို လေ့လာတင်ပြထား သော စာတမ်းဖြစ်ပါသည်။ ထိုသို့လေ့လာရာတွင် နဝဒေး၏ရတုများ၊ နတ်ရှင်နောင်၏ရတုများ၊ ရှင်သံခို၏ ရတုများကို အလေ့လာခံအဖြစ် သတ်မှတ်လေ့လာပါသည်။ တောင်ငူခေတ်တွင် ထင်ရှား ကျော်ကြားသည့် ရတုစာဆိုများဖြစ်သော နဝဒေး၊ နတ်ရှင်နောင်၊ ရှင်သံခိုတို့၏ ရတုများမှ စာဆိုတို့၏ ရတုရေးဖွဲ့သော အကြောင်းအရာ၊ ရေးဖွဲ့မှုစွမ်းရည်တို့ကို ဝေဖန်သုံးသပ်ပြီး တောင်ငူခေတ်၏ ရတု ကဗျာကဏ္ဍကို သုံးသပ်တင်ပြထားပါသည်။ တောင်ငူခေတ်ရတုစာပေလောကတွင် တံခွန်စိုက်ထူခဲ့ကြသော ရတုစာဆိုတို့၏စိတ်ကူးဆန်းသစ်မှု၊ ကဗျာအဖွဲ့အနွဲ့ကောင်းမွန်မှု၊ စကားပရိယာယ်ကြွယ်ဝမှု၊ သရုပ်ဖော်အဖွဲ့ပေါ်လွင်မှုကြောင့် မြန်မာစာပေသမိုင်းတွင် တောင်ငူခေတ်၏ ရတုစာပေအဆင့်အတန်းမြင့်မားမှုကို သိရှိရန်ရည်ရွယ်ပါသည်။

**သော့ချက်စကားလုံးများ ။** ။ ရာသီဘွဲ့၊ စိတ်ကူးဆန်းကြယ်မှု၊ လုံးထပ်ဝိစ္ဆာ၊ စကားအသုံး အနှုန်း၊ သမာသ်ပုဒ်

## နိဒါန်း

မြန်မာစာပေသမိုင်းတွင် ရတုကဗျာသည် ပင်းယခေတ်မှယနေ့ထိတိုင် ရှင်သန်နေသော စာပေအဖွဲ့ဖြစ်သည်။ ရေးဖွဲ့သည့်ပုံသဏ္ဌာန် စည်းစနစ်ရှိပြီး ရေးဖွဲ့သည့် အကြောင်းအရာမှာလည်း မယ်ဘွဲ့၊ မောင်ဘွဲ့၊ ဘုရားတိုင်၊ သစ္စာတိုင်၊ မိုးတော၊ ကျေးစေ၊ စစ်ချီစသည်ဖြင့် အမျိုးအစား စုံလင်လှသည်။ ဤစာတမ်းသည် တောင်ငူခေတ်ရတုစာဆိုများ၏ ရတုများမှတစ်ဆင့် တောင်ငူခေတ်ရတုစာပေ အခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ပုံကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ တောင်ငူခေတ်တွင် ထင်ရှားကျော်ကြားသည့် ရတုစာဆိုကြီးများဖြစ်ကြသော နဝဒေး၊ နတ်ရှင်နောင်၊ ရှင်သံခိုတို့၏ ရတုများမှ စာဆိုတို့၏စိတ်ကူးစိတ်သန်း ကောင်းမွန်မှု၊ အရေးအဖွဲ့ပြောင်မြောက်မှု၊ သရုပ်ဖော်စွမ်းရည် ထက်မြက်မှုတို့ကြောင့် တောင်ငူခေတ်သည် ရတုခေတ်ဟုခေါ်ဆိုရလောက်အောင် ရတုစာပေဖွံ့ဖြိုး တိုးတက်မှုတို့ကို လေ့လာတင်ပြထားပါသည်။

## စာတမ်းခေါင်းစဉ်ဖွင့်ဆိုချက်

တောင်ငူခေတ်ရတုစာဆိုများဖြစ်သော နဝဒေး၊ နတ်ရှင်နောင်၊ ရှင်သံခိုတို့၏ရတုများမှ စာဆိုတို့၏ အရေးအဖွဲ့စွမ်းရည်တို့ကို လေ့လာပြီး တောင်ငူခေတ်၏ ရတုကဗျာဖွံ့ဖြိုးတိုးတက်မှုကို သုံးသပ်တင်ပြထားသောကြောင့် တောင်ငူခေတ်ရတုစာဆိုများနှင့် ရတုစာပေ၏အခန်းကဏ္ဍဟု အမည်ပေးထားခြင်းဖြစ်ပါသည်။

---

[၁] မြန်မာစာဌာန၊ မြိတ်တက္ကသိုလ်

**သုတေသနရည်ရွယ်ချက်**

တောင်ငူခေတ်ရတုတံခွန်စိုက်စာဆိုများ၏ ရတုလက်ရာများကို ပြန်လည်ဖော်ထုတ်ပြီး တောင်ငူခေတ်သည် ရတုစာပေအထွန်းကားဆုံးဖြစ်ကြောင်း တင်ပြလိုသောရည်ရွယ်ချက်ဖြင့် ဤစာတမ်းကို ပြုစုရခြင်းဖြစ်ပါသည်။

**သုတေသနမေးခွန်းနှင့်ပြဿနာ**

ဤစာတမ်းကိုပြုစုရာတွင် အောက်ဖော်ပြပါမေးခွန်းနှင့်ပြဿနာကို အဖြေရှာရန် ရည်ရွယ်ပြုစုခဲ့ပါသည်။

(၁) ရတုဟူသည် အဘယ်နည်း။

(၂) တောင်ငူခေတ်ရတုစာဆိုများ၏ ရတုလက်ရာများသည် ရတုကောင်း၏အင်္ဂါရပ်နှင့် ကိုက်ညီမှု ရှိပါသလား။

(၃) တောင်ငူခေတ်ရတုများသည် နှောင်းလူတို့စံပြုထိုက်သော ရတုများဖြစ်ပါသလား။

စသည့် သုတေသနမေးခွန်းများ ပေါ်ပေါက်လာပါသည်။ အဆိုပါမေးခွန်းများအနက် "ရတုဟူသည် အဘယ်နည်း" ဟူသောမေးခွန်းအတွက် ရတုနှင့်ပတ်သက်သော ပညာရှင်များ၏ အဆိုအမိန့်များကို လေ့လာဖတ်ရှု၍ရသောကြောင့် အခက်အခဲမရှိသော်လည်း ကျန်မေးခွန်းများအတွက် အဖြေရှာရာတွင် အောက်ပါပြဿနာများ ရှိလာပါသည်။

(၁) တောင်ငူခေတ်ရတုစာဆိုများ၏ ရတုလက်ရာများသည် ရတုကောင်း၏ အင်္ဂါရပ်နှင့် ကိုက်ညီမှုရှိ၊ မရှိဆန်းစစ်ရန် လိုအပ်ခြင်း။

(၂) တောင်ငူခေတ်ရတုများသည် နှောင်းလူတို့စံပြုထိုက်သောရတုများ ဖြစ်၊မဖြစ်ဆန်းစစ်ရန် လိုအပ်ခြင်းတို့ဖြစ်ပါသည်။

အဆိုပါမေးခွန်းနှင့်ပြဿနာကို ဖော်ထုတ်ရာတွင် ပညာရှင်များ၏အဆိုအမိန့်များ၊ စာပေဆိုင်ရာ စာအုပ်စာတမ်းများ၊ ကျမ်းများကိုလေ့လာဆန်းစစ်၍ ရရှိလာသောအချက်အလက်များအပေါ် အခြေခံ၍ လေ့လာသွားမည် ဖြစ်ပါသည်။

**သုတေသနအဆိုကြမ်း**

တောင်ငူခေတ်ရတုစာဆိုများဖြစ်သော နဝဒေး၊ နတ်ရှင်နောင်၊ ရှင်သံခို၏ ရတုများသည် ရတုစာပေ လောကတွင် နှောင်းလူတို့စံပြုထိုက်သော ရတုများဖြစ်ပြီး တောင်ငူခေတ်ရတုကဗျာ လောကကို ဖွံ့ဖြိုးတိုးတက်စေသော ရတုများဖြစ်ကြောင်း လေ့လာတင်ပြထားပါသည်။

**နည်းနာ**

ဤစာတမ်းတွင် နည်းနာပိုင်းကိုတင်ပြရာ၌ ပညာရပ်နည်းနာနှင့် သုတေသနနည်းနာဟူ၍ နှစ်ပိုင်းခွဲကာ တင်ပြသွားပါမည်။

## ပညာရပ်နည်းနာ

### ရတုသဘောသဘာဝ

ရတုဟူသည် "သက္ကတဘာသာ 'ရိတု' မှ ပျက်လာသော ရတုလည်းရှိသည်။ မြန်မာဘာသာ ရတုကဗျာသည် လင်္ကာမှပေါက်ဖွားလာသော အဖွဲ့အနွဲ့ဖြစ်သည်။ သို့သော်လင်္ကာကဲ့သို့ မဟုတ်မူ၍ ဖွဲ့ဆိုရာ၌ စည်းစနစ် ဥပဒေသရှိသည်။ လင်္ကာ၌ ပိုဒ်ရေပေါင်း လိုသမျှဖွဲ့ဆိုနိုင်သည်။ အဖျားချတွင် လည်း စာလုံးရေ အကန့်အသတ်မရှိ။ ရတုတွင်ကား တစ်ပိုဒ်တည်းဖွဲ့စပ်လျှင် ဧကပိုဒ်၊ နှစ်ပိုဒ်ဖွဲ့လျှင်အဖြည့်ခံ၊ သုံးပိုဒ်ဖွဲ့လျှင် ပိုဒ်စုံဟူ၍ခေါ်သည်။ အဖျားချများတွင်သုံးပိုဒ်ထက် ပို၍လည်းမဖွဲ့ကြချေ။ ခိုင်ညွန့် ခက်ဖြာ(၇)လုံး၊ မဏိဆံကျင်(၉) လုံး၊ အာသာဝတီဝတ်ဆံ(၁၁)လုံး၊ မဏိဦးပြည်း(၁၅)လုံး၊ ဇော်တစ်ခိုင် လုံး(၁၉)လုံး စသည်ဖြင့် အဖျားချ စကားလုံးအရေအတွက် ကန့်သတ်ထားလေ့ရှိသည်။

ပေါရာဏသက်သက် ရတုလည်းရှိသည်။ သက္ကတဘာသာ 'ရိတု' မှာ 'အခါရာသီ' အနက် ရသည်။ မြန်မာဘာသာ 'ရတု' မှာ 'သဘင်' ဟူသောအနက်၊ 'အခမ်းအနား'ဟူသောအနက်၊ 'အခြေအနေ' ဟူသော အနက်ဟူ၍ သုံးမျိုးရှိသည်။ ဤသို့ဌာနအားဖြင့် သုံးစားကွဲပြားလျက်ရှိရာ အများနှင့်စပ်ဆိုလျှင် ထိုအဖွဲ့မျိုးမှာ 'သဘင်' အနက်ရသည်။ အများနှင့်မသက်ဆိုင်ဘဲ တစ်ဦးတစ်ယောက် အတွက် စပ်ဆိုလျှင် 'အခမ်းအနား'၊ သဘာဝဓမ္မအခြေအနေများကိုပြလျှင် 'အခြေအနေ' သဘောပေါက်ရောက်သည်"ဟု မြန်မာစာပေသမိုင်းတွင် ဖော်ပြထားသည်။ (ဖေမောင်တင်၊ဦး၊၂၀၀၃၊ ၆၇-၆၈)

ရတုဖွဲ့ဆိုရာတွင် ရတုအချီအချနည်း ၄မျိုးရှိ၍ ရတုချရာတွင် ၆၄ပါးရှိကြောင်း တွေ့ရသည်။ ရတုရေးဖွဲ့သော အကြောင်းအရာကိုလိုက်၍ ဘုရားတိုင်ရတု၊ သိကြားတိုင်ရတု၊ သစ္စာတိုင်ရတု၊ တောလားရတု၊ ရေလားရတု၊ မြို့ဘွဲ့ရတု၊ မယ်ဘွဲ့ရတု၊ မောင်ဘွဲ့ရတု၊ ပန်းဘွဲ့ရတု၊ စစ်ချီရတု၊ ကျေးစေရတု၊ ဥဒေါင်းဖိုမ အမေးအဖြေရတု၊ ဝမ်းဘဲဖိုမ အမေးအဖြေရတုဟူ၍ ရတုအမျိုးအစားများကို သတ်မှတ်ကြသည်။ ရတုစာပေသည် ပင်းယခေတ်မှ စတင်ပေါ်ပေါက်ခဲ့ပြီး အင်းဝခေတ်တွင် ဆက်လက်ရှင်သန်ကာ တောင်ငူခေတ်တွင် ရတုခေတ်ဟု ခေါ်ဆိုရလောက်အောင် ရတုစာပေအထွန်းကားဆုံးဖြစ်သည်။

### တောင်ငူခေတ် ရတုစာဆိုများ၏ အတ္ထုပ္ပတ္တိ

### ပြည်နဝဒေး

အင်းဝခေတ်တွင် လူပုဂ္ဂိုလ်စာဆိုတော် ရှားပါးသလောက် တောင်ငူခေတ်တွင် ပေါများကြသည်။ ရတုစာဆိုများလည်း များစွာပေါ်ထွန်းခဲ့ပြီး ရတုအမျိုးအစားလည်း စုံလင်လှသည်။ တောင်ငူခေတ် သည် ရတုခေတ်ဟု ခေါ်ဆိုရလောက်အောင် ရတုအများအပြား ပေါ်ထွန်းခဲ့သည်။ ပထမနဝဒေး၊ ပြည်နဝဒေးဟု အမည်တွင်သည့် နဝဒေးကြီးသည် ရတုအပုဒ်ပေါင်းသုံးရာကျော် ရေးသားခဲ့သည့် ရတုစာဆိုတစ်ဦး ဖြစ်သည်။ ရတုများစွာ ရေးသားခဲ့ရုံသာမက သူ၏ရတုများကား နှောင်းလူတို့ စံထားရလောက်အောင် ကောင်းမွန်သောရတုများဖြစ်သည်။ စာဆိုကြီးသည် ၈၉၄-ခုနှစ်ပြည်မြို့တွင် မင်းပြုသောဘုရင် နရပတိ၏ယောက်ဖ မင်းဘစော၏ အထိန်းတော်သား ဖြစ်သည်။ မင်းဘစောကို ပွတ်လည်ရွာတွင် ဘုရင် နရပတိကွပ်မျက်၍ နှမတော်ကို စလင်းစည်သူကျော်ထင်သို့ပေးလျှင် နှမတော်နှင့်အတူ နဝဒေးသည်

စလင်းသို့လိုက်၍နေသည်တွင် 'မင်းလကျ်ာ'ဘွဲ့ကိုရသည်။ ထို့နောက် စလင်းမြို့ပျက်၍ စစ်ကိုင်းတွင် စည်သူကျော်ထင် သက္ကရာဇ် ၉၀၇-ခုနှစ်၌ မင်းပြုလျှင် စစ်ကိုင်းသို့ မင်းလကျ်ာ လိုက်ပါခစားရပြန်၍ ထောင်သင်းကို ကြီးမှူးရသည်။ ထိုတွင်မှ 'ထောင်သင်းမှူး' တွင်ပြန်သည်။ ထို့နောက် သက္ကရာဇ် ၉၁၃-ခုနှစ်တွင် စစ်ကိုင်းစည်သူကျော်ထင်သည် နရပတိစည်သူ အမည်ဖြင့် အင်းဝရွှေနန်းကို သိမ်းမြန်းစိုးစံ၍ ၆-နှစ်အကြာ ဟံသာဝတီဆင်ဖြူများရှင် လုပ်ကြံ၍ အင်းဝပျက်လျှင် ပြည်ဘုရင် သတိုးဓမ္မရာဇာက ဆင်ဖြူများရှင်ထံ ထောင်သင်းမှူးကို တောင်းယူ၍ ပြည်မြို့သို့ ခေါ်ဆောင်သွားရာ ပြည်နဝဒေးဘွဲ့ကို ရသည်။ ထို့ကြောင့် **'စစ်ကိုင်းထောင်သင်း၊ စလင်း လကျ်ာ၊ ပြည်မှာနဝဒေး'** ဟူ၍ အမှတ်သညာ ပြုကုန်သည်။နဝဒေးဟူသည် ကဗျာလင်္ကာတို့ကို ဖွဲ့ဆိုရာမှာ အပြစ်ဆိုစရာမရှိသော စာဆိုတော်ဟူ၍ အဓိပ္ပာယ်ရသည်။နဝဒေးကြီးသည် အသက် ၁၀နှစ် အရွယ်မှစ၍ ကဗျာလင်္ကာများ လိုက်စား၍ ရတုများ စပ်ဆိုခဲ့သည်။ နဝဒေးကြီးသည် ရတုများသာမက ချေင်းများ၊ ပျို့များလည်းစပ်ဆိုခဲ့သည်။ (ဖေမောင်တင်၊ ဦး၊၂၀၀၃၊ ၁၃၅-၁၃၆)

## နတ်ရှင်နောင်

တောင်ငူခေတ်၏ ရတုတံခွန်စိုက်တစ်ဦးဖြစ်သူ နတ်ရှင်နောင်သည် သက္ကရာဇ်(၉၄၀- ၉၇၅) တွင် ပေါ်ပေါက်ခဲ့သော တောင်ငူခေတ်၏ ရတုတံခွန်စိုက် မင်းစာဆိုဖြစ်သည်။ တောင်ငူ ရွှေနန်းတည်မင်း မင်းရဲသီဟသူနှင့် ဘုရင့်နောင်၏ သမီးတော် မင်းခင်စောတို့မှ ဖွားမြင်သော သားတော်ကြီး ဖြစ်ပြီး ညီတော်များမှာ မင်းရဲကျော်စွာ၊ မင်းရဲသီဟသူ၊ မင်းရဲကျော်ထင်တို့ဖြစ်သည်။ လှော်ကား သုံးထောင်မှူး၏ သား မင်းဗေယျရန္တမိတ်နှင့် ဖွားသက္ကရာဇ်ချင်း တူသည်။ဆင်စီး၊ မြင်းစီး၊ ဓားခုတ်၊ လှံထိုး ကျွမ်းကျင် သည်။ ငယ်ရွယ်စဉ်ကပင် ခမည်းတော်၏ လက်ရုံးသဖွယ် အားကိုးခြင်းခံရသည်။ သက္ကရာဇ် ၉၇၁ ခုနှစ်တွင် ခမည်းတော် နတ်ရွာစံသောအခါ နတ်ရှင်နောင် နန်းတက်သည်။ ထိုနှစ်တွင်ပင် အနောက်ဘက် လွှမ်းမင်း တောင်ငူကိုတိုက်ရာ နတ်ရှင်နောင်သည် နန်းကျမြို့စား ဖြစ်ခဲ့ရသည်။သက္ကရာဇ် ၉၇၄ ခုနှစ်တွင် သန်လျင်မြို့စား ငဇင်ကာသည် တောင်ငူကိုတိုက်ရာတွင် နတ်ရှင်နောင်သည် မိဖုရားအခြွေအရံနှင့်အတူ သန်လျင်ကို ရောက်ရှိခဲ့သည်။ သက္ကရာဇ် ၉၇၅ ခုနှစ်၊တန်ခူးလပြည့်ကျော် ၃ ရက်၊ စနေနေ့တွင် သန်လျင်မြို့ ဈေးလယ်၌ကားကျက်၍ ကွပ်မျက်ခံရ၏။ ထိုအခါနတ်ရှင်နောင်သည် သက်တော် ၃၅ နှစ်မျှ သာရှိသေးသည်။ နတ်ရှင်နောင်သည် တောင်ငူ ခေတ်တွင် ပေါ်ပေါက်ခဲ့သော ရတုစာဆိုများတွင် နဝဒေးကြီးကလွဲလျှင် စာဖွဲ့အများဆုံးနှင့် အထင်ရှားဆုံး ရတုစာဆိုရှင် ဖြစ်သည်။ ဘုရားတိုင်၊ သစ္စာတိုင်၊ မိုးတော၊ ကျေးစေ၊ မယ်ဘွဲ့၊မောင်ဘွဲ့၊ စစ်ချီ စသည်ဖြင့် ရတုပုဒ်ရေ ၆၀ကျော် ရှိသည်။(ဖေမောင်တင်၊ ဦး၊ ၂၀၀၃၊ ၁၄၈)

## ရှင်သံခို

နတ်ရှင်နောင် မရှိသည့်နောက် ရတုစာဆိုအဖြစ်ဖြင့် ကျော်ကြားသူမှာ ရှင်သံခိုဖြစ်သည်။ ရှင်သံခို သည် လှော်ကားသုံးထောင်မှူး၏ မြေး၊ မင်းဗေယျရန္တမိတ်၏တူဖြစ်ပြီး သက္ကရာဇ် ၉၆၀ ပြည့်နှစ်တွင် တောင်ငူမြို့၌ ဖွားမြင်သည်။ အဘိုး၊ ဦးရီးတို့မှာ နန်းတွင်းစာဆိုများဖြစ်ကြသည့်အတိုင်း ရှင်သံခိုသည် လည်းအဘိုး၏ခြေရာ၊ ဦးရီးခြေရာတို့ကိုနင်းသူဖြစ်သည်။အသက် တစ်ဆယ့်နှစ်နှစ် အရွယ်ကပင် ကဗျာ

လင်္ကာများကို ဖွဲ့ဆိုခဲ့သည်။တောင်ငူနန်းတွင် နတ်ရှင်နောင် စံမြန်းတော်မူခိုက် ထိုမင်း၏ အမတ် အဖြစ် ခစားထမ်းရွက်သည်။ သက္ကရာဇ် ၉၇၂ အနောက်ဘက်လွန်မင်းတရားကြီးသည် တောင်ငူကိုအလိုတော် ပြည့်သောအခါ ရှင်သံခိုသည်ဘုန်းတော်ဘွဲ့ရတုများကို ရေးသားဆက်သွင်းခဲ့သည်။ ထို့နောက် နတ်ရှင်နောင်ကို ဘုရင်ခံအဖြစ်နှင့် တောင်ငူတွင်အုပ်စိုးစေ၍ အင်းဝနေပြည်တော်သို့ မင်းတရားကြီး အပြန်တွင် ရှင်သံခိုသည်လည်း မင်းတရားကြီးနှင့်အတူ လိုက်ပါသွားသည်။ ထိုမင်းလက်ထက်တွင် လက်ဆောင်ယူမှူးရာထူးကို ပေးအပ်သနားခြင်းခံရသည်။ (ဖေမောင်တင်၊ ဦး၊ ၂၀၀၃၊ ၁၆၁-၁၆၃)

## တောင်ငူခေတ် ရတုစာဆိုများနှင့်ရတုကဗျာအခန်းကဏ္ဍ

### နဝဒေး၏ ရတုများ

နဝဒေးကြီးသည် ဘုရားတိုင်၊ သစ္စာတိုင်၊ မယ်ဘွဲ့၊ မောင်ဘွဲ့စသည်ဖြင့် ရတုများစွာရေးသား ခဲ့သည်။ ဘုရားတိုင်ရတုများတွင် ဘုရားဘွဲ့များကို ရေးဖွဲ့ရာ၌ဘုရား၏ တည်နေရာနှင့် ဘုန်းတန်ခိုး ထင်ရှားပုံကိုထည့်သွင်းရေးဖွဲ့ထားသည်။ ပြည်ဆံတော်ဘုရားတိုင် မယ်ဘွဲ့တွင်ဘုရားဘွဲ့များကို ဖော်ပြ ရာ၌ ဘုရား၏တည်နေရာ၊ ထီးကိုးစင်းဖြင့် မြင့်မားစွာတည်ရှိနေပုံကို ဖော်ပြထားသည်။

'ကြာငုံ့အဟန်'ချီ ရတုတွင်-

> "ကြာငုံ့အဟန်၊ စက်သန်ကြည်နူး၊ တင်ရှိဦးအံ့၊ သောက်ရှူးနေလ၊ တူစုံပသို့၊ ခေတ္တသရေ၊ မင်းနေရပ်စည်၊ ရွှေပြည်ထောင့်ယွန်း၊ တောင်ထိပ်စွန်းဝယ်၊ တစ်သန်းဉာဏ်ရှင်၊ မြသိ တင်ဟု၊ ကောင်းကင်မိုးမြေ၊ နှံ့မျှဝေသည်၊ ဆံမွေဘုန်းခေါင်၊ မိတည်းနောင်" (နဝဒေး၊ ၁၉၆၄၊ ၁၈)

ဟူ၍တည်နေရာနှင့်ဘွဲ့တော်ကို ရေးဖွဲ့ထားသည်။ ဆံတော်ရှင်သည် သရေခေတ္တရာပြည်၏ တောင်ဘက် တောင်ထိပ်တွင်တည်ရှိ၍ မြသိတင်ဘုရားဟု ဘွဲ့အမည်တွင်ကြောင်း ဘုရားတည်နေရာနှင့် ဘွဲ့အမည် ကို ထည့်သွင်းရေးဖွဲ့ထားသည်။

'ခေတ္တပြည်သာ' အစချီရတုတွင် -

> "ခေတ္တပြည်သာ၊ အောင်မြေချာ၌၊ လက်ယာရစ်သန်း၊ တောင်ထိပ်စွန်းဝယ်၊ တစ်သန်း လျှံညီး၊ ကိုးစင်းထီးနှင့်" (ယင်း၊ ၁၉)

ဟူ၍ ဘုရားရှင်သည် သရေခေတ္တရာပြည် လက်ယာဘက် တောင်ထိပ်စွန်းတွင် တည်ရှိပြီး ထီးကိုးစင်းနှင့် စေတီတစ်ဆူ ဖြစ်ကြောင်း ဖော်ပြထားသည်။ ထို့ပြင် နဝဒေးသည် ဘုရားဘွဲ့များ ဖွဲ့ဆိုရာတွင် ဘုရားရှင်၏ ဂုဏ်တော်၊ တန်ခိုးတော်တို့ကို ထည့်သွင်းဖွဲ့ဆိုထားပါသည်။ 'စက်ရှင် ပတ်လည်'ချီ အင်းဝနဂါးရုံ ဘုရားတိုင်ရတုတွင်-

> "သနစ်လျှံပြောင်၊ မွေရှင်ရောင်နှင့်၊ <u>တောက်ပြောင်မဆုံး၊နေ့ညဥ့်ဖုံးသည်၊</u> သောင်းလုံး ပတ်လည် ရှွင်တော့သည်" (ယင်း၊ ၆)

ဟူ၍ ဘုရားရှင်၏ရောင်ခြည်တော်သည် စကြဝဠာတိုက်တစ်သောင်းလုံးကို အဆီးအတားမရှိ ဖုံးလွှမ်းနိုင်ကြောင်းကို ဖွဲ့ဆိုထားသည်။

'ယှက်လျှံမှောင်သည်' အင်းဝရွှေစည်းခုံ ဘုရားတိုင်ရတုတွင် -

"ခြောက်မည်ရောင်ဟုံ၊ ရွှေစည်းခုံဟု၊ သုံးဘုံလူနတ်၊ သကျထွတ်ဝယ်" (ယင်း၊ ၁၀)

ဟူ၍ ဘုရားရှင်သည် ရောင်ခြည်တော်ခြောက်ပါးနှင့် ပြည့်စုံကြောင်း၊ လူသုံးပါးတို့၏ အထွတ်အမြတ်ပုဂ္ဂိုလ်ဖြစ်ကြောင်း ဖွဲ့ဆိုထားသည်။ နဝဒေးကြီးသည် အလင်္ကာအသုံးများဖြင့်လည်း ဘုရားရှင်၏ ဘုန်းတန်ခိုးတော်ကို ပေါ်လွင်အောင် ရေးဖွဲ့ရာတွင်-

"တစ်ထောင်နေဝန်း၊ တူပြိုင်ထွန်းသို့" (နဝဒေး၊ ၁၉၆၄၊ ၄)

"ပတ်ခွေရံဝန်း၊ မြင်းမိုရ်ထွန်းသို့" (ယင်း၊ ၁၀)

" သောက်ရှူးနေလ၊ တူစုံပသို့" (ယင်း၊ ၁၈)

" မြင်းမိုရ်ရှိလောက်၊ရွှေတောင်ပေါက်သို့" (ယင်း ၊၂၂)

ဟူ၍ ရေးဖွဲ့ထားသည်။ ဘုရားရှင်၏ ဘုန်းတန်ခိုး ထွန်းလင်းတောက်ပပုံကို ရေးဖွဲ့ရာတွင် နေမင်းကြီးနှင့်လည်း နှိုင်းယှဉ်ရေးဖွဲ့သည်။ မြင်းမိုရ်တောင်နှင့်လည်း ခိုင်းနှိုင်းသည်။ ရွှေတောင်ကြီး ပေါက်နေ သည့် အသွင်နှင့်လည်းတူသည်ဟု ခိုင်းနှိုင်းရေးဖွဲ့ထားသည်။

တစ်ဖန် နဝဒေးကြီးသည် ရာသီဘွဲ့များ ရေးဖွဲ့ရာတွင်လည်း နွေ၊ မိုး၊ ဆောင်း ရာသီသုံးပါး လုံး၏ အလှများကို ပေါ်လွင်အောင် ရေးဖွဲ့သရုပ်ဖော်ထားသည်ကို တွေ့ရသည်။ နွေရာသီ၏ ရာသီသဘာဝ အလှကို ဖွဲ့ရာတွင်-

"ချမ်းဆောင်းလွန်လျှင်၊ ထက်ကောင်းကင်က၊ မင်းလွင်မှိုင်းဝန်း၊ ကျနှင်းခန်းသော်၊
တသွန်းငုံကင်း၊ ပွင့်တုံလျင်းက၊ ရွက်ဆင်းရွှေရွှေ၊ သပြေထပ်ရစ်၊ ပေါက်သစ်ဖူးခါ၊
တမာစိမ်းနု၊ ရတုသာဖျား၊ ဖူးအံ့သွားသည်" (ယင်း၊ ၅၂)

ဟူ၍ ရေးဖွဲ့ထားသည်။ ဆောင်းအကုန် နွေအကူးကာလသည် ကောင်းကင်၌ မြူခိုးများအုံ့မှိုင်းနေသော်လည်း ဆောင်းတွင်ကျဆင်းသော နှင်းကမူရပ်တန့်သွားပြီဖြစ်ကြောင်း၊ တောမြိုင်အတွင်း သစ်ပင်ပန်းမန်တို့သည် အဖူးအငုံအပွင့် စသည်ဖြင့် အသွင်အမျိုးမျိုး ရှိနေကြကြောင်း၊ ပေါက်ပန်းများဖူး၍ အစိမ်းရောင်တမာနုများက နှစ်လိုဖွယ်လှပနေကြကြောင်း၊ ဤလရာသီကား အခြားသော လရာသီတို့ထက် သာယာလှပနေကြောင်း နွေအလှ ကို စာပန်းချီ ခြယ်သထားပါသည်။

'ရှင်ဖြူရှင်လှ' ဘုရားတိုင်ရတုတွင် -

"မရွာဘဲပင် ၊ ရွာရုပ်သွင်" (ယင်း၊ ၅၂)

ဟူ၍မရွာဘဲနှင့် ရွာဟန်ပြင်နေသော မိုးကို ရေးဖွဲ့ထားသည်။တစ်ဖန် ဆောင်းရာသီ သဘာဝအလှကို ရေးဖွဲ့ရာတွင် တောတောင်အတွင်း သစ်ပင်တို့၏အလှ၊ နှင်းကျပုံမြင်ကွင်း၊ ကောင်းကင်တို့၏ အရောင်တို့ကို ရေးဖွဲ့ထားသည်။

'အင်းဝနဂါးရုံ' ဘုရားတိုင် ရတုတွင် -

"ဟေဝန်သာခေါင်၊ တောကုန်အောင်လည်း၊ ရွှေရောင်နှင့်မြ၊ ပင်တိုင်းလှသော်၊ နှိုင်းပြ
ထက်ဝန်း၊ နှင်းသာဖြန်းက၊ ရန်းရန်းရွှရွှ၊ ဆွဆွမြူထွား၊ ပုလဲပွားသို့၊ ချရားမဥ္ဇူ၊
ခိုင်စုံတူကို၊ ဆက်လှူရည်ထင်၊ လှထွတ်တင်နှင့်၊ ရွှေရင်ရစ်ခွေ၊ စုံလွယ်စေလော၊
ရာသီဖြင့်နှင်း၊ မယ်ကပင်း၍ ၊ ဆောင်းချင်းမတူ၊ အချမ်းကူသော်" (နဝဒေး၊ ၁၉၆၄၊ ၅၂)

ဟူ၍ တောအတွင်း သစ်ပင်တို့တွင် ရွှေရောင်နှင့်မြရောင်စီခြယ်သကဲ့သို့ အဝါနှင့် အစိမ်းရောင် သစ်ရွက်တို့ဖြင့် လှပနေကြောင်း၊ ထက်ကောင်းကင်တစ်ပြင်လုံးတွင် အုံ့မှိုင်းနေကြောင်း၊ အဖြူရောင် နှင်းစက်ကလေးများ ပက်ဖျန်းထားသဖြင့် သစ်ရွက်များပေါ်တွင် ဖြူဆွဆွ ပုလဲလုံးအပွားကလေးများသဖွယ် လှပစွာဖြစ်ပေါ်နေကြောင်း ဖွဲ့ဆိုထားသည်။ ဆောင်းရာသီသဘာဝ အေးရသည့်အထဲတွင် မယ်ကနှင်းနှင့်ပေါင်း၍ ကြံစည်သကဲ့သို့ အချမ်းပိုအောင် လုပ်နေကြောင်းကို 'ရာသီကနှင်း၊ မယ်ကပင်း၊ ဆောင်းချင်းမတူ၊ အချမ်းကူ' ဟူ၍ လှပသောအသုံးအနှုန်းဖြင့် ရေးဖွဲ့ထားပါသည်။

ဆောင်းရာသီကာလ ကောင်းကင်မှ တိမ်တို့၏ အရောင်ကို-

"ထွေလည်ရစ်ဆင်၊ သွယ်မြသွင်ကို၊ ကောင်းကင်ဝေဝေ၊ စိမ်းရွှေမည်းနက်၊ နီမြန်းကွက်၍၊
နေ့ရက်တထူး၊ ကူးတုံလှုလှု၊ ဆောင်းရတုဝယ်" (ယင်း၊၂၃)

ဟူ၍ ရေးဖွဲ့ထားပါသည်။ ကောင်းကင်မှ တိမ်တို့သည် အထွေထွေအလည်လည်သော အရောင်ကို ရစ်ပတ် ဆင်ယင်ထားကြောင်း၊ မြ၏အသွင်ကိုဆောင်နေသော ကောင်းကင်မှာ မှိုင်းဝေနေပြီး စိမ်းရွှေမည်းနက်နေသောအရောင် အနီရောင်အကွက်တို့ဖြင့် ဆင်မြန်းထားသည်မှာ ထူးခြားသောနေ့ တစ်ပါးသို့ ကူးပြောင်းမည့် အခြေအနေမျိုး ဖြစ်ပေါ်နေကြောင်း ရေးဖွဲ့သရုပ်ဖော်ထားသည်။ ကောင်းကင်ရှိ တိမ်တို့၏ အရောင်ကို 'စိမ်းရွှေမည်းနက်၊ နီမြန်းကွက်' ဟူ၍ကျစ်လျစ်သော စကားလုံးတို့ဖြင့် ရေးဖွဲ့ထားသည်။

နဝဒေးကြီးသည် မယ်ဘွဲ့များကို ရေးဖွဲ့ရာတွင် သူ၏ ချစ်သူရှင်နှောင်း၏အလှကို တင်စား ရေးဖွဲ့သည်ကိုတွေ့ရသည်။ 'နွဲ့နွဲ့ကိုပြင်'ချီ ရတုတွင် ရှင်နှောင်း၏အလှကို -

"နွဲ့နွဲ့ကိုပြင်၊ ဆင်းရုပ်သွင်ကို၊ ကောင်းကင်မိုးမြေ၊ ပတ်မျှဖွေ၍၊ ရှာလေနှံ့ဘိ၊ ဘက်မ
ရှိတည့်"( ယင်း၊၂၅)

"မွေးဘမိမင်း၊ သားချင်းဆွေစုံ၊ ရုံဝန်းရုံလျက်၊ ဆယ်မြတ်သက်နှင့်၊ ဆံရွက်မြူညောင်း၊
ပြစ်မျိုးပြောင်းသည်၊ ရှင်နှောင်းနောင့်သခင်" (ယင်း၊ ၂၆)

ဟူ၍ဖွဲ့ဆိုထားသည်။ ရှင်နှောင်း၏အလှသည် ပြိုင်ဘက်မရှိကြောင်း၊ မိဘသားချင်း ဆွေမျိုး စုံစုံလင်လင် ဝန်းရံသူ ဖြစ်ကြောင်း၊ ဆယ်ကျော်သက်အရွယ် ဖြစ်ကြောင်းကို 'ရှာလေနှံ့ဘိ၊ ဘက်မရှိ'၊ 'သားချင်းဆွေစုံ၊ ရံဝန်းရံ'၊ 'ဆယ်မြတ်သက်'ဟူသော ကျစ်လျစ်သောစကားသုံးများဖြင့် ပေါ်လွင်အောင် ရေးဖွဲ့ထားသည်။ ထို့ပြင် ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံကြောင်းကိုလည်း-

"နူန်းဘက်စံတည်၊ ရွှန်းရွှန်းလည်၍၊ ပြစ်ခြည်ကင်းဝေး၊ ငြိမ့်ငြိမ့်လေးသည်၊ ငယ်သွေး ပျိုမွတ်၊ ပြာညက်ထွတ်" (နဝဒေး၊ ၁၉၆၄၊ ၅၂)

ဟူ၍ အသားအရည်ညက်မွတ်ပြီး အပြစ်ခြောက်ပါးကင်းစင်သူဖြစ်ကြောင်းရေးဖွဲ့ထားသည်။ "ငယ်သွေး ပျိုမွတ်၊ ပြာညက်ထွတ်" ကျစ်လစ်သောသမာသ်ပုဒ်အသုံးဖြင့် အလှကိုပေါ်လွင်အောင် ရေးဖွဲ့ထားပါ သည်။ ထို့ကြောင့် နဝဒေးကြီး၏ ရတုများသည် အကြောင်းအရာ စုံလင်သည့်သာမက အရေးအဖွဲ့တွင် လည်း စကားလုံးရွေးချယ်သုံးနှုန်းမှု၊ သရုပ်ဖော်အရေးအဖွဲ့ ကောင်းမွန်မှုကြောင့် ပထမတန်းစားရတုများ အဖြစ် ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

**နတ်ရှင်နောင်၏ရတုများ**

နတ်ရှင်နောင်သည် နဝဒေးကြီးလောက် ရတုပုဒ်ရေမများသော်လည်း ရတုအရေးအဖွဲ့ စွမ်းရည်မှာ တံခွန်စိုက်ရလောက်အောင် ကောင်းမွန်သောရတုများ ရေးဖွဲ့ခဲ့သော ရတုဘုရင် ဖြစ်သည်။ သူ၏ရတုများမှာ ရင်တွင်းခံစားချက်မှ ပေါက်ဖွားလာသော ရတုများဖြစ်သည်။ နတ်ရှင်နောင်သည် ဘုရားတိုင်ရတုများတွင် ဘုရားဘွဲ့များကိုဖွဲ့ဆိုရာ၌ ဘုရား၏တည်နေရာ၊ သမိုင်းစဉ်၊ ပုံတော်သဏ္ဌာန်တို့နှင့်အတူ ဘုရားရှင်၏ ဂုဏ်တော်၊ တန်ခိုးတော်များကိုပါ ထည့်သွင်း ဖွဲ့ဆိုထားသည်ကို တွေ့ရသည်။

'တစ်သောင်းရှစ်မည်'ချီ မုဋ္ဌောဘုရားတိုင်ရတုတွင် -

"ခပေါင်းမြစ်ဂုန်၊ သည်ကိုလွန်၍၊ ရန်မာန်အောင်မြေ၊ လှည့်ခဲ့ခွေသား၊ မင်းနေညီနောင်၊ မြို့ထွတ်ခေါင်ဝယ်၊ ခြောက်ရောင်ဘဝင်၊ နှင့်သာစက်မျှ၊ ကွန်ရက်ခြည်စုံ၊ ပွင့်ငုံလျှံ တောက်၊ သုံးပါးနောက်" (နတ်ရှင်နောင် ၊ ၁၉၆၆၊ ၇)

ဟူ၍ ခပေါင်းမြစ်သည် မုဋ္ဌောဘုရားတည်ရာကို ကွေ့ဝိုက်ကာစီးဆင်းနေကြောင်း၊ မုဋ္ဌောဘုရား တည်ရှိရာ တောင်ငူမြို့ကိုသဝန်ကြီး၊ သဝန်ငယ်ညီနောင် တည်ထားခဲ့ခြင်းဖြစ်ကြောင်း၊ မုဋ္ဌောဘုရားသည် ရောင်ခြည်တော်ခြောက်ပါး ကွန့်မြူးကာ တန်ခိုးကြီးသော ဂေါတမဘုရားရှင်၏ ဓါတ်တော်များ ဌာပနာရာ စေတီတစ်ဆူဖြစ်ကြောင်း တောင်ငူသမိုင်းစဉ်၊ တည်နေရာနှင့် ဘုရားရှင်၏ ဘုန်းတန်ခိုးတို့ကို ရေးဖွဲ့ ထားသည်။

တစ်ဖန် နတ်ရှင်နောင်သည် ရာသီသဘာဝအလှဘွဲ့များကို ဖွဲ့ဆိုရာတွင် နွေ၊ မိုး၊ ဆောင်း ရာသီသုံးပါးစလုံး၏အလှကို ဖွဲ့ဆိုထားသည်ကိုတွေ့ရသည်။နွေရာသီ၏ သဘာဝအလှကို ဖွဲ့ရာတွင် -

"မြန်းရွက်မကြွေ၊ ကြန်ရွှေဝါကျင်၊ တောင်မြင်မြင်လည်း၊ ပြောင်စင်မလွင့်၊ ကျန်သေး လင့်လျက်" (နတ်ရှင်နောင် ၊ ၁၉၆၆၊ ၃၂)

ဟူ၍နွေရာသီတွင် သစ်ရွက်တို့ကြွေကျရာ အကုန်အစင်မကြွေသေးသော သဘာဝအခြေအနေကို ဖော်ပြထားသည်။ နွေရာသီကာလ သဲပြင်တွင် ကျေးငှက်တို့ ပျော်မြူးနေသည့် သဘာဝကို -

"စဲညွန်ပြင်ယံ၊ပျံပျံနားနား၊ဖြားကာခေါ်ထူး၊ခေါ်ပြိုင်မြူးရှင့်"(ယင်း၊၆၀)

ဟူ၍ရေးဖွဲ့ထားသည်။

မိုးရာသီ၏ ရာသီသဘာဝအလှကို ရေးဖွဲ့ရာတွင် -

"ရက်လခါကျော် ၊ နတ်စက်ပျော်သား၊ မည်ခေါ်သန်းဦး၊ ဝါသို့ကူးက၊ ပျံ့ပျူးမိုးစည်၊ လျှပ်စက်ခြည်နှင့်၊ ခြောက်မည်မက၊ အစိုးရသား၊ သူဇာသက်မှတ်၊ မြရည်ဆွတ်"

(ယင်း၊ ၈၃)

ဟူ၍မိုးဦးကာလရွာသောမိုးကို မြရည်ဖြင့်တင်စားကာ ရေးဖွဲ့ထားသည်။ ဝါဆိုလကို နတ်စက်ပျော်သောလ၊ ဝသန်မိုးဦးကာလ၊ ဝါတွင်းသို့ ကူးပြောင်းသောလ ဟူ၍ မိုးဦးကာလကို အမည်အမျိုးမျိုးဖြင့် ရေးဖွဲ့ထားသည်။ မိုးရွာသည်ကိုလည်း သိကြားမင်း ရေဖျန်းသည့်ပုံသွင် 'သူဇာသက်မှတ်၊မြရည်ဆွတ်' ဟူ၍ သွယ်ဝိုက်ကာ ရေးဖွဲ့ထားသည်။

'ဆွတ်ပျံ့ဖွယ်အောင်'ချီ ရတုတွင် နွေနှောင်းလအခါသမယကို-

"ဆွတ်ပျံ့ဖွယ်အောင်၊ ယုဂန်တောင်က၊ ဝေမှောင်အုံ့ပျ၊ နွေနှောင်းလကို၊ ခြိမ့်မှျသံလေး၊ ရင့်ရှုကြွေးက" (ယင်း၊ ၂၉)

ဟူ၍ မိုင်းဝေအုံ့မှိုင်း၍ ခြိမ့်အုံးကာ ရွာသွန်းနေပုံ၊ လွမ်းဆွတ်ကြေကွဲခြင်း ပျံ့နှံ့အောင် ယုဂန် တောင်ထိပ်တွင် ဝေမှောင် အုံ့ပျနေပုံတို့ဖြင့်ရေးဖွဲ့သရုပ်ဖော်ထားသည်။

ထို့နောက် နတ်ရှင်နောင်သည်မယ်ဘွဲ့ရတုများတွင် ချစ်သူရာဇဓာတုကလျာ၏အလှကို ဖွဲ့ရာတွင် အသားအရေဝင်းဝါခြင်း၊ နူးညံ့ညက်ညောခြင်း၊ ကိုယ်ဟန်နွဲ့ပျောင်းခြင်း၊ စကားပြောချိုသာခြင်း၊ နတ်သမီးတမျှလှပခြင်းတို့ကို သရုပ်ဖော်ရေးဖွဲ့သည်ကိုတွေ့ရသည်။ များသောအားဖြင့် ကောင်းခြင်းငါးဖြာတွင် အသားအရေ၏ကောင်းခြင်းကို အလေးပေး ရေးဖွဲ့သည်ကိုတွေ့ရသည်။

'ရှစ်ဆိုင်ရွက်ကြာ'ချီ မယ်ဘွဲ့ရတု၌-

"နှစ်ပြိုင်ဘက်ရှာ၊ ဝတီသာက၊ စံရာစံထား၊ ရွေးခဲ့ခြား၍၊ သိကြားတမျှ၊ ပြိုင်လှာသလည်း၊ သော်တာ့ရောင်တွင်၊ ကြယ်နှယ်ထင်ပဟု၊ သခင်ကကို၊ များမိန့်ဆိုလိမ့်"
(နတ်ရှင်နောင် ၊ ၁၉၆၆၊ ၁၃)

ဟူ၍ရေးဖွဲ့ထားသည်။ ထိုအဖွဲ့တွင် မယ်၏အလှသည် နတ်ပြည်မှ နတ်သမီးလေးများ၏ အလှနှင့် ယှဉ်ပြိုင်လျှင် နတ်သမီးလေးများ၏ အလှသည် လမင်းကြီး ထွက်ပေါ်လာစဉ် အနားမှကြယ်ကလေးများ၏အရောင်ကဲ့သို့ ရေးရေးသာ ဖြစ်နေပါလိမ့်မည်။ သခင်ကသာပို၍လှကြောင်း အများကမိန့်ဆိုပါလိမ့်မည်ဟု ဖွဲ့ဆိုထားပါသည်။ ချစ်သူ၏အလှကို လှပသောစကားလုံးများဖြင့် အပြစ်လွတ်အောင် ရေးဖွဲ့ထားပါသည်။

အသားအရေ၏ ကောင်းခြင်းကိုဖွဲ့ရာတွင်-

“ဝင်းညွတ်မွေးမွတ်၊ ပြာလတ်နွဲ့ချော” (ယင်း၊ ၁၅)

ဟူ၍ရေးဖွဲ့ထားသည်။ အသားအရေ၏ကောင်းခြင်းကို ‘ဝင်း’ ‘မွေး’ ‘မွတ်’ ‘ပြာ’ ‘လတ်’ ‘ချော’ ဟူသော စကားလုံးများဖြင့် ပေါ်လွင်အောင်ရေးဖွဲ့ထားပြီး ကိုယ်အမူအရာအလှကို ပေါ်လွင်စေရန် ‘နွဲ့’ ဟူသော စကားလုံးဖြင့် ဖော်ပြရေးဖွဲ့ထားသည်။

‘တင့်လှပေဟန်’ချီ ရာဇဓာတုကလျာဘွဲ့ရတုတွင်-

“တင့်လှပေဟန်၊ ဘက်မရန်တည့်၊ ခြောက်တန်နတ်ရွာ၊ ဘုံကလာသို့” (ယင်း၊ ၇၆)

ဟူ၍ ရာဇဓာတုကလျာ၏ တင့်တယ်လှပုံမှာ နှိုင်းယှဉ်တုဖက်စရာမရှိပုံ၊ နတ်ပြည်ခြောက်ထပ်က လာသော နတ်သမီးကဲ့သို့ ဖြစ်ကြောင်း ရေးဖွဲ့ထားသည်။ အသားအရေကောင်းခြင်းနှင့် ပြည့်စုံပုံကို-

“ပြာပြာလတ်လတ်၊ မွတ်မွတ်ညက်ညက်၊ ရွှန်းရွှန်းစက်မျှ” (ယင်း၊၇၆)

ဟူ၍ ရေးဖွဲ့ထားသည်။ ‘ပြာပြာ’ ‘လတ်လတ်’ ‘ မွတ်မွတ်’ ‘ညက်ညက်’ ‘ရွှန်းရွှန်း’ ဟူသော လုံးထပ် ဝိစ္ဆာ အသုံးများဖြင့် လှပမှုကို ပေါ်လွင်ထင်ရှားစေပါသည်။ ထိုသို့လှပနေသော လှနိတုံလေးသည် အသားအရေ ကြည်လင်အေးမြနေပြီး အကြောစိမ်းလေးများပေါ်လွင်ကာ ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံပုံကို-

> “ပယင်းရွှေရည်၊ ပွတ်လဲ့ကြည်သို့၊ မြရည်ကြောစိမ်း၊ လဲ့လဲ့ရှိန်းမျှ၊ ခပ်သိမ်းကလျာ ရှုဖွယ်သာလျှင်” (နတ်ရှင်နောင် ၊ ၁၉၆၆၊၇၆)

ဟူ၍ရေးဖွဲ့ထားသည်။ ထို့ပြင် ရာဇဓာတုကလျာ မင်းသမီးလေး၏ အလှသည် လှော်သစ်ထားသော ရွှေကဲ့သို့ ဝင်းဝါသောအသားအရေ၊ အပြစ်တင်စရာမရှိအောင် လှပသော အလှတို့ကြောင့် နတ်ပြည်မှ နတ်သက်ကြွေသော နတ်သမီးလေလား ထင်မှားမိပုံကို-

> “စံခိုင်းလှော်သစ်၊ ရွှေနှယ်နစ်မျှ၊ တင်ပြစ်မစက်၊ လဲ့လဲ့ညက်ကို၊ ထက်နတ်ဘုံနေ၊ ခုသာ ကြွေသို့၊ တင့်နေရှုမြော်၊ အကျော်ပုံ့မွန်း၊ ဝင်းငြိမ့်ရွှန်းကို၊ တောင်နန်းလေလော၊ နတ်ပေ လော”( ယင်း၊ ၇၇)

ဟူ၍ ရေးဖွဲ့ထားသည်။နတ်ရှင်နောင်သည် မယ်၏အလှကိုဖွဲ့ရာတွင် မိန်းမတို့၏ကောင်းခြင်းငါးဖြာမှ အသားအရေ၏ကောင်းခြင်းကို အလေးပေးရေးဖွဲ့ထားသည်။ ခိုင်းနှိုင်းဖွဲ့ဆိုရာတွင် နတ်သမီး၊ ကြာနတ် သမီးတို့နှင့် ခိုင်းနှိုင်းဖွဲ့ဆိုထားသည်။ ချစ်သူသည်သာ အလှဆုံးဖြစ်ကြောင်းကို ကြယ်၊ လတို့နှင့်တင်စား ရေးဖွဲ့သည်။ အလှကိုရေးဖွဲ့ရာတွင် ထိမိလှပသော စကားလုံးများဖြင့် ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ နတ်ရှင်နောင်၏ ရတုများတွင် အခြားသော ရတုစာဆိုများကဲ့သို့ ဘုရားတိုင်၊ သိကြားတိုင်၊ မိုးတော၊ မယ်ဘွဲ့၊ မောင်ဘွဲ့၊ စစ်ချီရတုများသာမက ထူးခြားသော အကြောင်းအရာဖြစ်သည့် ကူလီသဘင်ဘွဲ့၊ ထိုးကွင်းဘွဲ့များကိုလည်း ရေးဖွဲ့ခဲ့သည်ကိုတွေ့ရသည်။

**ရှင်သံခို၏ ရတုများ**

ရှင်သံခိုသည် တောင်ငူခေတ် ရတုစာဆိုတို့တွင် အတော်အတန် နောက်ကျသော်လည်း အဖွဲ့အနွဲ့များတွင် ခမ်းခမ်းနားနား ရေးဖွဲ့နိုင်သည်ကိုတွေ့ရသည်။ ဆရာဖြစ်သူနတ်ရှင်နောင်၊ ဦးရီးမင်းဇေယျာရန္တမိတ်၊ အဘိုးလှော်ကားသုံးထောင်မှူးတို့၏ ဉာဏ်ရည်အာဘော်များကို တစ်သဝေမတိမ်းမီအောင် လိုက်နိုင်သူဖြစ်သည်။ ရှင်သံခို၏ရတုများမှာ နဝဒေး၊ နတ်ရှင်နောင်တို့၏ ရတုများလောက်များစွာမတွေ့ရသော်လည်း တွေ့ရသမျှ ရတုတို့သည်ကား ပထမတန်းစားထားသင့်သော ရတုများဖြစ်သည်။ ရှင်သံခိုသည် ကျေးစေရတုများကိုဖွဲ့ဆိုရာတွင် နတ်ရှင်နောင်၏အာဘော်နှင့် မတိမ်းမယိမ်းလိုက်သည်ကို တွေ့ရသည်။ ကျေးကလေးကိုခေါ်သော အာလုပ်တွင်-

"စေထိုက်တင့်သည်၊ မြပွင့်ရောင်ခြည်၊ ဆယ့်နှစ်မည်တည့်၊ မည်သည်ခြယ်သန်း၊ မပြောက်စွန်းသား၊ မိန္ဒန်းဘုန်းခေါင်၊ နေမှတ်တောင်၌၊ စက်မြောင်ရစ်သန်း၊ သိုက်ရွှေနန်းဝယ်၊ ရံဝန်းညွတ်ခ၊ စံကြိုက်ရသည်၊ နန်းလျှာ့ကျွန်ယုံ၊ ကျေးမြင့်ငုံ" (ရှင်သံခို၊ ၁၉၆၇၊ ၄၁)

ဟူ၍ ကျေးကလေး၏ ဂုဏ်ကိုပေါ်လွင်အောင်၊ ခမ်းနားယဉ်ကျေးအောင် ဖွဲ့ဆိုထားသည်။ "နန်းလျှာ့ကျွန်ယုံ၊ကျေးမြင့်ငုံ" ဟူသောအာလုပ်ဖြင့် အိမ်ရှေ့မင်း၏ ယုံကြည်စိတ်ချရသော ကျေးသားလေး၏ဂုဏ်ကိုပေါ်လွင်စေပါသည်။

'ကျည်းကဆက်သည်'ချီ ကျေးစေမယ်ဘွဲ့ရတုတွင်လည်း ကျေးလေး၏အသွင်ကို သရုပ်ဖော်ရာတွင်-

"ကျည်းကဆက်သည်၊ ကိုးမျက်လျှံဝါ၊ ကြည်ဖွယ်သာတည့်၊ သန္တာနှုတ်ကွေး၊ သက်တင်ရေးနှင့်၊ လည်သွေးမြီးသန်း၊ သန်လျင်ကျွန်းဝယ်၊ ဖန်ဆင်းနတ်သ၊ ယခုရသည်" (ရှင်သံခို၊ ၁၉၆၇၊ ၄၂)

ဟူ၍ကျေးကလေး၏ ကိုယ်မှာ ကျောက်မျက်ရတနာကိုးပါး စီခြယ်ထားသကဲ့သို့ဖြစ်ကြောင်း၊ နှုတ်သီးလေးမှာလည်း သန္တာရောင် ရဲရဲနီနေကြောင်း၊ နတ်တို့ ဖန်ဆင်းဆက်သသော ကျေးလေး ဖြစ်ကြောင်း ကျေးလေး၏ ဂုဏ်ရည်ကို ရေးဖွဲ့ သရုပ်ဖော်ထားသည်။

ရှင်သံခိုသည် ဘုရားတိုင်ရတုများ ရေးဖွဲ့ရာတွင် နတ်ရှင်နောင်၏ အာဘော်ကို လိုက်ဟန် မတူ။ နဝဒေးကြီး၏ အာဘော်ကိုသာ လိုက်ဟန်တူသည်။ ထို့ပြင်ဘုရားတိုင်ရတုများတွင် နဝဒေးကြီး ကဲ့သို့ပင် ဘုရားဘွဲ့များတွင် ဘုရားသမိုင်း အကျဉ်းချုပ်ကိုထည့်ကာ ရေးဖွဲ့သည်ကို တွေ့ရသည်။ 'ပုဂံရွှေစည်းခုံဘုရားတိုင်' ရတုတွင်-

"ပြင်ထိပ်ကျွန်းထက်၊ ဦးစွန်းသနင်း၊ မင်းလည်းနှစ်ဆက်၊ ကိုးမည်မျက်တည့်၊ စီလျက်သင့်ရန်၊ တင့်ကြောင်းဖန်၍၊ စိတ်သန်ကြည်စွာ၊ ဌာပနာက၊ အံ့ရာလည်းဖြစ်၊ လူတစ်ရစ်ကို၊ အသစ်နှစ်ဆင့်၊ ညဥ့်နတ်မြင့်၍"(ယင်း၊ ၃၉)

ဟူ၍ ရွှေစည်းခုံဘုရားသမိုင်းကို ရေးဖွဲ့ထားသည်ကိုတွေ့ရသည်။ မယ်ဘွဲ့၊ မောင်ဘွဲ့ ရတုများ တွင်ကား ရှင်သံခိုသည် နတ်ရှင်နောင်၏ နည်းပညာကိုရလိုက်ဟန်တူသည်။ ဖွဲ့ဆိုရာတွင်လည်း ကျစ်ကျစ် လျစ်လျစ် သိပ်သိပ်သည်းသည်းရှိသည်။ သို့သော်ရှင်သံခိုသည် နတ်ရှင်နောင်ကဲ့သို့ မေတ္တာဘက်သို့ အားမသန်ဘဲ အလွမ်းဘက်သို့ အားသန်သည်ကို တွေ့ရသည်။

'သာလွတ်ထွတ်တင်' ချီ သစ္စာတိုင်မယ်ဘွဲ့ရတုတွင် အနောက်ဘက်လွန်မင်းတရား၏ မိဖုရားနှင့် နတ်ရှင်နောင်တို့သည် ငယ်စဉ်ကတည်းက ရည်ငံချစ်ခင်လျက်ရှိကြလေဟန် စောင်းပါးရိပ်ခြည် အဓိပ္ပာယ်မျိုး ပါဝင်အောင်-

> "ပြာထွတ်မွတ်စင်၊ နောင်သာကြင်သား၊ ကေရှင်မြခက်၊ ဖြာစရွက်လည်း၊ နားထက် မခွေ၊ စုလည်းပြေနှင့်၊ တင့်နေကျစ်လစ်၊ ဆယ်ကျော်နှစ်က၊ ကျွမ်းချစ်ရအောင်၊ ကြိုးသည့် နောင်မူ၊ ခေါ်ယောင်ခေါ်မှား၊ ကိုယ်ကားတည်မှာ၊ မေတ္တာအသက်၊ ပုံလျက်ဝေမှိုင်း၊ အဆိုင်းဆိုင်းတည့်" (ရှင်သံခို၊ ၁၉၆၇၊ ၄၇)

ဟူ၍ စပ်ဆိုလိုက်ရာ 'နောင်သာကြင်သား' 'ကြိုးသည့်နောင်မူ' စသောစကားဖြင့် နတ်ရှင်နောင်၏ အမည်ကို အဖျားစွတ်ခေါ်ဝေါ် ရေးသားလိုက်သည်ကို အနောက်ဘက်လွန်မင်း ရိပ်မိပြီးလျှင် ရာဇမာန် တော်ရှ၍ ရှင်သံခိုအား ကွပ်မျက်မည်ပြုရာ ပြည်ထင်ငယ် လျှောက်ထားမှ အသက်ဘေးချမ်းသာရာ ရလေသည်။ ရှင်သံခိုသည် ရာသီဘွဲ့များ ရေးဖွဲ့ရာတွင်လည်း နွေ၊ မိုး၊ ဆောင်း ရာသီသုံးပါးလုံးကို ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ နွေရာသီ၏ ရာသီသဘာဝကို ရေးဖွဲ့ရာတွင်-

> "ဂိမှာသနစ်၊ ကာလဖြစ်က၊ မှိုင်းရစ်ဝေဝေ၊ မင်းလွင်ခြွေ၍၊ တောင်လေပြင်းထန်၊ ငါးကြင်းဆန်က၊ ချစ်ရန်ဖော်နှင့်၊ ပင်နန်းမြင့်ထက်၊ ကျူးရင့်သာမော၊ မြည်လှစော သည်၊ ဥသြနွဲ့ပြန်ခဲ့ပြီသောဝ်"(ယင်း၊ ၄၆)

ဟူ၍ရေးဖွဲ့ထားသည်။နွေရာသီကာလတွင် မင်းလွင်မြူခိုးများ မှိုင်းဝေနေပြီး တောင်လေများ တိုက်ခတ် နေပုံ၊ ပင်ယံထက်တွင် ဥသြငှက်တို့ ကျူးရင့်နေပုံ၊ မြစ်ယံတွင်လည်း ငါးကြင်းများဆန်တက်နေပုံ နွေသရုပ်ကို ပေါ်လွင်အောင် ရေးဖွဲ့သရုပ်ဖော်ထားသည်။ မယ်ဘွဲ့များ ရေးဖွဲ့ရာတွင်လည်း အခြားရတု စာဆိုများနည်းတူ အလှကိုပေါ်လွင်အောင် ရေးဖွဲ့နိုင်စွမ်းရှိသည်ကိုတွေ့ရသည်။ မိန်းကလေး၏ အလှကို ဖွဲ့ရာတွင်-

> "ရန်လင်းကြည်ဖြူ၊ ပြစ်မျိုးဟူကား၊ ဆံမြူခြည်သန်း၊ ငယ်မှန်းသက်လှယ်၊ ဆွေသည် မယ်မူ(ယင်း၊ ၄၆)

ဟူ၍အပြစ်ဟူက ဆံခြည်တစ်မျှင်၊ မြူတစ်မှုန်မျှပြောစရာ မရှိလောက်အောင် လှပသူဖြစ်ကြောင်း ရေးဖွဲ့ထားသည်။ ထို့ပြင်-

> "လှများမင်း"(ယင်း၊ ၃၇)
> "ချစ်သက်စုနှင်း" (ယင်း၊ ၄၀)
> "လှမြတေ" (ယင်း၊ ၄၁)

ဟူသောသမာသ်ပုဒ်များဖြင့် အလှကိုပေါ်လွင်အောင် ရေးဖွဲ့ထားသည်ကိုတွေ့ရသည်။ အမျိုးသမီးတို့၏ ကောင်းခြင်းငါးဖြာအလှတွင် အသားအရေ၏ကောင်းခြင်းကို အဓိကထား၍ဖွဲ့ကြောင်းကို-

"မနော်နတ်ထက်၊ မွတ်မွတ်ညက်"(ယင်း၊ ၄၂)

"ရှင်နှောင်းညက်ပြာ၊ မယ့်မျက်နှာ"( ရှင်သံခို၊ ၁၉၆၇၊ ၄၈)

ဟူ၍ ရေးဖွဲ့ထားသည်။ ရှင်သံခိုသည် ဘုရားတိုင်ဘွဲ့၊ဘုန်းတော်ဘွဲ့၊ သစ္စာတိုင် မောင်ဘွဲ့၊သစ္စာတိုင် မယ်ဘွဲ့၊ ကျေးစေရတု ၊ စစ်ချီမယ်ဘွဲ့ရတု စသည်ဖြင့် ရတုအပုဒ်ပေါင်း(၁၁)ပုဒ်ခန့် ရေးသားခဲ့ သည်ကို တွေ့ရသည်။အနောက်ဘက်လွန်မင်းအတွက် ဘုန်းတော်ဘွဲ့ရတုများ ရေးသားဆက်သွင်း ခဲ့သောကြောင့် ဆုလာဘ်များချီးမြှင့်ခြင်းခံရသည်။ ရှင်သံခို၏ရတုများသည် နဝဒေး၊ နတ်ရှင်နောင်တို့လောက် ရတုအပုဒ်ရေ မများသော်လည်း ရတုအရေးအဖွဲ့စွမ်းရည် ကောင်းမွန်သော ရတုများဖြစ်ကြောင်း တွေ့ရသည်။

## သုံးသပ်ချက်

တောင်ငူခေတ်သည် ရတုခေတ်ဟု ခေါ်ဆိုရလောက်အောင် ရတုအများအပြား ပေါ်ထွန်းခဲ့သည်။ ရတုစာဆိုများတွင်လည်း နဝဒေးကြီး ၊ နတ်ရှင်နောင်၊ ရှင်သံခို တို့၏ ရတုများကား စံပြုထိုက်သော ရတုများဖြစ်သည်။ ဘုရားတိုင်၊ သစ္စာတိုင်၊ မိုးတော၊ တောလား၊ ရေလား၊ မောင်ဘွဲ့၊ မယ်ဘွဲ့ ၊ စစ်ချီရတု စသည်ဖြင့် အမျိုးအစားစုံလင်လှသည်။ နဝဒေးကြီးသည် ရတုအပုဒ်ပေါင်း သုံးရာကျော် ရေးသားခဲ့သည်။ နဝဒေးကြီး၏ ဘုရားတိုင်ရတုများတွင် ဘုရားတည်နေရာ၊ ဘုရားဒါယကာ၊ ဘုရား၏ဘွဲ့အမည် စသည်ဖြင့် ပြည့်စုံစွာရေးဖွဲ့သည်ကိုတွေ့ရသည်။ ထို့ပြင်မယ်ဘွဲ့များ ရေးဖွဲ့ရာတွင်လည်း မိန်းကလေးတို့၏ အလှကိုပေါ်လွင်အောင် စကားပရိယာယ်အမျိုးမျိုးသုံးကာ ရေးဖွဲ့သည်ကိုတွေ့ရသည်။ ရာသီဘွဲ့များ ရေးဖွဲ့ရာတွင်လည်း ရာသီသဘာဝကို ပေါ်လွင်အောင် ရေးဖွဲ့နိုင်စွမ်းရှိသည်ကို တွေ့ရသည်။ တောင်ငူခေတ်၏ ရတုတံခွန်စိုက်စာဆို နတ်ရှင်နောင်ကား နဝဒေးကြီးလောက် ရတုပုဒ်ရေ မများသော်လည်း အကြံတူလျှင် နောက်လူကောင်းစမြဲဆိုသည့်အတိုင်း ပို၍ကောင်းမွန်အောင် ရေးဖွဲ့နိုင်သည်ကိုတွေ့ရသည်။ နတ်ရှင်နောင်သည် မယ်ဘွဲ့ရတုများတွင် ချစ်သူရာဇဒေဝီကလျာ အပေါ်ချစ်သည့် ရင်တွင်း ခံစားချက်များဖြင့် ရေးဖွဲ့ထားသောကြောင့် အကောင်းဆုံးရတုများဟု သတ်မှတ်ရလောက်အောင် အရည်အသွေးကောင်းမွန်လှသည်။ သူ၏ရတုများတွင် အခြားစာဆိုများ မဖွဲ့သောထူးခြားသော အကြောင်းအရာဖြစ်သည့် ကူလီသဘင်ဘွဲ့၊ ထိုးကွင်းဘွဲ့များ ရေးဖွဲ့ခြင်းကိုတွေ့ရသည်။ ရှင်သံခိုသည်လည်း နဝဒေးကြီး၊ နတ်ရှင်နောင်တို့လောက် ရတုအပုဒ်ရေ မများသော်လည်း သူ၏ရတုများမှာ စကားလုံးသုံးနှုန်းပုံကောင်းမွန်မှု၊ အရေးအဖွဲ့ကောင်းမွန်မှုတို့ကို တွေ့ရသည်။ ရာသီသဘာဝဘွဲ့များ ရေးဖွဲ့ရာတွင်လည်း ရာသီအလိုက်ပွင့်သောပန်း၊ တောတောင် ရေမြေသဘာဝ၊ ကောင်းကင်၌ရှိသော တိမ်တို့၏အလှ၊ မြစ်ယံအလှ စသည်ဖြင့် အသေးစိတ် သရုပ်ဖော်ရေးဖွဲ့သည်ကို တွေ့ရသည်။ မယ်ဘွဲ့များ ရေးဖွဲ့ရာတွင်လည်း ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသောအလှကို စကား အသုံးအနှုန်းများဖြင့် ပေါ်လွင်အောင် ရေးဖွဲ့နိုင်သည်ကိုတွေ့ရသည်။ ထို့ကြောင့်တောင်ငူခေတ်သည် ရတုခေတ်ဟု ခေါ်ဆိုရလောက်အောင် ရတုစာဆိုများစွာ ပေါ်ထွန်းရုံသာမက ပထမတန်းစားဟု သတ်မှတ်ခံရလောက်သည့် ရတုလက်ရာကောင်းများ များစွာပေါ်ထွန်းခဲ့ပါသည်။

## နိဂုံး

မြန်မာစာပေသမိုင်းတွင် တောင်ငူခေတ်သည် ရတုခေတ်ဟု ခေါ်ဆိုရလောက်အောင် ရတုအများအပြား ပေါ်ထွန်းခဲ့သည်။ ရတုစာပေသည် ပင်းယခေတ်မှ စတင်ပေါ်ထွန်းခဲ့ပြီး အင်းဝခေတ်တွင် ဆက်လက်ရှင်သန်ကာ တောင်ငူခေတ်တွင် အထွန်းကားဆုံးဟု ဆိုနိုင်ပေသည်။ ရေးဖွဲ့ရာတွင်လည်း အကြောင်းအရာစုံလင်လာသကဲ့သို့ ရေးဖွဲ့သည့်ပုံသဏ္ဌာန်မှာလည်း ဆန်းသစ်လာသည်။ တစ်ဦးနှင့်တစ်ဦး အားသာချက် အားနည်းချက်များရှိသော်လည်း အရေးအဖွဲ့စွမ်းရည် ကောင်းမွန်မှု၊ စိတ်ကူးစိတ်သန်း ကောင်းမွန်မှုတို့ကြောင့် နှောင်းလူတို့ နည်းယူစံထားရသောရတု လက်ရာကောင်းများ များစွာ ပေါ်ထွန်းခဲ့ပါသည်။ တောင်ငူခေတ်ရတုစာဆိုများသည် တောင်ငူခေတ်ကို ရတုခေတ်ဟုခေါ်ဆိုရလောက်အောင် ရတုကဗျာအခန်းကဏ္ဍကို ထွန်းတောက်စေခဲ့သော စာဆိုကြီးများ ဖြစ်ကြပါသည်။

## ကျမ်းကိုးစာရင်း

ချမ်းမြ၊ **ဦး**။ (၁၉၈၅) ။ ***နတ်ရှင်နောင်ဘဝနှင့်ပတ်ဝန်းကျင်*** ။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

***နဝဒေးရတုပေါင်းချုပ်*** ။ (၁၉၆၄) ။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

***နတ်ရှင်နောင်ရတုပေါင်းချုပ်*** ။ ( ၁၉၆၆) ။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

ဖေမောင်တင်၊ **ဦး** ၊ (၂၀၀၃) ။ ***မြန်မာစာပေသမိုင်း*** ။ ရန်ကုန် ၊ စံပယ်ဦးပုံနှိပ်တိုက်။

***မင်းဗေဒယျာရန္တမိတ်ဆိုရတုနှင့် ရှင်သံခိုဆိုရတု*** ။ (၁၉၆၇) ။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

သုတ၊ **မောင်၊** (၂၀၀၂) ။ ***စာဆိုတော်များအတ္ထုပ္ပတ္တိ*** ။ ရန်ကုန်၊ ရာပြည့်ပုံနှိပ်တိုက်။

*J. Myanmar Acad. Arts Sci. 2026* **Vol. XXIII. No.6**

# ကိုချစ်၏ ဝတ္ထုတို(၅)ပုဒ် နိဂုံးပိုင်းလေ့လာချက်

အေးသန္တာဝင်း[၁]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစာပေနယ်ပယ်လာ စကားပြေကဏ္ဍတွင်ပါဝင်သော ကိုချစ်၏ ဝတ္ထုတို(၅)ပုဒ် နိဂုံးပိုင်းလေ့လာချက်ကို တင်ပြထားသော စာတမ်းဖြစ်ပါသည်။ အလေ့လာခံမှာ ကိုချစ်၏စိတ်ကူးနဲ့ ဘုရားတည် ကောင်းမှုတော်ထက် မငယ်နိုင်ပေါင်နှင့် ဝတ္ထုတိုစု(၂၀၁၄၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်) စာအုပ်ဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ ဝတ္ထုတစ်ပုဒ်တွင် အဆုံးသတ်ပုံ အရေးကြီးကြောင်း သိရှိစေလိုခြင်းဖြစ်ပါသည်။ နည်းနာအနေဖြင့် ဝတ္ထုတိုများ၏ နိဂုံးသဘောသဘာဝများဖြင့် ချဉ်းကပ်လေ့လာ တင်ပြထားသည်။ အခြေခံသုတေသနအမျိုးအစားဖြစ်ပါသည်။ သုတေသနနည်းနာအနေဖြင့်ရှိပြီး အချက်အလက်များအပေါ် အခြေပြုလေ့လာခြင်းနည်းကို အသုံးပြုထားပါသည်။ "ဝတ္ထုတိုများ၏ နိဂုံးတို့သည် ဝတ္ထုတိုလေ့လာမှုတွင် အရေးပါပါသလား"ဟူသော သုတေသနမေးခွန်း ထွက်ပေါ်လာပါသည်။ ထိုသုတေသနမေးခွန်းအရ "နိဂုံးတွင် အာဘော်ကို ဖော်ဆောင်နိုင်ခြင်းရှိ မရှိ"ဟူသော သုတေသနပြဿနာထွက်ပေါ်လာပါသည်။ ဝတ္ထုတိုဖန်တီးရာတွင် နည်းတစ်ခုဖြစ်သည့် နိဂုံး၏အခန်းကဏ္ဍကို သိရှိနိုင်မည့် အကျိုးကျေးဇူးရမည်ဟု မျှော်မှန်းပါသည်။ ဝတ္ထုတိုများတွင် နိဂုံး၏အရေးကြီးပုံကို သိရှိနိုင် မည်ဖြစ်သည်။

**သော့ချက်ဝေါဟာရများ**- ဝတ္ထုတို၊ နိဂုံး၊ အာဘော်၊ ဘဝသရုပ်ဖော်၊ တစ်ကွက်ကောင်း

## နိဒါန်း

မြန်မာစာပေသမိုင်းတွင် ဝတ္ထုသည် စာဖတ်ပရိသတ် အကြိုက်နှစ်သက်ဆုံး စာပေတစ်မျိုးဟု ဆိုနိုင်ပါသည်။ ဝတ္ထုတွင်ဝတ္ထုတိုနှင့် ဝတ္ထုရှည်ဟူ၍ နှစ်မျိုးခွဲခြားကြပါသည်။ ထိုနှစ်မျိုးထဲမှ တစ်ကွက်ကောင်းနှင့်ဆိုလိုရင်းကို ဖော်ပြနိုင်သော ဝတ္ထုတိုအမျိုးအစားကို နှစ်သက်သဘောကျခဲ့ပါသည်။ ဝတ္ထုတိုတွင်လည်း အမျိုးအစားများစွာရှိသည့်အနက် ဘဝသရုပ်ဖော်ဝတ္ထုတိုများကို ပို၍နှစ်သက်သဘောကျမိပါသည်။ ဘဝသရုပ်ဖော်ဝတ္ထုများမှ အဆုံးသတ်ပုံများကို စိတ်ဝင်စားမိသည့်အတွက် ဤစာတမ်းကို ပြုစုရခြင်းဖြစ်ပါသည်။ ဝတ္ထုတိုများသည် တစ်ကွက်ကောင်းနှင့် မိမိဆိုလိုချင်သည်ကို စာဖတ်သူထံ အရောက်ပို့ရသည့်အတွက် အဆုံးသတ်သည့်အပိုင်းသည် အလွန်အရေးကြီးပါသည်။ ထို အရေးကြီးသည့် အပိုင်းကို ဖော်ထုတ်ရန် "ဝတ္ထုတိုများ၏ နိဂုံးတို့သည် ဝတ္ထုတိုလေ့လာမှုတွင် အရေးပါ ပါသလား" ဟူသော သုတေသနမေးခွန်း ထွက်ပေါ်လာပါသည်။ ထိုသုတေသနမေးခွန်းအရ "နိဂုံးတွင် အာဘော်ကို ဖော်ဆောင်နိုင်ခြင်းရှိ မရှိ"ဟူသော သုတေသနပြဿနာ ထွက်ပေါ်လာပါသည်။ ထိုပြဿနာကို အဖြေရှာရန်အတွက် ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသနနည်းနာများကို အခြေခံကာလေ့လာ ဖော်ထုတ်သွားမည် ဖြစ်ပါသည်။

## စာရေးသူ၏ အတ္ထုပ္ပတ္တိအကျဉ်း

အမည်ရင်းမှာ ဦးမြင့်သိန်းဖြစ်သည်။ အဖ ဦးသောင်းနှင့် အမိ ဒေါ်ခင်မေတို့မှ ၁၉၅၃ ခုနှစ်တွင် မန္တလေးမြို့၊ စတီးဝန်းရပ်၌ မွေးဖွားခဲ့သည်။ မွေးချင်း(၄)ယောက်တွင် ဒုတိယမြောက်ဖြစ်သည်။ မန္တလေး

[၁] မြန်မာစာဌာန၊ မန္တလေးတက္ကသိုလ်

တက္ကသိုလ်၊ မကွေးတက္ကသိုလ်၊ တောင်ကြီးတက္ကသိုလ်တို့တွင် ဓာတုဗေဒဌာန သရုပ်ပြ၊ လက်ထောက်ကထိက၊ ကထိကတာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် စာပေလောကထဲသို့ ရောက်ရှိခဲ့ပြီး မဂ္ဂဇင်းဝတ္ထုတိုများကို စတင်ရေးသားခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် 'စိတ်ကူးနဲ့ဘုရားတည် ကောင်းမှုတော်ထက် မငယ်နိုင်ပေါင်နှင့် ဝတ္ထုတိုစု' စာအုပ်ဖြင့် တော်ဘုရားကလေးဝတ္ထုတိုဆုကို ရရှိခဲ့ပါသည်။ ၂၀၁၉ ခုနှစ် အသက်(၆၆)နှစ်တွင် တောင်ကြီးမြို့၌ ကွယ်လွန်ခဲ့သည်။

**ဝတ္ထုတိုသဘောသဘာဝ**

ဝတ္ထုသည် ရသစာပေဖြစ်သည်။ ဝတ္ထုတွင် ဝတ္ထုတို၊ ဝတ္ထုလတ်၊ ဝတ္ထုရှည်ဟူ၍ တွေ့ရပါသည်။ ဝတ္ထုတို၏ သဘောသဘာဝနှင့် ပတ်သက်၍ ပညာရှင်အသီးသီးက အမျိုးမျိုးကြံဆခဲ့ကြပါသည်။

ဒဂုန်တာရာ(၁၉၆၇)က **"ဝတ္ထုရှည်မှာမူ အလုံးအရင်း အင်အားဖြင့် ထိုးနှက်သော တပ်မဟာကြီးဖြစ်သည်။ ဝတ္ထုတိုသည်ကား ပြောက်ကျားတပ်ဖြစ်သည်။ တစ်နေရာရာကိုကွက်ကာ တိုက်ခိုက်လေသည်။"**(စာ ၂၇၈)ဟူ၍ ဆိုထားရာ တင်ပြနည်းနှင့်ပတ်သက်၍ တစ်ကွက်ကောင်းကိုသာ တင်ပြတတ်ရန်လို ကြောင်း ပြောထားခြင်းဖြစ်သည်။ တက်တိုး(၁၉၆၅)က

> **ဝတ္ထုတို၌ကား စာရေးဆရာသည် ကလောင်ဆန့်၍မရနိုင်ပေ။ ဝတ္ထုတိုသည် တိုရှုံ့သာမကသိပ်သည်းရမည်။ အကွက်စေ့ရမည်။ အရေးအသားသပ်ရပ်ပိရိ၍ အဓိပ္ပာယ်သည် ဖော်ပြသည်ထက်ပို၍ သက်ရောက်ရမည်။ ထို့ကြောင့် ဝတ္ထုအရေးအသားသည်ခက်သည်။ လက်ဝင်သည်ဟု ဆိုခြင်းဖြစ်သည်။ ဆိုသည့်အတိုင်းပင် ဝတ္ထုတို၌ ဖတ်၍ အားရခြင်းသည်ပင်လျှင် ဂုဏ်အင်္ဂါတစ်ရပ်ဖြစ်နိုင်ပေသည်။**(အမှာစာ)

ဟူ၍ အကွက်စေ့စေ့နှင့်တင်ပြရပုံကို ဖော်ပြထားပါသည်။

ထို့ပြင် ကျော်အောင်(၂၀၀၁)က **"ဝတ္ထုတိုဆိုသည်မှာ လူ့ဘဝအဆစ်အပိုင်းတစ်ခု၏ ဘဝတစ်ကွေ့ကွေ့ကိုလည်း ပြောပြနိုင်သည်ဖြစ်ရာ ဇာတ်လမ်းအသားပေးထက် စရိုက်အဖွဲ့ကို အလေးပေးလာသည့် သဘောပင်ဖြစ်သည်"**(အမှာစာ)ဟု မိန့်ဆိုထားရာ ဝတ္ထုတိုသဘောသည် ဇာတ်လမ်းသဘောထက် ဇာတ်ဆောင်၏စရိုက်ကို ဦးစားပေးသည့်သဘောကို ထင်ဟပ်ပြနေသည်။ မင်းယုဝေ(၁၉၇၉)က

> **ဝတ္ထုတိုတွင် အဖြစ်အပျက်သည် အဓိကမဟုတ်၊ စာရေးဆရာ၏ တင်ပြလိုချက်၊ ဆိုလိုချက်သာလျှင် အဓိကဖြစ်သည်။ စာရေးဆရာသည် စာဖတ်သူအာရုံကျက်စားစေလိုသော သဘောတစ်ရပ် အချက်တစ်ချက် သုံးသပ်ချက်တစ်ရပ်ကို မူတည်ပြီးလျှင် ယင်းလိုအပ်ချက်သို့ ရောက်အောင် သဘောပေါ်လွင်အောင် အဖြစ်အပျက်များကို ဖန်တီးရမည်**(စာ ၁၆၆)

ဟူ၍ ဆိုထားပါသည်။

ထို့ကြောင့်အထက်ပါပညာရှင်တို့၏ ဖွင့်ဆိုချက်များကို အခြေခံ၍ဝတ္ထုတိုဆိုသည်မှာ အကြောင်းအရာတစ်ခုအဖြစ်အပျက်တစ်ခုကို အခြေခံပြီး ဒိဋ္ဌဓမ္မလူ့လောကကို ထင်ဟပ်ကာ အတိုတောင်းဆုံး

အချိန်အတွင်း အနည်းဆုံးဇာတ်ဆောင်တို့ဖြင့် စာဖတ်သူထံသို့ စာရေးသူ၏အာဘော်ကို ထိမိပေါ်လွင်သည့် အရေးအသားဖြင့် တင်ပြရသော ရသစာပေပင် ဖြစ်သည်ဟု ဆိုချင်ပါသည်။

**နိဂုံးပိုင်းသဘောသဘာဝ**

စာရေးသူတို့သည် မိမိတို့တင်ပြထားသော စာများ(ဝတ္ထု)များကို ပုံစံအမျိုးမျိုးဖြင့် အဆုံးသတ်လေ့နိဂုံးချုပ်လေ့ရှိကြပါသည်။ ထိုသို့နိဂုံးချုပ်ပုံသဘောသဘာဝများကို မောင်ခင်မင်(ဓနုဖြူ)(၂၀၀၉)၏ စကားပြေသဘောတရား၊ စကားပြေအတတ်ပညာစာအုပ်တွင်

> **အကျိုးတရားကို ဖော်ပြ၍ နိဂုံးချုပ်ပုံမျိုး၊ တစ်ချိန်လုံး လှုပ်ရှားနေရာမှ ဖြုန်းခနဲ တိတ်ဆိတ်သွားသည့် ခံစားမှုမျိုးဖြစ်ပေါ်စေသည့် နိဂုံးချုပ်ပုံမျိုး၊ ဆိုလိုချက်ကို လေးနက်သည်ထက် လေးနက်အောင်စာဟန်ဖြင့် အလေးပေးနိဂုံးချုပ်ပုံမျိုး၊ လမ်းညွှန်ချက်ဖြင့် နိဂုံးချုပ်ပုံမျိုး၊ အရေးကြီးသည့်အချက်ကို နောက်ဆုံးကျမှ ဖော်ပြပြီးနိဂုံးချုပ်ပုံမျိုး** (စာ ၁၈၄)

ဟူ၍ ဖော်ပြထားသည်ကို တွေ့နိုင်ပါသည်။ ထို့ကြောင့် ယခုလေ့လာမည့် စာတမ်းတွင် ဝတ္ထုတိုများသည် မည်သည့်နိဂုံးဖြင့် အဆုံးသတ်ထားသည်ကို လေ့လာတင်ပြထားပါသည်။

ထို့ပြင် မောင်ခင်မင်(ဓနုဖြူ)က နိဂုံးပိုင်းသည် စာကို အနားသတ်ပေးသည့်အပိုင်းဖြစ်ကြောင်း၊ စာတစ်ပုဒ်လုံး၏ ဆိုလိုချက်ကို ပွဲတင်ထပ်ပေးရသည့် အပိုင်းဖြစ်ကြောင်းတို့ကိုလည်း ဆက်လက်ဖော်ပြထားပါသည်။ ထို့နောက် **"နိဂုံးပိုင်းကို ဖတ်ပြီးနောက် စာဖတ်သူ၏ အာရုံထဲတွင် စာတစ်ပုဒ်လုံး စည်းစည်းလုံးလုံး ကျန်ခဲ့လျှင်ထိုနိဂုံးသည် နိဂုံးကောင်းပင်ဖြစ်သည်ဟု သဘောရပါသည်"**(ခင်မင်၊ ၂၀၀၉၊ စာ ၁၈၄) ဟူ၍ စာအဆုံးသတ်ပုံသည် စာဖတ်သူစိတ်ထဲ၌ စည်းစည်းလုံးလုံးကျန်ခဲ့လျှင် နိဂုံးကောင်းဖြစ်ကြောင်း ဆိုထားပါသည်။

တစ်ဖန် ဝတ္ထုတိုနိဂုံးပိုင်းနှင့်ပတ်သက်၍ သူရိယကန္တိ(၁၉၆၇)က ဝတ္ထုရေးလိုသော်စာအုပ်တွင် **"ဝတ္ထုတိုများမှာ...ဝတ္ထု၏ နောက်ဆုံးအပိတ်စလောင်းဖုံးမှာလည်း ပြော်ကောင်းလေစွဟု ဆိုလောက်သော အခြေရှိသဖြင့်"**(စာ ၂၈၉)ဟူ၍ ဝတ္ထုတိုတွင် အဆုံးသတ်ကောင်းရန်လိုကြောင်း ဆိုထားပါသည်။ ထို့ပြင်

> **ဝတ္ထုတိုတစ်ပုဒ်ကို ရေးသားရာ၌ ၎င်း၏အဆုံးသည်အရေးကြီး၏ အဘယ်ကြောင့်ဟူမူ ဝတ္ထုတစ်ပုဒ်လုံးသည် အဆုံးကို အမှီပြု၍ ၎င်း၏ကောင်းခြင်း မကောင်းခြင်းကို လိုက်လျောလျက် ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်းကိုခံရ၏။ ဝတ္ထုကိုဖတ်ရှုပြီးဆုံးသည်နှင့် ဖတ်ရှုသူ၏စိတ်နှလုံးဝယ် ရသ(၉)မျိုးရှိသည့်အနက် တစ်မျိုးမျိုးကိုခံစားလျက် ကျန်ခဲ့စေနိုင်သော သတ္တိထူးရှိမှသာလျှင် ဝတ္ထုကောင်းဟု ဆိုနိုင်သည်။** (စာ ၁၅၆)

ဟူ၍ဝတ္ထုတစ်ပုဒ်ကောင်းခြင်းမကောင်းခြင်းကို ဝတ္ထုအဆုံးသတ်ကိုကြည့်၍ ဆုံးဖြတ်နိုင်ကြောင်းဖော်ပြထားပါသည်။ ဝတ္ထုတစ်ပုဒ်တွင် အဆုံးသတ်ကောင်းပြီး ရသတစ်မျိုးမျိုး ပေးနိုင်လျှင်ဝတ္ထုကောင်းဖြစ်ကြောင်းလည်း တစ်ပါတည်းဖော်ပြထားပါသည်။ တစ်ဖန်ကျော်အောင်(၁၉၉၀)က ကိုရီးကွန့်ဝတ္ထုတို

များ-၂ စာအုပ်တွင် “**ဝတ္ထုဆုံးခါနီးတွင် စာရေးဆရာ အဓိကပြောလိုသည့်အချက်ကို ပြောပြရ မည်**” (စာ ၁၆)ဟူ၍ စာရေးသူ၏ အဓိကအာဘော်ကို အဆုံးသတ်တွင် ဖော်ပြအသိပေးရန်လိုကြောင်း ဆိုထား ပါသည်။ ဆက်လက်ပြီး စိုးရွှေစင်(၂၀၁၅)က ဝတ္ထုတိုသဘောတရား ဝတ္ထုတိုအတတ်ပညာစာအုပ်တွင်

> **ဝတ္ထုပြီးဆုံးသွားသည့်တိုင် စာဖတ်သူ၏စိတ်ထဲ၌ ပြီးပြီးရောပျောက်ပျက်မသွားဘဲ နှစ်သက်မှု တစ်စုံတစ်ခုနှင့်ယှဉ်သော တွေးစရာ၊ ဝေဖန်စရာ၊ ဆန်းစစ်စရာကျန်ရစ် စေခဲ့သည့် နိဂုံး အဆုံးသတ်ပုံမျိုးဖြစ်ဖို့လိုပါသည်။**(စာ ၆၅)

ဟူ၍ စာတစ်ပုဒ်ပြီးဆုံးသွားလျှင် စာဖတ်သူတွင် တွေးတောဆင်ခြင်စရာများ ကျန်ရစ်ခဲ့ရန် လိုကြောင်း တင်ပြထားပါသည်။ ထို့ကြောင့်ပညာရှင်များက **“ဝတ္ထုအဆုံး စာဖတ်သူအစ”**ဆိုစမှတ်ပြုခဲ့ကြခြင်း ဖြစ်ပါသည်။ ထို့ပြင်အင်္ဂလိပ်စာရေးဆရာ နေသန်နီယယ်တာဝါ(Nathaniel Tower)က ဝတ္ထုအဆုံး သတ်ရာတွင် လိုအပ်သည့်အချက်များနှင့်ပတ်သက်၍ How to End a Short Story Tips For a Compelling Conclusion တွင်

> **အခြေခံအားဖြင့် စာရေးဆရာတစ်ယောက်အနေဖြင့် သင့်ဝတ္ထုတိုကို သင်ကြိုက် သလို အဆုံးသတ်နိုင်ပါသည်။ ဆိုလိုသည်မှာ စာရေးဆရာများ ရွေးချယ်နိုင်သော အဆုံးသတ် ပုံစံအမျိုးမျိုးရှိပါသည်။ ယခုနည်းများမှာ အသုံးများသော ပုံစံအချို့ ဖြစ်ပါသည်။**
>
> **ဆုံးဖြတ်ချက် ခိုင်မာခြင်း - ဤအဆုံးသတ်ပုံမျိုး၌ ဇာတ်ဆောင်သည် ဇာတ်လမ်းကိုဖြစ် စေသော ပဋိပက္ခသို့မဟုတ် ပြဿနာကိုပြန်လည်ဖြေရှင်းသည်။ ထိုအဆုံးသတ်မျိုး သည် ဖြေရှင်းမှုပုံစံ ဖြစ်ပြီး စာဖတ်သူကို စိတ်ကျေနပ်မှု ပေးနိုင်ပါသည်။**
>
> **လှည့်ကွက်- ဤအဆုံးသတ်မျိုးသည် အံ့သြဖွယ်နည်းဖြင့် စာဖတ်သူ၏အမြင်ကို ပြောင်းလဲစေသည်။ လှည့်ကွက်အဆုံးသတ်တစ်ခုသည် မည်ကဲ့သို့ ကောင်းကောင်း ဖန်တီးမှုပေါ်မူတည်၍ စာဖတ်သူကို ရှော့ခ်ရစေခြင်း၊ စိတ်ကျေနပ်စေခြင်း သို့မဟုတ် စိတ်ပျက်စေခြင်း ဖြစ်စေပါသည်။**
>
> **အဖွင့်ပုံစံ- ဤအဆုံးသတ်မျိုးသည် ဇာတ်လမ်း၏ ပဋိပက္ခဖြေရှင်းမှုကို မပြုလုပ်ဘဲ၊ မဖြေရှင်းဘဲ ချန်ထားခဲ့ခြင်းမျိုးဖြစ်သည်။ ၎င်းသည် မရေရာသော စိတ်ခံစားမှု သို့မဟုတ် ဇာတ်လမ်းအကြောင်းအရာကို စာဖတ်သူကိုယ်တိုင် ဖြေရှင်းရန် တွန်းအား ပေးရာ၌ အကျိုးသက်ရောက်မှု ရှိပါသည်။** (2023, google.com)

ဟူ၍ ဝတ္ထုအဆုံးသတ်ပုံများနှင့်ပတ်သက်၍ တင်ပြထားပါသည်။

ထိုသို့အထက်ပါပညာရှင်များ၏ နိဂုံးပိုင်းဖွင့်ဆိုချက်များကို အခြေခံကာဝတ္ထုတစ်ပုဒ်၏ နိဂုံးပိုင်း သည် စာဖတ်သူ၏စိတ်ကို စုစည်းထိန်းကွပ်ပေးနိုင်ပြီး နှစ်သက်မှုပေးနိုင်သည့် အဆုံးသတ်မျိုး ဖြစ်ရမည် ဟု ဆိုနိုင်သည်။ အထက်ပါပညာရှင်တို့၏ ဖွင့်ဆိုချက်များထဲမှ

၁။ စာဖတ်သူ၏ အာရုံထဲတွင် စာတစ်ပုဒ်လုံး စည်းစည်းလုံးလုံး ကျန်ခဲ့စေသောနိဂုံး

၂။ ဖတ်ရှုသူ၏ စိတ်နှလုံးဝယ် ရသ တစ်မျိုးမျိုးကို ခံစားလျက် ကျန်ခဲ့စေနိုင်သောနိဂုံး

၃။ စာရေးဆရာ အဓိကပြောလိုသည့်အချက်ကို ပြောသောနိဂုံး

၄။ စာဖတ်သူထံတွင် နှစ်သက်မှုနှင့်အတူ တွေးစရာ၊ ဝေဖန်စရာ၊ ဆန်းစစ်စရာကျန်ရစ်စေခဲ့သည့် နိဂုံး

ဟူသော အချက်များနှင့် ကိုချစ်၏ ဝတ္ထုတို (၅)ပုဒ်ကို လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။

**ဝတ္ထုတိုများ၏ ဇာတ်လမ်းအကျဉ်းနှင့် ဦးတည်ချက်**

**၁။ သူငယ်နာဝတ္ထုတို ဇာတ်လမ်းအကျဉ်းနှင့် ဦးတည်ချက်**

မြင်းခြံခရိုင် ကုက္ကဲရွာရှိ ဖိုးထီသည် ပညာသင်ရမည့်အရွယ်တွင် နွားကျောင်းခဲ့ရသည်။ ထို့နောက် ကျောင်းတက်ချင်သည့် ဖိုးထီကျောင်းမတက်ရဘဲ မြို့တက်ကာ လက်ဖက်ရည်ဆိုင်တွင် စားပွဲထိုးလုပ်ခဲ့ရသည်။ ဖိုးထီသည် သူ၏ညီမဖြစ်သူကိုတော့ ကျောင်းထားရန် အဖိုးအားမှာခဲ့သည်။ ပထမ လက်ဖက်ရည်ဆိုင်တွင် တစ်လနှစ်လ အသားမကျသော်လည်းနောက်တွင် ကျွမ်းကျင်လာခဲ့သည်။ ကျွမ်းကျင်ပြီး မကြာမီအချို့စုံပန်းကန်များကျကွဲ၍ ဆိုင်ရှင်၏ ဆဲရေးတိုင်းထွာမှု တီးဆရာ၏ အနိုင်ကျင့်မှုတို့ကြောင့် ဖိုးထီ အလျော်ပေးကာ အလုပ်ထွက်ခဲ့သည်။ ထို့နောက် နောက်တစ်ဆိုင်သို့ ရောက်ခဲ့ သည်။ ထိုဆိုင်တွင် စားပွဲထိုးလုဆောင်၊ ဆိုင်ရှင်၏ သားမိုးဝင်းကျော်တို့နှင့် ရင်းနှီးခဲ့ရသည်။ မိုးဝင်းကျော်သည် ပညာသင်ခွင့်ရသော်လည်း ဂိမ်းဆိုင်သွားရန် ကျောင်းလစ်ပြီး တစ်ခါတစ်ရံဆိုင်က ပိုက်ဆံများကို ခိုးတတ်သူဖြစ်သည်။ တစ်ရက်တွင် မိုးဝင်းကျော်က မာလဘိုနှစ်တောင့်ကိုခိုးကာ ဖိုးထီလွယ်အိတ်ထဲသို့ထည့်ခဲ့ရာ ဖိုးထီကို သူခိုးဟုစွပ်စွဲကာ အလုပ်ထုတ်လိုက်ကြသည်။ ဖိုးထီသည်အဖြစ်မှန်ကိုသိသော်လည်း သူငယ်ချင်း မိုးဝင်းကျော် အရိုက်ခံမည်စိုးကာ ဖွင့်မပြောခဲ့ပေ။ လုဆောင်သည် ဖိုးထီဘက်မှ မခံနိုင်ဖြစ်ကာ နှစ်ယောက်အတူ အလုပ်ထွက်ခဲ့ကြသည်။ ဝတ္ထုအဆုံးတွင် ဖိုးထီတို့သည် လမ်းပေါ်တွင်ရပ်ရင်း ဘယ်သို့သွား၍ ဘာလုပ်ရမည်ကို မသိအောင်ဖြစ်မိပုံဖြင့် ဇာတ်လမ်းကို အဆုံးသတ်ထားသည်။

ဦးတည်ချက်မှာ ပညာကိုလိုလားသော်လည်း ပညာသင်ခွင့်မရသော ကလေးများ၏ဘဝနှင့်ပညာသင်ခွင့်ရသော်လည်း ပညာကို တန်ဖိုးထား မသင်ယူသော ကလေးများ၏ ဘဝကိုသိရှိနားလည်စေရန် ဖြစ်ပါသည်။

**၂။ ကျွဲရိုင်းဝတ္ထုတို ဇာတ်လမ်းအကျဉ်းနှင့် ဦးတည်ချက်**

ဘုတ်မအမေသည် အဖမဲ့ဘုတ်မတို့မောင်နှမနှစ်ယောက်ကို ဈေးရောင်းကာ ပညာသင်ပေးခဲ့သည်။ ဘုတ်မသည် လေးတန်းအောင်သည်အထိ ဖိနပ်တစ်ခါမျှ မစီးခဲ့ရပေ။ မောင်လေးသည် မလိမ္မာ၍ အမေက ကျောင်းနှုတ်ကာ ကိုရင်ဝတ်ပေးခဲ့သည်။ ဘုတ်မခြောက်တန်းတွင် အမေသွေးဆုံးကိုင်၍ အိပ်ရာထဲလဲခဲ့ရာ ဘုတ်မဈေးရောင်းပြီး အမေ့ကို ရှာကျွေးခဲ့သည်။ သို့သော် စားနိုင်ရုံသာပိုက်ဆံရခဲ့သည်။ ထိုအခါ မန်ကျည်းပင်တကာတက်၍ မန်ကျည်းရွက်ခူးရောင်းခဲ့သည်။ တစ်နေ့ အမေသည် သူ့ခုံဖိနပ်လေး

ပြတ်သွား၍ ဘုတ်မထံမှ ရာဘာဖိနပ်လေး ငှားစီးခဲ့သည်။ ဘုတ်မ စီးထားသည့် ရာဘာ ဖိနပ်မှာ ခြောက်တန်းနှစ် ဆယ်နှစ်သမီးအရွယ်က ဖိနပ်ဖြစ်သည်။ ထိုဖိနပ်သည် ဘုတ်မ ဆယ့်ငါး နှစ်ထဲရောက်၍ ဖနောင့်နေရာတွင် မရှိတော့ပေ။ သုံးနှစ်တာကာလတွင် ကြိုးပြောင်း၍ လဲစီးခဲ့ရသည်။ တစ်ရက်တွင် ဘုတ်မသူငယ်ချင်း အေးဆောင်က သူ့အလုပ်ရှင်သမီး၏ ကျွဲရိုင်းဖိနပ်အကျလေး ယူလာ ကာ ဘုတ်မကို လက်ဆောင်ပေးခဲ့သည်။ ဘုတ်မသည် ထိုဖိနပ်လေးကို မြတ်နိုးသည့်အတွက် အမေသီလယူသွားရာပင် မပေးလိုက်ပေ။ မန်းကျည်းရွက်ခူးရင်းအထတွင် ဖိနပ်ကလေးက မန်ကျည်းကိုင်းနှင့်ငြိကာ ချိတ်နေခဲ့ သည်။ လှမ်းယူစဉ်ကိုင်းခါကာ ဖိနပ်လေးအောက်သို့ ပြုတ်ကျခဲ့သည်။ အောက်တွင်ခွေးများက တစ်စစီ ကိုက်အဆွဲ ဘုတ်မခွေးမောင်းရင်း အားလွန်ကာ မန်ကျည်းပင်ထက်မှ ပြုတ်ကျသေဆုံးခဲ့ရပုံဖြင့် ဇာတ်လမ်းကို အဆုံးသတ်ထားပါသည်။

ဦးတည်ချက်မှာ လောကတွင် ဖိနပ်ကလေးတစ်ရန်အတွက် အသက်ဆုံးရှုံးခဲ့ရဖူးသည့် အခြေခံ လူတန်းစားတို့၏ ဘဝကို စာနာနားလည်စေလိုခြင်းဖြစ်ပါသည်။

## ၃။ ရွယ်လွန်အတ္တကြိုးဝိုင်းဝတ္ထုတို ဇာတ်လမ်းအကျဉ်းနှင့် ဦးတည်ချက်

ဒေါ်ခင်မေသည် စီးပွားရေးကောင်းမွန်သော အသက်(၇၅)နှစ်အရွယ် မုဆိုးမအဖွားကြီးဖြစ်သည်။ ဒေါ်ခင်မေသည် မနက်အိမ်မှုကိစ္စ ဆွမ်းကိစ္စများ ဆောင်ရွက်ပြီးသည်နှင့် သနပ်ခါးခြေဆုံးခေါင်းဆုံး လိမ်းကာ အဝတ်အစားသပ်သပ်ရပ်ရပ်နှင့် ရွှေအင်ပင်တရားရိပ်သာသို့ မနက် ၉ နာရီမှ ညနေ၅နာရီထိ သွားလေ့ရှိသည်။ ဒေါ်ခင်မေသည် တတိယအရွယ်ကို တရားဓမ္မနှင့် အေးအေးဆေးဆေးဖြတ်သန်းနေ ချိန်တွင် မောင် ဦးရွှေဆန်းနှင့် ညီမဒေါ်ခင်ထွေးတို့ ရေပြဿနာသည် မထင်မှတ်ပဲပေါ်လာသည်။ ထိုရေပြဿနာမှတစ်ဆင့် မိသားစုအမွေပြဿနာသို့ ဦးတည်ခဲ့သည်။ အမွေပြဿနာတွင် ဒေါ်ခင်မေနှင့် ဦးရွှေဆန်းတို့ကတစ်ဖက် ဦးရွှေသန်း၊ ဒေါ်ခင်ထွေးနှင့် ဆွေဆွေတို့ကတစ်ဖက် အမှုဖြစ်ကြသည်။ အမှုဖြစ်ရာတွင် နိုင်ရာနိုင်ကြောင်းကို ရှာကြသည့်အခါ မောင်နှမချင်း ငယ်ကျိုးငယ်နာများကို ဖော်ကြ သည်။ ထိုအချိန်တွင် အစ်မများကို တည်ပေးပြီး ကိုယ်ကျိုးစီးပွားရှာသူလည်းရှိသည်။ နောက်ဆုံးတွင် ညီအစ်မအချင်းချင်း အမှုရင်ဆိုင်နေရသော်လည်း ရိပ်သာသွားရာတွင် ချွေးမဖြစ်သူကို ဒေါ်ခင်မေက ညီမအတွက်ပါ ဟင်းထည့်ခိုင်းပုံဖြင့် ဇာတ်လမ်းကို အဆုံးသတ်ထားသည်။

ဦးတည်ချက်မှာ အမွေသည် မွေတတ်ပြီး အမွေကြောင့် ဖြစ်လာသောအတ္တသည် လူ့စိတ်ကို ပြောင်းလဲစေတတ်ရုံသာမက မောင်နှမသံယောဇဉ်ကိုပါ ပြတ်စေတတ်ကြောင်း သိရှိစေလိုခြင်းဖြစ်ပါ သည်။

## ၄။ တံလှပ်တောအလယ်ဝတ္ထုတို ဇာတ်လမ်းအကျဉ်းနှင့် ဦးတည်ချက်

တံလှပ်တောအလယ်ဝတ္ထုတွင် ဖိုးကိုနှင့် သောင်းမြိုင်သည် ရေခဲချောင်းရောင်းကာ အသက် မွေးသူများဖြစ်သည်။ ဖိုးကိုသည် မြနုနှင့်လက်ထပ်ပြီး သားသုံးယောက်မွေးထားသူဖြစ်သည်။ အိမ်ရှင် ဒေါ်အေးရင် အိမ်တွင် အိမ်ငှားနေသည်။ အိမ်ရှင် ဒေါ်အေးရင်ကမူ အိမ်လခများ မပေးနိုင်သည့် ဖိုးကိုတို့ မိသားစုကို အခြားနေရာရှာရန် ပြောခဲ့သည်။ ဖိုးကိုတို့ ရေခဲချောင်းသည်များသည် နေပူကိုကြောက်နေ၍ မရပေ။ နေပူလေ ရောင်းကောင်းလေဖြစ်သည်။ သောင်းမြိုင် ပြောစကားအတိုင်း သူများပူမှ သူတို့အေး

ရမည့် ဘဝအခြေအနေမျိုးဖြစ်သည်။ တစ်ရက်တွင် ကန်စွန်းရွက်ကြော်၊ ငံပြာရည်ဖျော်နှင့် ပဲကြားလှော် သာပါသော ဖိုးကိုတို့ ထမင်းဝိုင်းလေးသည် ကြက်သားစားချင်သော အငယ်ဆုံးသား ထွန်းထွန်း၏ ဂျစ်တိုက်မှုကြောင့် ပျက်စီးခဲ့ရသည်။ တစ်ရက်တွင် မန္တလေးမြို့၌ မီးအကြီးအကျယ် လောင်ခဲ့ရာ ဖိုးကိုတို့ အိမ်လေးလည်း မီးထဲပါသွားခဲ့သည်။ ဤတွင် မီးဘေးရှောင်သည့် ဘုန်းကြီးကျောင်းတွင် ထမင်းဘူးများ လာဝေရာ ကြက်သားဟင်း၊ ငါးဟင်းများ ပါသောကြောင့် ဖိုးကို၏ကလေးများ ပျော်ရွှင်နေကြသည်။ ဖိုးကိုနှင့်မြနုကမူ မီးဘေးသင့်များကိုပေးမည့် လယ်မြေကွက်များကို စိတ်ကူးထဲပုံဖော်ကြည့်ရင်း မျက်ရည်ကျမိပုံဖြင့် ဇာတ်လမ်းကို အဆုံးသတ်ထားပါသည်။

ဦးတည်ချက်မှာ မီးဘေးအန္တရာယ်သည် ရန်သူမျိုးငါးပါးတွင် ပါသည့်အတွက် ဂရုပြုသင့်ပုံနှင့် အန္တရာယ်ဆိုသော်ငြား သူများပူမှဝမ်းအေးရသည့်ဘဝများလည်းရှိကြောင်း တင်ပြလိုရင်းဖြစ်ပါသည်။

**၅။ သမိုင်းဦး ဝေဒနာဝတ္ထုတို ဇာတ်လမ်းအကျဉ်းနှင့် ဦးတည်ချက်**

ထွေးမောင်ဇာတိသည် ပခုက္ကူရှိ ရွာတစ်ရွာဖြစ်သည်။ ကျောင်းထွက်ပြီး မန္တလေးသို့တက်ကာ ဒေးဝန်းရပ်တွင် နေထိုင်ပြီး ကားဂိတ်များတွင် မုန့်စုံလိုက်ရောင်းသည့်အလုပ်ကို လုပ်ခဲ့သည်။ ထွေးမောင် ဈေးရောင်းရင်း မိုးရိပ်များမြင်၍ အိမ်တွင်ကျန်ခဲ့သည့် သွေးနုနုနှင့် ဇနီးသည်ထံစိုးရိမ်ကာ အပြေးပြန်ခဲ့သည်။ ထို့နောက် နုရီနှင့်ထွေးမောင် တွေ့ဆုံခဲ့ပုံများကို ထွေးမောင်ပြန်သတိရမိသည်။ ထွေးမောင်သည် မြို့ရောက်ပြီး ၃ နှစ်အကြာ ရတနာ့ဂူပွဲတွင် နုရီနှင့်တွေ့ခဲ့သည်။ နုရီသည် မြင်းညိုဆေးလိပ်ခုံမှ ဆေးလိပ်သမတစ်ဦးဖြစ်သည်။ နုရီကိုဆေးလိပ်လိပ် သင်ပေးသူ အပျိုကြီးမအုန်း၏ ကျေးဇူးဖြင့် ထွေးမောင်နှင့်နုရီ ချစ်သူဖြစ်ခဲ့သည်။ ထွေးမောင်နှင့် နုရီသည်ချိန်းတွေ့ရာမှ လူမိသွားပြီး ဝါကျွတ်တွင် လူကြီးစုံရာနှင့် မင်္ဂလာဆွမ်းကျွေးခဲ့သည်။ ထွေးမောင်သည် နုရီတို့ရောက်ပြီး မကြာမီနုရီဖခင်ဆုံးသည်။ ထွေးမောင် ရောက်ပြီးနောက် မိုးမလုံသောနုရီတို့ အိမ်ခေါင်ကို မိုးနိုင်ဖို့ ကြိုးစားခဲ့သော်လည်း ဒီတစ်သက် မိုးနိုင်ဖို့ မလွယ်ဘူးဟုသာ ခပ်ရွတ်ရွတ် ပြန်ဖြေဖူးသည်များကို သတိရမိသည်။ ဈေးရောင်းပြန်လာသော ထွေးမောင်ကို နုရီကမိုးရွာတော့မည့်အကြောင်းပြောရာ ထွေးမောင်က ကုတင်ပေါ်တွင် ပေါင်းမိုးတစ်ခု အမြန်လုပ်လိုက်ရပုံ၊ ငယ်စဉ်က လှည်းပေါင်းမိုးပေါ် ချိန်းတွေ့စဉ် လူမိသွားပုံနှင့် ကမ္ဘာဦးလူများ အိမ်နှင့်ရာနှင့် နေထိုင်တတ်အောင် ဘယ်သူက စသင်ပေးလိုက်သလဲဟု တွေးမိပုံဖြင့် ဇာတ်လမ်းကို အဆုံးသတ်ထားပါသည်။

ဦးတည်ချက်မှာ နေစရာအတွက် ပူပန်နေရသည့် အခြေခံလူတန်းစားတို့၏ ဘဝကိုသိရှိစေလိုခြင်းဖြစ်ပါသည်။

**စာပေလေ့လာဆန်းစစ်ချက်**

ဤအခန်းတွင် မိမိလေ့လာထားသည့် စာတမ်းကို အထောက်အကူပြုစေသည့် စာအုပ်စာတမ်းများနှင့် ကျမ်းများကို လေ့လာတင်ပြမည်ဖြစ်ပါသည်။

မောင်ခင်မင်(ဓနုဖြူ)(၂၀၀၉)၏ စကားပြေသဘောတရား စကားပြေအတတ်ပညာ စာအုပ်တွင် နိဂုံးချုပ်ရာ၌ လိုအပ်သောအချက်ကို ရှင်းလင်းတင်ပြထားသည့်အပိုင်းများ ပါဝင်သည့်အတွက် ဤစာတမ်းအတွက်များစွာ အသုံးဝင်ပါသည်။

ဦးမြင့်ကြည်(၂၀၁၁)၏ စာပေနှင့်ဂီတ ဂီတနှင့်စာပေစာအုပ်တွင် ဝတ္ထုဆိုင်ရာ နိဒါန်း၊ နိဂုံး ရေးသားပုံများနှင့် သုံးသပ်ချက်ဆိုင်ရာများကို အသေးစိတ် ရှင်းလင်းဖော်ပြထားပါသည်။ ထို့ကြောင့် ဤစာတမ်းအတွက် အထောက်အကူပြုသော စာအုပ်ဖြစ်ပါသည်။

သူရိယကန္တီ(၂၀၁၆)၏ ဝတ္ထုရေးလိုသော် စာအုပ်တွင် ဝတ္ထုအဆုံးသတ်ပုံအရေးကြီးကြောင်းကို တင်ပြထားပါသည်။ ဝတ္ထုအဆုံးသတ်ပုံနှင့်ပတ်သက်၍ ဤစာတမ်းအတွက် အထောက်အကူပြုပြီး အသုံးဝင်ပါသည်။

၂၀၀၇ ခုနှစ်တွင် ပါရဂူဘွဲ့အတွက် မသီတာအေး တင်သွင်းသော “**သော်တာဆွေ၏ စာပေဆုရ ဝတ္ထုတိုများမှ ဝတ္ထုတိုဖန်တီးမှုအတတ်ပညာ”**ကျမ်းသည် ဇာတ်လမ်းဖန်တီးမှု၊ ဇာတ်ဆောင်ဖန်တီးမှု၊ နောက်ခံဝန်းကျင်ဖန်တီးမှုတို့ကို လေ့လာတင်ပြထားရာ မိမိစာတမ်းအတွက် လိုအပ်သောတစ်စိတ် တစ်ဒေသကို လေ့လာနိုင်ခဲ့သည်။

၂၀၀၉ ခုနှစ်တွင် ပါရဂူဘွဲ့အတွက် မခင်အုန်းမြင့်တင်သွင်းသော “**ဖေမြင့်၏ ဝတ္ထုတိုများမှ ဝတ္ထုတိုဖန်တီးမှုအတတ်ပညာ**”ကျမ်းသည် ဇာတ်ဆောင်ဖန်တီးမှု၊ ဇာတ်လမ်းဖန်တီးမှု၊ နောက်ခံဝန်း ကျင်ဖန်တီးမှုတို့ကို အတတ်ပညာများနှင့် ခွဲခြားလေ့လာတင်ပြထားသည့်အတွက် မိမိစာတမ်းအတွက် လိုအပ်သော အချက်အလက် တစ်စိတ်တစ်ပိုင်း အထောက်အကူဖြစ်စေပါသည်။

၂၀၁၂ ခုနှစ်တွင် ပါရဂူဘွဲ့အတွက် ရန်ကုန်တက္ကသိုလ်တွင် မမီမီဝင်းမြ တင်သွင်းသော “**မစန္ဒာ၏ ဝတ္ထုတိုဖန်တီးမှုအတတ်ပညာ**” ကျမ်းသည် မစန္ဒာ၏ ဝတ္ထုတို(၁၄)ပုဒ်ကို ဝတ္ထုတို အမျိုးအစားများ ခွဲခြား တင်ပြထားသည်။ လူ့လောက၊ လူ့ဘဝတွင် သိမြင်ခံစားတွေးခေါ် ဆင်ခြင်သင့်သည့်အကြောင်းအရာများ ကိုစာဖတ်သူရင်ထဲတွင် စွဲကျန်ရစ်စေသည့် စာရေးသူ၏ ဝတ္ထုတိုဖန်တီးမှု အတတ်ပညာကို လေ့လာ ခွင့်ရခဲ့ပါသည်။

ဖော်ပြပါ စာအုပ်စာတမ်းများ၊ ပါရဂူကျမ်းများတွင်ပါသော အချက်အလက်များ၊ သဘောတရား များကို နည်းမှီ၍ မိမိလေ့လာသော စာတမ်းနှင့်သက်ဆိုင်သော အချက်များကို စုဆောင်းကာကိုချစ်၏ ဝတ္ထုတို(၅)ပုဒ် နိဂုံးပိုင်းကို လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။

## နည်းနာ

ဤစာတမ်းသည် ကိုချစ်၏ဝတ္ထုတို(၅)ပုဒ်နိဂုံးပိုင်းကို လေ့လာထားသောစာတမ်း ဖြစ်ပါသည်။ ဤစာတမ်းတွင် အသုံးပြုမည့် ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသနနည်းနာများကို လေ့လာတင်ပြ ပါမည်။

## ပညာရပ်ဆိုင်ရာနည်းနာ

ဤစာတမ်းတွင် ဝတ္ထုနိဂုံး၌ အာဘော်ကို ဖော်ဆောင်နိုင်သော ဝတ္ထုတို(၅)ပုဒ်ကိုသာ လေ့လာ တင်ပြမည်ဖြစ်သည်။ ရသစာပေဖြစ်သော ဝတ္ထုတိုများကို ဇာတ်လမ်း၊ ဇာတ်ဆောင်များဖြင့် ဦးတည်ချက် ရောက်အောင် ဖန်တီးပုံဖော်ရပါသည်။ စာရေးသူသည် မိမိပတ်ဝန်းကျင်လောကရှိ ဖြစ်ပျက်နေသော အဖြစ်အပျက်များ၊ အကြောင်းအရာများကို ဝတ္ထုတွင်အာဘော်အဖြစ် ထင်ဟပ်ရေးသားလေ့ရှိသည်။

စာရေးသူသည် ထိုအဖြစ်အပျက်၊ အကြောင်းအရာများကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ဇာတ်လမ်းဆင်ကာ အာဘော်ကို ဆက်စပ်တင်ပြလေ့ရှိသည်။ ထိုဇာတ်လမ်းတွင် ဝတ္ထုအဆုံးသတ်၌ စာဖတ်သူအား ကျေနပ်နှစ်သက်မှု ဖြစ်စေခြင်း၊ တွေးစရာပေးနိုင်ခြင်းတို့ ရှိမရှိကိုသိရှိစေရန် ဤစာတမ်းကို ပြုစုရခြင်းဖြစ်ပါသည်။ ဤစာတမ်းတွင် ကိုချစ်၏ဝတ္ထုတို(၅)ပုဒ်တွင် ဝတ္ထုလေ့လာမှုတွင် အရေးကြီးသော အဆုံးသတ်ဖြစ်စေရန် ဇာတ်လမ်းဆင်ထားပုံများကို နိဂုံးပိုင်းဆိုင်ရာနည်းများဖြင့် ချဉ်းကပ်လေ့လာ တင်ပြထားပါသည်။

## သုတေသနနည်းနာ

ဤစာတမ်းတွင် ဝတ္ထုတိုများ၏ ဝတ္ထုနိဂုံးဆိုင်ရာနည်းများဖြင့် ချဉ်းကပ်လေ့လာတင်ပြထားသည်။ အခြေခံသုတေသနအမျိုးအစား ဖြစ်ပါသည်။ အခြေခံသုတေသနကို ဒေါက်တာအောင်မြင့်ဦး (၂၀၁၈) က သုတေသနပဟုသည်စာအုပ်တွင် "**အခြေခံသုသေတနသည် အခြေခံအားဖြင့် အတွေးသစ်၊ အမြင်သစ်၊ အသိပညာတစ်ရပ်ရပ် တိုးပွားစေရန်အတွက် ပြုလုပ်သော သုတေသနအမျိုးအစား ဖြစ်သည်။**"(စာ ၅၅) ဟု ဖော်ပြထားပါသည်။ သုတေသနနည်းနာအနေဖြင့်ရှိပြီး အချက်အလက်များ အပေါ်အခြေပြုလေ့လာခြင်းကို အသုံးပြုထားပါသည်။ သုတေသနဒီဇိုင်းအနေဖြင့် ဖြစ်ရပ်တစ်ခုမှုတည် လေ့လာသည့်နည်းကို အသုံးပြုထားပါသည်။ ဤစာတမ်းတွင် ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသနဆိုင်ရာနည်းနာများကို အသုံးပြုကာ ဝတ္ထုတိုများတွင် အဆုံးသတ်ပုံ အရေးကြီးကြောင်းကို ဖော်ထုတ်တင်ပြထားပါသည်။

## လေ့လာတွေ့ရှိချက်

ဤစာတမ်းတွင် ကိုချစ်၏ဝတ္ထုတို(၅)ပုဒ်ဖြစ်သည့် "သူငယ်နာ"၊ "ကျွဲရိုင်း"၊ "ရွှယ်လွန်းအတ္တကြိုးဝိုင်း"၊ "တံလှပ်တောအလယ်"၊ "သမိုင်းဦးဝေဒနာ"တို့ကို နိဂုံးပိုင်းဆိုင်ရာနည်းနာများနှင့် ချဉ်းကပ်ကာ လေ့လာတင်ပြထားပါသည်။

## သူငယ်နာဝတ္ထုတိုနိဂုံးပိုင်းလေ့လာချက်

သူငယ်နာဝတ္ထုတိုသည် ကလေးအလုပ်သမားအကြောင်းကို အခြေခံကာ ဖိုးထီကို ဇာတ်ကောင်ပြုပြီး ပညာသင်လိုသောကလေးများ စီးပွားရေးအဆင်မပြေမှုကြောင့် လမ်းဘေးရောက်ရပုံကို တင်ပြထားသော ဝတ္ထုဖြစ်သည်။ ထိုဝတ္ထုတွင် အဓိကဇာတ်ဆောင်ဖိုးထီသည် ပညာသင်ချင်သော်လည်း ပညာသင်ခွင့်မရဘဲ လမ်းဘေးရောက်ရသည့် ကလေးများကို ကိုယ်စားပြုထားသည့် ဇာတ်ဆောင်ဖြစ်သည်။ ဇာတ်လမ်းတွင် ဖိုးထီတို့ရွာတွင် မိုးခေါင်ရေရှားမှုဖြစ်ကာ နွားစာရှားပါးသဖြင့် နွားများရောင်းလိုက်ရသည်။ ကျောင်းစရာ နွားများမရှိတော့သော်လည်း ကျောင်းတက်ခွင့်မရဘဲ ဖိုးထီသည် မန္တလေးမြို့သို့ တက်ကာ လက်ဖက်ရည်ဆိုင်တွင် စားပွဲထိုးလုပ်ခဲ့ရသည်။ ပထမတစ်ဆိုင်တွင် အချိုစုံပန်းကန်ကျကွဲမှုကြောင့်ဆိုင်ရှင်၏ ဆဲရေးတိုင်းထွာမှု၊ တီးဆရာ၏ အနိုင်ကျင့်မှုတို့ကြောင့် ဖိုးထီအလျော်ပေးကာ အလုပ်ထွက်ခဲ့ရသည်။ ဒုတိယဆိုင်တွင်မူ စားပွဲထိုးလုပ်ဆောင်၊ ဆိုင်ရှင်သား မိုးဝင်းကျော်တို့နှင့် သူငယ်ချင်းဖြစ်ခွင့်ရကာ ကျောင်းတက်ရန် မျှော်လင့်ချက်များဖြင့် ဖိုးထီပိုက်ဆံစုခဲ့သည်။ သို့သော် ထိုဆိုင်တွင် ဖိုးထီ

ကြမ္မာဆိုးဝင်ခဲ့သည်။ ဆိုင်ရှင်သား မိုးဝင်းကျော် ယူထားသော မာလဘို နှစ်တောင့်ကို ဖိုးထီ ခိုးယူသည်ဟု စွပ်စွဲကာ အလုပ်ထုတ်ခဲ့ကြသည်။ ဤနေရာတွင် ဖိုးထီသည် မာလဘို နှစ်တောင့်ကို ယူထားသူမှာ မိုးဝင်းကျော် မှန်းသိသည်။ သို့သော်မိမိကအဖြစ်မှန်ကို ထုတ်ပြောလျှင် မိုးဝင်းကျော် အရိုက်ခံရမည် စိုးသောကြောင့် အကြောင်းစုံကို မရှင်းပြတော့ဘဲ ထိုဆိုင်မှအလုပ်ထွက်ခဲ့သည်။ ထိုအဖြစ်အပျက် အလုံးစုံကို သိသော လှဆောင်သည်လည်း ဖိုးထီနှင့်အတူ အလုပ် ထွက်ခဲ့ သည်။ ဝတ္ထုဆုံးကာနီးတွင် "**မင်းငါ့ဆိုင်မှာ ဆက်လုပ်ဖို့ မလိုတော့ဘူး**"(ကိုချစ်၊ ၂၀၁၄၊ စာ ၁၀) ဟူသော ဆိုင်ရှင်၏ အပြောစကားဖြင့် အကြိုနိဂုံးကိုတွေ့ရပါသည်။ ဤနေရာတွင် မိမိသားသမီး၏အခြေအနေ မှန်ကိုမသိဘဲ အပြစ်မရှိသော သူအား စိတ်လိုက်မာန်ပါ ပြုမူခဲ့သော လူတစ်ချို့၏ စိတ်နေသဘာဝကို မိုးဝင်းကျော်ဖခင်၏ အပြောစကားဖြင့် ဖော်ဆောင်နိုင်ခဲ့သည်။ ငွေကြေးပြည့်စုံမှုရှိသော်လည်း စာနာမှုအားနည်းသော၊ စူးစမ်းဆင်ခြင်မှု မရှိသော၊ အမှန်ကိုမမြင်နိုင်၊ မတွေးခေါ်နိုင်သော လူတို့၏နိမ့်ကျသော စိတ်ဓာတ်နှင့် ဆင်းရဲသော်လည်း စာနာမှုအားကောင်းသော၊ အနစ်နာခံတတ်သော ကလေးငယ်တစ်ဦး၏ မြင့်မြတ်သော စိတ်ဓာတ်တို့ကို နှိုင်းယှဉ်တင်ပြထားသည်။

ထို့ပြင် သားသမီးတို့၏ ဘဝကို ထုဆစ်ရာတွင် မိဘတို့သည် အခရာဖြစ်ပုံကို ဤဝတ္ထု၏ နိဂုံးပိုင်းတွင် တွေ့ရပါသည်။ ပညာသင်ခွင့်ရသော်လည်း ပညာကိုကြိုးစားသင်ယူခြင်းမရှိသော ကလေးတို့၏သဘာဝကို ဇာတ်ဆောင်မိုးဝင်းကျော်နှင့်ပြခဲ့သည်။ မိမိသားသမီးတို့ ပညာအပေါ်တွင် စိတ်ဝင်စားမှုရှိ မရှိကို သေချာမကြပ်မတ်ခဲ့သော မိဘတစ်ချို့၏ အားနည်းချက်နှင့် လုပ်ရပ်ကို စီးပွားရေးသမားဇာတ်ဆောင် ဦးလှအောင်၏ အပြောအဆို၊ အပြုအမူများနှင့် ပြခဲ့သည်။ ထို့အတူ တစ်ဖက်တွင် ပညာကို အမှန်တကယ်လိုလားနေကြသော ကလေးတို့၏ဘဝကို လက်ဖက်ရည်ဆိုင်တွင် အလုပ်လုပ်ရင်း ငွေစုကာ ကျောင်းပြန်တက်ရန် ကြိုးစားနေသော ဇာတ်ဆောင်ဖိုးထီနှင့် လှဆောင်တို့၏အဖြစ်နှင့် ပုံဖော်ခဲ့ပါသည်။ ထိုကလေးငယ်တို့၏ ဖြစ်ချင်သည့်ဆန္ဒကို မသိသော၊ လျစ်လျူရှုသောမိဘတို့ကြောင့် နောက်ဆုံးတွင် ကလေးငယ်တို့ လမ်းဘေးရောက်ကြရပုံကို ဝတ္ထု၏ နိဂုံးတွင်

**အဘ.....**

**အခု ကျုပ်တို့နှစ်ယောက်လမ်းပေါ်ရောက်နေပြီ"**

**ရွာပြန်ခဲ့ရမလား၊ မဖြစ်သေးပါဘူး၊ ရွာက ဘာမှ အလုပ်မဖြစ်ဘူး။**

**ကဲ..... ဘယ်ဆက်သွားရမှာလဲ၊ ဘာဆက်လုပ်ကြမှာလဲ**"(ကိုချစ်၊ ၂၀၁၄၊ စာ ၁၀)

ဟူသောဇာတ်ဆောင်ဖိုးထီ၏ ပြောစကားဖြင့် အဆုံးသတ်ထားပါသည်။ ဝတ္ထုဆုံးသွားသော်လည်း လောကရှိ မိဘတိုင်းနှင့် လူ့အဖွဲ့အစည်းကို စဉ်းစားစရာ၊ တွေးတောစရာ၊ ဆင်ခြင်စရာများ ပေးထားခဲ့သော သေသပ်လှပသည့် နိဂုံးဖြစ်ပါသည်။ မိဘတိုင်းသည် မိမိတို့၏ သားသမီးများ၏ အိပ်မက်များကို လှပစွာ မက်ခွင့်ပေးရမည်ဖြစ်သည်။ ကလေးငယ်များအတွက် ပညာသင်ကြားရမည့် အရွယ်တွင် ပညာသင်ခွင့်ပေးကြရန်၊ ပညာသင်ခွင့်ရရေး ကြိုးစားပေးရန်လိုကြောင်းနှင့် ပညာသင်ပေးရန် အထူးလိုအပ်သည်။ ပညာသင်ခွင့်ရသော ကလေးများကိုလည်း မိဘများက စီးပွားရေးကြိုးစားလုပ်ကာ ပစ်မထားဘဲ

ကြပ်ကြပ်မတ်မတ်နှင့် တိုးတက်အောင် လုပ်ဆောင်ပေးသင့်ကြောင်း လမ်းညွှန်ပေးထားပါသည်။ မိဘတိုင်းက သားသမီးများကို ပွဲကိုင်မပေးနိုင်လျှင် ကလေးငယ်တို့ဘဝ လမ်းဘေးရောက်ရပုံတို့ကိုလည်း ဆင်ခြင်ဖွယ်တွေ့ရပါသည်။ စာဖတ်သူများအတွက်လည်း ဆင်ခြင်တွေးတော စရာများကိုပေးထားနိုင်သော၊ ဖြစ်ရပ်တစ်ခုအပေါ်တွေးစရာပေးသည့် အမေးဝါကျဖြင့် အဆုံးသတ်ကောင်းသည့် ဝတ္ထုနိဂုံးဖြစ်ပါသည်။

**ကျွဲရိုင်းဝတ္ထုတိုနိဂုံးပိုင်းလေ့လာချက်**

ကျွဲရိုင်းဝတ္ထုတိုသည် သူငယ်ချင်းဖြစ်သူ လက်ဆောင်ပေးထားသည့် ကျွဲရိုင်းဖိနပ်ကလေး တစ်ရန်ကြောင့် အသက်ဆုံးရှုံးခဲ့သည့် ဘုတ်မအကြောင်းကို ရင်နင့်ဖွယ်ရေးသားထားသော ဝတ္ထုတစ်ပုဒ်ဖြစ်ပါသည်။ ဘုတ်မသည် ငယ်ကတည်းက ဖိနပ်မပါဘဲကျောင်းသွားရသည်။ ဖိနပ်စီးခွင့်ရသည့် အခါတွင်လည်း ဖိနစ်တစ်ရန်ကို သဲကြိုးပြောင်းကာ သုံးနှစ်သုံးမိုးစီးခဲ့ရသည်။ ထိုစဉ်သူငယ်ချင်း လှဆောင်သည် အလုပ်ရှင်အိမ်က ရလာသော ကျွဲရိုင်းဖိနပ်လေးကို ဘုတ်မအားပေးပုံ၊ ဘုတ်မကအမေ့ကိုပင် ထိုဖိနပ်ကလေးအား ပေးမစီးမိပုံ၊ နောက်ဆုံး မန်ကျည်းရွက် တက်ခူးရင် ကျွဲရိုင်းဖိနပ်လေးကြောင့် ကံဆိုးမိုးမှောင်ကျကာ ဘုတ်မအသက်ဆုံးရှုံးသည်ထိ ဖြစ်ရပုံတို့ကို တစ်ကွက်ပြီးတစ်ကွက် တင်ပြခဲ့ပါသည်။

ထိုဝတ္ထု၏ နိဂုံးပိုင်းတွင် စာရေးသူသည် ရင်နင့်ဖွယ်မြင်ကွင်းကိုတင်ပြရင်း စာဖတ်သူကို ဖမ်းစားနိုင်ခဲ့သည်။ စာဖတ်သူများကို ကရုဏာရသအများဆုံးပေးသော နိဂုံးပိုင်းဖြစ်သည်။ ဝတ္ထုအဆုံးတွင် ဘုတ်မ၏ ကျွဲရိုင်းဖိနပ်လေးကို မန်ကျည်းပင်အောက်ရှိ ခွေးများက ဝိုင်းဆွဲနေရာကို မန်ကျည်းပင်ပေါ်မှ လှမ်းမောင်းရင်း သူကိုယ်တိုင် မန်ကျည်းပင်ပေါ်မှ ပြုတ်ကျခဲ့ရသည်။ ဝတ္ထုတွင် **"အ…မေ….ရယ် ဟုသာ လေးတွဲ့စွာခေါ်နိုင်တော့သည်။ မျက်ရည်ပူတို့စီးကျလာသောကြောင့် အမြင်အာရုံတို့က ပို၍ဝါးလားသည်။ နောက်တစ်ကြိမ် အားယူလိုက်ပြီး"**(ကိုချစ်၊ ၂၀၁၄၊ စာ ၅၇)ဟု ဖိနပ်ကလေးအတွက် အသက်ပေးရသည့် ဘုတ်မ၏ "အမေ"ဟု ခေါ်သံကို စာဖတ်သူတို့ ရင်နင့်ဖွယ် ကြားရသည့် ကြေကွယ်ဖွယ်မြင်ရသည့် အကြိုနိဂုံးဖြစ်သည်။ နောက်ဆုံးတွင် ဘုတ်မတစ်ယောက်**"အမေ့ကို…. ပေးစီးခဲ့…မိရင် ဟူသော စကားမဆုံးမီ ဘုတ်မ ဇာတ်ကျိုးကျသွားသည်။ ပါးစပ်ထဲမှ ပွက်ခနဲ သွေးများ အန်ကျလာသည်။"**(ကိုချစ်၊ ၂၀၁၄၊ စာ ၅၇)ဟုလည်းကောင်း၊ **"ဒေါ်စိန်ဥမှာ သမီးရေဟု တစ်ခွန်းသာအော်ပြီး သတိလစ်သွားသည်။ အေးဆောင် မျက်လုံးအိမ်မှ မျက်ရည်ပူများသည် ဘုတ်မ၏ပါးပြင်ပေါ်သို့ တစ်ပေါက်ပေါက် ကျလျက်"** (ကိုချစ်၊ ၂၀၁၄၊ စာ ၅၇)ဟူ၍ ဝတ္ထုတိုကို နိဂုံးချုပ်ထားပါသည်။ စာဖတ်သူ ရင်ထဲတွင် ထိုမြင်ကွင်းကို စာရေးသူ၏ တိုက်ရိုက်ဖော်ပြချက်မှတစ်ဆင့် စိတ်မျက်စိထဲတွင် မြင်ယောင်လာစေသည့် သရုပ်ဖော်နိဂုံးဖြစ်ပါသည်။ ထိုမြင်ကွင်းကို သရုပ်ဖော်ရာတွင် ဘုတ်မ မန်ကျည်းပင်ပေါ်မှ ပြုတ်ကျပုံ၊ ဘုတ်မ၏ **"အမေ့"** ဟု ခေါ်သံ၊ ဒေါ်စိန်ဥ၏ **"သမီးရေ"**ဟု ထူးသံ၊ အေးဆောင်၏ မျက်ရည်ကျနေပုံ မြင်ကွင်းများကို စီကာစဉ်ကာမြင်ယောင် ကြားယောင်လာပြီး စာဖတ်သူအား ကရုဏာရသကို အပြည့်အဝပေးစွမ်းနိုင်သော ရင်နင့်စရာအဖြစ်အပျက်ကိုဖော်ပြကာ အဆုံးသတ်ထားသော နိဂုံးပင်ဖြစ်ပါသည်။

ကျွဲရိုင်းဝတ္ထုတွင် စာရေးသူက ဖိနပ်ကလေးတစ်ရန်ပင် စီးစရာမရှိသော အခြေခံလူဆင်းရဲ တို့၏ ဘဝကိုရင်နင့်ဖွယ် ပုံဖော်ခဲ့ခြင်းဖြစ်ပါသည်။ ဇာတ်ဆောင်ဘုတ်မသည် ငယ်ဘဝကတည်းကပင် ဖိနပ်

တစ်ခါမှမစီးခဲ့ရပုံ၊ ဆယ့်နှစ်နှစ်အရွယ်သို့ရောက်မှ ရာဘာဖိနပ်ကလေးတစ်ရန်သာစီးခဲ့ရပုံ၊ ထိုရာဘာဖိနပ်ကလေးကို သုံးနှစ်တိုင် သည်းကြိုးလဲ၍ စီးခဲ့ရပုံတို့ကို တစ်ကွက်ပြီးတစ်ကွက်ပြခဲ့သည်။ ထို့နောက် သူငယ်ချင်း အေးဆောင်ပေးခဲ့သော ကျွဲရိုင်းဖိနပ်ကလေးကို ရပြီးနောက် ဖိနပ်ကလေးကိုင်ကာ ဘုရားသွားခဲ့ရသည်ဟု အိပ်မက်မြင်မက်ခဲ့ရပုံ၊ မနက်မိုးမြန်မြန်လင်းစေချင်ပုံတို့မှာ ဝတ္ထု၏ နိဂုံးတွင်ပြမည့် ရင်နင့်ဖွယ်ကြိုတင်နိမိတ်ပြကွက်ဖြစ်ခဲ့သည်။ အမေဥပုသ်သီလယူသွားခါနီး ဖိနပ်ကလေးစီးရန် စိတ်ကူးမိသော်လည်း ပေးမစီးဖြစ်ခဲ့ပုံ၊ ဖိနပ်အတွက် မနက်ကျည်းပင်ပေါ်မှ ပြုတ်ကျ သေဆုံးခဲ့ရသည့် အဖြစ်အပျက်ကို နိဂုံးတွင်ရင်နင့်ဖွယ်တွေ့ခဲ့၊ ခံစားခဲ့ရပါသည်။ စာဖတ်သူကို နှစ်သက်ခြင်းနှင့်အတူ ခံစားမှုရသပေးနိုင်သော နိဂုံးကောင်းဟု ဆိုနိုင်ပါသည်။

## ရှယ်လွန်အတ္တကြီးဝိုင်းဝတ္ထုတို နိဂုံးပိုင်းလေ့လာချက်

ဤဝတ္ထုတိုသည် အရွယ်လွန်နေသည့်တိုင် အတ္တကြောင့် မှားတတ်သော အမှားများနှင့် အမွေကိစ္စကြောင့် မောင်နှမများ စိတ်ဝမ်းကွဲကြသည့်အကြောင်း ရေးသားထားသော ဝတ္ထုဖြစ်သည်။ ဤဝတ္ထု၏ နိဂုံးပိုင်းတွင် စာရေးသူပြောချင်သော လူ့သဘာဝကို ထိထိမိမိတင်ပြထားပါသည်။ ဤဝတ္ထုသည် မိသားစုအတွင်း ဖြစ်လေ့ဖြစ်ထရှိသော အမွေကိစ္စကိုတင်ပြရင်း မျက်မှောက်လောကတွင် ကိုယ့်အတွက်သာ ကြည့်သော အတ္တသမားများရှိတတ်ပုံ၊ ထိုအတ္တသမားများနှင့် တွေ့တတ်ပုံတို့ကို ထောက်ပြထားသော ဝတ္ထုတစ်ပုဒ်လည်းဖြစ်ပါသည်။ မောင်နှမချင်းပင်ဖြစ်စေ မိမိအတ္တအတွက် အကွက်ကျကျ အသုံးချတတ်သောလူများကိုလည်း ဤဝတ္ထုမှတစ်ဆင့် တွေ့မြင်နိုင်ပါသည်။ ထို့ပြင်နောက်ကျောခားနှင့် ထိုးတတ်သော လူ့သဘောလူ့သဘာဝတို့ကိုလည်း ပီပြင်စွာဖော်ပြထားနိုင်သော ဝတ္ထုတစ်ပုဒ်ဖြစ်ပါသည်။

ဝတ္ထုအကြိုနိဂုံးတွင် ဇာတ်ဆောင်ဒေါ်ခင်မေက အမှုနိုင်ရေးအတွက် သက်သေများရှာနေပုံကို **"ဟုတ်ပြီ ဒါဆိုအဲဒီခုတင်ကို ဓာတ်ပုံရိုက်ပြီးတင်ပြရမယ်"** (ကိုချစ်၊ ၂၀၁၄၊ စာ ၆၉)ဟူသော အပြောစကား၊ **"ပြီးတော့ရှိသေးတယ်၊ အိမ်ကကောင်တွေ မင်္ဂလာဆောင်တိုင်း ဖိတ်စာမှာ ရွှေသိမ်း ဆေးလိပ်ပိုင်ရှင် ဦးဘငြိမ်း ဒေါ်သွဲ့တို့၏ မြေးဆိုတာ ပါတာချည်းပဲ"**(ကိုချစ်၊ ၂၀၁၄၊ စာ ၆၉)ဟူသော အပြောစကားတို့သည် လောကတွင်ရှိသော လူတို့၏အတ္တကို ရှေ့တန်းတင်သော စရိုက်သဘာဝများပင်ဖြစ်သည်။ အမှုနိုင်ရေးအတွက် ကိုယ်စီသက်သေများ ရှာနေသော်လည်း ရိပ်သာတွင်တွေ့သည့်အခါ ဘာမျှမဖြစ် သကဲ့သို့ ဟန်ဆောင်တတ်သောသူများအဖြစ် တွေ့မြင်ရသည်။ တရားခွင်တွင် အလဲထိုးရန်အကြိတ်အနယ် ကြိုးစားနေသော်လည်းရှေ့တွင် လက်ဆွဲနှုတ်ဆက်လေ့ရှိသည့် လူ့စရိုက်များကို အံ့ဩဖွယ်တွေ့မြင်ရသည်။

ထို့နောက်**"အစ်မသားတွေကို မင်္ဂလာဆောင်ဖိတ်စာပြန်ရှာခိုင်းဦး၊ ဒါအရေးကြီးတယ်နော်အစ်မ"** (ကိုချစ်၊ ၂၀၁၄၊ စာ ၆၉)ဟု ဦးရွှေဆန်း၏ အပြောစကားများသည် မောင်နှမချင်းဟူသော အသိစိတ်ပျောက်ကာ အမှုနိုင်ရေးအတွက် အားထုတ်နေသော၊ အတ္တကြီးသော လူတစ်ချို့၏စရိုက်ကို ထင်းခနဲ တွေ့မြင်ရသည်။ ဝတ္ထုအဆုံးသတ်တွင်မူ

> **ဒီလိုနဲ့ ခေတ်ပုံရိုက်ဖို့ကိစ္စ၊ ဖိတ်စာရှာဖို့ကိစ္စများ စီစဉ်ညွှန်ကြားပြီး နောက်တစ်နေ့မှာတော့ ကြီးမေဟာထုံးစံအတိုင်း သုံးရက်လောက်ပျက်ကွက်နေခဲ့တဲ့ ရိပ်သာသို့ သွားဖို့ပြင်တယ်။ သနပ်ခါးခြေဆုံးခေါင်းဆုံး လိမ်းတယ်။ အဝတ်အစား သပ်သပ်ရပ်ရပ်လဲပြီးခြင်းကို ဆွဲထွက်တော့မယ် အလုပ်မှာ သူ့ချွေးမကို လှမ်းအော်မေးလိုက်တယ် "ဟဲ့... ဟင်းကို နှစ်ယောက်စာ ထည့်ရဲ့လား**(ကိုချစ်၊ ၂၀၁၄၊ စာ ၇၀)

ဟုမေးကာ နိဂုံးချုပ်ထားပါသည်။ ဤတွင်အမှုအတွက် တစ်ယောက်နှင့်တစ်ယောက် အနိုင်ရရန် ကြိုးစားနေကြသော်လည်း လူချင်းတွေ့လျှင် ကောင်းချင်ယောင်ဆောင်ကာ ဟန်ဆောင်တတ်သော လူ့သဘာဝကို နိဂုံး၌ပီပီပြင်ပြင် တွေ့ရသည်။ စာရေးသူ၏ ဝတ္ထုဇာတ်လမ်းဆုံးသော်လည်း စာဖတ်သူများကို ဆင်ခြင်တွေးတောစရာများ ပေးစွမ်းနိုင်သော နိဂုံးတစ်ခုဖြစ်ပါသည်။ အတ္တ၏ဆိုးကျိုးနှင့် မကောင်းမှုများကို ဆင်ခြင်သိဖြင့် သိလာစေသည်။ အမွေကိစ္စနှင့် လောဘဒေါသနောက်သို့လိုက်လျှင် မောင်နှမချင်းပင် ဖြစ်သော်လည်း စိတ်ဝမ်းကွဲကာ အဆုံးသတ်တွင် မကောင်းကျိုးများသာ ရတတ်ပုံကိုလည်း သိမြင်ဆင်ခြင်နိုင်စေသည့် ဇာတ်ဆောင်လှုပ်ရှားမှု၊ အပြောစကားဖြင့်အဆုံးသတ်ထားသည့် နိဂုံးကောင်း သည့် ဝတ္ထုတစ်ပုဒ် ဖြစ်ပါသည်။

## တံလှပ်တောအလယ်မှာဝတ္ထုတို နိဂုံးပိုင်းလေ့လာချက်

တံလှပ်တောအလယ်မှာ ဝတ္ထုတိုသည် အခြေခံလူတန်းစားတို့၏ အကြောင်းကို ရေခဲချောင်းသည် ဖိုးကိုအား ကိုယ်စားပြုပြီး ဝမ်းရေးအတွက် ရုန်းကန်ကာ ကံအပြောင်းအလဲကို မျှော်လင့်ရင်း အသက်ရှင်ကြပုံကို တင်ပြထားသောဝတ္ထုဖြစ်သည်။ ထိုဝတ္ထုတွင် အဓိကဇာတ်ဆောင် ဖိုးကိုသည် ဇနီးမြနုနှင့် လူမမယ်သားသုံးယောက်အတွက် ဝမ်းရေးရုန်းကန်နေရသော ရေခဲချောင်းသည်တစ်ဦးဖြစ်သည်။ နွေနေပူကိုအံတုရင်း သားသုံးယောက်နှင့် ဇနီးမြနုတို့ ဝမ်းမီးငြိမ်းရေးအတွက် ကြိုးစားနေသူလည်းဖြစ်သည်။ ပူပြင်းသော်လည်း ဘဝတူများနှင့်အတူ အလုပ်ကြိုးစားသည်။ ဘဝတူသောင်းမြိုင်၏ ပြောစကားအတိုင်း သူများပူမှ ကိုယ်ဝမ်းအေးသည့်ဘဝများဖြစ်သည်။ ဖိုးကိုရေခဲချောင်း ရောင်းပြန်လာတိုင်း **"အဖေလာပြီဟေ့"** ဟူသော အော်သံများက အေးမြစွာကြိုတတ်သည်။ ပြန်လာတိုင်းလည်း လက်ကျန်ရေခဲချောင်းအကြေများကို သားသုံးယောက်ကို ခွဲဝေကျွေးရသည်မှာဖိုးကို၏ တစ်နေ့တာကြည်နူးစရာ အလုပ်ပင်ဖြစ်သည်။ ထိုစဉ်အိမ်လခများမပေးနိုင်၍ အခြားနေရာရှာရန် ပြောလာသော အိမ်ရှင်ဒေါ်အေးရင်၏ မျက်နှာသည် ဖိုးကိုမျက်လုံးထဲတွင် ပေါ်လာသည်။ မိသားစု၏ထောက်တိုင် ဖိုးကိုအတွက် အိမ်လခပေးနိုင်ရေးနှင့် အိမ်ပေါ်မှ မဆင်းရရေးသည် အခြားအရေးများထက် ပိုအရေးကြီးသည်။ တာဝန်ယူစိတ်ရှိပုံနှင့်ရှင်သန်နိုင်ရဲပုံကို စာဖတ်သူများနှင့် အိမ်ထောင်ဦးစီးတိုင်းလိုလို သတိထားနိုင်စေရန် ဖိုးကိုလုပ်ရပ်ဖြင့်ပြခဲ့သည်။ ဆင်းရဲသော်လည်း မိသားစုအပေါ် တာဝန်ကျေသော ဖိုးကို၏စိတ်ဓာတ်မှာလေးစားအတုယူစရာဖြစ်သည်။ ထို့နောက် ဖိုးကိုတို့ မိသားစုထမင်းဝိုင်းလေးတွင် ပကာသနမဖက်သည့် ဖွယ်ဖွယ်ရာရာ ဟင်းသုံးခွက်ပါသည်။ အသားဟင်းမပါသော်လည်း မိသားစုစုံစုံညီညီနှင့် ထမင်းဝိုင်းဖွဲ့စားကြသည့် ပုံရိပ်သည် စာဖတ်သူ စိတ်မျက်စိတွင် မြင်ယောင်ရင်း ကြည်နူးဖွယ်ဖြစ်လာသည်။ သို့သော် ထမင်းစားရာတွင် ကြက်သားဟင်းနှင့်သာ စားချင်သော အငယ်ဆုံးသား ထွန်းထွန်းကြောင့် ထမင်းဝိုင်း

လေးမှာတိတ်တိတ် ဆိတ်ဆိတ် ခြောက်ခြောက်သွေ့သွေ့နှင့် အဆုံးသတ်ခဲ့ရပုံကို ရင်နင့်ဖွယ်တင်ပြနိုင်ခဲ့သည်။ တစ်ရက် တွင် ဖိုးကိုတို့ နေထိုင်ရာ မန္တလေးမြို့ရှိ ဦးကျားကြီးဝင်းကစကာ မီးလောင်မှုဖြစ်ခဲ့သည်။ ဖိုးကိုအတွက် မိမိထက် သားသုံးယောက်နှင့် မြနုအားဘေးလွတ်ရာကို ပို့နိုင်ရန်မှာ အကြီးမားဆုံးသော မျှော်လင့်ချက် ဖြစ်ခဲ့သည်။ ဖခင်တစ်ဦး၏မေတ္တာနှင့် ငွေကြေးမပြည့်စုံသော်လည်း တာဝန်ကျေလွန်းသည့် အိမ်ထောင် ဦးစီးတစ်ယောက်၏ မေတ္တာကို အထင်အရှား တွေ့မြင်နိုင်သည်။ ဖိုးကိုသည် ကလေးသုံးယောက်အား မြနုကို ခေါ်စေပြီး သူကမူ လိုအပ်သည်များ ထုပ်ပိုးထားသည့် အထုပ် နှစ်ထုပ်ကို ဘယ်ညာထမ်းကာ မီးဘေးရှောင်ရာ ဇောခိကုန်းရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းသို့ ထွက်ပြေးခဲ့ရသည်။ ဖိုးကိုသည် လမ်းမပေါ်တွင် မီဘေးသင့်သူတို့၏ ဒုက္ခစကားသံများကို နားထောင်ရင်း မိမိအတွက် အသက်မွေးဝမ်းကြောင်းရာတွင် အဓိကကျသည့် ကြေးခေါင်းလောင်းလေးကျန်ခဲ့သည်ကို **“မြနုငါ့ကြေးခေါင်းလောင်းလေး ကျန်ခဲ့ပြီဟာ”**ဟု ဝမ်းနည်းစကားဆိုမိသည်။ ဖိုးကိုတို့မိသားစုသည် မီးဘေးရှောင်ရာ ဘုန်းကြီးကျောင်းသို့ ရောက်ချိန်တွင် သက်ဆိုင်ရာနှင့်ချိတ်ဆက်ကာ မီးဘေးဒုက္ခသည် စာရင်းပေါက်အောင် ဖိုးကိုအဆက်အသွယ်လုပ်ရသည်။ သို့မှသာ မီးသင့်သူများအတွက် မြေကွက်များ ပြန်ရမည်ဟု မျှော်လင့်မိပုံ၊ ထမင်းထုပ် လာဝေမည့်ကုန်တင်ကားကြီးကို မျှော်နေမိပုံများသည် ဒုက္ခ ရောက်ချိန်တွင် နေစရာ စားစရာအတွက် စိတ်ပူနေပုံကို ဇာတ်ဆောင်ဖိုးကို အတွေးနှင့်အတူ စာဖတ်သူ ခံစားမိစေသည်။ ထိုအချိန်တွင် မီးဘေးသင့်များအတွက် ထမင်းထုပ်များဝေချိန်တွင် ဖိုးကိုသည်ထမင်းထုပ် ငါးထုပ်ယူကာ မိမိနေရာသို့ ပြန်လာခဲ့သည်။ နေရာသို့အရောက် ထမင်းထုပ် ဖွင့်လိုက်ချိန်တွင် ကြက်သားဟင်း၊ ငါးဟင်းများကို မြင်ရချိန်တွင် **“ဟေ့ ပွပြီကွ၊ ကြက်တား ကွ ကြက်တား”** (ကိုချစ်၊ ၂၀၁၄၊ စာ ၁၈၄)ဟူသော ဖိုးကို၏ အငယ်ဆုံးသား ထွန်းထွန်း၏ ဝမ်းသာအားရအော်သံကို ကြားရသည့်အခါ စာဖတ်သူသည် ဝမ်းနည်းခြင်းတစ်ဝက် ဝမ်းသာခြင်းတစ်ဝက်ဖြစ်ရသည်။ ထို့ပြင်စာရေးသူသည် ဖိုးကို၏သားအလတ်ကောင်နှင့်အကြီးကောင်တို့၏ **“ငါက ငါးဟင်း၊ ငါလည်း ကြက်သားပဲ၊ အဖေရော ဘာဟင်းလဲ” ဟူသော မေးသံနှင့် အကြီးကောင်က ဖိုးကိုထမင်းထုပ်ကိုပင် ဖြဲကြည့်လိုက်သေးသည်”** (ကိုချစ်၊ ၂၀၁၄၊ စာ ၁၈၅) ဟူသော အပြုအမူတို့သည် ဇာတ်ဆောင်ဖိုးကိုနှင့်အတူ စာဖတ်သူကို ကရုဏာသက်စေသော အကြိုအပိတ်နိဂုံးဖြစ်သည်။ ဝတ္ထုနောက်ဆုံးတွင် **“ဖိုးကိုမျက်စိထဲတွင် သဲဖြူကုန်းမှ ပေလေးဆယ် မြေကွက်ကို မြင်ယောင်နေ၏။ ဖိုးကိုနားထဲတွင် တစ်ခါကသောင်းမြိုင်ပြောခဲ့သော “တို့ကသူများ ပူမှ အေးရတဲ့ဘဝ” ဟူသောစကားသံကို ကြားနေမိသည်”** (ကိုချစ်၊ ၂၀၁၄၊ စာ ၁၈၅) ဟုလည်းကောင်း၊ **“မြနုကတော့ ကလေးသုံးယောက်ကိုကြည့်ရင်း ရင်ထဲတွင်တင်းကြပ်စွာ ခံစားနေမိသည်။ မြနု၏မျက်ဝန်းပေါ်တွင် မျက်ရည်များကဝေ့လာပြီး ပါးပြင်ပေါ်သို့ ပူနွေးစွာစီးကျလာ၏။ စိတ်ထဲမှလည်း ထမင်းထုပ်ရှင်များအတွက် ဆုတောင်းမေတ္တာပို့သနေမိသည်”** (ကိုချစ်၊ ၂၀၁၄၊ စာ ၁၈၅)ဟု လည်းကောင်း အဆုံးသတ်ထားပါသည်။ စာရေးသူသည် ဝတ္ထုအဆုံးသတ်တွင်ဖိုးကိုနှင့် မြနုတို့၏အတွေးများဖြင့် အဆုံးသတ်ထားသည်မှာ စာဖတ်သူများအတွက် စဉ်းစားတွေးတောစရာများနှင့်အတူ ကရုဏာသက်ဖွယ်၊ ရင်နင့်ဖွယ်ဖြစ်စေသော နိဂုံးပိုင်းဖြစ်ခဲ့ပါသည်။

ထိုဝတ္ထုနိဂုံးမှတစ်ဆင့် ကြိုမမြင်နိုင်သော ကံကြမ္မာအပြောင်းအလဲနှင့်ဒုက္ခကြားမှ သုခကိုမျှော်လင့်နေကြရသည့်ဘဝများစွာ ရှိကြောင်းကို ဇာတ်ဆောင်များ၏ အတွေးများဖြင့် အဆုံးသတ်ကို

ပီပြင်စွာတင်ပြနိုင်ခဲ့ပါသည်။ ဤဝတ္ထုတိုသည် ဝမ်းရေးအတွက် ရုန်းကန်လှုပ်ရှားရင်း မျှော်လင့်ကောင်းသည့်အရာတို့ကို မျှော်လင့်နေကြရရှာသည့် အခြေခံလူတန်းစားတို့၏ ဘဝကိုသရုပ်ဖော်ထားခြင်းဖြစ်ပါသည်။ အခြေခံလူတန်းစားတို့၏ ဘဝတွင်မီးဘေးသင့်၍ ထမင်းထုပ်လာဝေချိန်၌ ကြက်သားဟင်းကိုမြင်ပြီး ဝမ်းသာအားရအော်နေသည့် ကလေးငယ်၏အော်သံနှင့် ဒုက္ခကြားမှ မျှော်လင့်ချက်ထားနေကြသည့် မိဘများ၏ခံစားမှုအတွေးကိုယ်စီကို ပီပီပြင်ပြင်ရင်နှင့်ဖွယ်ကြားခဲ့သိခဲ့ရသည့် အပိတ်နိဂုံးဖြစ်ပါသည်။

## သမိုင်းဦး ဝေဒနာဝတ္ထုတိုနိဂုံးပိုင်းလေ့လာချက်

သမိုင်းဦးဝေဒနာဝတ္ထုသည် နေစရာအတွက် ပူပန်နေရသည့် အခြေခံလူတန်းစားတို့အကြောင်းကို ရေးသားထားသော ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပါသည်။ ထွေးမောင်သည် ပခုက္ကူရှိရွာတွင် စီးပွားရေး အဆင်မပြေသည့်အတွက် ကျောင်းထွက်ကာ မန္တလေးမြို့သို့တက်ပြီး အလုပ်ရှာခဲ့သည်။ မန္တလေးမြို့တွင် ရွှာခံဆွေမျိုးနီးစပ်တစ်ဦး၏ အကူအညီဖြင့် ထိုးမုန့်လမုန့်ရောင်းသည့် အလုပ်ရခဲ့သည်။ မန္တလေးရောက်ပြီး ၃နှစ်အကြာတွင် ထွေးမောင်နှင့်နုရီ ဆုံတွေ့ခဲ့ကြသည်။ ထွေးမောင်သည် ရတနာ့ဂူပွဲသို့သွားရင်း နုရီကိုတွေ့မြင်ခဲ့ရာမှ သဘောကျခဲ့ခြင်းဖြစ်သည်။ နုရီသည် မြင်းညိုဆေးလိပ်ခုံတွင် လုပ်ကိုင်သည့် ဆေးလိပ်သမတစ်ဦးဖြစ်သည်။ နုရီကို ဆေးလိပ်လိပ်သင်ပေးသူ အပျိုကြီး ဒေါ်အုန်း၏ အကူအညီဖြင့် ထွေးမောင်နှင့် နုရီချစ်သူဖြစ်ခဲ့သည်။ ထွေးမောင်သည် ဈေးရောင်းသည့်အလုပ်အပြင် နုရီကို ကြိုပို့ရသည့်အလုပ်ပါ တိုးလာခဲ့သည်။ နုရီကိုပိုးပန်းရာ တစ်နှစ်လည်ပြီး ရတနာ့ဂူပွဲ ရောက်ချိန်တွင် ထွေးမောင်နှင့်နုရီတို့ လှည်းပေါင်းမိုးအောက်တွင် ချိန်းတွေ့ရာမှ လူကြီးများမိသွားပြီး ဝါကျွတ်တွင် မင်္ဂလာ ဆွမ်းကျွေးခဲ့သည်။ ထွေးမောင်နှင့်နုရီ လက်ထပ်ပြီး ၃လ အကြာတွင် နုရီအဖေဆုံးသည်။ ထွေးမောင်သည် လက်ထပ်ပြီး နုရီတို့အိမ်သို့ရောက်ချိန်ကတည်းက ကျိုးတိုးကျဲတဲ အိမ်အမိုးကိုသတိထားမိသည်။ သို့သော်ဝန်နှင့်အားမမျှ၍ ကြည့်နေရသည်။ ထွေးမောင်ဈေးရောင်းရသည့် ငွေနှင့်လူနှစ်ယောက်စားဖို့ပင် အနိုင်နိုင်ဖြစ်သည်။ နုရီကလည်း ကိုယ်ဝန်နှင့်မို့ ထွေးမောင် အလုပ်မခိုင်းရက်ပေ။ လှည်းနှင့်နွားကို ရောင်းရငွေသည် နုရီဖခင်၏ အသုဘစရိတ်နှင့် ရက်လည်ဆွမ်းအတွက် အသုံးပြုလိုက်ရသည်။ သံသရာကြွေးလွတ်အောင် နုရီဖခင် တင်ခဲ့သော အကြွေးများကို ထိုးဆပ်ခဲ့ရသည့်အတွက် အပိုငွေမကျန်ပေ။ မိုးမလုံလျှင် မဖြစ်သည့်အကြောင်း နုရီပြောလျှင် ထွေးမောင်က **"မပူပါနဲ့ကွာ တစ်သက် မိုးနိုင်ဖို့မလွယ်ဘူး"**(ကိုချစ်၊ ၂၀၁၄၊ စာ ၁၇၁)ဟု ခပ်ရွတ်ရွတ်ဖြင့် ပြန်ပြောလေ့ရှိကြောင်း တင်ပြခဲ့သည်။

ထို့ပြင် သွေးနုသားနု ဇနီးသည်ကို စိတ်ပူ၍ မိုးရိပ်မြင်တိုင်း ဈေးရောင်းရာမှ ထွေးမောင်ပြန်လာသည်ကို စာဖတ်သူများ မြင်ယောင်လာအောင်တင်ပြထားသည်။ ထိုအကြောင်းကို ဝတ္ထုတွင်ဈေးရောင်းမှအပြန် အိမ်ထဲ ချိုးဝင်ချိန်တွင် မိုးကတစ်ပေါက်စနှစ်ပေါက်စ ကျလာပုံ၊ စက်ဘီးလေးကို ယိုင်ရွဲ့နေသော နွားတင်းကုပ်တိုင်တွင် မှီလိုက်ပုံ၊ ကယ်ရီယာပေါ်က ခြင်းတောင်းကိုဖြုတ်ပြီး အိမ်ထဲဝင်လိုက်ပုံတို့ကို စာရေးသူသည် ဇာတ်ဆောင်လှုပ်ရှားပုံနှင့်အတူ တစ်ကွက်ချင်းပြခဲ့သည်။ ထို့နောက် အိမ်ထဲမှဆီးကြိုကာ စိုးရိမ်စိတ်နှင့် မိုးရွာတော့မည့်အကြောင်း လှမ်းပြောသည့်နုရီ၊ နုရီတို့သားအမိမိုးလုံရန်အတွက် အလုပ်ရှုပ်နေသည့် ထွေးမောင်တို့၏ အမူအရာများသည် စိတ်မျက်စိတွင် မြင်ယောင်လာသည်။

ဇာတ်ဆောင်နှင့်ထပ်တူ စာဖတ်သူများပါ စိုးရိမ်ပူပန်စိတ်ဖြစ်ရသည်။ စာဖတ်သူသည် စာနာစိတ်ဖြစ်ရသည်။ ထွေးမောင်သည် နုရီပြောသောစကားများကို အဖြေမပေးနိုင်သေးဘဲ နိုင်လွန်ကြိုးများဖြင့် အလုပ်ရှုပ်နေသည်။ ထွေးမောင် နွားတင်းကုပ်ပေါ်က ဝါးလုံးများယူပြီး ခွဲစိတ်လိုက်သည်။ ထို့နောက် စိတ်ပြီးသား ဝါးခြမ်းထိပ်တစ်ဖက်ကို ခုတင်တိုင်နှင့် ချည်လိုက်သည်။ ဝါးခြမ်းကိုကွေးပြီး ကျန်ထိပ်တစ်ဖက်ကို ကျန်တဲ့ခုတင်ပေါင်နှင့် တွဲချည်လိုက်သည်။ ခြေရင်းမှခေါင်းရင်း ဝါးငါးချောင်း ချည်ပြီးသွားသည့်အခါ ခုတင်ပေါ်တွင် ပေါင်းမိုးလေးတစ်ခုပေါ်လာသည်။ ထိုငါးချောင်းကို ကန့်လန့်ဖြတ်ပြီး ဝါးခြမ်းသုံးချောင်းနှင့် တွဲချည်လိုက်ပြန်သည်။ ဇနီးနှင့်ကလေး မိုးလုံရေးအတွက် ကြိုးပမ်းနေသော ထွေးမောင်၏ လှုပ်ရှားလုပ်ကိုင်ပုံများကို အသေးစိတ်ဖော်ပြထားရာ စာဖတ်သူသည် ထွေးမောင်၏ ပြုမူလှုပ်ရှားပုံများကိုကြည့်ပြီး နုရီနှင့်အတူစိတ်လှုပ်ရှားမှု ဖြစ်စေခဲ့ပါသည်။

ထို့နောက် မိုးက ပိုစိပ်လာခဲ့သည်။ ထွေးမောင်သည် ဖျာကြမ်းအစုတ်တစ်ချပ်ကို ပေါင်းမိုးပေါ် အုပ်ပြီး ချည်လိုက်ပြန်သည်။ ဖျာကြမ်းပေါ်ကို ပလက်စတစ် ဖြန့်အုပ်လိုက်သည်။ ခြေရင်းမှလိုနေသည်ကို မြွေရေခွံအိတ်နှင့် အုပ်လိုက်ပြီးနောက်ဆုံး နိုင်လွန်ကြိုးများနှင့်အပေါ်မှ သိုင်း၍ချည်လိုက်သည်။ စျေးခြင်းတောင်း၊ ဆီအိုး၊ ဆားအိုးများကို ခုတင်အောက်သွင်းလိုက်ပုံ၊ အဝတ်အစားထည့်သည့် သံချေးတက်သံသေတ္တာကို ခုတင်ခြေရင်း ပေါင်းမိုးအောက် သွင်းလိုက်ပုံ၊ နုရီဘေးတွင် ထွေးမောင် လှဲအိပ်လိုက်ပုံ မိုးတကယ်ရွာလာပုံတို့ကို ဇာတ်ဆောင်လှုပ်ရှားမှုနှင့်အတူ တစ်ကွက်ပြီးတစ်ကွက်ပြခဲ့ပါသည်။ အကြိုနိဂုံးတွင် ထွေးမောင်က **"ကဲ လုံသွားပြီမဟုတ်လား"**(ကိုချစ်၊ ၂၀၁၄၊ စာ ၁၇၃)ဟုလည်းကောင်း၊ နုရီက **"ကြံကြံဖန်ဖန်လုပ်လည်း လုပ်တတ်တယ်"**(ကိုချစ်၊ ၂၀၁၄၊ စာ ၁၇၃)ဟုလည်းကောင်း၊ **"ခုလိုဆိုတော့ နင်နဲ့ငါနဲ့ ချိန်းတွေ့တဲ့ညကို သတိမရဘူးဘူးလား"**(ကိုချစ်၊ ၂၀၁၄၊ စာ ၁၇၃)ဟုလည်းကောင်း၊ **"သွားမျက်နှာရှူး"**(ကိုချစ်၊ ၂၀၁၄၊ စာ ၁၇၃)ဟုလည်းကောင်း ဇာတ်ဆောင် အချင်းချင်း အပြန်အလှန် ပြောစကားများ၊ **"နုရီရဲ့ပြုံးစေ့စေ့မျက်နှာကိုကြည့်ရင်း ထွေးမောင် ဟက်ဟက်ပက်ပက် ရယ်လိုက်သည်"**(ကိုချစ်၊ ၂၀၁၄၊ စာ ၁၇၃)ဟူသော စာရေးသူ ပြောစကားများသည် ဆင်းရဲသော်လည်း ဘဝအခက်အခဲကို အံတုရင်း နေထိုင်ရှင်သန်နေကြသည့် ဇနီးမောင်နှံနှစ်ဦး၏ ကြည်နူးစရာမြင်ကွင်းသည် ပီပြင်သည့် အကြိုနိဂုံးဖြစ်ပါသည်။

ဝတ္ထုအဆုံးတွင်

> **ဒါပေမယ့် ထွေးမောင်ရင်ထဲမှာ သိပ်သိချင်နေတာတစ်ခုရှိတယ်။ လူတွေကိုဂူထဲကနေ ကွင်းပြင်ထွက်ပြီးအိမ်နဲ့ရာနဲ့ ဆောက်လုပ်နေထိုင်တတ်လာအောင် ဘယ်သူကစပြီး တွေးခေါ်ဦးဆောင်ခဲ့တာလဲ။ သူဘယ်သူလဲ။ ထွေးမောင် သိပ်သိချင်တယ်။ ဖြစ်နိုင်ရင် ဒီပုဂ္ဂိုလ်နဲ့ တွေ့ချင်တယ်။ တွေ့ရင်ထွေးမောင် ရင်ထဲမှာ ပြောစရာတွေ အများကြီးရှိတယ်။**(ကိုချစ်၊ ၂၀၁၄၊ စာ ၁၇၃)

ဟူ၍ ဇာတ်ဆောင်ထွေးမောင်၏ အတွေးဖြင့် အဆုံးသတ်ထားပါသည်။

ဤဝတ္ထုတွင် ဆင်းရဲနွမ်းပါးသော်လည်း ဘဝကိုရုန်းကန်ရင်း စိတ်ချမ်းသာအောင် နေထိုင်နေကြသည့် ထွေးမောင်တို့ မိသားစုဘဝလေးကို ပုံဖော်ပြထားခြင်းဖြစ်သည်။ မိသားစုတွင်း ကြိုးစား

ရှန်းကန်နေပါသော်လည်း တစ်ဆင့်မြင့်သည့်ဘဝသို့ မတိုးတက်မပြောင်းလဲရသည်မှာ မည်သူကြောင့်ဖြစ်မည်နည်း။ ဝတ္ထုအဆုံးသတ်တွင် ဇာတ်ဆောင်အတွေးကို အမေးဝါကျဖြင့် တင်ပြထားသည်မှာ စာဖတ်သူအား ဆက်လက်၍ ဆင်ခြင်တွေးတောစရာများကို ပေးနိုင်သော အဆုံးသတ်ကောင်းသည့် ဝတ္ထုတစ်ပုဒ်ဖြစ်ပါသည်။

**သုံးသပ်ချက်**

ဝတ္ထုသည် လူတိုင်းဖတ်နိုင်သော၊ နားလည်လွယ်သော ရသစာပေတစ်မျိုးဖြစ်ပါသည်။ ဝတ္ထုသည် လူ့သဘာဝအဖြစ်အပျက်တို့ကို စိတ်ဝင်စားဖွယ် ရေးသားထားသောစာဖြစ်သည်။ ဝတ္ထုအမျိုးအစားများစွာရှိသည့်အနက် ဘဝသရုပ်ဖော်ဝတ္ထုကို နှစ်သက်ခဲ့ပါသည်။ ဘဝသရုပ်ဖော်ဝတ္ထုများသည် ဒိဋ္ဌဓမ္မလူ့လောကနှင့် ထင်ဟပ်နေသော ဇာတ်ဆောင်စရိုက်ကို လှုပ်ရှားသက်ဝင်လာစေရန် ရေးသားတင်ပြနိုင်သည်။ ထိုသို့ရေးသားရာတွင် ဝတ္ထုရေးသူတို့သည် သူတို့၏ဝတ္ထုများကို ပုံစံအမျိုးမျိုးဖြင့် နိဂုံးချုပ်ကြပါသည်။ ထိုနိဂုံးမှတစ်ဆင့် စာဖတ်သူများကို တွေးတောဆင်ခြင်စရာများ ပေးလေ့ရှိပါသည်။ ဤစာတမ်းသည် ကိုချစ်၏ ဝတ္ထုတို(၅)ပုဒ်၏ နိဂုံးပိုင်းတို့ကို လေ့လာတင်ပြ ထားပါသည်။ ဘဝသရုပ်ဖော်ဝတ္ထုများသည် အခြေခံလူတန်းစားတို့၏ ဘဝများကိုစာနာနားလည်လာအောင် လူ့သဘော လူ့သဘာဝကို သိမြင်လာစေအောင် အဓိကထားရေးဖွဲ့ထားသော ဝတ္ထုများဖြစ်ပါသည်။ ထိုဝတ္ထုများမှ တစ်ဆင့် လူ့သဘောသဘာဝတို့ကို ပို၍သိမြင်လာနိုင်ပေသည်။ "သူငယ်နာ"ဝတ္ထုတို၏ နိဂုံးမှတစ်ဆင့် မိဘတို့ကြောင့် ပညာသင်ရမည့်အရွယ်တွင်မသင်ရဘဲ အလုပ်လုပ်ခဲ့ရသည့် လူငယ်တို့၏ဘဝကို သရုပ်ဖော်ထားသည်။ ထို့ပြင်ကလေးများ လမ်းပေါ်ရောက်သည်အထိ မျှော်လင့်ချက်မဲ့ခဲ့ရပုံ များကို ပီပီပြင်ပြင် ပုံဖော်ထားနိုင်သည်။ ကလေးတို့၏ဘဝများ လမ်းဘေးရောက်ရပုံကို ခြေရာခံ ကြည့်လျှင် မိဘတို့၏စီးပွားရေး အဆင်မပြေမှု၊ တိုင်းပြည်၏ ချွတ်ခြုံကျမှုတို့ကို အဆင့်ဆင့် တွေ့မြင်လာ ရသော တွေးစရာပေးသော နိဂုံးဖြစ်ပါသည်။ ထိုသို့လမ်းဘေးရောက်သည့်တိုင် ရွာလည်းစီးပွားမဖြစ်၍ မပြန်ဖြစ်၊ ရှေ့ဆက်လည်းဘာလုပ်ရမှန်းမသိသော အနာဂတ်ဝေဝါးပြီး လမ်းပျောက်ခဲ့သော ကလေးများ ၏ ဘဝကို ရင်နင့်ဖွယ်ခံစား ရေးသားထားနိုင်သည်။ ကလေးလူငယ်များ လမ်းမှားရောက်ရသည့် အခြေအနေကို သတိပြုဆင်ခြင်နိုင်စေရန် တင်ပြထားနိုင်သည့် ဝတ္ထုနိဂုံးကောင်းဖြစ်သည်။ "ကျွဲရိုင်း"ဝတ္ထုတိုသည်လည်း ဘဝသရုပ်ဖော်ဝတ္ထုအဖြစ် ပီပြင်သောဝတ္ထုတစ်ပုဒ်ဖြစ်သည်။ ဖိနပ်ကလေးတစ်ရန်ပင် စီးစရာမရှိသော ကလေးငယ်တစ်ဦး၏ ဘဝကိုနောက်ဆုံး ဖိနပ်ကလေးအတွက် အသက်ပေးခဲ့ရသည်ကို ရင်နင့်ဖွယ်တင်ပြထားနိုင်သည်။ ဘဝတွင်တစ်ခါမျှ မစီးဖူးခဲ့သော ဖိနပ်ကလေးကို အမြတ်တနိုး စီးခွင့်ပင် မရလိုက်သော ကလေးငယ်တစ်ဦး၏ဘဝတို့ကို သနားစဖွယ် တွေ့မြင်နိုင်သော စာဖတ်သူများကို ခံစားမှုရသပေးစွမ်းနိုင်သော နိဂုံးဖြစ်ပါသည်။ "ရွယ်လွန် အတ္တကြီးဝိုင်း"သည် မောင်နှမတစ်စု အမွေပြဿနာမှတစ်ဆင့် လူ့စရိုက်လူ့သဘာဝတို့ကို ပီပြင်စွာဖော်ကျူးထားနိုင်သော ဝတ္ထုတိုဖြစ်ပါသည်။ အမှုနိုင်ရေးအတွက် သက်သေရှာနေကြသော်လည်း နောက်ဆုံးဟင်းထည့်သွားပုံဖြင့် ပြခဲ့သော နိဂုံးသည် လူ့သဘာဝကို ဆင်ခြင်တွေးတောစရာပေးနိုင်သော နိဂုံးဖြစ်သည်။ "တံလှပ်တောအလယ်" သည် အခြေခံလူတန်းစားတို့၏ ဘဝတွင်မီးဘေးသင့်၍ ထမင်းထုပ်လာဝေချိန်၌ ကြက်သားဟင်းကိုမြင်ပြီး ဝမ်းသာအားရအော်နေသည့် ကလေးငယ်၏ အော်သံနှင့်ဒုက္ခကြားမှ မျှော်လင့်ချက်ထားနေကြသည့်

မိဘများ၏အတွေးကို ပီပီပြင်ပြင် ရင်နင့်ဖွယ်ကြားခဲ့သိခဲ့ရသည့် အပိတ်နိဂုံးဖြစ်ပါသည်။ "သမိုင်းဦး ဝေဒနာ" သည်မိသားစုတွင်း ကြိုးစားရုန်းကန်နေပါသော်လည်း တစ်ဆင့်မြင့်သည့်ဘဝသို့ မတိုးတက် မပြောင်းလဲရသည်မှာ မည်သူကြောင့်ဖြစ်မည်နည်း။ အဆုံးသတ်တွင် ဇာတ်ဆောင်အတွေးဖြင့် တင်ပြထားသည်မှာ စာဖတ်သူအား ဆက်လက်၍ ဆင်ခြင်တွေးတောစရာများကို ပေးနိုင်သောအဆုံးသတ် ကောင်းသည့် ဝတ္ထုတစ်ပုဒ်ဖြစ်ပါသည်။ ထို့ကြောင့်နိဂုံးများသည် ဝတ္ထုတိုလေ့လာမှုတွင် အရေးပါကြောင်းနှင့် စာရေးသူ၏အာဘော်ကို ဖော်ဆောင်နိုင်ပြီး နှစ်သက်ခြင်းရသနှင့်အတူ ဆင်ခြင်တွေးတောစရာများကိုလည်း ပေးစွမ်းနိုင် ကြောင်းသုံးသပ်လိုပါသည်။

## နိဂုံး

ဤစာတမ်းသည် ကိုချစ်၏ ဝတ္ထုတို(၅)ပုဒ်၏ နိဂုံးပိုင်းကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ဤစာတမ်းတွင် ဝတ္ထုတစ်ပုဒ်၌ နိဂုံးပိုင်း၏ အရေးကြီးပုံများကို တင်ပြခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍ ဝတ္ထုတိုအဖွင့်များနှင့်ပတ်သက်၍ လေ့လာစရာများကျန်ရှိနေပါသေးသည်။ ဤဝတ္ထုတိုများ၏ အဖွင့်နိဒါန်းများကို ဆက်လက်လေ့လာဖော်ထုတ်နိုင်ပါသေးသည်။

## ကျမ်းကိုးစာရင်း

### မြန်မာဘာသာ


ကိုချစ်။(၂၀၁၄)။ **စိတ်ကူးနှင့်ဘုရားတည် ကောင်းမှုတော်ထက်မငယ်နိုင်ပေါင်နှင့် ဝတ္ထုတိုစု** (ဒုကြိမ်)။ ရန်ကုန်၊ စိတ်ကူးချိုချို ပုံနှိပ်တိုက်။

ကျော်အောင်။ (၂၀၀၁)။ ***ဝတ္ထုတိုများ***(ဒုကြိမ်)။ ရန်ကုန်၊ ရာပြည့်အော့ဖ်ဆက်။

ခင်မင်မောင်၊ ခနေဖြူ ။၂၀၀၉။ ***စကားပြေသဘောတရား၊ စကားပြေအတတ်ပညာ***။ ရန်ကုန်၊ ပန်းရွှေပြည် ပုံနှိပ်တိုက်။

စိုးရွှေစင်။ (၂၀၁၅)။ ***ဝတ္ထုတိုသဘောတရား၊ ဝတ္ထုတိုအတတ်ပညာ*** ရန်ကုန်၊ ရုပ်ပြောင်စာအုပ်တိုက်။

တာရာ၊ ဒဂုန်။ (၁၉၆၇)။ ***စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှု***။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်။

တက်တိုး။ (၁၉၆၅)။ ***ပင်ကိုယ်ရေးဝတ္ထုများနှင့် ကိုယ်တိုင်ရှင်းပြချက်များ***။ ရန်ကုန်၊ လုပ်အား ပုံနှိပ်တိုက်။

မင်းကျော်။ (၁၉၇၉)။ ***ဝတ္ထုတိုအတတ်ပညာ၊ ဝတ္ထုတိုစာတမ်းများ(ပတွဲ)***။ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်။

မင်းယုဝေ။ (၁၉၇၉)။ ***ဝတ္ထုတိုအတတ်ပညာ၊ ဝတ္ထုတိုစာတမ်းများ(ပတွဲ)***။ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၀၈)။ ***မြန်မာအဘိဓာန်(ဒုကြိမ်)***။ ရန်ကုန်၊ နေလင်းပုံနှိပ်တိုက်။

သူရိယကန္တိ။ (၁၉၆၇)။ ***ဝတ္ထုရေးလိုသော်***။ ရန်ကုန်၊ ချိုးဖြူပုံနှိပ်တိုက်။


### အင်္ဂလိပ်ဘာသာ


How to End a Short Story – Tips for a Compelling Conclusion

Posted on February 5, 2023 by Nathaniel Tower

## မူရင်းကောက်နုတ်ချက်များ

| စဉ် | မူရင်းကောက်နုတ်ချက် | ကိုးကားသည့် စာမျက်နှာ |
|---|---|---|
| ၁ | Resolution: In this type of ending, the protagonist resolves the conflict or problem that has been driving the story. This type of ending can provide a sense of closure and satisfaction to the reader. | ၄ |
| ၂ | A twist ending can leave the reader feeling shocked, satisfied, or frustrated, depending on how well it is executed. | ၄ |
| ၃ | Open-ended: This type of ending the resolution of the storys conflict unresolved. This type of ending can be effective in creating a sense of ambiguity or encouraging the reader to reflect on the storys themes. | ၄ |
| ၄ | The open-ended ending leaves the resolution of the storys conflict unresolved, encouraging the reader to reflect on the larger issues at play in the story. | ၄ |

*J. Myanmar Acad. Arts Sci. 2026* **Vol. XXIII. No.6**

# သူဇာပျို့မှ ထူးခြားချက်များ

သက်မွန်အောင်[1]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစာပေနယ်ပယ် ရေးကဗျာကဏ္ဍတွင် ပါဝင်သော သူဇာပျို့မှ ထူးခြားချက်များကို လေ့လာထားသော စာတမ်းဖြစ်ပါသည်။ အခြားပျို့များနှင့်မတူ သူဇာပျို့တွင်ပါဝင်နေသည့် ထူးခြားချက်များကို သိရှိစေလိုသော ရည်ရွယ်ချက်ဖြစ်သည်။ အလေ့လာခံအဖြစ် ၁၉ဖ၈ ခုနှစ်တွင်ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်က ထုတ်ဝေသော ဝန်ကြီးပဒေသရာဇာ၏ သူဇာပျို့စာအုပ်ကို အသုံးပြုထားပါသည်။ သုတေသနမေးခွန်းမှာ သူဇာပျို့တွင် အခြားပျို့များနှင့် မတူသောထူးခြားချက်များ ရှိပါသလား ဖြစ်၍ သုတေသနပြဿနာမှာ သူဇာပျို့သည်ထူးခြားမှု ရှိ၊ မရှိဖြစ်သည်။ သုတေသန ပြုရာတွင် သုတေသန နည်းနာအဖြစ် အချက်အလက် စုဆောင်းထုတ်ယူ နည်း၊ ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်နည်း၊ အကဲဖြတ် သုတေသနနည်းတို့ကို အသုံးပြုထားပါသည်။ ပညာရပ်ဆိုင်ရာ နည်းနာအဖြစ် ချောင်းဝေါဟာရ သဘော သဘာဝ၊ အင်ရုံရွာစား ဝန်ကြီးသီရိဥဇနာ၏ လောကဗျူဟာကျမ်း (အင်ရုံစာတမ်း)လာ နည်းနာများကို အသုံးပြုထားပါသည်။ သုတေသနပြုချက်အရ ဝန်ကြီးပဒေသရာဇာ၏ သူဇာပျို့တွင် ထူးခြားချက်များရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ ပျို့ကဗျာ လေ့လာလိုသူတို့အတွက် အထောက်အကူ ပြုနိုင်ပါသည်။

**သော့ချက်ဝေါဟာရများ၊** ချောင်း၊ အိမ်ရှေ့မင်း အပ်နှင်းသော မင်းခမ်းတော်အစီအရင်

## နိဒါန်း

မြန်မာစာပေတွင် ကဗျာနှင့်စကားပြေဟူ၍ နယ်ပယ်(၂)ခုရှိရာပျို့သည် ကဗျာနယ်ပယ် ရေးကဗျာကဏ္ဍတွင်ပါဝင်သည်။ ဤစာတမ်းသည် သူဇာပျို့မှ ထူးခြားချက်များ စာတမ်းဖြစ်ပါသည်။ အခြားပျို့များနှင့်မတူ သူဇာပျို့တွင် ပါဝင်နေသည့် ထူးခြားချက်များကို သိရှိစေလိုသော ရည်ရွယ်ချက်ဖြင့် စာတမ်းပြုစုရခြင်းဖြစ်ပါသည်။ အလေ့လာခံအဖြစ် ၁၉ဖ၈ခုနှစ်တွင် ရန်ကုန်မြို့၊ ဟံသာဝတီ ပုံနှိပ်တိုက်က ထုတ်ဝေသော ဝန်ကြီးပဒေသရာဇာ၏ သူဇာပျို့ကို အခြေခံကာ လေ့လာတင်ပြပါမည်။

သို့ဖြစ်ရာ သူဇာပျို့တွင် အခြားပျို့များနှင့် မတူသော ထူးခြားချက်များ ရှိပါသလားဟူသည် ဤစာတမ်းအတွက် သုတေသနမေးခွန်း ဖြစ်လာခဲ့သည်။ သူဇာပျို့သည်ထူးခြားမှု ရှိ၊ မရှိဟူသည် သုတေသနပြဿနာဖြစ်သည်။ ထို့နောက်သူဇာပျို့တွင် အခြားပျို့များနှင့်မတူ တစ်မူထူးခြားသည်ဟူသော အဆိုကြမ်းကို တင်သွင်းခဲ့ပါသည်။ အဆိုကြမ်းကို တင်သွင်းပြီးနောက် အချက်အလက် စုဆောင်းထုတ်ယူနည်း၊ ခွဲခြမ်းစိတ်ဖြာဆန်းစစ်နည်း၊ အကဲဖြတ်သုတေသနနည်းဟူသော သုတေသနနည်းနာများဖြင့် လည်းကောင်း၊ ချောင်းဝေါဟာရသဘောသဘာဝ၊ အင်ရုံရွာစား ဝန်ကြီးသီရိဥဇနာ၏ လောကဗျူဟာကျမ်း(အင်ရုံစာတမ်း)လာ နည်းနာများဟူသော ပညာရပ်ဆိုင်ရာ နည်းနာများဖြင့် လည်းကောင်း အသုံးပြုကာ သုတေသနပြုထားပါသည်။ ဤစာတမ်းတွင် အခန်း ၁ နိဒါန်း၊ အခန်း ၂ စာပေလေ့လာဆန်းစစ်ချက်၊ အခန်း ၃ နည်းနာ၊ အခန်း ၄ လေ့လာတွေ့ရှိချက်၊ အခန်း ၅ သုံးသပ်ချက်ဟူ၍ အခန်း ၅ ခန်းခွဲကာ လေ့လာတင်ပြထားပါသည်။

---

[၁] မြန်မာစာဌာန၊ မန္တလေးတက္ကသိုလ်

**ဝန်ကြီးပဒေသရာဇာ၏အတ္တုပ္ပတ္တိအကျဉ်း**

ညောင်ရမ်းခေတ်စာဆို ဝန်ကြီးပဒေသရာဇာသည် ကောဇာသက္ကရာဇ် ၁၀၃၄ ခုနှစ်တွင် နန်းတက်သော အင်းဝဘုရင်လက်ထက် အင်းဝမြို့၌ဖွားမြင်သည်။ စာဆို၏အဖိုးသည် စနည်းနေရာနေ ဝန်ထောက်တော် အရာရှိ၊ ရွှေကြပ်စား မှူးကြီးမတ်ရာတို့၏ အခေါင်အဖျားဖြစ်ကာ မိခင်ဖခင် သည် လည်း ဘုရင်ထံ၌ခစားရသော မင်းမှုထမ်းများဖြစ်သည်။ စာဆိုသည် စနေမင်း၊ တနင်္ဂနွေမင်း၊ ဟံသာဝတီ ရောက်မင်းဟူသော မင်းဆက် (၃)ဆက်တိုင်အောင် အမှုထမ်းခဲ့သူဖြစ်သည်။

စနေမင်းလက်ထက်တွင် စုရေးစုကိုင်အဖြစ် ထမ်းရွက်၍ ကဗျာလင်္ကာများရေးဖွဲ့ခဲ့သည်။ တနင်္ဂနွေမင်းလက်ထက်တွင် လက်ဝဲရွှေတောင်ဘွဲ့နှင့် မန်ကျည်းတုံရွာကိုလည်းကောင်း၊ ဟံသာဝတီ ရောက်မင်း လက်ထက်တွင် အိမ်ရှေ့မင်း၏ အချီတော်အဖြစ်လည်းကောင်း၊ "ဘယကျော်သူ"ဘွဲ့ဖြင့် လည်းကောင်း၊ မင်းရဲမင်းလှ ကျော်ခေါင်ဘွဲ့နှင့် အသည်ဝန်ကြီးအဖြစ်လည်းကောင်း ချီးမြှင့်ခြင်း ခံရသည်။ ထို့နောက် နတ်ရှင်နောင်ဘွဲ့၊ ပဒေသရာဇာဘွဲ့များကိုလည်း ရရှိခဲ့သည်။

စာဆိုရေးဖွဲ့ခဲ့သော စာများမှာ သူဇာပျို့၊ မဏိကက်ပျို့၊ ကျေးဇူးတော်ပျို့၊ ယိုးဒယား သံရောက် ပျို့၊ ကုမ္မာဘယပျို့၊ သမုဒ္ဒဃောသပျို့၊ တောထွက်ခန်းပျို့၊ နန္ဒာသီရိပျို့၊ နုအူအူပျို့၊ ကြာနတ်ကေသာပျို့၊ မဟာပတိပျို့၊ နမောလင်္ကာပျို့၊ ဆန္ဒပြန်ပျို့ဟူသောပျို့များ၊ ချောင်းများ၊ ရတုများ၊ သီချင်းများ၊ ထန်းတက်သမား၊ လယ်သမား၊ ပိန်းကောလှေသမား စသူတို့၏ဘဝကို သရုပ်ဖော်ရေးဖွဲ့သော တျာချင်းများနှင့် မဏိကက်နန်းတွင်းဇာတ် စသည်တို့ဖြစ်သည်။ ယင်းတို့အနက် သူဇာပျို့သည် "စာနုကို လည်းမချစ်နှင့်၊ သူဇာကိုလည်းမပစ်နှင့်"ဟူ၍ မြန်မာစာပေသမိုင်း တွင် အထူးထင်ရှား သည်။

ထို့သို့ စာများစွာရေးဖွဲ့ခဲ့သော စာဆိုဝန်ကြီးပဒေသရာဇာသည် သက္ကရာဇ် ၁၁၁၆ ခုနှစ်တွင် သန်လျင်မြို့၌ ကွယ်လွန်ခဲ့ပြီးခန္ဓာကို သန်လျင်မြို့ ရှင်ပင်ကျိုက်ခေါက်စေတီတော်၏ ကုန်းမြင့် မြောက်ဘက်တွင် ဂူသွင်းထားရှိပေသည်။

**သူဇာပျို့ ဇာတ်လမ်းအကျဉ်းနှင့် ဦးတည်ချက်**

ဇေယျပူရပြည့်ရှင်ရာဇိန္ဒရာဇာမင်းကြီးနှင့် မိဖုရားခေါင်ကြီး နရိန္ဒဒေဝီတို့တွင် မဟာဥပရာဇာ ဟူသော သားရတနာတစ်ပါး ဖွားမြင်သည်။ အရွယ်ရောက်လာသောအခါ အိမ်ရှေ့အရာ အပ်နှင်းခဲ့ သည်။ ထိုမင်းသားသည် ဆင်စီးခြင်း၊ မြင်းစီးခြင်း၊ လေးမြားပစ်ခြင်း စသည်တို့တွင် တစ်ဖက်ကမ်းခတ် တတ်မြောက်လေသည်။

ဇေယျပူရပြည်၏ မြောက်ဘက်ရှိ မဓုဇလရေကန်တွင် ဒီပစိတ္တမည်သော နဂါးမင်း ရှိသောကြောင့် တိုင်းပြည်တစ်ခုလုံး သာယာဝပြောသည်။ သို့ရာတွင် သုရမ္မပူရပြည်တွင်မူ အစာရေစာငတ်မွတ် ခေါင်းပါး နေသဖြင့် နဂါးမင်းကိုဖမ်းရန် သုရမ္မပူရပြည်သားတို့က ကြံစည်ကြသည်။ ထိုအခါ နဂါးမင်းကြီး ကို ဇေယျပူရပြည်သား ကက္ခလိစ္ဆမုဆိုးကကယ်တင်ခဲ့သည်။ တစ်နေ့တွင်မုဆိုးသည် သီတုဒက ရေကန်အနီး တွင် အမဲလိုက်ရန်ချောင်းနေစဉ် ကိန္နရီခုနစ်ဖော်တို့သည် ရေကစားရန် ရောက်လာကြသည်။ ဤသည်ကို မြင်သော မုဆိုးသည် အငယ်ဆုံးကိန္နရီမဖြစ်သည့် သူဇာမင်းသမီးကို နဂါးမင်းထံမှငှားထားသော နဂါးပတ် ကျော့ကွင်းဖြင့် ဖမ်းဆီးခဲ့သည်။ ထို့နောက် သူဇာမင်းသမီးကို အိမ်ရှေ့မင်းထံဆက်သရာ မင်းကြီးက

အိမ်ရှေ့မိဖုရားအဖြစ် သားတော်အိမ်ရှေ့မင်းနှင့် လက်ထပ်ထိမ်းမြားပေးခဲ့သည်။ မကြာမီ ရတနာပဥ္စ ဟူသော သားတော်တစ်ပါး ဖွားမြင်လေသည်။

တစ်နေ့တွင် ရာဇိန္ဒရာဇာဂုရုဘွဲ့ခံပုဏ္ဏားဏ်၏ အကောက်ကြံမှုကြောင့် မင်းကြီးကအိမ်ရှေ့မင်းကို စစ်တိုက်ထွက်ရန် စေလွှတ်ခဲ့သည်။ အိမ်ရှေ့မင်းစစ်ထွက်သွားသောနေ့တွင်ပင် မင်းကြီးသည် ရထားစီး၍ အထက်နတ်ပြည်သို့ တက်ရကြောင်း အိပ်မက်မြင်မက်သောအခါ ပုဏ္ဏားကမင်းကြီးအတွက် အသက် အန္တရာယ်ရှိသော အိပ်မက်ဖြစ်ကြောင်း၊ ခုနစ်ရက်တိုင်တိုင် သားရဲတိရစ္ဆာန်မျိုးစုံတို့ဖြင့် ယဇ်ပူဇော်ပွဲ ပြုလုပ်မှလွတ်မြောက်နိုင်ကြောင်း လိမ်လည်လျှောက်တင်ခဲ့သည်။ ထို့နောက် သူဇာကိုလိုက်လံဖမ်းဆီး ကြသောကြောင့် သူဇာမင်းသမီးသည် သားတော်ကို ထားရစ်ခဲ့ရရှာပြီး အသက်ဘေးမှ လွတ်အောင် ဟေမာဂီရိတောင်သို့ ပြန်သွားခဲ့ ရသည်။

အိမ်ရှေ့မင်းပြန်ရောက်လာသောအခါ သူဇာမင်းသမီးကို မတွေ့သဖြင့် အပူတပြင်းရှာလေသည်။ လိုက်ရှာရင်း ဟေမာဂီရိတောင်သို့ ရောက်သွားသောအခါ သူဇာ၏ခမည်းတော် မင်းကြီးသည် အိမ်ရှေ့မင်းကို ချက်ချင်းလက်မခံသေးဘဲ ကိန္နရီ(၇)ဖော်အနက်မှ သူဇာမင်းသမီးကို ရွေးခိုင်းသဖြင့် အိမ်ရှေ့မင်းက အဓိဋ္ဌာန်ခဲ့ရာ သိကြားမင်းက လိပ်ပြာဖန်ဆင်းပြီး ကူညီသဖြင့် ရွေးချယ်နိုင်ခဲ့လေသည်။ ဟေမာဂီရိတောင်တွင် ရတနာပုပ္ဖမည်သော သမီးတော်ဖွားမြင်ပြီးနောက် ဓေယျပူရပြည်သို့ ပြန်လာခဲ့ကြ သည်။ ထို့နောက် ထီးနန်းကို သားတော်ရတနာပဥ္စထံ အပ်နှင်းကာ သူဇာမင်းသမီးနှင့် အေးအတူပူအမျှ ပျော်ရွှင်စွာ နေထိုင်သွားကြလေသည်။

ဦးတည်ချက်မှာ ပုခက်တင်မင်္ဂလာ၊ အိမ်ရှေ့မင်းအပ်နှင်းသည့် မင်္ဂလာဟူသော မြန်မာ့ နန်းဓလေ့ အစဉ်အလာများကို သိရှိမှတ်သားနိုင်စေရန်နှင့် လောကတွင်ကြုံတွေ့ရမည့် သုခ၊ ဒုက္ခများကို သတိပြု ဆင်ခြင်မိစေရန် ဖြစ်သည်။

**စာပေလေ့လာဆန်းစစ်ချက်**

မြန်မာစာပေတွင် ကဗျာနှင့်စကားပြေဟူ၍ နယ်ပယ်နှစ်ခုရှိရာ ပျို့သည်ကဗျာနယ်ပယ်၊ ရှေးကဗျာကဏ္ဍတွင် ပါဝင်သည်။ ပျို့များတွင် ဇာတ်လမ်းပါသောပျို့နှင့် ဇာတ်လမ်းမပါသော ပျို့ဟူ၍ နှစ်မျိုးရှိသည်။ ဇာတ်လမ်းပါသော ပျို့များသည် အများအားဖြင့် ဘုရားဟောဗုဒ္ဓဝင်၊ ငါးရာ့ငါးဆယ် ဇာတ်များ ဇင်းမယ်ပဏ္ဏာသလာ ဇာတ်တို့ကိုအခြေခံ၍ ရေးဖွဲ့လေ့ရှိသည်။ ထိုသို့ရေးဖွဲ့ရာတွင် မူလ ဇာတ်ဝတ္ထုများကို ပို၍စိတ်ဝင်စားမှုဖြစ်စေရန် စာဆိုတို့၏ စိတ်ကူးဉာဏ်အလျောက် မွမ်းမံချဲ့ထွင် ရေးဖွဲ့တတ်ကြသည်။ ထို့ကြောင့် ပျို့များတွင် စာဆိုချဲ့ထွင်ထားသော ထူးခြားသည့် အပိုင်းများကို သိလိုစိတ်များဖြစ်ပေါ်ခဲ့ရာ သူဇာပျို့မှထူးခြားချက်များ စာတမ်းကို ပြုစုရခြင်း ဖြစ်သည်။

ယခုစာတမ်းပြုစုရာတွင် ဓမ္မာစရိယဦးစိုးမြင့်၏ ခေတ်မီဇင်းမယ်ပဏ္ဏာသ ဝတ္ထုတော်ကြီး စာအုပ် ကို ဖတ်ရှုလေ့လာခဲ့ပါသည်။ ထိုစာအုပ်တွင် ဇင်းမယ်ပဏ္ဏာသလာ ဇာတ် ၅၀ကို ဆိုလိုရင်း မပျက်စေဘဲ တိတိကျကျ ရေးသားထားသည်။ သူဇာပျို့သည် ဇင်းမယ်ပဏ္ဏာသလာ သုဓနုကုမာရ ဇာတ်ကို အခြေခံ၍ ရေးဖွဲ့သောပျို့ဖြစ်သောကြောင့် ထိုစာအုပ်ထဲတွင် ပါဝင်သော သုဓနုကုမာရဇာတ်ကို ဖတ်ရှုခဲ့ပါသည်။

ထိုအခါ သုဓနုကုမာရဇာတ်တွင် မပါဝင်ဘဲ စာဆိုမွမ်းမံချဲ့ထွင်ထားသည့် အပိုင်းများကိုသိရှိခဲ့ရာ လေ့လာချက် ရေးသားရာတွင် အထောက်အကူ ဖြစ်ခဲ့ပါသည်။

တစ်ဖန် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ကဗျာသာရတ္ထသင်္ဂြိုဟ်ကျမ်းကို ဖတ်ရှုလေ့လာခဲ့ပါသည်။ ထိုကျမ်းတွင် ရသ၊ ဒေါသ၊ ပျို့၊ ရတု၊ ချောင်း၊ မော်ကွန်း၊ ရကန်ရေးနည်းများ၊ စောင်းတီးနည်း၊ အကြောင်းတို့ကို အသေးစိတ် ရေးသားထားသည်။ ဤမှချောင်းရေးနည်း အကြောင်းကိုသိရှိရပြီး ဤစာတမ်းတွင် နည်းနာရေးသားရာ၌ များစွာအကျိုးဝင်ခဲ့ပါသည်။

ထို့နောက် ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်းစာအုပ်ကို ဖတ်ရှုလေ့လာခဲ့ပါသည်။ ထိုစာအုပ်တွင် ခေတ်တစ်ခေတ်စီကို စာဆိုတို့၏ စာပေလက်ရာများနှင့် အသေးစိတ် ရေးသားထားသည်။ ထို့ပြင် ပျို့ဝေါဟာရ သဘောသဘာဝ၊ ချောင်းဝေါဟာရ သဘောသဘာဝစသည့် နည်းနာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြထားရာ ဤစာတမ်းတွင် နည်းနာအဖြစ် အသုံးပြုခဲ့ပါသည်။

ထို့ပြင်အင်ရုံရွာစား ဝန်ကြီးသီရိဥဇနာ၏ လောကဗျူဟာကျမ်း(အင်ရုံစာတမ်း)ကို ဖတ်ရှု လေ့လာခဲ့သည်။ ထိုစာအုပ်တွင် အိမ်ရှေ့မင်းထီးနန်းတက်သည့် အစီအရင်၊ သကြဉ်တော်ခေါ်သည့် အစီအရင်၊ လွှတ်တော်တက်သည့်အစီအရင် စသည်တို့အပြင် မင်းမှုထမ်းများ၏ အလုပ်အကိုင်၊ လစာငွေတို့ကို အသေးစိတ် မှတ်တမ်းတင် ရေးဖွဲ့ထားရာ ဤစာတမ်းရေးသားရာတွင် အကိုးအထောက်ပြုသည့်စာအုပ် အဖြစ် အသုံးဝင်ခဲ့ပါသည်။

ဆက်လက်၍ ဤစာတမ်းပြုစုနိုင်ရေးအတွက် သုတေသနကျမ်းများကိုလည်း ဖတ်ရှုလေ့လာခဲ့ပါသည်။ ၂၀၁၁ ခုနှစ် ရန်ကုန်တက္ကသိုလ် ပါရဂူဘွဲ့အတွက် မောင်ဆန်းလွင် တင်သွင်းသော သူဇာပျို့ စစ်တမ်းနှင့်အဖွင့်ကျမ်း၊ ၁၉၇၅ ခုနှစ် မန္တလေးတက္ကသိုလ် မဟာဝိဇ္ဇာဘွဲ့အတွက် မကြွယ်ကြွယ် တင်သွင်းသော ဝန်ကြီးပဒေသရာဇာ၏ ဘဝနှင့်စာပေကျမ်းတို့ကို ဖတ်ရှုလေ့လာခဲ့ရာ ဤစာတမ်းလေ့လာရာတွင် အဆင်ပြေလွယ်ကူခဲ့ပါသည်။

သို့ဖြစ်ရာ အထက်ပါ စာအုပ်များ၊ ကျမ်းများကို ဖတ်ရှုလေ့လာခြင်းဖြင့် ယခုစာတမ်းပြုစုရာတွင် များစွာ အကျိုးကျေးဇူးရရှိခဲ့ပါသည်။

## နည်းနာ

သုတေသနတစ်ခု ပြုလုပ်မည်ဆိုလျှင် နည်းနာများသည် မိမိသုတေသနပြုတင်ပြလိုသော အချက်အလက်များ မှန်ကန်မှုရှိကြောင်း တင်ပြနိုင်ရေးအတွက် အထောက်အကူပြုသောကြောင့် အရေးပါသည်။ နည်းနာတွင် ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသနနည်းနာဟူ၍ နှစ်မျိုးရှိသည်။

### ပညာရပ်ဆိုင်ရာနည်းနာ

ပညာရပ်ဆိုင်ရာ နည်းနာနှင့်ပတ်သက်၍ ချောင်းဝေါဟာရ သဘောသဘာဝ၊ အိမ်ရှေ့မင်း ထီးနန်း ဥကင်ဖွင့် အစီအရင်များကို တင်ပြပါမည်။

ချောင်းဝေါဟာရ၊ သဘောသဘာဝနှင့်ပတ်သက်၍ တင်ပြရလျှင်ချောင်းတွင် ချောင်းနှင့် နားတော်သွင်းဟူ၍ နှစ်မျိုးရှိသည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ကဗျာသာရတ္ထသင်္ဂြိုဟ်ကျမ်းတွင်

> **ချောင်းဆိုသည်ကား မင်းမိဖုရားတို့၏ သားတော်သမီးတော်တို့ကို ဖွားမြင်တော် မူပြီးနောက် ပုခက်တင်မင်္ဂလာပြုသောအခါ ဘေးလောင်းတော် ဘိုးလောင်းတော် ခမည်းတော်တို့သည် ဘုန်းသမ္ဘာ ကြီးရင့်တော်မူသည်နှင့် ထပ်တူထပ်မျှ အရှင်သည်လည်း ဘုန်းတော်သမ္ဘာ မင်္ဂလာရှိတော်မူလိမ့်မည့်အကြောင်း၊ နောက် နှောင်းအစုအစဉ် ရာဇဝင်အကြောင်း ချင်းတသနစ်သနာကို သာယာချောင်ဖွဲ့စွာ "ကောရန္တ"ဖြင့် အဆုံးချလျက် စာဆိုပညာရှိတို့ ဖွဲ့နွဲ့စီကုံး၍ ကျူးရင့်သီဆိုသော ကဗျာအစပ်မျိုး ဖြစ်လေသည်။** (ကိုယ်တော်မှိုင်း၊ ၂၀၂၃၊ စာ ၃၃၂)

ဟူ၍ ရေးသားထားသည်။ ဦးဖေမောင်တင်က မြန်မာစာပေသမိုင်းစာအုပ်တွင်

> **မွေးဖွားသည့်နေ့ကစ၍ ပုခက်တွင်းအရွယ်ဖြစ်သော မင်းသားမင်းသမီးများကို ဖွဲ့ဆိုသော ကဗျာဖြစ်လျှင် ချောင်းဟူ၍ခေါ်၏။ ပုခက်တွင်းအရွယ်ကို လွန်သည်မှစ၍ အိမ်ရှေ့မင်း အဖြစ်တိုင်ရောက်သော မင်းသားကိုသော်လည်းကောင်း၊ တစ်ပင်တိုင်မင်းသမီးအဖြစ်တိုင်ရောက်သော မင်းသမီးကိုသော်လည်းကောင်းဖွဲ့ဆိုသော ကဗျာဖြစ်လျှင် နားတော်သွင်းဟူ၍ခေါ်၏။** (ဖေမောင်တင်၊ ၂၀၁၃၊ စာ ၁၀၆)

ဟူ၍ဖွင့်ဆိုထားသည်။ သူဇာပျို့တွင်ပါဝင်သော ချောင်းနှစ်ပုဒ်သည် ချောင်းအမျိုးအစားပင် ဖြစ်သည်။

ချောင်းတွင် ပါဝင်ရမည့်အချက်များနှင့်ပတ်သက်၍

> **(က) ဝတ္ထုပစ္စည်း သင်ခန်းစာ၌ကဲ့သို့ မင်းစဉ်မင်းဆက်ရာဇဝင် ဖြစ်စေရမည်။ (ခ) လေးလုံးစပ် ကဗျာသွားအတိုင်း စပ်ဆို၍ အဆုံး၌ စာမျက်နှာနံပါတ် ၂၄၇တွင် ပြခဲ့သော "ခိုင်ညွတ်ခက်ဖြာ" ခေါ် ၇လုံးချတစ်ပိုဒ်တည်းဖြင့်ဖြစ်စေ၊ သို့မဟုတ်၊ "အာသာဝတီဝတ်ဆံ"ခေါ် ၁၁ လုံးတပိုဒ်၊ "မဏိဥပည်း"ခေါ် ၁၅လုံးတပိုဒ်၊ ပေါင်း ၂ ပိုဒ်ဖြင့် ဖြစ်စေချရမည်။**
>
> **(ဂ) ၎င်း အဆုံးချရာ၌ "ကောရန္တ" သာလျှင် ဖြစ်စေရမည်။** (ကိုယ်တော်မှိုင်း၊ ၂၀၂၃၊ စာ ၃၃၃)

ဟူ၍ရေးသားထားသည်။ ထို့ကြောင့် ချောင်းဟူသည် ဘုရင်၏သားတော်၊ သမီးတော်တို့အတွက် ရည်ရွယ်ကာ ရေးဖွဲ့ထားသော၊ ရာဇဝံသဉာဏ်ကိုပေးစွမ်းသော၊ ကောရန္တဖြင့်ဆုံးသော ကဗျာဟုဆိုနိုင်ပေသည်။

ထို့နောက် အိမ်ရှေ့မင်း အပ်နှင်းမည့် အမိန့်တော်နှင့်ပတ်သက်၍ လောကဗျူဟာကျမ်းတွင်

> **အစီအရင်ကား ကေရာဇ်မင်းတို့ဝယ် သားကြီးဩရသသည် အရွယ်သို့ရောက်လျှင် သာသနာတော်ကိုညီ၍ ဆောင်ရွက်စိမ့်သောငှာ သားကြီးရတနာကို အိမ်ရှေ့အရာ ဆောက်နှင်းတော်မူ၍ သာသနာတော်ကိုညီ၍ ဆောင်ရွက်ရသည်။ ငါသည်လည်း သားတော်မည်သည် မြို့မင်းသည် သာသနာတော်ကိုညီ၍ ဆောင်ရွက်ရမည်၊ အရွယ်သို့ရောက်ပြီ၊ ရှေးကေရာဇ်မင်းတို့နည်း သားတော်မည်သည် မြို့မင်းကို အိမ်ရှေ့အရာ ဆောက်နှင်းတော်မူမည်။ မည်သည့်နေ့လကို အခါတော်ရသည်။ ဝန်တို့မှာ ရှေး ကေရာဇ်**

> **မင်းတို့ သားတော်ညီတော်တို့ကို အိမ်ရှေ့အရာ ဆောက်နှင်းတော်မူသည်။** (သီရိဥဇနာ၊ ၂၀၀၁၊ စာ ၁၁)

ဟူ၍ရေးဖွဲ့မှတ်တမ်းတင်ထားသည်။ ဘုရင်မင်းမြတ်သည် မိမိ၏သားတော်ကို အိမ်ရှေ့မင်းအဖြစ် အပ်နှင်းမည့်အကြောင်းကို နန်းတော်တွင်းသာမက အဝေးမြို့ရွာများကိုပါ ကြိုတင်၍ အသိပေးထားလေ့ ရှိကြောင်း၊ အခါတော်ရမည့် နေ့ရက်အချိန်တို့ကိုလည်းကြိုတင်၍ တွက်ချက်လေ့ရှိကြောင်းတို့ကို လုပ်ဆောင်ထားရပေသည်။

ထို့နောက် အိမ်ရှေ့မင်း အပ်နှင်းသော မင်းခမ်းတော်အစီအရင်နှင့်ပတ်သက်၍ ပြုလုပ်စီရင်ရသည့် အစီအရင်ကို အင်ရုံစာတမ်းတွင်

> **မင်းသား မြင်းမှူးနေရာနေ၊ နေရာလွတ်နေ၊ နီးခေါက်နေတို့မှာ လွှတ်တော်တွင်နေရာ စာရင်းအတိုင်း လျောင်းတော်ဦးတွင် နေရာခင်းသည်။ သည်ပြင်နေရာ မရသသူ အမည်ရ မြင်းကြီးမြင်းခေါင်း အမှုးအကြီးကျေးစားရွာစား စာရေးစာချီ သူဌေးသူကြွယ် တို့မှာ လက်ဆောင်တော်ကို ကိုယ်တိုင် အောက်ဆက် ဆက်ရသည်။ စော်ဘွားမြို့စား မြို့ဝန် စစ်ကဲတို့မှာလည်း လာလူတို့ အောက်ဆက်ဆက်ရသည်။ ဆက်ပြီးလျှင် လာလူတို့ လျောင်းတော်ဦးသို့ တက်နေရသည်။ အိမ်ရှေ့ အစည်ထုံးစံ ရှိသည်အတိုင်း မင်းသား မင်းမြေး မှူးတော်မတ်တော်တို့ကို စေ့နှံ့အောင် ဆော်၍ ဆက်စေရသည်။** (သီရိဥဇနာ၊ ၂၀၀၁၊ စာ ၂၉)

ဟူ၍ မှတ်တမ်းတင်ရေးသားထားသည်။ အိမ်ရှေ့မင်း ထီးနန်းတက်လျှင် အဝေးမြို့ရွာရှိ မြို့စားရွာစား များ၊ နန်းတော်အတွင်းရှိ အမှုထမ်းများက လက်ဆောင်တော်ဆက်သလေ့ရှိပုံကို ထုံးတမ်းအစဉ်အလာ တစ်ရပ်ကို ထည့်သွင်းလေ့ရှိကြောင်း မှတ်သားရသည်။

**သုတေသနနည်းနာ**

သုတေသနတစ်ခု ပြုလုပ်တော့မည်ဆိုလျှင် မိမိပြုလုပ်သောသုတေသနသည် မှန်ကန်မှုရှိရန် အတွက် သုတေသနနည်းနာကို အသုံးပြုရပေမည်။

ဤစာတမ်းသည် သူဇာပျို့မှ ထူးခြားချက်များ ဖြစ်သည်။ သူဇာပျို့တွင် ထူးထူးခြားခြား ပါဝင်နေသည့် ပုခက်တင်မင်္ဂလာအခမ်းအနား၊ အိမ်ရှေ့မင်း၏ နန်းတက်မင်္ဂလာပြုလုပ်သည့် အစီအရင်တို့ကို ထုတ်နုတ်ရာတွင် ပထမဦးစွာအချက်အလက် စုဆောင်းထုတ်ယူနည်းကို အသုံးပြုထားပါသည်။ ထို့နောက် ထုတ်နုတ်ထားသော အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်နည်းဖြင့် စိစစ်လေ့လာထားပါသည်။

သို့ဖြစ်ရာ သူဇာပျို့မှ ထူးခြားချက်များကို ပညာရပ်ဆိုင်ရာနည်းနာ၊ သုတေသနနည်းနာတို့ဖြင့် စိစစ်လိုက်သောအခါ သားတော်သမီးတော်တို့အတွက် ပုခက်တင်မင်္ဂလာ အခမ်းအနားတွင် ဖွဲ့ဆိုသော ချောင်းများ၊ အိမ်ရှေ့မင်း၏နန်းတက် မင်္ဂလာပြုလုပ်သည့် အစီအရင်တို့ကို ထူးခြားသည့် ဝိသေသများ အဖြစ် ပေါ်လွင်လျက်ရှိပါသည်။

## လေ့လာတွေ့ရှိချက်

သူဇာပျို့သည် ဇင်းမယ်ပဏ္ဏာသလာ သုဓနုကုမာရဇာတ်ကို အခြေခံကာရေးဖွဲ့ထားသည်။ ဤစာတမ်းသည် သူဇာပျို့မှ ထူးခြားချက်များဖြစ်သည်။ သူဇာပျို့တွင် အခြားပျို့များနှင့် မတူသော ထူးခြားချက်များ ဖြစ်သည့် ပုခက်တင်မင်္ဂလာအခမ်းအနားတွင် ရွတ်ဆိုရန်ချောင်းများနှင့် အိမ်ရှေ့မင်း အပ်နှင်းသော မင်းခမ်းတော် အစီအရင်ဟူ၍ (၂)ပိုင်းခွဲကာ လေ့လာတင်ပြပါမည်။

## ပုခက်တင်မင်္ဂလာအခမ်းအနားတွင် ဖွဲ့ဆိုသော ချောင်းများ

သူဇာပျို့တွင် မဟာဥပရာဇာမင်းသားနှင့် သူဇာမင်းသမီးတို့သည် သားတော်ရတနာပဒ္မ မင်းသားကို ဦးစွာဖွားမြင်ခဲ့သည်။ စာဆိုသည် ဖတ်ရှုသူတို့အား ဗဟုသုတဖြစ်စေရန် အလို့ငှာ သားတော် ရတနာပဒ္မမင်းသားအတွက် ပြုလုပ်သည့် ပုခက်တင်မင်္ဂလာအခမ်းအနားတွင် ရွတ်ဖတ်ရန် ရတနာပဒ္မ ချောင်းကို ထည့်သွင်းရေးဖွဲ့ခဲ့သည်။ အပိုဒ် (၆၀)မှ (၇၂)အထိသည် ရတနာပဒ္မချောင်း ဖြစ်သည်။

ပုခက်တင်မင်္ဂလာအခမ်းအနား ကျင်းပမည့်ရက်တွင် သားတော်သည် စိန်၊ မြတို့ဖြင့် စီခြယ်ထားသည့် အရောင်အဝါတောက်ပသော လက်ကောက်၊ ခြေကျင်းများနှင့်လည်ပင်းတွင် ကျားလက်သည်းကို ဆင်ယင်ထားပါသည်။ ကျောက်မျက်ရတနာများဖြင့် စီခြယ်ထားသည့် ပုခက်၏ ကလက်ခြေတွင် ဘီလူး၊ နဂါး၊ ခြင်္သေ့ရုပ်များ ထုလုပ်ထားသည်။ လှပသော ပန်းခက်ပန်းနွယ်များ အကြားတွင် သန်လျက်ထမ်းသည့်ဟန် နတ်သားရုပ်ကိုထားရှိသည်။ တုရင်အဖျားတွင် မြမှန်ကင်းကို စိုက်ထူထားသည်။ ပုခက်၏ မျက်နှာကြက်တွင် အင်းကွက်ရေးဆွဲထားပြီး ကြမ်းအခင်း၌ ခြင်္သေ့၏အမွေးထက် နူးညံ့သော ကတ္တီပါကို ဆယ်ထပ်မျှ ခင်းကျင်းထားသည်။ ထိုသို့ စီရင်ခင်းကျင်းထားပုံကို

> **တုရင်ဖျားဝယ်၊ မြပြားညီမြို့က်၊ မှန်ကင်းစိုက်၏၊ မြင်းကိုက်အင်းကွက်၊ မျက်နှာကျက်လည်း၊ ပြိုးပြက်ရောင်ဖြာ၊ ကြမ်းမှာခင်းပေ၊ ခြင်္သေ့ရေတွက်၊ ဆယ်ထွေ ဆယ်ရည်၊ မွေးရှည်ညှံ့စွာ၊ ကတ္တီပါတည့်၊ အုံ့ရာဖိုးကြီး၊ ဆယ်ထပ်နှီးသည်။ ။ မငြီးစက်မွေ့ပျော်ရာတည်း။** (ပဒေသရာဇာ၊ ၁၉၆၈၊ စာ ၃၃- ၃၄)

ဟူ၍ရေးဖွဲ့ထားသည်။ မင်းမျိုးမင်းနွယ်ဖြစ်သော ရတနာပဒ္မမင်းသားလေး၏ ပုခက်တင်မင်္ဂလာအခမ်းအနားတွင် အသုံးပြုမည့် ပုခက်သည် သာမန်ပုခက်မျိုး မဟုတ်ပေ။ မြန်မာမှုလက်ရာများဖြင့် အသေးစိတ် ဖန်တီးပြုလုပ်ထားသည့် ပုခက်ပင်ဖြစ်သည်။ မင်းသားလေး၏ ဂုဏ်နှင့် လိုက်ဖက်ညီစွာ ပြင်ဆင်ထားခြင်း ဖြစ်သည်။

ရတနာပဒ္မမင်းသား ပုခက်တင်အခမ်းအနားတွင် သီဆိုရန်ရေးဖွဲ့ထားသော ချောင်းတွင်ချောင်းသဘာဝအတိုင်း မင်းသားလေး၏ မင်းဆက်ရာဇဝင်ကို ဖွဲ့ဆိုပါသည်။ ရတနာပဒ္မမင်းသားလေး၏ ဘိုးတော်ဘက်မှ တော်စပ်သော နရိန္ဒရာဇာသည် သိကြားမင်း၏ သားဦးရတနာဖြစ်သည်။ ထိုသားဦးရတနာမှ အစဉ်မပြတ်သော မြတ်သောမင်းဆက်ဖြစ်သည်။ ထိုမင်းဆက်မှ ဆင်းသက်လာသည့် မင်းသားလေး၏ဘိုးတော် ရာဇိန္ဒရာဇာသည် ဘုန်းတန်ခိုးထွန်းတောက်သောမင်းများတွင် မင်္ဂလာနှင့် ပြည့်စုံသောမင်းဖြစ်သည့်အပြင် ဘိုးတော်၏ ဘုန်းတန်ခိုးသည် အနီးအဝေးသို့ လွှမ်းမိုးသူဖြစ်သည်။ ထိုအကြောင်းကို

> **မြတ်ဆင့်ဆင့်ပွား၊ အညအားဖြင့်၊ များသည့်မင်းပေါင်း၊ ခြောက်သောင်းမျှစင်၊ ဣန္ဒာဝင်ဟု၊ ဥကင်စိုးမြန်း၊ စည်ပြီးထွန်း၏၊ ဘုန်းတန်းမချို့၊ ထိုမင်းတို့တွင်၊ မျိုး မင်္ဂလာ၊ ညွန့်ဖြာဘုန်းသစ်၊ အဆုံးဖြစ်သား၊ ကေရာဇ်ထိပ်ပေါ်၊ ရှင့်ဘိုးတော်သည်၊ မည်ခေါ်တည့် ရာဇိန္ဒရာဇာ၊ ဘုန်းဝါတည့်နီးဝေး ရောင်လွှင့်ပြေး။ ။ ယောဉ်ချိုယဉ် ပျောင်းနုဧ။**
> (ပဒေသရာဇာ၊ ၁၉၆၈၊ စာ ၃၅)

ဟူ၍ ဖွဲ့ဆိုထားသည်။ ချောင်းများသည် ရာဇဝံသဉာဏ်ကို ပေးစွမ်းလျက်ရှိရာ သူဇာပျို့တွင် ရတနာပဥ္စ မင်းသားလေး ဂုဏ်ယူဝံ့ကြွားနိုင်ရန် ဘိုးတော်မင်း၏ ဘုန်းတော်ကို ထည့်သွင်း ဖွဲ့ဆိုထားသည်။ ဤချောင်းတွင် မင်းသားလေးကို အိပ်ပျော်သွားအောင် ပြုလုပ်ရန်ထက် ဇာတိသွေး ဇာတိမာန် တက်ကြွလာအောင်ပြုလုပ်ရန် အလေးကဲကာဘုန်းတော်ဘွဲ့ကို အားပြုရေးဖွဲ့ထားကြောင်းထင်ရှားသည်။ သို့မှသာ မင်းသားအရွယ်ရောက်လာသောအခါ မိမိတိုင်းပြည်ကို ချစ်မြတ်နိုးမည်ဖြစ်သည်။ ထို့ပြင် အပိုဒ်၏အဆုံး၌ "ယောဉ် ချိုယဉ်ပျောင်းနုဧ" ဟု အဆုံးသတ်ထားရာ ချောင်းပီသမှုရှိပေသည်။

မင်းသားလေး၏ ဘိုးတော်သည်သာ ဘုန်းတန်ခိုးကြီးမားသူ မဟုတ်ပေ။ ဘွားတော် နရိန္ဒာ ဒေဝီသည်လည်း သိကြားမင်းမျိုးဆက်မှ ဆင်းသက်လာသူဖြစ်သည်။ ဘွားတော်သည် ငါးပါးသီလနှင့် ပြည့်စုံသည့်အပြင် ဣန္ဒြေငါးပါးနှင့်လည်း ပြည့်စုံသူဖြစ်သည်။ ရုပ်ဆင်းအင်္ဂါနှင့်ပညာတို့မှာ ပြိုင်ဖက် မရှိလောက်အောင် လှပပြည့်စုံလှသည်။ ထိုအကြောင်းကို

> **ဥကင်ထိပ်ပေါ်၊ တူစုံပျော်သည်၊ ဘွားတော်ထွတ်မြတ်မျိုးမြင့်လေ။ ။ ဣန္ဒဝင်စစ်၊ တဖြစ်တနွယ်၊ စင်ကြယ်လှစွာ၊ မည်တော်သာမူ၊ နရိန္ဒာဒေဝီ၊ ကျော်ထင်ညီသည်၊ သိင်္ဂီရွှေသား၊ ဘွားဘုရားကား၊ ငါးပါးဣန္ဒြေ၊ ငါးထွေသီလ၊ တည်ကြည်လှ၍၊ ရူပ လက္ခဏာ၊ ပညာဂုဏ်အင်၊ ဘက်မထင်သည်။ ။မြေပြင်တည့်မဆန့် ကျော်စောဝှန့်၊ နတ်ဌာန်တည့်ပျံ့မွှေး၊ အံ့ချီးကြွေး။ ။ ဧယောဉ်ချိုယဉ်ပျောင်းနုဧး။** (ပဒေသရာဇာ၊ ၁၉၆၈၊ စာ ၃၃၅)

ဟူ၍ရေးဖွဲ့ထားသည်။ ဘွားတော်ဖြစ်သူ နရိန္ဒာဒေဝီ၏ ဂုဏ်သတင်းသည် မြေပြင်တွင် မဆန့်သည့် အပြင် နတ်ပြည်ထိအောင် ပျံ့မွှေးလျက်ကာအားလုံးက အံ့သြချီးကျူးလျက်ရှိပုံကို "မြေပြင်တည့် မဆန့် ကျော်စောဝှန့်၊ နတ်ဌာန်တည့်ပျံ့မွှေး၊ အံ့ချီးကြွေး။" ဟူသောအဖွဲ့က ပေါ်လွင်စေပါသည်။ မင်းသား၏ ဘိုးတော်သည် ဘုန်းလက်ရုံးရည်တောက်ပသူ ဖြစ်သကဲ့သို့ ဘွားတော်သည်လည်း မိန်းမကောင်း မိန်းမမြတ်တစ်ဦးဖြစ်ကြောင်း သိစေလိုသောကြောင့် မင်းသားလေးနှင့် သွေးနီးသည့် ဘွားတော်၏ ဂုဏ်အရည်အချင်းကို ထည့်သွင်းဖွဲ့ဆိုထားခြင်း ဖြစ်သည်ဟုဆိုနိုင်ပါသည်။ ထိုချောင်းကို မင်းသားလေး နားထောင်ပြီး ဘွားတော်အတွက် ဂုဏ်ယူနေစေရန် ရွတ်ဆိုနေခြင်း ဖြစ်သည်။

မင်းသားလေး၏ ဘိုးတော်၊ ဘွားတော်တို့သာမက ခမည်းတော်၏ ဘုန်းတန်ခိုးနှင့် ပတ်သက်၍ မင်းသားလေး ဂုဏ်ယူစေရန် ရည်ရွယ်ရေးဖွဲ့ထားသည်။ ရာဇိန္ဒာရာဇာမင်းနှင့် နရိန္ဒာဒေဝီမိဖုရားတို့မှ မွေးဖွားလာသော မင်းသားလေး၏ ခမည်းတော်သည် အဌာရသဟူသမျှကို သူတကာတို့ထက် လွန်ကဲစွာ တတ်မြောက်သူဖြစ်သည်။ လေးအတတ်၌ လျှပ်တပြက်ကိုပင် မြား(၇)ချက်ဆင့်၍ လျင်မြန်စွာ ပစ်နိုင်ပါ

သည်။ ခမည်းတော်၏ မြားပစ်ချက်သည် နတ်ပြည်အနှံ့ ဖောက်လှည့်ပတ်၍ သမုဒ္ဒရာရေထဲမှ မြေကြီး၊ ထိုမှ ငရဲပြည်တိုင်အောင် ထုတ်ချင်းပေါက် ရောက်ရှိစေနိုင်ပါသည်။ ပြည်ထောင်မင်းအားလုံးတို့၏ ဦးထိပ်၌ ရွက်ထားရသူ၊ မဟာဝရဇိန်လက်နက်ကဲ့သို့ ဘုန်းလက်ရုံး တောက်ပသူဟူသောဂုဏ် သတင်း သည် အနီးအဝေးထိ ပျံ့နှံ့ ကျော်ကြားသူ ဖြစ်သည်။ ထိုအကြောင်း ကို

> **လျင်သည်လှပ်လှပ်၊ တပြက်လျှပ်ကို၊ ဆင့်ထပ်မြားဆက်၊ ခုနစ်ချက်စင်၊ ရွှေလက် ငင်လွှတ်၊ ပစ်မိတတ်လျက်၊ နတ်အပြည်ပြည်၊ နှံ့လည်ဝိုက်ရုတ်၊ သမုဒ္ဒရာ၊ ရေမှာ မြေထဲ၊ ငရဲထုတ်ချောက်၊ စေတိုင်းရောက်၍၊ ပတ်လျှောက်ပြည်ထောင်၊ မင်းကုန် အောင်တို့၊ ထိပ်ခေါင်ရွက်ကျိုး၊ ရှိပန်းကုံးသည်။ ။လက်ရုံးတည့်မဟာဝရဇိန်၊ လျှံထိန် တည့်နီးဝေး၊ ဖြာပြန့်ပြေး၊ ဧးယာဉ်ချိုယဉ်ပျောင်းနုဧး။** (ပဒေသရာဇာ၊ ၁၉၆၈၊ စာ ၃၆)

ဟူ၍ဖွဲ့ဆိုထားသည်။ ခမည်းတော် မဟာဥပရာဇာမင်း၏ လက်ရုံးရည်အစွမ်းများအနက် လေး အစွမ်းကို အကျယ်တဝင့် ဖွဲ့ဆိုထားခြင်း ဖြစ်သည်။

ခမည်းတော်၏လေးအစွမ်းသည် ငရဲပြည်သာမက နတ်ပြည်ထိရောက်အောင် ပစ်လွှတ်နိုင်သော အစွမ်းရှိပုံကို “**နတ်အပြည်ပြည်၊ နှံ့လည်ဝိုက်ရုတ်၊ သမုဒ္ဒရာ၊ ရေမှာမြေထဲ၊ ငရဲ ထုတ်ချောက်၊ စေတိုင်း ရောက်၍”** ဟူသောအဖွဲ့က ပေါ်လွင်စေပါသည်။ ဘုန်းလက်ရုံးရည် ဂုဏ်သတင်း ကျော်ဇောမှုမှာလည်း ဝရဇိန်လက်နက်ကဲ့သို့ဖြစ်ပုံကို **“လက်ရုံးတည့်မဟာဝရဇိန်၊ လျှံထိန်တည့်နီးဝေး၊ ဖြာပြန့်ပြေး**” ဟူသောအဖွဲ့က ပေါ်လွင်စေပါသည်။ ဤချေင်းသည် ပျို့တွင် ကဏ္ဍတစ်ခုအဖြစ် ထည့်သွင်းရေးဖွဲ့ထား သောကြောင့် မင်းဆက်များကို အကျယ်မချဲ့ဘဲ ခမည်းတော်၏ ရဲစိတ်ရဲမာန် ဘုန်းတန်ခိုးတေဇာ အာဏာတော်များကို အဓိကထား ဖွဲ့ဆိုထားသောကြောင့် နားထောင်ရသူတို့၏ စိတ်၌ ရှုပ်ထွေးခြင်းမရှိဘဲ ရှင်းလင်းပြတ်သားစွာ နာယူနိုင်သည်။ ထိုသို့ဘိုးတော်၊ ဘွားတော်၊ ခမည်းတော်တို့၏ ဘုန်းတန်ခိုး တောက်ပပုံ၊ ကျော်စောပုံတို့ကို မင်းသားလေး နောင်တစ်ချိန်တွင် ဂုဏ်ယူစေရန်၊ အတုယူစေရန်၊ ဇာတိသွေးဇာတိမာန် တက်ကြွနေစေရန်အတွက် သူဇာပျို့တွင်ချေင်းအဖြစ် ထည့်သွင်းထားပုံမှာ ထူးခြားချက်အဖြစ် ထင်ရှားနေပါသည်။

မဟာဥပရာဇာမင်းသားနှင့် သူဇာမင်းသမီးတို့ ဖွားမြင်သော ဒုတိယမြောက် ရင်သွေးဖြစ်သည့် သမီးတော်ရတနာပုပ္ဖ ဖွားမြင်ခန်းတွင်လည်း ရတနာပုပ္ဖချေင်းကို ထည့်သွင်းရေးဖွဲ့ထားသည်။ အပိုဒ် (၂၂၅) မှ အပိုဒ်(၂၃၆)အထိသည် ရတနာပုပ္ဖချေင်း ဖြစ်သည်။ ရတနာပုပ္ဖချေင်းသည် ရတနာပဥ္စချေင်းနှင့် မတူပေ။ ရတနာပဥ္စချေင်းသည် ဇာတိသွေး၊ ဇာတိမာန် တက်ကြွစေရန် ရည်ရွယ်ရေးဖွဲ့ထားခြင်း ဖြစ်သည်။ ရတနာပုပ္ဖချေင်းသည် သမီးတော်လေး အိပ်စက်စေရန် ရည်ရွယ်ရေးဖွဲ့ထားခြင်း ဖြစ်သည်။

သမီးတော် ရတနာပုပ္ဖမင်းသမီးသည် မြပုခက်ထဲတွင် မအိပ်စက်သေးဘဲ ကလေးသဘာဝ လှုပ်ရှားလျက်ရှိသည်။ ကိုယ်ရောင်ကိုယ်ဝါ ထွန်းလင်းတောက်ပသော မိကြီးတော်ခြောက်ပါးတို့၏ အသားအရည်နှင့်လည်းမတူ၊ ပတ္တမြား၊ မြတို့ထက် အရောင်ထွန်းလင်းတောက်ပသော မင်းသမီးလေးမှာ မြပုခက်တွင်း၌ အေးဆေးစွာ အိပ်စက်၍မနေ၊ ဆော့နေသည်ကို ငေါက်ပါတော့ ဘုရား။ မင်းသမီးလေး သည် ဆော့ပြီးလျှင် အမျက်ဒေါသဖြင့် ရှိုက်ငိုတတ်ပါသည်။ တောင်ညာစံ အဘွား၏ မြေးလေးသည်

အေးဆေးစွာအိပ်ပါဟု ရံရွေတော်၊ အချီတော်၊ အချော့တော်တို့က စုဝေး၍ လျှောက်တင်နေကြပါသည်။ ထိုအကြောင်းကို

> **ထိပ်ပန်းသလေး၊ မင်းကွေးလွေးမှာ၊ ဆေးလေးငြိမ်သက်၊ မြပုခက်တွင်၊ အိပ်စက် မနေ၊ ဆော့တော့စေကို၊ နေအောင်ကြွလှာ၊ ဝေါက်ပါဘုရား၊ ထိပ်ဖျားတင်ကာ၊ နမ်းစရာပင်၊ နွဲ့ပင်လိုလို၊ ဆော့ပြီဆိုလျှင်၊ မျက်မိုဒေါသ၊ ရှိုက်တတ်လှချည့်၊ ဇောတ ရောင်ဖုံး၊ နီလာကုံးသို့၊ ဆံထုံးထိပ်မှာ၊ တင်စရာသည်၊ ကောင်းပါသည်ပင်၊ ထိပ်တင် ကွေးလွေး၊ မင်းသလေးသည်။ ။ ဆေးလေးတည့် စက်တော်ခေါ်ပရှင်၊ ညာတင်တည့် ဘုန်းမွေး၊ ဘွားတော်မြေး။ ။ ညီရေးစုဝေး၊ နွဲ့ရင်လေးသည်၊ ယဉ်ကျေးနုမွေး ချိုပျောင်းဖေး။ ။**
> (ပဒေသရာဇာ၊ ၁၉၆၈၊ စာ ၁၃၁)

ဟူ၍ ဖွဲ့ဆိုထားသည်။ ချေင်းသည် သားတော်၊ သမီးတော်များကို အိပ်ပျော်စေရန် ချော့သိပ်ရသော တေးဖြစ်ရာ ဤအဖွဲ့တွင် အထိန်းတော်၊ အချီတော်တို့က ရတနာပုပ္ဖ မင်းသမီးလေး စက်တော် ခေါ်ရန် ချော့တစ်ခါ၊ ခြောက်တစ်လှည့် သီကျူးကာ ချော့သိပ်နေကြခြင်းဖြစ်သည်။ ထိုသို့ချော့သိပ်ရာတွင် မင်းသမီးလေးသည် မအိပ်ဘဲနေသောကြောင့် ခမည်းတော်က လာရောက်ဝေါက်ပါဟု ပြောဆိုနေကြပုံကို "ဝေါက်ပါဘုရား"၊ မင်းသမီးလေး အေးဆေးစွာ စက်တော်ခေါ်ပါဟု ပြောကြားနေပုံကို "စက်တော်ခေါ်ပရှင်" ဟူသော အပြောစကားတို့က ပေါ်လွင်စေပါသည်။ ချေင်းသည် ပုခက်တွင်းအရွယ် သားတော်၊ သမီးတော်တို့ကို ဖွဲ့ဆိုသောကဗျာ ဖြစ်ရာ ဤရတနာပုပ္ဖချေင်းသည် ချေင်းသဘာဝအတိုင်း ဖွဲ့ဆိုထားကြောင်း ထင်ရှားသည်။ ချေင်းတစ်ပိုဒ်စီ၏ အဆုံးတွင်လည်း "ယဉ်ကျေးနုမွေး ချိုပျောင်းဖေး" ဖြင့် အဆုံးသတ်ထားသည်မှာ ချေင်းပီသမှုရှိပေသည်။

ရတနာပုပ္ဖမင်းသမီးလေးသည် ကလေးသဘာဝ မအိပ်စက်ဘဲ ဆော့နေပြန်သည်။ ထိုအခါ အထိန်းတော်တို့က မင်းသမီးလေး အိပ်စေရန်အတွက် အမျိုးမျိုးအဖုံဖုံ ချော့မြူရပြန်သည်။ အထိန်းတော်တို့က မင်းသမီးလေး မအိပ်ကြောင်း ဘိုးတော်ဖြစ်သည့် ဟေမာဂီရိပြည့်ရှင်ကို သွားရောက်လျှောက်ထားလျှင် ဘိုးတော်က နာကျင်စွာ ရိုက်ပါလိမ့်မည်ဟု ခြောက်ကြပြန်သည်။ ထိုအကြောင်းကို

> **သို့ကိုမဲ့ကို၊ စက်လိုဘဲပ၊ နွဲ့ယဆော့လှ၊ ပြန်ကာလေ။ ။ ဟေမာမည်မှတ်၊ ဂီရိ ထွတ်ဝယ်၊ နတ်ကိုအုပ်စိုး၊ အခေါင်မိုးလျက်၊ တန်ခိုးရောင်ထိန်၊ နေ့နှယ်ရှိန်၍၊ ဒေဝိန္ဒရာဇာ၊ မည်သာလွှံ့ပေါ်၊ ထိန့်ထိန့်ကျော်သည်၊ ဘိုးတော်ဘုရား၊ နတ် ထွတ်ဖျားကို၊ ရွှေနားကြားအောင်၊ ထိပ်ခေါင်ဖျားမှာ၊ ထားစရာသည်၊ ထိပ်ချာ သလေး၊ ကွေးလွေးပျို့ပျူး၊ စူးစူးသွားရောက်၊ ပြေးတည့်လျှောက်လျှင်၊ ရွှေမှောက် ထွတ်တင်၊ ဖိုးရှင်ပင်သည်။ နာကျင်တည့်ရိုက်မည့် တကယ်သာ၊ စက်ပါတည့်လျင်ရေး ဖိုးရှင်မြေး။ ။ ညီရေးစုဝေး၊ နွဲ့ရင်လေးသည်၊ ယဉ်ကျေးနုမွေး ချိုပျောင်းဖေး။ ။** (ပဒေသရာဇာ၊ ၁၉၆၈၊ စာ ၁၃၁)

ဟူ၍ ရေးဖွဲ့ထားသည်။ မင်းသမီးလေးသည် ပုခက်ထဲတွင် အိပ်စက်ခြင်းမရှိဘဲ ကလေးသဘာဝ ကနွဲ့ကလျဆော့နေပုံကို "သို့ကိုမဲ့ကို၊ စက်လိုဘဲပ၊ နွဲ့ယဆော့လှ၊ ပြန်ကာလေ" ဟူသောအဖွဲ့က ပေါ်လွင်စေသည်။ မင်းသမီးလေးသည် မအိပ်ဘဲရှိနေသောကြောင့် အထိန်းတော်တို့က အဘိုးဖြစ်သူ ဟေမာဂီရိ

ပြည့်ရှင်မင်းနှင့် တိုင်မည်ဖြစ်ကြောင်း လျှောက်ထားပုံကို "ဘိုးတော်ဘုရား၊ နတ်ထွတ်ဖျားကို၊ ရွှေနားကြားအောင်" ဟူသောအဖွဲ့၊ ဘိုးတော်ကမင်းသမီးလေးကို နာကျင်စွာရိုက်မည်ဖြစ်ကြောင်း လျှောက်ထားပုံကို "နာကျင်တည့်ရိုက်မည့် တကယ်သာ" ဟူသောအဖွဲ့တို့က ပေါ်လွင်စေပါသည်။ ထို့နောက် အဘိုးတော်ကသိလျှင် လာရိုက်မည်ဖြစ်သောကြောင့် မင်းသမီးလေး ယခုပင် လျင်မြန်စွာ အိပ်စက်ပါတော့ဟု အထိန်းတော်တို့က ရွတ်ဆိုနေကြပုံကို "စက်ပါတည့်လျင်ရေး ဖိုးရှင်မြေး" ဟူသောအဖွဲ့က ထင်ရှားစေပါသည်။

ချောင်းသည် ရာဇဝံသညာဏ်ကို ပေးစွမ်းသော ကဗျာတစ်ပုဒ်ဖြစ်သောကြောင့် ဘိုးတော်ဖြစ်သူ ဟေမာဂီရိပြည့်ရှင်သည် သာမန်မဟုတ်၊ ဟေမာဂီရိတောင်မှ နတ်အပေါင်းတို့၏အရှင် နေမင်းကဲ့သို့ ဘုန်းတန်ခိုး ထိန်လင်းသော မင်းကြီးဖြစ်ကြောင်းကို "နတ်ကိုအုပ်စိုး၊ အခေါင်မိုးလျက်၊ တန်ခိုးရောင်ထိန်၊ နေ့နှယ်ရှိန်၍၊ ဒေဝိန္ဒရာဇာ၊ မည်သာလျှံ့ပေါ်၊ ထိန့်ထိန့်ကျော်သည်" ဟူသောအဖွဲ့ဖြင့် ဖော်ဆောင်ထားသည်။ ထို့ကြောင့် မင်းသမီးလေး၏ ဘိုးတော်သည် သာမန်မင်း မဟုတ်၊ ဘုန်းတန်ခိုး ကြီးမားသည့်မင်းဖြစ်ကြောင်း သိရှိရသည်။ ရတနာပုပ္ဖချောင်းသည် မင်းသမီး ရတနာပုပ္ဖ အိပ်စေရန် ရည်ရွယ်ရေးဖွဲ့ထားရာ ချော့တစ်ခါ ခြောက်တစ်လှည့် သိပ်နေကြသော အထိန်းတော်တို့ကိုလည်းကောင်း၊ ကလေးသဘာဝ မအိပ်ဘဲ ကန္တဲ့ကလျဆော့ကစားနေသော မင်းသမီးလေးကိုလည်းကောင်း ထင်ထင်ရှားရှားပေါ်လွင်လျက်ရှိရာ ချောင်းသဘာဝနှင့် ကိုက်ညီမှု ရှိကြောင်း တွေ့ရသည်။

ရတနာပုပ္ဖမင်းသမီးလေးအတွက် သီဆိုသောချောင်းတွင် စာဆိုသည် ခမည်းတော်၊ မယ်တော်တို့၏ ဘုန်းတန်ခိုးတောက်ပပုံ၊ အမျိုးမြင့်မြတ်ပုံတို့ထက် ကလေးငယ်လေးကို အိပ်ပျော်စေရန်ရည်ရွယ်ကာ သဘာဝကျကျ ရေးဖွဲ့ထားကြောင်း တွေ့ရသည်။ အကြောင်းမှာ ရတနာပုပ္ဖမင်းသမီးသည် မိန်းကလေး ဖြစ်သောကြောင့် ဘုန်းလက်ရုံးရည် တောက်ပပုံတို့ထက် အိပ်ပျော် စေရန် အဓိကထားကာ ရေးဖွဲ့ထားခြင်း ဖြစ်သည်။

ရတနာပဥ္စမင်းသားမှာမူ ယောကျ်ားလေး ဖြစ်သောကြောင့် ရတနာပဥ္စချောင်းတွင် ဘိုးတော်၊ ခမည်းတော်တို့၏ ဘုန်းတန်ခိုးတောက်ပပုံ၊ လက်ရုံးရည်ဖြင့် ပြည့်စုံပုံ၊ အမျိုးမြင့်မြတ်ပုံတို့ကို အဓိကထားကာ မင်းသားလေး ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေရန် ဦးတည်ရေးဖွဲ့ထားသည်။ သူ့နေရာနှင့်သူ လိုက်လျောညီထွေရှိအောင် ရေးဖွဲ့နိုင်စွမ်းရှိသော စာဆိုဝန်ကြီးပဒေသရာဇာ၏ အရေးအဖွဲ့စွမ်းရည် ထက်မြတ်မှု၊ စိတ်ကူးညာဏ် ကောင်းမွန်မှုတို့မှာ ချောင်းအဖွဲ့များတွင် ပေါ်လွင်လျက်ရှိသည်။ သို့ဖြစ်ရာ ပျို့ချည်းသက်သက်မဟုတ်ဘဲ ချောင်းများကို သူ့နေရာနှင့်သူ ဆီလျော် လိုက်ဖက်စွာ ရေးဖွဲ့ထားခြင်းသည် သူဇာပျို့၏ ထူးခြားချက် တစ်ခုပင်ဖြစ်သည်။

**အိမ်ရှေ့မင်းအပ်နှင်းသော မင်းခမ်းတော် အစီအရင်**

သူဇာပျို့သည် ဇင်းမယ်ပဏ္ဏာသလာ သုဓနုကုမာရဇာတ်ကို အခြေခံရေးဖွဲ့ထားသည်။ မူရင်း ဇာတ်တော်မှ ဇာတ်လမ်းဇာတ်ကွက်များကို ကျောရိုးမျှသာယူထားပြီး အကျယ်ချဲ့ကာ ရေးဖွဲ့ထားကြောင်း တွေ့ရသည်။ ထိုအထဲတွင် အိမ်ရှေ့မင်းအပ်နှင်းသော မင်းခမ်းတော်အစီအရင် သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ထိုမင်းခမ်းတော်စာတမ်းကို ရေးဖွဲ့ရခြင်းမှာ နောင်လာနောက်သားတို့

မှတ်သားနည်းယူစေရန်အတွက် ရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။ ထိုအကြောင်းကို **“ထိုယင်းအိမ်ရှေ့၊ စုံစေ့ပည်းဖြင်၊ စီရင်သီးသီး၊ စာတမ်းကြီးကို၊ နည်းမှီးနောင်လာ၊ မှတ်စိမ့်ငှါလျှင်၊ လင်္ကာ အကျယ်၊ စီကုံးသွယ်ပိမ့်၊ မကွယ်မလျှို့၊ နောက်သားတို့ဝယ်။ ။ နောင်ဖို့သုံးလွယ် လျှင်၏တည်း။ ။”** (ပဒေသရာဇာ၊ ၁၉၆၈၊ စာ ၁၅၂)ဟူ၍ ထည့်သွင်းရေးဖွဲ့ထားသည်။ အပိုဒ် (၂၆၈)မှ အပိုဒ် (၃၀၃)အထိသည် အိမ်ရှေ့မင်း အပ်နှင်းသော မင်းခမ်းတော်အစီအရင် ဖြစ်သည်။

မဟာဥပရာဇာမင်းနှင့် သူဇာမင်းသမီးတို့သည် သားတော်ရတနာပဥ္စနှင့် သမီးတော် ရတနာပုပ္ဖတို့ကို စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာပြုပေးပြီးနောက် သားတော်ရတနာပဥ္စအား အိမ်ရှေ့အပ်နှင်းလေသည်။ အိမ်ရှေ့မင်း အိမ်တော်တက်ရာတွင် အိမ်ရှေ့အိမ်တော်နှင့် ထိုက်တန်သည့် လက်ဆောင်တော်ဆက်သစေရန် အပြည်ပြည်ထောင်သော မင်းများ၊ စော်ဘွားများ၊ မြို့စားများ၊ စစ်ကဲ၊ မြို့ဝန်၊ တပ်မှူး၊ စာရေးတို့အား ထုံးပုံစာတမ်းဖြင့် မှတ်သားထားသည်များကို အထောက်အထားပြု စေ့စေ့စပ်စပ် ရွေးချယ်စီရင်ပါဟု ဘုရင်မင်းမြတ်က မိန့်တော်မူသည်။ သေနာပတိ၊ ဝန်ကြီးတို့က အမိန့်တော်ကို ပျော်ရွှင်စွာ ထမ်းရွက်ပြီး ဟံသာပူရမြို့အပါအဝင် မြို့စား၊ နယ်စား၊ သူကြီးတို့က လက်ဆောင်တော်များကို ဆက်မြဲအတိုင်း ဆက်သကြရသည်။

မြင်းသည်တော်တို့သည် အိမ်ရှေ့မင်း အိမ်တော်တက်ပြီး ကန်တော့ခံတော်မူမည့် အကြောင်းနှင့် ပတ်သက်၍ အမှာတော်ရေးက ရေးပေးသောစာကို မြို့စားငါးရာ၊ စော်ဘွားတို့ထံသို့ ရောက်အောင် ပို့ဆောင်ပေးရသည်။ အိမ်ရှေ့မင်း၏ ခြေတော်ရင်းတွင် အမြဲထမ်းဆောင်ရန်အတွက် မင်းသား၊ မြင်းမှူး၊ ကွန်းစင်နေ၊ လက်တွင်းနေ၊ လက်ပြင်နေနှင့် ခေါင်နေများကို လက်ပြင်မျိုးနွယ်အစဉ်အရ လေးဆယ်၊ ငါးဆယ်မျှ ခန့်၍ ကွမ်းရေတော်ကိုင်များ၊ တွင်းစား၊ ကျေးစားများ၊ မာရဘင်သင်းမှူး၊ သံတော်ဆင့်၊ သံခံများ၊ နေရာငါးသွယ်နေလည်းမရောက် နှီးခေါက်လည်းမကျသော ဘွဲ့မည်ရည် ရသူများ၊ ဒိုင်းမှူး၊ သင်းမှူး၊ သွေးသောက်ကြီး၊ အမြောက်မှူး၊ သူရဲတပ်မှူးများ၊ စာရေးစာချီ၊ ကျီတိုက်ဝန်၊ ကျီတိုက်စိုးစာရေးများ စသူတို့သည် အိမ်တော်တက်လက်ဆောင် ဆက်သရသည်။ ထိုအကြောင်းကို

> **စက်ရွှေတော်ရင်း၊ မကင်းရှိငြား၊ မင်းသားမြင်းမှူး၊ ရာထူးတစ်ထွေ၊ ငါးသွယ်နေက၊ ခွဲဝေအသင့်၊ ကွန်းစင့်လက်တွင်း၊ မြော်တင်းဖန်ရင်၊ လက်ပြင်နေရာ၊ နှီးခေါက် မှာဖြင့်၊ စဉ်လာမျိုးနွယ်၊ လေးဆယ်ငါးဆယ်၊ တစ်သွယ်အနေ၊ ကွမ်းရေတော်ကိုင်၊ ရှိုင်ရှိုင်သဲသဲ၊ တွင်းမြဲကျေးစား၊ တခြားဆင်သည်၊ တတည်များဖြင်၊ မာရဘင် သင်းမှူး၊ ရာထူးပေါ်ထင်၊ ဝန်းကျင်တွင်းတန်း၊ မြေနန်းမလွတ်၊ သေနတ် သွေးသောက်ကြီး၊ ထံနီးမဝေး၊ သေဋ္ဌေးရာသင့်၊ သံဆင့်သံခံ၊ ကုံထံကြီးငယ်၊ ငါးသွယ်မရောက်၊ နှီးခေါက်မကျ၊ မည်ရတစ်ထောက်၊ နှီးခေါက်မနေ၊ ဖြိုးထွေ မြင့်ခေါင်၊ တစ်ကြောင်းဒိုင်းမှူး၊ သင်းမှူး မည်မှတ်၊ သေနတ်သွေးသောက်ကြီး၊ မြှောက်ပြီးတစ်တန်၊ တပ်ကောင်ဟန်မှူး၊ အမြောက်မှူးနှင့်၊ ရာထူးမကွဲ၊ သူရဲတပ်မှူး၊ ထူးထူးခြားဝေး၊ စာရေးစာချီ၊ တိုက်ကျီ ကျော်ဟိုး၊ အစိုးစာရေး၊ မဝေးထံပါး၊ ထိုသူများက၊ ထွတ်ထားဘုန်းကျော်၊ အိမ်တော်တက်ခါ၊ ဆက်ရာလက်ဆောင်** (ပဒေသရာဇာ၊ ၁၉၆၈၊ စာ ၁၅၅)

ဟူ၍ရေးဖွဲ့ထားသည်။ နန်းတော်အမှုထမ်းတို့သည် မိမိတို့၏အရှင်သခင်ဖြစ်သော အိမ်ရှေ့မင်း အိမ်တော်တက်သည့် အခမ်းအနားတွင် ရာထူးအကြီးမှ အငယ်အတိုင်း လက်ဆောင်တော် ဆက်သရမြဲ ဖြစ်သည်။ ထိုသို့ဆက်သသည့် အမှုထမ်းတို့၏ရာထူးကို အသေးစိတ်မှတ်တမ်းတင် ရေးဖွဲ့ထားရာ စာဖတ်သူတို့အတွက် ဗဟုသုတဖြစ်ဖွယ် မှတ်သားရသည်။ ထို့ပြင် ရှေးမြန်မာမင်းတို့ ဆောင်ရွက်လေ့ရှိသော အိမ်တော်တက်သည့် အခမ်းအနားအစီအစဉ်များကို အသေးစိတ်မှတ်တမ်းတင်ထားရာ မြန်မာမှု ဓလေ့နှင့်ပတ်သက်၍များစွာ အကျိုးကျေးဇူးရှိစေပါသည်။

ထို့နောက် မျိုးမည်သင့်လျော်သော သံတော်ဆင့်များ၊ သံခံများ၊ မှူးမတ်သား လုလင်တို့ များကို ရွှေလွှတ်တော်တွင် တက်စေဟု မိန့်တော်မူသည်။ လွှတ်တော်တွင် အိမ်ရှေ့နန်းလျာ အပ်နှင်းမည့်စာနှင့် များပြားလှသော လက်ဖွဲ့စာရင်းတို့ကို အမိန့်တော်ရေးတို့က ယွန်းဘောင်ပုရပိုက်တွင် အစဉ်လိုက်ရေးသားစေပြီး နားခံတော်သို့ အပ်နှင်း၍ ဆက်သွင်းစေသည်။ ထိုအကြောင်းကို

> **ထို့နောက်ဆင်သည်၊ မျိုးမည်လျော်သင့်၊ သံဆင့်ရည်သံ၊ သံခံရန်ငြား၊ မှူးသား မတ်သား၊ လုလင်တို့များကို၊ ထင်ရှားလွှံ့ပေါ်၊ ရွှေလွှတ်တော်မှာ၊ သာပျော် တက်နေ၊ မြဲးစွဲးစေဟု၊ ပရမေသိရိ၊ ဗျာဒိတ်ရှိ၏၊ ထိုပြီးလွှတ်တွင်၊ စီရင်သည်မှာ၊ မင်္ဂလာဖြိုးလွှေ့၊ အိမ်ရှေ့နန်းလျာ၊ နှင်းမည့်စာနှင့်၊ များစွာတိုင်းမဲ့၊ လက်ဖွဲ့ ပေးနှင်း၊ အင်းစာရင်းကို၊ မယွင်းစုဝေး၊ မိန့်တော်ရေးတို့၊ ချင့်ရွေးအရောင်၊ ယွန်ပေါင်ခြူးဂိုက်၊ ပရပိုက်တွင်၊ အင်းလိုက်သင့်ထွေ၊ ရေးစေပြီးသော်၊ နာခံတော်ကို၊ သာပျော်ရှိသေ၊ အပ်ပေခဏ၊ ဆက်သွင်းရ၏။**
> (ပဒေသရာဇာ၊ ၁၉၆၈၊ စာ ၁၅၆)

ဟူ၍ဖွဲ့ဆိုထားသည်။ အိမ်ရှေ့မင်း အိမ်တော်တက်ခြင်း၊ အိမ်တော်တက်ရာတွင် အနီးအဝေးရှိ မြို့စား၊ နယ်စား၊ ရွာစားအစရှိသူတို့က အိမ်တော်တက် လက်ဆောင်ပေးအပ်ခြင်း၊ လက်ဆောင်တော် ဆက်သသည့် လက်ဖွဲ့စာရင်းကို အမိန့်တော်ရေးတို့က ယွန်းဘောင်ပုရပိုက် တွင် မှတ်တမ်းတင်ရခြင်း၊ နားခံတော်ထံအပ်ရခြင်း စသည့်အဆင့်ဆင့်တို့ကို လုပ်ဆောင်ရကြောင်း မှတ်သားဖွယ်သိရှိရသည်။ နန်းတော်တွင်းရှိ အိမ်ရှေ့မင်းနန်းတက်သည့် အစီအရင်ကို အသေးစိတ်မှတ်တမ်းတင်ထားရာ နှောင်းလူတို့အတွက် မှတ်သားဖွယ်ရာဖြစ်သကဲ့သို့ မြန်မာမှု နန်းဓလေ့အစဉ်အလာတို့ကို သိမြင်လာရပါသည်။

အိမ်ရှေ့အပ်နှင်းမည့်စာတွင် ဘုရင်က မည်သည့်အတွက်ကြောင့် အိမ်ရှေ့အရာ အပ်နှင်းကြောင်းကို ရည်ရွယ်ချက်နှင့်တကွ ရေးသားထားသည်။ ထိုစာနှင့်ပတ်သက်၍ သူဇာပျို့တွင်

> **အိမ်ရှေ့နန်းလျာ၊ နှင်းမည့်စာကား၊ သမ္ဘာရင့်ထွတ်၊ ကြီးမြတ်လှစွာ၊ ဘုန်းပါရမီ၊ စုံညီပြည့်ဖြိုး၊ လက်ရုံးမိုး၍၊ တန်းခိုးအာဏာ၊ လွန်ကဲးစွာသည်၊ ရာဇာမျှားနတ်၊ ဘေးလောင်းမြတ်တို့၊ ဘုန်းထွတ်သာသနာ၊ ရောင်ဝါပလင်း၊ ထွန်းဝင်းစိမ့်ရော်၊ ကိုယ်တော်စီးပွား၊ တိုင်းကားပြည်သူ၊ လူတို့အပေါင်း၊ ချမ်းငြိမ်းကြောင်းကို၊ စုံပေါင်းညီညာ၊ ဆောင်စိမ့်ငှာလျှင်၊ ရတနာသည်းပွတ်၊ သားတော်မြတ်ကို၊ အထွတ်ဘုန်းဟော့၊ အိမ်ရှေ့ရာစင်း၊ နှင်းမြဲးဖြစ်သည်၊ ငါသည်လကောင်း၊ ဘေးလောင်းရာဇာ၊ ဥက္ကာမုခ၊ မင်းမှစ၍၊ သာကီယမျိုးဘော်၊ သားတော်မြေးဆက်၊ နန်းထက်အုပ်စိုး၊ မင်းရိုးမင်းသား၊ ဖြစ်သောအားဖြင့်၊**

> **တိုင်းကားနိုင်ငံ၊ သာစံပတ်ဝန်း၊ ထီးနန်းတကွ၊ မြတ်လှချမ်းသာ၊ မွေရိုက်ရာကို၊ သချီာ ဆယ်ပါး၊ တရားညီစွာ၊ အချာထိပ်ခေါင်၊ အုပ်စိုးဆောင်လျက်** (ပဒေသရာဇာ၊ ၁၉၆၈၊ စာ ၁၅၆၊ ပိုဒ်ရေ ၂၇၁)

ဟူ၍ ရေးဖွဲ့မှတ်တမ်းတင်ထားသည်။ ဘုန်းသမ္ဘာကြီးမြတ်သော ဘေးလောင်းတော်တို့သည် သာသနာ ရောင်ဝါ ထွန်းလင်းစေရန်လည်းကောင်း၊ ဘုရင်မင်းမြတ်၏ အကျိုးစီးပွားများနှင့် တိုင်းသူ ပြည်သားတို့၏ အကျိုးစီးပွား တိုးတက်၍ ငြိမ်းချမ်းသာယာစေရန် လည်းကောင်းရည်ရွယ်၍ အိမ်ရှေ့ အရာအပ်နှင်းခြင်း ဖြစ်ကြောင်း မှတ်တမ်းတင်ထားသည်။ ထို့ပြင် အိမ်ရှေ့မင်းသည် ဥက္ကာမုခမင်းမှစ၍ သာကီဝင်မင်းမျိုး၏ သားမြေးဖြစ်သောကြောင့် တိုင်းနိုင်ငံထီးနန်းနှင့်တကွ ခမည်းတော်၏ အရိုက်အရာကို မင်းကျင့်တရား ဆယ်ပါးနှင့်အညီ အုပ်စိုးစေရန် ရည်ရွယ်ကာ အပ်နှင်းခြင်းဖြစ်သည်။ ဤမှ အိမ်ရှေ့မင်းသည် ဘုရင် မင်းမြတ်ပြီးလျှင် ဒုတိယအရေးကြီးဆုံး ပုဂ္ဂိုလ်ဖြစ်သောကြောင့် တိုင်းသူ ပြည်သားတို့ကို မင်းကျင့်တရား ဆယ်ပါးနှင့်အညီ အုပ်ချုပ်ရန် လိုအပ်ပြီး၊ သာသနာတော် စည်ပင်ထွန်းကားရန်အတွက် ကြံဆောင်ရမည် ဖြစ်သည်။ သို့မှသာမင်းမှစ၍ တိုင်းသူပြည်သားအဆုံး အေးချမ်းသာယာမည်ဖြစ်သည်။ ဘုရင်မင်းမြတ် သည် ရည်ရွယ်ချက်များစွာဖြင့် အိမ်ရှေ့မင်းကိုအပ်နှင်းသကဲ့သို့ အိမ်ရှေ့မင်းသည်လည်း ထိုရည်ရွယ်ချက် ကို အကောင်အထည်ဖော်ပေးရန် တာဝန်ရှိကြောင်း သိရှိမှတ်သားရပါသည်။

အိမ်ရှေ့အပ်နှင်းသောနေ့တွင် ဗြဲတိုက်တော်သို့ ဆော်ဩ၍ဝင်စေရမည်ဟု မင်းကြီးက အမိန့်တော် ရှိသည်။ မင်္ဂလာအခါတော်နီးသောအခါ မင်းကြီးသည် ကျောက်မျက်ရတနာအစုံ စီခြယ်ထားသော မင်းဝတ်တန်ဆာကို ဆင်လျက်ထွက်တော်မူလေသည်။ မင်းကြီးသည် ဗြဲတိုက်တော်ရှိ သလွန်ထက်တွင် စံပယ်နေခိုက် ဇေယျနော်ရထာအမတ်က မင်္ဂလာအခါတော်နှင့် ပြည့်စုံပါပြီဘုရားဟု လျှောက်ကြား ပြီးသော် ဝန်ကြီးမဟာသီဟကျော်ထင်အား အိမ်ရှေ့နှင်းမည့် စာကိုသာယာစွာ ဖတ်လျှောက်စေသည်။ ထိုအကြောင်းကို

> **ဇေယျနော်ရထာ၊ မည်သာကျော်ဂုန်း၊ တွင်းဝန်အမတ်၊ လွန်ရိုညွတ်လျက်၊ ကောင်းမြတ် ညွှန့်ဖြာ၊ မင်္ဂလာကျော်၊ ခါတော်ယှဉ်ညီ၊ စုံပြီဘုရား၊ ထိပ်ထားရှိကြာ၊ လျှောက်သော ခါနိုက်၊ မဟာသီဟကျော်ထင်၊ ညွန့်ရှင်ဘုန်းမို၊ မောင့်ကိုအိမ်ရှေ့၊ စုံစေ့အင်္ဂါ၊ နှင်းမည့် စာကို၊ သာယာကျူးမြွောက်၊ ဘတ်၍လျှောက်ဟု၊ ရွှေမှောက် ဘုန်းထူ၊ မိန့်တော်မူသည်။ ။ ပျံ့ကြူမွှေးမျှဩဇာတည်း။** (ပဒေသရာဇာ၊ ၁၉၆၈၊ စာ ၁၆၂)

ဟူ၍ ရေးဖွဲ့မှတ်တမ်းတင်ထားသည်။ ဤတွင် အိမ်ရှေ့မင်းဖြစ်ရန် နန်းဓလေ့နှင့်အညီ တစ်ဆင့်ပြီး တစ်ဆင့် ဖြတ်သန်းရပြီး အခါတော်ရသည့်အချိန်တွင် အိမ်ရှေ့အပ်နှင်းသည့်စာကို ဖတ်လျှောက် ရကြောင်း သိရသည်။ ဤမှ ယနေ့ခေတ်တွင်လည်း အရေးကြီးသောပွဲများကို မင်္ဂလာ အခါတော် နှင့်အညီ အခါတော် ကျရောက်သည့်အချိန်တွင် ဆောင်ရွက်ကြမြဲဖြစ်ကြောင်း၊ ထိုဓလေ့သည် နန်းဓလေ့မှ ဆင်းသက်လာသည့် မြန်မာ့ယဉ်ကျေးမှု ဓလေ့တစ်ခုပင် ဖြစ်ကြောင်း ထင်ရှားလျက် ရှိပေသည်။

အတွင်းဝန်အမတ်က အိမ်ရှေ့မင်းထံ စာဆက်သပြီးနောက် အိမ်ရှေ့မင်းသည် ပရိတ်နာဆက် ဆောင်သို့တက်ပြီး ဝန်မှူးအားခေါ်စေသည်။ ဝန်မှူးရောက်သောအခါ အိမ်ရှေ့မင်းက မည်သည့်အရေးကို

မည်သို့စီရင်သနည်းဟု မေးလေသည်။ ဝန်မှူးကဝင်းတော်၌ မှူးမတ်များနှင့် သွေးသောက်ကြီးကို ဝင်ထွက်ကြရမည့်အကြောင်း သာကြည်စွာ မေးမြန်းရမည်။ ဝင်းတာ်၏အရပ် လေးမျက်နှာအတွင်းရှိ များစွာသော ကိုယ်ရံတော်တို့ ပျော်ရွှင်ရန် ဝါကျွတ်ပွဲသို့ မရောက်ခင် ပျော်ပွဲရွှင်ပွဲများကို ပြုလုပ်ရမည်။ မည်သူသည် ဆင်လုပ်မည်နည်းဟု မေးပြီးနောက် ဆင်ရပ် မည်မျှ တိုင်းရမည်ဟု မေးခြင်း၊ မရွှေ့မဆိုင်းဘဲ ထုံးစံအတိုင်း ဝင်သည့်နည်းကို မေးမြန်းခြင်း၊ သာယာညင်းပြောင်းစွာ သီချင်းသီဆိုစေခြင်း၊ တီး၊ မှုတ်၊ ကစေခြင်းတို့ကို မိန့်ဆိုရမည်။ ဝင်းတော်လေးရပ်မှ ကိုယ်ရံတော်တို့အား ကြေးခွက်ဖြင့် လက်ဖက်ပေးစေ ဟု မိန့်ရမည်၊ ကျန်သည် တို့ကို အမြဲမမေ့၊ မမှားရန် မှာကြားသည်။ ထိုအကြောင်းကို

> **ရွှေဆင်လုပ်သည်၊ ဘယ်သူမည်ဟု၊ နူတ်ကြည်သာလေး၊ မေးပြီးတစ်ထပ်၊ ဆင်ရပ်မည်မျှ၊ တိုင်းရသည်ဟူ၊ မေးမြူကတည်၊ ရွှေ့မည်မဆိုင်း၊ ထုံးပိုင်း မှတ်ထင်၊ ဝင်သည့်နည်းမေး၊ ကျူးသောညင်း၊ သီချင်းသီစေ၊ မိန့်ပေသိပြီး၊ မှုတ်တီးကစေ၊ သံခြေမိန့်ဟာ၊ သည်ပတထွေ၊ နေစေတော့ဟု၊ ပုံ့ကြူထွေငေါ်၊ ဝင်းတော်လေးရပ်၊ များထပ်လောက်ငံ၊ ကိုယ်ရံတို့အား၊ ချိန်များကြေးခွက်၊ လက်ဖက်ပေးစေ၊ သံခြေပုံ့ကြည်၊ မိန့်ရမည်သည်၊ မြဲတည် မမေ့မမှားတည်း။ ။** (ပဒေသရာဇာ၊ ၁၉၆၈၊ စာ ၁၇၄၊ ပိုဒ်ရေ ၂၉၁)

ဟူ၍ ရေးဖွဲ့ထားသည်။ အိမ်ရှေ့မင်းသည် တိုင်းပြည်ရေးရာသာမက ပျော်ပွဲရွှင်ပွဲများ ပြုလုပ် ရာတွင် အမှားမယွင်းမရှိစေရန်၊ စနစ်တကျ ဆောင်ရွက်ရန် မိန့်ကြားရကြောင်း၊ အမှုထမ်းတို့ကလည်း တာဝန်ပေး သည့်အလျောက် သေချာစွာ ထမ်းရွက်ရကြောင်း သိရှိလာရသည်။ ထို့ပြင် ကိစ္စတစ်ခု ပြီးမြောက်အောင် မြင်လျှင် လက်ဖက်ကမ်းလေ့ရှိသည့် အလေ့တစ်ခုကိုလည်း မြန်မာမှု ထုံးတမ်းစဉ်လာ ဓလေ့တစ်ခုအဖြစ် သိမှတ်ရပါသည်။ မင်းခမ်းတော် အဆောင်အယောင်၊ ဆောင်ရွက်ချက်တို့နှင့် ပတ်သက်၍ မှတ်သား ထိုက်သည့် ပျို့အဖြစ် ထင်ရှားလျက်ရှိပေသည်။

## သုံးသပ်ချက်

စာဆိုဝန်ကြီးပဒေသရာဇာသည် သူဇာပျို့ကို ရေးဖွဲ့ရာတွင် ဇင်းမယ်ပဏ္ဏာသလာ သုဓနုကုမာရ ဇာတ်ကို ဗဟုသုတများ၊ အဆုံးအမများဖြင့် ထည့်သွင်းကာ ကောင်းမွန်ပြောင်မြောက်အောင် ရေးဖွဲ့ခဲ့ သည်။ မူလဇာတ်လမ်းကို ရေးဖွဲ့ရင်း လိုအပ်သည့်နေရာတွင် ချောင်းများ၊ မင်းခမ်းတော် အစီအစဉ်များကို ထည့်သွင်းရေးဖွဲ့ခဲ့ရာ နှောင်းလူတို့အတွက် မှတ်သားထိုက်သော ပျို့အဖြစ် ထင်ရှားသည်။

ချောင်းများကို ရေးဖွဲ့ရာတွင် ရတနာပဥ္စချောင်းကို ချောင်း၏သဘောသဘာဝတို့ဖြင့် ရေးဖွဲ့ ခဲ့သည်။ ချောင်းအဖွဲ့ခံ မင်းသားလေး၏ ဆွေမျိုးများ ဘုန်းတန်ခိုးကြီးမားပုံ၊ အမျိုးမြင့်မြတ်ပုံ၊ လက်ရုံးရည် နှလုံးရည်တို့ဖြင့် ပြည့်စုံပုံတို့ကို အမွှမ်းတင်ရေးဖွဲ့ခဲ့သည်။ မင်းဆက်ရာဇဝင်တို့ကို ရှေးချောင်းများအတိုင်း ရေးဖွဲ့ထားသည်။ ရတနာပုပ္ဖချောင်းတွင်မူ မင်းသမီးလေး အိပ်ပျော်စေရန်အတွက် အဓိကထားကာ ရေးဖွဲ့ထားသည်။ ရတနာပဥ္စချောင်းတွင် ပါဝင်သော ဆွေးမျိုးများ၏ ဘုန်းတော်၊ ရာဇဝင်ကို အဓိက မထားဘဲ ရိုးရှင်းစွာရေးဖွဲ့ထားသည်။ ပျို့တွင်ချောင်းဟူ၍ သီးသန့်ထည့်၍ ဖွဲ့လေ့ မရှိသော်လည်း သူဇာပျို့တွင်မူ ဇာတ်လမ်းအကြောင်းအရာနှင့် လိုက်ဖက်သော ချောင်းနှစ်စောင်ကို ထည့်သွင်းရေးဖွဲ့ ထားရာ ပို၍ ပြည့်စုံ ကောင်းမွန်လာသည်။

ထို့အတူ အိမ်ရှေ့မင်း အပ်နှင်းသော မင်းခမ်းတော် အစီအရင်ကိုလည်း နောင်လာ နောက်သားတို့ မှတ်သားလိုက်နာ နည်းယူစေရန် ရည်ရွယ်ရေးဖွဲ့ထားသည်။ ထို့သို့ရေးဖွဲ့ထားသောကြောင့် သူဇာပျို့ သည် အခြားပျို့များနှင့်မတူဘဲ တစ်မူထူးခြားမှုရှိသည့် ပျို့အဖြစ်ပေါ်လွင်လာသည်။ မင်းခမ်းတော်အစီ အရင်ကို မြန်မာမှုထုံးတမ်းဓလေ့နှင့်အညီ စည်းစနစ်ကျစွာ ရေးဖွဲ့ထားသောကြောင့် ရှေးမြန်မာ မင်းတို့လက်ထက် ဆောင်ရွက်ခဲ့သော မြန်မာမှုအစဉ်အလာတို့ကို ဗဟုသုတဖြစ်ဖွယ် သိမှတ်ရ ပေသည်။ သို့ဖြစ်ရာ ချောင်းနှစ်စောင်နှင့် အိမ်ရှေ့မင်း အပ်နှင်းသော မင်းခမ်းတော် အစီအရင်တို့သည် သူဇာပျို့တွင် ထူးခြားချက်များအဖြစ် ထင်ရှားလျက် ရှိပေသည်။

## နိဂုံး

ဤစာတမ်းသည် မြန်မာစာပေနယ်ပယ် ကဗျာကဏ္ဍတွင်ပါဝင်သော သူဇာပျို့မှ ထူးခြားချက်များ ကိုလေ့လာထားသော စာတမ်းဖြစ်သည်။ သူဇာပျို့တွင် ထူးထူးခြားခြားပေါ်လွင်နေသည့် ချောင်းနှစ်စောင် နှင့် အိမ်ရှေ့မင်းအပ်နှင်းသော မင်းခမ်းတော် အစီအရင်တို့ကို တင်ပြထားခြင်းဖြစ်သည်။ ပျို့ကဗျာနှင့် ချောင်းကဗျာ လေ့လာလိုသူ၊ မင်းခမ်းတော် အစီအရင်တို့ကို လေ့လာလိုသူတို့အတွက် တစ်စိတ်တစ်ဒေသ အကျိုးပြုလိမ့်မည်ဟု ယုံကြည်မိပါသည်။

## ကျမ်းကိုးစာရင်း


ကိုယ်တော်မှိုင်း၊ သခင်။ (၂၀၂၃)။ ***ကဗျာသာရတ္ထသင်္ဂြိုဟ်*** (တ ကြိမ်)။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ပဒေသရာဇာ၊ ဝန်ကြီး။ (၁၉၆၈)။ ***သူဇာပျို့*** (တ ကြိမ်)။ ရန်ကုန်၊ ဟံသာဝတီစာအုပ်တိုက်။

ဖေမောင်တင်၊ ဦး။ (၂၀၁၈)။ ***မြန်မာစာပေသမိုင်း*** (ဧက ဒသမကြိမ်)။ ရန်ကုန်၊ရာပြည့်စာအုပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၁၈)။ ***မြန်မာအဘိဓာန်*** (တတိယအကြိမ်)။ နေပြည်တော်၊ မြန်မာနိုင်ငံတိုင်းရင်းသား ဘာသာစကား ဦးစီးဌာန။

သီရိဥဇနာ၊ ဝန်ကြီး (အင်ရုံရွာစား)။ (၂၀၀၁)။ ***လောကဗျူဟာကျမ်း (အင်ရုံစာတမ်း)*** (တ ကြိမ်)။ ရန်ကုန်၊ ယဉ်ကျေးမှုဝန်ကြီး ဌာန။

*J. Myanmar Acad. Arts Sci. 2026* **Vol. XXIII. No.6**

# သင်ကြားသင်ယူမှုနည်းနာများနှင့် ပုံပြင်၏အခန်းကဏ္ဍ

အေးစုငြိမ်း[၁]

## စာတမ်းအကျဉ်း

ဤစာတမ်းတွင် ဒသသနိကဗေဒအထူးပြု ကျောင်းသား ကျောင်းသူများအတွက် ရည်ရွယ်ပို့ချရသည့် အထောက်အကူပြုဘာသာရပ်ဖြစ်သော မ ၁၀၀၅၊ ၁၀၀၈ - မြန်မာ့ရိုးရာပုံပြင်များ (၁)၊ (၂) စာအုပ်ပါ ပုံပြင်နှစ်ပုဒ်ကို အလေ့လာခံအဖြစ်တင်ပြကာ သင်ကြားသင်ယူမှုနည်းနာများဖြစ်သော ၂၁ ရာစု ကျွမ်းကျင်မှု(၅)ရပ်ဖြင့်ချိန်ထိုး၍ ကျောင်းသား၊ ကျောင်းသူများအတွက် ပုံပြင်၏အကျိုး သက်ရောက်မှုသဘောကို လေ့လာထားပါသည်။ ထိုသို့လေ့လာခြင်းဖြင့် သင်ကြား သင်ယူမှု အောင်မြင် ပေါက်မြောက်သည်နှင့်အမျှ ပုံပြင်များသည် ကျောင်းသား ကျောင်းသူလူငယ်လူရွယ်များအတွက် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုနိုင် ကြောင်း သိမြင်နိုင်မည်ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရ** သင်ကြားသင်ယူမှုနည်းနာ၊ မြန်မာ့ရိုးရာပုံပြင်၊ ၂၁ ရာစုကျွမ်းကျင်မှု၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု။

## နိဒါန်း

ဤစာတမ်းသည် သင်ကြားသင်ယူမှုနည်းနာများဖြင့် ချိန်ထိုးကာ မြန်မာ့ရိုးရာပုံပြင် (၂) ပုဒ်ကို လေ့လာတင်ပြထားသည့် စာတမ်းတစ်စောင်ဖြစ်ပါသည်။ လက်ရှိပညာရေးစနစ်သည် ဆရာဗဟိုပြု သင်ကြားရေးမှ ကျောင်းသားဗဟိုပြုသင်ကြားရေးစနစ်ကို ကူးပြောင်းနေသောအချိန် ဖြစ်ပါသည်။ ထိုသို့ ပြောင်းလဲလာသည်နှင့်အမျှ ကျောင်းသားကျောင်းသူများသည် သင်ခန်းစာမှတစ်ဆင့် ၂၁ ရာစု ကျွမ်းကျင်မှုများကို ကျွမ်းကျင်တတ်မြောက်စေရန် ရည်ရွယ်ပါသည်။

၂၁ ရာစုပညာရေးဆိုသည်မှာ ကျောင်းသား ကျောင်းသူများ စာသင်ခန်းထဲတွင် ငြိမ်ငြိမ်လေး ထိုင်ကာ ရှေ့ကဆရာသင်ပြသမျှကို ထိုင်နားထောင်ခြင်း၊ စာမေးပွဲတွင် အမှတ်များများရရန် သင်ခန်းစာကို အလွတ်ကျက်စေခြင်းမျိုးမဟုတ်ပေ။ သင်ယူသူ ကလေးလူငယ်များ၏ မတူကွဲပြားသော သင်ယူမှုပုံစံနှင့် အထုံပါရမီအမျိုးမျိုးကို ပြုစုပျိုးထောင်ပေးနိုင်ရန်၊ တတ်နိုင်သမျှ လိုက်လျောညီထွေနေနိုင်ရန်နှင့် စဉ်ဆက်မပြတ် လေ့လာသင်ယူတတ်သော အလေ့အကျင့်မျိုးရရှိရန် ရည်ရွယ်ပြီး လက်တွေ့ပတ်ဝန်းကျင်နှင့် ချိတ်ဆက်သင်ကြားပေးခြင်းမျိုးဖြစ်ပါသည်။

လက်ရှိကျင့်သုံးနေသော ပညာရေးစနစ်အရ ၂၁ ရာစုကျွမ်းကျင်မှုဆိုင်ရာများ ရရှိပိုင်ဆိုင်ရန်နှင့် ဗလငါးတန်ပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ပေါက်လာစေရန်မှာ ပုံပြင်များက အခြေခံအကြောင်းတရားများဟု ယူဆမိပါသည်။ သို့ဖြစ်ရာ ထို ၂၁ ရာစုကျွမ်းကျင်မှုဆိုင်ရာ နည်းလမ်းများကို အသုံးပြုကာ သင်ကြားသင်ယူမှုကို အောင်မြင်ပြီးမြောက်အောင် ပြုလုပ်နိုင်ကြရန်၊ ပုံပြင်များကို အခြေခံ၍ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုရှိသော ကျောင်းသားကျောင်းသူများ ပေါ်ထွန်းလာစေရန်နှင့် မြန်မာစာဘာသာရပ်၏ တန်ဖိုးကိုသိရှိစေရန် ရည်ရွယ်ကာ ဤစာတမ်းကို လေ့လာသုတေသနပြုခြင်း ဖြစ်ပါသည်။ ဤစာတမ်းကို လေ့လာရာတွင် -

---

[၁] မြန်မာစာဌာန၊ ပဲခူးတက္ကသိုလ်

(၁) ပုံပြင်များသင်ကြားရာတွင် ၂၁ ရာစုကျွမ်းကျင်မှုနည်းနာများဖြင့် ချိန်ထိုးသင်ကြားခြင်းကြောင့် မည်သည့်အကျိုးကျေးဇူးများရရှိနိုင်မည်နည်း။

(၂) ပုံပြင်၏ ဩဇာသည် ကျောင်းသားလူငယ်များအပေါ်တွင် မည်မျှအကျိုး သက်ရောက်မှု ရှိသနည်း။

ဟူသော မေးခွန်းများကို အခြေခံကာ လေ့လာသုတေသနပြုထားပါသည်။

ဤစာတမ်းတွင် အထောက်အကူပြုဘာသာရပ် (Elective Courses) ဖြစ်သော မော်ဂျူးနံပါတ် မ ၁၀၀၅၊ မ ၁၀၀၈ မြန်မာ့ရိုးရာပုံပြင်များ (၁)(၂) ပါ ပုံပြင် (၂)ပုဒ်ကို အလေ့လာခံအဖြစ် သတ်မှတ်ကာ ၂၁ ရာစု သင်ကြားရေးနည်းနာများဖြင့် ချိန်ထိုးလေ့လာတင်ပြသွားမည်ဖြစ်ပါသည်။ ဤအထောက်အကူပြု ဘာသာရပ်ကို အလေ့လာခံအဖြစ်ထားကာ လေ့လာရခြင်းမှာ အချို့ကျောင်းများတွင် မြန်မာစာဌာနမှ သင်ကြားရသော ထိုအထောက်အကူပြုဘာသာရပ်ကို မယူကြတော့ဘဲ အခြားဘာသာရပ်များကိုသာ ရွေးချယ်ကြသည်ကို တွေ့ရှိရပါသည်။ ထိုအခါမည်သည့်အတွက်ကြောင့် ထိုဘာသာရပ်ကိုမယူရ သနည်း၊ ပုံပြင်များဖြစ်သဖြင့် တက္ကသိုလ်ကျောင်းသားများသင်ယူရန် သေးနုတ်သည်ဟု ယူဆသော ကြောင့်လား (သို့မဟုတ်) အောင်ရန်ရာခိုင်နှုန်း နည်းသောကြောင့်လား (သို့မဟုတ်) ပုံပြင် တစ်ပုဒ်ကို အလွယ်တကူ ဖြေဆိုရန် ဉာဏ်မမီသောကြောင့်လား စသောအချက်ကို တွေးမိသည့်အတွက် ဤ မ ၁၀၀၅၊ မ ၁၀၀၈ မြန်မာ့ရိုးရာပုံပြင်များ (၁)(၂) ပါပုံပြင် (၂)ပုဒ်ကို အလေ့လာခံအဖြစ်ထားကာ လေ့လာသုတေသန ပြုရခြင်းဖြစ်ပါသည်။

ထိုသို့လေ့လာခြင်းဖြင့် လက်ရှိပညာရေးစနစ်၏ ပြောင်းလဲမှုပုံစံနှင့် သင်ကြားသင်ယူမှုနည်းနာများကိုသိရှိနိုင်ပြီး ပုံပြင်များ၏ အရေးပါမှုကို ဖော်ထုတ်ရာရောက်ကာ မြန်မာစာဘာသာရပ်၏ တန်ဖိုးကိုလည်း မြှင့်တင်ရာရောက်မည်ဟု မျှော်လင့်ပါသည်။

**စာပေလေ့လာဆန်းစစ်ချက်**

စာပေလေ့လာဆန်းစစ်ချက်အနေဖြင့် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ သုတေသနဂျာနယ် (၂၀၁၉)တွင် ပါဝင်ခဲ့သော ဒေါက်တာမောင်မောင်ခင်၏ ရှုမဝမဂ္ဂဇင်းမှ ကျေးဇူးသိတတ်ခြင်းနှင့် ဆိုင်သော ပုံပြင်များလေ့လာချက် စာတမ်းနှင့် ဒေါက်တာကြည်ကြည်ဝင်း၏ ရခိုင်ရိုးရာကျေးလက် ပုံပြင်များမှ အတွေးအမြင်စာတမ်းများကို တွေ့ရှိရပါသည်။ ထိုစာတမ်းများသည် ပုံပြင်များမှရရှိသော အတွေးအမြင်များကို လေ့လာထားသော စာတမ်းများဖြစ်ကြပါသည်။ ဤစာတမ်းကို လေ့လာတင်ပြ ရာတွင် ပုံပြင်ကို အလေ့လာခံအဖြစ်ထားခြင်းမှာ တူညီသော်လည်း ရွေးချယ်သော အလေ့လာခံ ပုံပြင်ချင်း မတူပေ။ ထို့ပြင် ပုံပြင်များကို ၂၁ ရာစုနည်းနာဖြင့် ချိတ်ဆက်တင်ပြသော စာတမ်းမျိုးမရှိသေးသောကြောင့် လေ့လာတင်ပြရခြင်းဖြစ်ပါသည်။

**နည်းနာ**

နည်းနာအဖြစ် ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသနနည်းနာဟူ၍ အခန်းခွဲကာ လေ့လာတင်ပြမည်ဖြစ်ပါသည်။

## ပညာရပ်ဆိုင်ရာနည်းနာ

ပညာရပ်ဆိုင်ရာနည်းနာအဖြစ် သင်ကြားသင်ယူမှုနည်းနာများဖြစ်သော လက်ရှိကျင့်သုံး နေသည့် ၂၁ ရာစုကျွမ်းကျင်မှုနည်းနာများကို အခြေခံကာ ချဉ်းကပ်လေ့လာသွားမည်ဖြစ်ပါသည်။ ၂၁ ရာစု ကျွမ်းကျင်မှုဆိုင်ရာ နည်းနာ (၅)ရပ်မှာ -

၁။ ပူးပေါင်းဆောင်ရွက်ခြင်း (Collaboration)

၂။ ဆက်သွယ်ပြောဆိုခြင်း (Communication)

၃။ လေးနက်စွာဆန်းစစ်ဝေဖန်ခြင်း၊ ပြဿနာဖြေရှင်းခြင်း (Critical Thinking and Problem Solving)

၄။ တီထွင်ဖန်တီးခြင်း (Creativity and Innovation)

၅။ နိုင်ငံ့သားကောင်းဖြစ်ခြင်း (Citizenship)

တို့ဖြစ်ပါသည်။

လက်ရှိပညာရေးစနစ်သည် ဆရာဗဟိုပြုသင်ကြားရေးစနစ်မှ ကျောင်းသားဗဟိုပြုစနစ်သို့ ပြောင်းလဲလာနေပြီဖြစ်ပါသည်။ ထိုသို့ပြောင်းလဲလာသည်နှင့်အမျှ သင်ကြားသင်ယူမှုဆိုင်ရာ နည်းနာများသည်လည်း မတူကွဲပြားလာကြပါသည်။ လက်ရှိတွင် သင်ရိုးညွှန်းတမ်းကော်မတီ၏ မူဝါဒဖြစ်သော ၂၁ ရာစု သင်ကြားသင်ယူမှုနည်းနာများ (21st Century Skills) ဖြင့် ဆွေးနွေးပို့ချသည့်ပုံစံကို ပြောင်းလဲလာနေကြောင်း တွေ့ရပါသည်။

၂၁ ရာစု ကျွမ်းကျင်မှုနည်းနာသည် မျက်မှောက်ခေတ်၏ လိုအပ်ချက်ကို တုံ့ပြန်ရန်အတွက် ပေါ်ထွက်လာသော ပညာရေးစနစ်ဟု ဆိုနိုင်ပါသည်။

မြန်မာ့ပညာရေးစနစ်၏ ရည်ရွယ်ချက်သည် -

"ကျောင်းသားများ သင်ယူသူလူငယ်လူရွယ်များကို ၂၁ရာစုအတွက် လိုအပ်သည့် အသိပညာနှင့် ကျွမ်းကျင်မှုများတတ်မြောက်ရန်" (စာ -၇)

ဖြစ်ကြောင်း အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းတွင် ဖော်ပြထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ ထိုကျွမ်းကျင်မှုများကို အသုံးပြုကာ သင်ယူပြီးသမျှကို နေ့စဉ်ဘဝတွင် လက်တွေ့အသုံးချနိုင်ရေး အတွက် စဉ်းစားတွေးခေါ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပါဝင်လုပ်ဆောင်ခြင်းဆိုင်ရာ ကျွမ်းကျင်မှု များ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါသည်။ ထို့ပြင်တွေးခေါ်ကြံဆပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလ ငါးတန်ပြည့်စုံသည့် နိုင်ငံ့သားကောင်းများဖြစ်ထွန်းရေးအတွက် ဦးတည်လေ့ကျင့်ပေးရန် လိုအပ်ပါသည်။

သင်ကြားသင်ယူမှုပြုရာတွင် သင်ယူမှုပန်းတိုင်များနှင့်ပတ်သက်၍ -

"စာသင်ခန်းမှတစ်ဆင့် ကျောင်းသား၊ ကျောင်းသူများသည် အသိပညာ(Knowledge)၊ နားလည်သဘောပေါက်မှု(Understanding)၊ ကျွမ်းကျင်မှု(Skill)နှင့် တတ်ကျွမ်းမှု

(Competence) များရှိပြီး ပိုမိုခက်ခဲသော အခြေအနေများ၊ ပြဿနာများတွင် လိုက်လျောညီထွေစွာ အသုံးချနိုင်ရေးသည် သင်ယူမှုပန်းတိုင်များပင်ဖြစ်ပါသည်။

(စာ -၂၉)

ဟူ၍ဆိုထားပါသည်။ ထိုသင်ယူမှု၏ အကျိုးရလဒ်များအဖြစ် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဟူသော ဗလငါးတန်ပြည့်စုံသော ကျောင်းသားကျောင်းသူများ ပေါ်ထွက်လာရေးကို ဦးတည်နေကြောင်း တွေ့ရပါသည်။

ထိုကျွမ်းကျင်မှုများ တိုးတက်လာစေရန်အတွက် ထိုကျွမ်းကျင်မှုနည်းနာများနှင့်အညီ သင်ရိုးညွှန်းတမ်းအဖွဲ့က ပြဋ္ဌာန်းစာများကို ရွေးချယ်ပြဋ္ဌာန်းသကဲ့သို့ သင်ကြား၊ သင်ယူသူများဘက်ကလည်း ထိုကျွမ်းကျင်မှုမျိုး ရရှိပိုင်ဆိုင်စေရန် ကြိုးပမ်းရမည်ဖြစ်ပါသည်။ ထိုသို့သင်ကြားရာတွင် ဆရာဆရာမက သင်ခန်းစာတစ်ခုကို အစပျိုးခြင်း(Introduction)၊ စူးစမ်းရှာဖွေခြင်း(Exploration)၊ အသုံးချခြင်း (Application) ဟူသော ယေဘုယျချဉ်းကပ်နည်းကို အသုံးပြုကာ သင်ခန်းစာ အကြောင်းအရာများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ရန် လမ်းဖွင့်ပေးရမည်ဖြစ်ပါသည်။ သင်ခန်းစာပါအကြောင်းအရာနှင့် ပတ်ဝန်းကျင်လောကကို ချိတ်ဆက်ပေးခြင်းဖြင့် ကျောင်းသားကျောင်းသူများ၏ အသိပညာနှင့် တတ်ကျွမ်းမှု၊ အသုံးချမှုကို ဖြည့်ဆည်းမွေးမြူပေးရမည်ဖြစ်ပါသည်။

အမှန်စင်စစ် အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရ၏ "သီကုံးပန်းသွင်နေ့တိုင်းဆင်" ကဗျာလာ "သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ" ဟူသော ပညာသင်ယူမှုနည်းနာများဖြင့် ရင်းနှီးပြီးသား မြန်မာလူမျိုးများအတွက် ယနေ့ခေတ် ၂၁ ရာစုကျွမ်းကျင်မှုများနှင့် စိမ်းမည်မဟုတ်ပေ။ ရှင်မဟာရဋ္ဌသာရ၏ သင်ယူမှုနည်းနာများနှင့် ၂၁ရာစုကျွမ်းကျင်မှုနည်းနာများသည် အခေါ်အဝေါ်သာ ကွဲပြားသော်လည်း သင်ကြားသင်ယူမှုနည်းနာသဘောတရားချင်း ဆက်စပ်မှု၊ တူညီမှုရှိသည်ကို တွေ့ရပါသည်။

သို့ဖြစ်ရာ ထိုသင်ကြားမှုနည်းနာများကို အခြေခံကာ ဤစာတမ်းတွင် မြန်မာစာပေ၏ တန်ဖိုးကို သိရှိလာနိုင်စေရုံသာမက ၂၁ ရာစုကျွမ်းကျင်မှုဆိုင်ရာ သင်ကြားသင်ယူမှုနည်းနာများကိုလည်း လေ့လာနိုင်မည်ဖြစ်ပါသည်။

**သုတေသနနည်းနာ**

သုတေသနနည်းနာအဖြစ် သင်ကြားသင်ယူမှုနည်းနာများအပေါ်အခြေခံပြီး ဆန်းစစ်လေ့လာသည့်နည်းနာကို အသုံးပြုကာ ပုံပြင်များကို သင်ကြားခြင်းဖြင့် ရရှိလာနိုင်သောအကျိုးရလဒ်ကို ဖော်ထုတ်သုတေသနပြုထားပါသည်။

**စိစစ်လေ့လာချက်**

ဤစာတမ်းတွင်လေ့လာတင်ပြထားသော ပုံပြင်များသည် ဒဿနိကဗေဒအထူးပြု၊ ပထမနှစ်တန်းတွင် Elective Courses အဖြစ်သင်ကြားသော မ ၁၀၀၅၊ မ ၁၀၀၈ မြန်မာ့ရိုးရာပုံပြင်များ(၁)(၂)တွင် ပါရှိသော ပုံပြင် (၂)ပုဒ်ဖြစ်ပါသည်။ ထိုပုံပြင်များသည် လူထုဦးလှ၏ ကျောင်းကန်အနီးမှ မြန်မာပုံပြင်များစာအုပ်မှ ကောက်နုတ်ထားသော ပုံပြင်များဖြစ်ပါသည်။ ယခုလေ့လာတင်ပြမည့်ပုံပြင်များသည်

လူ့သဘော လူ့သဘာဝကို ဖော်ပြနေသော ပုံပြင်များဖြစ်ပါသည်။ တစ်နည်းအားဖြင့် တက္ကသိုလ်ဝင်တန်း အောင်ပြီး ဆယ်ကျော်သက်အရွယ် ကျောင်းသားလူငယ်တို့အတွက် ရည်ရွယ်ပြဋ္ဌာန်းထားသော ပုံပြင်များဖြစ်ရာ လူ့သဘောလူ့သဘာဝများကို ဦးစားပေးတင်ပြထားသည့်သဘောဟု ယူဆနိုင်ပါသည်။ ကျေးလက်ပုံပြင်များသည် ကျေးလက်နေသူတို့၏ဓလေ့ကိုဖော်ကျူးရင်း လူငယ်လူရွယ်များကို လိမ္မာရေးခြားရှိစေရန်၊ အပျင်းပြေစေရန်၊ အသိအလိမ္မာတိုးစေရန် စသောရည်ရွယ်ချက်များဖြင့် ပြောပြမှတ်သားခဲ့ကြခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ ယခုလေ့လာ တင်ပြထားသော ပုံပြင်များကို သင်ကြားရာတွင်လည်း ထိုရည်ရွယ်ချက်များကို ရောက်အောင် သင်ကြားပေးရန်လိုအပ်ပါသည်။

ပုံပြင်ကိုစတင်သင်ကြားမည်ဆိုပါက ပုံပြင်ပုဒ်ရင်းများကို မသင်ခင်ပုံပြင်၏သမိုင်းကြောင်း၊ ပုံပြင်၏သဘောတရားများကို ဦးစွာအသိပေးသင်ကြားရမည်ဖြစ်သည်။ ဆရာ၊ ဆရာမက ဦးဆောင်ဆွေးနွေးသူအဖြစ်ပါဝင်ကာ ကလေးများအား အမေးအဖြေများပြုခိုင်းခြင်းဖြင့် သင်ခန်းစာကိုစတင်ရန် လိုအပ်ပါသည်။

ပထမဦးစွာ ကျေးလက်ပုံပြင်များ၏ သဘောသဘာဝကို ဦးစွာပြောပြရန်လိုအပ်ပါသည်။ ကျေးလက်ပုံပြင်များကို ရိုးရာပုံပြင်ဟုလည်းခေါ်ကြောင်း ရှင်းပြရန်လိုအပ်ပါသည်။ ထိုသို့ပြောကြားရန်အတွက် ရိုးရာပုံပြင်စာပေစာတမ်းများကို ဖတ်ရှုထားရန်နှင့် ထိုစာတမ်းများကို ကိုးကား၍သင်ကြားရန် လိုအပ်ပါသည်။ ဤနေရာတွင် ရိုးရာပုံပြင်နှင့်ပတ်သက်၍ အနည်းငယ်တင်ပြပါမည်။

မြန်မာ့ရိုးရာပုံပြင်စာတမ်းများ (၁၉၈၅) စာအုပ်တွင် -

> "ရိုးရာပုံပြင်များသည် နှုတ်ဖြင့်အဆင့်ဆင့်သယ်ဆောင်လာခဲ့ကြသော နှုတ်ဆောင်ပုံပြင်ဖြစ်သည်မှာမှန်ပါသည်။ သို့သော် အမှန်တကယ်သယ်ဆောင်လာခဲ့သူမှာ နှုတ်မဟုတ်။ မှတ်ဉာဏ်သာလျှင်ဖြစ်ပါသည်။ မှတ်ဉာဏ်၏စေ့ဆော်မှုကြောင့် နှုတ်ကပြောခြင်းဖြစ်သည်။ (စာ ၆၃)

ဟူ၍ ရိုးရာပုံပြင်များသည် နှုတ်ဆင့်ကမ်းသယ်ဆောင်ခဲ့ခြင်းသဘောကို ဖွင့်ဆိုထားပါသည်။ ရိုးရာပုံပြင်၏ အင်္ဂါရပ်များနှင့်ပတ်သက်၍ -

"၁။ ရိုးရာပုံပြင်သည် ခေတ်အဆက်ဆက်က ရှေးလူတို့အဆင့်ဆင့် သယ်ဆောင်လာခဲ့သော နှုတ်ဆောင်စာပေဖြစ်ခြင်း

၂။ ရိုးရာပုံပြင်စတင်ပေါ်ပေါက်ချိန်တွင် ရိုးရာပုံပြင်ပြောပြသူတို့သည် များသောအားဖြင့် စာပေမတတ်ကြသူများဖြစ်ခြင်း

၃။ ပုံပြင်ပြောသည့် အလေ့အထသည် ကျေးလက်တောရွာနေ တောင်သူလယ်သမားတို့၏ ယဉ်ကျေးမှုဖြစ်ခြင်း" (စာ ၂၈)

ဟူ၍ ဖော်ပြထားပါသည်။

ရိုးရာပုံပြင်၏ တာဝန်နှင့်ပတ်သက်၍လည်း -

"၁။ ပညာပေးခြင်း

၂။ ထိန်းသိမ်းခြင်း

၃။ အဆုံးအဖြတ်ပေးခြင်း

၄။ ဓလေ့ထုံးစံသတ်မှတ်ခြင်း

၅။ ယဉ်ကျေးမှုအမွေအနှစ်ကိုအဆက်မပြတ်အောင်ထိန်းသိမ်းခြင်း

၆။ နိုင်ငံရေးတာဝန်" (စာ ၁၆၁-၁၆၂) ဟူ၍ ဖော်ပြထားသည်ကို တွေ့ရပါသည်။

ပုံပြင်သင်ကြားမည့် ဆရာ၊ ဆရာမသည် ပုံပြင်နှင့်ပတ်သက်သော ထိုသဘောများကို တီးခေါက်မိအောင် ဖတ်မှတ်လေ့လာ ထားရန်လိုအပ်ပါသည်။ ထို့ပြင်ပုံပြင်ကို နားထောင်လိုက်၊ သင်ကြားလိုက်သည်နှင့် ရရှိမည့်အကျိုးကျေးဇူးများ၊ အကျိုးသက်ရောက်မှုများကိုလည်း နားလည်သဘောပေါက်ထားရန်လိုအပ်ပါသည်။ ပုံပြင်၏အကျိုးသက်ရောက်မှုနှင့်ပတ်သက်၍ -

> "ပုံပြင်နားထောင်သော အလေ့အကျင့်မရှိသော ကလေးထက် ပုံပြင်နားထောင်ကျင့်ရှိသော ကလေးကပြောရေးဆိုမှု၌ ပြေပြစ်ကျွမ်းကျင်သည်။ ယဉ်ကျေးဖွယ်ရာ ရှိသည်။ ချစ်တတ်ခင်တတ်သော နှလုံးသားနှင့် မွန်ရည်သောစိတ်သဘောထားလည်းရှိ၏" (စာ -၁၃၅)

ဟုလည်းကောင်း၊

> "ပုံပြင်သည် ဝတ္ထုထက် ပိုမို၍ထိရောက်သည်။ တိုတိုနှင့်လိုရင်းရောက်သည်။ ရည်ရွယ်ချက် ဦးတည်ချက်ရှိသည်။ သင်ခန်းစာကိုလည်းကောင်း၊ အတွေးသစ်အမြင်သစ်ကိုလည်းကောင်းပေးသည်။ စိတ်ဝင်စားဖွယ်လည်းဖြစ်သည်" (စာ-၁၄၀)

ဟု လည်းကောင်း ပုံပြင်၏ အကျိုးသက်ရောက်မှုသဘောကို ဖွင့်ဆိုထားကြောင်း တွေ့ရပါသည်။

ထို့ပြင် -

> "အသိအလိမ္မာနည်းပါးသေးသော ကလေးငယ်များအတွက် ရယ်မောစရာ၊ အံ့ဩစရာများကိုပေးပါသည်။ လူငယ်များအတွက်မူ စိတ်ဝင်စားဖွယ်၊ အံ့ဩဖွယ်များနှင့် စဉ်းစားစရာများကိုပေး၍ လူလတ်ပိုင်းနှင့် လူကြီးပိုင်းအရွယ်များအတွက်မူ စိတ်ဝင် စားဖွယ်နှင့် ထူးဆန်းထွေလာများသည် သာမည၊ အလေးအနက်တွေးတောဆင်ခြင်ခြင်းနှင့် သုံးသပ်ခြင်းသည်သာ အဓိကဖြစ်ပါတော့သည်" (စာ-၈၀)

ဟုဆိုထားပေရာ ပုံပြင်သည် အသက်အရွယ်မရွေး စိတ်ဝင်စားမှုကိုပေးစွမ်းနိုင်ကြောင်းသိရပါသည်။

တစ်နည်းအားဖြင့် ပုံပြင်နှင့် ကလေး၊ ကလေးနှင့်လူကြီး၊ လူကြီးနှင့်လူ့လောကသည် ဆက်စပ်မှုရှိနေသည်ဟုဆိုနိုင်ပါသည်။ ပုံပြင်များကြောင့် ကလေးငယ်များသည် အသိအမြင်များ ကြွယ်ဝလာနိုင်ပြီး

နောင်တစ်ချိန် လူကြီးဘ၀သို့ရောက်သောအခါ လောက၏သဘောကိုသိရှိပြီး လူ့လောကကောင်းကျိုးအတွက် ဖြည့်ဆည်းချင်စိတ်ဖြစ်လာမည်ဖြစ်ပါသည်။

ပုံပြင်၏ ကလေးများအပေါ် အထောက်အပံ့ပြုမှုနှင့်ပတ်သက်၍ ဆရာအောင်သင်းက

၁။ လူ့လောကကို ယုံကြည်စိတ်ချစေသည်။

၂။ အသိုင်းအဝိုင်းတစ်ခု၌ ပါဝင်နေကြောင်း အမှတ်ပြုမိစေသည်။

၃။ မေတ္တာကို ခံစားမိစေသည်။

၄။ အကျိုးပြုလိုစိတ်ပေါ်စေသည်။

၅။ အပြောင်းအလဲကစားနည်းတစ်မျိုးကိုဖြစ်စေသည်။

၆။ ရသ (ဝါ) အလှမွတ်သိပ်မှုကို ပြေစေသည်။ (စာ ၁၂၀)

ဟု ပုံပြင်၏ အကျိုးရလဒ်ကို တင်ပြထားပါသည်။

ပုံပြင်ကိုသင်ကြားရာတွင် ပုံပြင်၏သဘောသဘာဝ၊ ပုံပြင်၏အကျိုးသက်ရောက်မှုများကို သိရှိပြီးသော ဆရာ၊ ဆရာမသည် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပုံပြင်များကို နားထောင်ခဲ့ဖူးခြင်း၊ ဖတ်မှတ်ခဲ့ဖူးခြင်း ရှိ၊ မရှိ ဆန်းစစ်နိုင်ပါသည်။ ထိုမှတစ်ဆင့် ပုံပြင်နှင့်ရင်းနှီးခဲ့သော ကျောင်းသား၊ ကျောင်းသူများ၊ ပုံပြင်ဖြင့် မနီးစပ်ခဲ့သော ကျောင်းသား၊ ကျောင်းသူများကို ခွဲခြားသိမြင် ပြီး ကျောင်းသားကျောင်းသူများကို မည်သို့ကိုင်တွယ် သင်ကြားရမည်ဖြစ်ကြောင်း အဖြေရှာနိုင်မည်ဖြစ်ပါသည်။ ကျောင်းသားကျောင်းသူများ၏ ဦးနှောက်တွင် စွဲမြဲနေမည့် ပုံပြင်များရှိပါက ပြောပြနိုင်စေရန် လမ်းကြောင်းပေးခြင်းဖြင့်လည်း သင်ခန်းစာကို စိတ်ပါဝင်စားစေရန် နှိုးဆွပေးနိုင်မည် ဖြစ်ပါသည်။ ထိုသို့သင်ခန်းစာကို အစပျိုးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း (Collaboration)၊ ဆက်သွယ်ပြောဆိုခြင်း (Communication)စွမ်းရည်များကို တိုးတက်လာအောင် အထောက်အကူပြုပေးနိုင်မည် ဖြစ်ပါသည်။

အလေ့လာခံအဖြစ်တင်ပြမည့် ပုံပြင်(၂)ပုဒ်သည် ဒဿနိကဗေဒအထူးပြုကျောင်းသား၊ ကျောင်းသူများအတွက် မြန်မာစာဌာနက ပို့ချရသော Elective Course ဖြစ်ပါသည်။ ယခုအခါတွင် သင်ရိုးများပြောင်းလဲပြဋ္ဌာန်းသကဲ့သို့ ပညာရေးစနစ်များလည်း ပြောင်းလဲလျက်ရှိရာတွင် အချို့တက္ကသိုလ်များ၌ ထိုဘာသာရပ်ကို ယူခြင်းမရှိတော့ကြောင်း သိရပါသည်။ ထိုဘာသာရပ်တွင် ပြဋ္ဌာန်းထားသောပုံပြင်များတွင် အချို့ပုံပြင်များသည် ငယ်စဉ်ကသိရှိသင်ကြားခဲ့ဖူးသော ပုံပြင်များပါဝင် ပါသည်။ မည်သို့ပင်ဖြစ်စေ ပုံပြင်များသည် အတွေးအခေါ်ကို အဓိကသင်ပေးသော ဒဿနိကဗေဒ ကျောင်းသား၊ ကျောင်းသူများအတွက် အသိအမြင်အတွေးအခေါ်ကို တိုးပွားလာစေနိုင်ရန် အထောက်အကူပြုသော ပုံပြင်များဟုဆိုနိုင်ပါသည်။

ယခုလေ့လာတင်ပြရန်အတွက် ရွေးချယ်ထားသော ပုံပြင်နှစ်ပုဒ်မှာ မော်ဂျူးနံပါတ် မ ၁၀၀၈ ပါ ဘုန်းကြီးရှေ့ကကြွပစေဟေ့နှင့် နင်မပါဘူးပြန်ဝင် ပုံပြင်တို့ ဖြစ်ပါသည်။ 'ဘုန်းကြီးရှေ့က ကြွပစေဟေ့' ပုံပြင်သည် နေရာတကာသြဇာပေးတတ်သော လူများရှိတတ်ကြောင်း သင်ခန်းစာပေးလိုခြင်းဖြစ်ပါ

သည်။ ပုံပြင်တွင်ငထွားဆိုသော ဇာတ်ဆောင်ကိုဖန်တီးကာ ငထွား၏နေရာတကာပါတတ်ပုံကို ဇာတ်လမ်းဆင်ထားသော ပုံပြင်တစ်ပုဒ်ဖြစ်ပါသည်။ 'နင်မပါဘူးပြန်ဝင်' ပုံပြင်သည်လူတို့၏ စိတ်သဘာဝနှင့် အခြေအနေအချိန်အခါကိုလိုက်၍ ပြောင်းလဲတတ်သောသဘောကို ရယာန်းလူထွက်ကို ရိုးဟူသော ဇာတ်ဆောင်၏ အဖြစ်အပျက်ဖြင့် တင်ပြထားသော ပုံပြင်တစ်ပုဒ်ဖြစ်ပါသည်။

ထိုပုံပြင်(၂)ပုဒ်ကို သင်ကြားပေးမည့်သူသည် အဓိကအားဖြင့် မြန်မာစာဆရာဖြစ်ပါသည်။ ပုံပြင်များကို လက်ခံနားထောင်သင်ယူသူများသည် မြန်မာနိုင်ငံတွင်နေသော၊ မြန်မာစကားကို နားလည်သော၊ မြန်မာစာကိုဖတ်တတ်သော မြန်မာလူမျိုး ကျောင်းသား၊ ကျောင်းသူများဖြစ်ပါသည်။ သို့ဖြစ်ရာ သင်ကြားသူရောသင်ယူသူပါ ဤပုံပြင်များကို ဖတ်လိုက်သည်နှင့်နားလည်ပြီးဖြစ်ပါသည်။ ထို့ပြင်မြန်မာလူမျိုးအများစုသည် ငယ်စဉ်ကပင် ပုံပြင်များနှင့် ကြီးပြင်းခဲ့ကြသူများဖြစ်ပါသည်။ အသက်အရွယ်ကြီး ရင့်လာသောအခါ ပုံပြင်များကို ပစ်ပယ်တတ်ခဲ့ကြပါသည်။ သို့ဖြစ်ရာ ကလေးဘဝက နားထောင်ခဲ့ဖူးသော ပုံပြင်များကို သေးငယ်သည်ဟု ယူဆ၍မရပေ။ ပုံပြင်ထဲမှရရှိခံစားခဲ့ကြသော ခံစားမှုသင်ခန်းစာများသည် ကြီးပြင်းလာသောအခါ တစ်စုံတစ်ရာသော ပြဿနာများကို ဖြေရှင်းရာတွင်အခြေခံ အကြောင်းတရားများဖြစ်ကြောင်း အသိအမြင်ရလာအောင် သင်ကြားပေး ရမည့် တာဝန်ရှိပါသည်။

ယခုလေ့လာတင်ပြထားသော ပုံပြင်(၂)ပုဒ်ကို စတင်သင်ကြားမည်ဆိုပါက ဆရာ၊ ဆရာမက ဦးဆောင်ဖတ်ခိုင်းခြင်း၊ ကလေးများအား စိတ်အတွင်းမှ ဖတ်ခိုင်းခြင်း စသောနည်းများဖြင့် ပုံပြင်သင်ခန်းစာကို စတင်သင့်ပါသည်။ ပုံပြင်ပါဇာတ်ဆောင်များဖြင့် မိတ်ဆက်ပေးကာ ပုံပြင် အကြောင်းအရာဖြစ်ရပ်ကို ကျောင်းသားများ နားလည်သဘောပေါက်စေရန် တစ်ဆင့်ချင်းပြောပြ ရှင်းပြရမည်ဖြစ်ပါသည်။ ထိုသို့ရှင်းပြခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း (Collaboration)၊ ဆက်သွယ်ပြောဆိုခြင်း (Communication) စွမ်းရည်များကို တိုးတက်လာစေအောင် ပြုလုပ်ပေးနိုင်ပါသည်။

'ဘုန်းကြီးရှေ့ကကြွပစေဟေ့' ပုံပြင်တွင် ဇာတ်ဆောင်မှာ 'ငထွား' ဆိုသူဖြစ်ပြီး သူ၏ဝိသေသ အဖြစ် "ရွာတစ်ရွာတွင် ဩဇာအလွန်ပေးလေ့ပေးထရှိသော ငထွားဆိုသူတစ်ဦးရှိလေသည်။ ငထွားကို အလွန်လျှာရှည်သူ၊ ဩဇာပေးတတ်သူဟု ရွာသူရွာသားများကသိကြသဖြင့် ဩဇာပေးသမားငထွား ဟူသောဘွဲ့ကို ပေးထားကြလေ၏" ဟူ၍ ပုံပြင်နိဒါန်းတွင်ဖော်ပြထားပြီးဖြစ်ရာ ငထွား၏ စရိုက်ကို ရိပ်မိပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ စာဖတ်သူကို မည်သို့သောအဖြစ်အပျက်နှင့် ငထွား၏စရိုက်ကို တင်ပြမည်နည်းဟူ၍ စိတ်ဝင်စားလာအောင် ဖန်တီးထားကြောင်း တစ်ဆင့်ချင်းပြောပြရန် လိုအပ်ပါသည်။ အသုဘတစ်ခုတွင် ဘုန်းကြီးများကို ဆွမ်းကျွေးရာပို့နေသော ထမင်းဟင်းများကိုလာရောက် ဝိုင်းကူလုပ်ကိုင်ပေးသူတို့က သွန်ပစ်လိုက်ကြရာ ငထွားက "အေး မကောင်းတာတွေဆို သွန်ပစ်မှပေါ့ကွ" ဟု ဝင်ရောက်ပြောဆိုပုံ၊ ငထွားကထိုသို့ပြောလိုက်သောအခါ ငထွားကို အမြင်ကပ်သဖြင့် ထမင်းဟင်းများကို ပြန်ကောက်ထည့်လိုက်ကြပုံ၊ ထိုအခါငထွားက "အေးဟေ့ ကောင်းတာလေးတွေလည်း ရွေးပြီး ပြန်ကောက်ထည့်ဦးမှပေါ့ကွ" ဟု ပြန်ပြောပုံ၊ ထိုအခါ လုပ်ကိုင်နေသူများက ဒေါသထွက်က အကုန်လုံးကို သွန်ပစ်လိုက်ကြရာ "အေးကွာမကောင်းလည်း အကုန်သွန်ပစ်လိုက်ပါတော့"ဟု ဩဇာပေးပုံကို တွေ့ရပါသည်။ ဩဇာပေးရာတွင် တစ်ဆင့်ပြီးတစ်ဆင့် ရောင့်တက်စွာ ဩဇာပေးပုံကို တွေ့နိုင်ပါသည်။ ထို့နောက်

အသုဘချချိန်ရောက်သောအခါ အခြားသူများက အိပ်ပျော်နေသော ငထွားကိုမနှိုးဘဲ အသုဘချသွားကြလေသည်။ အသုဘချသူများ ရွာတစ်ဝက်ခန့် ရောက်သောအခါမှ ငထွားနိုးလာရာ အသုဘချသူများနောက်သို့အပြေးလိုက်၍ "ဟေ့ ဘုန်းကြီးရှေ့က ကြွပစေဟေ့" ဟုအော်ကာ ဩဇာပေးလိုက်ကြောင်းဖော်ပြနိဂုံးချုပ်ထားရာ ပုံပြင်ဖတ်သူများကို ပြုံးရယ်မိစေပါသည်။ နေရာတကာဩဇာပေးတတ်သောငထွား၏စရိုက်ကို ရယ်မောရွှင်ပြုံးဖွယ် သရုပ်ဖော်ကာ နေရာတကာဩဇာပေးတတ်သည့် လူအချို့ကိုသတိပေးလိုသော သဘောဟု ယူဆနိုင်ပါသည်။

'ဘုန်းကြီးရှေ့ကကြွပစေဟေ့' ပုံပြင်အရ လူမှုဆက်ဆံရေးနယ်ပယ်တွင် နေရာတကာ ဆရာလုပ်တတ်၊ ဩဇာလုပ်တတ်သော လူအချို့ကို မြင်ယောင်သတိထားမိလာစေသည့်အပြင် ထိုအကျင့်စရိုက်မျိုးကို လူမှုအသိုင်းအဝိုင်းက လက်မခံတတ်ကြသဖြင့် သတိပြုဆင်ခြင်မိလာစေသည်ကို တွေ့ရပါသည်။ လူဆိုသည်မှာ တစ်ဦးတစ်ယောက်တည်းရပ်တည်ရှင်သန်၍ မရပေ၊ လူအများနှင့် ပေါင်းသင်းဆက်ဆံနေထိုင်ရမြဲဖြစ်ပါသည်။ လူအများနှင့် ပြောဆိုနေထိုင်ရာတွင် လူမုန်းမများအောင် အလိုက်အထိုက် ပြောဆိုဆက်ဆံ ကျင့်ကြံပြုမူရတတ်ပါသည်။ ထိုသဘောများကို မည်သို့နေပါ၊ မည်သို့မနေသင့်ပါဟု တားမြစ်ခြင်းမပြုဘဲ ငထွား၏စရိုက်နှင့် သရုပ်ဖော်လိုက်သဖြင့် ပုံပြင်သည် ပို၍ နှစ်သက်ဖွယ်ဖြစ်လာရသည်ကို တွေ့ရပါသည်။

**'**နင်မပါဘူးပြန်ဝင်' ပုံပြင်သည် 'ကိုရိုး'ဟူသောလူတစ်ယောက်၏ဖြစ်အင်ကို ပြောစကားဟန်ဖြင့်ရေးသားထားသော ပုံပြင်တစ်ပုဒ်ဖြစ်ပါသည်။ ပုံပြင်တွင် ဇာတ်ဆောင်ကိုရိုးသည် ရဟန်း လူထွက်ဖြစ်ပြီးမင်္ဂလာဆိုသူနှင့်အိမ်ထောင်ကျကာ အကုသိုလ်ပြုရမည်ကို အလွန်ကြောက်သူဖြစ်ပုံ၊ မိရိုးဖလာတောင်ယာအလုပ်ကို လုပ်ကိုင်သော်လည်း လယ်ထွန်၊ အမှိုက်ပုံမီးရှို့၊ ပေါင်းသင်မှုများ ပြုလုပ် ရသောအခါများတွင် အကုသိုလ်မဖြစ်အောင် ရှောင်ရှားလေ့ရှိကြောင်း ကိုရိုး၏စရိုက်ကို ဦးစွာတင်ပြ ထားပါသည်။ ကိုရိုးသည်ထွန်ယက်ပေါင်းပေါက်ရသောအခါများတွင် အခင်းထိပ်မှနေ၍ "ငါဟာကနေ့ ဒီလယ်ဒီယာကို အမှန်ထွန်ရ၊ ပေါင်းပေါက်ရတော့မယ်။ ဒါကြောင့် ဒီလယ်ထဲရှိ သေးသေးမွှားမွှား ပိုးသတ္တဝါတွေဟာ လွတ်ရာကျွတ်ရာဌာနကို ရွှေ့ပြောင်းကြပါ"ဟု ဘေးလူများကြားအောင် အသံထုတ်ပြီး သုံးကြိမ်သုံးခါ အော်ပြီးမှသာ လယ်ယာထဲဆင်းပြီး ထွန်ယက် ပေါင်းသင် လေ့ရှိကြောင်း ဖော်ပြထားပါသည်။ ထိုသို့ သုံးကြိမ်သုံးခါအော်ဟစ်ပြောလေ့ရှိသော ကိုရိုး၏အဖြစ်သည် မိမိအကုသိုလ် မလုပ်ကြောင်း၊ မကောင်းမှု မလုပ်ကြောင်းကို လူအများအားသိစေလိုသော၊ အထင်ကြီးမှုကိုလိုချင်သော လူတို့၏သဘာဝထင်ဟပ်နေသည်ဟုဆိုနိုင်ပါသည်။

တစ်နေ့တွင်ကိုရိုးသည် လယ်ကွက်တစ်ခုတွင် အမှိုက်များကို ထွန်တိုက်ပြီး မီးရှို့ရတော့မည့်နေ့တွင် လောင်ပုံထဲ၌ ပိုးကောင်ငယ်များကိုတွေ့သဖြင့် မီးမရှို့သေးဘဲ တစ်ရက်ရွှေ့ဆိုင်းလိုက်ပုံကို ဖော်ပြကာ ကိုရိုး၏စရိုက်ကို မိတ်ဆက်ပေးထားပါသည်။ သတ္တဝါများအပေါ် သနားညှာတာတတ်သူ ကိုရိုး၏စရိုက်ကိုပေါ်လွင်စေသည့်အပြင် နောက်တစ်နေ့တွင် မည်သို့ပြုလုပ်မည်ကို သိလိုစိတ်များဖြစ်လာစေပါသည်။

နောက်တစ်နေ့တွင် မီးရှို့ရမည့်လောင်ပုံအနီးတွင်ထိုင်ကာ "အခု ငါဟာဒီလောင်ပုံကို မီးရှို့တော့မယ်၊ ဒါ့ကြောင့် လောင်ပုံထဲက ပိုးကောင်မွှားကောင်တွေ အပြင်ကို အမြန်ထွက်ကြ၊ အမြန်ထွက်ကြ" ဟုသုံးကြိမ်တိုင်တိုင်ဆိုပြီးမှ မီးရှို့ပုံ၊ မီးစရှို့လိုက်သည်နှင့် လောင်ပုံထဲမှ ပိုးကောင်ငယ်များသည် အပြေးအလွှားထွက်လာကြရာ ကိုရိုးက "ထွက်ကြ ထွက်ကြ၊ ချမ်းသာတဲ့ဆီသွားကြ၊ ချမ်းသာတဲ့ ဆီသွားကြ" ဟု တဖွဖွပြောဆိုနေပုံ၊ ထိုအချိန်တွင် မီးအပူဒဏ်ကို မခံနိုင်သဖြင့် မြွေပွေးတစ်ကောင်သည် လောင်ပုံထဲမှ ထွက်လာသောအခါ ကိုရိုးသည် "ဟဲ့ ဟဲ့ နင်မပါဘူး ပြန်ဝင် ပြန်ဝင်" ဟုဆိုကာ မြွေပွေးကို တုတ်တစ်ချောင်းနှင့် မီးပုံထဲသို့ ပြန်သွင်းလိုက်ပုံဖြင့် နိဂုံးချုပ်ထားသည်။

သတ္တဝါများအပေါ် သနားညှာတာသဖြင့် ရွှေ့ပြောင်းချိန်ရအောင် တစ်ရက်နောက်ကျမှ မီးလာရှို့သော ကိုရိုး၏စိတ်သည် မြွေပွေးနှင့်တွေ့သောအခါ သနားညာတာမှုမရှိတော့ဘဲ ပြောင်းလဲသွားကြောင်း တင်ပြလိုက်ခြင်းဖြင့် လူတို့၏ ပြောင်းလဲတတ်သောစိတ်သဘာဝကို ရိပ်မိနိုင်ပါသည်။ မိမိကို အန္တရာယ်မပြုနိုင်သည့် ပိုးကောင်များအပေါ်တွင် အသက်ရှင်သန်စေလိုသော မုဒိတာစိတ်သနား ညှာတာစိတ်ထားနိုင်သော်လည်း မိမိကိုအန္တရာယ်ပြုနိုင်သည့် သတ္တဝါအပေါ်တွင်မူ ညှာတာသနားစိတ်၊ မုဒိတာစိတ်မထားနိုင်သည့် လူ့သဘာဝကို အထင်အရှားမြင်တွေ့ရပါသည်။ ထို့ပြင်လူတို့၏စိတ်သည် ပြောင်းလဲတတ်သောသဘောရှိပြီး အတွင်းစိတ်နှင့် အပြင်စိတ်တို့၏ အားပြိုင်မှုကို ပေါ်လွင်ထင်ရှား လာစေသည်ဟု ဆိုနိုင်ပါသည်။

ပုံပြင်တွင် ထိုသဘောတရားများကို ပေါ်လွင်အောင် ကိုရိုး၏ တိုက်ရိုက်ပြောစကားများဖြင့်လည်းကောင်း၊ ကိုရိုး၏အပြုအမူများကို မြင်သာစေသည့် သရုပ်ဖော်အဖွဲ့များဖြင့်လည်းကောင်း အစီအစဉ်တကျဖန်တီးရေးသားထားကြောင်း တွေ့မြင်ရပါသည်။ ကိုရိုး၏ပြောင်းလဲသွားသော စိတ်အခြေအနေကို ပြုံးရွှင်ဖွယ်ဖြစ်အောင် ဖန်တီးထားပြီး ဖြစ်လေ့ဖြစ်ထရှိသော လူ့သဘောသဘာဝနှင့် ထင်ဟပ်ပြထားသည်ဟုဆိုနိုင်ပါသည်။

ပုံပြင်များကိုသင်ကြားရာတွင် ပုံပြင်၏အကြောင်းအရာကိုသာမက အရေးအသားပိုင်းကိုလည်း ထည့်သွင်းပြောပြရန်လိုအပ်ပါသည်။ ပုံပြင်(၂)ပုဒ်သည် အတိတ်ကာလဖြစ်ရပ်ကို ပြောလေ့ရှိသည့် ပုံပြင်၏ သဘာဝအတိုင်း "တစ်ခါက" "ရှေးတုန်းက" နှင့်စတင်ကြောင်း၊ ပုံပြင်၏အရေးအဖွဲ့ကိုလည်း ထည့်သွင်းပြောပြရန်လိုအပ်ပါသည်။ ပုံပြင်(၂)ပုဒ်လုံးသည် ရိုးရှင်းသော အရေးအသားများကြောင့် အနက်အဓိပ္ပာယ်ကို ရှင်းရှင်းလင်းလင်းဖြင့် နားလည်သဘောပေါက်စေသည်ကို တွေ့ရပါသည်။ တိုက်ရိုက်ပြောစကားများဖြင့် ဖော်ပြထားသောကြောင့်လည်း ပုံပြင်ကို ပို၍ စိတ်ဝင်စားလာစေကြောင်း တွေ့မြင်ရပါသည်။ တိုပင်တိုသော်လည်း လူ့သဘောလူ့သဘာဝများဖြင့် ထင်ဟပ်ဖန်တီးထားသည့်အတွက် ဆင်ခြင်စရာဘဝအသိအမြင် ရရှိသောပုံပြင်များဟု ဆိုနိုင်ပါသည်။

ပုံပြင်ကိုသင်ကြားခံရမည့် ကျောင်းသားလူငယ်များသည် အသက်အရွယ်အားဖြင့် ဆယ်ကျော်သက် အရွယ်များဖြစ်ကြပါသည်။ သို့ဖြစ်ရာ ပုံပြင်၏အဖြစ်အပျက်များကို လိပ်ပတ်လည်အောင် သိပြီးဖြစ်သဖြင့် ဥပဒေသကောက်ချက်ဆွဲ မပြသော်လည်း ပုံပြင်ကပေးသော သင်ခန်းစာကို သိနိုင်ကြသည်။ သို့သော် မည်သည့်အတွက် မည်သို့နေကြရန် မည်သို့နေသင့်ကြောင်း ကောက်ချက်ဆွဲပြ လိုက်သည်နှင့်

တစ်ပြိုင်နက် ပုံပြင်ကြီးတစ်ခုလုံးကို စိတ်ဝင်တစားနားထောင်ခဲ့သမျှသည် မလိုက်နာချင်စဖွယ် ခံစားချက်မျိုးဖြစ်သွားတတ်ကြသည့် သဘောရှိပါသည်။ ထိုသဘောကိုကောင်းစွာ နားလည်သည့်သဘောဖြင့် ပုံပြင်နှစ်ပုဒ်လုံးတွင် ထိုသို့ ကောက်ချက်ဆွဲပြခြင်းမျိုးကို မတွေ့ရပေ။

ပုံပြောခြင်း၊ ပုံပြင်သင်ကြားခြင်းသည် ကောင်းမွန်သော ဓလေ့တစ်ခုဖြစ်ပါသည်။ ပုံပြင်နားထောင်ရဖန်များသော ကလေးသည် ပုံပြင်၌စိတ်ဝင်စားသည်။ ထိုမှတစ်ဆင့် လောက၏ဖြစ်ခြင်းပျက်ခြင်း၊ သက်ရှိသတ္တဝါတို့၏ သဘောသဘာဝတို့ကို ခွဲခြမ်းစိတ်ဖြာစိစစ်တတ်လာစေသည်။ ပုံပြင်၏ အနှစ်သာရသည် လူသားတို့အတွက် လေးနက်သောရည်ရွယ်ချက်များ၊ အတွေးအမြင်များ၊ သင်ခန်းစာများ၊ ဆင်ခြင်စရာများကိုပေးစွမ်းနိုင်ပေရာ မိမိတို့လူ့လောကတွင် ကြုံဆုံရမည့်အခက်အခဲ ပြဿနာများကို ပုံပြင်မှရရှိသော အသိအမြင်ဖြင့် ဖြေရှင်းနိုင်ကြမည် ဖြစ်ပါသည်။

ပုံပြင်များကို ဆရာ၊ ဆရာမက ဦးဆောင်ဆွေးနွေးခြင်း၊ ကျောင်းသားကျောင်းသူများကို တစ်ယောက်ချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ပုံပြင်ကိုဖတ်ခိုင်းခြင်း၊ ပုံပြင်ကို လက်တွေ့သရုပ်ဆောင်စေခြင်း၊ မိမိတို့ပတ်ဝန်းကျင်တွင် ပုံပြင်ထဲက ဇာတ်ဆောင်များ၏ စရိုက်ရှိသူများ ရှိ၊ မရှိ ဆန်းစစ်ခိုင်းခြင်း၊ ရှိပါကမည်သို့ပြုလုပ်မည်၊ မည်သို့ဖြေရှင်းမည်၊ မည်သို့ဆက်ဆံမည်ကို အဖြေရှာခိုင်းခြင်း၊ အလားတူဖြစ်ရပ်မျိုးကြုံတွေ့ခဲ့ခြင်းရှိ၊ မရှိနှင့် ပုံပြင်တစ်ပုဒ်ကို ဖန်တီးရေးသားခိုင်းခြင်းတို့ကို ပြုလုပ်ကာ ကျောင်းသားကျောင်းသူများ၏ မတူညီသော အဖြေများအပေါ် အပြန်အလှန်ဆွေးနွေးရင်း ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်ရည်ကိုယ်သွေးကို အကဲဖြတ်နိုင်ပါသည်။ ဤသို့ဖြင့် ၂၁ ရာစုနည်းနာများဖြစ်သော လေးနက်စွာဆန်းစစ်ဝေဖန်ခြင်း၊ ပြဿနာဖြေရှင်းခြင်း (Critical Thinking and Problem Solving)နှင့် တီထွင်ဖန်တီးခြင်း (Creativity and Innovation)စသော စွမ်းရည်များကို မွေးမြူလေ့ကျင့်ပေးရာရောက်ပါသည်။

ပုံပြင်ကို ပုံပြင်တွင်ပင်ရပ်မပစ်ဘဲ လူနေမှုဘဝအထိ ခေါ်ဆောင်ကာ လက်တွေ့အသုံးချနိုင်ရေးအတွက်ပါ ရည်ရွယ်သင်ကြားမည်ဆိုပါက ကျောင်းသားကျောင်းသူများ၏ စိတ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ 'ယနေ့လူငယ်၊ နောင်ဝယ်လူကြီး' ဟူသောစကားအတိုင်း လူ့လောကတွင် တာဝန်ယူရမည့် ကလေးသူငယ်များ၏ အသိဉာဏ်ပညာရင့်သန်ဖို့ရန်မှာ ပုံပြင်များက ပဓာနကျသည်ဟု ထင်မြင်မိပါသည်။ သူတို့၏ စိတ်ကောင်းနှလုံးကောင်း၊ အတွေးသစ်အမြင်သစ်များ၊ မျှော်လင့်ချက်များ အကောင်အထည်ပေါ်လာအောင် ပုံပြင်များက အထောက်အပံ့ပြုနိုင်ကြသည်ဟု ဆိုနိုင်ပါသည်။ ဒေါက်တာအောင်မြင့်ဦးက စာပေပင်လယ်ထဲက ကဗျာလှိုင်းကလေး(၂၀၂၃) စာအုပ်တွင်-

> "ပညာသင်ယူတဲ့အခါ ခံယူတတ်ဖို့ဆိုတာ အလွန်အရေးကြီးပါတယ်။ ခံယူရာမှာ နားထောင်တတ်ဖို့လိုပါတယ်။ နားနှစ်ဖက်နဲ့ နားထောင်ပြီး ဦးနှောက်ထဲကို ရောက်၊ ဦးနှောက်ကမှတစ်ဆင့် နှလုံးသားထဲကို စီးဝင်သွားဖို့လိုပါတယ်" (စာ-၂၁)

ဟုဆိုထားပါသည်။ သို့ဖြစ်ရာ ယခုလေ့လာထားသော ပုံပြင်(၂)ပုဒ်သည် လူ့သဘောလူ့သဘာဝများ ထင်ဟပ်လျက်ရှိနေရာ ပုံပြင်များကို သင်ယူရင်းမှ ဖြစ်တတ်ပျက်တတ် ပြောင်းလဲတတ်သော လူ့သဘာဝကို နားလည်ဆင်ခြင်နိုင်မည်ဖြစ်ပါသည်။ လူနေမှုဘဝတွင် ပေါင်းသင်းဆက်ဆံရေးနှင့် ပြုမူနေထိုင်ရေးတို့

၌ ဆင်ခြင်သင့်သည့်အချက်များကို ပုံပြင်မှတစ်ဆင့် သိရှိနားလည် လာစေနိုင်ပါသည်။ ထိုမှတစ်ဆင့် ကျောင်းသားကျောင်းသူများသည် စိတ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်ကာ ရင့်ကျက်သော စိတ်ကောင်း နှလုံးကောင်းများပိုင်ဆိုင်လာကြမည်ဖြစ်ပါသည်။ မိမိလူမျိုး၊ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပခုံးပြောင်း တာဝန်ယူ ဆောင်ရွက်ရမည့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်သော လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးခြင်းသည် ၂၁ ရာစုကျွမ်းကျင်မှု နည်းနာများ၌ မပါမဖြစ်သော နိုင်ငံ့သားကောင်း ဖြစ်ခြင်း (Citizenship) စွမ်းရည်ကို ဖြည့်တင်းရာ ရောက်ကြောင်း တွေ့မြင်ရပါသည်။

မြန်မာစာဖတ်တတ်သော မြန်မာလူမျိုးကျောင်းသားများကို ပုံပြင်များသင်ကြားရာတွင် သင်ခန်းစာနှင့် ဆက်နွယ်ကာ ၂၁ ရာစုကျွမ်းကျင်မှုနည်းနာများကို သိမ်မွေ့စွာထည့်သွင်းခြင်းဖြင့် ထပ်မံ သင်ကြားမည့်ပုံပြင်သင်ခန်းစာများကို စိတ်ဝင်တစား ဆက်လက်သင်ယူလိုစိတ်များ ဖြစ်ပေါ် လာအောင် သင်ကြားပေးသင့်ပါသည်။ ပုံပြင်များကို လက်တွေ့ဘဝ၌ ပြောဆိုပြုမူနေထိုင်မှုနည်းလမ်း များအဖြစ် အသုံးချနိုင်အောင်ဖန်တီးပေးခြင်းဖြင့် သင်ကြားသင်ယူမှုအောင်မြင် ပေါက်မြောက်အောင် စွမ်းဆောင် နိုင်ကြမည်ဖြစ်ပါသည်။

## တွေ့ရှိချက်

ပုံပြင်များသင်ကြားရာတွင် ၂၁ ရာစုကျွမ်းကျင်မှု နည်းနာများဖြင့် ချိန်ထိုးသင်ကြားခြင်းဖြင့် ကျောင်းသား ကျောင်းသူတစ်ဦးချင်းသည် သင်ခန်းစာမှတစ်ဆင့် အသိပညာ၊ အသိပညာအပေါ် နားလည်သဘောပေါက်မှု၊ နားလည်သဘောပေါက်ရာမှ ကျွမ်းကျင်မှုများရရှိပြီး စဉ်းစားဆင်ခြင်ဉာဏ် ရင့်သန်လာကာလက်တွေ့ဘဝတွင် အသုံးချနိုင်မှုစွမ်းရည်များ တိုးတက်လာစေမည်ဖြစ်ပါသည်။ ပုံပြင် များကြောင့် ကလေးလူငယ်များသည် အသိအမြင်များ ကြွယ်ဝလာနိုင်ပြီး နောင်တစ်ချိန် လူကြီးဘဝ သို့ရောက်သောအခါ လောက၏သဘောကိုသိရှိကာ စိတ်ပိုင်းဆိုင်ရာပြည့်ဝရင့်ကျက်၍ လူ့လောက ကောင်းကျိုးအတွက် ဖြည့်ဆည်းချင်စိတ်ဖြစ်လာမည် ဖြစ်ပါသည်။

## ခြုံငုံသုံးသပ်ချက်

ကမ္ဘာလောကကြီးတွင် လူဟူသောသတ္တဝါသည် အတ္တအကြီးဆုံးဖြစ်သည်။ အတ္တကြီးသည့် နည်းတူ လူသည်လူ့အကြောင်းကို စိတ်အဝင်စားဆုံးဖြစ်သည်။ သို့ဖြစ်ရာ လူသားတို့၏အကြောင်း ဖွဲ့ဆိုသော လူသားဇာတ်ဆောင်များပါဝင်သော ပုံပြင်များကိုလည်း ဖန်တီးခဲ့ကြပါသည်။ ပုံပြင်များတွင် သိလွယ် မြင်လွယ်သော အကြောင်းကိစ္စရပ်များပါဝင်သကဲ့သို့ ခက်ခဲနက်နဲသော တွေးဆဆင်ခြင်စရာများ လည်း ပါဝင်တတ်ပါသည်။ ထိုအခါမျိုးတွင် မိမိ၏ကိုယ်ပိုင်ဉာဏ်အခံဖြင့် သုံးသပ်ရမည် ဖြစ်ပါသည်။

ယခုလေ့လာတင်ပြထားသော ပုံပြင် (၂)ပုဒ်သည် လူတို့၏ သဘောသဘာဝများကို ရိုးရိုး ရှင်းရှင်း နှင့် လိုရင်းရောက်အောင် ဖန်တီးထားသည်ကိုတွေ့ရပါသည်။ ကဗျာတစ်ပုဒ် စာတစ်ပုဒ် သင်ကြားခြင်း သည်မခက်ခဲသော်လည်း ၂၁ ရာစုကျွမ်းကျင်မှု ဆိုင်ရာနည်းနာများဖြင့် ချိန်ထိုးလေ့လာသင်ကြား ခြင်းသည် လွယ်မယောင်နှင့်ခက်ပါသည်။ ထို့ထက်ဖတ်လိုက်သည်နှင့် နားလည်လွယ်သည့်ပုံပြင်ကို သင်ကြားရခြင်းကပို၍ ခက်ပါသည်။ မြန်မာစာဖြင့်ရေးထားသည့်ပုံပြင်ကို မြန်မာစာဆရာမက မြန်မာ

လူမျိုးကျောင်းသားများ နားလည်အောင် သင်ကြားခြင်းကပို၍ခက်ပါသည်။ သင်ကြားခံရမည့် ကျောင်းသားကျောင်းသူများ၏ အသက်အရွယ်အရ အသင်မတတ်ပါက အထင်သေးခြင်းကိုပင်ခံရနိုင်ပါသည်။

သို့ဖြစ်ရာ ပုံပြင်များကို စိတ်ပါဝင်စားစွာ၊ တက်ကြွစွာဖြင့် ပါဝင်သင်ယူခြင်းမှသည် သတိပြုဆင်ခြင်စရာများကိုဆင်ခြင်လာနိုင်ပြီး စိတ်နှလုံးသားပြည့်ဝသိမ်မွေ့သော စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်သော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ပေါက်လာအောင် မွေးမြူရမည်ဖြစ်ပါသည်။ ပုံပြင်၏ အနှစ်သာရသည် လူသားတို့အတွက် လေးနက်သောရည်ရွယ်ချက်များ၊ အတွေးအမြင်များ၊ သင်ခန်းစာများကို ပေးစွမ်းနိုင်ကြောင်း တွေ့ရပါသည်။ ပုံပြင်ကို သင်ကြားရာတွင် သင်ကြားသူဆရာ၊ ဆရာမသည် ကျောင်းသားကျောင်းသူများစိတ်ပါဝင်စားမှုရှိစေရန်၊ သင်ကြားသင်ယူမှုနည်းနာများ ဖြစ်သည့် ၂၁ ရာစု ကျွမ်းကျင်မှုများ ရရှိပိုင်ဆိုင်စေရန်၊ ပုံပြင်များ၏ အကျိုးသက်ရောက်မှုကို လက်တွေ့သိရှိကာ ပုံပြင်များ၏ အခန်းကဏ္ဍကို သတိမူမိစေရန်မှာ သင်ကြားသူဆရာဆရာမက မိမိ၏ အတွေ့အကြုံ၊ စာပေဝမ်းစာနှင့် အာဝဇ္ဇန်းရွှင်မှုများကို လက်တွေ့အသုံးချလျက် စေတနာ၊ ဝါသနာ ကိုပါထည့်သွင်းကာ သင်ကြားပေးရန် လိုအပ်ကြောင်း သုံးသပ်မိပါသည်။ လက်ရှိပညာရေးစနစ်သည် ကျောင်းသားဗဟိုပြုစနစ်ဖြစ်သော်လည်း ဆရာ၊ ဆရာမ၏ အခန်းကဏ္ဍသည် ပို၍ အဓိကကျကြောင်း သုံးသပ်မိပါသည်။

**နိဂုံး**

ဤစာတမ်းကို လေ့လာခြင်းဖြင့် လက်ရှိကျင့်သုံးနေသော ပညာရေးစနစ်၏ ပြောင်းလဲမှုပုံစံ၊ သင်ကြားသင်ယူမှုနည်းနာများကို သိရှိနိုင်မည်ဖြစ်ပြီး လူငယ်လူရွယ်တို့၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတွင် ပုံပြင်များက အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်းတို့ကို သိရှိနိုင်မည်ဖြစ်ပြီး မြန်မာစာဘာသာရပ်၏ တန်ဖိုးကိုလည်း မြှင့်တင်ရာရောက်မည်ဟု မျှော်လင့်မိပါသည်။ ဆက်လက်၍လည်း အခြားသင်ခန်းစာများကို သင်ကြားသင်ယူမှုနည်းနာများဖြင့် ချိတ်ဆက်ကာ ဆက်လက်လေ့လာနိုင်မည် ဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း

*မြန်မာ့ရိုးရာပုံပြင်များ၁၂* (မ ၁၀၀၅၊ မ ၁၀၀၈) ၊ အထောက်အကူပြုမြန်မာစာသင်ရိုး။

*ရိုးရာပုံပြင်စာပေစာတမ်းများ(ပထမတွဲ၊ဒုတိယတွဲ)*။ (၁၉၈၉)။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

*အခြေခံပညာအဆင့်အမျိုးသားပညာရည်စစ်ဆေးအကဲဖြတ်ခြင်းလမ်းညွှန်*။ (၂၀၂၀)။ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ရန်ကုန်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း။ (၂၀၂၁)။ ပညာရေးဝန်ကြီးဌာန။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း။ (၂၀၁၆-၂၀၃၀)။ ပညာရေးဝန်ကြီးဌာန။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၂၃)။ *စာပေပင်လယ်ထဲက ကဗျာလှိုင်းကလေး*(ဒုကြိမ်)။ ရောဝဏ် စာပေတိုက်၊ ရန်ကုန်။

အောင်သင်း(၁၉၆၄)။*ရွှေယုန်နှင့်ရွှေကျား* ၊ ကံ့ကော်မြိုင်စာတန်း။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်။

အောင်သင်း။(၂၀၁၇)။ *ယနေ့လူငယ်၊ ရသစာပေ၊ ပုံပြင်နှင့် စာပေ့ပြဒါး*။ ရန်ကုန်၊ ဇွန်ပွင့်စာအုပ်တိုက်။

General Pedagogy, (2012), Department of Education Psychology, Yangon University of Education.

*J. Myanmar Acad. Arts Sci. 2026* **Vol. XXIII. No.6**

# ဝန်ကြီးပဒေသရာဇာ၏ မဏိကက်ပျို့မှ အပြောက်အမွမ်းများ လေ့လာချက်

ယဉ်နွေနှင်း[၁]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစာပေနယ်ပယ် ကဗျာကဏ္ဍတွင်ပါဝင်သော ဝန်ကြီးပဒေသရာဇာ၏ မဏိကက်ပျို့မှ အပြောက်အမွမ်းများကို လေ့လာထားသောစာတမ်း ဖြစ်ပါသည်။ ပျို့များတွင် အပြောက်အမွမ်းများ၏အရေးပါပုံကို သိရှိစေလိုသော ရည်ရွယ်ချက်ဖြစ်သည်။ ၂၀၁၇ခုနှစ်တွင် မိဘဂုဏ်စာပေတိုက်မှ ထုတ်ဝေခဲ့သည့် ညောင်ရမ်းခေတ်စာဆို ဝန်ကြီးပဒေသရာဇာစာအုပ်ကို အလေ့လာခံအဖြစ် ထားရှိပါသည်။ သုတေသနမေးခွန်းမှာ မဏိကက်ပျို့မှ အပြောက်အမွမ်းများသည် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်အပေါ် ထောက်ပံ့ပေးနိုင်မှု ရှိပါသလားဖြစ်၍ သုတေသနပြဿနာမှာ မဏိကက်ပျို့မှ အပြောက်အမွမ်းအဖွဲ့များသည် ပီပြင်ပေါ်လွင်မှု ရှိ၊ မရှိ ဖြစ်ပါသည်။ ထိုသုတေသန မေးခွန်းနှင့် ပြဿနာကိုအဖြေရှာရာတွင် အချက်အလက်စုဆောင်း ထုတ်ယူနည်း၊ ခွဲခြမ်းစိတ်ဖြာဆန်းစစ်နည်းတို့ကို အသုံးပြုကာ လေ့လာတင်ပြထားပါသည်။ အပြောက်အမွမ်းများကို လေ့လာလိုသူများအတွက် အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါသည်။

**သော့ချက်ဝေါဟာရများ** - အပြောက်အမွမ်း၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်

## နိဒါန်း

မြန်မာစာပေတွင် ပုံသဏ္ဍာန်အမျိုးမျိုးရှိသည့်အနက် ပျို့စာပေသည် ကဗျာဟူသောပင်စည်ကြီးမှ ပေါက်ဖွားလာခြင်းဖြစ်ပါသည်။ ထိုပျို့စာပေတွင်ပါဝင်သော ဝန်ကြီးပဒေသရာဇာ၏ မဏိကက်ပျို့မှ အပြောက်အမွမ်းများကို လေ့လာတင်ပြထားသောစာတမ်းဖြစ်ပါသည်။ စာဆိုသည် မဏိကက်ပြဇာတ်ကိုလည်းရေးဖွဲ့ခဲ့သည်။ ပျို့များတွင် အပြောက်အမွမ်းများ၏ အရေးပါပုံကို သိရှိစေလိုသော ရည်ရွယ်ချက်ဖြင့် စာတမ်းပြုစုရခြင်းဖြစ်ပါသည်။ အလေ့လာခံပျို့အဖြစ် မဏိကက်ပျို့ကို အခြေခံကာ လေ့လာတင်ပြထားပါသည်။

မဏိကက်ပျို့သည် ဇင်းမယ်ပဏ္ဏာသလာ သတ္တနေဇာတ်ကို အခြေခံ၍ ရေးဖွဲ့ထားခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာဝန်ကြီးပဒေသရာဇာ၏ မဏိကက်ပျို့မှ အပြောက်အမွမ်းများသည် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်ကို အထောက်အပံ့ပေးနိုင်ပါသလားဟူသည် ဤစာတမ်းအတွက် သုတေသနမေးခွန်း ဖြစ်လာခဲ့သည်။ ဝန်ကြီးပဒေသရာဇာ၏ အပြောက် အမွမ်းများသည် ပီပြင်ပေါ်လွင်မှု ရှိ၊ မရှိ ဟူသော သုတေသနပြဿနာကို အဖြေရှာရန်အတွက် အချက်အလက် စုဆောင်းထုတ်ယူနည်း၊ ခွဲခြမ်း စိတ်ဖြာဆန်းစစ်နည်းကို အသုံးပြုထားပါသည်။ ပညာရပ်ဆိုင်ရာနည်းနာအနေဖြင့် အပြောက်အမွမ်းနည်းကို အခြေခံကာလေ့လာတင်ပြထားပါသည်။ ပျို့စာပေ၏အပြောက်အမွမ်းများ လေ့လာသူတို့အတွက် တစ်စိတ်တစ်ပိုင်း အထောက်အပံ့ဖြစ်ရန် ရည်ရွယ်ပါသည်။

## စာပေလေ့လာဆန်းစစ်ချက်

မြန်မာစာပေတွင် ကဗျာနှင့်စကားပြေဟူ၍ ကဏ္ဍနှစ်ခုရှိရာ ပျို့သည် ကဗျာကဏ္ဍတွင် ပါဝင်သည်။ ပျို့ကဗျာများသည် မြန်မာစာပေနယ်ပယ်တွင် အခိုင်အမာရပ်တည်ခဲ့သော စာပေအဖွဲ့မျိုးဖြစ်သည်။ စာဆိုတို့သည် ဘုရားဟောဇာတကနိပါတ်၊ ဗုဒ္ဓဝင်ဇင်းမယ်ပဏ္ဏာသလာ ဇာတ်လမ်းတို့ကို

[၁] မြန်မာစာဌာန၊ မန္တလေးတက္ကသိုလ်

အခြေခံ၍ လေးလုံးစပ်လင်္ကာဖြင့် ပိုဒ်ရေပေါင်းများစွာ တခမ်းတနားဖွဲ့ဆိုကြသည်။ သတ္တမနေဇာတ် ဇင်းမယ်ပဏ္ဏာသလာ သတ္တမနေဇာတ်ဝတ္ထုကို အခြေခံ၍ ဖွဲ့ဆိုထားသော မဏိကက်ပျို့ကို ညောင်ရမ်း ခေတ်စာဆို ဝန်ကြီးပဒေသရာဇာသည် ပျို့အဖြစ်ဖွဲ့ဆိုထားသည်ကိုတွေ့ရသည်။ ဇာတ်ဝတ္ထုလာ ဇာတ်ကြောင်းနှင့် ပျို့အဖွဲ့ပါဇာတ်ကြောင်းကို စိတ်ဝင်စား၍ ဖတ်ကြည့်ရင်း ပျို့စာပေ၏ အပြောက်အမွမ်း ကို စိတ်ဝင်စားလာခဲ့ပါသည်။ ထို့ကြောင့် မဏိကက်ပျို့မှ အပြောက်အမွမ်းများလေ့လာချက်စာတမ်းကို ပြုစုခဲ့ရခြင်း ဖြစ်ပါသည်။

ထို့နောက် ဆရာတင်သန်းဦး (၂၀၀၃)၏ ဇာတ်လမ်းပညာစာအုပ်ကို ဖတ်ရှုလေ့လာခဲ့ ပါသည်။ ထိုစာအုပ်တွင် ဇာတ်လမ်းကျောရိုး၊ အတွေးအခေါ်အယူအဆ၊ ဇာတ်ကောင်များ၊ သီကုံ ဖွဲ့နွဲ့ပုံ၊ တေးဂီတ စည်းဝါးနရီ၊ ဇာတ်လမ်းနောက်ခံ အခမ်းအနားပြင်ဆင်မှုဟူ၍ ဇာတ်လမ်းအင်္ဂါရပ်နှင့်ပတ်သက်၍ သိမှတ် ခဲ့ရပါသည်။

ဒေါက်တာခင်မမ(၂၀၁၀)၏ မင်းပွဲဝင်ကဗျာများစာအုပ်ကို ဖတ်ရှုရင်း မဏိကက်ပျို့နှင့် ပတ်သက် သော အကြောင်းအရာများကို သိရှိရ၍ မိမိစာတမ်းအတွက် များစွာအထောက်အကူပြုပါသည်။

ထို့ပြင် ဆရာဒေါက်တာအောင်မြင့်ဦး(၂၀၂၀) ၏ ပြဇာတ်သဘောတရား၊ ပြဇာတ်အတတ် ပညာ စာအုပ်တွင် ဇာတ်လမ်းအင်္ဂါရပ်နှင့်ပတ်သက်၍ တင်ပြထားရာ မှတ်သားဖွယ်သိရှိရပါသည်။

မောင်ခင်မင်(ဓနုဖြူ) (၂၀၂၃)၏ ဘာသာအမြင်စာပေအမြင်စာအုပ်တွင် ဘာသာစကားနှင့် စာပေ ကဏ္ဍဟူ၍ အပိုင်း(၂)ပိုင်းခွဲကာတင်ပြထားသည်။ စာပေကဏ္ဍတွင် ပျို့နှင့်ပတ်သက်သော အပြောက် အမွမ်းနည်းကို နည်းယူခဲ့ရပါသည်။

ဆက်လက်၍ ဤစာတမ်းပြုစုနိုင်ရေးအတွက် သုတေသနကျမ်းများကိုလည်း ဖတ်ရှု လေ့လာခဲ့ ပါသည်။ မသီဂီ (၂၀၁၈)၏ မန္တလေးတက္ကသိုလ်၊ မြန်မာစာဌာနသို့ ပါရဂူဘွဲ့အတွက် တင်သွင်းသော "ကင်းဝန်မင်းကြီး၏ တိန္ဒုကပျို့ အပြောက်အမွမ်းများလေ့လာချက်" ကျမ်းကို လေ့လာဖတ်ရှုခြင်း ဖြင့်ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်တို့နှင့်ပတ်သက်သော အပြောက်အမွမ်းများကို လေ့လာ သိရှိခွင့်ရခဲ့ပါသည်။ မိမိစာတမ်းအတွက် အပြောက်အမွမ်း သဘောတရားများကို နည်းယူခဲ့ရပါသည်။

သို့ဖြစ်ရာ အထက်ပါ စာအုပ်များ၊ ကျမ်းများကို ဖတ်ရှုလေ့လာခြင်းဖြင့် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်၊ အပြောက်အမွမ်းနှင့်ပတ်သက်သော နည်းများကိုမှတ်သား သိရှိလာရပါသည်။

## နည်းနာ

### ပညာရပ်ဆိုင်ရာနည်းနာ

ပညာရပ်ဆိုင်ရာနည်းနာနှင့်ပတ်သက်၍ တင်ပြရလျှင် ဤစာတမ်းသည် မြန်မာစာပေနယ်ပယ် ကဗျာကဏ္ဍတွင် ပါဝင်သော မဏိကက်ပျို့ကို ဇင်းမယ်ပဏ္ဏာသလာ သတ္တမနေဇာတ်နှင့် နှိုင်းယှဉ်၍ မဏိကက်ပျို့၏အပြောက်အမွမ်းများကို လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။

### အပြောက်အမွမ်း

ပျို့စာဆိုတို့သည် မူလဇာတ်ဝတ္ထုများကို ပျို့အဖြစ်ရေးဖွဲ့ရာတွင် မူလဇာတ်တော်အတိုင်း ပြန်လည် ရေးဖွဲ့ခြင်းမရှိဘဲ အပြောက်အမွမ်းများခြယ်ကာ တန်ဆာဆင်ရေးဖွဲ့ကြောင်း တွေ့ရပါသည်။ အပြောက် အမွမ်းနှင့်ပတ်သက်၍ မြန်မာအဘိဓာန်တွင်မူ "**အပြောက်အမွမ်း -န/အပြောက်အမွမ်း/**

**ရုပ်လုံးရုပ်ကြွ ခြူးပန်းခြူးနွယ်၊ စုလစ်မွမ်းချွန်စသည်တို့ဖြင့် မွမ်းမံခြယ်လှယ်ထားသော ဗိသုကာလက်ရာ**"( မြန်မာစာအဖွဲ့၊ ၂၀၁၈၊ စာ ) ဟုဖွင့်ဆိုထားပါသည်။

ဆက်လက်၍ မောင်ခင်မင် က ဘာသာအမြင်စာပေအမြင်စာအုပ်တွင်(ဓနုဖြူ)

> **(၁) ဇာတ်လမ်းကို မူလဇာတ်ဝတ္ထုမှာထက် ပိုမိုစိုပြည်ပေါ်လွင်အောင် အပြောက်အမွမ်းခြယ်တတ်ကြသည်။ (၂) ဇာတ်ဆောင်များကို ပိုမိုသက်ဝင်လှုပ်ရှားလာအောင် အပြောက်အမွမ်းခြယ်တတ်ကြသည်။ (၃) နောက်ခံကို မြင်ယောင်ထင်ယောင် ဖြစ်လာအောင် အပြောက်အမွမ်း ခြယ်တတ်ကြသည်။( ၂၀၂၃၊ စာ ၂၁၈)**

ဟူ၍ အပြောက်အမွမ်း၏ သဘောကို ဖော်ပြထားသည်။

ဒေါက်တာလွင်အောင်က အပြောက်အမွမ်းနှင့်ပတ်သက်၍ ဗိသုကာအနုပညာ အတွေးအမြင်နှင့် ဗိသုကာအဆောက်အအုံပညာစာစုများစာအုပ်တွင်

> **အပြောက်မတင်ရသေးသော အဆောက်အအုံထုသွင်၊ လောင်းပြီးသော ပန်းပုရုပ်၊ မခြယ်ရသေးဘဲကောက်ကြောင်းရေးပြီး လျာထားသော ပန်းချီကားများသည် အဖြူထည်ဖြစ်၏။ အချိုးအဆစ်ပြေပြစ်ပြီးဖြစ်သော အဖြူထည်သည် အလှအင်အားပြည့်ဝပြီးဖြစ်သည်။ အပြောက်တင်လိုက်လျှင် အတိုင်းထက်အလွန် တံခွန်နှင့်ဘုရားဖြစ်တော့၏။** (၂၀၀၃၊ စာ၈၆)

ဟုရှင်းလင်းဖွင့်ဆိုပြထားပါသည်။

**ဇာတ်လမ်း**

ပျို့တွင် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်တို့ကို ချိတ်ဆက်ရေးသားရပါသည်။ ဇာတ်လမ်းနှင့် ပတ်သက်၍ မြန်မာအဘိဓာန်တွင် **"ဇာတ်လမ်း၊ န- ရုပ်ရှင်၊ ပြဇာတ်၊ ဝတ္ထု စသည်တို့တွင် ပါဝင်သော အဖြစ်အပျက်၊ အကြောင်းအရာအစအဆုံး၊ ဇာတ်ကြောင်း"**(မြန်မာစာအဖွဲ့၊ ၂၀၁၈၊ စာ ၁၂၈) ဟု ဖွင့်ဆိုထားပါသည်။

ထို့ပြင် အလှဗေဒ(၂)တွင် ဇာတ်လမ်းနှင့်ပတ်သက်၍ ဒဂုန်တာရာက **"ဇာတ်လမ်းဆိုသည်မှာ ဇာတ်ကောင်များလှုပ်ရှားပါဝင်သောအဖြစ်အပျက်**"(၂၀၁၈၊ စာ ၁၂၈) ဟု အနက်အဓိပ္ပာယ် ဖွင့်ဆိုထားပါသည်။

**ဇာတ်ဆောင်**

ဇာတ်လမ်းတစ်ပုဒ် သက်ဝင်လှုပ်ရှားပီပြင်လာစေရန်အတွက် ဇာတ်ဆောင်သည် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ဇာတ်ဆောင်ဟူသော ဝေါဟာရကို မြန်မာအဘိဓာန်တွင် **"ဇာတ်ဆောင်၊ န- ဇာတ်၊ ရုပ်ရှင်တို့တွင်ပါဝင်သရုပ်ဆောင်သူ"**(မြန်မာစာအဖွဲ့၊ ၂၀၁၈၊ စာ ၁၂၈)ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ဝတ္ထုတိုသဘောတရား၊ ဝတ္ထုတိုအတတ်ပညာ စာအုပ်တွင် စိုးရွှေစင်က **"ဇာတ်ဆောင်ဟူသည် ဇာတ်လမ်းကို ဖော်ဆောင်နိုင်ရန် စာရေးဆရာ စိတ်ကူးဖြင့် ဖန်တီးထားသောသူ၊ တစ်နည်း ဇာတ်ရုပ်များ**

**ဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံများကို ခြယ်မှုန်းပြခြင်းဖြင့် သက်ဝင်လာကြသူများဖြစ်သည်"**(၂၀၁၅၊ စာ ၁၉)ဟုဖွင့်ဆိုထားပါသည်။

**နောက်ခံဝန်းကျင်**

နောက်ခံဝန်းကျင်ဟူသော ဝေါဟာရကို မြန်မာအဘိဓာန်တွင် **"နောက်ခံ၊ န-နောက်ဘက်တွင် ရှိနေသောအရာ၊ ကူပံ့မည့်သူ။**"(၂၀၁၈၊ စာ ၁၈၉)၊ **"ဝန်းကျင်၊ န-ပတ်လည် တစ်ဝိုက်။"**(၂၀၁၈၊ စာ ၃၅၁)ဟု ဖွင့်ဆိုထားသည်။ နောက်ခံဝန်းကျင်နှင့်ပတ်သက်၍ အလှဗေဒ(၂) စာအုပ်တွင် ဒဂုန်တာရာက **"နောက်ခံကားဆိုသည်မှာ လူတို့နေထိုင်ရာ ဖြစ်ပျက်ရာ နေရာဒေသနှင့် အချိန်ကာလပင်ဖြစ်သည်" (**၂၀၁၈၊ စာ ၁၃၃**)**ဟု ဖွင့်ဆိုထားသည်။

ဤသို့ဖြင့် ပျို့စာပေသည် ဇာတ်လမ်းသဘောပါဝင်သောကြောင့် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံတို့သည် ပါဝင်လာသည်။ စာဆိုတို့သည် ပျို့များကိုရေးဖွဲ့ရာတွင် ဗုဒ္ဓဝင်ဇာတကတို့မှ လည်းကောင်း၊ ဇင်းမယ်ပဏ္ဏာသတို့မှ လည်းကောင်း အသီးသီးအခြေခံကာ ဖွဲ့ဆိုကြသည်။ ထို့သို့ဖွဲ့ဆိုရင်းပျို့များတွင် အပြောက်အမွမ်းများတွေ့လာရသည်။ ထိုအပြောက်အမွမ်းများ ကိုဖွဲ့ဆိုရာ၌ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံတို့ကို မူလဇာတ်ဝတ္ထုတို့ထက် ပိုမိုရုပ်လုံးကြွ စိုပြည်လာစေရန် တန်ဆာဆင်ရေးဖွဲ့လေ့ရှိကြောင်းတွေ့နိုင်သည်။ ထိုသို့ဖွဲ့ဆိုသောကြောင့် ဇာတ်လမ်း၊ ဇာတ်ဆောင်စရိုက်များ ပိုမိုပီပြင်လာရကာ နောက်ခံဝန်းကျင်အဖွဲ့တို့သည်လည်း ပို၍ထင်ရှားလာရပါသည်။

**သုတေသနနည်းနာ**

သုတေသနတစ်ခု ပြုလုပ်တော့မည်ဆိုလျှင် မိမိပြုလုပ်သောသုတေသနသည် မှန်ကန်မှုရှိရန်အတွက် သုတေသနနည်းနာကို အသုံးပြုရပေမည်။

ဤစာတမ်းသည် ဝန်ကြီးပဒေသရာဇာ၏ မဏိကက်ပျို့မှ အပြောက်အမွမ်းများကို လေ့လာထားသော စာတမ်းဖြစ်ပါသည်။ သို့ဖြစ်ရာ ဝန်ကြီးပဒေသရာဇာ၏ မဏိကက်ပျို့မှ အပြောက်အမွမ်းများကို ထုတ်နုတ်ရာတွင် ပထမဦးစွာ အချက်အလက်စုဆောင်း ထုတ်ယူသောနည်းကို အသုံးပြုထားပါသည်။ ထို့နောက် ထုတ်နုတ်ထားသော အချက်အလက်များကိုဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဟူ၍ အမျိုးအစားခွဲရာတွင် ခွဲခြမ်းစိတ်ဖြာဆန်းစစ်နည်းဖြင့် စိစစ်လေ့လာထားပါသည်။

**လေ့လာတွေ့ရှိချက်**

ဝန်ကြီးပဒေသရာဇာ၏ မဏိကက်ပျို့လာ အပြောက်အမွမ်းများကို လေ့လာရာတွင် ဇာတ်လမ်းအပြောက်အမွမ်း၊ ဇာတ်ဆောင်အပြောက်အမွမ်း၊ နောက်ခံဝန်းကျင်အပြောက်အမွမ်းဟူ၍ အပိုင်း(၃)ပိုင်း ခွဲကာ လေ့လာတင်ပြထားပါသည်။

**ဇာတ်လမ်းအပြောက်အမွမ်း**

မဏိကက်ပျို့တွင် ပိုဒ်ရေ(၅၃)ပိုဒ်ပါရှိကာ အပိုဒ်(၂)မှ အပိုဒ်(၅၂)ထိ ဇာတ်အိမ်ဖွဲ့ထားပါသည်။ အပိုဒ်(၁)တွင် စာဆို၏ပဋိညာဉ်ခံချက်ကို နိဒါန်းပျိုးထားပါသည်။ အပိုဒ် (၂၅)မှ (၃၇)ထိသည် ဆုံးမ

ဩဝါဒများ ကြားညှပ်ကာဖွဲ့ထားသည်။ အပိုဒ်(၅၃)မှာ နိဂုံးချုပ်အနေဖြင့် စာဆို၏ဘဝနှင့် ပတ်သက်သည့်အကြောင်းများကို ဖွဲ့ထားပါသည်။

ပျို့စာဆိုတို့သည် မူလဇာတ်ဝတ္ထုကို ပျို့အဖြစ်ပြန်လည်ရေးဖွဲ့ရာတွင် မူရင်းဇာတ်ဝတ္ထုအတိုင်း ရေးဖွဲ့ခြင်းမရှိဘဲ ဇာတ်လမ်းကို စာဆို၏ရေးဖွဲ့မှုစွမ်းရည်ဖြင့် ဦးတည်ချက်ကို မပြောင်းလဲစေဘဲ ပြုပြင်မွမ်းမံကာ ရေးဖွဲ့ကြပါသည်။ ပျို့ဇာတ်လမ်းပါ အပြောက်အမွမ်းကိုတင်ပြရလျှင် သတ္တခနေဇာတ် ဝတ္ထုတွင် မိဖုရာများ သားရတနာမရရှိသောကြောင့် သားဆုပန်ကြကြောင်းကို ဖော်ပြရာတွင် မိဖုရားကြီးသည် လပြည့်ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်ကာ ဖုန်းတောင်းယာစကာတို့ကို ပေးကမ်းလှူဒါန်းပုံ၊ သားရတနာ ရလိုကြောင်းဆုတောင်းပုံ၊ သိကြားမင်း၏ ဘုံဗိမာန်ပူလာသောကြောင့် နတ်သားတစ်ပါးအား မိဖုရားကြီးထံ ပဋိသန္ဓေယူ စေပုံ တို့ကို မူလဇာတ်ဝတ္ထုတွင်-

**သိကြားမင်းသည် မိမိကိုယ်ကို စွန်ယောင်ဖန်ဆင်းလျက် ဆီးသီးကို ကိုက်ချီလာပြီးလျှင် မိဖုရားကြီးရှေ့၌ပစ်ချပြီး ပျံသွားလေသည်။ မိဖုရားကြီးသည် ချက်ချင်းပင် ဆီးသီးကို ကောက်ယူစားသောက်သည်။ အစေ့ကိုမြေသို့ပစ်ချ လိုက်လေသည်။ ထိုအခါ မြင်းအိုမ တစ်ကောင်သည် ပြာသာဒ်အောက်၌ လှည့်လည်သွားလာ နေရာမှ ဆီးသီးစေ့ကိုတွေ့၍ ကောက်ယူ စားသောက်လေသည်။ ထိုခဏမှာပင် အသီးစားသောမိဖုရား၊ အစေ့စား သောမြင်းမတို့၌ ကိုယ်ဝန်တည်လေသည်။** ဇင်းမယ်)ပဏ္ဏာသ၊၂၀၁၄၊ စာ၁၅၀(

ဟုဖော်ပြထားသည်။ မဏိကကပ်ပျို့တွင်မူ အတုလဒေဝီမိဖုရားကြီးနှင့်တကွ မိဖုရားအားလုံးသည် သားဆုတောင်းကြရာ သိကြားမင်းက သားဆုပေးသဖြင့် လစေ့သောအခါ မဟာသီဟသူရ မင်းသားကို ဖွားမြင်ကြောင်း၊ မြင်းမသည်လည်း မင်းသားနှင့်အတူမွေးကြောင်းကို-“**ရှိသေညွတ်ခ၊ ဆုတောင်းကြသော်၊ မာဃသိကြား၊ ပေးသောအားဖြင့်၊ ဘုရားအလျာ၊ ဘုန်းကြီးစွာသည်၊ အချာနန်းမ၊ အတုလ၌၊ သုခသန္ဓေ၊ ချမ်းသာနေ၍၊ လရေစေ့လျင်း၊ အိမ်ရှေ့နှင်း၍**” (ဝန်ကြီးပဒေသရာဇာ၊ ၂၀၁၇၊ စာ ၂၉၀-၂၉၁)ဟုလည်းကောင်း၊ “**တူသာဖွားဖက်၊ မဏိကက်ကို၊ ပြိုးပြက်ရောင်ထင်၊ တန်ဆာဆင်လျက်၊ ထိပ်တင်ဘုန်းလူ၊ စီးတော်မူသည်**” (ဝန်ကြီးပဒေသရာဇာ၊ ၂၀၁၇၊ စာ ၂၉၁)ဟုလည်းကောင်း ဖွဲ့ဆိုထားသည်။ မူလဇာတ်ဝတ္ထုတွင် မိဖုရားသားဆုပန်ပုံ၊ ပဋိသန္ဓေရပုံတို့ကို ဖော်ပြထားသော်လည်း ပျို့တွင်မူ သားဆုပန်ပြီးနောက် လစေ့သောအခါ မြင်းမနှင့်အတူ တစ်ပြိုင်နက်တည်းမင်းသားကို ဖွားမြင်ကြောင်း၊ မိဖုရားကြီးအား သိကြားမင်းအိပ်မက် ပေးခန်းကိုချဲ့ကာရေးဖွဲ့ထားကြောင်း၊ မင်းသားနှင့်မြင်းကို ဖွားဖက်တော်အဖြစ်သုံးထားကြောင်းတို့ကို ထူးခြားချက်အနေဖြင့် တွေ့ရသည်။ ပျို့သည် နန်းတွင်းသူ နန်းတွင်းသားများကို ဩဝါဒပေးလိုသော ဦးတည်ချက်ကြောင့် မူလဇာတ်ဝတ္ထု ဇာတ်လမ်းကို ချဲ့၍ ဇာတ်လမ်းဆင်ထားသည်ဟု ယူဆဖွယ်ရှိသည်။

ထို့နောက် သတ္တခနေဇာတ်တွင် သတ္တခနေမင်းသားသည် ဆယ့်ခြောက်နှစ်အရွယ် ရောက်သော် မင်းကြီးသည် နတ်ရွာစံလေသည်။ ထိုအခါပြည်သူပြည်သားအပေါင်းတို့က မင်းသားကိုဘိသက်သွန်း မြှောက်စေကာ မင်းဝတ်တန်ဆာတို့ကိုဆင်ယင်၍ မဏိကက်မြင်းကို ဆက်သလေသည်။ မြင်းကို မြင်သော် မင်းသားသည် မြင်းကိုတက်စီးလေရာ စည်သံတူရိယာသံတို့ဖြင့် မင်းသားကို ကောင်းချီးဩဘာ

ပေးကြလေသည်။ မဏိကက်မြင်းသည် မင်းသားကိုခေါ်ဆောင်သွားသည်။ ထိုအကြောင်းကို အိမ်ရှေ့မင်းသား၏ မိခင်ဖြစ်သူကြားသော် ပူဆွေးသောကရောက်ရပုံကို မူလဇာတ်ဝတ္ထုတွင်

> **"ချစ်စွာသောသား မြင်းကိုထား၍ ပြန်လာပါလော့၊ ငါ့အားကိုးကွယ်ရာမဲ့မပြုပါနှင့်၊ ယနေ့သားကိုမမြင်ရလျှင်သေရပါလိမ့်မည်" ဆံပင်ရေစို အဝတ်ရေစိုတို့ဖြင့် တံခါးဝသို့ သွား၍ ကောင်းကင်သို့မော့ကြည့်ကာ အော်ဟစ်ပြောဆိုလေသည်။ မယ်တော်၏စကားကိုကြားသောအခါ သတ္တခနေ၏နှလုံးသည် ကွဲမတတ်ခံစားရလေသည်။ သတ္တခနေသည် သန်လျက်ဖြင့် မြင်း၏ဦးခေါင်းကို ဖြတ်ရန် ကြံစည်လေသည်။ မဏိကက်မြင်းသည် ထိုအကြောင်းကိုသိ၍ "အရှင်မင်းသား ကျွန်ုပ်ကို မသတ်ပါလင့်၊ ကျွန်ုပ်သည် သင့်အား မင်းစည်းစိမ်ရအောင် စွမ်းဆောင်နိုင်ပါသည်"ဟုဆိုကာ သတ္တခနေကို ဆက်လက် သယ်ဆောင်သွားလေသည်။** (ဇင်းမယ်ပဏ္ဏာသ၊ ၂၀၁၄၊ စာ၁၅၁)

ဟုဖော်ပြထားသည်။

မဏိကက်ပျို့တွင်မူ မဟာသီဟသူရမင်းသား ဘိသိက်မြောက်ပွဲတွင် မဏိကက်မြင်းသည် မိမိ၏စွမ်းအားကိုပြလို၍ အရှင်၏အမှုတော်ကို ထမ်းမည်ဟုရည်ရွယ်ကာ ခမည်းတော်စံနန်းကို သုံးပတ်ပတ်ပြီးလျှင် မင်းသားကို တင်၍ကောင်းကင်ပေါ်သို့ပျံလေသည်။ ပြည်သူပြည်သားတို့သည် မြင်း၏ထူးခြားသောအသွင်ကို ရုတ်ရုတ်သဲသဲကြည့်ကြ၍ ဆူပူသံများကိုကြားလျှင် မြတ်စွာဝတီမင်းသမီးနှင့်တကွ ကိုယ်လုပ်တော်မောင်းမများ ငိုကြွေးကြပုံကို "**ရွှေနန်းတက်၍၊ အောင်ချက်နဂိုရ်၊ စိုးမည်ဆိုကို၊ လိုလေသေးဘဲ၊ စိတ်တော်ကွဲ၍၊ တိမ်ထဲမိုးယံ၊ မြင်းနှင့်ပျံသည်၊ သာစံထူးလည်၊ ဘယ်နတ်ပြည်မှာ၊ ရောင်ခြည်ရွှန်းရွှန်း၊ ဘယ်နတ်နန်းကို၊ သိမ်းမြန်းစိုးအုပ်၊ အုပ်လိမ့်မည်လည်း။**"(ဝန်ကြီးပဒေသရာဇာ၊ ၂၀၁၇၊ စာ ၂၉၂)ဟုလည်းကောင်း၊

> **ရွှေစင်ပြိုးပြက်၊ လျှော်တော်ထက်ဝယ်၊ စုံမက်သာပျော်၊ ကိုယ်တော်တကွ၊ ကျွန်တော်မကို၊ ထံစတော်ပါး၊ နီးရာထား၍၊ မြှောက်စားတည်ပ၊ စံပယ်ရ၏၊ စိမ်းမြပင်စဉ်၊ ဥယျာဉ်သာပျော်၊ စံပါယ်သော်လည်း၊ ကိုယ်တော်မကင်း၊ ထံတော်ရင်းတွင်၊ ကြိုင်သင်းမွှေးလွန်၊ ပန်းမန်သစ်သီး၊ ဖြင်ညီးလိုရာ၊ ရွေးကာယူငင်၊ ပန်ဆင်ဆွတ်စား၊ ပျော်ပါးပေရ၊ တင့်တယ်လှ၏**(ဝန်ကြီးပဒေသရာဇာ၊ ၂၀၁၇၊ စာ ၂၉၃ )

ဟုလည်းကောင်းရေးဖွဲ့ထားပါသည်။ မြတ်စွာဝတီမင်းသမီးသည် မင်းသားကိုတမ်းတရာ၌ မိမိနှင့်အတူရှိခဲ့သောအချိန်တို့တွင် ချစ်ခင်ကြင်နာခဲ့သောအကြောင်းတို့ကို ပြန်လည်ပြောဆိုကာ တမ်းတငိုကြွေးပုံရင်တွင်းခံစားချက်တို့ကို အသေးစိတ်ရေးဖွဲ့ကြောင်း တွေ့ရသည်။ ထို့အတူ ကျန်မိဖုရားတို့၏ ငိုကြွေးပူဆွေးကြပုံ၊ အမတ်မယား၊ မင်းသားကတော်အပေါင်းတို့ကလည်း ငိုကြွေးကြပုံတို့ကို ထည့်သွင်းရေးဖွဲ့ထားကြောင်းတွေ့ရသည်။ သတ္တခနေဇာတ်တော်တွင် အိမ်ရှေ့မင်းအရာ အပ်နှင်းစဉ် မဏိကက်မြင်းပျံသည် မင်းသားကို ခေါ်ဆောင်သွားရာ၌ တိုင်းပြည်တွင် ဇနီးသည်မိဖုရားမရှိခဲ့ပါ။ လက်ထပ်ထိမ်းမြားခြင်းမပြုရသေးကြောင်း တွေ့ရသော်လည်း မဏိကက်ပျို့တွင်မူ မြတ်စွာဝတီမိဖုရားရှိနေကြောင်းကိုတွေ့ရသည်။ ဤသည်ကိုထောက်၍ စာဆိုသည် မူလဇာတ်ဝတ္ထုပါ ဇာတ်လမ်းကို ပြောင်းလဲပြင်ဆင်ကာ မွမ်းမံရေးဖွဲ့ထားကြောင်း တွေ့နိုင်ပါသည်။

ဆက်လက်၍ သတ္တခနေဇာတ်ဝတ္ထုတွင် မင်းသားသည် သေတမြို့သို့ရောက်သော် စိရပဘာ မင်းသမီးနှင့်တွေ့ဆုံကာ ချစ်ကြိုက်၍ မင်းသမီး၏အဆောင်တော် ပြာသာဒ်ခုနစ်ဆင့်တွင် ပေါင်းသင်း နေထိုင်ကြသည်။ ထိုအကြောင်းကို သေတမင်းကြီးသိသော် သမီးတော်အဆောင်သို့ ရောက်လာကာ မင်းသားကို နည်းအမျိုးမျိုးဖြင့် မင်းသား၏စွမ်းရည်ကို စမ်းသပ်ကြောင်းကို "**အမောင်မင်းသား၊ သင်၏ လေးအတတ်ကို ပြပါလော့၊ ငါတို့ကြည့်ကြမည်**" "**အရှင်မင်းကြီး ကောင်းပါပြီ**" **သတ္တခနမင်းသားသည် လေးနှင့်မြားကိုထုတ်ကာ ကောင်းကင်သို့ ပစ်လေသည်။ ပစ်သမျှသော မြားတို့သည် သတ်မှတ်ထား သော မြေနေရာသို့ကျလေသည်။**" (ဇင်းမယ်ပဏ္ဏာသ၊ ၂၀၁၄၊ စာ ၁၅၅)ဟု လည်းကောင်း၊ မင်းသား၏ စွမ်းရည်ကိုမင်းကြီးနှင့်တကွ မှူးမတ်ပြည်သူအပေါင်းက တွေ့မြင်ကြပြီး နှစ်သက်ဝမ်းမြောက်ကြ ကြောင်းကို

> **ထိုအခြင်းအရာကိုမြင်ရသော သေတမင်းအမှုးရှိသော မင်းများ၊ ပရိသတ်များအားလုံး သည် ကောင်းချီးသြဘာထောမနာပြုကြသည်။ သတ္တခနေအားဝန်းရံ၍ အဝတ်တန်ဆာ တို့ကိုမြှောက်ခြင်း၊ ဦးရစ်ခေါင်းပေါင်းတို့ကိုမြှောက်ခြင်း စသည်တို့ကိုပြုလုပ်ကြလေ သည်။ သေတမင်းကြီးသည် သတ္တခနမင်းသား၏ ဦးထိပ်ကို ငုံစုပ်ပြီးနောက် ထိုနေရာ၌ ပင် သတ္တခနမင်းသားကို စိရပဘာနှင့် ထိမ်းမြား လက်ထပ်ပေးလေသည်။ ကြွရောက် လာကြသော မင်းများအပေါင်းသည်လည်း နှစ်သက်ဝမ်းမြောက်ကြသည်ဖြစ်၍ ရွှေငွေ ပန်းခွေပန်းဆိုင်များကို ပေးကြလေသည်။** (၁၅၆-ဇင်းမယ် ပဏ္ဏာသ၊ ၂၀၁၄၊ စာ၁၅၅)

ဟုလည်းကောင်းဖော်ပြထားသည်။ မူလဇာတ်ဝတ္ထုတွင်မူ မင်းသားကို မင်းကြီးစမ်းသပ်၍ အောင်မြင်ရာ မင်းသားနှင့်မင်းသမီးကို ထိမ်းမြားလက်ထပ်ပေးပြီးနောက် သတ္တခနမင်းသားသည် မယ်တော်ကို သတိရ သောကြောင့် မင်းသမီးနှင့်အတူပြန်လာကြောင်း ဖော်ပြထားသော်လည်း ပျို့တွင်မူ မင်းကြီးအပါးတွင် အမှုထမ်းရသော ပုဏ္ဏား၏မင်းသားအပေါ် အမျက်ထားမှု၊ ဂုန်းချောလုပ်ကြံမှုများကို ချဲ့ထွင်ရေးဖွဲ့ ထားကြောင်းတွေ့ရသည်။ ထို့အကြောင်းကို ပျို့တွင်

> **ရှိစေနှင့်ဦး၊ မနေဘူးဟု၊ ဟူးဟူးမျက်အား၊ အငြိုးထားလျက်၊ မှတ်သားမြဲခွေ၊ စောင့်နေ လေ၏။ နေ့ရေမကြာ၊ တရံခါဝယ်၊ မူရာထူးပြား၊ သည်မင်းသားသည်၊ ဘုရားကိုပင်၊ သတ်ချင်ထဲသံ၊ မကောင်းကြံဟု၊ စီမံယုံလောက်၊ စာနှင့်လျှောက်၏။**
>
> (ဝန်ကြီးပဒေသ ရာဇာ၊ ၂၀၁၇၊ စာ ၃၀၃)

ဟုဖွဲ့ဆိုထားသည်။ ပျို့တွင် မင်းကြီးသည် မင်းသားကိုအနားတော်တွင်ခေါ်၍ မင်းရေးမင်းရာများ စီမံ စေမှုအပေါ်ပုဏ္ဏားသည် မနာလိုဝန်တိုကာ မင်းသားအပေါ် မင်းကြီးယုံကြည်မှုပျက်ပြားစေရန် လုပ်ကြံမှု တို့ကို အသစ်ထည့်သွင်းကာ ဇာတ်လမ်းကို ချဲ့ထွင်မွမ်းမံထားကြောင်းတွေ့ရပါသည်။ ထိုသို့ မင်းသားနှင့် ပုဏ္ဏားတို့ကိုအားပြိုင်စေကာ ဇာတ်လမ်းကိုစိတ်ဝင်စားလာစေရန် မွမ်းမံထားကြောင်း တွေ့နိုင်ပါသည်။

ဆက်လက်၍ မူလသတ္တခနေဇာတ်ဝတ္ထုတွင်မူ မင်းကြီးသည် မင်းသား၏ မိခင်ထံပြန်လိုမှုအပေါ် ကြည်သာစွာသွားခွင့်ပေးသောကြောင့် မင်းသမီးနှင့်အတူ မိမိတိုင်းပြည်သို့ ပြန်လာကြောင်း ဖော်ပြထား သည်။ သို့သော် ပျို့တွင်မူ စာဆိုသည် ခရီးမထွက်မီသေဌမင်းကြီးက မင်းသားမင်းသမီးတို့ကို ဆုံးမစကား များမှာကြားပုံတို့ဖြင့် ချဲ့ထွင်ကာရေးဖွဲ့ထားသည်ကို တွေ့ရသည်။ မိန်းမကောင်းတို့၏ အကျင့်ကို

ကျင့်ဆောင်ရန် ပျို့တွင် "**မနှောင့်ဒေါသ၊ မယ်လှမောင်တော်၊ ချစ်မွေ့လျော်အောင်၊ သူတော်သူကောင်း၊ မိန်းမကောင်းတို့၊ ကျင့်ကြောင်းတရား၊ ဝတ်ခြောက်ပါးလည်း၊ မမှားမသွေ၊ မြဲပါစေဟု**" (ဝန်ကြီးပဒေသ ရာဇာ၊ ၂၀၁၇၊ စာ ၃၀၇)ဟုလည်းကောင်း၊ ဝန်စုမှုုးစုများကို မင်းမြတ်မြောက်စားသဖြင့် ကောင်းစား သည်ကိုမြင်လျှင် မနာလိုဝန်တိုခြင်းမရှိဘဲ မေတ္တာထားရန် ဆုံးမသည့်စကားကို "**ချီးကျူးထင်ပေါ်၊ မြှောက်စားသော်လည်း၊ မလျော်ငင်ချိတ်၊ ဝန်တိုစိတ်သည်၊ တဆိတ်စာမျှ၊ မယ်လှမသာ၊ မရှိပါနှင့်၊ မေတ္တာယဉ်နှ၊ ဝမ်းသာမှုသာ၊ ပြုပါရွှေခဲ၊ ဘလည်ရှွဲသည်**" (ဝန်ကြီးပဒေသရာဇာ၊ ၂၀၁၇၊ စာ ၃၀၈)ဟု လည်းကောင်း၊ နှုတ်ခွန်းချိုသာ၍ နာယကဂုဏ်ခြောက်ပါး နှင့်ပြည့်စုံရန် မှာကြားပုံကို "**များစွာရုံအုပ်၊ ကိုယ်လုပ်မောင်းမ၊ ရှိသမျှကို၊ ဒေါသသမ်းညို့၊ ငယ်ကျိုး ငယ်နာ၊ ဖော်လှစ်(လှစ်)ကာလျှင်၊ မာန်ပါ မျက်အိုက်၊ထိုက်လိုက်မသိ၊ ဆိုမိဆိုရာ၊ မဆိုပါနှင့်**" (ဝန်ကြီး ပဒေသရာဇာ၊ ၂၀၁၇၊ စာ ၃၁၃)ဟု လည်းကောင်း ဖွဲ့ဆိုထားပါသည်။ လူမှုပေါင်းသင်း ဆက်ဆံရေး နည်းများကိုပါ မှတ်သားလိုက်နာဖွယ် အဖြစ် ထည့်သွင်းရေးဖွဲ့သော စာဆို၏ စေတနာကိုပါ တွေ့မြင်နိုင်ပါသည်။

မူလဇာတ်ဝတ္ထုတွင် ဗာရာဏသီပြည်ကိုပြန်ရာလမ်း၌ စိရပဘာမင်းသမီးမှာ ခရီးပန်းသောကြောင့် မင်းသားသည် မဏိကက်မြင်းကိုစေတ္တနားစေရာ ဘီလူးပိုင်သောအရပ်တွင် နားကြမိလေသည်။ ဇရပ်တွင်နားခိုရင်း မဏိကက်မြင်းနှင့် ကန္တရဘီလူးတို့ စစ်တိုက်ကြရာ မဏိကက်မြင်းသည် ရှုံးနိမ့်ကာ ဘီလူးခေါ် ရာသို့ပါသွားခဲ့ကြောင်းကို "**မဏိကက်နှင့် ကန္တရဘီလူးတို့သည် ကောင်းကင်သို့တက်ကာ စစ်တိုက်ကြသည်။ ဘီလူးသည် အမျိုးမျိုးသော ကြောက်မက်ဖွယ်တို့ကိုပြပြီးလျှင် ခြေနှစ်ဖက်ဖြင့်မြင်းကို ကန်ပစ် လေသည်။ မြင်း၏ခံတွင်းမှသွေးများပန်းစီးကျလာလေသည်။**" (ဇင်းမယ်ပဏ္ဏာသ၊ ၂၀၁၄၊ စာ ၁၅၀) ဟုဖော်ပြထားသည်။ ပျို့တွင်မူ "**ဇရပ်သခင်၊ ခေါ်တွင် နာမ၊ ဇေတမည်သော၊ ဘီလူးလာ၍၊ အသာမည၊ မြင်းလူရွှကို၊ ပျော်ကြစဉ်သာ၊ မကြာလျင်လျား၊ ယူလေသွားပြီး၊ တောကြီးမြိုင်ချောင်၊ သံချိုင့်လှောင်၍၊ မြဲနှောင်ချည်ထွေ၊ ထားသိုလေ၏။**" (ဝန်ကြီး ပဒေသရာဇာ၊ ၂၀၁၇၊ စာ ၃၁၉) ဟု ရေးဖွဲ့ထားသည်။ ဇာတ်လမ်းကို ချဲ့ကာ ရေးဖွဲ့ထားသည်ကို လည်းတွေ့ရပါသည်။

ထို့နောက်သတ္တမနေဇာတ်တွင် မင်းသားနှင့်မင်းသမီး သင်္ဘောမှောက်၍ တစ်နေရာစီ ကွဲကွာသည့် အခါ မင်းသမီးသည်မင်းသားကို တမ်းတ၍ငိုကြွေးပုံကို ရိုးရှင်းစွာရေးသား ဖော်ပြထားသော်လည်း ပျို့တွင်မူ မင်းသမီး၏ ခံစားချက်ကို

> **ဆွေပေါင်းမျိုးပုံ၊ ဝန်ရုံများဖြင်၊ ဘရှင်ပင်နှင့်၊ မရှင်တို့ကို၊ ကြည်ညိုချစ်လေ့၊ ကြပတေ့ ကို၊ အောင်းမေ့ဖွယ်သော်၊ လွမ်းလိုက်သော်မှ၊ ညှိုးယော်ခွေမြန်း၊ မပူလွန်းဘူး၊ ထိပ်တန်း ထိပ်တင်၊ မြင်းပျံရှင်ကို၊ ဝမ်းတွင်စေ့ရာ၊ လွမ်းသည် မှာကား၊ သည်းချာဂလိုင်၊ ဦသို့တိုင် ၍၊ ဆွယ်ပြိုင်မနီး၊ ဝီစိမီးမှ၊ ညီးညီး တောက်ပ၊ မတူမျှခဲ့၊ လောကခေါင်ချာ၊ စိုးမည်လျာ သည်၊ မြင်ပါလှည့်လား မယ်ထိပ်ထား။** (ဝန်ကြီး ပဒေသရာဇာ၊ ၂၀၁၇၊ စာ ၃၂၁)

ဟူ၍ ယခုကဲ့သို့ကြုံတွေ့ရစဉ် မိခင်ဖခင်တို့ကို အောက်မေ့မိသော်လည်း မိမိ၏မောင်တော်အပေါ်တွင် သတိရ အောက်မေ့ရာတွင်ခံစားရသော ဝေဒနာသည်မတူပါကြောင်း၊ မိမိ၏ခင်ပွန်းသည်အပေါ်တွင် လွမ်းဆွတ်သောခံစားချက်မှာ အဝီစိငရဲတွင် တညီးညီးတောက်ခံနေရသကဲ့သို့ ခံစားနေရကြောင်းကို အပြောက်အမွမ်းဖြင့် ဖွဲ့ဆိုထားသည်ကိုတွေ့ရပါသည်။ ထို့သို့ မင်းသမီး၏ခံစားချက်တို့ကို အပြောက်

အမွမ်းခြယ်ကာ ဖွဲ့ဆိုထားသောကြောင့် စာဖတ်ပရိသတ်၏ ဇာတ်လမ်းအပေါ်ထားရှိသော စိတ်အလျဉ်ကို ပြတ်မသွားစေဘဲ စိတ်ဝင်စားဖွယ်ရေးဖွဲ့ထားနိုင်သည်ကို တွေ့ရပါသည်။

ထို့နောက် သတ္တာခနေ့ဇာတ်တွင် မင်းသားသည် အဋ္ဌနဝတီဘီလူးမနှင့် ပေါင်းသင်းနေထိုင်ပုံ၊ ဘီလူးမ၏အကူအညီဖြင့် မဏိကက်မြင်းကိုပြန်လည်ရရှိပုံ၊ ဘီလူးမကိုထားခဲ့ကာ မင်းသားသည် မြင်းကိုယူ၍ ထွက်လာပုံ၊ မင်းသားနှင့်မင်းသမီးတို့ပြန်လည်ဆုံတွေ့ပုံ၊ ဗာရာဏသီပြည်သို့ မင်းသားနှင့် မင်းသမီးရောက်ရှိသွားပုံ၊ မင်းသားဘိသိက်မြှောက်ပုံ၊ ဘီလူးမအားသွားရောက်ခေါ်ယူပုံ၊ ဘီလူးမ၏ အစ်ကိုဖြစ်သူ ကန္တရဘီလူးကို မင်းသားဆုံးမစကားပြောပုံ၊ အဋ္ဌနဝတီဘီလူးမကို ခေါ်ဆောင်၍ မင်းသား တိုင်းပြည်သို့ပြန်လာပုံဖြင့် ဇာတ်သိမ်းထားသည်။

ပျို့တွင်မူ ထိုဇာတ်ခန်းတို့ကိုချုံ့၍ ဖွဲ့ဆိုထားသည့်အပြင် မင်းသားသည် သီရိမြတ်စွာ မင်းသမီးနှင့် ဝေဘာသီရိဘီလူးမကို ဝေါယာဉ်ဖြင့် တစ်ပြိုင်တည်းခေါ်ဆောင်ကာ ဗာရာဏသီ ပြည်သို့ပြန်ခဲ့ကြောင်း၊ ထို့နောက် သက်ဆိုင်ရာနန်းဆောင်တော်များတွင် သီးခြားထားရှိကြောင်းဖြင့် ပျို့ဇာတ်လမ်းကို အဆုံး သတ်ထားသည်ကိုတွေ့ရပါသည်။

မဏိကက်ပျို့တွင် စာဆိုသည် ဇင်းမယ်ပဏ္ဏာသလာ သတ္တာခနေ့ဇာတ်ကိုရေးဖွဲ့တွင် မူလဇာတ် ဝတ္ထုပါ ဇာတ်လမ်းကို ချဲ့၍အပြောက်အမွမ်းဖြင့်တန်ဆာဆင်ရေးဖွဲ့ခြင်းများရှိသကဲ့သို့ ချုံ့၍ရေးဖွဲ့ထား သောဇာတ်ခန်းများလည်း ရှိကြောင်းတွေ့ရပါသည်။ အပြောက်အမွမ်းများဖြင့် ချဲ့ထွင်ရေးဖွဲ့ထား သောကြောင့် ဇာတ်လမ်းအပေါ် စာဖတ်ပရိသတ်သည် ပို၍စိတ်ဝင်စားမှုရှိလာစေသကဲ့သို့ ဇာတ်လမ်း အဖြစ် အပျက်များကို စိတ်မျက်စိထဲတွင် အသေးစိတ်မြင်ယောင်ခံစား လာရပါသည်။

**ဇာတ်ဆောင်အပြောက်အမွမ်း**

မဏိကက်ပျို့တွင် အဓိကဇာတ်ဆောင်များမှာ မဟာရာဇာဓိပတိမင်းကြီး၊ အတုလဒေဝီ မိဖုရားကြီး၊ မဟာသီဟသူရမင်းသား၊ မဏိကက်မြင်း၊ သေဋ္ဌမင်းကြီးနှင့်မိဖုရား၊ သီရိမြတ်စွာ မင်းသမီး၊ တေဇဘီလူး၊ မင်းဝေဘာ (ခ) ဝေဘာသီရိဘီလူးမတို့ဖြစ်ပါသည်။ ထိုဇာတ်ဆောင်တို့ကို အားပြုကာ ဇာတ်လမ်းကို ရေးဖွဲ့ထားကြောင်း တွေ့ရပါသည်။ ဇင်းမယ်ပဏ္ဏာသဇာတ်တော်တွင် ဦးစွာဇာတ်ဆောင် တို့ကို မိတ်ဆက်တင်ပြရာ၌ "**ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီး၏ မိဖုရားကြီး ကေသနီသည် တစ်သောင်းခြောက်ထောင်သော မောင်းမမိဿံအခြွေအရံ မိဖုရားငယ်တို့၏ မိဖုရားခေါင်ကြီး ဖြစ်လေ သည်**" (ဇင်းမယ်ပဏ္ဏာသ၊ ၂၀၁၄၊ စာ ၁၄၉) ဟုဖော်ပြထားသည်။ မဏိကက်ပျို့တွင်မူ

> **ရှေးသရောခါ၊ ဗာရာဏသီ၊ ခေါ်ညီမည်သာ၊ ပြည်ကြီးစွာ၌၊ မဟာရာဇာဓိပတိ၊ မည်တော် ရှိသား၊ ကျော်သိလွှံ့ပတ်၊ ထိုမင်းမြတ်သည်၊ ကျင့်ဝတ်ဆယ်ပါး၊ မင်းတရားနှင့်၊ မမှားညီစွာ၊ ရိပ်ဖြူကာ၍၊ တောင်ညာထွတ်ကား၊ မိဖုရားကြီး၊ ညီးညီးတောက်ပ၊ ဆင်းနတ်မျှထား၊ အတုလဒေဝီ၊ တွင်ညီမည်သာ** (ဝန်ကြီးပဒေသရာဇာ၊ ၂၀၁၇၊ စာ၂၉၀)

ဟုဖွဲ့ဆိုထားသည်။ ဇာတ်တော်တွင် ရိုးရှင်းစွာ ဇာတ်ဆောင်တို့နှင့် မိတ်ဆက်တင်ပြထား သော်လည်း ပျို့တွင်မူ မဟာရာဇာဓိပတိမင်းကြီးသည် မင်းကျင့်တရား(၁၀)ပါးနှင့်အညီ အုပ်ချုပ်မင်းပြုကြောင်း၊ ထို မင်း၏သတင်းသည် ဗာရာဏသီပြည်နှင့် ဆက်စပ်သော ရပ်ဝန်းအနှံ့အပြားထံ ဂုဏ်သီတင်း ကျော်ဇော

ထင်ရှားကြောင်း၊ တောင်နန်းအရာထားရသော မင်းကြီး၏ အတုလဒေဝီ မိဖုရားခေါင်ကြီးမှာလည်း နတ်အဆင်းတမျှလှပကြောင်း၊ ဗာရာဏသီပြည်တွင် အုပ်ချုပ်သောမင်းကြီးနှင့် မိဖုရားခေါင်ကြီးတို့၏ အချင်းရောအဆင်းပါပြည့်စုံကြောင်း တန်ဆာဆင်ဖွဲ့ဆို ထားသည်ကို တွေ့ရပါသည်။

ထို့ပြင် ရှင်ဘုရင်အပါးတွင် ခစားရသော ကိုယ်လုပ်တော်မောင်းမတို့၏ အဆင်းကိုလည်း မဏိကက်ပျို့တွင် "**ရွှေသားသီရိ၊ ညှံ့စိဂွမ်းသွင်၊ ရွှေစင်သီရိ၊ ဓာတိမြတ်စုံ၊ ရွှေဘုံသီရိ၊ ဖြူပြာအိသည်၊ သီရိရွှေစင်၊ နတ်ပင်ထင်မိ၊ သီရိရွှေသား၊ မပြားဓာတိ၊ သီရိရွှေဘုံ၊ နိတုံစတော၊ ပုံသွန်းပေသို့၊ သရေစံထား၊ သည်ခြောက်ပါးနှင့်**" (ဝန်ကြီးပဒေသရာဇာ၊၂၀၁၇၊ စာ၂၉၀) ဟုဖွဲ့ဆိုထားသည်။ မောင်းမမိဿံ အပေါင်းတို့သည် ဝါဂွမ်းကဲ့သို့ နူးညံ့သောအသား အရည်ရှိသူ၊ အသားအရေမှာ ဖြူလွန်းခြင်း ပြာလွန်းခြင်း မရှိဘဲ အသားရောင်ကောင်းမွန်သူ၊ နတ်သမီးပင် ထင်မှတ်မှားလောက်အောင်လှပသူ၊ နတ်သမီးကဲ့သို့ ပုံသွင်းထားသကဲ့သို့ ကျက်သရေရှိသူ၊ အပြစ်ခြောက်ပါးကင်းသော သူလေးများဖြစ်ကြောင်းကို အသေး စိတ် အပြောက်အမွမ်း ဖွဲ့ဆိုထားသည်ကို တွေ့နိုင်သည်။

ထို့ပြင် မူလဇာတ်တော်တွင် သတ္တခနုမင်းသား၏ အဆင်းသဏ္ဌာန်ကိုဖော်ပြရာတွင် "မိဖုရားကြီးသည် ဆယ်လလွန်သော် ရွှေအဆင်းနှင့်တူသော သားတော်ကိုဖွားမြင်သည်။" (ဇင်းမယ် ပဏ္ဏာသ၊ ၂၀၁၄၊ စာ၁၅၁) ဟုရေးသားထားသည်။ မဏိကက်ပျို့တွင် မင်းသား၏တင့်တယ်ပုံနှင့် ဘုန်းတန်ခိုးကိုဖွဲ့ရာတွင် "**ဘုန်းကြူးသည်ရှင်၊ မယ်ထိပ်တင်မှာ၊ ရွှေစင်မပြား၊ ကိုယ်တော်သားနှင့်၊ ဝတ်စားကိုယ်ရောင်၊ ဝင်းဝင်းပြောင်သည်၊ တန်ဆောင်မီးဝါ၊ ညိုပြာမြသွယ်၊ ကြယ်ပျံ့နှယ်သို့၊ တကယ်ပင်ပ၊ မိုးတိမ်ဝမှာ၊ မြင်ရတော့သည်၊ ထွတ်ဘုန်းစည်သည်၊ နှုန်းရည်မရတင့်တယ်လှ**"(ဝန်ကြီးပဒေသရာဇာ၊ ၂၀၁၇၊ စာ၂၉၄) ဟုလည်းကောင်း၊ မင်းသားမှာ သိကြားမင်းပေးသော ဘုန်းရှင်ဖြစ်ကြောင်းကိုလည်း မဏိကက် ပျို့တွင် "**ရှစ်မည်သီလ၊ အနိစ္စကို၊ နိစ္စဆောက်တည်၊ ကုသိုလ်ရည်၍၊ တောင်းသည် မှန်စွာ၊ ပတ္တနာကြောင့်၊ ဣန္ဒာသက္က၊ ပေး၍ရသည်၊ သားလှရွှေတုံး၊ မိပန်းကုံးငယ်**" (ဝန်ကြီးပဒေသရာဇာ၊ ၂၀၁၇၊ စာ ၂၉၆) ဟုလည်းကောင်းဖွဲ့ဆိုထားသည်။ မဟာသီဟသူရမင်းသားသည် ရွှေစင်ကဲ့သို့ဝင်းဝါသော အသားအရေရှိကာ ဝတ်ဆင်သောဝတ်စားတန်ဆာတို့မှာလည်း ဝင်းလဲ့တောက်ပြောင်နေသည်မှာ မီးရှူးတန်ဆောင် ထွန်းထားသကဲ့သို့ တင့်တယ်စွာရှိကြောင်းနှင့်၊ မင်းသားသည် (၈)ပါးသော သတင်း သီလဆောက်တည်၍ သိကြားမင်းထံ ဆုပန်ကာရလာသော သားဖြစ်ကြောင်း၊ မင်းသား၏ဘုန်းတန်ခိုးကို အပြောက်အမွမ်းခြယ် ဖွဲ့ဆိုထားသည်ကို တွေ့ရသည်။

ဇင်းမယ်ပဏ္ဏာသဇာတ်တွင် သတ္တခနုမင်းသား၏ အရည်အချင်းများကို သေတမင်းကြီး သိတော်မူသောအခါ သမီးတော်စီရပဘာနှင့် ထိမ်းမြားလက်ထပ်ပေးခဲ့သည်။ မင်းသားသည် မင်းသမီးနှင့် လပေါင်းများစွာနေပြီးသောအခါ မယ်တော်ကိုသတိရ၍ငိုကြွေးသည်။ ထို့နောက် မိမိတိုင်းပြည်ပြန်လို ကြောင်း သေတမင်းကြီးထံခွင့်ပန်ကာ စီရပဘာမင်းသမီးကိုခေါ်ဆောင်၍ ဗာရာဏသီပြည်သို့ ပြန်ခဲ့ ကြောင်း ဖော်ပြထားသည်။ ထိုဇာတ်ခန်းတို့တွင် မင်းသားနှင့်အပြိုင် ဇာတ်ဆောင်ပုဏ္ဏားမပါဝင် သော်လည်း မဏိကက်ပျို့တွင်မူ သေဠမင်းကြီး၏ မင်းသားအပေါ် အငြိုးထားသော အပြိုင်ဇာတ်ဆောင် ပုဏ္ဏားကိုထည့်ထားသည်။ မင်းကြီး၏ သက်တော်ပြည့်အလှူတွင် ပုဏ္ဏားသည် ကြက်ငှက်တစ်ရာစီ သတ်၍ ပူဇော်သင့်ကြောင်းမင်းကြီးကို လျှောက်တင်သည်။ ထိုအယူအဆကို မင်းသားသည်လက်မခံခဲ့

ပေ။ သူတစ်ပါးအသက်ကို သတ်၍ကောင်းကျိုး ခံစားရမည်ဆိုပါက မိမိကိုယ်ကိုယဇ်ပူဇော်၍ နတ်ပြည် သာစံသင့်ကြောင်းပြောလေသည်။ ထို့ကြောင့်ပုဏ္ဏားသည် မင်းသားအပေါ် ရန်ငြိုးထားကြောင်းကို မဏိကက်ပျို့တွင် “**ရန်အားကြီးထူ၊ ထိုအယူကို၊ ကလူနှိပ်စက်၊ ဖျက်လည်းဖျက်ဆီး၊ အစီးအပွား၊ တို့အိုများကို၊ ဆုံးပါးစိမ့်ထွေ၊ ပြုရလေသည်၊ ရှိစေနှင့်ဦး၊ မနေဘူးဟု၊ ဟူးဟူးမျက်အား၊ အငြိုးထားလျက်၊ မှတ်သားမြဲခွေ၊ စောင့်နေလေ၏**” (ဝန်ကြီးပဒေသရာဇာ၊ ၂၀၁၇၊ စာ ၃၀၃) ဟုဖွဲ့ဆိုထားသည်။ မဏိကက်ပျို့တွင် မင်းသားနှင့်အပြိုင် ဇာတ်ဆောင်ကိုထည့်သွင်းကာ ပဋိပက္ခကို ဖြစ်စေခြင်းဖြင့် အဓိက ဇာတ်ဆောင်မင်းသား၏စရိုက်မှာ ပို၍ပေါ်လွင်လာသည့်အပြင် ဇာတ်လမ်းမှာ လည်းပို၍ စိတ်ဝင်စားဖွယ် ဖြစ်လာရကာ ထိုပဋိပက္ခများအပေါ် စာဖတ်သူသည် သိလိုမှုအရှိန် မြင့်တက်လာစေပါသည်။

ထို့နောက် မင်းကြီးသည် သမီးတော်နှင့်အတူ မင်းသားကို မိမိတိုင်းပြည်သို့ ပြန်ခွင့်ပေး သည်ဟု မူလဇာတ်ဝတ္ထုတွင် ရိုးရှင်းစွာဖော်ပြထားသည်။ မဏိကက်ပျို့တွင်မူ မင်းကြီးနှင့် မိဖုရားကြီးတို့သည် သမီးတော်သီရိမြတ်စွာနှင့် မဟာသီဟသူရမင်းသားကို မိဘတို့ဝတ္တရားနှင့်အညီ မှာကြားဆုံးမ ဩဝါဒများ မှာကြားပုံကို ပျို့တွင်အကျယ်တဝံ့ရေးဖွဲ့ထားကြောင်းတွေ့ရသည်။ မဏိကက်ပျို့တွင် မိန်းမကောင်း ဝတ္တရား(၆)ပါးနှင့်အညီ နေထိုင်သင့်ပုံကို “**မယ်လှမောင်တော်၊ ချစ်မွေ့လျော်အောင်၊ သူတော်သူကောင်း၊ မိန်းမကောင်းတို့၊ ကျင့်ကြောင်းတရား၊ ဝတ်ခြောက်ပါးလည်း၊ မမှားမသွေ၊ မြဲပါစေဟု**” (ဝန်ကြီး ပဒေသရာဇာ၊ ၂၀၁၇၊ စာ ၃၀၇) ဟုလည်းကောင်း၊ တိုင်းပြည်တွင် အယုတ်အလတ်အမြတ်မရွေး ပေးကမ်းမှသာ အောင်မြင်ခြင်း၏ အရင်းအမြစ်မှန် ဖြစ်ကြောင်းကို “**စိမ်းမှည့်မရွေး၊ အပေးအကမ်း၊ ရဲစွမ်းပါစေ၊ ပေးဝေသော်လည်း၊ အနည်းဖြစ်စေ၊ များဖြစ်စေပင်၊ တွက်ရေရမှု၊ သာမပြုနှင့်၊ တစ်ခုဆို တန်၊ မွန်မွန်ရည်ရည်၊ တထည်ဆိုထိုက်၊ နှစ်ခြိုက်ရွှင်ပျ၊ သုံးစွဲရအောင်၊ မယ်လှပေးပါ။**” (ဝန်ကြီး ပဒေသရာဇာ၊ ၂၀၁၇၊ စာ ၃၀၆) ဟုလည်းကောင်း၊ ချီးကျူး မြှောက်စားခံရသော သူတို့အပေါ်ဝန်တိုမှု မထားသင့် ကြောင်းကို

**လူစုထူးထူး၊ ဝန်ဝင်းမှူးနှင့်၊ ချီးကျူးထင်ပေါ်၊ မြှောက်စားသော်လည်း၊ မလျော်ငင်ချိတ်၊ ဝန်တိုစိတ်သည်၊ တဆိတ်စာမျှ၊ မယ်လှမသာ၊ မရှိပါနှင့်၊ မေတ္တာယဉ်နွဲ၊ ဝမ်းသာမှုသာ၊ ပြုပါရွှေခဲ၊ ဘလည်ရွဲသည်၊ မြဲမြဲမှတ်ထား၊ ဘစကား** (ဝန်ကြီးပဒေသရာဇာ၊ ၂၀၁၇၊ စာ ၃၀၈)ဟုလည်းကောင်း၊

မိဖုရားကြီးသည် သမီးဖြစ်သူကိုမှာကြားရာတွင် မိဖုရားကြီး၊ မိဖုရားလတ်၊ မိဖုရားငယ် အသွယ်သွယ် တို့၏ အကြိုက်စရိုက်တို့ကို သိရမည်ဖြစ်ကြောင်းစသည်ဖြင့် တန်ဆာဆင်ဖွဲ့ဆိုထားသည်ကို တွေ့ရ သည်။

ထို့နောက်သတ္တမနေ့ဇာတ်တွင် မင်းသားနှင့်မင်းသမီး သင်္ဘောမှောက်၍ တစ်နေရာစီ ကွဲကွာ သည့်အခါ မင်းသမီးသည်မင်းသားကို တမ်းတ၍ငိုကြွေးပုံကို **စီရပဘာသည် ကမ်းပေါ်သို့ရောက်ပြီး“ နောက် မင်းသားကိုမတွေ့သဖြင့်တစ်ယောက်တည်း အားငယ်ခြင်း၊မင်းသားအတွက် စိုးရိမ်သောက ဖြစ်ခြင်း တို့ကြောင့် ငိုကြွေးလေသည်။**(ဇင်းမယ်ပဏ္ဏာသ၊ ၂၀၁၄၊ စာ ၁၆၀) ”ဟုဖော်ပြထား သော်လည်း မဏိကက်ပျို့တွင်မူ မင်းသမီး၏ ခံစားချက်ကို

**ဆွေပေါင်းမျိုးပုံ၊ ဝန်ရုံများဖြင်၊ ဘရှင်ပင်နှင့်၊ မရှင်တို့ကို၊ ကြည်ညိုချစ်လှေ့၊ ကြပတွေ့ကို၊ အောင်းမေ့ဖွယ်သော်၊ လွမ်းလိုက်သော်မှ၊ ညှိုးယော်ခွေမြန်း၊ မပူလွန်းဘူး၊ ထိပ်တန်း ထိပ်တင်၊ မြင်းပျံရှင်ကို၊ ဝမ်းတွင်စေ့ရာ၊ လွမ်းသည်မှာကား၊ သည်းချာဂလိုင်၊ ဦသို့တိုင်၍၊ ဆွယ်ပြိုင်မနီး၊ ဝီစိမီးမှ၊ ညီးညီး တောက်ပ၊ မတူမျှခဲ့၊ လောကခေါင်ချာ၊ စိုးမည်လျာသည်၊ မြင်ပါလှည့်လား မယ်ထိပ်ထား။** (ဝန်ကြီး ပဒေသရာဇာ၊ ၂၀၁၇၊ စာ ၃၂၁)

ဟူ၍ ယခုကဲ့သို့ကြုံတွေ့ရစဉ် မိခင်ဖခင်တို့ကို အောက်မေ့မိသော်လည်း မိမိ၏ မောင်တော်အပေါ် တွင် သတိရအောက်မေ့ရာတွင်ခံစားရသော ဝေဒနာသည်မတူပါကြောင်း၊ မိမိ၏ ခင်ပွန်းသည် အပေါ်တွင် လွမ်းဆွတ်သောခံစားချက်မှာ အဝီစိငရဲတွင် တညီးညီးတောက်ခံနေရသကဲ့သို့ ခံစား နေရကြောင်းကို အပြောက်အမွမ်းဖြင့် ဖွဲ့ဆိုထားသည်ကိုတွေ့ရပါသည်။ ထို့သို့မင်းသမီး၏ ခံစားချက်တို့ကို အပြောက် အမွမ်းခြယ်ကာ ဖွဲ့ဆိုထားသောကြောင့် စာဖတ်ပရိသတ်ကို ရှေ့ဆက်မည့် ဇာတ်လမ်းအပေါ် သိလိုစိတ်များဖြစ်စေခဲ့ပါသည်။

ဇင်းမယ်ပဏ္ဏာသဇာတ်တွင် အဍ္ဍနဝတီဘီလူးမသည် မင်းသား၏အမည်ကို ကြားခြင်းဖြင့် နှစ်သက်ခြင်းဖြစ်သည်ဟုသာ ဖော်ပြထားသည်။ သို့သော်မဏိကက်ပျို့တွင်မူ ဝေဘာသီရိဘီလူးမ၏ ခံစားရသော ခံစားချက်ကို

**ဝေဘာသီရိ၊ မြင်သည်ရှိသော်၊ ပီတိအလျှံ့၊ ကိုယ်လုံးနှံ့လျက်၊ မြှော်အံ့မောကာ၊ မနည်းကြာမှ၊ တပ်ရာဂစိတ်၊ ချစ်နိမိတ်ကို၊ မပိတ်ပင်တိုင်၊ ဂလိုင်ဝမ်းတွင်၊ လှိုက်လျက်ပင်လျှင်၊ မင်းရှင်ဖြူဝါ၊ ထိပ်ထားရာကို၊ ဟိုမှာထူပြား၊ ယောက်ျား တယောက်၊ နေလှာရောက်သည်။** (ဝန်ကြီးပဒေသရာဇာ၊ ၂၀၁၇၊ စာ ၃၂၆)

ဟုဖွဲ့ဆိုထားသည်။ ဘီလူးမ၏ရင်တွင်းခံစားချက်များကို အနုစိတ်ရေးဖွဲ့ထားသည့် အပြောက် အမွမ်း အဖွဲ့ကို လေ့လာတွေ့ရှိရသည်။ ဘီလူးမနှင့်မင်းသားတို့၏ ရှေ့ဖြစ်လာမည့် ဇာတ်လမ်း အလားအလာ ကိုလည်း သိလိုစိတ်များဖြစ်ပေါ်လာစေပါသည်။ မင်းသားနှင့်မင်းသမီးတို့ စီးနှင်းသော သင်္ဘော်ရှင်၏ အမည်၊ လှေဆိပ်နာမည်တို့ကို မူလဇင်းမယ်ပဏ္ဏာသဇာတ်တွင် ဖော်ပြမထားသော်လည်း မဏိကက်ပျို့ တွင်မူ သင်္ဘောပိုင်ရှင်မှာ နာဝိပတိအမည်ရှိကြောင်းနှင့် လှေဆိပ်မှာ ဇိနပတ္တာအမည် ရှိကြောင်းတို့ကို အတိအကျထည့်သွင်း ရေးဖွဲ့ထားသည်ကိုတွေ့ရ ပါသည်။

စာဆိုသည် မဏိကက်ပျို့တွင် ဇာတ်ဆောင်များကိုရေးဖွဲ့ရာ၌ ဇင်းမယ်ပဏ္ဏာသ ဇာတ်ထက်ပို၍ အနုစိတ်ရေးဖွဲ့ထားကြောင်းတွေ့ရသည်။ စာဆို၏ဇာတ်ဆောင်အပြောက်အမွမ်း အဖွဲ့များကြောင့် စာဖတ်သူတို့သည် ပျို့ဇာတ်လမ်းအပေါ်ပို၍ စိတ်ဝင်စားမှုရှိလာကာ ဇာတ်လမ်းနောက်သို့ လိုက်ပါလာခဲ့ ကြသည်။ ဇာတ်ဆောင်တို့ကို အပြောက်အမွမ်းခြယ်ရာတွင် သဘာဝကျစွာ ရေးဖွဲ့ထားနိုင်သည်ကို တွေ့ရသည်။

**နောက်ခံဝန်းကျင်အပြောက်အမွမ်း**

ပျို့တွင် နောက်ခံဝန်းကျင်သည်လည်း အရေးပါလှပါသည်။ နောက်ခံဝန်းကျင်သည် ဘုရားဟော ဇာတ်လမ်း၊ ဇင်းမယ်ပဏ္ဏာသဇာတ်လမ်းများတွင် ပါသည်ဆိုရုံမျှသာ ဖော်ပြကြသည်။ ပျို့စာဆိုတို့သည် ပျို့အဖြစ်ပြန်လည်ရေးဖွဲ့ရာတွင် ဝေဝေဆာဆာရေးဖွဲ့လေ့ရှိကြောင်း တွေ့ရပါသည်။ ဇင်းမယ်ပဏ္ဏာသ

ဇာတ်တွင် ဒေသနောက်ခံအဖြစ် ဗာရာဏသီပြည်ကို ဖော်ပြရာတွင်"**ဗာရာဏသီ ပြည် မြဟ္မဒတ်မင်းကြီး၏ မိဖုရားကြီးကေသနီသည် တစ်သောင်းခြောက်ထောင်သော မောင်းမ မိသံ အခြွေအရံမိဖုရားငယ်တို့၏ မိဖုရားခေါင်ကြီးဖြစ်လေသည်**" (ဇင်းမယ်ပဏ္ဏာသ၊ ၂၀၁၄၊ စာ ၁၄၉)ဟုရေးသားထားသည်။ မဏိကက်ပျို့တွင်မူ ဗာရာဏသီပြည်ကြီးတွင် အသီးအနှံများ ပေါကြွယ်ဝ ကြောင်းကို "**စိမ်းမြပင်စဉ်၊ ဥယျာဉ်သာပျော်၊ စံပါယ်သော်လည်း၊ ကိုယ်တော်မကင်း၊ ထံတော်ရင်းတွင်၊ ကြိုင်သင်းမွှေးလွန်၊ ပန်းမန်သစ်သီး၊ ဖြင်ညီးလိုရာ၊ ရွေးကာယူငင်၊ ပန်ဆင်ဆွတ်စား၊ ပျော်ပါးပေရ၊ တင့်တယ်လှ၏**" (ဝန်ကြီးပဒေသရာဇာ၊ ၂၀၁၇၊ စာ ၂၉၃) ဟုရေးဖွဲ့ထားသည်။ ပန်းမန် သစ်သီးများမှာ ပေါကြွယ်ဝသကဲ့သို့ မွှေးကြိုင်သောပန်များ ကိုအလိုရှိသလို ပန်ဆင်နိုင်ကာ သစ်သီးများကိုလည်း အလိုရှိတိုင်းဆွတ်ယူ စားသုံးနိုင်ကြောင်း၊ သာယာတင့်တယ်ကြောင်း အပြောက်အမွမ်းခြယ် ဖွဲ့ဆို ထားသည်ကိုတွေ့ရသည်။

ထို့နောက် ဇင်းမယ်ပဏ္ဏာသဇာတ်တွင် ဒေသနောက်ခံအဖြစ် သေတမြို့ကို ဖော်ပြရာတွင် "သတ္တခုနေသည် မျက်ရည်စက်လက်ဖြင့် လိုက်ပါသွားရာ သေတမြို့သို့ရောက်သွားလေသည်။ သေတမြို့တွင် သေတမင်း မင်းပြု၍ မိဖုရားကြီးကား ပဒုမဂဗ္ဘာအမည်ရှိသည်" (ဇင်းမယ်ပဏ္ဏာသ၊ ၂၀၁၄၊ စာ ၁၅၂) ဟုရေးသားဖော်ပြထားသည်။ ဒေသနောက်ခံမြို့ကိုဖော်ပြရာတွင် ရိုးရှင်းစွာရေးသားဖော်ပြထားကြောင်း တွေ့ရသည်။ မဏိကက်ပျို့တွင်

> **မိုးဝတိမ်ခြေ၊ ပုံကြလေသော်၊ ရေတိပြောကျယ်၊ သမုဒ်လယ်တွင်၊ ပျော်ဘွယ် ပျို့နှ၊ ကျွန်းတခုကို၊ ကြည့်ရှုခိုက်ပ၊ မြင်ခဏဝယ်၊ ရွှရွှမွေ့ညက်၊ မြင်းနှင့်သက်၍၊ တောနက်မြိုင်သာ၊ လူကွယ်ရာ၌၊ ရေရာငုံထွေ၊ နေတိုနေပြီး၊ ညဥ့်သန်နီးသော်၊ ယည်ကြီးငှက်သွင်၊ မြင်းနှင့်ပင်သာ၊ ပျံကြွလှာ၍၊ ပြည်သာသေဋ္ဌ၊ နဂရကို၊ ပတ်မျှလည်လှည့်၊ တွင်းပြင်ကြည့်၍** (ဝန်ကြီးပဒေသရာဇာ၊ ၂၀၁၇၊ စာ၃၀၀)

ဟုဖွဲ့ဆိုထားသည်။ မဟာသီဟသူရမင်းသား မြင်းပျံနှင့်ရောက်လာရာတွင် ဦးစွာ တောတစ်နေရာတွင် နားကြောင်း၊ ညအချိန်ရောက်သောအခါ မြင်းနှင့်ပျံကြွ၍ သေဋ္ဌမြို့သို့ဝင်ရောက်ကြည့်ကြောင်း၊ ထို့နောက် မင်းသမီး၏ အဆောင်တော်သို့ဝင်ကြောင်း စသည်ဖြင့် ရောက်ရှိရာအချိန်၊ နေရာဒေသတို့ကို အသေးစိတ် ရေးဖွဲ့ထားသည့် နောက်ခံဝန်းကျင် အပြောက်အမွမ်းအဖွဲ့ကို တွေ့နိုင်ပါသည်။

ဇင်းမယ်ပဏ္ဏာသဇာတ်တွင် သတ္တခုနေမင်းသားနှင့် စီရပဘာမင်းသမီးတို့ ပြန်ရာလမ်းတွင် လေပြင်းမုန်တိုင်းကျ၍ လှေမှောက်သွားပုံကို "**လေအဟုန်သည် တဖြည်းဖြည်းပြင်းလာပြီးလျှင် လှေတို့သည် လှိုင်းထမ်းပိုးဒဏ်ကြောင့် လှေများနစ်မြုပ်ကြလေသည်။**" (ဇင်းမယ်ပဏ္ဏာသ၊ ၂၀၁၄၊ စာ ၁၅၉) ဟုဖော်ပြထားသည်။ သို့သော် မဏိကက်ပျို့၌ လေပြင်းကျရောက်ချိန်တွင် မှောက်လုနီးပါး တိမ်းစောင်း လှုပ်ခတ်နေသည့် သင်္ဘောကြီး၏မြင်ကွင်းကို "**နေ့ရေမမြင့်၊ သင်္ဘောလွင့်သော်၊ ထပ်ဆင့်သီးစွာ၊ လေပြင်းလာ၍၊ ရောလှေကြီး၊ စောင်းဖီးစောင်းပင်း၊ ထန်ပြင်းခုန်ကြွ၊ မြှောက်၍ကျသော်**" (ဝန်ကြီး ပဒေသရာဇာ၊ ၂၀၁၇၊ စာ ၃၂၀) ဟုလည်းကောင်း၊ "**ရောကစ၊ စပ်မစပ်ငယ်၊ သွယ်သွယ်ကကျိုးကျဲ၊ ဖြန်းဖြန်းကွဲ၍၊ သဲသောင်အဦမျှ၊ နစ်မွန်းကြသော်**" (ဝန်ကြီးပဒေသရာဇာ၊ ၂၀၁၇၊ စာ ၃၂၀) ဟု လည်းကောင်း ရေးဖွဲ့ထားသည်။ ပျို့တွင်လေပြင်းဒဏ်ကြောင့် ပျက်စီးနစ်မြုပ်သွားသော သင်္ဘောကြီး၏ မြင်ကွင်းသရုပ်ကို စာဆိုကစာဖတ်သူတို့၏စိတ်တွင် ထင်ယောင်မြင်ယောင် ဖြစ်လာစေရန် ရေပြင်၏

အခြေအနေသာမက လေဒဏ်ကြောင့် ယိမ်းထိုးခုန်ကွနေသည့် သဘော်၏သရုပ်ကို အနုစိတ်ရေးဖွဲ့ထားသည့် ကာလနောက်ခံ အပြောက်အမွမ်းကိုတွေ့နိုင်သည်။

မင်းသားနှင့်မင်းသမီး ဗာရာဏသီပြည်သို့ပြန်ရန်အတွက် သေဋ္ဌမင်းကြီးနှင့်အတူ မိဖုရားကြီးတို့မှာကြားဆုံးမမှုများကိုထောက်၍ မင်းနှင့်ထီးနန်းဝန်းကျင်တွင် ဖြစ်လေ့ဖြစ်ထရှိသော လူမှုနောက်ခံဝန်းကျင်တို့ကို တွေ့မြင်နိုင်ပါသည်။ ဇင်းမယ်ပဏ္ဏာသဇာတ်တွင် ထိုအခန်းများ မပါဝင်သော်လည်း မဏိကက်ပျို့တွင် အပြောက်အမွမ်းအဖြစ် ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ လူတန်းစား ခွဲခြားမှုမရှိဘဲ ပေးကမ်းစောင့်ရှောက်ခြင်းများ လုပ်ဆောင်မှသာ အကျိုးရမည်ဖြစ်ကြောင်း၊ မိန်းမကောင်း ဝတ္တရားများကို မြဲရမည်ဖြစ်ကြောင်း၊ ချီးကျူးမြှောက်စားခြင်းခံရသူကို မနာလိုဝန်တိုခြင်းမရှိရကြောင်း၊ ပြည်သူပြည်သားတို့အား စောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ သင်္ဂဟတရား(၄)ပါးကို ပစ်ပယ်မထားသင့်ကြောင်း၊ မိဖုရားများသည်တစ်ဦးနှင့် တစ်ဦးသင့်မြတ်ရမည်ဖြစ်ကြောင်း၊ ကိုယ်လုပ်တော်မောင်းမများအပေါ် ကောင်းမွန်စွာ ဆက်ဆံရမည်ဖြစ်ကြောင်း၊ မိဖုရားတို့၏ ဝတ္တရားတို့ကို မြဲမြံစွာကျင့်ရမည် ဖြစ်ကြောင်း စသည်ဖြင့် နန်းတွင်းနောက်ခံနှင့်ပတ်သက်သော လူမှုနောက်ခံအပြောက်အမွမ်းများကို ရေးဖွဲ့ထားကြောင်းတွေ့နိုင်သည်။ မဏိကက်ပျို့တွင် “**စိမ်းမှည့်မရွေး၊ အပေးအကမ်း၊ ရဲစွမ်းပါစေ၊ ပေးပေသော်လည်း၊ အနည်းဖြစ်စေ၊ များဖြစ်စေပင်၊ တွက်ရေရမူ၊ သာမပြုနှင့်၊ တစ်ခုဆိုတန်၊ မွန်မွန်ရည်ရည်၊ တစ်ထည်ဆိုထိုက်၊ နှစ်ခြိုက်ရွှင်ပျ၊ သုံးစွဲရအောင်၊ မယ်လှပေးပါ။” (ဝန်ကြီးပဒေသရာဇာ၊ ၂၀၁၇၊ စာ ၃၀၆)**ဟု လည်းကောင်း၊ “**မယ်လှမောင်တော်၊ ချစ်မွေ့လျော်အောင်၊ သူတော်သူကောင်း၊ မိန်းမကောင်းတို့၊ ကျင့်ကြောင်းတရား၊ ဝတ်ခြောက်ပါးလည်း၊ မမှားမသွေ၊ မြဲပါစေဟု**” (ဝန်ကြီးပဒေသ ရာဇာ၊ ၂၀၁၇၊ စာ ၃၀၇) ဟုလည်းကောင်း၊

**လူတွင်အများ၊ ဆင်းရဲသားတို့၊ ကိုးစားစရာ၊ ဓမ္မတာသည်၊ အရာကြီးမှာ၊ မိဖုရားသာ၊**
**ထင်ရှားဖြစ်သည်၊ မှတ်ဆောက်တည်လျက်၊ မည်သည်ဆောက်က၊ စုကျဆိုင်နက်၊**
**သူဆိုင်ထွက်ဟု၊ မကွက်စိတ်နေ၊ ဖော်ရွေလှစွာ၊ ပေးကမ်းပါလေ့**

(ဝန်ကြီးပဒေသ ရာဇာ၊ ၂၀၁၇၊ စာ ၃၀၉)

ဟုလည်းကောင်း၊ “**ချမ်းသာစီးပွား၊ နောင်သားမြေးမြစ်၊ အကျိုးဖြစ်ဟု၊ မပစ်တရား၊ ဆယ်ပါးစသည်၊ လေးမည်သင်္ဂဟ၊ ကျင့်ဆောင်မှလည်း၊ ကိုယ်ကစသည်၊ စည်ရှည်သားမြေး၊ နီးဝေးပြည်သူ၊ လူတို့ချမ်းသာ၊ ဖြစ်လိုရာ၏**” (ဝန်ကြီး ပဒေသရာဇာ၊ ၂၀၁၇၊ စာ ၃၁၀) ဟုလည်းကောင်း၊ “**မိဖုရားတို့၊ မှတ်သားစရာ၊ ဝတ်အင်္ဂါကို၊ လိမ္မာစေ့ရေ၊ မကျမ်းပေခဲ့၊ ကြီးထွေအရာ၊ သူ့မှာထင်ရှား၊ မိဖုရားတို့၊ မူထားထွေသံ၊ ကျင့်ထုံးစံကို၊ မြဲမြံယူ၍၊ အင်စုံစေ့အောင်၊ ကျင့်လေ့ပါလေ**” (ဝန်ကြီး ပဒေသရာဇာ၊ ၂၀၁၇၊ စာ ၃၁၂) ဟုလည်းကောင်းရေးဖွဲ့ထားသည်ကိုတွေ့ရသည်။ ထိုသို့သောနန်းတွင်း လူမှုနောက်ခံတို့ကို စုံလင်စွာ အပြောက်အမွမ်း ရေးဖွဲ့ထားသောကြောင့် နန်းတွင်းလူနေမှုအခြေအနေကိုပါ သိနိုင်သကဲ့သို့ ထိုခေတ်အခါက မင်းနှင့်မိဖုရားတို့ကျင့်ဆောင်လိုက်နာရမည့် အရေးအရာများကိုပါ မှတ်သားဖွယ်ဖြစ်စေပါသည်။

စာဆိုသည် နောက်ခံဝန်းကျင်အပြောက်အမွမ်းများကို ရေးဖွဲ့ရာတွင် ကာလဒေသ၊ လူမှုအလျောက်လိုက်ဖက်သော နောက်ခံဝန်းကျင်တို့ကို ပီပြင်အောင်ရေးဖွဲ့နိုင်ကြောင်းတွေ့ရပါသည်။

နောက်ခံဝန်းကျင် အပြောက်အမွမ်းအဖွဲ့များသည် ပျို့ပါဇာတ်လမ်းနှင့် ဇာတ်ဆောင်ကိုပါ အထောက်အပံ့ပြုကြောင်း လေ့လာတွေ့ရှိရပါသည်။

## သုံးသပ်ချက်

ဤစာတမ်းသည် ဝန်ကြီးပဒေသရာဇာ၏ မဏိကကပ်ပျို့မှအပြောက်အမွမ်းများကို လေ့လာထားသော စာတမ်းဖြစ်ပါသည်။ ဝန်ကြီးပဒေသရာဇာသည် ဇာတ်လမ်းကို အပြောက်အမွမ်းခြယ်ရာ တွင် စာဆိုသည် ဇင်းမယ်ပဏ္ဏာသလာ သတ္တဓနုဇာတ်ကိုရေးဖွဲ့ရာတွင် မူလဇာတ်ဝတ္ထုပါ ဇာတ်လမ်းကို ချဲ့၍ အပြောက်အမွမ်းဖြင့်တန်ဆာဆင် ရေးဖွဲ့ခြင်းများရှိသကဲ့သို့ ချုံ့၍ ရေးဖွဲ့ထားသော ဇာတ်ခန်းများလည်း ရှိပါသည်။ အပြောက်အမွမ်းများဖြင့် ချဲ့ထွင်ရေးဖွဲ့သောကြောင့် ဇာတ်လမ်းအပေါ် စာဖတ်ပရိသတ်သည် ပို၍စိတ်ဝင်စားမှုရှိလာစေသကဲ့သို့ ဇာတ်လမ်းအဖြစ်အပျက်များကို စိတ်မျက်စိထဲတွင် အသေးစိတ် မြင်ယောင်ခံစားလာရပါသည်။

စာဆိုသည် မဏိကကပ်ပျို့တွင် ဇာတ်ဆောင်များကိုရေးဖွဲ့ရာ၌ ဇင်းမယ်ပဏ္ဏာသဇာတ် ထက်ပို၍ အနုစိတ်ရေးဖွဲ့ထားကြောင်းတွေ့ရသည်။ ဇာတ်ဆောင်တို့၏ ရင်တွင်းခံစားချက်ကိုပါ ထည့်သွင်းရေးဖွဲ့သောကြောင့် စာဖတ်သူတို့သည် ပျို့ဇာတ်လမ်းအပေါ်ပို၍ စိတ်ဝင်စားမှုရှိလာသည်။ ဇာတ်ဆောင်တို့ကို အပြောက်အမွမ်းခြယ်ရာတွင် သဘာဝကျစွာရေးဖွဲ့ထားနိုင်သည်ကို တွေ့ရသည်။

နောက်ခံဝန်းကျင် အပြောက်အမွမ်းများကို ရေးဖွဲ့ရာတွင် ကာလဒေသ၊ လူမှုအလျောက် လိုက်ဖက်သော နောက်ခံဝန်းကျင်တို့ကို ပီပြင်အောင်ရေးဖွဲ့နိုင်ကြောင်းတွေ့ရပါသည်။ ကာလ နောက်ခံကိုဖွဲ့ရာတွင် မြင်ကွင်းသရုပ်ကိုပါ အသေးစိတ်ရေးဖွဲ့ထားရာ စိတ်မျက်စိထဲတွင် ထင်ယောင် မြင်ယောင် ခံစားမိလာစေသည်။ နောက်ခံဝန်းကျင် အပြောက်အမွမ်းအဖွဲ့များသည် ပျို့ပါဇာတ်လမ်းနှင့် ဇာတ်ဆောင်ကို အထောက်အပံ့ပြုကြောင်း တွေ့ရပါသည်။

စာဆိုသည်ဇင်းမယ်ပဏ္ဏာသလာ ဇာတ်ဝတ္ထုများကို စာဖတ်သူတို့ စိတ်ဝင်စားစေရန် ပျို့တွင် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်တို့၌ ပြင်ဆင်မွမ်းမံ ခြယ်သထားသည်ကိုတွေ့နိုင်သည်။ ဗဟုသုတဖြစ်ဖွယ်ရာ အကြောင်းများဖြစ်သည့် အိမ်ရှေ့မင်းထီးနန်းတက်သည့် အစီအစဉ်များ၊ ဆုံးမစာများကို ထည့်သွင်းရေးဖွဲ့ထားရာ စာဖတ်သူတို့အား ရသသာမက သုတကိုပါခံစားလာစေသည်။ ဇင်းမယ်ပဏ္ဏာသဇာတ်ဝတ္ထုနှင့် ပျို့၏ကွာခြားချက်၊ တူညီချက်၊ မွမ်းမံချက်တို့ကို သိရှိလာရသည်။

ဤသို့ဖြင့် ဝန်ကြီးပဒေသရာဇာ၏ မဏိကကပ်ပျို့မှအပြောက်အမွမ်းများသည် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်ကို အထောက်အပံ့ပေးနိုင်သကဲ့သို့ အပြောက်အမွမ်းများသည် ပီပြင်ပေါ်လွင်မှုရှိပြီး သဘာဝကျကာ နှစ်သက်ဖွယ်ကောင်းကြောင်း လေ့လာသိရှိရပါသည်။

## နိဂုံး

ဝန်ကြီးပဒေသရာဇာ၏ မဏိကကပ်ပျို့သည် ဆုံးမဩဝါဒကိုဦးစားပေးသောပျို့ဖြစ်သောကြောင့် မူလ ဇာတ်ဝတ္ထုကိုချုံ့ကာ ရေးဖွဲ့ထားသည်ကိုတွေ့ရသည်။ ဇာတ်လမ်းကိုချုံ့၍ရေးဖွဲ့ထား သော်လည်း ဦးတည်ချက်မပျက်ခဲ့ပေ။ ဇာတ်လမ်း၊ ဇာတ်ဆောင်များ၊ နောက်ခံဝန်းကျင်များ ကိုရေးဖွဲ့ရာတွင် အပြောက်အမွမ်းများဖြင့် တန်ဆာဆင်ရေးဖွဲ့ထားကြောင်း တွေ့ရသည်။ ကျန်ရှိ နေသော မဏိကကပ်ပျို့မှ

အရေးအဖွဲ့ပိုင်းကို ဆက်လက်လေ့လာနိုင်ပါသည်။ ဤစာတမ်းသည် ဝန်ကြီးပဒေသရာဇာ၏ မဏိကက်ပျို့မှ အပြောက်အမွမ်းများကို လေ့လာလိုသူတို့အတွက် တစ်စိတ်တစ်ဒေသ အထောက်အကူပြုနိုင်ပါသည်။

## ကျမ်းကိုးစာရင်း


ခင်မင်၊ မောင်၊ ။(၂၀၂၃) ။(ဓနုဖြူ)***ဘာသာအမြင်စာပေအမြင်*** ။ ရန်ကုန်၊(တတိယအကြိမ်)စိတ်ကူးချိုချိုပုံနှိပ်တိုက်။

စိုးရွှေစင်။ ။(၂၀၁၅)***ဝတ္ထုတိုသဘောတရား၊ ဝတ္ထုတိုအတတ်ပညာ***။ ရန်ကုန်၊ စွယ်တော်ပုံနှိပ်တိုက်။

တာရာ ။(၂၀၁၈) ။(ဒဂုန်)***အလှဗေဒ ၂***။ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။(ဒုတိယအကြိမ်)

တင်၊ ဦး၊ ။(၁၉၆၉) ။(ပုဂံဝန်ထောက်မင်း)***ကဗျာဗန္ဓသာရကျမ်း***။ ရန်ကုန်၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်။

ထွန်းရီ ။ ။(၂၀၁၇)***ညောင်ရမ်းခေတ်စာဆိုဝန်ကြီးပဒေသရာဇာ***။ ရန်ကုန်၊ မိဘဂုဏ်စာပေ။

ဖေမောင်တင်၊ ဦး၊ ပါမောက္ခ။ ။(၂၀၁၃)***မြန်မာစာပေသမိုင်း***။ ရန်ကုန်၊ ရာပြည့်စာပေ။

မဟာဇေယသင်္ခယာ ။(၁၉၆၃) ။(ဦးချိန်)***ဝေါဟာရလီနတ္ထဒီပနီ***။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၁၈)။ ***မြန်မာအဘိဓာန်*** (တတိယအကြိမ်)။ နေပြည်တော်၊ မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကား ဦးစီးဌာန။

သျှင်သီရိ၊ တက္ကသိုလ်၊ ။(၂၀၁၄) ။(ဓမ္မာစရိယ၊ ဘီအေ)***ဇင်းမယ်ပဏ္ဏာသဇင်းမယ်ဝတ္ထု(၅၀)***။ ရန်ကုန်၊ ဖြိုးဝေလျှံပုံနှိပ်တိုက်။

လွင်အောင်၊ ဒေါက်တာ။ ။(၂၀၀၃)***ဗိသုကာအနုပညာအတွေးအမြင်နှင့် ဗိသုကာအဆောက်အအုံ ပညာစာစုများ***။ ရန်ကုန်၊ ပြည့်စုံစာအုပ်တိုက်။

*J. Myanmar Acad. Arts Sci. 2026* **Vol. XXIII. No.6**

# အောင်ချိမ့်၏ “ခင်ခင်ပျိုရေ စောင့်ခဲ့တယ်” ကဗျာများမှ အတွင်းအဆက်အစပ် (Cohesion)

လွင်ထူးအောင်[၁]

**စာတမ်းအကျဉ်း**

ဤစာတမ်းသည် အောင်ချိမ့်၏ “**ခင်ခင်ပျိုရေ စောင့်ခဲ့တယ်**” ကဗျာများမှအတွင်း အဆက်အစပ် (Cohesion)ကို လေ့လာဖော်ထုတ်ထားခြင်း ဖြစ်ပါသည်။ အတွင်းအဆက်အစပ်များကို လေ့လာရာတွင် “**ခင်ခင်ပျိုရေစောင့်ခဲ့တယ်**” ကဗျာစီးရီးပါ ပုဒ်ရေ ၂၀ ထဲမှ ကဗျာ ၆ ပုဒ်ကို ကောက်နုတ်ရွေးချယ်ကာ ဆန်းစစ်လေ့လာနည်း (Survey Method)ဖြင့် လေ့လာတင်ပြထားပါသည်။ ထိုသို့ **လေ့လာသည့်အခါ (၁) ဝါကျချင်းဆက်စပ်ခြင်း၊ (၂) စကားဆက်များဖြင့်ဆက်စပ်ခြင်း၊ (၃) စကားထပ်ကျေ့ခြင်း**ဟူ၍ အတွင်းအဆက်အစပ်၏ လက္ခဏာရပ်များနှင့် ချိန်ထိုးကာခွဲခြမ်းစိတ်ဖြာဆန်းစစ်နည်း (**Analytical Survey Method**)ဖြင့် အသုံးပြုလေ့လာသွားမည် ဖြစ်ပါသည်။ ထို့ကြောင့် အောင်ချိမ့်၏ခေတ်ပေါ်ကဗျာ ဖွဲ့စည်းတည်ဆောက်မှုသဘောနှင့်အတူ ခေတ်ပေါ်ကဗျာများ၏ သဘောသဘာဝကိုပါတွေ့ရှိရမည့် စာတမ်းတစ်စောင် ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ** အတွင်းအဆက်အစပ်၊ ဝါကျချင်းဆက်စပ်ခြင်း၊ စကားဆက်စပ်ခြင်း၊ စကားထပ်ကျေ့ခြင်း၊ ခေတ်ပေါ်ကဗျာ။

## နိဒါန်း

မြန်မာကဗျာလမ်းကြောင်းတွင် ခေတ်ပေါ်ကဗျာသည် အရှိန်အဟုန်အားကောင်းကောင်းဖြင့်ထိုးဖောက်ဝင်ရောက်လျက်ရှိပါသည်။ ယခုအခါ ခေတ်ပေါ်ကဗျာသည် မြန်မာစာပေလောကတွင် စာပေမှတ်တိုင်တစ်ခုအဖြစ် ထူထောင်နိုင်နေပြီဖြစ်ပါသည်။ ထိုသို့ခေတ်ပေါ်ကဗျာမှတ်တိုင် စိုက်ထူခဲ့ရာတွင် အောင်ချိမ့်၏ ကဗျာများသည် အခြေခံအုတ်မြစ်များသဖွယ် တည်ရှိခဲ့ပါသည်။ အောင်ချိမ့်သည် ခေတ်ပေါ်ကဗျာများကို ၁၉၇၀ ပြည့်နှစ်နောက်ပိုင်းမှစတင်ကာ ကွယ်လွန်သွားချိန်အထိခေတ်ပေါ် ကဗျာတစ်မျိုးတည်းကိုသာ တစ်စိုက်မတ်မတ်ရေးဖွဲ့ခဲ့သူဖြစ်ပါသည်။

အောင်ချိမ့်သည် နှစ်ပေါင်း ၅၀ ခန့် ခေတ်ပေါ်ကဗျာများကိုသာရေးဖွဲ့ခဲ့၍ ၎င်း၏ ကဗျာများသည် အကြောင်းအရာစုံလင်သည်သာမက ရေးဖွဲ့မှုပုံသဏ္ဍာန်လည်း စုံလှပါသည်။ ခေတ်ပေါ်ကဗျာရှည်များနှင့် ကဗျာစီးရီးသဘောဟန်များကို ရေးဖွဲ့တတ်ပြီး နှစ်ကြောင်းရေး ကဗျာများ၊ စကားလုံးတစ်လုံးတည်းသို့မဟုတ်၊ ပုဒ်အဆင့်တစ်မျိုးတည်းကိုသာ စပ်၍ရေးဖွဲ့ သော ကဗျာများကိုလည်း တွေ့ရှိရပါသည်။

ဤစာတမ်းတွင်မူ စိတ်ကူးချိုချိုစာအုပ်တိုက်မှ ၂၀၁၁ ခုနှစ်တွင် မောင်သာနိုး၏ အင်္ဂလိပ်သာဘာပြန်နှင့်အတူ ထုတ်ဝေခဲ့သော ကဗျာစီးရီးသဘောသက်ဝင်သည့် အောင်ချိမ့်၏ **“ခင်ခင်ပျိုရေ စောင့်ခဲ့တယ်”** အမည်ရှိ လုံးချင်းကဗျာစာအုပ်မှ **“ခင်ခင်ပျိုရေ”**၊ **“ခင်ခင်ပျိုရေ မှတ်တမ်း တစ်ရွက်”**၊ **“ခင်ခင်ပျိုရေငါ့အကြောင်း”**၊ **“ခင်ခင်ပျိုရေ ခေတ်အဆက်ဆက် မေတ္တာဖြင့်”**၊ **“ခင်ခင်ပျိုရေ ငါ့ဘဝသမိုင်းတစ်လျှောက်”**နှင့် **“ခင်ခင်ပျိုရေ ချောင်းကြည့်ပေါက်ကလေး”** ဟူသည့်ကဗျာ ၆ ပုဒ်ကို အလေ့လာ

[၁] မြန်မာစာဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်

ခံအဖြစ် သတ်မှတ်ထားပါသည်။ ထိုအလေ့လာခံကဗျာများ၏ အတွင်းအဆက်အစပ် (Cohesion)ကို စိစစ်လေ့လာသွားမည် ဖြစ်ပါသည်။

ထိုသို့လေ့လာရာတွင် အလေ့လာခံကဗျာများ၏အဓိပ္ပာယ်များကို စုံလင်အောင်ဖွင့်ဆိုခြင်းမျိုး ထက် ကဗျာပါအကြောင်းအချက်နှင့် မိမိအသုံးပြုသွားမည့် သီအိုရီများအပေါ်၌သာ အာရုံပြု၍လေ့လာ ဆန်းစစ်သွားမည်ဖြစ်ပါသည်။

## ခေတ်ပေါ်ကဗျာဟူသည်

ခေတ်ပေါ်ကဗျာနှင့်ပတ်သက်၍ **"ကဗျာ့နရီနှင့် နိမိတ်ပုံ"** ၁၉၉၈ စာအုပ်တွင် မြဇင်က-

> **"ခေတ်ကိုကိုယ်စားပြုသော ခေတ်ပေါ်ကဗျာသည် ခေတ်၏အာရုံခံစားမှုတွင် အခြေ တည်ရမည်။ ခေတ်၏အာရုံခံစားပုံကို ဖော်ကျူးရမည်။ ကျွန်ုပ်တို့၏ခေတ်၌ ရေးသား ဖွဲ့ဆိုအပ်သော ကဗျာသည် ကျွန်ုပ်တို့၏ ခေတ်ပေါ်ခံစားပုံကို အခြေပြု၍ ခေတ်ပေါ်ခံစား ပုံကိုဖော်ကျူးမှသာလျှင် ခေတ်ကိုကိုယ်စားပြုသော ခေတ်ပေါ်ကဗျာဖြစ်ပေမည်။" (စာ ၁)**

ဟုဆိုပါသည်။

**"ဇင်နိုးကြူးနှင့် ကဗျာလောက စုစည်းမှု(၆)"** ၂၀၁၄ စာအုပ်တွင် မင်းလူညွန့်ကြူးက -

> **"အခုခေတ်ပေါ်ကဗျာဆိုတာ ဘယ်လိုကဗျာမျိုးလဲဆိုတဲ့ မေးခွန်းကိုဖြေရဖို့ ဖြစ်လာတဲ့ အခါမှာတခြားသူတွေရဲ့ အယူအဆတွေကို ပြောပြလို့ မဖြစ်တော့ပါဘူး။ ကျွန်တော်ရဲ့ အယူအဆကတော့ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားမဟုတ်ပါဘူး။ "ခေတ်ပေါ်" ကဗျာဆိုတာ ဒီကနေ့ခေတ်မှာ ပေါ်လာတဲ့ ကဗျာတွေပဲဆိုတဲ့ အယူအဆပါ။"** (စာ ၁၄၇)

ဟု **"ခေတ်ပေါ်ကဗျာ"**နှင့် ပတ်သက်သော ၎င်း၏အယူအဆကို ရှင်းရှင်းလင်းလင်းချပြခဲ့သည်။ သို့သော် **"ဒီကနေ့ ခေတ်မှာပေါ်လာတဲ့ကဗျာတွေပဲ"** ဟုဆိုရာ၌ ယနေ့ခေတ်တွင် ပေါ်ပေါက်နေသော ကဗျာ အားလုံးကို ဆိုလိုခြင်းမဟုတ်ဘဲ ၎င်းပြောလိုသည့် **"ခေတ်ပေါ်ကဗျာ"**၏ သဘောလက္ခဏာများကို လည်း အောက်ပါအတိုင်း ရှင်းလင်းတင်ပြထားပါသည်။

> **"အဲ့ဒီကဗျာတွေဟာ ဒီကနေ့ ခေတ်ရေးခေတ်ရာတွေရဲ့ အငွေ့အသက်တွေပါရပါမယ်။ ကျွန်တော်တို့စာပေ ဘဏ္ဍာတိုက်မှာ ရှိခဲ့တဲ့ ကဗျာတွေနဲ့ အရေးအဖွဲ့၊ အတွေးအခေါ်၊ ခံစားမှု၊ ဘာသာစကားသုံးနှုန်းမှု စတာတွေမှာ ဖော်ပြနိုင်လောက်တဲ့ ခြားနားမှုရှိရပါ မယ်။ "ဒီကနေ့ခေတ်မှာပေါ်လာတဲ့ ကဗျာတွေပဲ" ဆိုတဲ့ အယူအဆနောက်မှာ ခုနက ပြောခဲ့တဲ့နောက်ဆက်တွဲ သတ်မှတ်ချက်လေးတွေ ရှိနေပါတယ်။"** (ညွန့်ကြူး၊ မင်းလူနှင့် အများ၊ ၂၀၁၄၊ ၁၄၇)

ထို့ကြောင့် မင်းလူညွန့်ကြူး၏ အယူအဆအရ **"ခေတ်ပေါ်ကဗျာ"**ဆိုသည်မှာ အစဉ်အလာကဗျာနှင့် အရေးအဖွဲ့ပုံသဏ္ဌာန်၊ တွေးထောင့်၊ အာရုံခံစားမှု၊ ဘာသာစကားသုံးစွဲမှုမတူဘဲ သိသာလောက်သည့် ခြားနားမှုရှိသည့် ယနေ့ခေတ်တွင် ပေါ်ပေါက်သော ကဗျာများဟု သုံးသပ်လိုပါ သည်။

**သုတေသနရည်ရွယ်ချက်**

ခေတ်ပေါ်ကဗျာများထဲမှ အောင်ချိမ့်၏ခေတ်ပေါ်ကဗျာဖွဲ့စည်းတည်ဆောက်မှု သဘောနှင့်အတူ ခေတ်ပေါ်ကဗျာများ၏ သဘောသဘာဝကိုပါ သိရှိစေရန်ရည်ရွယ်ထားပါသည်။ ထို့ပြင်ခေတ်ပေါ်ကဗျာများနှင့်ပတ်သက်၍ နားမလည်ခြင်း ပြဿနာအချို့ကိုလည်း အတွင်းအဆက်အစပ် လေ့လာမှုမှတစ်ဆင့် တစ်စိတ်တစ်ဒေသ အဖြေရှာနိုင်သည်ကိုပါ သိရှိစေလိုခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဤစာတမ်းသည် ခေတ်ပေါ်ကဗျာများကို စိတ်ပါဝင်စား၍ လေ့လာလိုသူများအတွက် အထောက်အပံ့ဖြစ်စေရန် အလို့ငှာ ရည်သန်ပါသည်။

**သုတေသနမေးခွန်း**

ခေတ်ပေါ်ကဗျာများဖြစ်သော အောင်ချိမ့်၏ **"ခင်ခင်ပျို့ရေ စောင့်ခဲ့တယ်"** ကဗျာများမှ အတွင်းအဆက်အစပ်များကို လေ့လာသည့်အခါ အောက်ပါမေးခွန်းများ ပေါ်ထွက်လာပါသည်။

(၁) ခေတ်ပေါ်ကဗျာတွင် အတွင်းအဆက်အစပ်သည် အရေးပါမှု ရှိမရှိ။/

(၂) မည်သည့်အတွက်ကြောင့် ခေတ်ပေါ်ကဗျာတွင် အတွင်းအဆက်အစပ်များကိုတွေ့ရသနည်း။

(၃) အတွင်းအဆက်အစပ်များသည် ခေတ်ပေါ်ကဗျာကို မည်သို့အထောက်အကူပြုသနည်း။

**သုတေသနပြဿနာ**

အောင်ချိမ့်၏ ခေတ်ပေါ်ကဗျာများကို လေ့လာစိစစ်သည့်အခါ စကားလုံးရိုးရှင်းမှုရှိသော်လည်း အတွေးအခေါ် နက်နက်ပေးထားခြင်း၊ ခေတ်ပေါ်ကဗျာများ၏ဖွဲ့စည်းတည်ဆောက်မှုသဘောအရ ကြောင်းကျိုးချိတ်ဆက်မှုမျိုးထက် ကဗျာဖွဲ့သူ၏အဇ္ဈတ္တကို ထွေပြားစွာဖော်ကျူးထားခြင်းကြောင့် ကဗျာဖွဲ့သူဆိုလိုချင်သည့်သဘောကို တိတိကျကျ ဖမ်းဆုပ်ပြနိုင်ရန် ခက်ခဲလှပါသည်။ ထိုအခက်အခဲသည် ဤစာတမ်းပြုစုရခြင်း၏ ပြဿနာတစ်ရပ်ဖြစ်လာပြီး ယခုသုတေသနမှတစ်ဆင့် ယင်းပြဿနာကို ဖြေရှင်း ဖော်ထုတ်နိုင်ရန် ကြိုးစားသွားပါမည်။

**စာပေလေ့လာဆန်းစစ်ချက်**

အောင်ချိမ့်၏ **"ခင်ခင်ပျို့ရေ စောင့်ခဲ့တယ်"** ကဗျာများကို သုတေသနပြုရာတွင် ပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းများ၊ ခေတ်ပေါ်ကဗျာသဘောတရားဆိုင်ရာ စာအုပ်စာတမ်းများနှင့် သုတေသနစာတမ်းများကို ဖတ်ရှုလေ့လာ၍ ဆန်းစစ်တင်ပြထားပါသည်။

ဤစာတမ်းနှင့်ပတ်သက်၍ သီအိုရီပိုင်းဆိုင်ရာ စာပေလေ့လာဆန်းစစ်ချက်များအဖြစ် မောင်ခင်မင်(ဓနုဖြူ)၏ “**ရေးဟန်ပညာနိဒါန်း**” ၂၀၁၁ စာအုပ်ပါ အတွင်းအဆက်အစပ်သီအိုရီနှင့် အဆိုအမိန့်များကို အခြေပြု၍ လေ့လာတင်ပြထားပါသည်။

ခေတ်ပေါ်ကဗျာ သဘောတရားဆိုင်ရာများနှင့်ပတ်သက်၍ ဒေါက်တာခင်မာသက်၏ “**ခေတ်ပေါ်ကဗျာဖန်တီးသူနှင့် ဖန်တီးမှုအနုပညာ**” ၂၀၂၀ စာအုပ်၊ ဇေယျာလင်းနှင့်အများ၏ “**ခေတ်ပေါ်(မော်ဒန်)ကဗျာစာတမ်းများ**” ၂၀၁၈ စာအုပ်၊ ဇော်ဇော်အောင်၏ “**ဇော်ဇော်အောင်ဖတ်စာ**” ၂၀၁၈ စာအုပ်၊ ဒေါက်တာဇော်နိုင်၏ “**၂၀ရာစု မြန်မာကဗျာများ ပြောင်းလဲဖြစ်တည်လာပုံ**” ၂၀၁၉ စာအုပ်၊ မောင်ပြည့်မင်း၏ “**ခေတ်ပေါ်ကဗျာဆိုင်ရာ စာတမ်းနှစ်စောင်**” ၂၀၁၈ စာအုပ်၊ မျိုးသန့်၏ “**ခေတ်ပေါ်ကဗျာနှင့်စိမ်းစိုသောလမ်းကလေး**” ၂၀၁၉ စာအုပ်နှင့် “**ခေတ်ပေါ်မြန်မာကဗျာဆိုင်ရာစာတမ်း၊ ဆောင်းပါးများနှင့်အင်တာဗျူး**”၂၀၁၉စာအုပ်၊ မောင်သစ်တည်၏ “**မော်ဒန်ကဗျာနှင့်ပတ်သက်၍**” ၂၀၁၈ စာအုပ်၊ သစ္စာနီ၏ “**မြန်မာကဗျာဖြစ်ပေါ်တိုးတက်မှု၊ မော်ဒန်ရှင်းတမ်းနှင့် ပို့စ်ပိုယဲထရီ**” ၂၀၁၉ စာအုပ်၊ အောင်ခင်မြင့်၏ “**ခေတ်ပြိုင်ကဗျာများကိုချဉ်းကပ်ခြင်း**” ၂၀၁၉ စာအုပ်၊ အောင်ဝေး၏ “**ခေတ်ပေါ်ကဗျာဘာလဲဘယ်လဲ**” ၂၀၀၄ စာအုပ်တို့ကို ယခုသုတေသနအတွက် ဖတ်ရှုလေ့လာထားပါသည်။

အောင်ချိမ့်၏ ခေတ်ပေါ်ကဗျာများနှင့်ပတ်သက်၍ အထူးပြုလေ့လာထားသော ပါရဂူကျမ်းများနှင့် မဟာဝိဇ္ဇာကျမ်းများကို မတွေ့ရှိရသေးပါ။ သို့သော် ဒေါက်တာခင်မာသက်၏ ၁၉ ကြိမ်မြောက် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များ စာတမ်းဖတ်ပွဲတွင် တင်သွင်းခဲ့သည့် **“အောင်ချိမ့်၏ ခေတ်ပေါ်ကဗျာဖန်တီးပုံလေ့လာချက်”** ၂၀၁၉ စာတမ်းနှင့် ၂၅ နှစ်ပြည့် ဒဂုံတက္ကသိုလ် အထိမ်းအမှတ် ဘာသာရပ်ဆိုင်ရာစာတမ်းဖတ်ပွဲ၌ ဖတ်ကြားတင်သွင်းခဲ့သည့် **“ဂန္ထဝင်မမကဗျာကို စိစစ်လေ့လာခြင်း”** စာတမ်းများကို တွေ့ရှိရပါသည်။

ထို့ကြောင့် အောင်ချိမ့်၏ခေတ်ပေါ်ကဗျာ ဖွဲ့စည်းတည်ဆောက်မှုသဘောကို လေ့လာဆန်းစစ်လိုသဖြင့် အောင်ချိမ့်၏ **“ခင်ခင်ပျိုရေ စောင့်ခဲ့တယ်”**ကဗျာများရှိ အတွင်းအဆက်အစပ်ကို လေ့လာတင်ပြရခြင်း ဖြစ်ပါသည်။

## နည်းနာ

ဤစာတမ်းကိုသုတေသနပြုရာ၌ နည်းနာတွင် ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသနနည်းနာတို့ကို အသုံးပြုထားပါသည်။

## ပညာရပ်ဆိုင်ရာနည်းနာ

ပညာရပ်ဆိုင်ရာနည်းနာများအဖြစ် ရေးဟန်ပညာရပ်နယ်ပယ်မှ အတွင်းအဆက်အစပ်နည်းနာဖြင့်ချဉ်းကပ်လေ့လာပါသည်။ အတွင်းအဆက်အစပ်နှင့်ပတ်သက်၍ ဤစာတမ်းတွင် အသုံးပြုထားသော သီအိုရီများကို တင်ပြထားပါသည်။

### အတွင်းအဆက်အစပ်

အတွင်းအဆက်အစပ်နှင့်ပတ်သက်၍ မောင်ခင်မင်(ဓနုဖြူ)၏ “**ရေးဟန်ပညာနိဒါန်း**” ၂၀၁၁ စာအုပ်တွင် -

**"အတွင်းအဆက်အစပ်ဆိုရာ၌ စာတစ်ပုဒ်၏ အစိတ်အပိုင်းများ တစ်ခုနှင့်တစ်ခု ဆက်စပ်မှုကို ဆိုလိုခြင်းဖြစ်သည်။ သာဓကအားဖြင့် စကားပြေရေးရာတွင် စကားပြေ ဝါကျများကို စာပိုဒ်အဖြစ်ဆက်စပ်ဖွဲ့စည်းပုံ ကဗျာရေးရာတွင် ကဗျာဝါကျများကို ကဗျာပိုဒ်အဖြစ် ဆက်စပ်ဖွဲ့စည်းပုံတို့သည် အတွင်းအဆက်အစပ် ဖြစ်သည်။"** (စာ ၂၁၈)

ဟု ဖွင့်ဆိုထားပါသည်။

ကတ်တီဝေးလ်၏ **"A Dictionary of Stylistics"** 2011 စာအုပ်တွင် -

**"အတွင်းအဆက်အစပ်ဆိုသည်မှာ စာကြောင်းများ (အသံပိုင်းဆိုင်ရာ၊ သဒ္ဒါနည်း၊ အဘိဓာန်၊ ဝေါဟာရ) ကို ပိုမိုကြီးမားသော ယူနစ်များ (စာပိုဒ်များ၊ အခန်းများ) အဖြစ် ချိတ်ဆက်ပေးခြင်းကို ရည်ညွှန်းသည်။ ဆိုလိုသည်မှာ ၎င်းတို့ကို ပေါင်းစည်းစေခြင်း ဖြစ်သည်။"** (စာ ၆၆)

ဟု ဖွင့်ဆိုထားသည်။

အင်တာနက်ရင်းမြစ်များတွင် အတွင်းအဆက်အစပ်**(Cohesion)**နှင့်ပတ်သက်၍ -

**"အတွင်းအဆက်အစပ်သည် စာသားတစ်ခုသို့မဟုတ်၊ ဝါကျတစ်ခုအတွင်း သဒ္ဒါနှင့် အဘိဓာန်ကို ချိတ်ဆက်ခြင်းဖြစ်ပြီး စာသားများကိုပေါင်းစပ်ကာ အဓိပ္ပာယ်ဖော်ပေး သည်။"** (https://en.m.wikipedia.org)

ဟူ၍လည်းကောင်း၊

**"အတွင်းအဆက်အစပ်ဆိုသည်မှာ ပေါင်းစည်းခြင်း ဖြစ်ပါသည်။ စာရေးရာတွင် အသုံး ပြုရသည့်စကားလုံးများ၊ စကားစုများနှင့်ဝါကျများ ပေါင်းစပ်ကာရှင်းလင်းပြီး စည်းလုံး သောစာသားကို ဖော်ပြနိုင်သည့် အစိတ်အပိုင်းကိုရည်ညွှန်းပါသည်။"**

(https://study.com)

ဟူ၍လည်းကောင်း စိတ်ဝင်စားဖွယ်တွေ့ရှိရပါသည်။

ဘာသာစကားနှင့်စာပေပညာရှင် အိုဈ်မန်(Othman) က **"Arab World English Journal (AWEJ) (2023)"** သုတေသနဂျာနယ်တွင် ကဗျာများရှိအတွင်းအဆက်အစပ်နှင့်ပတ်သက်၍ -

**"ကဗျာတွင်ပါဝင်သော အတွင်းအဆက်အစပ်သည် အများအားဖြင့် ဘာသာစကား ယူနစ်များကို ပေါင်းစည်းစေရန်၊ ထိုသို့ပေါင်းစည်းထားသော ဆက်သွယ်မှုသည်နက်နဲ သော အရင်းခံသဘောကို ဖော်ညွှန်းရာတွင် အထောက်အကူဖြစ်စေပြီး များစွာသော အဓိပ္ပာယ်ဖွင့်ဆိုချက်များအတွက် လိုအပ်သလိုပေါင်းစပ် သုံးနိုင်ရန်နေရာကန့်သတ် ပေးသည်။"** (စာ ၁၇၆)

ဟု ဆိုပါသည်။ ထို့ကြောင့် အတွင်းအဆက်အစပ်သည် ကဗျာဖွဲ့သူဆိုလိုချင်သော အကြောင်းအရာ များကို ဖော်ထုတ်ပေးသော သဘောလည်း ရှိနေပါသည်။

ထိုဖွင့်ဆိုချက်များကို ထောက်ရှု၍ အတွင်းအဆက်အစပ်သည် စာတစ်ပုဒ် သို့မဟုတ်၊ ကဗျာ တစ်ပုဒ်၏ ဖွဲ့စည်းတည်ဆောက်မှုအတွက် အခြေခံအစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး စာရေးသူ ပြောချင်သော

ဆိုလိုချက်များပုံပေါ်လာအောင် ဆက်စပ်ပေးရသောတာဝန်ကို ထမ်းဆောင်ရသည့် သဘောရှိကြောင်း ယူဆရပါသည်။

## သုတေသနနည်းနာ

ဤစာတမ်းတွင် အောင်ချိမ့်၏ခေတ်ပေါ်ကဗျာများရှိ အတွင်းအဆက်အစပ်များ ထွက်ပေါ်လာရေးအတွက် သုတေသနနည်းနာများထဲမှ ဆန်းစစ်လေ့လာနည်း **(Survey Method)**ဖြင့်လည်းကောင်း၊ ခွဲခြမ်းစိတ်ဖြာဆန်းစစ်နည်း **(Analytical Survey Method)**ဖြင့်လည်းကောင်း အသုံးပြုလေ့လာထားပါသည်။

## လေ့လာတွေ့ရှိချက်

ဤအခန်းတွင် အတွင်းအဆက်အစပ်များထဲမှ ဝါကျချင်းဆက်စပ်ခြင်း၊ စကားဆက်များဖြင့် ဆက်စပ်ခြင်းနှင့် စကားထပ်ကျော့ခြင်းဟူ၍ ကဏ္ဍ ၃ ရပ်ကို အခြေတည်ကာ အောင်ချိမ့်၏ "**ခင်ခင်ပျို့ရေ စောင့်ခဲ့တယ်**" ကဗျာများမှ ကဗျာ ၆ ပုဒ်၏ အတွင်းအဆက်အစပ်(Cohesion) ကို ဆန်းစစ်လေ့လာထားပါသည်။

### ဝါကျချင်းဆက်စပ်ခြင်း

ဝါကျချင်းဆက်စပ်ခြင်းနှင့်ပတ်သက်၍ -

> **"အဓိပ္ပာယ်ပေါ်အောင် ဝါကျများတစ်ခုနှင့်တစ်ခု ဆက်စပ်ရေးသားရမြဲဖြစ်သည်။ စာတစ်ပုဒ်လုံး၊ တစ်အုပ်လုံး ပြီးဆုံးအောင် ဝါကျများဆက်စပ်ကာရေးရသည့်အတွက် ဝါကျသည်ဆက်စပ်မှုတွင် အခြေခံကျပါသည်။"**(စာ ၂၁၈)

ဟု **"ရေးဟန်ပညာနိဒါန်း"** ၂၀၁၁ စာအုပ်တွင် မောင်ခင်မင် က ဆိုထားပါသည်။(ဓနုဖြူ)၎င်းအဆိုနှင့် ဆက်စပ်၍ မိမိရည်ရွယ်ထားသည့်**"ခင်ခင်ပျို့ရေ ချောင်းကြည့်ပေါက်ကလေး"** နှင့် **"ခင်ခင်ပျို့ရေ ငါ့ဘဝ သမိုင်းတစ်လျှောက်"**ကဗျာများရှိ ဝါကျချင်းဆက်စပ်မှုသဘောကို လေ့လာ တင်ပြပါမည်။

ပထမဦးစွာ**"ခင်ခင်ပျို့ရေ ချောင်းကြည့်ပေါက်ကလေး"** ကဗျာရှိဝါကျများကို မြင်သာစေရန် အတွက် ဇယားကွက်ဖြင့် လေ့လာတင်ပြပါမည်။

| ဝါကျ | ကဗျာစာသား |
|---|---|
| ၁ | မလိုလို့လည်းမရ လိုလို့လည်းမရ အနုပညာနဲ့ နေ့စဉ် ငါနေခဲ့သလို။ |
| ၂ | ခင်ခင်ပျို့ရေ ငါစောင့်ခဲ့တယ်။ |
| ၃ | ပလက်ဖောင်းအကျယ်ကြီးနဲ့ ငါတို့မြို့ရဲ့ ***လမ်း*** မရှိတော့ပြီ။ |
| ၄ | ***ကုက္ကိုပင်***အကြီးကြီးတွေ မရှိတော့ပြီ။ |
| ၅ | ချောင်းကြည့်ပေါက်ကလေးတစ်ပေါက်ရှိတဲ့ ***အထပ်ခိုးလေး*** မရှိတော့ပြီ။ |
| ၆ | ခင်ခင်ပျို့ရေ ငါစောင့်ခဲ့တယ်။ |
| ၇ | ပြိုင်တူ ကတုန်ကယင် ဖြစ်ရတဲ့ ***အသက်အရွယ်*** မရှိတော့ပြီ။ |
| ၈ | ခင်ခင်ပျို့ရေ ငါစောင့်ခဲ့တယ်။ ။ |

(စာ ၃၃၂)

ဤကဗျာတွင် ဝါကျ ၈ ခုပါသည်ကို တွေ့ရပါသည်။ **"လမ်း"၊ "ကုက္ကိုပင်"၊ "အထပ်ခိုးလေး" နှင့် "အသက်အရွယ်"** ဟူသော ကဗျာပစ္စည်းများသည် ကဗျာဖွဲ့သူ၏ ပတ်ဝန်းကျင်ပြောင်းလဲရွှေ့လျားနေမှုကို ဖော်ညွှန်းကာ ဝါကျတစ်ခုစီကို ချိတ်ဆက်ပြသွားပါသည်။ ဝါကျ ၂၊ ၆ နှင့် ၈ တို့သည် တူညီသည့် အကြောင်းအရာကိုသာ ဖွဲ့စည်းတည်ဆောက်ထားရာ အကြောင်းအရာအားဖြင့် အပြည့်အဝဆက်စပ်ပြီးသား ဖြစ်နေသည်ဟု ယူဆဖွယ်ရှိပါသည်။ ထို့အတွက် ကဗျာဖွဲ့သူ၏ စောင့်စားနေသည့်သဘောကို ထင်ရှားစေကြောင်း သုံးသပ်ရပါသည်။ ကဗျာတစ်ပုဒ်လုံးသည်လည်း အပြောဝါကျများ သုံးထားခြင်းကြောင့် ပေါ့ပေါ့ပါးပါး ရှိလာပါသည်။

**"ခင်ခင်ပျိုရေ ငါ့ဘဝသမိုင်းတစ်လျှောက်"** ကဗျာမှ ဝါကျချင်းဆက်စပ်ခြင်းကို လေ့လာရာ၌ ကဗျာ တစ်ပုဒ်လုံးကို ဇယားဖြင့် တင်ပြသွားမည် ဖြစ်ပါသည်။

| ဝါကျ | ကဗျာစာသား |
|---|---|
| ၁ | ***ဂူကြီးထဲက မီးတုတ်ကိုင်*** ထွက်လာသလို ငါစောင့်ခဲ့တယ်။ |
| ၂ | ***သမိုင်း***ဆိုတာနှေးချင်နှေးပြီး မြန်ချင်လည်း မြန်တတ်တယ်။ |
| ၃ | ***မီးရထားဘူတာရုံ***မှာ ရထားစောင့်သလို ငါစောင့်ခဲ့တယ်။ |
| ၄ | "ပါလာမလား မပါဘူးလား" ခင်ခင်ပျိုရေ ငါစောင့်ခဲ့တယ်။ ။ |

(စာ ၃၁၀)

ဤကဗျာကို ဝါကျ ၄ ခုဖြင့်သာ တိုတိုကျဉ်းကျဉ်းတည်ဆောက်ထားသည်ကို တွေ့ရမည် ဖြစ်ပါသည်။ အကြောင်းအရာအားဖြင့်မူ ကဗျာဖွဲ့သူ၏ စောင့်စားမှုသဘောကို အကျယ်တဝင့်ပြချင်ဟန်တူပါသည်။ ထို့အတွက် **"ဂူကြီးထဲက မီးတုတ်ကိုင်"** ဟူသော ကမ္ဘာဦးမြင်ကွင်း၊ **"သမိုင်း"** ဟူသော အတိတ်ဖြစ်စဉ်၊ **"မီးရထားဘူတာရုံ"** ဟူသော မျက်မှောက်ခေတ်မြင်ကွင်း တို့ဖြင့် ဝါကျတစ်ခုစီ၏ အနက်များကို ချိတ်ဆက်ပြသွားပါသည်။ နောက်ဆုံးဝါကျ ၄ သို့ ရောက် သည့်အခါ အမေးသဘောဆန်ဆန်ဖြင့် ဝါကျ ၁ မှ ၃ အထိ ဆိုလိုချက်ကို ဆက်စပ်ပြထားပါသည်။ ထို့ကြောင့် ကဗျာ၏မျက်မြင်ပုံစံမှာ တိုတောင်းသည်ဟုထင်ရသော်လည်း အကြောင်းအရာအားဖြင့် ကျယ်ပြန့်လာမှုသည် ဝါကျတစ်ခုစီ ၏ပေါင်းစည်းဆက်စပ်နိုင်စွမ်းနှင့်အတူ ထိထိမိမိချိတ်ဆက် သွားနိုင်ခြင်းကြောင့်ဟု ယူဆရပါသည်။

**စကားဆက်များဖြင့် ဆက်စပ်ခြင်း**

စကားဆက်များဖြင့် ဆက်စပ်ခြင်းသည် -

"**စကားဆက်များက ရှေ့နောက်အဆက်အစပ်ထင်ရှားအောင် ဖော်ညွှန်းပါသည်။**" (စာ ၂၂၇)

ဟု **"ရေးဟန်ပညာနိဒါန်း"** ၂၀၁၁ စာအုပ်တွင် မောင်ခင်မင် က(ဓနုဖြူ)ဆိုထားပါသည်။ ၎င်းအဆိုနှင့် ဆက်စပ်၍ မိမိရည်ရွယ်ထားသည့်**"ခင်ခင်ပျိုရေ ငါ့အကြောင်း"**နှင့် **"ခင်ခင်ပျိုရေ ခေတ်အဆက်ဆက်ဖြင့် မေတ္တာဖြင့်"**ကဗျာများရှိ စကားဆက်များဖြင့်ဆက်စပ်ထားမှုကို လေ့လာ တင်ပြပါမည်။

ပထမဦးစွာ **"ခင်ခင်ပျိုရေ ငါ့အကြောင်း"** ကဗျာရှိ စကားဆက်များကို ထုတ်နုတ်ပြပါမည်။

ကဗျာမှာ -

| **ဝါကျ** | **စာသား** | **စကားဆက်** |
|---|---|---|
| ၁ | ငါတို့နေနေသော နေ့ရက်များဟာ အံ့ဩစရာ။ | |
| ၂ | အလိုမပြည့်ရင်းနဲ့ ထပ်၍ထပ်၍ အလိုရှိခဲ့ကြ။ | |
| ၃ | ဒါကြောင့် ခင်ခင်ပျိုရေ ငါစောင့်ခဲ့တယ်။ | ဒါကြောင့် |
| ၄ | ငါတို့ကစားခဲ့ကြ၊ ငါတို့ ကစားကြည့်ခဲ့ကြ။ | |
| ၅ | ပြီး ဒါဟုတ်ရဲ့လား၊ ပြီး ဘာတွေဖြစ်လာမလဲ။ | |
| ၆ | အချစ်ဆိုတာမှာပဲ နစ်နာစရာရှိလာတယ်။ | |
| ၇ | ဘဝမှာ ဒဏ်ရာအနာတရ အမာရွတ်တွေ ထပ်ထပ်တိုးလာတယ်။ | |
| ၈ | တက်တူးထိုးဖို့ လိုဦးမလား။ | |
| ၉ | ဒါကြောင့် ခင်ခင်ပျိုရေ ငါစောင့်ခဲ့တယ်။ ။ | ဒါကြောင့် |

(စာ ၃၁၆)

ဤကဗျာတွင် ကဗျာဖွဲ့သူသည် ခင်ခင်ပျိုကိုစောင့်ရသည်(အကျိုးတရား)မှာ လောက၌ အသက်ရှင်နေထိုင်ရင်း လိုလားတောင့်တချက်များသည် ပြည့်ဝသည်မရှိ အမြဲလိုအပ်သည့် အကြောင်းတရားကြောင့် ဖြစ်ကြောင်းကို **“ဒါကြောင့်”**ဟူသော စကားဆက်ဖြင့် ဆက်စပ်ပြသွားသည်။ ရှေ့ကဖြစ်သည့် အကြောင်းအချက်နှင့် ပေါင်းဖြည့်ပေးသောအချက်ကို ဖော်ပြဆက်စပ်သွားသော အသုံးဟုယူဆနိုင်ပါသည်။ ကဗျာ၏နောက်ဆုံးဝါကျတွင်လည်း အရှေ့၌ရေးဖွဲ့သော အကြောင်းတရားများသည် ခင်ခင်ပျိုကိုစောင့်ရခြင်း အကျိုးတရားဖြစ်လာသည်ကို **“ဒါကြောင့်”** ဟူသော စကားဆက်ဖြင့် ထပ်မံသုံးစွဲသွားပါသည်။ ထို့အတွက် ကဗျာပါအကြောင်းအကျိုး ဆက်စပ်မှုများသည် ပို၍ခိုင်မာလာကြောင်း သုံးသပ်ရပါသည်။

**“ခင်ခင်ပျိုရေ ခေတ်အဆက်ဆက်ဖြင့် မေတ္တာဖြင့်”** ကဗျာတွင်လည်း စကားဆက်အသုံးများကို တွေ့ရမည်ဖြစ်ပါသည်။ ခင်ခင်ပျိုနှင့်ကဗျာဖွဲ့သူသည် အရာရာတူညီမှုရှိနေပါသည်။ ကောင်းမှု၊ မကောင်းမှုများလည်းတူညီနေသည့်အတွက် သံသရာတွင်ဆုံတွေ့ရခြင်းဖြစ်ပါသည်။ ဆုံတွေ့ရန်လည်း လိုအပ်လှသည်။ သို့သော်အခက်တွေ့နေကြရပါသည်။ ထိုသို့ဖြင့်စာဆိုသည် အခက်ခဲများကြားကပင် စောင့်စားနေသည့်အကြောင်းကို ရေးဖွဲ့ထားလေသည်။ ကဗျာမှာ -

| **ဝါကျ** | **စာသား** | **စကားဆက်** |
|---|---|---|
| ၁ | ငါ့ကိုမျက်မှန်တပ်လိုက်ရင် သူ့ကိုမျက်မှန်ချွတ်လိုက်ရင် ငါတို့နှစ်ယောက်ဟာ တူလွန်းလေစွ | |
| ၂ | မင်းနဲ့ငါ တူလွန်းလေစွ | |
| ၃ | ပါလာသည့်ကောင်းမှု မကောင်းမှု တူလွန်းလေစွ | |
| ၄ | ဒါကြောင့်သာ ဒီသံသရာမှာ ငါတို့ ဆုံတွေ့ခဲ့ကြ | ဒါကြောင့်သာ |

| ဝါကျ | စာသား | စကားဆက် |
|---|---|---|
| ၅ | ဆုံတွေ့ဖို့ တကယ်လိုခဲ့ကြ | |
| ၆ | ခင်ခင်ပျို့ရေ ငါတို့တူလွန်းလေစွ | |
| ၇ | အခက်အခဲတွေ ခက်ခဲခဲ့ကြ | |
| ၈ | တကယ်မခက်ခဲဘဲ ခက်ခဲခဲ့ကြ | |
| ၉ | တကယ်ခက်၍လည်း ခက်ခဲခဲ့ကြ | |
| ၁၀ | အဲဒီမှာ ခင်ခင်ပျို့ရေ ငါစောင့်ခဲ့တယ်။ ။ | အဲဒီမှာ |

(စာ ၃၂၀)

ဤကဗျာတွင် ကဗျာဖွဲ့သူသည် ခင်ခင်ပျို့နှင့်ဆုံတွေ့ရသည့် အကြောင်းအရင်းခံများကို ဦးစွာ ဖော်ပြပါသည်။ ထိုအချက်များကြောင့်သာ ခင်ခင်ပျို့နှင့် ဆုံတွေ့ရခြင်းဖြစ်ကြောင်းကို **"ဒါကြောင့်သာ"** ဟူသော ကြောင်းကျိုးဆက်စပ်ပြသော စကားဆက်ဖြင့် ဖော်ညွှန်းသွားပါသည်။ ထိုအခါကဗျာဖွဲ့သူ ဆိုလို ချင်သောသဘောကို စာဖတ်သူမှာ ရိုးရိုးရှင်းရှင်းဖြင့် သိနားလည်ခွင့် ရစေနိုင်သည်ဟု ယူဆရပါသည်။

ကဗျာကို အဆုံးသတ်သည့်အခါ အခက်ခဲများကြားထဲကပင် ခင်ခင်ပျို့ကို စောင့်နေခဲ့ ကြောင်းကို **"အဲဒီမှာ"** ဟူသည့် ဖြစ်ပျက်သည့်နေရာရှေ့နောက်ဖြင့် ဖော်ပြဆက်စပ်ပေးထားပါသည်။ ကဗျာဖွဲ့သူ သည် ကဗျာတစ်ပုဒ်လုံး၏အာဘော်ဖြစ်သည့် စောင့်စားနေခြင်းကို ရည်ညွှန်းလိုခြင်းဖြစ်ကာ **"အဲဒီမှာ"** ဟူသော စကားဆက်ဖြင့် ထင်ရှားအောင်ပြသွားနိုင်ကြောင်း သုံးသပ်ရပါသည်။

**စကားထပ်ကျေ့ခြင်း**

စကားထပ်ကျေ့ခြင်းနှင့် ပတ်သက်၍ -

> **"စကားထပ်ကျေ့ခြင်းသည် အဆက်အစပ်ထင်ရှားစေသော နည်းနာတစ်ခုလည်း ဖြစ်ပါသည်။ စကားလုံးတစ်လုံးကိုဖြစ်စေ၊ ပုဒ်တစ်ခုကိုဖြစ်စေ၊ ဝါကျ တစ်ခုကို ဖြစ်စေ ထပ်ကျေ့သုံးထားသော အရေးအဖွဲ့များတွင် ထိုထပ်ကျေ့သော စကားများကို စာဖတ် သူက ဆက်စပ်အာရုံပြုမိတတ်သည့်အလျောက် ဆက်စပ်မှုထင်ရှားလာရပါသည်။"**
> (စာ ၂၂၈)

ဟု "**ရေးဟန်ပညာနိဒါန်း**" ၂၀၁၁ စာအုပ်တွင် မောင်ခင်မင်(ဓနုဖြူ)က ဆိုထားပါသည်။ ၎င်း အဆိုနှင့်ဆက်လျဉ်း၍ မိမိရည်ရွယ်ထားသည့် "**ခင်ခင်ပျို့ရေ မှတ်တမ်းတစ်ရွက်**"နှင့် "**ခင်ခင်ပျို့ရေ**" ကဗျာများရှိ ထပ်ကျေ့အသုံးများကို လေ့လာတင်ပြပါမည်။

ပထမဦးစွာ **"ခင်ခင်ပျို့ရေ မှတ်တမ်းတစ်ရွက်"** ကဗျာရှိ ထပ်ကျေ့အသုံးများကို ထုတ်နုတ် တင်ပြပါမည်။ ကဗျာမှာ -

| ဝါကျ | စာသား | ထပ်ကျေ့အသုံး |
|---|---|---|
| ၁ | မိုးညို့ညို့အောက် ဖြတ်လျှောက်ခဲ့ပြီး မှောင်ခဲ့တယ် | မှောင်ခဲ့တယ် |
| ၂ | တံတားအောက် ဖြတ်လျှောက်ခဲ့ပြီး မှောင်ခဲ့တယ် | မှောင်ခဲ့တယ် |

| **ဝါကျ** | **စာသား** | **ထပ်ကျော့အသုံး** |
|---|---|---|
| ၃ | မှောင်ခဲ့တယ်၊ မှောင်ခဲ့တယ် မှောင်ခဲ့တယ် | မှောင်ခဲ့တယ်၃ကြိမ်ကျော့ |
| ၄ | ငါဟာလည်း ဘာမို့လဲ မှောင်ခဲ့တယ် | မှောင်ခဲ့တယ် |
| ၅ | အဝီစိက ခုမှ တက်လာသလို မှောင်ခဲ့တယ် | မှောင်ခဲ့တယ် |
| ၆ | ငါ့ကိုယ်မှာ အဲဒီအမှောင်နဲ့စွဲလို့ ဒီဘဝမှာ ဒီမှာ မင်းကိုယ်နဲ့ ကို ငါ တောင့်တလို့ | |
| ၇ | ခင်ခင်ပျိုရေ ငါစောင့်ခဲ့တယ်။ ။ | |

(စာ ၃၁၂)

ကဗျာတွင် **“မှောင်ခဲ့တယ်”**ဟူသော စကားလုံးသည် ကဗျာသော့ချက်စကားလုံး ဖြစ်ပါသည်။ ထိုသော့ချက်စကားလုံးကို ထပ်ကာထပ်ကာ သုံးထားခြင်းကြောင့် ကဗျာဖတ်သူ၏ အာရုံထဲတွင် ကဗျာဖွဲ့သူ၏ ဘဝအမှောင်ကျနေသည့်ခံစားမှုကို ထင်ရှားလာစေသည်ဟု ယူဆရပါသည်။ တစ်ဆက်တည်း ကဗျာတစ်ပုဒ်လုံးတွင် သော့ချက်စကားလုံးများကို ထပ်ကျော့(ဖြန့်ကြက်) ထားသည့်အတွက် အဆက်အစပ် ချောမွေ့ထင်ရှားမှု ရှိလာနိုင်သည်ဟု ယူဆဖွယ်ရှိပါသည်။ ကဗျာပါအကြောင်းနှင့် ကဗျာဖွဲ့သူ၏ ဆိုလိုချက်ကိုလည်း မြင်သာထင်သာအောင် စွမ်းဆောင်နိုင်သည့် စကားလုံးတူ ထပ်ကျော့ခြင်းပင် ဖြစ်ကြောင်း သုံးသပ်ရပါသည်။

ဆက်လက်၍ **“ခင်ခင်ပျိုရေ”** ကဗျာရှိ ထပ်ကျော့အသုံးများကို လေ့လာရာ၌ ကဗျာစာပိုဒ်များ မြင်သာ စေရန်အတွက် ဇယားကွက်ဖြင့် တင်ပြမည် ဖြစ်ပါသည်။

| **စာပိုဒ်** | **ဝါကျ** | **စာသား** | **ထပ်ကျော့အသုံး** |
|---|---|---|---|
| ၁ | ၁ | ဝိသေသနပုဒ်က ဒီအတိုင်း/ စာသားကဒီအတိုင်း/ တရားက တရားအတိုင်း/ အမှားက အမှားအတိုင်း | |
| | ၂ | ခင်ခင်ပျိုရေ ငါစောင့်ခဲ့တယ် | စောင့်ခဲ့တယ် |
| ၂ | ၃ | မိုးတစ်ပေါက်တင်ပြီး စိန်လိုလက်နေတဲ့ ဇီဇဝါပန်းများ မွေးခဲ့လို့ ငါ့စိတ်ထိန်းနိုင်ခဲ့/ မိုးတဖြောက်ဖြောက် နေ့တွေ ကုန်လွန်နိုင်ခဲ့ | |
| | ၄ | ခင်ခင်ပျိုရေ ငါစောင့်ခဲ့တယ် | စောင့်ခဲ့တယ် |
| ၃ | ၅ | မဖြောင့်ဖြူးခြင်းအချစ်စစ်ကို အနှစ်တစ်ရာ သစ္စာဖွဲ့ ငါစောင့်ခဲ့တယ် | စောင့်ခဲ့တယ် |
| | ၆ | ခင်ခင်ပျိုရေ စောင့်ခဲတယ်။ ။ | စောင့်ခဲ့တယ် |

(စာ ၃၀၈)

ဤကဗျာကို ကဗျာဖွဲ့သူသည် ကဗျာပိုဒ်ရေ ၃ ပိုဒ်ဖြင့် တည်ဆောက်ထားသည်ကို တွေ့ရမည် ဖြစ်ပါသည်။ တစ်ပိုဒ်စီ၏အဆုံးသတ်များတွင် **“စောင့်ခဲ့တယ်”**ဟူသော စကားဖြင့်သာ ထပ်ကျော့ထားပါ သည်။ အရာရာသည် အတိုင်းသားရှိနေပါသည်။ လွမ်းဆွေးဖွယ်ကောင်းလှသည့် မိုးရာသီကို ကျော်လွန် နိုင်ခဲ့ပါသည်။ အချစ်ခရီးလမ်းမဖြောင့်ဖြူးသည့်တိုင်အောင် အနှစ်တစ်ရာ သစ္စာထား၍ စောင့်နေခဲ့သည်

ကို တစ်ဆင့်ပြီးတစ်ဆင့်ပြောကာ အကြိမ်ကြိမ်ပြောနေဟန် ပေါ်လွင်လာအောင် အဆုံးပိုဒ်များရှိ ထပ်ကျော့စကားလုံးများက ချိတ်ဆက်ဖော်ပြနေသည်ဟု သုံးသပ်ရပါသည်။

ထို **"စောင့်ခဲ့တယ်"** ဟူသောစကားလုံးသည် ကဗျာ၏သော့ချက်စကားလုံးလည်းဖြစ်ပြီး အကြိမ်ကြိမ်ထပ်၍ သုံးထားခြင်းကြောင့် ကဗျာဖွဲ့သူ၏ စောင့်စားနေရမှုကို ပီပြင်သွားစေသည်ဟု ယူဆရပါသည်။ အဆုံးကျော့စကားလုံးများဖြစ်သည့်အားလျော်စွာ အဆက်အစပ် ထင်ရှားစေသည့်အပြင် နှစ်သက်ဖွယ်လည်း ဖြစ်ကြောင်း သုံးသပ်ရပါသည်။

## သုံးသပ်ချက်

ဤအခန်းတွင် သုတေသနပြဿနာအတွက် အဖြေရှာဖော်ထုတ်ထားသော လေ့လာတွေ့ရှိချက်များအားလုံးကို ခြုံငုံသုံးသပ်တင်ပြပြီး သုတေသနမေးခွန်းများနှင့် ရရှိလာသော သုတေသန ရလဒ်တို့ ကိုက်ညီမှုရှိမရှိကို ဆန်းစစ်တင်ပြထားပါသည်။ ထို့နောက် ဆက်လက်ဆောင်ရွက်နိုင်မည့် သုတေသန ကိစ္စရပ်များကို အကြံပြုတင်ပြထားပါသည်။ ဤစာတမ်း၏ရည်ရွယ်ချက်များဖြစ်သော အောင်ချိမ့်၏ ခေတ်ပေါ်ကဗျာဖွဲ့စည်းတည်ဆောက်မှု သဘောနှင့် ခေတ်ပေါ်ကဗျာများနှင့်ပတ်သက်၍ နားမလည်ခြင်း ပြဿနာအချို့ကို အတွင်းအဆက် အစပ်**(Cohesion)** လေ့လာမှုမှတစ်ဆင့် တစ်စိတ်တစ်ဒေသ အဖြေရှာနိုင်ရန်အတွက် ကြိုးစားလေ့လာ ခဲ့ပါသည်။

ထိုအခါ အလေ့လာခံကဗျာများဖြစ်သော **"ခင်ခင်ပျိုရေချောင်းကြည့်ပေါက်ကလေး"**နှင့် **"ခင်ခင်ပျိုရေ ငါ့ဘဝသမိုင်းတစ်လျှောက်"** ကဗျာတွင် အဓိပ္ပာယ်အားဖြင့်ဝေးကွာမှုရှိနေသော ဝါကျများကို ဆက်စပ်အနက်များဖော်နိုင်သော သော့ချက်စကားလုံးများမှတစ်ဆင့် ဝါကျ တစ်ခုနှင့်တစ်ခု ဆက်စပ်ပြသွားပါသည်။ ထိုသို့**ဝါကျချင်းဆက်စပ်ခြင်း**သည် ကဗျာအတွင်းရှိ ကဗျာဖွဲ့သူ ဆိုလိုချင်သော သဘောကိုမြင်သာလာစေရန် အထောက်အကူပြုနေကြောင်း ယူဆဖွယ်ရှိပါသည်။ ဤနေရာတွင်ခေတ်ပေါ် ကဗျာများဖြစ်သည့်အားလျော်စွာ စာဖတ်သူပါဝင်အားထုတ်မှုလိုသော အချက်ကိုလည်း တွေ့ရှိရပါသည်။

စကားဆက်များ ဆက်စပ်မှုသဘောနှင့်ပတ်သက်၍ **"ခင်ခင်ပျိုရေငါ့အကြောင်း"**နှင့် **"ခင်ခင်ပျိုရေ ခေတ်အဆက်ဆက်ဖြင့် မေတ္တာဖြင့်"** ကဗျာတွင် အကျိုးတရားသည် အကြောင်း တရားအား အခြေခံသည်ကို သက်သေခံရန်အတွက် စကားဆက်များဆက်စပ်မှုသဘောကိုသုံး၍ ဖွဲ့စည်းတည်ဆောက်ထားကြောင်းယူဆရပါသည်။ **စကားဆက်များဖြင့်ဆက်စပ်ခြင်း**ကြောင့် ကဗျာဖွဲ့သူဆိုလိုချင်သော သဘောကို ရှေ့နောက်ဆီလျော်စွာ တင်ပြလာနိုင်ပြီး ယုတ္တိတန်သော ကဗျာသဘောသက်ဝင်လာအောင် အထောက်အကူပြုလာနိုင်ကြောင်း သုံးသပ်ရပါသည်။

**"ခင်ခင်ပျိုရေ မှတ်တမ်းတစ်ရွက်"** နှင့်**"ခင်ခင်ပျိုရေ"** ကဗျာရှိ စကားထပ်ကျော့အသုံးများကိုလည်း လေ့လာတင်ပြခဲ့ပါသည်။ အကြောင်းအရာတစ်ခုတည်းကို အကြိမ်ကြိမ်ကျော့၍ ပြောနေခြင်း၊ အကြောင်းတစ်ခုတည်းကို အမျိုးမျိုးလှည့်၍ပြောနေခြင်း၊ အကြောင်းအရာ ပြီးဆုံးပြီဟုထင်ပြီးမှ ပြန်၍ အစဖော်လာခြင်း သဘောတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းကြောင့် ကဗျာပါအကြောင်း အရာများနှင့် ကဗျာဖွဲ့သူ၏ဆိုလိုချက်ကို စာဖတ်သူသည် ဆက်စပ် အာရုံပြုမိလာစေသည်ဟု ယူဆရပါသည်။ အာရုံပြုနိုင်မှု အားကောင်းလာသည်နှင့်အမျှ အာရုံခံစားနိုင်မှုတို့သည်လည်း ဖြစ်ထွန်းလာပါသည်။

ထိုအခါကဗျာတွင် **စကားထပ်ကျော့ခြင်း**သည် ကဗျာဖွဲ့သူ ဆိုလိုချင်သည့်သဘောကို ဆက်စပ်မိစေရုံ သာမက အာရုံခံစားမှုဖြစ်စဉ်ကိုပါ အထောက်အကူ ပေးနိုင်ကြောင်း သုံးသပ်ရပါသည်။

ထိုသို့ အောင်ချိမ့်၏ ကဗျာ ၆ ပုဒ်တွင် အတွင်းအဆက်အစပ်များဖြစ်သည့် ဝါကျချင်းဆက်စပ်ခြင်း၊ စကားဆက်များဖြင့်ဆက်စပ်ခြင်းနှင့် စကားထပ်ကျော့ခြင်းတို့ကို အသုံးပြုမှုသည် **ခေတ်ပေါ်ကဗျာ ဖွဲ့စည်းတည်ဆောက်မှုသဘောအရ ပိုင်းစိတ်မြွာခြင်း (Fragmentations) သဘောဆောင်နေခြင်းကြောင့်ဟုယူဆရပါသည်။ အဘယ်ကြောင့်ဆိုသော် လောကတွင်နိစ္စဓူဝလှုပ်ရှား ရုန်းကန်မှုများ၌ ဘစ်(စ်)ကားစောင့်ရခြင်း၊ တစ်ဦးနှင့်တစ်ဦးစောင့်ရခြင်း၊ အချိန်များကိုစောင့်ရခြင်း၊ နောက်ဆုံးတစ်ခါတစ်ရံ သေခြင်းတရားကိုပင် စောင့်ရခြင်းဟူသော စောင့်စားရခြင်း အပိုင်းအစများကို ကဗျာတွင် ပေါင်းစည်း ရေးဖွဲ့ထားသောကြောင့် ဖြစ်သည်ဟု သုံးသပ်ရပါသည်။**

၎င်းအပိုင်းအစများကို စာဖတ်သူအားထုတ်မှုမှတစ်ဆင့် ပေါင်းစပ်အဖြေရှာနိုင်သကဲ့သို့ အတွင်းအဆက်အစပ်များဖြင့် ဖော်ထုတ်ဆန်းစစ်ကြည့်သည့်အခါတွင်လည်း ကဗျာပါအကြောင်းအရင်းများနှင့် ကဗျာဖွဲ့ သူ၏အတွေး၊ ဆိုလိုမှုသဘောတို့သည် ထင်ရှားလာနိုင်ပါသည်။ **အတွင်းအဆက်အစပ် (Cohesion)သည် ကဗျာဖွဲ့သူ ဆိုလိုချင်သောသဘောကို ဖမ်းဆုပ်ရန်အတွက် အထောက်အကူပေးနေပြီး ခေတ်ပေါ်ကဗျာ ဖွဲ့စည်းတည်ဆောက်ရာတွင် အရေးပါသည့် နည်းစနစ် ဖြစ်ကြောင်း သုံးသပ်ရပါသည်။**

## နိဂုံး

သုတေသနတစ်ခုပြုရာတွင် သတ်မှတ်ထားသည့် အချိန်အတိုင်းအတာအရ စနစ်တကျလေ့လာနိုင်မည့် အခြေအနေတစ်ရပ်ကိုရွေးချယ်၍ သုတေသနပြုရပါသည်။ ထိုသို့သုတေသနပြုသည့် ကာလတစ်လျှောက်တွင် ယခုသုတေသနနှင့်ပတ်သက်၍ အောင်ချိမ့်၏ အခြားသောခေတ်ပေါ်ကဗျာ ဖွဲ့စည်းတည်ဆောက်မှုသဘောများ၊ ခေတ်ပေါ်ကဗျာလောကတွင် ထင်ရှားသည့် ကဗျာဖွဲ့သူတို့၏ ကဗျာဖွဲ့စည်းတည်ဆောက်မှုသဘောများကို လေ့လာဆန်းစစ်ခြင်းနှင့် နှိုင်းယှဉ်မှုများဆောင်ရွက်နိုင်ကြောင်းကို တွေ့ရှိခဲ့ရပါသည်။ သို့ဖြစ်၍ ခေတ်ပေါ်ကဗျာ၏ ဖွဲ့စည်းတည်ဆောက်မှု သဘောများကို သက်ဆိုင်ရာ သုတေသနနယ်ပယ်များ ကန့်သတ်ကာ ဆက်လက် သုတေသနပြုနိုင်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

ဤသို့လျှင် အောင်ချိမ့်၏ **"ခင်ခင်ပျိုရေ စောင့်ခဲ့တယ်"** ကဗျာများမှ ကဗျာ ၆ ပုဒ်ရှိ အတွင်းအဆက်အစပ် **(Cohesion)**ကို ဖော်ထုတ်လေ့လာခဲ့ပြီးဖြစ်ပါသည်။ ထိုသို့လေ့လာခြင်းဖြင့် ခေတ်ပေါ်ကဗျာများ၏ ဖွဲ့စည်းတည်ဆောက်မှုတွင် အသုံးပြုသော နည်းစနစ်များရှိနေကြောင်း ယူဆရပါသည်။ ထို့ပြင် ခေတ်ပေါ်ကဗျာများ၏ နားမလည်မှုပြဿနာအချို့ကိုလည်း တစ်စိတ်တစ်ဒေသ ဖော်ထုတ်အဖြေရှာနိုင်ခဲ့ကြောင်းသုံးသပ်ရပါသည်။ ထို့ကြောင့်ဤစာတမ်း၏ သုတေသနရလဒ်များသည် ခေတ်ပေါ်ကဗျာ လေ့လာမှုများအတွက် များစွာသောအကျိုးပြုနေမည်ဟု ယုံကြည်ပါသည်။

# ကျမ်းကိုးစာရင်း


**မြန်မာဘာသာ**

ကလောင်စုံ၊ (၂၀၁၄)။ ***ဇင်နိုးကြူးနှင့် ကဗျာလောက (၆)***။ ရန်ကုန်၊ နှစ်ကာလများစာပေ။

ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၁၁)။ ***ရေးဟန်ပညာနိဒါန်း*** ။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

မြဇင်၊ (၁၉၉၈)။ ***ကဗျာ့နရီနှင့် နိမိတ်ပုံ*** (ဒုတိယအကြိမ်)။ ရန်ကုန်၊ မုံရွေးစာအုပ်တိုက်။

အောင်ချိမ့်။ (၂၀၁၆)။ ***မင်းကအောင်ချိမ့်လား*** ။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

**အင်္ဂလိပ်ဘာသာ**

Ahlam Ahmed Mohamed Othman. (2023, May). Cohesion and Coherence for Poetry Interpretation and Translation. ***AWEJ for Translation & Literary Studies, Volume 7.***

Wales, Katie. (2011). ***A Dictionary of stylistics*** (Third Edition). London and New York: Routledge Taylor & Francis Group.

**အင်တာနက်အကိုးအကား**

Bethany Calderwood and Margaret Stone (2023, November 21). ***Cohesion in Writing/Definition, Elements & Examples.*** (https://study.com)

Wikipidea (2022, 1st December). ***Cohesion (linguistics).*** (https://en.m.wikipedia.org)

## နောက်ဆက်တွဲဖော်ပြချက်များ
## နောက်ဆက်တွဲဖော်ပြချက် (က)
## အလေ့လာခံကဗျာများ

**“ခင်ခင်ပျိုရေချောင်းကြည့်ပေါက်ကလေး”**
မလိုလို့လည်း မရ
လိုလို့လည်း မရ
အနုပညာနဲ့ နေ့စဉ် ငါနေခဲ့သလို။
ခင်ခင်ပျိုရေ ငါစောင့်ခဲ့တယ်။
ပလက်ဖောင်းအကျယ်ကြီးနဲ့ ငါတို့မြို့ရဲ့ ***လမ်း*** မရှိတော့ပြီ။
***ကုက္ကိုပင်***အကြီးကြီးတွေ မရှိတော့ပြီ။
ချောင်းကြည့်ပေါက်ကလေးတစ်ပေါက်ရှိတဲ့ ***အထပ်ခိုးလေး*** မရှိတော့ပြီ။
ခင်ခင်ပျိုရေ ငါစောင့်ခဲ့တယ်။
ပြိုင်တူ ကတုန်ကယင် ဖြစ်ရတဲ့ ***အသက်အရွယ်*** မရှိတော့ပြီ။
ခင်ခင်ပျိုရေ ငါစောင့်ခဲ့တယ်။ ။

**“ခင်ခင်ပျိုရေ ငါ့ဘဝသမိုင်းတစ်လျှောက်”**
***ဂူကြီးထဲက မီးတုတ်ကိုင်*** ထွက်လာသလို
ငါစောင့်ခဲ့တယ်။
***သမိုင်း***ဆိုတာ နွေးချင်နွေးပြီး
မြန်ချင်လည်း မြန်တတ်တယ်။
***မီးရထားဘူတာရုံ***မှာ ရထားစောင့်သလို
ငါစောင့်ခဲ့တယ်။
“ပါလာမလား မပါဘူးလား” ခင်ခင်ပျိုရေ
ငါစောင့်ခဲ့တယ်။ ။

**“ခင်ခင်ပျိုရေ ငါ့အကြောင်း”**
ငါတို့နေနေသော နေ့ရက်များဟာ
အံ့ဩစရာ။
အလိုမပြည့်ရင်းနဲ့
ထပ်၍ ထပ်၍ အလိုရှိခဲ့ကြ။
ဒါကြောင့် ခင်ခင်ပျိုရေ ငါစောင့်ခဲ့တယ်။
ငါတို့ကစားခဲ့ကြ၊

ငါတို့ ကစားကြည့်ခဲ့ကြ။
ပြီး ဒါဟုတ်ရဲ့လား၊
ပြီး ဘာတွေဖြစ်လာမလဲ။
အချစ်ဆိုတာမှာပဲ
နစ်နာစရာရှိလာတယ်။
ဘဝမှာ ဒဏ်ရာအနာတရ
အမာရွတ်တွေ ထပ်ထပ်တိုးလာတယ်။
တက်တူးထိုးဖို့ လိုဦးမလား။
ဒါကြောင့် ခင်ခင်ပျိုရေ ငါစောင့်ခဲ့တယ်။ ။

**"ခင်ခင်ပျိုရေ ခေတ်အဆက်ဆက်ဖြင့် မေတ္တာဖြင့်"**
ငါ့ကို မျက်မှန်တပ်လိုက်ရင်
သူ့ကို မျက်မှန်ချွတ်လိုက်ရင်
ငါတို့နှစ်ယောက်ဟာ တူလွန်းလေစွ
မင်းနဲ့ငါ တူလွန်းလေစွ
ပါလာသည့်ကောင်းမှု မကောင်းမှု
တူလွန်းလေစွ
ဒါကြောင့်သာ ဒီသံသရာမှာ
ငါတို့ ဆုံတွေ့ခဲ့ကြ။
ဆုံတွေ့ဖို့ တကယ်လိုခဲ့ကြ။
ခင်ခင်ပျိုရေ ငါတို့တူလွန်းလေစွ။
အခက်အခဲတွေ ခက်ခဲခဲ့ကြ။
တကယ်မခက်ခဲဘဲ ခက်ခဲခဲ့ကြ။
တကယ်ခက်၍လည်း ခက်ခဲခဲ့ကြ။
အဲဒီမှာ ခင်ခင်ပျိုရေ ငါစောင့်ခဲ့တယ်။ ။

**"ခင်ခင်ပျိုရေ မှတ်တမ်းတစ်ရွက်"**
မိုးညို့ညို့အောက် ဖြတ်လျှောက်ခဲ့ပြီး
မှောင်ခဲ့တယ်။
တံတားအောက် ဖြတ်လျှောက်ခဲ့ပြီး
မှောင်ခဲ့တယ်။
မှောင်ခဲ့တယ်၊ မှောင်ခဲ့တယ် မှောင်ခဲ့တယ်။
ငါဟာလည်း ဘာမို့လဲ

မှောင်ခဲ့တယ်။
အဝီစိက ခုမှ တက်လာသလို
မှောင်ခဲ့တယ်။
ငါ့ကိုယ်မှာ အဲဒီအမှောင်နဲ့စွဲလို့
ဒီဘဝမှာ ဒီမှာ မင်းကိုယ်နဲ့ကို ငါ တောင့်တလို့
ခင်ခင်ပျိုရေ ငါစောင့်ခဲ့တယ်။ ။

**"ခင်ခင်ပျိုရေ"**
ဝိသေသနပုဒ်က ဒီအတိုင်း
စာသားက ဒီအတိုင်း
တရားက တရားအတိုင်း
အမှားက အမှားအတိုင်း။
ခင်ခင်ပျိုရေ
ငါစောင့်ခဲ့တယ်။
မိုးတစ်ပေါက်တင်ပြီး
စိန်လိုလက်နေတဲ့ ဇီဇဝါပန်းများ မွေးခဲ့လို့
ငါ့စိတ် ထိန်းနိုင်ခဲ့
မိုးတဖြောက်ဖြောက် နေ့တွေ ကုန်လွန်နိုင်ခဲ့။
ခင်ခင်ပျိုရေ ငါစောင့်ခဲ့တယ်။
မဖြောင့်ဖြူးခြင်းအချစ်စစ်ကို
အနှစ်တစ်ရာ သစ္စာဖွဲ့
ငါ စောင့်ခဲ့တယ်။
ခင်ခင်ပျိုရေ စောင့်ခဲတယ်။ ။

**နောက်ဆက်တွဲဖော်ပြချက် (ခ)**

**၂၀၁၁ ခုနှစ်တွင် ထုတ်ဝေခဲ့သော “ခင်ခင်ပျိုရေ စောင့်ခဲ့တယ်” ကဗျာစာအုပ်မျက်နှာဖုံးပုံ**



## နောက်ဆက်တွဲဖော်ပြချက် (ဂ)
## မူရင်းကောက်နုတ်ချက်များ

| စဉ် | မူရင်းအကိုးအကားများ | စာမျက်နှာ |
|---|---|---|
| ၁။ | Cohesion refers to the means (PHONOLOGICAL, GRAMMATICAL, LEXICAL, SEMANTIC) of linking sentences into larger units (paragraphs, chapters, etc.),i.e. of making them 'stick-together'. | ၅ |
| ၂။ | Cohesion is the grammatical and lexical linking within a text or sentence that holds a text to together and gives it meaning. (https://en.m.wikipedia.org) | ၅ |
| ၃။ | Cohesion means "sticking together". Cohesion in writing refers to elements of writing that cause words, phrases and sentences to come together and present a clear, unified text. (https://study.com) | ၅ - ၆ |
| ၄။ | In poetry, cohesive ties, commonly used to stick linguistic units together, help convey the deep underlyingsense and the network of conceptual relations is so well interwoven, given the limited space that necessitates the use of condensed diction that affords Multiple interpretations. (Ahlam Ahmed Mohamed Othman, 2023, P – 176) | ၆ |

*J. Myanmar Acad. Arts Sci. 2026* **Vol. XXIII. No.6**

# “နှင်းဆီမလေးချစ်ပုံပြင်”တေးသီချင်း၏ လူပုဂ္ဂိုလ်အဖြစ် တင်စားရေးဖွဲ့မှု (Personification) ကို လေ့လာခြင်း

ဆုမြတ်နိုးဦး[၁]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် အနုပညာနှင့်အတတ်ပညာနှစ်ခုကို အချိုးကျစွာပေါင်းစပ်ဖန်တီးထားသော “နှင်းဆီမလေးချစ်ပုံပြင်” တေးသီချင်း၏ လူပုဂ္ဂိုလ်အဖြစ် တင်စားရေးဖွဲ့မှု (Personification) ကို စာပေ ရှုထောင့်မှ လေ့လာတင်ပြထားသောစာတမ်းဖြစ်သည်။ ထိုသို့လေ့လာတင်ပြရာတွင် ဖန်တီးမှုအစဉ်အရ ဖန်တီးသူ ရွေးချယ်သုံးနှုန်းထားသော သင်္ကေတအဖွဲ့၊ စာသားပါတင်စားရေးဖွဲ့မှု (Personification) ၏သဘော သဘာဝ၊ တေးသီချင်းပါ တင်စားရေးဖွဲ့ချက်များသည် လူပုဂ္ဂိုလ်အဖြစ် ခိုင်းနှိုင်းတင်စားမှုဖြင့် နိမိတ်ပုံ ပြနိုင်/မပြနိုင်၊ ဂီတစာပေနယ်ပယ်တွင် ထိုကဲ့သို့တင်စားရေးဖွဲ့ခြင်းများကြောင့် ရသနှစ်သက်မှု ဖြစ်ပေါ် လာပြီး ထိုရသနှစ်သက်မှုများသည် ဘဝအာနိသင်ရနိုင်/မရနိုင်စသည့်အချက်များကို “နှင်းဆီမလေး ချစ်ပုံပြင်” တေးသီချင်းစာသားများနှင့် ချိန်ထိုးလေ့လာတင်ပြထားပါသည်။

**သော့ချက်ဝေါဟာရများ။** ။ သီချင်း ၊ တင်စားရေးဖွဲ့မှု ၊ နိမိတ်ပုံ ၊ ရသ ၊ ဘဝအာနိသင် ။

## နိဒါန်း

ဤစာတမ်းသည် အနုပညာပစ္စည်းတစ်ခုဖြစ်သော တေးသီချင်းစာသားများ၏ ဖန်တီးမှုအတတ်ပညာကို စာပေရှုထောင့်မှ လေ့လာတင်ပြထားသော စာတမ်းဖြစ်သည်။ ထိုသို့လေ့လာတင်ပြရာတွင် တေးရေးစန္ဒရားကွန်းဇော် ရေးစပ်သီကုံးခဲ့သော “နှင်းဆီမလေးချစ်ပုံပြင်” တေးသီချင်းကို အလေ့လာခံ အဖြစ်ရွေးချယ်ထားသည်။ လေ့လာရာတွင်လည်း စာသားများ၏ လူပုဂ္ဂိုလ်အဖြစ် တင်စားရေးဖွဲ့မှု သဘော (Personification) ကိုသာ အဓိကထားလေ့လာပြီး ထိုလေ့လာခြင်းမှ ရရှိလာသည့် အကျိုးဆက် များကိုသာ တင်ပြထားသည်။ အနုပညာပစ္စည်းတစ်ခု ပေါက်မြောက်အောင်မြင်ခြင်းသည် ဖန်တီးသူက ပေးလိုက်သော ရသခံစားမှုနှင့် ခံစားသူတို့က ရရှိသော ရသနှစ်သက်မှုတို့ ထပ်တူကျခြင်းနှင့် တိုက်ရိုက် သက်ဆိုင်နေသည်ဟူသော အယူအဆတစ်ရပ်ရှိပါသည်။ အနုပညာရှင်သည် မိမိဖန်တီးပြုလုပ်ထားသော အနုပညာပစ္စည်းကို ပရိသတ်ထံသို့ ပို့ဆောင်လိုက်သောအခါ ပရိသတ်၏ရင်ထဲ၌ ရသခံစားမှု တစ်ခုခု ထိထိမိမိဖြစ်ပေါ်လာပြီဆိုလျှင် ထိုအနုပညာသည် အောင်မြင်ခြင်း အဆင့်တစ်ခုသို့ ရောက်ရှိပြီ ဖြစ်သည် ဟုလည်း ဆိုကြပါသည်။ ဖန်တီးသူများအနေဖြင့် မိမိတို့ဖန်တီးလိုက်သော အနုပညာပစ္စည်းတစ်ခုသည် ပရိသတ်များ၏ နှစ်သက်ခြင်းကို ရရှိစေရန်အတွက် ဖွဲ့စည်းပုံနည်းစနစ်မျိုးစုံကို အသုံးပြု၍ အမျိုးမျိုး ဖန်တီးရေးဖွဲ့ လေ့ရှိကြသည်။ ခေတ်အဆက်ဆက် အနုပညာဖန်တီးသူများသည် ခေတ်ကို ကိုယ်စားပြု၍ ခေတ်၏အလို၊ ခေတ်တွင်ပေါ်ပေါက်နေသော အကြောင်းခြင်းရာများပေါ်မူတည်၍ အာရုံခံစားရေး ဖွဲ့လေ့ရှိကြသည်။ တေးသီချင်းဟူသည်လည်း သံစဉ်၊ တီးကွက်မထည့်ခင်က စာသားများဖြင့် ရေးသားရ သော ကဗျာအမျိုးအစားတစ်ခုဖြစ်သည်။ ထို့ကြောင့် ကဗျာရေးဖွဲ့ပုံနှင့် တေးသီချင်း ရေးဖွဲ့ပုံတို့သည် အရင်းခံအားဖြင့် တူညီမှုရှိသည့် သဘောကိုတွေ့ရသည်။ တေးသီချင်းတစ်ပုဒ် ဖန်တီးရေးသားရာတွင် တေးရေးဆရာ၏ ခံစားမှုသည်အရေးပါသည်။ တေးသီချင်းသည် ထိုခံစားမှုအရင်းခံကို အခြေတည်၍ မည်သို့ပေါ်လွင်အောင်ပုံဖော်နိုင်သည်၊ မည်သို့သော ဆက်နွယ်မှုများဖြင့် ပုံသဏ္ဌာန်ကိုလှပစွာ ဖွဲ့ဆိုနိုင်

---

[၁] မြန်မာစာဌာန၊ အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်

သည်ဟူသော အချက်သည် အရေးကြီးသည်။ တေးသီချင်းတစ်ပုဒ် ပေါက်မြောက် အောင်မြင်မှုသည် တေးရေးသူ၏ ပညာဖြစ်သော စကားအသုံးအနှုန်းများကောင်းမွန်မှု၊ ပရိသတ်နှစ်သက်စေမည့် အဖွဲ့ ကောင်းများ ရွေးချယ်သုံးစွဲနိုင်မှုစသည့် ပုံသဏ္ဌာန်ကို အချိုးကျလှပစွာဖွဲ့စပ်နိုင်မှုနှင့် သီဆိုသူတို့ အချင်းချင်းထောက်ပံ့မှု အင်အားပေါ်တွင် မူတည်ပါသည်။

ဤစာတမ်းတွင် လူပုဂ္ဂိုလ်အဖြစ် တင်စားရေးဖွဲ့မှုသဘော )Personification)၏ အခန်း ကဏ္ဍကို အဓိကလေ့လာ တင်ပြထားသည်။ ထိုသို့လေ့လာခြင်းဖြင့် အနုပညာပစ္စည်းတစ်ခု ဖြစ်သော တေးသီချင်းများတွင် တင်စားရေးဖွဲ့မှုတို့၏ သဘောတရားသည် ရသစာပေအတွက် အမှန်တကယ် ထိရောက်သော လမ်းကြောင်းမှ အထောက်အပံ့ပေးနိုင်ခြင်းရှိပုံကို ပေါ်လွင်စွာတွေ့ရှိရပါသည်။

## သုတေသနရည်ရွယ်ချက်

အနုပညာပစ္စည်းဟု ဆိုလိုက်လျှင် ဝတ္ထု၊ ကဗျာ စသော အဖွဲ့အနွဲ့များသည် ပရိသတ်တို့ကို ရသနှစ်သက်ခံစားရစေ၍ ထိုစာပေအဖွဲ့အနွဲ့များထဲမှသာ ဘဝအသိ၊ လောကအသိ၊ ဘဝအမြင်၊ လောကအမြင်များ ရရှိနိုင်သည်ဟု အများကလက်ခံထားသည်။ စာသားနှင့်ဂီတ ပေါင်းစပ်ထားသောအဖွဲ့အစပ်ကို လူတို့၏နှုတ်ဖျားဖြင့်ရွတ်ဆို မြည်တမ်းရသော သီချင်းသည် နားဆင်သူများကို နှစ်သက် ကြည်နူးမှုပေးစွမ်းနိုင်သည်။ ထိုမျှသာမက ဂီတအဖွဲ့အနွဲ့များသည် တေးစာသားများ၏ ပုံသဏ္ဌာန်ကို အချိုးကျလှပစွာ ဖွဲ့စပ်ထားနိုင်မှုမှတစ်ဆင့် နားဆင်သူများကို နှစ်သက်ကြည်နူးမှု ပေးစွမ်းနိုင်ရုံအပြင် ထိုထက်ပိုသော ဘဝအသိ၊ လောကအမြင်များကိုပါ ပေးစွမ်းနိုင်သည် ဟူသောသဘောကို ဖော်ထုတ်တင်ပြလိုခြင်းဖြစ်ပါသည်။

## သုတေသနမေးခွန်း

ဤစာတမ်းတွင် -

(၁) လူကဲ့သို့ သက်ရှိအသွင်တင်စားရေးဖွဲ့ခြင်း (Personification)သည် သီချင်းကပေးသော ရသနှစ်သက်မှုကို မည်သည့် အတိုင်းအတာအထိရောက်အောင် ထောက်ပံ့ပေးနိုင်ခြင်း ရှိ၊မရှိ။

(၂) စာသားပါ တင်စားရေးဖွဲ့မှုများသည် နားဆင်သူများတွင် ဘဝအသိ၊ လောကအသိ၊ ဘဝအမြင်၊ လောကအမြင်ရနိုင်၊ မရနိုင်။

ဟူသော သုတေသနမေးခွန်းများကိုပါ တစ်ပါတည်းဖော်ထုတ်တင်ပြထားပါသည်။

## လူပုဂ္ဂိုလ်အဖြစ်တင်စားရေးဖွဲ့မှု )Personification)

လူပုဂ္ဂိုလ်အဖြစ်ခိုင်းနှိုင်းတင်စားမှုကို Wren & Martin (1985) က "English Grammar and Composition" စာအုပ်တွင် -

> "လူပုဂ္ဂိုလ်အဖြစ် ခိုင်းနှိုင်းတင်စားမှုဆိုသည်မှာ သက်မဲ့အရာဝတ္ထုများ၊ စိတ်ကူးသက်သက် တွေးဆချက်များကို အသက်ရှိမှု၊ အသိဉာဏ်ရှိမှုတို့ဖြင့်ပြောဆိုခြင်းဖြစ်သည်" (စာ - ၄၉၀)

ဟူ၍လည်းကောင်း၊ Morner, Kathleen & Raush, Ralph (1998) က "NTC's Dictionary of Literary Terms" စာအုပ်တွင် -

> "လူပုဂ္ဂိုလ်အဖြစ်ခိုင်းနှိုင်းတင်စားမှုဆိုသည်မှာ လူသားနှင့်ဆိုင်သောဝိသေသလက္ခဏာများ၊ အာရုံခံစားနိုင်ခြင်းများကို တိရစ္ဆာန်များ၊ အပင်များ၊ သက်မဲ့အရာ အရာဝတ္ထုများ၊ သဘာဝတရားများ၊ အကောင်အထည်မရှိသော ဒြပ်မဲ့စိတ်ကူး စိတ်သန်းများနှင့် ဆက်စပ်၍ရေးဖွဲ့ထားသော အလင်္ကာနည်းတစ်မျိုးဖြစ်သည်"(စာ - ၁၆၅)

ဟူ၍လည်းကောင်း ရေးသားထားသည်။ မြန်မာစာပေတွင် လူပုဂ္ဂိုလ်အဖြစ် တင်စားသုံးနှုန်းခြင်းနှင့် ပတ်သက်၍ ဦးသန်းထွန်း (မြန်မာစာ) (2004)က "Personification in Myanmar Poetry, University of Distant Education Annual Magazine, Yangon (English Section)" တွင် -

> "မြန်မာစာပေတွင် ဆရာဇော်ဂျီသည် လူပုဂ္ဂိုလ်အဖြစ်ခိုင်းနှိုင်းတင်စားမှုကို ပထမဆုံး အသုံးပြုရေးဖွဲ့သူအဖြစ် တွေ့ရှိရကြောင်း၊ ၁၉၂၈ ခုနှစ်တွင် ပထမမြန်မာခေတ်စမ်း ကဗျာအဖြစ် ပေါ်ထွန်းလာသော ပိတောက်ပန်းကဗျာ ကသက်သေခံလျက်ရှိသည်။"

ဟုဆိုထားပါသည်။ ဆက်လက်၍ https://www.twinkl.com.mm/teaching-wiki/ personification တွင် လူကဲ့သို့တင်စားရေးဖွဲ့ခြင်းနှင့်ပတ်သက်၍ -

> "Personificationသည် ပုံဆောင်ဘာသာစကား တစ်မျိုးဖြစ်ပြီး ၎င်းတွင်လူတို့၏ အတွေးများ၊ ခံစားချက်များသို့မဟုတ် အပြုအမူများသည် လူသားမဟုတ်သော သဘောကိုရေးဖွဲ့သည့် ပုံစံတစ်မျိုးဖြစ်သည်။ ဤကိစ္စတွင် "လူသားမဟုတ်သော" သည် သက်မဲ့ အရာဝတ္ထုများမှ အပင်များနှင့် တိရစ္ဆာန်များအထိ အရာအားလုံးပါဝင်သည်။ ထို့ပြင် Personification သည်အချို့သော အခြေအနေများတွင်အလင်္ကာ (Metaphors) နှင့်အလားတူဖြစ်သည်။ ခြားနားချက်မှာ အလင်္ကာများသည် တစ်စုံတစ်ခုနှင့်တစ်ခု နှိုင်းယှဉ်နိုင်ခြင်း (သို့) အရာဝတ္ထုပုံစံမျိုးစုံ၊ အခြေအနေမျိုးစုံနှင့် နှိုင်းယှဉ်နိုင် ခြင်းဖြစ်သည်။ Personification ၏သဘောအရ အရာဝတ္ထုတစ်ခု သို့မဟုတ် အရာဝတ္ထုပုံစံမျိုးစုံ၊ အခြေအနေမျိုးစုံနှင့် နှိုင်းယှဉ်ခြင်းထက် ကျွန်ုပ်တို့၏ လူသားအပြုအမူများနှင့် နှိုင်းယှဉ်ခြင်းသည် ပိုသက်ဆိုင်ပါသည်။"

ဟု လည်းကောင်း ၊ https://www.masterclass.com (2025) တွင် -

> "Personification သည် စာပေအရေးအသားတစ်ခုဖြစ်ပြီး များသောအားဖြင့် စာရေးသူတို့၏ စိတ်ကူးစိတ်သန်းများကို ဖော်ပြရာတွင်အသုံးပြုသည်။ ထိုသို့ဖော်ပြရာတွင် ထပ်တူပြုခိုင်းနှိုင်းသည့် အလင်္ကာသဘောသက်ရောက်သော သက်မဲ့အရာဝတ္ထုများကို လူသားတို့၏ အပြုအမူများ၊ အပြောအဆိုများ၊ လှုပ်ရှားမှုပုံစံများ၊ စိတ်နေသဘောများနှင့် ထပ်တူပြုရေးဖွဲ့လေ့ရှိကြသည်။"

ဟု လည်းကောင်း ဖော်ပြထားပါသည်။

ထို့ကြောင့်တင်စားရေးဖွဲ့ခြင်းဆိုသည်မှာ အနုပညာပစ္စည်းဖန်တီးသူတို့သည် မိမိတို့၏စိတ်တွင် ခံစားရသော စိတ်လှုပ်ရှားခံစားမှုများကို အရာဝတ္ထုပစ္စည်းအမျိုးမျိုး၊ အခြေအနေအမျိုးမျိုး၊ ဖြစ်ရပ်အမျိုးမျိုးနှင့် တင်စားရေးဖွဲ့ခြင်းဖြစ်သည်။ လူကဲ့သို့တင်စားရေးဖွဲ့ခြင်းဆိုသည်မှာ လူနှင့်လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများ၊ လူ့အာရုံခံစားမှုများ၊ လူ့ခံစားချက်များ၊ လူ့အပြုအမူများကို သက်မဲ့အရာဝတ္ထုများနှင့် ထပ်တူပြု၍ ရွှေ့ပြောင်းယူငင် သုံးစွဲထားခြင်းဖြစ်သည်။

## စာပေလေ့လာဆန်းစစ်ချက်

ဤစာတမ်းသည် ဂီတစာပေအမျိုးအစားဖြစ်သော တေးသီချင်းပါ စာသားများ၏ တင်စားရေးဖွဲ့မှုသဘောကိုလေ့လာသည့် စာတမ်းဖြစ်ရာ တင်စားရေးဖွဲ့မှု၏ သဘောကိုအခြေခံကာဆန်းစစ်တင်ပြထားပါသည်။

## နည်းနာ

## ပညာရပ်ဆိုင်ရာနည်းနာ

မြန်မာ့ယဉ်ကျေးမှု အနုပညာတွင် တေးဂီတသီချင်းသည် အရေးပါသောအခန်းကဏ္ဍ တွင်ပါဝင်သည်။ သီချင်းသည် တူရိယာပစ္စည်းများနှင့် တွဲဖက်၍ဖြစ်စေ၊ တူရိယာပစ္စည်းများမပါဘဲ ဖြစ်စေသီဆိုရန် ရေးဖွဲ့ ထားသော အဖွဲ့အနွဲ့တစ်မျိုးဖြစ်သည်။

သီချင်းဝေါဟာရနှင့် ပတ်သက်၍ "မြန်မာအဘိဓာန်"တွင် -

"သီချင်းကို သီဆိုရန် သံစဉ်အမျိုးမျိုးဖြင့် ဖွဲ့နွဲ့ထားသော အဖွဲ့အနွဲ့" (စာ ၃၆၀ )

ဟုဖွင့်ဆိုထားသည်။ သီချင်းဆိုခြင်းဟူသည်မှာ စာသားနှင့်ဂီတပေါင်းစပ်ထားသော အဖွဲ့အစပ်ကို လူတို့၏ နှုတ်ဖျား၌ ရွတ်ဆိုမြည်တမ်းခြင်းဖြစ်သည်။

သင်္ကေတနှင့်ပတ်သက်၍ - တွင်"တီစီ အဘိဓာန်(န်)အင်"

"သင်္ကေတဟူသည် အခြားသောအရာတစ်ခု၏ ကိုယ်စားရပ်တည်သော(သို့) အခြားသော အရာတစ်ခုကို ကိုယ်စားပြုသောအရာ" (စာ -၂၁၆)

ဟုအဓိပ္ပာယ်ဖွင့်ဆိုထားသည်။ သင်္ကေတဟူသည်မှာ မူလအရာဝတ္ထုအတွက်လည်းကောင်း၊ အခြားအရာဝတ္ထု တစ်စုံတစ်ရာအတွက်လည်းကောင်း ရပ်တည်သောအရာဖြစ်ကြောင်းသိနိုင်သည်။

ဆက်လက်ပြီး နိမိတ်ပုံနှင့်ပတ်သက်၍ "အင်(န်)တီစီ အဘိဓာန်"တွင် -

"နိမိတ်ပုံဟူသည်မှာ တစ်စုံတစ်ရာကို ရည်ညွှန်းသော ဘာသာစကားကို ဆိုလိုသည်။ အမြင်အာရုံ၊ အကြားအာရုံ၊ အနံ့အာရုံ၊ ရသာရုံ၊ အထိ အတွေ့အာရုံစသော အာရုံများကို ထိုစကားလုံးများမှတစ်ဆင့် သတိမူမိစေသည်ဟုဆိုနိုင်သည်။ ထို့ပြင် ရှန်းကန်လှုပ်ရှားမှု အာရုံ၊ အပူအအေး အာရုံတို့ ကိုပါ သိရှိခံစားစေပါသည်။" (စာ- ၁၀၄)

ဟုဆိုထားရာ နိမိတ်ပုံသည် လူတို့နှင့်အာရုံငါးပါးနှင့်ထိတွေ့ခံစားနိုင်သော အရာဖြစ်ကြောင်း သိနိုင်သည်။

ရသစာပေနှင့် ပတ်သက်၍ ဒဂုန်တာရာ၏ "စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှု" (၂၀၁၉)တွင် -

"စာပေကိုဖန်တီးဆန်းသစ်သော စာပေဟုခေါ်ကြခြင်းလည်းရှိသည်။" (စာ- ၅)

ဟုဆိုထားသည်။ ထိုဖွင့်ဆိုချက်အရ စာပေဟုဆိုရာ၌ သုတစာပေ၊ သိပ္ပံစာပေ၊ ဆေးပညာစာပေများကို မဆိုလိုဘဲ ဖန်တီးသူ၏နှလုံးသားမှ ယိုစိမ့်ထွက်လာပြီး စိတ်ကူးဉာဏ်၏ လှုံ့ဆော်မှုအရ ဖွဲ့နွဲ့ဖန်တီးထားသော ရသစာပေကိုသာလျှင် စာပေဟုခေါ်ဆိုကြောင်း သိရှိရပါသည်။

## သုတေသနဆိုင်ရာနည်းနာ

ဤစာတမ်းတွင် သုတေသနနည်းနာများမှ ရှိပြီးသားအချက်အလက်များအပေါ် အခြေပြုလေ့လာခြင်း (Use of available data method)၊ထိုအချက်အလက်များကို ဆန်းစစ်လေ့လာနည်း (Survey method)၊ စုစည်းဖော်ပြသည့်နည်း (Compilation method)နှင့် လေ့လာတွေ့ရှိထားသော အချက် အလက်များအပေါ် ကောက်ချက်ချပြီး ဇယား/ပုံတို့ဖြင့် ဖော်ပြသည့်နည်း (Table and graphic method)တို့ကို အသုံးပြုထားပါသည်။

## လေ့လာတွေ့ရှိချက်

ဤစာတမ်းတွင် "နှင်းဆီမလေးချစ်ပုံပြင်" တေးသီချင်း၏ လူပုဂ္ဂိုလ်အဖြစ် တင်စားရေးဖွဲ့မှု (Personification) ကို စာပေရှုထောင့်မှ လေ့လာတင်ပြထားပါသည်။

## တေးရေးဆရာ၏ သင်္ကေတရွေးချယ်အသုံးပြုမှု

တေးရေးဆရာဆိုသည်မှာ သူ၏ခံစားချက်တို့ကို သီချင်းစာသားဖြင့်အနုပညာမြောက်စွာ ပရိသတ်ရင်ထဲ ခံစားနိုင်အောင် ရေးသားရသူဖြစ်သည်။ တေးသီချင်းတစ်ပုဒ်ကိုလေ့လာရာတွင် လေ့လာသူများအနေဖြင့် တေးရေးဆရာ၏ ဖန်တီးမှုအတတ်ပညာကို သီချင်းထဲတွင် အထင်အရှားတွေ့ရှိနိုင်သည်။ တေးရေးစန္ဒရားကွန်းဇော်သည် "နှင်းဆီမလေးချစ်ပုံပြင်" တေးသီချင်းတွင် လူပုဂ္ဂိုလ်အဖြစ် တင်စားရေးဖွဲ့မှု (Personification) အနုပညာရပ်တို့သည် သင်္ကေတို့၏ကျက်စားရာနေရာ တစ်ခုဖြစ်သည်။ အနုပညာဖန်တီးသူတို့သည် မိမိတို့၏ ဘဝအတွေ့အကြုံ၊လောကအတွေ့အကြုံများမှ ရရှိလာသောအသိတို့ကို ပရိသတ်တို့ထံ ပြန်လည်တင်ပြရာတွင် ဆိုလိုချင်သည့် သဘောတရားများကို တိုက်ရိုက်ရေးဖွဲ့ခြင်းထက် သင်္ကေတပြုတီထွင်ရေးဖွဲ့ရန် ကြိုးပမ်းအားထုတ်ကြသည်။ သီချင်းသည်လည်း စာသားများဖြင့် ရေးသားရသော အဖွဲ့အနွဲ့တစ်ခုဖြစ်သည့်အလျောက် စာပေရေးဖွဲ့မှုထဲတွင် ပါဝင်ယှက်နွယ်လျက်ရှိသည်။ စာပေမှဖန်တီးရေးဖွဲ့သော စာပေသင်္ကေတတွင်မူ တိုက်ရိုက်အနက် (မျက်မြင်အနက်)နှင့် သင်္ကေတအနက် (ဥပစာအနက်)ဟူ၍ အနက်နှစ်မျိုးရှိပါသည်။ သာဓကအားဖြင့် ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာမှ ရေစီးတွင်မျောပါနေသော ဗေဒါကိုဘာသာစကားသင်္ကေတအနေဖြင့် ကြည့်ပါက အပင်ဟူသော တိုက်ရိုက်အနက်တစ်ခုတည်းသာရှိသည်။ ၎င်းကို စာပေသင်္ကေတထဲသို့ သွတ်သွင်း

လိုက်သောအခါတွင်မူ အပင်ဟူသောတိုက်ရိုက်အနက်နှင့် လောကခံအနိမ့်အမြင့် အတက်အကျကို ရင်ဆိုင်နေရသော လူသားဟူသည့် သင်္ကေတအနက်သဘော ပါရှိနေသည်ကိုတွေ့ရသည်။ သို့သော် အနုပညာပစ္စည်း တစ်ခုတွင် သင်္ကေတအသုံးပြုတိုင်း ထိုအရာသည် သင်္ကေတအနက်သဘော သက်ရောက်နေသည် မဟုတ်ဘဲ စာရေးသူသည် အများလက်ခံသည့် အောင်မြင်သော သင်္ကေတတစ်ခု ဖြစ်ရန် ဖန်တီးမှု အတတ်ပညာအရ ပုံသဏ္ဌာန်အချိုးကျလှပစွာ တွဲစပ်ထားသော စကားအဆက် အစပ် များပေါ်တွင် မူတည်ပါသည်။

"နှင်းဆီမလေးချစ်ပုံပြင်" တေးသီချင်းတစ်ပုဒ်လုံးတွင် တေးရေးသူသည် သင်္ကေတအဖွဲ့အဖြစ် နှင်းဆီပန်းနှင့်စံပယ်ပန်းကို ရွေးချယ်သုံးစွဲထားသည်ကိုတွေ့ရသည်။ တေးရေးဆရာသည် လောက သဘာဝ၊ လူ့သဘာဝကို ဂရုပြုမိရာမှ အထူးသဖြင့် မိန်းမသားတို့၏ဘဝ၊ ထိုဘဝနှင့်ဆက်နွယ်နေသော အချစ်ရေး၊ အချစ်ရာခံစားချက်များ၊ ထိုခံစားချက်များမှ ပေါက်ဖွားလာသော စိတ်ခံစားမှုအခြေအနေ များနှင့် ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်အစုံစုံကို ဆင်ခြင်သုံးသပ်မိဟန်တူသည်။ သုံးသပ်မိသည့် အလျောက် လည်း အမျိုးသမီးတို့၏ အချစ်နှင့်နှီးနွယ်သော ခံစားမှုဝေဒနာများကို သီချင်းထဲတွင် အသေးစိတ် သရုပ်ဖော် ရေးဖွဲ့ထားသည်။

အနုပညာဖန်တီးသူတို့သည် မိန်းကလေးများ၏ သဘာဝကိုရေးဖွဲ့ရာတွင် ပန်းကလေးများနှင့် တင်စားရေးဖွဲ့လေ့ရှိကြသည်။ ပန်းဟူသည် အမျိုးသမီးတို့ နှစ်သက်အလေးထားမြတ်နိုးရာ အရာ တစ်ခု ဖြစ်သည်။ အမျိုးသားများထက် အမျိုးသမီးတို့နှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းတစ်ခုလည်း ဖြစ်သည်။ ထို့ကြောင့်လည်း တေးရေးဆရာက အမျိုးသမီးများနှင့် သက်ဆိုင်သော ပန်းများကို သင်္ကေတ ပစ္စည်းအဖြစ် ရွေးချယ်အသုံးပြုထားခြင်းဖြစ်သည်။ လောကတွင်လူသည် လူ့အကြောင်းကိုသာ စိတ်ဝင် အစားဆုံးဖြစ်သည်။ ထိုအချက်ကို သတိမူမိသော တေးရေးဆရာသည် အမျိုးသမီးနှစ်ဦး၏ အချစ်နှင့် ပတ်သက်သော ခံယူချက်၊ တွေးဆချက်၊ ရှင်းလင်းချက်အစုံစုံကို သက်မဲ့အရာဝတ္ထု နှစ်ခုဖြစ်သော နှင်းဆီပန်းနှင့် စံပယ်ပန်းကို အမျိုးသမီးနှစ်ဦးအဖြစ် သင်္ကေတပြုရေးဖွဲ့ထားသည်။ ထိုသို့ ရေးဖွဲ့ရာတွင် တေးရေးသူသည် ရိုးသားဖြူစင်သော၊ သူတစ်ပါးအပေါ် ကိုယ်ချင်းစာတရားနှင့်သာ နွေးထွေးကြင်နာစွာ ဆက်ဆံလိုသော၊ လောက၏ မာယာပရိယာယ်အသွယ်သွယ်ကို မသိရှာသော မိန်းမပျိုလေးတစ်ဦး အသွင်ဖြင့် စံပယ်ပန်းကို သင်္ကေတပြုထားပြီး လျှောက်လှမ်းလာသော ဘဝခရီးလမ်းတစ်လျှောက်တွင် လောကခံတရား(၈)ပါးနှင့် ရင်ဆိုင်ကြုံတွေ့ပြီးနောက် မည်သည့်အရာကိုမဆို ရဲဝံ့စွာရင်ဆိုင်နိုင်သော သန်မာပြီး အတွေ့အကြုံရင့်ကျက်သည့် မိန်းမပျိုလေးတစ်ဦးအသွင်ဖြင့် နှင်းဆီပန်းကို သင်္ကေတပြုကာ အသေးစိတ်ထင်ဟပ်ရေးဖွဲ့ထားသည်။

## တေးသီချင်းပါ လူပုဂ္ဂိုလ်အဖြစ်တင်စားရေးဖွဲ့ခြင်း

ရသစာပေဖန်တီးသူတို့သည် သင်္ကေတများမှတစ်ဆင့် အားကောင်းသော နိမိတ်ပုံဖွဲ့နည်းများဖြင့် မိမိတင်ပြလိုသော အတွေးစိတ်ကူးများကို ပရိသတ်တို့ ထင်သာမြင်သာအောင် ဖန်တီးလေ့ရှိကြသည်။ ထိုသို့ဖန်တီးရေးဖွဲ့ရာတွင် ဒြပ်မဲ့စိတ်ကူးစိတ်သန်းများ၊ သက်မဲ့အရာဝတ္ထုများ၊ တိရစ္ဆာန်များကို လူကဲ့သို့ တင်စားခိုင်းနှိုင်းခြင်းအားဖြင့် ပရိသတ်တို့၏ စိတ်အာရုံ၌ ပို၍ထင်ယောင် မြင်ယောင်လာစေပါသည်။

ဤတေးသီချင်း၏ သီချင်းခေါင်းစဉ်၌ပင် တေးရေးသူက "နှင်းဆီမလေးချစ်ပုံပြင်"ဟူ၍ နှင်းဆီပန်းကို အခရာပြုကာ ငယ်ရွယ်ပျိုမျစ်သည့် မိန်းမပျိုလေးတစ်ဦးအနေဖြင့် တင်စားရေးဖွဲ့ထားသည်။ အရောင်အသွေးစုံသည့် နှင်းဆီပန်းကို သင်္ကေတပြုပြီး "မလေး" ဟူသော တစ်ဦးဆိုင် နာမ်ကြောင့် တေးစာသားများသည် အမျိုးသမီးလေးတစ်ဦး၏ လျှောက်လှမ်းလာခဲ့ရသော အချစ်ဇာတ်လမ်း အကြောင်းကို ရေးဖွဲ့ထားကြောင်း ထင်ရှားပေါ်လွင်စေပါသည်။

ထိုသို့ရေးဖွဲ့ရာတွင် တေးရေးသူက အကောင်းအဆိုးလောကဓံများကို ရင်ဆိုင်ဖြတ်သန်းလာခဲ့ပြီးသော အရောင်အသွေးစုံသည့် နှင်းဆီပန်းနှင့် လောက၏မာယာပရိယာယ်ကိုမသိသော ဖြူစင်အေးချမ်းသည့် စံပယ်ပန်းတို့ တစ်ဦးနှင့်တစ်ဦးအချစ်နှင့်ပတ်သက်၍ တိုင်ပင်ဆွေးနွေးမေးမြန်းကြပုံများနှင့် တင်စားရေးဖွဲ့ထားသည်။ ထိုသို့ ရေးဖွဲ့လိုက်ခြင်းဖြင့် နှင်းဆီနှင့်စံပယ်တို့၏ ရင်းနှီးမှု အတိုင်းအတာသည် သက်ရှိလူသားနှစ်ဦး၏ ရင်းနှီးမှုအတိုင်းအတာနှင့် ထပ်တူကျနေသည့်သဘောကို တွေ့ရသည်။ ပထမဦးစွာ တေးရေးသူသည် နှင်းဆီနှင့်စပယ်တို့ သိလိုသမျှမေးမြန်းပုံနှင့် -

> "ဘယ်အတွက်ရယ်များ ဆူးတွေခြံရံထား ××× မလေးစံပယ်အားပြောပါလား ×××
> မမနှင်းဆီပန်းရယ် ×× မေးပါရစေလား ×××
> လောကရဲ့ အချစ်ဝဲသံသရာ အလှအပစုဝေးရာ ချစ်စွာသော ကမ္ဘာ
> ဘာရယ်ကြောင့်များ သဘောထားအမှန်တရား ညွှာကွယ်မထောက်ထား
>
> ပြောစမ်းပါလား"

ဟူ၍ သိလိုသောဆန္ဒပြင်းပြသည့်အတွက် မကွယ်မဝှက်ပြောစေချင်ပါသည်ဟု မေးမြန်းပုံမှာ လူ့သဘာဝ ပေါ်လွင်လှသည်။ "ဘယ်အတွက်"၊ "မေးပါရစေလား"၊ "ပြောစမ်းပါလား" အစရှိသော အမေးကားလုံးများ၊ မိမိသိလိုသမျှဖြေကြားပေးရန်တိုက်တွန်းတောင်းဆိုသော စကားလုံးများသည် သက်ရှိလူအချင်းချင်း တွေ့ဆုံကြလျှင် သိလိုရာရာအကြောင်းခြင်းရာများမေးမြန်းပုံနှင့် ထပ်တူဖြစ်သည်။ "မမနှင်းဆီ"၊ "မလေးစံပယ်" ဟူသည့်အသုံးများသည် လူ့ပတ်ဝန်းကျင်၊ လူ့လောကတွင် အကြီးနှင့်အငယ် ဆက်ဆံရေး၊ အထက်နှင့်အောက်ဆက်ဆံရေးများတွင် အများဆုံးပြောဆိုသုံးစွဲကြသော ယဉ်ကျေးဖွယ် အသုံးများဖြစ်သည်။ ထိုအသုံးများကြောင့် ရင့်ကျက်တည်ငြိမ်သော နှင်းဆီပန်းနှင့် ဖြူစင်နုနယ်သော စံပယ်ပန်းတို့၏ ရင်းနှီးမှုအတိုင်းအတာမှတစ်ဆင့် ချစ်ခြင်းမုန်းခြင်း၏ သဘော၊ လောက၏မာယာ ပရိယာယ်ကို နားလည်သော မိန်းကလေးတစ်ဦးက အချစ်နှင့်စတင်ထိတွေ့မည့် မိန်းကလေးတစ်ဦးကို အချစ်နှင့်ပတ်သက်၍ ထားရှိရမည့် စိတ်ခံစားမှုအခြေအနေများကို သင်ကြားပေးနေသည့် နွေးထွေးကြင်နာသော သဘောတရားများကိုပါ ပေါ်လွင်ထင်ရှားစွာတွေ့ရှိနိုင်ပါသည်။

ဆက်လက်၍လည်း -

> "ပွင့်နီဝါအရောင်ဖွေး ×× ရမ္မက်သွေးဖိုစရာ ×× လှလိုက်တာ ××လှလိုက်တာ
> သို့သော်ငြား ×× ဆူးခက်တွေမနီးမဝေး ထွေးပိုက်လို့ထား

မမနှင်းဆီလေး အကျည်းတန်သွား ××× ဘယ်အတွက်ရယ်များ ဆူးတွေကာရံထား
မလေးစံပယ်အားပြောပါလား ××× ”

ဟူ၍ရေးဖွဲ့ထားသည်။ နှင်းဆီပန်း၏အရင်းခံအလှသည် လွန်စွာလှပသော်လည်း အခြံအရံအကာအကွယ်များ ပတ်ပတ်လည် ဝန်းရံထားသည့်အတွက် အလှတရားမပေါ်လွင်သောဘဝကို “ဆူးတွေခြံရံထား” ဟူ၍ရေးဖွဲ့ထားသည်။ “ရမ္မက်သွေးဖိုစရာ” ဟူသော အသုံးတွင် လောဘရမ္မက်၊ တဏှာ ရမ္မက်တို့တွင် နစ်မျောနေသူ၏ ခံစားမှုသဘောများ ထင်ဟပ်နေသည်။ လိုချင်တပ်မက်ဖွယ်ကောင်းသော ဂုဏ်အသရေများနှင့်ပြည့်စုံသည့် အမျိုးသမီးတို့၏ အလှကိုရယူပိုင်ဆိုင်လိုသောသဘောကို “ရမ္မက်သွေးဖို” ဟူသောအဖွဲ့နှင့် ထင်ဟပ်ပြထားသည်။ သက်ရှိများတွင်ရှိသော အလှအပေါ် လိုချင်တပ်မက်မှုတွင်သာသုံးသောအသုံးကို သက်မဲ့နှင်းဆီပန်း၏အလှနှင့် ဆက်စပ်၍ ဖြစ်ပေါ်လာသော ပိုင်ဆိုင်လိုစိတ်များနှင့် ထပ်တူပြုရေးဖွဲ့ထားမှုမှ တစ်ဆင့်တေးရေးသူ၏ ဆန်းသစ်သော အတွေးစိတ်ကူးများကိုပါ တစ်ပါတည်း ခံစားသိရှိနိုင်ပါသည်။

“ဘယ်အတွက်ရယ်များ ဆူးတွေခြံရံထား” ဟူသောအဖွဲ့သည် နှင်းဆီပန်းများတွင်သာရှိသော လူအများအလွယ်တကူမခူးဆွတ်နိုင်သည့် အရံအတားတစ်ခုဖြစ်သော ဆူးခက်များနှင့် အမျိုးသမီးတို့၏ အချစ်နှင့်ပတ်သက်၍ စည်းတားထားသော စိတ်အခြေအနေကို ထင်ဟပ်ပြထားသည့် အဖွဲ့ဖြစ်သည်။ နှင်းဆီပန်း၏ အကာအကွယ်ဖြစ်သော ဆူးခက်နှင့်အမျိုးသမီးတို့၏ တော်မှန်သော ခံစားချက်နှင့် တားဆီးထားသော စိတ်ခံစားမှုသဘောတို့ကို ထင်ဟပ်ဖွဲ့ဆိုထားရာ ထိုအဖွဲ့မှတစ်ဆင့်ရဲရင့်သော၊ အချစ်နှင့်ပတ်သက်လျှင် စိတ်အလိုကိုမလိုက်သော၊ မိမိဖြတ်သန်းလာသော အတွေ့အကြုံ အခြေအနေ အရပ်ရပ်အရ တည်ငြိမ်အေးချမ်းလာသော အမျိုးသမီးကောင်းတစ်ဦး၏ အသွင်သဏ္ဌာန်နှင့် စရိုက် လက္ခဏာများကိုပါ နားလည်ခံစားလာစေနိုင်သည်။

စံပယ်ပန်းလေး၏ မေးမြန်းသမျှ နှင်းဆီပန်းက ပြန်လည်ဖြေကြားပုံကို -

“ညီမငယ်ထွေး စံပယ်လေး နုနုထွေးရယ် ×× အလှလည်းကြွယ်သော
ချစ်စရာ့ကမ္ဘာလေးမှာ အထီးကျန်သော သဘောတွေမြင်လိမ့်မယ် ×××”

ဟူ၍ ရေးဖွဲ့ထားသည်။ နှင်းဆီပန်းက စံပယ်ပန်းကို “ညီမငယ်ထွေး”၊ “နုနုထွေး” ဟူ၍ခေါ်ဝေါ်ပုံများသည် လောကရှိ အစ်မကြီးများက မိမိတို့ချစ်ခင်ရသည့် ညီမငယ်လေးများကို နွေးထွေးကြင်နာစွာ ခေါ်ဝေါ်သုံးစွဲသည့် အသုံးများဖြစ်သည်။ သက်ရှိတို့အချင်းချင်းခေါ်ဝေါ် သုံးစွဲပုံအတိုင်း သက်မဲ့တွင်လည်း ထပ်တူခေါ်ဝေါ်သုံးစွဲထားရာ တေးသီချင်းမှာ ပို၍ရုပ်လုံးကြွပီပြင်လာပြီး ချစ်စဖွယ်ကောင်း လာရပါသည်။

ဆက်လက်၍ လောက၏သဘောကို ပြောပြရာ၌ -

“ဘဝင်တသိမ့်သိမ့် ××× ရင်တငြိမ့်ငြိမ့် ××× စိမ့်လေသော စမ်းရေလေးစီးသည့်နှယ်
သာတဲ့အခါ သာလိမ့်မယ် ×××ခြောက်သွေ့သော နွေလမ်းကိုလည်းလျှောက်ရလိမ့်မယ်
×× အချစ်ရဲ့ဒီသဘော ×××ဖြောင့်တန်း ကွေ့ကောက် သွေ့ခြောက် စိုပြည် ငိုမပြေ
ရယ်မပျက်ဆန့်ကျင်ဘက် ဒီသဘော တွေ့ရလိမ့်ဦးမယ် xxx”

ဟူသော အရေးအဖွဲ့များသည် တေးရေးသူပြောလိုသော သီချင်း၏ အဓိကရည်ရွယ်ချက်ဖြစ်သည်။ သာယာသော၊ ခက်ခဲသော၊ ကြမ်းတမ်းသော၊ အေးချမ်းသော အစရှိသည့် ဆန့်ကျင်ဘက် အတုံ့ အလှည့် သဘောများကို အမျှင်မပြတ်သည့် လောကဓံပါးနှင့် ချိတ်ဆက်ပြောပြထားရာ လောကရှိ ရှုပ်ထွေး(၈) လှသော အချစ်ဒဿနများသည် နုနယ်သည့် မိန်းမပျိုလေးများအတွက်လည်း သတိပြုတွေးဆ ဆင်ခြင်စရာအဖြစ် အတွေးစများပေါ်လာနိုင်ပါသည်။

"နှင်းဆီနီနက်ဆူးခက်ဝေဆာ အကျည်းတန်တာကြောင့်ကွယ် အချစ်ရေးနယ်ပယ်
အသွယ်သွယ်သော အရေးမှာ မင်းထက်စာရင် ကင်းဝေးပါသေးတယ် ×××"

ဟူသော အဖွဲ့အရ ဆူးခက်ဝန်းရံထားသော မိမိတို့၏ ဘဝသည် အကာအကွယ်အခြံအရံရှိသော်ကြောင့် အခြားပန်းများကဲ့သို့ လူများ အလွယ်တကူမခူးဆွတ်နိုင်ပါ။ အကယ်၍ခူးဆွတ်မိပါကလည်း မိမိ၏ ဆူးကြောင့် အဆိပ်ဖြစ်စေနိုင်သည့်အတွက် ခူးဆွတ်မည့်လူများသည် ထိုအန္တရာယ်ကို ကြောက်ကြသည်။ ထို့ကြောင့်လည်း မိမိတို့သည် ဒုက္ခအပေါင်းမှ ကင်းဝေးကြရသည် ဟု နေထိုင်ရမည့် ဘဝတစ်လျှောက် တွင်ထားရှိရမည့် အချစ်နှင့်ပတ်သက်သော စိတ်နေသဘောထားကိုနှင်းဆီပန်းရှိ ဆူးခက်နှင့်ဥပမာပေး၍ ရှင်းပြထားသည်မှာ ယနေ့ခေတ်အမျိုးသမီးလေးများအတွက် အတုယူစရာ ကောင်းလှပါသည်။

သီချင်းအဆုံးတွင် -

" အချစ်ဆိုသော အဖြေမရှိသည့် ထိုအရာရယ် ××× အပေါ်ယံကြောမဖြစ်တဲ့
တော်မှန်သော ×××အချစ်နဲ့ နှင်းဆီပန်းကို နမ်းလာလှည့်ပါ×××
ဆူးခက်ကလေးတွေ ××× အဆိပ်ပြယ်စေရပါမယ်×××"

ဟုဖွဲ့ဆိုထားသည်။ စင်စစ်လောကထဲတွင် အချစ်ရေးအချစ်ရာ ကိစ္စရပ်များသည် အရှုပ်ထွေးဆုံး၊ မာယာ ပရိယာယ်အများဆုံးကိစ္စဖြစ်သည်။ ဆယ်ကျော်သက် မိန်းကလေးများအနေဖြင့် မဖြစ်မနေ ကြုံတွေ့ရ မည့် အချစ်ခရီးကို လျှောက်လှမ်းကျော်ဖြတ်သည့်အခါ မိမိထံသို့ ချဉ်းကပ်လာမည့်လူများကို အသိဉာဏ် နှင့်စနစ်တကျ စဉ်းစားဆုံးဖြတ်ကာ ရွေးချယ်မှသာ မှန်ကန်အေးချမ်းသော ဘဝတစ်ခုကို ရရှိပိုင်ဆိုင်နိုင် ကြမည်ဖြစ်သည်။ ထိုသဘောကို တေးရေးသူကနှင်းဆီပန်းရှိ ဆူးခက်ဥပမာနှင့် ယှဉ်ကာယှဉ်ကာ ဖွဲ့နွဲ့ထင်ဟပ်ရေးဖွဲ့ထားရာ ထိုအဖွဲ့များမှတစ်ဆင့် တေးရေးသူ၏ စေတနာရည်ရွယ်ချက်ကိုပါ လေးစား ဖွယ် တွေ့မြင်နိုင်ပါသည်။

**လူပုဂ္ဂိုလ်အဖြစ်တင်စားရေးဖွဲ့ခြင်းဖြင့် နိမိတ်ပုံပြုခြင်း**

အနုပညာဖန်တီးသူတို့သည် မိမိတို့၏ခံစားချက်၊ စိတ်ကူးနှင့်ဘဝအမြင်များကို တင်ပြရာတွင် ထင်ရှားပေါ်လွင်စေရန်အတွက် ဖန်တီးမှုအတတ်ပညာအရ အဆင်တန်ဆာမျိုးစုံကို လှပစွာ ဖွဲ့စပ်ဖန်တီး လေ့ရှိကြသည်။ ထိုအထဲတွင် နိမိတ်ပုံဖန်တီးမှုသည်လည်း တစ်ခုအပါဝင်ဖြစ်သည်။ နိမိတ်ပုံများကို ပုံဖော်ရာတွင် တင်စားမှုနည်းနာများသည် အရေးပါသည်။ ဤတေးသီချင်းဖန်တီးရေးသားမှုတွင် တင်စားမှုနည်း ကိုသုံး၍ နိမိတ်ပုံပြုဖွဲ့ဆိုလိုက်ခြင်းအားဖြင့် သီချင်းသည် ပို၍နှစ်သက်စွဲမက်ဖွယ်

ကောင်းလာစေရုံသာမက တေးရေးဆရာ၏ မမြင်သာသော ခံစားမှုများ၊ အတွေးစိတ်ကူးများကိုပါ သိသာမြင်သာလာစေနိုင်ပါသည်။ ထို့အပြင် တင်စားရေးဖွဲ့မှုများသည် သီချင်း၏ အဆင်တန်ဆာ သဘောမှ ကျော်လွန်ကာ တေးရေးဆရာ၏ခံစားမှုနှင့် အတွေးစိတ်ကူးတို့ ပေါင်းစပ်ပါဝင်နေသော အစွမ်းထက်မြက်သည့် အနုပညာ လက်နက်အသွင်သို့ နားဆင်သူတို့ထံပြောင်းလဲရောက်ရှိလာသည်။ ထိုအခါ နိမိတ်ပုံသည် အဆင်တန်ဆာ သက်သက်မဟုတ်တော့ဘဲ သီချင်း၏ရည်ရွယ်ချက်၊ သီချင်း၏အကြောင်းအရာ၊ သီချင်းဖွဲ့စည်း တည်ဆောက်ပုံတို့နှင့် တစ်သွေးတည်း၊တစ်သားတည်း ဆက်စပ်ဖြစ်တည်လာသည်။

ရသစာပေ၏သဘော (သို့) တင်စားမှုနည်းဖြင့်နိမိတ်ပုံဖွဲ့ခြင်း၏သဘောမှာ စာရေးသူက စာဖတ်သူအား မိမိအသိပေးပြောကြားလိုသော အကြောင်းခြင်းရာများကို တိုက်ရိုက်တင်ပြခြင်း မဟုတ်ပါ။ ခံစားသူများက ဖတ်ရှုရင်း၊ နားဆင်ရင်း ထိုသီချင်းတွင်ပါဝင်သော နိမိတ်ပုံများ၏ အင်အားမှ တစ်ဆင့် ဘဝအသိအမြင်များအလိုလို ရရှိလာခြင်းဖြစ်သည်။ ဤသီချင်းတွင်လည်း တေးရေးသူက နှင်းဆီပန်းနှင့် စံပယ်ပန်းကို မိန်းမပျိုလေးနှစ်ဦးအသွင် ဦးစွာသင်္ကေတပြုဖန်တီးပြီး လောကသဘာဝ အချစ်ရေးနှင့် ပတ်သက်လာလျှင် ရင်ဆိုင်ရမည့်ပြဿနာများနှင့် ထားရှိရမည့်စိတ်ထားများကို ထိုသင်္ကေတနှစ်ခုနှင့် ထင်ဟပ်ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။ ရေးဖွဲ့ရာတွင်လည်း ချစ်မှုရေးရာကိစ္စရပ်များကို လောကဓံတရားများနှင့် သွယ်ကာဝိုက်ကာ ရေးဖွဲ့တင်ပြထားသည်။ ထိုသီချင်းသည် နားဆင်သူများအတွက် ရသမြောက်စေရုံသာမက ဆယ်ကျော်သက်မိန်းကလေးများအနေနှင့် နှင်းဆီပန်းကို အတုယူကာ နှင်းဆီပန်းကဲ့သို့ ကျင့်ကြံနေထိုင်မှသာလျှင် လောကအလယ်တွင် လှပရဲရင့်စွာ ရှင်သန်နိုင်မည့် ပန်းကောင်းတစ်ပွင့် ဖြစ်လာနိုင်ကြောင်း ဘဝအသိ၊ လောကအမြင်များရရှိစေပါသည်။ ဤသည်မှာ တေးရေးသူ ဖန်တီးလိုက်သော တင်စားရေးဖွဲ့နိုင်မှုသည့် နားဆင်သူများ အထူးသဖြင့် ဆယ်ကျော်သက် အမျိုးသမီးလေးများထံသို့ ဘဝအသိသင်ခန်းစာ အဖြစ်ရောက်ရှိသွားသည့် အနုပညာပစ္စည်းများတွင်ပါဝင်သော နိမိတ်ပုံ၏အစွမ်းတစ်မျိုးဖြစ်ပါသည်။

| သင်္ကေတပြုပစ္စည်း | တေးရေးသူပြောလိုသော အကြောင်းအရာ | တေးသီချင်းပါနိမိတ်ပုံကို ပေါ်လွင်စေသောအဖွဲ့များ |
|---|---|---|
| နှင်းဆီပန်းနှင့် စပယ်ပန်း | ချစ်မှုရေးရာကိစ္စရပ်များတွင်အမျိုးသမီးများ အနေဖြင့်စိတ်၏အလိုကိုမလိုက်ဘဲတော်သင့် မှန်ကန်သော နှိုင်းဆချက်များဖြင့်စဉ်းစား ချင့်ချိန်စေလိုသော စေတနာ | ဘဝင်တသိမ့်သိမ့် ×× ရင်တငြိမ့်ငြိမ့် ×× စိမ့်လေသောစမ်းရေလေး စီးသည့်နှယ် သာတဲ့အခါ သာလိမ့်မယ် ×××ခြောက်သွေ့သော××နွေလမ်းကိုလည်း လျှောက်ရလိမ့်မယ် အချစ်ရဲ့ဒီသဘော×× ဖြောင့်တန်းကွေ့ကောက်သွေ့ခြောက် စိုပြည် ငိုမပြေ ရယ်မပျက် ဆန့်ကျင်ဘက် ဒီသဘော တွေ့ရလိမ့်ဦးမယ်×× |




**သုံးသပ်ချက်**

ရသစာပေမှ ဖန်တီးလိုက်သော သင်္ကေတများမှတစ်ဆင့် စကားအဆက်အစပ်တို့၏ အဓိပ္ပာယ်ကို ဖော်ထုတ်ရင်း နိမိတ်ပုံအယူအဆများဖြစ်ပေါ်လာကာ ထိုနိမိတ်ပုံများ၏ အင်အားမှတစ်ဆင့် ဘဝအသိ၊ လောကအမြင်များ အလိုလိုရရှိလာခြင်းဖြစ်သည်။ “ဇေဒါပျံ့အံကိုခဲပန်းပန်လျက်ပဲ”ဟူသော အဖွဲ့တွင် သင်္ကေတပြုပစ္စည်း “ဇေဒါ” မှတစ်ဆင့် “အံကိုခဲပန်းပန်လျက်ပဲ”ဟူသော စကားအဆက်အစပ်အရ “လောကဓံကို ရင်ဆိုင်အန်တုနိုင်သော အာဂဇေဒါ” အဖြစ် အားကောင်းသော နိမိတ်ပုံဖန်တီးမှုအဖွဲ့ တစ်ခု ဖြစ်ပေါ်လာသည်။ ထိုအရာကို အနုပညာဖန်တီးသူတို့၏ ပရိယာယ်ဟုလည်း ဆိုနိုင်ပါသည်။ ထို့ကြောင့် လက်ရာမြောက်သော၊ ပရိသတ်ကိုဆွဲဆောင်နိုင်စွမ်းရှိသော၊ အနက်အဓိပ္ပာယ်ပြည့်ဝသော၊ ရသအလှကို ပေးစွမ်းနိုင်သော အနုပညာပစ္စည်းတစ်ခုဖြစ်ရန် အကြောင်းအရာနှင့် ဆီလျော်လိုက်ဖက်သော ဖွဲ့စပ်မှုပုံသဏ္ဌာန်တို့ကို ဦးစွာရှာဖွေရမည်။ ရှာဖွေရရှိလာသည့် အကြောင်းခြင်းရာများကို လည်း သူ့နေရာနှင့်သူ နေရာတကျ သုံးစွဲခြင်းဖြင့် ရသနှင့်တကွ ရသမှပေးသော ဘဝအသိတို့ကို ဖန်တီး ယူရသည်။ တေးရေးစန္ဒရားကွန်းဇော် ရေးစပ်သီကုံးပြီး တက္ကသိုလ်လွဲ့လွဲ့ သီဆိုထားသော “နှင်းဆီမ လေး ချစ်ပုံပြင်”ပါ စာသားများသည် နှင်းဆီနှင့်စံပယ်ကို လူကဲ့သို့ သက်ရှိအသွင်တင်စား ရေးဖွဲ့ထားသော သီချင်း တစ်ပုဒ်ဖြစ်သည်။ သီချင်းပါ တင်စားရေးဖွဲ့မှုများသည် လောကသဘာဝ၊ လူ့သဘာဝများနှင့် တစ်ထပ်တည်းကျကာ ပေါ်လွင်ပီပြင်လှသည့်အတွက် နားဆင်သူများအား သီချင်းကပေးသော ရသ နှစ်သက်မှုကို ပြည့်ဝသော အတိုင်းအတာ ပမာဏအထိရောက်အောင် ထောက်ပံ့ပေးနိုင်ခြင်းရှိသည်ကို တွေ့ရပါသည်။ တေးရေးဆရာ၏ စေတနာရည်ရွယ်ချက်မှ ပေါက်ဖွားလာသော ထိုတေးသီချင်းကို နားဆင်ခံစားမိသူတိုင်း အထူးသဖြင့် ဆယ်ကျော်သက်အရွယ် မြန်မာအမျိုးသမီးလေးများ အနေဖြင့် အချစ်ရေးအချစ်ရာ ကိစ္စရပ်များတွင်စိတ်၏ အလိုကိုမလိုက်ဘဲ မည်သည့်ကိစ္စတွင်မဆို အသိတရားနှင့် သတိတရားကို လက်ကိုင်ထားရမည်ဟူသော ဘဝအသိကိုရရှိစေပါသည်။ ထို့မျှသာမက မြန်မာ အမျိုးသမီးလေးများအနေဖြင့် ရှင်သန်ရာ ဘဝတစ်လျှောက်လုံးတွင် လောကကိုစောင့်ရှောက်သည့်

ဟိရိဩတ္တပ္ပဟူသော လောကပါလတရားနှစ်ပါးကို အလေးအမြတ်ခံယူကျင့်သုံးကာ ကိုယ်ကျင့် တရား ထိန်းသိမ်းမှုနှင့် ဆောင်ရွယ်ဖွယ်ကျင့်ဝတ်များကို ကျင့်သုံးမှုဟူသော မြတ်နိုးဖွယ်ရာထုံးဓလေ့ အစဉ်အလာများကို ခေတ်အဆက်ဆက်ခံယူကျင့်သုံးရင်း မိမိတို့၏တန်ဖိုးမှသည် အမျိုးဂုဏ်၊ ဇာတိ ဂုဏ် ကိုပါ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရမည်ဟူသော အသိတရားများကိုပါ ဆက်စပ် ဆင်ခြင်ခံစားရရှိစေနိုင်ပါသည်။

## နိဂုံး

အနုပညာနယ်ပယ်တွင် ဖန်တီးသူတို့၏ ခံစားချက်များနှင့် အတွေးအမြင်များကို ခံစားသူတို့ ကူးလှယ် ခံစားနိုင်သော အနုပညာပစ္စည်းကောင်းတစ်ခုဖြစ်လာစေရန် ဖန်တီးမှုအတတ်ပညာအရ ပုံဖော်ဖွဲ့နွဲ့မှုသည် လွန်စွာအရေးပါသည်။ ထိုအဖွဲ့အနွဲ့များမှတစ်ဆင့် ဖန်တီးသူပေးလိုသော ရသခံစားမှု နှင့် ဘဝအာနိသင်များကိုပါ ရရှိခံစားခဲ့ကြရသည်။ ဤစာတမ်းပါ "နှင်းဆီမလေးချစ်ပုံပြင်" တေးသီချင်း ၏ တင်စားရေးဖွဲ့မှုသဘောကို လေ့လာတင်ပြခြင်းဖြင့် ရသစာပေဖန်တီးရှင်များဖြစ်သော အတတ်ပညာ ရှင်တို့၏ အနုပညာဂုဏ် မြောက်အောင်ရေးဖွဲ့နိုင်ရန် အားထုတ်ကြိုးပမ်းမှုအဆင့်ဆင့်ကို ခံစားနားလည် လာရပါသည်။ ဆက်လက်၍ သုတေသနပြုလိုသူများအနေဖြင့် တေးရေးဆရာများ၏ ဖန်တီးမှု အတတ်ပညာအရ ပြောင်မြောက်စွာ ဖွဲ့နွဲ့ဖန်တီးထားသော တေးသီချင်းများ၏ ရေးဖွဲ့မှုပုံစံများကို လေ့လာရင်း ထိုမှတစ်ဆင့် သီချင်းစာသားများမှပေးသော ဘဝအသိ၊ လောကအမြင်များကိုပါ တစ်ပါ တည်း လေ့လာဖော်ထုတ်နိုင်ပါသည်။

## ကျမ်းကိုးစာရင်း


### မြန်မာဘာသာ

တာရာ၊ဒဂုန်။ (၂၀၁၉)။ စာပေသဘောတရား၊ စာပေဝေဖန်ရေး၊စာပေလှုပ်ရှားမှု (တ-ကြိမ်) ။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

မြန်မာအဘိဓာန်(တကြိမ်)။(၂၀၂၄ ) ။ နေပြည်တော်၊ မြန်မာနိုင်ငံတိုင်း ရင်းသားဘာသာစကားဦးစီးဌာန။

### အင်္ဂလိပ်ဘာသာ

Morner, Kathleen & Raush, Ralph (1998) NTC's Dictionary of Literary Terms. NTC Publishing Group.

Than Tun, U, Myanmarsar (2004). Personification in Myanmar Poetry, University of Distant Education Annual Magazine, Yangon (English Section)

Wren & Martin. (1985). English Grammar and Composition. Hundred and sixteenth Edition. S.

Chand & Company. Ltd.

Website

https://www.twinkl.com.mm/teaching-wiki/personification

https://www.masterclass.com Sep 28, (2025)

## မူရင်းကိုးကားစာသားများ

“In Personification inanimate objects and abstract notions are spoken of as having life and intelligence” (Wren&Martin, English Grammar and Composition,1985)

“Personification. A FIGURE OF SPEECH in which human characteristics and sensibilitis are attributed to animals, plants, inanimate objects, natural forces, or abstract ideas.” (Morner,Kathleen & Raush, Ralph, NTC’sDictionary of Literary Terms, 1998)

“In Myanmar Literature, I have found that Saya Zawgyi is the first in the use of personification because of the emergence of a khitsan poem named “ The paduck, the pterocarp blossoms” (U Than Tun (2004) Personification in Myanmar Poetry , University of Distant Education Annual Magazine,Yangon (English Section)

“Personification is a type of Figurative Language where human characteristics, such as thoughts, feelings or actions, are given to something non-human. The "non-human" in this case encompasses everything from inanimate objects to plants and animals. Additionally, personification is similar in some ways to another form of figurative language, Metaphors. However, the difference is that metaphors can compare any one thing to another, whereas personification has more to do with comparing the way a thing or object behaves with our human behaviours.”

https://www.twinkl.com.mm/teaching-wiki/personification

Personification is a type of figurative language that applies human attributes to a non-human entity or inanimate object to express a point or idea.

https://www.masterclass.com (2025)

# မြစ်ကျိုးအင်း၏ "မျှော်လင့်ခြင်းကိုမျှားတဲ့ညနေ" ဝတ္ထုမှ ရိုးဂုဏ်ဖြင့် ရသမြောက်အောင်ဖန်တီးမှု လေ့လာချက်

ဖြူဖြူငြိမ်းသွယ်[၁]

## စာတမ်းအကျဉ်း

ဤသုတေသနစာတမ်းသည် မြစ်ကျိုးအင်း၏ "မျှော်လင့်ခြင်းကိုမျှားတဲ့ညနေ" ဝတ္ထုတွင် စာရေးသူသည် ရိုးဂုဏ်မြောက်စွာ ရေးသားဖန်တီးမှုကြောင့် ရသမြောက်ကြောင်း လေ့လာတင်ပြ ထားသောစာတမ်း ဖြစ်ပါသည်။ ဤစာတမ်း၏ ရည်ရွယ်ချက်မှာ ဝတ္ထုတစ်ပုဒ်ဖန်တီးရာတွင် ဆန်းသစ်တီထွင်မှုများ၊ လှည့်ကွက်များ၊ အဆင်တန်ဆာစကားအသုံးအနှုန်းများကြောင့်သာ ရသမြောက်နိုင်သည်မဟုတ်ဘဲ ရိုးရှင်းသော ဇာတ်လမ်းဇာတ်ဆောင် ကာလဒေသ နောက်ခံဖန်တီးမှု၊ ရိုးရှင်းသောစကားအသုံးအနှုန်း စသည့် ရိုးဂုဏ်ကြောင့်လည်း ရသမြောက်အောင် ရေးဖွဲ့နိုင်ကြောင်း ဖော်ထုတ်တင်ပြလိုခြင်းဖြစ်သည်။ ဤဝတ္ထု၏ ဝတ္ထုတိုဖန်တီးမှုကို လေ့လာရာတွင် သမားရိုးကျ လေ့လာမှုရှုထောင့်မှ မဟုတ်ဘဲ ဆန်းသစ် သော အမြင်ရှုထောင့်မှ လေ့လာတင်ပြထားသည်။ သုတေသနရလဒ်အဖြစ် ဝတ္ထုတိုကောင်း တစ်ပုဒ်သည် စာရေးသူ၏ စိတ်ခံစားမှုကြောင့် ဖြစ်ပေါ်လာသည့် တစ်ခုတည်းသောအကြောင်းအရာကို ဇာတ်ဆောင် အနည်းငယ်ဖြင့် ရိုးရှင်းစွာရိုးဂုဏ်မြောက်အောင် ရေးဖွဲ့ခြင်းဖြင့် ထူးခြားမှုတစ်ခုခုကို ရရှိခံစားကာ ရသ မြောက်စေနိုင်ကြောင်း တင်ပြထားပါသည်။

**သော့ချက်ဝေါဟာရများ။** ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံ၊ စကားအသုံးအနှုန်း၊ ရိုးဂုဏ်၊ ရသ။

## နိဒါန်း

မြစ်ကျိုးအင်း၏ "မျှော်လင့်ခြင်းကိုမျှားတဲ့ညနေ" ဝတ္ထုတိုသည် ဖခင်တစ်ယောက်၏ မေတ္တာ၊ သားအဖနှစ်ယောက်၏ မေတ္တာကို လွမ်းမောဖွယ် ရသမြောက်အောင် ဖန်တီးရေးဖွဲ့နိုင်သော နှစ်သစ်ဖွယ် ဝတ္ထုတိုကောင်းတစ်ပုဒ် ဖြစ်သည်။ ဤဝတ္ထုတိုကို ဖတ်ရှုပြီးနောက် အဘယ်ကြောင့် ရသမြောက်ကြောင်း၊ အဘယ်ကြောင့် နှစ်သစ်ဖွယ်ဝတ္ထုတိုကောင်းဖြစ်ရကြောင်း၊ ထိုသို့ရသမြောက်၍ နှစ်လိုဖွယ်ဖြစ်အောင် စာရေးသူကမည်သို့ ဖန်တီးထားကြောင်းကို လေ့လာဆန်းစစ်လိုစိတ်များ ဖြစ်ပေါ်လာခဲ့ပါသည်။ ဤစာတမ်းသည် မြစ်ကျိုးအင်း၏ "မျှော်လင့်ခြင်ကို မျှားတဲ့ညနေ" ဝတ္ထုတိုသည်အဘယ်ကြောင့် ရသ မြောက်ပြီး နှစ်သစ်ဖွယ်ဖြစ်ရကြောင်းကို လေ့လာဆန်းစစ် တင်ပြထားသော တမ်းဖြစ်ပါသည်။ ဤသို့ လေ့လာရာတွင် ဝတ္ထုတိုဖန်တီးမှု အတတ်ပညာနည်းနာများဖြင့် လေ့လာသည့်အခါ ဇာတ်လမ်းဖန်တီးမှု၊ ဇာတ်ဆောင်စရိုက်၊ ကာလဒေသနောက်ခံတို့မှာ များစွာထူးခြားလှသည်မဟုတ်ဘဲ ရိုးရှင်းစွာဖန်တီး ရေးသားထားသော "ရိုးဂုဏ်" သည်သာ ထင်ရှားစွာ ထွက်ပေါ်နေသည်ကို တွေ့ရှိခဲ့ရပါသည်။ ထို့ကြောင့် အောက်ပါသုတေသနမေးခွန်းများ ပေါ်ထွက်လာပါသည်။

- အဘယ်ကြောင့် ရိုးရှင်းသော ရေးဟန်ဖြင့် ရသမြောက်သနည်း။
- "ရိုးဂုဏ်" သည် ရသမြောက်စေသလော။
- ဝတ္ထုတိုဖန်တီးမှုအတတ်ပညာတွင် "ရိုးဂုဏ်" ၏ အခန်းကဏ္ဍ မည်သို့ရှိသနည်း။

---

[၁] မြန်မာစာဌာန၊ ပဲခူးတက္ကသိုလ်

တို့ ဖြစ်ပါသည်။

ဤဝတ္ထုတိုသည် မြစ်ကျိုးအင်း၏ ဝတ္ထုတိုအမျိုးသားစာပေဆုရ စာအုပ်ပါ ဝတ္ထုတို ၁၆ ပုဒ်မှ တစ်ပုဒ်အပါအဝင်ဖြစ်ပြီး စာအုပ်အမည်ကိုလည်း ဤဝတ္ထုတိုခေါင်းစဉ်ဖြင့်ပင် ပေးထားပါသည်။ “မျှော်လင့်ခြင်းကိုမျှားတဲ့ညနေ” ဟူသောခေါင်းစဉ်သည် ရိုးရှင်းသော စကားလုံးများကိုသာ အသုံးပြု ထားသော်လည်း စိတ်ဝင်စားဖွယ်ဖြစ်အောင် ဆွဲဆောင်နိုင်သော ခေါင်းစဉ်ဖြစ်သည်။ ဝတ္ထုမဖတ်မီကပင် “မျှော်လင့်ခြင်းကို မည်သို့မျှားမည်နည်း” ဟူသောသိလိုစိတ်ကို ဖြစ်ပေါ်စေပါသည်။ စာတမ်းရှင် ကိုယ်တိုင်သိလိုစိတ် ဖြစ်သောကြောင့် ဤဝတ္ထုကိုဖတ်ခဲ့ပါသည်။ ဝတ္ထုတွင်ရိုးရှင်းသော အသုံးအနှုန်းများ၊ အများနားလည်နိုင်သော အပြောသုံး စကားလုံးများကို အများဆုံးအသုံးပြု၍ ရေးသားထားကြောင်း တွေ့ရသည်။ ဝတ္ထု၏ခေါင်းစဉ်သည် ဆန်းသစ်သော်လည်း ဝတ္ထုကိုဇာတ်လမ်းသွား၊ ဇာတ်ဆောင်တို့၏ အမူအရာ၊ ကာလနှင့်ဒေသနောက်ခံတို့ကို ရိုးရှင်းစွာ ရေးသားထားသည်။ ထိုရိုးရှင်းသော အသုံးများ ကြောင့် ဝတ္ထုတစ်ပုဒ်လုံး ဖတ်ပြီးသောအခါ ရင်ထဲတွင် ခံစားချက်တစ်ခု ဖြစ်ပေါ်လာသည်။ ထိုရိုးရှင်း သော ရိုးဂုဏ်ကပင် ရသကိုဖန်တီးပေးနိုင်ကြောင်း သိလာရသည်။ ထို့ကြောင့်လည်း ဤသုတေသနကို ပြုလုပ်ဖြစ်ခဲ့ခြင်းဖြစ်သည်။ သုတေသနပြုရာတွင် သုတေသနမေးခွန်းများကို အဖြေရှာရန်အတွက် ဇာတ်လမ်းဖန်တီးမှု အတတ်ပညာ၊ ရေးဟန်နည်းနာ၊ စကားအသုံးအနှုန်းတို့ဖြင့် ချိန်ထိုးလေ့လာ အဖြေ ရှာကာ တင်ပြထားပါသည်။

ဤစာတမ်းတွင် နောက်ခံအချက်အလက်များ၊ စိစစ်လေ့လာချက်၊ သုတေသနရလဒ်နှင့် သုံးသပ်ချက်ဟူ၍ သုံးပိုင်းခွဲကာ လေ့လာတင်ပြမည်ဖြစ်ပါသည်။

**နောက်ခံအချက်အလက်များ**

နောက်ခံအချက်အလက်များကို ဖော်ပြရာတွင် စာရေးသူအတ္ထုပ္ပတ္တိအကျဉ်းနှင့်ဝတ္ထုတို ပါဝင် သည့် စာစောင်၊ စာအုပ်မိတ်ဆက်ကို တင်ပြထားပါသည်။

**စာရေးသူအတ္ထုပ္ပတ္တိအကျဉ်းနှင့် ဝတ္ထုတိုပါဝင်သည့်စာစောင်၊ စာအုပ် မိတ်ဆက်**

“မျှော်လင့်ခြင်းကိုမျှားတဲ့ညနေ” ဝတ္ထုရေးသားသူမှာ စာရေးဆရာမြစ်ကျိုးအင်းဖြစ်သည်။ ဤ ဝတ္ထုသည် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လထုတ် ရွှေအမြုတေမဂ္ဂဇင်းတွင် ပထမအကြိမ်ပါရှိခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ဝတ္ထုတိုပေါင်းချုပ်တွင် ပါဝင်သည်။ ၂၀၁၈ ခုနှစ် အမျိုးသားစာပေဆု ဝတ္ထုတိုဆုရ ဝတ္ထုတစ်ပုဒ် ဖြစ်သည်။ ဤဝတ္ထုတို ပေါင်းချုပ်ကို ၁၂ ကြိမ်တိုင်တိုင် ပုံနှိပ်ထုတ်ဝေပြီးဖြစ်သည်။

ဆရာမြစ်ကျိုးအင်း၏ အမည်ရင်းမှာ သက်ပိုင်စိုးဖြစ်သည်။ အဖဦးစိုးလင်းနှင့် အမိ ဒေါ်ကြည်ကြည်ဝင်းတို့မှ ၁၉၈၁ ခုနှစ်တွင် သံလျင်မြို့တွင်ဖွားမြင်သည်။ ၂၀၀၈ ခုနှစ်မှစ၍ ‘မြစ်ကျိုးအင်း’ ကလောင်အမည်ဖြင့် ဘလော့ဂ် (Blog) ပေါ်တွင် ဝတ္ထုတိုများရေးကာ Blogger တစ်ဦးဖြစ်လာသည်။ ၂၀၁၁ ခုနှစ် မေလထုတ်”ဖူးငုံဆယ်ကျော်သက်မဂ္ဂဇင်း” ပါ “ကမ္ဘာပျက်ခြင်း” ဝတ္ထုတိုဖြင့် စာပေလောက သို့ စတင်ရောက်ရှိလာခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် အကောင်းဆုံးရသစာပေ ဘလော့ဂ် (Blog) အကယ်ဒမီ ဆု (Myanmar Blog Academy Award) ကိုရရှိခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ရွှေအမြုတေ ဝတ္ထုရှည်

စာပေဆုကို "ကြံဖတ်များ" ဝတ္ထုရှည်ဖြင့် ရရှိခဲ့သည်။ လက်ရှိတွင် သံလျင်မြို့တွင်နေထိုင်လျက်ရှိသည်။ သံလျင်မြို့ဇာတိဖြစ်သည့် အားလျော်စွာ "မျှော်လင့်ခြင်းကို မျှားတဲ့ညနေ" ဝတ္ထုပါ ငါးမျှားရာကန်ကြီး သည် သံလျင်ရေနံချက် စက်ရုံအနီးတွင် အင်္ဂလိပ်လက်ထက်ကပင် ရှိခဲ့သောကန်ကြီးကို ရေးဖွဲ့ထားခြင်း ဖြစ်ကြောင်း တွေ့ရသည်။

"မျှော်လင့်ခြင်းကို မျှားတဲ့ညနေ" ဝတ္ထုသည် ခေါင်းစဉ်မှလွဲ၍ ဝတ္ထုတစ်ပုဒ်လုံးတွင် အလွန် ရိုးရှင်းစွာ ရေးဖွဲ့ထားသည်။ ဝတ္ထုတစ်ပုဒ်လုံးတွင် အသစ်ဖန်တီးထားသော ဖွဲ့နွဲ့သော စကားအသုံးအနှုန်း များ ပြောရလောက်အောင် မပါသော်လည်း ရသမြောက်အောင် ဖန်တီးရေးဖွဲ့နိုင်သည်။

## စာပေလေ့လာဆန်းစစ်ချက်

စာပေလေ့လာဆန်းစစ်ချက် အနေဖြင့် ဝတ္ထုတို၊ ဝတ္ထုရှည်များ၏ ဇာတ်လမ်းဖန်တီးပုံများ၊ ရသမြောက် ဖန်တီးမှုများကို လေ့လာတင်ပြထားသော ကျမ်းများ၊ စာတမ်းများ၊ စာအုပ်များစွာ ရှိပါသည်။ ဤသုတေသနသည် အထက်ပါ သုတေသနများနှင့် ကွဲပြားကာ ရိုးဂုဏ်ကြောင့်လည်း ရသမြောက် ကြောင်း ဖော်ထုတ်တင်ပြထားသော စာတမ်းဖြစ်ပါသည်။

## နည်းနာ

သုတေသနပြုရာတွင် ချဉ်းကပ်ထားသည့် ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသနနည်းနာဟူ၍ ရှိပါသည်။

## ပညာရပ်ဆိုင်ရာနည်းနာ

သုတေသနပြုရာတွင် ပညာရပ်ဆိုင်ရာနည်းနာအဖြစ် ဇာတ်လမ်းဖန်တီးမှုအတတ်ပညာများ၊ စကား အသုံးအနှုန်းရေးဟန်များကို အဓိကထား၍ ချဉ်းကပ်လေ့လာတင်ပြထားပါသည်။

## စာတမ်းပါဝေါဟာရဖွင့်ဆိုချက်

ဤစာတမ်းသည် အဓိကအားဖြင့် ရိုးဂုဏ်နှင့် ရသဆိုသော ဝေါဟာရနှစ်ခုအပေါ်တွင် အခြေပြု ထားပါသည်။ "ရိုးဂုဏ်" ဆိုသည်မှာ ရိုးရှင်းသော ဂုဏ်အရည်အသွေးဖြစ်ပါသည်။ အလင်္ကာကျမ်းများ တွင် ပုဒ်အထားအသိုရှုပ်ထွေးခြင်းမရှိ၊ အသိခက်သော စကားအသုံးအနှုန်းများမပါသော အရေးအဖွဲ့ရှိ သော ရိုးဂုဏ်ကို "ပသာဒဂုဏ်" အဖြစ်ဖော်ပြပါသည်။ ဤစာတမ်းတွင် ရိုးရှင်းသော ဇာတ်လမ်း ဇာတ်ဆောင်ကာလဒေသ ဖန်တီးမှု၊ ရိုးရှင်းသောစကားအသုံးအနှုန်း အရေးအသားကြောင့် ရိုးရှင်းသော ဂုဏ်အရည်အသွေးကို "ရိုးဂုဏ်" အဖြစ်သတ်မှတ်ပါသည်။ "ရသ" ဆိုသည်မှာ "သာယာသောခံစားမှု၊ ချစ်ခင်ခြင်း ရဲရင့်ခြင်းကြောက်ရွံ့ခြင်းစသော အနုပညာခံစားမှု" (မြန်ဘိ၊ စာ ၂၉၃) ဖြစ်ပါသည်။ ဤစာတမ်းတွင် အလေ့လာခံဝတ္ထုဖတ်ရှုပြီးနောက် ဖြစ်ပေါ်လာသော စိတ်ခံစားမှုအရသာကို "ရသ" အဖြစ် ရည်ညွှန်းပါသည်။

## သုတေသနနည်းနာ

သုတေသနပြုရာတွင် သုတေသနနည်းနာအဖြစ် ဝတ္ထုတွင်ပါဝင်သောရှိပြီး အချက်အလက်များ အပေါ် အခြေပြုလေ့လာခြင်းနည်းကို အခြေခံ၍ ခြုံယူဆင်ခြင်ကာ လေ့လာတင်ပြထားပါသည်။

## စိစစ်လေ့လာချက်

မြစ်ကျိုးအင်း၏ မျှော်လင့်ခြင်းကိုမှုးတဲ့ညနေ ဝတ္ထုတိုကို လေ့လာရာတွင် ဇာတ်လမ်းအကျဉ်း၊ ဇာတ်လမ်းဖန်တီးမှု၊ ဝတ္ထုတွင်ပါဝင်သော သရုပ်ဖော်အဖွဲ့များဖန်တီးမှုဟူ၍ သုံးပိုင်းခွဲခြားကာ လေ့လာတင်ပြပါမည်။

## ဇာတ်လမ်းအကျဉ်း

ဟင်းစားအတွက် ငါးမျှားရန်ပြင်ဆင်နေသည့် ဖခင်ကိုသားငယ်က တွေ့မြင်သောကြောင့် သူပါ လိုက်မည်ဟုပြောသည်။ သားသမီးများ၏ မျက်နှာတစ်ချက်အညှိုးမခံသော ဖခင်ကသားဖြစ်သူကိုပါ ခေါ်ရန် လိုအပ်သည်များ ပြင်ဆင်ရသည်။ ဖခင်အပေါ်တွယ်တာသော သားငယ်က သူကျန်ခဲ့မည် စိုးသောကြောင့် ဖခင်အနားကမခွာတော့ပေ။ လိုအပ်သောပစ္စည်းများ စုံလင်သောအခါ အနက်ရောင် ထီးရှည်တစ်ဖက်ကကိုင်၍ သားလက်ကိုဆွဲကာ အိမ်မှထွက်လာခဲ့သည်။ ငါးမျှားတံကို မိမိအဆင်ပြေစဉ် က မိမိဆိုင်တွင် နံပြားဖုတ်သမားဖြစ်ခဲ့ဖူးသော မောင်ထွန်းအိမ်တွင်ထားသည်။ ငါးမျှားထွက်တိုင်းလည်း မောင်ထွန်းအိမ်မှ ငါးမျှားတံကို ဝင်ယူသွားလေ့ရှိသည်။

ဖခင်သည် သားသမီးများ ငယ်စဉ်က အဆင်ပြေခဲ့ဖူးသည်။ သူ့လက်ဖက်ရည်ဆိုင်က အောင်မြင်ခဲ့ သည်။ နောက်ဆုံး လောကဓံအတက်အကျကြောင့် ဆိုင်ပိတ်လိုက်ရသည်။ ကြုံရာအလုပ်ကိုလုပ်၍ ဇနီးနှင့် သားသမီးများကို ဝမ်းဝစေသည်။

ငါးမျှားရန်ရေကန်ကြီးဆီသို့ သွားရာလမ်းတွင် မုန့်ဆိုင်တွေ့သောအခါ သားငယ်စားချင်သော မုန့်ဝယ်ရင်း သူ့အတွက် ဆေးပေါ့လိပ်နှင့်ကွမ်းယာဝယ်သည်။ ငါးမျှားရင်းဆေးလိပ်ဖွာရသည်မှာ စိတ်ကူး အသစ်များ ထွက်လာနိုင်သည်။ မကြာခင်ရေကန်ကြီးဆီသို့ ရောက်လာသည်။ ရေကန်ကြီးသည် အင်္ဂလိပ် ခေတ်ကတည်းက တူးထားသောရေကန်ကြီးဖြစ်သောကြောင့် ကန်ရေပြင်က ရေမှော်များ၊ ဒိုက်များဖြင့် စိမ်းမှောင်နေသည်။ ထည့်လာသည့် ပလတ်စတစ်အခင်း ထုတ်ခင်းကာ မြေပြင်တွင်တုတ်တိုတစ်ချောင်း စိုက်၍ ထီးကိုချည်ထားလိုက်သည်။ သားငယ်က ထီးရိပ်ထဲတွင်ဆီးထုပ်ကို စဖောက်နေလေပြီ။

ငါးမျှားရန် လွယ်အိတ်ထဲမှ တီဘူးကိုထုတ်ပြီး ငါးမျှားချိတ်တွင် တီတစ်ပိုင်းတပ်သည်။ ရေကန် ထဲတွင်တီလားဗီးယား နှစ်မျိုးငါးများရှိသည်။ ထိုငါးများက တီကောင်ကိုနှစ်သက်သည်။ ကန်က ကျယ်လွန်းသောကြောင့် တော်တော်နှင့်ငါးမရနိုင်။ ထို့နောက် ငါးဖျင်းသလက်နှင့်း ငါးဘဲဖြူများရရန် ငါးမျှားတံအသေးတစ်ချောင်းကို ငါးစာတပ်လိုက်သည်။

ငါးမျှားတံများ နေရာတကျရှိသောအခါ အိတ်ထဲမှာကွမ်းယာထုပ်ကို ထုတ်စားလိုက်သည်။ ငါးမျှားတံဖော့ကို သားငယ်ကပါ ဝိုင်းကြည့်ပေးသည်။ သားငယ်သည် ငါးမျှားလိုက်လာတိုင်း ခဏ လောက်သာနေနိုင်သည်။ ငြိမ်ငြိမ်နေရသောကြောင့် ပျင်းပြီးအရိပ်ထဲတွင် အိပ်သွားတတ်သည်။ ညနေ

ပြန်ခါနီးနှီးမှ ထလာမြဲဖြစ်သည်။ ငါးဖျင်းသလက် သုံးလေးကောင်ခန့်ရပြီးချိန်တွင် မိုးစက်များ ကျလာသောကြောင့် သားငယ်ကိုနှိုး၍ မိုးကာဝတ်ပေးလိုက်သည်။ မိုးသံကြောင့် ငါးများကမ်းစပ်သို့ရောက်လာသည်။ ငါးတစ်ကောင်ပါလာတိုင်း သူ့သား၏ဟေးခနဲအော်သံသည် သူ့အပေါ်ထားသည့် ယုံကြည်ကိုးစားမှုဖြစ်သည်။ သားငယ်ပါလာသည့်နေ့တိုင်း အရင်နေ့များထက် ငါးပိုရချင်သည်။ သားသမီးများအတွက် ဘာမျှမလုပ်ပေးနိုင်လျှင်တောင် ယုံကြည်အားကိုးမှုတော့ သူပေးနိုင်ချင်သည်။

ထိုအချိန်တွင် ကိုင်းတံအကြီးမှ ဆတ်ခနဲဆတ်ခနဲ လှုပ်ရှားမှုကို ခံစားရသောကြောင့် အာရုံစိုက်နေရသည်။ တင်းခနဲဖြစ်သွားသောကြောင့် ငါးအတော်ကြီးသည်ဟုတွက်မိသည်။ သားငယ်၏ယုံကြည်မျှော်လင့်ချက်ကို အပျက်စီးမခံနိုင်။ ငါးကရုန်းကန်နေသောကြောင့် အလျှော့ပေးလိုက် ပြန်ဆွဲလိုက်ဖြင့် နောက်ဆုံး ငါး၏ရုန်းကန်အားကြောင့် ကိုင်းတံလွှတ်ပေးလိုက်မိသည်။ လွှတ်သွားသော ကိုင်းတံကို လှမ်းဆွဲရန် အလောတကြီး ရှေ့ကိုတိုးလိုက်စဉ် ခြေဖဝါးပူခနဲ ဖြစ်သွားပြီး နာကျင်သွားသည်။ လွှတ်သွားသော ကိုင်းတံကို လှမ်းဆွဲလိုက်သောအခါ ပေါ့ပါးစွာပါလာသည်။ သူ့ရင်ထဲဟာခနဲ ဖြစ်သွားသည်။ ငါးတစ်ကောင်နှင့်အားပြိုင်မှုတွင် သူရှုံးသွားခဲ့သည်။

ခြေထောက်ဒဏ်ရာကလည်း မိုးနှင့်အပြိုင်သွေးများ ဒလဟောထွက်လာသည်။ သွေးများကိုမြင်သောကြောင့် သားငယ်ကလည်း ငိုလေသည်။ ပုဆိုးအောက်နားပတ်လည်ကို ဆွဲဖြဲကာ ပတ်တီးအဖြစ် ဒဏ်ရာကိုခပ်တင်းတင်း စည်းနှောင်လိုက်သည်။ သွေးများထွက်နေသဖြင့် အိမ်ပြန်ခဲ့သည်။ သားငယ်စိတ်မကောင်းဖြစ်မည်စိုးသောကြောင့် အားတင်းကာ ခြေဖျားထောက်ပြီး လျှောက်ပြန်ခဲ့သည်။ သားငယ်ကလည်း ဖခင်ဒဏ်ရာကိုကြည့်ကာ ဖခင်ကိုသနားနေသည်။

ဒဏ်ရာနာကျင်ခြင်းထက် သားသမီး၏ အားငယ်နေရခြင်းကို ကောင်းစွာမနေစ်သိမ့်နိုင်သည့် ဖခင်တစ်ယောက်၏ နာကျင်ခြင်းဝေဒနာက ပိုပြင်းထန်သည်။ လွယ်အိတ်ထဲတွင် မျှော်လင့်ခြင်းဖြင့် လဲယူထားသော ငါးကလေးများရှိနေသည်။ သွေးစက်များကလည်း မြေလမ်းလေးထက်တွင် တစ်စက်စက်ကျကျန်ခဲ့သည်။

**ဇာတ်လမ်းဖန်တီးမှု**

မျှော်လင့်ခြင်းကို မျှားတဲ့ညနေ ဝတ္ထုတို ဇာတ်လမ်းဖန်တီးပုံမှာ အလွန်ရိုးရှင်းပါသည်။ ဝတ္ထုတွင် ဇာတ်ပျိုး၊ ဇာတ်နှိုး၊ ဇာတ်တက်၊ ဇာတ်ထွတ်၊ ဇာတ်ဆင်း၊ ဇာတ်သိမ်းဟူသည့် ဝတ္ထု ဇာတ်လမ်းအင်္ဂါရပ်အပြည့်အစုံပါသည်ကို တွေ့ရပါသည်။

ဇာတ်ပျိုး - ရာသီဥတုနောက်ခံအခြေအနေ၊ သားသမီးအပေါ်ထားရှိသည့် ဖခင်တစ်ဦး၏ မေတ္တာ၊ သားငယ်လေး၏ ဖခင်အပေါ် တွယ်တာမှု၊ ငါးမျှားရန်ပြင်ဆင်ပုံ၊ ငါးမျှားထွက်လာပုံဖြင့် အစပျိုးထားသည်။

ဇာတ်နှိုး - ငါးမျှားသွားရာလမ်းတွင် ငါးမျှားတံအပ်ထားသည့်အိမ်တွင် ငါးမျှားတံ ဝင်ယူပုံ၊ မိမိ၏ စီးပွားရေးအခြေအနေကြောင့် ငါးမျှားထွက်လာရကြောင်း စာဖတ်သူကိုပြောပြရင်း ဇာတ်ကိုနိုးထစေသည်။ ငါးမျှားတံအပ်ထားသည့် အိမ်ရှင်သည် ယခင်က မိမိစီးပွားရေး

ကောင်း၍ လက်ဖက်ရည်ဆိုင်ဖွင့်စဉ်က နံပြားဖုတ်သမား မောင်ထွန်း၏ အိမ်ဖြစ်ပုံ၊ သူ မောင်ထွန်းနှင့် သားငယ်လေးတို့ အပြန်အလှန် စကားပြောကြပုံ၊ လမ်းတွင်မုန့်ဆိုင်တွေ့ ၍သားငယ်လေးအား မုန့်ဝယ်ကျွေးပုံ၊ ဆေးလိပ်ကွမ်းယာဝယ်ပုံ၊ ငါးမျှားမည့်ကန်သို့ ရောက်ရှိကာကန် အနေအထားကိုပြောပြရင်း စာဖတ်သူ စိတ်ဝင်စားလာအောင် ဇာတ်ကို နှိုးပေးသည်။

ဇာတ်တက် - ရေကန်ကြီးသို့ ရောက်ရှိကာ ငါးမျှားပုံသည် ဇာတ်ရှိန်ကို မြင့်တက်လာစေသည့် ဇာတ်တက်ပိုင်းဖြစ်သည်။

ဇာတ်ထွတ် - ငါးအကောင်ကြီးကြီး ငါးမျှားချိတ်တွင်မိကာ ငါမျှားတံကို ငါးကြီးနှင့် အပြန်အလှန်ဆွဲပုံ၊ ခြေထောက်တွင် ဒဏ်ရာရသွားပုံနှင့် ငါးမျှားချိတ်ကြိုးပြတ်ကာ ငါးကြီးလွတ်သွားပုံသည် ဇာတ်ရှိန်အမြင့်ဆုံး ဇာတ်ထွတ်ပိုင်းဖြစ်သည်။

ဇာတ်ဆင်း - ခြေထောက်ဒဏ်ရာမှသွေးများယိုစီးလာပုံ၊ သားငယ်လေးဝမ်းနည်းငိုကြွေးပုံ၊ ဒဏ်ရာကို အဝတ်စီးကာ သားငယ်ကိုချော့၍ ပြန်လာကြပုံသည် ဇာတ်အရှိန်ကို ပြန်၍လျော့ကျစေ သည့် ဇာတ်ဆင်းပိုင်းဖြစ်သည်။

ဇာတ်သိမ်း - သားငယ်၏ လိုအင်ကို မဖြည့်ဆည်းပေးနိုင်သည့် ဖခင်တစ်ယောက်၏ နာကျင်မှုဖြင့် သားငယ်ကို လက်ဆွဲကာ ပြန်လာပုံဖြင့် ဇာတ်သိမ်းထားသည်။

ဇာတ်လမ်းဖန်တီးမှု ထူးခြားချက် -

- ဝတ္ထုတိုတစ်ပုဒ်ဖြစ်သော်လည်း ဇာတ်ပျိုး၊ ဇာတ်နှိုး၊ ဇာတ်တက်၊ ဇာတ်ထွတ်၊ ဇာတ်ဆင်း၊ ဇာတ်သိမ်း ဟူသည့် ဝတ္ထုဇာတ်လမ်းအင်္ဂါရပ်အပြည့်အစုံပါသည်။
- မြုပ်ကွက်၊ လှည့်ကွက်၊ အဆန်းတကြယ်ဖန်တီးချက်မပါ ရိုးရှင်းစွာဖြင့် ဇာတ်လမ်းဖန်တီးကာ ရသမြောက်စေသည်။
- ဇာတ်လမ်း၏သဘောသည် တဖြည်းဖြည်းဇာတ်ရှိန်မြင့်တက်ကာ ဇာတ်ထွတ်သို့ရောက်ပြီး နောက် ဇာတ်ဆင်းပိုင်းသည် ရှည်မျောမနေသင့်ဘဲ ဇာတ်သိမ်းရသည်။

ဤဝတ္ထုတွင် ဝတ္ထုရေးဆရာသည် ဤသဘောတရားကို အမိအရဆုပ်ကိုင် ဖန်တီးထားသည်။ ရိုးရှင်းစွာ ရေးဖွဲ့ဖန်တီးနိုင်သည့် ရိုးဂုဏ်ကပင် ဤဝတ္ထုကို ရသမြောက်စေခဲ့ပါသည်။

**ဝတ္ထုတွင်ပါဝင်သော သရုပ်ဖော်အဖွဲ့များ ဖန်တီးမှု**

မျှော်လင့်ခြင်းကိုမျှားတဲ့ညနေ ဝတ္ထုတွင်ပါဝင်သော သရုပ်ဖော်အဖွဲ့များ လေ့လာရာတွင် ဖခင် မေတ္တာသရုပ်ဖော်အဖွဲ့၊ သားငယ်၏ မေတ္တာသရုပ်ဖော်အဖွဲ့၊ ငါးမျှားရာကာလဒေသ နောက်ခံသရုပ်ဖော် အဖွဲ့ဟူ၍ ခွဲခြားကာ လေ့လာတင်ပြပါမည်။

**ဖခင်မေတ္တာ သရုပ်ဖော်အဖွဲ့**

မျှော်လင့်ခြင်းကို မျှားတဲ့ညနေ ဝတ္ထုမှ ဖခင်မေတ္တာသရုပ်ဖော်အဖွဲ့ဖန်တီးရာတွင် ရိုးရှင်းသော စကားအသုံးအနှုန်းများဖြင့် ရသမြောက်အောင် ဖန်တီးနိုင်စွမ်းရှိသည်ကို တွေ့ရသည်။

သာဓက-

- ငိုမဲ့မဲ့မျက်နှာဖြင့် ပြောလိုက်သော သားငယ်၏ ဟန်ပန်ကြောင့် **သူ ဆက်ပြီး မတားမြစ်ချင်တော့ပေ**။ (စာ ၁၉)
- အလိုပြည့်သွားသဖြင့် ပြုံးရွှင်သွားသော မျက်နှာသည် **သူ့အမြဲမြင်ချင်သော မြင်ကွင်း**သာ ဖြစ်သည်။ (စာ ၁၉)
- သားသမီးများနှင့်ပတ်သက်လျှင် **အလွယ်တကူ အလိုလိုက်မိတတ်သည်မှာ သူ၏အားနည်းချက်**လည်း ဖြစ်သည်။ (စာ ၁၉)
- တစ်ခုခု ပူဆာတိုင်းလည်း **မဖြည့်ဆည်းပေးနိုင်မချင်း သူ့စိတ်ထဲတွင် မည်သို့ဖြည့်ဆည်းပေးနိုင်မလဲ** ဟုသာ **အချိန်တိုင်း တွေးနေ**တတ်ခဲ့၏။ (စာ ၁၉-၂၀)
- ငယ်စဉ်ကတည်းက ဖခင်မဲ့သူ ဖြစ်ခဲ့ရသောကြောင့် **သူ့သားသမီးများအလှည့်တွင် ဘာမဆို အလိုလိုက်ချင်စိတ် အမြဲရှိခဲ့**သည်။ (စာ ၂၁)
- တခြားအလုပ် ရှာမရ၍ ငါးမျှားထွက်ခဲ့ရသော်လည်း **သူ့သားသမီးများ အားငယ်မှာစိုးတာကြောင့် မောင်ထွန်းအိမ်တွင်သာ ငါးမျှားတံတွေ သိမ်းထားလေ့ရှိ**၏။ (စာ ၂၁)
- **အရွယ်ရောက်နေသော သူ့သားသမီးများ ရှက်ရွံ့အားငယ်မှာကို မလိုလား**ပေ။ (စာ ၂၁)
- ကိုင်းတံအသေးမှ ငါးဖျင်းသလက်သုံးလေးကောင်ခန့် ရပြီးချိန်တွင် မိုးစက်များ ကျလာတာကြောင့် **သားငယ်ကိုနှိုးပြီးမိုးကာဝတ်ပေး**လိုက်သည်။ (စာ ၂၃)
- ငါးတစ်ကောင်ပါလာတိုင်း **သူ့သား၏ ပျော်ရွှင်စွာ ဟေးခနဲ အော်သံသည် သူ့အပေါ်ထားသည့် ယုံကြည်ကိုးစားမှု**ဖြစ်သည်။ (စာ ၂၃)
- သားငယ်ပါလာသည့်နေ့တိုင်း **အရင်နေ့များထက် ငါးပိုရချင်**သည်။ (စာ ၂၃)
- သားသမီးများအတွက် **ဘာမျှ မလုပ်ပေးနိုင်လျှင်တောင် ယုံကြည်အားကိုးမှုတော့ သူပေးနိုင်ချင်**သည်။ (စာ ၂၄)
- **သူ့သား၏ယုံကြည်မျှော်လင့်ချက်ကို အပျက်အစီးမခံနိုင်**။ (စာ ၂၅)
- **သားငယ်စိတ်မကောင်းဖြစ်မှာစိုး၍ ခြေဖဝါးမှ တစစ်စစ်ကိုက်လာသော ဒဏ်ရာကို အားတင်းကာ ခြေဖျားထောက်ပြီး လျှောက်ပြန်လာ**ခဲ့သည်။ (စာ ၂၇)
- **ပြတ်ရှဒဏ်ရာမှ နာကျင်ခြင်းထက်ပိုသော နာကျင်မှုသည် ရင်ထဲမှာ ဖြစ်ပေါ်**နေ၏။ (စာ ၂၇)
- ထိုနာကျင်ခြင်းမှာ **သားသမီး၏ အားငယ်နေရခြင်းကို ကောင်းစွာ မနှစ်သိမ့်နိုင်သည့် ဖခင်တစ်ယောက်၏ နာကျင်မှုမျိုး**ဖြစ်သည်။ (စာ ၂၇)

ဤဝတ္ထုတိုတွင် ဖခင်၏ သားသမီးများအပေါ်ထားရှိသော မေတ္တာကို စာရေးသူက ရိုးရှင်း သော စကားအသုံးအနှုန်းများဖြင့် ပေါ်လွင်အောင် သရုပ်ဖော်ထားကြောင်း တွေ့ရပါသည်။ သားသမီးများ၏

လိုအင်များကို ဖြည့်ပေးချင်သောမေတ္တာကို တွေ့ရပါသည်။ ထို့ပြင်သားသမီးများကို မျက်နှာ မငယ်စေချင်သောကြောင့် ငါးမျှားတံကိုပင် မောင်ထွန်းအိမ်တွင်ထားကာ ငါးမျှားသည့် အချိန်မှဝင်ယူတတ်သည့် သားသမီးများ မျက်နှာမငယ်စေလိုသော ဖခင်၏မေတ္တာကို ထင်ရှားစွာတွေ့ရပါသည်။ ငါးမျှားရာတွင် သားငယ်က လိုက်မည်ဆိုသောကြောင့် မိုးရာသီဖြစ်၍ သားငယ်အတွက် မိုးကာပါ ယူဆောင်သောကြောင့် သားသမီးများအတွက် အစစအရာရာ အလေးအနက်ထားတတ်သော ဖခင်မေတ္တာသဘောကို ပေါ်လွင်စေသည်။ စာရေးသူသည် ဖခင်မေတ္တာကို သရုပ်ဖော်ရာတွင် ရိုးရှင်းသော အသုံးအနှုန်း၊ ရိုးဂုဏ်ဖြင့် သန္တရသပေါ်လွင်အောင် ရေးသားထားကြောင်းတွေ့ရှိရပါသည်။

ထို့ပြင် စီးပွားရေးအဆင်ပြေစဉ်က သားသမီးများအတွက် ဖခင်ကောင်းတစ်ယောက် ဖြစ်ခဲ့သည်။ စီးပွားရေး အဆင်မပြေသောအချိန်တွင်လည်း ရရာအလုပ်လုပ်၍ ဇနီးနှင့်သားသမီးများကို မျက်နှာမငယ်ရအောင် စွမ်းဆောင်ခဲ့သည်။ ငါးမျှားထွက်လာသည်မှာလည်း အပျော်ထွက် လာခြင်းမဟုတ်။ ဟင်းစားရလိုရငြားအတွက် ထွက်လာခဲ့ခြင်းဖြစ်သည်။ ငါးမျှားရာတွင် သားငယ်ပါ ပါလာသောကြောင့် သူသည် သားငယ်၏ မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးချင်သည်။ သူသာ သားငယ်အတွက် အားကိုးအားထားပြုရာဖြစ်စေချင်သည့် သားသမီးများအပေါ် ဖခင်မေတ္တာ ပြည့်ဝရုံသာမက ပိုလွန်နေသော ကြည်နူးဖွယ် ဖခင်မေတ္တာကို တွေ့ရပါသည်။

ဖခင်မေတ္တာကို ဘာသာစကားအသုံးများဖြင့် သရုပ်ဖော်ရာတွင် အကောင်အထည်ပြ စကားလုံးများ၊ ဝိသေသစကားလုံးများ၊ လှုပ်ရှားမှုပြစကားလုံးများ၊ ဖြစ်ရပ်အခြေ အနေပြစကားလုံးများ၊ အပြောသုံးစကားလုံးများကိုသုံး၍ ရေးသားထားရာ ထိုရိုးရှင်းသောအသုံး ရိုးဂုဏ်ကပင် ရသမြောက်စေကြောင်းလေ့လာတွေ့ရှိရပါသည်။

**သားငယ်ကလေး၏ မေတ္တာသရုပ်ဖော်အဖွဲ့**

မျှော်လင့်ခြင်းကို မျှားတဲ့ညနေ ဝတ္ထုမှ သားငယ်ကဖခင်အပေါ်ထားသော မေတ္တာသရုပ်ဖော်အဖွဲ့ဖန်တီးရာတွင် ရိုးရှင်းသော စကားအသုံးအနှုန်းများဖြင့် ရသမြောက်အောင် ဖန်တီးနိုင်စွမ်းရှိသည်ကိုတွေ့ရသည်။

သာဓက-

- သားငယ်က သူကျန်ခဲ့မှာစိုးရိမ်နေဟန်ဖြင့်အနားမှ မခွာတော့ပေ။ (စာ ၁၉)
- သားက ဖေဖေ့ကို ငါးလိုက်သယ်ပေးတာ။ (စာ ၂၀)
- ဖေဖေဆီးထုပ်စားမလား။ (စာ ၂၃)
- သားငယ်ကတော့ အကြီးအသေး မခွဲဘဲ ငါးတစ်ကောင်ရတိုင်း ပျော်ရွှင်နေသဖြင့် အသေးတွေသာ ရသော်လည်း သူကျေနပ်နေရသည်။ (စာ ၂၄)
- ဖေဖေ ငါးကြီးမိပြီကွ ... ဟေး ဖေဖေငါးကြီးမိပြီ။ (စာ ၂၄)
- သားငယ်ကတော့ ငါးမျှားကြိုးပြတ်စလေးကိုသာ ငေးကြည့်နေသည်။ (စာ ၂၆)
- ဖေဖေ သွေးတွေ ... ဖေဖေ ဘာဖြစ်တာလဲ။ (စာ ၂၆)

- သားငယ်က ပြောရင်း သူ့အနားရောက်လာသည်။ (စာ ၂၆)
- မရပ်မနားထွက်လာသော သွေးများကို မြင်သဖြင့် သားငယ် ငိုလေတော့သည်။ (စာ ၂၆)
- အရမ်းနာနေလား ဖေဖေ။ (စာ ၂၆)
- သူ့ခြေထောက်ကို ငုံ့ငုံ့ကြည့်ရင်းသားငယ်မျက်နှာနွမ်းနွမ်းလေး ဖြစ်နေ၏။ (စာ ၂၇)
- သူ့လက်ကို တင်းတင်းဆုပ်ကိုင်ထားသော လက်ကလေးမှာလည်း အေးစက်နေသည်။ (စာ ၂၇)
- သူနာကျင်မည်ထင်ပြီး သူ့မျက်နှာကို ခဏခဏ မော့ကြည့်နေသော သားငယ်မျက်ဝန်း သည် မျက်ရည်စက်များကြောင့် ရွှန်းလဲ့နေ၏။ (စာ ၂၇)
- သားငယ်ကတော့ သူ့ခြေထောက်မှ ဒဏ်ရာနှင့် မျက်နှာမှ နာကျင်ဟန်ကို ညှိုးငယ်နေသော မျက်ဝန်းများဖြင့် တစ်လှည့်စီ မော့ကြည့်နေလေသည်။ (စာ ၂၇)

ဟူ၍တွေ့ရပါသည်။

သားငယ်က ဖခင်အပေါ်ထားသော မေတ္တာ၊ ဖခင်နှင့်သားငယ်၏ အပြန်အလှန်မေတ္တာတို့ကို ပေါ်လွင်အောင် သရုပ်ဖော်ထားသည်။ ဖခင်ကလည်း သားသမီးများအပေါ် ဖခင်မေတ္တာအပြည့်ထား သောကြောင့် သားသမီးများကလည်း ဖခင်အပေါ်အားကိုးသည်၊ တွယ်တာသည်။ သားငယ်၏ အပြော စကားများ၊ စာရေးသူ၏ အပြောစကားများတွင် ရိုးရှင်းသော အသုံးအနှုန်းများသုံးထားပြီး သားငယ်၏ ဖခင်အပေါ်တွယ်တာတတ်သော မေတ္တာကို ကြည်နူးဖွယ်သန္တရသကို ခံစားရစေသည်။

ထို့ပြင် ဖခင်ခြေထောက်တွင် ဒဏ်ရာရသောကြောင့် စိုးရိမ်ပူပန်နေသော သားငယ်၏ မေတ္တာကို ရိုးရှင်းသော အသုံးများဖြင့် ကရုဏာသက်ဖွယ် သရုပ်ဖော်ထားသည်။ “သူ့ခြေထောက်ကို ငုံ့ငုံ့ကြည့်”၊ “သားငယ်မျက်နှာခပ်နွမ်းနွမ်း”၊ “လက်ကလေးမှာအေးစက်နေ”၊ “သူ့မျက်နှာကို ခဏခဏမော့ကြည့်”၊ “သူ့ခြေထောက်မှ ဒဏ်ရာနှင့် မျက်နှာမှနာကျင်ဟန်ကို ညှိုးငယ်သော မျက်ဝန်းများဖြင့် တစ်လှည့်စီ မော့ကြည့်” ဟူသော တန်ဆာဆင်မှုမပါသည့် ရိုးရှင်းသော ရေးဟန်ကြောင့် သားငယ်နှင့် ဖခင်၏ အပြန်အလှန်မေတ္တာထားပုံကို သရုပ်ဖော်ထားသည်မှာ သန္တရသ၊ ကရုဏာရသ မြောက်ပါ သည်။

**ကာလ ဒေသနောက်ခံ သရုပ်ဖော်အဖွဲ့**

ငါးမျှားထွက်ရာ ကာလကို သရုပ်ဖော်ရာတွင်

- အုံ့ဆိုင်းနေသော မိုးသားတိမ်လိပ်များကြောင့် မကြာခင် မိုးရွာနိုင်သည်ဟု ခန့်မှန်းမိလိုက်သည်။ (စာ ၁၉)
- သားငယ်အတွက် မိုးကာအင်္ကျီတစ်ထည်ပါ ထည့်လိုက်၏။ (စာ ၂၀)
- အနက်ရောင်ထီးအရှည်ကို လက်တစ်ဖက်ကကိုင်ကာ--- (စာ ၂၀)
- မိုးစက်များကျလာတာကြောင့် သားငယ်ကိုနှိုးပြီး မိုးကာဝတ်ပေးလိုက်သည်။ (စာ ၂၃)
- မိုးစိုသော်လည်း ငါးမျှားနေချိန် မိုးရွာလျှင် သူကျေနပ်သည်။ (စာ ၂၃)

ဟူ၍တွေ့ရပါသည်။ စာရေးဆရာ မြစ်ကျိုးအင်း၏ ဤဝတ္ထုတိုရေးဟန်တွင် တန်ဆာဆင်မှုမပါဘဲ အပြောသုံးစကားလုံးများဖြင့် ရိုးရှင်းစွာရေးသားထားသည်ကို တွေ့ရပါသည်။ မိုးရာသီနှင့် သက်ဆိုင်သော

"အုံ့ဆိုင်းနေသော မိုးသားတိမ်လိပ်"၊ "မိုးရွာနိုင်"၊ "မိုးကာအင်္ကျီ"၊ "ထီး"၊ "မိုးရွာ"၊ "မိုးစို"၊ "မိုးစက်" ဟူသည့် ရိုးရှင်းသော အသုံးများကြောင့် ရာသီမှာ မိုးရာသီဖြစ်ကြောင်း သိသာပေါ်လွင်စေပါသည်။

ထို့ပြင် အချိန်အားဖြင့်

- ကဲ သွားပြီဟေ့ ညနေ အပြန်မှပဲ ဝင်တော့မယ်။ (စာ ၂၁)

ဟူသော ပြောစကားအရ ငါးမျှားထွက်သည့်အချိန်မှာ ညနေခင်း အစောပိုင်းအချိန်ဖြစ်ကြောင်း ပေါ်လွင်စေသည်။

ဒေသနောက်ခံကို သရုပ်ဖော်ရာတွင်

- ထိုလမ်းသည် သန်လျင်ဘီအိုစီ ရေနံချက်စက်ရုံ၏ ရေကန်ကြီးများ ရှိရာသို့ သွားသောလမ်းကလေး ဖြစ်၏။ (စာ ၂၀)

ဟူ၍ ဖော်ပြထားသောကြောင့် ဒေသနောက်ခံသည် သန်လျင်မြို့ဖြစ်ကြောင်း ရိုးရှင်းသော အရေးအသားများက ဖော်ပြနေသည်။

ငါးမျှားရာ ရေကန်သို့ သွားရာပတ်ဝန်းကျင်နောက်ခံကို သရုပ်ဖော်ရာတွင်-

- ကတ္တရာလမ်းမကြီးအတိုင်းလျှောက်လာရင်း ရပ်ကွက်အဆုံးတွင် လမ်းဘေးဘယ်ဘက်ကို ချိုးကွေ့ကာ မြေနီလမ်းကလေးထဲ လျှောက်ဝင်လာသည်။ (စာ ၂၁)
- ထိုလမ်းသည် သန်လျင်ဘီအိုစီ ရေနံချက်စက်ရုံ၏ ရေကန်ကြီးများ ရှိရာသို့ သွားသောလမ်းကလေး ဖြစ်၏။ (စာ ၂၁)
- ဤလမ်းသွယ်ထဲတွင် မောင်ထွန်းအိမ်ရှိသည်။ (စာ ၂၁)
- မောင်ထွန်းကို အိမ်ရှေ့အရောက်တွင် ခြံဝမှ လှမ်းပြီး အသံပြုလိုက်သည်။ (စာ ၂၁)
- မောင်ထွန်း အိမ်အတွင်းပိုင်း ပြန်ဝင်သွားပြီး တာလပတ်စကို အိတ်ချုပ်ကာ ထည့်ထားသော ငါးမျှားတံများ ယူလာပေးသည်။ (စာ ၂၁)
- မောင်ထွန်း၏ အိမ်သည် ကတ္တရာလမ်းမမှ ချိုးဝင်ကာစ နေရာတွင် ရှိသည့်အပြင် ရေကန်များ ဆီသွားသည့် လမ်းပေါ်တွင် ရှိတာကြောင့် ငါးမျှားတံများကို မောင်ထွန်းအိမ်တွင်သာ အပ်ထားလေ့ရှိ၏။ (စာ ၂၁)

ဟူ၍ ရေးသားထားသည်ကို တွေ့ရသည်။ "ကတ္တရာလမ်းမကြီး"၊ "ရပ်ကွက်အဆုံး"၊ "လမ်းဘေးဘယ်ဘက်"၊ "မြေနီလမ်းကလေး"၊ "ရေကန်ကြီးများ ရှိရာသို့ သွားသောလမ်း"၊ "လမ်းသွယ်"၊ အိမ်ရှေ့"၊ "အသံပြု"၊ "အိမ်အတွင်းပိုင်း" ဟူသည့် အသုံးများကြောင့် စာရေးသူနောက်သို့ စာဖတ်သူပါ လိုက်ပါသွားသကဲ့သို့ ဖြစ်စေသည်။ ဝိသေသစကားလုံးများ၊ အပြောသုံးစကားလုံးများကြောင့် ရိုးဂုဏ်ဖြင့်ငါးမျှားသွားရာလမ်း၏ သရုပ်ကိုပီပြင်စေသည်။

ထို့ပြင် ရေကန်ပတ်ဝန်းကျင်ကို သရုပ်ဖော်ရာတွင်-

- ဒီကန်မှာက နှစ်ချို့ငါးများ ရှိသည်။ (စာ ၂၂)
- အင်္ဂလိပ်ခေတ်ကတည်းက တူးထားတဲ့ကန် ဖြစ်တာကြောင့် ရေမှော်များ၊ ဒိုက်များ၊ ကြာပင်များဖြင့် ကန်ရေပြင်က စိမ်းမှောင်နေ၏။ (စာ ၂၂)
- ဤရေကန်ထဲတွင် တီလားဗီးယားနှစ်ချို့ငါးများ ရှိသည်။ (စာ ၂၂)
- တော်ရုံလူ လာမျှားလေ့ မရှိတာကြောင့် ငါးများက တိုးပွားနေသည်။ (စာ ၂၂)
- သို့သော် ကန်ကကျယ်လွန်းတာကြောင့် အချိန်မြန်မြန်နှင့် သူ ငါးရဖို့ မသေချာ။ (စာ ၂၂)
- ဘီအိုစီရေနံချက်စက်ရုံမှ တူးထားသော နှစ်ချို့ရေကန်ဖြစ်တာကြောင့် ရေထဲတွင် သံပိုက်လုံး အပြတ်များ၊ ရေတိုင်ကီအဆွေးများ ရှိနေသည်ကို သိထားလျက်နှင့် ငါးဇောကြောင့် သူ သတိတစ်ချက်လွတ်သွားချိန် ရှသွားခြင်းဖြစ်သည်။ (စာ ၂၆)

ဟူ၍ တွေ့ရပါသည်။ "ငါး၊ တီလားဗီးယားငါး၊ ငါးဖျင်းသလက်၊ ငါးဘဲဖြူ၊ နှစ်ချို့ငါး၊ တီလားဗီးယားနှစ်ချို့ငါး၊ ရေကန်၊ နှစ်ချို့ရေကန်" ဟူသော ယေဘုယျသဘောမှ ဝိသေသသဘော ရွေ့လျောသုံးနှုန်းပုံများကလည်း ရိုးရှင်းသည်။ ထို့ပြင် "ရေမှော်၊ ဒိုက်၊ ကြာပင်၊ သံပိုက်လုံး၊ ရေတိုင်ကီ အဆွေးများ"ဟု ရေးသားထားသောကြောင့် ရေကန်၏ စိမ်းမှောင်နေပုံ၊ ရေကန်ကြီးမားပုံ၊ ရေနက်ပုံများကို ပို၍ပေါ်လွင်စေသည်။

သရုပ်ဖော်အဖွဲ့များပါ စကားလုံးများ၊ စကားအသုံးအနှုန်းများ၊ ဝါကျများတွင် အလင်္ကာအဆင်တန်ဆာဆန်းကြယ်သောအသုံးအနှုန်းများကို မတွေ့ရ။ ရိုးရှင်းသော နေ့စဉ်သုံးစကားများဖြင့်သာရေးဖွဲ့ထားသည်။

ဝတ္ထုတွင် ပါဝင်သော အဓိကသရုပ်ဖော်အဖွဲ့များဖြစ်သည့် ဖခင်၏ မေတ္တာသရုပ်ဖော် အဖွဲ့များ၊ သားငယ်က ဖခင်အပေါ်တွယ်တာပုံ သရုပ်ဖော်အဖွဲ့များ၊ သား၏မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးချင်သော ဖခင်၊ ဖခင်ကို ငါးရစေချင်သော သား၏မျှော်လင့်ချက်ပျောက်သွားပုံ၊ ဖခင်ကလည်း သား၏မျှော်လင့်ချက်ကို မဖြည့်ဆည်းပေးနိုင်ပုံ အဖွဲ့များသည် ရိုးရှင်းပြီး သဏ္ဌာရသ၊ ကရုဏာရသမြောက်အောင် ဖန်တီးထားသော အဖွဲ့များဖြစ်သည်။

စာရေးသူကသူ၏ဝတ္ထုတိုများနှင့် ပတ်သက်၍ "ကျွန်တော်က ဝတ္ထုတိုပဲ အရေးများပါတယ်။ ရေးတဲ့အခါလည်း အကြောင်းအရာတစ်ခုခု၊ လွဲချော်နေတဲ့ စနစ်တစ်ခုခု ကိုစိတ်ထဲမှာ အစအဆုံး ဇာတ်အိမ်တည်ပြီးမှ တစ်ခါတည်းချရေးဖြစ်ခဲ့တာချည်းပါပဲ။ မြင်တွေ့ရသမျှ မြင်ကွင်းတွေကို စိတ်နှလုံးသားထဲအထိ ခံစားမိအောင်ကြည့်ပြီး ရေးဖြစ်တာများတယ်" (မြန်မာ့အလင်း သတင်းစာ၊ ၁၄-၁၁-၂၀၁၉၊ စာ ၉) ဟု ပြောကြားခဲ့သည်။

### သုတေသနရလဒ်နှင့် သုံးသပ်ချက်

ဝတ္ထုတိုကောင်းတစ်ပုဒ်သည် အကြောင်းအရာ တစ်ခုတည်းကို ဦးတည်ရမည်၊ ဇာတ်ဆောင်နည်းရမည်၊ အရေးအသား ရိုးရှင်းသွက်လက်ရမည်။ သားအဖနှစ်ယောက်၏ မေတ္တာကိုဦးတည်သည်။

ဇာတ်ဆောင် သုံးဦးသားပါဝင်သည် (ဖခင်၊ သားငယ်နှင့် မောင်ထွန်း)။ အရေးအသား ရိုးရှင်းသွက်လက်သည်။

ဝတ္ထုဖန်တီးမှုအတတ်ပညာကို ရိုးရှင်းစွာ အသုံးပြု၍ အနုပညာနှင့် စိတ်ခံစားမှု ဟန်ချက်ညီစွာ ရောမွှေထားသည်။ ဤဝတ္ထုကိုဖတ်ရှုရာတွင် အလွန်ရိုးရှင်းပြီး ဝတ္ထုဖတ်ပြီးနောက် ထူးခြားမှုတစ်ခုခုကို ခံစားရစေသည်။ တစ်နည်းအားဖြင့် စာရေးသူဖန်တီးထားသည့် ရိုးဂုဏ်ကပင် ဤဝတ္ထုကို ရသမြောက်စေသည်။

ဝတ္ထုတိုဖန်တီးမှုနှင့်ပတ်သက်၍ ဆရာမြစ်ကျိုးအင်းက အမျိုးသားစာပေဆုရ အင်တာဗျူးတွင် "ဝတ္ထုတိုဆိုတာ ကန့်သတ်ထားတဲ့စာမျက်နှာပေါ်မှာ အကန့်အသတ်မရှိတဲ့ ဇာတ်အိမ်တွေ အတွေးတွေကို ကျစ်ကျစ်လျစ်လျစ် ဖြန့်ခင်းပြရတာကြောင့် စိန်ခေါ်မှုတစ်ခုပါပဲ။ စာလုံးရေးနည်းနည်းနဲ့ စာဖတ်သူရင်ကို ပြင်းပြင်းထိရှစေဖို့ အားထုတ်ရတာကြောင့် ဝတ္ထုတိုတွေကို သိပ်ကြိုက်မိပါတယ်" (မြန်မာ့အလင်းသတင်းစာ၊ ၁၄-၁၁-၂၀၁၉၊ စာ ၉) ဟုပြောကြားခဲ့သည်။

ထို့ကြောင့် ဤဝတ္ထုသည် ဇာတ်လမ်းဖန်တီးမှု၊ ဇာတ်ဆောင်နှင့် ကာလဒေသသရုပ်ဖော် အဖွဲ့တို့တွင် ရိုးရှင်းပြီး စာဖတ်သူ၏ စိတ်နှလုံးကို ထိခိုက်ခံစားအောင် ရေးဖွဲ့နိုင်ကြောင်း၊ ရိုးဂုဏ်ကြောင့် ရသမြောက်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## နိဂုံး

ဤစာတမ်းသည် မြစ်ကျိုးအင်း၏ "မျှော်လင့်ခြင်းကိုများတဲ့ညနေ" ဝတ္ထုတွင် ဆန်းသစ်သော စကားလုံးများ၊ လှည့်ကွက်များ၊ တန်ဆာခြင်းများမရှိဘဲ ရိုးဂုဏ်ဖြင့် ရသမြောက်အောင် ဖန်တီးမှုကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ထို့အတူပင် အခြားစာရေးဆရာများ၏ ရိုးရှင်းသော အသုံးများဖြင့် ရသမြောက်အောင် ရေးဖွဲ့ထားသော စာများကိုလည်း ဆက်လက်လေ့လာ နိုင်ပါသေးသည်။

## ကျမ်းကိုးစာရင်း

ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၁၇)။ ***ဂုဏ် အလင်္ကာ ရသ သင်ကြားရေး***။ ရန်ကုန်၊ ရာပြည့်စာပေ။

ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၁၁)။ ***ရေးဟန်ပညာနိဒါန်း***။ ရန်ကုန်၊ ရာပြည့်စာပေ။

မိုးမြေ၊ **မ**။ (၂၀၁၅)။ ***ဝတ္ထုရှည်သဘောတရားနှင့် ဝတ္ထုရှည်အတတ်ပညာ (ဒုကြိမ်)***။ ရန်ကုန်၊ ကံ့ကော်ဝတ်ရည်စာပေ။

မြစ်ကျိုးအင်း။ (၂၀၁၈)။ ***မျှော်လင့်ခြင်းကိုများတဲ့ညနေ*** (ရသဝတ္ထုတိုစု)။ ရန်ကုန်၊ မဟာစာပေ။

မြန်မာစာအဖွဲ့။ (၂၀၁၈)။ ***မြန်မာအဘိဓာန်***။ နေပြည်တော်၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန။

မြန်မာ့အလင်းသတင်းစာ။ ၁၄-၁၁-၂၀၁၉။

*J. Myanmar Acad. Arts Sci. 2026* **Vol. XXIII. No.6**

# မောင်ထင်၏ပြဇာတ်များမှ ဇာတ်ညွှန်းစကားများလေ့လာချက်

ရီရီလွင် [၁]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစာပေနယ်ပယ်ရှိ ပြဇာတ်ကဏ္ဍလာ မောင်ထင်၏ပြဇာတ်များမှ ဇာတ်ညွှန်းစကားများကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ ဆရာမောင်ထင်၏ပြဇာတ်များတွင် စာရေးသူသည် ဇာတ်လမ်း၊ ဇာတ်ကွက်ရွေ့လျားအောင်၊ ဇာတ်ဆောင်၏ပြုမူလှုပ်ရှားမှုများပေါ်လွင်အောင် ဇာတ်ညွှန်းစကားများဖြင့် ချိတ်ဆက်ကာ ပို့ဆောင်ရေးသားထားပုံများကို သိရှိစေလိုခြင်းဖြစ်သည်။ အလေ့လာခံစာအုပ်များမှာ မောင်ထင်၏ ဘာအရေးကြီးဆုံးလဲ၊ အာဇာနည်မိခင်နှင့် အခြားပြဇာတ်များ စာအုပ်တို့ဖြစ်ပါသည်။ ဤစာတမ်းတွင် ဆရာမောင်ထင်၏ဇာတ်ညွှန်းစကားအသုံးများသည် ပြဇာတ်ပါ ဇာတ်လမ်း ဇာတ်ကွက်ကိုရွေ့လျားအောင်၊ ဇာတ်ဆောင်၏ ပြုမူလှုပ်ရှားမှုများပေါ်လွင်အောင် ပို့ဆောင်ပေးနိုင်ပါသလား ဟူသောမေးခွန်းနှင့် ဆရာမောင်ထင်၏ ဇာတ်ညွှန်းစကားအသုံးများသည် ပြဇာတ်ပါ ဇာတ်လမ်း ဇာတ်ကွက်ကို ရွေ့လျားအောင်၊ ဇာတ်ဆောင်၏ ပြုမူလှုပ်ရှားမှုများ ပေါ်လွင်အောင် ထောက်ပံ့ပေးနိုင်ခြင်း ရှိ၊ မရှိဟူသော ပြဿနာကို သုတေသနပြုထားခြင်း ဖြစ်ပါသည်။ ပညာရပ်ဆိုင်ရာ နည်းနာအနေဖြင့် ဇာတ်ညွှန်း စကားများ အသုံးပြုပုံနည်းနာကို အသုံးပြုထားသည်။ သုတေသနနည်းနာ အနေဖြင့် အချက်အလက် စုဆောင်းထုတ်ယူနည်း၊ ခွဲခြမ်းစိတ်ဖြာဆန်းစစ်နည်းတို့ကို အသုံးပြုထားပါသည်။ ဤစာတမ်းသည် ဇာတ်ညွှန်းစကားများ၏ အရေးပါပုံကိုသိရှိပြီး ပြဇာတ်ပါဇာတ်ညွှန်းစကားများ လေ့လာလိုသူတို့အတွက် အထောက်အကူပြုနိုင်မည်ဟု မျှော်မှန်းပါသည်။

**သော့ချက်ဝေါဟာရ** - ပြဇာတ်၊ ဇာတ်ညွှန်းစကား၊ ဇာတ်ဆောင်၊ ဇာတ်ခုံညွှန်းစကား။

## နိဒါန်း

ဤစာတမ်းသည် မောင်ထင်၏ပြဇာတ်များမှ ဇာတ်ညွှန်းစကားများကို လေ့လာထားခြင်းဖြစ်ပါသည်။ မောင်ထင်၏ပြဇာတ်များတွင် စာရေးသူသည် ဇာတ်လမ်း၊ ဇာတ်ကွက်ရွေ့လျားအောင်၊ ဇာတ်ဆောင်၏ ပြုမူလှုပ်ရှားမှုများပေါ်လွင်အောင် ဇာတ်ညွှန်းစကားများဖြင့် ချိတ်ဆက်ကာ ပို့ဆောင်ရေးသားထားပုံများကို သိရှိစေလိုသောရည်ရွယ်ချက်ဖြင့် စာတမ်းပြုစုရခြင်းဖြစ်ပါသည်။ အလေ့လာခံစာအုပ်များမှာ မောင်ထင်၏ ဘာအရေးကြီးဆုံးလဲ၊ အာဇာနည်မိခင်နှင့် အခြားပြဇာတ်များ စာအုပ်ဖြစ်ပါသည်။ ထိုစာအုပ်တွင် “ဘာအရေးကြီးဆုံးလဲ၊ အာဇာနည်မိခင်၊ အယ်ဒီတာမောင်ဖိုးသိ၊ ကျူးကျော်သူ၊ တိမ်ကြား မင်းခေါင်၊ ကိုယ့်ဇာတ်ကိုယ်သိမ်း”စသည်ဖြင့် ပြဇာတ်(၆)ပုဒ်ပါရှိသည့်အနက် “ဘာအရေးကြီးဆုံးလဲနှင့် အာဇာနည်မိခင်”စသော ပြဇာတ်(၂)ပုဒ်ပါ ဇာတ်ညွှန်းစကားများကိုသာ လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။ ပြဇာတ်များကို ကပြရန်အတွက်လည်းကောင်း၊ ဖတ်ရှုရန်အတွက်လည်းကောင်း ရည်ရွယ်ရေးသားကြရာ မောင်ထင်၏ပြဇာတ်များသည် ကပြသူအတွက်သာမက ဖတ်ရှုသူများအတွက်ပါ ရည်ရွယ်ကာ ဇာတ်ညွှန်းစကားများဖြင့် ညွှန်းဆိုရေးသားထားသည်ကို လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။

[၁] မြန်မာစာဌာန၊ မန္တလေးတက္ကသိုလ်

သို့ဖြစ်ရာ မောင်ထင်၏ဇာတ်ညွှန်းစကားအသုံးများသည် ပြဇာတ်ပါ ဇာတ်လမ်း ဇာတ်ကွက်ကို ရွှေ့လျားအောင်၊ ဇာတ်ဆောင်၏ပြုမူလှုပ်ရှားမှုများပေါ်လွင်အောင် ပို့ဆောင်ပေးနိုင်ပါသလားဟူသည့် အတွေးသည် ဤစာတမ်းအတွက် သုတေသနမေးခွန်းဖြစ်လာခဲ့သည်။ မောင်ထင်၏ဇာတ်ညွှန်း စကား အသုံးများသည် ပြဇာတ်ပါဇာတ်လမ်း ဇာတ်ကွက်ကိုရွှေ့လျားအောင်၊ ဇာတ်ဆောင်၏ ပြုမူလှုပ်ရှားမှုများ ပေါ်လွင်အောင် ထောက်ပံ့ပေးနိုင်မှု ရှိ၊ မရှိဟူသော သုတေသနပြဿနာကို ဖြေရှင်းရန်အတွက် အချက်အလက် စုဆောင်းထုတ်ယူနည်း၊ ခွဲခြမ်းစိတ်ဖြာဆန်းစစ်နည်းကို အသုံးပြုထားပါသည်။ ပညာရပ်ဆိုင်ရာ နည်းနာအနေဖြင့် ဇာတ်ညွှန်းစကားများအသုံးပြုနည်းကို အခြေခံကာလေ့လာ တင်ပြသွားမည် ဖြစ်ပါသည်။

## မောင်ထင်၏အတ္ထုပ္ပတ္တိအကျဉ်း

ဆရာမောင်ထင်ကို ၁၉၀၉ခုနှစ် မတ်လ(၂၁)ရက်နေ့တွင် အဖ ဦးတရောင်၊ အမိ ဒေါ်စိန်ပွင့်တို့မှ ဧရာဝတီတိုင်း၊ လပွတ္တာမြို့၌ ဖွားမြင်သည်။ အမည်ရင်းမှာ ဦးထင်ဖတ်ဖြစ်သည်။ ၁၉၃၃ ခုနှစ်တွင် ဘီအေ(ဝိဇ္ဇာဘွဲ့)ရရှိခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် မြောင်းမြမြို့ တိုင်းရင်းသားအထက်တန်းကျောင်းတွင် အထက်တန်းပြဆရာလုပ်ခဲ့သည်။ ၁၉၃၆-၁၉၄၂ ခုနှစ်အထိ မြို့ပိုင်အဖြစ်ဖြင့်လည်းကောင်း၊ ၁၉၄၃-၁၉၄၄ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် အဖြစ်လည်းကောင်း၊ ၁၉၄၇-၁၉၄၉ ခုနှစ်တွင် လူမှုဝန်ထမ်းဝန်ကြီးဌာန (ခေတ္တ)ရခိုင်တိုင်းမင်းကြီး၊ ၁၉၄၉ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန ညွှန်ကြားရေးဝန်အဖြစ် အမှုထမ်းခဲ့ပြီး အစိုးရအမှုထမ်းဘဝမှ နုတ်ထွက်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၅၉ ခုနှစ်တွင် မြန်မာနိုင်ငံသတင်းစာ ဆရာအသင်း ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ယူခဲ့သည်။

၁၉၃၃ ခုနှစ်မှစ၍ အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် စာအမျိုးမျိုးကို ရေးသားပြုစုခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် "ဘေ"ဝတ္ထုကို ထုတ်ဝေခဲ့သည်။ ထိုဝတ္ထုကို တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ဂျပန်ဘာသာများဖြင့် ပြန်ဆိုထုတ်ဝေခြင်း ခံခဲ့ရသည်။ ၁၉၈၁ ခုနှစ်အတွက် အမျိုးသားစာပေဆု(ဘာသာပြန်)ကို "ဂါလီဗာ၏ ခရီးစဉ်"ဖြင့်ရရှိခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် ပထမအကြိမ် ပခုက္ကူဦးအုန်းဖေဆု (တစ်သက်တာစာပေဆု)ကို ရရှိခဲ့သည်။ ၂၀၀၃ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာစာပေဆု (ဝိဇ္ဇာဘာသာရပ်)ကို ရရှိခဲ့သည်။

ဆရာမောင်ထင်သည် ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ(၂၉)ရက်၊ နံနက်(၈)နာရီတွင် အင်းစိန်မြို့နယ်၊ မြို့သစ်(က)ရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၂၄၈)နေအိမ်၌ ကွယ်လွန်ခဲ့သည်။ (မောင်ထင်၊ ကမ္ဘာ့စာပေ အညွှန်း၊ ၂၀၀၈။)

**ပြဇာတ်ဝေါဟာရ သဘောသဘာဝ**

မြန်မာစာပေတွင် စာပေပုံသဏ္ဌာန်များစွာရှိသည့်အနက် ပြဇာတ်စာပေသည် လူ့လောက သဘာဝကိုများစွာ ထင်ဟပ်ပုံဖော်ပေးထားသော ရသစာပေတစ်ရပ်ဖြစ်သည်။ ပြဇာတ်ဟူသော ဝေါဟာရ နှင့်ပတ်သက်၍ ဆရာကြီးဦးမောင်မောင်တင်(၁၉၇၁)က မြန်မာပြဇာတ်နှင့်ပြဇာတ်စာပေ သမိုင်းစာအုပ်တွင်

> **"ပြ"ဆိုသောစကားမှာ မြန်မာစကားဖြစ်၍ "ဇာတ်"ဆိုသောစကားမှာ ပါဠိ "ဇာတက" ဆိုသောစကားမှ ပျက်လာသောစကားဖြစ်သည်။ ဤစကားနှစ်လုံးကိုပေါင်း၍ "ပြဇာတ်" ဟုခေါ်သည်။** (စာ-၁)

ဟူ၍လည်းကောင်း၊ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း (၁၉၆၃)ကထုတ်ဝေသော မြန်မာစွယ်စုံကျမ်း တွင်

> **မြန်မာစကား "ပြ"နှင့် ပါဠိပျက် "ဇာတ်" စကားနှစ်လုံးကိုပေါင်းထားသော စကားရပ်ဖြစ်သည်။ "ပြ"ဆိုသည်မှာ မျက်စိနှင့်မြင်ရအောင်ပြုလုပ်ပေးခြင်းဟု အဓိပ္ပာယ်ရ၍ "ဇာတ်" ဆိုသောစကားမှာ ဖြစ်ခဲ့ပြီးအရာနှင့်သက်ဆိုင်သောဟု အဓိပ္ပာယ်ရသော "ဇာတက"မှ လာသည်။** (စာ-၁၁၂)

ဟူ၍ ဖွင့်ဆိုထားပါသည်။

ထို့အပြင် ပြဇာတ်၏သဘောသဘာဝနှင့်ပတ်သက်၍လည်း မြန်မာအဘိဓာန်တွင်

> **ပြဇာတ်၊ န - ၁။ ဇာတ်လမ်းကိုကပြသရုပ်ဆောင်နိုင်ရန် ရေးဖွဲ့သောစာပေ။**
>
> **၂။ ယင်းဇာတ်ကိုသရုပ်ဆောင်ကပြသောပွဲ။ (မြန်မာစာအဖွဲ့၊ ၂၀၀၈၊ စာ-၂)**

ဟူ၍လည်းကောင်း၊ ဒေါ်စီစီဝင်း(၁၉၈၃)ကလည်း မြန်မာစကားပြေစာတမ်းတွင်

> **ပြဇာတ်တွင် ဇာတ်ဆောင်ပြောစကားသည် အဓိကကျပါသည်။ စင်စစ်ပြဇာတ် စကားပြေသည် အပြောစကားပြေဖြစ်ပါသည်။ အပြောစကားပြေဖြစ်သည့်အတွက် ပြောသူ၏ စရိုက်ထင်ရှားအောင် လေယူလေသိမ်း အဖြတ်အတောက် အသက်ဝင်အောင်ရေးနိုင် လျှင် စကားပြေကောင်းဟုပင် သတ်မှတ်ရပါလိမ့်မည်။** (စာ-၃၀၅)

ဟူ၍လည်းကောင်း ဖွင့်ဆိုထားပါသည်။

အထက်ပါပညာရှင် အသီးသီး၏ဖွင့်ဆိုချက်များအရ ပြဇာတ်ဆိုသည်မှာ လူတို့၏အဖြစ်အပျက် အကြောင်းအရာများကို ဇာတ်လမ်းဆင်ပြီး ဇာတ်ဆောင်တို့၏ အပြန်အလှန်ပြောစကားများဖြင့် ဇာတ်လမ်း၊ ဇာတ်ကွက်ပေါ်အောင် ရေးသားထားသော စာပေဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ဦးတည်ချက်နှင့်ဇာတ်လမ်းအကျဉ်း

ဆရာမောင်ထင်သည် "ဘာအရေးကြီးဆုံးလဲ၊ အာဇာနည်မိခင်နှင့် အခြားပြဇာတ်များ" စာအုပ်တွင် "ဘာအရေးကြီးဆုံးလဲ၊ အာဇာနည်မိခင်၊ အယ်ဒီတာမောင်ဖိုးသိ၊ ကျူးကျော်သူ၊ တိမ်ကြားမင်းခေါင်၊ ကိုယ့်ဇာတ်ကိုယ်သိမ်း"စသည့်ဖြင့် ပြဇာတ်(၆)ပုဒ်ကို ပါဝင်ရေးသားထားသည်။ ထိုပြဇာတ်များမှ "ဘာအရေးကြီးဆုံးလဲနှင့် အာဇာနည်မိခင်"စသော ပြဇာတ်(၂)ပုဒ်၏ဦးတည်ချက်နှင့် ဇာတ်လမ်းအကျဉ်းကိုသာ လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။

## ဘာအရေးကြီးဆုံးလဲ

ဆရာမောင်ထင်သည် "ဘာအရေးကြီးဆုံးလဲ"ပြဇာတ်ကို ၁၉၄၄ ခုနှစ်တွင် ရေးသားခဲ့သည်။ ဂျပန်ခေတ်ကို နောက်ခံထားကာ ရေးသားထားသည်။ မြန်မာတစ်ပြည်လုံး ဖက်ဆစ်ဂျပန်လက်အောက်က လွတ်မြောက်ရန်အရေးကြီးနေချိန်တွင် ဖက်ဆစ်ဂျပန်နှင့်ပူးပေါင်း၍ မိမိ၏အကျိုးစီးပွားဖြစ်ထွန်းရေးကိုသာအဓိကဟု မှတ်ယူနေကြသော အုပ်ချုပ်ရေးအရာရှိတစ်ချို့၏ အခြေအနေများကို အစိုးရအဖွဲ့က ရိပ်စားမိစေရန် ဦးတည်ရေးသားထားခြင်းဖြစ်သည်။

ပြဇာတ်ပါ ဇာတ်ဆောင်များမှာ ခရိုင်ဝန်၊ ပိုက်ဆံကြောင့်ဂုဏ်ရှိသူ လူကြီး၊ ရဲဗိုလ်မှူး၊ မင်းလုလင်၊ အစည်းအရုံးခရိုင်ခေါင်းဆောင်၊ အာရှလူငယ်ခေါင်းဆောင်၊ အမျိုးသမီး ဝန်ထမ်းမှူး၊ စာရေးဆရာ၊ သူကြီး၊ ဈေးသည်၊ ကျေးရွာခေါင်းဆောင်၊ ဝန်ထမ်းအုပ်၊ မြို့အုပ်စသည်တို့ဖြစ်သည်။ မြန်မာနိုင်ငံတော်ကြီး ဖက်ဆစ်ဂျပန်လက်အောက်မှ လွတ်မြောက်မှုသည် အဓိကအရေးပါကြောင်း၊ လွတ်မြောက်အောင် ကြိုးပမ်းရန်မှာ မိမိတို့တာဝန်သာဖြစ်ကြောင်း ခံယူစိတ်ရှိကြပုံကို ခရိုင်ခေါင်းဆောင်၊ အာရှလူငယ်၊ ဝန်ထမ်းအုပ်၊ မြို့အုပ်စသည့် ဇာတ်ဆောင်များဖြင့် ရေးသားပြထားသည်။ ထို့အပြင်တိုင်းပြည် လွတ်လပ်ရေးထက် မိမိအကျိုးအတွက်သာ အရေးကြီးနေကြသော လူတစ်စု အကြောင်းကို ခရိုင်ဝန်သည် ဖဲထုပ်ရရန်နှင့် ဂျပန်လက်ဝါး ပါးပေါ်မကျရန်၊ သူဌေးသည် စပါးသိုလှောင်ရန်နှင့် အထည်လက်ကားကိုယ်စားလှယ်ရရန်၊ သူကြီးသည် လက်ရုံးတပ်ဆွဲရန်၊ စာရေးဆရာသည် စက္ကူရရန်၊ ဈေးသည်သည် အမြတ်ရရန်များဖြင့် အသီးသီးအရေးကြီးနေကြပုံကို ရေးသားပြထားခြင်းဖြစ်သည်။

## အာဇာနည်မိခင်

ဆရာမောင်ထင်သည် "အာဇာနည်မိခင်" ပြဇာတ်ကို ၁၉၄၄ ခုနှစ်တွင်ရေးသားခဲ့သည်။ ကိုလိုနီခေတ်ဆရာစံ၏ တောင်သူလယ်သမား အရေးတော်ပုံကာလကို နောက်ခံပြုကာ တိုင်းပြည်လွတ်မြောက်အောင် ကြိုးပမ်းလုပ်ဆောင်ရာတွင် အသက်နှင့်ခန္ဓာအပ်နှင်းထားသော အာဇာနည်များနှင့် အာဇာနည်မိခင်တို့၏ အခန်းကဏ္ဍကို ဖော်ပြလိုခြင်းဖြစ်သည်။

ပြဇာတ်ပါ ဇာတ်ဆောင်များမှာ မောင်နေဝင်း၊ ဒွေးတုတ်(နေဝင်း၏မိခင်)၊ ညိုညို၊ ဦးသက်ကြွင်း၊ ဗိုလ်ဖြင်း၊ မောင်ပြန့်နှင့်စစ်ပုလိပ်များဖြစ်သည်။ မြန်အောင်မြို့နယ် ငှက်ကြီးကွင်း၌ ဆရာစံ ခိုအောင်းစဉ် ကာလကို နောက်ခံပြုထားသည်။ ရာဇဝတ်ဝန်ထောက် ဦးသက်ကြွင်းသည် ဆရာစံ၏အဖွဲ့ဝင်ဖြစ်သော မောင်နေဝင်းအား ဆရာစံခိုအောင်းရာနေရာကို မေးမြန်းရာ မောင်နေဝင်းသည် မဖော်ထုတ်ဘဲ အသေခံ သွားခဲ့သည်။ မိခင်ဖြစ်သူဒွေးတုတ်သည် တိုင်းပြည်အတွက် အသက်စွန့်သွားသော အာဇာနည် ယောကျ်ား မြတ်၏ မိခင်ဖြစ်ရခြင်းအပေါ် ဂုဏ်ယူပီတိဖြစ်နေဟန်ဖြင့် ပြဇာတ်ကိုအဆုံးသတ်ကာ ရေးသားထား သည်။

**စာပေလေ့လာဆန်းစစ်ချက်**

ဤစာတမ်းကိုပြုစုရန်အတွက် ပြဇာတ်နှင့်ပတ်သက်၍ ရေးသားထားသော စာအုပ်များ၊ စာတမ်း များ၊ ကျမ်းများကိုလည်းကောင်း၊ ဇာတ်ညွှန်းနှင့်ပတ်သက်သော စာအုပ်များ၊ ကျမ်းများကိုလည်းကောင်း ရှာဖွေဖတ်ရှုခဲ့ပါသည်။

မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းမှထုတ်ဝေသော **မြန်မာ့စွယ်စုံကျမ်း-အတွဲ(၇)** (၁၉၆၃)ကို ဖတ်ရှုပြီးလျှင် ပြဇာတ်ဝေါဟာရ သဘောသဘာဝနှင့်ပတ်သက်၍ ကိုးကားရန် အထောက်အကူပြုခဲ့ပါ သည်။ ဒါရိုက်တာမြင့်မောင်၏ **ဇာတ်ညွှန်းမှရုပ်ရှင်**(၁၉၇၀)စာအုပ်ကိုလည်း လေ့လာဖတ်ရှုခဲ့ရာ ဇာတ်ညွှန်း စကားများကို ဝေဖန်ဆန်းစစ်ရာတွင် အထောက်အကူရခဲ့ပါသည်။ ဦးမောင်မောင်တင်၏ **မြန်မာပြဇာတ်နှင့်ပြဇာတ်စာပေသမိုင်း** (၁၉၇၁)စာအုပ်ကိုလည်း ဖတ်ရှုခဲ့သည်။ ပြဇာတ်ဝေါဟာရ သဘောသဘာဝနှင့် ပတ်သက်၍ ကိုးကားရန် အထောက်အကူဖြစ်ခဲ့ပါသည်။ တက္ကသိုလ်ဘုန်းနိုင် ပါဝင်ဟောပြောခဲ့သည် **ဝတ္ထုရှည်စာတမ်းများ- ပထမတွဲ**(၁၉၈၁)ကိုလည်း ဖတ်ရှုခဲ့ရာ ဇာတ်ဆောင်နှင့် ပတ်သက်၍ ကိုးကားဖော်ပြရန် အထောက်အကူဖြစ်ခဲ့သည်။ ဒေါ်စီစီဝင်းနှင့် အများရေးသားထားသည့် မြန်မာစကားပြေ စာတမ်းများ(၁၉၈၃)စာအုပ်ကိုလည်း ဖတ်ရှုလေ့လာခဲ့ရာ ပြဇာတ်၏ သဘော သဘာဝများကို ကိုးကားဖော်ပြရန် အထောက်အကူဖြစ်ခဲ့သည်။ **NTC's Dictionary of Literary Terms**(1998) စာအုပ်ကိုလည်း ဖတ်ရှုလေ့ခြင်းဖြင့် ဇာတ်ညွှန်းနှင့်ပတ်သက်၍ လေ့လာကိုးကားရန် အထောက်အကူပြုခဲ့ပါသည်။ ဦးမြင့်ကြည်၏ **စာပေနှင့်ဂီတ၊ ဂီတနှင့်စာပေ**(၂၀၁၁)စာအုပ်ကိုလည်း လေ့လာဖတ်ရှုခဲ့ပါသည်။ နောက်ခံ ဝန်းကျင်နှင့်ပတ်သက်၍ လေ့လာကိုးကားရန် အထောက်အကူပြုခဲ့ပါ သည်။ ငြိမ်းမင်း၏ **ဇာတ်ညွှန်းအနုပညာမှတ်စုများ** (၂၀၁၉) စာအုပ်ကိုလည်းဖတ်ရှုခဲ့ရာ ဇာတ်ညွှန်း စကားများကိုလေ့လာရာတွင် အထောက်အကူဖြစ်ခဲ့ပါသည်။ ဒေါက်တာအောင်မြင့်ဦး၏ **ပြဇာတ် သဘောတရားပြဇာတ် အတတ်ပညာ** (၂၀၂၄) စာအုပ်ကိုလည်း လေ့လာဖတ်ရှုခဲ့ရာ ဇာတ်ညွှန်းစကားများ ကို လေ့လာကိုးကားရာတွင် အထောက်အကူဖြစ်ခဲ့ပါသည်။

ထို့အပြင် **ဒေါက်တာအောင်မြင့်ဦး၏ သုတေသနဟူသည်(၂၀၂၄)** စာအုပ်ကိုလည်း လေ့လာဖတ်ရှုခဲ့၍ စာတမ်းအတွက် သုတေသနနည်းနာများကိုရရှိရန် အထောက်အကူပြုခဲ့ပါသည်။ မန္တလေး တက္ကသိုလ် မြန်မာစာဌာနသို့တင်သွင်းသော မသူဇာမြင့်၏ **ဦးနု၏ပြဇာတ်များလေ့လာချက် (၂၀၂၀)** ပါရဂူကျမ်းတွင် ပြဇာတ်၏သဘော၊ ဇာတ်လမ်း ဇာတ်ဆောင် နောက်ခံဝန်းကျင်များ၊ ဇာတ်ညွှန်းစကား များကို လေ့လာတင်ပြထားရာ နှိုင်းယှဉ်လေ့လာရန်အတွက် အထောက်အကူပြုခဲ့ပါသည်။ သို့ဖြစ်ရာ စာအုပ်များ၊ စာတမ်းများနှင့်ကျမ်းများမှ စာတမ်းအတွက်ရရှိသော အချက်အလက်များကို ကောက်ယူ စုဆောင်းကာ ခြုံငုံဆင်ခြင်၍ လေ့လာသုံးသပ်တင်ပြမည်ဖြစ်ပါသည်။

## နည်းနာ

နည်းနာတွင် ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသနနည်းနာဟူ၍ (၂)မျိုးရှိသည်။

## ပညာရပ်ဆိုင်ရာနည်းနာ

ဤစာတမ်းသည် မြန်မာစာပေနယ်ပယ် စကားပြေကဏ္ဍတွင်ပါဝင်သော မောင်ထင်၏ ပြဇာတ်များမှ ဇာတ်ညွှန်းစကားများကို လေ့လာတင်ပြ ထားခြင်းဖြစ်ပါသည်။

## ဇာတ်ညွှန်းစကား

ဇာတ်ညွှန်းစကားများသည် ပြဇာတ်စာပေတွင် အရေးပါသည့် ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်သည်။ စာရေးသူများသည် ပြဇာတ်ဖတ်ရှုသူများ ဇာတ်လမ်းသဘောကို နားလည်စေရန်၊ နောက်ခံအပြင် အဆင်များ ရုပ်လုံးကြွလာပြီး ဇာတ်ဆောင်များ၏ အပြုအမူများ ပီပြင်ပေါ်လွင်လာအောင် ဇာတ်ညွှန်း စကားများဖြင့်ညွှန်းဆိုကာ ရေးသားလေ့ရှိသည်။ ဇာတ်ညွှန်းစကားနှင့်ပတ်သက်၍ မြန်မာအဘိဓာန်တွင် "**န - ဇာတ်လမ်း ဇာတ်ကွက်ကိုသရုပ်ဖော်နိုင်စေရန် အသေးစိတ်ရေးသား ညွှန်ကြားချက်**" (မြန်မာစာ အဖွဲ့၊ ၂၀၀၈၊ စာ-၁၃၃)ဟူ၍ အနက်ဖွင့်ဆိုထားသည်။

ထို့အပြင် NTC's Distionary of LITERARY TERMS တွင်

> **ပြဇာတ်တွင် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလနောက်ခံတို့နှင့်ပတ်သက်ပြီး စာဖတ်သူတို့၏ အမြင်အာရုံကို ဖြည့်စွက်ပေးရန်အတွက် အပြန်အလှန်ပြောစကား ကဲ့သို့ပင် ထောက်ပံ့မှုပေးနိုင်သည့် ညွှန်ကြားချက်များဖြစ်ပါသည်။ ပြဇာတ်စာပေ၌ ဇာတ်ညွှန်း စကားများကို စာလုံးစောင်း(သို့မဟုတ်) ဝိုက်ကွင်းဖြင့် ဖော်ပြလေ့ရှိပြီး ပြဇာတ်ဆရာ၊ သရုပ်ဆောင်နှင့် စာဖတ်သူတို့အတွက် ရည်ရွယ်သည်။** (Morner & Rausch, 1998, 210)

ဟူ၍လည်းကောင်း၊ ဒေါက်တာအောင်မြင့်ဦး(၂၀၂၄)က ပြဇာတ်သဘောတရား ပြဇာတ်အတတ်ပညာ

စာအုပ်တွင် "**ဒီဇာတ်ညွှန်းစကားတွေဟာ ပြဇာတ်ရေးဆရာက ပြဇာတ်ကို ကပြအသုံးတော်ခံနိုင်ဖို့အတွက်ညွှန်ကြားတဲ့ အညွှန်းစကားတွေပဲဖြစ်ပါတယ်**"(စာ-၅၉)ဟူ၍ ဇာတ်ညွှန်းစကား၏ သဘောကို ရှင်းလင်းပြထားသည်။

ထို့ကြောင့် ဇာတ်ညွှန်းစကားဆိုသည်မှာ ပြဇာတ်ပါရည်ရွယ်ချက်အရ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်၊ ဇာတ်ခုံအပြင်အဆင်နှင့်ပတ်သက်ပြီး ပြဇာတ်ရေးဆရာက တိုက်ရိုက်ညွှန်ကြားသည့် စကားများဖြစ်သည်ဟု ဆိုနိုင်ပါသည်။

**ဇာတ်ဆောင်**

ပြဇာတ်တစ်ပုဒ်တွင် ဇာတ်ဆောင်သည် အရေးပါသော အင်္ဂါရပ်တစ်ခုအဖြစ်ပါဝင်သည်။ ဇာတ်ဆောင်တို့၏ လှုပ်ရှားပြုမူပုံများ ပီပြင်လာလေလေ ဇာတ်လမ်းမှာ အသင့်ယုတ္တိရှိလေဖြစ်သည်။ ဇာတ်ဆောင် ဟူသောဝေါဟာရနှင့်ပတ်သက်၍ မြန်မာအဘိဓာန်တွင် **"ဇာတ်ဆောင်၊ န - ဇာတ်၊ ရုပ်ရှင်တို့တွင် ပါဝင်သရုပ်ဆောင်သူ"** (မြန်မာစာအဖွဲ့၊ ၂၀၀၈၊ စာ-၁၃၃)ဟူ၍ ဖွင့်ဆိုထားသည်။

ဇာတ်ဆောင်၏သဘောနှင့်ပတ်သက်၍ တက္ကသိုလ်ဘုန်းနိုင်(၁၉၈၁)က ဝတ္ထုရှည်စာတမ်းများ (ပထမတွဲ)တွင်

> **"ဇာတ်ကြောင်းဖြစ်လာစေရန် လုပ်ပြ၊ တွေးပြ၊ ခံစားပြသော ဝတ္ထုရှည်အတွင်းမှ လူများကိုဇာတ်ဆောင်ဟုခေါ်သည်။ ဇာတ်ဆောင်များသည် ဒိဋ္ဌဓမ္မလောကမှလူအများနှင့်တူလေ ဇာတ်ဆောင်ဖန်တီးမှု ကောင်းလေဟု ဆိုကြသည်။"** (စာ-၃၂)

ဟူ၍ ဖွင့်ဆိုထားသည်။

ထို့ကြောင့် ဇာတ်ဆောင်ဆိုသည်မှာ ဇာတ်လမ်းကိုပရိသတ်များ စိတ်ဝင်စားလာစေရန် သဏ္ဍာန်လုပ် သရုပ်တူအောင် ဖော်ဆောင်ပြသပေးရသောသူဖြစ်သည်ဟု ဆိုနိုင်ပါသည်။

**သုတေသနနည်းနာ**

မောင်ထင်၏ပြဇာတ်များမှ ဇာတ်ညွှန်းစကားများကို ထုတ်နုတ်ရာတွင် ပထမဦးစွာ အချက်အလက် စုဆောင်းထုတ်ယူသောနည်းကို အသုံးပြုထားပါသည်။ ထို့နောက်ထုတ်ယူထားသော အချက်အလက်များကို ဇာတ်ဆောင်၏ ပြုလှုပ်ရှားပုံကို ဖော်ညွှန်းသည့် ဇာတ်ညွှန်းစကား၊ ဇာတ်ခုံ အပြင်အဆင်ကို ညွှန်းသည့်ဇာတ်ညွှန်းစကားဟူ၍ (၂)မျိုးခွဲခြားကာ ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်နည်းဖြင့် စိစစ်လေ့လာထားပါသည်။

## လေ့လာတွေ့ရှိချက်

မောင်ထင်၏ပြဇာတ်များမှ ဇာတ်ညွှန်းစကားများကိုလေ့လာရာတွင် ဇာတ်ဆောင်၏ ပြုမူလှုပ်ရှား ပုံကို ဖော်ညွှန်းသည့်ဇာတ်ညွှန်းစကားနှင့် ဇာတ်ခုံအပြင်အဆင်ကို ဖော်ညွှန်းသည့် ဇာတ်ညွှန်းစကားများ ဟူ၍ (၂)ပိုင်းခွဲခြားကာ လေ့လာတင်ပြထားပါသည်။

### ဇာတ်ဆောင်၏ပြုမူလှုပ်ရှားပုံကိုဖော်ညွှန်းသည့်ဇာတ်ညွှန်းစကား

ဇာတ်ညွှန်းစကားများသည် ပြဇာတ်ပါဇာတ်လမ်း ဇာတ်ကွက်များရွေ့လျားပုံ ပေါ်လာအောင် ပံ့ပိုး ပေးနိုင်သကဲ့သို့ ဇာတ်ဆောင်များ၏ စိတ်နေစိတ်ထားများ၊ ပြုမူလှုပ်ရှားမှုများကိုပါပေါ်အောင် ထောက်ပံ့ ပေးနိုင်သည်။

ဘာအရေးကြီးဆုံးလဲပြဇာတ်တွင် ခရိုင်ဝန်၏ဝတ်စားဆင်ယင်မှု၊ ပုံပန်းသွင်ပြင်နှင့် ပြုမူရမည့်ပုံ ကို

> **ဘောင်းဘီတို၊ ရှပ်လက်တိုနှင့် ပိန်ပိန်ပါးပါး အရပ်ရှည်ရှည် ခရိုင်ဝန်က ဆေးပြင်းလိပ် လက်ကြားညှပ်ရာမှ ပါးစပ်ထဲသွင်းရင်း သူ့နောက်က ကုလားထိုင်ကို နောက်ခပ်ယိုင်ယိုင် နှဲ့လိုက်စေ။** (မောင်ထင်၊၂၀၁၀၊ စာ-၂၀)

ဟူ၍ ညွှန်းဆိုရေးသားထားသည်။ "ဆေးပြင်းလိပ်လက်ကြားညှပ်ရာမှ ပါးစပ်ထဲသွင်းရင်း" ဟူ၍ ရုံးခန်း ထဲတွင် ဆေးလိပ်သောက်သည့် ခရိုင်ဝန်၏အမူအကျင့်ကို အထူးညွှန်းဆိုကာ ရေးသားထားသည်။ ဌာန၏ အကြီးအကဲဖြစ်သော်လည်း မိမိကိုယ်တိုင် စည်းကမ်းအတိုင်း မလိုက်နာသော၊ လူကြီးလူကောင်း ပီသမှုအားနည်းသော ခရိုင်ဝန်၏စိတ်သဘောထားများကိုပါ သိမြင်လာရစေသည်။

ထို့အပြင်ပိုက်ဆံကြောင့် ဂုဏ်ရှိသူလူကြီး၏ ပုံပန်းသဏ္ဌာန်နှင့် စိတ်သဘောထားကိုလည်း စာရေးသူက ပြဇာတ်တွင်

> **ခရိုင်ဝန်၏ညာဘက် အမှုတွဲစင်နားခပ်ကျကျတွင် ပရိသတ်ဘက် မျက်နှာတစ်ခြမ်းပေး၍ ကျနစွာ ခေါင်းပေါင်းပေါင်း ဝတ်စားဆင်ယင်ထားသော အသိပညာမဲ့သလောက် ပိုက်ဆံ ကြောင့် မောင်မောင်ဘာဘ အလုပ်ခံရသော ဂုဏ်သရေရှိလူကြီးလူကောင်း အမည်ခံသူ တစ်ယောက်ထိုင်လျက်ရှိစေ။ နေရာတကာမှာ ပိုက်ဆံဂုဏ်ဖြင့် ဩဇာကြီးချင်သူ အရာရှိ အရာခံတို့ကို ကပ်ရပ်ပေါင်းသူလူမျိုးဖြစ်ရမည်။** (မောင်ထင်၊၂၀၁၀၊ စာ-၂၁)

ဟူ၍ ညွှန်းဆိုရေးသားထားသည်။ ထိုသို့ရေးသားထားရာ သူဌေး၏အသွင်သဏ္ဌာန်ကိုသာမက ဂုဏ် ပကာသနကို မက်မောသော၊ ဩဇာအာဏာကိုလိုချင်သော၊ မိမိ၏ကောင်းကျိုးအတွက် အရာရှိ၊ အရာခံ များကို ပေးကမ်းကာပေါင်းသင်းတတ်သော စိတ်ထားများကိုပါ ထပ်ဆင့်သိမြင်လာရစေသည်။

ထို့နောက် မြို့အုပ်မှတင်လျှောက်သည့် စာများကိုခရိုင်ဝန်က ရဲဗိုလ်မှူးနှင့်သူဌေးကို ဖတ်ပြရာတွင် ခရိုင်ဝန်စာဖတ်ရမည့် အနေအထားကိုလည်း စာရေးသူကပြဇာတ်တွင် **"စာဖတ်သည့်အခါ မြန်မာစာနှင့် ခပ်ဝေးဝေးနေသူများ မဖတ်တတ် ဖတ်တတ်ဖတ်သလို ဖတ်စေ။"** (မောင်ထင်၊၂၀၁၀၊ စာ-၂၆) ဟူသော ဇာတ်ညွှန်းစကားဖြင့် ထိုခေတ်အုပ်ချုပ်သူလူတစ်စု၏ မြန်မာစာလေ့လာမှု အားနည်းသည့် အခြေအနေကို စာဖတ်သူများသိရှိစေရန် သရော်ကာ ရေးသားဖော်ပြထားသည်။

ထို့အပြင်ပြဇာတ်တွင် ခရိုင်ဝန်၊ ရဲဗိုလ်မှူးနှင့် သူဌေးတို့စကားပြောနေစဉ် အစည်းအရုံးခေါင်းဆောင်လာသည်ဟု ကြားသည်နှင့် ခရိုင်ဝန်က ကျန်ရှိသည့်လူများအား အစည်းအရုံးခေါင်းဆောင်ကို "မီးတုတ်"ဟူ၍ သရော်ပြောပြောကာ ဖြစ်ပျက်သွားရမည့် ခရိုင်ဝန်၏အပြုအမူများကို

> **နှစ်ကိုယ်ကြားပြော၍ ခေါင်းကိုခပ်ငုံ့ငုံ့ထားပြီး ဝင်ပေါက်မှလာသူကို မျက်စိတစောင်းကြည့်စေ။ အစည်းအရုံးခေါင်းဆောင် ဝင်လာသည်နှင့်တစ်ပြိုင်နက် မျက်လွှာချ၍ ရှေ့တွင်ရှိသော စာရွက် စာတမ်းများကို လှန်လှောကြည့်စေ။** (မောင်ထင်၊၂၀၁၀၊ စာ-၂၈)

ဟူ၍ညွှန်းပြ ရေးသားထားသည်။ ထိုဇာတ်ညွှန်းစကားမှတစ်ဆင့် အုပ်ချုပ်သူလူတန်းစားတို့ အကြားမပြေလည်မှု သဘောတရားများ၊ အမှန်တရားအတိုင်း လုပ်ဆောင်သောသူများမှာ မသမာသူလူတစ်ချို့၏ အပြစ်တင်စောင်းရိပ်ခြင်းကို ခံရလေ့ရှိသောသဘာဝများကိုပါ ထင်ဟပ်သိမြင်လာစေသည်။

အာဇာနည်မိခင်ပြဇာတ်တွင် မောင်နေဝင်းပြန်အလာကို စောင့်မျှော်နေသည့် ညိုညို၏ပြုမူလှုပ်ရှားပုံများနှင့် စိတ်အခြေအနေကို

> **ညိုညိုသည် ခေါက်တံခါးသုံးပေါက်နားသို့ကပ်၍ စိတ်နှလုံးတုန်လှုပ်ဟန်ဖြင့် ပွဲကြည့်သူများဘက်သို့ မျက်နှာမူ၍လျှောက်လာ။ နောက်တစ်ဖန် သောက်ရေအိုးစင်ဘက်သို့ လျှောက်သွား။ ဤနည်းအတိုင်း ခေါက်တုံ့ခေါက်ပြန်လျှောက်နေစေ။**
>
> (မောင်ထင်၊၂၀၁၀၊ စာ-၈၉)

ဟူ၍လည်းကောင်း၊ **"ညိုညိုကစေ့ရုံသာ စေ့ထားသော ခေါက်တံခါးရှေ့သို့ရောက်လျှင် တံခါးချပ်ကို အသာဖြဲ ၍ကြည့်ရင်းရပ်စေ။"** (မောင်ထင်၊၂၀၁၀၊ စာ-၈၉)၊ ဟူ၍လည်းကောင်း၊ **"ညိုညိုလူးလာခက်၍ လျှောက်စေ။ သူ့အမူအရာမှာ တစ်စုံတစ်ခုကိုစောင့်စားနေရသည်ကို မအောင့်နိုင်သည့်ပမာ ဂနာမငြိမ်ဖြစ်နေစေ။**"(မောင်ထင်၊၂၀၁၀၊ စာ-၈၉) ဟူ၍လည်းကောင်း စိတ်အခြေအနေနှင့် အပြုအမူများ ကို လိုက်ဖက်အောင် ညွှန်းဆိုဖော်ပြထားသည်။ ထိုသို့ဖော်ပြထားသဖြင့် မောင်နေဝင်းပြန်အလာကို စောင့်မျှော်နေသော ညိုညို၏အပြုအမူများ၊ စိတ်မတည်မငြိမ်ဖြစ်နေမှုများ၊ စိုးရိမ်ပူပန်နေမှုများကို ဇာတ်ဆောင်၏ တစ်ဆင့်ချင်း လှုပ်ရှားမှုအလိုက်ပေါ်အောင် ဖော်ပြထားနိုင်ကြောင်း တွေ့မြင်လာရသည်။

မောင်နေဝင်းသည် မိခင်ဖြစ်သူ ဒွေးတုတ်အား မြန်အောင်တွင်ရောက်နေသည့် ဂဠုန်ဆရာစံ အကြောင်းကိုပြောမည်ပြုရာ ဒွေးတုတ်က ညီညိုရှိနေသဖြင့် မပြောရန်အရိပ်အကဲပြရမည့် အပြုအမူကို **"ညီညိုကို မျက်စပစ်ပြရင်း လက်ညိုးဖြင့်ပါးစပ်ပိတ်၍"** (မောင်ထင်၊၂၀၁၀၊ စာ-၉၃)ဟူသော ဇာတ်ညွှန်း စကားဖြင့် ဖော်ပြထားသည်။ နောက်ဖြစ်တည်လာမည့် ဂဠုန်ဆရာစံနှင့်ပတ်သက်ပြီး ဦးသက်ကြွင်းက မေးသည်ကို ညီညိုကဖြေပေးသည့် ဇာတ်ကွက်အတွက် အထောက်အပံ့ဖြစ်စေသော အရိပ်နိမိတ်ပြ သည့် ဇာတ်ညွှန်းစကား ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

မောင်နေဝင်းကိုင်ဆောင်ထားသည့် ခါးမြှောင်ကိုမြင်၍ ပြုမူလှုပ်ရှားရမည့် ဒွေးတုတ်နှင့်ညီညို တို့၏ အမူအရာကို

> **သည်အခါ ဒွေးတုတ်က စားပွဲပေါ်တွင် နေဝင်းအမှုမဲ့အမှတ်မဲ့ချထားသော ခါးမြှောင်ကို ဖျက်ခနဲ ကောက်ကိုင်လိုက်စေ။ ပြီးလျှင် ပြန်ချထားစေ။ ဒွေးတုတ်၏အမူအရာကို ညီညို မြင်သည်နှင့် တစ်ပြိုင်နက် စားပွဲပေါ်မှခါးကို မိမိနှင့်ဝေးအောင်ဖယ်လိုက်ရာ ခါးမြှောင် မှာ စားပွဲပေါ်မှ ကြမ်းပြင်ပေါ်သို့ တလိမ့်လိမ့်နှင့် ကျသွားသည်တွင် ညီညိုကမကြည့်ဝံ့ သည့်အလား မျက်နှာကို လက်ဝါးနှင့်အုပ်စေ။** (မောင်ထင်၊၂၀၁၀၊ စာ-၉၇)

ဟူသောဇာတ်ညွှန်းစကားဖြင့် ဖော်ပြထားသည်။ ထိုစကားသည် မောင်နေဝင်း ခါးမြှောင်ကိုချန်ထား မိသည့်ဇာတ်ကွက်ကို အသင့်ယုတ္တိရှိအောင် ထောက်ပံ့ပေးနိုင်သည့် ဇာတ်ညွှန်းစကားဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

ထို့နောက် မောင်နေဝင်းထမင်းစားနေစဉ်တွင် ဦးသက်ကြွင်းတို့အဖွဲ့ဝင်လာသဖြင့် ထွက်ပြေးရ မည့် မောင်နေဝင်း၏ အပြုအမူကိုလည်း

> **နေဝင်းသည် သူ့ပစ္စည်းများ စားပွဲပေါ်တွင် သက်သေခံမကျန်ရစ်ရအောင် ကောက်ကာ ငင်ကာ သိမ်းကျုံး၍ တင်းကုတ်ဘက်သို့ ကမန်းကတန်းပြေးသွားစေ။ ကြမ်းပေါ်မှာ ကျနေရစ်သော သူ့ခါးမြှောင်ကိုမူ မကောက်မိဘဲရှိစေ။** (မောင်ထင်၊၂၀၁၀၊ စာ-၉၈)

ဟူ၍ညွှန်းဆိုရေးသားထားသည်။ ခါးမြှောင်မေ့ကျန်နေမှုကို အထူးညွှန်းဆို ရေးသားထားခြင်းဖြင့် ဦးသက်ကြွင်း ခါးမြှောင်တွေ့ရှိသွားမှုကို သဘာဝကျအောင် ပံ့ပိုးပေးထားသည်။ ထို့အပြင် ခါးမြှောင်နှင့် ဆက်စပ်ကာ ရှေ့ဆက်ဖြစ်တည်လာမည့် မောင်နေဝင်း၏ကံကြမ္မာအပေါ် စာဖတ်သူ၏ သိလိုစိတ်များ ဖြစ်တည်လာစေသည့် ဇာတ်ညွှန်းစကားလည်းဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

မောင်နေဝင်းကို ဖမ်းမိချိန်တွင် ဇာတ်ခုံပေါ်၌ရှိရမည့် ဇာတ်ဆောင်များ၏အနေအထားကို

> **ထိုအခါ ဦးသက်ကြွင်းသည် ခေါင်းရင်းဘက်ရှိစားပွဲနှင့်ကုလားထိုင်များဆီသို့ လျှောက် လာစေ။ စစ်ပုလိပ်နှစ်ဦးကနေဝင်းကို ဦးသက်ကြွင်းဆီကို ခေါ်ဆောင်သွား၍ အနားက**

> **စောင့်နေစေ။ အခြားစစ်ပုလိပ်တစ်ယောက်က ဦးသက်ကြွင်းထိုင်သော ကုလားထိုင်နောက်က ရပ်စေ။ တစ်ယောက်က ခေါက်တံခါးမှာ စောင့်စေ။ စာရေးက စားပွဲထောင့်မှာ ရပ်စေ။ ဗိုလ်မြင်းက မီးဖို ရှေ့တွင် ရပ်နေစေ။** (မောင်ထင်၊၂၀၁၀၊ စာ-၁၀၁)

ဟူသော ဇာတ်ညွှန်းစကားဖြင့် ရေးသားဖော်ပြထားသည်။ ဇာတ်ဆောင်များရှိရမည့် အနေအထားကို ဖြစ်ရပ်နှင့်လိုက်ဖက်စွာ ညွှန်းဆိုထားကြောင်း တွေ့ရှိရသည်။

မောင်နေဝင်းကိုသတ်ရာတွင် ဖြစ်တည်ရမည့် ဇာတ်ဆောင်များ၏အပြုအမူကို

> **ဦးသက်ကြွင်းက သတ်ရန်အချက်ပေးစေ။ သေနတ်သံများကြားရစေ။ ဦးသက်ကြွင်းလည်း တံခါးဟင်းလင်းဖွင့်၍ ထွက်သွားစေ။ အသံစဲ၍တစ်အောင့်လောက်ကြာလျှင် ဒွေးတုတ်ဝင်လာပြီး သေနတ်သံကြား၍ ပုံလျက်လဲသွားသော ညိုညိုအနီးသို့ ကပ်လာစေ။** (မောင်ထင်၊ ၂၀၁၀၊ စာ-၁၁၈)

ဟူသော ဇာတ်ညွှန်းစကားဖြင့် ရေးသားဖော်ပြထားသည်။ ဇာတ်ထွက်ပိုင်းတွင် ဇာတ်ဆောင်များပြုမူရမည့် အနေအထားများကို ဇာတ်ညွှန်းစကားများဖြင့် တစ်ဆင့်ချင်းဖော်ဆောင်ပြထားသည်။ ထို့ကြောင့်လည်း မောင်နေဝင်းအသတ်ခံရချိန်တွင် ဖြစ်တည်လျက်ရှိသော ဇာတ်ဆောင်များ၏ ပြုမူလှုပ်ရှားပုံများမှာ စာဖတ်သူတို့၏စိတ်အာရုံထဲတွင် ပုံပေါ်လာရပြီး ဦးသက်ကြွင်းအပေါ်တွင် စက်ဆုပ်ရွံရှာစိတ်များ၊ မောင်နေဝင်း၊ ဒွေးတုတ်နှင့်ညိုညိုတို့အပေါ်တွင် သနားကရုဏာစိတ်များ ဖြစ်တည်လာရကြောင်း လေ့လာသိရှိရပါသည်။

ထို့ကြောင့် မောင်ထင်၏ပြဇာတ်များမှ ဇာတ်ညွှန်းစကားများကို လေ့လာရာတွင် စာရေးသူသည် ဇာတ်ဆောင်များ၏လှုပ်ရှားမှုများကို ဇာတ်လမ်း ဇာတ်ကွက်နှင့်လိုက်ဖက်အောင် ချိတ်ဆက်ကာ ညွှန်းဆိုရေးသားထားသည်။ ထိုသို့ရေးသားထားသဖြင့် ဇာတ်လမ်း၊ ဇာတ်ကွက်များရွေ့လျားလာစေပြီး ဇာတ်ဆောင်များ၏ လှုပ်ရှားမှုပြဇာတ်ညွှန်းစကားများမှတစ်ဆင့် ရှေ့ဆက်ဖြစ်တည်လာမည့် ဇာတ်လမ်းအပေါ် စာဖတ်သူများ၏သိလိုစိတ်အရှိန်များ မြင့်တက်လာရသည်။ ထို့အပြင် ပြဇာတ်ပါ ရည်ရွယ်ချက်အရ ဇာတ်ဆောင်များပြုမူလှုပ်ရှားရမည့်အခြေအနေများကို ဇာတ်ညွှန်းစကားများဖြင့် ပြဆိုထားရာ ဇာတ်လမ်းကို ရုပ်လုံးပေါ်အောင်၊ ရည်ရွယ်ချက်သို့ရောက်အောင် ထောက်ပံ့ပေးနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

### ဇာတ်ခုံအပြင်အဆင်ကိုဖော်ညွှန်းသည့်ဇာတ်ညွှန်းစကား

ပြဇာတ်စာပေတွင် စာရေးသူတို့သည် ဇာတ်ဆောင်များ၏အပြန်အလှန်ပြောစကားများ၊ ဇာတ်ခုံ အပြင် အဆင်ကိုဖော်ညွှန်းသည့် ဇာတ်ညွှန်းစကားများဖြင့် ထည့်သွင်းဖန်တီးလေ့ရှိသည်။

ဇာတ်ခုံအပြင် အဆင်ကိုညွှန်းသည့် ဇာတ်ညွှန်းစကားများကို ရည်ရွယ်ချက်အရ ဇာတ်လမ်း၊ ဇာတ်ဆောင်နှင့် လိုက်ဖက်အောင် အသုံးပြုလေ့ရှိသည်။

ဆရာမောင်ထင်သည် ဘာအရေးကြီးဆုံးလဲပြဇာတ်တွင် ဒေသနောက်ခံဖြစ်သည့် ခရိုင်ဝန်၏ ရုံးခန်းအပြင်အဆင်ကို ပြဇာတ်တွင်

> **ဇာတ်ခုံပေါ်တွင် စာရေးစားပွဲတစ်လုံး၊ လက်ဖက်ရည်သောက်ရန် စားပွဲတစ်လုံး။ စားပွဲတစ်လုံး တစ်လုံးလျှင် ကုလားထိုင်လေးငါးလုံး ဝိုင်းရံ၍ထား။ စာရေးစားပွဲမှာ ပွဲကြည့်သူ၏လက်ယာ ဘက်ခပ်ကျကျတွင်ရှိရမည်။ လက်ဖက်ရည်စားပွဲမှာ ပွဲကြည့်သူ၏ လက်ဝဲဘက်ခပ်ကျကျတွင်ရှိရမည်။ ခရိုင်ဝန်ထိုင်ရန် ကုလားထိုင်၏ လက်ယာဘက်တွင် စာအုပ်စင်နှစ်ခုလောက် စားပွဲနှင့်ယှဉ်၍ထား။** (မောင်ထင်၊၂၀၁၀၊ စာ-၂၀)

ဟူသောဇာတ်ညွှန်းစကားဖြင့် ရေးသားဖော်ပြထားသည်။ ခရိုင်ဝန်တစ်ဦးတွင်ရှိသင့်သည့် နေရာအခင်းအကျင်း၊ နောက်ခံမြင်ကွင်းများကို ထည့်သွင်းထားရာ ဇာတ်ကွက်နှင့်လိုက်ဖက်မှုရှိကြောင်း လေ့လာတွေ့ရှိရသည်။

ထို့အပြင် ခရိုင်ဝန်၏ရုံးခန်း၌ ခရိုင်ဝန်လုပ်ဆောင်ရသည့်အလုပ်တာဝန်များ၊ လုပ်ငန်းအခြေအနေ၏ နောက်ခံမြင်ကွင်းအပြင်အဆင်ကိုလည်း

> **ခရိုင်ဝန် ကျောဘက်၌ ကျောက်သင်ပုန်းကြီးတစ်ခုပေါ်တွင် ဘယ်မြို့က လယ်ခွန်တော်၊ ကိုင်း ခွန်တော်၊ မြို့မြေခွန်ဘယ်မျှ ကောက်ခံစရာရှိသည်အနက်က ဘယ်မျှချမ်းသာခွင့်ပေး၍ ဘယ်မျှကောက်ခံပြီး ဘယ်မျှကျန်နေသေးသည်ကိုရေးထား။ အခွန်တော်လက်ကျန်များသော မြို့နယ်၏စာရင်းတွင် ဘေးကကြက်ခြေခတ်ကြီးကြီးကို ဒေါပါပါနှင့်ခပ်၍ထား။** (မောင်ထင်၊ ၂၀၁၀၊ စာ-၂၁)

ဟူသော ဇာတ်ညွှန်းစကားဖြင့် ပြဆိုထားသည်။ ထိုဇာတ်ခုံအပြင်အဆင်ကို ညွှန်းသည့် ဇာတ်ညွှန်းစကားများမှတစ်ဆင့် ခရိုင်ဝန်၏အလုပ်သဘောများ၊ အခွန်တော်ကိုပင် မှန်မှန်မပေးသွင်းနိုင်သောပြည်သူပြည်သားများ၏ စီးပွားရေးအခြေ အနေများကိုပါ ခန့်မှန်းသိမြင်လာရစေသည်။

အာဇာနည်မိခင်ပြဇာတ်တွင်လည်း စာရေးသူသည် ပြဇာတ်စလျှင် စချင်းပင်

> **လေးပင်သုံးခန်း အိမ်ခန်းမကြီးကို ခေါင်းရင်းဘက်ကနေကြည့်၍ မြင်ရသည့်အတိုင်း ခင်းကျင်းထား။ ပွဲကြည့်သူ၏လက်ယာဘက်၌ ခေါက်တံခါးသုံးချပ်ရှိသည်။ အလယ်တံခါးနှင့် ခေါင်းရင်းတံခါးကို မင်းတုပ်ထိုး၍ ပိတ်ထားသည်။ ခြေရင်း ခေါက်တံခါးမှာ ဇာတ်စင်၏နောက်ကျောဘက် ခပ်ကျကျတွင်ရှိ၍ ဇော့ရုံသာဇော့ထားသည်။ ဇာတ်စင်၏နောက်ကျောဘက်မှာ မီးဖိုချောင် အဖီကလေးရှိသည်။ မီးဖိုချောင်တံခါးဝမှာ တံခါးရွက်**

**မရှိ။ သို့သော် မီးဖိုချောင်မှနေ၍ အိမ်ဘေး နွားတင်းကုပ်နှင့် စပါးကျီရှိရာသို့ဆင်းရန် တံခါးပေါက်မှာ တံခါးရွက်စေ့လျက်သား ရှိသည်။ မီးဖိုချောင်ခန်းဝ၏ လက်ယာဘက်မှာ သောက်ရေအိုးစင်ရှိသည်။ (မောင်ထင်၊ ၂၀၁၀၊ စာ-၈၈)**

ဟူသော ဇာတ်ညွှန်းစကားဖြင့် အိမ်၏ပုံပန်းသဏ္ဌာန်ကို အပြင်မှကြည့်လျှင် မြင်ရသည့်အနေအထားဖြင့် အသေးစိတ်ဖော်ပြထားသည်။ အိမ်၏အနေအထားနှင့် နွားတင်းကုတ်၊ စပါးကျီများကို ညွှန်းဆိုထားရာ ကျေးလက်သဘာဝကိုပေါ်လွင်ပြီး ဆရာစံခိုအောင်းရာ မြန်အောင်နယ်နောက်ခံနှင့် လိုက်ဖက်မှုရှိပြီး ဇာတ်လမ်းကို ယုတ္တိရှိအောင် ပံ့ပိုးထားနိုင်သည့် ဇာတ်ညွှန်းစကားဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

ထို့အပြင် အိမ်အတွင်းတွင် ဖြစ်တည်ရမည့်နောက်ခံအခင်းအကျင်းကိုလည်း

**ဇာတ်စင်၏အလယ်လောက်တွင် ထမင်းစားပွဲခုံဝိုင်းတစ်ခု တည်ခင်း၍ထား။ ထိုစားပွဲ အနီး မီးလင်းဖိုတစ်ခုရှိရမည်။ ဇာတ်စင်၏ ရှေ့မျက်နှာစာ မရောက်တရောက်တွင် စားပွဲတစ်လုံးနှင့် ကုလားထိုင်နှစ်လုံး သုံးလုံးရှိပါစေ။** (မောင်ထင်၊ ၂၀၁၀၊ စာ-၈၈)

ဟူသော ဇာတ်ညွှန်းစကားဖြင့် ဖော်ပြထားသည်။ စာရေးသူသည် ထမင်းစားပွဲဝိုင်းကို အထူးညွှန်းဆိုကာ မောင်နေဝင်းသည် ထမင်းစားပွဲပေါ်တွင် ခဲးမြှောင်ကိုထားမိပုံ၊ ညိုညိုကစားပွဲပေါ်မှ ခဲးမြှောင်ကို ဖယ်ပစ်လိုက်ရာ စားပွဲခုံနှင့်ဝေးရာသို့ရောက်ရှိပုံ၊ ဦးသက်ကြွင်းနှင့်အဖွဲ့ဝင်လာသဖြင့် မောင်နေဝင်း ထွက်ပြေးရာ ခဲးမြှောင်ကိုမကောက်မိဘဲ ကျန်ရစ်ခဲ့ရပုံစသည့်ဇာတ်ကွက်များနှင့် အချိတ်အဆက် မိနိုင်အောင် အကွက်ကျကျဖြင့် ဖန်တီးထားသည့် ဇာတ်ညွှန်းစကားဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

ဆရာမောင်ထင်၏ပြဇာတ်များတွင် စာရေးသူသည် ဇာတ်ညွှန်းစကားများဖြင့် နောက်ခံဝန်းကျင် ကိုတင်ပြရာ၌ ကာလနောက်ခံနှင့် ဒေသနောက်ခံများကို အထူးညွှန်းဆိုကာ ရေးသားထားသည်။ တစ်ခန်း ရပ်ပြဇာတ်များဖြစ်သဖြင့် နောက်ခံဝန်းကျင်များကိုချဲ့ထွင်ကာ ဖန်တီးထားခြင်းမရှိဘဲ ရည်ရွယ်ချက် ပေါ်အောင်၊ ဇာတ်လမ်း၊ ဇာတ်ဆောင်များနှင့်လည်း ဆီလျော်မှုရှိသည့် နောက်ခံဝန်းကျင်ကို ဇာတ်ညွှန်း စကားများဖြင့် ရေးသားဖော်ပြလေ့ရှိသည်။ ထိုဇာတ်ညွှန်းစကားများကြောင့်လည်း ဇာတ်ဆောင်များ၏ ပြုမူလှုပ်ရှားပုံများမှာ ရုပ်လုံးကြွကာ အသက်ဝင်ပီပြင်လာပြီး ဇာတ်လမ်းကို ယုတ္တိရှိအောင်၊ ရည်ရွယ်ချက် သို့ရောက်အောင် ပို့ဆောင်ပေးထားနိုင်ကြောင်း လေ့လာသိရှိရပါသည်။

## သုံးသပ်ချက်

ဤစာတမ်းတွင် ဆရာမောင်ထင်၏ ဘာအရေးကြီးဆုံးလဲနှင့်အာဇာနည်မိခင်ပြဇာတ်များမှ ဇာတ်ညွှန်း စကားများကို လေ့လာထားပါသည်။ ဇာတ်ညွှန်းစကားများကို လေ့လာရာတွင် ဇာတ်ဆောင် ၏ပြုမူ လှုပ်ရှားမှုများကိုဖော်ညွှန်းသည့် ဇာတ်ညွှန်းစကားများနှင့် ဇာတ်ခုံအပြင်အဆင်ကို ဖော်ညွှန်းသည့် ဇာတ်ညွှန်းစကားများ ဟူ၍ လေ့လာတင်ပြထားပါသည်။

ဆရာမောင်ထင်သည် ဇာတ်ညွှန်းစကားများဖြင့် ဇာတ်ဆောင်များ၏ပြုမူလှုပ်ရှားရမည့် အနေအထားများကို ရေးသားရာတွင် ဇာတ်ကွက်နှင့်လိုက်ဖက်အောင် ဖော်ပြထားသည်။ ထိုသို့ဖော်ပြထားသဖြင့် ဇာတ်လမ်း ဇာတ်ကွက်များမှာ ရွှေ့လျားလာပြီး ဇာတ်ဆောင်များ၏ ပြုမူလှုပ်ရှားမှုများမှာ ရုပ်လုံးကြွကာ အသက်ဝင်လာရသည်။ ဇာတ်ဆောင်များ၏ပြုမူလှုပ်ရှားမှုများ အသက်ဝင်လာသည်နှင့်အမျှ ဇာတ်ဆောင်၏စရိုက်များလည်း ပီပြင်လာပြီး ဇာတ်လမ်းပါရည်ရွယ်ချက်သို့ရောက်အောင် တစ်ဆင့်ချင်း ထောက်ပံ့ပေးထားနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

ထို့အပြင် ဇာတ်ခုံအပြင်အဆင်ကိုဖော်ညွှန်းသည့် ဇာတ်ညွှန်းစကားများကို ရေးသားရာတွင်လည်း ပြဇာတ်ပါ ဇာတ်လမ်းသဘောအရ ကာလနောက်ခံ၊ ဒေသနောက်ခံများကို ဇာတ်ဆောင်၏အခြေအနေနှင့်လိုက်ဖက်စွာ ညွှန်းဆိုရေးသားထားသည်။ ထိုသို့ညွှန်းဆိုရေးသားထားသဖြင့် နောက်ခံဝန်းကျင်မှာ ပီပြင်လာပြီး ဇာတ်ဆောင်၏ပြုမူလှုပ်ရှားမှုများမှာ သဘာဝကျကာ ဇာတ်လမ်းကို အသင့်ယုတ္တိရှိအောင် ထောက်ပံ့ပေးထားနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

ဆရာမောင်ထင်၏ ပြဇာတ်များတွင် စာရေးသူသည် ဇာတ်လမ်းသဘောအရပြုမူရမည့် ဇာတ်ဆောင်များ၏ လှုပ်ရှားမှုများ၊ ဇာတ်ဆောင်ကိုပံ့ပိုးပေးရမည့် နောက်ခံအခင်းအကျင်းများကို ဇာတ်ညွှန်းစကားများဖြင့် ထည့်သွင်းရေးသားထားသည်။ ထိုသို့ရေးသားထားသောကြောင့် ဇာတ်လမ်းနှင့်စာဖတ်သူမှာ တစ်သားတည်းဖြစ်တည်လာပြီး ဇာတ်လမ်းအပေါ် စာဖတ်သူ၏စိတ်အာရုံများ ပို၍ကပ်ငြိလာအောင် ထောက်ပံ့ပေးထားနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။ ထို့ကြောင့် ဆရာမောင်ထင်၏ ပြဇာတ်များပါ ဇာတ်ညွှန်းစကားများကို ခြုံ၍သုံးသပ်ရလျှင် ဇာတ်လမ်းဇာတ်ကွက်ကို ရွှေ့လျားမှုရှိအောင်၊ ဇာတ်ဆောင်၏ ပြုမူလှုပ်ရှားမှုများကိုပေါ်အောင် ထောက်ပံ့ပေးမှုရှိကြောင်း လေ့လာသုံးသပ်ရပါသည်။

## နိဂုံး

ဤစာတမ်းသည် ဆရာမောင်ထင်၏ပြဇာတ်များမှ ဇာတ်ညွှန်းစကားများကို လေ့လာတင်ပြခဲ့ပါသည်။ ထိုသို့လေ့လာရာတွင် ဆရာမောင်ထင်သည် ဇာတ်ဆောင်များ၏ ပြုမူလှုပ်ရှားမှုကိုဖော်ညွှန်းသည့် ဇာတ်ညွှန်းစကားများ၊ နောက်ခံဝန်းကျင်ကိုဖော်ညွှန်းသည့် ဇာတ်ညွှန်းစကားများကို ဇာတ်ကွက်နှင့်လိုက်ဖက်မှုရှိအောင် ချိတ်ဆက်ကာ ရည်ရွယ်ချက်ပေါ်အောင် ရေးသားထားနိုင်ကြောင်းတွေ့ရှိရပါသည်။ ဤစာတမ်းသည် အခြားသောပြဇာတ်များပါ ဇာတ်ညွှန်းစကားများကို ဆက်လက်လေ့လာရန် အထောက်အကူပြုနိုင်လိမ့်မည်ဟု မျှော်မှန်းမိပါသည်။

## ကျမ်းကိုးစာရင်း


စီစီဝင်း၊ဒေါ်နှင့်အများ။ ။(၁၉၈၃)***မြန်မာစကားပြေစာတမ်းများ***၊ ရန်ကုန်၊ စာပေဗိမာန်။

ထင်၊မောင်။ ။(၂၀ဝ၈)***ကမ္ဘာ့စာပေအညွှန်း***၊ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ထင်၊ မောင်။ ။(၂၀၁၀)***ဘာသာအရေးကြီးဆုံးလဲ၊ အာဇာနည်မိခင်နှင့်အခြားပြဇာတ်များ***၊ ရန်ကုန်၊ ရာပြည့် စာပေ။

ဘုန်းနိုင်၊ တက္ကသိုလ်။ ။(၁၉၈၁)***ဝတ္ထုရှည်စာတမ်းများ ပထမအတွဲ*** -။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

မောင်မောင်တင်၊ ဦး။ ။(၁၉၇၁)***မြန်မာပြဇာတ်နှင့်ပြဇာတ်စာပေသမိုင်း***၊ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်။

မြင့်ကြည်၊ ဦး။ ။(၂၀၁၁)***စာပေနှင့်ဂီတ၊ ဂီတနှင့်စာပေ***။ ရန်ကုန်၊ ရာပြည့်စာပေ။

မြန်မာစာအဖွဲ့။ ။(၂၀ဝ၈)***မြန်မာအဘိဓာန်၊ ဒုတိယအကြိမ်***။ ရန်ကုန်၊ နေလင်းပုံနှိပ်တိုက်။

မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း။ ။(၁၉၆၃)***မြန်မာ့စွယ်စုံကျမ်း (၇)အတွဲ*** -။ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ ဒေါက်တာ။ ။(၂၀၂၄)***ပြဇာတ်သဘောတရား ပြဇာတ်အတတ်ပညာ၊ တတိယအကြိမ်***။ ရန်ကုန်၊ ပညာရပ်ဝန်း စာပေ။


## Reference


Morner, Kathleen and Ralph Rausch. (1998). NTC's Dictionary of Literary Terms, U.S.A. NTC Publishing Group.


## ဖတ်ရှုလေ့လာသောစာအုပ်စာရင်း


ငြိမ်းမင်း။(၂၀၁၉)။ ဇာတ်ညွှန်းအနုပညာမှတ်စုများ။ MRTV – 4၊ FOREVER GROUP။

မြင့်မောင်၊ ဒါရိုက်တာ။(၁၉၇၀)။ ဇာတ်ညွှန်းမှရုပ်ရှင်။ ရန်ကုန်၊ တိုင်းရင်းသားစာပေ။

သူဇာမြင့်၊ မ။(၂၀၂၀)။ဦးနု၏ပြဇာတ်များလေ့လာချက်။မန္တလေးတက္ကသိုလ်၊မြန်မာစာပါရဂူဘွဲ့အတွက်  တင်သွင်းသောကျမ်း။

အောင်မြင့်ဦး၊ ဒေါက်တာ။(၂၀၂၄)။ သုတေသနဟူသည် - တတိယအကြိမ်။ ရန်ကုန်၊ ပညာရပ်ဝန်းစာပေတိုက်။

# မြန်မာစာဘာသာရပ် သုတေသနအထောက်အကူပြုစစ်တမ်း

စိုးစိုးနိုင်[၁]

**စာတမ်းအကျဉ်း**

မြန်မာစာဘာသာရပ်တွင် သင်ကြားရေးနှင့် သုတေသနဟူ၍ နှစ်ပိုင်းရှိရာ ဤစာတမ်းသည် သုတေသန ပြုစုရာတွင် သုတေသီတို့ ကြုံတွေ့နေရသော ပြဿနာများကို စစ်တမ်းကောက်ယူပြီး နည်းပညာအရ စိစစ်ထားခြင်း ဖြစ်ပါသည်။ ဤစာတမ်းတွင် သုတေသနပြဿနာ၊ သုတေသနမေးခွန်း၊ သုတေသနရလဒ်၊ စာပေလေ့လာ ဆန်းစစ်ချက်၊ သုတေသနနည်းနာ၊ လက်တွေ့လေ့လာတွေ့ရှိချက်၊ သုံးသပ်ချက်ဟူ၍ အဆင့် ဆင့်လေ့လာ တင်ပြထားပါသည်။ လက်တွေ့လေ့လာတွေ့ ရှိချက်အနေဖြင့် ကျမ်းညွှန်း ပြုစုခြင်း၊ စာတမ်းခေါင်းစဉ်များ၊ ကျမ်းခေါင်းစဉ်များ စိစစ်ခြင်း၊ အက္ခရာစဉ်ခြင်း၊ စာလုံးပေါင်းသတ်ပုံ စိစစ်ခြင်း၊ ဓာတ်ပုံကို စာသားအဖြစ် ပြောင်းယူခြင်း၊ သုတေသန လမ်းညွှန်ခြင်း၊ ကူးယူမှုစိစစ်ခြင်းဟူ၍ ပြဿနာ ၇ ခု ကို ဖြေရှင်းနည်းနှင့်တကွ တင်ပြ ထားပါသည်။

**သော့ချက်စကားလုံး** - သုတေသန၊ စာပေလေ့လာဆန်းစစ်ချက်၊ စိစစ်ချက်၊ စစ်တမ်း၊ နည်းနာ

## နိဒါန်း

မျက်မှောက်ခေတ်သည် နည်းပညာခေတ်ဖြစ်သည်နှင့်အညီ ပညာရပ်ဆိုင်ရာ သုတေသန အများစုကို နည်းပညာအသုံးပြု၍ ဖြေရှင်းကြရသည်။ နည်းပညာ အသုံးပြုခြင်းသည် အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းခြင်းတို့ကို လျှော့ချနိုင်သည့်အတွက် သုတေသနဆောင်ရွက်ရာတွင် များစွာအထောက်အကူ ပြုနိုင်ပါသည်။ မျက်မှောက်ခေတ်သည် ဉာဏ်ရည်ကို အစားထိုးအသုံးပြုနိုင်သော AI (Artificial Intelligence) ခေတ်ဖြစ်သည်။ ထို့ကြောင့်နည်းပညာကို ကောင်းစွာကိုင်တွယ် အသုံးချခြင်းဖြင့် ဘာသာ ရပ်ဆိုင်ရာ သုတေသနစာတမ်းများ၊ အရည်အသွေးမြင့်မားသော ဘွဲ့ယူကျမ်းများများစွာ ထွက်ပေါ်လာ နိုင်ပြီး မြန်မာစာဘာသာရပ်ပိုမို ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါသည်။

## သုတေသနပြဿနာနှင့် မေးခွန်း

### သုတေသနပြဿနာ (Research problem)

ဤစာတမ်းသည် မြန်မာစာဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်းများ၊ ဘွဲ့ယူကျမ်းများ ပြုစုရာ တွင် သုတေသီတို့ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို စစ်တမ်းကောက်ယူပြီး ဖြေရှင်းနိုင်မည့် နည်းလမ်းကို ရှာဖွေဖော်ထုတ် သုတေသနပြုထားခြင်း ဖြစ်ပါသည်။ သုတေသီတို့ကြုံတွေ့ရသည့် ပြဿနာများကို စစ်တမ်းကောက်ယူကြည့်ရာတွင်

(၁) ဘွဲ့ယူကျမ်းများ၏ ကျမ်းညွှန်းများကို ရှာဖွေဖတ်ရှုရန် ခက်ခဲခြင်း

(၂) သုတေသနခေါင်းစဉ် ရွေးချယ်ရာတွင် အခြားသူတို့ ပြုစုပြီးသော ခေါင်းစဉ် ဟုတ် မဟုတ် စိစစ်ရန်ခက်ခဲခြင်း

(၃) ကျမ်းကိုးစာရင်းများ၊ နောက်ဆက်တွဲဝေါဟာရများကို အက္ခရာစဉ်ရန်ခက်ခဲခြင်း

(၄) စာလုံးပေါင်းသတ်ပုံမှန်ကန်မှု ရှိ မရှိ စိစစ်ရန်ခက်ခဲခြင်း

---

[၁] မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

(၅) ခေတ်ပုံကို စာသားအဖြစ် ပြောင်းနိုင်ရန်ခက်ခဲခြင်း

(၆) မည်သည့်သုတေသနကို မည်သည့်နည်းလမ်း၊ မည်သည့်စံချိန်စံညွှန်းနှင့်ပြုစုရန် ခေတ်နှင့်အညီ နည်းပညာဖြင့် မွမ်းမံဖြည့်စွက်ထားသော စာအုပ်များ လိုအပ်ခြင်း

(၇) အခြားစာတမ်းများ၊ ကျမ်းများမှ ကူးယူသုံးစွဲထားကြောင်း အထောက်အထားပြနိုင်ရန် ခက်ခဲခြင်း

ဟူသည့် ပြဿနာများကို စစ်တမ်းကောက်ယူမှုအရ လေ့လာတွေ့ရှိရပါသည်။

**သုတေသနမေးခွန်း (Research question)**

- သုတေသနကျမ်းများနှင့် ပတ်သက်သော အကြောင်းအရာအချက်အလက်အညွှန်းကို မည်သို့ အလွယ်တကူ ရှာဖွေနိုင်မည်နည်း။
- သုတေသနစာတမ်းခေါင်းစဉ် သို့မဟုတ် ကျမ်းခေါင်းစဉ်ရွေးချယ်သည့်အခါ ပြုစုပြီးသော ခေါင်းစဉ်များနှင့် မတူညီသော ခေါင်းစဉ်အသစ်ဖြစ်ကြောင်း မည်သို့ စိစစ်နိုင်သနည်း။
- နောက်ဆက်တွဲ ဝေါဟာရအသုံးများ၊ ကျမ်းကိုးစာရင်းများကို မည်ကဲ့သို့ အလွယ်တကူ အက္ခရာစဉ်နိုင်သနည်း။
- မြန်မာစာသုတေသနစာတမ်းများ၊ ကျမ်းများတွင် စာလုံးပေါင်းသတ်ပုံ မှန်ကန်စေရန် မည်သို့ ဆောင်ရွက်ရမည်နည်း။
- မူရင်းဖိုင် **soft copy** ပျောက်ဆုံးသွား စာတမ်းများ၊ ကျမ်းများကို မည်သို့ ပြန်ယူနိုင် သနည်း။
- မည်သည့်သုတေသနကို မည်သည့် နည်းနာဖြင့် သုတေသနပြုရမည်နည်း။
- မြန်မာစာဖြင့် ပြုစုထားသော သုတေသနများကို အခြားကျမ်းများ၊ စာတမ်းများမှ မည်မျှ ကူးယူထားကြောင်း မည်သို့ စိစစ်နိုင်သနည်း။

**သုတေသနရလဒ် (Research outcome)**

- မြန်မာစာဘာသာရပ်တွင် သုတေသနပြုခဲ့ပြီးသော စာတမ်းများ၊ မဟာဝိဇ္ဇာဘွဲ့ယူကျမ်းများ၊ မဟာသုတေသန ဘွဲ့ယူကျမ်းများ၊ ပါရဂူဘွဲ့ယူကျမ်းများ၏ ကျမ်းခေါင်းစဉ်များကို အလွယ်တကူ သိရှိနိုင်မည်။ (မိမိစိတ်ကူးထားသည့် ခေါင်းစဉ်နှင့်တူသော ပြုစုပြီးသုတေသနများကိုသိရှိပြီး ရှောင်ရှားနိုင်မည်။ မည်သူတစ်ဦးတစ်ယောက်မျှ မပြုစုရသေးသော မြန်မာစာဘာသာရပ်နှင့် ပတ်သက်သည့် သုတေသနအသစ်များ ထွက်ပေါ်လာနိုင်မည်။)
- စာလုံးပေါင်းသတ်ပုံ မှန်ကန်ရေးအတွက်စိစစ်နိုင်မည်။ (မြန်မာစာသာသာရပ်ဆိုင်ရာ သုတေသန များတွင် သုတေသနအပေါ်သာ အာရုံစိုက်ပြီး ရေးသားကြသည့်အတွက် စာလုံးပေါင်းသတ်ပုံ ကဏ္ဍတွင် မှားယွင်းမှုများတွေ့ရပြီး ကျမ်းကြီးကြပ်သူ၊ စိစစ်သူများက ပြုပြင်ပေးရသည်အထိ အားနည်းချက်များရှိကြောင်း၊ ယင်းအားနည်းချက်များကို နည်းပညာဖြင့် အလွယ်တကူဖြေရှင်း ပေးနိုင်မည်။)

- သုတေသနကျမ်းအတွင်း အသုံးပြုထားသည့် ပညာရပ်ဆိုင်ရာဝေါဟာရများ၊ မိမိအထူးပြု ဖော်ပြလိုသော ဝေါဟာရများ၏ အသုံးပြုထားသည့်အကြိမ်နှင့် အသုံးပြုစာမျက်နှာ ဝေါဟာရအညွှန်းအဖြစ် အလွယ်တကူ မှတ်တမ်းပြုနိုင်မည်။
- မည်သည့်ဝေါဟာရကို မည်သည့်စာမျက်နှာတွင် မည့်သည့်အကြောင်းအရာအတွက် သုံးစွဲထားကြောင်း သိရှိနိုင်မည်။
- ဝေါဟာရအညွှန်းပါ ဝေါဟာရများ၊ နောက်ဆက်တွဲ ဖော်ပြလိုသော ဝေါဟာရများ၊ စာကိုးစာရင်းများ၊ ကျမ်းကိုးစာရင်းများအား အက္ခရာစဉ်နိုင်မည်။

စသော သုတေသနပြုစုရာတွင် အထောက်အကူဖြစ်စေမည့် ရလဒ်ကောင်းများကို ရရှိနိုင်သည့်အတွက် ကောင်းမွန်မှန်ကန်သော သုတေသနစာတမ်းများ များစွာထွက်ပေါ်လာနိုင်မည်ဖြစ်သည်။

## စာပေလေ့လာဆန်းစစ်ချက် (Literature review)

သုတေသနနှင့်ပတ်သက်၍ ပညာရှင်တို့ ရေးသားထုတ်ဝေခဲ့ကြသော စာအုပ်စာတမ်းများ များစွာရှိပါသည်။ ယင်းစာအုပ်များအနက် မြန်မာစာဘာသာရပ်သုတေသီတို့ အသုံးများသော စာအုပ်များမှာ မကြန် ရေးသားသော “ကျမ်းသုတေသနပြုခြင်း”၊ ဒေါက်တာသန်းထွန်း ရေးသားသော “သုတေသနထုံး”၊ ဦးခင်အေးရေးသားသည့် “သုတေသနနိဒါန်း”နှင့် “သုတေသနလက်စွဲ”၊ ဒေါက်တာခင်အေးနှင့် ဒေါက်တာအောင်မြင်ဦးတို့ပြုစုသော “သုတေသနအခြေခံ သုတေသနပုံစံ”၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနကပြုစုသော “ကျမ်းပြုသူများနှင့် စာတမ်းများပြုစုသူများသိသာရန်”၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ကထုတ်ဝေသော “သုတေသနပြုလုပ်နည်း” ဒေါက်တာအောင်မြင့်ဦး ရေးသားသည့် “သုတေသနဟူသည်” စသောစာအုပ်များဖြစ်ပါသည်။ အထက်ပါပညာရှင်ကြီးများ ရေးသားခဲ့သော သုတေသနစာအုပ်များတွင် သုတေသန သဘောတရား၊ သုတေသနလုပ်ထုံးလုပ်နည်းနှင့် သုတေသီတို့ လိုက်နာရန်၊ ဆောင်ရန် ရှောင်ရန်အချက်များကို လမ်းညွှန်ထားခြင်းဖြစ်ပါသည်။ ဤစာတမ်းတွင် သုတေသနပြုစုရာ၌ နည်းပညာအသုံးပြုပြီး ဆောင်ရွက်ပါက ထိရောက်မြန်ဆန်မှု၊ စွမ်းရည်မြင့်မားမှုနှင့် မြန်မာစာဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်းပေါင်း မြောက်မြားစွာ တိုးတက်ထွက်ပေါ်လာနိုင်မည်ဖြစ်ကြောင်း စစ်တမ်းကောက်ယူ တင်ပြထားခြင်း ဖြစ်သောကြောင့် အသစ်တွေ့ရှိမှု ဖြစ်ပါသည်။

## သုတေသနနည်းနာ (Research method)

သုတေသနဆိုသည်မှာ “တစ်စုံတစ်ခုကို ခြေခြေမြစ်မြစ်သိရန် စူးစမ်းရှာဖွေခြင်း။” (မြန်မာအဘိဓာန်၊ ၂၀၂၄၊ စာ-၁၃၆) ဟူ၍လည်းကောင်း၊ “အကြားအမြင်ကို ရှာမှီးခြင်းဖြစ်သည်။ သုတ (အကြားအမြင်)နှင့် ဧသန(ရှာမှီးခြင်း) ဟူသော ပါဠိဝေါဟာရ ၂ ခုကို ပေါင်းစပ်ထားခြင်းဖြစ်သည်။” (ခင်အေး၊ ဒေါက်တာနှင့် အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၀၈၊ စာ - ၁) ဟူ၍လည်းကောင်း၊ “အတွေးအမြင်၊ ဗဟုသုတအသစ်တို့ကို တင်ပြခြင်း၊ အယူအဆသစ် နည်းလမ်းသစ် တို့ဖြင့် အသိပညာကို အသုံးပြုခြင်း” (https:// www. surveymonkey. com, 3-types-survey-research) ဟူ၍ လည်းကောင်း ပညာရှင်တို့ အဆိုရှိကြသည်။

ဤသုတေသနသည် သုတေသနပြုစုရာတွင် ကြုံတွေ့ရသည့် ပြဿနာတချို့ကို နည်းပညာ အသုံးပြု၍ သိပ္ပံနည်း (Scientific Method) ဖြင့် ဖြေရှင်းတင်ပြထားခြင်း ဖြစ်ပါသည်။ ဤနည်းလမ်းအရ သုတေသနပြုစုရာတွင် အကြောင်းအရာရွေးချယ်ခြင်း(Choosing a subject)၊ သုတေသနပြဿနာ ဖော်ထုတ်ခြင်း (Forming a statement of the problem)၊ အထောက်အထား ရှာဖွေစုစည်းခြင်း (Collecting and organizing the evidence)၊ လက်တွေ့အသုံးချခြင်း (Applied Method) ဟူသည့် နည်းလမ်းများကို အသုံးပြုထားပါသည်။ အထူးသဖြင့် စူးစမ်းလေ့လာနည်း (Survey Method)ဖြင့် ချဉ်းကပ်လေ့လာထားခြင်း ဖြစ်ပါသည်။

စာတမ်းရှင်သည် ရန်ကုန်တက္ကသိုလ် ပါဠိဂူအကြိုသင်တန်းတွင် ၂၀၁၉ ခုနှစ်မှစ၍ ယနေ့ တိုင်အောင် ဘာသာစကားနှင့်ပတ်သက်ပြီး သင်ကြားပို့ချပေးနေသူ ဖြစ်ပါသည်။ မြိတ်တက္ကသိုလ် ပါဠိဂူ အကြို ၂၀၂၃ သင်တန်းသားများကိုလည်း သင်ကြားပေးခဲ့ဖူးပါသည်။ မဟာဘွဲ့ ယူကျမ်း၊ ပါဠိဂူဘွဲ့ယူကျမ်း များကိုလည်းကြီးကြပ်ခြင်း၊ စိစစ်ခြင်းများ ပြုလုပ်ပေးခဲ့ပါသည်။ ထိုအချိန်မှစ၍ သုတေသီတို့တွင်တွေ့ရှိ ရသော အခက်အခဲပြဿနာများကို သိရှိနိုင်ရန် မဟာဝိဇ္ဇာကျမ်းပြုသူ ၁၀ ဦး၊ ပါဠိဂူကျမ်းပြုသူ ၂၃ ဦးတို့ကို စစ်တမ်းကောက်ယူသည့်အနေဖြင့် ဆွေးနွေးမေးမြန်းခဲ့ပါသည်။ ထို့ပြင် စာတမ်းရှင်သည် MAAS, ARC, YURJ, ERC စသော သုတေသနဂျာနယ်များတွင်လည်း ဖတ်ကြားတင်သွင်းခဲ့ပါသည်။ ထိုသို့ ကောက်ယူစုဆောင်းထားသော စစ်တမ်းများ၊ သုတေသနအတွေ့အကြုံများအရ ဤစာတမ်းကို ပြုစုခြင်း ဖြစ်ပါသည်။

## စစ်တမ်းကောက်ယူတွေ့ရှိမှုနှင့် ဖြေရှင်းနည်း

(၁) ကျမ်းညွှန်းပြုစုခြင်း
(၂) စာတမ်းခေါင်းစဉ်များ၊ ကျမ်းခေါင်းစဉ်များ စိစစ်ခြင်း
(၃) အက္ခရာစဉ်ခြင်း
(၄) စာလုံးပေါင်းသတ်ပုံစိစစ်ခြင်း
(၅) ဓာတ်ပုံကို စာသားအဖြစ်ပြောင်းယူခြင်း
(၆) သုတေသနလမ်းညွှန်ခြင်း
(၇) ကူးယူမှုစိစစ်ခြင်း

## ကျမ်းညွှန်းပြုစုခြင်း

မြန်မာစာဘာသာရပ် သုတေသနကျမ်းများတွင် မည်သည့်အကြောင်းအရာကို မည်သည့် နည်းနာ ဖြင့် မည်သို့ပြုစုထားကြောင်း၊ ထိုသို့ပြုစုထားသည့်အတွက် မည်သို့သော သုတေသနရလဒ်ရရှိနိုင် ကြောင်းကို ကျမ်းပြုသူတို့က မိမိတို့၏ ကျမ်းစာအုပ်၌ ကျမ်းအကျဉ်းချုပ်အဖြစ်ထည့်သွင်း ဖော်ပြကြ ကြောင်းကို တွေ့ရသည်။ ကျမ်းညွှန်းများသည် သုတေသီတို့အတွက် သုတေသန လမ်းစကို ဖော်ဆောင် ပေးနိုင်သကဲ့သို့ မိမိတို့ ဆောင်ရွက်နေဆဲဖြစ်သော သုတေသနနှင့်လည်း တိုက်ဆိုင်ညှိနှိုင်းပြီး သုံးသပ်နိုင် ပါသည်။ ကျမ်းညွှန်းသည် ကျမ်းတစ်အုပ်လုံး၏ အချုပ်ကိုနားလည်နိုင်လောက်အောင် အထောက်အကူ

ပြုပါသည်။ သို့သော်လည်း သုတေသီတို့အတွက် တစ်နိုင်ငံလုံးရှိ မဟာဝိဇ္ဇာကျမ်းများ၊ ပါရဂူကျမ်းများ၏ ကျမ်းညွှန်းကို တစ်နေရာတည်း၌ ဖတ်ရှုလေ့လာခွင့် မရနိုင်ကြသည့် ပြဿနာနှင့် ကြုံတွေ့နေရပါသည်။

ထိုအခက်အခဲကို ပညာရှင်တို့က ရှေးယခင်ကပင် သိရှိခဲ့ကြသည့်အတွက် ရန်ကုန် တက္ကသိုလ် မြန်မာစာဌာနက "မြန်မာစာပါရဂူကျမ်းညွှန်း (၂၀၀၀ - ၂၀၁၀)" ကိုလည်းကောင်း၊ "မြန်မာစာပါရဂူ ကျမ်းညွှန်း (၂၀၁၀ - ၂၀၁၆)" ကိုလည်းကောင်း ထုတ်ဝေခဲ့ပါသည်။ ထို့အတူ မန္တလေးတက္ကသိုလ်က လည်း ပါရဂူကျမ်းညွှန်းစာအုပ် ရေးသားပြုစု ထုတ်ဝေခဲ့ကြပါသည်။ သို့သော်လည်း ၂၀၁၆ မှ ယနေ့ အထိ ပါရဂူဘွဲ့ယူကျမ်းများ၏ ကျမ်းညွှန်းများကို အကြောင်းအမျိုးမျိုးကြောင့် ရေးသားထုတ်ဝေနိုင်ခြင်း မရှိတော့ပါ။ ထို့ကြောင့် ဆက်လက်ထုတ်ဝေဖော်ပြရန် မဟာဝိဇ္ဇာကျမ်းများ၊ ပါရဂူကျမ်းများ များစွာ ကျန်ရှိနေပါသေးသည်။ ယနေ့ခေတ်တွင် ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့အပြင် ပဲခူး တက္ကသိုလ်၊ မကွေးတက္ကသိုလ်၊ မြိတ်တက္ကသိုလ်စသော တက္ကသိုလ်ကြီးများတွင်လည်း ပါရဂူသင်တန်း များ ဖွင့်လှစ်နေကြပြီဖြစ်ပါသည်။ ထို့ကြောင့် မဟာဝိဇ္ဇာကျမ်းများ၊ ပါရဂူကျမ်းများ၏ အရေအတွက်မှာ တစ်စတစ်စများပြားလျက်ရှိပါသည်။ ထိုသို့များပြားလှသော သုတေသနကျမ်းများ၏ ကျမ်းညွှန်းကို သုတေသီတို့သည် မြန်မာနိုင်ငံအနှံ့သို့ သွားရောက်ဖတ်ရှုလေ့လာရန်မဖြစ်နိုင်ပါ။ မဖြစ်မနေအားထုတ် မည်ဆိုပါကလည်း အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းသည့် ပြဿနာနှင့်သာ ကြုံတွေ့ရနိုင်ပါသည်။ ထိုကဲ့သို့သော ပြဿနာကို နည်းပညာအသုံးပြုပြီး ရှင်းလင်းပေးနိုင်ပါသည်။ သို့သော် မြန်မာတစ်နိုင်ငံ လုံးရှိ ကျောင်းများ၏ မြန်မာစာဌာနတိုင်း ဆောင်ရွက်သင့်သည့်၊ အားထုတ်သင့်သည့် အချက်များလည်း ရှိနေပါသည်။ ယင်းအချက်များမှာ

(၁) မဟာဝိဇ္ဇာဘွဲ့ယူကျမ်းများ၊ ပါရဂူဘွဲ့ယူကျမ်းများတွင် ကျမ်းအကျဉ်းချုပ်၊ နိဒါန်းတို့အပြင် သုတေသီတို့အတွက် အထောက်အကူဖြစ်စေမည့် ကျမ်းညွှန်းကို ထည့်သွင်းရေးသားရန် ညွှန်ကြားခြင်း

(၂) မိမိတို့ဌာန၌ ရေးသားပြုစုခဲ့ပြီးသမျှ သုတေသနကျမ်းများ၏ ကျမ်းညွှန်းကို ကျမ်းခေါင်းစဉ်၊ ကျမ်းပြုသူ၊ ကျမ်းပြီးခုနှစ်တို့နှင့်အတူ ကျမ်းအမျိုးအစားအလိုက် မှတ်တမ်းပြုစုခြင်း

(၃) တစ်နိုင်ငံလုံးရှိ ကျမ်းစိစစ်ရေးကော်မတီများက ကျမ်းပြုစုသော သုတေသီတို့အနေဖြင့် မိမိတို့ သက်ဆိုင်ရာ မြန်မာစာဌာနတွင် hard copy အပြင် soft copy ကိုပါ တစ်ပါတည်း ပေးအပ်ရန် ညွှန်ကြားခြင်း

စသည့်အချက်များကို ဦးစွာ ဆောင်ရွက်ထားရန် လိုအပ်ပါသည်။ ထို့နောက် ကျမ်းညွှန်းများကို database အဖြစ် ထည့်သွင်းထားပြီး ကျမ်းစိစစ်ရေးကော်မတီက ဝက်ဆိုဒ် (Website) အဖြစ်ဖန်တီးထားပါက တစ်နိုင်ငံလုံးရှိ ကျောင်းများအနေဖြင့် မိမိတို့သိရှိလိုသော ကျမ်းညွှန်းအားလုံးကို ဝက်ဆိုဒ်တွင် အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်မည် ဖြစ်ပါသည်။ ထို့ပြင် ဌာနတစ်ခုချင်းစီ၌လည်း Excel တွင် ပုံသေနည်း (Formulas) ထည်းသွင်းဖန်တီးပြီးလည်း မှတ်တမ်းပြုစုထားနိုင်ပါသည်။

ကျမ်းညွှန်းစာရင်းသိမ်းဆည်းထားနိုင်သည့် ဆော့ဝဲ (Thesis Information Database) ပြုလုပ်ရာ တွင် အလွယ်ကူဆုံးနည်းစနစ်မှာ MS Excel တွင် ထည့်သွင်းသိမ်းဆည်းထားခြင်းဖြစ်သည်။ ကျမ်းပြုစုသူ အမည်၊ ကျမ်းခေါင်းစဉ်၊ ကျမ်းစတင်သည့်နှစ်၊ ကျမ်းပြီးဆုံးသည့်နှစ်၊ ကျမ်းကြီးကြပ်သူ၊ ကျမ်းပြုလုပ်

သည့်တက္ကသိုလ်၊ ကျမ်းအကျဉ်းချုပ် စသည်တို့ကို MSExcel ၏ Row တစ်ခုတွင် ကျမ်းတစ်စောင်၏ အချက်အလက်များကို သိမ်းဆည်းပေးထားခြင်းဖြင့် လိုအပ်သည့်အချိန်တွင် လွယ်ကူစွာပြန်လည် အသုံးပြုနိုင်မည်ဖြစ်သည်။ ထိုသို့ MSExcel, MSAccess တို့ဖြင့် အလွယ်တကူ သိမ်းဆည်းနိုင်သည့် နည်းတူ Thesis/Dissertation System Website ကဲ့သို့ (ဥပမာ- https://www.maas.edu.mm/?lang=mm) တည်ဆောက်ထားလျှင် ပိုမိုပြီးအကျိုးကျေးဇူး ရှိနိုင်ပါသည်။

## စာတမ်းခေါင်းစဉ်များ၊ ကျမ်းခေါင်းစဉ်များ စိစစ်ခြင်း

မြန်မာစာဘာသာရပ်တွင် မဟာဝိဇ္ဇာအတွက် တင်သွင်းရန် ကျမ်းခေါင်းစဉ်များ၊ ပါရဂူဘွဲ့အတွက် တင်သွင်းရန် ကျမ်းခေါင်းစဉ်များကို သုတေသီတို့ ရွေးချယ်ကြရသည့်အခါ မိမိရွေးချယ်ထားသည့် ကျမ်းခေါင်းစဉ်ကို အခြားသောသုတေသီတို့ ပြုစုထားခြင်း ရှိ မရှိ သိရှိရန် ခက်ခဲသည့်ပြဿနာနှင့် ရင်ဆိုင်ကြရကြောင်း စစ်တမ်းကောက်ယူမှုအရ လေ့လာတွေ့ရှိရပါသည်။ သုတေသီတို့သည် ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်ကဲ့သို့သော တက္ကသိုလ်ကြီးများရှိ ရည်ညွှန်းခန်းတွင် မဟာဝိဇ္ဇာကျမ်းခေါင်းစဉ်များ၊ ပါရဂူကျမ်းခေါင်းစဉ်များကို ရှာဖွေနိုင်သော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာနှင့်ဆိုပါက ကျမ်းခေါင်းစဉ်များကို တက္ကသိုလ်အားလုံး သိရှိနိုင်ရန်ခဲယဉ်းလှပါသည်။ ထို့ပြင်မျက်မှောက်ကာလတွင် အနယ်နယ်အရပ်ရပ်ရှိ မြန်မာစာဌာနများတွင် ပါရဂူအကြိုသင်တန်းများ ဖွင့်လှစ်ခဲ့ရာ ယင်းပါရဂူကျမ်းပြု သုသေသီများအနေဖြင့် ကျမ်းခေါင်းစဉ်ကို တူညီမှုမရှိစေရန် ရွေးချယ်ရသည်မှာ ပြဿနာတစ်ရပ်ပင် ဖြစ်နေပါသည်။

ဤအချက်ကို နည်းပညာအရ ကူညီဖြေရှင်းပေးနိုင်ပါသည်။ အလွယ်ကူဆုံး နည်းလမ်းမှာ တစ်နိုင်ငံလုံးရှိ တက္ကသိုလ်များ၊ ကောလိပ်များတွင် မိမိတို့ဌာန၌ ဖတ်ကြားတင်သွင်းခဲ့သော သုတေသနစာတမ်းများ၊ ကျမ်းများ၏ အချက်အလက် (ခေါင်းစဉ်၊ ပြုစုသူ၊ ခုနှစ်၊ ကျမ်း သို့မဟုတ် စာတမ်း အမျိုးအစား)များကို ကွန်ပျူတာတွင် မှတ်တမ်းပြုစုထားရန် လိုအပ်ပါသည်။ ထို့ပြင် ဝက်ဆိုဒ် (website) သို့မဟုတ် database ပြုလုပ်ထားခြင်းအားဖြင့် စာတမ်းခေါင်းစဉ်များ၊ ကျမ်းခေါင်းစဉ်များစိစစ်ခြင်း လုပ်ငန်းကို အဆင်ပြေအောင် လုပ်ဆောင်နိုင်ပါသည်။

## အက္ခရာစဉ်ခြင်း (Alphabetical order)

သုတေသနများတွင် နောက်ဆက်တွဲ ဝေါဟာရများကို အက္ခရာစဉ်ခြင်းနှင့် ကျမ်းကိုးစာရင်းများကို အက္ခရာစဉ်ခြင်းဟူ၍ နှစ်မျိုးရှိပါသည်။ ဤကဲ့သို့သော အခက်အခဲများကို နည်းပညာဖြင့် အလွယ်တကူဖြေရှင်းနိုင်မည် ဖြစ်ပါသည်။ အခြေခံဖော်ထုတ်မှုအဖြစ် Excel ကိုအသုံးပြု၍ အက္ခရာစဉ်နိုင်ပါသည်။ MSExcel တွင် ဖော်မြူလာ ရေး၍သော်လည်းကောင်း၊ Excel Box တွင် စာရင်းသွင်းခြင်းဖြင့်လည်းကောင်း မြန်မာစာ ကျမ်းကိုးစာရင်းနှင့် နောက်ဆက်တွဲ ဝေါဟာရများကို ကောင်းမွန်စွာ အက္ခရာစဉ်နိုင်ပါသည်။ အက္ခရာစဉ်ခြင်းနှင့် ပတ်သက်၍ သုတေသီအချို့က ရေးသားခဲ့ကြကြောင်းကိုလည်း စစ်တမ်းကောက်ယူမှုအရ သိရှိရပါသည်။

- “Myanmar Words Spelling Checking Using Levenshtein Distance Algorithm Nwe Zin Oo, Tin Myat Htwe University of Computer Studies Yangon nwezinoo1 @ gmail.com,” tinmyathtwe@gmail.com
- Oo, N. Z., Htwe, T. M., & University of Computer Studies Yangon. (n.d.). Myanmar Words Spelling Checking Using Levenshtein Distance Algorithm. In University of Computer Studies Yangon [Thesis].
- https://www.4htet.com/2016/12/blog-post.html

အထက်ပါ ကျမ်းများနှင့်ဝက်ဆိုဒ်တို့တွင် မြန်မာစာဘာသာရပ်အတွက် အလိုအလျောက် အက္ခရာစဉ်ခြင်းကို သုတေသနပြု ဖန်တီးရေးသားထားကြကြောင်းတွေ့ရသည်။

**စာလုံးပေါင်းသတ်ပုံစိစစ်ခြင်း (Spelling Checking)**

မြန်မာစာသာသာရပ်ဆိုင်ရာ သုတေသနများတွင် သုတေသနအပေါ်၌သာ အာရုံစိုက်ပြီး ရေးသားကြသည့်အတွက် စာလုံးပေါင်းသတ်ပုံကဏ္ဍတွင် မှားယွင်းမှုများတွေ့ရပြီး ကျမ်းကြီးကြပ်သူ၊ ကျမ်းစိစစ်သူများက ပြုပြင်ပေးရသည်အထိ အားနည်းချက်များရှိကြောင်း စစ်တမ်းကောက်ယူ မှုအရ သိရှိရပါသည်။ မြန်မာစာပေသည် ဧကဝဏ္ဏဘာသာစကား (Monosyllabic language) အမျိုးအစားဖြစ်သောကြောင့် အသံတစ်ချက်လျှင် အနက်တစ်ခုကောက်ယူနိုင်သည့် စကားလုံးများ များစွာရှိနေပါသည်။ ကမ္ဘာပေါ်ရှိ မည်သည့်ဧကဝဏ္ဏ ဘာသာစကားတိုင်းတွင်မဆို သုတေသနပြုမည်ဆိုပါက စာလုံးပေါင်းသတ်ပုံ အနည်းနှင့်အများ မှားကြမည်ပင်ဖြစ်ပါသည်။ သို့သော်လည်း နည်းပညာများ ထွန်းကားလာသည့်နှင့်အမျှ ယင်းပြဿနာကို ဖြေရှင်းပေးနိုင်သည့် နည်းလမ်းများလည်း များစွာပေါ်ထွက်လျက် ရှိပါသည်။ စာလုံးပေါင်းသတ်ပုံစိစစ်မှု (Spell check) ပြုလုပ်ခြင်းကို Microsoft Office တွင် အလွယ်တကူတွေ့မြင်နိုင်သော်လည်း အင်္ဂလိပ်၊ အမေရိကန်၊ တရုတ်၊ ဂျပန် စသော ဘာသာစကားများကိုသာ စာလုံးပေါင်းအမှားအမှန် စိစစ်နိုင်ပြီး မြန်မာဘာသာစကားအတွက် စာလုံးပေါင်း အမှားအမှန် စိစစ်ပေးနိုင်ခြင်းမရှိပါ။ ထိုသို့သော အခက်အခဲများကြောင့် သုတေသီတို့မှာ စာလုံးပေါင်းမှားယွင်းခြင်း ပြဿနာနှင့် ရင်ဆိုင်ကြရပါသည်။

ထိုသို့သော ပြဿနာကို ဖြေရှင်းနိုင်ရန် သုတေသနပြုခဲ့ကြသော နည်းပညာရှင်များ၏ စာတမ်းများကိုလည်း စစ်တမ်းကောက်ယူမှုအရ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်။

- “Myat Mon, A., Thein, T., & University of Computer Studies, Mandalay, Myanmar. (2013). Myanmar Spell Checker. In International Journal of Science and Research (IJSR), India [Journal-article].” https://www.ijsr.net
- https://journal-home.s3.ap-northeast-2.amazonaws.com/site/iccr2022/abs/QOHFI-0004.pdf
- https://ieeexplore.ieee.org/document/9678171

ထိုသို့ Microsoft office တွင် မြန်မာဘာသာစာလုံးပေါင်းသတ်ပုံ အမှားကို အနီမျဉ်းသားပြီး စိစစ်နိုင်ပါက သုတေသီတို့အတွက် စာလုံးပေါင်းအမှားအမှန် ကိစ္စတွင် အချိန်ကုန်တော့မည်မဟုတ်ပါ။ ထို့အတူ စာလုံးပေါင်းအမှန်ကို မသိသူတို့အတွက်လည်း သတ်ပုံအမှန်ကို ဖော်ပြပေးနေသည့်အတွက် ယင်း သတ်ပုံစာလုံးပေါင်းကို မှတ်မိနေပြီး နောက်ထပ်မှားယွင်းမှု နည်းပါးသွားနိုင်ပါသည်။

စာလုံးပေါင်းသတ်ပုံကို အလိုလျောက်စစ်နိုင်ရန် မြန်မာစာအတွက်သီးသန့် ဆော့ဝဲရေး ရမည် ဖြစ်ပါသည်။ ဆော့ဝဲမရေးနိုင်မီ ကာလအတွင်း app မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းကို ကိုးကား အသုံးပြုလျှင်လည်း အကျိုးရှိနိုင်ပါသည်။ စာလုံးပေါင်းအမှားအမှန်ကို အလွယ်တကူ ကြည့်ရှုနိုင်သော mobile application များကို ရေးသားထားသည်ကိုလည်း တွေ့ရှိရပါသည်။ ဥပမာအားဖြင့် Myanmar Thatpone ဟူသည့် app ကိုနမူနာကြည့်နိုင်ပါသည်။ ယင်း app တွင်







ပုံ (၁) ပုံ (၂) ပုံ (၃)

ဟူ၍ ဖော်ပြထားသောကြောင့် မိမိသိလိုသော စကားလုံးပေါင်းသတ်ပုံအမှန်ကို အလွယ်တကူ သိရှိနိုင်ပါသည်။ စာလုံးပေါင်းသတ်ပုံမှန်ကန်ရေးသည် သုတေသနအရည်အသွေးနှင့် သုတေသန မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးကို အထောက်အပံ့ပြုနေသည့်အတွက် သုတေသနစာတမ်းများ များစွာ ပေါ်ထွက်လာနိုင်ပါသည်။

## ဓာတ်ပုံကို စာသားအဖြစ် ပြောင်းယူခြင်း (Image to Text)

မြန်မာစာဘာသာရပ်တွင် သုတေသနစာတမ်းများ၊ ဘွဲ့ယူကျမ်းများကို ရေးသားသည့်အခါ ကွန်ပျူတာ၏ ချို့ယွင်းချက်အမှား (error) ကြောင့်လည်းကောင်း၊ ကာလရှည်ကြာ သိမ်းဆည်း ထားသည့် ဖိုင် (File) များကို မမှတ်မိသောကြောင့်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လည်းကောင်း မူလရိုက်ပြီးသော စာများကို ဆုံးရှုံးရသည့် ပြဿနာမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ နေကြသော သုတေသီများစွာရှိနေကြောင်းကို စစ်တမ်းကောက်ယူမှုအရ တွေ့ရှိရပါသည်။ ထို့ပြင် စာအုပ်စာတမ်းများ၊ ကျမ်းများမှ မိမိကိုးကားလိုသော စာမျက်နှာကို စာစီစာရိုက်လုပ်ပြီး ကူးယူရသည့် ပြဿနာကြောင့်လည်း အချိန်ကုန်၊ ငွေကုန်နိုင်ပါသည်။ မျက်မှောက်ခေတ်တွင် ပါရဂူကျမ်းများကို ပြုစုနေကြသော သုတေသီ များပင် ကွန်ပျူတာဆိုင်များကိုအားကိုးပြီး ပြုစုနေကြကြောင်းကို စစ်တမ်းကောက်ယူမှုအရ သိရပါ

သည်။ စာစီစာရိုက်အခကြေးငွေ များစွာပေးရသည့်အပြင် အချိန်မီမရသည့်ပြဿနာများနှင့်လည်း ကြုံတွေ့ရကြပါသည်။ ဤသို့သော အခက်အခဲများကို ဓာတ်ပုံမှစာသားအဖြစ် ပြောင်းယူနိုင်သည့် နည်းပညာဖြင့် ဖြေရှင်းနိုင်ပါသည်။

နည်းပညာပိုင်းဆိုင်ရာကို လေ့လာရာတွင် General market ထဲ၌ရရှိနိုင်သော ဆော့ဝဲ (generalize software)နှင့် ကိုယ်ပိုင်တီထွင်နိုင်သည့် ဆော့ဝဲ (customized software) ဟူ၍ နည်းလမ်း နှစ်မျိုး ရှိပါသည်။ General market ထဲ၌ ရရှိနိုင်သော နည်းလမ်းမှာ





ပုံ (၄) ပုံ (၅) ပုံ (၆)

**Google** တွင် **search engine** ကို အသုံးပြုပြီး အလွယ်တကူဖန်တီးနိုင်ပါသည်။ ဦးစွာ Google **search engine** တွင် **Image to Text** ဆိုသည့် **keywords** ရိုက်ထည့်ပါ။ ထို့နောက် **Image to Text** (**Extract Text Form Image**) ကိုနှိပ်ပါ။ **Image to Text Converter** ပေါ်လာပါလိမ့်မည်။ ထို့နောက် **Browse** တွင် စာသားအဖြစ် အသုံးပြုလိုသော စာသားဓာတ်ပုံ (**Text image**) ထည့်ပြီးပြောင်း (**Convert**) လိုက်ပါက စာသားအဖြစ် အလွယ်တကူ ပြောင်းလဲသွားမည်ဖြစ်ပါသည်။ ထို့နောက် ယင်း စာသားကို **copy** လုပ်ပြီး **Word** တွင် **Paste** လုပ်လိုက်ပါက စာသားဓာတ်ပုံကို စာစီစာရိုက် လုပ်စရာ မလိုဘဲ အသုံးချနိုင်မည်ဖြစ်ပါသည်။ ဤနည်းလမ်းသည် ရှင်းလင်းပီသသော လက်ရေးလက်သား ဓာတ်ပုံများကိုပင် စာသားအဖြစ် ပြောင်းလဲနိုင်သောကြောင့် သုတေသီတို့အတွက် များစွာအကျိုးပြုနိုင် သော နည်းလမ်းဖြစ်ပါသည်။

သို့သော်လည်း **google search engine** တွင် **Image to Text** ဟု **keywords** ရိုက်ထည့် ပါက အသုံးပြုနိုင်သော ဆော့ဝဲများစွာ ကျလာမည်ဖြစ်ပါသည်။ သုတေသီတို့သည် မိမိတို့နှင့် ကိုက်ညီသည့် ဆော့ဝဲကိုရှာဖွေ၍လည်း အသုံးပြုနိုင်ပါသည်။ ထို့ကြောင့်ဤနည်းလမ်းဖြင့် အသုံးပြုခြင်းကို**generalized software** အသုံးပြုခြင်းဟု ခေါ်ပါသည်။

သုတေသီတို့အနေနှင့် **google search engine** ကိုအသုံးပြု၍ **Image to Text Keywords** ဖြင့်ရှာဖွေပြီး ရရှိလာသော **Websites** အချို့ကို ဥပမာအနေဖြင့် စမ်းသပ်သုံးစွဲကြည့်နိုင်ရန် ဖော်ပြထား ပါသည်။

(၁) google lens

(၂) google doc

(၃) https://boolway.com/image-to-text-Burmese

(၄) https://onlineocrconverter.com/free-ocr-in-burmese

(၅) https://www.i2ocr.com/free-online-burmese-ocr

(၆) https://openl.io/translate/image

ဟူ၍ လေ့လာတွေ့ရှိရပါသည်။ ယင်း ၆ မျိုးအနက် နံပါတ်(၆) ဆော့ဝဲသည် ဓာတ်ပုံမှစာသားအဖြစ် ပြောင်းလဲပေးနိုင်သည့်အပြင် ဘာသာပြန်ဆိုခြင်း၊ **Pdf** (**Portable Document Format**) ဖိုင် (**File**) များကိုပင် စာသားအဖြစ်ပြောင်းခြင်း တို့ကိုလည်း ဆောင်ရွက်ပေးနိုင်သောကြောင့် သုတေသနပြုနေသော သုတေသီတို့အတွက် များစွာ အဆင်ပြေချောမွေ့နိုင်ပါသည်။

**သုတေသနလမ်းညွှန်ခြင်း (Research guidance)**

သုတေသနနှင့် ပတ်သက်၍ သုတေသနကျမ်းအမျိုးအစားအလိုက် လမ်းညွှန်ချက်များ၊ မြန်မာစာဘာသာရပ်သုတေသနပြုစုနည်းဆိုင်ရာ လမ်းညွှန်စာအုပ်များ အတန်အသင့်ထွက်ရှိခဲ့ပါသည်။ ဒေါက်တာသန်းထွန်း၊ ဦးသီဟ၊ ဒေါက်တာခင်အေး၊ ဒေါက်တာအောင်မြင်ဦး စသော ပညာရှင်တို့က သုတေသနလုပ်ထုံးလုပ်နည်းနှင့် ပတ်သက်၍ စာအုပ်၊ စာတမ်းများ ထုတ်ဝေခဲ့ကြပါသည်။ သို့သော်လည်း ခေတ်၊ စနစ်နှင့်အတူ နည်းပညာတို့သည်အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်နေကြပါသည်။ သာဓကတစ်ခုအနေဖြင့်ပြရလျှင် ရှေးယခင်က မြန်မာစာဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်းများ၊ ကျမ်းများကိုရေးသားရာတွင် **WinInnwa**, **WinKalaw** စသော **Win Fonts** များကိုသာ အသုံးပြုရန် သုတေသနလမ်းညွှန်စာအုပ်များတွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။ သုတေသနပြုရာတွင် **Win Font** များကို **16 size** ဖြင့်ရေးသားရန် သတ်မှတ်ခဲ့ပါသည်။ မျက်မှောက်ခေတ်တွင် မြန်မာစာဘာသာရပ် သုတေသနစာတမ်းများ၊ ကျမ်းများကို **Pyidaungsu Font** ဖြင့်သာ အစားထိုးအသုံးပြုလာကြသည်။ **Win Font** နှင့် **Pyidaungsu Font** မှာ **Font style** မတူသည့်အတွက် **Font Size** လည်းမတူပါ။ ထိုသို့ မတူညီခြင်းကပင် ပြဿနာတစ်ရပ် ဖြစ်လာပါသည်။ စစ်တမ်းကောက်ယူမှုအရ ကျမ်းစာအုပ်အများစုသည် **Pyidaungsu** Font Size အသုံးပြုပုံ မတူညီကြကြောင်း တွေ့ရှိရပါသည်။ ထို့အတူ သုတေသနနည်းလမ်း၊ သုတေသနနည်းနာများနှင့် ပတ်သက်၍လည်း ပြဿနာတစ်ရပ်ကို တွေ့ရပါသည်။ စာတမ်းရှင်ကိုယ်တိုင် ကြုံတွေ့ခဲ့ရသည့် ပြဿနာတစ်ရပ်ကိုတင်ပြပါမည်။ စာတမ်းရှင်သည် ၂၀၁၃ ခုနှစ် ဝိဇ္ဇာနှင့်သိပ္ပံပညာရှင် စာတမ်းဖတ်ပွဲတွင် ဝင်ရောက်တင်သွင်း ဖတ်ကြားခဲ့ရာ မြန်မာစာဘာသာရပ် သုတေသနစာတမ်း အကောင်းဆုံးဆုရရှိခဲ့ပါသည်။ ထိုသို့ရရှိခဲ့သည့်အတွက်လည်း ပြီးပြည့်စုံသော စာတမ်းဟုထင်မှတ်မိခဲ့သည်။ ထို့နောက် စာတမ်းပါ သုတေသနလုပ်ထုံးလုပ်နည်းများ၊ သဘောတရားများ၊ နည်းနာများကိုအသုံးပြုပြီး ရန်ကုန်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံ သုတေသနစာတမ်း ဖတ်ပွဲတွင် တင်သွင်းဖတ်ကြားခဲ့ရာ ချို့ယွင်းချက်များလွန်း၍ များစွာဝေဖန်ခံခဲ့ရပါသည်။ ယင်းအတွေ့အကြုံမှတစ်ဆင့် သုတေသနအတွက် လိုအပ်ချက်များကို သိရှိလာရပါသည်။ မြန်မာစာဘာသာရပ်သည် ဝိဇ္ဇာဘာသာရပ်ဖြစ်သောကြောင့် အင်္ဂလိပ်စာဘာသာရပ်၊ အရှေ့တိုင်းပညာဘာသာရပ်၊ သမိုင်းဘာသာရပ်၊ ဒဿနိကဗေဒစသော ဝိဇ္ဇာဘာသာရပ်များရှိ စာတမ်းများနှင့် နှိုင်းယှဉ်လေ့လာပြီး သုတေသနပြုသင့်ပါသည်။ ရှေးယခင်ကလည်း ထိုသို့ ဝိဇ္ဇာဘာသာရပ်များစုပေါင်းပြီး သုတေသနစာတမ်းဖတ်ပွဲများ ကျင်းပခဲ့ကြသည့်အတွက် ဘာသာရပ်တစ်ခုနှင့်တစ်ခု အမြင်ချင်းဖလှယ်နိုင်ခဲ့ကြပါသည်။ ဗဟုသုတကြွယ်ဝခဲ့ကြပါသည်။ သုတေသနနည်းစနစ် အမြင်ကျယ်ခဲ့ကြပါသည်။ အထူးသဖြင့်ပညာရှင်ကြီးများ ပြုစုခဲ့ကြသော သုတေသနလမ်းညွှန်

စာအုပ်များကို ခေတ်နှင့်အညီ နည်းပညာသဘောတရားများ ထပ်ဆင့်မွမ်းမံ ဖြည့်စွက်ရန် လိုအပ်နေပါသည်။

**ကူးယူမှုစိစစ်ခြင်း (plagiarism check)**

ပြည်တွင်း၊ ပြည်ပတွင် ဖတ်ကြားသော သုတေသနစာတမ်းများ၊ မဟာဘွဲ့ယူကျမ်းများ၊ ပါရဂူဘွဲ့ယူကျမ်းများတွင် အခြားစာတမ်းများ၊ ကျမ်းများက ကူးယူမှုရှိ မရှိကိုစိစ်ဆေးကြသည်။ ကူးယူမှုရှိလျှင်လည်း ရာခိုင်နှုန်းမည်မျှ ကူးယူထားကြောင်းကို စစ်ဆေးခံကြရသည်။ အခြားစာတမ်းများ၊ ကျမ်းများက အချက်အလက်များကို အထောက်အထားအဖြစ် ကိုးကားနိုင်သော်လည်း မိမိကိုယ်ပိုင်စာသားသဘောမျိုးအဖြစ် ကူးယူခြင်းမှာမူ သုတေသနသမားတစ်ယောက် ရှိသင့်ရှိထိုက်သော အင်္ဂါရပ်နှင့်မကိုက်ညီသည့် မရိုးသားသော လုပ်ရပ်တစ်ခုပင် ဖြစ်ပါသည်။ ထို့ကြောင့် ယင်းအချက်ကို သက်ဆိုင်ရာသုတေသနစိစစ်ရေးအဖွဲ့က ပြင်းပြင်းထန်ထန် တားမြစ်ပိတ်ပင်ကြသည်။ ထို့သို့ ကူးယူမှုစိစစ်ခြင်းကို အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒစသော ဝိဇ္ဇာ၊ သိပ္ပံ ဘာသာရပ်များဆိုင်ရာ သုတေသနများ၌ စိစစ်နိုင်သော်လည်း မြန်မာဘာသာဖြင့် ရေးသားသောစာတမ်းများ၊ ကျမ်းများကို စိစစ်နိုင်ခြင်း မရှိသေးပါ။ ထိုအချက်မှာ မြန်မာစာဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်း၏ အရည်အသွေး စိစစ်ခြင်းကို ထိခိုက်နိုင်သော ပြဿနာတစ်ရပ်ပင်ဖြစ်ပါသည်။

ထိုသို့စိစစ်နိုင်ခြင်း မရှိသည့်အတွက် အခြားကျမ်းများက ကူးယူထားသော အချက်အလက်အထောက်အထားများကို မှန်ကန်မှုရှိ မရှိ စစ်ဆေးနိုင်ရန် ခက်ခဲပါသည်။ အခြားကျမ်းတွင် လွဲမှားနေသည့် အထောက်အထားများကို ကူးယူကိုးကားမိသည့်အတွက် မိမိကျမ်းတွင်လည်း လွဲမှားသွားနိုင်ပါသည်။ စစ်တမ်းကောက်ယူမှုအရ တွေ့ရှိရသော အချက်အလက်များမှာ သုတေသီတစ်ဦးသည် အခြားကျမ်းတစ်ကျမ်းတွင် ဖော်ပြထားသည့် စာရေးသူတစ်ဦး၏ သဘောတရားအမြင်တစ်ခုကို မိမိကျမ်းတွင် ကူးယူဖော်ပြထားသည်။ ထိုသို့ ကူးယူဖော်ပြရာတွင် မူရင်းစာအုပ်နှင့် တိုက်ဆိုင်စစ်ဆေးမှု ပြုလုပ်ထားခြင်း မရှိသည့်အတွက် စာသားအမှား၊ ခုနှစ်အမှားများဖြင့် ဖော်ပြထားကြောင်းတွေ့ရှိရသည်။ ယင်းသို့သော ဖြစ်ရပ်မျိုးမှာ မြန်မာစာဘာသာရပ် သုတေသနစာတမ်းများ၊ ကျမ်းများတွင် တွေ့ရများသော ပြဿနာတစ်ရပ် ဖြစ်ပါသည်။ ကူးယူမှုစိစစ်ခြင်းအနေဖြင့် နည်းပညာကိုအသုံးချပြီး စစ်ဆေးအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုပါက ထိုပြဿနာကို ဖြေရှင်းပေးနိုင်မည် ဖြစ်ပါသည်။

ထိုသို့ စိစစ်နိုင်ရန် လိုအပ်သော အချက်အလက်များမှာ

(၁) တစ်နိုင်ငံလုံးရှိ ကျမ်းပြုစုသော သုတေသီတို့အနေဖြင့် မိမိတို့သက်ဆိုင်ရာ မြန်မာစာဌာနတွင် hard copy အပြင် soft copy ကိုပါ တစ်ပါတည်း ပေးအပ်ရန် ကျမ်းစိစစ်ရေး ကော်မတီက ညွှန်ကြားခြင်း

(၂) ပညာရပ်ဆိုင်ရာသုတေသနစာတမ်းများ ဖြစ်သော ဝိဇ္ဇာသိပ္ပံစာတမ်း၊ ARC ၊ ERC ၊ URJ ၊ YURJ စသော စာတမ်းများ၏ soft copy ကို database အဖြစ် မှတ်တမ်းပြုထားခြင်း

စသည့်အချက်များကို ဦးစွာ ဆောင်ရွက်ထားရန် လိုအပ်ပါသည်။ ထို့နောက် ကျမ်းစိစစ်ရေး ကော်မတီက Thesis/Dissertation System ဝက်ဆိုဒ် (Website) အဖြစ်ဖန်တီးထားပါက တစ်နိုင်ငံလုံးရှိ ကျောင်းများ

အနေဖြင့် သုတေသနစိစစ်ရေးအဖွဲ့များ ပြုစုပြီးသော သုတေသနအားလုံးကို ဝက်ဆိုဒ်တွင် အလွယ်တကူ စိစစ်နိုင်မည် ဖြစ်ပါသည်။ ထို့ပြင်ဌာနတစ်ခုချင်းစီ၌လည်း MSWord ကို အသုံးပြုပြီး ပုံသေနည်း **(Formulas)** ထည့်သွင်း ဖန်တီး၍လည်း မှတ်တမ်းပြုစုထားနိုင်ပါသည်။

**Thesis/Dissertation System** ဝက်ဆိုဒ်သည် ကျောင်းသားများနှင့် ဆရာ၊ ဆရာမများ အတွက် အကျိုးကျေးဇူးများစွာပေးပါသည်။ သုတေသီများ၊ ကျောင်းသားများအတွက် အဓိကရရှိနိုင်သော အကျိုး ကျေးဇူးများမှာ

(၁) **Website** ကို ဝင်ရောက်ကြည့်ရှုပြီး ၎င်းတို့၏ ကျမ်းညွှန်းများ၊ စာတမ်းများ၊ ကျမ်းများကို တင်သွင်းရန်၊ ကြည့်ရှုရန်အတွက် တစ်ခုတည်းသော ပလက်ဖောင်း**(platform)** အဖြစ် **Centralized Access** ကို ရရှိနိုင်မည်။

(၂) ကျမ်းကြီးကြပ်သူများ (Supervisors) နှင့် ကော်မတီအဖွဲ့ (Examination Board) တို့ ပူးပေါင်း ဆောင်ရွက်မှု **(Collaboration)** ကို လွယ်ကူချောမွေ့စေမည်။

(၃) ကျမ်းကြီးကြပ်သူများထံမှ အကြံပြုချက်များကို လက်ခံရရှိရန်နှင့် လိုအပ်သော ပြင်ဆင်မှုများ **(Feedback and Revisions)** ကို ပြုလုပ်ရန်အတွက် ပလပ်ဖောင်းတစ်ခုအဖြစ် ပံ့ပိုး ပေးနိုင်မည်။

(၄) ကျမ်းများ တစ်စုတစ်စည်းတည်း ရှိနေသဖြင့် စာတမ်းရေးခြင်း သို့မဟုတ် စာတမ်းတင်သွင်းခြင်း တို့အတွက် ကူးယူမှုပါဝင်နှုန်း စစ်ဆေးခြင်း၊ ဆုံးဖြတ်ချက်များချမှတ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစဉ် (Efficient Review) များအတွက် အဆင်ပြေချောမွေ့စေမည်။

(၅) ကျောင်းသားများ၏ ကျမ်းများ သို့မဟုတ် စာတမ်းများကို သိမ်းဆည်းထားခြင်း **(Maintaining Records)** ဖြင့် ဒီဂျစ်တယ်မှတ်တမ်းတစ်ခု ဖြစ်စေမည်။

(၆) မြန်မာစာဘာသာရပ်နှင့် ပတ်သက်သောကျမ်း သို့မဟုတ် စာတမ်းများကို ကျောင်းသား၊ ဆရာ၊ ဆရာမစသော သုတေသီများနှင့် ပိုမိုကျယ်ပြန့်သော ပညာရေးအသိုက်အဝန်းအတွက် အလွယ်တကူရနိုင်စေမည်။

**Thesis/dissertation system website** ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် မြန်မာစာ ဘာသာရပ်ဆိုင်ရာ သုတေသနများသည် thesis/dissertation process ကို အရှိန်အဟုန်ဖြင့် တိုးတက် စေနိုင်သည်။

## သုံးသပ်ချက်

မြန်မာစာဘာသာရပ်ဆိုင်ရာ စစ်တမ်းကောက်ယူခြင်းဖြင့် တွေ့ရှိရသည့် သုတေသနပြဿနာ များကို နည်းပညာအရ ဖြေရှင်းနိုင်မည့် နည်းလမ်းများအား တင်ပြခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ တင်ပြရာတွင် “(၁) ကျမ်းညွှန်းပြုစုခြင်း၊ (၂) စာတမ်းခေါင်းစဉ်များ၊ ကျမ်းခေါင်းစဉ်များ စိစစ်ခြင်း၊ (၃) အက္ခရာစဉ်ခြင်း၊ (၄) စာလုံးပေါင်းသတ်ပုံစိစစ်ခြင်း၊ (၅) ဓာတ်ပုံကို စာသားအဖြစ် ပြောင်းယူခြင်း၊ (၆) သုတေသန လမ်းညွှန်ခြင်း၊ (၇) ကူးယူမှုစိစစ်ခြင်း” ဟူသည့် ပြဿနာများကို နည်းပညာအရ ဖြေရှင်းနိုင်မည့် နည်းလမ်းများကို တင်ပြခဲ့ပါသည်။

**ကျမ်းညွှန်း**များသည် သုတေသီတို့ လေ့လာမိုငြမ်းရန်လိုအပ်သော ကျမ်းစာအုပ်များကို အလွယ်တကူသိရှိနိုင်ပါသည်။ မြန်မာစာဘာသာရပ်တွင် ရှေးယခင်က ပညာရှင်သုတေသီတို့ ပြုစုခဲ့ကြသော မဟာဝိဇ္ဇာကျမ်းကြီးများ များစွာရှိနေပါသည်။ ထို့အတူ နှောင်းခေတ်တွင် သုတေသီတို့ပြုစုကြသော မဟာဝိဇ္ဇာကျမ်း၊ မဟာသုတေသနကျမ်းနှင့် ပါရဂူကျမ်းများလည်း များစွာရှိနေပါသည်။ ယင်းကျမ်းစာအုပ်များမှ ကျမ်းညွှန်းများကို နည်းပညာအရ မှတ်တမ်းပြုပြီး **database** အဖြစ်ထည့်သွင်းထားပါက တစ်နိုင်ငံလုံးရှိ ကျောင်းများအနေဖြင့် သုတေသီတို့ သိရှိလိုသော ကျမ်းညွှန်းအားလုံးကို ဝက်ဆိုဒ်တွင် အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်မည်ဖြစ်သည်။

ထို့အတူ **စာတမ်းခေါင်းစဉ်များ၊ ကျမ်းခေါင်းစဉ်များ** သည်လည်း သုတေသီတို့အတွက် ခေါင်းစဉ်မထပ်ရန် အထူးဂရုပြုရသော ပြဿနာတစ်ရပ်ဖြစ်ပါသည်။ များပြားလှသော ကျမ်းများ၏ ခေါင်းစဉ်ကို သုတေသီတို့ခက်ခဲစွာ လှံ့လပြုရှာဖွေနိုင်သော်လည်း စာတမ်းခေါင်းစဉ်များကိုမူ ရှာဖွေဖတ်ရှုနိုင်ရန် ခဲယဉ်းလှပါသည်။ ထို့ကြောင့်ပင် ကျမ်းခေါင်းစဉ်တင်သည့်အခါ ခေါင်းစဉ်များ ထပ်နေကြောင်းကို စစ်တမ်းကောက်ယူမှုအရ သိရှိရပါသည်။ ဤသို့သော ပြဿနာများကိုလည်း နည်းပညာအသုံးပြု၍ပုံသေနည်း**(Formulas)**ထည်းသွင်းဖန်တီးပြီး မှတ်တမ်းပြုထားနိုင်ပါသည်။

ထို့ပြင် **အက္ခရာစဉ်ခြင်း**သည် သုတေသီတို့အတွက် အခက်အခဲမဟုတ်သည့်တိုင်အောင် နည်းပညာအသုံးပြုခြင်းဖြင့် သုတေသနပြုရာတွင် အက္ခရာများကို အလွယ်တကူလျင်မြန်စွာ စီစဉ်ပေးနိုင်သည်သာမက မည်သည့်ဝေါဟာရကို အကြိမ်မည်မျှ သုံးထားကြောင်း၊ မည်သည့် စာမျက်နှာတွင် အသုံးပြုထားကြောင်းတို့ကိုလည်း စစ်တမ်းကောက်ယူပေးနိုင်ပါသည်။ ထိုနည်းလမ်းမှာ နိုင်ငံတကာတွင် အသုံးပြုနေသော နည်းပညာတစ်ရပ်ဖြစ်ပါသည်။

**စာလုံးပေါင်းသတ်ပုံ**သည်လည်း သုတေသနပြုရာတွင် အရေးပါသော အချက်တစ်ခု ဖြစ်ပါသည်။ **Microsoft Word** တွင် အင်္ဂလိပ်၊ အမေရိကန်၊ တရုတ်၊ ဂျပန်စသော ဘာသာစကားများကိုသာ စာလုံးပေါင်းအမှားအမှန် စိစစ်နိုင်ပြီး မြန်မာဘာသာစကားအတွက် စာလုံးပေါင်း စိစစ်ပေးနိုင်ခြင်းမရှိပါ။ ထိုသို့သော အခက်အခဲများကြောင့် သုတေသီတို့မှာ စာလုံးပေါင်းမှားယွင်းခြင်း ပြဿနာနှင့် ရင်ဆိုင်ကြရပါသည်။ **Microsoft Word** တွင် မြန်မာဘာသာ စာလုံးပေါင်းအမှားကို အနီမျဉ်းသားပြီး စိစစ်နိုင်သော နည်းလမ်းများကို စစ်တမ်းကောက်ယူ တင်ပြခဲ့ပါသည်။ ယင်းနည်းလမ်းများကို နည်းပညာရှင်များနှင့်ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုပါက သုတေသီတို့အတွက် စာလုံးပေါင်းသတ်ပုံ ကိစ္စသည် ပြဿနာတစ်ရပ်မဟုတ် တော့သည့်အပြင် ဝေါဟာရလည်းများစွာ ကြွယ်ဝလာမည် ဖြစ်ပါသည်။

**ဓာတ်ပုံကို စာသားအဖြစ် ပြောင်းယူခြင်း** သည်လည်း သုတေသီတို့အတွက်များစွာ အထောက်ကူပြုပါသည်။ သုတေသီတို့သည် မိမိတို့ဖတ်ရှုလေ့လာလိုသော စာအုပ်စာတမ်းများကို ကူးယူခွင့်မရသည့်အခါ ဖုန်းကင်မရာဖြင့် ဓာတ်ပုံမှတ်တမ်းအဖြစ် ရိုက်ယူကြသည်။ ဤစာတမ်းတွင် တင်ပြထားသော နည်းပညာသည် ထိုသို့ရိုက်ယူထားသော **Text image** များကို **Text Word** အဖြစ် ပြောင်းလဲပေးနိုင်သည်။ ထို့ပြင် **pdf file** များ၊ စာအုပ်များကိုပင် **Text word** အဖြစ် ပြောင်းလဲနိုင်သောကြောင့် သုတေသီတို့အတွက် များစွာအသုံးဝင်သော နည်းပညာတစ်ရပ် ဖြစ်ပါသည်။

**သုတေသနလမ်းညွှန်ခြင်း**နှင့် ပတ်သက်၍လည်း ပညာရှင်တို့က သုတေသနလုပ်ထုံးလုပ် နည်းစာအုပ်များ၊ စာတမ်းများ ထုတ်ဝေခဲ့ကြပါသည်။ သို့သော်လည်း ခေတ်၊ စနစ်နှင့်အတူ နည်းပညာတို့သည် အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်နေသည့်အတွက် နည်းပညာနှင့်စပ်လျဉ်းသော သုတေသနစာအုပ်မျိုးပြုစုထုတ်ဝေရန် လိုအပ်နေပါသည်။ ဘာသာရပ် အများစုတွင် "စာလုံးပေါင်းသတ်ပုံ စစ်ဆေးနည်း၊ စာပိုဒ်ဖွဲ့နည်း၊ အက္ခရာစဉ်နည်း၊ ပုဒ်အထားအသိုစိစစ်နည်း၊ ဝါကျအမှားအမှန် ခွဲခြားနည်း" စသည်တို့ကို **AI** နည်းပညာဖြင့် အလိုလျောက် စိစစ်ပေးနိုင်သော နည်းလမ်းများလည်း ဖန်တီးရရှိနေပြီဖြစ်ပါသည်။ ထို့ကြောင့် မြန်မာစာဘာသာရပ်ကို အဆင့်မြှင့်တင်နိုင်ရန် နည်းပညာနှင့် စပ်လျဉ်းသော သုတေသနလမ်းညွှန်ချက် များ လိုအပ်နေပါသည်။

**ကူးယူမှု**နှင့် ပတ်သက်၍လည်း ပြည်တွင်း၊ ပြည်ပတွင် ဖတ်ကြားတင်သွင်းကြသော သုတေသနစာတမ်းများ၊ မဟာဘွဲ့ယူကျမ်းများ၊ ပါရဂူဘွဲ့ယူကျမ်းများတွင် အခြားစာတမ်းများ၊ ကျမ်းများက ကူးယူမှုရှိ မရှိကို စစ်ဆေးနိုင်ကြသော်လည်း မြန်မာစာဘာသာရပ်အတွက် ထိရောက်စွာ စစ်ဆေးနိုင်ခြင်း မရှိသေးပါ။ ထိုသို့ စိစစ်နိုင်ခြင်း မရှိသည့်အတွက် အခြားကျမ်းများက ကူးယူထားသော အချက်အလက် အထောက်အထားများကို မှန်ကန်မှုရှိ မရှိ စစ်ဆေး နိုင်ရန် ခက်ခဲပါသည်။ **Thesis/dissertation system website** ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် မြန်မာစာဘာသာရပ်ဆိုင်ရာ သုတေသနများသည် **thesis/dissertation process** ကို အရှိန်အဟုန်ဖြင့် တိုးတက်စေနိုင်မည်ဖြစ်ပါသည်။

## နိဂုံး

"လူမျိုး၏ အသက်သည်ဘာသာစကား၊ ဘာသာစကား၏ အသက်သည်သုတေသန" ဟူ၍ ပညာရှင်တို့ အဆိုရှိကြသည်။ ဘာသာစကားဖွံ့ဖြိုးတိုးတက်စေရေးအတွက် သုတေသနသည် အဓိကနေရာတွင် ရပ်တည်နေပါသည်။ မျက်မှောက်ခေတ်သည် နည်းပညာခေတ် ဖြစ်သည်နှင့်အညီ မြန်မာစာဘာသာရပ်ဆိုင်ရာ သုတေသနများကို နည်းပညာစံချိန်စံညွှန်းများနှင့် ဆောင်ရွက်နိုင်ပါသည်။ ထိုအချက်ကို မြန်မာစာဘာသာရပ်ဆိုင်ရာ သုတေသီတို့ သိရှိထားပါက သုတေသနစာတမ်းများ၊ ကျမ်းများ များစွာပေါ်ထွက်လာနိုင်မည်ဟု ယုံကြည်ပါသည်။ ထိုသို့ သုတေသန ကောင်းများ များစွာပေါ်ထွက်လာသည်နှင့်အမျှ မြန်မာစာဘာသာရပ်နှင့်အတူ နိုင်ငံတော်၏ ရုံးသုံး၊ ကျောင်းသုံး ဘာသာစကားဖြစ်သည့် မြန်မာဘာသာစကားသည်လည်း ကမ္ဘာ့အလယ်တွင် ဝံ့ထည်လာမည် ဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း

ကြန်၊ **မ**။ (၂၀၀၆)။ **ကျမ်းသုတေသနပြုခြင်း**။ ရန်ကုန်၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့။

ခင်အေး၊ **ဒေါက်တာ**နှင့် အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၀၈)။ **သုတေသနအခြေခံ သုတေသနပုံစံ**။ ရန်ကုန်၊ ပညာတန်ဆောင် ပုံနှိပ်တိုက်။

ခင်အေး၊ **ဦး**။ (၂၀၀၀)။ **သုတေသနနိဒါန်း**။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန။

ခင်အေး၊ **ဦး**။ (၂၀၀၁)။ **သုတေသနလက်စွဲ**။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန။

မြန်မာစာဌာန (ရန်ကုန်တက္ကသိုလ်)။ (၂၀၀၈)။ **ကျမ်းပြုသူများနှင့် စာတမ်းများပြုစုသူများ သိသာရန်**။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန။

မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့။ (၂၀၂၁)။ **ပညာရေးသုတေသနပြုလုပ်နည်း**။ ရန်ကုန်၊

မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့။
မြန်မာစာအဖွဲ့။(၂၀၂၄)။ **မြန်မာအဘိဓာန်၊ ဆဋ္ဌမအကြိမ်**၊ ရန်ကုန်၊ မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန။
သန်းထွန်း၊ **ဒေါက်တာ**။ (၂၀၀၆)။ **သုတေသနထုံး**။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ် သမိုင်းဌာန။
အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၂၄)။ **သုတေသနဟူသည်၊ တ-ကြိမ်**၊ ရန်ကုန်၊ ပညာရပ်ဝန်းစာပေ။
"Myanmar Words Spelling Checking Using Levenshtein Distance Algorithm Nwe Zin Oo, Tin Myat Htwe University of Computer Studies Yangon nwezinoo1 @ gmail.com," tinmyathtwe@gmail.com
"Myat Mon, A., Thein, T., & University of Computer Studies, Mandalay, Myanmar. (2013). Myanmar Spell Checker. In International Journal of Science and Research (IJSR), India [Journal-article]." https://www.ijsr.net
Oo, N. Z., Htwe, T. M., & University of Computer Studies Yangon. (n.d.). Myanmar Words Spelling Checking Using Levenshtein Distance Algorithm. In University of Computer Studies Yangon [Thesis].
https://boolway.com/image-to-text-Burmese
https://ieeexplore.ieee.org/document/9678171
https://onlineocrconverter.com/free-ocr-in-burmese
https://openl.io/translate/image
https://www.4htet.com/2016/12/blog-post.html
https://www.i2ocr.com/free-online-burmese-ocr
https://www.ijsr.net
https:// www. surveymonkey. com,3-types-survey-research

*J. Myanmar Acad. Arts Sci. 2026* **Vol. XXIII. No.6**

# မကွေးဒေသိယစကားများနှင့် စကားတူစု ဆန်းစစ်ချက်

လွင်လွင်မာဦး[၁]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မကွေးဒေသိယစကားအသုံးများကို ဘာသာစကား အသွင်ကွဲစေသည့် လူမှုဆိုင်ရာ ကွဲပြားမှုနှင့် စကားတူစုများအတွင်း ဒေသိယစကားများကို လူမှုဘာသာဗေဒအရ သုံးသပ်လေ့လာ စိစစ်ထားသော စာတမ်းဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ ဘာသာစကားထိတွေ့မှုနှင့် လူမှုရေးဆိုင်ရာ သွင်ပြင်များသည် မည်မျှသက်ရောက်နိုင်ပုံ၊ အမှီပြုထားသော ဘာသာစကားဆိုင်ရာများ၊ လွတ်လပ်စွာကွဲပြားနေသည့် လူမှုဆိုင်ရာ အချက်အလက်များသည် ဘာသာစကားစွမ်းရည်နှင့် ဆက်သွယ်မှုစွမ်းရည်ကို မည်သို့အကျိုးသက်ရောက်မှုရှိပုံကို အကဲဖြတ်နိုင်ရန်ဖြစ်သည်။ ထိုသို့လေ့လာဆန်းစစ်နိုင်ရန် ဒေသဒေသိယ စကားတူစုများအတွင်းရှိ အသက်အလုပ်အကိုင်၊ ပညာအရည်အချင်း၊ ဒေသချင်းချိတ်ဆက်မှု၊ လိင်စသည့် အချက်အလက်များနှင့် လူအဖွဲ့အစည်းအကြား ဆက်သွယ်မှုကို အသွင်ကွဲ လူမှုဘာသာဗေဒ ဆိုင်ရာနည်းနာများဖြင့် ချိန်ထိုးလေ့လာသွားပါမည်။ တစ်ဦးနှင့်တစ်ဦး ပြောဆိုမှုအကျိုးဆက်များကို ဒေသိယဆိုင်ရာနည်းနာများဖြင့် စိစစ်လေ့လာခဲ့ပါသည်။ မကွေး ဒေသိယစကားများသည် ဒေသတွင်းဆက်သွယ်မှုတွင် အသုံးတွင်ခြင်း၊ ခိုင်မာစွာတင်ကျန်နေခြင်း၊ စကား လုပ်ဆောင်ချက်နှင့် လူမှုဆက်သွယ်မှုအတိုင်းအဆပမာဏကို ဆန်းစစ်သုတေသနပြုခဲ့ပါသည်။ လူမှုယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်းအတွင်း အကျိုးသက်ရောက်မှုကို ဘာသာစကားကွဲပြားမှုနှင့်ဘာသာ စကားဆိုင်ရာ အချက်အလက်များစုဖွဲ့ခြင်းကို ထိန်းညှိနိုင်မည့် လူမှုရေးနှင့်ယဉ်ကျေးမှု အဆက်အစပ် သဘောကိုလည်း ကနဦးတွေးဆပြထားပါသည်။ လူမှုဘာသာဗေဒလေ့လာမှုနှင့် လူမှုဆက်သွယ်ရေး နယ်ပယ်တွင် လက်တွေ့အသုံးချနိုင်သော နိုင်ငံအကျိုးပြုမည့် စာတမ်းဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ -** လူမှုဒေသိယ၊ စကားတူစု၊ ဘာသာစကား အသွင်ကွဲမှု၊ လူမှုယဉ်ကျေးမှု၊ ဒေသဒေသိယ။

## နိဒါန်း

မကွေးတိုင်းဒေသကြီးအတွင်း ဒေသိယစကားများသည် မြို့နယ်၊ ခရိုင်အလိုက်ကွဲပြားသော အသွင်ကွဲစကားများဖြစ်ပြီးထိုစကားသုံးများသည် ဒေါက်တာခင်အေး (မောင်ခင်မင်၊ဓနုဖြူ) တင်စားခဲ့သည့်နေရာ ဒေသရှိပြောဆိုသုံးစွဲသူတို့၏ ဇာတိကိုပြနေသော ဇာတိပြစကားလုံးများဟုခေါ်ဆို ထိုက်ပေသည်။ မကွေးဒေသိယစကားများစွာကို လေ့လာထားသည့် စာတမ်းများ၊ ကျမ်းများကို လေ့လာမိသောအခါ စာပေရှုထောင့်၊ ဘာသာစကားရှုထောင့်၊ ဒေသိယရှုထောင့်အရ ဘာသာစကားတန်ဖိုးများကို သတိပြုမိလာရသည်။ မကွေးတိုင်း ဒေသကြီးသည် လမ်းပန်းဆက်သွယ်ရေး လွယ်ကူသော လူမှုစီးပွားဖွံ့ဖြိုးသော တိုင်းဒေသကြီးဖြစ်သည့်အပြင် ဇာတိမာန်စိတ်လည်း ထက်သန်လှသူများဖြစ်သည်။ ခရိုင်(၇)ခုတွင် ဒေသိယစကားများသည် သီးခြားစီသုံးစွဲနေကြသည်။ ဒေသခံလူအများစုသည် အသွင်ကွဲသဘောအရ စံဘာသာစကား၊ ဒေသိယစကား နှစ်မျိုးလုံးကို အသုံးပြုသော စကားတူစုများ အဖြစ်တွေ့ရသည်။ ကွဲပြားသည့် ဒေသိယစကားကိုပင်လျှင် စကားအဆက်အစပ်ဖြင့် နားလည်လက်ခံကြောင်း တွေ့ရသည်။

[၁] မြန်မာစာဌာန၊ မကွေးတက္ကသိုလ်

ဤတွေ့ရှိချက်ကို လူမှုဆက်သွယ်ရေးနယ်ပယ်နှင့် ဒေသတွင်းနေထိုင်သူအချင်းချင်း လူမှုစီးပွား ကူးလူးဆက်ဆံမှုအရ ဆက်သွယ်မှုလွယ်ကူချောမွေ့စေရန်သုံးစွဲကြသည်ဟု မူလကထင်မြင်ခဲ့သည်။ ဒေသခံမဟုတ်သည့်သူများနှင့် ရုံးအဖွဲ့အစည်းလုပ်ငန်းတွင် စံဘာသာစကားကိုသာ သုံးသော်လည်း ဒေသဒေသိယ စကားများတွင် တူညီသည့်စကားသုံးနှင့် ဒေသိယစကား ဝေါဟာရများကို လူမှုဆက်သွယ် ရေးကြားခံအဖြစ် အသုံးတွင်နေကြောင်းတွေ့ရသည်။ ထို့ကြောင့်ဆက်လက်လေ့လာရာမှ အဓိပ္ပာယ် ကွဲပြားသည့် ဒေသိယစကားများနှင့် ဒေသရင်းမှ လူများသာ သိနိုင်သည့်ဒေသိယ စကားများကိုလည်း များစွာတွေ့ရပြန်သည်။ မိမိဒေသိယစကားကို မိမိခရိုင်အလိုက် ဒေသတွင်းတွင်ကျယ်စွာ အသုံးပြုကြ သည်။ မတူကွဲပြားသည့် ဒေသိယစကားများကို ကျောင်းသား၊ ကျောင်းသူလူငယ်များက မတူကွဲပြား သည့် ဒေသမှလာသူများ အများအပြားကြားတွင် ပြောဆိုနေသည်ကိုတွေ့ရသောအခါ မကွေးဒေသိယ စကားများနှင့်အသုံးချသူ၊ အနက်ဆက်သွယ်မှု၊ ဘာသာစကား အသုံးပြုမှုကို လူမှုဒေသိယ သဘောဖြင့် သုတေသနပြုလိုစိတ်ဖြစ်လာရသည်။ စိတ်ဝင်စားဖွယ်လူမှုအဆက်အစပ်၊ ဘာသာစကားအသုံးပြုမှုများ ကို စူးစမ်းလေ့လာရာတွင် ဒေသိယစကားများ၊ ကွဲပြားခြားနားသော လူမှုအဆက်အစပ်များ၊ ဒေသိယ နယ်ပယ်ကူးလူးမှုများကို စစ်တမ်းထုတ်၍ လူမှုဒေသိယလေ့လာမှု၏ အခြေခံနည်းနာ(၆)ရပ်ဖြင့် ချိန်ထိုးလေ့လာထားပါသည်။ဤစာတမ်းတွင် အလေ့လာခံလူမှုအလွှာများ၏ ဘာသာစကားအသုံးပြုမှုကို ဒေသအလိုက်စကားတူစု အဖြစ်တွေ့ရှိနိုင်ပြီး စံဘာသာစကား၊ ဒေသိယစကားတို့ကို လူမှုဆက်သွယ်ရေး နယ်ပယ်တွင် မည်သို့ အသုံးချနိုင်ပုံတို့ကိုစိစစ်၍ ဘာသာစကား စွမ်းရည်ကို ဖော်ထုတ်ပြထားပါသည်။

**သုတေသနပြဿနာ**

မကွေးဒေသိယစကားများနှင့် စကားတူစုဆန်းစစ်ချက်ကို လူမှုဘာသာဗေဒရှုထောင့်မှ လေ့လာ သုတေသနပြုရာတွင် အောက်ပါ ပြဿနာများကို ကြုံတွေ့ဖြေရှင်းရနိုင်ပါသည်။

(၁) ဒေသိယစကားများ ပြောင်းလဲမှု၊ အသုံးပြုမှုပမာဏ တိကျစွာကောက်ယူနိုင်မှုရှိ/မရှိ

(၂) စံဘာသာစကားနှင့်ဒေသိယစကားဘာသာစကားအသုံးပြုမှုအချိုးသည် ဘာသာစကား စွမ်းရည်အပေါ်သက်ရောက်နိုင်မှုကို တိကျစွာကောက်ယူနိုင်ခြင်းရှိ/မရှိ

(၃) တက္ကသိုလ်ကျောင်းသားများသည် မိမိဒေသိယစကားကို ခွဲခြားသိမြင်မှု ရှိ/မရှိနှင့်စစ်တမ်း ကောက်ယူနိုင်ရသည့် အချက်အလက် ရှိ/မရှိ

(၄) လူမှုရေးနှင့် ယဉ်ကျေးမှု အဆက်အစပ်သည်ဘာသာစကားကွဲပြားမှုနှင့် ဘာသာစကား ဆိုင်ရာ အချက်အလက်များစုဖွဲ့ခြင်းကို ထိန်းညှိ နိုင်မှုရှိ/ မရှိ

စသည့် ပြဿနာများကို တွေ့ကြုံရသည်။

**သုတေသနမေးခွန်း**

(၁) မကွေးဒေသိယစကားသည် လူမှုအဝန်းအဝိုင်း၏ ဘာသာစကားစွမ်းရည်ကို မည်မျှ သက်ရောက်နေသနည်း။

(၂) လူမှုဆိုင်ရာ ကွဲပြားမှုများကြောင့်ပေါ်ပေါက်လာရသော အသွင်ကွဲစကားများ၏ ဖွဲ့စည်းမှုသည် ဒေသတွင်းရှိ ဘာသာစကားတည်ဆောက်မှုစနစ်နှင့် မည်သို့ ဆက်စပ် နေသနည်း။

(၃) ဘာသာစကားအသွင်ကွဲမှုသည် လူမှုဆိုင်ရာအချက်များနှင့် လူမှုဝိသေသလက္ခဏာကို မည်မျှ ထင်ဟပ်နိုင်သနည်း။

(၄) လူမှုရေးနှင့် ယဉ်ကျေးမှု အဆက်အစပ်သည် ဘာသာစကားကွဲပြားမှုနှင့် ဘာသာစကားဆိုင်ရာ အချက်အလက်များစုဖွဲ့ခြင်းကို မည်သို့ထိန်းညှိနိုင်မည်နည်း။

(၅) မကွေးဒေသိယစကားများ၏ အသုံးတွင်ကျယ်မှုကို လူငယ်ယဉ်ကျေးမှုအရ တန်ဖိုးထားမှုကို မည်သို့မြှင့်တင်နိုင်မည်နည်း။

**သုတေသနနယ်ပယ်**

မကွေးဒေသိယများကို အသုံးပြုသည့်ခရိုင်၊ မြို့နယ်အလိုက်အသုံးပြုမှု စစ်တမ်းများနှင့် လူမှုဒေသိယဆိုင်ရာ စစ်တမ်းများမှ အလေ့လာခံများကို လူမှုဘာသာဗေဒ သီအိုရီများဖြင့် မှန်ကန်မှု၊ ပြည့်စုံမှု၊ အသုံးပြုမှု အရေအတွက်နှင့် အရည်အသွေး တို့ကို အကဲဖြတ်ပြီး၊ ဒေသိယ စကားဖြစ်စဉ်၊ ဒေသိယအသုံးအချက်အလက်များ၊ ဒေသိယစကားများ (လူမှုအသွင်ကွဲ)အသုံးများနှင့် အကျိုးဆက်များကို ကြောင်းကျိုးဆက်နွှယ်မှုဆိုင်ရာတို့ကို စိစစ်၍ သုတေသနပြုပါမည်။

**စာပေလေ့လာဆန်းစစ်ချက်**

မကွေးတိုင်းဒေသကြီး ရှိ ခရိုင် (၅)ခရိုင်မှ မကွေးခရိုင်သုံး အသွင်ကွဲ(အတ္ထဗေဒ)စာတမ်း၊ ချောက်ခရိုင်၊ သရက်ခရိုင် ဒေသိယစကား(ဘာသာဗေဒ)စာတမ်း၊ မင်းဘူးခရိုင်မှ မင်းဘူးမြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ ဆင်ဖြူကျွန်း မြို့နယ်၊ စလင်းမြို့နယ်၊ ငဖဲမြို့နယ် ဒေသိယဆိုင်ရာ၊ ငဖဲမြို့နယ်၊ ပခုက္ကူခရိုင်၊ ဆိုင်ရာဒေသိယကျမ်း၊ စာတမ်းများကို လက်တွေ့မေးမြန်းချက် စစ်တမ်းများနှင့် တိုက်ဆိုင်ညှိနှိုင်းခြင်း၊ အတ္ထဗေဒ၊ လူမှုဘာသာဗေဒ၊ လက်တွေ့အတ္ထဗေဒ သီအိုရီဆိုင်ရာ၊ နည်းနာဆိုင်ရာ မြန်မာဘာသာကျမ်းများနှင့် မူရင်းအကိုးများကိုစိစစ်ပြီး ကျောင်းသား ကျောင်းသူများကို အချက်အလက်ကောက်ယူခြင်း၊ အသုံးပြုမှုအလွှာနှင့် အသုံးပြုနယ်ပယ်ကို မေးမြန်းအစုခွဲခြင်းခြင်း၊ ပြန်လည်အတည်ပြုပြီး ဒေသိယစကားများ၏ အခြေအနေများ အဆက်အစပ်များကို စိစစ်၍ ဆန်းစစ်ခြင်း ပြုခဲ့ပါသည်။

**နည်းနာ**

**ပညာရပ်ဆိုင်ရာနည်းနာ**

လူမှုဆိုင်ရာကွဲပြားမှုနှင့် ဖြစ်ပေါ်စေသော အသွင်ကွဲဘာသာစကားများသည် အပြော စကားဖြစ်၍ အရေးဘာသာစကားကဲ့သို့ ကြာရှည်မတည်တံ့နိုင်ပေ။ ထိုအသွင်ကွဲစကားကို ဖြစ်ပေါ်စေသော ဘာသာစကားတည်ဆောက်မှု စနစ်တစ်ခုဖြစ်၍ ဘာသာစကားစွမ်းရည်နှင့် လူမှုဆိုင်ရာကို ပြန်လည်လွှမ်းမိုးနိုင်ပုံကို ဖော်ထုတ်ထားပါသည်။ ဒေသိယစကားသည် ဘာသာ စကားတိုင်းတွင်ရှိနိုင်သော အသွင်ကွဲတစ်မျိုးဖြစ်ပြီး အသွင်ကွဲဘာသာစကား တစ်ခုမကရှိနိုင်သည်။ စံဘာသာစကားကဲ့သို့ ပုံမှန်အသံထွက်၊ ပုံမှန်သဒ္ဒါ၊ ပုံမှန်ဝေါဟာရ အသုံးအနှုန်းစသည့် တိကျသောစနစ်မျိုးဖြင့် ဖွဲ့စည်းမထားသော်လည်း

**လူမှုဂုဏ်သိက္ခာ မြင့်မားသောဘာသာစကားမျိုးကွဲ (Hartman R.R.K 1972,124)** ဖြစ်သည်ဟု လည်းကောင်း၊ Richard က Longman Dictionary of teaching and Applied Linguistics တွင်

> လူမှုဆိုင်ရာဘာသာဗေဒ သွင်ပြင်ကို ဦးတည်လေ့လာသည့် လူမှုဘာသာဗေဒသည် လူမှုအဆင့်အတန်း၊ ပညာအရည်အချင်း၊ အသက်၊ လိင်၊ လူမျိုးစုနှင့် သက်ဆိုင်သော ရင်းမြစ်စသည့် လူမှုဆိုင်ရာအချက်အလက်တို့နှင့် ဆက်နွယ်သော ဘာသာစကား လေ့လာမှုပညာရပ်

ဟု လည်းကောင်း၊ ဒေါက်တာအောင်မြင်ဦး၏ လူမှုဘာသာဗေဒလက်စွဲတွင်

> ဘာသာစကားသည် ဒေသဆိုင်ရာ၊ လူမှုဆိုင်ရာ၊ ပုဂ္ဂလဆိုင်ရာ၊ ဟန်ဆိုင်ရာ၊ အသွင်ကွဲမှု အမျိုးမျိုး၏ ကွန်ရက်တစ်ခု (၂၀၂၄၊ ၄၇)

ဟု လည်းကောင်း

> ဘာသာစကားစွမ်းရည်သည် သဒ္ဒါပိုင်းဆိုင်ရာ ကောင်းမွန်သော ဝါကျပုံစံများဖန်တီး အသုံးပြုမှုထက် လူမှုဆိုင်ရာအခြေအနေ အရပ်ရပ်က သတ်မှတ်ပြဋ္ဌာန်းသော အသွင်ကွဲ တစ်ခုကို မှန်ကန်စွာ အသုံးပြုနိုင်မှုအပေါ်တွင်တည်မှီနေသည် (၂၀၂၄၊ ၄၇)

ဟုလည်းကောင်း ဖွင့်ဆိုထားသည်။ အလေ့လာခံစကားများကို စိစစ်ရာတွင် ပြောသူအမျိုးအစား၊ နာသူ အမျိုးအစား၊ ပြောသူနာသူဆက်ဆံရေး၊ စကားအကြောင်းအရာ၊ စကာ အမျိုးအစား၊ နည်းလမ်း၊ ကြားခံ၊ နောက်ခံအခြေအနေ၊ ပုံစံကျမှု အနေအထားနှင့် စကားလုပ်ဆောင်မှုစသည့် အခြေခံအကြောင်းရင်းခံ များဖြင့် လေ့လာစိစစ်ထားပါသည်။ ထိုအကြောင်းရင်းခံများကြောင့် ဘာသာစကားအသွင်ကွဲ ဒေသ ဒေသိယစကားများနှင့် လူမှုအဖွဲ့အစည်း အကြားအပြန်အလှန် ဆက်စပ်မှုကို အသွင်ကွဲလူမှု ဘာသာဗေဒ အမြင်ရှုထောင့်ဖြင့် ဘာသာစကား စွမ်းရည်ကို စိစစ်လေ့လာပါမည်။

## သုတေသနနည်းနာ

ဤစာတမ်းသည် ဘာသာစကားအသွင်ကွဲဖြစ်သော စကားတူစုအဖွဲ့များအလိုက် စစ်တမ်းကို နှိုင်းယှဉ်သုံးသပ်ခြင်း၊ လူမှုဘာသာဗေဒနည်းနာများဖြစ်သည့် လူမှုရေးအချက်အလက်များကို စိစစ်ခြင်း ပြန်လည်အတည်ပြုခြင်း၊ ကောက်ယူခြင်း၊ အမှီပြုသောဘာသာစကားဆိုင်ရာ ကွဲပြားမှုနှင့် လူမှုဆိုင်ရာ ကွဲပြားမှုကို ဆက်စပ်သုံးသပ် စိစစ်ခြင်းစသည့် နည်းနာများဖြင့်ချည်း ကပ်ပြီးတစ်ဦးနှင့်တစ်ဦး ဆက်သွယ် ပြောဆိုရာတွင် လူမှုအကြောင်းရင်းခံများ ပြောဆိုပုံများသည် ဘာသာစကားကို မည်သို့အကျိုး သက်ရောက်မှုရှိကြောင်း တင်ပြသွားပါမည်။

## လေ့လာတွေ့ရှိချက်

မကွေးတက္ကသိုလ် တက်ရောက်နေသော (၂၀၂၂-၂၀၂၃) ပညာသင်နှစ်၊ ကျောင်းသား ကျောင်းသူ များ၏ အသက်အရွယ်၊ ပညာအရည်အချင်း၊ လိင်၊ မိသားစုဝင်၊ အလုပ်အကိုင်များကို ဒေသိယအလွှာ အလိုက် စကားတူစုကို အသုံးပြုလေ့ရှိမရှိ ပဏာမကောက်ယူပြီးလျှင် အသုံးပြုနှုန်း၊ အသုံးပြုစကားသုံး များကိုစုစည်း၍ တူညီမှု၊ မတူညီမှုကိုလည်းစိစစ်ကာ စကားသုံးများကိုခွဲခြားပါသည်။ လေ့လာမှုနယ်ပယ် တွင် ဒေသိယအလွှာအလိုက် စကားတူစုကို အသွင်ကွဲစကားများမှ ငဖဲဒေသိယစကားနှင့် စေတုတ္တရာ

အောင်လံ၊ ဒေသိယသံများကို ချန်ထားခဲ့ရပါသည်။ အသွင်ကွဲရခြင်း၏ ထင်ရှားသော လက္ခဏာဖြစ်သည့် ဝေါဟာရ စကားသုံး အဆင့်ကိုသာ စိစစ်ထားပါသည်။

**စံအသွင်ကွဲ သို့မဟုတ် စံဘာသာစကား**

စံဘာသာစကားသည် စကားအသွင်ကွဲများတွင် အရေးပါဆုံး အစိတ်အပိုင်းဖြစ်သည်။ ရုံး လုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းနှင့် ပုံစံကျပြောဆိုရာတွင် လုပ်ဆောင်မှုအလိုက်သုံးသော ဘာသာစကား အသွင်ကွဲ တစ်မျိုးဟုခေတ်သစ် လူမှုဘာသာဗေဒက သတ်မှတ်ပါသည်။ စံဘာသာစကားကို မြန်မာ နိုင်ငံတွင် တစ်မျိုးသာသတ်မှတ်ထားပြီး အသွင်ကွဲစကားနှစ်မျိုးသုံးသည့် စကားတူစုများဟု ဆိုနိုင်သည်။ မြို့ပြလူနေမှုတွင်ပင် ဒေသိယအသုံးသည် မြန်မာ့ဓလေ့နှင့်ယှဉ်တွဲ ဖြစ်ထွန်းလျက်ရှိသည်။ ထို့ကြောင့် ဒေသိယစကားမှ ကာလဒေသိယသည် အတွင်းစာသားကို မှီခိုလေ့လာရသဖြင့် အနက်ထင်ခြင်းနှင့် အသုံးပြုမှုအရ ပျောက်ကွယ်ခြင်း၊ ပေါရာဏအဖြစ် အဘိဓာန်ဝေါဟာရ ဖြစ်လာသည်။ တွင်ကျန်ရစ်သော စကားများသည် စံဘာသာစကားထဲသို့ အကြုံးဝင်သွားတတ်သည်။

စံဘာသာစကား နှင့်ပတ်သက်၍ ဒေါက်တာအောင်မြင့်ဦးက ဘာသာစကားသုတ- ၂၃၀ တွင် တိကျသောစည်းစနစ်တို့ရှိပြီး လူမျိုးတစ်စု သို့မဟုတ် နိုင်ငံသားအားလုံးက လက်ခံထားသော စကားဖြစ် သည်။ ယင်းသည်တရားဝင်အသိအမှတ်ပြု အဘိဓာန်တွင် စာလုံးပေါင်းသတ်ပုံနှင့် စံဝေါဟာရများ ဖော်ပြခံရခြင်း၊ တရားဝင်အသိအမှတ် ပြုခံရသည့်သဒ္ဒါရှိခြင်း၊ စံအသံထွက်ဖြစ်ခြင်းဟူ၍ ဖွင့်ဆိုထား ပါသည်။

ဤတွင် ဒေသဒေသိယအသွင်ကွဲစကားများကို လူမှုဒေသိယလေ့လာမှုအရ စံဘာသာစကားနှင့် တစ်ပြေးညီ သုံးနှုန်းကြသည်။ သို့သော် လူမှုအဆက်အစပ်အရနှင့် စကားတူစုအတွင်း အသွင်ကွဲ စကားများကို မည်သို့ သုံးနှုန်းကြောင်းကို အောက်ပါအတိုင်း စိစစ်ထားသည်။

(၁) အသက်အရွယ်စစ်တမ်းကောက်ရာတွင် အသက် ပိုင်းခြားမှုအရ ဘာသာစကားအသွင်ကွဲ၊ ဒေသိယစကား အသုံးပြုမှု % စိစစ်ရာတွင် - ၁၀မှ ၁၅နှစ် - ၇၀ %၊ ၁၆မှ ၃၀နှစ် - ၇၀%၊ ၃၀- ၅၀နှစ်- ၄၀% ၊ ၅၀အထက်- ၈၀ % တွေ့ရသည်။

(၂) အလုပ်အကိုင်စိစစ်ချက်အရ ပညာသင်ကြားနေသူ- ၆၀%၊ ဝန်ထမ်း- ၃၀% စီးပွားရေး လုပ်ငန်း ၁၀% ၊ လက်လုပ်လက်စား - ၇၀%၊ မှီခို - ၇၀% ဖြစ်သည်ကို တွေ့ရှိရသည်။

(၃) လိင်အရ စစ်တမ်းတွင် အမျိုးသား- ၈၀%၊ အမျိုးသမီး- ၇၀ % တွေ့ရသည်။

(၄) လုပ်ဆောင်ချက် ဆိုင်ရာ၊ စကားတာဝန်အရ အသွင်ကွဲ ဒေသိယစကား အသုံးပြုမှု စိစစ်ရာတွင် အလွတ်သဘောပြောဆိုမှု - ၈၀%၊ ပုံစံတကျပြောဆိုမှု - ၁၀% တွေ့ရသည်။

အထက်ပါစစ်တမ်းစိစစ်ချက်သည် ကျောင်းသားကျောင်းသူများအသုံးပြုပုံနှင့် ဘာသာစကား စီးဆင်းရာရင်းမြစ်နှင့် အကြောင်းခံကို ထည့်သွင်းလို၍ အသက်အပိုင်းအခြားတွင် မိသားစုဝင်များကိုပါ စစ်တမ်းကောက်ထားပါသည်။ ဒေသိယစကားအသုံးကို စကားပြောနိုင်စွမ်း တည့်မတ်လာသည့် အရွယ် ကို ၁၀နှစ်ဟု သတ်မှတ်ရခြင်းမှာ လူမှုစီးပွားအမြင့်ဆုံးနှင့် အနိမ့်ဆုံးဖွံ့ဖြိုးမှုကို မျှခြေတွက်ထားခြင်း ဖြစ်ပါသည်။


အသက်အရွယ်အလိုက်ဒေသိယစကားအသုံးပြုမှု
၁၀မှ၁၅
၁၆-၃၀
၃၀-၅၀
၅၀နှင့်အထက်


စကားတာဝန်အရဒေသိယစကားအသုံးပြုမှု
အလွတ်သဘော
ပုံစံတကျ







တွေ့ရှိချက်အကျဉ်းမှာ စံစကားကို လုပ်ငန်းခွင်နှင့်ပုံစံကျနမှုဖြစ်ရန် အသုံးပြုကြပြီး မြို့၊ ရပ်ရွာဒေသများတွင် အသက်အရွယ်မရွေး ဒေသိယစကားကိုသာ ၈၀% အသုံးပြုကြကြောင်းတွေ့ရသည်။ အထင်ရှားဆုံး ဒေသိယအသုံး များမှု % မှာ ငဖဲဒေသဖြစ်သည်။

ထိုစစ်တမ်းမှ တိုင်းဧရိယာအတွင်း စကားတူစုအဖွဲ့ကဲ့သို့ တူညီသည့်ဒေသိယအသုံး ၆၀ % ကို ချန်၍မတူကွဲပြားသည့် ဒေသိယအသုံးများကို ပြန်လည်ရွေးချယ်စိစစ်၍ ဒေသအလိုက်အသွင်ကွဲ အသုံးများကို ထပ်မံတင်ပြပါမည်။

ကျောင်းသူကျောင်းသားများ အသုံးပြုသည့် ဒေသိယအသွင်ကွဲအသုံးများကို ခရိုင်အလိုက် ဒေသိယစကားတူညီမှု အများဆုံးကို အစဉ်အလိုက်ပြပါမည်။ တူညီမှုသည် မြို့ပြနေထိုင်သည့်အလျှာဖြစ်ပြီးဆက်သွယ်မှုတွင် လူမှုစီးပွား၊ အလုပ်အကိုင်၊ လူမှုအဆင့်အတန်း တို့၏အခြေအနေနှင့် ဆက်စပ်

နေပါသည်။ မတူညီသော ဒေသိယစကားသုံး ၄၀ % ကို မကွေးခရိုင်စကားတူစု အဖြစ်သတ်မှတ်နိုင်ပါသည်။ ထိုအစုဝင်ကျောင်းသားအရွယ်လူငယ်များ ၂၀ % သည်ဒေသိယစကားကို နားလည်ပါသည်။ လွတ်လပ် ပုံစံသုံးစွဲမှုတွင် ၈ % ခန့် ရှိသည်။ တူညီသော ဒေသိယအသုံးများကိုမူ ၅၀ % ခန့် သိနားလည်ပြီး သုံးစွဲသည်ကို တွေ့ရသည်။




မကွေးခရိုင်သုံး ဒေသိယ(မကွေး၊ရေနံချောင်း၊ချောက်၊တောင်တွင်းကြီး၊မြို့သစ်၊နတ်မောက်)

| **စံစကား** | **ဒေသိယ** | **စံ** | **ဒေသိယ** |
|---|---|---|---|
| ဖရုံသီး | ယွန်းသီး | ဇွန်း(သေး) | ဇွန်းပေါက်စဇွန်းသားလေး/ |
| ခရမ်းချဉ်သီး | ခရမ်းညွန့်သီး | ဒယ်အိုး | ရှောက်ပိုင်း၊ဒယ်ပိုင်း |
| ပဲသီး | နတ်တော်ပဲ | ဖိနပ်ချွတ် | ခွေးကတက်၊ခွေးအိပ် |
| ပန်းဂေါ်ဖီမုန်လာထုပ်/ | ဂေါ်ဖီပန်းဂေါ်ဖီထုပ်/ | ပိုက်ဆံအိတ် | ဘေးကိုင်အိတ်ပတ္တာအိတ်/ |
| ဘူးသီးကြော် | ငါးပေါင်းကြော် | မီးပူ(တိုက်) | မီးအိုး(ထိုး) |
| သခွားသီး | ငပြုတ်သီး** | မီးဖိုချောင် | မီးဖိုဆောင်စားဖိုဆောင်/ |
| ဆွမ်းခွက် | ဆွမ်းဂျုတ် | မျက်နှာသုတ်ပုဝါ | စောင်ပိုင်း*မျက်နှာသုတ်စောင်/ |
| ထမင်းကြမ်း | ထမင်းအေး | ဟောင်း | စုတ်/အို(ပုဆိုး) |
| မီးမွေးမီးဖိုသည်/ | မီးပျိုးသည် | ကတုံးတုံး | ကတုံးထိုး |
| ကျောင်းပြေးလစ်/ | ကျောင်းပုန်း | လကုန်ရက် | လပိတ်ရက် |
| ယခင်နေ့(မကြာသေး) | တော်တုံးက | ယခင်နေ့(ကြာ) | တစ်နေ့သား |
| နှမြော၊တွန့်တို | ပိတ်ချီးကပ် | မစားဘူး | မစားတတ်အားဘူး |
| အလွန် | တအားလွတ်/အားကြီး/ | အများကြီး | အောတိုက်နည်းနည်းနော်နော/ |
| ရေဆွဲပုံး | ဘာလီချိုင့် | ဓာတ်မီး | ဒုတ်မီး |
| မီးချောင်း | မီးပြောင်း | အဝတ်မပါ | ကိုယ်ကြီးတုံး |




သရက်ခရိုင် (မင်းတုန်း၊ ကံမ၊ သရက်)

| **စံစကား** | **ဒေသိယ** | **စံ** | **ဒေသိယ** |
|---|---|---|---|
| ထမင်းရည် | အိုးဆေးရေ | ရှား(အသီးအနှံ)တုံး/ | ပွဲပြို |
| ပဲပုပ် | ပဲငပိ | ဘက်ထရီအိုး | ခဲတံအိုး |
| ပုဇွန်ဆိတ် | ဒုန်းဆိတ် | တူရွင်းပြား | ငန်းပြား |
| ထမင်းကြမ်း | ထမင်းကျန် | ဆွမ်းသွတ် | သပိတ်သွတ် |
| ခရမ်းချည်သီး | မြေပုံသီး | မီးသီး | ဖန်သီး |
| ပိန္နဲသီး | သခုတ်သီး | မယ်(သွား) | ရင်ကော(သွား) |
| မုန်လာဥနီ | ခါကျက်ဥ | မလား(သွား) | မရင်(သွား) |
| မုန့်ဆိကြော် | မုန့်ယှက် | စကားအများ(ပြော) | စကားရှည် |
| ကစားသည် | နန့်သည် | စိတ်မချမ်းသာဘူး | စိတ်မအေးသာဘူး |
| လာခါနီးပြီ | လာဖို့ပြီ | မုန့်လုံးကြီး | မုန့်ခေါင်းတုန်း |
| မီးဖို | မီးတင်းကုတ် | စားပွဲခင်း | ခင်းနှီး |
| နို့ဆီဘူး | ဆန်ပတောက် | မီးမွှေး | အမှိုက်မွှေး |
| မင်းတုပ်ချ | ဂျက်ထိုး | အိမ်အမိုး | ကျက်မော့ |
| ဖြောင့်ဖြောင့်သွား | တန်းတိုးသွား | ကျောင်းပြေး | ကျောင်းပုန်း |

မင်းဘူးခရိုင်(ငဖဲ မြို့နယ်)

| **စံစကား** | **ဒေသိယ** | **စံစကား** | **ဒေသိယ** | **စံစကား** | **ဒေသိယ** |
|---|---|---|---|---|---|
| နည်းနည်း | တတိ | ညက်ညီ/ | မှုန် | အားရဝမ်းသာ | လှိုင်းလှိုင်းထ |
| မနက်စောစော | ကျီးမနိုးခင် | အလွန်ကြီး | နည်းတဲ့မှနှော့ | ချဉ်ရည်ဟင်း | ချဉ်ရည်ကြို |
| ထိခိုက် | လန့် | အလွန်ဝေး | မနည်းဝေး လှဖို့ပြီ | နေအလွန်ပူ | နေတအားစား |
| ပြင်ဆင် | ရေ(လုပ်ဖို့) | မကြာ ခဏ | ခပ်စိမ့်စိမ့်လေး | ခရမ်းသီး | ကဆော့သီး |
| သဲ | သလဲ | မီးခြစ် | မီးခတ် | နေမကောင်း | နေမကြည် |
| နေ့လယ် | နေ့ဘို့ | နေမယ် | နေဖို့ ဘီ(ပြီ) | | |

(စလင်း မြို့နယ်)

| **စံစကား** | **ဒေသိယ** | **စံစကား** | **ဒေသိယ** |
|---|---|---|---|
| မုန့်ဦးနှောက် | မုန်ဖက်လျှော | နည်းနည်း(ဆား/ဆီ) | ဆီတစ်ပေါက် ဆားတစ်ပွင့်/ |
| ပဲပင်ပေါက် | ပဲပင်ချို | စုပေါင်းကူညီ | အားတိုက် |
| မြန်မြန်စားလုပ်/ | ဇိုးဇိုးဇတ်ဇတ်စား လုပ်/ | နှမြော | စေးကပ် |

(ပွင့်ဖြူ မြို့နယ်)

| **စံစကား** | **ဒေသိယ** | **စံစကား** | **ဒေသိယ** |
|---|---|---|---|
| မုန့်စလင်းတောင် | မုန့်ခမောက် | ပိန္နဲသီးဟင်း | တောကြက်သား |
| ထမနဲ | ဆီလိမ်ထိုး | အသားခြောက် | ဟင်းခြောက် |
| အိတ်ကပ်(အင်္ကျီ) | ဘေးထိုး | လက်ရှည်အင်္ကျီ | အပေါ်လွှာထပ်ဝတ်/ |
| အိမ်အဖီဆွဲ(ဘေး) | အဖီရပ် | အိမ်အဖီဆွဲ(ရှေ့) | ခလောက်ဆွဲ |
| အံဆွဲ | အံထိုး | မွေ့ရာ | ဖုံ |
| လောက်လေးခွ | ဘတ်ခွ | ပိုးနသန်ကောင် | ဆီသည်မကောင် |
| မွှန်းလွဲ | နေကုန် | | |

သရက်ခရိုင် (မင်းလှ မြို့နယ်)

| စံစကား | ဒေသိယ | စံစကား | ဒေသိယ |
|---|---|---|---|
| ဟင်းနုနွယ်ရွက် | ဘကြီးရွက် | မုန့်ဆီကြော် | မုန့်ယှက် |
| ဂဏန်း | ပုဇွန် | မန်ကျည်းသီးစိမ်း | နသန်တောင့် |
| ကြံ | နှမ်းစား | ပဲသီး | ပဲတောက် |
| ဘက်ထရီအိုး | အားအိုး | သောက်ရေခွက် | ဖလား |
| ခြံစည်းရိုး | ဇရံသာ | အုတ်ခဲ | အုတ်မြစ်ခဲ |
| ထွန်သွား(သံ/သစ်သား) | ဘဲနှုတ်သီးသံကပ်/ | ပဲစဉ်းငုံ | ပဲပုတ် |
| နွားပေါက်စ | ပွဲတဲ့ | ဘောစကိုင်းပင် | ဆိပ်ဖြေပင် |
| တစ်နေ့ကုန် | နေ့ကုန် | ဦးဦးဖျားဖျားကျွေး | ဦးခတ် |
| လန့်သည် | ဖြန့်သည် | သွားသည် | နှံ့စပ်သည် |
| မှီသည်(တိုင်) | ကပ်သည် | ဘုရားတည် | စေတီထိုး |
| မလျော့ဘူး | မနဲ့ဘူး | ဣန္ဒြေရှိသည် | ရေးရေးငန်းငန်း |
| ပိုးနသန်ကောင် | ပိုးကြားကောင် | နွှာနွှင်, | လှွာ |
| ထူသည် | ထပ်သည် | ပြတင်းပေါက် | လေရှူးပေါက် |
| အပ်ချည် | အပ်မျှင် | | |

**သုံးသပ်ချက်**

ဤစာတမ်းတွင် မကွေးတိုင်းဒေသကြီး၏ မြို့တော်မကွေးသည် လူမှုစီးပွားရေး ကူးလူးမှု အချက်အခြာကျသော ဆုံရပ်ဖြစ်သည်။ ဘာသာစကား၏ပြောင်းလဲတတ်သောသဘောကို အထိတွေ့ဆုံး ဖြစ်သည့်အတွက် ကျောင်းသားကျောင်းသူများကို ဗဟိုပြု၍ ဆန်းစစ်တင်ပြထားပါသည်။ လူငယ် သည် ခေတ်မီဒီယာအသုံးပြုမှုနှင့် ရိုက်ခတ်မှုကိုအခံရဆုံး ဖြစ်သော်လည်း မကွေးတိုင်းအတွင်းရှိ လူငယ် များသည် ဒေသိယစကားအသုံးပြုမှုကို ကောင်းစွာလက်ဆင့်ကမ်း သယ်ယူသုံးစွဲနေကြောင်း တွေ့ရသည်။ ငဖဲဒေသိယတွင် ဝေါဟာရကွဲပြားမှုတွင် ဝါကျအဆုံးသတ်တွင် နော့ဟု အဆုံးသတ်ပုံ(နော)နှင့် ဒေသိယ သံတွင်ဟထိုးသံ ပိုခြင်းသည်ထူးခြားသည့် စကားတူစုဖြစ်၊ မဖြစ်ကိုမူ ထပ်မံသုတေသနပြုရန် အချက်အလက်ရယူနိုင်မှု လိုအပ်နေပါသေးသည်။

ငဖဲနှင့်အောင်လံဒေသိယသံကိုချန်၍ စိစစ်ထားသည့် ဤစာတမ်း၏ စစ်တမ်းအရ မကွေးတိုင်း တွင်းရှိ ဒေသိယစကားများကို စကားတူစုတစ်ခုအဖြစ် သတ်မှတ်နိုင်သည်။ မြန်မာနိုင်ငံအခြားသော ဒေသိယအချို့တွင်တွေ့ရသော အတ်/,u~/နှင့်အစ်သံ/ i/အင်သံ / in~နှ/ ၎င့်အွန်သံ /o~သရသံ မတူညီမှု/ သည် အနက်ကောက်ယူရာတွင် ခက်ခဲမှုမရှိဘဲ ဒေသိယသံဟု လက်ခံကြပြီးဖြစ်သည်။ သို့သော် ဝေါဟာရအသုံးကွဲပြားသည့် ဒေသိယစကား များကိုသုံးခြင်းသည် စကားတူစုမတူသည့်အတွက်

အဓိပ္ပာယ်နားလည်နိုင်ရန်ခက်ခဲနိုင်သည်။ ဖော်ပြထားသော ဒေသိယစကားများသည် စကားအဆက် အစပ်ဖြင့် ပြောလျှင်ပင် နားမလည်နိုင်သည့် ဒေသိယစကားများဖြစ်ပြီး လူငယ်များသုံးနှုန်းနေသည့် စကားများကိုသာ တင်ပြထားခြင်းဖြစ်သည်။ လယ်ယာလုပ်ငန်းများနှင့် မိလိုက်ဖပါ အစဉ်အလာ လုပ်ငန်းများ၏ လုပ်ငန်းသုံးဒေသိယနှင့် မိရိုးဖလာစကားများ၊ ဘာသာတရားဆိုင်ရာ ဒေသိယစကား များတွင် များစွာမကွဲပြားဘဲ တူညီကြကြောင်း စိစစ်တွေ့ရှိရပါသည်။

လူမှုဒေသိယလေ့လာမှုဘာသာစကား ပြောင်းလဲတတ်သောပုံကို ၅ မိုင်ကွာတိုင်း ရေသည် ပြောင်းလဲသည်။ ၁၂ မိုင်ကွာတိုင်း ဘာသာစကားသည် ပြောင်းလဲသည် ဟု ပညာရှင်များက ဆိုစမှတ် ပြုထားသည်။ မကွေးဒေသိယစကားများ၏ ထူးခြားချက်မှာ တိုင်းအတွင်း လူမှုစီးပွားဖွံ့ဖြိုးပြီး လမ်းပန်း ဆက်သွယ်ရေးနှင့် ကူးလူးဆက်ဆံမှု ပွင့်လင်းလာသည့်တိုင် စကားတူစုအလိုက် ဒေသဆိုင်ရာ ဒေသိယ အသွင်ကွဲစကားများသည် ခရိုင်၊ မြို့နယ်၊ မြို့အလိုက် ခိုင်မာစွာကျန်နေခြင်းသည်ကား ထူးခြားချက် ဖြစ်သည်။ ထို့ပြင် လူငယ်များသည် လူမှုကွန်ယက်သုံးစကားများ၊ ဗန်းစကားများကို ခေတ်၏ လွှမ်းမိုးမှု ကြောင့် သုံးလေ့ရှိသော်လည်း မိမိတို့ဒေသိယဆိုင်ရာ စကားကိုလည်း သုံးစွဲနေကြဆဲဖြစ်သည်။ လူမှုအခြေအနေနှင့် လုပ်ငန်းသဘာဝအလျောက် ပုံစံတကျပြောဆိုရာတွင်သာ စံဘာသာစကားကို အသုံးပြုကြသည်။ မကွေးမြို့ခံအချင်းချင်းနှင့် ခေတ်ပညာတတ်ကျောင်းသားလူငယ်များသည်ပင်လျှင် ဒေသိယစကားကို ကြားသည်နှင့် လူပုဂ္ဂိုလ်ကို မည်သည့်ဒေသကဟု ခန့်မှန်းနိုင်ကြပြီး ဆိုလိုချက်ကို နားလည်နိုင်ကြသည်။ အသက်အလိုက်စိစစ်ချက်နှင့် လုပ်ဆောင်ချက် စကားတာဝန်အရ အလွတ် သဘောပြောရာတွင် စကားတူစုအလိုက် ကွဲပြားမှုကိုနားလည်ရန် လေ့လာမှတ်သားခြင်း၊ လက်ခံ ပေးခြင်း၊ လေးစားခြင်းစသည့် စိတ်အခြေခံများ၊ မိမိဇာတိနှင့် ဒေသိယစကားကို ကိုယ့်ဒေသချစ်စိတ်ဖြင့် တန်ဖိုးထားခြင်းတို့ကြောင့်ဟု သုံးသပ်မိသည်။ စကားတူစုမတူသော ဇာတိမြေသုံး ဒေသိယစကားကို ဘိုးဘွားမိဘ၏ အစဉ်အလာစကားအဖြစ် ထိန်းသိမ်းခြင်း၊ အခြားစကားတူစုဒေသိယကို နားလည်ခြင်းနှင့် ဒေသိယစကားကို လက်ခံသည့်အလေ့ စူးစမ်းလေ့လာမှတ်သားသည့် အလေ့ရှိခြင်းသည် လူမှုဆက်ဆံ ရေးတွင် ထိရောက်သော၊ စည်းလုံးသော၊ ညီညွတ်သောသဘောလက္ခဏာဖြစ်သည်။ ဒေသတွင်း လူမှု၊ ပုဂ္ဂလ၊ ဟန်ဆိုင်ရာတို့သည်ကွဲပြားစေကာမူဘာသာစကားဖြစ်တည်လာမှုကို လေးစားလက်ခံနိုင်သော ထိုအလေ့အကျင့်သည် လူမှုဝိသေသအခက်အခဲကို ကောင်းစွာဖြတ်ကျော်နိုင်သော ဆက်သွယ် ရေးစွမ်းရည် တစ်မျိုးကိုရနိုင်ကြောင်း ခိုင်မာစေပါသည်။ ဘာသာစကားဆိုင်ရာ လက်ခံနိုင်မှုစွမ်းရည် ရှိမှုနှင့် စိတ်ပိုင်းဆိုင်ရာတို့ကို တိကျစွာစိစစ်နိုင်ရေးအတွက် ဆက်လက်သုတေသနပြုရန်အပိုင်းများ ကျန်နေသေးပါသည်။ ထို့ကြောင့်မကွေးဒေသိယ စကားများသည် မူလကတူညီသောစကားတူစု ဒေသိယ အုပ်စုကြီးဖြစ်ခဲ့နိုင်သည်ဟုကောက်ချက်ချနိုင်ပါသည်။

**နိဂုံး**

ဤစာတမ်းသည် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဒေသိယစကားများကို လူမှုဒေသိယ လေ့လာမှု ၏ ခက်မတစ်ခုဖြစ်သည့် အသွင်ကွဲလူမှုဒေသိယ နည်းနာများဖြင့် စိစစ်ထားသော စာတမ်းဖြစ်ပါသည်။ သုတေသန ၏မျှော်မှန်းရလဒ်ကို စကားတူစု အဆင့်ကိုဖြေရှင်းနိုင်ခဲ့ပါသည်။ မူလကအဆိုကြမ်းတွင် ပါဝင်သော လူမှုယဉ်ကျေးမှုနှုန်းစံကို ဆက်လက် စိစစ်နိုင်ရန် ဘာသာစကားအသိ အခြေခံကောင်းရှိသော

စိတ်ပညာ၊ အာရုံကြောဆိုင်ရာ သုတေသီတို့နှင့် သုတေသနဆောင်ရွက်နိုင်ရန် လမ်းစကို ပျိုးပေးနိုင်ခဲ့သည်ဟု ယုံကြည်ပါသည်၊ ကျန်ရှိနေသည့် ဒေသိယသံဆိုင်ရာ ဝိသေသလက္ခဏာများကိုပါ ထပ်မံစိစစ်ရမည်ဖြစ်ပါသည်။ ဒေသိယစကားသည် သမိုင်းတန်ဖိုး လူမှုနှုန်းစံတန်ဖိုး စာပေတန်းဖိုးရှိသည့် အသွင်ကွဲစကားများဖြစ်ပြီး မကွေးတိုင်းဒေသကြီးကို မူလကအသွင်ကွဲဘာသာစကား မျိုးတူစုကြီး တစ်ခုဟူသော တွေ့ရှိချက်သည် စာပေ၊လူမှုသိပ္ပံဆိုင်ရာ လေ့လာမှုနှင့်နောက် နှောင်းသုတေသီတို့အတွက် အထောက်အကူဖြစ်စေပြီး နိုင်ငံအကျိုးပြုမည့် ဒြပ်မဲ့ယဉ်ကျေးမှုတစ်ခုဟု ယုံကြည်ပါသည်။

## ကျမ်းကိုးစာရင်း


ခင်အေး၊ဒေါက်တာနှင့် အောင်မြင့်ဦး၊ ဒေါက်တာ။(၂၀၁၉)။ *သုတေသနအခြေခံ သုတေသနပုံစံ*။ ရန်ကုန်၊ ပညာတန်ဆောင်ပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၂၄)။ *သုတေသနဟူသည်* ။ ရန်ကုန်။ ရှေ့ဝဏ်ပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ ဒေါက်တာ။ ။(၂၀၀၃)*လူမှုဘာသာဗေဒမိတ်ဆက်* ။ ရန်ကုန်။ ပညာတန်ဆောင်ပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ ဒေါက်တာ။ ။(၂၀၀၃)*လူမှုဘာသာဗေဒသဘောတရား* ။ ရန်ကုန်။ ပညာတန်ဆောင်ပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ ဒေါက်တာ။ ။(၂၀၁၅)*ဘာသာစကားသုတ* ။ ရန်ကုန်။ ခူဝံစာပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ ဒေါက်တာ။ ။(၂၀၁၈)*လူမှုဘာသာဗေဒလက်စွဲ* ။ ရန်ကုန်။ဘားမားမျိုးကုမ္ပဏီ လီမိတက်။

အောင်မြင့်ဦး၊ ဒေါက်တာ။ ။(၂၀၁၈)*သုတေသနဟူသည်* ။ ရန်ကုန်။ရှေ့ဝဏ်ပုံနှိပ်တိုက်။

Manner, Kathleen and Ralph Rauch. (1998) *Dictionary of language and linguistics.* Great Britain. Applied Science Publisher.


## ဖတ်ရှုလေ့လာသောစာရင်း


ခင်မင် (မောင်)။ (၂၀၂၄) ။ *နှုတ်ပြောမြန်မာသဒ္ဒါ*။ ရန်ကုန်၊မြန်မာစာအဖွဲ့။

စိုးမိုးမိုး၊ ဒေါ်။ (၂၀၀၂)။ *မျိုးကွဲဒေသိယစကားများ၊* ပညာရေးစုံညီ ပွဲတော်အထိမ်းအမှတ် စာတမ်း

တင်ဇော်ဦး။ (၁၉၇၅)။ *မြန်မာညာသာစကား၏ဒေသိယစကားများလေ့လာမှု။* မြန်မာနိုင်ငံ သုတေသန ဂျာနယ်၊ အတွဲ(၅၈) အပိုင်း (၂)။

ထွန်းမြင့်၊ ဦး။ ( ၂၀၁၈)။ *ဘာသာဗေဒ* ။ ရန်ကုန်။ ပညာတန်ဆောင်ပုံနှိပ်တိုက်။

မြင့်မြင့်ဌေး၊ မ။ (၂၀၁၀)။ *မုံရွာခရိုင်သုံးဒေသိယစကားများ(လူမှုဘာသာဗေဒလေ့လာချက်)*။ ပါရဂူကျမ်း။ မန္တလေးတက္ကသိုလ်။

မြန်မာစာအဖွဲ့ (၂၀၂၄ ၊ မတ်လ)။ *မြန်မာအဘိဓာန်* ရန်ကုန်။ ကောင်းခန့်ပုံနှိပ်တိုက်။

အေးမြမော်၊ မ။ (၂၀၁၇)။ *မင်းလှမြို့နယ် ဒေသိယစကား လေ့လာချက်* ။မဟာဝိဇ္ဇာဘွဲ့ယူကျမ်း။ မကွေးတက္ကသိုလ်။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၀၆)။ *အင်းလေးဒေသိယစကား* ။ ရန်ကုန်။ ပညာတန်ဆောင်ပုံနှိပ်တိုက်။

Yule George. (1995), Pragmatics. Oxford, Oxford University Press.

# မြန်မာစကားပုံ ဆိုရိုးစကားများနှင့် တိုင်းရင်းသားစကားပုံ ဆိုရိုးစကားတို့ကို နှိုင်းယှဉ်လေ့လာခြင်း

ခင်သန္တာကျော်[၁]

## စာတမ်းအကျဉ်း

ဤစာတမ်းကို လေ့လာရသည့်ရည်ရွယ်ချက်မှာ မြန်မာစာအဖွဲ့မှထုတ်ထားသည့် မြန်မာ ဆိုရိုးစာအုပ်နှင့် မြန်မာစကားပုံစာအုပ်တို့မှ စကားပုံ၊ ဆိုရိုးများနှင့်တိုင်းရင်းသားစကားပုံ၊ ဆိုရိုးများ၏တူညီမှု၊ ကွဲပြားမှု တို့ကို လေ့လာဖော်ထုတ်တင်ပြလိုသည့် ရည်ရွယ်ချက်ဖြစ်သည်။ ဆိုရိုးတို့ကိုမြန်မာစာအဖွဲ့မှ ထုတ်ဝေထားသော မြန်မာစကားပုံထဲတွင်ပါရှိသည့် စကားပုံစုစုပေါင်း (၈၇၀)နှင့် မြန်မာဆိုရိုးစကားစာအုပ်ထဲတွင် ပါရှိသည့် ဆိုရိုးစုစုပေါင်း (၁၀၁၀) တို့ကိုလည်းကောင်း၊ တိုင်းရင်းစကားပုံနှင့် ဆိုရိုးစကားပညာ ကျော်ပြုစုသည့် မြန်မာစကားပုံနှင့် ဆိုရိုးစကားစာအုပ်မှ တိုင်းရင်းသားစကားပုံနှင့် ဆိုရိုးများကို လည်းကောင်း ကောက်ယူ၍ လေ့လာတင်ပြထားပါသည်။ ဤစာတမ်းသည် အတ္ထဗေဒရှုထောင့်မှ လေ့လာထားသည်။ မြန်မာစကားပုံ၊ ဆိုရိုးစကားများနှင့် တိုင်းရင်းသားစကားပုံ၊ ဆိုရိုးတို့၏တူညီမှု၊ ကွဲပြားမှု တို့ကို လေ့လာဖော်ထုတ် တင်ပြထားခြင်း ဖြစ်သည်။

**သော့ချက်ဝေါဟာရ** - စကားပုံ၊ ဆိုရိုး၊ တိုင်းရင်းသား၊ တူညီမှု၊ ကွဲပြားမှု

## နိဒါန်း

မြန်မာလူမျိုးတို့တွင် စကားပုံနှင့် ဆိုရိုးစကား များစွာတွေ့ရသည်။ အလားတူ မြန်မာနိုင်ငံအတွင်း မှီတင်း နေထိုင်ကြသော တိုင်းရင်းသားလူမျိုးများတွင်လည်း စကားပုံ၊ ဆိုရိုးစကား များစွာရှိကြသည်။ ဤစာတမ်းတွင် မြန်မာစကားပုံ၊ ဆိုရိုးတို့နှင့် တိုင်းရင်းသားလူမျိုးတို့၏ စကားပုံ၊ ဆိုရိုးတို့၏ အနက်အဓိပ္ပာယ် တူညီမှုရှိသော စကားပုံ၊ ဆိုရိုးတို့ကိုလေ့လာပြသွားပါမည်။

## သုတေသနမေးခွန်း

မြန်မာစကားပုံ၊ ဆိုရိုးစကားများနှင့် တိုင်းရင်းသားစကားပုံ၊ ဆိုရိုးတို့၏ တူညီမှုမည်မျှရှိသနည်း။

မြန်မာစကားပုံ၊ ဆိုရိုးစကားများနှင့် တိုင်းရင်းသားစကားပုံ၊ ဆိုရိုးတို့၏ကွဲပြားမှု မည်မျှရှိသနည်း။

## သုတေသနနည်းလမ်း

ဤစာတမ်းသည် မြန်မာဆိုရိုး၊ မြန်မာစကားပုံ စာအုပ်တို့မှ ဆိုရိုး၊ စကားပုံများနှင့် တိုင်းရင်းသား ဆိုရိုး၊ စကားပုံများကို အတ္ထဗေဒနယ်ပယ်မှ လေ့လာဖော်ထုတ်ထားပါသည်။ ထိုသို့ဖော်ထုတ်ရာတွင် နှစ်ဖက်သွား အနက်အဓိပ္ပာယ်အသုံးများနှင့် ဥပစာသဘော၊ တင်စားသည့် သဘောပါဝင်သည့် အသုံးများ ကိုလည်း တင်ပြလေ့လာသွားပါမည်။

## စာပေလေ့လာတွေ့ရှိချက်

- မဆွေဥခိုင်(၂၀၀၇)၏ "ရခိုင်စကားပုံများကိုလေ့လာခြင်း" ပါရဂူကျမ်းတွင် ရခိုင်စကားပုံတို့၏
- အနက်ရိုး၊ ဥပစာအနက်၊ ဂယက်အနက်တို့ကို အနက်အဓိပ္ပာယ်ရှုထောင့်မှ လေ့လာတင်ပြထား သည်။

[၁] မြန်မာစာဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်

- မသန်းသန်းအေး(၂၀၀၇)၏ "မြန်မာစကားပုံများကို အတ္ထဗေဒအမြင်ဖြင့်လေ့လာခြင်း" ပါရဂူကျမ်းတွင် မြန်မာစကားပုံများအတွင်း စကားလုံးအနက်တို့၏ အနက်စပ်မှုသဘောတရားကို သရုပ်ဖော် လေ့လာတင်ပြထားခြင်းဖြစ်သည်။
- မဝေမာကြည် (၂၀၀၈)၏ "မြန်မာဘာသာစကားရှိဆိုရိုးစကားများကို လူမှုဘာသာဗေဒ အမြင်ဖြင့်လေ့လာခြင်း" ပါရဂူကျမ်းတွင်မြန်မာဆိုရိုးပေါင်း (၁၉၄) ခုကို လူမှုဘာသာဗေဒ ပညာရပ်ဖြင့် လေ့လာတင်ပြထားသည်။
- မစောမြတ်စိုး(၂၀၁၁)၏ "မွန်စကားပုံများကို လူမှုဘာသာဗေဒရှုထောင့်မှ လေ့လာခြင်း" ပါရဂူကျမ်းတွင် လူမှုဘာသာဗေဒရှုထောင့်မှ မွန်စကားပုံများနှင့် မြန်မာစကားပုံများ ဆက်နွှယ်မှုများကို လေ့လာတင်ပြထားသည်။

ဤစာတမ်းသည် တိုင်းရင်းသားစကားပုံ ဆိုရိုးနှင့် မြန်မာစကားပုံ၊ ဆိုရိုးတို့မှ အနက်အဓိပ္ပာယ်တူညီမှုရှိသည့် စကားပုံဆိုရိုးတို့ကိုနှိုင်းယှဉ်၍ စကားအသုံးအနှုန်းများ၊ ဥပစာအသုံးအနှုန်းများ ကွဲပြားပုံကို လေ့လာတင်ပြ သွားမည် ဖြစ်ပါသည်။

## အဓိပ္ပာယ်ဖွင့်ဆိုချက်

ဆိုရိုးစကားကို အဘိဓာန်တွင် - အစဉ်အလာပြောဆိုခဲ့ကြသော မှတ်သားဖွယ်စကားဟု ဖွင့်ဆိုထားသည်။ ထိုဖွင့်ဆိုချက်အရ ရှေးမိဘ ဘိုးဘွားအစဉ်အဆက် ပြောဆိုခဲ့ကြသော မှတ်သားစရာစကားများဖြစ်သည်။ စကားပုံကိုအဘိဓာန်တွင် - လူအများ ဆင်ခြင်မှတ်သားဖွယ်ဖြစ်အောင် စံပြုပုံခိုင်းပြောဆိုလေ့ရှိသော ထိရောက်ကျစ်လျစ် ပြေပြစ်သည့်စကား ဟူ၍ဖွင့်ဆိုထားသည်။

ထိုဖွင့်ဆိုချက်အရဆိုလျှင် ရှေးအစဉ်အဆက် ဘိုးဘွားမိဘများပြောဆိုခဲ့ကြသည့် စကားများ၊ လူအများကို ဆိုဆုံးမသည့်အခါတွင် ဆင်ခြင်နိုင်ရန် ပုံနှိုင်းမှုသဘောပါဝင်သော စကားဖြစ်သည်။

## အချက်အလက်ကောက်ယူပုံ

မြန်မာစကားပုံနှင့် ဆိုရိုးတို့ကိုမြန်မာစာအဖွဲ့မှထုတ်ဝေထားသော မြန်မာစကားပုံထဲတွင် ပါရှိသော စကားပုံစုစုပေါင်း (၈၇၀)နှင့် မြန်မာဆိုရိုး စကားစာအုပ်ထဲတွင်ပါရှိသော ဆိုရိုးစုစုပေါင်း (၁၀၁၀)တို့ကိုလည်းကောင်း၊ ပညာကျော်ပြုစုသည့် မြန်မာစကားပုံနှင့် ဆိုရိုးစကားစာအုပ်မှ တိုင်းရင်းသားစကားပုံနှင့် ဆိုရိုးများကိုလည်းကောင်း ကောက်ယူ၍ လေ့လာတင်ပြ ထားပါသည်။

## ဆိုရိုးနှင့် စကားပုံ ကွဲပြားပုံ

စကားပုံဖြစ်သည့် သာဓက - " သစ်ငုပ်မြင့်တုံ၊ မြက်မြင့်တုံ"

နွေရာသီ၌ မြက်များခြောက်သွေ့နေစဉ် သစ်ငုပ်တိုကမြက်ပင်များထက် မြင့်နေသော်လည်း မိုးရာသီ၌ မြက်များရှင်သန်လာသည့်အခါ မြက်ပင်များက သစ်ပင်ထက်မြင့်သွားပြန်သကဲ့သို့ လောကဓံတရားအရ ကိုယ်ကမြင့်သည့်အခါမြင့်၍ သူကမြင့်သည့်အခါ မြင့်ပြန်သည်။ လောကဓံကိုတရားအရ သာမည့် အလှည့်ရှိသလို ခံရမည့်အလှည့်ရှိပုံကို သစ်ငုပ်နှင့်မြက်တို့ဖြင့် တင်စားခိုင်းနှိုင်းသုံးနှုန်းထားသည်။

ဆိုရိုးစကားဖြစ်သည့် သာဓက - " ဆင်းရဲတစ်ခါ၊ ချမ်းသာတစ်လှည့်"

လောကဓံတရားအရ ဆင်းရဲသည့်အခါနှင့် ကြုံရသကဲ့သို့ ချမ်းသာသည့်အခါနှင့်လည်း ကြုံရသည်။ ထိုဆိုရိုးစကားမှာ ပုံနှိုင်းမှုသဘောမပါ တိုက်ရိုက်ချမ်းသာခြင်း၊ ဆင်းရဲခြင်းကို ဖော်ပြသည့်အတွက် ဆိုရိုးစကား ဖြစ်သည်။

**စကားပုံ ဆိုရိုးများ**

မြန်မာတွင်ရှိသော စကားပုံ ဆိုရိုးစကားများနှင့် တိုင်းရင်းသားတွင်ရှိသော စကားပုံဆိုရိုးများ တူညီမှုကို နှိုင်းယှဉ်လေ့လာကြည့်ရာ၌ အောက်ပါအတိုင်းတွေ့ရသည်။

**(က) အကြံဉာဏ်နှင့်ဆိုင်သော စကားပုံ ဆိုရိုး**

မြန်မာ - အကြံကုန်ဂဠုန်ဆားချက် (စကားပုံ)

ကချင် - အကြံကုန်သူ ဆားချက်စား (စကားပုံ)

နည်းလမ်းပေါင်းများစွာဖြင့် ဆောင်ရွက်၍မအောင်မြင်နိုင်သောကြောင့် နောက်ဆုံးရသမျှ အကြံဉာဏ် အကုန်ထုတ်သုံး ဆောင်ရွက်ရခြင်းကိုဆိုလိုသည့် အနက်အဓိပ္ပာယ်ဖြစ်သည်။ မြန်မာစကားပုံ၌ နဂါးကိုဖမ်းဆီးရန် အကြံဉာဏ်မျိုးစုံသုံးခဲ့သော်လည်း မအောင်မြင်နိုင်သေးသဖြင့် ဆားချက်ရင်းနဂါးကို ဖမ်းရန် ဂဠုန်စောင့်နေပုံနှင့် သာဓကပြထားခြင်းဖြစ်သည်။ ကချင်စကားပုံ၌ နည်းလမ်းအကြံဉာဏ်ထုတ်သုံးရန်ကုန်ပြီး မည်သည့်အကြံဉာဏ်မျှ ထွက်မလာသူ ဆားချက်စားဟူ၍ သာဓကပြထားခြင်းဖြစ်သည်။ မြန်မာစကားပုံ တွင်ပါသော ဂဠုန်ဟူသော စကားလုံး မပါပေ။ သို့သော် အနက်အဓိပ္ပာယ်မှာ မြန်မာနှင့် တူညီသည်ကို တွေ့ရှိ ရသည်။

**(ခ) စွမ်းဆောင်မှု မရှိခြင်းနှင့်ဆိုင်သော စကားပုံ ဆိုရိုး**

မြန်မာ - ကြက်မ တွန်၍ မိုးမလင်း (စကားပုံ)

ကချင် - ကြက်မ တွန်၍ မိုးမလင်း (စကားပုံ)

ပအိုဝ် - ကြက်မ တွန်လို့ မိုးမလင်း (စကားပုံ)

ရခိုင် - ကြက်မ တွန်လို့ မိုးမလင်း (စကားပုံ)

အမျိုးသမီးများသည် အချို့သောကိစ္စရပ်များတွင် သဘာဝအလျောက် အမျိုးသားများကဲ့သို့ အကုန်အစင် အောင်မြင်အောင်မစွမ်းဆောင်နိုင်ခြင်းကို ဆိုလိုခြင်းဖြစ်သည့်အနက်အဓိပ္ပာယ်ဖြစ်သည်။ ပအိုဝ်စကားပုံနှင့် ရခိုင်စကားပုံတွင် ကြက်မတွန်လို့ မိုးမလင်းဆိုပြီး "လို့"ဟူသော အပြောစကားပုံစံသုံးထားသည်ကို တွေ့ရသည်။ မြန်မာနှင့်ကချင်စကားပုံသည် “၍” အရေးပုံစံသုံးထားသည်ကို တွေ့ရသည်။ ကချင်၊ ပအိုဝ်၊ ရခိုင် စကားပုံတို့သည် မြန်မာစကားပုံကဲ့သို့ပင် “ကြက်မ” နှင့် ဥပမာပေးထားသည်ကိုတွေ့ရသည်။

မြန်မာ - ခွေးလေးခုန်၍ ဖုန်မထ (စကားပုံ)

ရခိုင် - ခွေးဟောင်လို့ တောင်မရွေ့ (စကားပုံ)

ခွေးလေးခုန်၍ ဖုန်မထသကဲ့သို့ မမှုလောက်သောသူ၏ လုပ်ဆောင်ချက်သည် အရာမရောက်ကြောင်း ဆိုလိုသည့် အနက်အဓိပ္ပာယ်ဖြစ်သည်။ မမှုလောက်သူ၏ လုပ်ဆောင်ချက်သည်

အရာမရောက်ကြောင်းကို မြန်မာက"ခွေးလှေး" "ဖုန်"တို့နှင့် ဥပမာပေးပြီး၊ ရခိုင်က "ခွေး" တောင်"တို့နှင့် ဥပမာပေးထားသည် ကိုတွေ့ရသည်။ ရခိုင်စကားပုံ ဆိုရိုး၏ အနက်အဓိပ္ပာယ်မှာ သိလွယ်မြင်လွယ်မှု ရှိသည်ကို တွေ့ရသည်။

**(ဂ) ဧည့်သည်နှင့်ဆိုင်သော စကားပုံ ဆိုရိုးစကား**

မြန်မာ - အိမ်သာလို့ ဧည့်လာ ( စကားပုံ)

ကချင် - ဧည့်လာလျှင် သာယာသည် ( စကားပုံ)

ကရင် - ဧည့်လာလျှင် အိမ်သာယာသည် (စကားပုံ)

ကရင် - တောင်ပို့ကောင်းလျှင်မှိုပေါက်၊ အိမ်သာလျှင် ဧည့်ရောက် (စကားပုံ)

အခြေအနေအရပ်ရပ် ကောင်းမွန်ပြည့်စုံသာယာသောအိမ်သို့ ဧည့်သည်များစွာ လာရောက်ဝင်ထွက်လည် ပတ်တတ်သည်ကိုဆိုလိုသည့် အနက်အဓိပ္ပာယ်ဖြစ်သည်။ မြန်မာစကားပုံသည် အိမ်သာသာယာယာဖြစ်လျှင် ဧည့်သည်လာသည်ဟူသောအနက်အဓိပ္ပာယ်နှင့် ပြောခြင်းဖြစ်သည်။ ကချင်စကားပုံသည် ဧည့်သည်လာလျှင် သာယာသည်ဟူသော အနက်အဓိပ္ပာယ်နှင့် ပြောခြင်းဖြစ်သည်။ ကရင်စကားပုံသည် ဧည့်သည်လာလျှင် အိမ်သာယာသည် ဟူသောအနက်အဓိပ္ပာယ်နှင့် ပြောထားခြင်းဖြစ်သည်။ နောက် ကရင် စကားပုံတစ်ခုမှာ တောင်ပို့ကောင်းလျှင် မှိုပေါက်ကြောင်း၊ အိမ်သာသာယာယာရှိလျှင်လည်း ဧည့်သည် ရောက်သည်ဆိုသော အနက်အဓိပ္ပာယ်နှင့် ပြောထားသည်။

ဤစကားပုံများကို နှိုင်းယှဉ်လေ့လာကြည့်မည်ဆိုလျှင် မြန်မာစကားပုံမှာအိမ်သာယာမည်ဆိုလျှင် ဧည့်လာကြောင်း၊ ကချင် ကရင်စကားပုံများတွင် ဧည့်လာလျှင် အိမ်သာယာကြောင်း အနက်အဓိပ္ပာယ်သဘောဖြစ်ပြီး မြန်မာစကားပုံအနက်အဓိပ္ပာယ်နှင့် ပြောင်းပြန်ဖြစ်နေသော်လည်း ဆိုလိုချက်မှာတူညီကြောင်း တွေ့ရသည်။ နောက်ကရင်စကားပုံတစ်ခုမှာ သူတို့၏ မျက်မြင်ကိုယ်တွေ့နှင့် ဥပမာပေး၍ ပြောထားသည်ကို တွေ့ရသည်။ ထိုစကားပုံတွင်လည်း "တောင်ပို့ကောင်းတာမှိုပေါက်၊ အိမ်သာလျှင် ဧည့်ရောက်" "ပေါက်" "ရောက်" ဟူ၍ "အောက်" ကာရန်ယူပြီး ပြောထားသည်ကို တွေ့ရသည်။ ကရင်နှင့် ကချင်တိုင်းရင်းသားတို့သည် ရိုးသား၍ ဧည့်ဝတ်ကျေပွန်ကြသည့် တိုင်းရင်းသားများဖြစ်ကြောင်း စကားပုံများမှ ဖော်ပြနေသည်။

**(ဃ) အချိန်လွန်ပြီးမှ လုပ်ဆောင်သည်နှင့်ဆိုင်သော စကားပုံဆိုရိုး**

လရှီး - ကလေးကျမှပြီးမှ လှေကားထောင်သည်။ သားကောင်လွန်ပြီးခါမှ ခွေးဟောင်သည်။ (စကားပုံ)

ကချင် - ကလေးကျပြီးမှ လှေကားထောင် (စကားပုံ)

ချင်း - ကလေးကျပြီးမှ အပေါက်ဖာသည်။ နွားနောက်ဝင်ပြီးမှ ခြံစည်းရိုးကာသည်။ (စကားပုံ)

ကြိုတင်ဝီရိယထုတ်ခြင်း မရှိဘဲ၊ အချိန်လွန်မှ လုပ်ဆောင်ခြင်းကို ဖော်ပြသည့် စကားပုံဖြစ်သည်။ ဤ စကားပုံများတွင် လရှီး၊ ကချင်နှင့် ချင်းတို့သည် ကလေးနှင့်ဥပမာပေး၍ ပြောထားသည်ကို တွေ့ရသည်။ မြန်မာ၌ကြိုတင်ဝီရိယနှင့်လုပ်ဆောင်ခြင်းမရှိသည့် စကားပုံများတွင် ကလေးနှင့် ဥပမာပေးသည့်

စကားပုံတို့ကိုမတွေ့ရှိရသော်လည်း ဝိရိယနည်းသည်နှင့် သဘောချင်းတူသော စကားပုံများကို တွေ့ရသည်။

မြန်မာ - မိုးလွန်မှ ထွန်ချ (စကားပုံ)

ပအိုဝ် - မိုးလွန်မှ ထယ်ထိုး (စကားပုံ)

မိုးရာသီကုန်လွန်မှ လယ်ထွန်ရန်စိုင်းပြင်းသကဲ့သို့ အချိန်လွန်မှပြုလုပ်ရန် ကြိုးစားအားထုတ်ခြင်း အနက်အဓိပ္ပာယ်ကို ဆိုလိုခြင်းဖြစ်သည်။ ကြိုတင်ဝိရိယမရှိခြင်းကိုဖော်ပြသည့် စကားပုံများတွင် မြန်မာက မိုးလွန်မှထွန်းတုံးချပုံနှင့် ဥပမာပေး၍ ပအိုဝ်ကမူ မိုးလွန်မှထယ်ထိုးဆိုပြီး သူတို့၏ တောင်ယာလုပ်ငန်းသုံး "ထယ်"နှင့် ဥပမာပေးသွားသည်ကို တွေ့ရသည်။ ပအိုဝ်တိုင်းရင်းသားတို့သည် တောင်တန်းဒေသတို့တွင် တောင်ယာလုပ်ငန်းတို့ဖြင့် အသက်မွေးကြကြောင်းကို စကားပုံများမှ ဖော်ပြနေသည်။ မြန်မာနှင့် ပအိုဝ်စကားပုံနှစ်ခုမှာ ဆိုလိုသည့်အနက်အဓိပ္ပာယ်တူညီသည်ကို တွေ့ရသည်။

မြန်မာ - မိုးသောက်မှကြက်တင်၊ နေဝင်မှ စပါးလှန်း (စကားပုံ)

ရခိုင် - မိုးလင်းကြက်တွန်၊ နေဝင် စပါးလှန်း (စကားပုံ)

မိုးလင်းမှကြက်ကို အိပ်တန်းတင်သကဲ့သို့ လည်းကောင်း၊ နေဝင်မှစပါးလှန်းသကဲ့သို့ လည်းကောင်း အချိန်နှင့် လုပ်ရမည့်အလုပ်ကို အချိန်လွန်မှ ပြုလုပ်သည့် အနက်အဓိပ္ပာယ်ကို ဆိုလိုခြင်း ဖြစ်သည်။ အထက်ပါစကားပုံတွင် မြန်မာကမနက်မိုးလင်းခါစကို မိုးသောက်ယံဟု ခေါ်ဝေါ်သုံးစွဲသော်လည်း ရခိုင်ကမိုးလင်းဟူသော စကားသုံးထားသည်ကိုတွေ့ရသည်။ မြန်မာကဝေလီဝေလင်းအချိန်ကို ပြောခြင်းဖြစ်နိုင်သလို ရခိုင်က မိုးစင်စင်လင်းသောအချိန်ကို ပြောခြင်းလည်း ဖြစ်နိုင်သည်။ မြန်မာစကားပုံ၏ "မိုးသောက်ယံ" အသုံးနှင့် ရခိုင်စကားပုံရှိ "မိုးလင်း"အသုံးနှစ်ခု၏ အနက်အဓိပ္ပာယ်ကို နှိုင်းယှဉ်လေ့လာကြည့်သောအခါ မြန်မာစကားပုံရှိ "မိုးသောက်ယံ"အသုံး၏ အနက်အဓိပ္ပာယ်မှာ အနက်အဓိပ္ပာယ်ဖော်ရခက်ပြီး ရခိုင်စကားပုံ၏ "မိုးလင်း"အသုံးမှာ အနက်အဓိပ္ပာယ်အလွယ်တကူ ကောက်ယူနိုင်သည်။ ထိုဆိုရိုးစကား၏ နောက်ဆုံး စကားဖြစ်သော "နေဝင်မှစပါးလှန်း"သည် မြန်မာနှင့် ရခိုင်တူညီမှုရှိသည်ကိုတွေ့ရသည်။

မြန်မာ - နောက်ကျနွားချေးနှင့် သလဲ (စကားပုံ)

ပအိုဝ် - နောက်ကျတဲ့နွား တုံးဆွဲ (စကားပုံ)

ရွှေကျားသည် ထမင်းစားနောက်ကျ၍ ထမင်းထုပ်ထဲ၌ နွားချေးနှင့်သလဲသာ တွေ့ရသကဲ့သို့ သူတကာထက် နောက်ကျသူသည် ရမည့်အခွင့်အရေးလက်လွတ်ရသည်ကို ဆိုလိုသည့် အနက်အဓိပ္ပာယ်ဖြစ်သည်။

မြန်မာစကားပုံတွင် "နွားချေး" "သလဲ"တို့နှင့် ဥပမာပေးသွားသကဲ့သို့ ပအိုဝ်စကားပုံ တွင် "နွား" "တုံး"တို့နှင့် ဥပမာပေးသွားသည်ကိုတွေ့ရသည်။ မြန်မာစကားပုံနှင့် ပအိုဝ်စကားပုံတွင် ဥပမာပြသွားသည်မှာ ကွဲပြားသော်လည်း ဆိုလိုသည့်အနက်အဓိပ္ပာယ်မှာ တူညီသည်။

**(င) အလုပ်လုပ်ရာတွင် ပေါ့လျော့လုပ်ဆောင်သည်နှင့်ဆိုင်သော စကားပုံ ဆိုရိုး**

မြန်မာ - လယ်ထွန်သွား နွားမေ့ (စကားပုံ)

အင်းသား - လှေဆင်း တက်မေ့ (စကားပုံ)

ပအိုဝ် - တောင်ယာသွား ကျွဲမေ့ (စကားပုံ)

လယ်ထွန်သွားရာတွင် နွားမေ့ကျန်သကဲ့သို့ အလုပ်တစ်ခုလုပ်ရန်သွားရာတွင် အဓိကလိုအပ်သော အရာမေ့ကျန်သည်ကိုဆိုလိုသည့် အနက်အဓိပ္ပာယ်ဖြစ်သည်။ ဤစကားပုံများကိုကြည့်လျှင် မြန်မာလူမျိုး တို့ လယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုသော "လယ်" "နွား" ဆိုသည့် စကားလုံးများကို အသုံးပြုထားပြီး၊ အင်းသားလူမျိုးတို့သည် အလျားပေ ၅၀ကျော် ဖါဂနီးပါးခန့်ရှည်သည့် သစ်သားလှေကြီးများကို အသုံးပြု ကြသည့်အတွက် သူတို့၏ ဓလေ့ထုံးစံအရ သူတို့ အသုံးပြုသော "လှေ" "တက်" ဆိုသည့် စကားလုံးကို အသုံးပြုထားသည်ကိုတွေ့ရသည်။ ထို့အပြင် ပအိုဝ်လူမျိုးတို့သည်လည်း သူတို့၏ဓလေ့ထုံးစံအရ အသုံးပြု သည့်"တောင်ယာ" ကျွဲ" ဆိုသည့် စကားလုံးများ သုံးထားသည်ကို တွေ့ရသည်။

မြန်မာ - မြင်းစီးလို့မှ အထီးမှန်းအမမှန်း မသိ (စကားပုံ)

ရခိုင် - တစ်မိုးလယ်ထွန် နွားထီးလား နွားမလား မသိ (စကားပုံ)

မိမိစီးသောမြင်းသည် အထီးမှန်း အမမှန်း မသိသကဲ့သို့ မိမိပြုလုပ်နေသော ကိစ္စကိုပင် ကွဲကွဲပြားပြား ခွဲခြားမသိသည်ကို ဆိုလိုသည့် အနက်အဓိပ္ပာယ်ဖြစ်သည်။ ဤစကားပုံတွင် မြန်မာက "မြင်းထီး" “မြင်းမ” နှင့် ဥပမာပေးပြီးရခိုင်က "နွားထီး" "နွားမ"တို့နှင့် ဥပမာပေးသွားသည်ကို တွေ့ရ သည်။

**(စ) အချိန်လွန်မှ သတ္တိထုတ်ပြသည့် လုပ်ဆောင်မှုနှင့်သက်ဆိုင်သည့် စကားပုံ ဆိုရိုး**

မြန်မာ - သူခိုးပြေးမှ ထိုးကွင်းထ (စကားပုံ)

မြန်မာ - ကျားသေမှ လူစွမ်းကောင်းပေါ် (စကားပုံ)

ချင်း - ကြွက်ပြေးမှ ကြောင်နိုင်သည် (စကားပုံ)

သူခိုးရှိစဉ်က မည်သည့်အစွမ်းမျှ မပြဘဲ သူခိုးပြေးခါမှ ထိုးကွင်းက အစွမ်းပြသကဲ့သို့ ပြဿနာနှင့် ရင်ဆိုင်ရမည့် အချိန်ငြိမ်နေပြီး ပြဿနာပြေလည်သွားခါမှ မိမိမည်မျှအစွမ်းသတ္တိရှိကြောင်း ဟိတ်ဟန် တပြုပြုလုပ်သည့် အနက်အဓိပ္ပာယ်ဖြစ်သည်။ မြန်မာစကားပုံနှင့် ချင်းစကားပုံတို့မှာ အနက်အဓိပ္ပာယ် သာမက သဘောသဘာဝခြင်း တူညီသည်ကို တွေ့ရသည်။ ချင်းတို့သည် များသောအားဖြင့်ဖြင့် မြွေ၊ ကျား၊ ကြောင်၊ ကြွက်နှင့်ဖားသားတို့ကို စားလေ့မရှိသည့် ဓလေ့ထုံးစံရှိသည်။ ထို့ကြောင့်သူတို့ စားလေ့မရှိသည့် တိရိစ္ဆာန်နှင့် ဥပမာပေးထားသည့် စကားပုံဖြစ်သည်။

**(ဆ) သားသမီး၏ လုပ်ဆောင်မှုနှင့် သက်ဆိုင်သည့် စကားပုံ ဆိုရိုး**

မြန်မာ - သားသမီးမကောင်း မိဘခေါင်း (စကားပုံ)

ကရင် - သားသမီးဆိုးလျှင် မိဘကိုထိ (စကားပုံ)

သားသမီးများ အကျင့်စာရိတ္တမကောင်းသူ ဖြစ်လာလျှင် မိဘဝတ္တရားပျက်ကွက်သည်ဟု မိဘတို့အပေါ် အပြစ်ပုံချသည်အနက်အဓိပ္ပာယ်ကို ဆိုလိုသည်။ ဤစကားပုံကို လေ့လာကြည့်လျှင် မြန်မာက သားသမီး မကောင်းဟုဆိုထားသည်ကို ကရင်ကသားသမီးဆိုးလျှင်တွင် "ဆိုး" ဟု တိုက်ရိုက် အနက်အဓိပ္ပာယ် ထွက်သည့် စကားလုံးသုံးထားသည်ကိုတွေ့ရသည်။ ထို့အပြင် မြန်မာကမိဘခေါင်းဟု တင်စားသည့်

သဘောနှင့် သုံးထားသော်လည်း ကရင်က မိဘထိဆိုပြီး တိုက်ရိုက်အနက်အဓိပ္ပာယ်ဖြစ်သည့် "ထိ" ဆိုသည့် ကြိယာ စကားလုံးကို သုံးထားသည်ကိုတွေ့ရသည်။

**(ဓ) ဥာဏ်သုံးပြီး ပြုလုပ်ရသည်နှင့်ဆိုင်သည့် စကားပုံ ဆိုရိုး**

မြန်မာ - တစ်ချက်ခုတ် နှစ်ချက်ပြတ် (စကားပုံ)

ပအိုဝ်း - တစ်ချက်ခုတ် သုံးပိုင်းကျိုး (စကားပုံ)

တစ်ချက်ခုတ်ရုံဖြင့် နှစ်ချက်ပြတ်သကဲ့သို့ အလုပ်တစ်ခုပြုလုပ်ရုံနှင့် ကိစ္စနှစ်ခုပြီးမြောက်သည်ကို ဆိုလိုသည့် အနက်အဓိပ္ပာယ်ဖြစ်သည်။ မြန်မာစကားပုံဖြစ်သည့် "တစ်ချက်ခုတ် နှစ်ချက်ပြတ်"တွင် "တစ်ချက်" နှင့် "နှစ်ချက်"သည် ကာရန်လိုက်ပြီးသုံးထားပြီး "ခုတ်" အုတ်သရနှင့် "ပြတ်" အတ်သရ တို့ကို သုံးထားသည်ကို တွေ့ရသည်။ မြန်မာစကားပုံနှင့် ပအိုဝ်းစကားပုံတွင် ရှေ့မှ"တစ်ချက်ခုတ်" ဟူသော အသုံးမှာတူသော်လည်း နောက်အသုံးမှာ မတူသည်ကိုတွေ့ရသည်။

**(ဈ) တစ်ကြိမ် တစ်ခါခံရဖူးသည့်အတွက်ကြောက်လန့်နေသည်နှင့် သက်ဆိုင်သည့် စကားပုံ ဆိုရိုး**

မြန်မာ - ခဲမှန်ဖူးတဲ့ စာသငယ် (စကားပုံ)

ပအိုဝ်း - မြားမှန်ဖူးတဲ့ ကျီးကန်းလို (စကားပုံ)

ခဲမှန်ဖူးသောစာသငယ်သည် လူကို မြင်တိုင်းလန့်နေသကဲ့သို့ ဒုက္ခရောက်ဖူးသူသည် အန္တရာယ် အရိပ်အယောင်တွေ့တိုင်း ထိတ်လန့်တုန်လှုပ်သည်ဟူသော အနက်အဓိပ္ပာယ်ဖြစ်သည်။ ဤစကားပုံတွင် မြန်မာစကားပုံက ပစ်သည့်ပစ္စည်းကို "ခဲ" ဟုသုံးထားပြီး ပအိုဝ်းတိုင်းရင်းသားတို့သည် မိုးရာသီတွင် လယ်ယာလုပ်ငန်းများလုပ်ကိုင်ကြပြီး နွေရာသီတွင် အုပ်စုဖွဲ့၍ အမဲလိုက်ကြသော ဓလေ့ထုံးစံရှိကြသည့် အတွက် ပအိုဝ်းစကားပုံတွင်မူ "မြား"ဟု သုံးသည်ကိုတွေ့ရသည်။ မှန်သည့်သတ္တဝါကို မြန်မာစကားပုံတွင် "စာသငယ်" ဟု သုံးပြီး ပအိုဝ်း က "ကျီးကန်း"ဟု သုံးထားသည်ကို တွေ့ရသည်။

**(ည) စကားအပြောအဆိုနှင့် သက်ဆိုင်သည့် စကားပုံ ဆိုရိုး**

မြန်မာ - နှုတ်သချို ချိုတစ်ပါး (ဆိုရိုး)

ချင်း - ကြမ်းတမ်းသောစကားကြောင့် နွားနောက်လျော့ရသည်။ နူညံ့သောစကားကြောင့် နွားနောက်ကြွေးကျေ (ဆိုရိုး)

ချိုသာစွာပြောဆိုခြင်းသည် အရေးကိစ္စများကို အောင်မြင်ပြီးမြောက်စေသည်ကို ဆိုလိုသည့် အနက် အဓိပ္ပာယ်ဖြစ်သည်။ ချင်းဆိုရိုးတွင် ကြမ်းတမ်းသောစကားနှင့် နူညံ့သောစကား ဟူ၍နှစ်ပိုင်းခွဲ ပြောထားသည်ကို တွေ့ရသည်။ ချင်းတို့၏ဓလေ့ထုံးစံအရ နွားနောက်၊ ခေါင်းရည်နှင့် နားကွင်းတို့မှာ အရေးပါ အရာရောက်သည်။ နားကွင်းနှင့် နွားနောက်ကို မင်္ဂလာကြေးအဖြစ် တင်၍တောင်းလေ့ရှိသည့် ဓလေ့ထုံးစံရှိသည်။ ထို့ကြောင့် သူတို့တန်ဖိုးထားသော "နွားနောက်" ဖြင့် ဥပမာပေးသွားသည်ကို တွေ့ရ သည်။

မြန်မာ - ကြမ်းကျွံလျှင် နှုတ်၍ရသည်၊ စကားလွန်လျှင် နှုတ်မရ (ဆိုရိုး)

ရခိုင် - ကြမ်းကျွံ ကေနှုတ်ရ စကားကျွံ ကေနှုတ်မရ (ဆိုရိုး)

ချင်း - စကားကျွံလျှင် ဒုက္ခတွေ့ (ဆိုရိုး)

ကရင် - တွင်းဆိုးကျွံလျှင် နှုတ်ရသည်၊ စကားကျွံသော် နှုတ်မရ (ဆိုရိုး)

မွန် - စကားကျွံနှုတ်ရခက်၊ ခြေထောက်ကျွံ ဒူးခေါင်းပြတ် (ဆိုရိုး)

ကြမ်းကျွံလျှင် နှုတ်၍ရသည်၊ စကားလွန်လျှင် နှုတ်၍မရခြင်းကို ဆိုလိုသော အနက်အဓိပ္ပာယ်ဖြစ်သည်။ ဤဆိုရိုးတွင် မြန်မာနှင့်ရခိုင်သည် " ကြမ်း" နှင့် ဥပမာပေးထားပြီး၊ ကရင်တွင် "တွင်းဆိုး"နှင့် ဥပမာပေးထားသည်။ မွန်ဆိုရိုးသည် “ခြေထောက်ကျွံဒူးခေါင်းပြတ်” ဟူ၍ ထင်သာမြင်သာရှိသောအနက်အဓိပ္ပာယ်နှင့် ဥပမာပေးထားသည်ကိုတွေ့ရသည်။ ချင်းဆိုရိုးတွင်မူ တိုက်ရိုက်အနက်အဓိပ္ပာယ်နှင့် ပြောထားသည်ကိုတွေ့ရသည်။

မြန်မာ - ထွေးပြီးသားတံတွေး ပြန်မျိုရိုးမရှိ (စကားပုံ)

ပအိုဝ် - ထွေးပြီးလျှင် ပြန်မျိုမရ (စကားပုံ)

ထွေးပြီးသားတံတွေးကို ပြန်မျိုရိုးမရှိသကဲ့သို့ ပေးပြီးသားကတိကို ပြန်ရုတ်သိမ်းရရိုး မရှိကြောင်း ဆိုလိုသည့် အနက်အဓိပ္ပာယ်ဖြစ်သည်။ ကတိနှင့်ပတ်သက်သည့် စကားပုံတွင် မြန်မာက "တံတွေး" နှင့် ဥပမာ ပေးထား သော်လည်း ပအိုဝ်စကားပုံ က“တံတွေး” အသုံးကိုမြုပ်ထားသည်။

မြန်မာ - ထွက်ပြီးသောဆင်စွယ် ဝင်တယ်လို့မရှိ (စကားပုံ)

ချင်း - တောဝက်စွယ်ထွက်ပြီး ပြန်မဝင် (စကားပုံ)

ထွက်ပြီးသော ဆင်စွယ်သည် ပြန်ဝင်ရိုးမရှိသကဲ့သို့ သူတော်ကောင်းတို့သည် ဆိုပြီးသော စကားကို ဖျက်သိမ်း ရိုး မရှိကြောင်း ဆိုလိုသည့် အနက်အဓိပ္ပာယ်ဖြစ်သည်။ စကားနှင့် ပတ်သက်သည့်စကားပုံတွင် မြန်မာက "ဆင်" နှင့် ဥပမာပေးပြီး ချင်းအမျိုးသားတို့သည် အမဲလိုက်၊ သစ်ခုတ်၊ တောင်းရက်၊ ခြံစိုက် စသည်တို့ကို လုပ်ကိုင်ကြသည့်အတွက် သူတို့အမဲလိုက်သည့် "တောဝက်" နှင့် ဥပမာပေး ပြောသွားသည် ကို တွေ့ရသည်။ မြန်မာစကားပုံတွင် “ထွက်ပြီး” ဆိုသည့် ကြိယာအသုံးကို ရှေ့မှာထားသုံးထားပြီး ချင်း စကားပုံတွင် “ထွက်ပြီး” အသုံးကို နောက်မှာသုံးထားသည်ကို တွေ့ရသည်။

မြန်မာ - စကားများ အမှားပါ (ဆိုရိုး)

ကယား- စကားအရမ်းကာရောပြောလျှင် လျှော်ရတတ်သည်။ လှံကိုအရမ်းပစ်ခတ်လျှင် ခွေးထိမှန်တတ်သည်။ (ဆိုရိုး)

စကားများများပြောလျှင် ပြောမှားဆိုမှားဖြစ်တတ်ကြောင်းကို ဆိုလိုသည့်အနက်အဓိပ္ပာယ် ဖြစ်သည်။ မြန်မာဆိုရိုးသည် တိုတိုရှင်းရှင်းနှင့် ပြောထားသော်လည်း၊ ကယားဆိုရိုးမှာ အရေးဝါကျပုံစံနှင့် ပြောထားသည်ကို တွေ့ရသည်။ ထို့အပြင် ကယားအမျိုးသားတို့သည် တူလေး၊ ရဲဒင်း၊ ပုဆိန်၊ တူမီးသေနတ်၊ ဒိုင်း၊

ဓားနှင့်လှံ တို့ကို ကိုင်ဆောင်ပြီး တောလိုက်ကြသည့် ဓလေ့ထုံးစံရှိကြသည့်အတွက် “လှံ” “ခွေး” တို့နှင့် ဥပမာပြထား သည်။

**(၄) ဆွေမျိုးနှင့် သက်ဆိုင်သည့် စကားပုံ ဆိုရိုးများ**

မြန်မာ - သူစိမ်းကောင်းလျှင် ဆွေမျိုးမသာ (ဆိုရိုး)

ပအိုဝ် - ထင်းစိုထင်းရှူးလုပ်ရတယ်၊ သူစိမ်းကို ဆွေမျိုးလုပ်ရတယ် (ဆိုရိုး)

သူစိမ်းကောင်းလျှင် ဆွေမျိုးထက်ပင် အားကိုးရသည်ဟု ဆိုလိုသောအဓိပ္ပာယ်ဖြစ်သည်။ သူစိမ်းကောင်းလျှင် ဆွေမျိုးထက်သာကြောင်းပြောရာတွင် ပအိုဝ်က "သူစိမ်း" ကို "ထင်းစို" နှင့်လည်းကောင်း၊"ဆွေမျိုး" ကို "ထင်းရှူး" တို့နှင့်လည်းကောင်း ဥပမာပေးထားသည်ကို တွေ့ရသည်။ အပြောဝါကျပုံစံနှင့် ပြောထားသည်ကိုတွေ့ရသည်။ ပအိုဝ်တိုင်းရင်းသားတို့သည် ၎င်းတို့၏ပတ်ဝန်းကျင်ရှိ သစ်ပင်နှင့်ဥပမာ ပေးထားသည်ကို တွေ့ရသည်။

**(၅) မိန်းမပရိယာယ်နှင့် သက်ဆိုင်သည့် စကားပုံ ဆိုရိုးများ**

မြန်မာ - မိန်းမမာယာ သဲကိုးဖျာ (ဆိုရိုး)

ပအိုဝ် - မိန်းမမာယာ နှမ်းသုံးတင်း (ဆိုရိုး)

မိန်းမတို့၏မာယာသည် ဖျာကိုးချပ်စာ သဲပွင့်အရေအတွက်နှင့်အမျှ များပြားသည်ဟုဆိုလိုသည့် အနက်အဓိပ္ပာယ်ဖြစ်သည်။ မိန်းမတို့၏ပရိယာယ်ကို မြန်မာက "ယာ" နှင့် "ဖျာ" ဟူ၍ အာသရကို သုံးထားသည့်အပြင် သဲအရေအတွက် ကိုးဖျာနှင့်ဥပမာပေးထားပြီး ပအိုဝ်တွင် နှမ်းအရေအတွက် သုံးတင်းနှင့် ဥပမာပေးထားသည်ကိုတွေ့ရသည်။

မြန်မာ - သုံးကျောင်းပြောင်းသောရှင် သုံးလင်ပြောင်းသောမိန်းမ (ဆိုရိုး)

ရခိုင် - ဘုန်းကြီးမှာသုံးကျောင်း မိန်းမလှသုံးလင် (ဆိုရိုး)

သုံးကျောင်းပြောင်းသော ရှင်ရဟန်း၊ သုံးလင်ပြောင်းသော မိန်းမတို့ကို မတည်တံ့သူများအဖြစ် အများက အထင်သေးကြကြောင်းဆိုလိုသည့် အနက်အဓိပ္ပာယ်ဖြစ်သည်။ မြန်မာဆိုရိုးမှာ ကာရန်သဘောနှင့် ပြောထားသော်လည်း ရခိုင်တွင် တိုတိုတုတ်တုတ်ရိုးရိုးရှင်းရှင်း ပြောသွားသည်ကို တွေ့ရသည်။ ထို့အပြင် မြန်မာဆိုရိုးက နာမ်အထူးပြုများဖြစ်သော "သုံးကျောင်းပြောင်းသော" "သုံးလင်ပြောင်းသော" တို့ကို ရှေ့၌ထားသော်လည်း ရခိုင်ကမူ ထိုနာမ်အထူးပြုတို့ကို နောက်မှာထားပြီး ပြောသွားသည်ကိုတွေ့ရသည်။

**(၃) မိဘနှင့် သားသမီး သက်ဆိုင်သည့် စကားပုံ ဆိုရိုးများ**

မြန်မာ - မိဘစကား နားမထောင် သားတစ်ကောင်နှင့် တိုးလို့တွဲလဲ (ဆိုရိုး)

ချင်း- လူကြီးဖီဆန် ဒုက္ခတွေ့ (ဆိုရိုး)

မိဘစကားနားမထောင်သော သမီးသည် အိမ်ထောင်ရေး၌ ဒုက္ခရောက်တတ်ကြောင်း ဆိုလိုသည့် အနက်အဓိပ္ပာယ်ဖြစ်သည်။ လူကြီးမိဘတို့၏စကားကို နားမထောင်ပါက ဒုက္ခရောက်ကြောင်းကို မြန်မာက

"သားတစ်ကောင်နှင့် တိုးလို့တွဲလွဲ" ဆိုပြီးသွယ်ဝိုက်ပြောသွားသည်ကို တွေ့ရသည်။ ချင်းကမူ "ဒုက္ခတွေ့" ဆိုပြီး တိုက်ရိုက် အနက်အဓိပ္ပာယ်နှင့် ပြောသွားသည်ကိုတွေ့ရသည်။

**(ဃ) မျိုးရိုးနှင့် သက်ဆိုင်သည့် စကားပုံ ဆိုရိုးများ**

မြန်မာ - ချောင်းရိုးမြောင်းရိုးတိမ်ကောသည်၊ လူမျိုးမတိမ်ကော (ဆိုရိုး)

ချင်း - ချောင်းရေခန်းသလို မျိုးရိုးမခန်းမပျောက်၊ ချောင်းရိုးမြောင်းရိုးတိမ်ကောသလို မျိုးရိုးမတိမ် ကောနိုင် (ဆိုရိုး)

ရခိုင် - ချောင်းရိုးတိမ်လို့ မျိုးရိုးမတိမ် (ဆိုရိုး)

ချောင်းရိုး မြောင်းရိုးများသာ တိမ်ကောသည်၊ ပပျောက်သွားသည်ဟူ၍ ရှိ၏။ လူတို့၏ မျိုးရိုးဗီဇမှာမူကား တိမ်ကောသွားသည်၊ ပပျောက်သွားသည်ဟူ၍ မရှိနိုင်ကြောင်း ဆိုလိုသည့် အနက်အဓိပ္ပာယ်ဖြစ်သည်။ မျိုးရိုးနှင့်ပတ်သက်၍ပြောရာတွင် ချင်းက ချောင်းရိုးကို " ခန်း" " မခန်း" ဟူသောစကားလုံးနှင့်ပါ ဥပမာ ပေးပြောသွားသည်ကို တွေ့ရသည်။ နောက်မှ ဥပမာပေးထားသည့် စကားသည် မြန်မာနှင့်တူ သည်ကို တွေ့ရသည်။ ရခိုင်ဆိုရိုးတွင်မူ ရှင်းရှင်းလင်းလင်း တိုတိုတုတ်တုတ်နှင့် ဥပမာပေးသွားသည်ကို တွေ့ရ သည်။

**(ဏ) အမှုကိစ္စနှင့် သက်ဆိုင်သည့် စကားပုံ ဆိုရိုးများ**

မြန်မာ - ကြီးသည့်အမှု ငယ်စေ၊ ငယ်သည့်အမှု ပလပ်စေ (ဆိုးရိုး)

ချင်း - ငယ်သည့်အမှုမကြီးစေနှင့် (ဆိုရိုး)

ကြီးသောအမှုကိုငယ်သောအမှုဖြစ်အောင်၊ ငယ်သောအမှုကို ပပျောက်ကျေအေးအောင် ဆောင်ရွက်အပ် သည်ကို ဆိုလိုသည့် အနက်အဓိပ္ပာယ်ဖြစ်သည်။ အမှုကိစ္စနှင့်ပတ်သက်ပြီး မြန်မာက "ငယ်စေ" "ပလပ် စေ" ဟူ၍အဆုံးချ ဆင်တူနှင့် ပြောသွားသည်ကို တွေ့ရသည်။ ထို့အပြင် "ကြီးသည့်အမှု" "ငယ်သည့် အမှု" ဟူ၍ အမျိုးအစားခွဲပြီး ပြောသွားသည်ကို တွေ့ရသည်။ ချင်းဆိုရိုး၌ တိုက်ရိုက် အနက်အဓိပ္ပာယ်နှင့် တိုတိုတုတ်တုတ် ရှင်းရှင်းလင်းလင်း ပြောသွားသည်ကို တွေ့ရသည်။

**(တ) အကျိုးအမြတ်နှင့်သက်ဆိုင်သည့် စကားပုံ ဆိုရိုးများ**

မြန်မာ - ဘုရားလည်းဖူး လိပ်ဥလည်းတူး (စကားပုံ)

ကရင် - ဘုရားလည်းဖူး၊ ပျားလည်းတူး (စကားပုံ)

ဘုရားဖူးရန် သွားရောက်ရင်း လိပ်ဥကိုလည်း တူးသည်ဆိုသကဲ့သို့ ကိစ္စတစ်ခုအတွက်သွားလာ လုပ်ကိုင် ရင်းအမြတ်ပေါ်မည့် အခြားကိစ္စတစ်ခုကိုလည်း လုပ်ဆောင်သည်ကို ဆိုလိုသည့်အနက် အဓိပ္ပာယ် ဖြစ်သည်။

အကျိုးအမြတ်နှင့်ပတ်သက်သည့် စကားပုံတွင် မြန်မာက "လိပ်ဥ" နှင့် ဥပမာပေးထားပြီး၊ ကရင်က"ပျား" နှင့် ဥပမာပေးထားသည်ကို တွေ့ရသည်။ ထူးခြားသည်မှာ မြန်မာကပျားကိုဖွတ်သည်ဟု သုံးသော်လည်း ကရင်ကပျားဖွတ်သည်ကို "တူး" ဆိုသည့် စကားလုံးသုံးထားသည်ကို တွေ့ရသည်။

မြန်မာ - တန်ဖိုးထက် လက်ခကြီး (စကားပုံ)

မြန်မာ - ခါးမထက် လက်ခကြီး (စကားပုံ)

ရခိုင် - ဆင်ဖိုးထက် ချွန်းဖိုးကြီး (စကားပုံ)

ရခိုင် - ထင်းဖိုးထက် လက်ခကြီး (စကားပုံ)

ပစ္စည်းတစ်ခု၏ မူလတန်ဖိုးထက် လက်ခကပိုများသည် ဆိုသကဲ့သို့ အမှုကိစ္စတစ်ခုအတွက် ကုန်ကျသည့် စရိတ်မှာ ရလဒ်နှင့်မကာမိအောင် ကြီးမားလှသည်ဆိုသည့် အနက်အဓိပ္ပာယ်ဖြစ်သည်။ မြန်မာစကားပုံနှင့် ရခိုင်စကားပုံ တို့၏ဆိုလိုသည့် အနက်အဓိပ္ပာယ်မှာတူညီသည်ကို တွေ့ရသည်။

**(ထ) အကျင့်သိက္ခာနှင့် သက်ဆိုင်သည့် စကားပုံ ဆိုရိုးများ**

မြန်မာ - ကိုယ့်မျက်ချေးကိုယ်မမြင်၊ သူများမျက်ချေးကိုမြင် (စကားပုံ)

ပလောင် - ကိုယ့်မျက်ချေး ကိုယ်အရင်ကြည့်၊ သူများမျက်ချေးကို မပြောနှင့်ဦး (စကားပုံ)

မိမိမျက်ချေးကိုမူမမြင်ဘဲ အခြားပုဂ္ဂိုလ်၏ မျက်ချေးကိုမူ မြင်တတ်သကဲ့သို့ မိမိအပြစ်ကိုမမြင်ဘဲ အခြားပုဂ္ဂိုလ်၏ အပြစ်ကိုမူ မြင်တတ်သည်ကို ဆိုလိုသည့် အနက်အဓိပ္ပာယ်ဖြစ်သည်။ မြန်မာစကားပုံသည် "မမြင်" "မြင်" ဟူ၍ “အင်” ကာရန်နှင့်ပြောထားသော်လည်း ပလောင်စကားပုံတွင် တိုက်ရိုက်အနက်အဓိပ္ပာယ်နှင့် ပြောထားသည်ကိုတွေ့ရသည်။

မြန်မာ - ယိုသူမရှက် မြင်သူရှက် (စကားပုံ)

ရခိုင် - ပြုသူမရှက် မြင်သူရှက် ( စကားပုံ)

ယိုသူမရှက်တတ်၍ မရှက်သော်လည်း မြင်သူရှက်ရသကဲ့သို့ အများအမြင်တွင် မဖွယ်ရာသော ကိစ္စကို ပြုသူက မရှက်သော်လည်း ကြားသူ မြင်သူကရှက်သည်ကို ဆိုလိုခြင်းဖြစ်သည်။ မြန်မာစကားပုံမှာ "ယိုသူ" ဟုသုံးထားပြီး ရခိုင်စကားပုံမှာ "ပြုသူ" ဟူ၍သုံးထားသည်ကို တွေ့ရှိရသည်။ စကားအသုံးအနှုန်းကွဲသော်လည်း အနက်အဓိပ္ပာယ်မှာ ထပ်တူကျသည်။

**(ဒ) ကြားထဲမှခံရခြင်းနှင့် ပတ်သက်သည့် စကားပုံ ဆိုရိုးများ**

မြန်မာ - ကျွဲနှစ်ကောင်ခတ်တဲ့ကြား မြေစာပင်မခံနိုင် (စကားပုံ)

ပလောင် - ကျွဲနှစ်ကောင်ခတ်လျှင် လယ်ကန်သင်းပျက်သည်(စကားပုံ)

ကျွဲနှစ်ကောင်ခတ်ရာတွင် ကြားက မြေစာပင်များပျက်စီးရသကဲ့သို့အင်အားကြီးသူနှစ်ဦး ခိုက်ရန်ဖြစ်ပွားရာ တွင်ကြားက အင်အားငယ်သူများ ဒုက္ခရောက်ရသည်ကို ဆိုလိုခြင်းဖြစ်သည်။ မြန်မာစကားပုံက "မြေစာပင်" နှင့် ဥပမာပေးပြီး ပလောင်ကမူ ကျွဲနှင့်လယ်ယာလုပ်ငန်းကို လုပ်ဆောင်ကြသည့်အတွက် "လယ်ကန်သင်း" နှင့် ဥပမာပေးထားသည် ကိုတွေ့ရသည်။ ဥပမာပြသည့် တိရစ္ဆာန်မှာတူသည်ကို တွေ့ရသည်။ ပလောင်စကားပုံမှာ အရေးဝါကျပုံစံ ဖြစ်သည်။

မြန်မာ - ငါးခုံမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ် (စကားပုံ)

အင်းသား - ငါးအုံမက်တစ်ကောင်ကြောင့် တစ်လှေလုံး နံစော် (စကားပုံ)

ပုပ်သော ငါးခုံးမတစ်ကောင်လှေပေါ်တွင် ပါလာသောကြောင့် တစ်လှေလုံးပုပ်သည်ဟု အထင်ခံရသကဲ့သို့ မကောင်းသူတစ်ဦးကြောင့် အသိုင်းအဝိုင်းတစ်ခုလုံး နာမည်ပျက်ရသည်ကို ဆိုလိုခြင်းဖြစ်သည်။ မြန်မာစကားပုံတွင် "ငါးခုံမ" နှင့် ဥပမာပေးထားပြီး အင်းသားစကားပုံမှာ ၎င်းတို့၏ဒေသရှိ ငါးဖြစ်သည့် "ငါးအုံမက်"နှင့် ဥပမာပေးထားသည်ကိုတွေ့ရသည်။ မြန်မာစကားပုံက "ပုပ်" ဟူသောစကားလုံး သုံးထားပြီး အင်းသားစကားပုံမှာ "နံစော်" ဟူသော စကားလုံးကို သုံးထားသည်။

**(ဓ) ကြိုတင်ပြင်ဆင်ခြင်းနှင့်သက်ဆိုင်သည့် စကားပုံ ဆိုရိုးစကားများ**

မြန်မာ - မိုးရွာတုန်း ရေခံ (စကားပုံ)

ပလောင် - မိုမကျခင် မြောင်းဖောက်ရာ (စကားပုံ)

ပလောင် - မိုးမကျခင် ထင်းခွေထားပါ။ (စကားပုံ)

မိုးရွာစဉ် ရေခံရသကဲ့သို့ အခြေအနေပေးခိုက် လုံ့လစိုက်၍ အခွင့်အရေးကို ရယူရမည်ကို ဆိုလိုခြင်း ဖြစ်သည်။

မြန်မာစကားပုံမှာ မိုးရွာနေသည့်အချိန် လုပ်ဆောင်ရမည့်ကို ဆိုလိုခြင်းဖြစ်ပြီး ပလောင်စကားပုံ အနက်အဓိပ္ပာယ်မှာ မိုးမကျခင်လုပ်ဆောင်ရမည့်အချိန်ကို ဆိုလိုခြင်းဖြစ်သည်။ ဆိုလိုသည့်အနက်အဓိပ္ပာယ်မှာတူညီသော်လည်း လုပ်ဆောင်ရမည့်အချိန်ကွဲသွားသည်ကိုတွေ့ရသည်။

မြန်မာ - ဒူးလောက်တင်မှ ရင်လောက်ကျ (စကားပုံ)

ရခိုင် - ရင်လောက်တင်မှ ခါးလောက်ကျ (စကားပုံ)

သားကောင်ကိုလက်နက်ဖြင့် ချိန်ရွယ်၍ ပစ်ခတ်ရာတွင် ဒူးနေရာသို့မှန်း၍ ပစ်မှ ရင်ဘတ်ကို မှန်နိုင်သကဲ့သို့ အလုပ်လုပ်ရာတွင် ပို၍ ရည်မှန်းထားမှ သင့်ရုံကျသည်ဟု ဆိုလိုခြင်းဖြစ်သည်။ မြန်မာစကားပုံမှာ "ဒူး" နှင့် "ရင်" ဟု ပြထားပြီး၊ ရခိုင်စကားပုံမှာ "ရင်" "ခါး" ဟုပြထားသည်။

**(န) အခြေအနေ၊ အချိန်အခါနှင့် သက်ဆိုင်သည့် စကားပုံ ဆိုရိုးများ**

မြန်မာ - နွားကောင်းမကောင်း ချောင်းတက်ကျမှသိ (ဆိုရိုး)

မြန်မာ - ရွှေအကြောင်း ဖယောင်းသိ၊ လူအကြောင်း ပေါင်းမှသိ (ဆိုရိုး)

မွန် - နွားကောင်းမကောင်း လှည်းဆွဲမှသိ၊ လူ ကောင်းမကောင်း အတူနေမှသိ (ဆိုရိုး)

ခိုင်းနွားတစ်ကောင် ကောင်းမကောင်း ချောင်းကမ်းပါးအတက်ကို ရုန်းသည့်အခါတွင်မှ သိရသည်ကို ဆိုလိုသည့် အနက်အဓိပ္ပာယ်ဖြစ်သည်။ ရွှေကို မှတ်တိုက်၍မှတ်ကို ဖယောင်းတုံးဖြင့် လိမ့်ကြည့်ခြင်းဖြင့် ရွှေကောင်း မကောင်းကို သိနိုင်သကဲ့သို့ လူ၏အကျင့်စရိုက် ကောင်း မကောင်းကို ပေါင်းကြည့်ခြင်းဖြင့် သိနိုင်သည်ကို ဆိုလိုသည့် အနက်အဓိပ္ပာယ်ဖြစ်သည်။ မွန်ဆိုရိုးစကားသည် မြန်မာဆိုရိုးစကားနှစ်ခုကို ပေါင်းပြီး ဆိုရိုးစကားတစ်ခုအဖြစ်ပြောထားသည်ကိုတွေ့ရသည်။ အဓိကမှာ လူတို့၏အကျင့်စရိုက်ကို ဖော်ပြသည့် ဆိုရိုးဖြစ်သည်။

မြန်မာ - ကျွဲပါးစောင်းတီး (စကားပုံ)

အင်းသား - ကျွဲပါးစောင်းတီး၊ ကျီးနား စာဖတ် (စကားပုံ)

ကျွဲ၏အနားတွင် စောင်းကို မည်မျှပင်သာယာစွာ တီးစေကာမူ ကျွဲအဖို့ အချည်းအနှီးသာဖြစ်သကဲ့သို့ အကောင်းအဆိုးမသိသူအား တန်ဖိုးရှိသောစကားကို နားဝင်အောင် မည်မျှပင်ပြောကြားစေကာမူ ထိုသူအဖို့ အချည်းနှီးသာဖြစ်သည်ကို ဆိုလိုခြင်းဖြစ်သည်။ အင်းသားစကားပုံသည် မြန်မာစကားပုံထက် "ကျီးနား စာဖတ်" ဟူသော အချက်ကိုပို၍ ဥပမာပေးထား သည်ကို တွေ့ရသည်။

**(ပ) ဘဝအနိမ့်အမြင့်နှင့် သက်ဆိုင်သည့် စကားပုံ ဆိုရိုးများ**

မြန်မာ - သစ်ငုတ်မြင့်တုံ၊ မြက်မြင့်တုံ (စကားပုံ)

ကယား - သစ်ငုတ်သည် မြက်ထက်တစ်ခါမြင့်၍ မြက်သည် သစ်ငုတ်ထက် တစ်ခါပြန်မြင့်သည်။ (စကားပုံ)

နွေရာသီ၌ မြက်များ ခြောက်သွေ့နေစဉ် သစ်ငုတ်တို့က မြက်ပင်များထက် မြင့်နေသော်လည်း မိုးရာသီ၌မြက်များ ရှင်သန်လာသည့်အခါ မြက်ပင်များက သစ်ငုတ်ထက် မြင့်သွားပြန်သကဲ့သို့ လောကဓံတရားအရ ကိုယ်ကမြင့်သည့်အခါမြင့်၍ သူကမြင့်သည့်အခါ မြင့်ပြန်သည်ကို ဆိုလိုသည့်အနက်အဓိပ္ပာယ်ဖြစ်သည်။ မြန်မာစကားပုံသည် "အုံ" သရနှင့် အဆုံးသတ်ထားပြီး ဆိုလိုသည့်အနက် အဓိပ္ပာယ်ကို အလွယ်တကူမသိနိုင်ပေ။ ကယားစကားပုံမှာ မြန်မာစကားပုံကို ပြန်ရှင်းထားသည့် ပုံစံဖြစ်နေသည်။ ထိုကြောင့် အနက်အဓိပ္ပာယ်မှာ အလွယ်တကူနားလည်လွယ်သည်။

**(ဖ) လူကြီးမိဘနှင့် သက်ဆိုင်သည့် စကားပုံ ဆိုရိုးများ**

မြန်မာ - သက်ကြီးစကား သက်ငယ်ကြား (ဆိုရိုး)

လရှီး - သက်ကြီးစကားမလွန်ဆန်သင့်၊ အရိုးရင့်ကိုလည်း မခုတ်ပိုင်းသင့် (ဆိုရိုး)

သက်ကြီးရွယ်အိုတို့၏ စကားကို ငယ်ရွယ်သူတို့က မှတ်သားလိုက်နာရမည်ကို ဆိုလိုသည့် အနက်အဓိပ္ပာယ်ဖြစ်သည်။ မြန်မာဆိုရိုး အနက်အဓိပ္ပာယ်မှာ သွယ်ဝိုက်သည့်သဘောပါဝင်ပြီး လရှီးဆိုရိုးစကားသည် ဆိုလိုသည့်အနက်အဓိပ္ပာယ်ကို တိုက်ရိုက်ဖော်ပြပြီး အရိုးရင့်နှင့်လည်း ဥပမာပေးထားသည်ကို တွေ့ရသည်။

**(ဗ) ဂုဏ်ဒြပ်နှင့် သက်ဆိုင်သည့် စကားပုံ ဆိုရိုးများ**

မြန်မာ - ကျားကြီးခြေရာကြီး (စကားပုံ)

မြန်မာ - ရေမြင့် ကြာမြင့် (စကားပုံ)

ရှမ်း - ကျားကြီးလျှင် ခြေရာကြီးမည်၊ ရေကြီးလျှင် လှေမြင့်မည်။ (စကားပုံ)

ကျား၏အရွယ် ကြီးလာသည်နှင့်အမျှ ခြေရာကြီးလာသကဲ့သို့ ရာထူးဂုဏ်သိန် ကြီးလာသည်နှင့်အမျှ အကုန်အကျပိုမိုများပြားလာသည်ကို ဆိုလိုခြင်းဖြစ်သည်။ ရေမျက်နှာပြင် မြင့်တက်သည်နှင့်အမျှ ကြာပင်ကလည်း မြင့်တက်ဘိသကဲ့သို့ မှီခိုရာ၏ အဆင့်အတန်း အခြေအနေ မြင့်မားလာသည်နှင့်အမျှ မှီခိုသူများလည်း အခြေအနေမြင့်မားလာသည်ကို ဆိုလိုခြင်းဖြစ်သည်။ မြန်မာစကားပုံနှစ်ခုကို ရှမ်း

စကားပုံက တစ်ခုတည်းပြောလိုက်ခြင်းဖြစ်သည်။ မြန်မာစကားပုံက "ကြာ"နှင့် ဥပမာပေးထားပြီး ရှမ်းစကားပုံတွင် "လေ့" နှင့် ဥပမာပေးထားသည်ကိုတွေ့ရသည်။

**(ဘ) စည်းလုံးခြင်းနှင့် သက်ဆိုင်သည့် စကားပုံ ဆိုရိုးများ**

မြန်မာ - နွားကွဲ ကျားကိုက် (စကားပုံ)

ရှမ်း - နွားကွဲလျှင် အမဲသားဖြစ်(စကားပုံ)

နွားအုပ်ကွဲလျှင် ကျားကိုက်ခံရသကဲ့သို့ အချင်းချင်းမညီမညွတ်ဖြစ်လျှင် ရန်သူအနှိပ်အစက် ခံရသည်ကို ဆိုလိုသည့် အနက်အဓိပ္ပာယ်ဖြစ်သည်။ မြန်မာစကားပုံမှာ "ကျား"နှင့် ဥပမာပေးထားပြီး ရှမ်းစကားပုံမှာ "အမဲသား" နှင့် ဥပမာပေးထားသည်ကို တွေ့ရသည်။ ရှမ်းစကားပုံသည် နွားကွဲလျှင်အသတ်ခံရမည်မှာ အသေအချာဖြစ်ကြောင်း တိုက်ရိုက်အနက်အဓိပ္ပာယ်နှင့် ပြောသွားသည်။

**(မ) ကျေးဇူးစောင့်သိမှုနှင့် သက်ဆိုင်သည့် စကားပုံ ဆိုရိုးများ**

မြန်မာ - အရိပ်နေနေ၊ အခက်ချိုးချိုး (စကားပုံ)

ရှမ်း - အရိပ်ခိုလျှင် အခက်မချိုးနှင့်၊ ကျားမကိုက်လျှင် မြွေပေါက်မည်။ (ဆိုရိုး)

ရှမ်း - ကျေးဇူးမသိတတ်သူမှာ သစ်ပင်အောက်အိပ်၍ သစ်ကိုင်းကိုချိုးဖဲ့တတ်သည်။ (ဆိုရိုး)

အရိပ်၌ခိုရင်း၊ အရိပ်ခိုရာအပင်၏ အကိုင်းအခက်ကို ချိုးဖဲ့ဖျက်ဆီးသကဲ့သို့ မိမိခိုကိုးရာ ကျေးဇူးရှိသူအား နစ်နာအောင် ကြံဆောင်ပြုလုပ်သည်ကို ဆိုလိုသည့် အနက်အဓိပ္ပာယ်ဖြစ်သည်။ မြန်မာစကားပုံသည် "နေနေ" "ချိုးချိုး" ဟူ၍ "အေ"သရ "အိုး"သရ တို့နှင့်ပြောထားသည်။ ရှမ်းဆိုရိုး စကားသည် တိုက်ရိုက် အနက်အဓိပ္ပာယ်နှင့် ပြောထားပြီး အရေးဝါကျပုံစံ ဖြစ်သည်။

**(ယ) အရသာနှင့် သက်ဆိုင်သည့် စကားပုံ ဆိုရိုးများ**

မြန်မာ - ဆားမပါသည့်ဟင်း၊ အရသာကင်း (ဆိုရိုး)

ရှမ်း - ဆားမပါသောဟင်းကို ချိုသည်ဟု မည်သူမျှ မဆို။ (ဆိုရိုး)

ဆားမပါသောဟင်းသည် အရသာ မရှိခြင်းကို ဆိုလိုသည့်အနက်အဓိပ္ပာယ်ဖြစ်သည်။ ရှမ်း ဆိုရိုးသည် သွယ်ဝိုက်အနက်အဓိပ္ပာယ်၊ နှစ်ဖက်သွားအနက်တို့နှင့် ပြသွားသည်ကိုတွေ့ရသည်။ မြန်မာဆိုရိုးမှာ "ဟင်း" "ကင်း" ဆိုပြီး "အင်း"သရသုံးပြီး ကာရန်သဘောနှင့်ပြောသွားသည်ကို တွေ့ရသည်။

**(ရ) သည်းခံခြင်းနှင့်ဆိုင်သည့် စကားပုံ ဆိုရိုးများ**

မြန်မာ - သည်းညင်းခံ နိဗ္ဗာန်ရောက် (ဆိုရိုး)

ရှမ်း - သည်းခံလျှင်ရွှေတုံးဖြစ်သည်။ သည်းမခံလျှင် သစ်တုံးဖြစ်သည်။ (ဆိုရိုး)

သည်းညည်းခံနိုင်ပါက နိဗ္ဗာန်သို့တိုင် ရောက်နိုင်သည်ကို ဆိုလိုခြင်းဖြစ်သည်။ မြန်မာဆိုရိုးစကားတွင် "နိဗ္ဗာန်"နှင့် ဥပမာပေးထားပြီး ရှမ်းဆိုရိုးစကားသည် "ရွှေတုံး" "သစ်တုံး" တို့နှင့် ဥပမာပေးထားသည်ကို တွေ့ရသည်။ ရှမ်းဆိုရိုးသည် အရေးပုံစံဖြစ်သည်။

**(လ) ကောင်းမှုကုသိုလ်နှင့်သက်ဆိုင်သည့် စကားပုံ ဆိုရိုးစကားများ**

မြန်မာ - မသာတစ်ခေါက်၊ ကျောင်းဆယ်ခေါက် (ဆိုရိုး)

မွန် - မသာတစ်ခေါက် ကျောင်းဆယ်ခေါက်၊ မသာဆယ်ခေါက် မီးနေတစ်ခေါက် (ဆိုရိုး)

အသုဘတစ်ကြိမ်ရှု၍ရသော သတိသံဝေဂသည် ဘုန်းကြီးကျောင်းသို့ အခေါက်ခေါက်သွား၍ တရားနာရာမှ ရသောသံဝေဂနှင့် ညီမျှသည်ကိုဆိုလိုခြင်းဖြစ်သည်။ မီးနေတစ်ခါသည် အသုဘအကြိမ်ကြိမ်သွားရခြင်းနှင့် ညီမျှကြောင်းကို မွန်ဆိုရိုးစကားတွင် "မီးနေ"နှင့်ပါ ဥပမာပေးထားသည်ကို တွေ့ရသည်။

**(ဝ) ဘေးအန္တရာယ်နှင့် သက်ဆိုင်သည့် စကားပုံ ဆိုရိုးစကားများ**

မြန်မာ - လာမည့်ဘေး အဝေးကမြင် (ဆိုရိုး)

မွန် - လာမည့်ဘေး အဝေးကမြင်နေသည် (ဆိုရိုး)

ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်ကို ကြိုတင်တွက်ဆထားရမည်ကို ဆိုလိုခြင်းဖြစ်သည်။ မြန်မာဆိုရိုးနှင့် မွန်ဆိုရိုးသည် အနက်အဓိပ္ပာယ်တူညီသော်လည်း မွန်ဆိုရိုးစကားသည် ဝါကျတိုပုံစံနှင့် သုံးထားသည်ကို တွေ့ ရသည်။

**(သ) ဆုံးရှုံးမှုနှင့် သက်ဆိုင်သည့် စကားပုံ ဆိုရိုးများ**

မြန်မာ - မြွေပါလည်းဆုံး၊ သားလည်းဆုံး (စကားပုံ)

မွန် - ပစ္စည်းလည်းကုန်၊ အကြွဲလည်းဆုံး၊ အမြီးလည်းပြတ် (စကားပုံ)

မြွေပါရော သားပါ ဆုံးရှုံးရသကဲ့သို့ နှစ်ဖက်နှစ်လမ်း နစ်နာဆုံးရှုံးသည်ကို ဆိုလိုခြင်းဖြစ်သည်။မွန်စကားပုံတွင်ဆုံးရှုံးမှုကိုဖော်ပြရာတွင် "ပစ္စည်း"၊ "အကြွဲ"၊ "အမြီး" တို့နှင့် ဥပမာပေးဖော်ပြသွားသည်ကိုတွေ့ရသည်။ ထို့အပြင် မွန်စကားပုံတွင် "ကုန်" "ဆုံး" "ပြတ်"ဟူသော ကြိယာတို့ကို အသုံးပြုသွားသည်ကို တွေ့ရသည်။

**(ဟ) ကံအကြောင်းနှင့် သက်ဆိုင်သည့် စကားပုံ ဆိုရိုးများ**

မြန်မာ - ကံယုံ၍ ဆူးပုံမနင်းရာ(စကားပုံ)

မြန်မာ - ကံယုံ မီးပုံမဆင်းရာ (စကားပုံ)

အင်းသား - ကံယုံပြီး ရေပေါ်လမ်းမလျှောက်နှင့်(စကားပုံ)

ဆူးပုံကိုနင်းလျှင် စူးမည်သာဖြစ်၍ မိမိကံကောင်းလှသည်ဟုကံကို ယုံပြီး ဆူးပုံကို မနင်းသင့်သကဲ့သို့ ဒုက္ခဖြစ်စေနိုင်သော ကိစ္စမှန်သမျှ ကံကို ယုံပြီး ဇွတ်မပြုလုပ်သင့်ပုံကို ဆိုလိုသည့် အနက်အဓိပ္ပာယ် ဖြစ်သည်။ မြန်မာ စကားပုံမှာ "ဆူး" "မီးပုံ" တို့နှင့် ဥပမာပေးထားပြီး အင်းသားစကားပုံတွင် အင်းသူအင်းသား တို့သည် နေထိုင်ရာဒေသ နှင့် ဥပမာပေးထားသည်ကိုတွေ့ရသည်။

## ခြုံငုံသုံးသပ်ချက်

ဤစာတမ်းတွင် မြန်မာစကားပုံ၊ ဆိုရိုးတို့နှင့် ကချင်၊ ပအိုဝ်၊ ရခိုင်၊ ကရင်၊ ချင်း၊ ရှမ်း၊ ကယား၊ မွန်၊ လရှီး၊ ပလောင် စသည့် တိုင်းရင်းသားတို့၏ စကားပုံ၊ ဆိုရိုးတို့နှင့် နှိုင်းယှဉ်လေ့လာ တင်ပြထားသည်။

တိုင်းရင်းသားစကားပုံ၊ ဆိုရိုးများသည် အနက်အဓိပ္ပာယ်ရိုးရှင်းသည်။ ဖတ်လိုက်သည်နှင့် မည်သည့်အနက်အဓိပ္ပာယ်ကို ညွှန်ပြနေသည်ကို လွယ်လွယ်ကူကူနှင့်သိနိုင်သည်ကများသည်။ သာဓက ပြရလျှင်- သက်ကြီးစကားမလွန်ဆန်သင့်၊ အရိုးရင့်ကိုလည်း မခုတ်ပိုင်းသင့် ဆိုသည့် ဆိုရိုးမျိုးဖြစ်သည်။

ထို့အပြင် တိုင်းရင်းသားစကားပုံ၊ ဆိုရိုးတို့သည် သူတို့၏ဓလေ့ထုံးတမ်းအရ အသုံးပြုသော အသုံးအဆောင်များ၊ သူတို့နေထိုင်ရာဒေသရှိ ပတ်ဝန်းကျင်မြင်ကွင်းများနှင့် ဥပမာပေးသွားသည်ကို တွေ့ရသည်။ သာဓကအားဖြင့်- ငါးအုံမက်တစ်ကောင်ကြောင့် တစ်လှေလုံးနံစော် အင်းသားစကားပုံသည် အင်လေးကန်ထဲရှိ ငါးနှင့် ဥပမာပေးသွားသည်။

မြန်မာစကားပုံ၊ ဆိုရိုးစကားနှင့် တိုင်းရင်းသား စကားပုံ၊ ဆိုရိုးစကားတို့ကို နှိုင်းယှဉ်လေ့လာကြည့် လိုက်သောအခါ တိုက်ရိုက်တူသော စကားပုံ၊ ဆိုရိုးစကားတို့မှာ "ကြက်မတွန်လို့မိုးမလင်း" စကားပုံသည် ကချင်၊ ပအိုဝ်၊ ရခိုင်တို့နှင့် အနက်အဓိပ္ပာယ်တိုက်ရိုက်တူနေသည်ကိုတွေ့ရသည်။ မြန်မာစကားပုံ ဆိုရိုး တို့ထက်ပိုပြီး ဥပမာပိုပြသွားသော စကားပုံဆိုရိုးစကားကို သာဓကပြရလျှင် မြန်မာက "အိမ်သာလို့ ဧည့်လာ" သည်ကို ကရင်က "တောင်ပို့ကောင်းတာ မှို့ပေါက်၊ အိမ်သာလျှင် ဧည့်ရောက်သည်" ဟူသော စကားပုံကိုတွေ့ရသည်။ မြန်မာစကားပုံ၊ ဆိုရိုးနှင့်အနက်အဓိပ္ပာယ်တူပြီး အသုံးကွဲပြားသည့် တိုင်းရင်းသားစကားပုံ ဆိုရိုးတို့ကိုလည်း တွေ့ရသည်။ သာဓကပြရလျှင် မြန်မာက "နွားကွဲ ကျားကိုက်" ဟု ဆိုထားသည်ကို ရှမ်းက "နွားကွဲလျှင် အမဲသားဖြစ်" ဟု ပြောထားသည်။

အရေးပုံစံရှိသည့် စကားပုံ ဆိုရိုးများတွင် "ကျွဲနှစ်ကောင်ခတ်လျှင် လယ်ကန်သင်းပျက်သည်" ဆိုသည့် ပလောင် စကားပုံမျိုးနှင့် အပြောပုံစံရှိသည့် စကားပုံဆိုရိုးမှာ "မိုးမကျခင် ထင်းခွေထားပါ" စသည့် ပလောင် စကားပုံမျိုး များကိုလည်း တွေ့ရသည်။

ထို့ကြောင့် စကားပုံ၊ ဆိုရိုးများမှတစ်ဆင့် မြန်မာနှင့် တိုင်းရင်းသားတို့၏ ယဉ်ကျေးမှု ထုံးတမ်း စဉ်လာများ၊ ဓလေ့ထုံးစံများ၊ အသက်မွေးဝမ်းကြောင်းပြုမှုများ၊ ကိုးကွယ်ယုံကြည်မှုများ၊ သဘာဝ ပတ်ဝန်းကျင်အလှတို့ကို တွေ့မြင်ရရုံသာမက တိုင်းရင်းသားတို့၏ စကားလုံးကြွယ်ဝမှု အနက်အဓိပ္ပာယ် ကြွယ်ဝမှုတို့ကိုလည်း လေ့လာတွေ့ရှိရပါသည်။ ဘာသာဗေဒပညာရှင်များက ရခိုင်သည် မြန်မာ ဘာသာစကား၏ ဒေသိယစကားကွဲ ဖြစ်သည်ဟု ပြောသည်နှင့်အညီ ရခိုင်တွင်ရှိသော စကားပုံ၊ ဆိုရိုးစကားနှင့် မြန်မာတွင်ရှိသောစကားပုံ၊ ဆိုရိုးစကား တူညီမှု တော်တော်များများရှိသည်ကို တွေ့ရှိရ သည်။

## နိဂုံး

ဘာသာစကားတိုင်းမှာ မိမိတို့ လူမျိုးဘာသာဓလေ့အလျောက် ယုံကြည်လက်ခံကြသည့် အချက်များ၊ မိမိတို့လူ့ဘောင်လောကတွင် သဘာဝပတ်ဝန်းကျင်၊ လူမှုဆက်ဆံရေးကိစ္စတို့နှင့် စပ်လျဉ်း သည့်အမြင်၊ ဖြစ်လေ့ဖြစ်ထရှိသည်များ၊ မှတ်သားဖွယ်ရာများ၊ မိမိတို့လူ့အဖွဲ့အစည်း၌ ရှောင်ရှားသင့် သည်ဟု လက်ခံထားသည့်အချက်များ စသည်တို့ကို ကွက်ကွက်ကွင်းကွင်း ပေါ်လွင်စေမည့် စကားရပ်

များနှင့် ပြောဆိုလေ့ရှိကြသည်။ ထိုစကားရပ်များကို ဆိုရိုး၊ စကားပုံဟုခေါ်ကြသည်။ ထို့ကြောင့် ထိုစကားပုံ၊ ဆိုရိုးများကို ဘာသာဗေဒပညာရပ်၊ အတ္ထဗေဒပညာရပ်၊ လူမှုဗေဒပညာရပ်စသည် ပညာရပ်များနှင့်လည်း ဆက်ပြီး လေ့လာ၍ရပါသည်။

## ကျမ်းကိုးစာရင်း


ခင်မင်၊မောင်(ဓနုဖြူ)။ (၂၀၁၅)။ ဥပစာကမ္ဘာကြီးထဲမှာ။ ရန်ကုန်။ ဇွန်ပွင့်စာအုပ်တိုက်။

ခင်မင်၊မောင်(ဓနုဖြူ)။ (၂၀၁၆)။အတ္ထဗေဒနိဒါန်း။ ရန်ကုန်။ the key collection။

ခင်မင်၊မောင်(ဓနုဖြူ)။ (၂၀၂၂)။ ဘာသာဗေဒနိဒါန်း။ ရန်ကုန်။ the key collection။

ပညာကျော်။(၂၀၂၂)။ မြန်မာစကားပုံ နှင့် ဆိုရိုးစကား၊ ဒု-အကြိမ်။ ရန်ကုန်။ ပုံရိပ်ရှင်ပုံနှိပ်တိုက်။

မင်းနိုင်၊ ဦး။ (၁၉၆၈)။ တိုင်းရင်းသားစကားပုံ၊ ဒု-အကြိမ်။ ရန်ကုန်။ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးအစိုးရ ယဉ်ကျေးမှုဝန်ကြီးဌာန။

မြန်မာစာအဖွဲ့။ (၁၉၉၆)။ မြန်မာဆိုရိုးစကား။ ရန်ကုန်။ မြန်မာစာအဖွဲ့ဦးစီးဌာန။

မြန်မာစာအဖွဲ့။ (၁၉၉၆)။ မြန်မာစကားပုံ။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

မဆွေဥခိုင်၊မ။(၂၀၀၇)။ ရခိုင်စကားပုံများကိုလေ့လာခြင်း။ ရန်ကုန်တက္ကသိုလ်မြန်မာစပါရဂူဘွဲ့ကျမ်းအတွက် တင်သွင်းသောကျမ်း။

သန်းသန်းအေး၊ မ။(၂၀၀၇)။ မြန်မာစကားပုံများကိုအတ္ထဗေဒအမြင်ဖြင့်လေ့လာခြင်း။ ရန်ကုန်တက္ကသိုလ် ပါရဂူဘွဲ့ကျမ်းအတွက် တင်သွင်းသောကျမ်း။

ဝေမာကြည်၊မ။ (၂၀၀၈)။မြန်မာဘာသာစကားရှိဆိုရိုးစကားများကို လူမှုဘာသာဗေဒ အမြင်ဖြင့်လေ့လာခြင်း။ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာပါရဂူဘွဲ့အတွက်တင်သွင်းသောကျမ်း။

စောမြတ်စိုး၊မ။ (၂၀၁၁)။ မွန်စကားပုံများကို လူမှုဘာသာဗေဒရှုထောင့်မှလေ့လာခြင်း။ ရန်ကုန်တက္ကသိုလ် ပါရဂူဘွဲ့ကျမ်းအတွက် တင်သွင်းသောကျမ်း။

*J. Myanmar Acad. Arts Sci. 2026* **Vol. XXIII. No.6**

# အင်းလေးတိုက်တေးကဗျာများကို ရေးဟန်ပညာရှုထောင့်မှ လေ့လာချက်

နန်းနန္ဒာသက်[1]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် အင်းလေးတိုက်တေးကဗျာများမှ စကားသုံးနှုန်းဟန်များကို ရေးဟန်ပညာဖြင့် လေ့လာစိစစ်ထားသော စာတမ်းဖြစ်ပါသည်။ တိုက်တေးကဗျာများတွင် တွေ့ရှိရသော စကားလုံး အသုံးအနှုန်း အဖွဲ့များကြောင့် အင်းသူ၊ အင်းသားများ၏ စာပေအတွေးအခေါ်နှင့် လူမှုရေးအခြေအနေ များကိုသိရှိရပြီး တိုက်တေးကဗျာများကို ထိန်းသိမ်းစောင့်ရှောက်စေလိုသော ရည်ရွယ်ချက်ဖြင့် လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ ထိုသို့ လေ့လာခြင်းဖြင့် အင်းလေးတိုက်တေးများကို ရေးဟန်ရှုထောင့်မှ လေ့လာလိုသူများအတွက် အထောက်အကူပြုပါသည်။

**သော့ချက်စကားလုံးများ** - အင်းလေးတိုက်တေး၊ စကားသုံးနှုန်းဟန်

## နိဒါန်း

မြန်မာနိုင်ငံသည် သဘာဝတောတောင်၊ စမ်းချောင်းအင်းအိုင်၊ ရေးဟောင်းအမွေအနှစ်၊ တန်ခိုးကြီးဘုရားများနှင့် အရောင်အသွေးစုံလင်စွာဖြင့် ပိုင်ဆိုင်ထားသော နိုင်ငံတစ်နိုင်ငံဖြစ်ပေသည်။ ထိုအလှထဲတွင် အင်းလေးသည် ရှမ်းပြည်အလှသာမက မြန်မာနိုင်ငံ၏ အလှကိုပါ ထင်ဟပ်စေနိုင်သည့် ဒေသတစ်ခုလည်းဖြစ်သည်။

အင်းလေးအစ ရွာလေးရွာကအင်းလေးဟူသော ဝေါဟာရ၊ အင်းလေးဟူသော အခေါ်အဝေါ်၊ အင်းလေးဟူသော အမည်ဖြစ်ပေါ်လာရခြင်း အကြောင်းရင်းနှင့် ပတ်သက်၍ ယူဆချက်၊ ကြံဆချက်၊ ထင်မြင်ချက်အမျိုးမျိုး ရှိနေကြသည်။ အချို့သောသူများက “အင်းလေး” ဟူ၍အမည်နာမ ဖြစ်ပေါ်လာရခြင်းမှာ အင်းလေးဒေသတွင်ရှိသော ကန်လေးကန်ကိုအကြောင်းပြု၍ ဖြစ်ပေါ်လာသည် ဟူ၍လည်းကောင်း၊ အချို့က ရှမ်းပြည်နယ်တွင် ရှိသော အင်းလေးကန်မှာ ကချင်ပြည်နယ်အတွင်းရှိသော အင်းတော်ကြီးကန်ထက် ငယ်သောကြောင့် အင်းကလေးဟုခေါ်ရာမှ အင်းလေးဖြစ်လာသည် ဟူ၍လည်းကောင်း၊ အချို့ကအင်းလေး ရွာအမည်တွင်ခဲ့ရာမှ “ရွာ” စာလုံးဖြုတ်ခေါ်ကြသောကြောင့် အင်းလေးဖြစ်လာသည် ဟူ၍လည်းကောင်း၊ အချို့က ထားဝယ်အဆက်အနွယ် အိမ်ထောင်စုတို့က စတင်တည်ခဲ့ရာမှ အင်းလေးရွာ အင်းလေးအမည်ဖြစ်ပေါ်လာသည် ဟူ၍လည်းကောင်း အမျိုးမျိုးသော ထင်မြင် ယူဆချက်များကို ကြားခဲ့ရလေသည်။

ဦးပုည၏ ညောင်ရွှေမြို့ပေး မေတ္တာစာတွင် အင်းလေးအမည်ကို ညောင်ရွှေနှင့်တွဲ၍ဖော်ပြခဲ့သဖြင့် “ညောင်ရွှေအင်း”ဟု လူသိများခဲ့သည်။သို့သော် ထိုထက်ရှေးကျသော သမိုင်းမှတ်တမ်းအချို့တွင် အင်းဒေသကို “အင်း ၄ ရွာ” ဟု ဖော်ပြရေးသားကြသည့် အထောက်အထားများ တွေ့ရလေသည်။

အင်းလေးသန်းတောင်အရပ် စေတီလိုဏ်ဂူအတွင်းမှ စော်ဘွားကြီးစီဆိုင်ဘွား ပင့်ဆောင်ကာ ကိုးကွယ်ခဲ့သော ရုပ်ပွားတော်ငါးဆူမှာ အလောင်းစည်သူမင်းကြီး တိုင်းခန်းလှည့်လည်လာစဉ်က

[1] မြန်မာစာဌာန၊ မန္တလေးတက္ကသိုလ်

တည်ထားခဲ့သောဘုရားငါးဆူပင် ဖြစ်တန်ရာသည်။ ယင်းကိုအကြောင်းပြုလျက် ရှေးအခါမှစ၍ ယခုတိုင် "ဖောင်တော်ဦးဘုရားရုပ်ပွားတော်များ" ဟုခေါ်ဝေါ်နေကြခြင်း ဖြစ်သည်။

ရုပ်ပွားတော်ငါးဆူအနက် သုံးဆူသာလျှင်ဘုရားရုပ်ပွားတော်များဖြစ်၍ ကျန်နှစ်ဆူမှာ ရဟန္တာရုပ်တုတော်များဖြစ်သည်ဟု ရှေးသူဟောင်းတို့ ပြောစမှတ်ရှိခဲ့ကြသည်။ နှစ်စဉ်တော်သလင်းကျွတ်လပြည့်ကျော် ၁၅ ရက်မှစ၍ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်အထိ အင်းလေးဖောင်တော်ဦးဘုရားရုပ်ပွားတော်များသည် ဖောင်တော်ဦးစံကျောင်းတော်မှ အင်းရွာစဉ် ရွာကျောင်းတစ်လျှောက် လှည့်လည်၍ ဒေသစာရီ အပူဇော်ခံတော်မူသည်။

ဘုရားရုပ်ပွားတော်များကို ကရဝိက်ဖြင့်ပင့်ဆောင်၍ ဖောင်တော်ကို အင်းသားတို့က ခြေထောက်ဖြင့် လှော်ခတ်ကြသော အင်းဆွဲလှေကြီးများဖြင့် စုပေါင်းလှော်ခတ်ပူဇော် ကြလေသည်။ ဖောင်တော်ဦးဘုရား နမ့်ဟူးရွာစံကျောင်းတော်သို့ ပြန်ကြွရောက်သောနေ့တွင် ပွဲလမ်းသဘင်အမျိုးမျိုး ကျင်းပကြသည်။

ယင်းအနက် ရွာအလိုက်ယှဉ်ပြိုင်လှေ့ရှိကြသော ခြေထောက်ဖြင့် လှော်ခတ်ပြိုင်ရသည့် အင်းလှေပြိုင်ပွဲသည် ပျော်စရာနှင့် တက်ကြွဖွယ်ရာ အကောင်းဆုံးဖြစ်လေသည်။ ခြေထောက်ဖြင့် လှေလှော်သည့် ဓလေ့သည် မြန်မာတွင်သာမက ကမ္ဘာတွင်ပါ နာမည်ကျော်ကြားပြီး စိတ်ဝင်စားစရာကောင်းသည့် ဓလေ့တစ်ခုလည်း ဖြစ်သည်။ (ကိုဖိုးအေး၊ ၂၀၁၄၊ စာ ၅၅)

အင်းလေးဒေသသည် ရှမ်းပြည်တောင်ပိုင်း ညောင်ရွှေမြို့နယ် တောင်ဘက်တွင် တည်ရှိသည်။ အင်းလေးဒေသတွင် နေထိုင်ကြသော အင်းသားလူမျိုးတို့သည် ကုန်းဘောင်ခေတ်တွင် ပေါ်ပေါက်ခဲ့သော မြန်မာ့ကျေးလက်ကဗျာများဖြစ်သည့် ရွှေဘိုဗုံကြီးသံ၊ ကောက်စိုက်တေး၊ မောင်းထောင်းတေးများကို ပျိုးနုတ်ရင်း၊ ကောက်စိုက်ရင်း၊ မောင်းထောင်းရင်း နှစ်သက်စွာသီဆိုနေကြချိန်တွင် အင်းလေးဒေသ၌လည်း ကျေးလက်၏အငွေ့ အသက်ပါသော တိုက်တေးခေါ် ချိုးတေးများကို သီဆိုနေကြချိန် ဖြစ်ပါသည်။

တိုက်တေးဆိုသည်မှာ အင်းသူနှင့်အင်းသားတို့ နှလုံးရည်ဖြင့် နှုတ်ရေးပြိုင် တေးဖွဲ့သီဆိုကြသည်ကို အင်းသားတို့က "တေးတိုက်သည်"၊ "တေးချိုးသည်" ဟုဆိုခဲ့ကြခြင်း ဖြစ်ပါသည်။ ထိုမှ "တိုက်တေး" "ချိုးတေး"ဟု ခေါ်ခဲ့ကြခြင်း ဖြစ်ပါသည်။ တိုက်တေးသီဆိုရာတွင် အတီးအမှုတ် မပါသော်လည်း အသံကာရန်၊ အသံအတက်အကျကို လိုက်ကာ ဆွဲငင်သီဆိုရသော ကဗျာမျိုးဖြစ်ပါသည်။

တိုက်တေးကဗျာများကို သီဆိုသူများမှာ လူငယ်လူရွယ်အပျိုလူပျိုများ ဖြစ်ကြသည်။ သီဆိုကြသည့် အကြောင်းအရာများမှာ အချစ်ရေး၊ အိမ်ထောင်ရေး၊ လူမှုရေး၊ စီးပွားရေးတို့ကို အပြန်အလှန်ရင်ဖွင့်ကြခြင်းဖြစ်ပါသည်။ တိုက်တေးကဗျာများမှ အင်းလေးဒေသ၏ သဘာဝပတ်ဝန်းကျင်၊ လူမှုလုပ်ငန်းအခြေအနေ၊ အင်းသားလူမျိုးတို့၏လက်တန်း စပ်ဆိုနိုင်သည့် အတွေးအခေါ် မြင့်မားမှုနှင့်အတူ အင်းလေးတိုက်တေးကဗျာများမှ စကား သုံးနှုန်းဟန်ကို စိစစ်လေ့လာပြီး အင်းလေးတိုက်တေးကဗျာ၏ရေးဟန်ကို ဖော်ထုတ် လေ့လာသိရှိနိုင်သည်။

ထို့ကြောင့် ဤစာတမ်းတွင် အင်းလေးသူ၊ အင်းလေးသားတို့၏မေတ္တာရေးရာကိစ္စများကို အခြေပြုသော အင်းလေးတိုက်တေးကဗျာများမှ စကားသုံးနှုန်းဟန်ကို ရေးဟန်ပညာရှုထောင့်မှ ဆန်းစစ်လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။

## သုတေသနမေးခွန်းနှင့်ပြဿနာ

ဤစာတမ်းတွင် သုတေသနပြုရာတွင်

(၁) အင်းလေးတိုက်တေးကဗျာများ၏စကားသုံးနှုန်းဟန်မှာ မည်သို့ ရှိသနည်း။

(၂)ထိုစကားသုံးနှုန်းဟန်ကြောင့် ကဗျာ၏အကြောင်းအရာများမှာ ထင်ရှားပေါ်လွင်မှု ရှိ၊ မရှိ ဟူသော သုတေသနမေးခွန်းနှင့်ပြဿနာများကို လေ့လာတင်ပြပါမည်။

## စာပေလေ့လာဆန်းစစ်ချက်

ဤစာတမ်းသည် အင်းလေးတိုက်တေးကဗျာများ၏စကားသုံးနှုန်းဟန်ကို ရေးဟန်ပညာ ရှုထောင့်မှ လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။

ထိုသို့ လေ့လာရာတွင် မောင်တင်မြိုင်(အင်းလေး) (၁၉၇၀)၏ "အင်းလေးတိုက်တေး ကဗျာများ"၊ မြန်မာစာအဖွဲ့ (၁၉၈၃)၏ "မြန်မာကဗျာစာတမ်းများ"၊ မောင်ခင်မင်(ဓနုဖြူ) (၂၀၁၁)၏ "ရေးဟန်ပညာနိဒါန်း"၊ ဒေါက်တာဖော်ထွန်း (၂၀၁၈)၏ "ဘာသာဗေဒနှင့်စာပ ရေးဟန်ပညာမိတ်ဆက်"၊ မယ်သီရိ (အင်းလေး)(၂၀၁၉)၏ "အင်းလေးဒေသမှ အဲင်းဆား တိုက်တေးများ"၊ ပီတာစတော့ဝဲ (Peter Stockwell) ၏ "ကန်းဘရိတ်ရေးဟန်ပညာလက်စွဲ" (The Cambridge Handbook Of Stylistics)စာအုပ်များမှ သီအိုရီများကို ကိုးကား၍ အသေးစိတ် လေ့လာဆန်းစစ်ထားပါသည်။

ထိုအင်းလေးတိုက်တေးကဗျာများမှ စကားလုံးသုံးနှုန်းဟန်ကြောင့် ကဗျာပါ အကြောင်းအရာများ ပေါ်လွင်ထင်ရှားမှု ရှိသည့်သဘောကို လေ့လာဖော်ထုတ်တင်ပြသွားမည် ဖြစ်ပါသည်။

## နည်းနာ

ဤစာတမ်းသည် အင်းလေးတိုက်တေးကဗျာများမှ စကားသုံးနှုန်းဟန်များကို ရေးဟန်ပညာ ရှုထောင့်မှ လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ တိုက်တေး၏သဘောသဘာဝတွင် တိုက်တေးနှင့် ပုံသဏ္ဍာန်တူသော အချိုးကဗျာပုံစံများကိုလည်း လေ့လာတင်ပြထားပါသည်။

တိုက်တေးတိုက်ပွဲများကို အင်းလေးဒေသ၏ လယ်ယာလုပ်ငန်းများ သိမ်းပြီးစ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ ဆောင်းဦးဝင်စအချိန်များတွင် ကျင်းပလေ့ ရှိကြပါသည်။ ထို့ပြင် ဆွမ်းလောင်းပွဲနှင့် နေအိမ်အသစ် ဆောက်လုပ်ချိန်တွင်လည်း တေးတိုက်ပွဲပြုလုပ်လေ့ ရှိကြပါသည်။ တစ်ရွာနှင့်တစ်ရွာ အချိန်းအချက်ပြုလုပ်ကျင်းပကြပြီး ထိုတိုက်တေးကဗျာများကို သီဆိုသူများမှာ လူငယ်လူရွယ် အပျိုလူပျိုများဖြစ်ကြသည်။ အချစ်ရေး၊ အိမ်ထောင်ရေး၊ လူမှုရေး၊ စီးပွားရေးတို့ကို အပြန်အလှန်ရင်ဖွင့်ကြသည့်သဘာဝမျိုး ဖြစ်ပါသည်။

အချိုးကဗျာပုံသဏ္ဍာန်ဖြင့် ဖွဲ့ရာတွင် ဒွေးချိုး၊ တြိချိုး၊ လေးချိုး ပုံသဏ္ဍာန်များဖြင့်ရေးဖွဲ့ထားကြသည်။ ယင်းကို လေ့လာတင်ပြရလျှင်

အခံချိုး -အသံက မကျယ့်တကျယ်

ကြက်သူငယ်ပါ မခြား။

အအုပ်ချိုး -တေးမယ်ကို မရှက်လိုက်

တေးတိုက်မယ်လား။

ပထမအချိုး -တောင်ဖီလာ တောင်ခမောက်

တောင်အောက်က ရေကန်သာ

ချိုးမယ်လို့လာ။

ဒုတိယအချိုး - ချိုးမယ်လို့ လာ

ရေကန်သာ ရှုမငြီး။

တတိယအချိုး - တောတောင်တွေ ပိတ်ကာ သန်းတယ်

လှမ်းခဲ့ မောင်ကြီး။

ပထမအချိုး - အသံကြား

သနားလိုက်ပါဘိ မကြီးရယ်

ဒုတိယအချိုး - မောင်လေးခင် ရေပူငါး

အားနွဲ့လှတယ်။

တတိယအချိုး - သနားရင်ကွယ်

ကယ်ပါတော့ မဖုန်း။

စတုတ္ထအချိုး - မောင်လေးခင် ရေပူငါးလို

အားနွဲ့လို့ နုံး။

ဤကဗျာများသည် လက်တန်းစပ်ဆိုရသော ကဗျာများ ဖြစ်ကြပြီး အခံအအုပ်လည်းညီကြောင်း လေ့လာ တွေ့ရှိရပါသည်။

တိုက်တေးအမျိုးအစားများကို အချိုးကဗျာပုံသဏ္ဌာန်ဖြင့်ဖွဲ့ရာတွင် ဒွေးချိုး၊ တြိချိုး၊ လေးချိုး ပုံသဏ္ဌာန်တို့ဖြင့် ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ လက်တန်းစပ်ဆိုရသော ကဗျာများဖြစ်သော်လည်း အခံအအုပ်ညီသော ကဗျာများဖြစ်ကြောင်း သိရပါသည်။ မြန်မာကဗျာနှင့် အင်းလေးတိုက်တေး ကဗျာတို့၏ဖွဲ့ထုံးဆက်စပ်မှုရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

မြန်မာကဗျာဖွဲ့ရာတွင် ကဗျာစပ်ထုံးအခြေခံ(၂)မျိုး ရှိပါသည်။ လေးလုံးစပ်နှင့်လေးလုံး စပ်မဟုတ်သော အစပ်တို့ဖြစ်သည်။ ဒွေးချိုး၊ လေးချိုးစသော အချိုးကဗျာတို့ကို လေးလုံးစပ် မဟုတ်သော အစပ်တွင် ဖော်ပြထားသည်။ တိုက်တေးကဗျာသည် လေးလုံးစပ်ကဗျာ ပုံသဏ္ဌာန်တစ်မျိုးမျိုးဖြင့် မဖွဲ့စပ်ဘဲ

လေးလုံးစပ်မဟုတ်သော အချိုးကဗျာ ပုံသဏ္ဌာန်တစ်မျိုးတည်းသာ ဖွဲ့စပ်ခဲ့ခြင်းမှာ ထူးခြားမှုရှိသည်။ (မြန်မာကဗျာစာတမ်းများ၊ ၁၉၈၃၊ စာ ၃၀)

လေးလုံးစပ်အဖွဲ့မဟုတ်သော အဖွဲ့ကြောင့် တစ်ပါဒတွင် သုံးလုံး၊ လေးလုံး၊ ငါးလုံး၊ ခြောက်လုံး စသည်ဖြင့် ကြိုက်သလို ချုံ့နိုင်ချဲ့နိုင်သောကြောင့် ပို၍ လွတ်လပ်မှု ရှိလေသည်။

တိုက်တေးကဗျာဖွဲ့ဆိုရာတွင် လက်တန်းစပ်ဆိုရန်သင့်သော အပြန်အလှန်အချီအချ သဘောနှင့် ညီညွတ်စွာ သီဆို၍ ရသည့် အချိုးကဗျာပုံသဏ္ဌာန်ဖြင့်သာ ဖွဲ့စပ်ခဲ့ကြခြင်း ဖြစ်ပါ သည်။

ထို့ကြောင့် တိုက်တေးကဗျာဖွဲ့စပ်ရာတွင် စကားလုံးကာရန်စနစ် လွတ်လပ်မှုရှိလှပြီး လက်တန်း စပ်ဆိုရသော အပြန်အလှန်အချီအချသဘောနှင့်ညီညွတ်စွာ သီဆိုရသည့် အချိုးကဗျာပုံသဏ္ဌာန်ဖြင့်သာ ဖွဲ့ဆိုခဲ့ခြင်း ဖြစ်ပါသည်။ အခံချိုး၊ အအုပ်ချိုးတို့ဖြင့် စပ်ဆိုကြပါသည်။

ဤစာတမ်းကို လေ့လာရာတွင် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့က ပြုစုထုတ်ဝေသော “ဘာသာစာပေနှင့် လူမှုရေးသိပ္ပံသုတေသန ပြုလုပ်နည်းအခြေခံများ” စာအုပ်တွင်ဖော်ပြထားသည့် “အချက်အလက် ကောက်ယူစုဆောင်းနည်း”မှ “ရှိပြီး အချက်အလက်များအပေါ် အခြေပြု လေ့လာခြင်း နည်း” (use of available data)၊ ဒေါက်တာယိုဂစ်ကူမာဆင်း (Dr. Yogesh Kumar Singh) ၏ “သုတေသနနည်းပညာ” (Research Methodology) စာအုပ်တွင် ဖော်ပြထားသည့် “ဆန်းစစ်လေ့လာ နည်း” (survey method)၊ ဟူသော သုတေ သနနည်းနာများကို အသုံးပြုထားပါသည်။ သုတေသန မေးခွန်း (သို့မဟုတ်) သုတေသန ပြဿနာကို အဖြေရှာရာတွင် ဒဗလျူ လောရင့်နျူမန် (W. Lawrence Neuman) ၏ “သုတေသနနည်းပညာ” (Research Methodology) စာအုပ်မှ “အခြေခံသုတေသန”(basic research) ဟူသော သုတေသနအမျိုးအစားကို အသုံးပြု၍ လေ့လာတင်ပြထားပါသည်။ “ဘာသာစာပေနှင့် လူမှုရေးသိပ္ပံသုတေသနပြုလုပ်နည်းအခြေခံများ”စာအုပ်တွင် ဖော်ပြထားသည့် “သရုပ်ဖော်ခြင်းဆိုင်ရာ သုတေသနဒီဇိုင်း” (descriptive research design)ကို အသုံးပြု၍ လေ့လာတင်ပြ ထားပါသည်။

ထို့ကြောင့် ဤစာတမ်းတွင် စာအုပ်စာတမ်းများမှ သီအိုရီများကိုကိုးကားပြီး “ဆန်းစစ်လေ့လာ နည်း” (survey method) တို့ကို အသုံးပြု၍ သုတေသနပြဿနာအတွက် ရရှိနိုင်မည့် သုတေသနရလဒ်ကို ပေါ်လွင်အောင် အသေးစိတ်ဆန်းစစ်လေ့လာထားပါသည်။

**စိစစ်လေ့လာချက်**

အင်းလေးတိုက်တေးကဗျာများကို စကားသုံးနှုန်းဟန်အပိုင်းမှ စိစစ်လေ့လာရာတွင် စကားသုံး နှုန်းဟန် ၁၄ မျိုးမှ အနက်ပြစကားလုံးနှင့်အသုံးပြစကားလုံး၊ အကောင်အထည်ပြစကားလုံးနှင့် သဘောပြ စကားလုံး၊ ဝိသေသသုံးစကားလုံးနှင့် ယေဘုယျသုံးစကားလုံး၊ လှုပ်ရှားမှုပြစကားလုံးနှင့်ဖြစ်ရပ် အခြေအနေပြစကားလုံးများဖြင့် တိုက်တေးကဗျာများကို လေ့လာတင်ပြသွားပါမည်။

**အမှတ်စဉ်(၁)တိုက်တေး**

“တောင်ဖီလာ၊ တောင်ခမောက်
တောင်အောက်က၊ ရေကန်သာ
ချိုးမယ်လို့လား။

ချိုးမယ်လို့လာ၊ ရေကန်သာ
ရေကန်သာ ရှုမငြီး။
တောတောင်တွေ ပိတ်ကာ သန်းတယ်
လှမ်းခဲ့မောင်ကြီး။"

အထက်ပါ တိုက်တေးကဗျာများတွင် "တောင်ဖီလာ၊ တောင်ခမောက်၊ တောင်အောက်၊ ရေကန်၊ ချိုး၊ လာ၊ မောင်ကြီး၊ တော၊ တောင်" စသည့် အနက်ပြစကားလုံး၊ အကောင်အထည်ပြ စကားသုံးများကြောင့် တောင်ပေါ်ပင်လယ်ဟု တင်စားရသော အင်းလေးကန်၏တောတောင် တွေ့ပတ်ရံဝိုင်းကာ သာယာလှပနေသော အင်းလေးကန်၏သရုပ်ကို အသက်ဝင်မြင်ယောင်လာစေ သည်။ "က၊ မယ်၊ လို့၊ တွေ၊ တယ်၊ ခဲ့"စသည့် အသုံးပြစကားလုံးများသည် ဖော်ပြလိုသော အကြောင်း ရင်းကိုပေါ်လွင်အောင် အထောက်အပံ့ ကောင်းဖြစ်စေသည်။ "ရှုမငြီး"ဟူသော သဘောပြစကားလုံးကို အသုံးပြုထားသောကြောင့် အင်းလေးကန်၏ ကြည့်ရှုမဝလောက်အောင် လှပသည့်အလှတရားကို ပို၍မြင်သာ ထင်ရှားစေပါသည်။ "လှမ်း"အနက်ပြ စကားလုံးနောက်တွင် "ခဲ့"အသုံးပြတွဲစပ်အသုံးပြု လိုက် သောကြောင့် အင်းသူမိန်းကလေးတစ်ဦး၏ အင်းလေးဒေသကို လာလည်စေချင်သည့် ခံစားချက် တို့ကို ပေါ်လွင်လာစေသည်။ "ရေကန်သာ" ဟူသော အကောင်အထည်ပြ စကားလုံးနှင့် အနက်ပြ စကားလုံးကို ထပ်ကာထပ်ကာအသုံးပြု ထားသောကြောင့် အင်းလေးကန်၏သာယာလှပပုံကို ထင်ရှား လာစေသည်။ "တောင်" ဆိုသည့် အနက်ပြစကားလုံးကို ထပ်ကာထပ်ကာသုံးထား သောကြောင့် တောင်ပတ်လည် ဝိုင်းထားသော အင်းလေးကန်၏သဘာဝကို ပီပြင်လာစေသည်။ ထို့ပြင်"လှမ်း" ဟူသော လုံးချင်းကြိယာနှင့် လှုပ်ရှားမှုပြစကားလုံးကြောင့် အင်းလေးကန်ကို တက်လှမ်းလာစေချင် သည့် သဘောထားကို ပေါ်လွင်လာစေသည်။ "ပိတ်ကာသန်း" ဟူသော အခြေအနေပြစကားလုံး ကြောင့် တောင်များဝန်းရံနေပုံကို မြင်ယောင်လာစေသည်။ "တောင်ခမောက်"ဟူသည့် ဝိသေသ အသုံးကြောင့် အင်းသားတို့ ဆောင်းလေ့ရှိသော ခမောက်ပုံသဏ္ဌာန်ကို မြင်ယောင်လာစေသည်။

**အမှတ်စဉ်(၂)တိုက်တေး**

"အသံကြား သနားလိုက်ပါဘိ မကြီးရယ်။
မောင်လေးခင် ရေပူငါး အားနွဲ့လှတယ်။
သနားရင်ကွယ် ကယ်ပါတော့ မဖုန်း။
မောင်လေးခင် ရေပူငါးလို
အားနွဲ့လို့ နုံး။"

ထိုတိုက်တေးသည် အင်းသားလူပျိုလေးက အင်းသူမိန်းမပျိုလေးကို ချစ်ခွင့်ပန်နေစဉ်ဖွဲ့ဆို ထားသော တိုက်တေးကဗျာဖြစ်ပါသည်။ ထိုတိုက်တေးအသံကိုကြားပါက သနားကြင်နာသော စိတ် ကလေးထားစေချင်ပါသည် မကြီးရယ်ဟု ပြောဆိုနေသယောင် ခံစားရစေသည်။ မကြီးကိုချစ်သည့် စိတ်ဖြင့် မောင်လေးမှာရေပူထဲတွင် ထည့်ခံထားရသော ငါးကဲ့သို့လွတ်မြောက်အောင် ကြိုးစား သော်လည်း အားအင်သာကုန်သွားသည်။ ရေကန်အတွင်းရှိ "ငါး" ကို ဥပမာပေးပြီး "ရေပူငါး"ဆိုသည့် အသုံးကြောင့် ခံစားချက်ကို ပို၍ပီပြင်လာစေပါသည်။ မောင်လေးဘဝကို သနားလျှင် ကယ်တင်ပါ၊

ပြန်ချစ်ပါ၊ မောင်လေးဘဝက အချစ်ကြောင့် ပူပန်နေရသည်မှာ "ချစ်သည့်စိတ်မှ လွတ်မြောက်အောင် ရုန်းထွက် မရသော အားအင်ချည့်နဲ့နေသည့် ရေပူထဲကဘဝ ဖြစ်နေရပါပြီ"ဟု ချစ်ခွင့်ပန်တိုက်တေး တစ်ပုဒ် ဖြစ်ပါသည်။

ထိုတိုက်တေးကဗျာ၏စကားသုံးနှုန်းဟန်ကို လေ့လာကြည့်လျှင် "မကြီး၊ မောင်လေး၊ မဖုန်း၊ ရေ၊ ငါး၊ အသံ"ဟူသည့် အနက်ပြ၊ အကောင်အထည်ပြစကားသုံးများကြောင့် အဓိကအကြောင်းရင်းနှင့်အဓိပ္ပာယ်ကို ပေါ်လွင်စေသည်။ အသုံးပြစကားလုံးများ ဖြစ်သည့် "ပါဘိ၊ ရယ်၊ တယ်၊ ကွယ်၊ ပါတော့၊ လို၊ လို့"များကြောင့်ဖွဲ့ဆိုသည့် အကြောင်းအရာနှင့်ဖွဲ့ဆိုသူတို့ ၏စိတ်ခံစားချက်များကို မြင်ယောင်ကြားယောင်လာအောင် ထောက်ပံ့ပေးနိုင်သည်။ "ရေပူငါး"ဟူသော ဝိသေသစကားလုံးသည် ရေပူထဲတွင် ရောက်နေသောငါးကဲ့သို့ ချစ်သူမိန်းကလေးထံမှ အချစ်ကိုမရရှိသေးသောကြောင့် ပူပန်နေရသည့် အသွင်သဏ္ဌာန်ကို မြင်ယောင်လာစေသည်။ "သနားလိုက်ပါဘိ၊ အားနွဲ့လို့နူး၊ အားနွဲ့လှတယ်" စသည့်သဘောပြစကားလုံးများ၊ "သနား၊ ကြား"ဟူသော အာရုံထင်ဟပ်မှုပြ ကြိယာစကားလုံးများ၊ "ပူ၊ နွဲ့၊ နူး"ဟူသော အဖြစ်အပျက်အခြေအနေပြ စကားလုံးများကြောင့် လူပျိုလေး၏ ခံစားချက် အခြေအနေကို မြင်သာလာစေသည်။

ထို့ကြောင့် ဤတိုက်တေးကဗျာတွင် အသုံးပြစကားလုံးနှင့်အနက်ပြစကားလုံး၊ အကောင်အထည်ပြစကားလုံးနှင့် သဘောပြစကားလုံး၊ ဝိသေသသုံးစကားလုံးနှင့် ယေဘုယျသုံးစကားလုံးများနှင့် အင်းသားလူပျိုလေး၏ ရင်တွင်းခံစားချက်နှင့် ကြုံတွေ့နေရသောအခြေအနေကို မြင်ယောင်ကြားယောင်လာအောင် ဖွဲ့သီစပ်ဆိုနိုင်သည့် ရေးဟန်ကို တွေ့ရှိရပါသည်။

**အမှတ်စဉ်(၃)တိုက်တေး**

"မောင်ကြီးကို မြင်တဲ့နေ့
မမေ့တဲ့ မေ့ရှေ့ရင်
ခွဲလို့ ပြချင်။
မယ်ရွှေရင် ပြချင်တဲ့ မယ်က
မောင်ကြီးကို မြင်တဲ့နေ့
ဖုန်းမယ် မမေ့။"

ထိုတိုက်တေးသည် အင်းသူမိန်းကလေးက ချစ်ခွင့်ပန်လာသော အင်းသားလေးကို ပြန်လှန်၍ သူ၏ ရင်တွင်းခံစားချက်ကို စပ်ဆိုထားသော တိုက်တေးကဗျာ ဖြစ်ပါသည်။

အထက်ပါ တိုက်တေးကဗျာ၏စကားသုံးနှုန်းဟန်ကို လေ့လာကြည့်လျှင် "မောင် ကြီး၊ မေ၊ မယ်၊ ဖုန်းမယ်"၊ "မြင်၊ နေ့၊ မေ့၊ ခွဲ၊ ပြ"ဟူသည့် အနက်ပြစကားလုံးများ၊ အကောင်အထည်ပြ စကားလုံးများ၊ "ကို၊ တဲ့၊ ချင်၊က"ဟူသည့် အသုံးပြစကားလုံးများကြောင့် အင်းလေးသူတစ်ဦး၏ ခံစားချက်ကို ပို၍ ပီပြင်ပေါ်လွင်လာစေသည်။ "မေ့ရွှေရင်" ဟူသော ဝိသေသစကားလုံးကြောင့် အင်းလေးသူ၏နှလုံးသားတွင် မောင်ကြီးက စိုးမိုးနေ ကြောင်းကို ပြောပြနေဟန်ကို ပေါ်လွင်စေသည်။ "ခွဲလို့ ပြချင်" "မမေ့"ဟူသည့် သဘောပြစကားလုံးကြောင့် မိန်းမပျိုလေး၏ခံစားချက်၊ အခြေအနေကို နားလည်

သဘောပေါက် လာစေသည်။ "မေ့၊ ခွဲ၊ ပြ"ဟူသော လုံးချင်းကြိယာစကားလုံးကြောင့် ဆိုလိုရင်း အနက်ကို ပေါ်လွင်လာစေသည်။

ဤတိုက်တေးတွင် အနက်ပြစကားလုံး၊ အသုံးပြစကားလုံး၊ အကောင်အထည်ပြ စကားလုံး၊ သဘောပြစကားလုံး၊ ယေဘုယျစကားလုံး၊ ဝိသေသစကားလုံး၊ လုံးချင်းကြိယာအသုံးများကြောင့် အင်းသူလေးက တိုက်တေးစပ်ဆိုရင်း ရင်ဖွင့်နေသော အင်းသားလူပျိုလေးကို မြင်မြင်ချင်းချစ်မိသောကြောင့် နှလုံးသားထဲတွင် စွဲလမ်းမိနေကြောင်း ပေါ်လွင်စေရာ အနက်ထင်ရှားစေသည့် ရေးဟန်အဖြစ်လေ့လာနိုင်သည်။ "မမေ့" "မောင်ကြီး"ဟူသော စကားလုံးကို ထပ်ကာထပ်ကာသုံးသောကြောင့် စွဲလမ်းချစ်ခင်မှုကို ထင်ရှားစေပါ သည်။

**အမှတ်စဉ် (၄)တိုက်တေး**

"သည်မယ်ကို ရမလားလို့
အကျီီများ တစ်ထည် နှစ်ထည်
လဲလှယ်လို့နေ။
လဲလို့သာနေ
မယ်ကိုလေရဘဲ
ရွှေအင်းတိမ် ကန်တော့ပွဲမှာ
ကြွေးတွေက ဝဲ။"

ထိုတိုက်တေးသည် မိမိကို လာရောက်ပိုးပန်းနေသော အင်းသားလူပျိုလေးကို စနောက်လိုသည့် သဘောဖြင့် ဖွဲ့စပ်သီဆိုထားသော တိုက်တေးကဗျာ ဖြစ်ပါသည်။

ထိုတိုက်တေးကဗျာ၏စကားလုံးသုံးနှုန်းဟန်ကို လေ့လာကြည့်လျှင် "မယ်၊ အကျီ၊ ရွှေအင်းတိမ်၊ ကန်တော့ပွဲ"၊ "ရ၊ လဲလှယ်"ဟူသည့် အနက်ပြစကားလုံး၊ အကောင်အထည် ပြစကားလုံးများကြောင့် အင်းသူမလေး၏ပြောလိုသည့် အကြောင်းအရာကို နားလည်လာစေသည်။ ထိုစကားလုံးများကို ပြည့်စုံမှုရှိအောင် ထောက်ပံ့ပေးသော အသုံးပြစကားလုံးများမှာ "ကို၊ သည်၊ လို့၊ က"များ ဖြစ်သည်။ "သည်" ဟူသော အညွှန်းပြစကားလုံးကြောင့် မိမိကိုယ်ကို ရည်ညွှန်းသော နာမ်စား "မယ်"အဖြစ် ပို၍ပီပြင် သက်ဝင်လာစေသည်။ "တထည်၊ နှစ်ထည်"ဟူသော အရေအတွက်ပြစကားလုံးနှင့် "လဲလှယ်" ဟူသော လှုပ်ရှားမှု ပြစကားလုံးများ၏အားကောင်းမှုကြောင့် အကျီအမျိုးမျိုး လဲလှယ်ပြီး ဟန်ရေးပြနေသော လူပျိုလေး၏အခြေအနေကို သိမြင်လာစေသည်။ မည်သို့ပင် ဟန်ရေး ပြစေကာမူ မယ်လေး၏အချစ်ကို မရနိုင်ကြောင်းကို ရွှေအင်းတိမ်ဘုရားပွဲတွင် အကြွေးဝယ်လာသော အကျီများဖြင့် "ဝဲ"ဆိုသည့် စကားလုံးအသုံးကြောင့် အကြွေးများပိသွားရပုံအခြေအနေကို သိမြင်လာစေသည်။

ဤတိုက်တေးတွင် အနက်ပြ၊ အသုံးပြ၊ ဝိသေသ၊ ယေဘုယျ၊ အကောင်အထည်ပြ၊ သဘောပြ စကားလုံးအသုံးများကြောင့် ဆိုလိုသည့် အကြောင်းအရာကို ထိမိပေါ်လွင်စေပြီး သွက်လက်စေသည့် ရေးဟန်အဖြစ် လေ့လာဖော်ထုတ်ရသည်။

**အမှတ်စဉ်(၅)တိုက်တေး**

"သည်မောင်ကို ရမလားလို့

တညများ တခါနှစ်ခါ

လိမ်းတဲ့ နံ့သာ။

မောင်မလာ နံ့သာတဲ့ အရှုံး

ပါးပေါ်မှာ နံ့သာစက်ကိုလ

ညည်းရက်ပါဦး။"

ထိုတိုက်တေးသည် အင်းသားလူပျိုလေးက အင်းသူမိန်းမပျိုလေးကို စနောက်လိုသည့် အတွက် စပ်ဆိုထားသော တိုက်တေးကဗျာဖြစ်ပါသည်။ အထက်ပါတိုက်တေးတွင် "မောင်၊ ည၊ နံ့သာ၊ လာ" ဟူသည့် အနက်ပြစကားလုံးများ၊ "နံ့သာစက်၊ ပါးပေါ်"ဟူသည့် အကောင်အထည်ပြစကားလုံးနှင့် ဝိသေသစကား လုံးများ၊ "လိမ်း၊ ရက်"၊ "ရမလား"အခြေအနေပြ စကားလုံးများကြောင့် မိန်းမပျိုလေး သည် အလှပြင် ပြီးချစ်နေရသူကို မျှော်နေတတ်ကြောင်း၊ မောင်မလာနိုင်သေးသောကြောင့် မျက်နှာနှင့် ခန္ဓာကိုယ်တွင် လိမ်းခြယ်ထားသော သနပ်ခါး၊ ကရမက်၊ နံ့သာဖြူအစရှိသည့် မွှေးပျံ့စေသော နံ့သာများ ပျက်ကုန်ပြီလား အတွေးဖြင့် ခဏခဏထပ်မံလိမ်းနေပုံကို ပေါ်လွင်လာစေသည်။ လုလင်ပျိုလေးအပေါ် ထားရှိသည့် မိန်းမပျိုလေး၏ခံစားချက်ကို ပေါ်လွင်လာစေသည်။ "လိမ်း"ဟူသည့် လုံးချင်းကြိယာ အသုံးကြောင့် လှုပ်ရှားမှုအငွေ့အသက်ကို မြင်ယောင်လာစေသည်။ "တစ်ညများတစ်ခါနှစ်ခါ" ဟူသည့် အသုံးကြောင့် မိန်းကလေး၏မျှော်နေတတ်သည့် သဘာဝကို ပီပြင်လာစေသည်။

သဘောပြစကားလုံးများဖြစ်သည့် "အရှုံး"၊ "ရက်ပါအုံး"ဟူသည့် စကားလုံးအသုံးများက အင်းသား လူပျိုလေးသာ ရောက်မလာခဲ့လျှင် လိမ်းထားသော နံ့သာစက်လေးအတွက် ရက်စရာ ဖြစ်ရတော့မည်ဟု မိမိကို "ကြွေးတွေက ဝဲ"ဟု စပ်ဆိုထားသော တိုက်တေးကို ပြန်လှန်ချေပ စပ်ဆိုထားခြင်း ဖြစ်ပါသည်။ "ကို၊ လို၊ မှာ၊ အုံး၊ လ"ဟူသည့် အသုံးပြစကားလုံးများက ဆိုလိုသည့်အကြောင်းအရာများကို ပီပြင် လာစေရန် အထောက် အကူပြုစကားလုံးများအဖြစ် လေ့လာရသည်။ "ရမလား၊ မောင်မလာ၊ ညည်း ရက်ပါအုံး" ဟူသည့် အကောင်အထည်ပြစကားလုံးများကြောင့် ထေ့ငေါ့သည့် သဘော၊ စနောက်လိုသည့် သဘောကို ထင်ရှားပေါ်လွင်လာစေသည်။

**သုံးသပ်ချက်**

ဤစာတမ်းတွင် အင်းလေးတိုက်တေးကဗျာများကို စကားသုံးနှုန်းဟန်ရှုထောင့်မှ လေ့လာတင် ပြထားခြင်းဖြစ်ပါသည်။ ထိုသို့လေ့လာရာတွင် အနက်ပြစကားလုံးနှင့်အသုံးပြစကားလုံး၊ အကောင်

အထည်ပြုနှင့် ဖြစ်ရပ်အခြေအနေပြစကားလုံး၊ ဝိသေသနှင့် ယေဘုယျစကားလုံး၊ လှုပ်ရှားမှုပြုနှင့် ဖြစ်ရပ်အခြေအနေပြစကားလုံးများ သုံး၍ ဖွဲ့စပ်ထားရာ ဆိုလိုချက်ကို ပေါ်လွင်စေပါသည်။

အင်းလေးတိုက်တေးကဗျာများတွင် အနက်ပြ၊ အသုံးပြုနှင့်အကောင်အထည်ပြ စကားလုံးများ သုံး၍ဖွဲ့ဆိုထားရာ ဒေသတစ်ခု၏သဘာဝ၊ ပတ်ဝန်းကျင်အခြေအနေကို မြင်ယောင်လာစေသည်။ အင်းသူ အင်းသားတို့၏နှလုံးသားဆိုင်ရာ စိတ်ခံစားချက်နှင့် ပျော်စေလိုသော အတွေးအခေါ်တို့ကို ပေါ်လွင်အောင် သဘောပြစကားလုံးများ သုံးထားသကဲ့သို့ ပိုမိုလေးနက်စေလိုသည့်အတွက် အကောင်အထည်ပြ စကား လုံးနှင့်တွဲကာ သုံးနှုန်းထားပါသည်။ လူငယ်တို့ သဘာဝတစ်ဦးနှင့်တစ်ဦး မခံချင်စိတ်ဖြင့် စပ်ဆိုထားပြီး အကြောင်းအရာများ ပေါ်လွင်ထင်ရှားစေရန်အတွက် သဘောပြစကားလုံးများကို သူ့နေရာနှင့်သူ စနစ်တကျ ထည့်သွင်းစပ်ဆိုထားရာ တိုက်တေးကဗျာများကို နားဆင်သူများအတွက် သုတိသာယာမှုကို ဖြစ်စေသည်။

အင်းလေးဒေသရှိ တောတောင်ရေမြေ၊ စေတီပုထိုးများ၏အကြောင်းအရာများကို ပိုမိုထင်ရှား လာစေရန်အတွက် စကားသုံးနှုန်းရာတွင် ဝိသေသသုံးနှင့် ယေဘုယျစကားလုံးများ တစ်လှည့်စီသုံးခြင်း သာမက လှုပ်ရှားမှုပြုနှင့် ဖြစ်ရပ်အခြေအနေပြ စကားလုံးများကြောင့် အင်းလေးတိုက်တေး ကဗျာများမှာ ပို၍အသက်ဝင်လာသည်။ ဖြစ်စဉ်အခြေအနေကို မြင်ယောင်လာစေရန် လုံးချင်းကြိယာ၊ ကြိယာထောက် အသုံးများဖြင့် စပ်ဆိုထားရာ အင်းသူ၊ အင်းသားတို့ ၏ခံစားမှုတို့ကိုပို၍ ပီပြင်သက်ဝင်လာစေသည်။

အင်းလေးတိုက်တေးကဗျာများတွင် ဖွဲ့စပ်ထားသော စကားသုံးနှုန်းဟန်များသည် အင်းသူ၊ အင်းသားတို့၏ ကျေးလက်သုံးအရိုးခံ စကားလုံးများဖြစ်ပြီး ခံစားချက်များကို ပေါ်လွင်လာစေသည်။ အနက်သုံးစကားလုံးများကြောင့် တောတောင်သဘာဝသာယာမှု၊ အင်းသူအင်းသားလူပျိုအပျိုတို့၏ချ စ်ခင်မှုကို ပေါ်လွင်လာစေသည်။ မဝံ့မရဲဖြစ်နေရှာသော လူပျိုလှည့်လာသည့် အင်းသားလေး၏ တိုက်တေးဖွဲ့ဆိုသံကို "ကြက်သူငယ်၏အသံ"ဖြင့် ခိုင်းနှိုင်းထားခြင်း ဖြစ်ပါသည်။ အမြင့်တစ်ဖက်က အနိမ့်ပိုင်းသို့ ဆင်းချလာသော တောင်၏ပုံသဏ္ဍာန် ကို "အဖီ"ချထားသကဲ့သို့ စကားအရိုးခံကို သုံးထားရာ ဆိုလိုချက်ကို ပေါ်လွင်လာစေသည်။ "တောတောင်တွေ ပိတ်ကာ သန်းတယ်" စကားသုံးအဖွဲ့များသည် သွားလာရခက်ခဲသည်ကို ပေါ်လွင်လာစေသည့် စကားသုံးနှုန်းဟန်ပင် ဖြစ်ပါသည်။ ရေကန်ထဲက ငါးကို ဥပမာပေးပြီး "ရေပူငါး"ဟု ရိုးရှင်းစွာ သုံးထားသော်လည်း ဆိုလိုချက်ကို ပေါ်လွင်စေသည်။

ထို့ကြောင့် အင်းလေးတိုက်တေးကဗျာများ၏စကားသုံးနှုန်းဟန်မှာ ပေါ့ပါးသွက်လက်ပြီး ထို စကားသုံးနှုန်းဟန်ကြောင့် ဆိုလိုသည့်အကြောင်းအရာများကို လေးနက်ပေါ်လွင်ထိမိစေကြောင်း လေ့လာ တွေ့ရှိရသည်။

**နိဂုံး**

ဤစာတမ်းသည် အင်းလေးတိုက်တေးကဗျာများမှ စကားသုံးနှုန်းဟန်ကို ရေးဟန်ရှုထောင့်မှ လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ အင်းလေးတိုက်တေးကဗျာများ၏ စကားသုံးနှုန်းဟန်ကြောင့် အင်းလေးကန်၏သာယာလှပပုံကို မြတ်နိုးပြီး အင်းသူအင်းသားလူငယ်မောင်မယ်များ၏ ချစ်ရေး ချစ်ရာ များကိုသိရှိလာရသည်။ အကြောင်းအရာနှင့် လိုက်ဖက်ဆီလျော်သော စကားသုံးနှုန်းဟန်ကြောင့်

တိုက်တေးကဗျာများသည် စာပေယဉ်ကျေးမှုတစ်ရပ်အဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ပြင် အင်းလေးတိုက်တေးကဗျာများကို အလေ့လာခံထား၍ ဘာသာဗေဒ၊ အတ္ထဗေဒ၊ လူမှုဘာသာဗေဒ ရှုထောင့်မှ ဆက်လက်သုတေသနပြုလေ့လာ ဖော်ထုတ်နိုင်ပါသည်။

## ကျမ်းကိုးစာရင်း


**မြန်မာဘာသာ**

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၁)။ ***ရေးဟန်ပညာနိဒါန်း*** ။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ဖော်ထွန်း၊ ဒေါက်တာ။ (၂၀၁၈) ။ ***ဘာသာဗေဒနှင့်စာပေ စာပေရေးဟန်ပညာမိတ်ဆက်***။ ရန်ကုန်၊ ကာလာဇုန်ပုံနှိပ်တိုက်။

တင်မြိုင်၊ မောင် (အင်းလေး)။ (၁၉၇၀)။ ***အင်းလေးတိုက်တေးကဗျာများ***။ ရန်ကုန်၊ လင်းကြက်စာပေတိုက်။

ဖိုးအေး၊ ကို။ (၂၀၁၄)။ အင်းလေးကန်သာ။ ရန်ကုန်၊ တော်ဝင်ပုံနှိပ်တိုက်။

မယ်သီရိ(အင်းလေး)။ (၂၀၁၉)။ ***အင်းလေးဒေသမှ အဲင်းဆားတိုက်တေးများ***။ ရန်ကုန်၊ A. M. T ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၁၉၈၃)။ ***မြန်မာကဗျာစာတမ်းများ***။ ရန်ကုန်၊ စာပေလောကပုံနှိပ်တိုက်။

သန္တာခင်(အင်းလေး)။ (၁၉၈၆)။ ***တိုက်တေးရတနာ***။ ရန်ကုန်၊ မိုးဝေမဂ္ဂဇင်း၊ အမှတ်- ၂၂၂။

သန္တာခင်(အင်းလေး)။ (၂၀၀၆)။ ***အင်းတိုင်းရင်းသားတို့၏ချစ်ခွင့်ပန်တိုက်တေးများ***။ Fashion con မဂ္ဂဇင်း၊ Vol-1, No.9၊ ရန်ကုန်။

သိန်းသန်းထွန်း၊ ဦး။ (၁၉၈၂)။ ***အင်းသားများ၏တိုက်တေးအနုပညာ***။ မန္တလေး၊ ကြီးပွားရေး ပုံနှိပ်တိုက်။

**အင်္ဂလိပ်ဘာသာ**

Peter Stockwell. (2014). ***The Cambridge Handbook Of Stylistics***. Cambridge: Cambridge University Press.

*J. Myanmar Acad. Arts Sci. 2026* **Vol. XXIII. No.6**

# နိုင်ငံတော်ပိုင်သတင်းစာတို့မှ လူမှုရေးကြော်ငြာသတင်းရေးဟန်

ခင်နှင်းရီ[၁]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် နိုင်ငံတော်ပိုင်သတင်းစာများဖြစ်သည့် ကြေးမုံနှင့်မြန်မာ့အလင်းသတင်းစာတို့မှ ကြော်ငြာသတင်းရေးဟန်ကို ရေးဟန်ပညာရှုထောင့်မှ တင်ပြထားသောစာတမ်းဖြစ်သည်။ ထိုသို့ တင်ပြရာတွင် ရေးဟန်အမျိုးမျိုးရှိသည့်အနက် နိုင်ငံတော်ပိုင်သတင်းစာများတွင် လူမှုရေး ကြော်ငြာ သတင်းတို့၏ရေးဟန်ကို ဖော်ထုတ်တင်ပြလိုသော ရည်ရွယ်ချက်ဖြစ်သည်။ ထို့ကြောင့် ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာ (၂၀၁၀-၂၀၁၈) တို့ကို လေ့လာမှုနယ်နိမိတ်အဖြစ် သတ်မှတ်ပြုစုထားပါသည်။ ဤစာတမ်းကို ဘာသာစကားနယ်ပယ်ရှိ ဘာသာဗေဒပညာရပ်ခွဲဖြစ်သော ရေးဟန်ပညာဖြင့် ချဉ်းကပ် လေ့လာပြုစုပါသည်။ ဤစာတမ်းသည် သတင်းအတတ်ပညာ လေ့လာမှုနှင့်ရေးဟန်ပညာ လေ့လာမှု တို့အတွက် အထောက်အကူပြုပါသည်။

**သော့ချက်ဝေါဟာရများ။** နိုင်ငံတော်ပိုင်သတင်းစာ၊ လူမှုရေးကြော်ငြာသတင်း၊ သတင်း အတတ်ပညာ၊ ကြော်ငြာသတင်းရေးဟန်၊ ဘာသာစကား နယ်ပယ်၊ ဘာသာဗေဒ၊ ရေးဟန်ပညာ၊

## နိဒါန်း

ဤစာတမ်းသည် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်(၂၄)ကြိမ်မြောက် တင်သွင်းမည့် နိုင်ငံတော်ပိုင် သတင်းစာများဖြစ်သော ကြေးမုံနှင့်မြန်မာ့အလင်းသတင်းစာ(၂၀၁၀-၂၀၁၈)တို့မှ လူမှုရေး ကြော်ငြာသတင်းရေးဟန်ကို လေ့လာထားသည့် စာတမ်းဖြစ်ပါသည်။ နိုင်ငံတော်ပိုင်သတင်းစာတို့မှ “လူမှုရေး ကြော်ငြာသတင်းရေးဟန်”များကို ရေးဟန်ပညာနည်းနာတို့ဖြင့် ဘာသာစကားရှုထောင့်မှ ချဉ်းကပ်လေ့လာပါသည်။ ကြေးမုံနှင့်မြန်မာ့အလင်း သတင်းစာတို့သည် နိုင်ငံတော်ပိုင်သတင်းစာများ ဖြစ်သည့် အားလျော်စွာ ပြည်သူများက အားကိုးအားထားပြုပြီး ဖတ်ရှုနေသော သတင်းစာများလည်း ဖြစ်သည်။ ယင်းသတင်းစာတို့မှ ကြော်ငြာသတင်းများတွင် ကြော်ငြာမှတစ်ဆင့် မိမိတို့နှင့်ဆက်စပ် ပတ်သက်သမျှ စီးပွားရေး၊ လူမှုရေးစသည့် ကိစ္စအဖြာဖြာကို နိုင်ငံတော်ပိုင် သတင်းစာတို့မှသိနိုင်သည်။ ထို့ပြင် ဖတ်ရှုလိုသောအကြောင်းအရာကို အချိန်တိုတိုအတွင်း သိရှိစေနိုင်စွမ်းရှိပြီး ကြော်ငြာသတင်းများ တွင်အသုံးပြုသော ရေးဟန်တို့အရ လူမှုကိစ္စအဖြာဖြာနှင့် ပတ်သက်သည်တို့ကိုသိရှိနိုင်သည်။ ကြော်ငြာ သတင်းများတွင်တွေ့ရသည့် စကားအသုံးအနှုန်းတို့မှတစ်ဆင့် လူမှုရေးကြော်ငြာ သတင်းရေးဟန်ကို ဤစာတမ်းတွင် သာဓကများဖြင့် ဖော်ထုတ်တင်ပြ ရှင်းလင်း ထားပါသည်။

## ရည်ရွယ်ချက်

နိုင်ငံတော်ပိုင်သတင်းစာများဖြစ်သော ကြေးမုံနှင့်မြန်မာ့အလင်း သတင်းစာတို့တွင် “လူမှုရေး ကြော်ငြာရေးဟန်” ဆိုသည်မှာ လူမှုရေးရာအဖြာဖြာတို့နှင့် သက်ဆိုင်သော သာရေး၊ နာရေးစသည့်

[၁] ပညာရေးနည်းပညာနှင့်သတင်းဖြန့်ချိရေးဌာန၊ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။

ကိစ္စအရပ်ရပ်တို့နှင့်ပတ်သက်သော အကြောင်းအရာကို အများသူငါတို့ သိရှိစေလိုသောအခါ သတင်းစာများတွင် ထည့်သွင်းကြော်ငြာခြင်းကို "လူမှုရေးသတင်းကြော်ငြာရေးဟန်" ဟုဆိုလိုပါသည်။ ထို့ကြောင့် လူမှုရေးရာတို့နှင့်သက်ဆိုင်သော စေ့စပ်ကြောင်းလမ်းခြင်းသတင်း၊ လက်ထပ်ထိမ်းမြားခြင်း သတင်း၊ မင်္ဂလာဆုတောင်းလွှာများ ကြော်ငြာခြင်းသတင်း၊ ကွာရှင်းပြတ်စဲခြင်းသတင်း၊ သားသမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ခြင်းသတင်း၊ လူပျောက်ကြော်ငြာ၊ ပစ္စည်းပျောက်ကြော်ငြာ၊ နာရေးကြော်ငြာ စသည့်သတင်းများဖြစ်သည်။ ထိုအကြောင်းအရာများကို ဘာသာစကားရှုထောင့်မှ ရေးဟန်ပညာဖြင့် သိစေလို၍ ဤစာတမ်းကို ပြုစုပါသည်။

## သုတေသနမေးခွန်းနှင့်ပြဿနာ

ဤစာတမ်းကို ပြုစုရာတွင် သုတေသနမေးခွန်းနှင့်ပြဿနာများမှာ

- နိုင်ငံပိုင်သတင်းစာများ၏ ရေးဟန်သည် အခြားစကားပြေရေးဟန်များနှင့် မည်သို့ကွာခြားမှု ရှိသနည်း။
- ကြော်ငြာသတင်းရေးဟန်သည် မြန်မာစကားပြေလေ့လာမှုတွင် အထောက်အကူပြုမှု ရှိ၊ မရှိ၊ မည်သို့ အထောက်အပံ့ပြုပါသနည်း။
- ကြော်ငြာသတင်းရေးဟန်က သတင်းစာများ၏ ဂုဏ်ရည်နှင့်ကြော်ငြာ သတင်းအတတ် ပညာ လေ့လာမှုတို့အတွက် မည်မျှအရေးပါသနည်း။ အတိုင်းအတာမည်မျှအထိ ပေါ်လွင်ထင်ရှားစေပါသနည်း။

စသည့် သုတေသနမေးခွန်းနှင့်ပြဿနာများတွေ့ရှိပါသည်။ သတင်းရေးဟန်တွင် အခြေခံအားဖြင့် ဘာကြောင့်၊ ဘယ်အချိန်၊ ဘယ်နေရာ၊ ဘယ်သူ၊ ဘာဖြစ်စသည့် "ဘ" ၆ လုံးကိုအခြေခံ ရေးသားရသော်လည်း ကြော်ငြာသတင်းရေးသားသည့် ရေးဟန်သည် အကြောင်းအရာပေါ်မူတည်၍ ရေးဟန်တို့ ပြောင်းလဲနိုင်ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် နိုင်ငံတော်ပိုင်သတင်းစာများဖြစ်သော ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတို့မှ လူမှုရေးကြော်ငြာများကို အခြေခံ၍ သတင်းအတတ်ပညာနှင့် ရေးဟန်ပညာဆိုင်ရာစာအုပ် စာတမ်းများ၊ ပညာရှင်များ၏ လမ်းညွှန် အကြံပေးမှုများကိုနည်းယူ၍ ပြုစုပါသည်။

## လေ့လာမှုနယ်ပယ်

အလေ့လာခံအနေဖြင့် နိုင်ငံတော်ပိုင်သတင်းစာများဖြစ်သော ကြေးမုံနှင့်မြန်မာ့အလင်းသတင်းစာများ (၂၀၁၀-၂၀၁၈) ကိုအခြေခံပြီးလေ့လာတင်ပြပါသည်။ ထိုသို့တင်ပြရာတွင် ရေးဟန်နှင့် သက်ဆိုင်သော စာအုပ်၊ စာတမ်းများ၊ သတင်းနှင့်သက်ဆိုင်သောစာအုပ်၊ စာတမ်းများဖြင့် စာတွေ့ သုတေသန လေ့လာမှုနယ်ပယ်အဖြစ် ဤစာတမ်းကို ပြုစုပါသည်။

## သုတေသနနောက်ခံ

နိုင်ငံတော်ပိုင်သတင်းစာများဖြစ်သော ကြေးမုံနှင့်မြန်မာ့အလင်းသတင်းစာများ (၂၀၁၀-၂၀၁၈) တို့မှ လူမှုရေးကြော်ငြာရေးဟန်ကို သုတေသနနယ်နိမိတ်အဖြစ် သတ်မှတ်ထားပါသည်။ ဘာသာစကား ရှုထောင့်မှ သတင်းအတတ်ပညာနှင့် ဘာသာစကားဆိုင်ရာ ရေးဟန်ပညာလေ့လာမှုတို့ကို အခြေခံပြီး

သတင်းအတတ်ပညာဆိုင်ရာ တတ်သိနားလည်ကျွမ်းကျင်သော ပညာရှင်များထံ ကိုယ်တိုင်အသံဖမ်းစက်ဖြင့် အသံဖမ်း မှတ်တမ်းတင်ပြီး ပြုစုပါသည်။

## စာပေလေ့လာဆန်းစစ်ချက်

နိုင်ငံတော်ပိုင်သတင်းစာများဖြစ်သော ကြေးမုံနှင့်မြန်မာ့အလင်းသတင်းစာတို့မှ လူမှုရေးကြော်ငြာ သတင်းရေးဟန်စာတမ်းကို ပြုစုရာတွင် ချဉ်းကပ်လေ့လာရမည့် (၁) ရေးဟန်ပညာဆိုင်ရာနည်းစနစ်ဖြင့် စာပေလေ့လာဆန်းစစ်ချက် (၂) စာအုပ်စာတမ်းကျမ်းစာပေဆိုင်ရာ စာပေလေ့လာဆန်းစစ်ချက် နှစ်မျိုးလုံး သုတေသနကျမ်းပြုစုထားခြင်းမရှိသေးသောကြောင့် တင်ပြလို၍ နှစ်ပိုင်းခွဲခြား၍ ဆန်းစစ်တင်ပြပြုစုထားပါသည်။

## နည်းနာ

နိုင်ငံတော်ပိုင်သတင်းစာများဖြစ်သည့် ကြေးမုံနှင့်မြန်မာ့အလင်းသတင်းစာများ၏ **သတင်းရေးဟန်**ကို **ပညာရပ်ဆိုင်ရာနည်းနာ**နှင့် **သုတေသနနည်းနာ** ဟူ၍ အပိုင်းနှစ်ပိုင်းခွဲ၍ လေ့လာတင်ပြပါသည်။

## ပညာရပ်ဆိုင်ရာနည်းနာ

ပညာရပ်ဆိုင်ရာနည်းနာတွင်

(၁) ရေးဟန်နှင့်ရေးဟန်ပညာ

(၂) သတင်းအတတ်ပညာ တို့ဖြင့် ပြုစုထားပါသည်။

## ရေးဟန်နှင့်ရေးဟန်ပညာ

ရေးဟန်ပညာနှင့်ပတ်သက်၍ ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)က ရေးဟန်ပညာနိဒါန်း )၂၀၁၁( စာအုပ်တွင်

> **"ဘယ်လိုဘယ်ပုံရေးသည်' ဟူသော ရေးသားပုံကို ဆိုလိုခြင်းဖြစ်သည်။ စာရေးရာတွင် 'ဘာကိုရေးသည်' ဆိုသောအဆင့်နှင့် 'ဘယ်လိုရေးသည်' ဆိုသော အဆင့် ဟူ၍ အဆင့်နှစ်ဆင့်ရှိသည်။ ဘာကိုရေးသည်ဆိုသောအဆင့်သည် အကြောင်းအရာနှင့်ဆိုင်၍ ဘယ်လိုရေးသည်ဆိုသော အဆင့်သည် ရေးဟန်နှင့်ဆိုင်သည်ဟု ယေဘုယျအားဖြင့် ဆိုနိုင်သည်။** (စာ ၁)

ဟူ၍လည်းကောင်း၊

ရေးဟန်ပညာကို စာပေရှုထောင့်သာမက ဘာသာစကားရှုထောင့်ကပါ လေ့လာထားပုံကို -

> **"ရေးဟန်ပညာသည် စာပေဆိုင်ရာရေးဟန်ပညာ၊ ဘာသာစကားဆိုင်ရာရေးဟန် ပညာ ဟူ၍ မကွဲမပြားဖြစ်တတ်ပါသည်။ ဤသို့ဖြစ်ရသည်မှာ စာပေလေ့လာမှုသည် အစဉ်အားဖြင့် စာပေပေါ်တွင် ဗဟိုပြုသည်။ ဘာသာစကားလေ့လာမှုမှာမူ ဘာသာဗေဒ ၏ ပုံစံ၊**

**သို့မဟုတ် တန်ဆာပလာများပေါ်တွင် အခြေခံသည့်အပြင် ဘာသာဗေဒပုံစံ မွမ်းမံမှုမျိုး ဖြင့်လည်း အာနိသင်ရှိသော ရေးဟန်စိစစ်မှုမျိုးကို ပြုလုပ်တတ်ခြင်းကြောင့် ဖြစ်ပါသည်**”

ဟူ၍လည်းကောင်း ရှင်းလင်းသုံးသပ်ထားပါသည်။ ထို့ကြောင့် ရေးဟန်ပညာ၏ သဘောသဘာဝသည် စာပေလေ့လာမှုရော ဘာသာစကားလေ့လာမှုကိုပါ ခွဲခြမ်းစိတ်ဖြာ လေ့လာသော ပညာရပ်နယ်ပယ် တစ်ခုဖြစ်သည်ဟု ဆိုနိုင်ပါသည်။

**သတင်းအတတ်ပညာ**

သတင်းတစ်ပုဒ်ရေးသားရာတွင် သတင်းခြေဆင်းနှင့် သတင်းကိုယ်ထည်ဟူ၍ ပိုင်းခြားနိုင်ပါသည်။ “သတင်းခြေဆင်း”တွင် သတင်း၏အရေးကြီးသောအချက်များကို ရေးသားဖော်ပြရသည်။ ထိုသို့ ရေးသားရာတွင် သတင်းစာဆရာကြီးများ အစဉ်ဆက်ရေးသားခဲ့ကြသော ‘ဘ’ ခြောက်လုံးဖြစ်သည်။ ‘ဘာကြောင့်’၊ ‘ဘယ်အချိန်’၊ ‘ဘယ်နေရာ’ ၊ ‘ဘယ်သူ’၊ ‘ဘယ်လို’၊ “ဘာဖြစ်” စသည့်အချက်များဖြင့် ရေးသားကြသည်။ သတင်းရေးသားခြင်း အတတ်ပညာတွင် သတင်းခြေဆင်း ရေးသားနည်းနှစ်မျိုး ရှိသည်။ ယင်းတို့မှာ-

(၁) တိုက်ရိုက်ရေးသားဖော်ပြသည့် သတင်းခြေဆင်းပုံစံ

(၂) သိုင်းဝိုင်းကာရေးသည့် သတင်းခြေဆင်းပုံစံတို့ဖြစ်သည်။ ထိုရေးသားနည်းမှာ သတင်းစာ သမားတို့ အစဉ်အဆက်လေ့လာအသုံးပြုခဲ့ကြ၍ ရေးနည်းပုံစံနှစ်မျိုးကို လေ့လာ ကြည့်လျှင်

(၁**) ပိရမစ်ပုံစံသတင်းရေးနည်း - Pyramid Form** နှင့်

(၂) **ပိရမစ်ပြောင်းပြန်ပုံစံသတင်းရေးနည်း-Inverted Pyramid Form** တို့ဖြစ်သည်။

“ပိရမစ်ပုံစံသတင်းရေးနည်း” သည် သတင်းဖြစ်စဉ်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ရေးသားခြင်းဖြစ်သည်။ **သတင်းအစတွင် သတင်းခြေဆင်း** ‘**Lead Paragraph**’ တွင် သာမန်မျှရေးသား ပြီးနောက် သတင်း၏ဆိုလိုချက်နှင့် အနှစ်သာရကို ဆက်လက်ဖော်ပြသည်။ ထို့နောက် သတင်း၏ အရေးပါသော အချက်အလက်များကို တစ်ဆင့်ပြီးတစ်ဆင့် ဖော်ပြသည်။ နောက်ဆုံးတွင် သတင်း၏အဓိကအချက် များကို ရေးသားပြီးနောက် သတင်းဖြစ်စဉ်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ရေးသားပြီး နိဂုံးချုပ် ရေးသားခြင်း ဖြစ်သည်။

**ပိရမစ်ပုံစံ သတင်းရေးနည်း**ကို ပုံစံပြရလျှင်-




ဟူ၍ဖြစ်သည်။ ပိရမစ်ပြောင်းပြန်ပုံစံသတင်းရေးနည်း 'Inverted Pyramid Form' တွင် သတင်းခေါင်းစဉ်ခြေဆင်း 'Lead Paragraph'၌ သတင်း၏အရေးပါဆုံး သတင်းအကြောင်းအရာကို ဖော်ပြပြီး အရေးမကြီးသည့် အချက်များကို နောက်အပိုဒ်များတွင်ဆက်၍ ရေးသားခြင်းဖြစ်သည်။ ထိုသို့သော သတင်းရေးသားခြင်းကို သတင်းစာမျက်နှာတွင် နေရာမပေးနိုင်လျှင် သတင်းအောက်ခြေကို ဖြတ်တောက်ခြင်းပြု၍ သတင်း ဆိုလိုရင်းကို မပျက်စေဘဲ ရေးသားသည့် သတင်း ရေးနည်းမျိုးကို ဆိုလိုပါသည်။

**ပိရမစ်ပြောင်းပြန်ပုံစံသတင်းရေးနည်း**ကို ပုံစံပြရလျှင်-




ဟူ၍ တွေ့ရှိနိုင်ပါသည်။

ထို့ပြင် "တိုက်ရိုက်ခြေဆင်း" သည် သတင်းအဖြစ်အပျက်၏ အရေးကြီးသောအကြောင်းအရာ ဖြစ်သည့် 'ဘ' ခြောက်လုံးကို အလေးပေး၍ ရေးသားဖော်ပြရသော ပုံစံမျိုးဖြစ်သည်။ သတင်းခြေဆင်း ကိုဖတ်ရုံဖြင့် မည်သည့်အကြောင်းအရာကို ရေးသားထားကြောင်း ယေဘုယျအားဖြင့် သိရှိနိုင်သည်။

**သုတေသနနည်းနာ (Interpretation)**

သုတေသနနည်းနာအနေဖြင့် AIE သီအိုရီကိုအခြေခံ၍ သုတေသနနည်းဖြင့် ပြုလုပ်ပါမည်။ AIE သီအိုရီတွင်ပါဝင်သော "A" သည် (Analysis) စိစစ်ခွဲခြမ်းစိတ်ဖြာခြင်း၊ "I" သည် (Interpretation) အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်း၊ "E" သည် (Evaluation) တန်ဖိုးဖြတ်ခြင်း၊ သုံးသပ်ခြင်းဟုအဓိပ္ပာယ်ရပါသည်။ AIE ၏အနက်အဓိပ္ပာယ်မှာ သတင်းစာမှသတင်းများ၏ သတင်းခေါင်းစီးများကို စိစစ်လေ့လာပြီး ပြည်တွင်းသတင်း၊ ပြည်ပသတင်း၊ သတင်းဆောင်းပါး၊ ထူးခြားဖြစ်စဉ်သတင်း၊ ကြော်ငြာသတင်းတို့ကို ကောက်ယူရွေးချယ်ပြီးနောက် ပါဝင်သော သတင်းစာသားများ၏ အနက်အဓိပ္ပာယ်ကို သရုပ်ဖော်ဖွင့်ဆိုပါမည်။ ၎င်းသတင်းစာသားများသည် သတင်းကိုအထောက်အကူပြုပုံ၊ သတင်းရေးဟန်တို့သည် သတင်းစာတွင် မည်မျှအရေးပါကြောင်းကို သုံးသပ်တင်ပြပါမည်။ ထိုသို့ လေ့လာသုံးသပ်တင်ပြရာတွင် သတင်းတစ်ခုချင်းစီ AIE Theory ကိုအခြေခံကာ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆို စိစစ်တင်ပြပြီး အခြားသတင်းများကလည်း ဤကဲ့သို့သော ရေးဟန်မျိုးရှိသည်ဟူသော ခြုံငုံယူဆင်ခြင်နည်းဖြင့် လေ့လာသုံးသပ်တင်ပြထားပါသည်။

**လေ့လာတွေ့ရှိချက်**

ဤစာတမ်းသည် သတင်းရေးဟန် အမျိုးမျိုးရှိသည့်အနက် ကြော်ငြာသတင်းရေးဟန်ကို အမျိုးအစား (၂) မျိုးဖြင့် လေ့လာတင်ပြထားပါသည်။

**ကြော်ငြာဟူသည်**

ကြော်ငြာဟူသော ဝေါဟာရနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံတိုင်းရင်းသားဘာသာဦးစီးဌာန မြန်မာစာအဖွဲ့၏ "မြန်မာအဘိဓာန်" (၂၀၂၁) စာအုပ်တွင် ကြော်ငြာဟူသော စကားလုံး၏ အဓိပ္ပာယ်မှာ

> ကြော်ငြာ ကြိ - ၁၊ အော်ဟစ်သည်။ ၂၊ သတင်းစကား စသည်တို့ကို လူအများ သိအောင်လုပ်သည်။ န - အများသိအောင်လုပ်ရသော အရေးအသား (စာ-၃၃)

ဟုတွေ့ရှိရပါသည်။

ကြော်ငြာဟူသော စကားလုံးကို အရေးဘာသာစကား၌ "ကြော်ငြာ" ဟု အသုံးပြုပြီး အပြောဘာသာစကားတွင် "ကြေညာ" ဟု ခေါ်ကြသည်။ ထို့ကြောင့် ကြော်ငြာနှင့် ကြေညာတို့သည် အဓိပ္ပာယ်အတူတူဖြစ်သည်ဟုဆိုရပါမည်။

မြန်မာစာအဖွဲ့၊ မြန်မာအဘိဓာန်(၂၀၂၁) စာအုပ်တွင် -

> ကြေညာ န- အောက်အရပ်နှင့် အထက်အရပ်။ အရပ်ခပ်သိမ်း။
> ကြိ- သတင်းစကား စသည်ကိုအများကြားသိအောင်လုပ်သည် ( စာ-၃၂)

ဟု ဖော်ပြပါသည်။

## ကြော်ငြာသည့်နည်းလမ်းများ

နိုင်ငံတော်ပိုင်သတင်းစာများဖြစ်သည့် ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် **ကြော်ငြာနည်းအမျိုးမျိုး**ဖြင့် ရေးသားသည့် ရေးဟန်ကိုလေ့လာတွေ့ရှိရပါသည်။ မိမိတို့၏ လုပ်ငန်းဆောင်တာကိစ္စအဝဝကို အများသိစေလိုသောအခါ သတင်းအဖြစ်ဖြန့်ခြင်း၊ ကြော်ငြာအဖြစ်ဖြန့်ခြင်းလုပ်ငန်း များကို ရေးနှစ်ပေါင်းများစွာကပင် အသုံးပြုခဲ့ကြပါသည်။ ရှေးဘုရင်မင်းများလက်ထက်က ဘုရင့် အမိန့်ကို မောင်းခတ်၍ အရပ်ရှစ်မျက်နှာသို့ အသိပေးကြေညာခြင်း၊ မြင်သာသောနေရာများတွင် စာကပ်ကြေညာခြင်း၊ ကျေးငှက်သာရကာများကို စေတမန်အဖြစ် အသုံးပြု၍ သတင်းပို့ခြင်းတို့ဖြင့် ကြော်ငြာခဲ့ကြသည်။

မျက်မှောက်ခေတ်တွင် အဆိုပါနည်းများကိုမသုံးတော့ဘဲ ရုပ်မြင်သံကြား၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်တို့မှကြေညာခြင်း၊ ရေဒီယိုမှထုတ်လွှင့်ခြင်း၊ လမ်းဆုံလမ်းခွများတွင် ဆိုင်းဘုတ်များဖြင့် ကြေညာခြင်းတို့ဖြင့် ကြော်ငြာနည်းအမျိုးမျိုးဖြင့် လုပ်ဆောင်ခဲ့ကြပါသည်။ ထိုသို့ လုပ်ဆောင်ရာတွင် သတင်းအသွင်ဖြင့်လည်းကောင်း၊ ကြော်ငြာအသွင်ဖြင့်လည်းကောင်း၊ အများပြည်သူတို့သိရှိ ကြစေရန် ထုတ်လွှင့်ကြေညာခြင်းများဖြင့် ဆောင်ရွက်ခဲ့ကြပါသည်။

## ကြော်ငြာ၏အရေးပါမှု

မိမိတို့၏အကြောင်းတစ်ခု၊ အဖြစ်အပျက်တစ်ခုကို အများပြည်သူတို့သိရှိနိုင်ရန် တစ်ယောက်စကား တစ်ယောက်ကြားဖြင့်လည်းကောင်း၊ တရားဝင်ကြေညာခြင်းဖြင့်လည်းကောင်း၊ နည်းလမ်းနှစ်သွယ်ဖြင့် ဆောင်ရွက်လျှင် ထိရောက်မှုရှိကြောင်း ကြော်ငြာခြင်း၏အရေးပါမှုကို သိရှိရပါသည်။

လူမှုရေးကြော်ငြာဖြစ်သည့် လက်ထပ်ထိမ်းမြားခြင်း ကြော်ငြာများသည် မိမိတို့၏ဆွေမျိုးသားချင်းများ မိတ်ဆွေများကို သိရှိစေနိုင်ပါသည်။ ထို့ပြင် အစည်းအဝေးပွဲများ၊ ဆုပေးပွဲများ၊ သက်ကြီးပူဇော်ပွဲများ စသည့်ကြော်ငြာများကြောင့် သက်ဆိုင်သူများအလွယ်တကူသိရှိပြီး လုပ်ငန်းပိုမို အောင်မြင်နိုင်ပါသည်။ ပျောက်ဆုံးမှုနှင့်ဆိုင်သော ပစ္စည်းပျောက်ခြင်း၊ လူပျောက်ခြင်း ကြော်ငြာများကြောင့် မိမိပျောက်သော ပစ္စည်းပြန်ရခြင်း၊ ပြန်ရရန်သတင်းရရှိခြင်း၊ ပျောက်သော သူပြန်လည်တွေ့ရှိနိုင်ပါသည်။

## ကြော်ငြာအမျိုးအစားများ

ကြေးမုံနှင့်မြန်မာ့အလင်းသတင်းစာများတွင် ဖော်ပြလျက်ရှိသော ကြော်ငြာအမျိုးအစားမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ (၁)အစိုးရကြော်ငြာ၊ (၂)စီးပွားရေးကြော်ငြာများ(နိုင်ငံခြားငွေ၊မြန်မာငွေ)၊ (၃)လူမှုရေးဆိုင်ရာကြော်ငြာများ၊ (၄) ဥပဒေဆိုင်ရာကြော်ငြာများ၊ (၅) အသင်းအဖွဲ့များ၏ ကြော်ငြာများ၊ (၆) ဘာသာရေးဆိုင်ရာကြော်ငြာများဟူ၍ လေ့လာတွေ့ရှိရပါသည်။

ကြော်ငြာရေးဟန်နှင့်ပတ်သက်၍ “လူမှုရေးဆိုင်ရာကြော်ငြာ” များကို သာဓကများဖြင့် လေ့လာတင်ပြပါမည်။

**ကြော်ငြာနည်းအမျိုးမျိုး**

ကြော်ငြာနည်းအမျိုးမျိုးရှိသည်။၎င်းတို့မှာ

(၁) ရုပ်မြင်သံကြားမှ ကြော်ငြာခြင်း။

(၂) ရေဒီယိုမှကြော်ငြာခြင်း။

(၃) ဆိုင်းဘုတ်များဖြင့်ကြော်ငြာခြင်း။

(၄) မဂ္ဂဇင်း၊ဂျာနယ်တို့တွင်ကြော်ငြာခြင်း။

(၅) သတင်းစာများတွင်ကြော်ငြာခြင်းတို့ဖြစ်သည်။

**လူမှုရေးကြော်ငြာရေးဟန်**

"လူမှုရေးဆိုင်ရာ ကြော်ငြာရေးဟန်" ဆိုသည်မှာ လူမှုရေးရာအဖြာဖြာတို့နှင့် ပတ်သက်သော လူမှုကိစ္စအဝဝဖြစ်သော လူတို့သည်အိမ်ထောင်ပြုရန်အတွက် လက်ထပ်ထိမ်းမြားမည်ဆိုလျှင် လက်ထပ်ထိမ်းမြားခြင်းအကြောင်းကို သတင်းစာတွင် ထည့်သွင်းကြော်ငြာခြင်းကြောင့် နှစ်ဖက်မိဘ၊ ဆွေမျိုးသားခြင်းနှင့် မိတ်ဆွေများက သိရှိစေနိုင်သည်။ ထို့ပြင် မွေးနေ့ဆုတောင်းခြင်းနှင့် မင်္ဂလာနှစ်ပတ်လည်ကြော်ငြာများကြောင့် မိသားစုအတွင်း ပိုမိုသံယောဇဉ်တွယ်တာစေနိုင်သည်။ မိတ်ဆွေ အသိုင်းအဝိုင်းအတွင်း ပိုမိုရင်းနှီးမှုကိုဖြစ်ပေါ်စေနိုင်သည်။

လူမှုပတ်ဝန်းကျင်တွင် အိမ်ထောင်ပြုလက်ထပ်မင်္ဂလာပြုပြီးနောက် မိမိတို့အချင်းချင်း စိတ်သဘောထား မတိုက်ဆိုင်သောမခါ ကွာရှင်းပြတ်စဲခြင်း စသောအကြောင်းကို လူအများကိုသိစေလိုသောကြောင့် သတင်းစာများတွင် ထည့်သွင်းကြော်ငြာသောကြောင့် အိမ်ထောင်ရေး မပြေလည်မှုများကို ကြော်ငြာမှတစ်ဆင့်သိရှိနိုင်ပါသည်။

တစ်ဖန် မိသားစုအတွင်း မလိမ္မာသောသားသမီးများနှင့်ပတ်သက်၍ မိဘများက မိမိတို့၏ သားသမီးများအတွက် ကြော်ငြာသောအခါ သားသမီးများ ပြန်လည်လိမ္မာလာနိုင်ခြင်း၊ မိဘအသိုင်းအဝိုင်းတွင် မမှန်ကန်သော လုပ်ရပ်များကို မလုပ်နိုင်ရန် ဟန့်တားခြင်းစသော အကျိုးသက်ရောက်မှုကို ရရှိစေနိုင်သည်။

ထို့ပြင်ပစ္စည်းပျောက်ခြင်းနှင့် လူပျောက်တို့ကို သတင်းစာများတွင် ကြော်ငြာခြင်းကြောင့် မိမိပျောက်သော ပစ္စည်းများပြန်လည်ရရှိနိုင်ပြီး ပျောက်သောသူကိုလည်း ပြန်လည်တွေ့စေနိုင်ပါသည်။

ဌာနဆိုင်ရာ အစည်းအဝေးပွဲများ၊ ဆုပေးပွဲများ၊ သက်ကြီးပူဇော်ပွဲများစသည့်တို့ ပြုလုပ်လိုသောအခါ သတင်းစာများတွင် ကြော်ငြာများထည့်သွင်းခြင်းကြောင့် သက်ဆိုင်သူများ အလွယ်တကူသိရှိပြီး လုပ်ငန်း ပိုမိုအောင်မြင်နိုင်စေပါသည်။

လူမှုရေးကြော်ငြာရေးဟန်များတွင် လူမှုရေးရာအဖြာဖြာတို့နှင့်သက်ဆိုင်သော သာရေး၊ နာရေးနှင့် လူမှုရေးကိစ္စအရပ်ရပ်တို့နှင့်ပတ်သက်သောအကြောင်းအရာကို အများသူငါတို့ သိရှိစေလိုသောအခါ သတင်းစာများတွင် ထည့်သွင်းကြော်ငြာခြင်းကို လူမှုရေးသတင်းကြော်ငြာ ရေးဟန်ဟုဆိုလိုပါသည်။ ထို့ကြောင့် လူမှုရေးရာအဖြာဖြာတို့နှင့်သက်ဆိုင်သော စေ့စပ်ကြောင်းလမ်းခြင်းသတင်း၊ လက်ထပ်

ထိမ်းမြားခြင်းသတင်း၊ မင်္ဂလာဆုတောင်းလွှာများ ကြော်ငြာခြင်း သတင်း၊ ကွာရှင်းပြတ်စဲခြင်းသတင်း၊ သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းသတင်း၊ လူပျောက် ကြော်ငြာ၊ပစ္စည်းပျောက်ကြော်ငြာ သတင်းများဖြစ်သည်။ နမူနာအားဖြင့်-

**နမူနာ ၁**

စေ့စပ်ကြောင်းလမ်းခြင်းကြော်ငြာနှင့်ပတ်သက်၍ ကြေးမုံသတင်းစာ၊ ၇-၁၁-၂၀၁၅၊ ၁၇ သတင်း စာတွင် -

**စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း**
ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၁ ရပ်ကွက်၊ သီဟသူရလမ်း၊ အိမ်အမှတ်နေ (၁၆၀)
ဗိုလ်ကြီးရဲစိုးမြို့ရှာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (ငြိမ်း)ဒုတိယညွှန်ကြားရေးမှူး)(ငြိမ်း)
ဗိုလ်မှူး ဒေါ်တင်တင်ဝင်းငြိမ်းတို့၏သား
ဗိုလ်ကြီးဟိန်းအောင် ဝင်းလက်ထက်(ခ)(BE.Meterial Science & Metallurgy)
နှင့်
ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ နေ (၁၁၂/၁၁၀)လမ်း၊ အိမ်အမှတ် (၄၈)
ဦးမျိုးသန့် (ဖောင်ကြီး-ဗဟိုဝန်ထမ်းတက္ကသိုလ် (ငြိမ်း)ဆေးရုံအုပ်ကြီး)ဒေါက်တာရီရီဝင်း -
တို့၏သမီး
ဒေါက်တာ ဆွေဇင်သိမ့် (M.B.B. S(Ygn) Medical Officer (Aisa Royal Hospital))
တို့သည် ၃၁၂၀၁၅ ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ -၁၀-
လူကြီးမင်းများရှေ့မှောက်၌
စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင်

**နမူနာ-၁**
**စိစစ်ချက်**

အထက်ပါစေ့စပ်ကြောင်းလမ်း ပြီးစီးခြင်းမင်္ဂလာသတင်းတွင် ပါဝင်သောစေ့စပ်ဆိုသည့် ဝေါဟာရကို ပညာရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတိုင်းရင်းသား ဘာသာစကားဦးစီးဌာန မြန်မာစာအဖွဲ့၏ မြန်မာအဘိဓာန် (၂၀၂၁) စာအုပ်တွင်

စေ့စပ် - ကြိ - "ယောကျ်ား၊ မိန်းမတို့မင်္ဂလာဆောင်ရန်အတွက် စကားအဆက် အသွယ်လုပ်သည်၊ ကြောင်းလမ်းသည်၊ မြန်းသည်"

(စာ - ၉၈)

ဟုလည်းကောင်း

ပညာရေးဝန်ကြီးဌာန၊မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန၊မြန်မာစာအဖွဲ့၏ မြန်မာအဘိဓာန် (၂၀၂၁) စာအုပ်တွင်

ကြောင်းလမ်း - ကြိ - "ထိမ်းမြားရန်စေ့စပ်ပြောသည်" (စာ -၁၈)

ဟုအဓိပ္ပာယ်ရပါသည်။

အဆိုပါစေ့စပ်ကြောင်းလမ်းတွင် စေ့စပ်နှင့်ကြောင်းလမ်းသည် တွဲ၍သုံးသော လုံးတွဲများဖြစ် သည်။ လုံးတွဲများတွင် အဓိပ္ပာယ်တူညီ ဆက်စပ်သောစကားလုံးများတွဲသုံးခြင်းမှာ အဓိပ္ပာယ် လေးနက် ပြည့်စုံအောင် သုံးခြင်းဖြစ်မည်ဟု ယူဆနိုင်ပါသည်။ ထိုသို့လုံးတွဲအဖြစ် အသုံးများလာသောအခါ စကား လုံးတွဲပုံသေဖြစ်သွားပြီး စေ့စပ်ကြောင်းလမ်းဟုတွဲသုံးမှ ပြီးပြည့်စုံသည်ဟု ယူဆကြသည်။ သို့ဖြစ်၍

စေ့စပ်ကြောင်းလမ်းဟူသော စကားလုံးမှာ တွဲမသုံးလျှင် မပြည့်စုံသလို ထင်တတ်ကြသည်။ ဆက်လက်၍ စေ့စပ်ကြောင်းလမ်းခြင်းကြော်ငြာ၏အောက်ခြေတွင် နှစ်ဖက် သောမိဘများနှင့် သက်ဆိုင်သူနှစ်ဦးတို့ကို ထည့်ပြီးရေးသည်ကို တွေ့ရှိရသည်။ အဆိုပါစေ့စပ်ကြောင်းလမ်းခြင်း သတင်းရေးဟန်သည် ပုံသေ သတ်မှတ်ထားသည့် သတင်းရေးဟန်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**နမူနာ ၂**

လက်ထပ်ထိမ်းမြားခြင်း ကြော်ငြာနှင့်ပတ်သက်၍ ကြေးမုံသတင်းစာ ၇ ၁၈-၂၀၁၅၊ စာ-၁၁-တွင်

**လက်ထပ်ပြီးစီးခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊(၁၆)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊

တိုက်အမှတ်(၆၃)၊ YNကွန်ဒို၊ အခန်းအမှတ်(A-2)နေ

ဦးမောင်မောင်ထွေး(ကိုထွေးနှင့်သားများ သစ်ရောင်းဝယ်ရေး)(ဒေါ်မြင့်မြင့်ဌေး)တို့၏ သားကြီး

မောင်ရဲမင်းခန့်(ကံတက်ဆောက်လုပ်ရေး)၏အစ်ကို

မောင်ဟန်လင်းဇော် B.A(Geography)

(ကိုထွေးနှင့်သားများ သစ်စက်)နှင့်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ပိတောက်အိမ်ရာ၊ တိုက်အမှတ်(၇၆၁/၁၁)နေ

ဦးအောင်မြိုင်(လက်ထောက်ညွှန်ကြားရေးမှူး၊မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း)

ဒေါ်မြမြဝင်း(J.A.T-ငြိမ်း) တို့၏ တစ်ဦးတည်းသောသမီး

ဒေါက်တာလှဲ့မဥ္စူ M.B.B.S(YGN)

မြို့နယ်ကျန်းမာရေးအရာရှိ

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ခုတင်(၅၀၀)၊ ပြည်သူ့ဆေးရုံ

တို့ကိုမိဘတို့ဝတ္တရားရှိသည့်အတိုင်း ထိမ်းမြားမင်္ဂလာဆောင်နှင်းပြီး ဖြစ်ပါသည်။

နှစ်ဖက်မိဘများနှင့်

မောင်ဟန်လင်းဇော်-ဒေါက်တာလှဲ့မဥ္စူ

**နမူနာ-၂**

**စိစစ်ချက်**

ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတိုင်းရင်းသား ဘာသာစကားဦးစီးဌာန၊ မြန်မာစာအဖွဲ့၊ မြန်မာ အဘိဓာန် (၂၀၂၁) စာအုပ်တွင် -

လက်ထပ်- “သတို့သားနှင့် သတို့သမီးလက်ချင်းထပ်၍ လင်မယားအဖြစ်ရောက်စေသည်။ မင်္ဂလာဆောင်သည်” ဟုလည်းကောင်း (စာ-၃၂၅)

ထိမ်းမြား - “လက်ထပ်သည်။ မင်္ဂလာဆောင်သည်” (စာ - ၃၂၅)

ဟု အဓိပ္ပာယ်ရပါသည်။

မိဘတို့၏ မိဘဝတ္တရားငါးပါးတွင် တစ်ပါးဖြစ်သော ထိမ်းမြားခြင်းမင်္ဂလာဆောင်နှင်းပြီး ဖြစ်ကြောင်း၊ နှစ်ဖက်မိဘများနှင့် သတို့သားသတို့သမီးတို့ကိုယ်တိုင် လက်ထပ်ပြီးစီးခြင်းကို မြန်မာ့ အလင်းသတင်းစာတွင် ထည့်သွင်းဖော်ပြထားခြင်းဖြစ်သည်။

လက်ထပ်ပြီးစီးခြင်း ကြော်ငြာသတင်းရေးဟန်များသည် ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့ ဓလေ့ထုံးစံ အရ နှစ်ဖက်သောမိဘများကို ရေးသားရာတွင် သားရှင် မိဘ၊ နေရပ်လိပ်စာ၊ ရာထူးကိုဦးစွာရေးပြီးမှ

သတို့သား၏ရာထူးအလုပ်အကိုင်များ ရေးသားဖော်ပြသည်။ သတို့သမီးမိဘများ၏ နေရပ်လိပ်စာနှင့် ရာထူးကို ဒုတိယအဆင့်တွင်ရေးပြီး ထို့နောက်မှ သတို့သမီး၏အမည်၊ အလုပ်အကိုင်၊ ရာထူးများကို ရေးသားခြင်းသည် "ပုံစံကျနေသောရေးဟန်" ဖြစ်ကြောင်း လေ့လာတွေ့ရှိ ရသည်။

**မင်္ဂလာဆုတောင်းလွှာကြော်ငြာနှင့်ပတ်သက်၍** ကြေးမုံသတင်းစာ၊ ၂-၁၁-၂၀၁၅၊ စာ-၂၅

**သတင်းစာတွင် -**

**နမူနာ ၃**

"ငွေရတုမင်္ဂလာဆုတောင်းလွှာ"

(၁-၁၁-၂၀၁၅) ရက်နေ့တွင် ကျရောက်သော ချစ်သူငယ်ချင်း ဦးကျော်လင်း- ဒေါ်နီနီအောင်တို့၏ (၂၅) နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှသည် ချစ်သမီး ဆုမြတ်စန္ဒီသော်၊ ချစ်သား ဟံသာစိုးတို့နှင့် အတူ နှစ်ပေါင်း (၁၂၀) တိုင်အောင် ပျော်ရွှင်ဖွယ်ရာ မိသားစုဘဝကို ပိုင်ဆိုင်နိုင်ပါစေ။

ငယ်သူငယ်ချင်းများ

ဒေါက်တာကျော်မင်းလွင်- နှင်းဆီ

လှလှမြတ်ကျော် - စမ်းစမ်းအေး

မျိုးပိုင်ကျော်လွင် - နီနီခင်

**မင်္ဂလာဆုတောင်းလွှာကြော်ငြာနှင့်ပတ်သက်၍** မြန်မာအလင်းသတင်းစာ၊ ၁၂-၁၁-၂၀၁၅၊ စာ-၂၈

**သတင်းစာတွင် -**

**နမူနာ ၄**

ပုလဲရတု မင်္ဂလာနှစ်ပတ်လည် ဆုမွန်ကောင်းတောင်းလွှာ

ချစ်သောဖေဖေ ဦးခင်မောင်မြင့် (ဦးစီးအရာရှိ၊ အမရပူရမြို့နယ် စာရင်းစစ်ရုံး) နှင့် ချစ်သော မေမေ ဒေါ်ချိုချိုသန္တာ (ဦးစီးအရာရှိ၊ အောင်မြေသာစံမြို့နယ်စာရင်းစစ်ရုံး) တို့၏ ၁၂-၁၁-၂၀၁၅ ရက်တွင်ကျရောက်သော ပုလဲရတု (နှစ် ၃၀ ပြည့်) မင်္ဂလာနှစ်ပတ်လည် ရက်မြတ်မှစ၍ ရွှေရတု၊ စိန်ရတုသို့တိုင်အောင် ပျော်ရွှင်ခြင်း၊ ကျန်းမာခြင်း၊ ချမ်းသာခြင်း၊ ပြည့်စုံခြင်းများနှင့်အတူ မိသားစု အတူတကွ နေထိုင်ရသော နေ့ရက်များစွာ ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သမီးကြီး - ခွန်သော်ဇင်- မိမိနန္ဒာ

မြေးချစ်လေး- ဖြိုးနန္ဒာကို (ခ) တုန်တုန်

စိန်ရွှေဖြိုးရောင်းဝယ်ရေးလုပ်ငန်းမန္တလေးမြို့

ချစ်သားငယ်-ဗိုလ်သော်ဇင်(DSMA-16th Intake)

ခုတင် ၁/၅၀ ဆေးရုံ၊ မိတ္ထီလာမြို့

**နမူနာ ၅**

မြန်မာ့အလင်းသတင်းစာ၊ ၁၄-၁၁-၂၀၁၅၊ စာ-၂၆

မင်္ဂလာပတ္တမြားရတုဆုတောင်း

ဖေဖေ ဦးခင်မောင်ဆယ် (ဦးဆောင်ညွှန်ကြားရေးမှူး၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း- ငြိမ်း) နှင့် မေမေ ဒေါ်ငွေးငွေးသန်းတို့၏ ၁၄-၁၁-၂၀၁၅ ရက်တွင် ရောက်ရှိသော နှစ် (၄၀) ပြည့် ပတ္တမြားရတု မင်္ဂလာရက်မြတ်မှသည် နောင်ရွှေရတု၊ စိန်ရတု၊ နဝရတ်ရတုများစွာတိုင် ဘာသာ၊ သာသနာအကျိုး ဆောင်ရွက်ပြီး ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း လိုက်ပါသည်။

သားနှင့်သမီး

ပြည်ဖြိုးဆယ်- စုစန္ဒာမျိုးလှ

**နမူနာ-၃၊ ၄၊ ၅**

**စိစစ်ချက်**

အထက်ပါနမူနာ ၃၊၄၊၅ တို့တွင် မင်္ဂလာနှစ်သက်တမ်းကိုဖော်ပြသည့် ကိုယ်စားပြုစကားလုံးများ ဖြစ်သော **မင်္ဂလာနှစ်သက်တမ်း(၂၅) နှစ်ပြည့်ဆုတောင်းကို "ငွေရတုဆုတောင်း" မင်္ဂလာနှစ် သက်တမ်း အနှစ်(၃၀) ပြည့်ဆုတောင်းကို "ပုလဲရတုဆုမွန်ကောင်းတောင်းလွှာ" မင်္ဂလာနှစ်သက်တမ်း အနှစ် (၄၀)ပြည့် ဆုတောင်းကို "ပတ္တမြားရတု" ဆုတောင်းလွှာဟု လည်းကောင်း မင်္ဂလာနှစ်သက်တမ်း အလိုက် ခေါ်ဝေါ်သုံးစွဲသော စကားလုံးများကို** တွေ့ရပါသည်။ မင်္ဂလာနှစ်သက်တမ်းကိုလိုက်ပြီး ရတု အသီးသီးကိုဖော်ပြပြီး ဆုတောင်းကြရာတွင် မင်္ဂလာဆုတောင်းများကို နိုင်ငံတော်အဆင့်သတင်း စာများ တွင် ထည့်သွင်းကြော်ငြာကြသည်။ ထိုသို့ကြော်ငြာခြင်းဖြင့် မိသားစုအတွင်း ပိုမိုသံယောဇဉ် တွယ်တာ ခြင်း မိတ်ဆွေအသိုင်း အဝိုင်းအတွင်းပိုမိုရင်းနှီးမှုရှိနိုင်ခြင်းစသည့် "လူမှုရေး ဆိုင်ရာကြော်ငြာ သတင်း ရေးဟန်" ကိုလေ့လာ တွေ့ရှိရပါသည်။

နမူနာ-၆

**ကွာရှင်းပြတ်စဲခြင်း ကြော်ငြာနှင့်ပတ်သက်၍** သတင်းစာတွင် -

မြန်မာ့အလင်း။ ၄-၁၁-၂၀၁၁၊

နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှကွာရှင်းပြီးဖြစ်ကြောင်း

မြန်မာ့အလင်း။ ၇-၁၁-၂၀၁၅၊

ဇနီးအဖြစ်မှ မသက်ဆိုင်တော့ကြောင်း အများသိစေရန် ကြေညာခြင်း

ကြေးမုံ၊ ၆-၁၁-၂၀၁၅၊ ၂၂

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးကြောင်း

မြန်မာ့အလင်း။ ၅-၁၁-၂၀၁၅၊

ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း

ကြေးမုံ၊ ၉-၂-၂၀၁၈၊ ဆ

အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်း

**နမူနာ-၆**

**စိစစ်ချက်**

အထက်ပါ လင်မယားကွာရှင်းပြတ်စဲခြင်းနှင့်သက်ဆိုင်သော ကြော်ငြာသတင်းရေးဟန်တို့တွင် ဖော်ပြပါ ကြော်ငြာတို့အရ အမျိုးသမီးဖြစ်သူက မိမိခင်ပွန်းနှင့် ကွာရှင်းပြီးစီးကြောင်းကို အများပြည်သူတို့ သိရှိစေရန်အတွက် "ခင်ပွန်းအဖြစ်မှမသက်ဆိုင်တော့ပါကြောင်း" ဟူ၍လည်းကောင်း၊ ခင်ပွန်းဖြစ်သူက မိမိဇနီးနှင့် ကွာရှင်းပြီးစီးကြောင်းကို အများပြည်သူတို့ သိရှိစေရန်အတွက် ကွာရှင်းပြတ်စဲကြောင်း အသိ ပေးသည့် ကြော်ငြာသတင်းရေးဟန် ခေါင်းစီးတို့တွင် "ခံစားမှုပြစကားလုံးတို့ကိုလိုက်၍ ရေးဟန် အမျိုးမျိုးပြောင်းလဲ" နေသည်ကို လေ့လာတွေ့ရှိ ရပါသည်။

## နမူနာ-၇

**သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း ကြော်ငြာနှင့်ပတ်သက်၍** သတင်းစာတွင် -

မြန်မာ့အလင်းသတင်းစာ၊ ၂၀-၁၁-၂၀၁၅၊ ၂၀

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကြေးမုံသတင်းစာ၊ ၁၁ ၁၁- ၂၀၁၅၊ ၈

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြန်မာ့အလင်းသတင်းစာ၊ ၁၂-၁၁-၂၀၁၅၊ ၁၃

အမွေပြတ်စွန့်လွှတ်ခြင်း

မြန်မာ့အလင်းသတင်းစာ၊ ၂၄-၁၁-၂၀၁၅၊ ၂၈

သွားနုတ္တသားမဟုတ်ကြောင်းကြေညာခြင်း

## နမူနာ-၇

## စိစစ်ချက်

အထက်ပါအကြောင်းအရာပါ ကြော်ငြာသတင်းများသည် "သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း" ဟုရေးသားကြပြီး၊ မိဘ ခွင့်လွှတ်လိုစိတ်မရှိအောင် ဆိုးသွမ်းခြင်း၊ ပြစ်မှု ကျူးလွန်ခြင်း ရှိသော သားသမီးအား "သွားနုတ္တသား (သမီး) အဖြစ်မှစွန့်လွှတ်ခြင်း" ဟူ၍ သွားနုတ္တသား မဟုတ်ကြောင်း ကြေညာခြင်း စသည့် သားသမီအဖြစ်မှ စွန့်လွှတ်ခြင်းမျိုးလည်း ရှိသည်။

ထို့ပြင် သတင်းစာများတွင် မိဘက သွားနုတ္တသားအဖြစ် ကြေညာခဲ့ခြင်းကို သားသမီးတို့ကလည်း မိဘအပေါ်ကာယကံ၊ ဝစီကံ၊ မနောကံ စသည့်ကံသုံးပါးတို့နှင့် ပြစ်မှားခြင်းမရှိခဲ့သောကြောင့် သားသမီး ဖြစ်သူကလည်း မိဘတို့ကို သတင်းစာမှ သွားနုတ္တသားမဟုတ်ကြောင်း ပြန်လည်ကြေညာ သည်ကို တွေ့ရှိရသည်။ ထို့ကြောင့်**သွားနုတ္တသား မဟုတ်ဟူသော** စကားလုံးကြောင့် ဥပဒေဆိုင်ရာစကား အသုံးအနှုန်းတို့ဖြင့် ရေးဟန်ကို လေ့လာသိရှိရပါသည်။

## နမူနာ-၈

## လူပျောက်ကြော်ငြာနှင့်ပတ်သက်၍ ကြေးမုံသတင်းစာ ၃၊ ၂၊ ၂၀၁၈ စာ-၂၂

ဆက်သွယ်ပါ

သားကြီး မောင်မင်းမင်းလတ် ၁၂/မရက(နိုင်) ၁၆၈၄၅၇

သားကြီးရေ

သားရင်ဆိုင်ဖြေရှင်းနေရတဲ့ အခက်အခဲများရှိနေခဲ့ရင် ဖေဖေ၊ မေမေတို့ကို တိုင်ပင်ဖို့ မေ့မနေပါနဲ့။ သားရဲ့ အနာဂတ်အတွက်လည်း အကောင်းဆုံးဖြစ်အောင် ပံ့ပိုးပေးပါမယ်။ ဖေဖေ၊ မေမေတို့ကို ဆက်သွယ်ဖို့အတွက် စိုးရွံ့မနေပါနဲ့။ ခွင့်လွှတ်ပါတယ်။

ဖေဖေ၊ မေမေ

**နမူနာ-၈**

**စိစစ်ချက်**

ပျောက်ဆုံးနေသည့် သားကြီးပြန်လည်ဆက်သွယ်ရန် ကြော်ငြာထည့်သွင်းခြင်းဖြစ်ပါသည်။ မိဘများက သားအတွက် ပူပင်သောကရောက်နေပြီး သားကိုပြန်လာစေချင်သည်။ သားကမိဘကို စိုးရိမ်နေပြီး အဆက်အသွယ်မလုပ်မည်ကို စိုးရိမ်သော မိဘဆန္ဒကို ထင်ဟပ်စေသည့် ရေးဟန်ကိုတွေ့ရသည်။ ပြန်လာစေလိုသည့် စေတနာရည်ရွယ်ချက်ဖြင့် မိဘကသားသမီးအပေါ် စေတနာကိုထင်ဟပ်ပေါ်လွင်စေသည့် “တိုင်ပင်ဖို့မေ့မနေပါနဲ့”၊ “ဆက်သွယ်ဖို့အတွက် စိုးရိမ် မနေပါနဲ့” တိုက်တွန်းသည့်ဟန်၊ အားပေးသည့်ဟန်တို့ကို ဆန့်ကျင်ဝါကျအသုံးများဖြင့် ရေးဖွဲ့ထားကြောင်းတွေ့ရသည်။ “မ” အငြင်းပြပစ္စည်းကို သုံး၍ ဆန့်ကျင်ဝါကျများဖြင့် အများဆုံး ရေးဖွဲ့ထားသည့် ရေးဟန်ကိုလည်း တွေ့ရှိရပါသည်။

မြန်မာစာအဖွဲ့၏ မြန်မာအဘိဓာန် (၂၀၂၁) တွင် နာရေး-န -နာမှုကိစ္စ၊ သေမှုကိစ္စ (စာ-၁၀၃) ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

နာရေးကြော်ငြာများကြောင့် ဆွေမျိုးများနှင့်မိတ်ဆွေများ အချိန်မီသိရှိနိုင်ခြင်း၊ နာရေးရှင်များ အနေဖြင့်လည်း တစ်ဦးချင်းသို့ အကြောင်းကြားနိုင်သည့် အခွင့်အရေးကို ကျော်လွှားနိုင်ခြင်း၊ ဝမ်းနည်းကြေကွဲခြင်း ကြော်ငြာများကြောင့် လူမှုရေးအသိုင်းအဝိုင်းတွင် ပိုမိုရင်းနှီးမှုရရှိခြင်း၊ တစ်ဦး၏ကြင်နာမှုကို တစ်ဦးက နားလည်ခွင့်ရရှိခြင်း၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အကျိုးသက်ရောက်မှုရရှိနိုင်ပါသည်။

နာရေးကျေးဇူးတင်ကြော်ငြာများကြောင့် နာမကျန်းစဉ်က ကုသပေးကြသော ဆရာဝန်ကြီး၊ ဆရာဝန်မကြီးများနှင့် သူနာပြုဆရာ၊ ဆရာမများနှင့် ပိုမိုရင်းနှီးမှုရရှိခြင်း၊ ဆွေမျိုးမိတ်ဆွေများအား တစ်ဦးချင်းကျေးဇူးတင်စကားပြောကြားရန် အခက်အခဲကို ကျော်လွှားနိုင်ခြင်း အကျိုးများရရှိစေနိုင်ပါသည်။

**ဗုဒ္ဓဘာသာရဟန်းသံဃာနှင့်သက်ဆိုင်သောစကားလုံးအသုံးအနှုန်း**

နာရေးကြော်ငြာသတင်းခေါင်းစဉ်နှင့် ဘဝနတ်ထံပျံလွန်တော်မူခြင်းဟူသော စကားအသုံးအနှုန်းကိုတွေ့ရှိရပါသည်။ ရေးအစဉ်အဆက် စကားအရ ရဟန်းသံဃာများသည် နတ်ပြည်မှလာ၍ နတ်ပြည်သို့ပြန်သွားသည်ဟူသော အဓိပ္ပာယ်ဖြင့် **ဘဝနတ်ထံ ပျံလွန်တော်မူသည်ဟု** သုံးနှုန်းခြင်းဖြစ်မည်။

လူပုဂ္ဂိုလ်များတွင်ကွယ်လွန်သည့်အချိန်၌ ရောက်ရှိသည့်အသက်တွင် သေဆုံးခဲ့လျှင် ၎င်းအသက်ကို ရေးခြင်းဖြင့်ပြီးပြည့်စုံသော်လည်း ရဟန်းသံဃာတို့မှာ ရဟန်းဘဝခံယူချိန်မှစပြီး ပျံလွန်တော်မူသည့်အချိန်အထိကာလကို သိက္ခာတော်(၃၀) အဖြစ်သတ်မှတ်ပြီး အဆိုပါသိက္ခာတော်(၃၀)၏ နှစ်ကာလအရေအတွက်ကိုပါ သတ်မှတ်ပြီး သိက္ခာတော် (၃၀)ဝါဟူသော စကားလုံးအသုံးအနှုန်းကို တွေ့ရှိရပါသည်။ ၅-၁၁-၂၀၁၅ ရက် ညနေ(၆)နာရီတွင် ဘဝနတ်ထံပျံလွန် တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၇-၁၁-၂၀၁၅ ရက် (စနေနေ့) ညနေ(၆)နာရီတွင် ရေးဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်းဟူသော ဝါကျတွင် အဆုံးသတ်စကားလုံး “ကြောင်း” ဖြင့် အဆုံးသတ်ထားပြီး ကျန်သောရုပ်ကလာပ်ကို ဥတုဇရုပ် ကလာပ်တော်ဟုလည်းကောင်း၊ အမွှေးနံ့သာမီးဖြင့်

ပူဇော်သည်ကို မီးသင်္ဂြိုဟ်သည်ဟု လည်းကောင်း ရဟန်းသံဃာသုံးဆိုင်ရာ နာမ့ူကိစ္စ၊ သေမှုကိစ္စ စကားအသုံးအနှုန်းများကို လေ့လာ တွေ့ရှိရပါသည်။

နာရေးကြော်ငြာတွင် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ ဓလေ့ထုံးစံအရ **"သေသည်"** ဟူသော စကားလုံးကို **"ကွယ်လွန်သည်၊ သေသည်၊ အနိစ္စရောက်သည်၊ ပျံလွန်တော်မူသည်၊ ဘဝနတ်ထံ ပျံလွန်တော်မူသည်"** ဟူသော လူနေမှုဘဝ အဆင့်အတန်းပေါ်မူတည်၍ စကားလုံးအသုံးအနှုန်း အမျိုးမျိုး ကွဲပြားသွားကြောင်း သိရှိရပါသည်။

နာရေးသတင်းကြော်ငြာတွင် တစ်ဖန် ရဟန်း၊ သိမ်၊ ကျောင်း ဆောက်လုပ်လှူဒါန်းခဲ့သည့် ဗုဒ္ဓဘာသာဝင်တစ်ဦး ကွယ်လွန်သွား၍ ကျန်ရစ်သူမိသားစု ဗုဒ္ဓဘာသာဝင်များကကွယ်လွန်ပြီး ၇ ရက်မြောက်တွင် ကွယ်လွန်သူအားရည်စူး၍ ရက်လည်ဆွမ်းကျွေးပြုလုပ်ပြီး တရားတော်နာယူရာ ကွယ်လွန်သူ၏ ကျန်ရစ်သူများက ဖိတ်ကြားပြီး အလှူပြုမည့် ဖိတ်စာကြော်ငြာကမ်းလေ့ရှိပါသည်။

ခရစ်ယာန်ဘာသာဝင်တို့ သေဆုံးခြင်းကို **ခရစ်တော်၌အိပ်ပျော်ခြင်း**ဟု သုံးနှုန်းပြီး ကျန်ရှိသော ခန္ဓာကို ခရစ်ယာန်ထုံးတမ်းအစဉ်အလာအရ ဝတ်ပြုဆုတောင်းပြီး မွန်းတည့်(၁၂) နာရီတွင် **မီးသင်္ဂြိုဟ်** မည်ဖြစ်ကြောင်း ကျန်ရစ်သူမိသားစုက နာရေးသတင်းကြော်ငြာထည့်သွင်း ရေးသား ထားခြင်းဖြစ်သည်။

ခရစ်ယာန်ဘာသာဝင်တစ်ဦး၏ နာရေးသတင်းကြော်ငြာမှ ခရစ်တော်၌အိပ်ပျော်ခြင်း ဟူသော သတင်းခေါင်းစီးအရ ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်ကြောင်းသိနိုင်သည်။ ခရစ်ယာန်ဘာသာဝင်တစ်ဦး ကွယ်လွန်သွားသည်ကို **ခရစ်တော်၌အိပ်ပျော်ခြင်း** ဟူသော စကားအသုံးအနှုန်းနှင့် ဖော်ပြကြောင်း လေ့လာတွေ့ရှိရပါသည်။

အစ္စလာမ်ဘာသာဝင်တစ်ဦး၏ နာရေးသတင်းကြော်ငြာမှ အလ္လာရှင်မြတ်အမိန့်တော် ခံယူခြင်း ဟူသော သတင်းခေါင်းစီးအရ မွတ်စလင်ဘာသာဝင် တစ်ဦးဖြစ်ကြောင်းသိနိုင်သည်။ မွတ်စလင်ဘာသာဝင်တစ်ဦး ကွယ်လွန်သွားသည်ကို **အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း**ဖြစ် သည်ဟူသော သတင်းခေါင်းစီးတွင် သုံးနှုန်းသောစကားလုံးအရ မွတ်စလင်လူမျိုးဖြစ်ကြောင်းသိနိုင်ပြီး **ဟာဂျီ၊ ဟာဂျီမ**သည် အစ္စလာမ် ဘာသာဝင်တို့၏ ဘာသာရေးဘွဲ့ဖြစ်သည်။ ဒါဖွာနာသည် မြေမြှုပ်သင်္ဂြိုဟ်ပြီးစီး ပါကြောင်း ဟူသော ဝါကျအဆုံးသတ်ပစ္စည်း"ကြောင်း" ဖြင့်သုံးနှုန်းထားသည်ကို တွေ့ရှိရသဖြင့် အစ္စလာမ် ဘာသာဝင်တို့၏ ဘာသာရေးဆိုင်ရာ အသုံးအနှုန်းများကို လေ့လာသိရှိရပါသည်။

## ခြုံငုံသုံးသပ်ချက်

လူမှုရေးကြော်ငြာရေးဟန်သည် လူမှုရေးဆိုင်ရာကြော်ငြာအမျိုးအစားအလိုက် ကွဲပြားမှုရှိသော ရေးဟန်ဖြစ်ကြောင်းကိုတွေ့ရသည်။ ကြော်ငြာတို့၏ အမျိုးအစားကွဲပြားမှုအလိုက် စကားအသုံးအနှုန်း ဆီလျော် အောင်သုံးစွဲထားပြီးခက်ခဲ၍ သိရှိရန်မလွယ်ကူသော ဝေါဟာရများကိုရှောင်၍ ရေးသားကြသည်။ သတင်းရေးသည့်အခါ ဝါကျဖွဲ့ထုံးကို တိုတိုရှင်းရှင်းရေးကြသည်။ ဝါကျရှည်ကြီး သုံးစွဲခြင်းကို တတ်နိုင်သမျှရှောင်ရသည်။ လူမှုရေးကြော်ငြာ သတင်းရေးဟန်ကို မြန်မာဘာသာစကားဆိုင်ရာ စကားပြေ ရေးဟန်တစ်ရပ်အဖြစ် တွေ့ရှိရပါသည်။

## နိဂုံး

သတင်းများတွင် ရေးသားဖော်ပြလျက်ရှိသော သတင်းရေးဟန်များသည် မြန်မာစာ အရေးအသားစနစ်၏ အလေးထားရမည့် အချက်များပင် ဖြစ်ပါသည်။ သတင်းရေးဟန်၏ အစိတ်အပိုင်း များ ဖြစ်သော စကားအသုံးအနှုန်းနှင့် သတင်းဖွဲ့စည်းတင်ပြပုံ အဆင့်တို့သည် ခေတ်ကာလအလျောက် ပြောင်းလဲလာနိုင်ခြင်းကြောင့် အစဉ်လေ့လာသင့်သော ပညာရပ်နယ်ပယ်တစ်ခုအဖြစ် လေ့လာ သုံးသပ် မိပါသည်။ ထို့ကြောင့်နိုင်ငံတော်ပိုင် သတင်းစာများဖြစ်သော ကြေးမုံနှင့်မြန်မာ့အလင်း သတင်းစာတို့မှ သတင်းရေးဟန်သည် နိုင်ငံတော်တည်ဆောက်ရေးတွင် သတင်းမီဒီယာ မဏ္ဍိုင်အဖြစ် အရေးပါသကဲ့သို့ မြန်မာဘာသာစကား နယ်ပယ်၏ အနာဂတ်အတွက်လည်း အရေးပါသောကဏ္ဍ တစ်ရပ်ပင်ဖြစ်သည်။ လူမှုရေးကြော်ငြာသတင်းရေးဟန်သည် လူမှုရေးဆိုင်ရာကြော်ငြာ အမျိုးအစားအလိုက် ကွဲပြားမှုရှိသော ရေးဟန်ဖြစ်သည်။ ကြော်ငြာတို့၏ အမျိုးအစားအလိုက် စကားအသုံးအနှုန်း ဆီလျော်အောင် သုံးစွဲခြင်း၊ ခက်ခဲ၍သိရှိရန်မလွယ်ကူသော ဝေါဟာရများကိုရှောင်ခြင်း၊ ဆိုလိုရင်းကို တိုတိုရှင်းရှင်းရေးခြင်း၊ ဝါကျ ရှည်ကြီးသုံးစွဲခြင်းကို တတ်နိုင်သမျှရှောင်ခြင်းတို့ကို တွေ့ရသည်။ လူမှုရေးကြော်ငြာသတင်း ရေးဟန် သည် မြန်မာဘာသာစကားဆိုင်ရာ စကားပြေရေးဟန် တစ်ရပ်အဖြစ် ရပ်တည်လျက်ရှိသည်။

## ကျမ်းကိုးစာရင်း


ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၁၁)။ ***ရေးဟန်ပညာနိဒါန်း*** ။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

စိုးနိုင်၊ **မောင်**။ (၂၀၀၄)။ ***ဇော်ဂျီ၏စကားပြေရေးဟန် လေ့လာချက်***။ ရန်ကုန်တက္ကသိုလ်၊ ပါရဂူ ဘွဲ့ယူကျမ်း။

စိုးစိုးနိုင်(ကြေးမုံ)။ (၂၀၁၉)။ ***မော်ဝင်သတင်းသမားများ နည်းနာခံယူရသည့် သတင်းစာပညာ။*** ရန်ကုန်၊ ရွှေပြည်ဟိန်း ပုံနှိပ်တိုက်။

စိန်ဝင်း၊ **ဦး** (ဂါဒီယန်)။(၁၉၉၃)။ ***စတုတ္ထမဏ္ဍိုင်နှင့် ဂါဒီယန်သတင်းစာ။*** ရန်ကုန်၊ ပြန်ကြားရေးဝန်ကြီးဌာန

စိန်ဝင်း (လူထု)။(၂၀၁၃)။***သတင်းစာပညာ သောင်းပြောင်းထွေလာ။*** ရန်ကုန်၊ စာပေလောကပုံနှိပ်တိုက်

ဇော်မိုးဝင်း၊**မောင်**။(၂၀၂၁)။***မျက်မှောက်ခေတ် စာနယ်ဇင်းများ၏သတင်းရေးဟန်။*** ရန်ကုန်တက္ကသိုလ်၊ ပါရဂူဘွဲ့ကျမ်း။

တင်မောင်သန်း၊ရှုံးအိကွန်း။(၂၀၁၅)။***မီဒီယာဆက်ဆံရေး***။ ရန်ကုန်၊ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေ ရေးလုပ်ငန်း။

ပြန်ကြားရေးဝန်ကြီးဌာန။ (ခုနှစ်မပါ)။ ***သတင်းစာသင်တန်းပို့ချချက်ဘာသာ***။ ရန်ကုန်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းများ။

ဖိုးညဏ်။ (၂၀၁၂)။ ***သတင်းစာလောကကို ဖြတ်သန်းခြင်း။*** ရန်ကုန်၊ ပန်းဝေဝေစာပေ။

မြင့်ထွန်း။ (၂၀၁၃)။ ***သတင်းထောက်လက်စွဲ***၊ ရန်ကုန်၊ ယဉ်မျိုးစာပေ။

မြင့်သူဇာထွန်း၊ **မ**။ (၂၀၁၄)။ ***မျက်မှောက်ခေတ်မြန်မာစာနယ်ဇင်းများမှ ခေတ်သုံးမြန်မာဝေါဟာရများ လေ့လာချက်။***

မြတ်သူ(တက္ကသိုလ်)။ (၂၀၀၉)။ ***ဘက်စုံသတင်းစာပညာ (ဒုတိယတွဲ)***၊ ရန်ကုန်၊ ဂလိုဘယ်စာပေ။

မြန်မာစာအဖွဲ့ဦးစီးဌာန။ (၂၀၀၈)။ ***မြန်မာအဘိဓာန် (ဒုတိယတွဲ)***။ ရန်ကုန်၊ စာပေဗိမာန်။

ဝံသ၊ မောင်။ (၂၀၀၉)။ ***သတင်းပညာ သဘောတရားနှင့်လက်တွေ့***။ ရန်ကုန်၊ ဒေါင်းစာပေ။

ဝင်းတင်၊ ဦး၊ ဟံသာဝတီ။ (၂၀၁၂)။ ***တိုက်သုံးဟန် (သတင်းစာနှင့်ဂျာနယ်)***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

တင်ဖတ်၊ (မောင်ထင်)။ (၁၉၇၅)။ ***စာနယ်ဇင်းသမိုင်းစာတမ်းများ*** ။ ရန်ကုန်၊ ပန်းဝေဝေစာပေ။

**စာသားကိုးကား သတင်းစာများ**

ကြေးမုံသတင်းစာ (၂၀၁၀- ၂၀၁၈)

ကြေးမုံ၊ ၇-၁၁-၂၀၁၅၊ စာ-၁၇

ကြေးမုံ၊ ၇-၁၁-၂၀၁၅၊ စာ-၁၈

ကြေးမုံ၊ ၂-၁၁-၂၀၁၅၊ စာ-၂၅

ကြေးမုံ၊၃-၁၁-၂၀၁၅၊ စာ-၂၂

ကြေးမုံ၊ ၉-၂-၂၀၁၅၊ စာ-၁၀

မြန်မာ့အလင်းသတင်းစာ (၂၀၁၀- ၂၀၁၈)

မြန်မာ့အလင်း၊ ၄-၁၁-၂၀၁၁၊ စာ-၂၂

မြန်မာ့အလင်း၊ ၇-၁၁-၂၀၁၁၊ စာ-၂၅

မြန်မာ့အလင်း၊ ၅-၁၁-၂၀၁၁၊ စာ-၂၂

မြန်မာ့အလင်း၊ ၆-၁၁-၂၀၁၁၊ စာ-၂၂

မြန်မာ့အလင်း၊ ၁၁-၁၁-၂၀၁၁၊ စာ-၂၅

မြန်မာ့အလင်း၊ ၁၂-၁၁-၂၀၁၁၊ စာ-၂၈

မြန်မာ့အလင်း၊ ၁၂-၁၁-၂၀၁၁၊ စာ-၂၆

မြန်မာ့အလင်း၊ ၁၄-၁၁-၂၀၁၁၊ စာ-၂၆

မြန်မာ့အလင်း၊ ၂၀-၁၁-၂၀၁၁၊ စာ-၂၀

မြန်မာ့အလင်း၊ ၂၄-၁၁-၂၀၁၁၊ စာ-၂၈

*J. Myanmar Acad. Arts Sci. 2026* **Vol. XXIII. No.6**

# မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်းသီချင်းမှ ဘာသာစကား၏ အလုပ်တာဝန်များလေ့လာချက်

ဇင်မာထွေး[၁]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် 'မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်းသီချင်းမှ ဘာသာစကား၏ အလုပ်တာဝန်များ လေ့လာချက်" ဖြစ်ပါသည်။ ဘာသာစကားနယ်ပယ် တေးကဗျာကဏ္ဍလာ မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း သီချင်းကို အတ္ထဗေဒရှုထောင့်မှ လေ့လာထားခြင်းဖြစ်ပါသည်။ အလေ့လာခံမှာ မြန်မာ့စိတ်ရင်း မြန်မာ့ ရှုခင်းသီချင်း စာသားများ ဖြစ်ပါသည်။ ပညာရပ်နည်းနာအနေဖြင့် ဘာသာစကား၏ အလုပ်တာဝန် ရပ်(၅) ကို အသုံးပြု ထားပါသည်။ သုတေသနနည်းနာအဖြစ်ရှိပြီး အချက်အလက်များအပေါ် အခြေပြုလေ့လာ နည်းနှင့် ခွဲခြမ်းစိတ်ဖြာဆန်းစစ်နည်းတို့ကို အသုံးပြုထားပါသည်။ သုတေသနမေးခွန်းအဖြစ် မြန်မာ့စိတ်ရင်း မြန်မာ့ ရှုခင်းသီချင်းတွင် ဘာသာစကား၏ အလုပ် တာဝန်များ မည်မျှပါဝင်နေသနည်း။ ထိုအသုံးများက တေးသီချင်းအတွက် မည်သည်တို့ကို ဖြစ်ပေါ်စေသနည်း'တို့ကိုတွေ့ရပါသည်။ သုတေသနပြဿနာမှာ အလေ့လာခံတေးသီချင်းတွင် ဘာသာစကား၏ အလုပ်တာဝန်များ ပါဝင်ထမ်းဆောင် နိုင်မှုရှိ၊ မရှိ ဖြစ်ပါသည်။ လေ့လာရာတွင် ဘာသာစကား၏ အလုပ်တာဝန်များသည် အကြောင်းအရာနှင့် လိုက်ဖက်မှုရှိ၊ မရှိ၊ အလုပ်တာဝန်များ ထမ်းဆောင်နိုင်မှု ရှိ၊ မရှိသုံးသပ်ခြင်းတို့ ဆောင်ရွက်ပါသည်။ တွေ့ရှိချက်မှာ အလေ့လာခံ စကားလုံးများ၏ အလုပ်တာဝန်များသည် အကြောင်းအရာနှင့် လိုက်ဖက်မှုရှိပြီး အလုပ်တာဝန်များ ထမ်းဆောင်နိုင်မှုရှိပါသည်။ တေးသီချင်းပါ စကားလုံးများကို ဘာသာစကား၏ အလုပ်တာဝန် (အတ္ထဗေဒ)ရှုထောင့်က လေ့လာလိုသူတို့အတွက် အထောက်အကူပြုမည့်စာတမ်း တစ်စောင်ဖြစ်ပြီး နိုင်ငံ့အကျိုးပြု၊ ဘာသာစကား အကျိုးပြုစာတမ်းဖြစ်ပါသည်။

**သော့ချက်စကားလုံး-** အတ္ထဗေဒ၊အသိပေးမှုတာဝန်၊ ဖော်ပြမှုတာဝန်၊ လမ်းညွှန်မှုတာဝန်၊ လောကဝတ်တာဝန်၊ အလှဖန်တီးမှုတာဝန်။

## နိဒါန်း

ဘာသာစကားဖြင့် ဖန်တီးထားသော တေးဂီတသည် လူအများကို ဖမ်းစားနိုင်စွမ်း ရှိသည်။ ခံယူချက် သဘောထားတို့ကို ပြုပြင်ပြောင်းလဲပေးနိုင်စွမ်းရှိသည်။ ထိုစွမ်းအားကို ဖြစ်ပေါ်ထက်မြက်စေသည့် ဘာသာစကားအသုံးများကို လေ့လာလိုပြီး တိုင်းပြုပြည်ပြု တေးသီချင်းအဖြစ် မည်သို့သော အလုပ် တာဝန်များက ဆောင်ကြဉ်းနိုင်မှုကို တင်ပြလိုပါသည်။

ဤစာတမ်းတွင် မြန်မာ့စိတ်ရင်း မြန်မာ့ ရှုခင်းသီချင်းမှ ဘာသာစကား၏ အလုပ်တာဝန် များကို အတ္ထဗေဒ ရှုထောင့်မှလေ့လာထားခြင်းဖြစ်ပါသည်။ အလေ့လာခံမှာ မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း သီချင်း စာသားများ ဖြစ်ပါသည်။ အလေ့လာခံ စာသားများမှတစ်ဆင့် သီချင်းပါ ဘာသာစကား၏ အလုပ်တာဝန် များကို ဖော်ထုတ်တင်ပြထားသည်။ လေ့လာရာ၌ မောင်ခင်မင်(ဓနုဖြူ)၏ အတ္ထဗေဒနိဒါန်း စာအုပ်နှင့်ဂျော့ဖရီလိချ်၏ Semantics အတ္ထဗေဒစာအုပ်(၁၉၈၅) စာအုပ်ပါ 'ဘာသာစကား၏ အလုပ်တာဝန် များကို အခြေခံထားပါသည်။

---

[၁] မြန်မာစာဌာန၊ရေနံချောင်းတက္ကသိုလ်။

ရည်ရွယ်ချက်မှာ 'မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်းသီချင်းမှ ဘာသာစကား၏ အလုပ်တာဝန်များ သည် သီချင်း၏အနက်အဓိပ္ပာယ်ကို မည်သို့ဖော်ဆောင်နိုင်ကြောင်း ဖော်ထုတ်တင်ပြလိုခြင်းဖြစ်ပါသည်။

**သုတေသနမေးခွန်းနှင့် ပြဿနာ**

(၁) မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်းသီချင်းတွင် ဘာသာစကား၏ အလုပ်တာဝန်မည်မျှ ပါဝင်နေသနည်း။

(၂) ထိုတာဝန်အသုံးများက တေးသီချင်းကို မည်သို့ ဖြစ်ပေါ်စေသနည်း။

**သုတေသန ပြဿနာ**

အလေ့လာခံတေးသီချင်းတွင် ဘာသာစကား၏ အလုပ်တာဝန်များ ထမ်းဆောင်နိုင်မှုရှိ၊မရှိ။

**စာပေလေ့လာဆန်းစစ်ချက်**

မခင်ဌေးသန်း၏ မန္တလေးတက္ကသိုလ် ပါရဂူဘွဲ့(၂၀၂၂)ခုနှစ်အတွက် တင်သွင်းသော 'စိုင်းခမ်းလိတ်၏သီချင်းများကို အနက်အဓိပ္ပာယ်ရှုထောင့်မှ လေ့လာချက်(အတ္ထဗေဒ)နှင့် မသီတာအေး၏ မန္တလေးတက္ကသိုလ်ပါရဂူဘွဲ့ (၂၀၂၂)ခုနှစ်အတွက် တင်သွင်းသော မန္တလေးပုံရိပ်သီချင်းများမှ ဘာသာစကားအသုံးလေ့လာချက်(အတ္ထဗေဒ)ဟူသောကျမ်းများကို တွေ့ရပါသည်။ အနက်အဓိပ္ပာယ် အမျိုး အစားများရှုထောင့်မှ ချဉ်းကပ်ထားကြပြီး ယခုစာတမ်းပါ ချဉ်းကပ်မှုရှုထောင့်နှင့်မတူညီပါ။ မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်းသီချင်းကို အတ္ထဗေဒရှုထောင့် ဘာသာစကား၏ အလုပ်တာဝန်များ (အတ္ထဗေဒ) အရ သုတေသနပြုလေ့လာထားခြင်း မရှိသေးပါ။

## နည်းနာ

**ပညာရပ်နည်းနာ**

**(က)အတ္ထဗေဒဟူသည်**

အတ္ထဗေဒကိုဦးဟုတ်စိန်၏ပါဠိ-မြန်မာ အဘိဓာန် (၁၉၉၉)တွင် အတ္ထ-(ပါ)အနက်(စာ၃၇) ဟုလည်းကောင်း၊ ဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရ အဘိဓာန် (၁၉၆၈)တွင် 'ဗေဒ- ပညာ(စာ၂၀၁)' ဟုလည်းကောင်း ဖွင့်ဆိုထားချက်များရှိပါသည်။ ထိုဖွင့်ဆိုချက်များအရ အတ္ထဗေဒဟူသည် အနက်အဓိပ္ပာယ်ကို လေ့လာသော ပညာရပ်ဟု သတ်မှတ်နိုင်ပါသည်။

ထို့ပြင်မောင်ခင်မင်(ဓနုဖြူ)၏ အတ္ထဗေဒ နိဒါန်းစာအုပ်(၂၀၁၇)တွင်

> **အတ္ထဗေဒဟူသည် အနက်အဓိပ္ပာယ်ကို လေ့လာသောဘာသာရပ်ဖြစ်သည်။ ဘာသာစကားတစ်ခု နယ်ပယ်အတွင်း စကားလုံးများ၏ အနက်အဓိပ္ပာယ်ချင်း ဆက်သွယ်မှုများ၊ ဝါကျများ၏ အနက် အဓိပ္ပာယ် ဆက်သွယ်မှုများသည် အတ္ထဗေဒ၏ အလုပ်တာဝန်များ ဖြစ်သည်ဟု ဆိုနိုင်ပါသည်။** (စာ ၁၅)

ဟုလည်းကောင်း၊ ပါလ်မား၏အတ္ထဗေဒ (၁၉၈၁) စာအုပ်တွင် "**အတ္ထဗေဒသည် ဘာသာစကားများကို သိပ္ပံနည်းကျလေ့လာသော ဘာသာဗေဒပညာရပ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။"** ဟုလည်းကောင်း၊ အောက်စဖို့ဒစ်ရှနရီ(Oxford Dictionary) စာအုပ်တွင် "**ဘာသာဗေဒ၏ ကဏ္ဍခွဲတစ်ခုဖြစ်ပြီး စကားလုံးများနှင့် ၎င်းတို့ကြားရှိ အနက်အဓိပ္ပာယ် ဆက်နွယ်မှုများကို ယုတ္တိနည်းကျကျ ခွဲခြမ်းစိတ်ဖြာ လေ့လာသော ပညာရပ်ဖြစ်သည်**" ဟုလည်းကောင်း ဖွင့်ဆိုထားပါသည်။

ထို့ကြောင့် အတ္ထဗေဒဟူသည် ဘာသာ ဗေဒ၏ကိုင်းခွဲတစ်ခုဖြစ်ပြီး ဘာသာစကား အတွင်းရှိ အနက် အဓိပ္ပာယ်များကို သိပ္ပံနည်းကျကျ လေ့လာသောပညာရပ်ဟု သတ်မှတ်ပါသည်။

**(ခ)အလုပ်တာဝန်များ**

အတ္ထဗေဒတွင် ဘာသာစကား၏အလုပ်တာဝန် (၅) ရပ် ရှိပါသည်။ ၎င်းတို့မှာ

(၁) အသိပေးမှုတာဝန် (informational function)

(၂) ဖော်ပြမှုတာဝန် (expressive function)

(၃) လမ်းညွှန်မှုတာဝန် (directive function)

(၄) လောကဝတ်တာဝန် (phatic function)

(၅) အလှဖန်တီးမှုတာဝန် (aesthetic function)

တို့ ဖြစ်ကြသည်။

လိချ်က **အသိပေးမှုတာဝန်သည် ဘာသာစကားတွင် အလွန်အရေးကြီးပါသည်။အကြောင်းအရာ တစ်ခုပေါ်တွင် အခြေခံ၍အသိပေးခြင်းဖြစ်သည်။ ဘာသာစကား၏အနက်ရိုး** (**ပညတ်အနက်**)**ကို အခြေခံ၍ အသိပေးခြင်းလည်း ဖြစ်ပါသည်။** (Leech, 1974, p 47)ဟု ဆိုပါသည်။

ဖော်ပြမှုတာဝန်နှင့်ပတ်သက်၍ ဒေါက်တာခင်အေး၏ အတ္ထဗေဒနိဒါန်းစာအုပ်(၂၀၀၈)တွင် **ဖော်ပြမှုတာဝန်သည် ပြောသူ၊ ရေးသူတို့၏ ခံစားမှု၊ သဘောထားတို့ကို ဖော်ပြမှုနှင့် သက်ဆိုင်သည်။** (စာ ၄၂) ဟု ဖွင့်ဆိုထားသည်။

လမ်းညွှန်မှုတာဝန်ကို ဒေါက်တာခင်အေး၏ အတ္ထဗေဒနိဒါန်းစာအုပ်(၂၀၀၈)တွင် **လမ်းညွှန်မှု တာဝန်သည် ပြောသူ၊ရေးသူက နာသူဖတ်သူကို လွှမ်းမိုးလမ်းညွှန်မှုနှင့် သက်ဆိုင်သည်။** (စာ ၄၃) ဟု ဖွင့်ဆိုထားသည်။

လောကဝတ်တာဝန်ကို ဒေါက်တာခင်အေး၏ အတ္ထဗေဒနိဒါန်းစာအုပ် (၂၀၀၈)တွင် **လောကဝတ် တာဝန်သည် ပြောသူ၊နာသူတို့၏ ဆက်သွယ်ရေး လမ်းကြောင်းပွင့်စေရန် အသုံးပြုမှုနှင့် ဆိုင်သည်။** (စာ ၄၄) ဟု ဖွင့်ဆိုထားသည်။

အလှဖန်တီးမှုတာဝန်နှင့် ပတ်သက်၍ ဒေါက်တာခင်အေး၏ အတ္ထဗေဒနိဒါန်းစာအုပ် (၂၀၀၈)တွင် **'အလှဖန်တီးမှုတာဝန်သည် ပြောဆိုရေးသားသည့် ဘာသာစကားကို နှစ်သက်ဖွယ် ဖြစ်အောင် လှလှပပ သုံးခြင်းနှင့်ဆိုင်သည်။** (စာ ၄၅)ဟု ဖွင့်ဆိုထားသည်။

ဤစာတမ်းတွင် ဘာသာစကား၏ အလုပ်တာဝန်များကို အထက်ပါဖွင့်ဆိုချက်များအရ လေ့လာ တင်ပြမည် ဖြစ်ပါသည်။

## သုတေသနနည်းနာ

သုတေသနနည်းနာမှာ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့က ပြုစုထုတ်ဝေသော 'ဘာသာ စာပေနှင့် လူမှုရေးသိပ္ပံသုတေသန ပြုလုပ်နည်းအခြေခံများ'စာအုပ်'ပါ အချက်အလက် ကောက်ယူ စုဆောင်းနည်းမှ 'ရှိပြီးအချက်အလက်များအပေါ် အခြေပြုလေ့လာခြင်းနည်း' (use of available data) ကို အသုံးပြုထားပါသည်။ သုတေသနဒီဇိုင်းမှာ သရုပ်ဖော်ခြင်းဆိုင်ရာ သုတေသနဒီဇိုင်း 'descriptive research design' ဖြစ်ပါသည်။

## လေ့လာတွေ့ရှိချက်

လူ့အဖွဲ့အစည်းအတွင်း မရှိမဖြစ်သော ဘာသာစကား၏ အလုပ်တာဝန်ထမ်းဆောင်နိုင်မှုသည် လွန်စွာ အရေးကြီးလှပါသည်။ စကားလုံးများတွင် ခွန်အားများရှိပါသည်။ ထိုခွန်အားများကို ဖြစ်ပေါ် စေသည့် ဘာသာစကား၏ အလုပ်တာဝန် ထမ်းဆောင်မှုများသည် လွန်စွာအရေး ပါပါသည်။

ထို့ကြောင့် ဤစာတမ်းတွင် 'မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း' သီချင်းမှ ဘာသာစကား၏ အလုပ်တာဝန်များကို အတ္ထဗေဒရှုထောင့်မှ လေ့လာတင်ပြခြင်း ဖြစ်ပါသည်။

### (က) မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်းသီချင်း၏ အကြောင်းအရာချုပ်

မြန်မာ့ရေမြေရှိ သဘာဝတောတောင်ရှုခင်းများသည် ဆေးရောင်စုံခြယ် ပန်းချီကားကဲ့သို့ စိမ်းစို လှပလှပါသည်။ သဘာဝရှုခင်း မြင်ကွင်းများတွင် မြန်မာလူမျိုးတို့၏ ဓလေ့ထုံးစံလှုပ်ရှားမှုများ၊ အလှူဒါန ပွဲလမ်းသဘင်များကလည်း ပိုမိုအသက်ဝင်စေလျက်ရှိပါသည်။ ပြုပြင်ထားခြင်းမရှိ။ သဘာဝအတိုင်း ဖြစ်ပြီးပကာသနမရှိပါ။ ရေးဘိုးဘွားတို့၏ အမွေအနှစ်တို့ဖြင့် ရွှေရောင်တောက်ပ လှပနေသော မြန်မာ့ ရှုခင်းများကဲ့သို့ မြန်မာလူမျိုး၏ ဟန်ဆောင်ခြင်းမရှိ ရိုးသားလှသော စိတ်နေစိတ်ရင်းတို့ကို ခရီးသွား များအနေဖြင့် သိစေချင် ကြည့်စေချင်မိပေသည်။ ကြည့်လှည့် ရှုလှည့်ရန် ဖိတ်ခေါ်ပါသည် ချစ်သော ခရီးသည်။

## အသိပေးမှုတာဝန်

မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်းသီချင်းတွင် အသိပေးမှုတာဝန်ထမ်းဆောင်သော ဘာသာစကား အသုံးများကို တွေ့ရပါသည်။

> တစ်ရောင်ထဲမခြယ် ...အရောင်ဝဲ . . လည် . .
> တောနဲ့တောင်စွယ် လယ်ယာတလင်း...

ရှုခင်းတွေက စုံလင်ပေတယ်
.........စေတီပုထိုး ဂူအမျိုးမျိုး ဘိုးဘွား တည်ထားပါတယ် . ဒို့. .
......တန်ဆောင်းပြာသာဒ် ကျောင်းဇရပ်တွေနဲ့...

ဟူ၍ဖွဲ့ဆိုထားရာ တော၊ တောင်၊ လယ်ယာ၊ စေတီပုထိုး၊ ဂူ၊တို့ဘိုးဘွား၊ တန်ဆောင်း ပြသာဒ်၊ ကျောင်း ဇရပ်ဟူသော မြန်မာ့ရေမြေတွင် တည်ရှိနေသော အရာတို့ကို အသိပေး တင်ပြထားသည့် စကားလုံးတို့ကို တွေ့ရပါသည်။

ထိုဘာသာစကားအသုံးများက မြန်မာ့ရေမြေ၏ သာယာလှပမှု၊ သဘာဝတရား၏ ဖြစ်တည်နေမှု တို့ကို သိရှိစေရန် ဖော်ဆောင်ပေးနေပါသည်။

| စဉ် | စကားလုံး | အနက် | တာဝန် | ဆက်သွယ်နက် |
|---|---|---|---|---|
| ၁။ | ရွှေကိုယ်ရွှေမေး ရွှေကိုယ်လေး ရွှေသူငွေးတို့ | ရွှေဟူသော သတ္တုရတနာတစ်မျိုးကို များပြားစွာပိုင်ဆိုင်သူ | အသိပေးမှု | ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာ သော၊အဆင့်အတန်းမြင့်မား သောလူမျိုး |
| ၂။ | အလှူရေစက် လက်နဲ့မကွာ | လှူဒါန်းမှုတိုင်းအတွက် ရေစက်ချခြင်းများ အဆက်မပြတ်ပြုလုပ်ရခြင်း | အသိပေးမှု | ကောင်းမှုကုသိုလ်တို့ကို အဆက်မပြတ် ပြုလုပ်တတ်သော လူမျိုး |
| ၃။ | ဖန်ဆင်းသည့် ပရိယာယ် မရှိတယ် | တုပပြုလုပ်ထားခြင်း မရှိ | အသိပေးမှု | ရိုးသားသော၊ပကတိအရင်းခံ စိတ်ထားတို့ဖြင့်သာ ပြုမူနေထိုင်တတ်သော လူမျိုး |

အလေ့လာခံစာသားများတွင် အသိပေးမှုတာဝန် ထမ်းဆောင်သော စကားလုံး(၃၉)လုံး တွေ့ရပါသည်။ (၂၅)%ဖြစ်ပါသည်။ ထိုအသုံးများအရ ဖြူစင်ရိုးသားသော၊ပကာသနမစွက် အေးချမ်း တည်ငြိမ်သော မြန်မာ့တို့၏စိတ်ရင်းနှင့် ဆေးရောင်စုံ ပန်းချီကားကဲ့သို့ လှပလွန်းသည့် တောတောင် သဘာဝများတည်ရှိရာ မြန်မာ့ရှုခင်းတို့၏ ဖြစ်တည် ပိုင်ဆိုင်နိုင်မှုကို ပိုမိုရုပ်လုံးကြွလာစေပါသည်။ မြင်ကွင်းသရုပ်ကို မျက်မြင်တွေ့ရှိရသကဲ့သို့ သိရှိလာစေပါသည်။

### ဖော်ပြမှုတာဝန်

မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်းသီချင်းတွင် မြန်မာတို့၏ ခံစားမှုကိုဖော်ပြနေသော စကားလုံး များကို တွေ့ရပါသည်။

စိမ်းမြမြ ယိမ်းကသလိုနှယ်
ပင်ပျိုပင်အို တို့အလယ်
ရှုလေချစ်သော ခရီးသည်...

ဟူ၍ဖွဲ့ဆိုထားရာ'ယိမ်း'ကသလိုနှယ်'၊ 'ချစ်' ဟူသော ခံစားမှုအနက်ထင်ဟပ်သော စကားလုံးတို့ကို တွေ့ရပါသည်။

မြန်မာအဘိဓာန်တွင်

**'ယိမ်း၊ကြိ-၁၊ တည့်မတ်ခြင်းမရှိ၊ တိမ်းစောင်းသည်။ ၂၊ ရှေ့နောက်ဝဲယာ တိမ်းညွတ်သည်။ န- စုပေါင်း၍ ညီညီညာညာ ကပြသော အကတစ်မျိုး (စာ၃၀၂)**

ဟုလည်းကောင်း၊ 'က' ကို

**က၊ ကြိ- ခေါင်း၊ခါးခြေလက် စသည်တို့ကို ရှုချင်စဖွယ် ညွတ်ကွေးလှုပ်ရှားပြသည်။(စာ၁)**

ဟုလည်းကောင်း ဖွင့်ဆိုထားပါသည်။

ဖွဲ့စပ်ထားသော ဘာသာစကားအသုံးအရ သစ်ပင်ကြီးငယ်တို့ လေတိုက်ခတ်ရာသို့ လိုက်ပါယိမ်းညွတ်နေရခြင်းအပေါ် ကြည့်ရှုချင်စဖွယ် ယိမ်းအကတစ်မျိုးသဖွယ် ခံစားရကြောင်း ဖော်ညွှန်းထားခြင်း ဖြစ်ပါသည်။ ထိုဘာသာစကားအသုံးက ရေမြေသဘာဝအလှကို နှစ်သက်တတ်သော မြန်မာလူမျိုးတို့၏ခံစားမှုကို ထင်ဟပ်စေပါသည်။ ထို့ကြောင့် ဖော်ပြမှုတာဝန် ထမ်းဆောင်သော ဘာသာစကားအသုံးဖြစ်ပါသည်။

တဖန် 'ချစ်' ဟူသောစကားလုံးကို 'မြန်မာအဘိဓာန်တွင် **ချစ် ၊ကြိ-မေတ္တာရှိသည်။ ခင်သည်။ (စာ ၆၃)** ဟုလည်းကောင်း၊ **ခရီးသည်/ ခယီးသှယ်/- န- ခရီးသွားသူ (စာ ၄၇)** ဟုလည်းကောင်း ဖွင့်ဆိုထားပါသည်။

အဆိုပါ ဖွင့်ဆိုချက်များအရ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသော ကမ္ဘာလှည့်ခရီးသွားများအပေါ် ထားရှိသော မြန်မာလူမျိုးတို့၏ ခင်မင်တတ်သော ချစ်ခင်တတ်သော မေတ္တာခံစားချက်ကို ထင်ဟပ်နေသော ဘာသာစကားအသုံး ဖြစ်ပါသည်။

အထက်ပါ ခံစားမှုကို ဖော်ပြနေသော ဘာသာစကားအသုံးများက သက်မဲ့ဖြစ်သော ရေမြေ တောတောင် သဘာဝအလှတရားကို ချစ်ခင်နှစ်သက်ခံစားတတ်သော၊ မြတ်နိုးတန်ဖိုးထားသော၊ သက်ရှိလူသားအချင်းချင်း မခွဲမခြားတစ်သားတည်း မေတ္တာစိတ်ထား၍ ချစ်ခင်တတ်သော မြန်မာတို့၏ နှလုံးသားအလှကို ဖော်ညွှန်းနေသည့် ဖော်ပြမှုတာဝန်အသုံးများ ဖြစ်ပါသည်။

| စဉ် | ဘာသာစကားအသုံး | အနက် | တာဝန် | ဆက်သွယ်နက် |
|---|---|---|---|---|
| ၁ | ယိမ်းကသလိုနှယ် | ယိမ်းအကကနေသကဲ့သို့ | ဖော်ပြမှု | သီးနှံပင်များ၊ သစ်ပင်သစ်ရွက်များ လှုပ်ရှားနေပုံအပေါ် ယိမ်းသမလေးများ ညီညာစွာ ကပြနေကြသကဲ့သို့ နှစ်သက်သောခံစားမှု |
| ၂ | ချစ်သောခရီးသည် | ချစ်ခင်ရသော ခရီးသွားသူ | ဖော်ပြမှု | မိမိတို့ရေမြေသို့ အလည်အပတ်လာသည့် ခရီးသွားတို့အပေါ် ချစ်ခင်သော ခံစားမှု |

အလေ့လာခံစာသားများတွင် ဖော်ပြမှုတာဝန်ထမ်းဆောင်သော စကားလုံး(၄၆)လုံး တွေ့ရပြီး (၃၀)% ရှိပါသည်။ ထိုအသုံးများအရ မြန်မာတို့၏ သဘာဝတရားနှင့် လူသားအချင်းချင်းအပေါ် ချစ်ခင်မြတ်နိုးတတ်သော ၊ နူးညံ့သော သဘောထားခံစားချက်များကို ပေါ်လွင်လာ စေပါသည်။

## လမ်းညွှန်မှုတာဝန်

အလေ့လာခံ'မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း'သီချင်းတွင် လမ်းညွှန်မှုတာဝန်ထမ်းဆောင်သည့် စကားလုံးတို့ကို တွေ့ရပါသည်။

အသင်းအပေါင်း **ကြည့်လေကွယ်**

**ကြည့်လေကွယ် သိစေမယ်** . .

ဟန် . . မာန် . . မတင်း . . မပြင်း . .

ဖန်ဆင်းသည့် ပရိယာယ်မရှိတယ်

**လာလေ့** ညော့်သည်.. . . . **ရှုလေ့** ညော့်သည် . .

ကမ္ဘာထုအတွင်း . . ပမာပြု ရင်း . .

မြန်မာရှုခင်း . . မြန်မာစိတ်ရင်း အစင်း**သိရမယ်**. . ဟူသောအသုံးတို့တွင် 'ကြည့်လေကွယ်၊ သိစေမယ်၊ လာလေ့၊ရှုလေ့၊သိရမယ် စသည့်အသုံးတို့က လမ်းညွှန်မှုတာဝန်ထမ်းဆောင်နေပါသည်။ မြန်မာ့ရေမြေ တောတောင်သဘာဝရှုခင်းတို့ကို ကြည့်ရှုစေရန် တိုက်တွန်းထားသည့်အသုံးများ ဖြစ်ပါသည်။

အထက်ပါသာဓကများပါ တိုက်တွန်းလမ်းညွှန်ထားချက်များအရ မြန်မာနိုင်ငံရှိ ရုပ်ပိုင်း ဆိုင်ရာဖြစ်တည်မှုများ၊ စိတ်ပိုင်းဆိုင်ရာ မြင့်မားသည့် ယဉ်ကျေးမှုများရှိကြောင်း၊ ထိုအရာများကို တစ်နည်းအားဖြင့် မြန်မာ့ရှုခင်းနှင့် မြန်မာ့စိတ်ရင်းတို့ကို သိမြင်အောင် ကြည့်ရှုကြစေလိုကြောင်း အလေးအနက် တိုက်တွန်းဟန် ပေါ်လွင်စေပါသည်။

| စဉ် | ဘာသာစကားအသုံး | အနက် | တာဝန် | ဆက်သွယ်နက် |
|---|---|---|---|---|
| ၁ | ကြည့်လေကွယ် | ကြည့်ပါ။ | လမ်းညွှန်မှု | မြန်မာလူမျိုး၊မြန်မာ့ရေမြေသဘာဝ တို့ကို လက်တွေ့ ကြည့်ရှုလိုစိတ် ဖြစ်ပေါ်စေ |
| ၂ | လာလေ့ | လာပါ။ | လမ်းညွှန်မှု | မြန်မာလူမျိုး၊မြန်မာ့ရေမြေသဘာဝ တို့ကို လက်တွေ့ကြည့်ရှုလိုစိတ် ပိုမိုဖြစ်ပေါ်စေ |

အလေ့လာခံစာသားများတွင် လမ်းညွှန်မှုတာဝန်ထမ်းဆောင်သော ဘာသာစကားအသုံး (၇)လုံး တွေ့ရပြီး(၅)%ရှိပါသည်။ ထိုအသုံးများအရ မိမိတို့၏ရေမြေတောတောင် သဘာဝအလှများ၊ နှလုံးသားစိတ်ရင်းများနှင့် ယဉ်ကျေးမှုထုံးစံများကို အခြားသူများကို ရှုမြင်သွားစေချင်၊ သိမြင်နားလည်စေချင်သည့် စိတ်စေတနာစေ့ဆော်မှု၊ တိုက်တွန်းမှုတို့ကို ပေါ်လွင်စေပါသည်။

**လောကဝတ်တာဝန်**

အလေ့လာခံ'မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း'သီချင်းတွင် လောကဝတ်တာဝန်ထမ်းဆောင်သည့် ဘာသာစကား အသုံးတို့ကို အနည်းငယ်သာ တွေ့ရပါသည်။

တစ်ရောင်ထဲမခြယ် ...အရောင်ဝဲ . . လည် . .

တောနဲ့တောင်စွယ် လယ်ယာတလင်း... ရှုခင်းတွေက စုံလင်ပေတယ်

ရှေးမူမပျက်တယ် ဆေးကူချက်ကယ်...စိမ်းမြမြ ယိမ်းကသလိုနှယ်

ပင်အို ပင်ပျိုတို့အလယ် . .**ရှုလေ ချစ်သော ခရီး . . . သည် . .**

အထက်ပါအသုံးတွင် မြန်မာ့ရေမြေသဘာဝကို ဖော်ပြရင်း 'ချစ်သောခရီးသည်'ဟု အာလုပ် ပြု ခေါ်ဝေါ်လိုက်ခြင်းသည် လောကဝတ် ပြုလိုက်ခြင်းပင် ဖြစ်ပါသည်။ ထိုအသုံးက ခင်မင် တတ်သော ဖော်ရွေသော မြန်မာလူမျိုးတို့၏ စိတ်ရင်းကိုလည်း ပေါ်လွင်စေပါသည်။

အလေ့လာခံစာသားများတွင် လောကဝတ်တာဝန်ထမ်းဆောင်သော ဘာသာစကားအသုံး (၄)လုံးတွေ့ရပြီး(၃)%ရှိပါသည်။ ထိုအသုံးများက ကြားလိုက်ရသူနှင့် မြန်မာတို့ကို ဆက်သွယ်ရေး လမ်းကြောင်းပွင့်သွားစေသော ဘာသာစကား အသုံးဖြစ်ပါသည်။

| စဉ် | ဘာသာစကား အသုံး | အနက် | တာဝန် | ဆက်သွယ်နက် |
|---|---|---|---|---|
| ၁ | ချစ်သောခရီးသည် | ချစ်ခင်ရသောခရီးသွား | လောကဝတ် | ကမ္ဘာလှည့်ခရီးသွားများ အပေါ် ချစ်ခင်တတ်သော မြန်မာတို့၏ စိတ်ရင်း |

**အလှဖန်တီးမှုတာဝန်**

အလေ့လာခံ'မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း' သီချင်းတွင် အလှဖန်တီးမှုတာဝန်ထမ်းဆောင်သော ဘာသာစကား အသုံးများစွာကို တွေ့ရပါသည်။ တေးသီချင်းဖြစ်သည့်အတွက် ပါဝင်သည့် စာသားများ သည် အလှဖန်တီးမှုတာဝန်ထမ်းဆောင်နိုင်ကြောင်း တွေ့ရပါသည်။

အလေ့လာခံစာသားများတွင် အလှဖန်တီးမှုတာဝန်ထမ်းဆောင်သော ဘာသာစကားအသုံး (၅၉) လုံးတွေ့ရပြီး(၃၈)%ရှိပါသည်။ အလှဖန်တီးမှုတာဝန်ထမ်းဆောင်သော ဘာသာစကားအသုံးသည် အများဆုံးဖြစ်ပါသည်။ ထိုအသုံးများက တေးသီချင်းကို ပိုမိုနှစ်သက်လာစေသည်။ နားဆင်ရသူကို အာရုံပိုမိုစူးစိုက်လာစေသည်။ အနက်ပေါ်လွင်မှုကို ပိုမိုလွယ်ကူစေသည်။

အထက်ပါလေ့လာချက်များအရ 'မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း' သီချင်းမှဘာသာစကား၏ အလုပ် တာဝန်များသည် မြန်မာတို့၏ ဖြူစင်ရိုးသားသော စိတ်နေဂုဏ်ရည်များနှင့် သဘာဝရေမြေ တောတောင် တို့အပေါ် ချစ်မြတ်နိုးသော ခံစားမှုသဘောထားများ၊ သမိုင်းအစဉ်အဆက် ကြွယ်ဝချမ်းသာခဲ့သော

လူမှုအဆင့်အတန်း၊ ရင်းနှီးဖော်ရွေသော လူမှုသဘောထားတို့ကို ပေါ်လွင်စေသည့် မြန်မာလူမျိုးတို့၏ ဂုဏ်ယူမြတ်နိုးဖွယ် သမိုင်းကြောင်း ကြီးမြတ်မှုတို့အပေါ် လေးစားမှုဖြစ်ပေါ်စေသည့် ဘာသာစကား အသုံးများဖြစ်ကြောင်း သုံးသပ်ပါသည်။




## ခြုံငုံသုံးသပ်ချက်

ဤစာတမ်းသည် မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်းသီချင်းမှ ဘာသာစကား၏ အလုပ်တာဝန်များကို အတ္ထဗေဒ ရှုထောင့်မှ လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။

မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်းသီချင်းမှ ဘာသာစကားအသုံးများ၏ လုပ်ငန်းတာဝန်ထမ်းဆောင်မှု များတွင် ဘာသာစကား၏ လုပ်ငန်းတာဝန်(၅)ရပ်လုံး ပါဝင်ကြောင်း တွေ့ရပါသည်။ အများဆုံးတွေ့ရသော အလုပ်တာဝန်မှာ အလှဖန်တီးမှုတာဝန် ဖြစ်ပြီး အနည်းဆုံးမှာ လောကဝတ်တာဝန် ဖြစ်သည်။

အသိပေးမှုတာဝန်ထမ်းဆောင်သော ဘာသာစကားအသုံးများက မြန်မာ့ရေမြေနှင့် တောတောင် သဘာဝတို့၏ သာယာလှပစွာတည်ရှိမှု၊ မြန်မာတို့၏ ပျော်မွေ့ဖွယ်ဓလေ့စရိုက် သဘာဝများကို သိရှိခံစား လာမိစေပါသည်။

ဖော်ပြမှုတာဝန်ထမ်းဆောင်သော ဘာသာစကားအသုံးများက မြန်မာတို့၏ အရင်းခံစိတ်ရင်းကို ပေါ်လွင်စေသည်။ မြန်မာလူမျိုးတို့၏ ယုံကြည်ကိုးကွယ်မှုပြယုဂ်များ၊ ချစ်စဖွယ်တောဓလေ့ သဘာဝများ၊ မြန်မာ့လူ့အဖွဲ့အစည်း၏ စုပေါင်းလုပ်ဆောင်တတ်မှုများ၊ အလှူအတန်းရက်ရောသော မြန်မာတို့၏ သဒ္ဓါတရားနှင့် မြန်မာ့ယဉ်ကျေးမှု အငွေ့အသက်များ၊ ကောင်းမှု မြတ်နိုးသော၊ မိမိတို့၏ ကောင်းမြတ်မှု အပေါ် မည်သူ၏ အဖျက်အဆီးကိုမျှ မခံသော မြန်မာတို့၏ ခိုင်ကျည်သော စိတ်ဓာတ်၊ ဂုဏ်ဒြပ်ဝိသေသ ထူးများနှင့် မြန်မာ့တို့၏အရိုးခံစိတ်ရင်းကို နှစ်သက်လေးစားဖွယ် မြင်ယောင်ကြားယောင်လာစေပါ သည်။ ကြည်နူးပျော်ရွှင်ဖွယ်၊ အားရတက်ကြွဖွယ်၊ နှစ်သက်လေးစားဖွယ်၊ ချစ်ခင်တွယ်တာဖွယ် မြန်မာ တို့၏ ရပ်တည်မှု ဂုဏ်ရည်ဂုဏ်သွေးများကို ရုပ်လုံးကြွ စိမ့်ဝင်လာစေပါသည်။

လမ်းညွှန်မှုတာဝန်ထမ်းဆောင်သော ဘာသာစကားအသုံးများက ဆိုလိုရင်း ထင်ရှားစေသည်။ ထက်မြက်စေသည်။ မြန်မာတို့၏ စိတ်အားထက်သန်မှုကို ထင်ရှားစေသည်။

လောကဝတ်တာဝန် ထမ်းဆောင်သော ဘာသာစကားအသုံးများက မြန်မာလူမျိုးတို့၏ ညှော်သည် အပေါ်ထားရှိသော သဘောထားနှင့် ဝတ္တရားကျေပွန်မှု၊ အလေးအနက်ထားမှုတို့ကို မြင်တွေ့လာစေ သည်။

အလှဖန်တီးမှုတာဝန်ထမ်းဆောင်သော ဘာသာစကားအသုံးများက မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း သီချင်းကို ပိုမိုနှစ်သက်လာစေသည်။ စိတ်အာရုံညွတ်နူးလာစေသည်။ သီချင်း၏အနက် အဓိပ္ပာယ် ပေါ်လွင်မှုကို ပိုမိုလွယ်ကူစေသည်။

အချုပ်အားဖြင့်ဆိုသော် မြန်မာ့စိတ်ရင်းမြန်မာ့ရှုခင်းသီချင်းမှ ဘာသာစကားအသုံးများသည် မြန်မာတို့၏ဂုဏ်ရည်နှင့် မြန်မာတို့၏အရင်းခံစိတ်တို့ကို ပေါ်လွင်စေပြီး သီချင်း၏အနက် အဓိပ္ပာယ်ကို ပိုမိုအားကောင်း ခိုင်မာလာစေသည်။ ရုပ်ပိုင်းဆိုင်ရာ အေးချမ်းသာယာမှု သဘာဝတရားနှင့် စိတ်ပိုင်း ဆိုင်ရာ ငြိမ်းချမ်းသာယာမှုရှိသော မြန်မာတို့၏ မူလဖြစ်တည်မှုကို ပေါ်လွင်စေသည်။ နားဆင်ရသူ မြန်မာလူမျိုးတို့အတွက် စိတ်ခွန်အားကိုပေးစွမ်းပြီး ကြားမိသူတိုင်းအတွက် မြန်မာ့ရေမြေနှင့် မြန်မာ လူမျိုးတို့၏ စိတ်နေစရိုက်သဘာဝ အပေါ် သိမြင်နားလည် ခံစားခွင့်ရစေမည်ဟု သုံးသပ်ပါသည်။

## နိဂုံး

ဤစာတမ်းသည် မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်းသီချင်းမှ ဘာသာစကားအသုံးများ၏ အလုပ် တာဝန်များကို အတ္ထဗေဒရှုထောင့်က လေ့လာထားခြင်း ဖြစ်ပါသည်။ ထိုသို့လေ့လာရာတွင် အချက် အလက်များကောက်ယူခြင်း၊ ရေတွက်ခြင်း၊ ကြိမ်နှုန်း၊ ရာခိုင်နှုန်းများ ဆန်းစစ်ခြင်း၊ အတ္ထဗေဒဆိုင်ရာ နည်းစနစ်တို့ဖြင့် သုံးသပ်စိစစ်ခြင်းတို့ကို ဆောင်ရွက်ထားပါသည်။ ဤစာတမ်းသည် နိုင်ငံ့အကျိုးပြု၊ ဘာသာစကား အကျိုးပြု စာတမ်းတစ်စောင် ဖြစ်ပြီး သီချင်းများကို အတ္ထဗေဒရှုထောင့်မှ ဆက်လက် လေ့လာလိုသူများအတွက် အထောက်အကူပြု စာတမ်းတစ်စောင် ဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း

ခင်အေး၊ဒေါက်တာ၊ ။(၂၀၁၆)*အတ္တဗေဒနိဒါန်း* ။ ရန်ကုန် ၊ the key collection။

မြန်မာစာအဖွဲ့ဦးစီးဌာန။(၂၀၀၈)။*မြန်မာအဘိဓာန်* ။ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

ဟုတ်စိန်၊ဦး။(၁၉၉၉)။ *ပါဠိ-မြန်မာအဘိဓာန်*။ ရန်ကုန်၊ ချမ်းသာစာပေ။

Leech, Geoffery. (1986). Semantics (the study of meaning), Bungay, GichardClay (the Chaucer Press) Ltd.

Oxford. (2015). Leaner’s Pocket Dictionary. Oxford; Oxford University Press.

Palmer, F, R. (1997). Semantics (a new outline). Cambridge, Greate Britain at the University Press.

### လေ့လာဖတ်ရှုသောစာအုပ်စာရင်း

မြန်မာစာအဖွဲ့ဦးစီးဌာန။ ။မြန်မာသဒ္ဒါ ။(၂၀၀၅)ရန်ကုန်၊တက္ကသိုလ်များပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ဒေါက်တာ။။ လူမှုဘာသာဗေဒမိတ်ဆက်။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန။ (၂၀၀၃)

အောင်မြင့်ဦး၊ဒေါက်တာ။။လူမှုဘာသာဗေဒ။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ်၊မြန်မာစာဌာန။(၂၀၀၅)

## ကောက်နုတ်သည့်မူရင်းအကိုးအကားများ

| စဉ် | အကိုးအကား | စာမျက်နှာ |
|---|---|---|
| ၁ | the branch of linguistics and logic concerned with meaning. Concerned with the analysis of word meanings and relations between them. | ၂ |

## **မြန်မာ့စိတ်ရင်း၊မြန်မာ့ရှုခင်း**

တေးပြု/ စန္ဒရားလှထွဋ်

တစ်ရောင်ထဲမခြယ် ...အရောင်ဝဲ . . လည် . .

တောနဲ့တောင်စွယ် လယ်ယာတလင်း... ရှုခင်းတွေက စုံလင်ပေတယ်

ရှေးမူမပျက်တယ် ဆေးကူချက်ကယ်...စိမ်းမြမြ ယိမ်းကသလိုနှယ်

ပင်အို ပင်ပျိုတို့အလယ် . .ရှုလေ ချစ်သော ခရီး . . သည် . . .

* * *

တစ်ရောင်ထဲမခြယ်...အရောင်ဝဲ . . လည် . .

တောနဲ့တောင်စွယ် လယ်ယာတလင်း...ရှုခင်းတွေက စုံလင်ပေတယ်

ရှေးမူမပျက်တယ် ဆေးကူချက်ကယ်...စိမ်းမြမြ ယိမ်းကသလိုနှယ်

ပင်အို ပင်ပျိုတို့အလယ် . .ရှုလေချစ်သော ခရီး . . သည် . . .

* * *

စေတီပုထိုး ဂူအမျိုးမျိုး . .ဒို့ . ဘိုးဘွား တည်ထားပါတယ်

ရှေး . . အခါက . ကွယ် . . .

ရွှေအို ရွှေမှေး . . ရွှေကိုယ်လေး . .ရွှေသူဌေးတို့ လှူခဲ့ပါတယ်

ဝင်း . . ဝါ လို့ ထည် . . .

* *

ဘယ်ညှော်သည်ငေးမဆုံး..တွေးမဆုံးဖွယ် . .

ကုန်း . . ကမူ လေး . . အထက်မယ်

ထုံး . . ဖြူကလေး မပြယ့်တပြယ် . .

တန်ဆောင်းပြာသာဒ် ကျောင်းဇရပ်တွေနဲ့

ကောင်းမြတ်မနသီ ရှင်ကြည်မနော .

ရေကြည်လျှံမြ ကန်အလှဝယ် . .

ညနေညို...နှမမေပျို ရေချိုခပ်တယ်

အိုးစည်ဗုံမောင်း...ခြိမ့်ခြိမ့်ညောင်းလို့ရယ် . .

* * *

ဘယ်သူတွေဖျက် . . . မပျက်ခဲ့ပါ ကမ္ဘောကမ္ဘာဝယ် . .

အလှူရေစက်..လက်နဲ့မကွာ စေတနာကြွယ် . .

သဒ္ဒါမချို့လေတယ်..မြန်မာတို့ မြေနယ် . .

ပသာဒတွေ မယွင်းမစောင်း . . .

သဘာဝအခြေ အတင်းမပြောင်း . .

အသင်းအပေါင်း ကြည့်လေကွယ်

ကြည့်လေကွယ် သိစေမယ် . .

ဟန် . . မတင်း . .မာန် . . မပြင်း . .

ဖန်ဆင်းသည့် ပရိယာယ်မရှိတယ်

လာလော့ ညှော့သည်.. . . . ရှုလော့ ညှော့သည် . .

ကမ္ဘာထုအတွင်း . . ပမာပြု ရင်း . .

မြန်မာရှုခင်း . . မြန်မာစိတ်ရင်း အစင်းသိရမယ် . . .

# နေ့စဉ်သုံးအပြောစကားများကိုဘာသာစကားတာဝန်(၇)ရပ် ဖြင့်လေ့လာခြင်း (လူမှုဘာသာဗေဒ လေ့လာချက်)

ဝင်းမင်းအောင်[၁]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် နေ့စဉ်သုံးအပြောစကားများကို လူမှုဘာသာဗေဒ၏ စကားတာဝန် (၇)ရပ်ဖြင့် လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ဤစာတမ်းကို အပိုင်း (၅) ပိုင်းဖြင့်လေ့လာ တင်ပြထားပါသည်။ လေ့လာတင်ပြရာတွင် လူတို့နေ့စဉ် ပြောဆိုနေသော စကားတိုင်းတွင် တာဝန်များပါဝင်နေကြောင်းကို သိရှိစေရန် ရည်ရွယ်ချက်ဖြင့် လေ့လာတင်ပြထားပါသည်။

***သော့ချက်ဝေါဟာရများ*** -စကားဖြစ်ရပ်၊ စကားအကြောင်းခံများ၊ စကားတာဝန်၊ လူမှုအခြေအနေ၊ ပြောသူ၊ နာသူ၊ သင်္ကေတ

## နိဒါန်း

ဤစာတမ်းသည် လူတို့နေ့စဉ်ပြောဆိုနေကြသော နေ့စဉ်သုံးစကားများအားလုံးသည် စကားဖြစ်ရပ်၊ စကားအကြောင်းရင်းခံများ၊ စကားတာဝန်များပါဝင်လျက်ရှိပါသည်။ ထို့ကြောင့်နေ့စဉ်သုံးစကားများ၏ ပြောရခြင်းအကြောင်းရင်းခံနှင့် စကားတာဝန်များမည်သို့ဆက်စပ်နေသည်ကိုသိရှိရန် ရည်ရွယ်၍ လေ့လာခဲ့ပါသည်။ ပြောစကားတစ်ခုဖြစ်လာရန် စကားဖြစ်ရပ်ရှိသကဲ့သို့ စကားအကြောင်းရင်းခံများသည်လည်း လိုအပ်လာပါသည်။ ထို့ကြောင့် အပြောစကားများတွင် စကားတာဝန်များသည် ပါဝင်လာပါသည်။ စကားဖြစ်ရပ်တွင် ဖြစ်နိုင်သည့်အခြေအနေ (၄) မျိုးရှိပြီး စကားအကြောင်းရင်းခံ (၇) ရပ်နှင့် စကားတာဝန် (၇)ရပ်တို့ ချိတ်ဆက်နေပုံကို အဓိကထားပြီး လေ့လာတင်ပြထားပါသည်။ ဤသို့ လေ့လာရာတွင် လူမှုဘာသာဗေဒရှုထောင့်မှ အဓိကထားပြီး လေ့လာတင်ပြထားပါသည်။ လူတိုင်းသည် နေ့စဉ်စကားအမျိုးမျိုးကို ပြောဆိုလျက်ရှိကြပြီး ထိုစကားများသည် လူမှုဘာသာဗေဒ လေ့လာသူတို့အတွက် မည်သို့အထောက် အကူပြုကြောင်းကို သိရှိစေရန်ရည်ရွယ်၍ လေ့လာတင်ပြထားသည့် စာတမ်းဖြစ်ပါသည်။

## စာပေလေ့လာဆန်းစစ်ချက်

ယခုတင်ပြမည့် စာတမ်းနှင့်ပတ်သက်၍ ဖတ်ရှုလေ့လာထားသည့် သုတေသနစာတမ်းများ၊ သုတေသနကျမ်းများကို လေ့လာတင်ပြပါမည်။

ဒေါက်တာအောင်မြင့်ဦး၏ ၁၉၉၇ ခုနှစ်တွင် ဖတ်ကြားခဲ့သော စာတမ်းဖြစ်သည့် နေ့စဉ်သုံးမြန်မာဘာသာစကားတွင် စကားလုံးသစ်ဖြစ်ပေါ် ပြောင်းလဲမှုများစာတမ်းတွင် လူမှုဘာသာဗေဒဘာသာရပ်၏ ကဏ္ဍတစ်ခုဖြစ်သော ဘာသာစကားပြောင်းလဲမှုကို အဓိကလေ့လာထား သောစာတမ်းဖြစ်ပါသည်။ ဤစာတမ်းသည် မြန်မာဘာသာစကား၏ တိုးတက်ရှင်သန်မှုနှင့် အနက်အဓိပ္ပာယ်ကျယ်ဝန်းလာမှုတို့ကို ဆန်းစစ်လေ့လာထားသော စာတမ်းဖြစ်ပါသည်။

---

[၁] မြန်မာဘာသာဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်

ဒေါက်တာအောင်မြင့်ဦး၏ ပညာရေးဝန်ကြီးဌာန ၂၀၀၄-၂၀၀၅ ခုနှစ် ပညာရေးစုံညီပွဲတော်၊ သုတေသနစာတမ်းဖတ်ပွဲ၌ ဖတ်ကြားခဲ့သည့် မြန်မာဘာသာစကားတွင် စကားသင်္ကေတ ရောသုံးခြင်း စာတမ်းတွင် မြန်မာဘာသာစကားပြောဆိုနေစဉ်အတွင်း အခြားဘာသာ စကား၏အစိတ်အပိုင်းများကို ရောနှောသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာသော မြန်မာဘာသာစကား၏ သဘောလက္ခဏာများကို စကားသင်္ကေတရောသုံးခြင်းရှုထောင့်မှ လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ဤစာတမ်းတွင် စကားသင်္ကေတ ရောသုံးခြင်းကြောင့် တစ်ဖက်တွင် ဘာသာစကားတိုးပွားမှုအတွက် အထောက်အကူ ဖြစ်နိုင်သော်လည်း အခြားတစ်ဖက်တွင် မြန်မာဘာသာစကား၏သွင်ပြင်ကို ထိပါးစေနိုင်သည့် ဆိုးပြစ်များ လည်းရှိကြောင်း ကို တင်ပြထားသည့် စာတမ်းဖြစ်ပါသည်။

ဒေါက်တာအောင်မြင့်ဦး၏ ၂၀၀၇ ခုနှစ် အောက်တိုဘာလတွင် ကျင်းပသည့် မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့သတ္တမအကြိမ်သုတေသနစာတမ်းဖတ်ပွဲတွင် တင်သွင်းသည့် မြန်မာဘာသာစကားရှိ ဘာသာစကားဆိုင်ရာနှုန်းစံ (လူမှုဘာသာဗေဒလေ့လာချက်)တွင် လူ့အဖွဲ့အစည်းအတွင်း လိုက်နာ ကျင့်သုံးအပ်သည့် ဘာသာစကားဆိုင်ရာနှုန်းစံများကို ဘာသာဗေဒနှုန်းစံ (၄) ရပ်၊ လူမှုဘာသာဗေဒနှုန်းစံ (၄) ရပ်ဖြင့် လေ့လာထားပါသည်။ ဤစာတမ်းတွင် မြန်မာဘာသာစကားအကြောင်း ခြေခြေမြစ်မြစ် သိရှိနိုင်စေရန်လည်းကောင်း၊ မြန်မာဘာသာစကား၏ စံစကားသတ်မှတ်နိုင်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းနိုင်စေရန်လည်းကောင်း၊ မြန်မာဘာသာစကားကို မှန်ကန်တိကျစွာ အသုံးပြုနိုင်ရန် လည်းကောင်း၊ မြန်မာဘာသာစကားလေ့လာမှု နယ်ပယ်ပိုမိုကျယ်ပြန့်လာနိုင်စေရန်လည်းကောင်း အထောက်အကူပြုနိုင်ရန် ရေးသားထားသော စာတမ်းဖြစ်ပါသည်။

မတင်တင်ချို၏ ၂၀၀၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၊ ပါရဂူဘွဲ့အတွက်တင်သွင်းသော ရန်ကုန် မြို့ပြသုံးမြန်မာဘာသာစကားကို လူမှုဘာသာဗေဒအမြင်ဖြင့်လေ့လာချက် ပါရဂူကျမ်းသည် မြို့ပြဘာသာ စကားအသုံးပြုပုံနှင့် အသုံးပြုသောဝေါဟာရများတွင် လူမှုနောက်ခံသဘောထားများ ပါရှိနေသည်ကို ဆန်းစစ်ရန်အတွက် အဓိကထားလေ့လာထားသော ကျမ်းဖြစ်ပါသည်။ ဤကျမ်းတွင် ရန်ကုန်မြို့ပြတွင် ဘာသာစကား ကွဲပြားမှုများလေ့လာရာ၌ တိုင်းခြားဘာသာစကားကို အသံလှယ်ချေးငှား ၍ဖြစ်စေ၊ ဘာသာပြန်မွေးစား၍ဖြစ်စေ၊ ဘာသာစကားကို အတိုကောက်ပြု၍ဖြစ်စေ၊ အနက်ချဲ့ထွင်၍ဖြစ်စေ ပြောဆို သုံးစွဲသည်ကို တွေ့ရကြောင်းနှင့် ပြောဆိုသုံးစွဲသည်ကို ဝေါဟာရများတွင် လူမှုသဘောထားများ၊ လုပ်ငန်း ခွင်အခြေအနေများ၊ ပြောသူနာသူ ကြားသူတို့၏အခြေအနေ၊ အဆင့်အတန်းများ ပါရှိနေကြောင်းကို လေ့လာထားသည့် ကျမ်းဖြစ်ပါသည်။

မနီနီဝင်း၏ ၂၀၀၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၊ ပါရဂူဘွဲ့အတွက် တင်သွင်းသောကျမ်း ဖြစ်သည့် နေ့စဉ်သုံးမြန်မာစကားရှိ ဂယက်အနက်ထင်သော စကားလုံးများကို အတ္ထဗေဒအမြင်ဖြင့်လေ့လာချက် ပါရဂူကျမ်းတွင် နေ့စဉ်သုံးမြန်မာစကားများတွင် ဂယက်အနက်များပါဝင်နေကြောင်းနှင့် အနက်အဓိပ္ပာယ် ကြွယ်ဝမှုရှိကြောင်းကို ဖော်ထုတ်ထားသော ကျမ်းဖြစ်ပါသည်။ ဤကျမ်းတွင် နေ့စဉ်သုံးစကားများတွင် ပါဝင်နေသောဂယက်အနက်ထင်ဟပ်နေသည့် စကားလုံးများကို အဓိကထား လေ့လာထားကြောင်းကို တွေ့ရပါသည်။

မစိုးစိုးမြင့်၏ ၂၀၀၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၊ ပါရဂူဘွဲ့အတွက် တင်သွင်းသောကျမ်း ဖြစ်သည့် မြန်မာဘာသာစကားရှိ အပြန်အလှန်ပြောစကားပုံစံများကို လက်တွေ့အတ္ထဗေဒ(Pragmatics) အမြင်ဖြင့်လေ့လာချက် ပါရဂူကျမ်းတွင် မြန်မာဘာသာစကား၌တွေ့ရသော အပြန်အလှန်ပြော စကားပုံစံ များကိုလေ့လာရာတွင် လူမှုပတ်ဝန်းကျင်နှင့် အဆင့်အတန်းအမျိုးမျိုးတွင် ပြောဆိုသုံးနှုန်းကြသည့် အာလာပသလ္လာပစကားများကို ခွဲခြမ်းစိတ်ဖြာ၍ လေ့လာတင်ပြထားသည့်ကျမ်း ဖြစ်ပါသည်။ ဤကျမ်း တွင် အပြန်အလှန်ပြောစကားများကို လက်တွေ့အတ္ထဗေဒရှုထောင့်မှ အဓိကထားလေ့လာ တင်ပြထား သည်ကို တွေ့ရပါသည်။

မဥမ္မာစိုး၏ ၂၀၁၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၊ ပါရဂူဘွဲ့အတွက် တင်သွင်းသောကျမ်းဖြစ်သည့် မြန်မာဘာသာစကားရှိလမ်းညွှန်မှုအသုံးများ ပါရဂူကျမ်းတွင် လူမှုပတ်ဝန်းကျင်တွင် ပြောဆိုသုံးစွဲလျက် ရှိသော ဘာသာစကားများအတွင်းမှ လမ်းညွှန်မှုသဘောသက်ရောက်သည့် စကားလုံးများကို လူမှုဘာသာ ဗေဒရှုထောင့်မှ လေ့လာတင်ပြထားပါသည်။ ဤစာတမ်းတွင် လမ်းညွှန်မှုအသုံးကို လူမှုဆက်ဆံရေး နယ်ပယ်အတွင်း နေ့စဉ်ပြောဆိုနေသော စကားများမှလမ်းညွှန်မှုများ၊ မြန်မာစာပေ အရေးအသားများမှ ဆုံးမလမ်းညွှန်မှုများကို အဓိကထားလေ့လာ ထားသည့်ကျမ်းဖြစ်ပါသည်။

စိုင်းမောင်မောင်မြင့်၏ ၂၀၁၈ ခုနှစ်တွင် မန္တလေးတက္ကသိုလ်၊ ပါရဂူဘွဲ့အတွက် တင်သွင်းသော ကျမ်းဖြစ်သည့် မြန်မာဘာသာစကားရှိ အပြောစကားပုံစံများလေ့လာချက် ပါရဂူကျမ်းတွင် မြန်မာ ဘာသာစကားရှိ အပြောပုံစံများသည် မြန်မာလူမျိုးတို့၏ လိင်၊ အသက်အရွယ်၊ လူမှုဂုဏ်အဆင့်အတန်း တို့အပေါ်အခြေခံ၍ ပြောဆိုကြသကဲ့သို့ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှု၊ ဂါရဝထားမှု၊ ယဉ်ကျေးပျူငှာမှု၊ ကိုးကွယ်ယုံကြည်မှုနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံတို့အပေါ်အခြေခံ၍လည်း ပြောဆို ကြကြောင်းကို တွေ့ရကြောင်းတင်ပြထားပါသည်။ ဤကျမ်းတွင် စကားပြောဖြစ်စဉ် (၁၀) မျိုး ပါဝင် ဖွဲ့စည်းထားကြောင်းကိုလည်း တွေ့ရပါသည်။

ယခုတင်ပြထားသည့် စာတမ်းများ၊ ပါရဂူကျမ်းများနှင့် ကျွန်တော်တင်ပြမည့် နေ့စဉ်သုံးအပြော စကားများကို ဘာသာစကားတာဝန် (၇) ရပ်ဖြင့်လေ့လာခြင်း (လူမှုဘာသာဗေဒ လေ့လာချက်) စာတမ်း တို့ကို လူမှုဘာသာဗေဒ၏ ဘာသာစကားတာဝန် (၇) ရပ်ဖြင့် ချိန်ထိုးလေ့လာထားပါသည်။ ကျွန်တော့် လေ့လာမှုနှင့်ပတ်သက်၍ တင်ပြရလျှင် နေ့စဉ်ပြောဆိုသုံးနှုန်းနေသည့် အပြောစကားတိုင်းသည် ဘာသာ စကားတာဝန်တစ်ခုခုနှင့် အစဉ်အမြဲဒွန်တွဲပါဝင်လျက်ရှိကြောင်းကို သိစေရန်ရည်ရွယ်၍ ရေးသားထား သောစာတမ်းဖြစ်ပါသည်။

## နည်းနာ

ဤစာတမ်းတွင် နည်းနာအားဖြင့် လူမှုဘာသာဗေဒရှုထောင့်မှ အဓိကထား၍ လေ့လာတင်ပြပါ မည်။ နေ့စဉ်သုံးပြောစကားများကို လေ့လာခံအဖြစ် သတ်မှတ်၍ လူမှုဘာသာဗေဒ၏ စကားတာဝန် (၇) ရပ်ကို နည်းနာအဖြစ်လေ့လာတင်ပြပါမည်။

## ပညာရပ်ဆိုင်ရာနည်းနာ

ဤစာတမ်းသည် နေ့စဉ်သုံးအပြောစကားများကို ဘာသာစကားတာဝန် (၇) ရပ်ဖြင့်လေ့လာ တင်ပြထားသည့် စာတမ်းဖြစ်ပါသည်။ နေ့စဉ်သုံးအပြောစကားများကို အလေ့လာခံအဖြစ် သတ်မှတ်ပြီး

လူမှုဘာသာဗေဒ သီအိုရီဖြစ်သော စကားတာဝန် (၇) ရပ်ဖြင့်ချဉ်းကပ်လေ့လာတင်ပြပါမည်။ စကားတာဝန် (၇) ရပ်နှင့်ပတ်သက်သော သီအိုရီကို ဒေါက်တာအောင်မြင့်ဦး၏ လူမှုဘာသာ ဗေဒမိတ်ဆက်စာအုပ်မှ ထုတ်နုတ်၍လေ့လာပါသည်။

လူတို့၏အသုံးအဆောင်တစ်ခုဖြစ်သော ဘာသာစကားသည် အကြောင်းမဲ့ပေါ်ပေါက်လာသည် မဟုတ်ပေ။ စကားဖြစ်ပေါ်လာစေသည့် ဖြစ်ရပ်ဖြစ်စဉ်များရှိရသည်။ အကြောင်းရင်းခံများရှိရသည်။ ထိုစကားကထမ်းဆောင်မည့် လုပ်ငန်းဆောင်တာနှင့် တာဝန်များရှိရသည်။ ဘာသာစကားတစ်ခုကို အသုံးပြုလျက်ရှိသည့် အဝန်းအဝိုင်းတစ်ခုအတွင်းရှိ **စကားဖြစ်ရပ်** (Speech event)၊ **စကားအကြောင်းခံများ** (Speech factors) နှင့် **စကားတာဝန်များ** (Speech functions)ကို လူမှုဘာသာဗေဒကလေ့လာသည်။

(ဒေါက်တာအောင်မြင့်ဦး၊ လူမှုဘာသာဗေဒမိတ်ဆက်၊ ၂၀၀၃၊ ၇၀)

လူနှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော သူအချင်းချင်း အပြန်အလှန်ပြောဆိုလျက်ရှိသည့် ဘာသာစကားအဝန်းအဝိုင်းတစ်ခု၏ ဖြစ်ရပ်ဖြစ်စဉ်ကို **စကားဖြစ်ရပ်**ဟုခေါ်သည်။ ဘာသာစကားဟုဆိုရာတွင် အပြောဘာသာစကား၊ အရေးဘာသာစကားသာမက ဘာသာစကားသဘောသက် ရောက်စေသည့် **ကိုယ်ခန္ဓာလှုပ်ရှားမှုများ၊ မျက်နှာပေးများ၊ အချက်ပြခြင်းများ**လည်း အကျုံးဝင်နိုင်သည်။ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံသည့်အခါ လက်ပြခြင်းသည် **စကားဖြစ်ရပ်**တစ်ခုဖြစ်သည်။ နှုတ်ကမထွက်သည့်တိုင် နှုတ်ဆက် သည့် သဘောဖြစ်သည်။

စကားဖြစ်ရပ်သည် **ဆက်သွယ်မှုဆိုင်ရာ အဖြစ်အပျက်** (Communication event) တစ်ခုလည်းဖြစ်သည်။ **စကားဖြစ်ရပ်** တစ်ခုတွင် ပါဝင်ဆင်နွှဲသူများကို ပြောဖော်များဟုခေါ်သည်။ နှစ်ဦးသို့မဟုတ် နှစ်ဦးထက်မကသော ပြောဖော်များပါဝင်သည့် ဘာသာစကားအဝန်းအဝိုင်းတစ်ခု၏ ဖြစ်ရပ်ဖြစ်စဉ်သည် **စကားဖြစ်ရပ်** ဖြစ်သည်။ သာဓကအားဖြင့် စာသင်ခန်းတစ်ခုတွင် စာသင်ကြားပို့ချနေချိန်၌ စကားဖြစ်ရပ်တစ်ခုဖြစ်ပေါ်နေသည်။ ထိုစကားဖြစ်ရပ်တွင် ဆရာနှင့်ကျောင်းသား၊ ကျောင်းသူများသည် ပြောဖော်များဖြစ်ကြသည်။

(ဒေါက်တာအောင်မြင့်ဦး၊ လူမှုဘာသာဗေဒမိတ်ဆက်၊ ၂၀၀၃၊ ၇၁)

ဘာသာစကားအသုံးပြုသည့် အဝန်းအဝိုင်းတစ်ခုဖြစ်ပေါ်ရန်အတွက် ဖြစ်ရပ်ပုံစံအမျိုးမျိုးရှိနိုင်သည်။ စကားဖြစ်ရပ်ပုံစံများမှာ အောက်ပါအတိုင်းဖြစ်သည်။

**(၁) တစ်ဦးမှ တစ်ဦးသို့ပြောသည့်ပုံစံ** (one to one form)

ပြောဖော်နှစ်ဦးသာရှိသည့် စကားဖြစ်ရပ်တစ်ခုဖြစ်သည်။ သူငယ်ချင်းနှစ်ဦးပြောဆိုခြင်း၊ ဖခင်နှင့်သားပြောဆိုခြင်း၊ ဆရာဝန်နှင့် လူနာပြောဆိုခြင်း စသည့်ပုံစံမျိုးဖြစ်သည်။

**(၂) တစ်ဦးမှ အများသို့ပြောသည့်ပုံစံ** (one to many form)

စာသင်ခန်းတွင် ဆရာကတပည့်ကို ဒိုင်ခံပြောဆိုခြင်း၊ အစည်းအဝေးတွင် မိန့်ခွန်းပြောကြားခြင်း၊ ဟောပြောပွဲတွင် တစ်ဦးတစ်ယောက်က ဒိုင်ခံပြောဆိုခြင်းစသည့်ပုံစံမျိုးဖြစ်သည်။

**(၃) အများမှ တစ်ဦးသို့ပြောသည့်ပုံစံ** (many to one form)

တပည့်အများက ဆရာတစ်ဦးတည်းကို ဝိုင်းဝန်းပြောဆိုခြင်း၊ အစည်းအဝေးတွင် တစ်ဦး တစ်ယောက်ကို အများကဝိုင်းဝန်းပြောဆိုခြင်း၊ ပရိသတ်အများက တစ်ဦးတစ်ယောက်ကိုဝိုင်းဝန်း ပြောဆိုခြင်းစသည့်ပုံစံမျိုးဖြစ်သည်။

**(၄) အများမှ အများသို့ပြောသည့်ပုံစံ** (many to many form)

အားကစားပွဲများတွင် တစ်ဖက်နှင့်တစ်ဖက်အားပေးသည့်ပရိသတ်အချင်းချင်း အပြန်အလှန်အော်ဟစ်ပြောဆိုခြင်း၊ အုပ်စုတစ်စုနှင့် တစ်စုအပြန်အလှန်ပြောဆိုခြင်း စသည့်ပုံစံမျိုးဖြစ်သည်။

စကားဖြစ်ရပ်တစ်ခုတွင် ပြောဖော်များသည် အချင်းချင်း**စကားဖြန့်ဝေခြင်း** (distribution of speech)ကို ဆောင်ရွက်ရသည်။ **စကားဖြန့်ဝေခြင်း**တွင် နည်းနှစ်နည်းရှိနိုင်သည်။ ပထမနည်းမှာ စကားဝိုင်းတွင်တစ်ဦး တစ်ယောက်က လက်ဝါးကြီးအုပ်၍ ဒိုင်ခံပြောဆိုခြင်းဖြစ်သည်။ စကားဝိုင်းတစ်ခုတွင် ပြောဖော်မည်မျှရှိရှိ ထိုပြောဖော်များထဲမှ တစ်ဦးတစ်ယောက်တည်းက ဒိုင်ခံပြောဆိုခြင်းမျိုးဖြစ်သည်။ ဒုတိယနည်းမှာ စကားဝိုင်းတွင်ပါဝင်သူ ပြောဖော်အချင်းချင်းမျှဝေပြောဆိုခြင်းဖြစ်သည်။ သူပြောလိုက် ကိုယ်ပြောလိုက် အပြန်အလှန်မျှဝေပြောဆိုခြင်းမျိုး ဖြစ်သည်။

ထိုသို့ဖြန့်ဝေနည်းကွဲပြားရခြင်းမှာ လူမှုအခြေအနေပေါ်တွင်လည်းမူတည်သည်။ စကားဖြစ်ရပ်တစ်ခုတွင် တစ်ယောက်ယောက်က ဒေါသထွက်၍ ဖိပြောခြင်း၊ အာဝဇ္ဇန်းကောင်းသူ၏ စကားနောက်တွင် မြောပါသွားခြင်း၊ စာသင်ခန်းတွင်သင်ကြားပို့ချခြင်းတို့သည် ပထမနည်းကိုဖြစ်ပေါ်စေသည်။ မိတ်ဆုံပွဲတစ်ခုတွင် အပြန်အလှန်ပြောဆိုခြင်း၊ ဆွေးနွေးပွဲတစ်ခုတွင် အပြန်အလှန်ငြင်းခုံခြင်းတို့သည် ဒုတိယနည်းကို ဖြစ်ပေါ်စေသည်။

စကားဖြစ်ရပ်တစ်ခုဖြစ်ပေါ်လာစေရန်အတွက် စကားအကြောင်းခံများလည်း ရှိရမည်။ အဓိက အားဖြင့်ပြောသူ၊ နာသူ၊ အချက်အလက်၊ လမ်းကြောင်း၊ သင်္ကေတ၊ အကြောင်းအရာ၊ နောက်ခံ အခြေအနေဟူသည့် စကားအကြောင်းခံ (၇) ရပ်ရှိသည်။

(ဒေါက်တာအောင်မြင့်ဦး၊ လူမှုဘာသာဗေဒ မိတ်ဆက်၊ ၂၀၀၃၊ ၇၃)

(၁) ပြောသူ (addresser/sender/encoder)

စကားဖြစ်ရပ်တစ်ခုတွင် စကားဖြန့်ဝေပေးပို့သူ၊ စကားသင်္ကေတပြုသူသည် ပြောသူဖြစ်သည်။ စာသင်ခန်းတစ်ခုတွင် စာသင်နေသောဆရာသည် ပြောသူဖြစ်သည်။ အစည်းအဝေးတွင် မိန့်ခွန်း မြွက်ကြားနေသော သဘာပတိသည် ပြောသူဖြစ်သည်။

(၂) နာသူ (addressee/receiver/decoder)

စကားဖြစ်ရပ်တစ်ခုတွင် စကားလက်ခံသူ၊ စကားသင်္ကေတဖော်သူသည် နာသူဖြစ်သည်။ စာသင်ခန်းတစ်ခုတွင် ဆရာ၏သင်ကြားပို့ချမှုကို ခံယူနေသောကျောင်းသားကျောင်းသူများ၊ အစည်း အဝေးတွင် သဘာပတိမိန့်ခွန်းနားထောင်နေသူများ၊ ဟောပြောပွဲတွင် ဟောပြောချက်များကို နားထောင်နေသည့်ပရိသတ်များ စသည်တို့သည် နာသူများဖြစ်သည်။

(၃) အချက်အလက် (message)

ပြောသူနှင့်နာသူရှိလျှင် ပြောမည့်အချက်အလက်ရှိရမည်။ အချက်အလက်သည် စကားပုံသဏ္ဍာန် ဖြစ်နိုင်သကဲ့သို့ စကားလုံးမဟုတ်သော ပုံသဏ္ဍာန်လည်း ဖြစ်နိုင်သည်။ ဥပမာ ကုန်စည်များတင်ပို့ ရာတွင်ကုန်ပစ္စည်း၏ ဘူးခွံများ၌ကုန်ပစ္စည်းကို ထောင်ထားစေလိုလျှင် ဒေါင်လိုက်မြားပုံဖြင့် လည်းကောင်း၊ ကွဲတတ်သည်ဟုဖော်ပြလိုလျှင် ဖန်ခွက်ပုံဖြင့်လည်းကောင်း၊ ရေစိုမခံဟုဖော်ပြလိုလျှင် ထီးနှင့် မိုးစက်များပုံဖြင့်လည်းကောင်း ရေးဆွဲဖော်ပြထားခြင်းသည် ပြောသူကပေးလိုသော အချက် အလက်ကိုရုပ်ပုံဖြင့် ပေးခြင်းဖြစ်သည်။ တစ်ဦးနှင့် တစ်ဦးတွေ့ဆုံသောအခါလှမ်း၍ လက်ဝှေ့ ရမ်းပြခြင်း၊ လက်သီးဆုပ်ပြခြင်း၊ လက်မထောင်ပြခြင်းစသည်တို့သည် အမူအရာဖြင့် အချက်အလက်ပေးခြင်းဖြစ် သည်။ ကားကွေ့လျှင် မီးဖြင့်အချက်ပြခြင်းသည် သင်္ကေတဖြင့်အချက်အလက် တစ်ခုခုရှိရမြဲဖြစ်သည်။

(၄) လမ်းကြောင်း (channel)

စကားဖြစ်ရပ်တစ်ခုတွင် ပြောသူနှင့် နာသူအကြား အချက်အလက်များသွားရာလမ်းကြောင်း လို အပ်သည်။ မျက်နှာချင်းဆိုင်စကားပြောခြင်း၊ တယ်လီဖုန်းဖြင့် စကားပြောခြင်း၊ ရေဒီယို၊ ရုပ်မြင်သံ ကြားတို့မှ ထုတ်လွှင့်ခြင်း၊ စာဖြင့်ရေးခြင်း၊ စာရေးသည်ကို ဖတ်ခြင်းစသည်တို့တွင် လမ်းကြောင်း မတူပေ။

စာသင်ခန်းတွင် ဆရာကသင်ကြားပို့ချရာတွင် မျက်နှာချင်းဆိုင် အချက်အလက်ပေးခြင်းဖြစ် သည်။ ထိုသို့ပေးရာတွင် အပြောရောအရေးပါ ပါဝင်သည်။ အပြောဖြင့် အချက်အလက်ပေးရာတွင် အသံလှိုင်းမှာ နားသို့ဝင်ရောက်သွားသည့်အတွက် အကြားလမ်းကြောင်းဖြစ်သည်။ စာဖြင့်အချက်အလက် ပေးရာတွင် မျက်စိသို့ဝင်ရောက်သည့်အတွက် အမြင်လမ်းကြောင်းဖြစ်သည်။ လမ်းကြောင်းပွင့်မှ အချက် အလက် ဝင်ရောက်နိုင်မည်ဖြစ်သည်။ လက်ကြောင်းမရှိလျှင် သို့မဟုတ် လမ်းကြောင်းပိတ်နေလျှင် အချက်အလက်ပို့၍မရပေ။ အနည်းဆုံး လမ်းကြောင်း တစ်ခုရှိရမည်။ အကြားလမ်းကြောင်းကို အများဆုံး အသုံးပြုလေ့ရှိသော်လည်း အမြင်လမ်းကြောင်းသည်လည်း အသုံးများသည့်လမ်းကြောင်း တစ်ခုဖြစ် သည်။ အခြားလမ်းကြောင်းများကိုလည်း တစ်ခါတစ်ရံအသုံးပြုနိုင်သည်။ အတို့အထိသည်လည်း လမ်းကြောင်း တစ်ခုဖြစ်သည်။ တစ်ဦးနှင့်တစ်ဦးတို့ထိ အချက်ပေးခြင်းသည်လည်းကောင်း၊ မျက်မမြင် တို့၏ စာအရေးအသား စနစ်သည်လည်းကောင်း အတို့အထိလမ်းကြောင်းကို အသုံးပြုခြင်းဖြစ်သည်။

(၅) သင်္ကေတ (code)

သင်္ကေတသည် တစ်နည်းအားဖြင့် ဘာသာစကားကို ဆိုလိုခြင်းဖြစ်သည်။ အသုံးပြုမည့် သင်္ကေတ ကိုပြောသူရောနာသူပါ သိထားရမည်။ မြန်မာဘာသာစကားဖြင့် ပြောဆိုမည်ဆိုလျှင် မြန်မာ ဘာသာ စကားသင်္ကေတကို ပြောသူရောနာသူပါ တတ်ကျွမ်းရမည်။ ပြောသူက အချက်အလက်ကို သင်္ကေတ တစ်မျိုးအသုံးပြုကာ နာသူထံပေးပို့ရသည်။ ထိုသင်္ကေတသည် နာသူသိရှိထားသော သင်္ကေတဖြစ်ရမည်။ ပြောသူသည် အတွေးတစ်ခုပေါ်လာသောအခါ စကားလုံးအဖြစ်ဖန်တီးပြီး နာသူထံပို့သည်။ နာသူက အနက်ဖော်ရသည်။

သင်္ကေကကို အသုံးပြုရာတွင် များသောအားဖြင့် ဘာသာဗေဒသင်္ကေတဖြစ်သည့် ဘာသာ စကားကို အသုံးပြုလေ့ရှိသည်။ တစ်ခါတစ်ရံ ဟန်ပန်အမူအရာကိုလည်းသုံးသည်။ ဘာသာစကား

သင်္ကေတကို နားမလည်သူအချင်းချင်း အချက်အလက်ပေးပို့သည့်အခါ စကားလုံး ပုံသဏ္ဍာန်သုံး၍ မရပေ။ ထိုအခါ စကားလုံးမဟုတ်သော ပုံသဏ္ဍာန်များအသုံးပြု၍ သင်္ကေတပြုနိုင်သည်။ သို့ရာတွင် ထိုသင်္ကေတကို လက်ခံသူက နားလည်အနက်ဖော်နိုင်စွမ်းရှိရမည်။

(၆) အကြောင်းအရာ (topic)

အကြောင်းအရာသည် အချက်အလက်နှင့် အတော်အတန်ကွဲပြားသည်။ အကြောင်းအရာတစ်ခုတွင် အချက်အလက်များစွာ ပါဝင်သည်။ လူမှုဘာသာဗေဒကို အကြောင်းအရာတစ်ခုအဖြစ် သတ်မှတ်လျှင် စကားဖြစ်ရပ်၊ စကားအကြောင်းခံ၊ စကားတာဝန် စသည်တို့သည် လူမှုဘာသာဗေဒအကြောင်းအရာအောက်တွင် ပါဝင်သော အချက်အလက်များဖြစ်သည်။

(၇) နောက်ခံအခြေအနေ (setting)

နောက်ခံအခြေအနေသည် လူမှုရေးနှင့် ဘာသာစကားဆက်စပ်မှု အခြေအနေဖြစ်ရသည်။ ထိုအခြေအနေများတွင် နေရာပတ်ဝန်းကျင်၊ အချိန်အခါနှင့် ဆက်ဆံမှုအဆင့် စသည်တို့ပါဝင်သည်။ သူငယ်ချင်းနှစ်ဦး လက်ဖက်ရည်ဆိုင်တွင် ထိုင်၍ပြောဆိုသည့် နောက်ခံအခြေအနေနှင့် အစည်းအဝေးတွင် ပြောဆိုသည့်နောက်ခံ အခြေအနေနှစ်ရပ်မှာ တူညီမည် မဟုတ်ပေ။ အလားတူပင် ဆရာနှင့်တပည့် စာသင်ခန်းအတွင်း ပြောဆိုသည့်နောက်ခံအခြေအနေနှင့် ပြင်ပတွင်တွေ့ဆုံပြောဆိုသည့် နောက်ခံအခြေအနေနှင့် ပြင်ပတွင်တွေ့ဆုံပြောဆိုသည့် နောက်ခံအခြေအနေ နှစ်ရပ်မှာတူညီမည် မဟုတ်ပေ။ မည်သည့်အချိန်၊ မည်သည့်နေရာတွင် မည်သူနှင့်မည်သို့ ဆက်စပ်မှုရှိသည်ဟူသော အချက်များသည် နောက်ခံအခြေအနေများပင်ဖြစ်သည်။

(ဒေါက်တာအောင်မြင့်ဦး၊ လူမှုဘာသာဗေဒမိတ်ဆက်၊ ၂၀၀၃၊ ၇၈)

စကားဖြစ်ရပ်တစ်ခုဖြစ်ပေါ်ရန်အတွက် ဖော်ပြခဲ့သည့် စကားအကြောင်းခံ (၇) ရပ်လိုအပ်သည်။ ထိုအကြောင်းခံ (၇) ရပ်အနက်မှ တစ်ခုခုမပြည့်စုံလျှင် စကားဖြစ်ရပ်ဖြစ်မလာနိုင်ပါ။ စကားအကြောင်းခံ (၇) ရပ်သည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိပေသည်။

စကားဖြစ်ရပ်၊ စကားအကြောင်းခံတို့ကြောင့် ဖြစ်ပေါ်လာသော စကားတို့သည် ထမ်းဆောင်ရမည့် တာဝန်များရှိသည်။ အဓိကအားဖြင့် စကားတာဝန် (၇) ရပ် ရှိသည်။ ၎င်းတို့မှာ

(၁) ရည်ညွှန်းတာဝန် (referential function)

(၂) ခံစားမှုပြတာဝန် (emotive function)

(၃) ညွှန်ကြားတာဝန် (directive function)

(၄) ဆက်သွယ်မှုပြတာဝန် (phatic function)

(၅) လူမှုအခြေပြတာဝန် (contextual function)

(၆) ဖွင့်ဆိုရှင်းပြတာဝန် (metalinguistic function)

(၇) ဖွဲ့နွဲ့ရှင်းပြတာဝန် (poetic function) တို့ဖြစ်သည်။

(ဒေါက်တာအောင်မြင့်ဦး၊ လူမှုဘာသာဗေဒမိတ်ဆက်၊ ၂၀၀၃၊ ၇၈)

(၁) ရည်ညွှန်းတာဝန်

လူပုဂ္ဂိုလ်တစ်စုံတစ်ယောက်၊ အကြောင်းအရာတစ်စုံတစ်ခုကို ရည်ညွှန်းဖော်ပြသော တာဝန်ဖြစ်သည်။ "မနက်ဖြန် ကျွန်တော့်ကို ဘယ်သူလာကြိုမှာလဲ" ဟုဆိုရာတွင် ထိုစကားသည် ကြိုရန်ကိစ္စကို ရည်ညွှန်းနေခြင်းဖြစ်သည်။ "ဆရာညို နေကောင်းလား" ဟုဆိုရာတွင် ဆရာညိုကိုရည်ညွှန်းနေခြင်းဖြစ်သည်။ ရည်ညွှန်းတာဝန်သည် အသိပေးတာဝန် ဟုလည်းခေါ်သည်။ တစ်စုံတစ်ရာသော အကြောင်းရပ်ကို အသိပေးဖော်ပြခြင်းသည် အသိပေးတာဝန်ဖြစ်သည်။

(ဒေါက်တာအောင်မြင့်ဦး၊ လူမှုဘာသာဗေဒမိတ်ဆက်၊ ၂၀၀၃၊ ၇၉)

(၂) ခံစားမှုပြတာဝန်

စိတ်တွင်း၌ဖြစ်ပေါ်လာသော ခံစားမှုတစ်စုံတစ်ရာကို ဖော်ပြသောတာဝန်ဖြစ်သည်။ ခံစားမှုပြတာဝန်ကို ဖွင့်ဟမှုတာဝန်ဟုခေါ်သည်။ မိမိရင်ထဲ၌ ခံစားနေရသော တုန်လှုပ်မှု၊ ထိတ်လန့်မှု၊ ဝမ်းနည်းမှု၊ အံ့ဩမှု စသည့် ခံစားချက်တစ်ရပ်ရပ်ကို ဖွင့်ဟပြသောတာဝန်ဖြစ်သည်။ "အို "၊ "ဟယ်"၊ "သေလိုက်ပါတော့ကွာ"၊ "ငါ့နှယ်နော်"၊ "အသေသတ်ချင်တယ်"၊ "ဟာ ...ဒုက္ခပဲ "စသည့်စကားမျိုးဖြစ်ပါသည်။ အားကစားပွဲတော်များတွင် ဝမ်းသာအားရအော်ဟစ်အားပေးခြင်း၊ အားမလိုအားမရဆဲဆိုခြင်း တို့သည်လည်း ခံစားမှုပြတာဝန်၏ လုပ်ဆောင်ချက်များဖြစ်သည်။ ခံစားမှုပြစကားများသည် တစ်ခါတစ်ရံ အာမေဋိတ်ဆန်သည်။ ခံစားမှုကိုဖွင့်ဟရာ၌ တိုက်ရိုက်ဖော်ပြပုံမျိုးရှိသကဲ့သို့ နူးညံ့သိမ်မွေ့စွာ ဖော်ပြပုံမျိုးလည်းရှိသည်။

(ဒေါက်တာအောင်မြင့်ဦး၊ လူမှုဘာသာဗေဒမိတ်ဆက်၊ ၂၀၀၃၊ ၈၀)

(၃) ညွှန်ကြားမှုပြတာဝန်

တစ်စုံတစ်ရာသော ကိစ္စရပ်ကို ညွှန်ပြညွှန်ကြားပေးသော တာဝန်ဖြစ်သည်။ တိုက်တွန်းချက်၊ မေတ္တာရပ်ခံချက်၊ နှိုးဆော်ချက်၊ သတိပေးချက်၊ အမိန့်ပေးချက်၊ တားမြစ်ချက်စသည်တို့သည် ညွှန်ပြတာဝန်ကိုထမ်းဆောင်ကြသည်။ "ပုလင်းကို လှုပ်သောက်ပါ"၊ "အမှိုက်မပစ်ရ"၊ "လက်ယာကပ်မောင်း ပါ"၊ "ကားမောင်းရင်းလက်ကိုင်ဖုန်းမသုံးရ"၊ "နိုင်ငံတော်အလံကို အလေးပြုပါ "စသည်တို့သည် ညွှန်ကြားတာဝန်ထမ်းဆောင်သောစကားများဖြစ်ကြသည်။

(ဒေါက်တာအောင်မြင့်ဦး၊ လူမှုဘာသာဗေဒမိတ်ဆက်၊ ၂၀၀၃၊ ၈၀)

(၄) ဆက်သွယ်မှုပြတာဝန်

ဆက်သွယ်မှုပြတာဝန်သည် ဆက်သွယ်ရေးလမ်းကြောင်းကို ဖွင့်ပေးရန်၊ ဆက်သွယ်ရေးလမ်းကြောင်း ဆက်လက်ပွင့်စေရန်နှင့် ဆက်သွယ်ရေးလမ်းကြောင်း ပိတ်ပေးရန်တို့အတွက် ထမ်းဆောင်ရသော တာဝန်ဖြစ်သည်။ ဆက်သွယ်မှုပြတာဝန်၏ ထင်ရှားသော သာဓကမှာ တယ်လီဖုန်းပြောသည့်အခါဖြစ်သည်။ တယ်လီဖုန်းဆက်ရာတွင် တစ်ဖက်မှ "ဟဲလို "ဟုပြောဆိုခြင်းသည် နှုတ်ဆက်ခြင်းမဟုတ်၊ လမ်းကြောင်းဖွင့်ပေးခြင်းဖြစ်သည်။ လမ်းကြောင်းဖွင့်ပြီးနောက် "သက်ငုံဦးရှိပါသလား " "ပြောနေပါတယ် "စသည်ဖြင့် ပြောဆိုခြင်းသည်လည်းကောင်း၊ "အော်" "အေးလေ" "အင်း "စသည်ဖြင့် ပြောဆိုခြင်းသည်လည်းကောင်း၊ လမ်းကြောင်းဆက်လက်ပွင့်နေစေရန် ဆောင်ရွက်ခြင်းဖြစ်သည်။

ထို့နောက် "ဒါပဲနော်" "ဖုန်းချလိုက်တော့မယ်" "ဘိုင့်ဘိုင် "စသည်ဖြင့် ပြောဆိုခြင်းသည် လမ်းကြောင်းကို ပိတ်လိုက်ခြင်းဖြစ်သည်။

မြန်မာမှုနယ်ပယ်တွင် ဆက်သွယ်မှုပြုတာဝန်အရ ပြောဆိုသော စကားအများအပြားရှိသည်။ လူတစ်ယောက်နှင့်တစ်ယောက်တွေ့ဆုံသည့်အခါ "ဘယ်သွားမလို့လဲ"၊ "ထမင်းစားပြီးပြီလား"၊ "ထမင်း စားသွားပါဦး "စသည်ဖြင့် ပြောဆိုခြင်းသည် ဆက်သွယ်မှုပြုတာဝန်အရ ပြောဆို ခြင်းဖြစ်သည်။ အင်္ဂလိပ် ဘာသာစကားတွင်လည်း "Good morning" "Good evening" "How do you do" "Have a nice day" စသည့်များသည် ဆက်သွယ်မှုပြုတာဝန်ထမ်းဆောင်သော စကားများဖြစ်ပါသည်။

(ဒေါက်တာအောင်မြင့်ဦး၊ လူမှုဘာသာဗေဒမိတ်ဆက်၊ ၂၀၀၃၊ ၈၁)

(၅) လူမှုအခြေပြုတာဝန်

လူမှုရေးအခြေအနေအဆက်အစပ်ကို ဖော်ပြသော တာဝန်ဖြစ်သည်။ ဥပမာ စာသင်ခန်းအတွင်း သို့ ဆရာဝင်လာသည့်အခါ "မင်္ဂလာပါ ဆရာ "ဟုပြောဆိုနှုတ်ဆက်ခြင်းမျိုး၊ အခမ်းအနားတစ်ခု တွင် အခမ်းအနားမှူးက "အခမ်းအနားစတင်တော့မည်ဖြစ်ပါ၍ နေရာယူပေးကြပါခင်ဗျား "ဟု ပြောခြင်းမျိုး၊ "သဘာပတိကြီးနှင့် အဖွဲ့ပြန်လည်ထွက်ခွာပါတော့မယ် "ဟု ပြောဆိုခြင်းမျိုးသည် လူမှုအခြေပြုတာဝန် အရပြောဆိုခြင်းဖြစ်သည်။

(ဒေါက်တာအောင်မြင့်ဦး၊ လူမှုဘာသာဗေဒ မိတ်ဆက်၊ ၂၀၀၃၊ ၈၂)

(၆) ဖွင့်ဆိုရှင်းပြတာဝန်

ပြောသူက ပေးလိုသော အချက်အလက်ကို နာသူကောင်းစွာနားလည်သဘောပေါက်အောင်သုံး သည့် စကားမှန်သမျှသည် ဖွင့်ဆိုရှင်းပြတာဝန်အရ ပြောသောစကားများပင်ဖြစ်သည်။ အဓိပ္ပာယ် ဖွင့်ဆိုချက်များ၊ ရှင်းလင်းဖော်ပြချက်များ၊ စာရင်းဇယားများ၊ သရုပ်ဖော်ပုံများ၊ ဝေါဟာရစာရင်း များစသည်တို့သည် နာသူနားလည်အောင်ပြုလုပ်ပေးသည့်အတွက် ဖွင့်ဆိုရှင်းပြတာဝန်ကို ထမ်းဆောင် သည့်စကားများ ဖြစ်ကြသည်။

(ဒေါက်တာအောင်မြင့်ဦး၊ လူမှုဘာသာဗေဒမိတ်ဆက်၊ ၂၀၀၃၊ ၈၂)

(၇) ဖွဲ့နွဲ့ရှင်းပြတာဝန်

ပြောသူက နာသူထံအချက်အလက်ပေးပို့ရာတွင် သာယာနာပျော်ဖွယ်ဖြစ်အောင် ကဗျာ ပုံသဏ္ဍာန်တစ်မျိုးမျိုးဖြင့် ပေးပို့ခြင်းမျိုးဖြစ်သည်။ ထိုသို့ပေးပို့ရာတွင် လျှာခလုတ်တိုက်စကား၊ ကာရန် စကား၊ သံတူကပ်စကား စသည့်စကားများဖြင့် ပြောဆိုနိုင်သည်။ ပြောသူသည် အချက်အလက်ကို ဖွဲ့ဖွဲ့နွဲ့နွဲ့ပေးပို့သည့်အတွက် နာသူ၌ရသခံစားမှုတစ်ခုခုကို ဖြစ်ပေါ်စေသည့်အတွက် ယင်းစကား၏ တာဝန်ကို ရသပေးတာဝန် ဟုလည်းခေါ်သည်

စကားဖြစ်ရပ်တစ်ခုတွင် စကားအကြောင်းခံ (၇) ချက်နှင့် စကားတာဝန် (၇) ရပ်တို့သည် အပြန်အလှန်ဆက်သွယ်မှုရှိကြသည်။ ဆက်သွယ်ပုံမှာ တစ်ဖက်ပါအတိုင်းဖြစ်သည်။

| စကားတာဝန် | | စကားအကြောင်းခံ |
|---|---|---|
| (၁) ရည်ညွှန်းတာဝန် | ⟷ | အကြောင်းအရာ |
| (၂) ခံစားမှုတာဝန် | ⟷ | ပြောသူ |
| (၃) ညွှန်ကြားတာဝန် | ⟷ | နာသူ |
| (၄) ဆက်သွယ်မှုပြုတာဝန် | ⟷ | လမ်းကြောင်း |
| (၅) လူမှုအခြေပြုတာဝန် | ⟷ | နောက်ခံအခြေအနေ |
| (၆) ဖွင့်ဆိုရှင်းပြတာဝန် | ⟷ | သင်္ကေတ |
| (၇) ဖွဲ့နွဲ့ရှင်းပြတာဝန် | ⟷ | အချက်အလက် |

(ဒေါက်တာအောင်မြင့်ဦး၊ လူမှုဘာသာဗေဒမိတ်ဆက်၊ ၂၀၀၃၊ ၈၂)

(၁) ရည်ညွှန်းတာဝန်နှင့် အကြောင်းအရာ

ရည်ညွှန်းတာဝန်သည် အကြောင်းအရာနှင့် ဆက်နွယ်နေသည်။ အကြောင်းအရာတစ်ခုကို ရည်ညွှန်းဖော်ပြခြင်းသည် ရည်ညွှန်းတာဝန်၏ လုပ်ဆောင်ချက်ဖြစ်သည်။ ဥပမာ- "ညက ရုပ်ရှင်ညွှဲ့လိုက်တာ" ဟုဆိုရာတွင် ရုပ်ရှင်ကို ရည်ညွှန်းနေခြင်း ဖြစ်ပြီး အကြောင်းအရာသည် ရုပ်ရှင်နှင့် ပတ်သက်သောအကြောင်းအရာဖြစ်သည်။ အလားတူပင် "ဘယ်အချိန် ဘူထာဆင်းမှာလဲ" ဟုဆို ရာတွင် ဘူထာကို ရည်ညွှန်းနေခြင်းဖြစ်ပြီး အကြောင်းအရာသည် ခရီးသွားသည့်ကိစ္စဖြစ်သည်။

(၂) ခံစားမှုတာဝန်နှင့် ပြောသူ

ခံစားမှုပြုတာဝန်သည် ပြောသူနှင့် သက်ဆိုင်သည်။ ဥပမာ" -စိတ်ပျက်လိုက်တာ "၊ "သိပ်စိတ်ညစ်တယ်" စသည်ဖြင့် ပြောဆိုခြင်းသည် ပြောသူနှင့်သာ ဆိုင်သည်။

(၃) ညွှန်ကြားတာဝန်နှင့် နာသူ

ညွှန်ကြားတာဝန်သည် တစ်စုံတစ်ယောက်ကို စေခိုင်းခြင်း၊ ညွှန်ကြားခြင်း၊ နှိုးဆော်ခြင်း၊ သတိပေးခြင်း ဖြစ်သည့်အတွက် နာသူနှင့်သက်ဆိုင်သည်။ ဥပမာ" -ဆေးလိပ်မသောက်ရ"၊ "ကွမ်းတံထွေးမထွေးရ"၊ "မီးသတိပြု "စသည်ဖြင့် ညွှန်ကြားခြင်းသည် နာသူနှင့်သာသက်ဆိုင်သည်။

(၄) ဆက်သွယ်မှုပြုတာဝန်နှင့် လမ်းကြောင်း

ဆက်သွယ်မှုပြုတာဝန်သည် လမ်းကြောင်းနှင့် သက်ဆိုင်သည်။ လမ်းကြောင်းဖွင့်ပေးခြင်း၊ လမ်းကြောင်းတည်တံ့နေစေခြင်း၊ လမ်းကြောင်းပိတ်ပေးခြင်းတို့သည် ဆက်သွယ်မှုတာဝန်ဖြစ်သည်။ "ဟုတ်ကဲ့ "၊ "အော် ...အော် "၊ "အင်း "၊ "ဟုတ်တာပေါ့"၊ "ဒါပဲနော် "စသည့်စကားများသည် လမ်းကြောင်းဆက်သွယ်မှုတာဝန်တို့နှင့် ဆက်စပ်နေသော စကားများဖြစ်သည်။

(၅) လူမှုအခြေပြုတာဝန်နှင့် နောက်ခံအခြေအနေ

လူမှုအခြေပြုတာဝန်သည် နောက်ခံအခြေအနေနှင့် ဆက်နွယ်နေသည်။ ဥပမာ- အခမ်းအနားတစ်ခုတွင် "သဘာပတိကြီးနှင့် အဖွဲ့ရောက်လာပါပြီဖြစ်ပါ၍ မတ်တတ်ရပ်ပေးကြပါရန် မေတ္တာရပ်ခံ

အပ်ပါသည်ခင်ဗျား” ဟုပြောဆိုခြင်းမျိုးသည် လူမှုအခြေပြုတာဝန်နှင့် နောက်ခံအခြေအနေတို့ဆက်စပ်နေသည့် စကားပင်ပဖြစ်သည်။

(၆) ဖွင့်ဆိုရှင်းပြတာဝန် နှင့် သင်္ကေတ

ဖွင့်ဆိုရှင်းပြတာဝန်သည် သင်္ကေတနှင့် ဆက်နွယ်သည်။ သင်္ကေတကို ပြောသူရော နာသူပါ သိရှိတတ်ကျွမ်းရမည်။ ပြောသူအသုံးပြုသည့် သင်္ကေတကို နာသူကကောင်းစွာတတ်မြောက်ပါမှ ပြောသူပေးလိုသည့် အချက်အလက်ကို နားလည်သဘောပေါက်နိုင်မည်ဖြစ်သည်။ ပြောသူကလည်း နာသူကောင်းမွန်စွာ နားလည်အောင် ဖွင့်ဆိုရှင်းပြနိုင်ရန်အတွက် သင်္ကေတကို ကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။

(၇) ဖွဲ့နွဲ့ရှင်းပြတာဝန်နှင့် အချက်အလက်

ဖွဲ့နွဲ့ရှင်းပြတာဝန်သည် အချက်အလက်နှင့် ဆက်နွယ်သည်။ အထူးသဖြင့် အချက်အလက်ကို ဖော်ပြလိုသည့်ပုံသဏ္ဌာန်နှင့် ဆက်နွယ်သည်။ ကဗျာလင်္ကာများ၊ ကာရန်၊ နဘေသုံးစကားများ၊ သံတူကပ်စကားများ စသည်တို့သည် ပေးလိုသည့်အချက်အလက်များကို ဖွဲ့ဖွဲ့နွဲ့နွဲ့နာပျော်ဖွယ် ဖြစ်အောင် ရှင်းပြခြင်းဖြစ်သည်။

စကားတာဝန်တစ်ရပ်နှင့် စကားအကြောင်းခံတစ်ရပ် ဆက်စပ်မှုရှိသည်ဟုဆိုသော်လည်း သတိပြုရန်အချက်မှာ တစ်ခါတစ်ရံ တာဝန်တစ်ခုထက်ပိုသော စကားများလည်းရှိသည်။ ဥပမာ -ကုန်စည်သေတ္တာတစ်ခုတွင် “Glass” ဟုရေးထားသောစကားလုံးသည် စကားလုံးတစ်လုံးသာ ဖြစ်သော်လည်း တာဝန်နှစ်ခုရှိနေသည်။ ပထမတာဝန်မှာ သေတ္တာထဲတွင်ပါဝင်သော ပစ္စည်းမှာဖန်ခွက်ဖြစ်ကြောင်း ရည်ညွှန်းသည့် ရည်ညွှန်းတာဝန်ဖြစ်ပြီး ဒုတိယတာဝန်မှာ သတိထားကိုင်တွယ်ရန် ညွှန်ကြားသည့် ညွှန်ကြားတာဝန်ဖြစ်သည်။ အလားတူ “ဗို့အား ၆၀၀၀ ”ဆိုသည့် စာတန်းတွင်လည်း ဗို့အားကို ရည်ညွှန်းဖော်ပြသည့် ရည်ညွှန်းတာဝန်နှင့် မကိုင်နှင့်ဟု ညွှန်ကြားသည့် ညွှန်ကြားတာဝန်တို့ ပါရှိနေသည်။

တစ်ခါတစ်ရံတွင် နှုတ်မြွက်စကားတစ်ခုသည် ပြောသူနှင့် နာသူအပေါ်မူတည်ပြီး တာဝန်ပြောင်းသွားတတ်သည်။ ဥပမာ“ -ကောင်းတာစားရမယ်၊ လတ်ဆတ်တာစားရမယ်၊ အားရှိတာစား ရမယ် ” ဟူသော ပြောကြားချက်သည် ဆရာဝန်ကလူနာကို ပြောသည်ဆိုလျှင် ညွှန်ကြားတာဝန်ဖြစ်ပြီး စျေးသည်က စျေးဝယ်ကိုပြောလျှင် ရည်ညွှန်းတာဝန် ဖြစ်ပေသည်။

အလားတူပင် “ဘယ်သွားမလို့လဲ” ဟူသောစကားသည် မိတ်ဆွေနှစ်ဦးပြောသည်ဆိုလျှင် ဆက်သွယ်မှုပြတာဝန်ဖြစ်ပြီး အဖေကသားဖြစ်သူကို မေးသည်ဆိုလျှင် ရည်ညွှန်းတာဝန်ဖြစ်သည်။ တစ်ဆက်တည်းမှာပင် မသွားစေချင်သည့် သဘောရှိနေလျှင် မသွားရန် တားမြစ်သည့် ညွှန်ကြားတာဝန်လည်းပါရှိနေပေသည်။ (အောင်မြင့်ဦး၊ ဒေါက်တာ။ ၈၃-၈၆)

**သုတေသနနည်းနာ**

ဤစာတမ်းတွင် နေ့စဉ်သုံးအပြောစကားများကို ဘာသာစကားတာဝန် (၇)ရပ်ဖြင့် လေ့လာရာတွင် လူမှုဘာသာဗေဒရှုထောင့်မှလေ့လာတင်ပြပါမည်။ စကားတာဝန် (၇)ရပ်အပြင် စကားဖြစ်ရပ်၊ စကားအကြောင်းခံတို့ကိုလည်း လူမှုဘာသာဗေဒသီအိုရီများဖြင့် ချဉ်းကပ်လေ့လာပါမည်။ ဤသို့

လေ့လာရာတွင် နေ့စဉ်သုံးအပြောစကားများကို စကားတာဝန်(၇)ရပ်အပြင် စကားဖြစ်ရပ်၊ စကားအကြောင်းခံတို့ဖြင့်လည်း ဆက်စပ်၍ လေ့လာတင်ပြပါမည်။

**နေ့စဉ်သုံးအပြောစကားများတွင် တွေ့ရသော စကားတာဝန်များ**

လူတို့နေ့စဉ်ပြောဆိုနေသော အပြောစကားများတွင် စကားဖြစ်ရပ်၊ စကားအကြောင်းရင်းခံများနှင့် စကားတာဝန်များသည် ဒွန်တွဲနေသည်။ ထို့ကြောင့် နေ့စဉ်သုံးအပြောစကားများတွင် တွေ့ရသောစကားတာဝန်များကို အဓိကထားလေ့လာတင်မည်ဖြစ်သော်လည်း စကားဖြစ်ရပ်တစ်ခုသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်းကိုတွေ့ရသည်။ စကားဖြစ်ရပ်မရှိလျှင် စကားအကြောင်းရင်းခံများလည်း မရှိနိုင်သကဲ့သို့ စကားတာဝန်များလည်း ပေါ်ပေါက်လာမည်မဟုတ်ပါ။ ထို့ကြောင့်စကားတာဝန်များဖြင့် လေ့လာသော်လည်း စကားဖြစ်ရပ်၊ စကားအကြောင်းရင်းခံများကိုလည်း ထည့်သွင်း၍ လေ့လာတင်ပြပါမည်။

**ရည်ညွှန်းတာဝန်ဖော်ပြနေသည့် စကားခွန်းပုံစံ**

လူပုဂ္ဂိုလ်တစ်စုံတစ်ယောက်၊ အကြောင်းအရာတစ်စုံတစ်ခုကို ရည်ညွှန်းဖော်ပြသော တာဝန်ဖြစ်သည်။ တစ်စုံတစ်ရာသော အကြောင်းရပ်ကို အသိပေးဖော်ပြခြင်းသည် အသိပေးတာဝန်ဖြစ်သည်။ ထိုရည်ညွှန်းတာဝန်ဖော်ပြနေသည့် စကားခွန်းပုံစံကို ဖော်ပြရလျှင် -

> "ဆရာ၊ ဆရာမတို့ရေ ကျွမ်းကျင်မှုသင်တန်းတွေရဲ့ နည်းပြတန်းတွေနဲ့ အဖြေလွှာတွေကို ဦးစားပေး စစ်ဆေးပေးပါ"
>
> "ပါမောက္ခချုပ်ရဲ့ နိုင်ငံခြားခရီးစဉ်အတွေ့အကြုံရှင်းလင်းပွဲကို နေ့လယ် ၂ နာရီ စမယ်။ ဌာနက ဆရာ၊ ဆရာမတွေသွားတက်ကြပါ"
>
> "တနင်္လာနေ့ စာမေးပွဲစပါမယ်။ ဒါကြောင့် ဆရာ၊ ဆရာမတွေအားလုံး တာဝန်ကျတဲ့ အခန်းတွေကို အချိန်အတိအကျရောက်အောင်လာပေးကြပါ"
>
> "ဝိဇ္ဇာသိပ္ပံစာတမ်းဖတ်မယ့် ဆရာ၊ ဆရာမတွေကို ပြောချင်ပါတယ်။ အခုလာမယ့် သောကြာနေ့ ၂၇ ရက်နေ့မှာ စာတမ်းကို ကျွန်မဆီပေးပို့ကြပါ။ ၂၇ ရက်နေ့ နောက်ဆုံးထားပြီး ပေးပို့ကြပါ"

ယခုတင်ပြထားသည့် စကားခွန်းများသည် ရည်ညွှန်းတာဝန်ကို ဖော်ပြနေသော စကားခွန်းများဖြစ်ကြပါသည်။ ရည်ညွှန်းတာဝန်တွင် အသိပေးမှုတာဝန်လည်းပါဝင်နေကြောင်းကို တွေ့ရပါသည်။ အထက်ဖော်ပြထားသည့် စကားခွန်းများကိုလေ့လာပါက ရည်ညွှန်းတာဝန်တွင် ပြောဆိုရသည့် အကြောင်းအရာပါဝင်ပါသည်။ အကြောင်းအရာသည် ကျွမ်းကျင်မှုသင်တန်းများ၏ နည်းပြတန်း ရမှတ်နှင့် အဖြေလွှာရမှတ်များကို ဦးစားပေး၍ စစ်ဆေးရန်ကိစ္စဖြစ်ပြီး သင်ကြားသည့် ဆရာ၊ ဆရာမများကို ရည်ညွှန်းပြောဆိုနေသည့် စကားခွန်းဖြစ်ပါသည်။ စကားခွန်းတိုင်းတွင် ပြောရသည့်အကြောင်းအရာပါဝင်နေကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။

**ခံစားမှုပြတာဝန်ဖော်ပြနေသည့် စကားခွန်းပုံစံ**

စိတ်တွင်း၌ ဖြစ်ပေါ်လာသော ခံစားမှုတစ်စုံတစ်ရာကို ဖော်ပြသောတာဝန်ဖြစ်သည်။ ခံစားမှုပြတာဝန်ကို ဖွင့်ဟမှုတာဝန်ဟုလည်းခေါ်သည်။ ခံစားမှုပြတာဝန်ကို ဖော်ပြနေသည့် စကားခွန်းပုံစံများကို တင်ပြပါမည်။

"သူငယ်ချင်းရေ ငါစိတ်တောင်ညစ်တယ်။ နင့်အခြေခံတွေလေ မနေ့ကသင်ထားတဲ့ စာတွေကို ဒီနေ့မေးတာ မေ့သွားပြီတဲ့ ဟယ် "

"ဆရာရေ ဒီလကုန် QA စစ်မှာမို့ teaching plan, lesson plan တွေ၊ attendance တွေ၊ SOP တွေ စုထားပါတဲ့။ ကျွန်တော်တစ်ဝက်ပဲပြီးသေးတယ်။ ငိုတောင် ငိုချင်လာပြီ"

"ဒီအပတ် HRD သင်တန်းတွေ စဖွင့်မယ်တဲ့။ ဆရာသိပြီးပြီလား။ နားမယ်တောင် မကြံရသေးဘူး။ ကြားလိုက်တာ ရင်တောင်မောတယ်"

"အဲ့ဒီအတန်းက တစ်ခန်းလုံး ခဏခဏပြေးတယ်။ ၇၅ ရာခိုင်နှုန်းတွက်ရမှာတောင် စိတ်ကုန်တယ်။ ဘယ်လိုကျောင်းသားတွေလည်းမသိဘူး"

အထက်ဖော်ပြပါ စကားခွန်းများတွင် ပြောသူ၏ ခံစားမှုများထင်ဟပ်နေကြောင်းကို တွေ့ရပါသည်။ အဘယ်ကြောင့်ဆိုသော စကားခွန်းတိုင်းတွင် ပြောသူသည် သူခံစားနေရကြောင်းကို" စိတ်တောင်ညစ်တယ်၊ ငိုတောင်ငိုချင်လာပြီ၊ ရင်တောင်မောတယ်၊ စိတ်ကုန်တယ်" စသည့်စိတ်ခံစားမှုပြ စကားလုံးများကို ပြောသည့်စကားခွန်းတွင် ထည့်သွင်းပြောဆိုနေကြောင်းကို တွေ့ရသည်။ ထို့ကြောင့် ပြောသူ၏ စိတ်ခံစားမှုကို စကားလုံးများသည် စကားခွန်းတွင် ပါဝင်နေကြောင်းကို လေ့လာတွေ့ရှိရ ပါသည်။

**ညွှန်ကြားတာဝန်ဖော်ပြနေသည့် စကားခွန်းပုံစံ**

တစ်စုံတစ်ခုသော ကိစ္စရပ်ကို ညွှန်ပြညွှန်ကြားပေးသော တာဝန်ဖြစ်သည်။ ညွှန်ကြားတာဝန်ကို ဖော်ပြနေသည့် စကားခွန်းများကို တင်ပြပါမည်။

"ဆရာ၊ ဆရာမတို့ရေ Universities Research Journal မှာပါတဲ့ ဆရာ၊ ဆရာမတို့ ရဲ့စာတမ်းကို လာပြီးတော့ စုံစမ်းပေးပါနော်။ စာအုပ်ကိုလာယူပါလို့တော့ ညွှန်ကြားမထားပါဘူး။ စာအုပ်ရတဲ့အချိန်ကျတော့မှ ကျွန်မဆက်သွယ်ပါ့မယ်"

"ဆရာ၊ ဆရာမတို့ရေ ဆရာကြီးက သူနိုင်ငံခြားခရီးစဉ်က မရောက်ခင်မှာ QA အတွက် လုပ်ရမယ့် Criteria တွေအတိုင်း အဆင်သင့်လုပ်ထားပါလို့ ညွှန်ကြား ထားပါတယ်။ အဲ့ဒါ ပြီးစီးမှုကို ရာခိုင်နှုန်းနဲ့ တင်ပေးပါရှင် "

"ကဲအားလုံးပဲ သင်ကြားမှုနဲ့ပတ်သက်ပြီး ဘယ်အခြေအနေရောက်နေပြီလဲ။ ပါမောက္ခချုပ်ရဲ့ ညွှန်ကြားချက်အတိုင်း ပြီးစီးမှုတွေကို တင်ပြပါဦး "

"ကျောင်းသားကျောင်းသူများ စာမေးပွဲခန်းထဲရောက်ရင် စာမေးပွဲစည်းကမ်း အတိုင်းဖြေဆိုပါ။ မသမာမှုပြုလုပ်ရင် စာမေးပွဲစည်းကမ်းနဲ့အညီ အရေးယူ ရပါမယ်။ ဒါကြောင့် စာမေးပွဲကို အရိုးသားဆုံး၊ အသန့်ရှင်းဆုံးဖြေဆိုကြပါ "

"ဒီရက်ပိုင်း ဝမ်းလျှောတဲ့၊ ဖျားတဲ့ကျောင်းသားကျောင်းသူတွေများနေပါတယ်။ ဒါကြောင့်နေမကောင်းတဲ့ ကျောင်းသားကျောင်းသူတွေနဲ့ ကျန်းမာနေသေးတဲ့ ကျောင်းသား ကျောင်းသူတွေကို သီးသန့်စီထားပေးရင် ရောဂါကူးစက်မှုတွေ မဖြစ်နိုင်တော့ပါဘူး "

အထက်ဖော်ပြပါ စကားခွန်းများတွင် တစ်စုံတစ်ဦးကစေခိုင်းခြင်း၊ ညွှန်ကြားခြင်း၊ နှိုးဆော်ခြင်း၊ သတိပေးခြင်း ဖြစ်သည့်အတွက် နာသူနှင့်သက်ဆိုင်သည်။ နာသူသည် မည်သူဖြစ်ကြောင်းကို စကားဖြစ်ရပ်၊ စကားအကြောင်းရင်းခံများတွင် တွေ့နိုင်ပါသည်။ နာသူမှာ ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများဖြစ်သည်။ ညွှန်ကြားခြင်း၊ လမ်းညွှန်ခြင်း၊ သတိပေးခြင်း၊ စေခိုင်းခြင်းများကို အဓိကတွေ့နိုင်ပါသည်။ အဆိုပါစကားခွန်းများသည် အဆင့်မြင့်ပညာရေးကဏ္ဍတွင် နေ့စဉ်ကြားနိုင်သော ညွှန်ကြားမှုပြတာဝန်ကို ဖော်ဆောင်နေသည့် စကားခွန်းများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ဆက်သွယ်မှုပြတာဝန်ဖော်ပြနေသည့် စကားခွန်းပုံစံ

ဆက်သွယ်မှုပြတာဝန်သည် ဆက်သွယ်ရေးလမ်းကြောင်းကို ဖွင့်ပေးရန်၊ ဆက်သွယ်ရေးလမ်းကြောင်း ဆက်လက်ပွင့်စေရန်နှင့် ဆက်သွယ်ရေးလမ်းကြောင်း ပိတ်ပေးရန်တို့အတွက် ထမ်းဆောင်သော တာဝန်ဖြစ်သည်။ ဆက်သွယ်မှုပြတာဝန်တွင် အထင်ရှားဆုံးမှာ တယ်လီဖုန်း ပြောခြင်းဖြစ်သည်။ သို့သော် ယခုအခါခေတ်မီ နည်းပညာများအသုံးပြု၍ တယ်လီဖုန်းပြောခြင်းထက် တယ်လီဖုန်းကို အင်တာနက်ချိတ်ဆက်ပြီး အက်ပလီကေးရှင်းဖြင့် အသံဖိုင်ကိုပို့နိုင်ပြီ ဖြစ်ကြောင်းတွေ့ရပါသည်။ ထို့ကြောင့် တစ်ချိန်ကတယ်လီဖုန်းဆက်သွယ်သည့် ပုံစံထက်ပိုမိုခေတ်မီသောအသံဖြင့် ဆက်သွယ်သည့် အပြောပုံစံကိုတင်ပြပါမည်။ ဆက်သွယ်မှုပြတာဝန် ဖော်ပြနေသော စကားခွန်းများကို တင်ပြပါမည်။

### စကားခွန်းပုံစံ (၁)

"ကိုနိုင်ဝင်းရေ ... မနက်ဖြန် ကျောင်းလာရင် အခုပို့လိုက်တဲ့ အိမ်စာတွေကို ပြီးအောင် ရေးခဲ့ပါ"

"အားလုံးလား ... ဆရာ၊ တစ်ဝက်လောက်ပြီးရင်ရော ရလားခင်ဗျာ"

"ကိုနိုင်ဝင်းရယ် ... စျေးမဆစ်ပါနဲ့။ ဒီညပြီးအောင်ရေးလိုက်ရင် ပြီးပါတယ်.. နော်"

"ဟုတ်ကဲ့ပါ .. ဆရာရယ်။ ကြိုးစားပါ့မယ်ခင်ဗျာ"

### စကားခွန်းပုံစံ (၂)

"EC ... မနက်ဖြန် Portfolio Presentation ရှိတယ်ဆိုတာ တစ်ခန်းလုံး သိပြီးပြီမဟုတ်လား"

"ဟုတ်ကဲ့ ... သိပါတယ် ဆရာ။ ဆရာဘာများ မှာချင်လို့လဲခင်ဗျာ။ ကျွန်တော် group မှာ ပို့ထားလိုက်ပါမယ်ခင်ဗျာ"

"ရတယ် EC ။ ဆရာသိချင်တာ မနက်ဖြန် Portfolio Presentation မှာ ကျောင်း မလာတဲ့သူတွေကို အမှတ်မပေးဘူးဆိုတာရော သိကြသလား"

"ဟုတ်ကဲ့ ... သိကြမှာပါ ဆရာ။ ကျွန်တော် အတန်းထဲမှာ အားလုံးကိုကြေညာထားပြီး သားပါခင်ဗျာ"

"အိုကေ EC ။ ဒါဆိုရပြီ။ တော်ကြာနောက်မှ မပြောလို့ မသိပါဘူးဖြစ်နေမယ်။"

အထက်ဖော်ပြပါ စကားခွန်းပုံစံ (၂) ခုတွင် ဆက်သွယ်မှုပြတာဝန်နှင့် လမ်းကြောင်းသည် အပြန်အလှန် ဆက်သွယ်နေကြောင်းကို တွေ့နိုင်ပါသည်။ အပြန်အလှန်စကားပြောနေချိန်တွင် ပြောသူရော နာသူပါ အပြန်အလှန် ပြောဆိုနေကြသည်။ အပြန်အလှန်ပြောဆိုသည့် လူမှုအခြေအနေတွင် ဆရာနှင့် ကျောင်းသားဆက်ဆံရေးဖြစ်၍ ဆရာဘက်မှ ညွှန်ကြားသည့်ပုံစံနှင့် အသိပေးသည့်ပုံစံရှိပါသည်။ နာသူဘက်မှလည်း ကျောင်းသားဖြစ်၍ ဆရာကိုလေးစားမှုဖြင့် အပြန်အလှန်ပြောဆို နေကြောင်းကိုတွေ့ရပါသည်။ ဆက်သွယ်ရေးလမ်းကြောင်းသည် ပြတ်တောက်မသွားဘဲပွင့်နေသည်ကိုလည်းတွေ့ရပါသည်။ အဘယ့်ကြောင့်ဆိုသော် "ဟုတ်ကဲ့၊ ကြိုးစားပါ့မယ်" စသည့်စကားများဖြင့် ဆက်သွယ်ရေးကို တစ်ဖက်သတ်မဖြစ်စေဘဲ အပြန်အလှန်ရင်းနှီးနွေးထွေးစွာ ဆက်ဆံနေကြောင်းကို လေ့လာတွေ့ရှိရပါသည်။

**လူမှုအခြေပြတာဝန်ဖော်ပြနေသည့် စကားခွန်းပုံစံ**

လူမှုရေးအခြေအနေအဆက်အစပ်ကို ဖော်ပြသောတာဝန်ဖြစ်သည်။ အချို့သော စကားခွန်းများသည် ပြောသူတို့၏ လူမှုအခြေအနေအဆက်အစပ်ကို ဖော်ပြနေသည်။ ယခုလူမှုအခြေအနေ အဆက်အစပ်ကို ဖော်ပြသည့် စကားခွန်းပုံစံများကို တင်ပြပါမည်။

"ဘွဲ့ယူမည့် ကျောင်းသားကျောင်းသူများရှင် ပါမောက္ခချုပ်ဆရာကြီးဦးဆောင်သော သဟာယအဖွဲ့ဝင်များ မကြာခင် ကြွရောက်လာတော့မှာဖြစ်တဲ့အတွက် မိမိတို့ရဲ့ ထိုင်ခုံနေရာများမှာ နေရာယူပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်ရှင် "

"အခြေခံအဆင့် ကျောင်းသားကျောင်းသူများရှင် သင်တန်းဆင်းအောင်လက်မှတ်လက်ခံရယူရန် နေရာယူပေးပါရှင်"

"နိုင်ငံတော်သမ္မတကြီးကြွရောက်လာပြီဖြစ်ပါ၍ မတ်တတ်ရပ်ပြီး ကြိုဆိုပေးပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါတယ်ရှင်"

"ဗုဒ္ဓဘာသာအသင်းရဲ့ ၄/၂၀၁၅ အစည်းအဝေးပွဲစတင်တော့မှာဖြစ်ပါ၍ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု အစချီ ဂါထာရွတ်ဆို၍ အခမ်းအနားစတင်ပါမယ်ရှင်"

"မင်္ဂလာပွဲကို ကြွရောက်လာတဲ့ ဧည့်ပွဲလာဧည့်သည်ပရိသတ်များခင်ဗျာ ... မကြာမီအချိန်အတွင်းမှာ မင်္ဂလာသူတို့သားနဲ့ သူတို့သမီးတို့ဟာ ပရိသတ်ရှေ့မှောက်ကို လျှောက်လှမ်းလာတော့မှာဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ရဲ့သတ်မှတ်ထားတဲ့ထိုင်ခုံ နေရာများမှာနေရာယူပေးပါရန်မေတ္တာရပ်ခံပန်ကြားအပ်ပါတယ်ခင်ဗျာ"

အထက်ပါစကားခွန်းများသည် ရောက်နေသည့်နေရာနှင့် အခြေအနေအရ မည်ကဲ့သို့နေရာဖြစ်သည်ကိုအလွယ်တကူသိနိုင်ပါသည်။ ထိုနေရာမျိုးရောက်ရှိသည့် ပရိသတ်၏လူမှုအခြေအနေ အဆင့်အတန်း အရပ်ရပ်၏ နောက်ခံကို ဖော်ပြနေသော စကားခွန်းများဖြစ်ပါသည်။

**ဖွင့်ဆိုရှင်းပြတာဝန်ဖော်ပြနေသည့် စကားခွန်းပုံစံ**

ပြောသူကပေးလိုသော အချက်အလက်ကို နာသူကောင်းစွာ နားလည်သဘောပေါက်အောင် သုံးသည့်စကားမှန်သမျှသည် ဖွင့်ဆိုရှင်းပြတာဝန်အရ ပြောသောစကားများဖြစ်သည်။

"ဟယ် ...မတွေ့ရတာကြာပြီ။ အာညာဆယ်ရော " ...

"သူက ကျွန်တော်ရဲ့ ချာကီးရား ပါဗျာ " ...

"ဘာလုပ်နေလဲ။ အိမ်စာပြီးပြီလား။ အိုးမို့ ..နေမကောင်းဘူးလား။ အာ ...

မီရာနဲယော ..၊ သွေ့ပူချိ " ...

"အိုး ...ကွန်မေ့ရော ...ချစ်စရာကောင်းလိုက်တာ "

"အိုး ...ဝမ်းသာလိုက်တာ၊ ကော့ပွန်ခပ် "

"ဆရာ ...ဆာဝါဒီခပ်ပါခင်ဗျာ "

"မင်းသားကြီး ...ရောက်ပြီလား။ မင်းနောက်ကျတယ်နော် "

အထက်ပါစကားခွန်းများသည် ဖွင့်ဆိုရှင်းပြတာဝန်နှင့် သင်္ကေတဆက်သွယ်နေကြောင်းကို တွေ့ရပါသည်။ ပြောသူရော နာသူပါ သင်္ကေတကို ကောင်းစွာတတ်ကျွမ်းရမည်။ အပြန်အလှန်ပြောပုံစံ တွင် "အာညာဆယ်ရော = မင်္ဂလာပါ၊ ချာကီးရား = အချစ်၊ မီရာနဲယော = အားနာလိုက်တာ၊ ကွန်မေ့ရော = ကျေးဇူးတင်ပါတယ်၊ ကော့ပွန်ခပ် = ကျေးဇူးတင်ပါတယ်၊ ဆာဝါဒီခပ် = မင်္ဂလာပါ၊ မင်းသားကြီး = မင်းသားတစ်ယောက်ကဲ့သို့ ပြောဆိုနေထိုင်တတ်သူ" စသည့်အဓိပ္ပာယ်ကို ပြောသူရောနာသူပါ အပြန်အလှန်နားလည်၍ ပြောစကားတွင် ထည့်သွင်းပြောဆိုနေကြောင်းကို တွေ့ရပါသည်။ ထို့ကြောင့် အထက်ပါတာဝန်တွင် ပြောသူရော နာသူပါအသုံးပြုသည့် သင်္ကေတကိုကောင်းမွန်စွာ နားလည် တတ်ကျွမ်းရန် လိုအပ်ကြောင်းတွေ့ရပါသည်။

**ဖွဲ့နွဲ့ရှင်းပြတာဝန်ဖော်ပြနေသည့် စကားခွန်းပုံစံ**

ပြောသူကနာသူထံ အချက်အလက်ပေးပို့ရာတွင် သာယာနာပျော်ဖွယ်ဖြစ်အောင် ကဗျာ ပုံသဏ္ဌာန်တစ်မျိုးမျိုးဖြင့် ပေးပို့ခြင်းမျိုးဖြစ်သည်။ ယင်းစကားတာဝန်ကိုပင် ရသပေးတာဝန်ဟုလည်း ခေါ်သည်။ ဖွဲ့နွဲ့ရှင်းပြတာဝန်သည် အချက်အလက်နှင့် ဆက်နွှယ်နေသည်။ အထူးသဖြင့် အချက်အလက် ဖော်ပြလိုသည့် ပုံသဏ္ဌာန်နှင့် ဆက်နွှယ်နေသည်။

> "လူတွေက ခက်တယ်။ ကိုယ့်ကိုယ်ကိုယ် မှန်တယ်ချည်းထင်နေကြတယ်။ အမှန်က **စိတ်ဓာတ်ယိမ်းယိုင်သွားရင် မိတ်ကပ်လိမ်းလည်း မနိုင်**တော့ပါဘူး။ ဘာလို့လဲဆိုတော့ စိတ်ဆိုတာ ရုပ်မှာပေါ်တယ်။ စိတ်ကပြောင်းသွားရင် ရုပ်မှာပေါ်လာတယ်။ ဒါကြောင့် စိတ်က မကောင်းတာတွေးနေရင် မကောင်းတဲ့သရုပ်က ရုပ်မှာပေါ်လာတယ်။ ဒီတော့ မိတ်ကပ်အကောင်းစားတွေ ဘယ်လောက်ပဲလိမ်းလိမ်း မကောင်းတဲ့သရုပ်က ပေါ်နေတဲ့ အတွက် ရုပ်ကိုကောင်းအောင် မဖုံးနိုင်ပါဘူး "

"ကျောင်းလည်း မလာဘူး။ အိမ်စာလည်း မလုပ်ဘူး။ ဘာတွေသင်လဲ မစုံစမ်းဘူး။ ဒီတော့ ကိုယ့်ကိုယ်ကိုယ်တာဝန်ယူပါ။ ဆရာတို့ကတော့ မေးခွန်းက ပုံမှန် အတိုင်းပဲ ထုတ်မှာပဲ။ အဲ့တော့ **ရရင် ရ၊ မရရင် ကျ**။ ဒါပဲရှိတယ်။ ခိုးချရင် စည်းကမ်းအတိုင်း အပြစ်ပေးမယ်။ ဒါပဲ"

"အလကားနေတိုင်း ဟိုလူ ဒီလူတိုင်မယ်ဆိုပြီး လာခြောက်မနေနဲ့။

**ဒါမျိုးမကြောက်လို့ ရွာတရိုးလျှောက်နေတာ**၊ သဘောပေါက်၊ **မဟာမျိုးအခြောက်** တော့မဟုတ်ဘူး"

အထက်ပါစကားခွန်းများတွင် ကာရန်နဘေချိတ်ဆက်၍ အချက်အလက်ကိုပြောဆိုကြောင်းကို တွေ့ရပါ သည်။ ကာရန်နဘေချိတ်ဆက်မှုအဖြစ် "စိတ်ခတ်ယိမ်းယိုင် မိတ်ကပ်လိမ်းမနိုင်၊ ရရင် ရ မရရင် ကျ၊ ဒါမျိုးမကြောက်လို့ ရွာတရိုးလျှောက်၊ မဟာမျိုးအခြောက် "အစရှိသောဖွဲ့နွဲ့ရှင်းပြ တာဝန်နှင့် အချက်အလက်ကို ချိတ်ဆက်၍ပြောဆိုကြောင်းတွေ့ရပါသည်။ တစ်ဖက်သားနာသူကို သာမန်ပြော စကားမျိုးမပြောဘဲ ကာရန်နဘေချိတ်ဆက်၍ပြောဆိုထား၍ ဟာသလည်းဖြစ်သကဲ့သို့၊ ဗဟုသုတလည်း ဖြစ်ဖွယ် တွေ့ရပါသည်။

စကားတာဝန်များတွင် တစ်ခါတစ်ရံ စကားလုံးမသုံးသည့်ပုံသဏ္ဌာန်ဖြင့် အသုံးပြုပုံမျိုးကို လည်းတွေ့နိုင်ပါသည်။ ယခုစာတမ်းတွင် နေ့စဉ်သုံးအပြောစကားများကိုသာ အဓိကထားလေ့လာ သည့်အတွက် စကားလုံးမသုံးသည့်ပုံသဏ္ဌာန်များကို ထည့်သွင်းမဖော်ပြတော့ပါ။

## ခြုံငုံသုံးသပ်ချက်

ဤစာတမ်းသည် နေ့စဉ်သုံးအပြောစကားများကို ဘာသာစကားတာဝန် (၇) ရပ်ဖြင့် လေ့လာ တင်ပြထားသည့် စာတမ်းဖြစ်ပါသည်။ နေ့စဉ်ပြောဆိုနေသော အပြောစကားများသည် ဘာသာ စကားတာဝန်များဖြင့် ကင်းလွတ်သည့်စကားများမရှိကြောင်းကို ဖော်ပြထားသည့် စာတမ်းဖြစ်ပါသည်။

လူမှုဘာသာဗေဒ၏ စကားဖြစ်ရပ်၊ စကားအကြောင်းခံ၊ စကားတာဝန်များကို ချိတ်ဆက် ၍လေ့လာတင်ပြထားပါသည်။ စကားခွန်းတိုင်းသည် စကားဖြစ်ရပ်၊ စကားအကြောင်းခံ၊ စကားတာဝန် များပါဝင်လျက်ရှိပါသည်။ ရည်ညွှန်းတာဝန်သည် အသိပေးတာဝန်လည်းဖြစ်သည်။ ထို့ကြောင့် ရည်ညွှန်း တာဝန်ကို ဖော်ပြသော စကားခွန်းတွင် အသိပေးတာဝန်များထင်ဟပ်လျက် ရှိကြောင်းကို တွေ့ရပါသည်။ ခံစားမှုပြတာဝန်ကို ဖော်ပြသောစကားခွန်းများတွင် ပြောသူ၏ခံစားမှုကို ဖော်ပြသောစကားလုံးများ ပါဝင်နေသည်ကို တွေ့ရပါသည်။ ညွှန်ကြားတာဝန်ကို ဖော်ပြသော စကားခွန်းတွင်လည်း တစ်စုံတစ်ဦးက ညွှန်ကြားမှုပေးသောစကားခွန်းများကို တွေ့ရပါသည်။ ထိုသို့ညွှန်ကြားမှုကို နာသူအတွက် စေခိုင်းခြင်း၊ ညွှန်ကြားခြင်း၊ နှိုးဆော်ခြင်း၊ သတိပေး ခြင်းဖြစ်စေသည်ကိုလည်း တွေ့ရပါသည်။

ဆက်သွယ်မှုပြတာဝန်ကို ဖော်ပြသော စကားခွန်းများတွင် ပြောသူနှင့်နာသူတို့၏ ဆက်သွယ်ရေး လမ်းကြောင်းပွင့်စေရန် အပြန်အလှန်ပြောစကားများ ရပ်မသွားစေရန် စကားပြော နေစဉ်အတွင်းမှာပင် "ဟုတ်ကဲ့၊ ရပြီ၊ ရတယ် "စသည်ဖြင့် ဆက်သွယ်ရေးလမ်းကြောင်း ဆက်လက်ပွင့်နေစေရန် အပြန် အလှန်ပုံစံ စကားအချိတ်အဆက်မိစေရန် ပြောဆိုနေကြောင်းကို တွေ့ရပါသည်။ လူမှုအခြေပြတာဝန်ကို

ဖော်ပြသော စကားခွန်းများတွင်လည်း ယခုရောက်ရှိနေ သောနေရာအခြေအနေ၊ လူမှုပတ်ဝန်းကျင် အခြေအနေကို ထင်ဟပ်နေသော စကားခွန်းများကိုတွေ့ရပါသည်။ ထိုစကားခွန်းများကို ကြားဖူးသူ တိုင်းသည် မည်သည့်အခမ်းအနားတွင် ရောက်ရှိနေကြောင်းကိုလည်း မှန်းဆနိုင်ပါသည်။ ဖွင့်ဆိုရှင်းပြ တာဝန်ကို ဖော်ပြသောစကားခွန်းများတွင် ပြောသူရောနာသူပါ အပြန်အလှန်နားလည်သော ဘာသာ စကားသင်္ကေတများကိုအသုံးပြုပြီး အပြန်အလှန်ဆက်သွယ်ကြောင်းကို တွေ့ရပါသည်။ ဖွဲ့နွဲ့ရှင်းပြ တာဝန်ကိုဖော်ပြသောစကားခွန်းတွင်လည်း ပြောလိုသည့် အချက်အလက်နှင့် အဓိပ္ပာယ်ကိုပေါ်အောင် ပြောဆိုသောစကားခွန်း များကို လေ့လာတွေ့ရှိရပါသည်။

ထို့ကြောင့် နေ့စဉ်သုံးအပြောစကားများသည် ဘာသာစကားတာဝန်များပါဝင်နေကြောင်းကို လေ့လာတွေ့ရှိရပါသည်။ လူတို့သည် နေ့စဉ်စကားပေါင်းမြောက်မြားစွာ ပြောဆိုနေကြသော်လည်း ထိုပြောနေသော စကားတိုင်း၊ စကားခွန်းတိုင်း၏ နောက်တွင်တာဝန်အမျိုးမျိုးသည် ဒွန်တွဲနေကြောင်းကို မေ့လျော့နေကြဟန်တူပါသည်။ ထို့ကြောင့်ဘာသာစကားကို နေ့စဉ်ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် အသုံးပြု နေသူတို့အတွက် ဘာသာစကားတာဝန်သာမပါ အပြောစကားတိုင်းတွင် တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှုဖြင့် ပြောဆိုဆက်ဆံပါက နေ့စဉ်ကြုံတွေ့ရမည့် လူမှုဘဝသည် သာသာယာယာရှိနေလိမ့်မည် ဟု ထင်မြင်မိပါသည်။

**နိဂုံး**

ဘာသာစကားတိုင်းတွင် အပြောပုံစံနှင့် အရေးပုံစံသည် အစဉ်အမြဲဒွန်တွဲလျက်ရှိသည်။ အချို့ ဘာသာစကားများသည် အပြောပုံစံနှင့် အရေးပုံစံတူညီကြသော်လည်း အချို့ဘာသာစကားများတွင် အပြောပုံစံနှင့် အရေးပုံစံသည် ကွဲပြားကြပါသည်။ ထို့ကြောင့် ဘာသာစကားကိုလေ့လာပါက အပြောပုံစံ သာမက အရေးပုံစံကိုလည်း ထည့်သွင်းလေ့လာကြသည်ကို တွေ့ရပါသည်။ ဘာသာစကားကို အသုံးပြုသူ တို့သည် မိမိတို့အသုံးပြုသည့် အပြောပုံစံနှင့်အရေးပုံစံ မည်သို့ကွဲပြားခြား နားသည်ကိုသိရန် အရေးကြီး ပါသည်။ မိမိအသုံးပြုသည့် ဘာသာစကား၏ အပြောနှင့်အရေးကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင် သူသည် ဘာသာစကားတွင် ဆရာတစ်ဆူသဖွယ် ဘာသာစကား၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်သူ ဖြစ်လာပါမည်။ ထို့ကြောင့် ဘာသာစကားလေ့လာသူတိုင်းသည် မိမိတို့လေ့လာသည့် ဘာသာစကား၏ ဝိသေသလက္ခဏာကို သိရှိပါက ဘာသာစကားနှင့်သက်ဆိုင်သည် လမ်းညွှန်ချက်များ၊ အကြံပြုချက်များ ကို ပေးစွမ်းနိုင်မည်ဖြစ်ကြောင်းကို လေ့လာ သိရှိရပါသည်။

## ကျမ်းကိုးစာရင်း

**မြန်မာဘာသာ**

အောင်မြင့်ဦး၊ ဒေါက်တာ။ ၂၀၀၃ ။***လူမှုဘာသာဗေဒမိတ်ဆက်***။ ပညာတန်ဆောင်ပုံနှိပ်တိုက်။ ရန်ကုန်မြို့။

အောင်မြင့်ဦး၊ ဒေါက်တာ။ ၂၀၀၅ ။***လူမှုဘာသာဗေဒသဘောတရား***။ ပညာတန်ဆောင်ပုံနှိပ်တိုက်။ ရန်ကုန်မြို့။

အောင်မြင့်ဦး၊ ဒေါက်တာ။ ၂၀၁၀ ။ ***ဘာသာစကားသုတ***။ ပညာတန်ဆောင်ပုံနှိပ်တိုက်။ ရန်ကုန်မြို့။

# မြန်မာဘာသာစကားနှင့်တရုတ်ဘာသာစကားရှိစကားလုံးဖွဲ့ပုံလေ့လာချက် (ဘာသာဗေဒ)

ငြိမ်းချမ်းနွယ်[၁]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာဘာသာစကားနှင့် တရုတ်ဘာသာစကား၏ စကားလုံးဖွဲ့ပုံကို ဘာသာဗေဒရှုထောင့်မှ လေ့လာဖော်ထုတ်ထားသည်။ မြန်မာဘာသာစကားနှင့်တရုတ်ဘာသာစကား၏ စကားလုံးဖွဲ့ပုံကိုသိရှိရန် ရည်ရွယ်၍လေ့လာခြင်းဖြစ်သည်။ မြန်မာဘာသာ စကားနှင့်တရုတ်ဘာသာ စကားရှိ စကားလုံးဖွဲ့ပုံသည် တူညီမှု၊ ကွဲပြားမှုရှိသည်လား ဟူသော သုတေသနပြဿနာကို အဖြေရှာနိုင်ရန် လေ့လာဆန်းစစ်သော စာတမ်းဖြစ်ပါသည်။ သုတေသနမေးခွန်း (သို့မဟုတ်) သုတေသနပြဿနာ များကို အဖြေရှာရာတွင် ဒဗလျူလောရင့်စ်နျူမန် (W. Lawrence Neuman) ၏ "လူမှုဆိုင်ရာ သုတေသနနည်းနာများ" (Social Research Method) စာအုပ်မှ အသုံးချသုတေသန (applied research) ဟူသော သုတေသနအမျိုးအစားနှင့် ဆန်းစစ်လေ့လာနည်း (survey method) တို့ကိုအသုံးပြု၍ လေ့လာထားပါသည်။ မြန်မာဘာသာစကားနှင့် တရုတ်ဘာသာစကား၏ စကားလုံးဖွဲ့ပုံများကို လေ့လာသူများအတွက် အထောက်အပံ့ပေးနိုင်ပါသည်။

**သော့ချက်စကားလုံးများ**- စကားလုံးဖွဲ့ပုံ

## နိဒါန်း

မြန်မာဘာသာစကားသည် တိဗက်တရုတ်မျိုးရိုးမှ ဆင်းသက်လာသော မြန်မာမျိုးနွယ်၊ ထိုမှ ဆင်းသက်လာသော လိုလိုမြန်မာလူမျိုးမှ ဆင်းသက်လာသည်ဟု ပညာရှင်များ မိန့်ဆိုကြသည်။ မြန်မာဘာသာစကား၏ ထင်ရှားသော လက္ခဏာတစ်ရပ်မှာ "တက်ကျသံ"ခေါ် အတက်အကျရှိခြင်းဖြစ်သည်။ ဝဏ္ဏတစ်ခု၊ အသံတစ်သံစီသာရှိသော စကားလုံးများ အရေအတွက်များသည့်အတွက် မြန်မာစကားကို "ဧကဝဏ္ဏဘာသာစကား"ဟုခေါ်သည်။ မြန်မာဘာသာစကားသည် အများအားဖြင့် ဧကဝဏ္ဏဖြစ်သော်လည်း ပူးတွဲဘာသာမျိုးတွင်ပါဝင်သည့် စကားလုံးများကိုလည်း တွေ့ရသည်။ ပုံစံပြရလျှင် လူ-စားကဲ့သို့ စကားလုံးတစ်လုံး၊ အသံတစ်ချက်ထွက်သောကြောင့် မြန်မာဘာသာသည် ဧကဝဏ္ဏဖြစ်သည်ဟုဆိုအပ်သည်။ သို့ရာတွင် လူများဟူသောစကားသည် သီးခြားစကားလုံး "လူ"နှင့် သီးခြားစကားလုံး "များ" တို့ကို ပူးကပ်ထားသဖြင့် မြန်မာဘာသာသည် ပူးတွဲသောဘာသာ စကားမျိုး ဖြစ်သည်ဟုလည်း ဆိုအပ်သည်။

တရုတ်ဘာသာစကားသည် စကားတစ်လုံး၊ အသံတစ်ချက်ထွက်သော ဧကဝဏ္ဏဘာသာဖြစ်ပါသည်။ အသွင်ပြောင်းလဲခြင်းမရှိသော ဧကဝဏ္ဏစကားလုံးတို့သည် နေရာကိုထောက်၍ ဝါကျအဓိပ္ပာယ်ကိုသိနိုင်သည်။ ဧကဝဏ္ဏဖြစ်သော တရုတ်ဘာသာစကား၌ စကားလုံးတစ်ခုသည် ဝါကျ၌တည်သော နေရာကိုလိုက်၍ နာမ်သော်လည်းဖြစ်နိုင်သည်။ ကြိယာသော်လည်း ဖြစ်နိုင်သည်။ နာမဝိသေသနလည်းဖြစ်နိုင်သည်။ ကြိယာဝိသေသနလည်းဖြစ်နိုင်သည်။ တရုတ်ဘာသာစကားသည် နေရာရွေးသော ဘာသာမျိုးဟုလည်းခေါ်အပ်သည်။ ဧကဝဏ္ဏစကားလုံးများသည် အသွင်ပြောင်းလဲခြင်းမရှိဘဲ

[၁] မြန်မာစာဌာန၊ မန္တလေးတက္ကသိုလ်

တစ်သီးတစ်ပုံတည်နိုင်သောကြောင့် ကေဝဏ္ဏဘာသာမျိုးကို တစ်သီးပုဂ္ဂလဘာသာမျိုးဟုလည်း ခေါ်အပ်သည်။

ကေဝဏ္ဏတစ်သီးပုဂ္ဂလဖြစ်သော တရုတ်ဘာသာစကား၏လက္ခဏာများမှာ

(၁) သံနေသံထားများတိုးတက်ဖြစ်ပွားလာပုံ

(၂) စကားလုံးတွဲကို အသုံးပြုခြင်း

(၃) စကားတစ်လုံး အမှတ်တစ်ခု ရေးသားခြင်း

ဟူ၍ ဖြစ်ပါသည်။ တရုတ်ဘာသာစကားသည် ပူးတွဲခြင်း၊ ဝိဘတ်သွယ်ခြင်း(သို့မဟုတ်) ရုပ်ပြောင်းခြင်း မရှိဘဲ ကေဝဏ္ဏဘာသာဖြစ်ကြောင်း လေ့လာရသည်။

ထို့ကြောင့် ဤစာတမ်းတွင် မြန်မာဘာသာစကားနှင့်တရုတ်ဘာသာစကားရှိ စကားလုံးဖွဲ့ပုံကို ဘာသာဗေဒရှုထောင့်မှ လေ့လာသောအခါ

(၁) မြန်မာဘာသာစကားနှင့်တရုတ်ဘာသာစကားရှိ စကားရိုး၊ စကားရော၊ စကားပေါင်း ဖွဲ့စည်းပုံသည် တူညီမှု၊ ကွဲပြားမှု ရှိ မရှိဆိုသည့် သုတေသနမေးခွန်းနှင့်ပြဿနာကို လေ့လာတွေ့ရှိရသည်။

**စာပေလေ့လာဆန်းစစ်ချက်**

မြန်မာဘာသာစကားနှင့် တရုတ်ဘာသာစကားရှိ စကားလုံးဖွဲ့ပုံကို ဘာသာဗေဒရှုထောင့်မှ လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ M.A.K Halliday (1961)၏ Categories of The Theory of Grammarစာအုပ်တွင် အဖွဲ့စနစ်ရွေးချယ်မှုသဒ္ဒါ (Systematic Grammar) ဟူသော သီအိုရီ ဖြစ်ပါသည်။ အဖွဲ့စနစ်ရွေးချယ်မှုသဒ္ဒါဆိုသည်မှာ စနစ်တစ်ခုအတွင်းရှိ ရွေးချယ်နိုင်မှုကို အခြေခံသည်။ ဤသဒ္ဒါ၏ ဦးတည်ချက်မှာ အမှန်တကယ်အသုံးချနေသော ဘာသာစကားကို မီးမောင်းထိုးပြနေရုံ သာမက မည်ကဲ့သို့သော ရွေးချယ်မှုမျိုးကို ပြုလုပ်နိုင်သည်။ မည်သည့်အတိုင်းအတာအထိ တည်တံ့နိုင်သည် တို့ကို တွက်ချက်ပြသည်။ တစ်ခုနှင့်တစ်ခု ဆက်စပ်နေသော အရွေးခံများအထဲမှ မိမိကြိုက်သည်များကို ရွေးချယ်၍ရသော ဘာသာစကားမျိုးကို လေ့လာသည်။ ယင်းရွေးချယ်ခံတို့မှာ ဘာသာစကားတစ်ခု အတွင်းရှိ ဖြစ်နိုင်ချေရှိသော အဓိပ္ပာယ်များကို ကိုယ်စားပြုသည်။ ထိုကဲ့သို့ ရွေးထုတ်နိုင်သော စနစ်များကို ဘာသာစကား၏သဒ္ဒါဟု ယူဆထားခြင်းဖြစ်သည်။ ဤသဒ္ဒါတွင် အဆစ်အပိုင်း(၂)ခု ရှိသည်။ စနစ်ရှိမှုနှင့် အဖွဲ့အစည်းရှိမှုတို့ဖြစ်သည်။ ရွေးချယ်နိုင်မှုများနှင့်ထို ရွေးချယ်နိုင်မှုများ၏ ပေါင်းစည်းမှုများ ကို အသေးစိတ်ပုံဖော်ခြင်းသည် စနစ်ရှိမှုဖြစ်သည်။ ဤနည်းဖြင့် သဒ္ဒါကိုဘာသာစကား အားလုံးနှင့် သက်ဆိုင်အောင်အထိ ရည်ရွယ်ထားသည်။ အဖွဲ့အစည်းရှိမှုသည် အဆိုပါရွေးချယ်မှုများကို မည်ကဲ့သို့ သဘောပေါက်သည်ကို ပြရန် ပုံဖော်ထားခြင်းဖြစ်ပါသည်။ ဤသို့သဒ္ဒါကို ဘာသာစကားအားလုံးနှင့် သက်ဆိုင်အောင်အထိ ရည်ရွယ်သည်ဆိုသော်လည်း အရာရာကို ကြားစေ့အောင်၊ ထောင့်စေ့အောင် အသေးစိတ် ဖော်ထုတ်နိုင်မည့် သီအိုရီဟူ၍ကားမယူဆနိုင်ပေ။ သို့ဖြစ်၍ ယင်းသီအိုရီကို အဓိက အခြေခံသော်လည်း လိုအပ်လျှင် ယေဘုယျကျသော ဘာသာဗေဒသီအိုရီအချို့မှ နည်းနာအချက်အလက်

များကိုလည်း ပေါင်းစပ်၍အသုံးပြုသွားမည် ဖြစ်ပါသည်။ ထို့ပြင်အနှိုင်းဘာသာဗေဒကို အသုံးပြု၍ မြန်မာဘာသာစကားနှင့် တရုတ်ဘာသာစကားရှိ စကားလုံးဖွဲ့ပုံများကို နှိုင်းယှဉ်လေ့လာတင်ပြမည်ဖြစ်ပါသည်။

## နည်းနာ

ဤစာတမ်းသည် မြန်မာဘာသာစကားနှင့်တရုတ်ဘာသာစကားရှိ စကားလုံးဖွဲ့ပုံကို ဘာသာဗေဒရှုထောင့်မှ လေ့လာတင်ပြထားသည်။ ဤစာတမ်းတွင် ကလစ်ဂေါ့ဒက် (Cliff Goddard) (၂၀၀၅) ၏ " အရှေ့အာရှနှင့်အရှေ့တောင်အာရှဘာသာစကားများ" (The Languages of East and Southeast Asia)၊ အမ်အေကေဟာလီဒေး(M.A.K Halliday)(၁၉၆၁)၏ "သဒ္ဒါသီအိုရီများကို အမျိုးအစားခွဲခြင်း" (Categories of Theory of Grammar)၊ ဒေါက်တာရွှေပြည်စိုး(၂၀၁၆)၏ "ဘာသာဗေဒသဘောနှင့်စကားလုံးသဒ္ဒါ"များမှ သီအိုရီများကိုအခြေခံကာ မြန်မာဘာသာစကားနှင့် တရုတ်ဘာသာစကားရှိ စကားလုံးဖွဲ့ပုံကို လေ့လာ ထားပါသည်။

ထို့ပြင် ဒေါက်တာယိုဂစ်ကူမာဆင်း (Dr. Yogesh Kumar Singh )၏ သုတေသန နည်းပညာ (Research Methodology) စာအုပ်တွင် ဖော်ပြထားသည့် "ဆန်းစစ်လေ့လာနည်း" (survey method) ဟူသော သုတေသနနည်းနာနှင့် ရှင်းလင်းဖော်ပြမှုသုတေသနဒီဇိုင်း (explanatory research) နှင့် ကြောင်းကျိုးဆက်စပ်မှုသုတေသနဒီဇိုင်း (correlational research design) တို့ကို အသုံးပြုထားသည်။ သုတေသနမေးခွန်း (သို့မဟုတ်) သုတေသနပြဿနာကို အဖြေရှာရာတွင် ဒဗလျူလောရင့်စ်နျူမန် (W.Lawrence Neuman )၏ "လူမှု ဆိုင်ရာ သုတေသနနည်းနာများ" (Social Research Method) စာအုပ်မှ "သုတေသန၏ အသုံးဝင်မှုနှင့်ပရိသတ်" (Use and Audience of Research) အရ "အသုံးချ သုတေသန" (applied research) ဟူသော သုတေသနအမျိုးအစားကို အသုံးပြု၍ လေ့လာဆန်းစစ်ထားသည်။

ဝီလီယံကော်နင် (William Cornyn) (၁၉၄၄) ၏ "မြန်မာသဒ္ဒါကောက်ကြောင်း"(Outline of Burmese Grammar)၊ ပိုင်မာရီယိုအေ (Pie, Mario A) (၁၉၅၄)၏ "ကမ္ဘာပေါ်ရှိ အဓိက ဘာသာစကားများ" (The World's Chief Languages)၊ ဝီလီယံအက်စ်ဝိုင်ဝမ် (William S.Y.Wang) (၁၉၇၃) ၏ "တရုတ် ဘာသာစကား" (The Chinese Language)၊ ကလစ်ဂေါ့ဒက် (Cliff Goddard) (၂၀၀၅) ၏ "အရှေ့အာရှ နှင့်အရှေ့တောင်အာရှဘာသာစကားများ" (The Languages of East and Southeast Asia)၊ ရင့်ဆင်ဘက်မာ (Rint Sybesma) (၂၀၁၅) ၏ "တရုတ်ဘာသာစကားနှင့်ဘာသာ ဗေဒဆိုင်ရာ စွယ်စုံကျမ်း" (Encyclopedia Of Chinese Language and Linguistics)၊ ဇန်မင်းဒူ (Zhengming Du) (၂၀၁၅)၏ "တရုတ် ဘာသာစကားကို ရှင်းလင်းခြင်း" (The Chinese Language Demystified)၊ ဒေါက်တာရွှေပြည်စိုး(၂၀၁၀)၏ "မြန်မာဘာသာစကား"၊ ဒေါက်တာရွှေပြည်စိုး (၂၀၁၆)၏ "ဘာသာဗေဒသဘောနှင့်စကားလုံးသဒ္ဒါ"၊ မောင်ခင်မင်(ဓနုဖြူ) (၂၀၁၃)၏ "ဘာသာစာပေအသွေးအရောင် အဆင်အကွက်"၊ မောင်ခင်မင်(ဓနုဖြူ) (၂၀၁၄)၏ "ဘာသာအမြင်စာပေအမြင်"၊ မောင်ခင်မင် (ဓနုဖြူ) (၂၀၁၇)၏ "သက်တံ့ရောင်စုံ ဘာသာစကား"၊ မောင်ခင်မင်(ဓနုဖြူ)(၂၀၁၉)၏ "ကွဲပြားစေဖို့ရာ မြန်မာစကားနဲ့မြန်မာစာ"၊ မောင်ခင်မင် (ဓနုဖြူ) (၂၀၁၉)၏ "ပြည်ပပညာရှင်များနှင့် မြန်မာစကား"၊

ဒေါက်တာကိုလေး(၂၀၁၈)၏ "ဝိလီယံကော်နင် မြန်မာသဒ္ဒါကောက်ကြောင်း"၊ ဂျန်းလီပင်း (Jiang Liping) (၂၀၁၃)၏ "HSK 1" "HSK 2" "HSK 3" "HSK 4" တို့ကို အခြေခံကာ ဆန်းစစ်လေ့လာနည်း (survey method)ကို အသုံးပြု၍ သုတေသနပြဿနာအတွက် ရရှိနိုင်မည့် သုတေသနရလဒ်ကို ပေါ်လွင်အောင် အသေးစိတ်ဆန်းစစ်လေ့လာထားပါ သည်။

**လေ့လာတွေ့ရှိချက်**

မြန်မာဘာသာစကားနှင့် တရုတ်ဘာသာစကား၌ရှိသော စကားလုံးတို့ကို ဖွဲ့စည်းပုံအရ အမျိုးအစားခွဲလျှင် (၃)မျိုး ရသည်။ ယင်းတို့မှာ

(၁) စကားရိုး

(၂) စကားရော

(၃) စကားပေါင်း

တို့ ဖြစ်ပါသည်။

**မြန်မာဘာသာစကားနှင့်တရုတ်ဘာသာစကားရှိ စကားရိုးဖွဲ့ပုံ**

**ဧကဝဏ္ဏစကားရိုး( monosyllabic simple word )**

ဦးထွန်းမြင့် (၁၉၉၆)၏ "ဘာသာဗေဒ"တွင် **"ဧကဝဏ္ဏစကားရိုးဆိုသည်မှာ အသံတစ်ချက်၊ သဒ္ဒါတစ်ချက် အနက်တစ်ခုရှိသော စကားလုံးမျိုးကို ခေါ်ပါသည်။"** (စာ ၁၅၉)ဟု ဖွင့်ဆိုထားသည်။

သာဓက - ခွေး၊ ကြောင်၊ သွား၊ လာ

ဗဟုဝဏ္ဏစကားရိုး (polysyllabic simple word)

ဦးထွန်းမြင့် (၁၉၉၆)၏ "ဘာသာဗေဒ"တွင် **"ဗဟုဝဏ္ဏစကားရိုးဆိုသည်မှာ အသံတစ်ချက်ထက်ပို၍ သဒ္ဒါတစ်ချက်၊ အနက်တစ်ခုရှိသော စကားလုံးမျိုးကိုခေါ်ပါသည်။"** (စာ ၁၆၀) ဟု ဖွင့်ဆိုသည်။

သာဓက- တိုင်ပင်၊ လက်စွပ်၊ ကျောင်းသူ၊ ကျောင်းသား၊ ခဲတံ

စကားရိုးကို ပုံသေနည်းပြရလျှင်

စကားရိုး → ရုပ်သီးရုပ်ရင်း

စကားရိုး → ဧကဝဏ္ဏရုပ်သီး/ ဗဟုဝဏ္ဏရုပ်သီး

ဟူ၍ ပြရပါမည်။ ယင်းပုံသေနည်းကို သင်္ကေတပြရလျှင်

S.W → fm

S.W → fm ( mono)/ fm (poly)

မြန်မာဘာသာစကားနှင့် တရုတ်ဘာသာစကားရှိ ကေဝဏ္ဏစကားရိုးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| **စဉ်** | **တရုတ်စာလုံး** | **အသံထွက်** | **အဓိပ္ပာယ်** |
|---|---|---|---|
| ၁ | 留 (စာ ၃၃) | liú | ထွက်ခွာ |
| ၂ | 好 (စာ ၂) | hǎo | ကောင်း |
| ၃ | 教 (စာ ၄၁) | jiào | ခေါ် |
| ၄ | 人 (စာ ၅၁) | rén | လူ |
| ၅ | 国(စာ ၃၂) | gúo | နိုင်ငံ |
| ၆ | 家(စာ ၃၀) | jiā | အိမ်၊ မိသားစု |
| ၇ | 说 (စာ ၃၂) | shuō | ပြော |

မြန်မာဘာသာစကားနှင့် တရုတ်ဘာသာစကားရှိ ဗဟုဝဏ္ဏစကားရိုးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| **စဉ်** | **တရုတ်စာလုံး** | **အသံထွက်** | **အဓိပ္ပာယ်** |
|---|---|---|---|
| ၁ | 能力 (စာ ၆၀) | néng lì | အရည်အချင်း |
| ၂ | 提供 (စာ ၇၂) | tí gōng | ပေး |
| ၃ | 材料 (စာ ၇၂) | cái liào | အချက်အလက် |
| ၄ | 符合 (စာ ၇၂) | fú hé | ကိုက်ညီ |
| ၅ | 转业 (စာ ၈၂) | zhuān yè | မေဂျာ |
| ၆ | 收入 (စာ ၂၈) | shōu rù | ဝင်ငွေ |
| ၇ | 安 排 (စာ ၂၈) | ān pái | စီစဉ် |

ထို့ကြောင့် မြန်မာဘာသာစကားနှင့်တရုတ်ဘာသာစကားတို့၏စကားရိုးဖွဲ့စည်းပုံကို လေ့လာကြည့်လျှင် ကေဝဏ္ဏနှင့်ဗဟုဝဏ္ဏစကားရိုးဖွဲ့စည်းပုံမှာ တူညီနေကြောင်း လေ့လာတွေ့ရှိရ သည်။

**မြန်မာဘာသာစကားနှင့်တရုတ်ဘာသာစကားရှိ စကားရောဖွဲ့ပုံ**

ဦးထွန်းမြင့် (၁၉၉၆)၏ "ဘာသာဗေဒ" တွင် "**စကားရောဆိုသည်မှာ တစ်ခု၊ တစ်ခုမကသော ရုပ်သီးရုပ်ရင်းများနှင့် တစ်ခု၊ တစ်ခုမကသော ရုပ်မှီးရုပ်ရင်းများ ပေါင်းစပ်တည်ဆောက်ထားသော စကားလုံးမျိုးကိုခေါ်ပါသည်**။" (စာ ၁၆၀)ဟုဖွင့်ဆိုထားသည်။ စကားရောဖွဲ့စည်းပုံများကို ပုံသေနည်းဖြင့် ပြရလျှင်

၁။ စကားရော → ရုပ်မှီး + ရုပ်သီး

၂။ စကားရော → ရုပ်သီး … + ရုပ်မှီး …

၃။ စကားရော → ရုပ်မှီး … + ရုပ်သီး … + ရုပ်မှီး …

၄။ စကားရော → ရုပ်မှီး … + ရုပ်သီး … + ရုပ်မှီး … + ရုပ်သီး …

၅။ စကားရော → ရုပ်မှီး … + ရုပ်သီး … + ရုပ်မှီး … + ရုပ်သီး … + ရုပ်မှီး…

ဟူ၍ ပြရပါမည်။ ယင်းပုံသေနည်းကို သင်္ကေတပြုရလျှင်

၁။ Cpl.W → bm + Fm

၂။ Cpl.W → Fm … + bm …

၃။ Cpl.W → bm … + Fm … + bm …

၄။ Cpl.W → bm … + Fm … + bm … + Fm …

၅။ Cpl.W → bm … + Fm … + bm … + Fm … + bm …

ဟူ၍ ပြရပါမည်။

စကားရောသည် ဖွဲ့စည်းပုံရှိသော စကားလုံးမျိုး ဖြစ်ပါသည်။ မြန်မာဘာသာစကားနှင့် တရုတ်ဘာသာစကား၏စကားရောဖွဲ့စည်းပုံများကို လေ့လာတင်ပြလိုပါသည်။

မြန်မာဘာသာစကား၏စကားရော ဖွဲ့စည်းတည်ဆောက်ပုံတွင်

၁။ စကားရော → ရုပ်မှီး + ရုပ်သီး

Cpl.W → + Fm

အလွမ်း → အ + လွမ်း

အမှု → အ + မှု

အလုပ် → အ+ လုပ်

မြန်မာဘာသာစကားတွင် အရှေ့ဆက်တစ်ခုသာ ပါသော ရုပ်မှီးတစ်ခုနှင့် မိမိဘာသာ ရပ်တည်နိုင်သော ရုပ်သီးဖွဲ့စည်းတည်ဆောက်ပုံများကို တွေ့ရသည်။

၂။ စကားရော → ရုပ်သီး … + ရုပ်မှီး …

Cpl.W → Fm … + bm …

စီးပွားရေး → စီးပွား + ရေး

ဝမ်းနည်းခြင်း → ဝမ်းနည်း + ခြင်း

ဝမ်းမြောက်ခြင်း → ဝမ်းမြောက်+ ခြင်း

မြန်မာဘာသာစကားတွင် ရုပ်သီးရုပ်ရင်းတစ်ခုနှင့် “ရေး၊ ခြင်း”ဟူသော ရုပ်မှီးရုပ်ရင်း ပေါင်းစပ်ထားသည့် စကားရောဖွဲ့စည်းတည်ဆောက်ပုံကို လေ့လာတွေ့ရှိရသည်။

| | | | |
|---|---|---|---|
| ၃။ | စကားရော | → | ရုပ်မှီး … + ရုပ်သီး … + ရုပ်မှီး … |
| | Cpl.W | → | bm … + Fm … + bm … |
| | အထမ်းသမား | → | အ + ထမ်း + သမား |
| | အလှသမား | → | အ + လှ + သမား |
| | တလွဲသမား | → | တ + လွဲ + သမား |

ဤဖွဲ့စည်းပုံတွင် ပါဝင်သော ရုပ်မှီးများမှာ ရှေ့နေရာတွင် “အ၊ တ”တို့ ဖြစ်နိုင်၍ နောက်နေရာတွင် “သမား”သာ ဖြစ်နိုင်သည်ကို တွေ့ရပါသည်။ အလယ်နေရာရှိ ရုပ်သီးအရေအတွက်မှာ နေ့စဉ်သုံးစကား၌ နှစ်ခုအထိသာ အသုံးများကြောင်း တွေ့ရသည်။

| | | |
|---|---|---|
| ၄။ စကားရော | → | ရုပ်မှီး … + ရုပ်သီး … + ရုပ်မှီး … + ရုပ်သီး … |
| Cpl.W | → | bm … + Fm … + bm … + Fm … |
| အတိုက်အခိုက် | → | အ + တိုက် + အ + ခိုက် |
| အပြိုင်အဆိုင် | → | အ + ပြိုင် + အ + ဆိုင် |
| အတွယ်အတာ | → | အ + တွယ် + အ + တာ |

မြန်မာဘာသာစကားတွင် ရုပ်မှီး(၂)ခုနှင့်ရုပ်သီး(၂)ခုဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။

| | | |
|---|---|---|
| ၅။ စကားရော | → | ရုပ်မှီး … + ရုပ်သီး … + ရုပ်မှီး … + ရုပ်သီး … + ရုပ်မှီး… |
| Cpl.W | → | bm … + Fm … + bm … + Fm … + bm … |
| အလွမ်းအဆွေးသမား | → | အ + လွမ်း + အ + ဆွေး +သမား |
| အပြောအဟောသမား | → | အ + ပြော + အ + ဟော + သမား |
| အတုအပသမား | → | အ + တု + အ + ပ + သမား |

ဤဖွဲ့စည်းပုံသည် ရေးဟန်၊ ပြောဟန်နှင့်သက်ဆိုင်နေပါသည်။

တရုတ်ဘာသာစကား၏စကားရောဖွဲ့စည်းတည်ဆောက်ပုံကို လေ့လာကြည့်လျှင်

| | | | | | |
|---|---|---|---|---|---|
| ၁။ | စကားရော | → | ရုပ်သီး | + | ရုပ်မှီး |
| | Cpl.W | → | Fm … | + | bm … |
| | 名字 | → | 名 | + | 子 (စာ ၁၄) |
| | 汉字 | → | 汉 | + | 子 (စာ ၄၁) |
| | 桌子 | → | 桌 | + | 子 (စာ ၇၂) |
| | 裙子 | → | 裙 | + | 子 (စာ ၃၈) |
| | 个子 | → | 个 | + | 子 (စာ ၈၂) |

၂။ စကားရော → ရုပ်မှီး + ရုပ်သီး

Cpl.W → bm + Fm

小姐 → 小 + 姐 (အစ်မ) (စာ ၂၁)

小吃 → 小 + 吃 (သရေစာ) (စာ ၂၇)

小说 → 小 + 说 (ဝတ္ထု)

၃။ စကားရော → ရုပ်မှီး … + ရုပ်သီး … + ရုပ်မှီး …

Cpl.W → bm … + Fm … + bm …

小伙子 → 小 + 伙 + 子 (လူငယ်လူရွယ်)(စာ ၃၁)

ထို့ကြောင့် မြန်မာဘာသာစကားတွင် ရုပ်မှီးနှင့်ရုပ်သီး၊ ရုပ်သီးနှင့်ရုပ်မှီး၊ ရုပ်မှီး၊ ရုပ်သီးနှင့် ရုပ်မှီး၊ ရုပ်မှီး၊ ရုပ်သီး၊ ရုပ်မှီးနှင့်ရုပ်သီး၊ ရုပ်မှီး၊ ရုပ်သီး၊ ရုပ်မှီး၊ ရုပ်သီးနှင့်ရုပ်မှီး ပေါင်းစပ်ထားသည့် စကားရောဖွဲ့စည်းမှု(၅)မျိုးကို တွေ့ရပြီး တရုတ်ဘာသာစကားတွင်မူ ရုပ်သီးနှင့် ရုပ်မှီး၊ ရုပ်မှီးနှင့်ရုပ်သီး၊ ရုပ်မှီး၊ ရုပ်သီးနှင့် ရုပ်မှီးပေါင်းစပ်ထားသော စကားရောဖွဲ့စည်းမှု (၃)မျိုးရှိကြောင်း လေ့လာတွေ့ရှိရသည်။

**မြန်မာဘာသာစကားနှင့်တရုတ်ဘာသာစကားရှိ စကားပေါင်းဖွဲ့ပုံ**

စကားပေါင်းတစ်ခုထဲတွင် ပါဝင်သော ရုပ်သီးရုပ်ရင်းများကို သဒ္ဒါအရ အမျိုးအစားခွဲပါက နာမ်၊ ကြိယာဟူ၍ (၂)မျိုး တွေ့ရပါသည်။ ထိုနာမ်စကားလုံးနှင့် ကြိယာစကားလုံး ပေါင်းစပ်ခြင်းဖြင့် နာမ် စကားပေါင်းနှင့်ကြိယာစကားပေါင်းတို့ကို ရရှိပါသည်။

စကားပေါင်းဆိုသည်မှာ တစ်ခုမကသော ရုပ်သီးရုပ်ရင်းတို့ဖြင့် ပေါင်းစပ်ဖွဲ့စည်း ထားသည့် စကားလုံးမျိုးတို့ကို ဆိုလိုသည်။ မြန်မာဘာသာစကား၏ စကားပေါင်း ဖွဲ့စည်း တည်ဆောက်ပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

စကားပေါင်း → ရုပ်သီး + ရုပ်သီး

Cpd.W → fm + fm

ကပွဲ → က + ပွဲ

ပျော်ပွဲ → ပျော် + ပွဲ

ခုန်ချ → ခုန် + ချ

စသည်တို့သည် မြန်မာဘာသာစကားတွင် ရုပ်သီးရုပ်ရင်း(၂)ခုဖြင့် ဖွဲ့စည်းတည်ဆောက်ထားရာ စနစ်ကျလှသည်။

စကားပေါင်း → ရုပ်သီး + ရုပ်သီး + ရုပ်သီး

→

Cpd.W fm + fm + fm

အိမ်ပွဲစား → အိမ် + ပွဲ + စား

ဝိုင်းဝိုင်းလည် → ဝိုင်း + ဝိုင်း + လည်

လက်သိပ်ထိုး → လက် +သိပ် + ထိုး

ဟူ၍ မြန်မာဘာသာစကားတွင် ရုပ်သီးရုပ်ရင်း(၃)ခုဖြင့် စကားပေါင်းများ ဖွဲ့စည်းတည်ဆောက်ထားသည်။

တရုတ်ဘာသာစကားတွင် စကားပေါင်းဖွဲ့စည်း တည်ဆောက်မှုသည် အောက်ပါအတိုင်းဖြစ်ပါသည်။

စကားပေါင်း → ရုပ်သီး + ရုပ်သီး

Cpd.W → fm + fm

再见 → 在 + 见 (ပြန်တွေ့) (စာ ၈)

好吃 → 好 + 吃 (စားကောင်း) (စာ ၄၁)

商店 → 商 + 店 (ဈေးဆိုင်) (စာ ၆၅)

စကားပေါင်း → ရုပ်သီး + ရုပ်သီး + ရုပ်သီး

Cpd.W → fm + fm + fm

中国菜 → 中 + 国 + 菜 （hsk 3）(စာ ၄၀)
(တရုတ်ဟင်း)

洗手间 → 洗 + 手 + 间 (စာ ၆၅) (သန့်စင်ခန်း)

售货员 → 售 + 货 + 员 (စာ ၆၇) (အရောင်းဝန်ထမ်း)

ထို့ကြောင့်မြန်မာဘာသာစကားနှင့် တရုတ်ဘာသာစကားတို့၏ စကားပေါင်းဖွဲ့စည်း တည်ဆောက်ပုံသည် တူညီမှုရှိကြောင်း တွေ့ရသည်။

**ခြုံငုံသုံးသပ်ချက်**

ဤစာတမ်းသည် မြန်မာဘာသာစကားနှင့် တရုတ်ဘာသာစကား၏ စကားလုံးဖွဲ့ပုံကို ဘာသာဗေဒရှုထောင့်မှ လေ့လာတင်ပြထားပါသည်။ မြန်မာဘာသာစကားနှင့် တရုတ်ဘာသာစကား၏ စကားရိုးဖွဲ့စည်းပုံကို လေ့လာကြည့်လျှင် ကေဝဏ္ဏနှင့်ဗဟုဝဏ္ဏစကားရိုးများ တွေ့ရသည့်အတွက် စကားရိုးဖွဲ့စည်းတည်ဆောက်ပုံမှာ တူညီမှုရှိပါသည်။

ထို့ပြင်မြန်မာဘာသာစကားတွင် ရုပ်မှီးနှင့်ရုပ်သီးပေါင်းစပ်၍ လည်းကောင်း၊ ရုပ်သီးနှင့် ရုပ်မှီးပေါင်းစပ်၍လည်းကောင်း၊ ရုပ်မှီး၊ ရုပ်သီးနှင့်ရုပ်မှီး ပေါင်းစပ်၍သော်လည်းကောင်း၊ ရုပ်မှီး၊ ရုပ်သီး၊ ရုပ်မှီးနှင့်ရုပ်သီး ပေါင်းစပ်၍သော်လည်းကောင်း၊ ရုပ်မှီး၊ ရုပ်သီး၊ ရုပ်မှီး၊ရုပ်သီး နှင့်ရုပ်မှီးပေါင်းစပ်၍သော်လည်းကောင်း ဖွဲ့စည်းမှု (၅)မျိုးကိုတွေ့ရသည်။ သို့သော် တရုတ်ဘာသာစကားတွင် ရုပ်သီးနှင့်

ရုပ်မှီးပေါင်းစပ်၍သော်လည်းကောင်း၊ ရုပ်မှီးနှင့်ရုပ်သီး ပေါင်းစပ်၍သော်လည်းကောင်း၊ ရုပ်မှီး၊ ရုပ်သီးနှင့်ရုပ်မှီးပေါင်းစပ်၍ သော်လည်းကောင်းဖွဲ့စည်းမှု (၃)မျိုးကိုတွေ့ရသည်။ တရုတ်ဘာသာစကားတွင် မြန်မာဘာသာစကားနှင့် တရုတ်ဘာသာစကားတို့၏ စကားရော ဖွဲ့စည်းတည်ဆောက်ပုံမှာ ကွဲပြားမှုရှိပါသည်။

ထိုမှုသာမက မြန်မာဘာသာစကားနှင့် တရုတ်ဘာသာစကားတွင် စကားပေါင်းဖွဲ့စည်းတည်ဆောက်ပုံကို လေ့လာကြည့်လျှင် ရုပ်သီး(၂)ခု၊ ရုပ်သီး(၃)ခုချင်း ပေါင်းစပ်ဖွဲ့စည်းထားသည့်အတွက် မြန်မာဘာသာစကားနှင့်တရုတ်ဘာသာစကားတို့၏ စကားပေါင်း တည်ဆောက်ပုံမှာ တူညီမှုရှိပါသည်။

## နိဂုံး

မြန်မာဘာသာစကားနှင့်တရုတ်ဘာသာစကားရှိ စကားလုံးဖွဲ့ပုံကို ဘာသာဗေဒရှုထောင့်မှ လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ ဘာသာဗေဒရှုထောင့်အရ စကားလုံးဖွဲ့ပုံတူညီမှု၊ ကွဲပြားမှုများကို လေ့လာဖော်ထုတ်ထားပါသည်။ မြန်မာဘာသာစကားနှင့် တရုတ်ဘာသာစကားတို့၏ ပုဒ်ဖွဲ့ပုံ၊ ဝါကျဖွဲ့ပုံများကို ဆက်လက်သုတေသနပြု လေ့လာဖော်ထုတ် နိုင်ပါသည်။

## ကျမ်းကိုးစာရင်း


**မြန်မာဘာသာ**

ကိုလေး၊ ဒေါက်တာ။ (၂၀၁၈)။ ***ဝီလီယံကော်နင် မြန်မာသဒ္ဒါကောက်ကြောင်း***။ ရန်ကုန်၊ ရွှေဝဏ်ပုံနှိပ်တိုက်။

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၃)။ ***ဘာသာစာပေအသွေးအရောင်အဆင်အကွက်***။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၄)။ ***ဘာသာအမြင် စာပေအမြင်***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၇)။ ***သက်တံ့ရောင်စုံဘာသာစကား***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၉)။ ***ကွဲပြားစေဖို့ရာ မြန်မာစကားနဲ့မြန်မာစာ***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၉)။ ***ပြည်ပပညာရှင်များနှင့် မြန်မာစကား***။ ရန်ကုန်၊ ပန်းကြာဖြူပုံနှိပ်တိုက်။

ထွန်းမြင့်၊ ဦး။ (၁၉၉၆)။ ***ဘာသာဗေဒ***။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

ရွှေပြည်စိုး၊ ဒေါက်တာ။ (၂၀၁၀)။ ***မြန်မာဘာသာစကား***။ ရန်ကုန်၊ ပညာတန်ဆောင်ပုံနှိပ်တိုက်။

ရွှေပြည်စိုး၊ ဒေါက်တာ။ (၂၀၁၆)။ ***ဘာသာဗေဒသဘောနှင့်စကားလုံးသဒ္ဒါ***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၁၈)။ ***သုတေသနဟူသည်***။ ရန်ကုန်၊ ရွှေဝဏ်ပုံနှိပ်တိုက်။

**အင်္ဂလိပ်ဘာသာ**

Cliff Goddard. (2005). ***The Languages of East and Southeast Asia***. Oxford University Press.

Cornyn, William. (1944). ***Outline of Burmese Grammar, Language Dissertation***. No.38, Supplement to Language. Vol.20. No.4.

Halliday, M.A.K. (1961). ***Categories of Theory of Grammar***. Word 17. 241-92.

Hongyan Dong. (2021). ***A History of the Chinese Language***. Published by Routledge.

Jiang Liping. (2013). ***HSK 1***. Beijing: Beijing Language and Culture University Press.

Jiang Liping. (2013). ***HSK2***. Beijing: Beijing Language and Culture University Press.

Jiang Liping. (2013). ***HSK 3***. Beijing: Beijing Language and Culture University Press.

Jiang Liping. (2013). ***HSK 4***. Beijing: Beijing Language and Culture University Press.

Lonsdale, A. W. (1899). ***Burmese Grammar and Grammatical Analysis***. Rangoon, British Burma Press.

Pie, Mario A. (1954). ***The World's Chief Languages***. (3rd ed). London: George Allen and Unwin Ltd.

Rint Sybesma. (2015). ***Encyclopedia of Chinese Language and Linguistics***. Leiden University.
Susanna Velieva. (2021). ***Comparative Methods in Linguistics***. National University of Uzbekistan.
William S.Y Wang. (1973). ***The Chinese Language.*** San Francisco, W.H. Freeman and Company.
Zhengming Du. (2015). ***The Chinese Language Demystified***. Cambridge, Cambridge Scholars.

# မြန်မာစကားထာနှင့်ရခိုင်ပန်းဝှက် (စကားထာ) တို့၏အနက်အဓိပ္ပာယ် နှိုင်းယှဉ်ခြင်း

သီရိတင်[၁]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစကားထာနှင့် ရခိုင်ပန်းဝှက်(စကားထာ)တို့၏ အနက်အဓိပ္ပာယ်တို့ကို နှိုင်းယှဉ်လေ့လာထားသည့် စာတမ်းဖြစ်ပါသည်။ မြန်မာစကားထာနှင့် ရခိုင်ပန်းဝှက် (စကားထာ)တို့၏ အနက်အဓိပ္ပာယ်များကို နှိုင်းယှဉ်လေ့လာတင်ပြရာတွင် အတ္ထဗေဒပညာရပ်၏နည်းနာများကို အခြေခံ၍ လေ့လာဖော်ထုတ်ထားပါသည်။ ဤစာတမ်းတွင်မြန်မာနှင့်ရခိုင်တူညီသော စကားထာ (ပန်းဝှက်)များ၊ မြန်မာနှင့်ရခိုင်ဆင်တူယိုးမှားသော စကားထာ(ပန်းဝှက်)များ၊ မြန်မာနှင့်ရခိုင်ကွဲပြားသော စကားထာ(ပန်းဝှက်)များဟူ၍ ခွဲခြားကာလေ့လာတင်ပြထားပါသည်။ ဤကဲ့သို့လေ့လာခြင်းအားဖြင့် တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော မြန်မာစကားထာနှင့် ရခိုင်ပန်းဝှက်များကို ထိန်းသိမ်းရာရောက်သကဲ့သို့ မြန်မာနှင့်ရခိုင်တို့၏ အနက်အဓိပ္ပာယ်တူညီမှု၊ ကွဲပြားမှု တို့ကိုလည်း သိရှိလာမည်ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ** - စကားထာ၊ ပန်းဝှက်၊ အတ္ထဗေဒ၊ တူညီမှု၊ ကွဲပြားမှု။

## နိဒါန်း

မြန်မာလူမျိုးတို့၏ ရိုးရာဓလေ့ယဉ်ကျေးမှုများတွင် စကားထာဝှက်ခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ မြန်မာတွင်စကားထာဝှက်ခြင်းကို ရှေးအခါက ရွှေနန်းတော်ထဲနှင့် ကျေးလက်တောရွာများတွင် ဝှက်ဆိုသော အလေ့ရှိခဲ့သည်ဟုသိရှိရပါသည်။ ထို့အတူရခိုင်လူမျိုးတို့တွင်လည်း ပန်းဝှက်ကစားခြင်းကို ဝေသာလီကျော်က် လှေခါးခေတ်မှစခဲ့သည်ဟု သိရှိရပါသည်။ ထိုအချိန်မှစခဲ့သော ပန်းဝှက် (စကားထာဝှက်)ခြင်းကစားနည်းသည် မြန်မာနှင့်ရခိုင်တို့၏ ဓလေ့ရိုးရာကစား နည်းတစ်မျိုးဖြစ်လာခဲ့ပါသည်။ သို့သော်ယခုအချိန်တွင် ထိုဓလေ့သည် ပျောက်ကွယ်လုနီးပါးဖြစ်နေပါသည်။ ထို့ကြောင့် မြန်မာစကားထာနှင့် ရခိုင်ပန်းဝှက်များကို နောင်လာနောက်သား မျိုးဆက်သစ်များသိရှိစေရန်ရည်ရွယ်၍ လေ့လာခြင်းဖြစ်ပါသည်။ ထိုသို့လေ့လာရာတွင် စကားထာ(ပန်းဝှက်)ဟူသည်၊ မြန်မာနှင့်ရခိုင်တူညီသော စကားထာ(ပန်းဝှက်)များ၏ အနက်အဓိပ္ပာယ်၊ မြန်မာနှင့်ရခိုင် ဆင်တူ ယိုးမှားသော စကားထာ(ပန်းဝှက်)များ၏ အနက်အဓိပ္ပာယ်နှင့် မြန်မာနှင့်ရခိုင် ကွဲပြားသောစကားထာ (ပန်းဝှက်)များ၏ အနက်အဓိပ္ပာယ်ကို အတ္ထဗေဒရှုထောင့်မှလေ့လာတင်ပြ ထားပါသည်။ ဤစာတမ်းကို လေ့လာသောအခါ သုတေသနမေးခွန်းအနေဖြင့်

၁။ စကားထာ (ပန်းဝှက်)များတွင် မည်သို့အနက်အဓိပ္ပာယ်ရှိသနည်း။

၂။ မြန်မာစကားထာနှင့် ရခိုင်ပန်းဝှက်များသည် တူညီမှု၊ ကွဲပြားမှုမည်မျှရှိသနည်း။

၃။ မြန်မာစကားထာနှင့် ရခိုင်ပန်းဝှက်များသည် မည်သို့အနက်အဓိပ္ပာယ်ကောက်ယူသနည်း။

---

[၁] မြန်မာစာဌာန၊ ပဲခူးတက္ကသိုလ်

## စာပေလေ့လာတွေ့ရှိချက်

စကားထာများနှင့်ပတ်သက်၍ ရှေ့တွင်လေ့လာခဲ့ကြသူများ၏ အကြောင်းအရာအချက် (ပန်းဝှက်) အလက်များကို အောက်ပါအတိုင်း အကျဉ်းမျှတင်ပြပါမည်။

ကောင်းပြည့်စုံ၏ "မြန်မာ့ဓလေ့ရိုးရာစကားထာများနှင့် စကားလိမ်ဉာဏ်စမ်းအဖြေများ" (၂၀၁၈) စာအုပ်တွင် မြန်မာ့ရိုးရာစကားထာများ၊ သင်္ချာစကားထာများ၊ စကားဝှက်များ၊ တိုင်းရင်းသားရိုးရာ စကားထာများ၊ စကားလိမ်နှင့်ဉာဏ်စမ်းများဟူ၍ အပိုင်း(၅)ပိုင်းခွဲကာ ရေးဖွဲ့ထားသည်ကို တွေ့ရှိရပါသည်။ အပိုင်း (၄)ဖြစ်သော တိုင်းရင်းသားရိုးရာစကားထာများအပိုင်းတွင် ရခိုင်ပန်းဝှက်နှင့်ပတ်သက်၍ အနည်းငယ်တွေ့ရပါသည်။ သို့သော် ရခိုင်ပန်းဝှက်တို့၏ အဓိပ္ပာယ်ကို ဖော်ပြရေးဖွဲ့ ထားခြင်းမဟုတ်ဘဲ ပန်းဝှက်အမေး နှင့်အဖြေကိုသာ ရေးဖွဲ့ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ကြည်ဦး၏ "မြန်မာ့ရိုးရာစကားထာများ" (၂၀၁၇)စာအုပ်တွင် စကားထာများ၊ စကားလိမ်များ၊ စကားဝှက်များ၊ သင်္ချာစကားထာများ၊ ပုစ္ဆာစကားထာများ၊ ပုံပြင်စကားထာများ၊ အဖြေများဟူ၍ ခွဲခြားကာဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ဦးစက္ကိန္ဒနှင့် မာန်အောင်ပီယတို့၏ "ရခိုင်ယဉ်ကျေးမှုများ"(၁၉၆၉)စာအုပ်တွင် ရခိုင်ပန်းဝှက် တစ်ခုတည်းကိုသာ ရေးသားထားခြင်းမဟုတ်ဘဲ ရခိုင်စည်၊ ရခိုင်သာခြင်း၊ ရခိုင်မျိုးဆက် ရာဇဝင်စသည့် အကြောင်းအရာမျိုးစုံကို ရေးသားထားပါသည်။ ရခိုင်ပန်းဝှက်များကို အခန်းငယ် တစ်ခန်းအနေဖြင့်သာ ဖော်ပြထားပါသည်။ ထို့အပြင်ပန်းဝှက် အမျိုးအစားကိုလည်း ခွဲခြားမဖော်ပြထားပေ။ ဤစာအုပ်တွင် ပန်းဝှက်(၆၄)ခုကို အမျိုးအစားမခွဲ၊ အဓိပ္ပာယ်မဖွင့်ဆိုထားဘဲ အမေးနှင့်အဖြေကို သာဖော်ပြထား သည်ကိုတွေ့ရပါသည်။

အသျှင်ဓမ္မပီယ၏ "ရခိုင်ပန်းဝှက်နန့်သုတရတနာများ" (၂၀၁၅)စာအုပ်တွင်လည်း ရခိုင်ပန်းဝှက် တစ်မျိုးတည်းကိုသာ ရေးဖွဲ့ထားခြင်းမဟုတ်ပေ။ မြတ်စွာဘုရားရှင်၏ဖြစ်တော်စဉ် ဗုဒ္ဓဝင်အကြောင်းများ၊ ဗုဒ္ဓဘာသာနှင့်သက်ဆိုင်သောအကြောင်းများ၊ မင်္ဂလာကဗျာများအကြောင်း နှင့်ရခိုင်သမိုင်းဗဟုသုတများ ကိုပါရေးသားထားပါသည်။ ရခိုင်ပန်းဝှက်များကို ပန်းဝှက်ရိုးရိုး၊ ဇမ်း-ကပ်-ပန်း၊ သင်္ချာပန်းဝှက်၊ အမေး ပုစ္ဆာပန်းဝှက်ဟူ၍ အမျိုးအစား(၄)မျိုး ခွဲကာဖော်ပြထားပါသည်။ ပန်းဝှက်ရိုးရိုး(၁၈၉)ခု၊ ဇမ်းကပ်ပန်း (၄၃)ခု၊ သင်္ချာပန်းဝှက်(၁၂)ခု၊ အမေးပုစ္ဆာပန်းဝှက်(၆)ခု တို့ကို ဖော်ပြထားပါသည်။ ပန်းဝှက်များကို ဖော်ပြသောအခါတွင်လည်း အက္ခရာစဉ်အလိုက် ဖော်ပြထားသည်ကို တွေ့ရသော်လည်း ပန်းဝှက်များ ၏အဓိပ္ပာယ်ကိုမူ ရှင်းလင်းမဖော်ပြထားပေ။ ပန်းဝှက်အမေးနှင့်အဖြေလောက်သာ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ဆရာမောင်ဗသိန်း၏ "ရခိုင်ဘာသာစကားနန့် အပြောအခြီခံ ရခိုင်အရီးအသား"(၂၀၁၇)စာအုပ် တွင် ရခိုင်ပန်းဝှက် တစ်မျိုးတည်းကို ရေးဖွဲ့ထားခြင်း မဟုတ်ဘဲ ရခိုင်ဘာသာစကား အကြောင်းများနှင့် ရခိုင်ရိုးရာဓလေ့များကိုပါ ရေးသားထားပါသည်။ ရခိုင်ပန်းဝှက်အကြောင်းကိုမူ ရခိုင်ရိုးရာဓလေ့ခေါင်းစဉ် အောက်၌ အခန်းခွဲငယ်အနေဖြင့်သာ ဖော်ပြထားပါသည်။ ရခိုင်ပန်းဝှက်အကြောင်းကို ရေးသားဖော်ပြရာ၌ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ပေါက်တောမြို့နယ်မှ ပန်းဝှက်များကိုသာစုစည်း ဖော်ပြထားခြင်းဖြစ်ပါ

သည်။ ပန်းဝှက်အမျိုးအစားကိုမူ ပန်းဝှက်ရိုးရိုး၊ ဇမ်း-ကပ်-ပန်း၊ သင်္ချာပန်းဝှက် ဟူ၍အမျိုးအစား(၃)မျိုးခွဲကာဖော်ပြထားပါသည်။ ဤစာအုပ်တွင် ပန်းဝှက်ရိုးရိုး(၁၁၄)ခု၊ ဇမ်း-ကပ်-ပန်း(၁၆)ခု၊ သင်္ချာပန်းဝှက် (၇)ခု တို့ကိုဖော်ပြထားပါသည်။ သို့သော်ပန်းဝှက်များ၏ အဓိပ္ပာယ်များကိုမူ ရှင်းလင်းမဖော်ပြထားဘဲ ပန်းဝှက် အမေးနှင့်အဖြေ တို့ကိုသာဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ယုဇန(ကျောက်ဖြူ)၏ "ဓလေ့ရိုးရာရမ္မာဝတီရခိုင် သဘာဝဇမ်းကဗျာ" (၂၀၂၃)စာအုပ်တွင် ရခိုင်ဇမ်းကဗျာ တစ်ခုချင်းစီ၏ ခက်ဆစ်အဓိပ္ပာယ်နှင့် ဇမ်းကဗျာ၏ဆိုလိုရင်းအဓိပ္ပာယ်တို့ကို ပြည့်စုံစွာဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ဒေါက်တာစမ်းကေသီအောင်၏ "ရခိုင်ကျေးလက်ရိုးရာ ပန်းဝှက်ကစားနည်း တေးကဗျာများ" ၂၀၁၆၊ ဇွန်လ။ Myanmar Academy of Arts and Science)စာတမ်းသည် ဝိဇ္ဇာသိပ္ပံ စာတမ်း ဖတ်ပွဲတွင် ဖတ်ကြားတင်သွင်းထားသော စာတမ်းဖြစ်ပါသည်။ ဤစာတမ်းတွင် ရခိုင်ပန်းဝှက်တမ်း ကစားနည်းများထဲမှ ကျေးလက်ရိုးရာပန်းဝှက်ကစားနည်း တေးကဗျာတစ်မျိုးကိုသာ စာပေရှုထောင့်မှ လေ့လာတင်ပြထားသည်ကို တွေ့ရှိရပါသည်။

မတင်တင်နု၏"ရခိုင်ပန်းဝှက်(စကားထာ)များ၏ အနက်အဓိပ္ပာယ်သဘောလေ့လာချက်" (၂၀၂၃၊ ဒီဇင်ဘာလ၊ ရန်ကုန်တက္ကသိုလ်) ကျမ်းသည် ပါရဂူဘွဲ့အတွက် တင်သွင်းထားသောကျမ်း ဖြစ်ပါသည်။ ဤကျမ်းတွင်ရခိုင်ပန်းဝှက်များကို အတ္ထဗေဒရှုထောင့်မှ လေ့လာတင်ပြထားပါသည်။

အထက်ဖော်ပြပါစကားထာ (ပန်းဝှက်)များနှင့်ပတ်သက်သော စာအုပ်၊ စာတမ်း၊ ကျမ်းများသည် မြန်မာစကားထာများအကြောင်း၊ ပန်းဝှက်များအကြောင်းတို့ကိုသာ လေ့လာဖော်ပြထားပြီး မြန်မာစကားထာနှင့် ရခိုင်ပန်းဝှက်များကို နှိုင်းယှဉ်ကာလေ့လာ ဖော်ပြထားခြင်းမရှိသေးသောကြောင့် ဤ "မြန်မာစကားထာနှင့် ရခိုင်ပန်းဝှက်(စကားထာ)တို့၏ အနက်အဓိပ္ပာယ်နှိုင်းယှဉ်ခြင်း" စာတမ်းကို ပြုစုရခြင်းဖြစ်ပါသည်။

## နည်းနာ

ဤစာတမ်းသည် မြန်မာစကားထာနှင့် ရခိုင်ပန်းဝှက်တို့၏ အနက်အဓိပ္ပာယ်ကို နှိုင်းယှဉ်လေ့လာထားသော စာတမ်းဖြစ်ပါသည်။ ထိုသို့လေ့လာသောအခါ ဘာသာစကားနယ်ပယ်ဖြစ်သော အတ္ထဗေဒပညာရပ်၏ အနက်သဘောဖြင့် လေ့လာတင်ပြထားပါသည်။ ထိုရခိုင်ပန်းဝှက်များ၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်များကို သိရှိရန်အတွက် ရခိုင်ပြည်နယ်မှ လုပ်ဖော်ကိုင်ဖက် ဆရာမ များနှင့် အသိမိတ်ဆွေတချို့ကိုကွင်းဆင်း၍ တွေ့ဆုံမေးမြန်း လေ့လာခဲ့ပါသည်။ ထိုသို့ဆွေးနွေး မေးမြန်းခဲ့သော အကြောင်းအရာ အချက်အလက်အချို့ကို ထည့်သွင်းရေးသား ထားသည့်အပြင် အသျှင်ဓမ္မပီယ၏ "ရခိုင်ပန်းဝှက်နန့်သုတရတနာများ"စာအုပ်နှင့် ဆရာမောင်ဗသိန်း၏ "ရခိုင်ဘာသာစကားနန့် အပြောအခြီခံ ရခိုင်အရီးအသား" စာအုပ်တို့မှလည်း ကောက်ယူထည့်သွင်း ရေးသားထားပါသည်။

### စကားထာ (ပန်းဝှက်)ဟူသည်

စကားထာဟူသောဝေါဟာရကို မြန်မာအဘိဓာန်တွင် "အနက်အဓိပ္ပာယ်မြှုပ်ထားသော ဉာဏ်စမ်းစကား။ ပဟေဠိ" (မြန်မာစာအဖွဲ့၊ ၂၀၀၃၊ ၇၉-၈၀)ဟု အနက်ဖွင့်ထားပါသည်။ မြန်မာ့စွယ်စုံ

ကျမ်းအတွဲ(၃)တွင် "စကား၏အနက်အဓိပ္ပာယ်ကို ကွယ်ဝှက်၍ ပုစ္ဆာထုတ်ခြင်း" (မြန်မာ့စွယ်စုံကျမ်း၊ ၁၉၅၆၊ ၂၉၅) ဟူ၍လည်းကောင်း၊ မြန်မာ့ရိုးရာစကားထာများတွင် "စကား+အတ္ထ=စကတ္ထမှ တစ်ဆင့် စကားထာဖြစ်လာကြောင်း ဆိုကြပါသည်။ အဓိပ္ပာယ်မှာစကား၏အနက်" (ကြည်ဦး၊ ၁၉၉၆၊ ၂၃၊) ဟုဆိုပါသည်။

ဒေးဗစ်ခရစ္စတယ်ကမူ စကားထာ၏သဘာဝကို "စကားထာများသည် အဖြေရှာရခက်ခဲစေရန် ရည်ရွယ်၍ ပြောကြားသော ရှေးရိုးစဉ်လာ စကားခွန်းများ ဖြစ်ကြပါသည်။ အရာဝတ္ထုများ၊ တိရစ္ဆာန်များ၊ လူများနှင့် အဖြစ်အပျက်များကို အခြားအရာများဟူ၍ ထင်ရစေရန်ဖော်ပြလေ့ရှိသည်။ စကားထာ နားထောင်သူ၏တာဝန်မှာ အဓိပ္ပာယ်ထွေပြားမှုကိုရှင်း၍မှန်ကန်စွာ အဖြေထုတ်နိုင်ရန် ကြိုးစားရခြင်း ဖြစ်သည်။" (Crystal,1996,63) စသည်ဖြင့် စကားထာ၏ အနက်အဓိပ္ပာယ်ကို အမျိုးမျိုးဖွင့်ဆိုကြပါ သည်။

ပန်းဝှက်ဟူသောဝေါဟာရနှင့်ပတ်သက်၍ အဿျှင်ဝါသဝပြုစုသော ရခိုင်ဝေါဟာရ အဘိဓာန် အတွဲ(၁)တွင် "တစ်ဖက်သား၏ဉာဏ်ကိုစမ်းလိုသောကြောင့် အဖြေဖော်ပေးရန်အလို့ငှာ လျှို့ချက် ကွယ်ဝှက်သောစကားဖြင့်မေးသည်။ စကားထာဝှက်သည်။" (ဝါသဝ၊ အဿျှင်၊ ၂၀၁၄၊၃၇) ဟူ၍ လည်းကောင်း အဿျှင်ဓမ္မပီယကလည်း ရခိုင်ပန်းဝှက်နန့်သုတရတနာများ စာအုပ်တွင် "ရခိုင်ပန်း ဝှက်တမ်းဉာဏ်စမ်းကစားခြင်းကို မြန်မာတွင်စကားထာဟု ခေါ်ပါသည်။ ပါဠိတွင်ပဟေဠိဟုခေါ်ပါ သည်။" (ဓမ္မပီယ၊အဿျှင်၊၂၀၁၅၊၁၅) စသည်ဖြင့်ပန်းဝှက်၏ အနက်အဓိပ္ပာယ်ကို အမျိုးမျိုးဖွင့်ဆို ကြပါ သည်။

ဤအဆိုအမိန့်များကိုဆက်စပ်၍ စကားထာ(ပန်းဝှက်)၏အနက်ကို ကောက်ချက်ချရသော် စကားထာဟူသည် ဖြေဆိုရန်စကားတစ်ခုအတွက် ထိုစကား၏အနက်အဓိပ္ပာယ်ကို ကွယ်ဝှက်၍ ပုစ္ဆာ ထုတ်ခြင်းပင်ဖြစ်သည် ဟုဆိုရပေမည်။ ဤကဲ့သို့ပုစ္ဆာထုတ်ခြင်းကို စကားဝှက်သည်ဟုခေါ်သည်။ တစ်ဦး တစ်ယောက်ကစကားဝှက်သည်ကို မဖြေနိုင်လျှင် ဉာဏ်ပူဇော်ခအဖြစ် ပန်းပေးရပါသည်။ ထိုသို့ ပန်းပေး ပြီးမှ ဖော်ရသောကြောင့် ရခိုင်ဒေသတွင်ပန်းဝှက်ဟု ခေါ်ခြင်းဖြစ်ပါသည်။ စကားထာ(ပန်းဝှက်) ခြင်း ဟူသည် ဝှက်သူကဖြေသူ၏ စိတ်ကိုယောင်ဝါးဝါး ဖြစ်အောင်လည်းကောင်း၊ ခန့်မှန်း၍ရအောင် သဲလွန်စပေး၍လည်းကောင်း၊ အနက်အဓိပ္ပာယ်တူချင်းကို ကွယ်ဝှက်၍ ပုစ္ဆာထုတ်ခြင်းဖြစ်ပါ သည်။

## မြန်မာစကားထာနှင့်ရခိုင်ပန်းဝှက်နှိုင်းယှဉ်ခြင်း

မြန်မာစကားထာနှင့်ရခိုင်ပန်းဝှက်များ၏ အနက်အဓိပ္ပာယ်ကိုနှိုင်းယှဉ် လေ့လာသောအခါ မြန်မာ နှင့်ရခိုင်တူညီသော စကားထာ(ပန်းဝှက်)များ၊ မြန်မာနှင့်ရခိုင် ဆင်တူယိုးမှားမှုရှိသော စကားထာ (ပန်းဝှက်)များနှင့် မြန်မာနှင့်ရခိုင်ကွဲပြားသော စကားထာ(ပန်းဝှက်)များအကြောင်းကို လေ့လာတင်ပြ မည်ဖြစ်ပါသည်။

## တူညီမှုရှိသောမြန်မာစကားထာနှင့် ရခိုင်ပန်းဝှက်များ

တူညီမှုရှိသော မြန်မာစကားထာနှင့် ရခိုင်ပန်းဝှက်ဟူသည် စကားထာဝှက်ဆိုရာတွင် အမေးနှင့် အဖြေတို့၏အနက်ကောက်ယူပုံ၊ အနက်ဖော်ထုတ်ပုံ၊ တင်စားပုံစသည့်တူညီမှုရှိခြင်းကို ဆိုလိုခြင်းဖြစ်ပါ သည်။

**တစ်နှစ်တစ်ခါ၊ ပေါ်လို့လာ၊ ရာဇာမင်းလောင်း၊ ထီးဖြူဆောင်း။ (မြန်မာ)**

**တနှစ်တခါ၊ ပေါ်လို့လာ၊ ငါလေးမင်းလောင်း၊ ထီးဖြူဆောင်း။ (ရခိုင်)**

**အဖြေမှို -**

၎င်း "တနှစ်တခါ၊ ပေါ်လို့လာ၊ ငါလေးမင်းလောင်း၊ ထီးဖြူဆောင်း" ဟူသည့် စကားထာ (ပန်းဝှက်)သည် တစ်နှစ်မှတစ်ခါသာပေါ်တတ်ပြီး မင်းလောင်းတို့ဆောင်းသော ထီးဖြူကဲ့သို့သော အရာကို ဆိုလိုပါသည်။

၎င်းစကားထာ(ပန်းဝှက်)၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ မင်းလောင်းတို့ဆောင်းသော ထီးဖြူကဲ့သို့ ပုံသဏ္ဍာန်ဆိုပြီး တစ်နှစ်မှတစ်ခါသာ ပေါ်တတ်သောအရာကို အနက်ဖော်ပါဟု ဆိုလိုခြင်းဖြစ်ပါသည်။ စကားထာ (ပန်းဝှက်)၏ အဖြေမှာ "မှို" ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မှိုသည်တစ်နှစ်မှ တစ်ခါသာပေါ်တတ် သောအရာဖြစ်သည့်အပြင်မှို၏ ပုံသဏ္ဍာန်သည် ထီး၏ပုံသဏ္ဍာန်နှင့်တူညီနေ ပြီး မှို၏အရောင်သည် မင်းနှင့်မင်းလောင်းများအသုံးပြုသော နန်းတွင်းသုံးထီးအရောင် ဖြစ်သော အဖြူ ရောင်နှင့်တူနေသော ကြောင့်ဖြစ်ပါသည်။ ထို့ပြင်၎င်းစကားထာ(ပန်းဝှက်)မှ "တစ်နှစ်တစ်ခါ၊ ပေါ်လို့လာ" ဟူသည်တစ်နှစ် လျှင်တစ်ကြိမ်တစ်ခါသာ ပေါ်တတ်သည့်မှို၏ သဘာဝ(တစ်နည်းအား ဖြင့်မိုးရွာသွန်းမှ ပေါ်တတ် သောမှို၏သဘာဝ)နှင့် သဲလွန်စပေးထားခြင်းဖြစ်ပြီး မှို၏ပုံစံကို "ထီး" ဟူ၍ထီး၏ ပုံစံနှင့်သဲလွန်စ ပေးထားခြင်းဖြစ်သည်။ ထို့အတူမှိုသည် အဖြူရောင်ရှိကြောင်းကို "ဖြူ" ဟူသော အရောင်ပြစကားနှင့် သဲလွန်စပေးထားပြီး မှိုသည်အမြဲတမ်း မထွက်တတ်ပုံကိုမင်းလောင်း၏ သဘာဝနှင့် သဲလွန်စပေးထား ခြင်းဖြစ်ပါသည်။ ထိုသို့မင်းနှင့်မင်းလောင်းများအသုံးပြုသော ထီးနန်းသုံးထီးဖြူနှင့် အရောင်အဆင်း သာမက ပုံသဏ္ဍာန်ပါတူသောမှိုနှင့် တင်စားဆက်စပ်ကာ ပန်းဝှက်ထားခြင်းဖြစ်ပါသည်။

အထက်တွင်ဖော်ပြခဲ့သော မြန်မာစကားထာနှင့် ရခိုင်ပန်းဝှက်တို့သည် တူညီမှုရှိသော စကားထာ (ပန်းဝှက်) ဖြစ်ကြောင်းတွေ့ရှိရပါသည်။ အဘယ်ကြောင့်ဆိုသော် မှို၏ပုံသဏ္ဍာန်နှင့် အရောင်အဆင်း၊ မှိုထွက်ပေါ်ချိန်ကာလတို့ကို မင်းလောင်းဆောင်းသောထီးဖြူ၊ မင်းလောင်းပေါ်ထွက်ချိန် ကာလတို့ဖြင့် တင်စားထားသည်မှာ တူညီနေကြောင်းတွေ့ရသည်။ "မင်းလောင်း" ဟူသောအသုံးတွင် မြန်မာက ပိုလေးနက်စေလိုဟန်ဖြင့် ပါဠိအသုံး "ရာဇာမင်းလောင်း"ဟူ၍ အသုံးပြုထားသည်ကို တွေ့ရပါသည်။ ထိုသို့စကားလုံးအသုံးအနှုန်းနှင့် အနက်အဓိပ္ပာယ်ကောက်ယူပုံတို့ တူညီမှုများစွာရှိသောကြောင့် ၎င်း မြန်မာစကားထာနှင့် ရခိုင်ပန်းဝှက်တို့ကို တူညီမှုရှိသော စကားထာ(ပန်းဝှက်)ဟု ဆိုလိုရခြင်းဖြစ်ပါ သည်။

**ငမည်းဖင်၊ ငနီလျက်။ (မြန်မာ)**

**ငမဲဖင်၊ ငနီယက်။(ရခိုင်)**

**အဖြေ - အိုးနဲ့မီး (အိုး၊ မီးနန့်ချက်)**

၎င်း "ငမဲဖင်၊ ငနီယက်" ဟူသော စကားထာ (ပန်းဝှက်)၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ အမည်းရောင် အရာကို အနီရောင်ကလာထိခြင်းကို အနက်ဖော်ပါဟု ဆိုလိုခြင်းဖြစ်ပါသည်။ ၎င်းစကားထာ (ပန်းဝှက်) ၏ အဖြေမှာ "အိုး၊ မီး" (ထင်းမီးနှင့်ချက်ခြင်း) ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ရှေးမြန်မာနှင့်ရခိုင်

လူမျိုးတို့သည် ထမင်းချက်သောအခါ ထင်းမီးဖြင့်ချက်ကြသောကြောင့် ဖြစ်ပါ သည်။ ထိုသို့ထင်းမီးဖြင့် ချက်သောအခါ အိုးဖင်များသည် မည်းသွားတတ်ပါသည်။ ဤသည်ကို ပန်းဝှက်အမေးတွင် “ငမဲဖင်” ဟူ၍ မည်းနေသောဖင်နှင့် တင်စား၍လည်းကောင်း၊ အနီရောင် မီးတောက်ကို “ငနီ” ဟူ၍အနီရောင်နှင့် အရောင်တူချင်း တင်စား၍လည်းကောင်း၊ မီးများအိုးနှင့် ထိကပ်နေခြင်းကို“လျက်”ဟူ၍ လှုပ်ရှားထိကပ် နေပုံနှင့်တင်စား၍လည်းကောင်း ပန်းဝှက်ထားခြင်း ဖြစ်ပါသည်။ ထိုသို့အမည်းရောင်အိုးဖင်၊ အနီရောင် မီးတောက်၊ မီးနှင့်အိုးဖင်ထိကပ်ခြင်းဟူသော အိုးနှင့်မီးတို့၏ဂုဏ်ရည်တို့ကို “ငမဲဖင်၊ ငနီယက်” ဟူသော စကားလုံးတို့၏ ဂုဏ်ရည်နှင့် ရည်ညွှန်းပြီး ပန်းဝှက်ထားခြင်းဖြစ်ပါသည်။

အထက်တွင်ဖော်ပြခဲ့သော မြန်မာစကားထာနှင့် ရခိုင်ပန်းဝှက်တို့သည် တူညီမှုရှိသော စကားထာ (ပန်းဝှက်)ဖြစ်ကြောင်းတွေ့ရှိရပါသည်။ အဘယ်ကြောင့်ဆိုသော်အိုးဖင်ကို “ငမည်း”၊ မီးတောက်ကို “ငနီ”၊ မီးနှင့်အိုးထိကပ်ခြင်းကို “လျက်” ဟူသော စကားလုံးအသုံးတို့ကို မြန်မာ စကားထာနှင့် ရခိုင် ပန်းဝှက် နှစ်မျိုးလုံးတွင်သုံးထားသည့်အပြင် အနက်အဓိပ္ပာယ် ကောက်ယူပုံပါ တူညီမှုရှိသောကြောင့် ဖြစ်ပါသည်။ ထိုသို့ စကားလုံးအသုံးအနှုန်းများနှင့် အနက်အဓိပ္ပာယ်တို့ တူညီမှုများစွာရှိသောကြောင့် ဤမြန်မာ စကားထာနှင့် ရခိုင်ပန်းဝှက်တို့ကို တူညီမှုရှိသောစကားထာ (ပန်းဝှက်)ဟု ဆိုလိုရခြင်း ဖြစ်ပါသည်။

**ငါးယောက်ကသယ်၊ သုံးဆယ်ကထောင်း၊ ဖျာကြီးနဲ့လိပ်၊ ဂူကြီးထဲသွင်း။ (မြန်မာ)**

**ငါးယောက်ကသယ်၊ သုံးဆယ်ကဖိနင်း၊ ဖျာလိပ်နန့်လိပ်၊ ကျီထဲကိုသွင်း။ (ရခိုင်)**

**အဖြေ - ထမင်းစားခြင်း (လက်၊ သွား၊ ထမင်းမျိုချ)**

ဤမြန်မာစကားထာတွင်“ငါးယောက်ကသယ်၊ သုံးဆယ်ကထောင်း၊ ဖျာကြီးနဲ့လိပ်၊ ကျီထဲကို သွင်း ”နှင့်ရခိုင်ပန်းဝှက်တွင် “ငါးယောက်ကသယ်၊ သုံးဆယ်ကဖိနင်း၊ ဖျာလိပ်နန့်လိပ်၊ ကျီထဲကိုသွင်း” ဟူသော စကားထာ(ပန်းဝှက်)သည် ငါးယောက်ကသယ်လာပြီး သုံးဆယ်ကထောင်း/ဖိနင်းကာ ဖျာကြီး နှင့်လိပ်၍ ဂူကြီး/ကျီ ထဲသွင်းခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။

ဤစကားထာ (ပန်းဝှက်)၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ ငါးယောက်ကသယ်လာ၍သုံးဆယ်က ထောင်း/ဖိနင်းပြီး ဖျာနှင့်လိပ်ကာ ဂူ/ကျီထဲသို့သွင်းလိုက်သောအရာကို အနက်ဖော်ပါဟုဆိုလိုခြင်း ဖြစ်ပါ သည်။ ဤစကားထာ (ပန်းဝှက်)၏အဖြေမှာ “ထမင်းစားခြင်း” (လက်၊သွား၊ထမင်းမျိုချ)တို့ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထမင်းစားသောအခါ ထမင်းလုပ်ကို လက်ငါးချောင်းနှင့် သယ်လာပြီးသွား သုံးဆယ်ဖြင့်ဝါးကာ လျှာနှင့်လိပ်၍ ဝမ်းထဲရောက်အောင် မျိုချရသောကြောင့် ဖြစ်ပါသည်။ ထို့အပြင် ဤစကားထာ(ပန်းဝှက်)တွင် လက်ချောင်းငါးချောင်းကို “ငါးယောက်” ဟူ၍ လူငါးယောက်နှင့် အရေအတွက်တူချင်း တင်စား၍လည်းကောင်း၊ လူတစ်ယောက်တွင် သွားသုံးဆယ်ရှိပုံကို “သုံးဆယ်” ဟူ၍ အရေအတွက်တူချင်း တင်စား၍လည်းကောင်း၊ ထမင်းစားသောအခါ ကြေညက်စေရန်သွားဖြင့် ဝါးစားပုံကို မြန်မာက“ထောင်း”၊ရခိုင်က“ဖိနင်း”ဟူ၍ ကြေညက်အောင်လုပ်ခြင်းဟူသော အနက်နှင့် အနက်တူချင်း တင်စား၍လည်းကောင်း၊ ထမင်းကိုဝမ်းထဲရောက်အောင်အတွက် လျှာနှင့်လိပ်ကာ မျိုချစားသောက်ပုံကို “ဖျာလိပ်နန့်လိပ်၊ ကျီထဲကိုသွင်း” ဟူ၍ ရခိုင်ကဖွဲ့ပြီး၊ မြန်မာက “ဖျာကြီးနဲ့လိပ်၊

ဂူကြီးထဲသွင်း" ဟူ၍ ပုံသဏ္ဍာန်တူ၊ အနက်တူသောစကားလုံးများနှင့် တင်စား၍လည်းကောင်း သုံးနှုန်းရေးသားသည်။ ထိုသို့ "လက် ငါးချောင်း"ကို "လူငါးယောက်"၊ "သွားသုံးဆယ်"ကို "သုံးဆယ်" ဟူ၍ အရေအတွက်တူချင်း ဆက်စပ်၍လည်းကောင်း၊ "ထမင်းစားခြင်း" ကို "ထောင်း/ဖိနင်း"ဟူ၍ အနက်တူချင်းဆက်စပ်၍ လည်းကောင်း၊ "လျှာ"ကို "ဖျာ"၊ "ဝမ်းဗိုက်"ကို "ဂူ/ကျီ"ဟူ၍ ပုံသဏ္ဍာန်တူချင်းတို့ကိုဆက်စပ်၍ လည်းကောင်း ပန်းဝှက်ထားခြင်း ဖြစ်ပါသည်။

ထို့ပြင် ရခိုင်ပန်းဝှက်တွင် သုံးထားသော "ဖိနင်း"၊ "ဖျာလိပ်"၊ "နန့်"၊ "ကျီ" ဟူသောစကားလုံးတို့သည် ရခိုင်လူမျိုးတို့သုံးသော ဒေသလေသံကိုဖော်ပြနေသော စကားလုံးများ အဖြစ် တွေ့ရပါသည်။ ရခိုင်လူမျိုးတို့သည် "ဖိနင်း"ကို လုံးတွဲကြိယာအနေဖြင့်သုံးသကဲ့သို့ "ဖိသည်"၊ "နင်းသည်"ဟူ၍ လုံးချင်းကြိယာ အနေဖြင့်လည်းသုံးပါသည်။ "ဖျာလိပ်"နှင့် "ကျီ"ကိုနာမ်အနေဖြင့် သုံးပြီး "နန့်"ကို သမ္ဗန္ဓအနေဖြင့်သုံးပါသည်။ ထိုသို့ "ဖိနင်း"၊ "ဖျာလိပ်"၊ "နန့်"၊ "ကျီ" ဟူသော စကားလုံးတို့က ရခိုင် ဒေသလူမှုအသုံးနှင့်နေ့စဉ်စားသောက်မှုပုံစံကို ဖော်ပြနေသော လူမှုအသုံးဖြစ်သောကြောင့် ဤပန်းဝှက်ကို လူမှုအခြေအနေပြအနက်ရှိသောပန်းဝှက်ဟု ဆိုလိုရခြင်း ဖြစ်ပါ သည်။ "ဝမ်းဗိုက်"ကို မြန်မာက "ဂူကြီး"၊ ရခိုင်က "ကျီ" ဟူ၍တင်စားပုံချင်း၊ ထမင်းကိုသွားဖြင့် ဝါးစားပုံကို မြန်မာက "သုံးဆယ် ကထောင်း"၊ ရခိုင်က "သုံးဆယ်ကဖိနင်း" ဟူ၍တင်စားပုံချင်း အနည်းငယ်သာကွဲပြားသည်ကို တွေ့ရသည်။

အထက်တွင်ဖော်ပြခဲ့သော မြန်မာစကားထာနှင့် ရခိုင်ပန်းဝှက်တို့သည် တူညီမှုရှိသော စကားထာ (ပန်းဝှက်) ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အဘယ်ကြောင့်ဆိုသော် "လူငါးယောက်၊ သုံးဆယ်၊ ဖျာ၊ ဂူ/ကျီ" ဟူသော နာမ်အသုံးများ၊ "သယ်၊ ထောင်း/ဖိနင်း၊ လိပ်၊ သွင်း" ဟူသောကြိယာအသုံးများမှာ တူညီသည့်အပြင် အနက်အဓိပ္ပာယ်ပါတူညီမှုရှိသောကြောင့် ဤမြန်မာစကားထာနှင့်ရခိုင်ပန်းဝှက်တို့ကို တူညီမှုရှိသော စကားထာ(ပန်းဝှက်)ဟု ဆိုလိုရခြင်း ဖြစ်ပါသည်။

**ဆင်တူယိုးမှားမှုရှိသော မြန်မာစကားထာနှင့် ရခိုင်ပန်းဝှက်များ**

ဆင်တူယိုးမှားမှုရှိသော မြန်မာစကားထာနှင့် ရခိုင်ပန်းဝှက်များဟူသည် စကားထာဝှက်ရာတွင် အနည်းငယ်ကွဲလွဲခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။

**နွားမတစ်ရာ၊ ရေဆင်းလာ၊ ခြေရာလည်းပျောက်၊ ရေလည်းနောက်။ (မြန်မာ)**

**ဆင်ပြောင်ကြီးငါးရာ၊ ရီသောက်လာ၊ ခြီရာလေးပျောက်၊ ရီလေးနောက်။ (ရခိုင်)**

**အဖြေ- ဆန်ဆေးရည် /ဆန်ဆေးခြင်း**

ဤ "နွားမတစ်ရာ၊ ရေဆင်းလာ၊ ခြေရာလည်းပျောက်၊ ရေလည်းနောက်" ဟူသော မြန်မာစကားထာ၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ နွားမတစ်ရာသည် ရေသောက်ရန်ဆင်းလာသောအခါ ရေနောက်သွားပြီး ခြေရာလည်း ပျောက်သွားခြင်းကိုဖော်ပါဟု ဆိုလိုခြင်းဖြစ်ပါသည်။

မြန်မာစကားထာတွင် ဆန်ဆေးသောလက်ဆယ်ချောင်းကို "နွားမတစ်ရာ" ဟူ၍ လည်းကောင်း၊ လက်ဆယ်ချောင်းဖြင့်ဆန်ဆေးခြင်းကို "ရေဆင်းလာ"ဟူ၍လည်းကောင်း သဲလွန်စပေးထားပြီး ဝှက်ဆိုထားပါသည်။ ထိုသို့လက်ဆယ်ချောင်းဖြင့်ဆန်ဆေးလိုက်သောအခါ ရေနောက်ကျိသွားခြင်းကို "ခြေရာ

လည်းပျောက်၊ ရေလည်းနောက်” ဟူ၍ဂုဏ်ရည်တူချင်း တင်စားဆက်စပ်ကာ ပန်းဇုက်ထားခြင်း ဖြစ်သောကြောင့် ဤပန်းဇုက်ကို ဂုဏ်ရည်တူသော ပန်းဇုက်ဟု ဆိုလိုရခြင်း ဖြစ်ပါသည်။

ဤ “ဆင်ပြောင်ကြီးငါးရာ၊ ရီသောက်လာ၊ ခြီရာလေးပျောက်၊ ရီလေးနောက်” ဟူသော ရခိုင်ပန်းဇုက်(စကားထာ)သည် ဆင်ပြောင်ကြီးငါးရာ ရေသောက်ရန်ဆင်းလာသောအခါ ရေနောက်သွားပြီး ခြေရာလည်း ပျောက်သွားခြင်းကိုဖော်ပါဟု ဆိုလိုခြင်းဖြစ်ပါသည်။

ဤရခိုင်ပန်းဇုက်(စကားထာ)မှ “ဆင်ပြောင်ကြီးငါးရာ”ဟူသည် သန်မာထွားကျိုင်းသော ဆင်ပြောင်ကြီးငါးရာ (သန်မာသောအရာငါးခု)ကို ဆိုလိုခြင်းဖြစ်ပြီး “ရီသောက်လာ” ဟူသည် ရေသောက်ရန် ဆင်းသက်လာခြင်းကိုဆိုလိုခြင်းဖြစ်ပါသည်။ ထို့အတူ “ခြီရာလေးပျောက်”ဟူသည် ခြေရာမကျန်ခြင်းကို ဆိုလိုခြင်းဖြစ်ပြီး “ရီလေးနောက်”ဟူသည် ရေနောက်ကျိသွားခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။

ဤရခိုင်ပန်းဇုက်(စကားထာ)၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ ဆင်ပြောင်ကြီးငါးရာသည် ရေသောက်ရန်အတွက် ရေရှိသောနေရာသို့ဆင်းသက်လာသည်။ ထိုဆင်ပြောင်ကြီးငါးရာရေထဲကို ဆင်းလိုက်သောကြောင့် ရေသည်နောက်ကျိသွားပြီး ခြေရာများပျောက်သွားသည်။ ထိုအရာကို အနက်ဖော်ပါဟု ဆိုလိုခြင်းဖြစ်ပါသည်။ ဤပန်းဇုက်(စကားထာ)၏အဖြေမှာ “ဆန်ဆေးခြင်း” ဖြစ်ပါသည်။ ဤပန်းဇုက်(စကားထာ)တွင် သန်မာသောလက်ငါးချောင်းကို “ဆင်ပြောင်ကြီးငါးရာ” ဟူ၍ သန်မာသောဆင်နှင့် ဂုဏ်ရည်တူချင်း သဲလွန်စပေးထားခြင်းဖြစ်ပြီး လက်ငါးချောင်း ဖြင့်ဆန်ဆေးခြင်းကို “ရီသောက်လာ” ဟူ၍ ရေထဲကိုရောက်လာခြင်းနှင့် ဂုဏ်ရည်တူချင်းသဲလွန်စ ပေးထားခြင်းဖြစ်ပါသည်။ ထိုသို့ လက်ငါးချောင်းဖြင့် ဆန်ဆေးလိုက်သောအခါ ရေနောက်ကျိသွားပြီး လက်ရာပျောက်သွားခြင်းကို “ခြီရာ ပျောက်”၊ “ရီနောက်” ဟူသောစကားနှင့် သဲလွန်စပေး ထားခြင်းဖြစ်ပါသည်။ ထို့ပြင် “လက်ငါးချောင်း” ကို “ဆင်ပြောင်ကြီးငါးရာ”နှင့် တင်စား၍လည်းကောင်း၊ “ဆန်ဆေးခြင်း”ကို “ရီသောက်လာခြင်း”နှင့် တင်စား၍လည်းကောင်း၊ “လက်ငါးချောင်းရာပျောက်ခြင်း”ကို “ခြီရာပျောက်ခြင်း” နှင့် ပုံစံတူချင်း တင်စား၍လည်းကောင်း၊ “ဆန်ဆေးရည်” ကို“ရီနောက်”ဟူ၍ နောက်ကျိနေသောရေနှင့် ဂုဏ်ရည်တူချင်းတင်စားဆက်စပ်ကာ ပန်းဇုက်ထားခြင်းဖြစ်သောကြောင့် ဤပန်းဇုက်ကို ဂုဏ်ရည်တူသော ပန်းဇုက်ဟု ဆိုလိုရခြင်း ဖြစ်ပါသည်။

အထက်တွင်ဖော်ပြခဲ့သော မြန်မာစကားထာနှင့် ရခိုင်ပန်းဇုက်တို့သည် ဆင်တူယိုးမှားမှုရှိသော စကားထာ(ပန်းဇုက်)များဖြစ်ကြောင်းတွေ့ရှိရပါသည်။ အဘယ်ကြောင့်ဆိုသော် “ဆန်ဆေးရည်”ကို စကားထာဇုက်ရာ၌ မြန်မာတွင် “နွားမတစ်ရာ၊ ရေဆင်းလာ” ဟူ၍ဖွဲ့ဆိုသည်။ ရခိုင်တွင် “ဆင်ပြောင်ကြီးငါးရာ၊ ရီသောက်လာ”ဟူ၍ဖွဲ့ဆိုသည်။ ထိုဖွဲ့ဆိုမှုသည် တူမယောင်နှင့် တင်စားချက် ကွဲပြားသော စကားထာများအဖြစ် တွေ့ရှိရပါသည်။ “ခြေရာလည်းပျောက်၊ ရေလည်း နောက်”ဟူသော အဆုံးသတ်မှာ တူညီနေသည်ကို တွေ့ရသည်။ ထိုသို့တူမယောင်နှင့်ကွဲပြား ရခြင်းမှာလူမျိုးအလိုက် မိမိတို့ပတ်ဝန်းကျင် ဒေသပေါ်မူတည်၍ တင်စားချက်ကွဲပြားခြင်းဖြစ်သည်။ မြန်မာလူမျိုးတို့သည် မြေပြန့်ဒေသတွင် နေထိုင်ကြပြီး အသုံးပြုမှုများသော နွားကိုအခြေပြု၍ စကားထာများ၊ စကားပုံများတွင် အများဆုံး အသုံးပြုလေ့ရှိသည်။ ရခိုင်လူမျိုးတို့သည် တောတောင်များတွင် နေထိုင်မှုများပြီး ဆင်သတ္တဝါနှင့် နီးစပ်မှုရှိ၍ တင်စားရာတွင် ဆင်ကိုအသုံးပြုကြကြောင်း တွေ့ရှိရပါသည်။ မြန်မာကဆန်ဆေးရာတွင်

လက်ဆယ်ချောင်းကိုအသုံးပြု၍ နွားတစ်ရာ၊ ရခိုင်ကလက်ငါးချောင်းကို အသုံးပြု၍ ဆင်ငါးရာစသည်ဖြင့် အရေအတွက်တင်စားချက် အနည်းငယ် ကွဲပြားသည်ကိုတွေ့ရသည်။ ထိုသို့တင်စားချက်များအနည်းငယ် ကွာခြားသော်လည်း ရေသောက် ဆင်းရာတွင် ခြေရာလည်းပျောက်ပြီးရေလည်းနောက်ဟူသောအသုံးက အတူတူပင် ဖြစ်၍ တူမ ယောင်နှင့် ကွဲပြား၍ ဆင်တူ ယိုးမှားစကားထာအဖြစ် မှတ်သားရပါသည်။

**ဟိုဘက်ရွာနဲ့ဒီဘက်ရွာ၊ သူနဲ့ကြည့်ရင်မြင်ရတာ။ (မြန်မာ)**

**အဖိုးအိမ်နန့် အဘောင်အိမ်၊ ထုတ်ချင်းပေါက်။(ရခိုင်)**

**အဖြေ - မီးပြောင်း /ပြောင်းကျိုင်**

ဤ "ဟိုဘက်ရွာနဲ့ဒီဘက်ရွာ၊ သူနဲ့ကြည့်ရင်မြင်ရတာ" ဟူသောမြန်မာစကားထာ၏ ဆိုလိုရင်း အဓိပ္ပာယ် မှာ ဟိုဘက်ရွာနှင့်ဒီဘက်ရွာကိုကြည့်၍ မြင်ရသောအရာကို ဖော်ပါဟု ဆိုလိုခြင်း ဖြစ်ပါသည်။

ဤပန်းဝှက်(စကားထာ)တွင် "ဟိုဘက်ရွာနဲ့ဒီဘက်ရွာ"ဟူသည် ဟိုဘက်နှင့် သည်ဘက်ဆိုသော တည်နေရာကို ဆိုလိုခြင်း၊ "သူနဲ့" ဟူသည် ကြည့်၍ရသောအရာ တစ်နည်းအားဖြင့် မီးပြောင်းကို ဆိုလို ခြင်း၊ "ကြည့်ရင်မြင်ရတာ"ဟူသည် ကြည့်၍မြင်နိုင်ခြင်း တို့ဖြစ်ပါသည်။ ဤစကားထာ၏ ဆိုလိုရင်းမှာ ဟိုဘက်နှင့်သည်ဘက်ကို မြင်နိုင်သောအရာကို အနက်ဖော်ပါဟု ဆိုလိုခြင်းဖြစ်ပါသည်။ ဤစကားထာ၏ အဖြေမှာ မီးပြောင်းဖြစ်ပါသည်။ မီးပြောင်းသည် ဝါးကိုအဆစ်များ၊ အဖုအထစ်များ မပါအောင်ပြုလုပ် ထားသော အရာဖြစ်ပါသည်။ ထိုမီးပြောင်းဖြင့် ဟိုဘက်သည်ဘက်ကိုကြည့်၍ မြင်ရပါသည်။ ထို့ကြောင့် ဤစကားထာ၏ အဖြေကို မီးပြောင်းဟု ဆိုလိုခြင်းဖြစ်ပါသည်။ ထို့ပြင် ဤစကားထာတွင်ပါသော "သူနဲ့ ကြည့်ရင်မြင်ရတာ" ဟူသောစကားလုံးသည် မီးပြောင်း၏ဂုဏ်ရည်ကို ဖော်ညွှန်းနေသော စကားဖြစ်ပါ သည်။ မီးပြောင်းသည် ဟိုဘက်သည်ဘက်ကို တိုက်ရိုက်မြင်နိုင်သော ဂုဏ်ရည်ရှိပါသည်။ထို့သို့ ဤပန်းဝှက်အမေးနှင့် အဖြေတို့အနက်ချင်း ဆက်စပ်မှုရှိသောကြောင့် ဤပန်းဝှက်ကို အမေးနှင့်အဖြေ ဆက်စပ်မှုရှိသော ပန်းဝှက်ဟု ဆိုလိုရခြင်းဖြစ်ပါသည်။

ဤ "အဖိုးအိမ်နန့်အဘောင်အိမ်၊ ထုတ်ချင်းပေါက်" ဟူသော ရခိုင်ပန်းဝှက်(စကားထာ)သည် အဘိုးအိမ်နှင့် အဘွားအိမ်ကို ထုတ်ချင်းပေါက် မြင်နိုင်သောအရာကို ဆိုလိုခြင်း ဖြစ်ပါသည်။

ဤပန်းဝှက်(စကားထာ)တွင်"အဖိုးအိမ်နန့်အဘောင်အိမ်"ဟူသည်ဟိုဘက်နှင့်သည်ဘက် ဟူသော တည်နေရာကို ဆိုလိုခြင်းဖြစ်ပြီး "ထုတ်ချင်းပေါက်"ဟူသည် အကာအကွယ် အတားအဆီးမရှိ ဘဲ တိုက်ရိုက်မြင်နိုင်သောအရာကို ဆိုလိုခြင်းဖြစ်ပါသည်။

ဤပန်းဝှက်(စကားထာ)၏ဆိုလိုရင်းမှာ ဟိုဘက်နှင့်သည်ဘက်ကို အတားအဆီးမရှိဘဲ တိုက်ရိုက် မြင်နိုင်သောအရာကို အနက်ဖော်ပါဟု ဆိုလိုခြင်းဖြစ်ပါသည်။ ဤပန်းဝှက်(စကားထာ) ၏အဖြေမှာ ရခိုင်လူမျိုးတို့၏ ထမင်းဟင်းချက်ပြုတ်ရာတွင် အသုံးပြုသော "ပြောင်းကျိုင်" (မီးပြောင်း) ဖြစ်ပါသည်။ ပြောင်းကျိုင်သည် ဝါးကိုအဆစ်များ၊ အဖုအထစ်များ မပါအောင်ပြုလုပ်ထားသော အရာဖြစ်ပါသည်။ ထိုသို့အဖုအထစ်များမရှိသည့်အတွက် ဟိုဘက်သည်ဘက် ကို တိုက်ရိုက်ရှင်းရှင်းလင်းလင်းမြင်ရပါသည်။ ထို့ကြောင့်ဤပန်းဝှက်(စကားထာ)၏ အဖြေကို "ပြောင်းကျိုင်" (မီးပြောင်း)ဟု ဆိုလိုခြင်းဖြစ်ပါသည်။ ထို့ပြင်ဤပန်းဝှက်တွင်ပါသော "ထုတ်ချင်းပေါက်" ဟူသောစကားလုံးသည် မီးပြောင်း၏ ပုံသဏ္ဍာန်နှင့်

ဂုဏ်ရည်ကို ဖော်ညွှန်းနေသောစကား ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် "ထုတ်ချင်းပေါက်"သည် ဟိုဘက်သည်ဘက်ကို အတားအဆီးမရှိ တိုက်ရိုက်မြင်နိုင်စွမ်းရှိခြင်းဟူသော အနက်ရိုးအဓိပ္ပာယ်ရှိသည်။ မီးပြောင်းသည် ဟိုဘက်သည်ဘက်ကို တိုက်ရိုက်မြင်နိုင်သော ဂုဏ်ရည်ရှိပါသည်။ ထို့သို့ ပန်းဝှက် (စကားထာ)မှ ထုတ်ချင်းပေါက်၏ အနက်ရိုးသည် အဖြေ"မီးပြောင်း"၏ ဂုဏ်ရည်ပြအနက်ကို ဖော်ပြနေပါသည်။ ထို့သို့ ဤပန်းဝှက်အမေးနှင့် အဖြေတို့အနက်ချင်းဆက်စပ်မှုရှိသောကြောင့် ဤပန်းဝှက်ကို အမေးနှင့်အဖြေဆက်စပ်မှုရှိသော ပန်းဝှက်ဟု ဆိုလိုရခြင်းဖြစ်ပါသည်။

အထက်တွင်ဖော်ပြခဲ့သော မြန်မာစကားထာနှင့် ရခိုင်ပန်းဝှက်တို့သည် "မီးပြောင်း" ကိုဝှက်ထားသည် ဆိုသော်လည်း စကားအသုံးအနှုန်း အနည်းငယ်ကွဲပြားသော စကားထာ (ပန်းဝှက်) ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အဘယ်ကြောင့်ဆိုသော် မီးပြောင်းကို စကားထာဖွဲ့ရာတွင် မီးပြောင်းဖြင့် မြင်ရသော အကွာအဝေးကို ရခိုင်နှင့်မြန်မာ မတူညီသော်လည်း မီးပြောင်းဖြင့် ကြည့်ရာတွင် မြင်ရခြင်းတူပုံက တူမယောင်နှင့်ကွဲပြားသည်ကို တွေ့ရှိရပါသည်။ မြန်မာကမီးပြောင်းကြည့်ရသော အကွာအဝေးကို "ဟိုဘက်ရွာနဲ့ဒီဘက်ရွာ" ဟူ၍ရွာဖြင့်တင်စားကာ ဖွဲ့ဆိုထားသည်။ ရခိုင်တွင် "အဖိုးအိမ်နန့် အဘောင်အိမ်" (အဖိုးအိမ်နှင့်အဖွားအိမ်)ဟူ၍ အိမ်ဖြင့် တင်စားကာ ရေးဖွဲ့ထားသည်။ အကွာအဝေးကို ဝှက်ဆိုရာတွင် စကားထာဝှက်သူတို့၏ ကိုယ်ပိုင်အတွေးအမြင်တို့ဖြင့် တင်စားထားခြင်းကြောင့်သာဖြစ်သည်။ မြန်မာတွင် "သူနဲ့ကြည့်ရင် မြင်ရတာ"ဟူ၍ ကြည့်၍မြင်ရသော အရာဝတ္ထုကို ရိုးရှင်းစွာဖွဲ့ဆို ထားသည်။ ရခိုင်ပန်းဝှက်တွင် "ထုတ်ချင်းပေါက်"ဟူ၍ တင်စားကာဖွဲ့ဆိုထားသည်။ စကားထာဝှက်သော အရာဝတ္ထုကိုဖော်ရာတွင် မိမိတို့နှစ်သက်ရာဖြင့် တင်စားချက်ကွာခြားသော်လည်း အမြင်တူချင်းဖွဲ့ဆို ထား၍ ဆင်တူယိုးမှား စကားထာအဖြစ် လေ့လာတွေ့ရှိရခြင်းဖြစ်သည်။

**ကွဲပြားမှုရှိသောမြန်မာစကားထာနှင့် ရခိုင်ပန်းဝှက်များ**

ကွဲပြားမှုရှိသောမြန်မာစကားထာနှင့် ရခိုင်ပန်းဝှက်များဟူသည် စကားထာအနက်ဝှက်ဆိုခြင်း လုံးဝကွဲပြားခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။

**ငယ်တုန်းကစားဖော်စားဖက်၊ ကြီးလာတော့အိပ်ဖော်အိပ်ဖက်။(မြန်မာ)**

**အဖြေ- ဝါးပင်**

ဤစကားထာ၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ ငယ်စဉ်အချိန်တွင်စားသောက်ရသော အဖော်အဖက်ဖြစ်ပြီး ကြီးသောအချိန်တွင် အိပ်စက်ရသောအဖော်အဖက်ကို အနက်ဖော်ပါဟု ဆိုလိုခြင်းဖြစ်ပါသည်။ ဤစကားထာသည် ဝါး၏အသုံးဝင်ပုံကို စိတ်ကူးဖြင့်ပုံဖော်၍ စကားထာဝှက်သည်ဟု ထင်ပါသည်။ ဝါးမဖြစ်ခင် "မျှစ်စို့" အဖြစ် လူအများက စားသုံးကြသည်ကို "စားဖော်စားဖက်" ဟူ၍အနက်ဖွဲ့ပြီး ဝါးဖြစ်လာသောအခါတွင် အိမ်၏အခင်းအဖြစ်လည်းကောင်း၊ ခေါင်းအုံးအဖြစ် လည်းကောင်းအသုံးပြုကြသည်ကို "အိပ်ဖော်အိပ်ဖက်" ဟူ၍ အနက်ဖွက်သည်ကို တွေ့ရပါသည်။ ဝါးပင်၏ငယ်သော အချိန်တွင် မျှစ်အဖြစ် လူအများက စားသုံးကြသည်ကို "စားဖော်စားဖက်" ဟူ၍သဲလွန်စပေးပြီး ဝါးပင်ကြီးသော အချိန်တွင်လူတို့၏ အသုံးအဆောင်ပစ္စည်းအဖြစ် အသုံးပြုကြသည်ကို "အိပ်ဖော်အိပ်ဖက်" ဟူ၍ သဲလွန်စပေးကာ အချိန်နှင့်အသုံးပြုပုံကို အနက်ဖွက် ထားခြင်းဖြစ်ပါသည်။

**ငယ်ခါတံပက်ဝတ်၊ ကြီးခါတံပက်ချွတ်။ (ရခိုင်)**

**အဖြေ- ဝါးပင်**

ဤသည် ငယ်ခါ (စကားထာ)ဟူသောရခိုင်ပန်းဝှက် ”ငယ်ခါတံပက်ဝတ်၊ ကြီးခါတံပက်ချွတ်“ တံဘက်ဝတ်ပြီး ကြီးသောအခါတံဘက်ချွတ်ခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။

ဤရခိုင်ပန်းဝှက်(စကားထာ)မှ “ငယ်ခါ”ဟူသည် ငယ်ရွယ်သောအချိန်ကို ဆိုလိုခြင်းဖြစ်ပြီး “ကြီးခါ”ဟူသည် ကြီးပြင်းလာသောအချိန်ကိုဆိုလိုခြင်းဖြစ်ပါသည်။ “တံပက်ဝတ်”သည် တံဘက်ပတ်ထားခြင်း (ပဝါခြုံထားခြင်း)ကို ဆိုလိုခြင်းဖြစ်ပြီး “တံပက်ချွတ်”သည် ဝတ်ထားသော တံဘက်ကို ချွတ်လိုက်ခြင်း(ပဝါချွတ်ထားခြင်း)ကိုဆိုလိုခြင်းဖြစ်ပါသည်။

ဤရခိုင်ပန်းဝှက်(စကားထာ)၏ဆို လိုရင်းအဓိပ္ပာယ်မှာ ငယ်ရွယ်နုနယ်သော အချိန်တွင် တံဘက်နှင့်ပတ်ထားသကဲ့သို့ အထပ်များစွာရှိတတ်ပြီး ကြီးပြင်းလာသောအခါ တံပက်ချွတ်ထားသကဲ့သို့ အထပ်များမရှိသောအရာကို အနက်ဖော်ပါဟု ဆိုလိုခြင်းဖြစ်ပါသည်။ ဤရခိုင် ပန်းဝှက် (စကားထာ)၏ အဖြေမှာ “ဝါးပင်၊ထန်းပင်” ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဝါးပင်သည် အပင်နုနယ်ချိန်တွင် တံဘက်ပတ်ထားသကဲ့သို့ အပတ်များစွာရှိသော်လည်း ဝါးပင်ကြီးရင့် လာသောအခါ ထိုအပတ်များသည် တဖြည်းဖြည်း ကွာကျလာတတ်သောကြောင့်ဖြစ်ပါသည်။ ထို့ပြင်ဤပန်းဝှက်တွင် နုနယ်သောဝါးပင်ကို “ငယ်ခါ”ဟူ၍ ငယ်ရွယ်သောအချိန်နှင့် ဂုဏ်ရည်တူချင်း သဲလွန်စပေး၍လည်းကောင်း၊ ဝါးပင်တွင် အပတ်များစွာရှိခြင်းကို“တံပက်ဝတ်”ဟူ၍ တံဘက်ပတ်ထားခြင်းနှင့် ပုံစံတူ၊ဂုဏ်ရည်တူချင်း သဲလွန်စပေး၍လည်းကောင်း၊ ကြီးရင့်လာသောဝါးပင်ကို “ကြီးခါ”ဟူ၍ ကြီးရင့်လာသော အချိန်နှင့် ဂုဏ်ရည်တူချင်း သဲလွန်စပေး၍လည်းကောင်း၊ ဝါးပင်တွင်အပတ်မရှိခြင်းကို ကျွတ်စေသည်ဟု အနက်ရသော “ချွတ်”ဟူသောစကား၏ဂုဏ်ရည်နှင့် သဲလွန်စပေးကာ ပန်းဝှက်ထားခြင်းဖြစ်ပါသည်။ ထိုသို့“ဝါးပင်ငယ်၊ ဝါးပင်ကြီး၊ အပတ်ရှိသော ဝါးပင်၊ အပတ်မရှိသောဝါးပင်”ကို “ငယ်ခါ၊ ကြီးခါ၊ တံပက်ဝတ်၊ တံပက်ချွတ်” ဟူသောစကားလုံး တို့၏ဂုဏ်ရည်နှင့်ဆက်စပ်ကာ ပန်းဝှက်ထားခြင်းဖြစ်သောကြောင့် ဤပန်းဝှက်ကို ဂုဏ်ရည် တူသောပန်းဝှက်ဟု ဆိုလိုရခြင်းဖြစ်ပါသည်။

အထက်တွင်ဖော်ပြခဲ့သော မြန်မာစကားထာနှင့်ရခိုင်ပန်းဝှက်တို့သည် “ဝါးပင်”ကိုဝှက်ထားသည် ဆိုသော်လည်း အယူအဆကွဲပြားမှုရှိကြောင်း တွေ့ရှိရပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာစကားထာတွင် ငယ်ရွယ်စဉ်အသုံးပြုပုံနှင့် ကြီးချိန်အသုံးဝင်ပုံတို့ကို “စားဖော်စားဖက်၊ အိပ်ဖော်အိပ်ဖက်” ဟူ၍ မျှစ်နှင့်ဝါးတို့၏ ဂုဏ်ရည်ကိုသဲလွန်စပေးကာ ဝှက်ဆိုထားသည်။ အချိန်နှင့်အသုံးဝင်ပုံကို ဆက်စပ်ကာ စကားထာဖွဲ့ဆိုထားသည်။ ရခိုင်ပန်းဝှက်တွင် ဝါးပင်၏ ငယ်ရွယ်ချိန်နှင့်ကြီးချိန်တို့တွင် တွေ့မြင်ရသော ပုံသဏ္ဍာန်ကို “တံပက်ဝတ်၊ တံပက်ချွတ်” ဟူ၍ ပုံသဏ္ဍာန်ချင်းဆက်စပ်ကာ ပန်းဝှက်ထားသည်ကို တွေ့ရသည်။ မြန်မာကဝါးပင်၏အသုံးဝင်ပုံကိုဖွဲ့ပြီး ရခိုင်ကဝါးပင်၏ ပုံသဏ္ဍာန်ကိုဖွဲ့သည်။ ထိုသို့ ကွဲပြားရခြင်းမှာ စကားထာဝှက်သူတို့၏ အတွေးအခေါ်အယူအဆရှုမြင်ပုံနှင့် ပတ်ဝန်းကျင် အဆက်အစပ် ပေါ်မူတည်၍ ဖွဲ့ဆိုကြသောကြောင့်ဖြစ်သည်။ ထိုသို့စကားလုံး အသုံးအနှုန်းနှင့် အနက်အဓိပ္ပာယ် ကောက်ယူပုံတို့ကွဲပြားရုံ သာမကအယူအဆအမြင်တို့ပါ ကွဲပြားမှုများစွာ ရှိသောကြောင့် ဤမြန်မာစကားထာနှင့်ရခိုင် ပန်းဝှက်တို့ကို ကွဲပြားမှုရှိသောစကားထာ(ပန်းဝှက်) ဟုဆိုလိုရခြင်း ဖြစ်ပါသည်။

**သူ့ပင်စည်က မြွေပွေးပြောက်၊ သူ့အသီးက ပြည်တောင်းလောက်။ (မြန်မာ)**

**အဖြေ - သင်္ဘောသီး**

ဤ“သူ့ပင်စည်ကမြွေပွေးပြောက်၊ သူ့အသီးကပြည်တောင်းလောက်” မြန်မာစကားထာ၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ မြွေပွေးခန္ဓာကိုယ်ပေါ်ရှိ အကွက်အပျောက်နှင့်တူသော အပင်နှင့်ပြည်တောင်း လောက်ရှိသောအသီးကို ဖော်ပါဆိုလိုခြင်း ဖြစ်ပါသည်။ သင်္ဘောပင်၏ ပင်စည်ကိုမြွေပွေး၏ ကိုယ်ပေါ်ရှိ အကွက်အပြောက်သဏ္ဌာန်ဖြင့် အနက်ဝှက်ကာ အသီး၏အရွယ်အစားကို ဆန်ချိန်သော ပြည်တောင်း အရွယ်အစားဖြင့် အနက်ဝှက်သည်။ အသီးကိုဖော်၍ရစေရန် အပင်၏ပုံသဏ္ဌာန်ကိုပါ တင်စားကာ အနက်ကောက်ယူနိုင်အောင် မိမိတို့၏အမြင်ကို စိတ်ကူးထည့်ကာ စကားထာဝှက်ထားသည်ကို တွေ့ရှိရ ပါသည်။

**အကြီးအောက်ကနီ၊ အချေအထက်တက်။ (ရခိုင်)**

**အဖြေ - ပဒကာသီး**

ဤ “အကြီးအောက်ကနီ၊ အချေအထက်တက်” ဟူသော ရခိုင်ပန်းဝှက်သည်ကြီးသော အရာသည် အောက်တွင်ရှိပြီး ငယ်သောအရာသည် အပေါ်တွင်ရှိနေခြင်းကို ဆိုလိုပါသည်။

ဤပန်းဝှက်(စကားထာ)၏ ဆိုလိုရင်းမှာ အရာဝတ္ထုနှစ်ခုတွင် ကြီးသောအရာဝတ္ထုသည် အောက် တွင်ရှိပြီး ငယ်သောအရာဝတ္ထုသည် ထိုကြီးသောအရာဝတ္ထု၏အပေါ်၌ရှိသည်။ ထိုအရာကို အနက် ဖော်ပါဟု ဆိုလိုခြင်းဖြစ်သည်။ ဤပန်းဝှက်(စကားထာ)၏ အဖြေမှာ “ပဒကာသီး” (သင်္ဘောသီး) ဖြစ်ပါသည်။ သင်္ဘောပင်တွင် သင်္ဘောသီးသီးသောအခါ ကြီးသောအလုံးများသည် ငယ်သောအလုံးများ၏ အောက်၌ အမြဲရှိနေတတ်သည်။ ထို့ကြောင့်ဤပန်းဝှက်(စကားထာ)၏ အဖြေကိုသင်္ဘောသီးဟုဆိုလို ခြင်းဖြစ်ပါသည်။ ထို့ပြင်ဤပန်းဝှက်တွင် “အကြီး၊ အချေ(အငယ်)” ဟူသောစကားလုံးများသည် သင်္ဘောသီး၏ အရွယ်ပမာဏနှင့် ပုံသဏ္ဌာန်ကို အလေးပေး ဖော်ညွှန်းထားသော စကားလုံးများဖြစ်ပြီး “အောက်ကနီ”၊ “အထက်တက်”ဟူသော စကားများသည် သင်္ဘောသီး၏ အသီးသီးပုံအခြေအနေကို ဖော်ညွှန်းနေသော စကားလုံးများဖြစ်သည်။ ထို့ကြောင့် ဤပန်းဝှက်အမေးနှင့် အဖြေတို့သည် ပုံသဏ္ဌာန် အရသော်လည်းကောင်း အလေးပေးအနက်အရ သော်လည်းကောင်း၊ အခြေအနေအရသော် လည်းကောင်း ဆက်စပ်မှုရှိသော ပန်းဝှက်ဟုဆိုလိုခြင်းဖြစ်ပါသည်။

အထက်တွင်ဖော်ပြခဲ့သော မြန်မာစကားထာနှင့်ရခိုင်ပန်းဝှက်တို့သည် “သင်္ဘောသီး၊ ပဒကာသီး” ကို ဝှက်ထားသည်ဆိုသော်လည်း စကားလုံးအသုံးအနှုန်းနှင့် အတွေးအမြင်တို့ ကွဲပြားကြောင်း တွေ့ရှိရ ပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာစကားထာတွင် သင်္ဘောသီး နှင့် သင်္ဘောပင်တို့၏ ပုံသဏ္ဌာန်ကို သဲလွန်စပေးကာ ဝှက်ထားသော်လည်း ရခိုင်ပန်းဝှက်တွင် သင်္ဘောသီးများသီးနေပုံကို သဲလွန်စပေးကာ ဝှက်ထားကြောင်းတွေ့ရသည်။မြန်မာက သင်္ဘောပင်၏ပင်စည်ပေါ်မှာရှိသော အကွက်ပုံသဏ္ဌာန်ကို မြွေပွေး၏ အရေခွံပေါ်ရှိ အကွက်ပုံသဏ္ဌာန်နှင့်လည်းကောင်း၊ သင်္ဘောသီး၏ အရွယ်အစားကို ပြည်တောင်း၏ အရွယ်အစားနှင့်လည်းကောင်း ပုံသဏ္ဌာန်ချင်းဆက်စပ်ကာဖော်ပြထားသည်။ ရခိုင်က သင်္ဘောပင်ပေါ်ရှိ သင်္ဘောသီးများ တည်ရှိ နေပုံကို “အကြီးအောက်ကနေ၊ အချေအထက်တက်” ဟူ၍

ပုံသဏ္ဌာန်ချင်းဆက်စပ်ကာ ဖော်ပြထားသည်။ ထိုသို့စကားလုံးအသုံးအနှုန်းနှင့် အနက်အဓိပ္ပာယ် ကောက်ယူပုံတို့ ကွဲပြားရုံသာမက အတွေးအမြင်တို့ပါ ကွဲပြားမှုများစွာရှိသောကြောင့် ဤမြန်မာ စကားထာနှင့်ရခိုင်ပန်းဝှက် တို့ကို ကွဲပြားမှုရှိသော စကားထာ(ပန်းဝှက်) ဟုဆိုလိုခြင်း ဖြစ်ပါသည်။

**ခြေရှစ်ချောင်း၊ ခေါင်းဘယ်ညာ၊ အမြီးခါးလယ်မှာ။ (မြန်မာ)**

**အဖြေ - ချိန်ခွင်**

ဤ"ခြေရှစ်ချောင်း၊ ခေါင်းဘယ်ညာ၊ အမြီးခါးလယ်မှာ" ဟူသောစကားထာသည် ခြေရှစ်ချောင်း ပါပြီးခေါင်းဘယ်ညာယိမ်းကာ အမြီးခါးလည်တွင်ရှိသောအရာကို အနက်ဖော်ပါဟု ဆိုလိုရင်း ဖြစ်ပါ သည်။ ချိန်ခွင်တစ်ဖက်စီတွင် ကြိုး(၄)ချောင်းရှိပြီး နှစ်ဖက်ပေါင်းသော် ကြိုးရှစ်ချောင်းကို ခြေထောက် ရှစ်ချောင်းဖြင့်တင်စားထားသည်။ ဘယ်ညာယိမ်းသော ချိန်ခွင်လျှာကို ခေါင်းဖြင့်တင်စား၍ ခေါင်း ဘယ်ညာဟု အသုံးပြုထားသည်။ ချိန်ခွင်ကိုင်သည့်အခါ ချိန်ခွင်လျှာအပေါ်တွင် လက်ကိုင်အဖြစ် ပန်းဖွား ပုံသဏ္ဌာန်ရှိသော ပိတ်စသော်လည်းကောင်း၊ ချည်ကြိုးများသော်လည်းကောင်း အသုံးပြုကြသည်။ ထိုလက်ကိုင်ပန်းဖွားပုံသဏ္ဌာန်များ တွဲလောင်းကျနေပုံကို "အမြီးခါးလယ်မှာ" ဟူ၍ အနက်ဝှက်ထား သည်။ သက်မဲ့ချိန်ခွင်၏ ပုံသဏ္ဌာန်ကိုသက်ရှိအရာတွင် ရှိသော "ခြေ၊ ခေါင်း၊ အမြီး" စသောပုံသဏ္ဌာန် တို့ဖြင့် တင်စားကာဖွဲ့ထားခြင်းဖြစ်သည်။

**လျှာကပါယင့်၊ စားဖို့မတတ်။(ရခိုင်)**

**အဖြေ - ချိန်ခွင်**

ဤ"လျှာကပါယင့်၊ စားဖို့မတတ်" ဟူသောရခိုင်ပန်းဝှက်(စကားထာ)၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ လျှာပါသော်လည်း အစာမစားနိုင်သောအရာကို အနက်ဖော်ပါဟု ဆိုလိုခြင်းဖြစ်ပါသည်။ ဤပန်းဝှက် (စကားထာ)၏အဖြေမှာ "ချိန်ခွင်"ဖြစ်ပါသည်။

"ချိန်ခွင်"ကို "ရခိုင်ဝေါဟာရအဘိဓာန်" (၂၀၁၈)တွင် "ချိန် (န) /ချိန်/ တစ်စုံတစ်ခုသော ပစ္စည်း ဝတ္ထုတစ်ခုခုတို့၏ အလေးပမာဏကိုသိရအောင် ချိန်တွယ်သောကိရိယာ" (စာ-၂၁၅)ဟူ၍ လည်းကောင်း၊ "လျှာ" ကို "ခရီးဆောင်မြန်မာအဘိဓာန်" (၂၀၁၃) တွင် "လျှာ/ ယှာ/ န၊ ခံတွင်းရှိ အရသာ ခံစားနိုင်၊ လှုပ်ရှားနိုင်သည့်အသားစိုင်။ ချိန်ခွင်လျှာ" (စာ-၃၂၈) ဟူ၍လည်းကောင်း ဖွင့်ဆိုထားပါသည်။ ထို့ကြောင့်ချိန်ခွင်သည် သက်မဲ့ဖြစ်သောကြောင့် လျှာပါသော်လည်း အစာမစားနိုင် ခြင်းဖြစ်ပါသည်။ ထို့ပြင် ဤပန်းဝှက်တွင် အချိန်အတွယ်သတ်မှတ်ပေးသော ချိန်ခွင်ကို "လျှာကပါယင့်၊ စားဖို့မတတ်" ဟူ၍လည်းကောင်း၊ ပစ္စည်းနှင့်အလေးချိန် မညီမျှလျှင်ပြတတ်သော လက္ခဏာကို "လျှာ"ဟူ၍ ထုတ်နိုင် သွင်းနိုင်သောအရာနှင့် ပုံစံတူချင်းတင်စား၍လည်းကောင်း၊ သက်မဲ့ဖြစ်သောချိန်ခွင်ကို "စားဖို့မတတ်" ဟူ၍ အစာမစားတတ်ပုံနှင့် တင်စား၍လည်းကောင်း ပန်းဝှက်ထားခြင်းဖြစ်ပါသည်။ သို့သော် လျှာပါလျှင် အစာစားနိုင်သည်၊ အရသာခံနိုင်သည်မှာ သဘာဝပင်ဖြစ်ပါသည်။ ထိုသို့သဘောတရားချင်း ဒွန်တွဲ ဆက်စပ်နေသောကြောင့် ဤပန်းဝှက်ကို ဒွန်တွဲအနက်ရှိသော ပန်းဝှက်ဟု ဆိုလိုရခြင်းဖြစ်ပါသည်။

အထက်တွင်ဖော်ပြခဲ့သော မြန်မာစကားထာနှင့်ရခိုင်ပန်းဝှက်တို့သည် "ချိန်ခွင်"ကိုဝှက်ထားသည် ဆိုသော်လည်း စကားလုံးအသုံးအနှုန်းနှင့် အတွေးအမြင်တို့ ကွဲပြားကြောင်းတွေ့ရှိရပါသည်။

အဘယ်ကြောင့်ဆိုသော် မြန်မာစကားထာတွင် ချိန်ခွင်၏အဓိကကျသော အရာများဖြစ်သည့် ချိန်ခွင်ကြိုး၊ ချိန်ခွင်လျှာ၊ ချိန်ခွင်လက်ကိုင်တို့ကို သက်ရှိအရာတို့တွင်ရှိသော ခေါင်း၊ ခြေ၊ အမြီး စသည်ဖြင့် အမြင်ပုံသဏ္ဌာန်ချင်း ဆက်စပ်ကာဝှက်ထားသည်။ ရခိုင်ပန်းဝှက်တွင်မူ ချိန်ခွင်တွင် အဓိကကျသော သက်မဲ့ချိန်ခွင်လျှာကို အရသာခံစားတတ်သော သက်ရှိလျှာဖြင့်ဖွဲ့ဆိုသည်။ သက်ရှိလျှာသည် အရသာကို ခံစားနိုင်သော်လည်း ချိန်ခွင်တွင်ပါရှိသော သက်မဲ့လျှာသည် အရသာမခံစားတတ်ပုံကို "စားဖို့မတတ်" ဟူ၍ အနက်ဆက်စပ်ကာဝှက်ထားသည်။ မြန်မာကချိန်ခွင်၏ပုံသဏ္ဌာန်ကိုဖွဲ့ပြီး ရခိုင်ကချိန်ခွင်တွင် ပါသော လျှာ၏အရသာခံစားမှုကို အခြေပြုကာဖွဲ့ဆိုထားသည် ထိုသို့ကွဲပြားရခြင်းမှာ အတွေးအမြင် အယူအဆမတူညီမှုကြောင့် ဖြစ်သည်။ ထို့ကြောင့် ဤစကားထာကို မြန်မာနှင့်ရခိုင် ကွဲပြားမှုရှိသော စကားထာ(ပန်းဝှက်) ဟုဆိုလိုခြင်း ဖြစ်ပါသည်။

**သုံးသပ်ချက်**

ဤစာတမ်းသည် မြန်မာစကားထာနှင့် ရခိုင်ပန်းဝှက်များကို နှိုင်းယှဉ်လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ထိုသို့လေ့လာသောအခါ မြန်မာစကားထာနှင့် ရခိုင်ပန်းဝှက်တို့၏တူညီသော စကားထာ(ပန်းဝှက်)များအနက် (၃)ခု၊ မြန်မာနှင့်ရခိုင်ဆင်တူယိုးမှားသော စကားထာ (ပန်းဝှက်) များ အနက် (၂)ခုနှင့် မြန်မာနှင့်ရခိုင်ကွဲပြားသော စကားထာ(ပန်းဝှက်)များအနက် (၃)ခု တို့ကို လေ့လာတင်ပြခဲ့ပါသည်။ မြန်မာနှင့်ရခိုင်တူညီသောစကားထာ(ပန်းဝှက်)များတွင် အများအားဖြင့် စကားလုံးအသုံးအနှုန်းနှင့် အနက်အဓိပ္ပာယ်ကောက်ယူပုံတို့ တူညီနေကြောင်း လေ့လာတွေ့ရှိရပါသည်။ ထိုသို့တူညီရခြင်းမှာ မြန်မာနှင့်ရခိုင်တို့သည် ဆင်းသက်လာသောဘာသာစကားမျိုးရိုး တူညီနေသည့်အပြင် အနီးစပ်ဆုံးဘာသာစကား ဖြစ်သောကြောင့်ဟု ဆိုနိုင်ပါသည်။ ဆင်တူယိုးမှားရှိသောစကားထာ တို့တွင် တင်စားချက်များကွဲပြားသော်လည်း စကားထာ(ပန်းဝှက်) အသုံးအနှုန်းမှာ တူညီမှုရှိသည်ကို တွေ့ရပါသည်။ အတွေးအမြင်ခံစားချက်ပေါ်မူတည်၍ စကားအသုံး အနှုန်းတူသော်လည်း မိမိတို့စိတ်ကူး တင်စားချက်များ ကွဲပြားနေ၍ ဆင်တူယိုးမှားအဖြစ် တွေ့ရှိရခြင်းဖြစ်သည်။ မြန်မာနှင့်ရခိုင်ကွဲပြားသော စကားထာ(ပန်းဝှက်)များတွင် အခေါ်အဝေါ်၊ အတွေးအမြင်၊ အယူအဆ၊ ခံစားပုံနှင့် စကားလုံး အသုံးအနှုန်းတို့ ကွဲပြားကြောင်းတွေ့ရှိရပါသည်။ ထိုသို့ကွဲပြားရခြင်းမှာ ကျင်လည်ရာ ပတ်ဝန်းကျင်ကိုမူတည်ပြီး စိတ်ကူးစိတ်သန်းနှင့် အတွေးအခေါ်တို့ ကွဲပြားသွားသောကြောင့် အနက်အဓိပ္ပာယ် ကောက်ယူပုံတို့ပါ ကွဲပြားရခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

**နိဂုံး**

မြန်မာစကားထာနှင့်ရခိုင်ပန်းဝှက်များသည် မိမိတို့၏ယဉ်ကျေးမှု၊ ရေမြေသဘာဝ၊ ဓလေ့စရိုက်နှင့် ပတ်ဝန်းကျင်အပေါ်အခြေခံ၍ ၎င်းတို့၏ဉာဏ်ပညာနှင့်ပေါင်းစပ်ကာ အနက်အဓိပ္ပာယ် ကွယ်ဝှက်၍ ပဟေဠိပြုထားခြင်းဖြစ်ပါသည်။ ထို့အပြင်မြန်မာနှင့်ရခိုင်တို့သည် စကားထာ(ပန်းဝှက်) များကို အနက်ဝှက်ရာတွင် သဲလွန်စပေး၍လည်းကောင်း၊ ထင်ယောင်ထင်မှားဖြစ်အောင် လမ်းလွှဲ၍လည်းကောင်း အဓိပ္ပာယ်ပရိယာယ်များကို စနစ်တကျအသုံးပြုကာ ဝှက်ထားသည်ကို တွေ့ရပါသည်။ ဤစာတမ်းတွင်စကားထာ (ပန်းဝှက်)တစ်ခုချင်းစီ၏ အနက်အဓိပ္ပာယ်များကို အကျယ်တဝင့် ဖော်ပြ

ထားရုံသာမက စကားထာ(ပန်းဝှက်)တို့၏ တူညီမှု၊ ဆင်တူယိုးမှားဖြစ်မှု၊ ကွဲပြားမှုတို့ကို အနက်ဆက်စပ်ကာ လေ့လာတင်ပြခဲ့ခြင်းဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း

**မြန်မာဘာသာ**


ကောင်းပြည့်စုံ။ ။(၂၀၁၈)***မြန်မာ့ရိုးရာစကားထာများနှင့်စကားလိမ်ဉာဏ်စမ်းအဖြေများ*** ။ ရန်ကုန်၊စိတ်ကူးချိုချိုစာပေ။

ကြည်ဦး။ ။(၂၀၁၇)***မြန်မာ့ရိုးရာစကားထာများ*** ။ စကြိမ်။ ရန်ကုန်၊ စန္ဒာဝင်းစာပေ။-

ခင်အေး။ဒေါက်တာ။ ။(၂၀၀၄)***အတ္ထဗေဒနိဒါန်း*** ။ ရန်ကုန်၊ ပညာတန်ဆောင်ပုံနှိပ်တိုက်။

ခင်အေး။ဒေါက်တာ။နှင့်။ အောင်မြင့်ဦး။ဒေါက်တာ။ ။(၂၀၁၀)***သုတေသနအခြေခံ သုတေသနပုံစံ*** ။ ဒုကြိမ်။ ရန်ကုန်၊ - ပညာတန်ဆောင် ပုံနှိပ်တိုက်။

စက္ကိန္ဒဦး။နှင့်။ ပီယ၊မာန်အောင်။ ။(၁၉၆၉)***ရခိုင်ယဉ်ကျေးမှုများ*** ။ ရန်ကုန်၊ ရခိုင်သားကြီးစာပေ။

တင်တင်နု။ ။(၂၀၂၃)***ရခိုင်ပန်းဝှက် များ၏ အနက်အဓိပ္ပာယ်သဘောလေ့လာချက်(စကားထာ)***။

ဓမ္မပီယ၊ အသျှင်။ ။(၂၀၁၅)***ရခိုင်ပန်းဝှက်နန့်သုတရတနာများ*** ။ ရန်ကုန်၊ ဝေဘူလစာပေ။

နန်းသူဇာသိန်းထူး။ ။(၂၀၁၀)***ကရင်စကားထာများကို အတ္ထဗေဒရှုထောင့်မှ လေ့လာခြင်း*** ။ ရန်ကုန်တက္ကသိုလ်၊ ပါရဂူဘွဲ့ အတွက်တင်သွင်းသောကျမ်း။

ဗသိန်း၊မောင်။ ။(၂၀၁၇)***ရခိုင်ဘာသာစကားနန့်အပြောအခြိခံရခိုင်အရီးအသား*** ။ ရန်ကုန်၊ ဝေဘူလစာပေ။

မြန်မာစာအဖွဲ့။ ။(၂၀၂၂)***မြန်မာအဘိဓာန်*** ။ တကြိမ်။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။-

ယုဇန၊ကျောက်ဖြူ။ ။(၂၀၂၃)***ဓလေ့ရိုးရာရမ္မာဝတီရခိုင်သဘာဝဇမ်းကဗျာ*** ။ စစ်တွေ၊ အေးမိသားစုပုံနှိပ်တိုက်။

ဝါသဝ၊အသျှင်။ ။(၂၀၁၈)***ရခိုင်ဝေါဟာရအဘိဓာန်*** ။ ရန်ကုန်၊ မြန်မာနိုင်ငံတိုင်းရင်းသား ဘာသာစကားဦးစီးဌာန။

အိရွှေစင်လင်း။(၂၀၂၀)။ ***မွန်တိုင်းရင်းသားရိုးရာစကားထာများလေ့လာချက်*** ။ ရန်ကုန်တက္ကသိုလ်၊ ပါရဂူဘွဲ့အတွက် တင်သွင်းသောကျမ်း။

အောင်လှသိန်း။ ။(၂၀၁၅)***ရခိုင်သုတအဘိဓာန်*** ။ ဒုကြိမ်၊ ရန်ကုန်၊ ဝေဘူလစာပေ။-


**အင်္ဂလိပ်ဘာသာ**


Crystal, David. ( .(1996 ***The Cambridge Encyclopedia of Language***. Cambridge University Press.

*J. Myanmar Acad. Arts Sci. 2026* **Vol. XXIII. No.6**

# တိဗက်စာအရေးအသားစနစ်

ခင်မြတ်မြတ်သွယ်[၁]

**စာတမ်းအကျဉ်း**

တိဗက်စာအရေးအသားစနစ်၏သွင်ပြင်များကို အရေးရုပ်သွင်လေ့လာမှု (Graphology) နယ်ပယ်မှ သုတေသနပြုထားသော စာတမ်းဖြစ်ပါသည်။ အက္ခရာရေးဆွဲပုံစနစ်၊ ဗျည်း သင်္ကေတ၊ သရသင်္ကေတ၊ သင်္ကေတများတွဲဖက်ပုံစနစ်၊ သချ်ာဂဏန်းသင်္ကေတ၊ ပုဒ်ဖြတ် ပုဒ်ရပ်သင်္ကေတဟူ၍ ကဏ္ဍ (၆) ခုဖြင့် တင်ပြထားပါသည်။ တိဗက်စာအရေးအသားစနစ်သည် အရေးသွင်ပြင်ရှုပ်ထွေးပြီး အသံနှင့်အရေး ကွာခြားမှုကြီးမားသည့် စာရေးနည်းစနစ် ဖြစ်ကြောင်း၊ ခေတ်ဦးအကြိုကာလပုံစံ အရေးသွင်ပြင် မျိုးဖြစ်ပြီး အရေးအက္ခရာဖောင်းပွမှုများကြောင်း သုံးသပ်တင်ပြထားပါသည်။ အရေးရုပ်သွင်လေ့လာမှု နယ်ပယ် တွင်လည်းကောင်း၊ တိဗက်မြန်မာအနွယ်ဝင် ဘာသာစကားများကို နှိုင်းယှဉ်လေ့လာရာတွင်လည်းကောင်း အထောက်အပံ့ပြုရန် မျှော်မှန်းပါသည်။

**သော့ချက်ဝေါဟာရများ** - ဗျည်းသင်္ကေတ၊ သရသင်္ကေတ၊ ယှဉ်တွဲဗျည်းသင်္ကေတ၊ ဗျည်းယှဉ်သရ သင်္ကေတ၊ ပုဒ်ဖြတ်ပုဒ်ရပ်သင်္ကေတ

## နိဒါန်း

တိဗက်ဘာသာစကားသည် တိဗက်-မြန်မာမျိုးနွယ်ဝင် ဘာသာစကားဖြစ်ပြီး တိဗက်၊ ဘူတန်၊ နီပေါ၊ ဆစ်(ခ်)မီ ဒေသများတွင် သုံးစွဲကြသည်။ ပျံ့နှံ့ရာဒေသကိုလိုက်၍ တိဗက်ဘာသာစကားကို အစု(၄)စု ခွဲခြားထားသည်။ အလယ်ပိုင်းတိဗက်ဒေသိယ (Central Tibetan)၊ တောင်ပိုင်းတိဗက် ဒေသိယ (Southern Tibetan)၊ မြောက်ပိုင်းတိဗက်ဒေသိယ (Northern Tibetan) နှင့် အနောက်ပိုင်း တိဗက်ဒေသိယ (Western Tibetan) တို့ဖြစ်ကြသည်။

စံတိဗက်စကားဟု သတ်မှတ်ထားသော လာဆာတိဗက်စကားသည် အလယ်ပိုင်းအစုတွင် ပါဝင်သည်။ တောင်ပိုင်းတိဗက်ဒေသိယတွင် ဘူတန်၊ နီပေါ၊ ဆစ်(ခ)မီ ဘာသာစကားများ ပါဝင်ကြသည်။ မြောက်ပိုင်းဒေသိယကို ခမ်းတိဗက်စကား (Kham Tibetan) ဟု ခေါ်ကြပြီး အနောက်ပိုင်းဒေသိယကို အမ်ဒိုတိဗက်စကား (Amdo Tibetan) ဟု ခေါ်ကြသည်။ ဘူတန်၊ နီပေါ၊ ဆစ်(ခ)မီစကားများကိုဖယ်၍ တိဗက်ဘာသာစကား အစု (၃)စု ရှိသည်ဟု သတ်မှတ်ကြသည် များလည်း ရှိသည်။

တိဗက်လူမျိုးတို့ ပင်မအခြေချနေထိုင်ရာဒေသသည် အရှေ့အာရှတိဗက်ကုန်းပြင်မြင့်တွင် တည်ရှိသည်။ မြောက်ဘက်နှင့် အရှေ့ဘက်တွင် တရုတ်နိုင်ငံနှင့် နယ်နိမိတ်ချင်း ရှည်လျားစွာ ထိစပ်နေသည်။ တောင်ဘက်နှင့် အနောက်ဘက်တွင် ဟိမဝန္တာတောင်စဉ်တလျှောက် အိန္ဒိယ၊ ဘူတန်၊ နီပေါတို့နှင့် ဆက်စပ်နေသည်။ ပထဝီဝင်အနေအထားအရ တိဗက်သည် တရုတ်နှင့် အပြန်အလှန်ကူးလူး ဆက်ဆံရန် ပိုမိုလွယ်ကူသော်လည်း ဘာသာရေးနှင့် ယဉ်ကျေးမှုတို့သည် အိန္ဒိယဘက်သို့ပို၍ နီးစပ်ခဲ့ သည်။

---

[၁] မြန်မာစာဌာန၊ မန္တလေးတက္ကသိုလ်

စာအရေးအသား စနစ်တီထွင်ရာတွင်လည်း မြောက်ပိုင်းအိန္ဒိယကမ္ဘည်းစာများကို ကျောထောက်နောက်ခံပြု၍ ဖန်တီးယူခဲ့သည်။ တိဗက်အက္ခရာများကို ဦးဆောင်တီထွင်ခဲ့သူမှာ ထိုမိစမ္ဘောဒ ཐོན་མི་སམ་བྷོ་ཊ། (Thonmi Sambhota) အမည်ရှိ ဝန်ကြီးတစ်ဦးဖြစ်ပါသည်။ တိဗက်ကေရာဇ် စုင်ဆောင်ဂမ်ပို སྲོང་བཙན་སྒམ་པོ (Songtsen Gampo)/ sóŋtsẽ gʌ̀mpo/ (အေဒီ ၆ ရာစု) လက်ထက်တွင် ထိုမိနှင့် အခြားလူငယ်ပညာတတ် ၁၅ ဦးကို အိန္ဒိယနိုင်ငံသို့စေလွှတ်ပြီး သက္ကတဘာသာစကား ဆိုင်ရာများ သင်ယူစေခဲ့သည်။ ထိုမိသည် ဘာသာစကား၊ သဒ္ဒါ၊ အဘိဓာန် ကျမ်းပြုနည်း၊ ကဗျာ၊ စာပေ၊ ဒဿနဗေဒနှင့် အခြားနီးနွယ်ဆက်စပ်ရာများကို ခုနစ်နှစ်ခန့် သင်ယူလေ့လာခဲ့သည်။ ထို့နောက် ဒေဝနာဂရီအက္ခရာနှင့် ကတ်ရှမီးယားကမ္ဘည်းစာများကို အခြေခံ၍ တိဘက်ဗျည်းနှင့် သရများကို တီထွင်ခဲ့သည်။

တိဗက်နှင့်မြန်မာသည် တိဗက်-တရုတ်မျိုးရိုး၊ တိဗက်-မြန်မာမျိုးခွဲဝင် ဘာသာစကားများဖြစ်ကြပုံချင်းလည်း တူသည်။ အိန္ဒိယရှေးဟောင်းအက္ခရာများကို အခြေပြု၍ ကိုယ်ပိုင်အက္ခရာ၊ ကိုယ်ပိုင်အရေးအသားစနစ် တီထွင်ခဲ့ကြပုံချင်းလည်း တူသည်။ ရှေးဦးမြန်မာများသည် တိဗက်ကုန်းပြင်မြင့်မှ ကွဲထွက်လာသောလူစုများဖြစ်သည် ဟူသော အယူအဆများလည်းရှိသည်။ ထိုသို့ မြန်မာနှင့်အနွယ်ချင်း၊ ဘာသာစကားချင်း၊ ပင်မရင်းမြစ်ချင်း နီးစပ်သည့်

**"တိဗက်ဘာသာစကား၏ စာအရေးအသားစနစ်သည် မည်သို့ရှိပါသနည်း"**

ဟူသောမေးခွန်းကို ဖြေရှင်းရန်အတွက် ဤစာတမ်းကို သုတေသနပြုရေးသား ခဲ့ခြင်းဖြစ်ပါသည်။ အလေ့လာခံအထောက်အထားများအဖြစ် ဉာဏ်ပညာအမြုတေကျမ်းဂန် (The Heart of the Perfection of Wisdom Sutra)၊ ဘုန်းတော်ကြီး ဒလိုင်းလားမား၏ ထုတ်ပြန်ကြေညာချက်များ၊ အလယ်ပိုင်းတိဗက်ဒေသ အုပ်ချုပ်ရေးကောင်စီ၏ တိဗက်ရုပ်မြင်သံကြားဌာနမှ သတင်းကြေညာချက်များ၊ တိဗက်ဘာသာစကား စာကြည့်တိုက်မှ ထုတ်ပြန်ချက်များ၊ တိဗက်ဗုဒ္ဓဘာသာ အရင်းအမြစ်စင်တာ (ဟားဗက်) (TBRC Harvard) မှ ဓမ္မပေစာများကို အခြေခံ၍ သုတေသနပြု တင်ပြထားပါသည်။

## စာပေလေ့လာဆန်းစစ်ချက်

တိဗက်စာအရေးအသားစနစ်သည် အေဒီ ၇ ရာစု-ရရာစုခန့်တွင် စတင်ပေါ်ပေါက်ခဲ့သော စာအရေးအသားစနစ်ဖြစ်သည်။ နှစ်ပေါင်းထောင်ချီကြာခဲ့ပြီဖြစ်သော သက်တမ်းရှည် စာအရေးအသားနည်းစနစ်ဖြစ်ပြီး စာပေအထောက်အထားအဖြစ် ဓမ္မစာပေများကို အဓိကတွေ့ရှိရသည်။

တိဗက်စာအရေးအသားစနစ် ဖြစ်ပေါ်မှုသမိုင်းကြောင်းတွင် ဗုဒ္ဓစာပေနှင့်လာမား ဘုန်းတော်ကြီးများ၏ အခန်းကဏ္ဍသည် အရေးပါထင်ရှားခဲ့သည်။ ထိုမိစမ္ဘောဒ၏ ဦးဆောင်မှုနောက်တွင် တိဗက်စာသင်သား ဘုန်းတော်ကြီးများသည် ကိုယ်ပိုင်အရေးအက္ခရာ၊ ကိုယ်ပိုင် အရေးအသားစနစ်တို့ကို တီထွင်နိုင်ခဲ့ကြသည်။ ၁၁ ရာစု အလယ်ခန့်တွင် ကတ်ရှ်မီးယားမှ ယူဆောင်လာသော သက္ကတသဒ္ဒါကျမ်း များကို တိဗက်အက္ခရာဖြင့် ဘာသာပြန်ရေးသားနိုင်သည်အထိ တိုးတက်လာခဲ့သည်။ တရုတ်ကျူးကျော်စစ်ကာလတွင်လည်း ဘုန်းတော်ကြီး ဒလိုင်းလားမား၏ ခေါင်းဆောင်မှုဖြင့် တိဗက်စာအရေးအသားစနစ်၊ တိဗက်ဘာသာစကားနှင့် တိဗက်ယဉ်ကျေးမှုတို့ကို ထိန်းသိမ်းကာကွယ်နိုင်ခဲ့သည်။ တိဗက်ဘာသာ

စကား မပျောက်ပျက်ရေး၊ ပြန့်ပွားရေးအတွက် ဘာသာစကားသင်ရိုးများ ပြုစုရေးသားကြရာတွင်လည်း တိဗက်လာမားများ ပါဝင်လျက်ရှိသည်။

လာမား ချိုဒါဂ်ရင်ပိုချင်း (Lama Choedak Rinpoche) သည် “တိဗက်ဘာသာစကား ဖတ်စာ” (A Textbook of Tibetan Language) ကို ၁၉၉၄ ခုနှစ်တွင် ရေးသားပြုစုခဲ့သည်။ သင်ခန်းစာ (၁၆) ခု ပါဝင်ပြီး အရေးအက္ခရာ၊ သဒ္ဒါစကားလုံး၊ ဝါကျဖွဲ့ပုံ၊ စကားလုံးစီစဉ်နေရာချ ထားပုံတို့ကို စုံလင်စွာ ဖော်ပြထားသည်။ လာမားဒေးဗစ်ကားတစ် (Lama David Curtis)သည် တိဗက်ဘာသာစကား မိတ်ဆက် (Introduction to Tibetan Language) ကို ရေးသားပြုစုခဲ့သည်။ တိဗက်ဗုဒ္ဓစာပေနှင့် ရှေးဟောင်း တိဗက်စာ အရေးအသားစနစ်ကိုအခြေခံ၍ တိဗက်ဝဏ္ဏဖွဲ့ပုံစနစ်ကို အသေးစိတ် ရှင်းလင်း တင်ပြထားသည်။ တိဗက်စာအရေးအသားစနစ်၏ အခြေခံဖွဲ့စည်းပုံများကို လေ့လာဖော်ထုတ်ရာတွင် အထောက်အပံ့ပြုသော သင်ရိုးစာအုပ်များဖြစ်သည်။

အခြားသောဘာသာဗေဒ ပညာရှင်များကလည်း တိဗက်ဘာသာစကား သင်ခန်းစာများကို ရေးသားပြုစုခဲ့ကြသည်။ ဟာဒင်းနှင့် မော်ရလီ (Harding, S., & Morelli) တို့၏ တိဗက်ဘာသာစကား စာပေးစာယူသင်ခန်းစာများ (Tibetan Language Correspondence Courses) (1987) တွင် တိဗက် အရေးအက္ခရာများ၊ ဝါစင်္ဂများ၊ ကာလများ၊ နှုတ်ပြောစကားများ စသည်ဖြင့် ကဏ္ဍစုံလင်အောင်တင်ပြ ထားသည်။ တိဗက်အရေးအက္ခရာများ၊ သံပြောင်းပြသင်္ကေတများ၊ ဗျည်း၊ သရတွဲစပ်ပုံများကို လေ့လာ ရာတွင် အထောက်အကူပြုပေသည်။

အသံကို ကိုယ်စားပြုသည့် အရေးအက္ခရာများ၊ ယင်းတို့တွဲစပ်ပုံနည်းစနစ်များကို လေ့လာရာ တွင် အသံနှင့်အရေး တစ်ပါတည်းတွဲ၍ စဉ်းစားကြံဆရမည်ဖြစ်သည်။ ကေဂျေလင်း (Kjellin, Olle) ၏ “တိဗက်ဘာသာစကားမှ တက်ကျသံကို ဘယ်လိုရှင်းလင်းကြမလဲ” (How to explain the tones in Tibetan) (1975) သည် တိဗက်စာအရေးအသားစနစ်၏ တက်ကျသံသင်္ကေတ ပြဿနာကို ဖြေရှင်းရာ တွင် အလွန်အထောက်အကူပြုသော သုတေသနစာတမ်း တစ်စောင် ဖြစ်သည်။ စကားအဆက်အစပ် ပေါ်မူတည်၍ ပြောင်းလဲသွားသော အသံကြိမ်နှုန်းများကို သရသံတစ်သံချင်းစီ တိုင်းတာပြထားသည်။ တိဗက်စကားတွင် တက်ကျသံရှိခြင်း၊ မရှိခြင်း ပြဿနာနှင့်ပတ်သက်၍ သိပ္ပံနည်းကျကျ ချဉ်းကပ် ဖော်ထုတ်မှုဖြစ်သည်။

အရေးအသားစနစ်တွင် ဂဏန်းသင်္ကေတများကို ထုတ်ဖော်ခြင်းသည်လည်း အရေးပါသော အခန်းကဏ္ဍတစ်ရပ်ဖြစ်သည်။ တိဗက်သင်္ချာဂဏန်းသင်္ကေတများကို လေ့လာရာတွင်

(၁) တိဗက်-တရုတ်ဘာသာစကားများ၏ ဂဏန်းသင်္ကေတ စနစ်များ

(Sino-Tibetan Numeral Systems) (1997) နှင့်

(၂) စကားအစိတ်အပိုင်းများကို ခွဲခြမ်းစိတ်ဖြာ၍ တိဗက်ကိန်းဂဏန်းများ သတ်မှတ်ခြင်း

(Tibetan Number Identification Based on Classification of Number Components in Tibetan Word Segmentation) (2010)

ဟူသော သုတေသနစာတမ်းများသည် သွင်ပြင်ပြောင်းလဲမှုသဘောကို ရှင်းလင်းလွယ်ကူစွာ ချိတ်ဆက်ဆန်းစစ်နိုင်အောင် ပံ့ပိုးပေးသည်။ ဖြာဟ္မီအရေးအသားသုံး ဘာသာစကားများမှ ဂဏန်း သင်္ကေတစနစ်များ၏ ယေဘုယျသဘောလက္ခဏာရပ်များကို ဆန်းစစ်ပြထားပြီး တိဗက်ကိန်းဂဏန်းသင်္ကေတများ၏ သဘောသဘာဝနှင့်လည်း နှိုင်းယှဉ်ကြည့်နိုင်သည်။

အထက်ပါ ဘာသာစကားပညာရှင်များ၏ သုတေသနစာတမ်းများ၊ ပညာရပ်ဆိုင်ရာ ဆောင်းပါးများကိုအခြေခံ၍ တိဗက်စာအရေးအသားစနစ်၏ သွင်ပြင်လက္ခဏာများကို လေ့လာဖော်ထုတ် တင်ပြပါမည်။

## နည်းနာ

### ပညာရပ်ဆိုင်ရာနည်းနာ

“စာရေးသားရာ၌ အသံကို ကိုယ်စားပြုသော အမှတ်သင်္ကေတ” (မြန်မာစာအဖွဲ့၊ ၂၀၁၈၊ စာ ၄၂၄) ကိုအက္ခရာဟုခေါ်သည်။ လူတို့သည် စကားပြောခြင်းအလုပ်ကို ဦးစွာတတ်မြောက်ကြပြီး အရေးအသားကို နောက်မှတတ်မြောက်လေ့ရှိကြသည်။ အပြောစကားသည် အပြောင်းအလဲမြန်သည်။ အရေးအက္ခရာနှင့် အရေးအသားစနစ်များတီထွင်၍ မှတ်သားလိုက်သောအခါ အပြောစကားသည် တည်ငြိမ်မှုကို ရလာသည်။

စာရေးသားရန် ဗျည်းနှင့်သရများ လိုအပ်ပါသည်။ မြန်မာစာအရေးအသားတွင် ပါဝင်သော “က၊ ခ၊ ဂ...” တို့သည် ဗျည်းအက္ခရာများဖြစ်ပြီး၊ “အ၊ အာ၊ ဣ၊ ဤ ...” တို့သည် သရအက္ခရာများ ဖြစ်ကြသည်။ စကားသံများကို ကိုယ်စားပြုသော အရေးအက္ခရာများ မတီထွင် နိုင်သေးမီကာလက အတွေးစိတ်ကူးများကို ပုံဖော်သောသင်္ကေတများ တစ်နည်းအရုပ်ပုံများဖြင့် ရည်ညွှန်းဖော်ပြခဲ့ကြသည်။ လွန်ခဲ့သောနှစ်ပေါင်း ၅၀၀၀ ကျော်ခန့် (ဘီစီ ၃၀၀၀ ဝန်းကျင်ခန့်) တွင် မက်ဆိုပိုတေးမီးယား (Mesopotamia) ဒေသ၌စာအရေးအသား၏ ရှေ့ပြေးအမှတ်အသားဖြစ်သော အရုပ်များကိုစတင် အသုံးပြုခဲ့ကြသည်။

အရုပ်စာများ၏ အားနည်းချက်မှာ ရုပ်ပုံသင်္ကေတများပြားပြီး မှတ်သားရခက်သည်။ ဝိဝါဒကွဲစရာများရှိလာသည်။ ထို့ကြောင့် နောက်ပိုင်းတွင် အရုပ်စာမှတစ်ဆင့် စကားသံကို ကိုယ်စားပြုသောသင်္ကေတများအဖြစ် တဖြည်းဖြည်းပြောင်းလဲ တီထွင်လာကြသည်။ ဘာသာစကားရှိ စကားသံများကို အခြေခံ၍ဗျည်းသံ၊ သရသံပေါင်းထားသော အသံစုတစ်ခုလျှင် စာလုံးတစ်လုံး သတ်မှတ်သည့် ဝဏ္ဏစာအရေးအသား စနစ်ပေါ်လာသည်။ ဗျည်းနှင့်သရခွဲ၍ သီးခြားစာလုံးများ တီထွင်သောအရေးအသားစနစ်ပေါ်ပေါက်လာသည်။ အရုပ်စာများမှ အသံကိုကိုယ်စားပြုသည့် အရေးအက္ခရာများသုံးသည့်စနစ်သို့ တဖြည်းဖြည်း ကူးပြောင်းလာသည်။

အက္ခရာများကို စတင်အသုံးပြုသည့် မူလအရေးအသားများမှာ ဆီမိတစ် (Semitic) နှင့် ဖီနီယှန် (Phoenician) စာအရေးအသားစနစ်များ ဖြစ်ကြသည်။ ဆီးမိုက်များအသုံးပြုခဲ့သည့် အသံထွက်အက္ခရာများမှာ ဗျည်းအက္ခရာများသာဖြစ်သည်။ သရအက္ခရာဟူ၍ သီးခြားသတ်မှတ် ထားခြင်းမတွေ့ရပေ။

ဗျည်းအက္ခရာများကိုပင် သရအမျိုးမျိုးအတွက် သုံးခြင်းဖြစ်သည်။ ဆီမိတစ်အက္ခရာများကို အတုယူပြီး ဖီနီယုန်တို့ကလည်း အသံထွက်အက္ခရာ ၂၂ လုံးကို တီထွင်ခဲ့ကြသည်။ ယင်းတို့သည်လည်း ဗျည်းအက္ခရာများသာဖြစ်ကြသည်။ သင်္ဘောများဖြင့် ကုန်စည်ကူးသန်းခဲ့ကြသော ဖီနီယုန်တို့၏ အရေးအက္ခရာများသည် ပတ်ဝန်းကျင်ဒေသများသို့ ပျံ့နှံ့သွားခဲ့ပြီး ရောမသားတို့သည်လည်း ဖီနီယုန်အက္ခရာများကို ရရှိခဲ့ကြသည်။ ထိုအက္ခရာများသည် နောင်တွင် ရောမအက္ခရာ (Roman Alphabet) ဟု ဖြစ်လာသည်။ ထို့ကြောင့် ဆီမိတစ်၊ ဖီနီယုန် အရေးအက္ခရာများသည် ရောမအက္ခရာများ၏ ဘိုးဘေးများဟုပင် ဆိုနိုင်ပေသည်။

ကမ္ဘာ့အနောက်ခြမ်းဖြစ်သော အိန္ဒိယ၊ အာရှဒေသများတွင်မူ ဗြာဟ္မီ (Brahmi Script) အက္ခရာ၊ ခရောဿျဋ္ဌီ (Kharosthi Script) အက္ခရာတို့က လွှမ်းမိုးနေရာယူခဲ့သည်။ အိန္ဒိယတွင် ဘီစီ ၆၀၀ ဝန်းကျင်ခန့်၌ ဗုဒ္ဓသာသနာစတင်ထွန်းကားခဲ့သည်။ ခရောဿျဋ္ဌီအက္ခရာများသည် ကုလားအုတ်နှုတ်ခမ်းသဖွယ် ကွေ့ကောက်သော ပုံသဏ္ဌာန်ရှိသည်။ ဘီစီ ၃၀၀ မှ အေဒီ ၃၀၀၊ ၄၀၀ ခန့်အထိ အိန္ဒိယမြောက်ပိုင်းတွင် အသုံးပြုခဲ့သည်။ ဆီမိတစ်အက္ခရာမှ ဆင်းသက်လာသည် ဟုဆိုကြသည်။ အာရဗစ်အက္ခရာမှ ဆင်းသက်လာသည်ဟူသော အယူကွဲလည်း ရှိသည်။ ခရောဿျဋ္ဌီနှင့် ဗြာဟ္မီသည် တူညီသော ဗျည်းနှင့်သရများကို အသုံးပြုသော်လည်း အက္ခရာပုံ သဏ္ဌာန်များမှာ မတူညီကြပေ။ ဗြာဟ္မီအက္ခရာကို ဘီစီ ၃ ရာစုမှ အေဒီ ၂ ရာစု ခန့်အထိ အိန္ဒိယတစ်တိုက်လုံးတွင် အသုံးပြုခဲ့ကြသည်။

ကူရှန် (Kusan) ခေါ် ကုသန (Kusana)အက္ခရာ၊ ဂုပ္တ (Gupta) အက္ခရာစသည်ဖြင့် မူလသွင်ပြင်မှ တစ်ဆင့် ပြောင်းလဲသောပုံစံများပေါ်ပေါက်လာသည်။ အေဒီ ၈ ရာစုတွင်မူ အုပ်စိုးသော မင်းအလိုက် သာမက ဒေသအလိုက်ပြောင်းလဲအသုံးပြုသော အက္ခရာပွားများပေါ်ပေါက်လာသည်။ အာရှ အလယ်ပိုင်းရှိ တိဗက်၊ အရှေ့တောင်အာရှရှိ မြန်မာ၊ ခမာ၊ ထိုင်း၊ လာအိုတို့သည် ထိုဗြာဟ္မီပွား အက္ခရာများမှ ဆင်းသက်လာသော မျိုးကွဲများဖြစ်ကြသည်။

အိန္ဒိယဗြာဟ္မီအရေးအသားသည် ဝဏ္ဏစနစ်တစ်ပိုင်း အက္ခရာစဉ် စနစ်တစ်ပိုင်း အရေးအသားမျိုးဖြစ်သည်။ ဗျည်းအက္ခရာနှင့် ယှဉ်တွဲနိုင်သော သရအက္ခရာများပါရှိပြီး ယင်းနှစ်ခုကို တွဲစပ်၍ ဝဏ္ဏတစ်ခုအဖြစ် ရေးသားနိုင်သည်။ ဤသည်မှာ ဝဏ္ဏစာရေးနည်းစနစ်၏ သဘောလက္ခဏာဖြစ်သည်။ ထို့ပြင် ဗျည်းအက္ခရာ၊ သရအက္ခရာများကို အစီအစဉ်တကျ ရေးသားရခြင်းဖြစ်၍ အက္ခရာစဉ်စနစ်၏ သဘောလက္ခဏာလည်း ဆောင်နေသည်။ ထို့ကြောင့်ဗြာဟ္မီအရေးအသားကို ဝဏ္ဏတစ်ပိုင်း အက္ခရာစဉ် စနစ် တစ်ပိုင်းအရေးအသားဟု သတ်မှတ်ကြခြင်းဖြစ်သည်။ အိန္ဒိယဗြာဟ္မီမှ ဆင်းသက်လာသော အရှေ့အာရှ၊ အရှေ့တောင်အာရှရှိ အရေးအသားများတွင်လည်း ဝဏ္ဏတစ်ပိုင်း အက္ခရာစဉ်စနစ် တစ်ပိုင်း သဘောလက္ခဏာများကို တွေ့ရသည်။

တိဗက်သည် ဗြာဟ္မီဆင့်ပွား ဒေဝနာဂရီ (**Devanagari**) အက္ခရာမှ ဆင်းသက်လာသည်။ စကားသံကို အခြေပြုသည့် အရေးအသားစနစ်ဖြစ်သည်။ အသံကို ကိုယ်စားပြုဖော်ပြနိုင်သည့် ဗျည်းသင်္ကေတ၊ သရသင်္ကေတများပါဝင်သည်။ ဗျည်းသင်္ကေတများတွင် ပင်မဗျည်းသင်္ကေတ၊ အဆက်ဗျည်းသင်္ကေတ၊ ယှဉ်တွဲဗျည်းသင်္ကေတများဟူ၍ (၃) မျိုးရှိသည်။ သရသင်္ကေတများတွင် လုံးချင်းသရ

သင်္ကေတနှင့် ဗျည်းယှဉ်သရသင်္ကေတဟူ၍ရှိသည်။ ပင်မဗျည်း၏ထက်၊ အောက်၊ ဝဲ၊ ယာတွင် အဆက်ဗျည်း၊ ယှဉ်တွဲဗျည်း၊ ဗျည်းယှဉ်သရများ ခြံရံ၍ရေးသားလေ့ရှိသည်။ သင်္ချာသင်္ကေတများ၊ ပုဒ်ဖြတ်ပုဒ်ရပ်သင်္ကေတများကိုလည်း နေရာတကျ ထည့်သွင်းအသုံးပြု ရေးသားရသည်။

ထို့ကြောင့်တိဗက်စာအရေးအသားစနစ်ကို လေ့လာဖော်ထုတ်ရာတွင် အခြေခံလိုအပ်သည့် အရေးသင်္ကေတများနှင့် ထိုအရေးသင်္ကေတများ ပေါင်းစပ်တွဲဖက်ပုံကို ဦးတည်၍ လေ့လာတင်ပြသွားပါမည်။

## သုတေသနနည်းနာ

သုတေသနပြဿနာနှင့် စပ်လျဉ်းသည် နောက်ခံအချက်အလက်များကို လေ့လာခြင်း၊ ပညာရှင်များ၏ အယူအဆများကိုအခြေခံ၍ အလေ့လာခံအရေးအသားစနစ်၏ သွင်ပြင်လက္ခဏာများကို ဆန်းစစ်ခြင်း၊ မူရင်းအထောက်အထားများမှ အချက်အလက်များစုဆောင်းခြင်း၊ အမျိုးအစားခွဲခြားခြင်း၊ စနစ်ဖော်ထုတ်ခြင်း ထိုအဆင့်များဖြင့် လေ့လာစိစစ်ထားပါသည်။ အထောက်အထားများနှင့်တကွ ခွဲခြမ်းစိတ်ဖြာ စိစစ်ဖော်ပြသော သရုပ်ဖော်သုတေသနဒီဇိုင်း (Descriptive Research Design) ဖြင့် တည်ဆောက်ထားပါသည်။ ဘာသာစကားသင်ကြားရေး၊ နှိုင်းယှဉ်လေ့လာရေးတို့အတွက် အထောက်အပံ့ကောင်းဖြစ်စေသည့် အသုံးချသုတေသန (Applied Research) အမျိုးအစားဖြစ်ပါသည်။

## လေ့လာတွေ့ရှိချက်

တိဗက်စာအရေးအသားစနစ်ကို သုတေသနပြုလေ့လာရာတွင် အက္ခရာရေးဆွဲပုံစနစ်၊ ဗျည်းသင်္ကေတ၊ သရသင်္ကေတ၊ သင်္ကေတများတွဲဖက်ပုံစနစ်၊ သင်္ချာဂဏန်းသင်္ကေတ၊ ပုဒ်ဖြတ်ပုဒ်ရပ်သင်္ကေတ ဟူ၍ ကဏ္ဍ (၆) ခုခွဲ၍ တင်ပြပါမည်။

### တိဗက်အက္ခရာရေးဆွဲပုံစနစ် (Tibetan Calligraphy)

တိဗက်စာရေးသားနည်းစနစ်သည် ဝဏ္ဏစနစ်တစ်ပိုင်း အက္ခရာစဉ်စနစ်တစ်ပိုင်း အရေးအသားစနစ် (semi syllabic – semi alphabetic writing system) ဖြစ်သည်။ အဗူဂီဒါ (abugida) စနစ်ဟုလည်း ခေါ်ကြသည်။ စကားသံကို အခြေပြုသည့် အရေးအသားစနစ်ဖြစ်ပြီး ဗျည်းသံရင်း၊ သရသံရင်း တစ်ခုစီကို ကိုယ်စားပြုသည့် အရေးအက္ခရာများရှိကြသည်။ ထိုအရေးအက္ခရာများကို စီစဉ်ရေးဆွဲရာတွင် အဓိက ရေးဆွဲပုံ (၂) မျိုးရှိသည်။ ယင်းတို့မှာ

- དབུ་ཅན་ /uʔ tɕh`ã/ အူချန် နှင့်
- དབུ་མེད་ /uʔ mɛ̀/ အူမဲ

တို့ဖြစ်ကြသည်။

အူချန်စနစ်တွင် အက္ခရာများကို ရေးဆွဲရာ၌ ထိပ်မျဉ်းတစ်ကြောင်းကို ဦးစွာ ရေးဆွဲလေ့ရှိသည်။ ထိုမျဉ်းကို ဗဟိုပြု၍အက္ခရာ၏ ကျန်အစိတ်အပိုင်းများကို ထပ်ဖြည့်ရေးဆွဲကြသည်။ ရေပြင်ညီမျဉ်းများကို ဝဲမှ ယာသို့ ဦးတည်ရေးဆွဲ၍ မျဉ်းမတ်၊ မျဉ်းကွေးများကိုမူ အထက်မှအောက်သို့ ဦးတည်ရေးဆွဲကြသည်။

အူမဲစနစ်မှာမူ မျဉ်းကွေးပုံစံရေးဆွဲသောစနစ်ဖြစ်သည်။ ရေပြင်ညီထိပ်မျဉ်းမသုံးဘဲ အတန်အသင့် ကွေးသောမျဉ်းများဖြင့်ရေးဆွဲသည်။ အူမဲသည် အူချန်ကို အမြန်ရေးသောပုံစံ ဖြစ်သည်။ အက္ခရာများ၏ ထိပ်ပိုင်းတွင် မျဉ်းရှည်များ မပါသည့်အတွက် ဦးခေါင်းမဲ့စာ (headless script) ဟုလည်းခေါ်ကြသည်။ ပို၍ မျဉ်းကွေး မျဉ်းကောက်များပြီး လက်ရေးဆက်ပုံစံ အရေးအသားကိုမူ ခယွတ်(က်)ယစ် /khə juʔg jiʔ/ (**འཁྱུག་ཡིག་**) ဟု ခေါ်သည်။ စာအုပ်အဖုံးများတွင် အသုံးပြုသော အလှလက်ရေးပုံစံ အရေးအသားကို မူ ဘမ်ယစ် /-bã jiʔ/ (**འབམ་ཡིག་**) ဟုခေါ်သည်။



**དབུ་མེད་ အူမဲအရေးအသား**



**འཁྱུག་ཡིག་ ခယွတ်ယစ် ခေါ် လက်ရေးဆက်ပုံစံအရေးအသား(က်)**



**འབམ་ཡིག་ ဘမ်ယစ် အရေးအသား**

ထိုအရေးပုံစံကွဲအမျိုးမျိုးအနက် အူချန်သည် စံပုံနှိပ်အက္ခရာဖြစ်သည်။ ဘူတန်အမျိုးသား ဘာသာစကား ဇုန်ခ (ཇོང་ཁ་) /-ʥoũŋ khá/ တွင်လည်း အူချန် အရေးပုံစံနှင့် တိဗက်အရေး အက္ခရာ များကို အသုံးပြုကြသည်။ တိဗက်အင်ပါယာ ဖွံ့ဖြိုးတိုးတက်လာသည့် ၇ ရာစု၊ ၈ ရာစုကာလများတွင် ပေါ်ပေါက်ခဲ့သော အက္ခရာရေးဆွဲပုံစနစ်ဖြစ်သည်။ ပညာတတ် အလွှာများ အများဆုံးအသုံးပြုသော စနစ်ဟုလည်း သတ်မှတ်ကြသည်။ အူမဲနှင့်ခယွတ်(က်)ယစ်ကဲ့သို့ မျဉ်းကွေးလက်ရေးဆက် အရေးပုံစံ များကိုမူ ရုံးသုံးစာ၊ ပြဋ္ဌာန်းစာ၊ ပုံနှိပ်ထုတ်ဝေစာ မဟုတ်သည့် အလွတ်သဘောရေးသားမှုများတွင် အသုံးပြုကြသည်။

**ဗျည်းသင်္ကေတများ**

တိဗက်စာအရေးအသားစနစ်တွင် ဗျည်းသင်္ကေတ (၃၀) ရှိပါသည်။ ဆာလ်ဂျဒ်စူမ်ဂျူ (གསལ་བྱེད་སུམ་བཅུ་) /sāl ʥá s`ũ ʥū/ ဟု ခေါ်ပါသည်။ ထိုဗျည်း (၃၀) တွင် ཀ་ /k/ မှ ཧ་ /h/ အထိ ၂၉ လုံးကို ဖခင်အက္ခရာများ ဟု သတ်မှတ်၍ ཨ་ /a/ ကို မိခင်အက္ခရာဟု သတ်မှတ်ကြပါသည်။ ཨ་ /a/ သည် သီးခြား ဗျည်းယှဉ် သရသင်္ကေတ အမှတ်အသားမရှိဘဲ ဗျည်း (၃၀)လုံး၏ အတွင်း၌ ငုပ်လျှိုး နေသော အတွင်းငုပ်သရ (inherent vowel) ဖြစ်သည်။ “အတွင်းငုပ်သရ ဆိုသည်မှာ အရေးရုပ်သွင်တွင် သရသံသင်္ကေတ အမှတ်အသား သီးခြားမပါဝင်ဘဲ ရွတ်ဆိုသည့်အခါမှ အသံထည့်၍ ရွတ်ဆိုရသည့် သရသံမျိုးဖြစ်သည်။” (အောင်မြင့်ဦး၊ ၂၀၁၀၊ စာ ၄) အတွင်းငုပ်သရနှင့် ယှဉ်တွဲပြီးဖြစ်ရာ အချို့ဗျည်းများ

သည် ဗျည်းအက္ခရာတစ်လုံးတည်း ရေးသားထားစေကာမူ ဝဏ္ဏအဆင့်၊ စကားလုံးအဆင့်တွင် ရပ်တည်နိုင်ပြီး သတ်မှတ်အဓိပ္ပာယ်များလည်း ရှိကြသည်။ သာဓကအားဖြင့်

**ཁ་ /kʰa/ ၁။ ဒုတိယမြောက်အက္ခရာ၊ အက္ခရာစဉ်စာရင်းတွင် ဒုတိယမြောက်နေရာ၌ရှိသော အရာ။ ၂။ ပါးစပ်။** (Goldstein, M. C. 2001. p.87)

ဟူသည့် အဘိဓာန်ဖွင့်ဆိုချက်ကိုကြည့်နိုင်သည်။ “ཉ་ /ɲā/ ငါး” ၊ “ར་ /rā/ ဆိတ်”၊ “ས་ /sā/ မြေပြင်” စသည်ဖြင့် ဗျည်းအရေးရုပ်သွင်တစ်ခုတည်းကို ဖော်ပြထားစေကာမူ ဝဏ္ဏအဆင့်၊ စကားလုံးအဆင့်တွင် ရပ်တည်နိုင်သည်။

တိဗက်ဗျည်းများတွင် သီးသန့်အမည်၊ အခေါ်အဝေါ် မရှိပေ။ အင်္ဂလိပ် ဗျည်းများတွင် “J ” (ဂျေ) “K” (ကေ) ၊ “L” (အယ်လ်) ၊ “M” (အမ်)၊ “N” (အန်) စသည်ဖြင့် ဗျည်းအမည်များ သီးသန့်ရှိသည်။ မြန်မာသင်ပုန်းကြီးဗျည်းများတွင်လည်း က (ကကြီး)၊ ခ (ခကွေး)၊ ဂ (ဂငယ်) စသည်ဖြင့် ဗျည်းအမည်များ သီးသန့်ပေးထားသည်။ တိဗက်ဗျည်းများတွင်မူ ထိုသို့ အမည်သီးသန့်ပေးထားခြင်း မရှိပေ။ ཀ་ /ka/ ၊ ཁ་ /kʰa/ ၊ ག་ /ga/ စသည်ဖြင့် အသံထွက်သည့်အတိုင်းသာ ခေါ်ဝေါ်ကြသည်။ ထိုဗျည်း များတွင် ပင်ကိုအားဖြင့် နိမ့်သံ၊ မြင့်သံအသံအရည်အသွေးတွဲ၍ ပါဝင်လျက်ရှိသည်။ တိဗက်သံ နိမ့်ဗျည်းများသည် အသံရှည်၍ အသက်ရှူသံ လေးလေးပင်ပင်ဖြင့် ရွတ်ဆိုရသော ဗျည်းများဖြစ်သည်။ သံမြင့်ဗျည်းများမှာ အသံတိုတို ပြတ်ပြတ်ရွတ်ဆိုရလေ့ရှိသော ဗျည်းများဖြစ်သည်။

ထိုတိဗက်ဗျည်း (၃၀)ကို စီစဉ်ရေးသားရာတွင် ဖြစ်ရာဌာန်၊ ဟန် တူညီမှုအလိုက် ဝဲမှယာသို့ စီတန်း၍ နေရာချရေးသားသည်။ မြန်မာဗျည်း (၃၃) လုံးကို “ဝဂ်” အစုများခွဲပုံနှင့် သဘောချင်း တူညီသည်။ မြန်မာသင်ပုန်းကြီးဗျည်းများကို စီတန်းရေးသားရာတွင် ဖြစ်ရာဌာန်ချင်းတူညီသည့် “က၊ ခ၊ ဂ၊ ဃ၊ င” (၅) လုံး အစုကို ဝဲမှယာသို့ စီတန်းရေးသားသည်။ ထို (၅) လုံးစုကို ကဝဂ် (က အစု) ဟုခေါ်သည်။ အလားတူပင် တိဗက်ဗျည်းများတွင်လည်း “ཀ་ཁ་ག་ང་” ဟူ၍ ဌာန်တူ ဗျည်း (၄) လုံးကို ဝဲမှယာသို့ စီတန်းရေးသားလေ့ရှိသည်။ ထို (၄) လုံးစုကို က ဆေဒ် (ཀ་སྡེ་) /ká séd/ က အစု ဟုခေါ်သည်။ က ဆေဒ် (ཀ་སྡེ་) ၊ ကျ ဆေဒ် (ཅ་སྡེ་) /tɕá séd/၊ တ ဆေဒ် (ཏ་སྡེ་) /tá séd/၊ ပ ဆေဒ် (པ་ སྡེ་) /pá séd/၊ ဆ ဆေဒ် (ཙ་ སྡེ་) /shá séd/ ဟူ၍ အစု (၅) စု ခွဲနိုင်သည်။

| ပထမအက္ခရာ | ဒုတိယအက္ခရာ | တတိယအက္ခရာ | စတုတ္ထအက္ခရာ |
|---|---|---|---|
| ཀ་ /k/ | ཁ་ /kʼ/ | ག་ /g/ | ང་ / ŋ / |
| ཅ་ / tɕ / | ཆ་ / tɕʼ/ | ཇ་ / dʑ / | ཉ་ / ɲ / |
| ཏ་ / t / | ཐ་ / tʼ/ | ད་ / d / | ན་ / n / |
| པ་ | ཕ་ | བ་ | མ་ |

| **ပထမအက္ခရာ** | **ဒုတိယအက္ခရာ** | **တတိယအက္ခရာ** | **စတုတ္ထအက္ခရာ** |
|---|---|---|---|
| /p/ | /pˈ/ | /b/ | /m/ |
| ཙ་ /ts/ | ཚ་ /tsˈ/ | ཛ་ /dz/ | ཝ་ /w/ |
| ཞ་ /zsh/ | ཟ་ /z/ | འ་ /a/ | ཡ་ /j/ |
| ར་ /r/ | ལ་ /l/ | ཤ་ /ɕ/ | ས་ /s/ |
| ཧ་ /h/ | ཨ་ /a/ | | |

အထက်မှအောက် ဒေါင်လိုက်စုဖွဲ့မှုပုံစံကို ကြည့်လျှင်မူ တိဗက်ဗျည်းများကို အုပ်စု (၄)စု ခွဲခြားနိုင်သည်။ ပထမအက္ခရာအစု ཀ་ ཅ་ ཏ་ པ་ ཙ་ ཞ་ ར་ ཧ་ တို့သည် သံတိုသံလျော့ဗျည်းများ ၊ သိထိလဗျည်းများ ဖြစ်ကြသည်။ ဒုတိယအက္ခရာအစု ཁ་ ཆ་ ཐ་ ཕ་ ཚ་ ཟ་ ལ་ ཨ་ တို့သည် သံတိုသံတင်းဗျည်းများ၊ ဓနိတဗျည်းများ ဖြစ်ကြသည်။ တတိယအက္ခရာအစု ག་ ཇ་ ད་ བ་ ཛ་ འ་ ཤ་ တို့သည် သံရှည် သံပြင်းဖြင့် ရွတ်ဆိုရသော ဗျည်းများဖြစ်ကြသည်။ စတုတ္ထအက္ခရာအစုမှ ང་ ཉ་ ན་ མ་ ཝ་ ཡ་ས་ ဗျည်းများသည် နှာသံ သံလေးဗျည်းများဖြစ်ကြသည်။ ဗျည်းဇယားတွင် အလျားလိုက် စီစဉ်မှုသည် ဖြစ်ရာဌာန်၊ ဟန်အပေါ်မူတည်၍ စီစဉ်ခြင်းဖြစ်ပြီး ဒေါင်လိုက်စုဖွဲ့မှုသည် အသံအရည် အသွေး အတက်အကျအပေါ်တွင်မူတည်၍ စီစဉ်ခြင်းဖြစ်သည်။

တိဗက်ဘာသာစကားတွင် ဗျည်း(၃၀)အပြင် ပြောင်းပြန်အက္ခရာ (၆) လုံးလည်းရှိသည်။ ဂါထာ မန္တရားများနှင့် သင်္သကရိုက်အမည်များကိုရေးသားရာတွင် သုံးသောဗျည်းများဖြစ်သည်။

**ཊ་/ ta /, ཋ་/ tˈa/, ཌ་/ da /, ཎ་/ na /, ཥ་/ɕa/ , ཀྵ་/kɕa/**

မြန်မာဗျည်းများသတ်မှတ်ရာတွင်လည်း ထိုသို့ “ဠ” ကို ခေါင်းသေးသေးဖြင့် ပြောင်းပြန်ရေးသည့် ဗျည်းမျိုးပါဝင်ခဲ့သည်။ ၎င်းဗျည်းသည်လည်း သင်္သကရိုက်မှလာသော သင်္ကေတဖြစ်သည်။ ကုန်းဘောင်ခေတ် တောင်တွင်းဆရာတော် ခင်ကြီးဖျော်၏ သဒ္ဒဖြူဟာကျမ်း (၁၈၇၅)တွင်

**သင်္သကရိုက်ဘာသာအားဖြင့် ငါးဆယ်တလုံး ဟူသော်ကား၊ ယခင် လေးဆယ် တလုံး တို့တွင်၊ ဠကြီးအက္ခရာကိုပယ်၍ ကျဲ၊ ဪ၊ အား၊ ဂ၊ ပ၊ ကိ၊ ကွ၊ သည် ဆယ်တလုံးကို ထည့်၍ ငါးဆယ်တလုံး ဖြစ်သတဉ်း။ (စာ ၃)**

ဟူ၍ သတ်မှတ်ခြင်းမျိုးရှိခဲ့ဖူးသည်။ ယနေ့ခေတ် မြန်မာသင်ပုန်းကြီးအက္ခရာများတွင်မူ ထိုသို့ပြောင်းပြန် အက္ခရာများမပါဝင်ပေ။ တိဗက်စာအရေးအသားစနစ်တွင် ထိုပြောင်းပြန်အက္ခရာများကို ဓမ္မစာပေ အရေးအသားများ၌ ယနေ့တိုင် အသုံးပြုလျက်ရှိပါသည်။

တိဗက်စာအရေးအသားစနစ်၌ ဝဏ္ဏတစ်ခုအဖြစ်စုဖွဲ့ရာတွင် ဗျည်းများ၏ ဖြစ်နိုင်ရာ နေရာသည် (၆) နေရာအထိရှိပါသည်။ (၁) ပင်မဗျည်း (root consonant) ၊ (၂) ရှေ့ဆက်ဗျည်း (prefix consonant)၊ (၃) နောက်ဆက်ဗျည်း (suffix consonant)၊ (၄) ထပ်တိုး နောက်ဆက်ဗျည်း (post suffix consonant)၊ (၅) အထက်ဆင့်ဗျည်း (super scribed consonant)၊ (၆) အောက်ဆင့် ဗျည်း (subscribed consonant) တို့ ဖြစ်ကြပါသည်။ ဝဏ္ဏတစ်ခုတွင် ဗျည်းသင်္ကေတ (၆) ခုအထိပါဝင်နိုင်ပါသည်။ တိဗက်ဗျည်း (၃၀) လုံးသည် ပင်မဗျည်းများဖြစ်ကြပါသည်။

**ရှေ့ဆက်ဗျည်းသင်္ကေတများ**

တိဗက်ဘာသာစကားတွင် ရှေ့ဆက်ဗျည်းသင်္ကေတကို ငုန်ဂျုဂ် (སྔོན་འཛུག་) /-ŋoũ ʥúg/ ဟုခေါ်သည်။ " སྔོན་ " /-ŋoũ/ ဟူသည် "မတိုင်မီ။ ရှေးဦး။" (Goldstein, M. C. 2001. p.324) ဟု အဓိပ္ပာယ်ရသည်။ "འཛུག་" /ʥúg/ မှာ "ဝင်ရောက်သည်" (Goldstein, M. C. 1984. p.144) ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ငုန်ဂျုဂ် ဟူသည် ဝဏ္ဏတစ်ခု၏ ပင်မဗျည်းသင်္ကေတဆီသို့ မရောက်မီ ရှေးဦးတွေ့ရသော သင်္ကေတများဟု အဓိပ္ပာယ် ကောက်ယူနိုင်သည်။

ရှေ့ဆက်များသည် စကားလုံး၏အဓိပ္ပာယ်နှင့် ကာလအပေါ်တွင် သက်ရောက်မှုရှိသည်။ တိဗက် ရှေ့ဆက်ဗျည်း (၅) လုံးရှိသည်။ ယင်းတို့မှာ

**ག་/g/ , ད་/ d /, བ་/b/, མ་/m/, འ་/a/**

တို့ဖြစ်ကြသည်။ ထိုရှေ့ဆက် (၅) လုံးသည် ယခင်က အသံတိတ်အက္ခရာများ ဖြစ်ကြသည်။ သို့သော် ယနေ့ခေတ်တိဗက်စကားတွင် ရှေ့ဆက်များကြောင့် ပင်မဗျည်း၏ အသံထွက်၌ သက်ရောက်မှုများ ရှိလာသည်။ တချို့ရှေ့ဆက်များသည် ပင်မဗျည်း၏ အသံတင်းမှုကိုလျှော့ချခြင်း၊ တိုးမြှင့်ခြင်းများ ဖြစ်လာစေပြီး သံတိုမှ သံရှည်၊ သံရှည် မှ သံတိုသို့ ပြောင်းလဲ ရွတ်ဆိုမှုများ ဖြစ်ပေါ်လာစေသည်။

ခြွင်းချက်အဖြစ် ပင်မဗျည်းသံ လုံးလုံးပြောင်းလဲသွားသည့် တွဲစပ်ပုံများလည်းရှိသည်။ သာဓက အားဖြင့် ရှေ့ဆက်ဗျည်း ད་/ d /နှင့် ပင်မဗျည်း བ་/b/ တို့ တွဲစပ်လိုက်လျှင် ပင်မဗျည်း၏ အသံသည် လုံးလုံးလျားလျား ပြောင်းလဲသွားသည်။ དབང་ (အကြီးအကဲ) သည် /-mãŋ/ ဟု အသံ မထွက်ဘဲ /-wãŋ/ ဟု အသံထွက်သည်။ བ་/b/ သက်သက်မဟုတ်ဘဲ သရတစ်မျိုးမျိုး ပေါင်းထားပါက ပင်မဗျည်း၏ အသံကြေသွားပြီး သရသံသာ ကျန်တော့သည်။ དབུ་ (ဦးခေါင်း) သည် /dbuʔ/, /buʔ/ စသည်ဖြင့် အသံထွက်ရမည့်အစား /uʔ/ ဟု အသံထွက်သည်။ དབྱེ་བ་ (အပိုင်းအခြား)တွင်လည်း ပင်မဗျည်း၏ အသံကြေသွားပြီး ကျန်ခဲ့သောသရသံ ཨེ་ /e/ နှင့် အောက်ဆင့်ဗျည်း ྱ /ya/ တို့ပေါင်းပြီး /yɛ̄vá/ ဟု အသံထွက်သည်။

ရှေ့ဆက်ဗျည်းသင်္ကေတများကို နေရာချရာတွင် တူညီသော ဝဂ်အစုအတွင်းရှိ ဗျည်းအချင်းချင်း ရှေ့ဆက်အဖြစ် တွဲ၍ အသုံးမပြုရပေ။ သာဓကအားဖြင့် ད་ /d/ သည် ၎င်းနှင့် ဝဂ်တူအစုဝင် ཏ་ / t /, ཐ་ / t'/, ན་/ n / တို့၏ ရှေ့ဆက်အဖြစ် မရပ်တည်နိုင်ပေ။ ရှေ့ဆက်ဗျည်း တစ်လုံးချင်းစီတိုင်းတွင် ယင်းတို့နှင့် တွဲသုံးနိုင်သော ကမ္မကာရကဗျည်းများ (passive consonants) သတ်မှတ်ထားရှိပြီးဖြစ်သည်။

| ရှေ့ဆက်ဗျည်း | တွဲသုံးနိုင်သော ကမ္ဘကာရကဗျည်းများ |
|---|---|
| ག་/g/ | ཅ་/ tɕ /, ཉ་/ ɲ /, ཏ་/ t /, ད་/ d /, ན་/ n /, ཙ་/ts/, ཞ་/zsh/, ཟ་/z/, ཡ་/j/, ཤ་/ɕ/, ས་/s/ (၁၁)လုံး |
| ད་/ d / | ཀ་/k/, པ་/p/, ག་/g/, ང་/ ŋ /, བ་/b/, མ་/m/) ၆လုံး( |
| བ་/b/ | ཀ་/k/, ག་/g/, ང་/ ŋ /, ཅ་/ tɕ /, ཉ་/ ɲ /, ཏ་/ t /, ད་/ d /, ན་/ n /, ཙ་ /ts/, ཞ་/zsh/, ཟ་/z/, ཤ་/ɕ/, ས་/s/ (၁၃)လုံး |
| མ་/m/ | ཁ་/kʽ/, ག་/g ,/ ང་/ ŋ , / ཆ་/ tɕʽ/, ཇ་/ dʑ /, ཉ་/ ɲ /, ཐ་/ tʽ/, ད་/ d /, ན་/ n /, ཚ་/tsʽ/, ཛ་/dz/ (၁၁)လုံး |
| འ་/a/ | ཁ་/kʽ/, ག་/g/, ཆ་/ tɕʽ/, ཇ་/ dʑ /, ཐ་/ tʽ/, ད་/ d /, ཕ་/pʽ/, བ་/b/, ཚ་ /tsʽ/, ཛ་/dz/ (၁၀)လုံး |

**နောက်ဆက်ဗျည်းသင်္ကေတများ**

တိဗက်ဘာသာစကားတွင် နောက်ဆက်ဗျည်းသင်္ကေတကို ဂျီဂျုဂ် (རྗེས་འཇུག་) /dʑī dʑúg/ ဟုခေါ်သည်။ " རྗེན་ " /dʑī/ ဟူသည် "ပြီးလျှင်။ နောက်ပိုင်း။" (Goldstein, M. C. 2001. p.400) ဟု အဓိပ္ပာယ်ရသည်။ "འཇུག་" /dʑúg/ မှာ "ဝင်ရောက်သည်" (Goldstein, M. C. 1984. p.144) ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ဂျီဂျုဂ် ဟူသည် ပင်မဗျည်းသင်္ကေတ၏နောက်တွင် တွေ့ရတတ်သော အရေးသင်္ကေတများဟု သတ်မှတ်နိုင်သည်။

ထိုနောက်ဆက်ဗျည်းသင်္ကေတများသည် ဝဏ္ဏဖွဲ့ရာတွင် အရေးပါသည်။ ယင်းတို့ အပေါ်မူတည်၍ ဝဏ္ဏတစ်ခုလုံး၏ အသံပြောင်းလဲသွားနိုင်သည်။ နောက်ဆက်ဗျည်းကို အားပြုသည့် ဘာသာစကား ဖြစ်သည့်အလျောက် အသတ်သံ၊ သရတွဲသံဟူ၍ သီးသန့်မရှိပေ။ အရေးသင်္ကေတ လည်း သီးသန့်မရှိပေ။ သတိပြုရမည်မှာ တိဗက်နောက်ဆက်ဗျည်းများသည် မြန်မာအသတ်သံ၏ အသံထွက်ပုံနှင့် သဘော သဘာဝချင်းမတူညီပေ။ མེད་ ဟူသော စကားလုံးကို မြန်မာအသတ်သံဖြင့် ရွတ်ဆိုမည်ဆိုလျှင် /mɑʔ/ မဒ်ဟု ဆိုရမည်ဖြစ်သည်။ သို့သော် တိဗက်ဘာသာစကားစနစ်အရ ထွက်လျှင် /me'd/ မေ့(ဒ်) ဟု အသံထွက်သည်။ ပင်မဗျည်း၏နောက်မှ ဗျည်းသင်္ကေတကပ်၍ ပါလာတတ်သည့် အရေးပုံစံတူ သော်လည်း အသံထွက်စနစ်နှင့် ဝဏ္ဏဖွဲ့ပုံသဘောသဘာဝ၊ တာဝန် မတူညီကြပေ။

တိဗက်ဘာသာစကားတွင် နောက်ဆက်ဗျည်း (၁၀) လုံးရှိသည်။ ယင်းတို့မှာ

**ག་/g/, ང་/ ŋ /, ད་/ d /, ན་/ n /, བ་/b/, མ་/m/, འ་/a/, ར་/r/, ལ་/l/, ས་/s/**

တို့ဖြစ်ကြသည်။ ရှေ့ဆက်ကဲ့သို့ ပုံသေတွဲစပ်ထားသော ကမ္ဘကာရကဗျည်းများ မရှိသဖြင့် ဗျည်း အားလုံး ၏ နောက်တွင်လွတ်လပ်စွာ တွဲစပ်သုံးနိုင်သည်။ ထိုနောက်ဆက် (၁၀) လုံးတွင် ད་/d/နှင့် ས་/s/

တို့သည် အသံတိတ်အက္ခရာများဖြစ်ပြီး ན་/ n / နှင့် ལ་/l/ တို့သည် ဝဏ္ဏ၏ သရသံကို ပြောင်းလဲစေသည့် နောက်ဆက်များ ဖြစ်ကြသည်။

**ထပ်တိုး နောက်ဆက်ဗျည်းသင်္ကေတများ**

"ས་/s/" သည် တစ်လုံးတည်းသော ထပ်တိုးနောက်ဆက်ဖြစ်သည်။ အသံတိတ်ဗျည်းဖြစ်ပြီး" ག་ /g/, ང་/ ŋ /, བ་/b/, མ་/m/ " ဟူသော နောက်ဆက်ဗျည်း (၄) လုံး၏ နောက်တွင် နေရာယူ လေ့ရှိ သည်။

རིགས་ /rig/ အမျိုးအနွယ်၊ လူမျိုးစု၊ မိသားစု

ཐབས་/t'ab/ နည်းလမ်း၊ နည်းနာ

ཁམས་/kam/ နိုင်ငံတော်၊ နယ်ပယ်

འི་ / i /ကို နောက်ဆက်ဗျည်းသင်္ကေတအဖြစ် ယူဆသည်များလည်းရှိသည်။ ဝဏ္ဏဖွဲ့ပုံစနစ်အရ ဝဏ္ဏတစ်ခုတွင် သရတစ်ခုထက်ပို၍ မပါနိုင်သော်လည်း ပိုင်ဆိုင်ခြင်းပြ သင်္ကေတအဖြစ် သုံးခြင်းမျိုး ဖြစ်သည်။ မြန်မာဘာသာစကားတွင် "◌့" အောက်မြစ်ကို ပိုင်ဆိုင်ခြင်းပြ သင်္ကေတ အဖြစ် သုံးပြီး "သူ့" "ငါ့" "နင့်" ဟူ၍ ဝဏ္ဏတစ်လုံးတည်းအဖြစ် ဖွဲ့စည်းပုံမျိုးနှင့် သဘောချင်း တူသည်။

ཁམསའི་ - နိုင်ငံတော်၏၊ နယ်ပယ်၏

རིགསའི་ - အမျိုးအနွယ်၏၊ လူမျိုးစု၏၊ မိသားစု၏

စသည်ဖြင့် ထပ်တိုးနောက်ဆက်အဖြစ် သုံးခြင်းမျိုးဖြစ်သည်။ သို့သော် နောက်ဆက်အဖြစ် "ས་/s/" တစ်လုံးတည်း ရှိသည်ဟု သတ်မှတ်ထားသည်။

**ယှဉ်တွဲဗျည်းသင်္ကေတများ**

တိဗက်စာအရေးအသားစနစ်တွင် ပင်မဗျည်းနှင့် ယှဉ်တွဲရေးဆွဲနိုင်သော ယှဉ်တွဲဗျည်းသင်္ကေတ (၈) မျိုးရှိသည်။ ယင်းတို့မှာ

(၁) ဗျည်း၏ အောက်၌ ဆင့်၍ ရေးဆွဲသည့် အောက်ဆင့်ဗျည်း (၄) မျိုးနှင့်

(၂) ဗျည်း၏ အထက်၌ ဆင့်၍ ရေးဆွဲသည့် အထက်ဆင့်ဗျည်း (၄) မျိုး

တို့ ဖြစ်ကြသည်။

**အောက်ဆင့်ဗျည်းများ**

တိဗက်စာအရေးအသားစနစ်တွင် ပင်မဗျည်း၏ အောက်၌ ယှဉ်တွဲရေးဆွဲနိုင်သည့် အောက်ဆင့် ဗျည်း သင်္ကေတ (၄) မျိုးရှိသည်။ ယင်းတို့မှာ

"◌ྱ" , "◌ྲ", "◌ླ", "◌ྭ"

တို့ ဖြစ်ကြသည်။

### (က)ྱ ယတ /já tá/

“ྱ ယတ” သည် ཡ་ ကို အခြေပြုသည့် ယှဉ်တွဲဗျည်းသင်္ကေတဖြစ်သည်။ “ྱ ယတ” သည် အောက်ပါ ပင်မဗျည်း (၇) လုံး၏ အောက်တွင် ဆင့်၍ ယှဉ်တွဲလေ့ရှိသည်။

| ပင်မဗျည်း | | | ယှဉ်တွဲဗျည်း | | | |
|---|---|---|---|---|---|---|
| ၁ | ཀ | + | ྱ | ( က (ကယ = ယတ + | ཀྱ་ | ཀྱོ་བ་ /kjo ba/ ချိတ် |
| ၂ | ཁ | + | ྱ | (ခယ = ယတ + ခ) | ཁྱ | ཁྱད་ནོར་ /khjad nor/ အကြီးအကဲ |
| ၃ | ག | + | ྱ | (ဂယ = ယတ + ဂ) | གྱ | གྱང་ /gjan/ တံတိုင်း |
| ၄ | པ | + | ྱ | (ကျ = ယတ + ပ) | པྱ | དཔྱ་ /tɕa/ အခွန် |
| ၅ | ཕ | + | ྱ | (ချ = ယတ + ဖ) | ཕྱ | ཕྱ་ /tɕha/ ကံ |
| ၆ | བ | + | ྱ | (ဂျ = ယတ + ဘ) | བྱ་ | བྱ་ / dʑa / ငှက် |
| ၇ | མ | + | ྱ | (ည = ယတ +မ) | མྱ་ | མྱ་ངན་ / ɲa ŋan/ ဝမ်းနည်းပူဆွေးခြင်း |

ယင်းခုနစ်လုံးအနက် ကဝဂ်ဗျည်းများသည် အသံပြောင်းလဲမှု အထူးအခြားမရှိသော်လည်း ပဝဂ်ဗျည်းများသည် ྱ ယတနှင့် တွဲယှဉ်လိုက်သောအခါ ကျ အစုဝင်အသံများသို့ အသီးသီးပြောင်းလဲသွားသည်။

### (ခ) ྲ ရတ /rá tá/

“ྲ ရတ” သည် တိဗက်ဗျည်း “ར་”ကို အခြေခံ၍ အသံယူထားသည့် ယှဉ်တွဲဗျည်းသင်္ကေတဖြစ်သည်။ ྲ ရတသည် အောက်ပါပင်မဗျည်း (၁၄) လုံး၏ ယှဉ်တွဲဗျည်းသင်္ကေအဖြစ် အသုံးပြုနိုင်သည်။

ཀ་/k/, ཁ་/kʽ/, ག་/g/, ཏ་/ t /, ཐ་/ tʽ/, ད་/ d /, ན་/ n /, པ་/p/, ཕ་/pʽ/,
བ་/b/, མ་/m/, ཤ་/ɕ/, ས་/s/, ཧ་/h/

တို့ဖြစ်ကြသည်။ ယင်းတို့အနက် ཀ་/k/, ཏ་/ t /, པ་/p/, ဟူသော ပထမအက္ခရာ(၃)လုံးသည် “ྲ ရတ” နှင့် ပေါင်းလိုက်သောအခါ တြာ /tra/ အသံသို့ ပြောင်းလဲသွားသည်။ ཁ་/kʽ/, ཐ་/ tʽ/, ཕ་/pʽ/, ဟူသော ဒုတိယအက္ခရာ(၃)လုံးသည် ထြာ / tʽra/ အသံသို့ ပြောင်းလဲသွားသည်။ ག་/g/, ད་/ d /, བ་/b/ ဟူသော တတိယအက္ခရာ(၃)လုံးသည် ဒြာ /dra/ အသံသို့ ပြောင်းလဲသွားသည်။ ကျန်သည့် ན་/ n /, མ་/m/, ཤ་/ɕ/, ས་/s/, ཧ་/h/ တို့သည် မူလအသံအတိုင်းသာရှိပြီး ྲ ရတ ၏ သက်ရောက်မှုမရှိပေ။

**(ဂ) ◌ླ လတ /lá tá/**

"◌ླ လတ"သည် တိဗက်ဗျည်း ལ་/l/ ကို အခြေပြုထားသည့် ယှဉ်တွဲဗျည်း သင်္ကေတဖြစ်သည်။ "◌ྲ", " ◌ྱ" တို့ကဲ့သို့ သင်္ကေတပုံစံအသစ်ပြောင်းလဲသွားခြင်းမရှိဘဲ မူလပုံစံဖြင့်သာ အသုံးပြုသည်။ "◌ླ လတ" သည် ཀ་/k/, ག་/g/, བ་/b/, ར་/r/, ས་/s/, ཟ་/z/ ဟူသော ဗျည်း (၆) လုံး၏ အောက်၌ယှဉ်တွဲရေးဆွဲနိုင်သည်။ ထိုသို့ ယှဉ်တွဲလိုက်သောအခါ ပင်မဗျည်း၏ အသံသည် /la/ ဟူသောအသံသို့ ပြောင်းလဲသွားသည်။ ခြွင်းချက်အနေဖြင့် ཟ་/z/ သည် /da/ သံသို့ ပြောင်းလဲသည်။

**(ဃ) ◌ྭ ဝဇွာ /wá zwā/**

"◌ྭ ဝဇွာ" သည် တိဗက်ဗျည်း ཝ་/w/ ကို အခြေပြုထားသည့် ယှဉ်တွဲဗျည်းသင်္ကေတဖြစ်သည်။ ཀ་/k/, ཁ་/kʽ/, ག་/g/, ཅ་/ tɕ /, ཉ་/ ɲ /, ཏ་/ t /, ད་/ d /, ཙ་/ts/, ཚ་/tsʽ/, ཞ་/zsh/, ཟ་/z/, ར་/r/, ལ་/l/, ཤ་/ɕ/, ས་/s/,ཧ་/h/ တို့၏ အောက်၌ ယှဉ်တွဲရေးနိုင်သည်။ "◌ྭ ဝဇွာ" သည် ပင်မ ဗျည်း၏အသံကို သက်ရောက်ခြင်းမရှိပေ။ ཚ་ (ပူသော) နှင့် ཚྭ་ (ဆား) တို့သည် ရွတ်ဖတ်ပုံအသံတူသည်။ /tsʽa/ ဟူ၍သာ ရွတ်ဆိုကြသည်။ "◌ྭ ဝဇွာ" ကို တိဗက်ဝေါဟာရများထက် သသ်က ရိုက်ဘာသာပြန်များတွင် အများဆုံး အသုံးပြုကြသည်။

**အထက်ဆင့်ဗျည်းများ**

တိဗက်စာအရေးအသားစနစ်တွင် ပင်မဗျည်း၏ အထက်၌ ယှဉ်တွဲရေးဆွဲနိုင်သည့် အထက်ဆင့်ဗျည်း သင်္ကေတ (၃) မျိုးရှိသည်။ ယင်းတို့မှာ

"ར་/r/", "ལ་/l/", "ས་/s/"

တို့ဖြစ်ကြသည်။ ယင်းအထက်ဆင့်ဗျည်းများသည် ပင်မဗျည်း၏အသံကို သက်ရောက်စေခြင်းမရှိပေ။ ယှဉ်တွဲဗျည်းအဖြစ်ပြောင်းလဲ အသုံးပြုရာတွင် ར་/r/ သည် အရေးပုံစံ ပြောင်းလဲသွားသည်။

သာဓကအားဖြင့် རྐ་/ka/ རྑ་/k′a/ རྒ་/ga/ རྔ་/ŋa/ စသည်ဖြင့် ပြောင်းလဲသွားခြင်းဖြစ်သည်။ ལ་/l/ နှင့် ས་/s/ တို့မှာ အရေးပုံစံပြောင်းလဲခြင်းမရှိဘဲ မူလပုံစံဖြင့်သာ အသုံးပြုကြသည်။

| **အထက်ဆင့်ဗျည်း** | **တွဲသုံးနိုင်သော ကမ္ဘကာရကဗျည်းများ** |
|---|---|
| ར་/r/ | རྐ་/ka/ རྒ་/ga/ རྔ་/ŋa/ རྗ་/ʥa/ རྙ་/ɲa/ རྟ་/ta/ རྡ་/da/ རྣ་/na/ རྦ་/ba/ རྨ་/ma/ རྩ་/tsa/ རྫ་/dza/ လုံး (၁၂) |
| ལ་/l/ | ལྐ་/ka/ ལྒ་/ga/ ལྔ་/ŋa/ ལྕ་/tɕa/ ལྗ་/ʥa/ ལྟ་/ta/ ལྡ་/da/ ལྤ་/pa/ ལྦ་/ba/ ལྷ/la/ လုံး (၁၀) |
| ས་/s/ | སྐ་/ka/ སྒ་/ga/ སྔ་/ŋa/ སྙ་/ɲa/ སྟ་/ta/ སྡ་/da/ སྣ་/na/ སྤ་/pa/ སྦ་/ba/ སྨ་/ma/ སྩ་/tsa/လုံး (၁၁) |

## သရသင်္ကေတများ

တိဗက်စာအရေးအသားစနစ်တွင် အခြေခံသရ (၄) လုံးရှိသည်။ ယာင်ယစ်ကျဇ် ("དབྱངས་ཡིག་བཞི་") /-jãŋ jiʔ zhiʔ/ ဟု ခေါ်သည်။ དབྱངས་ /-jãŋ/ ဟူသည် သရ၊ ཡིག་ /jiʔ/ ဟူသည် စာလုံး၊ အက္ခရာ၊ བཞི་ /zhiʔ/ ဟူသည် လေး၊ ထို့ကြောင့် ယာင်ယစ်ကျဇ် ဟူသည် သရအက္ခရာ (၄) လုံးဟု အဓိပ္ပာယ်ရသည်။ ယင်းသရ (၄)လုံးမှာ

**ཨི་/i/, ཨུ་/u/, ཨེ་/e/, ཨོ་/o/**

တို့ဖြစ်ကြသည်။

## ဗျည်းယှဉ်သရသင်္ကေတများ

ဗျည်းများ၏ အတွင်းငုပ်သရသံသည် အခြားသရသံတစ်ခုသို့ ပြောင်းလဲသွားသောအခါ ဗျည်းသင်္ကေတ၏ အထက် အောက်တွင် ဗျည်းယှဉ်သရ သင်္ကေတများထည့်၍ ဖော်ပြရသည်။ အခြေခံ (သို့) ဗျည်းယှဉ်သရသင်္ကေတခုရှိသည်။ ယင်းတို့မှာ (၄)

| သင်္ကေတပုံသဏ္ဌာန် | သင်္ကေတအမည် | သင်္ကေတနေရာချမှု | ကိုယ်စားပြုသရသံ |
|---|---|---|---|
| ◌ི་ | ဂီဂူ | ပင်မဗျည်း၏ အထက် | အီ /i/ ཨི་ |
| ◌ུ་ | ရှာဗ်ကယူး | ပင်မဗျည်း၏ အောက် | အူ /u/ ཨུ་ |
| ◌ེ་ | ဒရန်ဗု | ပင်မဗျည်း၏ အထက် | အေ /e/ ཨེ་ |
| ◌ོ་ | နာရို | ပင်မဗျည်း၏ အထက် | အို /o/ ཨོ་ |

တို့ဖြစ်ကြသည်။ မြန်မာစာအရေးအသားစနစ်တွင် ဗျည်းယှဉ်သရသင်္ကေတများသည် သရသံ အပြောင်းအလဲကိုသာမက တက်ကျသံအပြောင်းအလဲကိုပါ သင်္ကေတပြုဖော်ဆောင်နိုင်သည်။ တိဗက်စာအရေးအသားစနစ်မှ ဗျည်းယှဉ်သရသင်္ကေတများသည် တက်ကျသံအပြောင်းအလဲကို ဖော်ပြခြင်းမရှိပေ။

တိဗက်ဘာသာစကားရှိ တက်ကျသံများနှင့်ပတ်သက်၍

> **တိဗက်စာအရေးအသားစနစ် တီထွင်စကာလများတွင် ပြောဆို အသုံးပြုသော ဘာသာစကားသည် တက်ကျသံစနစ်မဟုတ်ပေ။ သို့သော် ခေတ်သစ် တိဗက် ဘာသာစကား၏ ဒေသိယမျိုးကွဲများ (သာကေလာဆာ၊ ခမ်း)သည် တက်ကျသံဘာသာစကားများ ဖြစ်ကြသည်။ (Lian Sheng, 1987, p 87)**

ဟူ၍ဖော်ပြထားသည်။ တိဗက်ဘာသာစကားသည် ဒေသအလိုက် အမျိုးမျိုးကွဲပြားသည်။ ယင်းတို့ အနက် အလယ်ပိုင်းတိဗက်စကား၏ အသွင်ကွဲတစ်မျိုးဖြစ်သော လာဆာတိဗက်စကား (Lhasa Tibetan)ကို မျိုးနွယ်၏စံဘာသာစကားအဖြစ် သတ်မှတ်ထားသည်။ အမ်ဒိုတိဗက်စကားသည် ၇ရာစု ရှေးဟောင်းတိဗက် စကားနှင့်များစွာနီးစပ်ပြီး တက်ကျသံမဲ့ ဘာသာစကားဖြစ်သည်။ သို့သော် အလယ်ပိုင်းတိဗက်စကားနှင့် ခမ်းတိဗက်စကားတို့သည် တက်ကျသံရှိသော ဘာသာစကားများ ဖြစ်ကြသည်။ ယင်းဘာသာစကားနှစ်ခုသည် ၈၅ရာနှုန်းခန့်အထိ တူညီနီးစပ်မှုရှိပြီးအချင်းချင်း အပြန်အလှန် ဆက်သွယ်နားလည်နိုင်သည်။

ယင်းတိဗက်မျိုးကွဲ (၃)ခုစလုံးသည် တူညီသော စာရေးသားနည်းစနစ်ကို အသုံးပြုကြသည်။ ၇ရာစု-၈ရာစုဝန်းကျင်က ရှေးဟောင်းတိဗက်စာ အရေးအသားမှ ဆင်းသက်လာသော စနစ်ဖြစ်သည်။ နှစ်ပေါင်း ၁၅၀၀ ကျော်ခန့်က အရေးရုပ်သွင်နှင့်စနစ်များကို အခြေပြုဖန်တီးထားသည့်အပြင် ရေးထုံးစနစ်ဆိုင်ရာ ပြောင်းလဲမှုများလည်းနည်းပါးသည်။ အားသာချက်အနေဖြင့် နှစ်ထောင်ပေါင်းများစွာက ရှေးဟောင်းကျမ်းဂန်စာပေများကို တိဗက်လူကြီး၊ လူငယ်မရွေးအလွယ်တကူ ဖတ်ရှုလေ့လာနိုင်ကြသည်။ အားနည်းချက်အနေဖြင့် အသံနှင့်အရေးကွဲပြားမှု များပြားလာသည်။

အသံနှင့်အရေးကွဲပြားမှုကို လျှော့ချနိုင်ရန်အတွက် ရှေ့ဆက်ဗျည်း၊ အထက်ဆင့်ဗျည်းနှင့် ထပ်တိုးနောက်ဆက်ဗျည်းတို့ကို အသံတိတ်အက္ခရာများအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့သည်။ (၁၄) ရာစု တိဗက်စာအရေးအသားစနစ်တွင် အသံတိတ်အက္ခရာများ ပါဝင်လာသည်။ ယင်းပြောင်းလဲမှု ကြောင့် တိဗက်ဘာသာစကားတွင် သံတူကြောင်းကွဲ (homonyms) များ များပြားလာသည်။ ထိုလစ်ဟာချက်ကို အစားထိုးနိုင်ရန်အတွက် တက်ကျသံ (၂) မျိုးကို ထပ်ဖြည့် တီထွင်ခဲ့ကြသည်။

မြင့်သံ (high tone) နှင့် နိမ့်သံ (low tone) တို့ဖြစ်ကြသည်။ ဦးနှောက်နှင့် အာရုံကြော ဘာသာဗေဒ ပညာရှင်တစ်ဦးဖြစ်သည့် အိုလတ် ကေဂျလင်း (Olle Kjellin) ၏ အဆိုအရ

> **သမိုင်းကြောင်းအားဖြင့် သံညင်းဗျည်းများသည် အခြေခံကြိမ်နှုန်း မြင့်မားကြသည်။ (ဆိုလိုသည်မှာ ကပ်ပါလာသော သရများသည်လည်း အမြင့်သံဖြစ်သည်။) သံပြင်းဗျည်းများသည် အခြေခံကြိမ်နှုန်း နိမ့်သည်။ ယင်းတို့ထဲမှ အများစုသည် မျက်မှောက်ခေတ် တိဗက်စကားတွင် သံညင်းများဖြစ်ကြသော်လည်း အသံ၏အခြေခံကြိမ်နှုန်း နိမ့်ကြသည်။ (Kjellin, Olle. 1975, pp. 151)**

ဗျည်းဇယားအရကြည့်လျှင် ပထမအက္ခရာအစုနှင့် ဒုတိယအက္ခရာအစုသည် မြင့်သံဖြစ်ပြီး တတိယအက္ခရာအစုနှင့် စတုတ္ထအက္ခရာအစုသည် နိမ့်သံဖြစ်သည်။ သို့သော်နောက်ဆက် ဗျည်းများနှင့် သရများ၏ အသံချိတ်ဆက်ပြောင်းလဲမှုများလည်း ရှိသည်ဖြစ်ရာ တက်ကျသံစစ်စစ်ရှိ၊ မရှိခွဲခြားရန် ခက်ခဲသည်။ လာဆာတိဗက်စကားသည် တက်ကျသံပေါ်ပေါက်ခါစ ဘာသာစကား (a budding tonal language) ဖြစ်သည်ဟု ယူဆကြသည်များလည်းရှိသည်။

> **အရှေ့တောင်အာရှ တက်ကျသံဘာသာစကားများတွင် တက်ကျသံဖြစ်ထွန်း ပေါ်ပေါက်မှု ဖြစ်စဉ်သည် အဆုံးဗျည်းသံများ ပျောက်ဆုံးလာမှု၊ ထင်ရှားသောသံညင်း၊ သံပြင်း အသံအရည်အသွေးများ ဆုံးရှုံးမှုတို့ကြောင့် ဖြစ်သည်ဟုယူဆကြသည်။ အဆုံးဗျည်းသံများ ပျောက်ကွယ်သွားပြီး တက်ကျသံများ ပေါ်ထွက် လာသည်။ အစဗျည်းများတွင် အသံအရည်အသွေးထူးခြားမှု ဆုံးရှုံးလာခြင်းနှင့်အတူ တက်ကျသံ ကွဲပြားမှုများသည် ပို၍ ထင်ရှားလာသည်။ (Kjellin, Olle. 1975, pp. 162)**

အဆုံးဗျည်းသံများ၏ လွှမ်းမိုးမှုကြီးမားသော ရှေးဟောင်းတိဗက်စကားကို အခြေပြုတီထွင်ထား သည့် စာရေးသားနည်းစနစ်ဖြစ်သည့်အတွက် တိဗက်စာအရေးအသားစနစ်တွင် တက်ကျသံ ပြောင်းလဲမှုအတွက် သီးသန့်သင်္ကေတ မတွေ့ရပေ။ “တိဗက်စာအရေးအသား စနစ်တွင် သိသာထင်ရှားသည့် တက်ကျသံပြ သင်္ကေတအမှတ်အသား မရှိပါ။” (Lian Sheng, 1987, p 87)

တိဗက်ဗျည်း (၃၀)တွင် အတွင်းငုပ်သရ “ཨ་/a/” သည် သီးသန့် ဗျည်းယှဉ်သရသင်္ကေတမပါဘဲ တစ်သားတည်း တွဲစပ်ပါဝင်နေပြီးဖြစ်သည်။ ဗျည်းများရှိ အတွင်းငုပ်သရသံသည် အခြားသရသံ တစ်မျိုးမျိုးသို့ ပြောင်းလဲလိုပါက ဗျည်းယှဉ်သရသင်္ကေတများဖြင့် တွဲဖက်ဖော်ပြရသည်။

ဗျည်းယှဉ်သရသင်္ကေတများသည် ပင်မဗျည်း၏ အထက်တွင်လည်းကောင်း၊ အောက်တွင်လည်းကောင်း ခြံရံ၍ နေရာချထားရသည်။ ပုံစံအားဖြင့်သင်္ကေတများတွဲဖက်ပုံ

| | | |
|---|---|---|
| ངི་ | /ŋi/ | နှစ်၊ ၂။ |
| ཀུ་ | /ku/ | ငိုကြွေးသည်။ |
| ཆེ་ | / tɕˈe/ | ကြီးမားသော။ |
| ཁོ་ | /kˈo/ | သူ၊ သူမ၊ ထို။ |

ဟူ၍ရေးသားသည်။ ဗျည်းယှဉ်သရသင်္ကေတများသည် ပင်မဗျည်း၏ အထက်နှင့်အောက်တွင်သာ နေရာယူနိုင်သည်။ ရှေ့ဆက်ဗျည်း၊ နောက်ဆက်ဗျည်း၊ ထပ်တိုးနောက်ဆက်ဗျည်းတို့တွင် ဗျည်းယှဉ်သရသင်္ကေတများ တွဲဖက်ရေးသား၍ မရပါ။

| | | |
|---|---|---|
| དཀོལ་པ་ | /kol pa/ | ဝေဒနာရှင်။ |
| དཀོན་པོ་ | /kon po/ | ရှားပါးသော၊ ပြတ်လပ်သော။ |
| འཁོན་ | / kˈon / | အကုသိုလ်စိတ်။ |

စသည်ဖြင့် ပင်မဗျည်းနှင့်သာ ယှဉ်တွဲရေးရသည်။

ဗျည်းယှဉ်သရသင်္ကေတများသာမက ယှဉ်တွဲဗျည်းသင်္ကေတများသည်လည်း ပင်မဗျည်းနှင့်သာ တွဲဖက်နေရာယူသည်။ ပင်မဗျည်း၏ အထက်တွင်လည်းကောင်း၊ အောက်တွင်လည်းကောင်း ယှဉ်တွဲဗျည်းသင်္ကေတများကို နေရာချနိုင်သည်။ ထိုသို့နေရာချရာတွင် ပင်မဗျည်းနှင့် ယှဉ်တွဲဗျည်းကိုကပ်၍ နေရာချသည်။ ထို့နောက် ယှဉ်တွဲဗျည်းနှင့်ကပ်၍ ဗျည်းယှဉ်သရ သင်္ကေတကို နေရာချသည်။

ပင်မဗျည်း၏ အောက်၌ သင်္ကေတချင်းဆင့်၍ တွဲဖက်မည်ဆိုပါက




ပင်မဗျည်း၏ အောက်၌ သင်္ကေတချင်းဆင့်၍ တွဲဖက်မည်ဆိုပါက




ဟူ၍ပုံစံ(၂)မျိုးဖြင့်တွေ့နိုင်သည်။ ပင်မဗျည်း၏အထက်၌ သင်္ကေတများကိုဆင့်၍ ရေးရာတွင်ယှည်တွဲဗျည်းသင်္ကေတကို အခြားရှေ့ဆက်ဗျည်း၊ နောက်ဆက်ဗျည်းများနှင့် တညီတည်းထား၍ ရေးသားရသည်။ ဗျည်းယှဉ် သရ သင်္ကေတမှာ အထက်သို့ အနည်းငယ်ရောက်သည်။

བསྐོ་མདག

ဗျည်းယှဉ်သရသင်္ကေတ

အဆက်ဗျည်း ယှဉ်တွဲဗျည်းသင်္ကေတ၊ အဆက်ဗျည်း-ပင်မဗျည်း-အဆက်ဗျည်း၊ ပင်မဗျည်း ဟူသောပုံစံဖြင့် ဗျည်းသင်္ကေတ၊ သရသင်္ကေတ၊ ယှည်တွဲဗျည်းသင်္ကေတ၊ ဗျည်းယှဉ်သရ သင်္ကေတများကိုနေရာချသည်။ ဗြာဟ္မီအရေးအသားမှ ဆင်းသက်လာသော စနစ်ဖြစ်သည်နှင့်အညီ လက်ဝဲမှ လက်ယာသို့ ဦးတည်၍ ရွေ့လျားသော အရေးစနစ်ဖြစ်သည်။

**သင်္ချာသင်္ကေတများ (The Numerals)**

တိဗက်စာအရေးအသားစနစ်ရှိ သင်္ချာသင်္ကေတများကို လေ့လာရာတွင်

(က) ရေတွက်မှုပြသင်္ချာသင်္ကေတများ (cardinal numbers)

(ခ) ကိန်းပြည့်မဟုတ်သော သင်္ချာသင်္ကေတများ (fractional numbers)

(ဂ) အစဉ်ပြသင်္ချာသင်္ကေတများ (ordinal numbers) ဟူ၍တွေ့ရသည်။

**(က) ရေတွက်မှုပြသင်္ချာသင်္ကေတများ**

၁၊ ၂၊ ၃၊ ၄၊ ၅ ...စသည်ဖြင့် ရေတွက်မှုကို ဖော်ပြသည့် ကိန်းပြည့်ဂဏန်းများဖြစ်သည်။ သဘာဝကိန်း (natural numbers) ဟုလည်းခေါ်ကြသည်။ တိဗက်စာရေးသားနည်းစနစ်တွင် အသုံးပြုသော ရေတွက်မှု ပြသင်္ချာသင်္ကေတ ပုံစံ (၃) မျိုးရှိသည်။

(၁) ဟိန္ဒူ - အာရဗစ် သင်္ကေတ (Hindu-Arabic Number)

(၂) တိဗက်ဂဏန်းသင်္ကေတနှင့် (Tibetan Arithmetic Number)

(၃) တိဗက်စာသင်္ကေတ (Tibetan Syllable Number)

တို့ဖြစ်ကြသည်။ ယင်းတို့ကို အောက်ပါအတိုင်း ယှဉ်တွဲကြည့်နိုင်သည်။

| **ဟိန္ဒူ အာရဗစ် - သင်္ကေတ** | **တိဗက်ဂဏန်းသင်္ကေတ** | **တိဗက်စာသင်္ကေတ** |
|---|---|---|
| 0 | ༠ | ཀླད་ཀོར་ |
| 1 | ༡ | གཅིག་ |
| 2 | ༢ | གཉིས་ |
| 3 | ༣ | གསུམ་ |
| 4 | ༤ | བཞི་ |
| 5 | ༥ | ལྔ་ |
| 6 | ༦ | དྲུག་ |
| 7 | ༧ | བདུན་ |
| 8 | ༨ | བརྒྱད་ |
| 9 | ༩ | དགུ་ |
| 10 | ༡༠ | བཅུ་ |
| 11 | ༡༡ | བཅུ་ གཅིག་ |
| 20 | ༢༠ | ཉི་ཤུ་ |
| 21 | ༢༡ | ཉི་ཤུ་ རྩ་ གཅིག་ |
| 30 | ༣༠ | སུམ་ཅུ་ |
| 100 | ༡༠༠ | བརྒྱ་ |
| 1000 | ༡༠༠༠ | སྟོང་ |
| 10000 | ༡༠༠༠༠ | ཁྲི་ |

တစ်ဆယ်နှင့် နှစ်ဆယ်ကြားရှိ ဂဏန်းများကို စာသင်္ကေတဖြင့်ရေးသားရာတွင် བཅུ་ གཅིག་ /tɕhū tɕhiʔ/ (၁၁)၊ བཅུ་ གཉིས་ /tɕhū ɲiʔ/ (၁၂)၊ བཅུ་ གསུམ་ /tɕhū s`ũ/(၁၃) စသည်ဖြင့် ဆယ်ဂဏန်းနှင့် ခုဂဏန်းကပ်၍ တိုက်ရိုက်တွဲစပ်ရေးသားနိုင်သည်။ နှစ်ဆယ်အထက် သင်္ကေတများကို ရေးသားရာတွင် အဆက် ပစ္စည်း “རྩ” ကို ကြားတွင်ခံ၍ ရေးရသည်။ ပုံစံအားဖြင့်




ဟူ၍ရေးသားသည်။ အကြိမ်တိုင်းပမာဏတူညီစွာဖြစ်ပေါ်မှု၊ ရှိမှုကိုပြလိုလျှင် ဂဏန်းနှစ်ခုကပ်၍ ဆက်တိုက်ရေးလေ့ရှိသည်။ གསུམ་གསུམ་ /sum sum/ (သုံး သုံး) ဟူသည် သုံးကြိမ်စီ သုံးကြိမ်စီ (သို့) အကြိမ်တိုင်း သုံးခေါက်စီ သုံးခေါက်စီဟု အဓိပ္ပာယ်သက်ရောက်ပေသည်။ တစ်ဆယ်၏အထက်ရှိ ဂဏန်းများဖြစ်ပါက སུམ་ཅུ་རྩ་གསུམ་གསུམ་ /sumchu tsa sum sum/ ဟူ၍ နောက်ဆုံးခုဂဏန်းကို နှစ်ကြိမ်ထပ်ရေးရသည်။ တိဗက်ဂဏန်းသင်္ကေတစနစ်၏ ထူးခြားသောအရေးပုံစံတစ်မျိုးဖြစ်သည်။

**(ခ) ကိန်းပြည့်မဟုတ်သော သချင်္ာသင်္ကေတများ**

တိဗက်စာအရေးအသားစနစ်တွင် ကိန်းပြည့်မဟုတ်သည့် အပိုင်းကိန်းသင်္ကေတများကိုစာဖြင့် ဖော်ပြလိုလျှင် "ཚ་ /cha/ အပိုင်း" ကို ဂဏန်းနောက်တွင်ထည့်၍ ဖော်ပြရသည်။ သာဓကအားဖြင့် နှစ်ပိုင်းတစ်ပိုင်းဟုဆိုလျှင် གཉིས་ཚ་ / ɲik tɕʰa / ဟု ရေးသားရသည်။ ဂဏန်း သင်္ကေတဖြင့်ပြလျှင် မူရင်းကိန်း၏ အလယ်တွင် ငါးမျှားချိတ်ပုံစံ တစောင်းဖြတ်ဆွဲ၍ ရေးသားရသည်။ ထိုသင်္ကေတသည် နှစ်ပိုင်းတစ်ပိုင်းကို ရည်ညွှန်းသော အမှတ်အသား ဖြစ်သည်။ ပုံစံအားဖြင့်

| ဟိန္ဒူအာရဗစ်သင်္ကေတ- | တိဗက်ဂဏန်းသင်္ကေတ | တိဗက်စာသင်္ကေတ |
|---|---|---|
| 1.5 (1½ ) | ༫ | གཅིག་ཚ་ |
| 2.5 (2 ½ ) | ༬ | གཅིག་ཚ་ |
| 3.5 (3 ½) | ༭ | གསུམ་ཚ་ |
| 4.5 (4 ½) | ༮ | བཞི་ཚ་ |
| 5.5 (5 ½) | ༯ | ལྔ་ཚ་ |
| 6.5 (6 ½) | ༰ | དྲུག་ཚ་ |

ဟူ၍ သင်္ကေတပြုရေးသားရသည်။

**အစဉ်ပြသချင်္ာသင်္ကေတများ (ဂ)**

တိဗက်စာအရေးအသားစနစ်တွင် ပထမ၊ ဒုတိယ၊ တတိယ အစဉ်ကို ပြရာ၌ ༡ (တစ်) ၊ ༢ (နှစ်)၊ ༣ (သုံး) စသည့် ရေတွက်မှုပြသချင်္ာသင်္ကေတများကိုပင် သုံး၍ပြလေ့ရှိသည်။ စာဖြင့်ရေးသား ဖော်ပြရာတွင် မူလစာသင်္ကေတ၏ နောက်၌ པ་ ဆက်၍ ဖော်ပြရသည်။ သာဓကအားဖြင့်

གཉིས་ པ་ / ɲiʔk pà/ ဒုတိယ

གསུམ་ པ་ /s`ũ pà/ တတိယ

བཞི་ པ་ / ɕiʔ pà/ စတုတ္ထ

ဟူ၍ရေးသားရသည်။ ခြွင်းချက်အနေဖြင့် "ပထမ"ကို དང་པོ་ /dãŋ po/ ဟုရေးသားသည်။

တိဗက်အပါအဝင်အိန္ဒိယ၊ အရှေ့တောင်အာရှနှင့် ဟိမဝန္တာဒေသတလွှားရှိ သင်္ချာဂဏန်းသင်္ကေတများကို နှိုင်းယှဉ်လေ့လာကြည့်သောအခါ အက္ခရာပုံသဏ္ဍာန်များ နီးစပ်ကြောင်း တွေ့ရသည်။

| တိဗက် | ༠ | ༡ | ༢ | ༣ | ༤ | ༥ | ༦ | ༧ | ༨ | ༩ |
|---|---|---|---|---|---|---|---|---|---|---|
| ဗြာဟ္မီ | 𑁦 | 𑁧 | 𑁨 | 𑁩 | 𑁪 | 𑁫 | 𑁬 | 𑁭 | 𑁮 | 𑁯 |
| ဒေဝနာဂရီ | ० | १ | २ | ३ | ४ | ५ | ६ | ७ | ८ | ९ |
| တေလုဂူ | ౦ | ౧ | ౨ | ౩ | ౪ | ౫ | ౬ | ౭ | ౮ | ౯ |
| ဘင်္ဂါလီ | ০ | ১ | ২ | ৩ | ৪ | ৫ | ৬ | ৭ | ৮ | ৯ |
| မြန်မာ (၁၃ရာစု-၁၁) | ၀ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |

ဂဏန်းအက္ခရာများ၏ အသွင်ကွဲပြားမှုသည် ၀ မှ ၄ အတွင်း သဏ္ဍာန်ကွဲမှုနည်းပြီး ၄ နှင့်အထက်တွင် ဟန်အမျိုးမျိုးကွဲပြားသွားသည်။ မူရင်းပင်မစနစ်တစ်မျိုးမျိုးကိုမှီးကာ ကွဲထွက်လာသည့် ပုံသဏ္ဍာန်များဖြစ်နိုင်သည်။

**ပုဒ်ဖြတ်ပုဒ်ရပ်သင်္ကေတများ**

စာရေးသာရာတွင် အဓိပ္ပာယ်ရှင်းလင်းစေရန်၊ သဒ္ဒါအစိတ်အပိုင်းများ၏ တာဝန်နှင့် နေရာချထားမှု ကွဲပြားစေရန် အသုံးပြုရသော သင်္ကေတများဖြစ်သည်။ ဟာဒင်းနှင့် မော်ရလီ (၁၉၈၇) (Harding, S., & Morelli, J.) တို့၏ အယူအဆအရ "တိဗက်စာအရေးအသားစနစ်တွင် " ་ " ཚེག /sɛʔ/ စာဂ် နှင့် " ། " ཤད /ɕaʔ/ရှာဒ်တို့သာလျှင် ပုဒ်ဖြတ်ပုဒ်ရပ်သင်္ကေတများ ဖြစ်ကြသည်။" (စာ ၂) သို့သော် တိဗက်ဓမ္မစာပေများ၊ သတင်းစာဆောင်းပါးများမှ အရေးအသားများကို လေ့လာကြည့်လျှင် နှစ်မျိုးမကသော ပုဒ်ဖြတ်ပုဒ်ရပ်သင်္ကေတများ အသုံးပြုထားကြောင်းတွေ့ရသည်။

| **သင်္ကေတ** | **အမည်** | **အသံထွက်** |
|---|---|---|
| ༄ | ཡིག་མགོ་ | /jíg gō/ |
| ༃ | གཏེར་ཡིག་མགོ་ | /tē jíg gō/ |

| | | |
|---|---|---|
| ༅ | ཆེ་མགོ | / tɕē gō/ |
| ༄ | དཔེ་སྙིང་ཡིག་མགོ་ | /pē ɲjĩ jíg gō/ |
| ་ | ཚེག་ | /**shɛʔ**/ |
| । | ཤད་ | /ɕaʔ/ |
| ༎ | ཉིས་ཤད་ | /ɲiʔ ɕaʔ/ |
| ༎ ༎ | བཞི་ཤད་ | /ʥiʔ ɕaʔ/ |
| ༔ | གཏེར་ཤད་ | /tē ɕaʔ/ |
| ༈ | སྦྲུལ་ཤད་ | /rūl ɕaʔ/ |
| ༺ ༻ | གུག་རྟགས་ | /guʔ tuʔ/ |

"༄" ཡིག་མགོ་ ရိုဂိုသည် စာခေါင်းသင်္ကေတ (letterhead symbol) ဖြစ်သည်။ စာတစ်ပုဒ်၏ အစဖြစ်ကြောင်းကို ပြရန်သုံးသည်။ စာမျက်နှာ၏ လက်ဝဲဘက် အပေါ်ထောင့်တွင် ရေးလေ့ရှိသည်။ དཔེ་ཆ་ /pe tɕ'a/ ပေချာ၊ မြန်မာအခေါ် ပေချပ်များတွင် စတင်အသုံးပြုခဲ့သော သင်္ကေတဖြစ်သည်။ ပေချပ်၏ မျက်နှာစာနှင့်ကျောဘက်ကို အလွယ်တကူ ခွဲခြားနိုင်ရန် သင်္ကေတပြုရာတွင်သုံးသည်။ ပုံစံအားဖြင့်

༄༅། །འཕགས་པ་ཆོས་ཀྱི་དབྱིངས་ཀྱི་སྙིང་པོའི་རྣམ་པར་འགྲེལ་པ། རྒྱ་གར་སྐད་དུ།

ဟူ၍ခေါင်းစီးစာကြောင်း၏ ထိပ်တွင် ရိုဂို " ༄ " ཡིག་མགོ་ နှင့် ရှာဒ် " । " ཤད་ နှစ်ကြိမ်ထပ်စီ တွဲ၍ သင်္ကေတပြုသည်။ စာအုပ်တစ်အုပ်လုံး၏ ပထမဆုံးမျက်နှာတွင် ပြရသော သင်္ကေတဖြစ်သည်။

တေရိဂို " ༄༔ " གཏེར་ཡིག་མགོ་ သည် တိဗက်ဗမ္မစာပေ (བོད་པ་གཏེར་མ་) အရေးအသားများတွင် ရိုဂို " ༄ " အစားသုံးသော စာခေါင်းပြအမှတ်အသား ဖြစ်သည်။ တူကူ (Tulku)၊ လာမား(Lama)၊ ရင်ပိုချေး (Rinpoche)စသော သာသနာရေးဆိုင်ရာအကြီးအကဲများ၏ အမည်ရှေ့တွင်ထားရသော စာခေါင်းသင်္ကေတကိုမူ ချေဂို " ༅ " ཆེ་མགོ ဟု ခေါ်သည်။ ပေညရိင်ရိဂို "༄" དཔེ་སྙིང་ཡིག་མགོ་ သည်လည်း စာခေါင်းပြအမှတ်အသားတစ်မျိုးဖြစ်ပြီး ရှေးဟောင်းတိဗက်စာ များတွင် တွေ့ရသည်။

စာဒ် " ་ " ཚེག་ နှင့် ရှာဒ် " । " ཤད་ သည် ဝါကျတွင်းအဆင့်၌ တွေ့ရသော ပုဒ်ဖြတ် ပုဒ်ရပ် သင်္ကေတများဖြစ်သည်။ ဝဏ္ဏတစ်ခုချင်းစီ၏ အပိုင်းအခြားကို ဖော်ပြရန် စာဒ် " ་ " ཚེག་ ကို သုံးသည်။ ဝါကျတစ်ကြောင်းပြီးဆုံးကြောင်းကို ဖော်ပြရန် ရှာဒ် " । " ཤད་ ကို သုံးသည်။

စာတစ်ပိုဒ်၏ အဆုံးကို ပြလိုလျှင် ရှာဒ် " । " ཤད་ ကို နှစ်ကြိမ်ထပ်ထားသည့် ညိရှာဒ် " ༎ " ཉིས་ཤད་ ဖြင့်ဖော်ပြလေ့ရှိသည်။ " ཉིས་ཤད་ " သည် ရှာဒ် နှစ်ကြိမ်ဟု အဓိပ္ပာယ်ရသည်။ မြန်မာစာအရေးအသား စနစ်တွင် " ၊ " မျဉ်းတိုတစ်ချောင်းကို တစ်ချောင်းပုဒ်၊ "။" မျဉ်းတိုနှစ်ကြောင်းကို နှစ်ချောင်းပုဒ်ဟု အမည်ပေးသကဲ့သို့ဖြစ်သည်။ အခန်းတစ်ခန်းလုံး၏ အဆုံးဖြစ်ကြောင်းကိုပြလိုလျှင်မူ "།" ရှာဒ် လေးကြိမ်ထပ်၍

“ །། ” ဟူသော ပုံစံဖြင့် သင်္ကေတပြုရသည်။ ထိုသင်္ကေတကို “ བཞི་ཤད་ ” ရှိရှာဒ် ဟု ခေါ်သည်။ တိဗက် ဓမ္မစာပေများတွင်မူ ဝါကျအဆုံးသတ်ကို ပြလိုလျှင် “ ། ” ရှာဒ် အစား “ ༔ ” གཏེར་ཤད་ တေရှာဒ် ဖြင့် ဖော်ပြလေ့ရှိသည်။

အခန်းခွဲအသစ်တစ်ခု၏ အစကို “ ༈ ” སྦྲུལ་ཤད་ ဖြင့် သင်္ကေတပြုဖော်ပြသည်။ စာပိုဒ် အတွင်း ထည့်သွင်းဖော်ပြသည့် အကိုးအကားစာသားများ၊ အဆိုအမိန့်များ၏ အစနှင့် အဆုံးတွင်လည်း “ ༈ ” ကိုသုံးလေ့ရှိသည်။ “ ” မျက်တောင်အဖွင့်အပိတ် သင်္ကေတ (**Quotation Marks)** ကဲ့သို့ အသုံးပြုခြင်းဖြစ်သည်။ ဂုဂ်တုဂ် “ ༺ ༻ ” གུག་རྟགས་ မှာမူ ဝိုက်ကွင်း (သို့) လက်သည်းကွင်း သင်္ကေတ ဖြစ်သည်။

တိဗက်ပုဒ်ဖြတ်ပုဒ်ရပ်သင်္ကေတများ၏ ဖွဲ့စည်းပုံသည် စနစ်ကျသည်။ ဝါစဉ်သီအိုရီ အလိုက်၊ သဒ္ဒါအဆင့်အလိုက် ခွဲခြားမှတ်သားထားသော သင်္ကေတများပါဝင်သည်။ အကြောင်းအရာအလိုက် ခွဲခြားသတ်မှတ်ထားသော သင်္ကေတများလည်း ပါဝင်သည်။

## သုံးသပ်ချက်

တိဘက်စာအရေးအသားစနစ်တွင် ဗျည်းသင်္ကေတများ၏ အခန်းကဏ္ဍသည် အဓိကကျသည်။ သံပြောင်းပြသင်္ကေတများ၊ သရတွဲသင်္ကေတများ နည်းပါးတယ်။ အသံပြောင်းလဲမှုသဘောကို အရေးသင်္ကေတဖြင့် ကိုယ်စားပြုဖော်ပြရာတွင် ဗျည်းများကိုအားပြု၍ ဖော်ပြလေ့ရှိသည်။ နောက်ဆက်ဗျည်းနှင့် ယှဉ်တွဲဗျည်းသင်္ကေတများသည် ထိုတာဝန်ကို အဓိကထမ်းဆောင်သည်။ မြန်မာစာအရေးအသားခေတ်ဦးအကြိုကာလတွင်တွေ့ရသော သင်္ကေတပြုပုံစနစ်နှင့်လည်း သဘောချင်းတူသည်။ ထူးခြားသည်မှာ အသံတစ်သံကို သရုပ်ဖော်နိုင်ရန်အတွက် အသံချင်းနီးစပ်ရာဗျည်း (၄) လုံးခန့်အထိ တွဲဖက်သင်္ကေတပြုရေးသားခြင်းဖြစ်သည်။

ပင်မဗျည်း၏ အထက်၊ အောက်၊ ဝဲ၊ ယာ တွင် သင်္ကေတ စုစုပေါင်း ၆ မျိုးထိ နေရာယူနိုင်ပြီး ရှုပ်ထွေးသည့် အရေးသွင်ပြင်စနစ်ရှိသည်။ ဗျဉ်းယှဉ်သရ သင်္ကေတ (၄) ခုတွေ့ရပြီး သရသံဆိုင်ရာ အရေးသင်္ကေတများ နည်းပါးသည်။ သရတွဲသံ၊ အသတ်သံများအတွက် လိုအပ်သည့် သင်္ကေတကို နောက်ဆက်ဗျည်း၊ ပင်မဗျည်း၊ ဗျည်းယှဉ်သရသင်္ကေတတို့တွဲစပ်၍ အသံနီးစပ်အောင်ပြုပြီး ကိုယ်စားပြုရေးသားကြသည်။ တိဗက်ရှေ့ဆက်ဗျည်းတချို့သည် အသံတိတ်အက္ခရာများဖြစ်ပြီး ပင်မဗျည်း၏ ထက်၊ အောက်၊ ဝဲ၊ ယာတွင် ယှဉ်ကပ်ရသည့် ဗျည်းများလည်း များပြားသည်ဖြစ်ရာ အသံနှင့်အရေး ကွာခြားမှု ကြီးမားသည့် အရေးအသားစနစ်ဖြစ်သည်။ သံတူကြောင်းကွဲစကားလုံးများ များပြားသော အရေးအသားစနစ်ဖြစ်သည်။

အခြေခံအားဖြင့် ဗျည်းယှဉ်သရသင်္ကေတများသည် ပင်မဗျည်း၏ အထက်တွင်လည်းကောင်း၊ အောက်တွင်လည်းကောင်း နေရာယူလေ့ရှိသည်။ ပင်မဗျည်းကို ဗဟိုပြု၍ ရှေ့ဆက်၊ နောက်ဆက်၊ ထပ်တိုးနောက်ဆက်ဗျည်းများကို ခွဲခြားနိုင်သည်။ သို့သော် ဗျည်းယှဉ်သရသင်္ကေတ မပါသော ပင်မဗျည်းမျိုးဖြင့် ဖွဲ့စည်းထားသည့် ဝဏ္ဏတစ်ခုကို အသံထွက် ရွတ်ဖတ်မည်ဆိုလျှင် မျက်မြင်ချက်ချင်း ရွတ်ဆိုနိုင်ရန် ခက်ခဲသည်။ မည်သည့် အစိတ်အပိုင်းသည် ပင်မဗျည်း၊ မည်သည့်အစိတ်အပိုင်းသည် ရှေ့ဆက်၊

မည်သည့် အစိတ်အပိုင်းသည် နောက်ဆက်ဟူ၍ အလွယ်တကူ ခွဲခြားမရသောကြောင့်ဖြစ်သည်။ ဝဏ္ဏ၏အလယ်တွင်ရှိသော ဗျည်းသင်္ကေတတိုင်းသည် ပင်မဗျည်း ဖြစ်ချင်မှ ဖြစ်မည်။ ရှေ့ဆုံးတွင်ရှိသော ဗျည်းတိုင်းကိုလည်း ရှေ့ဆက်ဟု အလွယ်တကူ မယူဆနိုင်ပေ။ ཐབས་ ကဲ့သို့ စကားလုံးမျိုးကို /bas/ ဟုမှားယွင်း ဖတ်ရှုနိုင်သည်။ စင်စစ်ထိုဝဏ္ဏတွင် ရှေ့ဆုံးမှ ཐ་ သည် ပင်မဗျည်း ဖြစ်ပြီး /t'ab/ ဟု အသံထွက်ရမည်ဖြစ်သည်။ အသံတိတ်အက္ခရာများပြီး အဆက်ဗျည်း၊ ယှဉ်တွဲဗျည်း ဆိုင်ရာ စည်းမျဉ်းများ ရှုပ်ထွေးသည့်အတွက် အရေးစနစ်အတိုင်း အသံထွက်ဖတ်ရှုနိုင်ရန် ခက်ခဲသည်။

ဗျည်း၊ သရများကို ပေါင်းစပ်ရွတ်ဆိုသည့် စနစ်သည် မြန်မာဘာသာစကား၏ စာလုံးပေါင်းစနစ်နှင့်ဆင်တူသည်။ ဦးဆုံးဗျည်းကိုအရင်ရွတ်ဆိုပြီး ဗျည်းယှဉ်သရသင်္ကေတနှင့်တခြား အထောက် အပံ့ သင်္ကေတများကို တွဲဖက်ရွတ်ဆိုရသည်။ ဝဏ္ဏတစ်ခုချင်းစီကို ပိုင်းခြား၍ဖော်ပြသည့် ပုဒ်ဖြတ်ပုဒ်ရပ်စနစ်သည်လည်း ထူးခြားသည်။ မြန်မာ၊ မွန်၊ သက္ကတ၊ ထိုင်း စသည့် အခြားသော ဗြာဟ္မီပွားအက္ခရာပွား အရေးစနစ်များတွင် ထိုသို့ သင်္ကေတပြုပိုင်းခြားပြခြင်းမျိုး မတွေ့ရပေ။ ဝါကျ တစ်ကြောင်းဆုံးသည်အထိ ဝဏ္ဏများကို တစ်ခုနှင့်တစ်ခုအကြား နေရာလပ်မချန်ဘဲ ဆက်တိုက်စီတန်း ရေးသားသွားလေ့ရှိသည်။

သက္ကတဘာသာဖြင့် ရေးထိုးထားသည့် ဂါထာမန္တရားများ၊ ဗုဒ္ဓစာပေများ၏ လွှမ်းမိုးမှုကြီးမားသော လူမှုအသိုင်းအဝိုင်း ဖြစ်သည့်အလျောက် သက္ကတဘာသာအတွက် သီးသန့် ဖန်တီးထားသော အရေးသင်္ကေတများနှင့် စည်းမျဉ်းများလည်း ပါဝင်လျက်ရှိသည်။ အရေးသင်္ကေတများ၏ သွင်ပြင်သည် အိန္ဒိယမြောက်ပိုင်း ဗြာဟ္မီပွား နာဂရီအက္ခရာများနှင့် နီးနီးစပ်စပ် ဆင်တူသည်။ သင်္ချာဂဏန်းသင်္ကေတများ၏ သွင်ပြင်လည်း နီးစပ်သည်။ ပုဒ်ဖြတ်ပုဒ်ရပ် သင်္ကေတများတွင်လည်း ဗုဒ္ဓစာပေနှင့် အိန္ဒိယယဉ်ကျေးမှုတို့၏ သက်ရောက်မှုများ ထင်ဟပ်နေသည်။ သီဟိုဠ်ကျွန်းပေစာ၊ အိန္ဒိယပေစာ၊ မြန်မာပေစာကဲ့သို့ တိဗက်ပေစာများလည်းရှိခဲ့သည်။ ပေစာရေးနည်းစနစ်မှ ပုဒ်ဖြတ်ပုဒ်ရပ်သင်္ကေတများကိုလည်း မျက်မှောက်ခေတ် တိဗက်စာအရေးအသားစနစ်အထိ သုံးစွဲနေဆဲဖြစ်သည်။ ဤသည်မှာ အာရှတိုက် ကုန်းတွင်းပိုင်း ဘာသာစကားများတွင် အိန္ဒိယယဉ်ကျေးမှုနှင့် ဗုဒ္ဓဘာသာအယူဝါဒလွှမ်းမိုးမှု အတိုင်းအတာ ကြီးမားခဲ့ပုံကို သက်သေပြနေသော အချက်များဖြစ်သည်။

ထူးခြားချက်အနေဖြင့် တိဗက်စာအရေးအသားစနစ်တွင် ထင်ရှားသော တက်ကျသံပြ သင်္ကေတ အမှတ်အသား မတွေ့ရပေ။ တိဗက်စာအရေးအသားစနစ်သည် သက်တမ်းရှည် စာရေးနည်းစနစ်များတွင် အပါအဝင်ဖြစ်ပြီး ရေးထုံးစနစ်ဆိုင်ရာ ပြောင်းလဲမှုလည်း နည်းပါးသည်။ ဘာသာစကားပညာရှင်များ၏ သုတေသနများအရ မျက်မှောက်ခေတ် လာဆာတိဗက်စကား သည် တက်ကျသံ ဘာသာစကားအသွင်သို့ ပြောင်းလဲစပြုနေပြီဖြစ်ရာ သွင်ပြင်အသစ်နှင့် လိုက်လျောညီထွေဖြစ်မည့် တက်ကျသံအမှတ်အသားများ၊ သံပြောင်းပြ သင်္ကေတများ ဖြည့်တင်း တီထွင်ရန်လိုအပ်နေပေသည်။

## နိဂုံး

ဤစာတမ်းတွင် တိဘက်အရေးအက္ခရာများ၊ ရေးဆွဲပုံစနစ်များ၊ ပေါင်းစပ်ပုံစနစ်များ၊ သင်္ချာသင်္ကေတများ၊ ပုဒ်ဖြတ်ပုဒ်ရပ်သင်္ကေတများကို အခြေခံ၍ တိဘက်စာအရေးအသားစနစ်၏ သွင်ပြင်ကို ဖော်ထုတ်တင်ပြခဲ့ပါသည်။ တိဗက်နှင့်မြန်မာသည် တိဗက်-တရုတ်မျိုးရိုးဝင် ဘာသာစကားများဖြစ်ကြ

ပြီး ဘာသာစကားအနွယ်ချင်းတူသည်။ ဗြာဟ္မီအက္ခရာပွား အစုဝင် ဖြစ်ကြပုံချင်းလည်းတူသည်။ သို့သော် တိဗက်နှင့် မြန်မာတို့၏ သဒ္ဒါဖွဲ့စည်းမှုသွင်ပြင်၊ အသံဖွဲ့စည်းမှုသွင်ပြင် မည်မျှနီးစပ်ကြောင်း နှိုင်းယှဉ် ဆန်းစစ်ထားသည့် စာရင်းအင်းအခြေပြု သုတေသနရလဒ်မျိုး မရှိသေးပေ။ ဆက်လက်ဆောင်ရွက် သင့်ပေသည်။ ဤစာတမ်းသည် အရေးရုပ်သွင်လေ့လာမှုနယ်ပယ်တွင်လည်းကောင်း၊ တိဗက်နှင့် မြန်မာ အရေးအသားစနစ်ချင်း နှိုင်းယှဉ် လေ့လာရာတွင်လည်းကောင်း အထောက်အပံ့ဖြစ်ရန် မျှော်လင့်ပါသည်။

## ကျမ်းကိုးစာရင်း


### မြန်မာဘာသာ

ကတူးသန်းနိုင်။ (၂၀၂၂)။ ***မြန်မာနိုင်ငံတိုင်းရင်းသားစာပေအရေးအသားစနစ်များ*** ။ ရန်ကုန်၊ Myanmar Heritage။

ခင်ကြီးဖျော်၊ တောင်တွင်းဆရာတော်။ (၁၈၇၅)။ ***သဒ္ဒါမြူဟာကျမ်း။*** ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၁၈)။ ***မြန်မာအဘိဓာန်*** (တကြိမ်)။ နေပြည်တော်၊ မြန်မာနိုင်ငံတိုင်းရင်း ဘာသာစကားဦးစီးဌာန။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၁၀)။ *ဘာသာစကားသုတေသ*န ။ ရန်ကုန်၊ ဓူဝံ စာပေ။

### အင်္ဂလိပ်ဘာသာ

Goldstein, M. C. (2001). ***The New Tibetan-English Dictionary of Modern Tibetan***. Oakland: University of California Press.

Goldstein, M. C. (1984). ***English-Tibetan Dictionary of Modern Tibetan***. Oakland: University of California Press.

Harding, S., & Morelli, J. (1987). ***Tibetan language correspondence course***. Boulder Co: n.p.

Kjellin, Olle. (1975). How to Explain the "Tones" in Tibetan. *Proceedings of the 8th International Conference on Sino-Tibetan Languages and Linguistics*. 151-166. https://www.umin.ac.jp/memorial/rilp-tokyo/R09/R09151.pdf

Lian Sheng, Zhang. (1987). ***The Consonant System of Middle-Old Tibetan and the Tonogenesis of Tibetan*** [ Doctoral dissertation, University of California].

**နောက်ဆက်တွဲ**

**မူရင်းကောက်နုတ်ချက်များ**

| စဉ် | မူရင်းကောက်နုတ်ချက်များ | ကိုးကားသည့် စာမျက်နှာ |
|---|---|---|
| ၁ | ཁ་ /kʽa/ 1.the second letter of the alphabet, the second item in alphabetical list. 2. mouth<br>(Cornyn. W, 1944, p.87) | ၁၀ |
| ၂ | By the time Tibetan writing was being created, the language was not yet tonal. But many dialects of Modern Tibetan (e.g. Lhasa, Khams) are tonal.<br>)Lian Sheng, 1987, p 87) | ၁၈ |
| ၃ | Historically voiceless consonants have a high fundamental frequency (i. e. the following vowel begins high), and historically voiced consonants have a lower fundamental frequency (which rises in the following vowel) although most of these are voiceless in the modern language.<br>(Kjellin, Olle. 1975, pp. 151) | ၁၉ |
| ၄ | At least for Southeast Asian "tone languages" it seems to be quite widely assumed that tonogenesis is due mainly to the loss of final consonants (or the loss of the voiced-voiceless distinction in them), and that the tones have split further with the loss of the voicing distinction in the initial consonants.<br>(Kjellin, Olle. 1975, pp. 162) | ၂၀ |
| ၅ | There are no apparent tone marks in Tibetan writing.<br>)Lian Sheng, 1987, p 87) | ၂၀ |
| ၆ | The dot (tesk( and the Iine (shey) are the only punctuation marks in Tibetan, so don't overlook them.<br>)Harding, S., & Morelli, J., 1987, p 2) | ၂၆ |

*J. Myanmar Acad. Arts Sci. 2026* **Vol. XXIII. No.6**

# စစ်ကဲကြီးဦးထော်လေး ကျောက်စာဝါကျဖွဲ့ပုံ လေ့လာချက်

လှဲ့လှဲ့မာ[၁]

## စာတမ်းအကျဉ်း

ဤစာတမ်းသည်မော်လမြိုင်မြို့ ကျိုက်သလွံဘုရားဝင်းတွင် စိုက်ထူထားသော စစ်ကဲကြီးဦးထော်လေး ရေးထိုးခဲ့သည့် ကျောက်စာတိုင်မှ ဝါကျဖွဲ့ပုံကိုလေ့လာထားသောစာတမ်းဖြစ်ပါသည်။ ကျောက်စာတိုင်တွင် ရေးထိုးထားသော မြို့ရွာတည်အကြောင်းမှ ဝါကျဖွဲ့ပုံကို ဖော်ထုတ်လိုသော ရည်ရွယ်ချက်နှင့် လေ့လာထားသောစာတမ်းဖြစ်ပါသည်။ ဤစာတမ်းတွင်စစ်ကဲကြီးဦးထော်လေး ကျောက်စာနှစ်မျက်နှာနှင့် ကျောက်စာ၏ ဝါကျဖွဲ့ပုံကိုလေ့လာတင်ပြမည်ဖြစ်ပါသည်။ ဝါကျဖွဲ့ပုံကိုလေ့လာတင်ပြရာတွင် ဘာသာဗေဒနည်းဖြင့် လေ့လာတင်ပြမည်ဖြစ်ပါသည်။ ဤစာတမ်းပါအချက်အလက်များသည် မော်လမြိုင်မြို့တည် သမိုင်းလေ့လာမှုနှင့် ကိုလိုနီခေတ် ဝါကျဖွဲ့ပုံလေ့လာမှုကိုတစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ**။ ဝါကျ၊ဝါကျရိုး၊ ဝါကျရော၊ ဝါကျပေါင်း၊ ဝါကျပေါင်းရော၊ အမှီဝါကျကဏ္ဍ၊ သီးခြားဝါကျ ကဏ္ဍ၊ပေါင်းစည်းစကား

## နိဒါန်း

မောင်ထော်လေးကျောက်စာတွင် မော်လမြိုင်မြို့ဟောင်းသည် မည်သည့်အချိန်ကစတင်တည်ထောင်ပြီး မည်သည့်အချိန်တွင် မြို့ဟောင်းမြို့ပျက် ဖြစ်သွားသည်ကို မှတ်တမ်းတင် ဖော်ပြထားခြင်းမရှိပေ။ ဤကျောက်စာသည် မော်လမြိုင်မြို့ဟောင်းမြို့ပျက်အား အသစ်တဖန် ပြန်လည်တည်ပုံကို အထင်အရှား မှတ်တမ်းတင်ထားသော ကျောက်စာဖြစ်ပါသည်။ ကျောက်စာရေးထိုးသူမှာ ဒလမြို့ထိန်း မော်ကျွန်းစား ဘွဲ့တော်ကျော်သီဟ (ငယ်အမည်မောင်ထော်လေး)၊ မွန်အမျိုးသားတစ်ဦးဖြစ်သည်။ စစ်ကဲကြီး ဦးထော်လေးရေးထိုးခဲ့သော ကျောက်စာတိုင်ကို မော်လမြိုင်မြို့ကျိုက်သလွံဘုရား ဝိသာခါဝတ်ဘေးတွင် စိုက်ထူထားသည်ကို အခိုင်အမာတွေ့နိုင်ပါသည်။ စစ်ကဲကြီးဦးထော်လေး ကျောက်စာတွင် ကျိုက်သလွံ စေတီနှင့်မော်လမြိုင်မြို့ဟောင်းကို အသစ်တည်သည့်အကြောင်းကို အသေးစိတ်ရေးထိုး မှတ်တမ်း တင်ထားသည်ကိုတွေ့ရပါသည်။

## ရည်ရွယ်ချက်

စစ်ကဲကြီးဦးထော်လေး ကျောက်စာတိုင်တွင် ရေးထိုးထားသောမြို့ရွာတည်သည့် အကြောင်းမှ ဝါကျ ဖွဲ့ပုံကိုဖော် ထုတ်လိုသော ရည်ရွယ်ချက်နှင့် လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။

## သုတေသနမေးခွန်း

(၁) မော်လမြိုင်မြို့တည် သမိုင်းကြောင်းကိုရေးထိုးရာတွင် မည်သည့်ဝါကျဖွဲ့ပုံများကို သုံးထားသနည်း။

(၂) စစ်ကဲကြီးဦးထော်လေးရေးထိုးထားသော မော်လမြိုင်မြို့တည် သမိုင်းကြောင်းမှ ဝါကျဖွဲ့ပုံသည်ဆိုလို သည့်အကြောင်းအရာကိုပေါ်လွင်အောင်ရေးဖွဲ့နိုင်စွမ်းရှိ၊ မရှိ ဆိုသည့် သုတေသနမေးခွန်းကို လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။

---

[၁] မြန်မာစာဌာန၊ လားရှိုးပညာရေးဒီဂရီကောလိပ်

**စစ်ကဲကြီးဦးထော်လေးကျောက်စာနှစ်မျက်နှာ**

**စစ်ကဲကြီးဦးထော်လေးကျောက်စာ(မျက်နှာ)**

## စစ်ကဲကြီးဦးထော်လေးကျောက်တိုင်

သက္ကရာဇ် ၁၂၃၂ ခုနှစ် ကဆုန်လွှန်း ၅ ရက်စနေနေ့စိုက်ထားသည်

အလွန်စည်ပင်သာယာစွာ မြို့ဟောင်းပြည်ဟောင်းကဲ့သို့ ကုံးရေမစဲလှေ သင်္ဘောများနှင့် အများပေါကာ ရောင်းဝယ်၍ အလွန်စည်ပင်သာယာရှိ၏။ ၁၂၁၄ ခုနှစ်အပြောင်း ဟံသာဝတီတိုင်းနိုင်ငံ တောင်ငူမြို့ပါ အင်္ဂလိက်မင်းလက်နိုင်ငံဖြစ်၍ စိုးပိုင်သည်။ရန်ကုံဘုရားကိုလည်း စစ်ပိုင်ဂေါ်ရတူက ဖျက်ဆီးသောကြောင့် ကျွန်ုပ်စစ်ကဲကြီး မေါင်ထော်လေးကြားသိရလျှင်၊ မရှင်သောမျက်နှာနှင့် ဟံသာဝတီသို့ ကူးသွားလျှင်ဂုမ်းသွင် အမတ်ကိုလျှောက်လတ်သောအချင်း အရာ။ မြမ္မာလူမြိုးတို့သည် သာသ္နာ စည်ပင်ထွန်းလင်းမှ အချင်းခပ်သိမ်း စည်ဘင်မည့်အကြောင်း သတ္တဝါအပေါင်းတို့လည်း ကပ်သုမ္ဗား ကင်းလွတ်မည်းအကြောင်း စာဟောင်းစာတန်းရှိပါသည်ဟု အလွှာနှင့်လျှောက်ရာ ယင်း အလွှာကို သောမကျာဘိလက်သို့ပို့ဆက်သည် တွင်တင်လွှာအတိုင်းမဆိုင်းမျံစွာ ဘာသာကိုးကွယ်ပွဲ မပျက်၊ ဇရတ်တန်ဆောင်း ကျောင်းဘုရားစေတီပုထိုး မြားကိုအဖျက်အဆီးမရှိစေရ။ ဖျက်ဆီးလျှင် မည်သည့်လူမြိုးမဆို ထောင်မှာ ၁ နှစ်တံသည် ၂ နှစ် တံသည် ထောင်ဒန်ငွေဒန် ထားသင့်လျှင်ထားလိန့် မည်ဟု အမိန့်ထုတ်ပြန်တော်မူသည်။ ၎င်းအမိန့်အရတ်ရတ်နှန့်ပတ်၍ ဘုတ်အုပ်တို့အ ထင်ရှားစွာ ရှိလေသည်။ အမိန့်တော်အတိုင်းမပျက် အင်္ဂလိက်လွှက်မှာသာသနာ စည်ပင်သာယာကြောင်း၊ ၎င်း အထက်ကပင်၊ စည်ပင်ပြန့်ပွါး၊ ဘုရားကူကျောင်း တဓောင်းဗျာဿဒ် ဇယတ်အုတ်တိုက်၊ သိုက်မြိုက် ထွန်းပေါ်မျာသိန္ဒံစေတီတော်၊ ရွှေမြိုင်မြို့အပေါ်တွင်၊ ဈေးသော်မသိမ်းမရုပ်၊ အဟုတ်တသွန်၊ ကျေးကျွန် လည်းမထားရဘဲ၊ ရှေ့တက်ကံသည်တတံ၊ ဆံတော်ရှင်ကျိုက်အသုတ်၊ ကျိုက်သံလံ ခေါ်သမုတ်သည်၊ အနုတ္တရဆံတော်ရှင်မှာလ၊ ဒက်ဒမ်းပင်လေးဆူ၊ ကရောင်းမူလေးမျက်နှာ၊ အုပ်တိုက်ဂရာသမံသလင်းပါး၊ ညီညွတ်စွာတည်ပြုလာ၊ အခပဲပေါင်းကား ၆၀၀ ။ ဝင်။ ၎င်းပြင် ကုဿိန္နာရုံဘုရား တိုက်တဓောင်း တည်ထား၍ ရောင်တော်မုဟန်ဘုရား ဝင်းယော်ချောင်းဖျားဆံတော် စစ်ပါးဗျာဘုရား သံလွင်ချောင်းဖျား ဂျိုချောင်းနား၌စောလှဘုရားစေတီတော် အဟောင်းရှေ့ကပျက်စီးသမျှကို ဘုရားတပြည့်သား အသဃ်ာ လူအမည်မှာ ဦးရွှေလှနှင့်တဝတည်း မတည်သဝါပြုပြင် ထီးတော်တင်၍ ယွှင်ထက်ကောင်းအောင် ပြုပြင်ကြောင်း။ ၎င်းပြင်ဘုရားပြုဘုရား မည်သူကမျှ မတည်လုပ်ဝန့်ကျ။ ကျွန်ုပ်ကြပ်မ၍ ဦးရွှေလှ နှင့်အတူ တည်လုပ်ပြုစုကြောင်း။ အရပ်လွှာစုံပေါင်း၍ ၎င်းကျောက်ထက်အက္ခရာ နှောင်လာ နှော်သားတို့ မှတ်သားစေခြင်းငှာ ရေးသားထုလုပ်၍ထားစေသည်။ ဤပုညကဂမ္မနာဝိရိယာဓိကအဝါ ပဟံဗုဒ္ဓတ္တ ပါရမိတီသာ၊ ပူရေတွာန၊အနဂတော။ အဟံအကျွန်ုပ်သည် ဣပိနာပုည၊ ကဓမ္မနဤသို့ အစုစုအရပ်ရပ် ပြုအတင်သာ ကုသိုလ်စေတနာကြောင့်ပါရမီတိ၁၀။ပါရမီ သုံးဆယ်တို့ကို ပုရေတွာ၊ ပြည့်အဝပြီး၍ အနာရဂတနောင်သောအခါနှိုက် ရိယာဓိကံ၊ ဝိရိယဖြင့် လွန်မြတ်သော ဗုဒ္ဓတ္တံ၊ဘုရားအဖြစ်သို့ ဘဝါဝါ ဖြစ်ရပါလို၏။ ဗုဒ္ဓတ္တံ၊ဘုရားအဖြစ်သို့ပါပုနိတွာ၊ ရောက်ပြီး၍၊ တိတဝေ၊ ဘဝသုံးပါး၌၊ ဗဟုများစွာ၊ ဘဝနရ... ကျင်လည်ကုန်သော ဇနကသတ္တဝါပေါင်းကို ဓမ္မနာဝါယ၊ တရားတည်းဟူသော လှေဖြင့် မြယံသံသရာက သံသရာတည်းဟူသောရေအယဉ်ကို ဆေတွာဖြတ်၍သုခချမ်းသာစွာ၊ ဝဒံ၊နိဗ္ဗာန်တည်း

ဟူသောကြေးတံခါးသို့၊ တာရေမိပို့ဆောင်ကယ်တင်ရလို၏။ မေအကျွန်ုပ်အား--ညွှတ်ပုညဘာဂပ။ ဤကောင်းမှုအဖို့ကို မာတာပီတ ဒီပါနိလာစ၊မိခင်ဖခင်အရှင် စိုးမင်းမကြွင်း(စေ)အပ်တို့ သံသရာကျင်လည်ကုန်သောသတ္တဝါတို့သည်၊ဂမ အကျွန်ုပ်နှင့်သမံ အမျှထပ်တူလဆန္ဒတည်း--။ သည် ကသ…သောကုသိုလ်အဖို့ကို အနုမောဒနာ နှစ်လို ဝမ်းသာစေတနာနှင့် သာဓုခေါ်စေကုံသတည်း။ ။

**စစ်ကဲကြီးဦးထော်လေးကျောက်စာ(ကျော)**

ဇေယတုသဗ္ဗမင်္ဂလံ။ ဝါရိတိဌတုသာသနံ(ဝါရ) ကြာမြင့်သောသာသနာ။ သာသနာငါးထောင်ကာလပတ်လုံး တိဌတုတည်စေသတည်း။ သက္ကရာဇ်---- ခုအင်္ဂလိက်မင်းနှင့် မြမ္မာမင်း စစ်ပြိုင်ကျရာဇာတာတော်နိန့်တုပဖို့ လွှက်မမျှ၍မြမ္မာတို့က ဆုတ်ပြန်သည်။ ဗန္ဓုလသေပြီးသည် နော်အညာချီတက်ရာရန္တပိုရွာ ရောက်လျှင်စစ်မဖက်ပြိုင်ဝန့်၍စကားပြောကျရာ ငွေတကုဋ္ဌေပေးပါမည်။ သံလွင်မြစ်အရှေ့ဘက်ကိုလည်း အပိုင်ယူပါတော့။၂ဦးသဘောတူ၍---၇ ခုနှစ်မှာစာချုပ် လက်မှတ်ထားကြသည်။ -ပြေလျှင်ရုံကုံမြို့-အပေးပါမည်။ မော်လမြိုင်မြို့ဟောင်းကိုလည်း အစည်သာဝရန်ပြုရမည် ကျေညာစေကပ်သည်ကြောင်း သိရလျှင် ကျွန်ုပ်ဒလမြို့ထိမ်းမော်ကျွန်းစား ဘွဲ့တော်ကျော်သီဟ။ ငယ်မည်မှာမောင်ထော်လေးမွန် အမြိုးသားဖြစ်သည်နြှင့်နှိုးဆော်စေပြီးလျှင် လေှကြီးငယ်ပေါင်း ၂၀၀၀တွင်လူကြီးငယ်လတ်(၁၀၀၀၀ကျော်၁၂၀၀၀ခန့်) တန်ဆောင်မုန်းလပြည်ကျော် ၁၀ ရက်နေ့ ဘုန်းတော်ကြောင့်နေသာရာလေမိုဃ် လှိုင်းတံပိုးမရှိ ပကတိမြစ်ငယ်တို့သည်--မှလာ ရှေ့ဘက်က-----မြို့ဟောင်းသို့ဆိုက်ရောက်လျှင် တစ်အိမ်မျှမရှိ တောကြီးအတိ ရှိနေသည်။တောကိုခုတ်ထွင်ရှင်းလင်း၍ အိမ်ရာအသီးသီးဆောက်လုပ်ကျသည်။ ကျိုက်သန်လန်ဘုရား ရွှေအထွတ်ပြု၍ မင်းမဟာနော်ရထာလုပ်၍ထီးမတင်ရမီပြိုပြက်သည်။ ၎င်းနောက်ပခန်းမင်းကြီး တည်လုပ်လျှင်လည်း ပြိုပြက်ပြံသည်။ ဗိုလ်ချုပ်ကြီးထံလာ အသစ်တည်လုပ်ရပါမည်အကြောင်း လျှောက်ထားရာ အမိန့်တော်ယိုးဒယား ဘုန်းကြီးက-ဘွဲ့မှာသီလဝိသဒ္ဓိ ပဂ္ဂိုလ်နှင့်ကျွန်ုပ်တိုင်--မြို့လုရွာသားနှင့်တကွရွှေကျင်မြို့ သူကြီးခေါင်းများကိုနှိုးဆော်၍အုပ်ပိုရိတ်ကျေးရွာမှာမြို့နှင့်တကွ ၈၉၂ ခုနှစ်ကစ၍ကြပ်မတည်ပိုးသည်လုပ်ရာ ၈၉၂ ခုပြာသိုလဆန်း ၈ ရက်နေ့တွင် ထီးတင်ပြီးပါသည်။ ခေါင်ဝေးသည်တွင်ရှိသည့် စေတီ ပုထိုးသိမ်ရာများ ကိုခုတ်ထွင်ရှင်းလင်း၍မွံမံတည်လုပ်ပါသည်။ မြို့ရွာတည်။

စစ်ကဲကြီးဦးထော်လေးကျောက်စာနှစ်မျက်နှာ(မျက်နှာ)



စစ်ကဲကြီးဦးထော်လေးကျောက်စာနှစ်မျက်နှာ(ကျော)



## စာပေလေ့လာဆန်းစစ်ချက်

စစ်ကဲကြီးဦးထော်လေးကျောက်စာတိုင်၏ ဝါကျဖွဲ့ပုံကိုသုတေသနပြုရာတွင် ပညာရပ်ဆိုင်ရာ စာအုပ် စာတမ်းများနှင့်စစ်ကဲကြီး ဦးထော်လေးရေးထိုးခဲ့သော ကျောက်စာတိုင်ကိုဖတ်ရှုလေ့လာ ဆန်းစစ်တင်ပြထားပါသည်။

## နည်းနာ

စာတမ်းကိုသုတေသနပြုရာ၌ ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသနနည်းနာတို့ကို အသုံးပြု ထားပါသည်။

## ပညာရပ်ဆိုင်ရာနည်းနာ

ပညာရပ်ဆိုင်ရာနည်းနာအဖြစ် ဘာသာဗေဒနယ်ပယ်ဝါကျဖွဲ့ပုံနည်းနာများဖြင့် ချဉ်းကပ်လေ့လာ တင်ပြထားပါသည်။

## ဝါကျဖွဲ့ပုံ

ဘာသာဗေဒနည်းအရ ဘာသာစကားတစ်ခု၏ သဒ္ဒါကို စိစစ်လေ့လာရာတွင် စကားလုံးဖွဲ့ပုံနှင့် ဝါကျဖွဲ့ပုံဟုနှစ်မျိုးရှိရာ ဝါကျဖွဲ့ပုံကိုလေ့လာမှုသည် ဝါကျတွင်ပါဝင်သော ဝါကျကဏ္ဍ သို့မဟုတ် ဝါကျ ခွဲပေါ်မူတည်၍ ဝါကျကဏ္ဍသည် ဝါကျတွင်း၌ မည်သို့ပါဝင်ဖွဲ့စည်းသည်ကို လေ့လာခြင်းဖြစ်ပါသည်။ ဝါကျအတွင်းရှိဝါကျကဏ္ဍကို စိစစ်သောအခါသီးခြားဝါကျကဏ္ဍနှင့် အမှီဝါကျကဏ္ဍဟူ၍ နှစ်မျိုးတွေ့ရ သည်။ သီးခြားဝါကျကဏ္ဍနှင့်အမှီ ဝါကျကဏ္ဍတို့ပေါ်မူတည်၍ မြန်မာဝါကျများကို အမျိုးအစားခွဲလျှင် အောက်ပါအတိုင်းခွဲနိုင်သည်။

(က) ဝါကျရိုး(simple sentence)

(ခ) ဝါကျရော(complex sentence)

(ဂ) ဝါကျပေါင်း(compound sentence)

(ဃ) ဝါကျပေါင်းရော(compound- complex sentence) တို့ဖြစ်သည်။

## သုတေသနနည်းနာ

ဤစာတမ်းတွင် စစ်ကဲကြီးဦးထော်လေးကျောက်စာ၏ ဝါကျဖွဲ့ပုံကိုခွဲခြမ်းစိတ်ဖြာ ဆန်းစစ်နည်း ဖြင့် အသုံးပြုလေ့လာထားပါသည်။

## လေ့လာတွေ့ရှိချက်

စစ်ကဲကြီးဦးထော်လေးကျောက်စာ၏ ဝါကျဖွဲ့ပုံကိုအောက်ပါအတိုင်း လေ့လာတွေ့ရှိ ရပါသည်။

## ဝါကျရိုးဖွဲ့ပုံလေ့လာချက်

ဝါကျရိုးတွင်အခြေခံအားဖြင့် ကတ္တားပုဒ်နှင့်ကြိယာပုဒ်တို့ပါရှိသည်။ **သီးခြားဝါကျကဏ္ဍတစ်ခု**[1] **ဖြင့် ဖွဲ့စည်းထားသောဝါကျကို ဝါကျရိုးဟုခေါ်သည်။ ဝါကျရိုးတွင် အမှီဝါကျကဏ္ဍမပါဝင်ရပေ။**[၁]

ဝါကျရိုး ⟶ သီးခြားဝါကျကဏ္ဍ

SS ⟶ ICL

(၁)သက္ကရာဇ် ၁၂၃၂ ခုနှစ် ကဆုန်လဆန်း ၅ ရက်စနေနေ့စိုက်ထားသည်။

(၂) သာသနာ ငါးထောင်ကာလပတ်လုံး တိဋ္ဌတုတည်စေသတည်း။

(၃) ၎င်းပြင် ဘုရားပြုဘုရားမည်သူကမျှမလုပ်ဝံ့ကြ။

(၄) မြို့ရွာတည်။

(၅) သည်ကသ...သောကုသိုလ်အဖို့ကို အနုမောဒနာနှစ်လို ဝမ်းသာစေတနာနှင့် သာဓုခေါ်စေကုန်သတည်း။

အထက်ပါဝါကျရိုး (၁)နှင့်(၂)တွင်အချိန်ပြပုဒ်နောက်မှ ကြိယာပုဒ်တစ်ခုနှင့် တည်ဆောက်ထားသည်။ ဝါကျရိုး (၃)တွင်ကံ၊ အဖြည့်ကံပုဒ်နောက်မှ ကြိယာပုဒ်တစ်ခုနှင့် တည်ဆောက်ထားသည်။ ဝါကျရိုး (၄) တွင် နာမ်ပုဒ်နောက်မှ ကြိယာပုဒ်တစ်ခုနှင့် တည်ဆောက်ထားသည်။ ဆိုလိုချင်သော အဓိပ္ပာယ်ကို တိတိကျကျရှင်းရှင်း လင်းလင်းတိုတိုတုတ်တုတ်ဖော်ပြနိုင်သော ဝါကျရိုးများအဖြစ် လေ့လာတွေ့ရှိရပါသည်။

## ဝါကျရောဖွဲ့ပုံလေ့လာချက်

ဝါကျရိုးနှစ်ခု (သို့) နှစ်ခုထက်ပိုသောဝါကျရိုးများကို ဝါကျတစ်ခုတည်းဖြစ်ရန် အဆက်ပစ္စည်းတစ်ခုခုဖြင့် ဆက်၍ရေးသောဝါကျကို ဝါကျရောဟုခေါ်သည်။[၂] ဝါကျရောသည်အမှီဝါကျ ကဏ္ဍတစ်ခုသို့မဟုတ် တစ်ခုထက်ပိုသော အမှီဝါကျကဏ္ဍများ ပါဝင်သောဝါကျဖြစ်သည်။ ပါဝင်သော အမှီဝါကျများသည် ဝါကျတစ်ခုအဖြစ် သီးခြားရပ်တည်နိုင်ခြင်းမရှိဘဲ သီးခြားဝါကျကဏ္ဍ တစ်ခုအပေါ်တွင်မှီပြီး ဝါကျတွင်ပါဝင်ရသည်။

ဝါကျရောတစ်ခုတွင် သီးခြားဝါကျခွဲတစ်ခုမပါမဖြစ်ပါရသည်။ သီးခြားဝါကျခွဲ၏ရှေ့တွင်အမှီဝါကျခွဲသည် တစ်ခုသို့မဟုတ်တစ်ခုမကပါနိုင်သည်။[၃]

**[2]အမှီဝါကျခွဲ(၁)ခုသီးခြားဝါကျခွဲ(၁)ခုပါသောဝါကျရောဖွဲ့ပုံ**

ဝါကျရော ⟶ အမှီဝါကျခွဲ + သီးခြားဝါကျခွဲ

Cpls ⟶ DCL + ICL

---

[1] http://en.wikipedia.org/wiki/Sentence-clause-structure#Simple-sentences

[၁] မြန်မာစာအဖွဲ့။ (၂၀၁၇)။ မြန်မာသဒ္ဒါအတွဲ(၂)၊အခန်း(၅) ၊နဝမတန်း၊ရန်ကုန်

[၂] မြန်မာစာအဖွဲ့။ (၂၀၁၇)။ မြန်မာသဒ္ဒါအတွဲ(၂)၊ အခန်း(၅)၊နဝမတန်း၊ရန်ကုန်

[၃] တတိယနှစ်အလယ်တန်းအထူးပြု၊ပထမနှစ်ဝက်၊EDU3104

[၄] သင်ရိုးညွှန်တမ်းနှင့်သင်ပြနည်းဆိုင်ရာလေ့လာမှုများ-မြန်မာစာ

| **ဝါကျရော** | ➡ | **အမှီဝါကျခွဲ** | **+သီးခြားဝါကျခွဲ** |
|---|---|---|---|
| ၁ | | ၎င်းအမိန့်အရပ်ရပ်နှံ့ပတ်၍ | ဘုတ်အုပ်တို့နှင့်ထင်ရှားစွာရှိလေသည်။ |
| ၂ | | တောကိုခုတ်ထွင်ရှင်းလင်း၍ | အိမ်ရာအသီးသီးဆောက်လုပ်ကြသည်။ |
| ၃ | | ခေါင်ဝေးသည်တွင်ရှိသည့်စေတီပုထိုး သိမ်ရာများကို ခုတ်ထွင်ရှင်းလင်း၍ | မွမ်းမံတည်လုပ်ပါသည်။ |
| ၄ | | ၎င်းနောက်ပခန်းမင်းကြီးတည်လုပ်လျှင်လည်း | ပြီးပျက်သည်။ |
| ၅ | | ---ပြေလျှင် | ရန်ကုန်မြို့အ-ပေးပါမည်။ |
| ၆ | | ၁၂၁၄ ခုနှစ် အပြောင်းဟံသာဝတီတိုင်းနိုင်ငံ တောင်အူမြို့ပါ အင်္ဂလိပ်မင်းလက်နိုင်ငံဖြစ်၍ | စိုးပိုင်သည်။ |

အမှီဝါကျခွဲ(၁)ခု သီးခြားဝါကျခွဲ(၁)ခုပါသော ဝါကျရောဖွဲ့ပုံတွင် ဝါကျရော (၁၊၂၊၃၊၆၊)သည် အမှီဝါကျခွဲ များတွင် ဝါကျဆက်၍ကိုသုံး၍ တစ်ခုပြီးမှတစ်ခုဆက်လုပ်သည်ကို ထင်ရှားပေါ်လွင်စေသော ဝါကျရော များအဖြစ်တွေ့ရပါသည်။ ဝါကျရော(၄နှင့်၅) အမှီဝါကျခွဲတွင်ဝါကျဆက်လည်း၊ လျှင်ကိုသုံး၍ ကိစ္စတစ်ခုပြီး လျှင်ဖြစ်လာမည့် အကျိုးဆက်ကိုပေါ်လွင်အောင် ဖော်ပြထားသော ဝါကျရောအဖြစ် တွေ့ရပါသည်။ အမှီဝါကျခွဲ(၁)ခုပါသော ဝါကျရောဖွဲ့ပုံစံသည် တောရှင်း၍အိမ်ဆောက်ပုံ၊ ဘုရားတည်ပုံ၊ ဘုရားပြိုပျက်ပုံ၊ စစ်ပြေငြိမ်းရန် ရန်ကုန်မြို့အားပေးရပုံတို့ကို ပေါ်လွင်အောင်ရှင်းပြနိုင်သော ဝါကျရော ပုံစံအဖြစ် လေ့လာတွေ့ရှိရပါသည်။

**အမှီဝါကျခွဲ(၂)ခုသီးခြားဝါကျခွဲ(၁)ခုပါသောဝါကျရောဖွဲ့ပုံ**

ဝါကျရော ➡ အမှီဝါကျခွဲ + အမှီဝါကျခွဲ + သီးခြားဝါကျခွဲ

Cpls ➡ DCL + DCL + ICL

| ဝါကျရော | ➡ | အမှီဝါကျခွဲ | +အမှီဝါကျခွဲ | +သီးခြားဝါကျခွဲ |
|---|---|---|---|---|
| ၁ | | အလွန်စည်ပင်သာယာစွာ မြို့ဟောင်းပြည်ဟောင်းကဲ့သို့ ကုန်းရေမစဲလှေသင်္ဘောများနှင့် အများလာကာ | ရောင်းဝယ်၍ | အလွန်စည်ပင် သာယာရှိ၏။ |
| ၂ | | ဗုဒ္ဓတ္တံ၊ ဘုရားအဖြစ်သို့ပါပုနိတ္တာ၊ ရောက်ပြီး၍၊ | တိတဝေ၊ ဘဝသုံးပါး၌၊ဗဟု များစွာ၊ | သုခချမ်းသာစွာ၊ ဝဒံ၊ နိဗ္ဗာန်တည်း |

| ဝါကျရော | → | အမှီဝါကျခွဲ | +အမှီဝါကျခွဲ | +သီးခြားဝါကျခွဲ |
|---|---|---|---|---|
| | | | ဘဝနရ…ကျင်လည်ကုန်သော ဇုနက သတ္တဝါပေါင်းကိုခမ္မနာဝါယ၊ တရား တည်းဟူသောလှေဖြင့် မြယံသံသရာက သံသရာတည်း ဟူသောရေအယဉ်ကိုဆေတွာ ဖြတ်၍ | ဟူသော ကြေး တံခါးသို့တာရေမိ ပို့ဆောင်ကယ်တင်ရလို ၏။/ |
| ၃ | | ကျိုက်သန်လန် ဘုရားရွှေ အထွတ်ပြု၍ | မင်းမဟာ နော်ရထာလုပ်၍ | ထီးမတင်ရမီ ပြီးပျက်သည်။ |

အမှီဝါကျခွဲ(၂)ခုပါသောဝါကျရောဖွဲ့ပုံ(၁)တွင်ဝါကျဆက်”**ကာ၊၍**”ကိုသုံး၍မော်လမြိုင်မြို့စည်ပင်ပုံကိုဖော်ပြနိုင်ပြီးဝါကျရောဖွဲ့ပုံ (၂) တွင်ဝါကျဆက်” **၍၊ ၍**” ကိုသုံး၍ မိမိဆုတောင်းကို ထင်ရှားပေါ်လွင်စွာဖော်ပြထားသည်ကို တွေ့ရပါသည်။ ဝါကျရောဖွဲ့ပုံ(၃)တွင်ဝါကျဆက်” **၍၊ ၍**”ကိုသုံး၍ ထီးတော်မတင်မီ ဘုရားပြီးပျက်ပုံကိုပေါ်လွင်အောင်ဖော်ပြထားသည်။

**အမှီဝါကျခွဲ(၃)ခုသီးခြားဝါကျခွဲ(၁)ခုပါသောဝါကျရောဖွဲ့ပုံ**

ဝါကျရော ⟶ အမှီဝါကျခွဲ + အမှီဝါကျခွဲ + အမှီဝါကျခွဲ+ သီးခြားဝါကျခွဲ

Cpls ⟶ DCL + DCL + DCL + ICL

| **ဝါကျရော** | → | **အမှီဝါကျခွဲ** | **+** | **အမှီဝါကျခွဲ** | **+** | **အမှီဝါကျခွဲ** | **+** | **သီးခြားဝါကျခွဲ** |
|---|---|---|---|---|---|---|---|---|
| ၁ | | ရန်ကုန်ဘုရားကို လည်းစစ်ပိုင် ဂေါ်ရတူက ဖျက်ဆီးသော ကြောင့် | | ကျွန်ုပ်စစ် ကဲကြီး မောင်ထော် လေး ကြားသိရ လျှင် | | မရွှင်သောမျက်နှာ နှင့်ဟံသာဝတီသို့ကူး သွားလျှင် | | ဝမ်းသွင်အမတ်ကို လျှောက်လတ်သော အချင်း အရာ။ |
| ၂ | | သက္ကရာဇ်---- | | ဇာတာ | | တုပဖို့ လက်နက် | | မြန်မာတို့က |

| **ဝါကျ ရော** | → | **အမှီဝါကျခွဲ** | **+** | **အမှီဝါကျခွဲ** | **+** | **အမှီဝါကျခွဲ** | **+** | **သီးခြားဝါကျခွဲ** |
|---|---|---|---|---|---|---|---|---|
| | | ခုအင်္ဂလိပ်မင်းနှင့် မြန်မာမင်းစစ်ပြိုင်ကြရာ | | တော်နိမ့် | | မမျှ ၍ | | ဆုတ်ပြန်သည်။ |

အမှီဝါကျခွဲ(၃)ခုပါသော ဝါကျရောဖွဲ့ပုံ(၁)တွင် အမှီဝါကျခွဲနောက်ဆက်**သောကြောင့်၊ လျှင်၊လျှင်**တို့ကို သုံးပြီးသီးခြားဝါကျခွဲတွင်ကြိယာကိုမြှုပ်ရေးသည့်ပုံစံနှင့်တွေ့ရပါသည်။ဝါကျရောဖွဲ့ပုံ(၂)တွင်အမှီဝါကျခွဲ နောက် ဆက်"**ရာ၊၍**"တို့ကိုသုံးထားသည်။ ဇာတာတော်နိမ့်ဟူသည့် အမှီဝါကျခွဲတွင် ဝါကျခွဲ နောက်ဆက်မထည့်ဘဲ ရေးထားသည့်ဝါကျရော ဖွဲ့ဟန်ကိုတွေ့ရပါသည်။

**အမှီဝါကျခွဲ(၄)ခုသီးခြားဝါကျခွဲ(၁)ခုပါသောဝါကျရောဖွဲ့ပုံ**

ဝါကျရော ⟶ အမှီဝါကျခွဲ +အမှီဝါကျခွဲ + အမှီဝါကျခွဲ+ အမှီဝါကျခွဲ +သီးခြားဝါကျခွဲ

Cpls ⟶ DCL + DCL + DCL + DCL + ICL

| ဝါကျ ရော | → | အမှီဝါ ကျခွဲ | + | အမှီဝါကျခွဲ | + | အမှီဝါ ကျခွဲ | + | အမှီဝါကျခွဲ | သီးခြား ဝါကျခွဲ |
|---|---|---|---|---|---|---|---|---|---|
| | | ကျွန်ုပ် ကြပ်မ တ်၍ | | ဦးရွှေလှနှင့်အ တူ တည်လုပ်ပြုစု ကြောင်း | | အရပ် လွှာစုံ ပေါင်း ၍ | | ၎င်း ကျောက်ထက်အက္ခရာ နောင်လာနောင်သားတို့မှတ်သား စေခြင်းငှာရေးသားထု လုပ်၍ | ထားစေ သည်။ |

အမှီဝါကျခွဲ(၄)ခုပါသော ဝါကျရောဖွဲ့ပုံတွင် ဝါကျနောက်ဆက် အဖြစ် **"၍၊ ကြောင်း၊ ၍၊ ၍၊"** တို့ကို သုံးထားသည်။ အမှီဝါကျခွဲအားလုံးတွင် အမှီဝါကျခွဲဝါကျ နောက်ဆက်သုံးထားသောကြောင့် အမှီဝါကျ ခွဲများသော်လည်း အဓိပ္ပာယ်ရှင်းလင်းသောဝါကျရောဖွဲ့ပုံဖြစ်သည်။

**ဝါကျပေါင်းဖွဲ့ပုံလေ့လာချက်**

ဝါကျပေါင်းဆိုသည်မှာ သီးခြားဝါကျကဏ္ဍအနည်းဆုံး နှစ်ခုကိုပေါင်းစပ်ထားသော ဝါကျဖြစ် သည်။ သီးခြားဝါကျကဏ္ဍနှစ်ခုကို တစ်ချောင်းပုဒ်ဖြင့်လည်း ကောင်းပေါင်းစည်းစကား (coordinate conjunction) ဖြင့်လည်းကောင်း ပေါင်းစပ်ထားသောဝါကျဖြစ်သည်။[၄၁]

[၁] [၄]တတိယနှစ်အလယ်တန်းအထူးပြု၊ပထမနှစ်ဝက်၊EDU3104 သင်ရိုးညွှန်တမ်းနှင့်သင်ပြနည်းဆိုင်ရာလေ့လာမှုများ-မြန်မာစာ

ဝါကျပေါင်း ⟶ သီးခြားဝါကျခွဲ + ပေါင်းစည်းစကား + သီးခြားဝါကျခွဲ

CpS ⟶ ICL + CC +ICL

ကျောက်စာတွင်ဝါကျပေါင်းဖွဲ့ပုံကိုအောက်ပါအတိုင်းတွေ့ရပါသည်။

ဝါကျပေါင်း ⟶ သီးခြားဝါကျခွဲ +သီးခြားဝါကျခွဲ +သီးခြားဝါကျခွဲ +သီးခြားဝါကျခွဲ +သီးခြားဝါကျခွဲ +ပေါင်းစည်းစကား+သီးခြားဝါကျခွဲ+သီးခြားဝါကျခွဲ+သီးခြားဝါကျခွဲ+သီးခြားဝါကျခွဲ

CpS ⟶ ICL + ICL + ICL + ICL + ICL + CC + ICL + ICL + ICL + ICL

| **ဝါကျပေါင်း** | → | **သီးခြားဝါကျခွဲ** | **+သီးခြားဝါကျခွဲ** | **+သီးခြားဝါကျခွဲ** | **+သီးခြားဝါကျခွဲ** | **+သီးခြားဝါကျခွဲ** | **ပေါင်းစည်းစကား** | **+သီးခြားဝါကျခွဲ** | **+သီးခြားဝါကျခွဲ** | **+သီးခြားဝါကျခွဲ** | **+သီးခြားဝါကျခွဲ** |
|---|---|---|---|---|---|---|---|---|---|---|---|
| | | အမိန့်တော်အတိုင်းမပျက် | အင်္ဂလိပ်လက်ထက်မှာ သာသနာ စည်ပင်သာယာကြောင်း | ၎င်းအထက်ကပင်၊ စည်ပင်ပြန့်ပွား | ဘုရားဂူကျောင်းတန်ဆောင်း ပြဿာဒ် ဇရပ် အုတ်တိုက်သိုက် မြိုက်ထွန်းပေါ် | မြသိန်းတန် စေတီတော် ၊ရွှေမြိုင်မြို့အပေါ်တွင်၊ ဈေးသော် မသိမ်းမရုပ် | အဟုတ်တသွန်၊ ကျေးကျွန်လည်းမထားရ | ပေါင်းစည်းစကား | ရှေ့တက်ကံသည် တစ်တန်ဆံတော်ရှင်ကျိုက်အသုတ်၊ကျိုက်သံလံခေါ်သမုတ်သည် | အနုတ္တရဆံတော်ရှင်မှာလ၊ ဒက်ဒမ်းပင်လေးဆူ၊ ကရောင်းမှုလေးမျက်နှာ၊ အုပ်တိုက်ဂရာသမံသလင်းပါး၊ ညီညွတ်စွာတည်ပြုလာ | အခပဲ ပေါင်းကား ၆၀၀။ ဝင်။ |

အထက်ပါဝါကျတွင် သီးခြားဝါကျကဏ္ဍများကို တစ်ချောင်းပုဒ်ဖြင့် ပေါင်းစပ်ထားသော ဝါကျပေါင်းဖြစ်သည်။၄၊ အဟုတ်တသွန်၊ ကျေးကျွန်လည်းမထားရ သီးခြားဝါကျခွဲနှင့် ရှေ့တက်ကံသည် တစ်တန် ဆံတော်ရှင်ကျိုက်အသုတ်၊ ကျိုက်သံလံခေါ်သမုတ်သည် သီးခြားဝါကျခွဲတို့သည် သီးခြားရပ်တည် နိုင်သောဝါကျများဖြစ်သည်။ ယင်းဝါကျနှစ်ခုကို ဆက်စပ်အောင်ဆက်ရာတွင် ပေါင်းစည်းစကားအဖြစ် ဘဲကိုထူးခြားစွာ သုံးထားသည်ကိုတွေ့ရပါသည်။

**ဝါကျပေါင်းရောဖွဲ့ပုံလေ့လာချက်**

**ဝါကျပေါင်းရောသည် သီးခြားဝါကျကဏ္ဍနှစ်ခုနှင့် အမှီဝါကျကဏ္ဍအနည်းဆုံး တစ်ခုတို့ ပါဝင်ဖွဲ့စည်းထားသော ဝါကျဖြစ်သည်။၅**[1]

ဝါကျပေါင်းရော → အမှီဝါကျခွဲ...+သီးခြားဝါကျခွဲ+ပေါင်းစည်းစကား+သီးခြားဝါကျခွဲ

CpClS → DCL ... + ICL + CC +ICL

ကျောက်စာတွင်ဝါကျပေါင်းရောဖွဲ့ပုံကိုအောက်ပါအတိုင်းလေ့လာတွေ့ရှိရပါသည်။

(၁)ဝါကျပေါင်းရော → အမှီဝါကျခွဲ+သီးခြားဝါကျခွဲ+ပေါင်းစည်းစကား+အမှီဝါကျခွဲ+
အမှီဝါကျခွဲ+အမှီဝါကျခွဲ+သီးခြားဝါကျခွဲ

CpClS → DCL + ICL + CC + DCL + DCL + DCL + ICL

| ဝါကျ ပေါင်းရော → | အမှီ ဝါကျခွဲ | +သီးခြား ဝါကျခွဲ | +ပေါင်း စည်း စကား | +အမှီ ဝါကျခွဲ | +အမှီ ဝါကျခွဲ | +အမှီ ဝါကျခွဲ | +အမှီ ဝါကျခွဲ | +သီးခြား ဝါကျခွဲ |
|---|---|---|---|---|---|---|---|---|
| | ဗိုလ် ချုပ်ကြီး ထံလာ | အသစ် တည် လုပ်ရပါ မည် | အ ကြောင်း | လျှောက် ထားရာ | အမိန့်တော် ယိုးဒယား ဘုန်းကြီး ကဘွဲ့မှာ သီလ ဝိသဒ္ဒိ ပုဂ္ဂိုလ်နှင့် ကျွန်ုပ်တိုင် မြို့လုရွာသားနှင့် တကွ ရွှေကျင်မြို့ သူကြီး ခေါင်းများ ကိုနှိုးဆော်၍ | အုပ်ပိုရိတ် ကျေးရွာမှာမြို့နှင့် တကွ ၈၉၂ ခုနှစ်ကစ၍ | ကြပ်မတည် ပိုးသည် လုပ်ရာ | ၈၉၂ ခု ပြာသို လဆန်း စရက်နေ့ တွင်ထီး တင်ပြီး ပါသည်။ |

အထက်ပါဝါကျပေါင်းရောတွင် အမှီဝါကျခွဲဝါကျနောက်ဆက်အဖြစ် ရာ၊ ၍၊ ၍၊ ရာတို့ကိုသုံးထား သည်။ /ဗိုလ်ချုပ်ကြီးထံလာ/အမှီဝါကျခွဲတွင် အမှီဝါကျခွဲနောက်ဆက် မြုပ်ရေးထားသည်။/ အသစ်တည် လုပ်ပါမည်/+/အကြောင်း/+လျှောက်ထားရာ/တွင် ပေါင်းစည်းစကား”ဟု”အစား”အကြောင်း”ကို သုံးထားသည်။

[1] ၅ တတိယနှစ်အလယ်တန်းအထူးပြု၊ပထမနှစ်ဝက်၊EDU3104
သင်ရိုးညွှန်တမ်းနှင့်သင်ပြနည်းဆိုင်ရာလေ့လာမှုများ-မြန်မာစာ

ဤဝါကျပေါင်းရောတွင် အနည်းငယ်ရှုပ်ထွေးသယောင် ရှိသော်လည်း ဆိုလိုချင်သောအဓိပ္ပာယ် ပေါ်လွင်သော ဝါကျပေါင်းရောဖြစ်ပါသည်။

(၂)ဝါကျပေါင်းရော → အမှီဝါကျခွဲ+သီးခြားဝါကျခွဲ+သီးခြားဝါကျခွဲ+သီးခြားဝါကျခွဲ+ပေါင်းစည်းစကား+အမှီဝါကျခွဲ+အမှီဝါကျခွဲ+အမှီဝါကျခွဲ+သီးခြားဝါကျခွဲ

CpClS → DCL + ICL + ICL+ICL+CC+DCL+DCL+DCL+ICL

| ဝါကျ ပေါင်း ရော → | အမှီ ဝါကျခွဲ | +သီးခြား ဝါကျခွဲ | +သီးခြား ဝါကျခွဲ | +သီးခြား ဝါကျခွဲ | ပေါင်း စည်း စကား | +အမှီ ဝါကျခွဲ | +အမှီ ဝါကျခွဲ | +အမှီ ဝါကျခွဲ | +သီးခြား ဝါကျခွဲ |
|---|---|---|---|---|---|---|---|---|---|
| | မြန်မာလူမျိုးတို့ သည် သာသနာ စည်ပင်ထွန်း လင်းမှ | အချင်း ခပ်သိမ်း စည်ပင်မည့် အကြောင်း | သတ္တဝါ အပေါင်းတို့ လည်းကပ်သုံး ပါးကင်း လွတ်မည့် အကြောင်း | စာဟောင်း စာတမ်း ရှိပါ သည် | ဟု | အလွှာနှင့် လျှောက်ရာ | ယင်း အလွှာကို သော မကျာဘိ လက်သို့ပို့ ဆက်သည် တွင် | တင်လွှာ အတိုင်း မဆိုင်း မြန်စွာ ဘာသာ ကိုးကွယ် ပွဲမပျက်၊ | ဇရပ် တန်ဆောင်း ကျောင်း ဘုရား စေတီပုထိုး များကို အဖျက် အဆီး မရှိစေရ။ |

အထက်ပါ ဝါကျပေါင်းရောတွင် အမှီဝါကျခွဲဝါကျနောက်ဆက်အဖြစ် မှ၊ ရာ၊ တွင် ကိုသုံးထားသည်။/ တင်လွှာအတိုင်းမဆိုင်း မြန်စွာဘာသာကိုးကွယ်ပွဲမပျက်၊ /တွင် အမှီဝါကျခွဲဝါကျနောက်ဆက်ထည့်သုံးမထားပေ။ သီးခြားဝါကျခွဲများကို ဆက်ရာတွင် ပေါင်းစည်းစကား "အကြောင်း၊ ဟု" နှင့် ဆက်ထားသည်။ အမှီဝါကျခွဲဝါကျနောက်ဆက်ထည့် သုံးမထားသော်လည်း မြန်မာလူမျိုးတို့၏ အစဉ်အလာကိုးကွယ်ယုံကြည်မှုကိုပေါ်လွင်အောင်ဖော်ပြနိုင်သောဝါကျပေါင်းရောဖြစ်ပါသည်။

(၃)ဝါကျပေါင်းရော → အမှီဝါကျခွဲ+သီးခြားဝါကျခွဲ+ပေါင်းစည်းစကား+သီးခြားဝါကျခွဲ

CpClS → DCL + ICL + CC + ICL

| **ဝါကျ ပေါင်း ရော** | → | **အမှီဝါကျခွဲ** | **+သီးခြားဝါကျခွဲ** | **+ပေါင်း စည်း စကား** | **+သီးခြားဝါကျခွဲ** |
|---|---|---|---|---|---|
| | | ဖျက်ဆီးလျှင် | မည်သည့်လူမျိုးမဆိုထောင်မှာ၁နှစ်တန်သည်၂နှစ်တန်သည် ထောင်ဒဏ် ငွေဒဏ်ထား သင့်လျှင်ထားလိမ့်မည် | ဟု | အမိန့်ထုတ်ပြန်တော်မူသည်။ |

အထက်ပါ ဝါကျပေါင်းရောတွင်အမှီဝါကျရော ဝါကျနောက်ဆက်အဖြစ်**လျှင်** ကိုသုံးထားသည်။/ မည်သည့်လူမျိုးမဆိုထောင်မှာ ၁နှစ်တန်သည်၂နှစ်တန်သည် ထောင်ဒဏ်ငွေဒဏ် ထားသင့်လျှင် ထားလိမ့်မည်/ဟူသောသီးခြားဝါကျနှင့်/ အမိန့်ထုတ်ပြန်တော်မူသည်။/ ဟူသောသီးခြား ဝါကျနှစ်ခုကို ပေါင်းစည်းစကား"**ဟု"**နှင့် ဆက်ထားသည်။ ဤဝါကျပေါင်းရောသည် အမိန့်တစ်ခုကိုပြတ်သား ရှင်းလင်းစွာသိစေသောဝါကျပေါင်းရော ဖြစ်ပါသည်။

(၄)ဝါကျပေါင်းရော ⟶ အမှီဝါကျခွဲ+ အမှီဝါကျခွဲ+ အမှီဝါကျခွဲ+ အမှီဝါကျခွဲ+ အမှီဝါကျခွဲ+ +သီးခြားဝါကျခွဲ+သီးခြားဝါကျခွဲ +အမှီဝါကျခွဲ+ သီးခြားဝါကျခွဲ

CpClS ⟶ DCL+DCL+DCL+DCL+DCL+ICL+ICL+DCL+ICL

| ဝါကျ ပေါင်း⟶ ရော | အမှီ ဝါကျခွဲ | + အမှီ ဝါကျခွဲ | + အမှီ ဝါကျခွဲ | + အမှီ ဝါကျခွဲ | + အမှီ ဝါကျခွဲ | + သီးခြား ဝါကျခွဲ | + သီးခြား ဝါကျခွဲ | + အမှီ ဝါကျခွဲ | + သီးခြား ဝါကျခွဲ |
|---|---|---|---|---|---|---|---|---|---|
| | ဗန္ဓုလ သေပြီး နောက် | အညာ ချီတက် ရာ | ရန္တပိုရွာ ရောက် လျှင် | စစ်မဖက် ပြိုင်ဝံ့၍ | စကား ပြော ကြရာ | ငွေတစ် ကုဋေ ပေးပါမ ည် | သံလွင် မြစ် အရှေ့ ဘက် ကိုလည်း အပိုင်ယူ ပါတော့ | ၂ ဦး သဘော တူ၍ | ---ဂု ခုနှစ်မှာ စာချုပ်လ က်မှတ် ထားကြ သည်။ |

အထက်ပါ ဝါကျပေါင်းရောတွင် အမှီဝါကျခွဲဝါကျနောက်ဆက်အဖြစ် **ပြီးနောက်၊ ရာ၊ လျှင်၊ ၍၊ ရာ၊ ၍** တို့ကိုသုံးထားသည်။/ သံလွင်မြစ် အရှေ့ဘက်ကိုလည်း အပိုင်ယူပါတော့။/ သီးခြားဝါကျနှင့်/ ၂ ဦး သဘောတူ၍/ အမှီဝါကျခွဲကြားတွင် ပေါင်စည်းစကား "**ဟု**" ကိုမြှုပ်ရေးထားသည်သော်လည်း ဗန္ဓုလ သေပြီးနောက်စစ်မပြိုင်ဝံ့၍ စစ်ပြေငြိမ်းခဲ့ရပုံကိုပေါ်လွင်အောင် ဖော်ပြနိုင်သော ဝါကျပေါင်း ရောဖြစ်ပါသည်။

(၅)ဝါကျပေါင်းရော ⟶ သီးခြားဝါကျခွဲ+ သီးခြားဝါကျခွဲ+ပေါင်းစည်းစကား+ အမှီဝါကျခွဲ+ သီးခြားဝါကျခွဲ+ပေါင်းစည်းစကား+ အမှီဝါကျခွဲ+အမှီဝါကျခွဲ +သီးခြားဝါကျခွဲ +အမှီဝါကျခွဲ +အမှီဝါကျခွဲ + သီးခြားဝါကျခွဲ +သီးခြားဝါကျခွဲ

CpClS ⟶ ICL+ICL+CC+DCL+ICL+CC+DCL+DCL+ICL+DCL+DCL+ICL+ICL

| ဝါကျပေါင်းရော | သီးခြား ဝါကျခွဲ | + သီးခြား ဝါကျခွဲ | + ပေါင်းစည်း စကား | +အမှီဝါကျခွဲ | + သီးခြား ဝါကျခွဲ | +ပေါင်းစည်းစကား | +အမှီ ဝါကျခွဲ | +အမှီဝါကျခွဲ | + သီးခြား ဝါကျခွဲ | +အမှီဝါ ကျခွဲ | +အမှီဝါကျ ခွဲ | + သီး ခြား ဝါကျ ခွဲ | + သီးခြား ဝါကျခွဲ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | မော်လမြိုင် မြို့ဟောင်း ကိုလည်း အစည်သာဝ ရန်ပြုရမည် | ကြော် ညာစေ ကပ်သ ည် | ကြော င်း | သိရ လျှင် | ကျွန်ုပ်ဒလမြို့ ထိမ်း မော်ကျွန်းစား ဘွဲ့တော် ကျော်သီဟ။ ငယ်မည်မှာ မောင်ထော် လေး မွန်အမျိုးသား ဖြစ်သည် | နှင့် | နှီး ဆော် စေပြီး လျှင် | လှေကြီး ငယ်ပေါင်း ၂၀၀၀ တွင်လူကြီး ငယ်လတ် (၁၀၀၀၀ ကျော် ၁၂၀၀၀ ခန့်)တန် ဆောင်မုန်း လပြည့်ကျော် ၁၀ ရက်နေ့ ဘုန်းတော် ကြောင့်နေ သာရာ | လေမိုး လှိုင်းတံ ပိုးမရှိ | ပကတိမြ စ်ငယ်တို့ သည်-- မှလာ | ရှေ့ဘက် က----- မြို့ဟော င်းသို့ဆိုက် ရောက် လျှင် | တစ် အိမ် မျှမရှိ | တောကြီး အတိရှိနေ သည် |

အထက်ပါဝါကျပေါင်းရော၌/ မော်လမြိုင်မြို့ဟောင်းကိုလည်း အစည်သာဝရန်ပြုရမည်/ ဟူသော သီးခြား ဝါကျတွင်ပေါင်းစည်းစကားဟုကိုမြှုပ်ရေးထားသည်။/ကြော်ညာစေကပ်သည်/ဟူသော သီးခြား ဝါကျနှင့်/သိရလျှင်/ဟူသော အမှီဝါကျခွဲကြားတွင် ပေါင်းစည်းစကားကြောင်းကို ထည့်ထားသည်။ /ကျွန်ုပ်ဒလမြို့ ထိမ်းမော်ကျွန်းစား ဘွဲ့တော်ကျော်သီဟ။ ငယ်မည်မှာမောင်ထော်လေး မွန် အမျိုးသား ဖြစ်သည်/ ဟူသောသီးခြားဝါကျနှင့်/နှီးဆော်စေပြီးလျှင်/ဟူသော အမှီဝါကျရောကြားတွင် ပေါင်းစည်း စကား”ဟု”ကိုမသုံးဘဲနှင့်ကို ထည့်ထားသည်။ အမှီဝါကျရောနောက်ဆက်အဖြစ်လျှင်၊ လျှင်၊ရာလျှင်တို့ကို သုံးထားပါသည်။/ပကတိမြစ်ငယ်တို့သည်မှလာ/ဟူသောအမှီဝါကျရောတွင်ဝါကျရောနောက်ဆက်ထည့် သုံးမထားပေ။

အထက်ပါဝါကျပေါင်းရောတွင် သီးခြားဝါကျပေါင်းစည်းစကား မြှုပ်ရေးခြင်း၊ အမှီဝါကျရော နောက်ဆက်ထည့်သုံးမထားခြင်း၊ သီးခြားဝါကျခွဲများများနေခြင်း၊ အမှီဝါကျခွဲများ များနေခြင်းရှိသော် လည်း ရာသီဥတုသာယာချိန်တွင် လှေကြီးလှေငယ်များနှင့် တောကြီးအတိဖြစ်နေသော မော်လမြိုင် မြို့ဟောင်းသို့သွားရောက်၍ မြို့တည်ပုံကိုပေါ်လွင်အောင် ဖော်ပြနိုင်သောဝါကျပေါင်းရော ဖြစ်ပါသည်။

## ခြုံငုံသုံးသပ်ချက်

စစ်ကဲကြီးဦးထော်လေး ကျောက်စာနှစ်မျက်နှာတွင် တောကြီးအတိဖြစ်နေသော မော်လမြိုင်မြို့ ဟောင်းမြို့ပျက်အား အသစ်တဖန်ပြန်လည်တည်ပုံ၊ ကျိုက်သလ္လံဘုရားအား ပြုပြင်၍ထီးတော် တင်ပုံ တို့ကိုရေးထိုး မှတ်တမ်းတင်ရာတွင် ဝါကျရိုး( ၅ )ခု၊ ဝါကျရော(၁၂)ခု၊ ဝါကျပေါင်း(၁)ခု၊ ဝါကျပေါင်း ရော(၅)ခုဖြင့် အသေးစိတ်မှတ်တမ်းတင် ရေးဖွဲ့ထားပါသည်။ ကျောက်စာတွင် တိုတိုရှင်းရှင်းပြောလို သည့် နေရာတွင် ဝါကျရိုးများကိုသုံး၍ရေးထိုးထားသည်။

အမှုကိစ္စတစ်ခုပြီး တစ်ခုလုပ်သည်ကို ဖော်ပြလိုသောအခါဝါကျရောများကို အသုံးပြုရေးထား သည်။ ဝါကျရောများသည် တစ်ခုပြီးတစ်ခုပြုလုပ်ရသည့်ကိစ္စများ မျက်စိဖြင့်မြင်ယောင်အောင်နားဖြင့် ကြားလာအောင် ရေးနိုင်စွမ်းရှိသောဝါကျရောများဖြစ်ပါသည်။

ဝါကျပေါင်းရောတွင် အချို့ဝါကျပေါင်းရောသည် အမှီဝါကျခွဲ ဝါကျနောက်ဆက်ထည့်သုံး မထားသော်လည်း ပြောလိုသည့်အကြောင်းအရာကို ရှင်းလင်းပေါ်လွင်စေသော ဝါကျပေါင်းရော ဖြစ်ပါသည်။

ဝါကျပေါင်းရောများတွင် သီးခြားဝါကျပေါင်းစည်းစကားမြှုပ်ရေးခြင်း၊ အမှီဝါကျရောနောက်ဆက်ထည့်သုံးမထားခြင်း၊ သီးခြားဝါကျခွဲများများနေခြင်း၊ အမှီဝါကျခွဲများ များနေခြင်းရှိသော်လည်း ရာသီဥတုသာယာချိန် တွင်လှေကြီးလှေငယ် (၂၀၀၀)တွင် လူကြီးလူငယ် (၁၂၀၀၀)ခန့် တင်၍နှင့်တောကြီးအတိဖြစ်နေသော မော်လမြိုင်မြို့ဟောင်းသို့ သွားရောက်၍မြို့တည်ပုံ ဘုရားတည်ပုံ ကိုပေါ်လွင်အောင် စိတ်ဝင်စားဖွယ်ဖော်ပြနိုင်သော ဝါကျပေါင်းရောများဖြစ်ပါသည်။

ခြုံ၍ဆိုရသော် စစ်ကဲကြီးဦးထော်လေး ကျောက်စာနှစ်မျက်နှာတွင် တောကြီးအတိဖြစ်နေသော မော်လမြိုင်မြို့ဟောင်းမြို့ပျက်အား အသစ်တဖန်ပြန်လည်တည်ပုံ၊ ကျိုက်သလွံဘုရားအား ပြုပြင်၍ ထီးတော်တင်ပုံတို့ကို ဖော်ပြရာတွင်ဝါကျရိုး၊ ဝါကျရော၊ ဝါကျပေါင်းရောများကို သူ့နေရာနှင့်သူ ဖွဲ့သွားနိုင်သည်။ မော်လမြိုင်မြို့တည်သမိုင်းမှတ်တမ်းကို အခိုင်အမာသိရှိစေသော၊ စာပေအရေးအသားမြင့်မားမှုကို သက်သေပြနိုင်သော မှတ်တမ်းတင် ကျောက်စာကောင်း တစ်ခုဖြစ်သည်ဟုဆိုရပေမည်။

**နိဂုံး**

ဤစာတမ်းသည် မော်လမြိုင်မြို့ကျိုက်သလွံဘုရား၌ စိုက်ထူထားသော စစ်ကဲကြီးဦးထော်လေး ကျောက်စာနှစ်မျက်နှာ၏ဝါကျဖွဲ့ပုံကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ စာတမ်းပါ အချက်အလက်များသည် ကိုလိုနီခေတ်ဝါကျဖွဲ့ထုံးလေ့လာမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုနိုင်မည်ဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း


ခင်စန်းဦး၊ ဒေါက်တာ။ ၂၀၁၀။ မြကန်မွန်ကျောက်စာလေ့လာချက်။ ပညာတန်ဆောင်ပုံနှိပ်တိုက်။

ဆရာတော်ဘဒ္ဒန္တဝေဠုရိယ။ အဘိဓာန်အက္ခရာဝလိပဒေသာ။ ပိဋကတ်ဗျူဟာအဖွဲ့။

တတိယနှစ်အလယ်တန်းအထူးပြု ပထမနှစ်ဝက်၊ EDU3104သင်ရိုးညွှန်တမ်းနှင့်သင်ပြနည်းဆိုင်ရာလေ့လာမှုများ-မြန်မာစာ

ထွန်းမြင့်၊ ဦး။ ဘာသာဗေဒ။ ရန်ကုန်တက္ကသိုလ်၊ ဂျီအီးစီ(ပညာရေး) သမဝါယမလီမိတက်။

မြတ်ကျော်၊ ဦး။ ၂၀၀၅။ မြန်မာစာ၊ မြန်မာမူပါဠိအဘိဓာန်သစ်။ ရန်ကုန်မြို့၊မြန်မာစာအဖွဲ့ဦးစီးဌာန။

မြန်မာစာအဖွဲ့ဦးစီးဌာန။ ၂၀၁၆။ မြန်မာအဘိဓာန်။ ရန်ကုန်တက္ကသိုလ်များပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၁၇)။ မြန်မာသဒ္ဒါအတွဲ(၂)၊ အခန်း(၅)၊ နဝမတန်း။ ရန်ကုန်

ဟုတ်စိန်၊ ဦး။ ၂၀၁၉။ အများသုံးမြန်မာ-အင်္ဂလိပ်-ပါဠိအဘိဓာန်။ ချမ်းသာစာပေ။

အောင်မြင့်ဦး၊ ဒေါက်တာ။ ၂၀၁၅။ဘာသာစကားသုတေသန။ ရန်ကုန်ရွှေဝံစာအုပ်တိုက်။

အောင်မြင့်ဦး၊ ဒေါက်တာ။ ၂၀၁၆။ ကျိုက်တလန်းမွန်ကျောက်စာလေ့လာချက်။ ရှေ့ဝဏ်စာပေတိုက်။


**အင်တာနက်**


https://www.evergreen.edu/site/default/files/writingcenter/handouts/grammar/compoundcomp-lex.

http://en.wikipedia.org/wiki/Sentence-clause-structure#Simple-sentences

## INSTRUCTIONS TO AUTHORS

**Presentation**: Manuscripts (MS) should be typed on one side of **quarto or A4 size paper**. Typing should be single spaced, with a one-inch margin all around. A CD of the paper should be submitted together with two print-outs. In general, the text should be organized according to the following outline:

(i) Title
(ii) Abstract
(iii) Materials & Methods/ Premises / Hypotheses
(iv) Results / Findings
(v) Discussion
(vi) Summary/ Conclusion
(vii) Acknowledgements
(viii) References

The body of the text should be printed in **font size 12**, and those of the Abstract, Acknowledgement and References should be printed in **font size 10.** The relative importance of the **headings** in the text should be indicated as follows:

| | | |
|---|---|---|
| First Order | - | CENTRE HEADING, All Capitals |
| Second Order | - | Centre Heading, Capitals & lower case |
| Side Heading | - | Capitals & lower case, not indented (bold – faced) |
| Run-in heading | - | Capitals & lower case, indented (bold-faced) |

**Title.** The title should describe the contents of the article adequately and concisely and should be typed in **font size 14**.

**Author's name.** Capital & lower case. The designation of the first author and email (where the number of authors is more than two) and the name of the institution where the work was carried out should be given at the bottom of the title page; but academic degree of the author is not necessary.

**Abstract.** The main points of the paper, including its findings and conclusions, should be highlighted in the abstract; it should not contain more than 300 words. Add email address for making further contact with the author; evaluation of the paper should be typed in **font size 10**.

**Keywords:** Between 3-7 keywords highlighting the main points should be listed below the abstract.

**References**. References should be presented in alphabetical order, beginning with the surname first for the senior author and surname last for the other authors, followed by the year of publication. Examples of references are given below:

**To a paper**: Rabinowitz, A., Than Myint, email, Tun Khaing, and S. Rabinowitz, (1999)"Description of the Leaf Deer (*Muntiacus Putaoensis),* a New Species of Muntjac from Northern Myanmar" *Journal of Zoology,* London, vol.249, pp.427-435.

**To a book**: Corbet, G.B., & J.E. Hill, (1992) *The mammals of the Indomalayan Region.* Oxford, Oxford University Press.

**To a thesis**: May Soe Thu (1995) *Taxonomy of Offshore Fishes Caught by Bottom Trawl Operations in Myanmar Waters.* M.Sc. Thesis Zoology Department, Yangon University (Unpublished).

**N.B.** If the manuscript submitted is from a thesis, its format should be revised to conform to the instructions of the Myanmar Journal of Arts & Science presented here. **Pagination** should commence from the title page except when they are used to identify the affiliated instructions, and cite unpublished material. **Footnotes** should be avoided wherever possible. The MS, including illustrations and references, should not exceed **15 pages** for Arts and related subjects and **10 pages** for Science in length. Please kindly follow this limit in your final manuscript.

**MYANMAR ACADEMY OF ARTS AND SCIENCE**
**EXECUTIVE COMMITTEE**

**President** : Dr Thet Lwin

**Vice-Presidents** : Dr Maung Kyaw, Dr U Win

**Secretary** : Dr Win Tun

**Joint Secretaries:** Dr Tin Maung Tun, Dr Aye Aye Khaing, Dr Tin Tin Htwe

**<u>Executive Members</u>**

| | |
|---|---|
| Dr Myo Thant Tyn | Dr Daw Than Nwe |
| Dr Tin Nyo | Daw Carole Ann Chit Tha |
| Dr Khin Than Oo | Daw Khin Lat |
| Dr Hla Pe | |
| Dr Maung Thin | |

**<u>Publication Committee</u>**

| | | | |
|---|---|---|---|
| Dr Thet Lwin | (Chairman) | Dr Maung Kyaw | (Vice-Chairman) |
| Dr Tin Nyo | (member) | Daw Carole Ann Chit Tha | (member) |
| Daw Khin Lat | (member) | Dr Hla Pe | (member) |
| Dr U Win | (member) | Dr Maung Thin | (member) |
| Dr Daw Than Nwe | (member) | Dr Khin Than Oo | (Joint Secretary) |
| Dr Myo Thant Tyn | (Secretary) | | |

**<u>Editorial Board</u>**

| | | | |
|---|---|---|---|
| Dr Maung Kyaw | (Chairman) | Dr Daw Than Nwe | (member) |
| Dr Myo Thant Tyn | (member) | Dr Khin Than Oo | (member) |
| Dr Tin Nyo | (member) | Dr Hla Pe | (member) |
| Daw Khin Lat | (member) | Dr Aye Aye Khaing | (member) |
| Dr Maung Thin | (member) | Daw Carole Ann Chit Tha | (Joint Secretary) |
| Dr U Win | (Secretary) | | |

**<u>Coordinators for International Academies</u>**

| | |
|---|---|
| Daw Carole Ann Chit Tha | Dr Maung Kyaw |
| Dr Myo Thant Tyn | Dr Daw Than Nwe |
| Dr Tin Nyo | Dr Tin Maung Tun |
| Dr Tin Tin Htwe | |